
စာင်းတော်

မဟာစည်ဆရာတော်သာသနာတော်

အချုပ်ကုစာရာဘိဝံသ



မြန်မာပြည် ပရိယတ် ပဋိပတ် အင်းမကြီး သိမ်တောင်ဂိုဏ်းကြီး လက်မှန်
ပထမ တည်ထောင်တော်မူခဲ့သော မဟာနာယကချုပ်




ကျေးဇူးရှင်ဖြစ်တော်မူသော ဆရာတော်ဘုရားကြီး ဦးဇောတိက၏ပုံတော်

မြန်မာပြည် ပရိယတ် ပဋိပတ် အင်းမကြီးသိမ်တောင်ဂိုဏ်းကြီး ဒုတိယ အဓွန့်
ရှည်စွာ တည်စိမ့်သောငှါ ထိန်းသိမ်းစောင့်ရှောက်တော်မူနေသော
မဟာနာယက



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးကေသရ၏ပုံတော်

မြန်မာပြည် ပရိယတ် ပဋိပတ် အင်းမကြီးသိမ်တောင်ဂိုဏ်းကြီး အဓွန့်ရှည်စွာ
တည်စိမ့်သောငှါ ထိန်းသိမ်းစောင့်ရှောက်တော်မူနေသော
ဩဝါဒါစရိယ မဟာနာယက



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးဇဝနဓိပုံတော်



သိမ်တောင်ကိုဏ်းလုံးဆိုင်ရာ ပဉ္စမနာယကချုပ် ကလေသိမ်တောင်ဆရာတော်



ပျဉ်ထောက်
အင်းမကြီး

ဝင်းသိမ်တောင်သာသနာဝင်

ဦးကုမာရာဘိဝံသ

ဝမ္မဒါန

နေလင်း ပဋ္ဌကတ်ပုံနှိပ်တိုက်၊

ပထမအကြိမ်

အုပ်ရေ-၁၂၅၀

၁၉၇၉-ခု၊ နိုဝင်ဘာလ

ထုတ်ဝေသူမှတ်ပုံတင် ကင်းလွတ်ခွင့်အမှတ် (၂၄၃)
ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်အမှတ် (၆၂၈)

မျက်နှာဖုံးပန်းချီ .... ဦးစံတိုး

မျက်နှာဖုံးဘလောက် .... ရောင်နီဦး ၃၂-လမ်း၊

အတွင်းဘလောက်များ .... ရောင်နီဦး ၃၂-လမ်း၊

မျက်နှာဖုံးရိုက် .... အောင်သာပုံနှိပ်တိုက်၊

စာအုပ်ချုပ် .... မိဘမေတ္တာ၊ ၃၄-လမ်း၊

ထုတ်ဝေသူ
ဦးကုမာရဘဝသ
ဗန်မော်တိုက်၊ တက္ကသိုလ်စာတိုက်၊ မန္တလေး။

ပုံနှိပ်သူ
ဒေါ်တင်လှ (ဝ၂၀၃၀)
နေလင်း စာပုံနှိပ်တိုက်၊
၁၁/၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

ဝိဒုရသဉ္ဇာတကံ

ဘုရားရတနာ

နယိမသ္မိံ လောကေ ပရသ္မိံ ဝါ ပန၊
ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝိဇ္ဇတိ။
ယမာဟုနေယျာန မဂ္ဂတံ ဂတော၊
ပုညတ္ထိကာနံ ဝိပုလ ဖလေသိနံ။
[ကထာ ဝတ္ထု၊ ၄၀၃။ ဝိမာန၊ ၉၅။ ဝိမာန၊ ၄။ ၂၆၃]

အကြင် မြတ်စွာဘုရားသည် ကုသိုလ်ကောင်းမှုဖြင့် အလိုရှိကုန်သော ပြန့်ပြောသော အကျိုးအာနိသင်ကို ရှာမှီးလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့အတွက် အလှူခံပုဂ္ဂိုလ် တကျိပ် လေးယောက်တို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်တော်မူပြီ။

ဤစကြဝဠာ လောကခေါတ်၌သော်ငြား၊ တပါးသောစကြဝဠာအနန္တ၌ သော်ငြား၊ အ ကျွန်ုပ်တို့၏ ဘုရားရှင်ထက် မြင့်မြတ်သော ပုဂ္ဂိုလ်သည်မရှိ၊ အမှန်အားဖြင့် ဘုရားရှင်နှင့် တူညီသော ပုဂ္ဂိုလ်သည်ပင်လျှင် မရှိချေ။

ဤသို့ ဟောကြားတော်မူအပ်သော မဟာရဆ ဝိပာနဝတ္ထု ပါဠိတော် ကထာ ဝတ္ထုပါဠိတော်နှင့်အညီ လေးအသင်္ချနှင့် ကံမဟာတသိန်း ကာလပတ် လုံး ဖြည့်ဆီးပူးခဲ့သော ပါရမီ ကုသိုလ်အကြောင်းတရားတို့ကြောင့် အကောင်း ဆုံးအကျိုးတရားတို့၏ စုဝေးပေါင်းစုရာ အကျွန်ုပ်တို့၏ဆရာ ဘုရားရှင်သည် ရုပ်အဆင်း လှပချောမောပုံအနေအားဖြင့်လည်း မည်သည့်ပုဂ္ဂိုလ်မှ မယှဉ်သာ အောင် လှပချောမောတော်မူပေသည်။

အသံတော်အနေအားဖြင့်ရင်း၊ ကိုယ်နှုံ့မွှေးကြိုင်ပုံ အရသာခံစားပုံ ကိုယ် သား ကိုယ်ရေ ချောမောသိမ်မွေ့ပုံ အနေအားဖြင့်ရင်း မည်သည့်ပုဂ္ဂိုလ်မျှ မယှဉ်သာအောင် ချောမောသိမ်မွေ့တော်မူပေသည်။

သီလ သမာဓိ ပညာ ဈာန် အဘိညာဉ် စသည့်နာမ်ပိုင်းဆိုင်ရာ တရားအထူး တို့၌လည်း ဘုရားရှင်၏ သီလ သမာဓိ ပညာ ဈာန်အဘိညာဉ် စသည့် တရား ထူးတို့သည် မည်သည့်ပုဂ္ဂိုလ်မျှ မယှဉ်သာအောင် မြင့်မြတ် ထူးကဲတော်မူ ပါပေသည်။

စတုဝီသတိ် အာသခ်ေါ်ယျော၊ သဋ်ဌိယောစေဝ ကောဋ်ိယော၊
ပါဏာနီ သတသဟာဿာနီ၊ ဧကော ဗုဒ္ဓေါ ပမောစယိ။
[သောတတ္တကီ အဋ္ဌကထာ]

တဆူ တဆူသော မြတ်စွာဘုရားသခင်သည် ၂၄-သခ်ေါ်နှင့် ဘဋ္ဌေခြောက် ဓာယ် ဗိုလ်ခြေတသိန်း တုက်ကိန်းများစွာ သတ္တဝါဝေနေယျတို့ကို သံသရာဝဋ်နှောင်အိမ်ကြီးမှ လွတ်မြောတ်စေတော်မူ၏-ဟူ၍ မိန့်ဆိုသော သောတ်တ္တကီ အဋ္ဌကထာစကားနှင့်အညီ ကျွန်ုပ်တို့၏ဆရာ ဘုရားရှင်သည်လည်း သတ္တဝါ အများအား မဟာကရုဏာတော်ထား၍ ထိုမျလောက်သော ကျတ်ထိုက်သူ များဗိုလ်လူတို့ကို ချေခြတ်တော်မူခဲ့လေပြီ။

ပါရမီ နုံသေး၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင် အားမထုတ်နိုင်သေးသည့် နောက်နှောင်း ပုဂ္ဂိုလ်များအတွက်လဲဘဲ နည်းလမ်းကောင်းများ ညွှန်ပြတော် မူခဲ့ပေသည်။

ထို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ရည်စူး၍—

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=ဘုရားရှင်(ဗုဒ္ဓ)ကို ကိုးကွယ်ရာဟူ၍ ဆည်း ကပ် မှီဝဲပါ၏"

ဟု ဗုဒ္ဓဘဝ်ဿာဝင်တို့ သရဏံကုံ ဆိုကြခြင်းဖြစ်ပေသည်။

တရားရတနာ

လောကဌ် ဝမ်းချုပ်နေသော သူအား ဝမ်းနှုတ်ဆေးတိုက်က ဝမ်းသွားပြီး ၎င်းရောဂါပျောက်ကင်းနိုင်သည်။ ထို့အတူ ဝမ်းသွားနေသူအား ဝမ်းပိတ်ဆေးတိုက်က ဝမ်းပိတ်သွားပြီး ၎င်းရောဂါပျောက်ကင်းနိုင်သည်။ အခြားသော ခေါင်းကိုက်ရောဂါ နှာစေးရောဂါ၊ ချောင်းဆိုးရောဂါ စသည်တို့ အတွက်လည်း ဆိုင်ရာဆိုင်ရာဆေးကို သောက်သုံးမှီဝဲပါက ၎င်းရောဂါများ အမှန်တကယ်ပင် ပျောက်ကင်းနိုင်ပေသည်။

ကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည်ကား နာမ်ပိုင်းဆိုင်ရာ သတ္တဝါတို့ သန္တာန်ဌ် စွဲကပ်နေသော ရာဂ၊ ဒေါသ၊ မောဟစသည့် ကိလေသာရောဂါ ဆိုးကြီးများ ပျောက်ကင်းစေရန် သတိပဋ္ဌာန်စသည့် ဆေးဝါးများကို ဖော်စပ် ထားပေသည်။ ၎င်းသတိပဋ္ဌာန်စသည့် တရားဆေးဝါးများကို, ဆေးညွှန်း အတိုင်း တိတိကျကျ မှီဝဲသုံးဆောင်ပါက ဆိုင်ရာဆိုင်ရာ ရာဂ၊ ဒေါသစသည့် နာမ်ပိုင်းဆိုင်ရာ ဝေဒနာများ တခဏသာပျောက်ကင်းခြင်း စသည်ဖြင့် အမှန်မုချ ပျောက်ကင်းကြရလေသည်။

အနည်းငယ် ခွဲပြရသော်—ရောဂါဝေဒနာစွဲကပ်၍ ဆေးမှီဝဲသောသူသည် ရောဂါဝေဒနာ၏ အနုအရင့်လိုက်ပြီး စနစ်တကျ မှီဝဲသုံးဆောင်ပါက ရောဂါဝေဒနာပျောက်မည် အမှန်ဖြစ်ပေသည်။ သို့ရာတွင် ရောဂါဝေဒနာရင့်ပြီး ကြီးကျယ်နေပါလျှင် ဆေးဝါးကို နည်းနည်းမှီဝဲ၍ ရမည်မဟုတ်ပါ။ အချိန် အခါမှာလဲ ၁-ရက် ၂-ရက်နှင့် ငံပျောက်ကင်းမည် မဟုတ်ပါ။ ရက်၊ ၁၀လ၊ နှစ် စသည် ရောဂါအလိုက် စွဲစွဲမြဲမြဲ ဆေးဝါးစား၀ေးမှ ပျောက်နိုင်ပေသည်။

ထို့အတူပင် မြတ်စွာဘုရား ဟောကြားထုတ်ဖော်ထား၊အပ်သော ကိလေသာ ရောဂါဆိုးကြီးများ ပျောက်ဆေးသတိပဋ္ဌာန်စသည့် တရားတော်တို့သည် လည်း မှီဝဲသုံးဆောင်ပုံ စနစ်မကျပါက အချို့ပုဂ္ဂိုလ်များ တခဏသာ သက်သာစေပေလိမ့်မည်။ အချို့ပုဂ္ဂိုလ်များအား ရက် လ နှစ်စသည် အတော်ကြာကြာ သက်သာစေပေလိမ့်မည်။ စနစ်တကျ စွဲစွဲမြဲမြဲသုံးဆောင်သူများအား မူ အမြစ်ပြတ် (သမုစ္ဆေဒပဟာန်)ဖြန် ကိလေသာရောဂါဆိုးကြီး အပြီးအပိုင် ပျောက်ကင်းသွားစေကြပါသည်။

ကာမာဝစရ ကုသိုလ်စိတ်မျှဖြစ်အောင်အား၊ထုတ်သူသည် တခဏ (တဒင်္ဂ ပဟာန်)ဖြင့် ကိလေသာ ငြိမ်းအေးမှုကို ရနိုင်ပါသည်။ ရူပါဝစရ အရူပါဝစရ ဈာန် အဘိညာဉ်တရားများရအောင် အား၊ထုတ်သူသည် ရက်လ နှစ် စသည် အတော်ကြာကြာ (ဝိက္ခမ္ဘနပဟာန်ဖြင့်) ကိလေသာငြိမ်းအေးမှုကို ရနိုင်ပါ သည်။ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ကိုယ်တိုင် မျက်မှောက်ပြု၍ ရရှိအောင် အား၊ထုတ်နိုင်သော ပုဂ္ဂိုလ်သည်ကား ကိလေသာရောဂါဆိုးကြီး ကို ဘယ်တော့မှ ပြန်မပေါ်လာနိုင်အောင် အမြစ်ပြတ်(သမုစ္ဆေဒပဟာန်ဖြင့်) ပျောက်ကင်းမှုကို ရရှိပါတော့ဘည်။

မြတ်စွာဘုရားသခင် အလိုရှိအပ်သော ကိလေသာငြိမ်းအေးမှုဟူသည်လည်း ဤ အမြစ်ပြတ် ကိလေသာရောဂါဆိုးကြီး ငြိမ်းအေးသွားမှုပေတည်း။ ဤ ငြိမ်းအေးမှုရအောင် မှီဝဲရမည့် ရသာယနဆေးကား မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားမြတ် ဆေးဝါးမြတ် နာမ်ခေတ်အထူးပေ တည်း။ ၎င်းဆေးဝါးမြတ် ၉-ပါး နာမ်ခေတ် ရရှိအောင် ဖော်စပ်နည်း မှီဝဲပုံ မှီဝဲနည်း ဆေးညွှန်းသည်ကား ပရိယတ္တိတရားမြတ်ပေတည်း။

ထို့ကြောင့် နိဗ္ဗာန် မဂ်ဖိုလ် လိုလားသည့် ပုဂ္ဂိုလ်မှန်သမျှသည် ပရိယတ္တိ တရားတော်ကို ယုံကြည်လေးစားစွာ အားကိုးအားထား မှီဝဲဆည်းကပ်ကြရ ပေမည်။ ပရိယတ္တိတရားနှင့် ဆန့်ကျင်သော တရားမျိုးကိုလည်း ဝေးဝေးမှ ရှောင်ကြဉ်ကြရပေမည်။ ပရိယတ္တိစည်းမျဉ်းလွတ်ပြီး ထင်ရာမြင်ရာ ဟောကြံ၍ ပြောဆိုနေသည့် ပုဂ္ဂိုလ်များကိုပါ ဝေးဝေးမှ ရှောင်ကြရပေမည်။ ဤ

ပရိယတ္တိတရားတော်နှင့် မဂ်ဖိုလ် နိဗ္ဗာန်တရားတော်မြတ် ၁၀-ပါးသည်သာ မိမိတို့၏ သန္တာန်၌ တသံသရာလုံးစွဲကပ်ပြီး အမျိုးမျိုး ဒုက္ခပေးနေသည့် ကိလေသာရောဂါဆိုးကြီးကို အမြစ်ပြတ်ပျောက်ကင်းစေလိမ့်မည်ဟု တထစ်ချ ယုံကြည်အားထားကြရပေမည်။ ဤ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ပရိယတ် ၁၀-ပါးသော တရားတော်ကို ရည်စူး၍—

ဓမ္မံ သရဏံ ဂစ္ဆာမိ=တရားတော် (၁၀)ပါးကို -ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်မှီဝဲပါ၏-

ဟု ဗုဒ္ဓဘာသာဝင် သရဏဂုံဆိုကြခြင်း ဖြစ်ပေသည်။

သံဃာရတနာ

မြတ်စွာဘုရားဟော်ကြားတော်မူသည့်အတိုင်း စနစ်တကျ ကျင့်ကြံကြိုးကုတ် အားထုတ်သဖြင့် နိဗ္ဗာန် မဂ်ဖိုလ်ကို သိမြင်ရပြီးသော ပုဂ္ဂိုလ်သည် ပရမတ္ထ သံဃာမည်၏။ မဖောက်မပြန်မှန်ကန်သော သံဃာမည်၏။ ၎င်းပရမတ္ထသံဃာ တော်ကား မြတ်ဒွာဘုရားသခင် ဖော်စပ်ထားသော ကိလေသာရောဂါ ပျောက်ကင်းစေသည့် ဆေးကောင်းဝါးကောင်းကို သောက်သုံး၍ တဆင့် နှစ်ဆင့် သုံးဆင့် လေးဆင့်အားဖြင့် အသီးသီးရောဂါများ ပျောက်ကင်းပြီး ပုဂ္ဂိုလ်များပေတည်း။ မကြာမီ လုံးဝ ရှင်းရှင်းပျောက်ကင်းမည့် ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်များပေတည်း။ မအို မနာ မသေရာ ဖြစ်မှု ပျက်မှု ကင်းရှင်း သည့် အသင်္ခတဆိုသည့် အမတေဓာတ်ကြီးကို မျက်မှောက်ထင်ထင် ဉာဏ်ဖြင့် မြင်ပြီးသူ မသေဆေးပိုင်ရှင်ပုဂ္ဂိုလ်ထူးများလည်း ဖြစ်ကြပေကုန်၏။ စိတ်ကို နိုင်နင်းစွာ ထိန်းချုပ်ကွပ်ကဲနိုင်သူများဖြစ်သဖြင့် မြတ်စွာဘုရားဟောတော်မူ သည့်အတိုင်း အပြည့်အစုံကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သူ လိုက်နာကျင့်သုံး နိုင်သူ ပုဂ္ဂိုလ်ထူးများဖြစ်ပေသည်။

ထို့ကြောင့် သုပ္ပဋိပန္နတာ အစရှိသော သီလဂုဏ် သမာဓိဂုဏ် အနှစ်သာရ တို့နှင့် လုံးဝဥဿုံပြည့်စုံတော်မူကြပါပေသည်။ မအို မနာ မသေရာ နိဗ္ဗာန်ဓာတ် အမတေဓာတ်ကို လိုလားတောင့်တသည့် အမျိုးကောင်းသား အမျိုးကောင်း သမီးမှန်သမျှသည် ဤအရိယာသံဃာတော်မျိုးကို မိတ်ကောင်း ဆွေကောင်း ဆရာသမားကောင်း အနေဖြင့် မှီခိုအားထား ဆည်းကပ်ကြရ ပေမည်။ ထို အရိယာသံဃာတော်များထံမှ နေနည်း ထိုင်နည်း ပြောနည်း ဆိုနည်း ဝိနည်း စည်းကမ်းများကို ကိုင်တိုင်ကိုယ်ကျ လက်ထပ်ရရှိနိုင်သည်။ တရားနှလုံးသွင်းပုံ ကိလေသာခေါင်းပါးသွားအောင် ဓူတင်အကျင့် ကျင့်ပုံ စသည့် အတုယူဘွယ် ကျင့်သုံးဘွယ်တို့ကို လက်ထပ်ရရှိနိုင်သည်။ ထို အရိယာ သံဃာတော်အား လှူဒါန်းပေးကမ်းခြင်းဖြင့် အတိုင်းမသိ များမြတ်လှသည့် ကုသိုလ်ပါရမီထူး

များကို ရနိုင်ပေသည်။ အကြောင်းညီညွတ်လျှင် မိမိလည်း ကိလေသာရောဂါ ဆိုးကြီးမှ ထမြောက်ပျောက်ကင်းသွားနိုင်ပေသည်။ ထို့ကြောင့် ဤ အရိယာသံဃာတော်ပုဂ္ဂိုလ်မြတ်များကို ရည်စူး၍—

"သံဃံ သရဏံ ဂစ္ဆာမိ = အရိယာသံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် မှီဝဲပါ၏"

ဟု ဗုဒ္ဓဘာသာဝင်တို့ သရဏာဂုံဆိုကြခြင်းဖြစ်ပေသည်။

ဤဆိုအပ်ခဲ့ပြီးသော စကဲားအစဉ်ဖြင့် ဘုရား တရား သံဃာ ရတနာ ၃-ပါး သရဏာဂုံ ၃-ရပ်ကို ဆည်းကပ်ရခြင်းအကြောင်း သိလောက်ပေပြီ။ နိဗ္ဗာန် မဂ်ဖိုလ်ကို လိုလားသည့်ပုဂ္ဂိုလ်တို့အဖို့ ဤကိုးကွယ်ရာ၌တပါး အခြားကို ကိုးကွယ်လျှင် အကာကိုအနှစ်ထင်ပြီး အသားညှံ့ အသားဆွေးတို့ကို အိမ်ယာဆောက်လုပ်မှုသည့် လက်သမားပမာ အကျိုးမပြီး အချည်းနှီးသာ ဖြစ်ချေမည်။

ဘုရားဖြစ်လိုသည့်ပုဂ္ဂိုလ်ကို ဘုရားလောင်းဟု ခေါ်တွင်သည်။ ၎င်းဘုရားလောင်းကား ၃-မျိုးပြားသည်။

(၁) ပညာဓိက ဘုရားလောင်း၊
(၂) သဒ္ဓါဓိက ဘုရားလောင်း၊
(၃) ဝီရိယာဓိက ဘုရားလောင်းတို့တည်း။

ထိုတွင် ပညာဓိက ဘုရားလောင်းသန္တာန်၌ ပညာဓာတ် လွန်ကဲထက်မြက်သည်။ ပညာ၏ အာနုဘော်ဖြင့် ဘုရားဖြစ်နိုင်ရကား ဗျာဒိတ်ရပြီးနောက် ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်။ (စရိယာ၊ဋ္ဌ၊၃၂၀။ သုတ္တနိ၊ဋ္ဌ၊ ၁။၁၄၃)။

သဒ္ဓါဓိက ဘုရားလောင်းသန္တာန်၌ သဒ္ဓါဓာတ် လွန်ကဲထက်မြက်၍ ပညာဓာတ်မှာ အလတ်စားသာရှိသည်။ ထို့ကြောင့် ဗျာဒိတ်ရပြီးနောက် ၈-သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်။

ဝီရိယာဓိက ဘုရားလောင်းသန္တာန်၌ ဝီရိယဓာတ် လွန်ကဲ ထက်မြက်၍ ပညာဓာတ် နုံ့နှေးသည်။ ထို့ကြောင့် ဗျာဒိတ်ရပြီးနောက် ၁၆-သင်္ချေနှင့် ကမ္ဘာတသိန်းပါရမီဖြည့်ရသည်။

ဤသို့ ကမ္ဘာပေါင်းများစွာ ပါရမီဖြည့်၍ ပြည့်စုံမှ ဘုရားအဖြစ်သို့ရောက်သည်။ ဘုရားဖြစ်သည့်အခါ၌ကား ၎င်းပါရမီကုသိုလ်ကံတို့၏ တာဝဝတည်းမှစ၍ အကျိုးပေးကြသဖြင့် သူမတူသော အဆင်းတော်၊ အသံတော်၊ ဉာဏ်တော်၊ တံခိုးတော် စသည့် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်။ ကိလေသာ အညစ်

အကြေးတို့မှ ကင်းဝေးဃန်စင်တော်မူသည်။ အခြားသော သတ္တဝါတို့ကိုလည်း ကယ်မတော်မူနိုင်သည်။ ကိလေသာရောဂါဆိုးတို့ဖြင့် အလူးအလဲ ဒုက္ခရောက်နေကြရသည့် ဝေနေယျသံသရာ့ ဒုက္ခသည်များကိုလည်း အံဝင်ဂွင်ကျ ကွက်တိတထင်ချစစ်မှန်သည့် ကိလေသာရောဂါပျောက်ဆေး အင်ဂျက်ရှင်းများကိုလည်း ထိုးပေးတော်မူသည်။ ပါရမီအလျောက် ပျောက်ကင်းကြသည်ချည်း ဖြစ်ပေသည်။

ပျောက်တန်ကောင်းရဲ့ဟု မျက်ရမ်းမှန်းဆ၍ ကုသည့် ဆေးဆရာမျိုးမဟုတ်၊ ခ့ဘတ်မှန်၊ နားကြပ်၊ သွေးတိုင်းကိရိယာ စသည့်ကိရိယာတန်ဆာပလာ စုံလင်စွာဖြင့် စမ်းသပ်စစ်ဆေးပြီးမှ ရောဂါအား နှင့် ဆေးဝါးကို ညှိပြီး ဆေးကုသည့် ဆရာဝန်ကြီးပမာ သဗ္ဗညုတဘုရားရှင်တည်းဟူသော ကမ္ဘာ့သမားတော်ကြီးသည် သတ္တဝါတို့ကို အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရော ပရိယတ္တိဉာဏ် စသည့် ဉာဏ်တော် ၁၀-ပါး၊ ဝိဇ္ဇာဉာဏ် ၃-ပါး၊ ဂ-ပါး စသည့်တို့ဖြင့် ကြည့်ရှု စစ်ဆေးပြီးမှ ရောဂါသည်နှင့် အသင့်တော်ဆုံး ကိလေသာဖြိမ်းဆေးကို မေတ္တာကရုဏာဓာတ်ဖြည့်အဝဖြင့် တိုက်ကျွေးတော်မူသည်။

နည်းနည်းယုံကြည်၍ နည်းနည်းသောက်သူအဖို့ တဒင်္ဂပဟာန်အနေဖြင့် ရောဂါနည်းနည်းပျောက်သည်။ အသင့်အတင့် ယုံကြည်၍ အသင့်အတင့် ကျင့်ကြံကြိုးကုတ် အားထုတ်လျှင် ဝိက္ခမ္ဘနပဟာန် အနေဖြင့် အသင့်အတင့် ရောဂါပျောက်သည်။ ဘုရားစကားကို စဲ့စဲ့မြဲမြဲ ယုံကြည်၍ စဲ့စဲ့မြဲမြဲ မဆုတ်မနစ် ကျင့်ကြံကြိုးကုတ် အားကုတ်သူတို့အဖို့မှာကား ကိလေသာရောဂါဆိုးကြီးတို့ အမြစ်ပါမကျန် အနုသယဓာတ်ပါ ကျွတ်၍ လုံးဝပျောက်ကင်းသွားကြလေသည်။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်လျှင် ဘုရားမမှားဖို့ အရေးကြီးလှပေသည်။ ဘုရား အကိုးကွယ်မှားလျှင် သံသရာပြင်ကျယ်မှာ မျောကြ မြုတ်ကြရဦးမည်တကား။ ဘုရား-ဘုရား-ဘုရား။ ဘုရားစစ် ဘုရားမှန်ကို ကိုးကွယ်မိကြပါစေသတည်း။

တရားရတနာနှင့်ပတ်သက်၍ တရား ၁၀-ပါးရှိသည့်အနက် မဂ် ၄-ပါး, ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးကို ထားလိုက်ပါဦး၊ ပရိယတ္တိတရားတော်ကား လက်တလှမ်းသာဖြစ်၍ လူတိုင်းလိုက်နာကျင့်သုံးနိုင်ကြပေသည်။ လူတိုင်း လူတိုင်း အမြင်မှန် သဒ္ဓါဒိဋ္ဌိရှိဖို့ အလွန်အရေးကြီးပေသည်။ အဖြင်မှားနေလျှင်ကား (မိစ္ဆာဒိဋ္ဌိ ဦးစီးဦးဆောင် လုပ်နေလျှင်ကား) လုပ်သမျှ ကာယကံမှု၊ ပြောဆိုသမျှ ဝစီကံ အမှု၊ ကြံစည်သမျှ မနောကံအမှု မှန်သမျှအားလုံး အမှားချည်းဖြစ်နေ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးဘုံသို့သာ ရောက်ကြရပေလိမ့်မည်။

ဥပမာအားဖြင့် တမာစေ့၊ သဗ္ဘတ်ခါးစေ့၊ ပူးခါးစေ့ကို စိုက်ပျိုးလျှင် ၎င်းအစေ့မှ အညှောင့်အမြစ် ထွက်လာပြီး ၎င်း၏တည်ရာ မြေဆီ၊ ရေဆီကို စုတ်ယူပေမည်။ ၎င်းစုတ်ယူလိုက်သည့် မြေဆီ ရေဆီသည် အားလုံးအခါးဓာတ် ပြောင်းသွားလေသည်။ အကြောင်းမှာ ၎င်းတမာစေ့စသည်၏ နဂိုဗီဇ သဘာဝသည် အခါးဓာတ်ရှိသောကြောင့်ပေတည်း။ ဤအတူပင် အမြင်မှား- မိစ္ဆာဒိဋ္ဌိဦးစီးနေယည့် ပုဂ္ဂိုလ်များအဖို့ လုပ်သမျှ ပြောသမျှ ကြံစည်သမျှ အမှားချည်းဖြစ်နေ၍ ကြိုးစားလုပ်လေ ပိုပြီးဒုက္ခရောက်လေ အပါယ်မှာကျ ကောင်းလေ ဖြစ်နေကြရတော့သည်။

ထို့ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို လိုလားသူမှန်သမျှ အမှန်တရားကို ညွှန်ပြ ပေးနေသည့် ပရိယတ္တိတရားတော်နှင့် ထို တရားတော်က ညွှန်ပြပေးသည့် အတိုင်း သီလ သမာဓိ ပညာ သိက္ခာ ၃-ရပ်ကို စနစ်တကျလိုက်နာ ကျင့်သုံး ဘို့ အရေးကြီးလှပေသည်။ ဗုဒ္ဓ၏ ပရိယတ္တိတရားမှတပါး အခြားနည်းမှန် လမ်းမှန်ကို အပြည့်အစုံပြပေးသည့် တရားကောင်းမရှိချေ။ ဤ အချက်ကို စဲ့စဲ့မြဲမြဲ အလေးအနက် ယုံကြည်ဘို့လိုပါသည်။ တရား-တရား-တရား။ ဝါရား စစ် တရားမှန်ကို ကိုးကွယ်မိကြပါစေသတည်း၊ လိုက်နာ ကျင့်သုံးပွါးများ ဦးဇင် ကြပါစေသတည်း။

သံဃာတော်အရ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ရရှိပြီးဖြစ်သည့် မဂ္ဂဋ္ဌဗုဒ္ဓိုလ် ၄-ဦးနှင့် ဖလဋ္ဌဗုဒ္ဓိုလ် ၄-ဦး ပေါင်း ၈-ဦးတို့မှာ ၎င်းတို့ ကိုယ်တိုင် ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးပြီး ကောင်းဝေးဆဲဖြစ်ကြ ပေကုန်၏။ သံသရာဝဲသြဃရေပြင်ကျယ်ကြီး အလယ်မှာ ဆောက်တည်ရာ မိုဠ်ဖို အားထားရာ လောကုတ္တရာ တရားတည်းဟူသော ကျွန်းကြီးပေါ် သို့ ရောက်ပြီးသူများ ဖြစ်ကြပေကုန်၏။ သံသရာရေပြင်ကျယ်ကြီး၏ ကမ်းတဖက် နှင့်တူသည့် နိဗ္ဗာန်သို့ ရောက်ပြီးသူများ ဖြစ်တော်မူကြပေ၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် သူတို့ သိသမျှ တရားကို သိသည် အားလျော်စွာ ပြောပြပေးနိုင်ကြ၏။ လမ်းညွှန်ပေးနိုင်ကြ၏။ သံသရာဝဲသြဃ ကြီးထဲဝယ် တပြောင်းပြန်ပြန် ကူးခတ်နေကြရသည့် ဝဝနေယျ ဒုက္ခသည်များ အား ကူညီဖေးမပေးနိုင်သူများ ဖြစ်ကြပေ၏။ ထို့ကြောင့် သံသရာခရီးသည် သံသရာရေပြင်ကျယ်ကြီး၌ ကမ်းမမြင် လမ်းမမြင် ကူးခတ်နေကြရသည့် ဒုက္ခ သည်တို့အဖို့ ယင်းသို့သော အကူအညီပေးနိုင်သည့် ကျွန်းပေါ်သို့ ရောက်ပြီး ကမ်းတဖက်သို့ ရောက်ပြီး ပုဂ္ဂိုလ် သံဃာတော်များကို အမှီတကဲ့ အားကိုးသမှု ပြုကြရပေသည်။ ၎င်းတို့၏ ကူညီဖေးမမှုကို အကြောင်းပြုပြီး မကြာမီ ဝေးကွာတည်ရာကျွန်းကြီးနှင့်တူသည့် တမက် တဖိုလ် နိဗ္ဗာန်ကို ရရှိနိုင်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ သံဃာတော်မှတပါး အခြား မည်သည့် ပုဂ္ဂိုလ်မှ ထောက်ရာ တည်ရာရရှိပြီးသူများ မဟုတ်ကြကုန်။ သူတို့ကိုယ်တိုင်ပင် ဘယ်စခန်းဆိုက်၍ ဘယ်လမ်းလိုက်ရမှန်းမသိ၊ ရောရမ်းလုပ်ကိုင်နေကြရသူ သံသရာခရီးသည် ဒုက္ခသည်များပင်တည်း။ ထို့ကြောင့် မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော အေးမြချမ်းသာရာ ကမ်းတဖက်သို့ ရောက်လိုသူမှန်သမျှ ဗုဒ္ဓမြတ်စွာ၏ သံဃာတော်ရှစ်မျိုးကို သာ ဆည်းကပ်ကိုးကွယ်အားထားကြရပေမည်။ ဒါကိုးကွယ်မမှားဖို့ အရေးကြီးလှပေသည်။ သြော်-သံဃာတော်-သံဃာတော်-သံဃာတော်။ သံဃာစစ် သံဃာမှန်ကို ကိုးကွယ်ဆည်းကပ်မိကြပါစေကုန်သတည်း။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ဘုရားဟူသည် အနည်းဆုံးလေးသခေါ်နှင့်ကမ္ဘာတသိန်းပါရမီဖြည့် ဆည်းပူးပြီး အထွတ်အထိပ်ရောက် တတ်မြောက်ကျွမ်းကျင်သည့် ကိလေသာရောဂါဆိုးမျဉ်းကို ပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာဝန်ကြီးနှင့် တူပေ၏။ ဘယ်တော့မှ မအို မနာ မသေအောင် ရသာယနဆေး ဖော်စပ်ပြီး ကိုယ်တိုင်လည်း စားသုံးပြီးသူ၊ သူတပါးကိုလည်း ဝေငှပေးသူ မေတ္တာကရုဏာရှင်ကြီး ဖြစ်တော်မူပေ၏။

တရားဟူသည် ထိုဗုဒ္ဓရှင်တော် စနစ်တကျ ဖော်စပ်ထားအပ်သော သမထဝိပဿနာ သတိပဋ္ဌာန် စသည့် ရသာယနဆေးကောင်း ဝါးကောင်းများနှင့် ၎င်းတို့ကို သောက်သုံးမှီဝဲရမည့် ဆေးညွှန်းစာများပေတည်း။

သံဃာတော်ဟူသည် ဗုဒ္ဓမြတ်စွာ၏ သတိပဋ္ဌာန် စသော ရသာယန ဆေးကောင်း ဝါးကောင်းကို မှီဝဲရသဖြင့် ကိလေသာရောဂါပျောက်ကင်းသူ ဗုဒ္ဓ၏ တပည့်ရင်းများ ဖြစ်ကြပေကုန်၏။ ဗုဒ္ဓမြတ်စွာ၏ ''လက်ထောက်ဆရာဝန်များ သဘုယ် ဗုဒ္ဓမြတ်စွာ၏ ရည်ရွယ်ရင်းအတိုင်း ဘုရားကိုယ်စား သံသရာဒုက္ခသည်တို့ကို အဖက်ဖက်မှ ကူညီဖေးမပေးသူ၊ လက်တွဲကုစားပေးသူများ ဖြစ်ကြပေကုန်၏။

[ဤနေရာ၁၀၊ ဝဇီရဗုဒ္ဓိဋီကာ ၄၁၁-၂-နှင့် ဝိနယလင်္ကာရဋီကာ၊ ပ၊ ၂၆၁-မျက်နှာတို့၌ သရဏကုံမ်အရ အောက်ပါအတိုင်း ခွဲခြားထားသည်—

(က) ''ဗုဒ္ဓံသရဏံ'' အရ ဘုရား၏အသရေခရဏဂုဏ်တော်ကို အရကောက်သည်။

(ခ) ဓမ္မံ သရဏံအရ နိဗ္ဗာန်ကို အရကောက်သည်။

(ဂ) သံဃံ သရဏံ အရ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါးကို အရကောက်သည် ''သို့သော် ယခု ကျွန်ုပ်ပြဆိုခဲ့ပြီးအတိုင်းသာ ပါဠိတော်အဋ္ဌကထာတို့နှင့် ညီညွတ်သည်ဟူ၍ မှတ်ပါ။]

ဘုရားရှင် ပဲရိနိဗ္ဗာန်စံပြီးနောက်ပိုင်းမှာ သံဃာတော်သားလျှင် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ခဲ့ပေသည်။ ယခုလက်ဧတ္တ ဘုရား၊ တရား၊ သံဃာ ရတနာအစစ် ရတနာမွန်တို့ကို ဖူးတွေ့ကြည်ညိုနေကြရခြင်းသည် သံဃာတော် အရှင်မြတ်များ၏ လက်ဆင့်ကမ်း မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက် ယူဆောင်လာကြသော ကျေးဇူးကြောင့် ဖြစ်ပေသည်။

သံဃာတော်အား ဘုရားရှင်မြွက်စားတော်မူခြင်း

အဂ္ဂိဟုတ္တာ မုခါ သညာ၊ သာဝိတ္တိ ဂန္ဒသော မုခံ။
ရာဇာ မုခံ ပနဿာနံ၊ နဒီနံ သာဂရော မုခံ။
နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ။

(ဝိ၊ ၃။ ၃၄၄။ သုတ္တနိပါတ၊ ၃၇၀-မျက်နှာ)

ယင်ပူဇော်ခြင်းတို့သည် မီးပူဇော်ခြင်းလျှင် အကြီးအမြတ် ပဓာနရှိကုန်၏။ သာဝိတ္တိဂါထာသည် ဝေဒကျမ်း၏ အမွှန်အစပေတည်း။ ဘုရင်မင်းမြတ်သည် လူတို့၏ အကြီးအမှူးဖြစ်၏။ သမုဒ္ဒရာသည် မြစ်တို့၏ အကြီးအမှူးဖြစ်၏။

လ သည် နက္ခတ်တာရာတို့၏ အကြီးအမှူးဖြစ်၏။ နေသည် တွန်းဝေါက်ပသည့် အရာဝတ္ထုတို့၏ အကြီးအမှူးဖြစ်၏။ (ပုဒ္ဓပုမုခ) သံဃာတော်သည် ကုသိုလ်ကောင်းမှုကို အလိုရှိကြသည့် လှူဒါန်းပူဇော်သော သူ (အလှူဒါယကာ) တို့၏ အစစ်အမှန် အကြီးအမှူးဖြစ်ပေ၏။

ဤဂါထာ၏ ဆိုလိုရင်းမှာ လှူဒါန်းပူဇော်လိုသူတို့သည် သံဃာတော်အား လှူဒါန်းကြ၊ သံဃိကဒါနသည် အကျိုးအကြီးမြတ်ဆုံးဖြစ်သည်ဟု ဟောလိုရင်းပေတည်း။

ထို့ပြင် မိထွေးတော် ဂေါဝမီက သူကိုယ်တိုင် ယက်လုပ်ချုပ်ဆိုးသည့် သင်္ကန်းကို ဘုရားရှင်အား ပုဂ္ဂလိကဒါန အနေဖြင့် လှူဒါန်းရာ ဘုရားရှင်က လက်မခံပဲ အောက်ပါအတိုင်း မိန့်ကြားတော်မူသည်—

"သံဃေ ဂေါတမီ ဒေဟိ၊ သံဃဲ့ တေ ဒိန္နေ အဟဉ္စေဝ ပုဇ္ဇိတော ဘဝိဿာမိ သံဃော စ။"

(မ၊၃။၂၉၆။)

"အို မိထွေးတော် ဂေါတမီ၊ ငင်းသက်နုံးကို သံဃာတော်အား လှူဒါန်းလိုက်ပါ။ သင်သည် သံဃာတော်အား လှူဒါန်းလျှင် ငါဘုရား ကိုလည်း လှူဒါန်းပူဇော်ပြီး ဖြစ်ပါလိမ့်မည်"

ဤနေရာ၌ မြတ်စွာဘုရား၏ ဆန္ဒတော်မှာ—နောင်လာ နောက်သား လူအများ၏ သံဃာတော်အပေါ် ရိုသေလေးစားမှု ဖြစ်စေလိုခြင်း ဖြစ်ပေသည်။ ခဲ့ခဲ့ဦးအုံ—မြတ်စွာဘုရားရှင်အား ဤသို့ အကြံတော်ဖြစ်တော်မူသည်—

"ငါဘုရားသည် နှစ်ပရိစ္ဆေဒအားဖြင့် ကြာရှည်စွာ တည်တံ့မည် မဟုတ်။ ငါဘုရားရှင်၏ သာသနာတော်သည် ရဟန်းသံဃာ၌ တည်တံ့ပေလိမ့်မည်။ နောင်လာ နောက်သား လူအများသည် ရဟန်းသံဃာတော်အပေါ် ရိုသေလေးစားမှုကို ဖြစ်စေသတည်း"

ဟု နှလုံးပိုက်၍ ၃-ကြိမ်တိုင်အောင် ပယ်တော်မူပြီး၍ သံဃာတော်အား ငင်းသက်နုံးကို လှူစေတော်မူခဲ့လေသည်။

ဤသို့ လှူဒါန်းစေသဖြင့် အကျိုးဆက်ဖြစ်ပုံမှာ—

"ဘုရားရှင်သည် ကိုယ်တော်အား ပဂ္ဂလိကလှူဒါန်းအပ်သော ဝတ္ထုပစ္စည်းကိုသော်မှလည်း သံဃာတော်အား လှူစေတော်မူသည်။ သံဃာတော်အရှင်မြတ်များသည် မြတ်သော လူဘွယ်ပစ္စည်းကို အလှူခံထိုက်တော်မူပေ၏တကား"

ဟု နောက်လာ နောက်သား လူအများသည် သံဃာတော်အပေါ် ရိုသေလေးစားမှုကို ဖြစ်စေ၍ ပစ္စည်း ၄-ပါးတို့ကို လှူဒါန်းသင့်သည်ဟု အောက်မေ့မှတ်ထင်ကြပေလိမ့်မည်။ သံဃာတော်အပေါင်းသည် ပစ္စည်း ၄-ပါးတို့ဖြင့် မပင်မပန်းပဲ ဘုရားစကားတော်ကို သင်ယူ၍ ရဟန်းတရားကို အားထုတ်နိုင်ပေလိမ့်မည်။ ဤသို့ဖြင့် ငါဘုရားသာသနာတော်သည် ငါးထောင်သာသနာ

ရှည်ကြာစွာ တည်နိုင်ပေလိမ့်မည်ဟု အောက်မေ့ပြီး မိထွေးတော် ဂေါတမီကို သံဃာတော်အား အလှူခိုင်းခြင်းဖြစ်ပေသည်။

ထို့ပြင် ဝိနည်း အဋ္ဌကထာ, အဘိဓမ္မာ အဋ္ဌကထာ, နိကာယ်ကြီး ၄-ရပ် အဋ္ဌကထာအားလုံးကို ပြုစုတော်မူသော အရှင်မဟာဗုဒ္ဓဃောသကျမ်းပြုဆရာတော်ကြီးသည် ဗုဒ္ဓပဏာမ, ဓမ္မပဏာမတို့ထက် ထူးခြားစွာ သံဃပဏာမ၌ အောက်ပါအတိုင်း "သိရသာ"ဟူသော ပုဒ်ဖြင့် အထူးပြုပြီးရှိခိုးသည်ကိုတွေ့ရပေသည်—

ဂုဏော ဟိ ယော သီလသမာဓိပညာ ပညာဝိမုတ္တိ ဉာဏပဘုတိဟိ ယုတ္တော။ ခေတ္တံ ဇနာနံ ကုသလတ္ထိကာနံ၊ တ-မရိယသံဃံ **သိရသာ** နာ မာမိ။

(ဝိ၊ဋ္ဌ၊၁-၁-နှာ။)

သုဂတာသ ဩရသာနံ၊ ပုတ္တာနံ မာရသေန မထနာနံ။
အဋ္ဌနမိ သမူဟံ၊ **သိရသာ**ဝန္ဒေ အရိယ သံဃံ။
(ဒီ၊ဋ္ဌ၊၁။ ၁-နှာ။ မ၊ဋ္ဌ၊၁။ ၁၀။ သံ၊ဋ္ဌ၊၁။ ၁။) အံ။ဋ္ဌ၊၁။ ၁-နှာ။

သံဃပဏာမ၌သာ "သိရသာ"ပုဒ်ဖြင့် အထူးပြုပြီး ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိခိုးပါ၏ဟု ထူးထူးခြားခြား ဆိုရာ၌ အဓိပ္ပါယ်ရည်ရွယ်ချက်ရှိပေသည်။ အဋ္ဌကထာဆရာကြီး၏ ရည်ရွယ်ချက်မှာ — "မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ဘုရားရတနာနှင့် တရားရတနာတို့ကို သိကြရခြင်း ကြည်ညိုကြရခြင်းသည် သံဃာတော်အရှင်မြတ်များ၏ ဆောင်ရွက် ဟောပြော ဆုံးမမှုကြောင့်သာ ဖြစ်ပေသည်။ သံဃာတော်များနှင့် စပ်သွယ်ပြီးမှ သိကြရခြင်းဖြစ်ပေသည်။ ထို့ကြောင့် နောင်လာနောက်သား ပုဂ္ဂိုလ်များအဖို့ သံဃာတော်အရှင်မြတ်များသည် အလွန်တရာ ကျေးဇူးဥပကာရများပြားတော်မူကြ

ပါပေသည်'' ဤအနက်အဓိပ္ပါယ်ကိုပြလို၍ အဋ္ဌကထာ ဆရာတော်ကြီးသည် သံဃာတော်ကို ရှိခိုးသည့်အခါ ''သီရသာ'' ပုဒ်ဖြင့် အထူးပြု ရှိခိုးတော်မူခဲ့လေသည်။

[သာရတ္ထ၊ ၁။၁၃။ သီ၊ဋ္ဌီ၊သစ်၊ ၁။ ၂၃-နှာ]

သံဃာတော် ၃-မျိုး

မြန်မာပြည်ဝယ် ကမ္ဘာပေါ်ရှိ အခြားတိုင်းပြည်များထက် ထူးခြားသာလွန်သော သံဃာတော် အရှင်မြတ် ၃-မျိုးကို ဖူးတွေ့ရပေသည်။ ၎င်းတို့မှာ—

(၁) ဂန္ဆ်ဓူရ = ဘုရားစာပေကျမ်းဂန်ကို သင်ယူပို့ချဟောပြောခြင်း တာဝန်ကို ထမ်းဆောင်နေသော သံဃာတော်၊

(၂) ဝိပဿနာဓူရ= ဘုရားဟော ကျမ်းဂန်နှင့်အညီ မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို ရအောင် တရားကျင့်သုံးအားထုတ်ခြင်း တာဝန်ကိုထမ်းဆောင်နေသော သံဃာတော်၊

(၃) ဂန္ဆဓူရနှင့် ဝိပဿနာဓူရ ၂-မျိုးလုံးကို ထမ်းဆောင်နေသော သံဃာတော်တို့ ဖြစ်ပေသည်။

ထိုတွင် ဂန္ဆဓူရတာဝန်ဆောင် သံဃာတော်အရှင်မြတ်အချို့မှာ ပိဋကတ် ၃-ပုံကို နှုတ်ဝဲဆောင်သည်အထိ ကြိုးပမ်းတော်မူကြပါသည်၊ အချို့မှာ ပိဋကတ် ၂-ပုံ, ၁-ပုံ၊ နိကာယ် ၁-ခု စသည်ဖြင့် နှုတ်တက်အာဂုံဆောင်ရွက်၍ သာသနာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေတော်မူကြပါပေသည်။ အချို့သံဃာတော်အရှင်မြတ်များကား သံဃာပေါင်း ထောင်ကိုးရာမျှမက်ပြီး ပိဋကတ်တော်များကို အခေါက်ခေါက် အပြန်ပြန် ချပို့သင်ပြပေးနေတော်မူကြပါပေသည်။ အချို့ သံဃာတော်အရှင်မြတ်များကား နိဗ္ဗာန်ရောက်ကြောင်း

တရားကောင်းများကို သာမန်ပုဂ္ဂိုလ်များပင် သိနားလည်အောင် ဟောပြပေးကြခြင်း, စာပေကျမ်းဂန်ပြုစုဖြန့်ဝေခြင်းတို့ဖြင့် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်နေသည်ကို ကျွန်ုပ်တို့ မြန်မာပြည်၌ ကမ္ဘာ့အခြားတိုင်းပြည်များထက် ထူးခြားစွာ တွေ့မြင်ကြရပေသည်။

ပိဋကတ်စာပေ အံနေသော အရှင်မြတ်များ၏ စာအံသံစာချသံ ဟောပြောသံ သဝနာနုတ္တရိယမင်္ဂလာများကို ရရှိနိုင် ကြည်ညိုနိုင်ကြပေသည်။ အော်-ငါးထောင် သာသနာရှည်ကြာအောင် ပိဋကတ်စာပေတော်ကို သင်အံပို့ချနေတော်မူကြသည့် သံဃာတော်တို့-ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံသည့် အံသံတော်တို့ပါတကား။

ဒုတိယအမျိုးအစားဖြစ်သည့် ဝိပဿနာဓူရ=ဝိပဿနာတရား ကျင့်သုံးခြင်းတာဝန်ကို ထမ်းဆောင်နေသည့် သံဃာတော်အရှင်မြတ်များလည်း မြန်မာပြည်နေရာအနှံ့အပြားဌာ သီတင်းသုံးနေထိုင်တော်မူကြပေသည်။ ဤအရှင်မြတ်များအနေဖြင့် မအို မနာ၊ မသေချာဖြစ်သည့် အမြိုက်ဓာတ်=အမတေဓာတ်=နိဗ္ဗာန်ဓာတ်ကို ကိုယ်တိုင်မျက်မှောက်ထင်ထင် တွေ့မြင်ရအောင် တရားကျင့်နေကြသူများဖြစ်ပေသည်။

မအို မနာ မသေသည့် နိဗ္ဗာန်ဆိုတာ တကယ်ရှိရဲ့လား

ဘယ်တော့မှ မအို မနာမသေတဲ့ အမတေဓာတ်=နိဗ္ဗာန်ဓာတ်ဆိုတာ တကယ်ရှိရဲ့လား၊ ဘယ်မှာရှိတာလဲ၊ ဘယ်လိုလုပ်ပြီး မြင်နိုင်တွေ့နိုင်သလဲ၊ မြင်အောင်တွေ့အောင် လုပ်လို့ရသလား၊ နောက်ဘဝမှ ရတဲ့တရားလား၊ ဒီတဘဝတည်းနှင့် ရနိုင်သလား စသည်ဖြင့် နိဗ္ဗာန်နှင့် ပတ်သက်ပြီး မေးစရာတွေ များစွာရှိပေမည်။ သိချင်သူတွေလဲ နည်းမည်မဟုတ်ပေ။

ခပ်ကျဉ်းကျဉ်း ဖြေရသော်—ဘယ်တော့မှ မအို မနာ မသေတဲ့ အမတေ ဓာတ်=နိဗ္ဗာန်ဓာတ်ဆိုဒါ တကဲယ်ရှိတာပေါ့။ ဥပမာအားဖြင့်—ဆင်းရဲတဲ့ဓာတ် ရှိတာတော့ ချမ်းသာတဲ့ဓာတ် ရှိသလိုပေါ့၊ အပူဓာတ်ရှိတော့ အအေးဓာတ် ရှိသလို အဆိုးဓာတ်ရှိတော့ အကောင်းဓာတ်ရှိသလိုပါပဲ။ အိုတဲ့ဓာတ်ရှိတော့ မအိုတဲ့ နိဗ္ဗာန်ဆိုဒါရှိတာပေါ့၊ နာတဲ့ဓာတ်ရှိပြန်တော့ မနာတဲ့ နိဗ္ဗာန်ဆိုဒါ ရှိတာပေါ့။ သေတဲ့ မရဏဓာတ်ရှိတော့ မသေတဲ့ အမရဏခေါ် နိဗ္ဗာန်ဓာတ် ဆိုဒါ ရှိတာပေါ့။

နိဗ္ဗာန်ဆိုဒါ ဘယ်မှာရှိဒါလဲဟူသော အမေးနှင့်ပတ်သက်၍ ဖြေဆိုရသော် တရားသဘောတို့ကို သုံးစုံ၍ ဟောကြားအပ်သော တိကမာတိကာ၏အဖွင့် အဋ္ဌကထာကလ္လ ဓမ္မသင်္ဂဏိပါဠိတော်၌ "အနိန္ဒြိယဗန္ဓနုပဋ္ဌာနဉ္စ နိဗ္ဗာနဉ္စဟိဒ္ဓါ" ဟု (၂၇၃-နှာ) ဟောကြားရကား နိဗ္ဗာန်ဟူသည် ပိဋကတ်သုံးတော်တို့၏ ကိုယ်တွင်း ကိုယ်ထဲမှာရှိသည့် တရားမျိုးမဟုတ်၊ ပိဋကတ် သုံးတော်တို့၏ ကိုယ်ပြင်မှာရှိသည့် ဗဟိဒ္ဓတရားသဘောမျိုးပေတည်း။

ရောဟိတဿသုတ်(သံ၊ ၁။၆၁)၌ကား—

"အပိ စ ဒ္ဓါဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညမ္မိ သမနကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ၊ ပဋိပဒံ" နို့-

ဟု ဟောဟိတဿနတ်သားအား ဟောကြားတော်မူသည်။

"အချင်း ရောဟိတဿနတ်သား အမှန်အားဖြင့် ငါဘုရားသည် တလံမျှ လောက်ရှိသော သညာကျွန်ုာ, ဝိညာဏကျွန်ုာနှင့်တကွဖြစ်သည့် (ဓဝဒနာကျွန်ုာ သင်္ခါရကျွန်ုာတို့ပါဃူ) ဤရူပကျွန်ုာ ခန္ဓာကိုယ် အတွင်ဘောဌ်ပင်လျှင် ဒုက္ခသစ္စာကိုဌင်း သမုဒယသစ္စာကိုဌင်း နိရောဓသစ္စာကိုဌင်း မဂ္ဂသစ္စာကိုဌင်း ပညတ်တော်မူ၏"

ဤ ဒေသနာဌ် နိဗ္ဗာန်=နိရောဓသစ္စာကို ဤ ခန္ဓာကိုယ်ဌ်ပင် ပညတ်၏ ဟု ဟောခြင်းကား သုတ္တန်ဒေသနာဖြစ်၍ ဝေနေယျဗျာသယ အားလျော်စွာ ဟောတော်မူခြင်း ဖြစ်သည်။

နိဗ္ဗာန်ကို ဘယ်လိုလုပ်ပြီး မြင်နိုင် တွေ့နိုင်သလဲ၊ မြင်အောင် တွေ့အောင် လုပ်လို့ရသလား၊ ဤ အမေးနှင့် ပတ်သက်၍ ဖြေရပါမူ—

နိဗ္ဗာန်ကို သတိပဋ္ဌာန်စသော ဝိပဿနာ အကျင့်တရားကို လက်တွေ့ကျင့်သုံးခြင်းဖြင့် မြင်နိုင် တွေ့နိုင်ပါသည်။ စိတ်ကူးယဉ်တရား မဟုတ်၊ မြင်အောင် တွေ့အောင် လုပ်လို့ရသည့် တကယ့် အရှိတရား ဖြစ်ပါသည်။ သတိပဋ္ဌာန်စသည့် ဝိပဿနာ ရှုနည်းကိုကား ဆရာတော် သံဃာတော်များထံ နာခံမှတ်သား၍ဂင်း၊ လေ့လာမေးမြန်း၍ဂင်း လက် တွေ့ဉာဏ် မြင်အောင် ၁၀-ရက်၊ ၁၅-ရက်၊ ၁-လ၊ ၂-လ စသည် လေ့ကျင့်ခန်း သင်တန်းတက်ပြီး နည်းခံသင့်သည်။ နည်းရပြီးနောက် မရဏနေ မိုးပုတ်ဆေး ယောကျ်ားကဲ့သို့ ကြိုးစားအားထုတ်က ဖြစ်ပျက်မှု ဆုံးသွားသည့် နိဗ္ဗာန်ဓာတ်ကို မျက်မှောက် ပြုကာ ဉာဏ်၌ ထင်ထင်ရှားရှား မြင်တွေ့သွားပါလိမ့်မည်။

နိဗ္ဗာန်ဆိုတာ နော်က်ဘဝမှ ရတဲ့ တရားလား၊ ဒီ တဘဝတည်းနှင့် ရနိုင်သလား၊ ဤ အမေးနှင့် ပတ်သက်၍ ဖြေရမူ ပုဂ္ဂိုလ်အမျိုးအစားလိုက်ပြီး တချို့ပုဂ္ဂိုလ်များမှာ ဒီတဘဝတည်းနှင့် နိဗ္ဗာန်ကို ရနိုင်ပါတယ်၊ တချို့ပုဂ္ဂိုလ်များ အဖို့မှာတော့ နောက်နောက် ဘဝများမှပဲ နိဗ္ဗာန်ကို ရနိုင်ပါတယ်။

အကြောင်းကတော့ အချို့ပုဂ္ဂိုလ်များမှာ ဘဝါ ဘဝက ဆည်းပူးခဲ့တဲ့ ပါရမီပြည့်စုံသဖြင့် နိဗ္ဗာန်မဂ်ဖိုလ်ရကြောင်း သတိပဋ္ဌာန်စသည့် တရားကောင်းတွေကို ဘုရားရှင် ဟောကြားသည့်အတိုင်း အပြည့်အစုံ စနစ်တကျ လိုက်နာကျင့်သုံး ပွားများနိုင်သောကြောင့် နိဗ္ဗာန်ကို ဒီဘဝမှာပဲ မျက်မှောက်ပြုပြီး သိသွားနိုင်ခြင်း ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်များမှာတော့ ဘဝါ ဘဝက ဆည်းပူးခဲ့သည့် ပါရမီ ဓာတ်ခံနည်းသေး၍ သတိပဋ္ဌာန်စသည့် တရားကောင်းတွေကို အပြည့်အစုံ စနစ်တကျ လိုက်နာကျင့်သုံး ပွားများနိုင်မှု မရှိကြသေးသောကြောင့် ဒီ တဘဝနှင့် နိဗ္ဗာန်ကို မမြင်နိုင်သေးပါ။ ဆက်လက်ကြိုးစားသွားပါက နောက် နောက် ဘဝတွေမှာ သိနိုင် မြင်နိုင် ရနိုင်ပါသည်။

ဥပမာအားဖြင့် ငယ်စဉ်ဘဝ ကကြီး ခကွေး တန်းမှစ၍ အတူစာသင် လာခဲ့သည့် မိတ်ဆွေ သူငယ်ချင်းတွေ အများအပြားရှိကြသော်လဲဘဲ တချို့ ပုဂ္ဂိုလ်များသာ ဘီ-အေ၊ အမ်-အေ၊ ဒေါက်တာစသည့် ဘွဲ့ရပုဂ္ဂိုလ် ဘွဲ့လွန် ပုဂ္ဂိုလ်များ ဖြစ်ကြ၍ အများသောပုဂ္ဂိုလ်တို့မှာ ဘွဲ့မရသည့် ပုဂ္ဂိုလ်များ အဖြစ်ဖြင့်သာ ဒီဘဝအဆုံးသတ်ကြရပါသည်။ ဤအတူ မဂ်ရပုဂ္ဂိုလ် နိဗ္ဗာန်

တရားထူးမြင်သည့် ပုဂ္ဂိုလ်ဆိုသည့် လောကုတ္တရာ ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ဘို့မှာကား ပို၍ ခက်ခဲမည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားပါသည်။

မအို့ မသေကုန်ဗွာန်ကို မြင်သည့် အရိယာ ပုဂ္ဂိုလ်ဟာ
မအို့ မသေတော့ဘူးလား

"မအို့ရာ နိဗ္ဗာန် မသေရာနိဗ္ဗာန်ကို ဉာဏ်ဖြင့်တွေ့မြင်ပြီးသည့် အရိယာ ပုဂ္ဂိုလ်ဘေဟာ မအို့ မသေတော့ဘူးလား"ဟု မေးတတ်ကြသည်။ "သာမန် နိဗ္ဗာန်မရသေးတဲ့ ပုဂ္ဂိုလ်နှင့် ဘာများ ထူးခြားသလဲ" လို့ မေးမြန်းကြပေလိမ့်မည်။

အဖြေကား—

မအို့ရာနိဗ္ဗာန် မသေရာနိဗ္ဗာန်ကို တွေ့မြင်ပြီးသည့် အရိယာ ပုဂ္ဂိုလ်ဟာ မအို့လို့သောဆန္ဒ၊ မသေလို့သောဆန္ဒရှိလျှင် ဣဒ္ဓိပါဒ် ၄-ပါး တရားကို လေ့လာပွားများ၍ နေပါက တကမ္ဘာ (၆၄-ကပ်) ပတ်လုံးသော်ငင်း မအို့ပဲ မသေပဲ နေနိုင်သည်။ ဣဒ္ဓိပါဒ်တရားတော်၏တံခိုးရှိန်စော် အာနုဘော်ကြောင့် ဘို့မှ သေမှုကို မဖြစ်ရအောင် ထိန်းချုပ်ထားနိုင်ပေသည်။

ယသ ကဿစိ အာနုန္ဒ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ သော အာကင်္ခမာနော ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပာဝသေသံ၊

(ဒီ၊ ၂၊ ဂ၆၊ သံ၊ ၃၊ ၂၂၇၊ အံ၊ ၃၊ ၁၂၉၊ ဥဒါန၊ ၁၅၂။ ဒီ၊ ဋ္ဌ၊ ၂၊ ၁၄၄၊ သံ၊ ဋ္ဌ၊ ၃၊ ၂၈၃၊ အံ၊ ဋ္ဌ၊ ၃၊ ၂၄၇။ ဥဒါန၊ ဋ္ဌ၊ ၂၉၄။)

ဤ ပါဠိဘေဝ်ဝယ် ကပ္ပံ ဝါ အရ အဋ္ဌကထာနှင့် မိလိန္ဒပဉ္ဟာ ပါဠိတော်များအလို အားယူကပ် (ယခုခေတ်အလို အသက် ၁၀၀-တန်း အသက် ၁၀၀=အနှစ် ၁၀၀) ကိုဆိုလိုပါသည်ဟု ဖွင့်ဆိုကြသည်။ မဟာသီဝဆရာ်နှင့် တေဒဂ်ရ အရှင်မဟာကစ္စည်းရဟန္တာ အရှင်မြတ်တို့ အလိုမူ ကပ္ပံ ဝါ-အရ အနန္တရကပ် ၆၄-ကပ် ကာလရှိသည့် မဟာကပ်ကို အလိုရှိတော်မူကြသည်။ ဥပမာအားဖြင့် ကမ္ဘာဦးမှစ၍ ဣဒ္ဓိပါဒ်ကို ပွားများနေလျှင် ကမ္ဘာပျက်သည်အထိ အနန္တရကပ် ၆၄-ကပ် ကာလပတ်သုံး မအို့ပဲ မသေပဲ အသက်ရှည်နေနိုင်သည်။ ယခုခေတ်မှ ပွားများနေသူသည် ယခု အနန္တရကပ် ၄-ကပ် ကျော်လွန်ခဲ့ပြီးဖြင့်၍ ကျန်သေးသော အနန္တရကပ် ၆၀-ကာလပတ်လုံး အသက်ရှည်နေနိုင်သည်ဟု ဆိုလိုပါသည်။

ဥပမာအားဖြင့် လောကဌ် ဓာတ်ချုပ်ရောဂါရနေသူကို ဝမ်းနှုတ်ဆေးတိုက်ပါက ဝမ်းသွားပြီး ဓာတ်ချုပ်ရောဂါ ပျောက်ကင်းသွားသည်။ ခေါင်းကိုက်ရောဂါ အနှိပ်စက်ခံနရသူကို ခေါင်းကိုက်ပျောက်ဆေး ကျွေးပါက

ခေါင်းကိုက်ရောဂါ ပျောက်ကင်းသွားသည်။ ဤကဲ့သို့ ထိုထိုရောဂါပျောက်ဆေးလုံးများသည် နိုင်ရာနိုင်ရာ ရောဂါကို ပျောက်ကင်းခြမ်းသာ စေသကဲ့သို့ မအို မသေသည့် အမဇာတခေါတ် နိဗ္ဗာန်ဓာတ်တို့၏ အချိန်အဝါဖြင့် ဣဒ္ဓိပါဒ် ၄-ပါး တရားကို ပွားများနေသည့် ပုဂ္ဂိုလ်သည်လည်း အိုမှုဇရာ သေမှုမရဏ ဆိုသည့် ရောဂါဆိုး ၂-ပါးကို ပျောက်ကင်းစေနိုင်ပေသည်။ အချိန်အခါကာလအားဖြင့် ကမ္ဘာကြီးပျက်သည်အထိ ထိန်းချုပ်ဘားဆီးထားနိုင်သည်။ ကမ္ဘာပျက်သည့် အခါမှာကား ရော၍ အားလုံးပျက်စီးသည့်အထဲ ပါသွားရတော့သည်။

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ၊ နပန သက္ကတေ မရဏာယ ပဋိကမ္မံ ကာတုံ အည ဗြေဝ ဣဒ္ဓိမန္တာနံ ဣဒ္ဓိဝိသယာ။

(နေတ္တိ၊ ၂၁-နှာ။)

အိုခြင်းတရားကို မအိုအောင် ကုစားခြင်းငှာ စွမ်းနိုင်သည်သာ။ တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့၏ တန်ခိုးအရာကို ချန်ထား၍ သေခြင်းတရားကိုကား မသေအောင် ကုစားခြင်းငှာ မတတ်နိုင်။

(ဤ ပါဠိတော်၌ အည ဗြေဝ ဣဒ္ဓိမန္တာနံ ဣဒ္ဓိဝိသယာ ပါဌ်ကို သတိပြုသင့်သည်။ တန်ခိုးရှင်ပုဂ္ဂိုလ်များအဖို့မှာမူ သေခြင်းတရားကိုလဲ မသေအောင် ကုစားခြင်းငှာ စွမ်းနိုင်ပါသည်ဟု ဆိုလိုသည်။)

လောကုတ္တရာ ဣဒ္ဓိပါဒ်တရားကို မဆိုထားဘိ၊ လောကီ ဝိဇ္ဇာမိုရ်တို့၏ အတတ်ပညာမျိုးဖြင့်ပင် ကမ္ဘာဆုံးသည်အထိ မအို မသေပဲနေနိုင်သည့် ပညာရပ်မျိုး ရှိပေသည်။ ကံထူး ဉာဏ်ထူး ဇီဝိယထူး ရှိသူများ ၎င်းဝိဇ္ဇာမိုရ် အတတ်ပညာကို တတ်မြောက်အောင်မြင်ပြီး ဓရ, ဇင္ဇ, သံ, ပြဒါးဓာတ် ၄-ပါးကို ပြာချ၍ ၎င်းပြာစားကာ ကမ္ဘာဆုံးသည်အထိ အိုမှု သေမှုကို ထိန်းချုပ်သွားနိုင်ကြပေသည်။

ပြဒါးဖမ်းပုံ ချုပ်ပုံ သတ်ပုံ ကျွေးပုံများ

ဆင့်ကောက်ကျွေးငြား၊ သူမစားက၊ နှဂါးအကြောင်း၊ ဘဝပြောင်းသော်၊ ရှေးဟောင်းရုပ်ဝါ၊ မတူပါ၍၊ မဟာပထဝီ၊ သေလာညီသည်၊ လေးလီရောင်ရှိန်၊ အသမ္ဘိန်ဟု၊ မတိမ်လောကဓာတ်၊ ဇော တရဲ့ကြောင့်၊ လိုဘတ်ပြည့်စုံ၊ သိဒ္ဓိခုံ၍၊ အာရုံမက်မှန်း၊ တဖက်ကမ်းသို့၊ တက်လှမ်း၍သာ၊ ရောက်နိုင်ရာသည်၊ ဝိဇ္ဇာအမျိုး၊ သူ့တန်ခိုးကြောင့်၊ မြေမိုးကောင်းကင်၊ လေယာဉ်ဆင်သည်၊ ရေပြင်သီတာ၊ ဟေမဝါနန်း၊ စိတ်ရှိမှန်းက၊ မပန်းလျင်ဝှာ၊ ရောက်နိုင်ရာသည်၊ သေလာ ကျောက်ဓာတ်၊ ဇောတရဲ့ကို၊ ဆေးမြတ်ပြငြား၊ သံ-ပြဒါးနှင့်၊ နှစ်ပါးရွှေ-ငွေ၊ ရပြန်ပေက၊ ချိန်လေအညီ၊ ငါးကျပ်စီဖြင့်၊ အလီလီ

ထား၊ ကျိုတုံငြားမှ၊ ပြဒါးသေခတ်၊ ထိုးတုံလတ်သော်၊ ပြာဆာဆာတ်ကျ၊ အသေရလိမ့်၊ မချဏပြာသား၊ ထို ၄-ပါးကို၊ လုံကားပိတ်သွင်း၊ ဖဲ့ဘတင်းနှင့်၊ မြေဘွင်းဥဝယ်၊ မီးသုံးဆယ်အုံး၊ ထိုပြာထုံးကို၊ စဲ့သုံးသောခါ၊ ပျားသကာနှင့်၊ ရသာဌက်ပျော၊ တရွေးနှောချ၍၊ သဘောရှိရာ၊ သုံးဆောင်ပါက၊ ဩဇာလေးနက်၊ ခုနှစ်ချက်ဘောင်၊ ဆာလောင်ကင်းဘိ၊ အကျိုးရှိ၏၊ တံစိတစ၊ သည်ကမျှ၍၊ ဆင့်တရက်ခြား၊ သုံးဆောင်ငြားက၊ အသားနှစ်၊ အသက်ပျိုလျက်၊ မအိုရုပ်သွင်၊ နောက်ဆုတ်ငင်၍၊ လုလင်ပုံဟန်၊ ဖြစ်လာပြန်သည်၊ လေးတန်ဓာတ်မ၊ သဘာဝတွင်၊ နေ-လ အခြောင်း၊ အသစ်ပြောင်းချဲ့၊ အဟောင်းကိုပယ်၊ လောကဝယ်၌၊ ယုံဘွယ်မရှ၊ အဇ္ဈတ္တဟု၊ ဘဝအတူး၊ မဖြစ်ဘူးငြား၊ ဖြစ်သည်များကို၊ ပြဒါးဘန်ခိုး၊ ဆေးအကျိုးကြောင့်၊ အားကိုးယုံရာ၊ မိန့်ခဲ့မှာသည်၊ ဝိဇ္ဇာဓိရိတို့အကြောင်းတည်း။

[စတုဓာတုရဘနာသိဒ္ဓိ ကဝိသာရကျမ်း ၃၈-စာပိုဒ်၊ ၅၇-မျက်နှာ]

ဤနေရာ၌ မေးမြန်းဖွယ်ရှိသည်ကား– “ဤကဲ့သို့ ဣဒ္ဓိပါဒ် ၄-ပါးကို ပွားများပြီးနောက် တကမ္ဘာပတ်လုံး မဘိုမသေပဲ နေနိုင်ပါလျှင် ဘယ်အာဠာဝက်တန်ခိုးကြီးမားသည့် ဝိဇ်ဇာသိဒ္ဓိဘော်သို့ ကျောက်ဧတာဝ်မူကြသော ရဟန္တာအချင်းမြတ်များသည် သတ္တဓာတ်ကြီး၏ အစိုးအပွားအလျှင်ငါ ထိုကဲ့သို့ တကမ္ဘာပတ်လုံး အသက်ရှင်ပြီး မနေကြပါသလဲ၊” ဤသို့ မေးမြန်းနိုင် စေဒက တက်နိုင်ပေသည်။

အဖြေကား—အမြဲမပြတ် ဒလစပ်ဖြစ်ပျက်နေသည့် ခန္ဓာ ၅-ပါးဟူသော ဒုက္ခဝန်တုပ်ပိုးကြီးကို ပိုင်းပိုင်းခြားခြား သိပြီးသည်၏ အဖြစ်ကြောင့်ဖြင်း၊ မအိုခအောင်၊ မသေခအောင် ကြောင့်ကြစိုက်မှု၊ အားထုတ်မှု မရှိသောကြောင့်ဖြင်း၊ ဤကဲ့သို့ ကကမ္ဘာပတ်လုံး အသက်ရှည်မနေကြဘော့ပါ။ မှန်ပေသည်၊ ထိုရဟန္တာအရှင်မြတ်တို့သည် မဘိုမသေခအောင်၊ မသေခအောင်စသည့် ကြောင့်ကြစိုက်မှု၊ အားထုတ်မှု အားလုံး ကင်းငြိမ်းခတ်မူကြပြီး ဖြစ်ကြပေကုန်၏။ ထို့ကြောင့်ပင် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမဆရာသည် အောက်ပါဂါထာစကားရပ်ကို ဟောကြားတော်မူခဲ့ပေသည်။

နာဘိနန္ဒာမိ မရဏံ၊ နာဘိကင်္ခါမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတဓေကာ ယထာ။

ငါသည် သေခြင်းကို မနှစ်သက်ပါ၊ အသက်ရှင်နေခြင်းကိုလဲ အလိုမရှိပါ။ အဘိုးအခဖြင့် အလုပ် လုပ်သော အလုပ်သမားသည် လုပ်ငန်းပြီးစီးမှုကို မနှစ်သက်သော်လည်း နေ့ ရက် လ ကုန်းခမ်းမှုကို အလိုရှိသကဲ့သို့ ထို

နည်းတူစွာ ငါသည် ပရိနိဗ္ဗာန်ပြုရမည့် တချိန်အခါကိုသာလျှင် တောင့်တပါသည်။

(ထေရဂါထာ ၃၁၄။ ထေရာ ၌၊ ၂၊ ၂၁၇-နှာ။)

ဤသို့လျှင် မအိုရာ၊ မနာရာ၊ မသေရာ ချမ်းသာအစစ် နိဗ္ဗာန်တည်းဟူသော တရားအဆီအနှစ်ကို ဒီဘဝမှာပင် ရအောင် တရားကျင့်သုံး နေထိုင်တော် မူကြသည့် သံဃာတော်တွေ အများအပြားကို မြန်မာပြည် အနှံအပြားတောကြို့ တောင်ကြားမကျွန် ဖူးတွေ့ကြရပေသည်။ ဤကဲ့သို့သော သံဃာတော်တွေကို လှူဒါန်းကြရ၊ ပူဇော်ကြရသော မြန်မာ ပြည်သူ ပြည်သား တို့အဖို့ ကံကောင်းလေစွတကား။ အမှန်အားဖြင့် ဤကဲ့သို့သော သံဃာတော် မြတ်များကို ဖူးတွေ့ရန်ပင် ကြုံတောင့် ကြုံခဲလှပေ၏။

တတိယ အမျိုးအစားဖြစ်သည့် ဂန္ဆဓူရနှင့် ငိပဿနာဓူရ (စာသင်ခြင်းနှင့် တရားအားထုတ်ခြင်းတာဝန်) ၂-မျိုးလုံးကို ထမ်းဆောင်တော်မူကြသော သံဃာတော် အရှင်မြတ်များကား ပို၍ပင် ကြည်ညိုလေးစားဘွယ် ကောင်းလှပေတော့သည်။ တိုင်းသူပြည်သား လူအများနှင့်တကွ သတ္တလောကကြီး တခုလုံး၏ အကျိုးစီးပွားကို ဆောင်နေတော်မူကြသည့် ကျေးဇူးရှင် ဆရာတော်များ ဖြစ်ကြပေသည်။

ယခု ဤသီမ်တောင် သာသနာဝင်ကျမ်းလာ ဆရာတော် အရှင်မြတ်များအနက် ပထမသီမ်တောင်ဆရာတော်ဘုရားကား တတိယ အမျိုးအစား သံဃာတော် ဖြစ်ပါသည်။ ထိုဧတ် အချိန်အခါက အကျင့်ပဋိပတ်အရာဝယ် အလွန် ကျော်ကြားတော်မူသည်။ အရှင် မဟာကဿပ ရဟန္တာထေရ်မြတ်ကြီးကဲ့သို့ ဓူတင် (၁၃) ပါးကို ဆောင်ပြီး ရံခါရံခါ သစ်ခွက်ပြုတ်မျှဖြင့်ပင် ရောင့်ရဲတင်းတိမ်ကာ မနေမနား တရားကျင့်တော်မူသည့် ဆရာတော် ဖြစ်ပေသည်။ အိပ်ရာ ခုတင် ဟူ၍ ခန်ညားမှုမရှိ၊ တံစိုးငိုက် သင်္ကန်း ၃-ထည်ဖြင့် သင်္ဘားခခါင်းအုံး အုံးပြီး ရေသနုတ် သင်္ကန်းဟောင်း ကလေးကို ခင်းကာ ထိုင်နေတော် မူသည်။ ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် ကျေနပ်မှုရသောအခါ အနီးအဝေးမှ ကြွရောက်လာကြသည့် ထေရ်ကြီး၊ ထေရ်လတ် ထေရ်ငယ် အသွယ်သွယ်သော သံဃာတော်တွေကို ကမ္မဋ္ဌာန်းတရားပေးပြီး တရားအလှူ ချီးမြှောက်တော်မူသည်။

အနီးအဝေးမှ လာကြသည့် လူ ဒါယကာ-ဒါယိကာမ သီလရှင် ယောဂီတို့အား လည်း အပင်ပန်းခံပြီး တရားပေးခြင်း၊ တရားဆင်ခြင်း၊ တရားဟောခြင်းစသည်တို့ဖြင့် မအားမလပ်အောင် ချီးမြှောက်တော်မူသည်။ ထိုဧတ်က တရားထူးများ ရကြပြီး ဖလ သမာပတ်ဝင်စားနိုင်သည့် ပုဂ္ဂိုလ်အထိ ရှိသည်ဟု ကြားသိရပေသည်။

(အကျယ်ကို ပထမသိမ်တောင် ဆရာတော်ဘုရား၏ အတ္ထုပ္ပတ္တိကိုကြည့်ပါ)။

ထိုခေတ်က သိမ်တောင် ဆရာတော်ဘုရားအား မှီလိုက်သည့် ပဂ္ဂိုလ်များအား မေးမြန်းပါက ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူး ကြီးမားပုံ၊ မေတ္တာကရုဏာကြီးမားပုံး တပည့်ပရိသတ်အား စောင့်ရှောက်ပုံ အဖုံဖုံတို့ကို မနားတန်း မမောတန်း ပြောသံများကို ကြားရပေသည်။ ဤကျမ်းသာအချက်အလက်တို့သည် ထင်ရှားကျော်ကြားရာ ခေါင်းစဉ်မျှ အကျဉ်းသာ ဖြစ်ပါသည်။ အကျယ်ခဲ့ရေးပါက ပထမဆရာတော်၏ အတ္ထုပ္ပတ္တိသည်ပင် ဤကျမ်း စာအုပ်မျိုး ၂-အုပ် ၃-အုပ် ရှိသွားပါမည်။

ယခုလက်ရှိ သိမ်တောင်ဂိုဏ်းချုပ် ကလော ဆရာတော် ဘုရားသည်လည်း ပထမသိမ်တောင်ဆရာတော်ကြီးထံ ကျောင်းသားဘဝမှစ၍ ဝတ်ကြီးဝတ်ငယ်ပြုကာ နေထိုင်ခဲ့သူဖြစ်ပေသည်။ စာပေ ပရိယတ္တိရော အကျင့်ပဋိပတ်ပါ ပထမဆရာတော်ကြီးဘံမှ လက်ဆပ်ရရှိသူ ဖြစ်ပေသည်။ ပရိယတ္တိစာပေအရာမှာ ပို၍ကျော်ကြားတော်မူသည်၊ ဆရာတော်ဘုရား၏ တပည့် ငယ်လတ်ကြီး စာမေးပွဲအောင်သူ၊ မြောရိယ စာချဘန်းအောင်သူ၊ ရဟန်း သံဃာအများအပြား ရှိနေပေပြီ၊ မြို့နေလူသူအတွက်လည်း ယခင်က စာသင်ကျောင်းဖွင့်လှစ် တည်ထောင်ပေးခဲ့ဘူးသည်၊ ဆရာတော်ဘုရားနှင့် ပတ်သက်၍ ကျွန်ုပ်အကြည်ညိုဆုံးကား နှစ်ခြိမပြာဘ် အောက်ပါဘရားစာပေ ကမ္မဋ္ဌာန်းဘရားတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ နှလုံးသွင်း ပွားများနေခြင်းတို့ ဖြစ်ပေသည်။

ကကော ဆရာတော် ဘုရား၏
ကုသိုလ် အာဒိဏ္ဍကံ တော်ရွက်စဉ်

၁။ နှစ်ကျိပ်ရွှေဆူ စက်ပရိဘ်ဓတော်။ (လယ်ဘီ ဆရာတော်)
၂။ နမောဘဃ ဒသဌာန ဘုရားရှိခိုး။
၃။ ဘုရားဂုဏ်ဘော်ဖွင့်။
၄။ တရားဂုဏ်ဓာဘော်ဖွင့်။
၅။ သံဃဂုဏ်ဘော်ဖွင့်။
၆။ မေမဘက္က ပဘတ္တနသုတ်။
၇။ အနတ္တလက္ခဏသုတ်။
၈။ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်။
၉။ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ။
၁၀။ အဘိဏှသုတ်။

မန္တလေး ဘုံကျော် စာချဆရာဘော်
ဦးဃောသိတ

၁၁။ သတ္တသူရိယသုတ်။
၁၂။ ဆ ဆက္ကသုတ်။
၁၃။ ပဓာနသုတ်။
၁၄။ ဘိက္ခုပါတိမောက်။
၁၅။ မဟာသတိပဋ္ဌာနသုတ်။
၁၆။ ပရိတ်ကြီး (၁၁) သုတ်။

ဤကဲ့သို့သော သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ၃-ရပ်နှင့် ပြည့်စုံတော်မူသော ဆရာတော်များကို ဂုဏ်ရှိယ်၍ သုတ်ပါထိုက အဋ္ဌကထာ ၉၆-နှာဒ်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူသည်—

စုန္ဒရဟန်း၊ ဤကဲ့သို့ အနုက်အဓိပ္ပာယ် သဒ္ဒါပုဒ် ဗျည်းတို့ကို ကျကျနန သိစေတတ်သော ရဟန်းတော်တို့ကို ချီးကျူးထောမနာပြုကြလေ။ ဤသို့သော ရဟန်းသံဃာတော်သည်ကား သင်တို့အဖို့ ဘုရားတပည့် သာဝက သာမန်ပုဂ္ဂိုလ်မဟုတ်။ ဤပုဂ္ဂိုလ် မျိုးသည်ကား သင်တို့အဖို့ ဂါဘုရားကိုယ်စား ဘုရားပင် မည်တော့သည်—

ဟု မြတ်စွာဘုရားသခင်သည် ပရိယတ္တိ ကျမ်းကျင်၍ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသော ရဟန်းတော်ကို ကိုယ်တော်မြတ်အရာ၌ ထားတော်မူလေသည်။

ဤကဲ့သို့ ဘုရားကိုယ်စား ဘုရားအရာ၌ ထားခြင်းခံတော်မူထိုက်သော သံဃာတော်အရှင်မြတ်များကို ကိုးကွယ်ခြင်းကပ် လှူဒါန်းကြရသည့် ဒါယကာ-ဒါယိကာမများ အဖို့မှာလည်း အလွန်တရာမှ ဝမ်းမြောက်ဖွယ်၊ ကြည်နူးဖွယ် ကောင်းလှပေသည်။ ဤကဲ့သို့သော ဆရာတော်ဘုရားများ၏ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာအရှိန်အဝါများကြောင့်ပင် မြန်မာပြည်၌ အချို့တိုင်းပြည်များလောက် ဒုက္ခမရောက်။ ဘေးဆိုးအန္တရာယ်ဆိုးတို့မှ လွတ်ကင်းကြပေသည်။

နတ္ထိ စိတ္တေ ပသန္နမ္ပိ၊ အပ္ပကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္မုဒ္ဓေ၊ အထဝါ တသ္သ သာဝကေ။

ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားရှင်၌သော်၎င်း၊ ထိုဘုရားရှင်တို့၏တပည့် သာဝက ရဟန်းတော် အရှင်မြတ်တပါးပါး အပေါ်၌သော်၎င်း စိတ်ထား ကြည်လင်လတ်သော် နည်းသည့် အလှူဟူ၍ မရှိ၊ နည်းနည်းပင်လှူစေကာမူ အကျိုးတရားကား မယုံကြည်နိုင်လောက်အောင် ကြီးကျယ် ပြန့်ပြောလှပေသည်။

(ဝိမာန၊ ၆၆။ ဝိမာန၊ ၄၅။ ၁၀၆။)

ကျွန်ုပ်သည် တခါက ပဌမသိမ်တောင် ဆရာတော် ဘုရားကြီး၏ တရား အားထုတ်ပုံ အဓိဋ္ဌာန်မြောက်ပုံများကို ကြားနာမှတ်သား ခဲ့ရဘူးပါသည်။ ထိုအချိန်မှစ၍ သိမ်တောင်ဂိုဏ်း သံဃာအားလုံးကိုပါ ကြည်ညိုလေးစား၍ အထူးတလည် မေတ္တာပွားမိပါသည်။ "တနည်းနည်းဖြင့် သိမ်တောင် သာသနာဝင် စာအုပ် စာတမ်းပြုစုပြီး ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ရမှူ ကောင်းလေစ့" ဟု စိတ်ညွှတ်မိခဲ့ပါသည်။

ယခုအခါမှာကား ကျွန်ုပ်၏ စိတ်အလိုဆန္ဒများ ပြည့်ဝပေပြီတကား။ ကျွန်ုပ်ကဲ့သို့ပင် စာရှုသူများလည်း ဆရာတော် သံဃာတော်များအပေါ် ကြည်ညိုသဒ္ဓါတရား တိုးပွားနိုင်ကြပါစေသတည်း။ ဆရာတော်များ ကိုယ်စိတ် မပင်ပန်းရအောင် ဆွမ်းသင်္ကန်းစသည့် လှူဘွယ်တို့ဖြင့် ပူဇော်ချီးမြှောက် ဒါန ပါရမီ ကမ်းတဖက် ရောက်နိုင်ကြပါစေသတည်း။ ဆရာတော်များထံမှ ကောင်း မြတ်သည့် ကိုယ်မှု နှုတ်မှု အကျင့်ကောင်းတွေကို အတုယူပြီး ဓာတ်ကူးယူပြီး ကူးခံကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။ အားထုတ်နိုင်သည့် အားလျော်စွာ အရိယာသံဃာတော်များ မျက်မှောက်ပြု၍ ထိုးထွင်းသိဆား တော်မူသည့် မဘို မနာ မသေရာ အမတေခေတ် နိဗ္ဗာန်တရားမြတ်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ငြိမ်းတော်မူကြပါစေကုန်သတည်း။

မှတ်ချက်။ ။ဤ သိမ်တောင်သာသနာဝင်ကျမ်းလာ အချက်အလက် တို့မှာ ၉၉-ရာခိုင်နှုန်း မှန်ကန်တိကျပါသည်။ အကြောင်းမှာ ထိုထို အတ္ထုပ္ပတ္တိများသည် ဆိုင်ရာကျောင်းတိုက်မှ ဆိုင်ရာ ကာယကံရှင် ပုဂ္ဂိုလ်များ က်ယ်တိုင် ရေးသားပေးပို့သည့် အချက်အလက်များ ဖြစ်သောကြောင့် ဖြစ်ပါ သည်။အချို့ ချုတ်ယွင်းချက် အနည်းငယ်မှာမူ စာရေးသူ၏ အကျဉ်းချုံးရေးရာ၌ သတ်ချုတ်ယွင်းမှု ဖြစ်ပါလိမ့်မည်။ ၎င်းချုတ်ယွင်းချက် အနည်းငယ်အတွက် အပြစ်မှ ခွင့်လွှတ်ကြစေလိုပါသည်။

ဓ ဝ

ဥးကုမာရာဘဝသ

ဝဠုံသကာ သိရောမဏိ ဘိအေ

ဗန်းမော်ကျောင်းတိုက်

တက္ကသိုလ်စာတိုက်၊ မန္တလေး

(၉-၆-၇၉။)

အင်းမကြီး သိမ်တောင်သာသနာဝင်

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဝမ်းတွင်းမြို့ မဟာဒဇာတိကာရုမ သိမ်တောင်သာသနာဝင် ကျမ်းနှင့် ပထမ ဆရာတော်ဘုရား၏ သံဝေဂ ကမ္မဋ္ဌာန်း	၁
သိမ်တောင်အင်းမကြီး ဆရာတော်ဘုရား၏ ဥပဒေစာတမ်း	၅၇
ဒုတိယ နာယက ဆရာတော် ဦးကေသရ၏ ဆေရုပ္ပတ္တိ	၇၅
တတိယ နာယက ခင်လူး ဆရာတော် ဦးပဏ္ဍိတ၏ ထေရုပ္ပတ္တိ	၇၇
စတုတ္ထ နာယက ညောင်ရမ်းမြို့ မြို့တောင်ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စ၏ ဆေရုပ္ပတ္တိ	၇၈
ပဉ္စမ မဟာနာယက ကလော သိမ်တောင် ဆရာတော် ဦးအာဒိစ္စ၏ ဆေရုပ္ပတ္တိ	၈၀
ကလော သိမ်တောင်ကျောင်းဆရာတော်၏ သီဟိုဠ်နှင့် အိန္ဒိယ သွားမှတ်ဘမ်း	၉၄
ဓမ္မစက္ကပဝတ္တနသုတ်	၁၅၉
ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ သိမ်တောင် ကျောင်း တိုက်၏ အတ္ထုပ္ပတ္တိသာသနာဝင်သမိုင်း အကျဉ်းချုပ်	၁၉၇
မိတ္ထီလာခရိုင် တောမကျေးရွာ အရှေဘက် သိမ်တောင်ကျောင်း ဆရာတော် ဦးပညာသီရိ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်	၂၀၀
မိတ္ထီလာခရိုင် ညောင်ပင်သာရွာ ဓမ္မာရုံကျောင်း ဆရာတော် ဦးပဏ္ဍဝ၏ အတ္ထုပ္ပတ္တိ	၂၀၂
ဘဒ္ဒန္တ ပဏ္ဍဝ၏ သာသနာ့ဟိတဓရ သခ်ေပကထာ	၂၁၃
မိတ္ထီလာ အသောကာရုံ ရေလည်စာသင်တိုက် ဆရာတော် ဦးလာဘာဝတ၏ သာသနာဝင်စာတမ်း	၂၁၈
မိတ္ထီလာမြို့ ဖ-ဆ-ပ-လ ကွက်သစ်ကျောင်း ဆရာတော် ဦးသောဘဏ ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်	၂၂၃

အကြောင်းအရာ စာမျက်နှာ

ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ရွာဦးကျောင်းနှင့် ဦးစိတ္တရဉာဏိကထေရ်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် ၂၂၅

ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ဆပ်ပြာကျင်းကျောင်း ဘဒ္ဒန္တ ဦးမြိုက်၏ ထေရုပ္ပတ္တိကထာ ၂၂၈

ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ဆရာတော် ဦးစန္ဒိမာ၏ ထေရုပ္ပတ္တိကထာ ၂၃၁

ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ကံသာကျောင်း၏ အကြောင်းအရာအတ္ထုပ္ပတ္တိ အကျဉ်းချုပ် ၂၃၃

ဝမ်းတွင်းမြို့ သိင်္ဂုတ္တရမြို့ ရွှေကျောင်း ဆရာတော် အရှင် ပညာလင်္ကာရ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ် ၂၃၄

သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်ပုံနှင့် မိတ္ထိလာ သဲတော ဝေဟာရ ၂၃၆

သဲတောမြို့ အရှင်မဟိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း ၂၀၄

သဲတောမြို့ ရိုးရှားကျောင်း အရှင် ကေသရ၏ အတ္ထုပ္ပတ္တိကထာ အကျဉ်းချုပ် ၂၀၆

ဝမ်းတွင်းမြို့ ဆုံကုန်းသစ္စဝါဒီကျောင်းတိုက် ဆရာတော် ၂၉၀

ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်းရွာ ညောင်ပင်လှတိုက်ကျောင်း ဘုန်းကြီး ဦးကုဏ္ဍလ၏ အတ္ထုပ္ပတ္တိ ၂၉၁

ရှုန်းကုန်းမြို့ ကောင်မင်္ဂလာတိုက်သစ် ဘဒ္ဒန္တဝါယမိန္ဒာစာရ၏ ထေရုပ္ပတ္တိ ၂၉၄

မန္တလေးမြို့ ညောင်းရုံးပါဠိဘာသာသိုလ်ငါးဘုံး ဝေဒဂျကျောင်း အရှင်ဉာဏာဘိဝံသ (သ-စ-ဘ-မဟာစရိယ) ဟောကြားခဲ့သော အတ္ထုပ္ပတ္တိ ၂၉၇

မန္တလေးမြို့ ဟားမိုကားရုံတိုက် ရွှေဒင်္ဂါးကျောင်း ဘဒ္ဒန္တ ဂုဏာလင်္ကာရ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ် ၃၀၃

မိတ္ထီလာမြို့ ဂွေးတောက်ကုန်းကျောင်း ဦးသေဝပါကာ ဟောကြားခဲ့သော ထေရုပ္ပတ္တိအကျဉ်း ၃၀၈

မိတ္ထီလာမြို့နယ် ရွာသာရွာ ထန်းတပင်ကျောင်းဆရာတော်နှင့် ထန်းတပင်ကျောင်း၏ သာသနာ့ဝံသ သမိုင်းအကျဉ်းချုပ် ၃၃၀

မိတ္ထီလာမြို့နယ် အနောက်လက် ဆင်စွယ်လည်ကျောင်း ဆရာတော် ဦးဇင္ဇလေ အရှင်သူမြတ်၏ သာသနာဝံသကထာ ၃၃၁

အကြောင်းအရာ	စာမျက်နှာ
မိတ္ထီလာမြို့နယ် လက်ပန်ခါးတော့ မင်းကျောင်း သာသနာဝင်	၃၃၃
ညောင်ရမ်းမြို့ မြို့ထောင့်ကျောင်းဆရာဘော်၏ ထေရုပ္ပတ္တိနှင့် မြို့ထောင့်ကျောင်း၏ သာသနာဝံသ သမိုင်း	၃၃၆
ညောင်ရမ်းမြို့အုန်းပင်တောကျောင်း ဆရာဘော်၏ ထေရုပ္ပတ္တိ နှင့် အုန်းပင်တောကျောင်း၏ သာသနာ့ဝံသ သမိုင်းအကျဉ်း	၃၃၆
ညောင်ရမ်းမြို့ ရွှေဆံတော်ကျောင်းဆရာတော် ဦးအဂ္ဂဝံသ၏ ထေရုပ္ပတ္တိ အကျဉ်းနှင့် ရွှေဆံတော်ကျောင်း၏ သာသနာဝံသ သမိုင်း	၃၃၉
ပျော်ဘွယ်မြို့နယ် မြောက်ညောင်ကုန်းတိုက်ကျောင်းဆရာတော် ဦးပဏ္ဍဝ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် မြောက်ညောင်ကုန်း တိုက်ကျောင်း၏ သာသနာဝံသ သမိုင်း	၃၄၀
မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်းဆရာတော် ဦးပဏ္ဍဝ၏ ထေရုပ္ပတ္တိ အကျဉ်း	၃၄၂
မြစ်သားမြို့နယ် နွားကူးငယ်း အရှေ့ကျောင်းဆရာတော် ဦးကုသလ၏ ထေရုပ္ပတ္တိကထာ	၃၄၆
မြစ်သားမြို့ အရှေ့ဘက် ဂု-မိုင်ကွာ ပလွင်ဂူဆရာတော် ဦးဉာဏ၏ထေရုပ္ပတ္တိကထာ	၃၄၇
မြစ်သားမြို့နယ် ညောင်ကြစ်ကျေးရွာ မေတ္တာ ရေစဉ်ကျောင်း ဆရာတော် ဦးဝါယမ၏ ထေရုပ္ပတ္တိကထာ	၃၅၀
မြစ်သားမြို့ သိမ်တောင်ဂိုဏ်း အမှုဆောင်ဆရာတော် ဦးတေဇဓမ္မ....	၃၅၃
မြစ်သားမြို့ အုတ်ကျောင်းဆရာတော် ဦးဝါယမိန္ဒ၏ထေရုပ္ပတ္တိ	၃၅၇
မြစ်သားမြို့ အုတ်ကျောင်း ဦးဇောတရ၏ အတ္ထုပ္ပတ္တိ	၃၅၈
ကလေးမြို့ ဗောဓိကုန်းကျောင်းဆရာတော် ဦးဥတ္တရ၏ ထေရုပ္ပတ္တိနှင့် ကျောင်းတိုက်၏ ရာဇဝင်အကျဉ်းချုပ်	၃၅၉
ကလေးမြို့ ရွှေဘောင်ကြား ကျောင်းဆရာတော် အရှင်ယုဇန၏ အတ္ထုပ္ပတ္တိ	၃၆၁
ကလေးမြို့ မဟာဇောတိကာရုံကျောင်းဆရာတော်နှင့် ကျောင်းအတ္ထုပ္ပတ္တိ အကျဉ်းစာ	၃၆၄
တောင်ကြီးမြို့ သိမ်ဇတောင်ဆရာတော် အရှင်ဆန္ဒာဓိက၏ အတ္ထုပ္ပတ္တိနှင့် သိမ်တောင်သာသနာဝင်စာတမ်း	၃၆၆

အခြောင်းအရာ စာမျက်နှာ

တောင်ကြီးမြို့ မဟာမြတ်မုနိ ဘုရားကြီးအတွင်းကျောင်း
ဆရာတော်ဦးသဒ္ဓမ္မ၏ အတ္ထုပ္ပတ္တိ ၃၇၄
တောင်ကြီးမြို့ မဟာဓမ္မိကာရုံကျောင်းဆရာတော် အရှင်
ဣန္ဒာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း ၃၇၆
ရွှေညောင်မြို့ အောင်သပြေ စွယ်တော်ကျောင်းဆရာတော်နှင့်
ကျောင်းအတ္ထုပ္ပတ္တိအကျဉ်းစာ ၃၇၇
အောင်ပန်းမြို့ မိုးကောင်းကျောင်းဆရာတော် ဘဒ္ဒန္တပညာဝရ၏
ထေရုပ္ပတ္တိ ၃၇၉
အောင်ပန်းမြို့ မခိုတောင်ဆရာတော် အရှင်နိမ္မလ၏
ထေရုပ္ပတ္တိအကျဉ်း ၃၈၅
ပေးလှမြို့ မီးလောင်ကျောင်းဆရာတော် ဦးကေလာသ၏
ထေရုပ္ပတ္တိအကျဉ်းချုပ် ၃၈၉
ပင်းတယမြို့ ရွှေဘုံသာရိပ်သာ ဆရာတော် အရှင်သုမန၏
ထေရုပ္ပတ္တိအကျဉ်း ၃၉၁

မာတိကာ ပြီး၏။

ပိဋကတ်သုံးပုံရှင် ဝမ်းတွင်းမြို့
မဟာဇောတိကာရာမ သိမ်တောင်တောရ
သာသနာဝင်သမိုင်း

အခန်း (၁)

အင်းမကြီး သိမ်တောင် နှစ်မည်ဆောင်

ဝမ်းတွင်းမြို့ မဟာဇောတိကာရာမ သိမ်တောင်တောရ ပဌမဆရာတော် ဘုရားကြီးသည် ညောင်ရမ်းမြို့ဈေးရွာ အဘကုန်သည် ဆေးဆရာကြီး ဦးဖဲ၊အမိ ဒေါ်အိမ်သာတို့မှ (၁၂၃၇) ခုနှစ်၊ တန်ခူး လပြည့်ကျော်(၇)ရက်၊ အင်္ဂါနေ့၌ မိုးရွာသန်စင် ဖွားမြင်ခဲ့သော သားရတနာဖြစ်ပါသည်။ ဖအောင်မြင်ပြည့်ဖြိုးသော ရုပ်လက္ခဏာရှိခြင်းတို့ကြောင့် ထိုသူငယ်ကို (မောင်အောင်ဖြိုး)ဟု ခေါ်ဝေါ်သမုတ်ကြပါသည်။

မောင်အောင်ဖြိုး(၁၀)နှစ်သားအရွယ်၌ ဇာတိဖြစ်သော ညောင်ရမ်းမြို့ဈေးရွာ၏ မြောက်ဖက် မန္တလေးကျောင်း၌ ဦးရိုးတော်ဖြစ်သော ဦးမဓောဏ်အထံတော်သို့ ပညာသင်ရန် အပ်နှံခဲ့ပါသည်။ အသက် (၁၄) နှစ်အရွယ်သို့ ရောက်သောအခါ ထိုဆရာတော် ဦးမဓောဏ်၏ အထံတော်၌ပင် အရှင်သာမဏေဖြစ်၍ ဘွဲ့အမည်မှာ(ရှင်ဇောတိက)ဟူ၍ဖြစ်ပါသည်။အသက်(၂၀)ပြည့်သော (၁၂၅၇) ခုနှစ်၌ ညောင်ရမ်းမြို့ သက်တော် (၉၃)နှစ်ရှိ ချမ်းသာကြီးဆရာတော်ကို ဥပဇ္ဈာယ်ပြုတော်မူ၍ ဆရာတော် ဦးမဓောအထံ၌ပင် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။ ဘွဲ့အမည်မှာ သာမဏေဘွဲ့အမည်အတိုင်း(ဦးဇောတိက)ဟူ၍ ပင် ဖြစ်ပါသည်။

ဦးဇောတိကသည် မန္တလေးကျောင်းဆရာတော် ဦးမဓောအထံတော်၌ (၁၅) ရက်မျှသာ သီတင်းသုံးနေထိုင်၍ ဆရာတော် ဦးမဓော်အထံတော်မှာ ပညာကိုသာ သင်ယူ၍ အနေမှာမူ ဒုလ္လဘထူထပ်ရုပ်ထွေးသော ညောင်အုပ်ခေါ်သော တောကြီးအတွင်း၌ ကေဖာရီ သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။ ညောင်အုပ်ခေါ်သော တောကြီးအတွင်း၌ အားလပ်နားနေချိန် မထားပဲစာ

အံခြင်း၊ စာကြည့်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းတို့ဖြင့် တဝါပတ်လုံး သီတင်းသုံးနေထိုင်တော်မူရာ တွေ့ရှိသူများက ညောင်အုပ်တောအတွင်း သီတင်းသုံးသောအရှင်သည် အားလပ်နားနေချိန်မထား ရဟန်းတရားကို အလွန်လျင် အားထုတ်စွတကား ဟု ပြောကြားသည်ကို ကြားနာသူတဦးက (နားနေချိန်မထား) ဆိုသည်ကို မယုံကြည်သဖြင့် အလောင်းအစားပြု၍ ချောင်းကြည့်ရာ မယုံကြည်သူရှုံး၍ ပန်းပေးခဲ့ရလေသည်။

ဆရာတော် ဦးမဓာ အထံတော်၌ ဝိနည်း မာတိကာများကို သင်ယူလျက် ညောင်အုပ်တောအတွင်း၌ တဝါသီတင်းသုံးတော်မူပြီးသော် ဆရာတော် ဦးမဓာအဆံခွင့်ပန်၍ (၁၂၅၇)ခုနှစ်၌ မန္တလေးမြို့ တောင်ပြင်မိုးထားတိုက် ကျိုက်မင်းကျောင်း သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် မိုးထားဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ ညောင်ကန်ဆရာတော်၊ ဆရာတော် ဦးရန်ကုန်စသော ပဋိဂကတ္တယပါရဂူ ဖြစ်တော်မူကြသော ဆရာတော်ကြီးများအဆံ၌ (၅) နှစ်မျှ ပဋိဂကစာပေများကို ရွာဖွေဆည်းပူးသင်ကြားတော်မူခဲ့ပါသည်။

ပဋိဂကအကျော် ထိုဆရာတော်ကြီးများ၏ အထံတော်၌ ပဋိဂကစာပေများကို(၅) နှစ်မျှ ဆည်းပူးသင်ကြားပြီးသော် မန္တလေးမြို့မှ ထွက်ခွာတော်မူခဲ့၍ ခမည်းတော်ဆရာကြီး ဦးဖဲ၏ တောဲင်းပန်လျှောက်ထားချက်အရဖခင်အား ချီးမြှောက်တော်မူသောအားဖြင့် ညောင်ရမ်းမြို့ အရှေတောင်ဖက် လဟာကံတောရကျောင်း၌ ခြောက်ဝါမြောက် အနေဖြင့် တဝါ တရားကျင့်သုံးတော်မူလေသည်။ ဗို့နောက် မင်္ဂိုလ်နိဗ္ဗာန်ရရေးအတွက် အပူတပြင်း အားထုတ်လိုရကား အဖော်မမှီး တပါးတည်း ကေစာဖြင့် (၁၂၆၃) ခုနှစ်၌ တောထွက်တော်မူ၍ (ပြက္ခရွေတောင်ပေါ်၌) ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်တော်မူခဲ့ပါသည်။

ပြက္ခရွေတော်ဝင်ဟူသည်မှာ—ကူမဲမြို့၏ အရှေတောင်ဖက်၊သဲတောမြို့၏ အရှေမြောက်ဖက်မှာ တည်ရှိသည်။အနော်ရထာမင်းလက်ထက်မှစ၍ အေးချမ်းသော နေရာအဖြစ် ထင်ရှားသည်။ ကျောင်းကန်ဘုရားစေတီတို့ဖြင့် စည်ကားသည် အနော်ရထာမင်းတည်ထားခဲ့သော ဘုရားစေတီတဆူ ယခုအထိ ၎င်းတောင်ထိပ်တွင် ရှိသည်။ တောင်၏အနောက်ဘက်မှာကား ဆန်ရောစပ်ပေါ်ပေါများသော ကျောက်ဆည်စသည့် လယ်တွင်း ကိုးခရိုင် ရှိသည်။

ထိုပြက္ခရွေတောင်ပေါ်၌ သီတင်းသုံး၍ မကြာမြင့်မီ(၁၂၆၃)ခုနှစ်၌ ပင်ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ မျက်စိဖောက်ကုလက်ဦးဆရာကြီး ဆရာချိုနှင့် ကလောဆရာတော် (ဦးအာဒိစ္စ)၏ ခမည်းတော် ဦးသိန်း၊ ဝမ်းတွင်းမြို့အမိန့်တော်မရ ဦးဘိုးလှ၊ အင်စပိတ်တော် ဦးစံတိုင်၊ ဘုရားစုရွာသူကြီး ဦးဘိုးရာစသော ဒါယကာများက ပင့်ဆောင်ကြသဖြင့် ဘုရားစုရွာ၏ အနောက်မြောက်

ထောင့် မျက်နှာ တကောသ ဝေးကွာသော တောအတွင်း၌ သီတင်းသုံးနေ ထိုင်တော်မူခဲ့သည်။ ကလောဆရာတော် ဦးအာဒိစ္စ၏ ခမည်းတော် ဦးသိန်း သည် ကျောင်း ဆောက်လုပ် လှူဒါန်းခွင့်ပြုပါရန် လျှောက်ထား တောင်းပန် သဖြင့် ခွင့်ပြုတော်မူ၍ ကျောင်း ဆောက်လုပ်လှူဒါန်းရန် သင့်မြတ်သော နေရာကို ရွေးချယ်ရှာဖွေကြသော် (အင်းနှင့် မန်ကျည်း) ပင်များ ရှိ၍ မွေ လျော်ဖွယ်ကောင်းသော နေရာဌာနကို တွေ့ကြသဖြင့် ထိုဒေရာဌာနဌ၌ ကျောင်း ဆောက်လုပ်လှူဒါန်းလေရာ များစွာသော ဒါယကာတို့သည်လည်း ကမ္မဋ္ဌာန်း ကျောင်း၊ စာကြဲကျောင်း၊ ဥမင် လိုဏ်ဂူ စသည်တို့ကို အသီးသီး တူးဖောက် ဆောက်လုပ်လှူဒါန်းကြသဖြင့် ခြုံပိတ်ပေါင်းတို့ဖြင့် ထူထပ်ရှုပ်ထွေး၍ ကြောက် မက်ဖွယ် ကောင်းသော တောကြိုးသည် ထို (၁၂၄၃)ခုနှစ်၌ပင် မွေလျော် ဖွယ် ကောင်းသော ကျောင်းတိုက်ကြီး တခု ဖြစ်လာခဲ့ပါသည်။ အင်းနှင့် မန်ကျည်းပင်များကို အစဲပြု၍ ထိုကျောင်းတိုက်ကို (အင်း မန်ကျည်း)ကျောင်း တိုက်ဟု ဗျုပ္ပတ်အလိုက် ခေါ်ဝေါ်သမုတ်ကြသည်။ ယခုအခါ၌ နှုတ်အခေါ် သို့ လိုက်၍ အရေး အသားကိုလည်း (အင်းမကြီး) ဟူ၍ပင် ရေးသားကြ ပါသည်။

ဆရာတော်ပြုသော် "သံဝဂ ကမ္မဋ္ဌာန်းကျမ်း" နိဂုံး၌လည်း ၎င်း ကျောင်းတိုက်ကို "မဟာဃောမ္ဘာရာမေ၊ မဟာသောမ္ဘတောကျောင်း၌။ ဝါ။ ရှာနှင့် မဝေးမနီး အင်းမကြီးကျောင်းဟိုက်၌"၌ ဟူ၍ ရေးသားတော်မူခဲ့ပေ သည်။ "မဟာ=ကြီးဃော၊ သောမ္ဘ=အင်း၊ ကြီးသောအင်း=အင်းမကြီး" ထို(အင်းမကြီးတောရ)ကျောင်းတိုက်၌ (၆)ဝါအလွန် (၇)ဝါရမှစ၍ (၁၃) ဝါအထိ (၇) နှစ်တိုင်တိုင် နေထိုင် သီတင်းသုံး၍ (၁၃) ရပ်သော ဓုတင်တို့ နှင့် တကွ ကမ္မဋ္ဌာန်းတရား ပွဲများအား ထုတ်တော်မူရာ လွန်စွာမှ ထင်ရှား ကျော်ကြားတော်မူခဲ့ပါသည်။

ထိုသို့ ထင်ရှား ကျော်ကြားတော်မူသဖြင့် ဝမ်းတွင်းမြို့နယ် ညောင်ပင် ရှာမှ ပိဋ္ဌကတ္ထယ ပါရဂူ ကျမ်းဂန်တတ်တဆူ လူပုဂ္ဂိုလ် ဖြစ်သော ဆရာကြီး (ဦးမှင်ခဲ) အမှူးရှိသော ဒါယကာ ဒါယိကာမများ၏ သုံးကြိမ်တိုင်အောင် သော ပင့်လျှောက် တောင်းပန်ချက်ဖြင့် (၁၂၆၉) ခုနှစ်၌ ဝမ်းတွင်းမြို့၏ အနောက်တောင်ဘက် အထောင့်မျက်နှာ၌ (၅) ဖာလုံခန့်အကွာ ခင်တန်း ရှိမြောင်တို့ဖြင့် တန်ဆာဆင်အပ်သော တောင်တန်းပေါ်သို့ ကြွရောက်သီတင်း သုံး၍ ပဓာနဖြစ်သော ကမ္မဋ္ဌာန်း အလုပ်ကိုပင်(၁၃)ရပ်သော ဓုတင်တို့ဖြင့် တန်ဆာဆင်လျက် အစဉ်ကြိုးကုတ် အားထုတ်တော်မူခဲ့ပါသည်။

ဆရာကြီးဦးမှင်ခဲ အမှူးရှိသော ဒါယကာဒါယိကာမများ၏ပင့်လျှောက် တောင်းပန်ချက်ဖြင့် ထိုတော်တန်းပေါ်သို့ ဆရာတော်ကြီးကြွရောက်သီတင်း


သုံးတောင်မူသည့် နောက်တနေ့ ဖြစ်သော (၁၂၆၉) ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့၌ မြို့အုပ်မင်း ဦးဆိုင်သည် လက်အောက်ခံ သူကြီးများနှင့် တိုင်ပင် ညီညွတ်၍ ကျောင်းပေါင်း (၆၀)၊ ရေကန်ပေါင်း (၆၀) တို့ကို တူးဖော် ဆည်ဖို့ ဆောက်လုပ်လှူဒါန်းလိုက်ကြရာ သိုက်မြိုက်မွေ့လျော်ဖွယ် ကောင်းသော ကျောင်းတိုက်ကြီးတခု ဖြစ်လာခဲ့ပါသည်။ ထို တောင်တန်းပေါ်၌ ရှေး သူတော်ကောင်းများ သမုတ် တည်ထားခဲ့သော သိမ်ဟောင်းတော်ရှိသဖြင့် ထိုသိမ်နှင့် တောင်ကို အစွဲပြု၍ ထိုကျောင်းတိုက်ကြီးကို (သိမ်တောင်ကျောင်း) တိုက်ဟု ဗျုပ္ပတ်အလိုက် ခေါ်ဝေါ်သမုတ်တော်မူခဲ့ကြပါသည်။

ဆရာတော်ကြီး ပဌမ တည်ထောင်တော်မူအပ်သော (အင်းမကြီး)နှင့် တွဲဖက်၍ အင်းမကြီး သိမ်တောင်ဟု)လည်း ခေါ်တွင်ကြသည်။ ယခုအခါ အင်းမကြီးကျောင်းတိုက်လည်း ယခုတိုင် မပျက်မစီး တသီးတခြား ထင်ရှား စွာ တည်ဆဲဖြစ်သဖြင့် တွဲဖက်၍ မသုံးတော့ဘဲ သူ့အမည်နှင့်သူ အင်းမကြီး တောရကျောင်းတိုက် မဟာဇောတိကာရုမ သိမ်တောင်တောရ ကျောင်း တိုက်ဟု ခွဲခြား၍ ခေါ်ဝေါ်သုံးစွဲကြပါသည်။

အခန်း (၂)

ပဌမ ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်တော်

ဝမ်းတွင်းမြို့ မဟာဇောတိကာရာမ ပဌမ အင်းမသိမ်တော်ဝင် တောရဆရာတော် ဘုရားကြီးသည် ပစ္စုပ္ပန်ကျိုးကို လွန်၍ တမလွန်ကျိုးကို မြင်စွမ်း နိုင်သောဉာဏ်၊ အားထုတ်လျှင် ရမည်ဟူသော ယုံကြည်ချက်သန္ဓါ၊ စကားပီနားကြားဖြစ်စေသည့် ကာလမှစ၍ အကျိုးမဲ့ကို မပြုနိုင်လောက်အောင်ထင်သောသတိ၊ ယနေ့ပင် အပြီးသို့ ရောက်ခဲ့သကဲ့သို့ ဆုတ်ဆိုင်းတွန့်တို့ ကြောက်ရွံ့ခြင်းမရှိသော ဝီရိယ၊ ပြင်ပအန္တရာယ်၊ ကိုယ်တွင်းအန္တရာယ်တို့ကြောင့် ဖောက်ပြန် ပြောင်းလဲခြင်းမရှိသော သမာဓိ၊ ထိုဗိုလ်ငါးပါးတည်းဟူသောသတ္တိရုပ်၊ ထိုဗိုလ်ငါးပါးတို့၏ တည်ရာ၊ ကိုယ်အင်္ဂါတော်၏ ပြည့်စုံခြင်း၊ စာသင်ခြင်း၊ စာချခြင်း၊ တရားဟောခြင်း၊ တရားအားထုတ်ခြင်း၊ တရားပေးခြင်း၊ တရား



ဝမ်းတွင်းမြို့ သိမ်ဆောင်တောရကျောင်းတိုက် အနန္တလောကရန်ပြဘုရားကြီး

ယောဂီများကို စောင့်ရှောက်ခြင်း၊ ပစ္စယအာမိသတို့ဖြင့် ချီးမြှောက်ခြင်း တို့ဌ ပင်ပန်းသည်၊ မေ့လျော့သည်၊ နောက်ဆုတ်သည်၊ ပုဂ္ဂိုလ်ရှေးသည်ဟူ၍ ခြင်းရာ မထင်အောင် ဟုန်းဟုန်းကြွလျက် ရှိခြင်းတည်းဟူသော ဗျတ္တိရုပ်နှင့်ပြည့်စုံတော်မူ၏။

ထို့ကြောင့် သက်တော် (၂၅–၃၀) အရွယ်တော်နုနု အငယ်ကပင် မြန်မာပြည်၌ ထင်ရှားကျော်ကြားတော်မူခဲ့ပါသည်။ ယခုခေတ် ဖြစ်ပါငြား အံ့။ကမ္ဘာကျော်ကြားမည်မှာ အမှန်ပင်။ ထိုစဉ်က ဆရာတော် အလိုရှိပါမူကား ရွှေကျောင်း၊ ပိုး ဖဲ ကတ္တီပါသက်နှံး၊ ငဏီတဘတ်၊ ပဏီတဆေးတွဲချည်း သုံးဆောင်နိုင်လောက်အောင် မင်းသူငြှး ဓနရှင်တွဲချည်း ဝန်းရံခစားလုပ်ကျွေး လျက်ရှိခဲ့ပါသည်။ ရတနာတို့၏ စုပုံရာဖြစ်ခဲ့ပါသည်။ သို့ဖြစ်ခဲ့သော်လည်း ထိုအရာများကို ဆရာတော်ဖြစ်မှ အသိဖြင့် စင်ကြယ်အောင် တမင်ရှောင်ကြဉ် ရသည်မဟုတ်ပါ။ ဝါသနာဗီဇ ပါရမီသမ္ဘာရဖြင့် ကလေးအရွယ် အငယ်ကပင် ရှောင်ကြဉ်ပယ်စွန့်နိုင်ခဲ့ပြီးဖြစ်သဖြင့် ထိုအရာများကို အာဂုံမထား ဂမ္ဘီရဉာန်း တရားကိုသာ ကိုယ်တိုင်လည်းအား‌ထုတ်၊ သူတပါးကိုလည်း နည်းညွှန်လမ်းပြ သဖြင့်ဒေါ်၍ မြန်မာပြည်၌ ပဌမဆုံးလောက် နီးနီး ပဋိပတ္တိ သာသနာတော် ကြီးကို စည်ပင်ထွန်းကား ဖြန့်ပွားစေတော်မူခဲ့ပါသည်။

မြန်မာဘုရင်လက်ထက် ပဌမပြုန်အောင်သော ပရိယတ္တိစာပေကျမ်းကျင် လိမ္မာသော နေပျဉ်းရှိသမျှ ဦးရေချမ်း၊ သြဇာတိက္ကမရှိ၍ သိက္ခာကာမဂုဏ်နှင့် ပြည့်စုံသော သုံးတိုင်အိုင်မှ ဦးဂန္ဓမာ၊ ကျင်းရွာမှ ဦးဇဝနစသော ဆရာတော် ကြီးများပင် အင်းမကြီးဆရာတော်လေးထံ နည်းမံယူ၍ ပဋိပတ္တိအား‌ထုတ်ကြ လေသည်။ ၎င်းဆရာတော်ကြီး များး ကျန်ရစ်သက်လောက်အောင် တရား ပြသပေးနိုင်တော်မူပါပေသည်။

ဆရာတော်သည် ဓုတင်(၁၃)ပါးလုံးကို ဆောင်၍ စားဝတ်နေရေးကို ရိုးရှိုးစွဲစွဲ ကျင့်ကြံတော်မူပါပေသည်။ ဖူးမြင်သောရသူတိုင်း ဘုရားလက်ထက်က အရှင်မဟာကဿပ ရဟန္တာမထေရ်ကြီးကို ဖူးမြင်ရသလို အကြည်ညိုသဒ္ဓါ တရား ဝိုးပွားစေနိုင်ပါပေသည်။

အစားနှင့်ပတ်သက်၍ ထူမ်းခံကြွစဉ် ယာခင်း စည်းရိုးများ၌ တွေ့ရသော ကိုလုံခါးသီးများကို ကပ်စေ၍ ၎င်းတို့ကိုပင်စား၍ မျှတတော်မူခဲ့လေသည်။ တခါက ပိုးမဲ့ဘဝင်မှ အရွက်များကို နွားများစားနေသည်ကိုမြင်၍ ၎င်းအရွက် များကို ကပ်ခိုင်းပြီး ၎င်းအရွက်များစားပြီး တရားကျင့်ခဲ့လေသည်။ သို့သော် ၎င်းအရွက်များစားသဖြင့် အထက်လှန်အောက်ရွာ ဝမ်းဧရာဂါဖြစ်ခဲ့ဘူးလေ သည်။

တနေ့တွင် ဆရာတော်သည် ယခင်က သီတင်းသုံးခဲ့သော သိမ်တောင်ကျောင်းသို့ကြွလာ၍ သိမ်တောင်ဂိုဏ်း ပဉ္စမမြောက် နာယကဆရာတော်ဖြစ်လာမည့် ကျောင်းသားအား ကျောင်း၏အရှေ့ဖက်ရှိ ရေကန်မှ ဟင်းညှဉ်များကို ကပ်ို့စေသည်။ ၎င်းဟင်းညှဉ်များကို သက်ိန်းဖြင့်ထုပ်၍ အင်းမကြီးတောရသို့ပြန်ကြွတော်မူသည်။ ထို့နောက် ဟင်းညှဉ်များကို ဘုဉ်းပေး၍ ဆွမ်းခံမကြွတော့ဘဲ ပဋ္ဌိပတ္တိလုပ်ငန်းကိုသာ ကြိုးစားအားထုတ်တော်မူသည်။

ထို့ပြင် ထန်းလျက်နှင့် နှမ်းဖတ်ဆုပ်ထားသော နှမ်းဖတ်ဆုပ်များကိုဘုဉ်းပေး၍လည်း တရားကျင့်တော်မူသည်။ ဆွမ်းကွမ်းကြောင့် တကာတကာမများဒုက္ခရောက်မည်ကို များစွာစိုးရိမ်တော်မူသည်။ ဤအဖြစ်အပျက်များမှာ ပဉ္စမဆရာတော် ဦးအာဒိစ္စကိုယ်တော်တိုင် တွေ့မြင်ရသော အဖြစ်ပျက်များသာဖြစ်၍ မတွေ့မမြင်လိုက်ရသော အံ့ဘွယ်အဖြစ်အပျက်များလည်း ရှိပေသည်။ ဤကဲ့သို့ အစားဆင်းရဲခြင်းခံရသောကြောင့် ဒုက္ခခံစားရသဖြင့် [တပည့်များအား ဆွမ်းခဲဘွယ်ဘောဇဉ် မျှတစွာ ဘုဉ်းပေးရန် သတိပေးဆုံးမတော်မူလေ့ရှိသည်။

ဆရာတော်ကြီးသည် အကြောက်အလန့်မရှိသလောက် နဲပါးသဖြင့် မိမိကိုယ်ကို မိမိ ယုံကြည်သူဖြစ်သည်။ တခါတွင် ဆိုးသွမ်းသောဒုဋ္ဌားရိုင်းအုပ်တအုပ်လာရာ ဆရာတော်သည် လမ်းအလယ်တွင် အကြောက် အလန့်မရှိ ရပ်နေတော်မူသည်။ ၎င်းဒုဋ္ဌားရိုင်းအုပ်သည် ရှာသူရှာသားများပင်လျှင် များစွာကြောက်ရွံ့သောဒုဋ္ဌားအုပ်တအုပ်ဖြစ်ရာ ရှာသူရှာသားများသည် ဆရာတော်အတွက် များစွာပင် စိုးရိမ်နေကြလေသည်။ သို့ရာတွင် ဒုဋ္ဌားရိုင်းတို့သည် ဘေးတို့ဖယ်၍သွားကြသည်။ ဆရာတော်မှာမူ ဣန္ဒြေမပျက်ဘဲ၊ ရှာသူရှာသားတို့စိတ်၌ များစွာအံ့သြခြင်း ဖြစ်ကြလေသည်။

တခါတွင်လည်း အင်းမကြီးတောအုပ်နောက်ဖက် မနီးမဝေးရှိ ရိုးဖက်သို့ သိမ်တော်ဆရာတော် ဦးဥက္ကံသနှင့်အတူ လမ်းလျှောက်ရာ အင်းမကြီးဆရာတော်၏ရှေ့တွင် မြေငန်းကြီးရှိနေသည်ကိုတွေ့ရသဖြင့် သိမ်တော်ဆရာတော်ကို ခေါ်တော်မူရာ သိမ်တော်ဆရာတော်သည် များစွာ ထိတ်လန့်တော်မူသည်။

ထို့အတူ ခွေးရူးများနှင့် တွေ့သောအခါတွင်လည်း ကြောက်လန့်ခြင်းကင်း၏။ သုသာန်ဓုတင်ဆောင်သောအခါတွင်လည်းကြောက်လန့်ခြင်းကင်းမဲ့၏။ သုသာန်တွင် အခြောက်အလှန့်များနှင့် တွေ့သောအခါတွင်၎င်း၊ နာနာဘာဝတို့နှင့် တွေ့သောအခါတွင်၎င်း နာနာဘာဝတို့သည် နာနာဘာဝအလုပ်ကိုလုပ်၍ မိမိအလုပ်မှာမူ ဓုတင်ဆောက်တည်ခြင်း၊ မေတ္တာပွားများခြင်းအလုပ်ဖြစ်သည်။ အလုပ်သမားချင်း တွေ့ဆုံကြခြင်း ဖြစ်သည်ဟု သဘောထားသည်။ ဆရာတော်သည် ဤမျှ အကြောက်အလန့် ကင်းမဲ့စွာနေသည်။ ထိုစဉ်က အင်း

မကြီးတောရတွင် အသုံးပြုသော အသုံးအဆောင်များသည် လက်သုတ်ပုဝါမှစ၍ သုသာန်မှ အပိုင်းအစများသာ ဖြစ်သည်။

ဤကဲ့သို့ အဝတ်ဆင်းရဲခြင်း၊အစားဆင်းရဲခြင်း၊အကြောက်အလန့်နည်းပါးခြင်း စသည်တို့ကို သည်းမံတော်မူ၍ ပဋိပတ္တိလုပ်ငန်းကို ကြိုးစားအားထုတ်သောကြောင့် အင်းမကြီးဆရာတော်အား များစွာကြည်ညိုလေးစားကြသည်။

ဆရာတော်အနေဖြင့် သီလ သမာဓိ ပညာဂုဏ်အပေါင်းနှင့် ပြည့်စုံသောကြောင့် ဆရာတော် စိတ်အကြံရှိသမျှ အားလုံး ပြီးစီးအောင်မြင်သည်ချည်းဖြစ်လေသည်။ အဆောက်အဦတခု ဖြစ်စေလိုလျှင် သင်္ဘောသပိတ်ပရိက္ခရာအစုံရှိပြီးဖြစ်စေလိုသောနေရာ၌ အဓိဋ္ဌာန်၍ ဝေဘူရပ်တော်မူသည်။မကြာမီ ၎င်းနေရာ၌ ဆရာတော်ဖြစ်စေလိုသော အဆောက်အဦ ဆောက်မည့် ဒါယကာပေါ်လာလေသည်။ အံ့သြဖွယ်တရပ်ပါပေ။

တခါတွင် ဆွမ်းစားကျောင်း ဘုန်းကြီးက ဆန်နဲနေပါပြီဘုရား ဟုလျှောက်ထားရာ (ဆရာတော်အစွမ်းကိုသိလို၍ လျှောက်ထားခြင်းဖြစ်သည်) အေးအေးရမှာမပါဟု အမိန့်ရှိပြီး ဆရာတော်သည် ဘုရားရှခ်ိ အဓိဋ္ဌာန်ပုတီးစိပ်တော်မူသည်။ ဟပတ်အတွင်း ဝေဘာက်ပြု မီးရထားတဲဟတဲဒေါ်ပြည့်ဆန်ပို့လိုက်သည်ကို အံ့သြဖွယ်လက်ဝံရှိလေသည်။

ကိုယ်တိုင်လည်းအားထုတ်၊ သူတပါးကိုလည်း နည်းညွှန်လမ်းပြ ဩဝါဒပေးသဖြင့် ဆရာတော် အမြဲ သီတင်းသုံးတော်မူရာဖြစ်သော ဝမ်းတွင်းမြို့သိမ်တောင်တောရကျောင်းဝိုက်၌ ရဟန်းပရိသတ် (၁၀၀)ကျော်၊ သီလရှင်ပရိသတ်(၄၀၀)ကျော်၊ သီတင်းသည် ပြုစောင့် မင်းသူဌေး ကုန်သည်ပဲ့စားစသော လူပရိသတ်(၁၀၀)ကျော်တို့မပြတ်ဝင်းရံခစားလျက်ရှိခဲ့ပါသည်။ ထိုသို့ရှိသော်လည်း ပစ္စုပ္ပန်စိုးပွားကို မတောတတသော၊ ဗျတ္တိရုပ်ပေါ်သော အားဖြင့် ဆရာတော်ဘုရားကြီးပွား မိမိကိုယ်တိုင်လည်း ယခုနှပ် ရဟန်းကိစ္စပြီးဆုံးမည်ကဲ့သို့၊ ပရိသတ်ကိုလည်း ပြီးဆုံးစေပြီးကဲ့သို့ အားငန်သည်၊ နှမ်းငန်သည်၊ ဗဟိရကိစ္စ၌ လွတ်လျက်နေသည်ဟူ၍မထင် တိစီဝရိက်ဓုတင်ကို ဒုတိယပင်ဆောင်တော်မူလျက် သိတင်းသုံးနေထိုင်ခဲ့သမျှ ကာလပတ်လုံး ဆရာတော်ဘုရားကြီး ဘယ်တောင်၌ သိတင်းသုံးသည်၊ ဘယ်ကျောင်း၌ ဂျိန်းစက်သည်၊ဘယ်နေရာ၌ နေသည်ဟု ဆရာတော်ကြီး အမြဲသိတင်းသုံး နေထိုင်ရာဖြစ်သော နေ့သန့်ရာ ညဥ့်သန့်ရာတို့ကို ညွှန်ပြစရာမရှိခဲ့ပေ။ ဝေါင်းအုံး၊ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပုဝါ စသည်တို့သည် ဆရာတော်ဘုရားကြီးအတွက်မှာမူ ချိုနှင့်လားဟု မေးယူရလောက်အောင်သော အသုံးအဆောင်များ ဖြစ်ခဲ့ပါသည်။

သပိတ်တလုံး သင်္ကန်းသုံးထည်မှ တပါးသော ထိုသို့သော အပို အသုံးအဆောင်တို့ အလျှင်း ပပါ။ ထိုကဲ့သို့ သလိုသော ကျရာချ သီတင်းသုံး၍ တဟုန်းဟုန်းရွက်ဆောင် အားထုတ်တော်မူခဲ့ပါသည်။ပြောမယုံနိုင်စရာပါပေ။

ဆရာတော်ဘုရားကြီးသည် မိမိပစ္စုပ္ပန်ကိုယ်ကျိုးအတွက် သည်မျှစွန့်ပယ်၍ အားထုတ်တော်မူခဲ့ခြင်းသည် အမျှားဏ် ပစ္စုပ္ပန်ကျိုး တပလွန် ကျိုးကိုမူ ဧမတ္တာကိုအရင်းထား၍ မကြောက်မလှုံ ရဲရဲဝံ့ဝံ့ကြီး ဆောင်ရွက်တော် မူခဲ့သည်များကို နမူနာအပြည်မျှ တင်ပြလိုပါသည်။

သိမ်တောင်၏ အနောက်မြောက်ဖက် မနီးမဝေးသော အရပ်၌ရှိသော (ဆပ်ပြာကျဉ်း)ကို ဗြိတိသျှ အစိုးရက သံကြိုးပိုင်း၍ အစိုးရပိုင် သတ်မှတ်မည်ပြုရာ ဗြိတိသျှအစိုးရပိုင်ဆိုသို့ ဆရာတော်ဘုရားကြီး ကိုယ်တော်ဝိုင် ကြွရောက်၍ အစိုးရက(ဆပ်ပြာကျဉ်း)ကို သံကြိုး ဝိုင်းလိုက်ပါက ဆင်းရဲသားလက်လုပ် လက်စားများမှာ အခြားလုပ်ကိုင်စားသောက်စရာမရှိကြောင်း၊ မိဘသဖွယ်ဖြစ်သော အစိုးရသည် သားသမီးသဖွယ်ဖြစ်သော ဆင်းရဲသားလက်လုပ် လက်စားများကို ငဲ့ညှာသနားသင့်ကြောင်း ထောက်ပြ၍ ပေတ္တာရပ်မံတော်မူရာ အမိန့်ကိုရပ်သိမ်း၍ ဆင်းရဲသား လက်လုပ်လက်စားများ ယခုတိုင် လွတ်လပ်စွာ လုပ်ကိုင်စားသောက်၍ နေကြရခြင်းသည် အမျှားဏ် ပစ္စုပ္ပန်အကျိုး အတွက် ဆရာတော်ဘုရားကြီး၏ ရွက်ဆောင်တော် မူချက်များမှ ထင်ရှားသော သက်သေတခု ဖြစ်ပါသည်။

မြစ်သားမြို့၏ မြောက်ဖက်၌ (ယမုန်းကြီး)ခေါ်သော ရှာသည် စရိုက်ကြမ်း၍ ရိုင်းစိုင်းသောအရပ်ဒေသ ဖြစ်သည့်အားလျော်စွာ လူအများနှင့် ဘုန်းကြီးရဟန်းများကပါ သိမ်ဆောင်ဆောက်တော်ကို မလိုလား၍ မကြာပါနှင့်ဟု စာဆက်ကပ်၍ တားမြစ်ကန့်ကွက် ကြသော်လည်း ဆရာတော် ဘုရားကြီးသည် မေတ္တာပွားရှိ နောက်ပါတပည့်ရဟန်းများနှင့် ကပ္ပဝါထုပ်ထမ်း၍ ထိုယမုန်းကြီးရှာသို့ ကြွသွားတော်မူကာ ရှာပြင်စရပ်၌ တည်း၍ ကရားပွဲ ကျင်းပပြုလုပ်ဟောပြောဆုံးမတော်မူလေရာ အရိုင်းဆုံးအကြမ်းဆုံးဖြစ်သော (ယမုန်းကြီး)ရှာသူကြီးသားကစ၍ အသီးသီး ရဟန်းပြုကြလေတော့သည်။

သူကြီးသား ရဟန်းပြုသောအခါ အဖဖြစ်သော ယမုန်းကြီးရှာသူကြီးက သည်မျှရိုင်းစိုင်း ကြမ်းကြုတ်သောသားကို သည်မျှ ယဉ်ကျေးသိမ်မွေ့ဒေခြင်ဟောပြောဆုံးမတော်မူနိုင်သဖြင့် ဒါမှ ရဟန္တာပါပဲဟု အသဲစွဲကြည်ညိုဒေးကိုးလေရာ တရှာလုံး တရပ်လုံး ညွတ်ခိုးလျက် ရတနာသုံးပါးသို့ ကိုးကွယ်ဆည်းကပ်ခဲ့ကြခြင်းသည် အမျှားဏ် တမလွန်အကျိုးအတွက် ဆရာတော်ဘုရားကြီး၏ ရွက်ဆောင်တော် မူချက်များမှ ထင်ရှားသော သက်သေသာဓကတခု ဖြစ်ပါသည်။ ဆရာတော်ဘုရား မေတ္တာပွားများ၍ အမျှားဏ်ပစ္စုပ္ပန်ကျိုး တမလွန်

ကျိုးများအတွက် သစ္စာပြု၍ ဆောင်ရွက်တော်မူလိုက်ပါက ဤသို့ အောင်မြင်ထမြောက်တော်မူသည်ချည်းသာ ဖြစ်ခဲ့ပါသည်။

အများအကျိုးအတွက် သည်မျှ မေတ္တာထား၍ ဆောင်ရွက်တော် မူခဲ့သော်လည်း မိမိအတွက်ကိုမူ လေးတိုင်သာရှိသော သက်ကယ်မိုး ကမ္မဋ္ဌာန်းကျောင်းငယ်ကလေးများကိုသာ ဆောက်လုပ် လှူဒါန်းစေ၍ အဆောက်အဦကြီးများကိုမူ တားမြစ်ပိတ်ပင်၍ အလှမံတော် မမူခဲ့ပေ။ ဤသို့အပ္ပကိစ္စကို အစလေးပြုလျက် ပိတ်ပင်၍ အလှမံခဲ့သော်လည်း ဘုန်းတော်ကြောင့် တားမရသော ဓမ္မာရုံကြီး၊ လိုဏ်ဂူကြီး၊ စရပ်ကြီး၊ ရေကန်ကြီး စသည်တို့ကို တည်ဆောက်ဆည်ဖို့ရာ၌ ၁၂၇၀-ပြည့်နှစ်မှ ၁၂၀၇-ခုနှစ်အထိ (၇)နှစ်အတွင်း (၁၃၆၀၆၀) တသိန်းသုံးသောင်း ခြောက်ထောင် ခြောက်ဆယ်ဟု ကုန်ကျစရိတ်များ စာရင်းဖော်ပြထားသည်ကို သမိုင်းကျောက်စာ၌တွေ့မြင်ရပါသည်။

မှတ်ချက်။ ။ဤကား ပဌမဆရာတော် ဘုရားကြီး၏ ဂုဏ်ရည်တော်ကို အကဲခတ်ကြည်ညိုနိုင်ရန် အမြွက်မျှ ဖော်ပြခြင်း ဖြစ်ပါသည်။ ကလောမြို့ သိမ်တောင်ကျောင်းတိုက် သာသနာဝင် သမိုင်းတွင်လည်း ရှုနိုင်ပါသေးသည်။

ဆရာတော်ဘုရားအား ကြည်ညိုလှသဖြင့် ဆရာတော်၏ တပည့်သံဃာ (၁၄)ပါးတို့ သီကုံးထားသောတရားရတနာဂါထာများကိုဓမ္မသာရပကာသနီကျမ်းဟု စာအုပ်ရိုက်နှိပ်ထားသေသည်။ ၎င်းကျမ်းမှ အောက်ပါ လေးပါး၏ တရားအကျဉ်းမျှကိုသာ ရေးကူးထည့်လိုက်ပါသည်။

သိမ်တောင်တောရတိုက်သစ် အတ္ထုပ္ပတ္တိ မော်ကွန်း

ဇီနော ဇယံ မယ္ဟံ ဒေတု။ ။သခ္ဒေါလေးကိန်း၊ သိန်းကမ္ဘာမ၊ ပြဝဋ္ဋ၊ သံသာရဋ္ဌ၊ ဒါနအာဒိ၊ စရိုဝိုးကျူး၊ ကျေးဇူးပုံယင်၊ နဂိုများဖြင်၊ အတင်တင်ကို၊ သခ္ခါသခေါ်၊ တွက်ရေဂဏန်း၊ ချဉ်ဆမှန်းလည်း၊ မခန်းလေရာ၊ မဟားနေရာ၊ ပြေအထုလည်း၊ မတုစံနှိုင်း၊ ဉာဏ်ကရိဏ်းဖြင့်၊ ဖြတ်ပိုင်းခြားနှား၊ ရှည်လျားသံသာ၊ ကမ္ဘာဘာဂ၊ ပါရမီဒဗ္ဗ၊ သမ္ဘာရဆောက်ဦ၊ ထောက်ကူရုံသန်း၊ပေဘမိညာဏ်ဖြင့်၊ကောဋိတ်ချောက်၊ပွင့်ခြင်းရောက်အောင်၊အလျောက်လာခြင်း၊ ကောင်းတော်မူထသော၊ တထာဂတ၊ သမ္မာဒ္ဓဟု၊ အတုလျဂုဏ်၊ ဘဝဂ်ခြုံ၍၊လုံးစုံကိုတို့၊ ထုတိမဂ်လာ၊ သာယာငြိမ့်လေး၊ ကျူးအေးသံဆင့်၊ တင့်ကြီးတင့်၍၊ လူနှင့်နဂါး၊ သိကြားဒေဝန်၊ ဗြဟ္မာနှရာ၊ အဖြာဖြာတို့၏၊ မာလာမကုဋ္ဌ၊ မောဠိညဿောင်၊ အခေါင်အဖျား၊ ခြယ်စီထားသော၊ ပဏ္ဏမြားရတနာတို့၌၊ နင်းသွားခြေးငှာဆိုက်သော၊ စရဏယုဂ၊ နာယကနိုဘုံ၊ စက်လက္ခဏာဂုဏ်တော်တို့ဖြင့်၊ ကောင်းစွာမှတ်အပ်သော၊ခြေတော်စုံ ရှိတော်မူထ

သော်၊ သက္ကသာကိယ၊ အသမ္ဘိန္နခတ္တိယ၊ ဝံသဋ္ဌယ်ရင်း၊ ဒေမင်း၏ အဆွေ ဖြစ်တော်မူသော၊ ဇာတိမဟာတ္တ၊ ပညာမဟာတ္တ၊ စသည်ဥဿုံ၊ အံ့ချီး မကုန်၊ ဂုဏ်တော်မြတ်အပေါင်းတို့၏၊ စုဝေးရာဖြစ်တော်မူထသော၊ လော ကထွဋ်ထား၊ သဗ္ဗညုရှင်တော်ဘုရားသည်၊ လေးပါးသစ္စာ၊ ချပ်လွှာမုံရင့်၊ ပွင့်တော်မူသည်မှစ၍၊ ကာလရှည်ကြာ၊ လေးဆယ့်ငါးဝါတို့ပတ်လုံး၊ သီကုံး မြက်ဟာ၊ မခြားနှည်း၊ ဝေနေယျတို့ကို၊ ဟောပြာဩဝါဒ၍၊ သံသရာဝဋ်မှု၊ ကျွတ်လွတ်ထုတ်ဆော်၊ အောင်ဘုမ်မချက်၊ နိဗ္ဗာန်ထက်သို့၊ ဆုပ်လက်ဆွဲငင်၊ တင်တော်မူရာ၊ မဟာကြွင်းကျန်၊ ကံဉာဏ်နှံလှ၊ ဒုမ္မေဓတို့ကို၊ ကယ်မသနား၊ မြတ်ဘုရားလျှင်၊ ရှည်လျားသာသနာ၊ ငါးထောင်ကြာအောင်၊ ပိုင်းကာ ခြားနား၊ ထားတော်မူပြီးနောက်၊ ကူးမြောက်ရာမှန်၊ နှုံးနိဗ္ဗာန်သို့၊ ဝင်စံ ကြွသွားတော်မူလေသတည်း။

ယင်းသို့လျှင် မြတ်စွာဘုရား ထားတော်မူခဲ့သော ငါးထောင်သာသနာ ရောင်ဝါတောက်လင်း သူဘော်ကောင်းဝရားကို ကြားနာရခြင်း သမ္မတ္တိ ခေတ်တွင်းဦ ကြိမ်ကြိုက်ခြင်းလျှော်စွာ သာသနာတော်သက္ကရာဇ် (၂၄၅၂) ခုနှစ်လူတို့ဧဝါဟာ ကောဇာသက္ကရာဇ်(၁၂၇၀)ပြည့်နှစ် ရောက်သစ်သော ဒေခါသမယတွင် သဒ္ဓါသီလစသည်ဂုနှစ်အင် ပြည့်စုံလျှင်၍ ဖြစ်သော သမ္ဘာ ဘယူ တူမျှသော အကျင့်ရှိကြကုန်သော ကုလပုတ္တာတို့၏ ပုဂ္ဂလပျော်မွေရာ ဖြစ် သော မိတ္တီလာဒီစရိတ် ဝမ်းဘွင်းမြို့လျှင် တည်ရာဌာနရှိကြကုန်သော ဗဟု သုတဓရ ပိဋကတ္တယဆေက နိပုဏာကာ ရတနတ္တယမာမက ဗလဝသဒ္ဓါ လွန် စွာခိုင်ဖြိုး အံ့ချီးဘွယ်နက်နဲသော ဆရာကြီး ဦးမင်ခဲ၊ ဝမ်းတွင်းမြို့ အင်စပိတ် တော်မင်း ဦးစံတိုင် အစရှိသော မြို့သူမြို့သားအများမှ လိမ်ပင်ရွာနေကုန်သည် ကြီး ဦးဘိုးကာ အစရှိသော ရွာသူရွာသား သူတော်ကောင်းအများတို့သည် ဘုရားအစရှိသော ရတနာမြတ်သုံးစုံ သာသနာတော်ဥဿုံကြည်ယုံသဖြင့် မတုန် လှုပ်သော အစလသဒ္ဓါ သမ္မပ္ပဓာနဘရားတို့ဥဿုံ ပွားများမယုတ် ကြိုးကုတ် အားသစ် ကျစ်လစ်သောချာ မဟာ ပညဝန္တ အာဘာပီ အာရဒ္ဓဝီရိယ ဝိနယကောဝိဒ ဖြစ်တော်မူပေသော အင်းပကြီး ကောရ ဆရာတော်ဘုရား၏ ကြီးမားသော ကိတ္တိသဒ္ဒ ကြားသိရသည်မှ အစ ဗလဝသဒ္ဓါ ဖရဏာပီတိ ရှိကြီး ရှိလတ်ကြရကား ထို ဆရာတော်ဘုရားအား ဝပ်တွားနှုန်း ဆည်းကပ် ပူဇော်ခြင်း ပြုလိုလှသဖြင့် အင်းမကြီးတောရမှ ဤ သိမ်ဘောင်တောရသို့ ပြောင်းကြွမွေ့လျော် သီတင်းသုံး နေသော်မူပါမည့်အကြောင်း ကောင်းစွာ ပင့်လျှောက်ကြလေသည်။

ယင်းသည့်အခါ သတ္တဝါကို ဒယာ ပဂ္ဂဟ်မ တရားနှုံးထားရှိတော်မူ တိုင်း မဆိုင်း နှစ် လ ဤသိမ်ကောင်တောရသို့ ကြွရောက်တော်မူလျက် လေးလီ သော ယာပထဖြင့် မျှတရှင်ပြုံး သီတင်းသုံး နေတော်မူသတည်း။

သော်၊ သကျသာကီယ၊ အသမ္ဘိန္နခတ္တိယ၊ ဝံသန္ဒယ်ရင်း၊ နေမင်း၏ အဆွ ဖြစ်တော်မူသော၊ ဇာတိမဟာတ္တ၊ ပညာမဟာတ္တ၊ စသည်ဥဿုံ၊ အံ့ချီး မကုန်၊ ဂုဏ်တော်မြတ်အပေါင်းတို့၏၊ စုဝေးရာဖြစ်တော်မူထသော၊ လော ကထွဋ်ထား၊ သဗ္ဗညုရှင်တော်ဘုရားသည်၊ လေးပါးသစ္စာ၊ ချပ်လွှာမုံရင့်၊ ပွင့်တော်မူသည်မှစ၍၊ ကာလရှည်ကြာ၊ လေးဆယ့်ငါးဝါတို့ပတ်လုံး၊ သီကုံး မြဲက်ဟ၊ မခြားနေသည်၊ ဝေနေယျတို့ကို၊ ဟောပြာအယ်ချက်၊ သံသရာဝဋ်မှု၊ ကျွတ်လွတ်ထုတ်ဆော်၊ အောင်ဘုမ်ခြက်၊ နိဗ္ဗာန်ထက်သို့၊ ဆုပ်လက်ဆွဲငင်၊ တင်တော်မူရာ၊ မဟာကြွင်းကျန်၊ ကံဉာဏ်နှံလှူ၊ ဒုမ္မေဓတို့ကို၊ ကယ်မသနား၊ မြတ်ဘုရားလျှင်၊ ရှည်လျားသာသနာ၊ ငါးထောင်ကြာအောင်၊ ပိုင်းကာ ခြားနား၊ ထားတော်မူပြီးနောက်၊ ကူးမြောက်ရာမှန်၊ နှုံးနိဗ္ဗာန်သို့၊ ဝင်စံ ကြွသွားတော်မူလေသတည်း။

ယင်းသို့လျှင် ဖြတ်စွာဘုရား ထားတော်မူခဲ့သော ငါးဆောင်သာသနာ ရောင်ဝါတောက်လင်း သူဘော်ကောင်းဝရားကို ကြားနာရရှိခြင်း သမ္မတ္တိ ခေတ်တွင်း၌ ကြိမ်ကြိုက်ခြင်းလျှော်စွာ သာသနာတော်သက္ကရာဇ် (၂၄၅၂) ခုနှစ်လူတို့ဝေါဟာ ကောဇာသက္ကရာဇ်(၁၂၇၀)ပြည့်နှစ် ရောက်သစ်သော ဒုခါသမယတွင် သဒ္ဓါသီလစသည်ဂုနှစ်အင် ပြည့်စုံလျက်၍ ဖြူစင်သော သမ္မာ အယူ တူမျှသော အကျင့်ရှိကြကုန်သော ကုလပုတ္တာတို့၏ ပုဂ္ဂပျော်မွေ့ရာ ဖြစ် သော မိတ္ထိလာဒီဗဂြိတ် ဝမ်းဘွင်းမြို့လျှင် တည်ရာဌာနရှိကြကုန်သော ဗဟု သုတဓရ ပိဋကတ္တယဆေက နိပုဏာဉာဏ ရတနတ္တယမာမက ဗလဝသဒ္ဓါ လွန် စွာခိုင်ဖြိုး အံ့ချီးဘွယ်နက်နဲသော ဆရာကြီး ဦးမင်ခဲ၊ ဝမ်းတွင်းမြို့ အင်စပိတ် တော်မင်း ဦးစံတိုင် အစရှိသော မြို့သူမြို့သားအများမှ လိမ်ပင်ရွာနေကုန်သည် ကြီး ဦးဘိုးကာ အစရှိသော ရွာသူရွာသား သူတော်ကောင်းအများတို့သည် ဘုရားအစရှိသော ရတနာမြတ်သုံးစုံ သာသနာတော်၌ကြည်ယုံသဖြင့် မတုန် လှုပ်သော အစလသဒ္ဓါ သမ္မပ္ပဓာနဘာရားတို့၌ ပွားများမယုတ် ကြိုးကုတ် အားသစ် ကျစ်လစ်သောချာ မဟာ ပညာန္ဒြေ အာဘာပေါ အာရဒ္ဓဝီရိယ ဝိနယဓကာဝိဒ ဖြစ်တော်မူပေသော အင်းဝကြီး ဗောဓရ ဆရာတော်ဘုရား၏ ကြီးမားသော ကိတ္တိသဒ္ဒ ကြားသိရသည်မှ အစ ဗလဝသဒ္ဓါ ဖရဏာပီတိ ရှိကြီး ရှိလတ်ကြရကား ထို ဆရာတော်ဘုရားအား ဝပ်တွားနှုံးညွှတ် ဆည်းကပ် ပူဇော်ခြင်း ပြုလိုလှသဖြင့် အင်းမကြီးတောရမှ ဤ သိမ်တောင်တောရသို့ ပြောင်းကြွမြဲဇလျော် သီတင်းသုံး နေတော်မူပါမည့်အကြောင်း ကောင်းစွာ ပင့်လျှောက်ကြလေသည်။

ယင်းသည့်အခါ သတ္တဝါကို ဒယာ ပဉ္စက်မ တရားနှုံးထား ရှိတော်မူ တိုင်း မဆိုင်း နှစ် လ ဤသိမ်တောင်တောရသို့ ကြွရောက်တော်မူလျက် လေးလီ သော ယာပထဖြင့် မျှတရှင်ပြုံး သီတင်းသုံး နေတော်မူသတည်း။

လေးလုံးသော တောင်ညိုတို့ဖြင့် နှစ်လိုဘွယ်ကာရံ အတန်တန်သော တောခြုံတို့ဖြင့် ပိတ်ရံကာသန်း ခင်တန်းရှိမြောင် ညိုမှောင်တရှိ ဓုဝယိတာတွ ထိုတော ဝင်္ဒ သာမညသွေး နေပညဝေးစွဲ တခဏမျှ မကြွဝံပေ အထွေထွေသော တဖွဖွ မြေဘုတ် ကြမ်းကြုတ်သော ဒကရတ္ထုံသိတို့နေရာဟု သူငါမဝံ့ အဓွန့်ရှည်စွာ ကြေငြာ ကျော်စောသော တောကြီးအထု တောင်အစုတွင် အရညကင်မွေ့ ယောဂီလေ့ဖြင့် ချမ်းမြေ့စွာ နေခြင်းငှာ လျောက်ပတ်ရာ ဌာနဟု သိန္ဒိဌာပကာ နှလုံး သိတင်းသုံးနေတော်မူလိုရာ ဆရာကြီး ဦးဝိုန်၊ ဘုန်းကြီးဘ ဦးသိုန်း၊ အမိန့်တော်ရမင်းဦးဘိုးလှဲ့၊ အင်စပိတ်တော်မင်းဦးစံတိုင်၊ ဘုရားစုရှာသူကြီးမင်း ဦးဘိုးရာအစရှိသော ဒါယကာတို့သည် ထိုမဟာသောမ္ဘနာမမည်သီး အင်းမကြီး၏အနီးအစ ထိုဌာနတွင် ညီညွတ်သောမြေပြင်ကို တိထွင်ရှင်းလင်း၍ ကျောင်း ပရိဝုဏ် အလုံးစုံသော ကျောင်းစကြံတို့ဖြင့် စိမံအားထုတ် ဆောက်လုပ်လှူဒါန်း ကြသဖြင့် ထိုအင်းမကြီးတောရဌာပင် ခုနစ်ဝါတိုင်တိုင် နေထိုင်တော်မူသတည်း။


ထိုသို့လျှင် အင်းမကြီး၏ အနီးအစပ်၌ တည်ဆောက်အပ်သောကြောင့် အင်းမကြီး တောရကျောင်း၊ ဂုဏ်းဆရာတော်ကိုလည်း အင်းမကြီးမထေရ် အရှင် ဟု ခေါ်တွင်မချို့ လူတို့သမုတ်ကြလေသတည်း။ ထိုအင်းမကြီးတောရကျောင်း သည် ဤသိမ်တောင်၏ မြောက်ဌာန သုံးတိုင်မျှ ဝေးကွာလေသတည်း။

ဤသည်လျှင် ဆရာတော်အရှင်မြတ်၏ ထေရပွတ်အကျဉ်းတည်း။

ဆရာကောင်းနှင့် တွဲကြုံသည့်အခါ ကျင့်ကြံရန်အကြောင်း

နိဿာယ ဟိ သပ္ပုရိသံ၊ ဂုဏဲ သုခံ ဝသာမသေ။
တသ္မာ တုမှေ စ မယံစ၊ ဥဇုံ ဓမ္မံ စရာမသေ။

သပ္ပုရိသံ၊သူတော်ကောင်းဖြစ်သော။ ဂုဏ်၊ မကောင်းမြစ်ထာ ကောင်းရာညွှန်ပြ ဆုံးမသွန်သင် ပဲ့ပြင်ပေတတ် ဆရာမြတ်ကို။ နိဿာယ၊ အမှီပြု၍။ မယံ စ၊ ငါတို့သည်၎င်း။ တုမှေ စ၊ သင်တို့သည်၎င်း။ သုခံ၊ ချမ်းချမ်းသာသာ။ ဝသာမသေ၊ လျောင်းထိုင်ရပ်သွား လေးပါးကျရိယာ မျှတကာဖြင့် နေကြရပါကုန်၏။ တသ္မာ၊ ထို့သို့သူတော်ကောင်းလတ် ဆရာမြတ်ကို မှီကပ်ပြီးကာ နေကြပါသောအတွက်ကြောင့်။ တုမှေ စ၊ သင်တို့သည်၎င်း။ ပယံ စ၊ ငါတို့သည်၎င်း။ ဓမ္မံ၊ နိဗ္ဗာန်မြေရောက်ကြောင်း သူတော်ကောင်းတရားကို။ ဥဇုံ၊ မကွေ့မထောင့် ဖြောင့်ဖြောင့်တန်းတန်း။ စရာမသေ၊ သဒ္ဓါစွမ်းထုတ် သတိချုပ်လျက် အားထုတ်၍သာ ကျင့်ကြပါကုန်စို့။



ဝမ်းတွင်းမြို့ သိမ်တောင်တောရကျောင်းတိုက် တရားဌာနဂူ

ဆရာက နေ့တိုင်း ဆုံးမ့ခြင်း

မဟာကာရုဏိကော ဝဒီ၊ ဓမ္မာစရော ဒိနေ ဒိနေ။
စံပို့ ဗာလသိက္ခကာ၊ ဗာလဗာလာ အဟာဝဝတ။

ဘောန္တော၊ သိမ်တောင်၌သာ မြဲစွာနေဘိ အိုတပည့်တို့။ မဟာကာရုဏိကော၊ စိတ်ရောကိုယ်ပါ ချစ်ညှာသနားလွန်အားကြီးသော။ အာဇစရော၊ အင်းမကြီးသိမ်တောင် ကျိုးကြောင်းမြင်ရှာ တို့ဆရာသည်။ ဒိနေ ဒိနေ၊ နေ့တိုင်းနေ့တိုင်း။ ဓမ္မံ၊ လောကုတ်လောကီ ကျင့်ညီကောင်းမှု တရားစုကို။ ဩဝဒီ၊ အချက်ကျကျ နည်းစုံပြ၍ ဆုံးမလှလေပြီ။ ဧဝံပိ၊ သို့စင်ကလောက် အာဒရပါက် ခမန်း ကြိုးပမ်းမိန့်ကြား ဆုံးမခြင်းသော်လည်း။ ဗာလသိက္ခကာ၊ လောဘ ဒေါသ၊ မောဟကြီးဆိုက် တပည့်မိုက်တို့သည်။ ဗာလဗာလာ၊ အမိုက်အားကိုး အမိုက်ပျို၍ မိုက်မျိုးစိုက်ကြကုန်သေး၏။ အဟောဝတ၊ ချော့-အုံ့ဘွယ်ကြီး ပေတကား။

ဦးကေသရသည် ညောင်ရမ်းမြို့ကနေ၍ ဆရာကို ရှိခိုးလိုက်သော ဂါထာ

ပေါသောဝါဒံ ပိတာစေရံ၊ ကမ္မေန အဟ-မဘဒရံ။
ပန္နာရသဝဿိကံ မံ၊ ပုရေဝုတ္ထံ သရံ နမေ။

အဟံ၊ကေသရခေါ် တပည့်တော်သည်။ပန္နရသဝဿီကံ၊ဆဲ့ငါးနှစ်ရှယ် သူငယ်စင်ဖြစ်သော။ မံ၊ တပည့်ဟော်ကို။ ပေါဓသောဝါဒံ၊ ယုယာလုပ်ကျွေးမွေးမြူပဲ့ပြင် သွန်သင်ပြသ ဆုံးမတော်မူခဲ့သော။ ပိတာစေရံ၊ အကိုဆို့ရ အဘခေါ်သင့် ကျင့်လမ်းကြောင်းဖော် ဆရာတော်ကို။ ပုရောတ္ထံ၊ ဟိုယခင်က ဆရာတပည့် ဘုန်းရှင်နှစ်ပါး ခေါင်းပါးနည်းထုံး ကျင့်သုံးမှုရှည် ခန့်ဘူးသည်ကို။ သရံ-သရန္တော၊ ဆင်ခြင်ပြုန်ကြည့် အောက်မေ့မိလျက်။ ကမ္မေန၊ ဒွါရသုံးဖြာ သမ္ဘါကွန်မြူးအထူးအားပြု။ အာဒရံ၊ ရိုသေစွာ။ နမေ-နမာမိ၊ ညွတ်ပျော်ခြင်း စေတနာ ရှိခိုးပါ၏ဘုရား။

ဦးကေသရ(၂၇)နှစ်

မဟာတေရ်မြတ်၏ ဂုဏ်ကျေးဇူးတွေပြောပြ၍ မကုန်နိုင်ကြောင်း

သိမပဗ္ဗတအာစေရော၊ ကတ္ဉာ ပူရေတိ ဒုက္ကရံ။။
သြဋ္ဌာရိကန္နပါနေဟိ၊ ယာပေန္တော၁ မဟာထေရော။။
တေရော ဒ္ဝါဒသဝဿော၁၊ နှ ရမိတ္ဝာ ဇနဂဂါမေ။။
ဧကူနဝီသတိမေ ဝဿေ၊ ဉာတိ ဟိတ္ဝာဝ ပဗ္ဗဇ်ံ။။
မဟာဇနဿ အတ္ထာယ၊ နိက္ခမိ ပဉ္စမေ ဝဿေ။။
ဣတိ ဂုဏော သမုဒ္ဒေါ၊ ဂုဏာစေရဿ ကော တသ်ေ။။

သိမပဗ္ဗတအာစေရော၊ သိမပဗ္ဗတ စရိယဟု နာမထင်စွာ တို့ဆရာသည်။။ ဒ္ဝါဒသဝဿော၁၊ နှနှယ်ဖြစ်ငြား တဆယ့်နှစ်နှစ်သား အရွယ်လောက်ကပင်လျှင်။။ ဒုက္ကရံ၊ ပြုကျင့်နိုင်ဖို့ရာ လွန်ခဲစွာသော ဒါန သီလ ဘာဝနာထွေထွေ ကျင့်ကြံကြေ ငြီးတရားတွေကို။။ ကတ္ဉာ၊ ပြုကျင့်လျက်။။ ပူရေတိ၊ ဖြည့်ကျင့်တော်မူရရှာ၏။။ မဟာထေရော၊ ကျေးဇူးတော်ဂုဏ် ပြည့်စုံထင်လာ တို့ဆရာသည်။။ ဒ္ဝါဒသဝဿာနိ၊ တောထွက်သည်မှ စ၍တွက်စစ် တဆယ့်နှစ်နှစ်တို့ ပတ်လုံး။။ သြဋ္ဌာရိကန္နပါနေဟိ၊ ရွှန့်ရင်းကြမ်းတမ်းသော သန်းရွက်အစရှိသော ဟာဇဉ် အစာအာဟာရတို့ဖြင့်။။ ယာပေန္တော၁၊ ကျင့်ကြံကောင်းရှာ မျှတတော်မူလျက် သာလျှင်။။ ပူရေတိ၊ သတ္တဝါအပေါင်း သူတော်ကောင်းတို့သည် ကျင့်ကြံဘို့ရာ ဖြည့်ကျင့်တော်မူရှာ၏။။

ထေရော၊ ပါရမီအဟုန် ပြည့်ကာစုံသော ငါတို့အင်းမကြီး သိမ်တောင် ဆရာတော်ဘုရားကြီးသည်။။ ဒ္ဝါဒသဝဿော၁၊ မွေးဖွားသည်မှ စ၍ကျွတ်ဆောက် တဆယ့်နှစ်နှစ်အရွယ်လောက်ကပင်လျှင်။။ ဇနဂဂါမေ၊ လူတို့နေကြရာဂါမဋ္ဌ်။။ နှ ရမိတ္ဝာ၊ ဒုက္ခအမျှားဖြစ်ပွားကြရာ မမွေ့လျော်နိုင်ပါသည်ဖြစ်၍။။ ဧကူနဝီသတိမေ ဝဿေ၊ ရွယ်တော်နှဖြိုး တဆယ့်ကိုးနှစ်ဖြစ်ရွယ်သို့ ရောက်သည်ရှိသော်။။ ဉာတိ၊ ဆွေမျိုးအပေါင်း သိုးနွားသောင်းမျှားစွာ မိတ်သဟာကို။။ ဟိတ္ဝာ၊ မချစ်မည်သာ စွန့်ပစ်ခွါ၍သာလျှင်။။ ပဗ္ဗဇ်ံ၊ ဘုရားသားဖော်အစစ် ရဟန်း၏အဖြစ်သို့။။ ဥပါဂမိ၊ ဖန်ရောဆိုးစွတ် သက်နှံးဝတ်ကာ ချဉ်းကပ်လာပြီ။။

ပဉ္စမေ ဝဿေ၊ ဘုရားသားတော်စစ် ရဟန်းဖြစ်ရာ နှစ်အခါမှ စသည် တွက်စစ်ငါးဝါရလစ်သည်ရှိသော်။။ မဟာဇနဿ၊ ကျင့်ကြံလိုကြောင်း မျှားစွာ သောလူရှင်ရဟန်းအပေါင်း၏။။ အတ္ထာယ၊ လောကီလောကုတ် ယုတ်ကိုးပွား အကျိုးမျှားစေခြင်းငှာ။။ နိက္ခမိ၊ မဟာသောမ္ဘ နာမထင်စွာ အင်းမကြီး ကျောင်းသည်ဘသို့ သတ္တဝါတို့ အကျိုး မျှော်ကိုးပြီးကာ ပရိက္ခရာရွှမ်ဖြာ စုံလင်စွာနှင့် ကပါးတည်းသာ ထွက်လာခဲ့ပြီ။။ ဣတိ ဂုဏော၊ ဤသို့ အစရှိသော **မရေမတွက်နိုင်ရာ** မျှားလှစွာသော ဂုဏ်ကျေးဇူးတို့နှင့်။။ သမုဒ္ဒေါ၊ ပြည့်စုံ

သော။ တဿ အာစေရဿ၊ ထို၎ငါတို့ကျေးဇူးသခင် ဆရာတော်အရှင်၏။ ဂုဏော၊ ကျေးဇူးကျေဂုဏ် အလုံးစုံတို့ကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ သိလှယ်လှစွာ ဥပမာဖြင့် ထင်မြင်ဖွယ်ရာ ပြဆိုနိုင်ပါအံ့နည်း။ န ဝဒေ၊ မပြဆိုနိုင်ရာသလျှင်ကတည်း။

သိမ်တောင်ကျောင်းတိုက်ကြီးသည် အလွန်ဆန်းကြယ် အုံဖွယ်ရှိကြောင်း

သီမာနာဂံ ပဿံသန္တိ၊ တသ္မိံ နဂရဂါမေသု။
အာဂစ္ဆန္တိ နံ ပဿန္တိ၊ သိမ်တောင်ထေရောတိ အတ္ထာယ။
အစ္ဆရိယံဝတေဝံ ဘော၊ ဇနာ ကရောတိ အာလယေ။

သီမာနာဂံ၊ နာမရှိန်ကျော် သိမ်တောင်ပေါ်သို့။ ဇနာ၊ မြို့သူ ရွာသားလူအများတို့သည်။ အာဂစ္ဆန္တိ၊ အမြို့မြို့ အရွာရွာမှ ကြည်ညိုလေးမြတ် ကြည့်ရှုခြင်းငှါ လာရောက်ကြပေကုန်၏။ တသ္မိံ၊ ထိုသို့ကြည်ညိုလေးမြတ် ကြည့်ရှုခြင်းငှါ လာရောက်ကြပေသောအခါ၌။ သိမ်တောင် ထေရော၊ နာမရှိန်ဟိုး သိမ်တောင်ဆရာတော်ဘုရားကြီးသည်။ အတ္ထာယ၊ နောင်သူ နောင်သားလူအများတို့ ချမ်းသာတိုးပွားအကျိုးများစေခြင်းငှာ။ အာလယေ၊ ထူးဆန်းထွေထွေကျောင်းတွေကို။ ကရောတိ၊ ပ်ံသုကြွံမိုးစံ တန်ခိုးဖန်သို့ ဖြိုးလျှံမောက်ဝေဆောက်လုပ်တော်မူပါပေ၏။ ဃေ၊ အကြင် ငါတို့သည်။ နဂရဂါမေသု၊ အမြို့မြို့ အရွာရွာတို့၌။ဧဝံ အာလယေ၊ အုံဖွယ်ဘနန်း ရှုမဝန်းအောင် ထူးဆန်းလှပေ ဤကဲ့သို့သော ကျောင်းမျိုးတွေကို။ န ပဿန္တိ၊ လှည့်ကာလှည့်ကာ ကြည့်ရှုပါသော်လည်း ငါတို့မမြင်ဘူးကြပေကုန်။ ဘော၊ ငါနှုံ့အတူ ကြည့်ညိုလေးမြတ် ကြည့်ရှုခြင်းငှါ လာရောက်ကြပေသော အမောင်တို့။ အစ္ဆရိယံဝတ၊ ပြောင်ဝင်းထိန်လျှံ စိန်ဖလံညီးညီး နန်းမြို့ကြီးသို့ ခြေသွေ—အုံဩဖွယ်ကြီးရှိလှပေစွတကား။ ဤတိ၊ ဤသို့။ ဇနာ၊မြို့သူ ရွာသား လူအများတို့သည်။ပဿံသန္တိ၊ ဟဒယမြူးခုန် ချီးမွမ်းပြောဆိုကြလေကုန်၏။

မဟာထေရ်မြတ် တရားမိုးကို ရွာသွန်းဖြိုးမကြောင်း

ဒေဝေါ ထေရောပိ ဘော ပဿံ၊ ဝဿတိ ဥဏ္ဏသတ္တာနံ။
ဓမ္မကာလေ စ ဒါဟာနံ၊ ဝါတာဝုဋ္ဌိ ယထာ ဧဝံ။

ဘော၊ ကမ္ဘာပေါ်၌ ကိန်းကြွတည်အောင်း အိုလူအပေါင်းတို့။ ဥဏ္ဏကာလေ၊ တောင်မြောက်ခုနှစ်လွှား ပြေးသွားနေရာ ဦးစရာမရှိ လွန်စွာမိုးခေါင်သဲ့သောင်ပြင်၌ ဆူလျှောင်အူလှိုက် အလွန်တရာပူအိုက်၍နေသော အခါကာလ

ကြီးဦး။ ဒေဝေါ အမှုန္ဓရ ပဇ္ဇုန်ထင်ရှား မိုးနတ် သားသည်။ ဝါတဝင်ဦး၊ လေပြေလေညင်းနှင့်တကွသော အေးကြည်မှုန်ရာ လွန်စွာထန်သည်း မိုးဖွဲကြီးကို။ ဝဿဝ် ယထာမိုးအုံခြိမ့်သံ မြည်သံထစ်ချုန်း အုံးအုံးညံနှင့် အေးဘိုမှန်ကြောင်း သတ္တဝါအပေါင်းကို ဖြိုးသွန်းရှာလောင်းဘိသကဲ့သို့။ ဝေ၊ ဤနည်း ပုံယူ တို့အတူ။ထေရောပိ၊ မိုးနတ်သားတည်းဟူသော ဂါဟိုအင်းမကြီး သိမ် တောင် ဆရာဟော်ဘုရားကြီးသည်လည်း။ဒါဟာနုံ၊ လောဘ၊ဒေါသ၊ မောဟ စရှိမျှားဟုန် ကာမဂုဏ်ရိပ် အာရုံပိတ်လှောင် ဆူအောင်အူလိုက် အလွန်ဟရာ ပူအိုက်၍ နေကုန်သော။ သတ္တာနုံ၊ သံသရာထဲ မြဲစွာပျော်အောင်း သတ္တဝါ အပေါင်းတို့အား။ ဓမ္မဝဿံ၊ အေးရန်ရှိရှိပြည့် ဒီးဒီးမောက်လျှံ ခြိမ့်ညံသဲသဲ မိုးချုန်းသံနှင့် သံသရာဝဋ်မှ ကယ်းလွတ်ရန်အမှုန် အေးကြည်ထန်သည်း တရား တည်းဟူသော မိုးကြီးကို။ဝဿတိ၊ သတ္တဝါအများ အေးငြားစေဘို့ မပြတ် ဘယ်ခါ ရှာသွန်းတော်မူပါပေ၏။

ရှင်ကုသလ (၁၇)နှစ်။

မဟာဆေရိမြတ် အရပ်ရပ်၌
ကျောင်းတိုက်တွေ့ တည်ထားကြောင်း

နိမ္မိတော စပိ အာရာမော၊ တေ အာစေရေန ပဟုကော။
ပဗ္ဗတံဝ စိရံ ဌာန္တု၊ အဟော၁ဝတ မဟာဆေရော။

သီမပဗ္ဗတံ၊ တရားသဘင် ပြင်ဆင်ကျင်းပ သိမ်တောင်ဌာန ဤဒေသသို့။ သမာဂတာ၊ ညီညာဖြူဖြူ စည်းဝေးရောက်လာကြကုန်သော။ သာဓုဝေါ၊နိဗ္ဗာန်ပြည်ကြီး ရိပ်ဖြူထီးကို ခိုမှီးလိုကြောင်း အိုသူတော်ကောင်းတို့။ အာစေရေန၊ သိမ်တောင်ဆရာဟော်သခင် ကျေးဇူးရှင်သည်။ နဂရဂါမေသု၊ လူတို့အလိုက် ပျော်ပိုက်စံရာ မြို့ဂါမာတို့၌။ ဝိစရန္တော၊ လှည့်လည် ကြွမြန်းတော် မူလျက်။ ဗဟုကော၊ တပါးမက များစွာသော။ အာရာမော၊ အသီးသီး အဝဝသော ဘုရား အုတ်တိုက် ရေတွင်း ရေကန် အတန်တန်နှင့် အများလှူရာ တို့သူငါကို အလွယ်တကူ သုံးလိုသူတို့ အဖို့မှန်းကာ ကျောင်းဝိဟာကို။နိမ္မိတော၊ရောင်ဝါ ညီးသည့် သီကြားစံမြန်း ဗိမာန်နန်းနှင့် မခြားပုံဟပ် ဖန်ဆင်းအပ်ပြီ။ တေ၊ ထိုငါတို့ဆရာ ဖန်ဆင်းအပ်သည့် အသီးသီး အဝဝသော ဘုရား အုတ်တိုက် ရေတွင်း ရေကန် အတန်တန်နှင့် အများလှူရာ တို့သူငါတို့ အလွယ်တကူ သုံးလို သူတို့ အဖို့မှန်းကာ ကျောင်းဝိဟာတို့သည်။ ပဗ္ဗတံဝ၊ မြင်းမိုရ်ရာဇာ တောင် မဟာကဲ့သို့။ စိရံ၊ ကြာမြင့်စွာ။ ဌာန္တု၊ မတုန်မလှုပ် ပုံမယုတ်ဘဲ ခန့်ခန့် ညားညား တည်ကြပါစေကုန်သကည်း။ ဘောန္တော၊ သူတော်တရားကို ရှာဖွေ

လိုခြောင်းအိုသူတော်ကောင်းတို့။ သိရိမာ၊ ဘုန်းကျက်သရေရှင့် ပြည့်စုံတော်မူသော။ သော မဟာထေရော၊ သိမ်တောင် ဆရာဖော်ဘခပ် ကျေးဇူးရှင်သည်။ အဟော၁ဝတ၊ ခြော်– အံ့ဩဖွယ် ကောင်းပါပေစွာကား။

မဟာထေရ်သည် တဦးနှင့်တဦး ညီညွတ်အောင်သာ ဆုံးမတော်မူခြင်း

သဗ္ဗေ ဗုဒ္ဓါပိ ဗာဝလေ စ၊ သပ္ပုရိသော စ ကာရဏံ။
အာစရိယော နု ဝဒန္တိ၊ ဘဗ္ဗေ ကမ္မေ ဩဝဒိ။

အရဟာတာဝိဂုဏသမ္ပန္နာ၊ အရဟံ အစရိသော ဂုဏ်တော် အဖေါင်းတို့နှင့် ပြည့်စုံတော်မူသော။ သဗ္ဗေ၊ ခပ်သိမ်းညွှတ်သော ဒူလုံးစုံကုန်သော။ ဗုဒ္ဓါ၊ နိဗ္ဗာန် ပြည်ကြီး ရိပ်ဖြူထီးကို ခိုမှီးပြီးကာ ကြွမြန်းပင်စံတော် မူကုန်သော ဂင်္ဂါ ဝါဠု သဲစုမက ပွဲပုံကြ မျှားဒေပဲ ဘုရားရှင် တို့သည်။ ဗာလေ စ၊ မိမိ အမိုက် ကိုယ့်စရိုက်ဖြင့်သော ဒုစရိုက်လုပ်ပျက် သူမိုက်တို့၏ အပေါ်၌ရင်း။ သပ္ပုရိသေ စ၊ သူတော်တရားကို လိုက်လံရှာ၍ အားထုတ်နေပျော် သူတော်ကောင်းတို့၏ အပေါ်၌ရင်း။ ကာရဏံ၊ တဖေးက်တန် အမှုလွဲ၍ အယူမှောက်မှား ဝိဝါဒဖြစ်ပွားမှု၍ ကဲ့ပြုားကြောင်းစကားကို။ နု ဝဒန္တိ၊ ရှေကြာ အာလုပ် ကြာကုမုဒ်မှ တခွန်းတလေမျှ ဖွင့်ကာထုတ်ယူ ပြောဆိုဆိုရိုးရှိတော်မမူ။ အပိ စ၊ စင်စစ်သော် ကား။ သဗ္ဗေ၊ သူငါအစ လုံးစုံမျှားစွာ သတ္တဝါတို့ကို။ သမေဝ၊ တဦးနှင့် တဦး ညီညွတ်အောင်သာလျှင်။ ဒိဇန ပဒန်၊ နွေရာညှင်ပါ ဘယ်ခါမလပ် မပြတ်မဆိုင်း နွေတိုင်းနွေတိုင်း။ ဩဝဒိ၊ အမြဲမပြတ် ဆုံးမတော်မူပေသတည်း။

ရှင်သာသန (၁၅) နှစ်။

မဟာဒေရိမြတ်သည် တပည့်များအပေါ်၌ မေတ္တာညီမျှကြောင်း

ဥဒ္ဓင်္ကော သမံ နင္ဒေ၊ တိဋ္ဌတိ၀ မဟာထေရော။
သိမပမ္ဘတ၀ယော သု၊ မေတ္တံ သိယော သု ဌာပေတိ။

နင္ဒေ၊ ကမ်းလုံးပြည့်လျှံ စုန်ဆန်တက်စီး ကြီးကျယ်လှစွာသော မြစ်ကြီး ၌။ ဥဒ္ဓင်္ကော၊ ညီညာပြည့်၀င် အထက်ရေအပြင်သည်။ သမံ၊ အညီအညွတ်။ တိဋ္ဌတိ ဣ၀၊တည်ဘိသကဲ့သို့။ဝေံတထာ၊ ပမာနည်းထား ရေအမျှားနှင့် မခြား ပုံယူ အလားတူသာလျှင်။ မဟာထေရော၊ ကျိုးကြောင်းလိမ္မာ တို့ဆရာသည်။ သိမပမ္ဘတ ၀ယော သု၊ သိမပမ္ဘတ အာရညဟုနာမထုန်းကျော် ကုန်းတော်ပေါ်၌ နေကြကုန်သော။ သိယော သု၊ တပည့်တပန်း ရဟန်းရှင်လူ များစွာသော သူတို့၏အပေါ်၌။ မေတ္တံ၊ ရေနှင့်ပမာ အတူသာလျှင် အေးကြည်လွန်စွာ စိတ် မေတ္တာကို။ ဌာပေတိ၊ တည်စေတော်မူပေ၏။

မဟာထေရ်သည် တပည့်များကို စောင့်ရှောက်ကြောင်း

တတော ကုက္ကုဋ္ဌ ထေရော တ၊ ဗဟူ ပုဗ္ဗေသု ရက္ခတ။
ထေရံ စ ပဋိကမ္မာယ၊ သုစိတ္တာ ဟောထ သာဓ၀ေါ။

ဘောန္တော၊ သုံးပါးရတနာ မြတ်ဆရာကို တုပ်ကွည့်တော်ပျောင်း အိုသူ တော်ကောင်းတို့။ ဣမလောကေ၊ ရှင်သေမင်းမှ ရှောင်၍မပြီး ဤလောက ကြီး၌၊ ကုက္ကုဋ္ဌီ၊ကုက္ကုဋ္ဌီဟု နာမခေါ်မှီး ကြက်မကြီးသည်။ ဗဟူ၊ တကောင် နှစ်ကောင်စသည်ပေါင်းဆုံ များစွာကုန်သော။ ပုဗ္ဗေ၊ မိမိရင်မှ ပေါက်ဖွား ဖြစ်ထွေ ကြက်သူငယ်တွေကို။ သုရက္ခတိ၊ သိန်းစွန်စသား ငှက်ဆိုးများသည် ယူဆောင်မသွားအောင် အမြဲမသွေ ကောင်းစွာစောင့်ရှောက်လေ၏။တတော၊ ထိုကြက်သူငယ်တွေကို သိန်းစွန်စသား ငှက်ဆိုးအများသည် ယူဆောင်မသွား အောင် အမြဲမသွေ စောင့်ရှောက်သည်ထက်။ ထေရော၊ သိမ်တောင်ဆရာတော် သခင် ကျေးဇူးရှင်သည်။ သမနုဿော၊ မိမိလက်မှ ပေါက်ဖွားဖြစ်ပေ လူရှင် ရဟန်းတွေကို။ အနုရက္ခတိ၊ ရင်ဝယ်သားထက် ဆတက်ထောင်ရာ မကသာ လျှင် တရားသဖြင့် နှေးညှဉ်မစဲ အမြဲမှန်စွာ စောင့်ရှောက်တော်မူပေ၏။ တံ ထေရံ၊ ထိုသိမ်တောင်ဆရာသခင် ကျေးဇူးရှင်ကို။ ပဋိကမ္မာယ၊ သနားကရု ဏာ များစွာဖြစ်ပွား အားနာသောအားဖြင့်။ သာဓ၀ေါ၊ အမြဲကြံသုခ ဆေးမဟာကို သောက်လိုကြတောင်း သင်သူတော်ကောင်းတို့သည်။ သုစိတ္တာ၊ ကောင်းသော စိတ်နေစိတ်ထား ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။

ဒါန သီလ ဘာဝနာများ အားထုတ်ကြရန်

ဥပါဂတော၀စ ပုဗ္ဗေ၀၊ မစ္ဆုရာဇေ အနာဂတေ။
ဒါနံ သီလဉ္စ ဘာဝနံ၊ ဧကော ဘာဝေထ သာဓုဝေါ။

ဘောန္တော၊ ရပ်ရှစ်မျက်နှာ မြို့ကျေးရွာက မိ ဘ သဟာ စွန့်ပစ်ခွာ၍ သိမ်တောင်ဌာသာ သူတော်တရားကို အားထုတ်လိုကြောင်း အို့ သူတော်ကောင်းတို့။ မဟာသေနေန၊ စစ်သည်ဗိုလ်ထု ရဲမက်စုနှင့် ပေါင်းစုံတပ်ခြို များသော စစ်သည်ရှိသော။ မစ္ဆုရာဇေ၊ သူတော်- မတော် လျော်-မလျော်ဟု မမြော်မကွင်း ရှင်သေမင်းသည်။ အနာဂတော၊ အနိုးထံပါး ကိုယ့်အနားသို့ မချဉ်းကပ်လာမီ။ပုဗ္ဗေ၀၊ ရှေးဦးမဆုံ ပထမကပင်လျှင်။ ဝနာဝါသေ၊သူတော် အရိယာ ထေရ်မြတ်စွာတို့ ကျင့်ကြရှာမှီး ဤ တောရတိုက်ကြီး၌။ ဧကော၊ အဖော်မမှီး တကိုယ်တည်းသာလျှင်။ ဥပါဂတော၊ မသွေမခွာ ကပ်ခဲ့လာ၍။ ဒါနဉ္စ၊ နည်းများမဟူ ပေးလှူ၀သမီ ဒါနပါရမီကိုဂင်း။ သီလဉ္စ၊ ငါးပါးအဋ္ဌင်္ဂီ ဒသသီအစ ဖြည့်သုံးရသည့် သီလပါရမီကိုဂင်း။ ဘာဝနံ စ၊ လောင်းတော် တကာ ပြုကျင့်ရာသည် ထူးမြတ်လှစွာ မြတ်ဘာဝနာကိုဂင်း။ သဓုဝေါ၊ ရှေးကုသိုလ်ဟောင်း အကြောင်းထောက်မှု၍ ကျင့်ကြစုပေါင်း သူတော်ကောင်း ဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မစား သတိတရားကြီးနှင့်။နိစ္စံ၊ အမြဲမပြတ် ထပ်ကာထပ်ကာ။ ဘာဝေထ၊ သုံးပါးရတနာ မြတ်ဘုရားကို သဒ္ဓါလွှမ်းမိုး ရှိခိုးပြီးကာ ပွားများလိုက်ကြပါကုန်လော့။

ရှင်သာသန (၁၅)နှစ်။

ဘုရားစုကိုးရှာအနက် ကျောက်ပြုတ်ကုန်းရှာနေ စကြံကြီး ဒါယကာ ဦးဆက်ကလေးနှင့် သဲတောမြို့နေ ဂူကြီးဒါယကာ ဦးသူတော် ဤဒါယကာ နှစ်ဦးတို့ ရိုသေလေးမြတ်စွာ ဘောင်းပန်အပ်သည်ဖြစ်၍ ဆရာတော်ဘုရားသည် သံ၀ေဂ ကမ္မဋ္ဌာန်းကျမ်း တကျမ်းကို ပြုစုတော်မူသည်။

ဂုဏ်ရည်ကြီးမြတ်သော ပုစ္ဆာငါးချက်ကို အကျယ်တ၀င့် ဖြေရှင်းထားသဖြင့် ဖတ်ရှုသူတို့အဖို့ မှတ်သားဘွယ် လိုက်နာကျင့်သုံးဘွယ်တို့ဖြင့် အလွန်တရာ ကျေးဇူးများလှပေသည်။ သို့အတွက် ၎င်းပုစ္ဆာငါးချက်နှင့် အဖြေများကို မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။

ကမ္မဋ္ဌာန်းဖြစ်နိုင်ခြေကြောင်းကို ပြဆိုခန်း

(၁) ယခုလောက ယခုကာလ၌ ကမ္မဋ္ဌာန်းမဖြစ်နိုင်လော၊ ဖြစ်နိုင်လော။
(၂) ယခုကာလ ယခုဘ၀၌ မဂ်ဖိုလ်သို့ [illegible]

(၃) စာပေကျမ်းဂန် မတာဝ်က ကမ္မဋ္ဌာန်းမဖြစ်နိုင်လော၊ ဖြစ်နိုင်လော။
(၄) ယခုကာလ တိပိတ်ပုံပုံလ် မရှိဂါလော၊ ရှိဂါလော။
(၅) ရုပ်နာမ်နှစ်ပါးလုံး ရှုနိုင်ပုံ မင်္ဂလာစကားပြီး မည်လော။

ဤင်းပုစ္ဆာငါးရပ်တွင် ယခုလောက၊ ယခုကာလ၌ ကမ္မဋ္ဌာန်း မဖြစ်နိုင်လော၊ ဖြစ်နိုင်လောဟူသော ပဌမပုစ္ဆာအဖြေကား—

(၁) ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟာရီဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
(သုတ်မဟာဝါဂါဠိတော်)

ယော၊ ရဟန်းရှင်လူ အကြင်သူသည်။ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌။ အပ္ပမတ္တော၊ မမေ့မလျော့ မဒေပါမစား ဝိပဿနာကမ္မဋ္ဌာန်းများကို အားထုတ်သည်ဖြစ်၍။ ဝိဟာရီဿတိ၊ (၃၇)ပါးသောအဆီအသား သိက္ခာသုံးပါးကို ငါဘုရားပရိနိဗ္ဗာန်ပြုသော်လည်း ကျင့်သုံး၍ နေလတ္တံ့။ သော၊ ထိုသူသည်။ ဇာတိသံသာရံ၊ ပဋိသန္ဓေ စွဲနေရစ်သော ခန္ဓာဖြစ်နည်း သံသရာကြီးကို။ ပဟာယ၊တံတွေးပေါက်သို့ထောက်မည်သာ ပယ်ခွာစွန့်ပစ်၍။ဝါတံတွေးပေါက်သို့မထောက်သာ ရုံရှာစက်ဆုပ် ပယ်ခွာဖျက်၍။ဒုက္ခဿန္တံ၊ ဒုက္ခ၏အဆုံး နိဗ္ဗာန်ကုန်းကြီးသို့။ ဝါ။ ဒုက္ခဖြတ်ကိန်း ဆင်းရဲပြိမ်းခြင်းကို။ ကရိဿတိ၊ ကရိကာဝိုးတက်ရ ပြုရလတ္တံ့။ဝါ။ ဤဘဝမှ စုတိကျသော် ဘဝမကူး နိဗ္ဗာန်မှုးကို ရလတံ့။

အဓိပ္ပာယ်ကား—သုံတွန်၊ ပိန်ည်း၊ အာဘိဓမ္မာဟု ဆိုအပ်သော ပိဋကသုံးပုံကို အကျဉ်းချုံးယူသော် ပေဝဓိပဂိုဏ်းတရား သုံးဆယ့်ခုနစ်ပါးရ၏။ ဤင်းပေဝဓိပဂိုယတရား သုံးဆယ့်ခုနစ်ပါးကိုအကျဉ်းချုံးယူသော် မဂ္ဂင်ရှစ်ပါးရ၏။ ဤင်းမဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံး၍ယူသော် သီလ၊သမာဓိ၊ပညာဟူသော် သိက္ခာသုံးပါးရ၏။ ထိုတြိဂုံ ပိဋကသုံးပုံမှ ဘဆိုသုတ်ရှိ အနုစ်ကိုယူသော် သိက္ခာသုံးပါးအာဘားကျ ရ၏။ဤင်းဧကဝိဓဂိုယတရား သုံးဆယ့်ခုနစ်ပါးကို သဒ္ဓိဟ်သမ္ပစ္ဆည်းပိုင်းမှာ ယူလေ။

ငါဘုရား ထင်ရှားရှိသောအခါ၌သာ မဟုတ်သေး၊ ငါဘုရား ပရိနိဗ္ဗာန်စံဝင်မြဲသော်လည်း သုတ္တန်၊ ဝိနည်း၊ အာဘိဓမ္မာ၌ ငါဘုရား ဟောတော်မူအပ်သော သိက္ခာသုံးပါးကို ကျင့်သည်ဖြစ်အံ့။ လူဖြစ်စေ၊ ရှင်ဖြစ်စေ၊ ရဟန်းဖြစ်စေ ငဲ့ညှာခန္ဓာနေရခြင်း၊ ပိုးခြင်း၊ နှားရခြင်း၊ သေရခြင်း၊ ပဋိသန္ဓေနေမြဲ၊ သေမြဲဖြစ်သော သံသရာကြီးကို မစင် တံတွေးပေါက်ကဲ့သို့ မထောက်မည်သာ စက်ဆုပ်ရွံရှာဖွယ်ဖြင့် ဝေးဝေးကြီး နောင်ဘဝသစ်မဖြစ်ရအောင်ပယ်၍ ထိုသို့အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲအပေါင်းတို့၏

ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ယခုဘဝမှ စုတိကျသော် ရောက်လတံ့။ ယခုဘဝ မရောက်သေးသော် ဒုတိယဘဝ၌ နတ်ပြည်သို့ ရောက်သဖြင့် ဓမ္မကထိကနတ်သား၏ တရားကို နာရသဖြင့်သော်ငင်း၊ မိမိဟာမိမိ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သဖြင့်ငင်း အရဟတ္တဖိုလ်ကိုရ၍ ပရိနိဗ္ဗာန် ပြုရလတံ့။ ဤကား အဓိပ္ပာယ်တည်း။

ထို့ကြောင့် ဤကဲ့သို့ဖြစ်ရအောင် ဖြစ်နိုင်အောင် ဝိပဿနာကမ္မဋ္ဌာန်းကို ကြပ်ကြပ်ကြီးအားထုတ်ကုပါ။ ဤပါဠိတော်၌ အပပမတ္တော ဟူသောပါဠိဖြင့် တဏှာ၏ အကြိုက်ဖြစ်သော အာရုံခြောက်ပါး ကာမဂုဏ်တရားတို့ကို လိုက်စားသဖြင့် မေ့မေ့လျော့လျော့ မနေပဲ ထိုတရားတို့ကို ပယ်၍ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ် ရပဲလျှံအဖြစ်ကို ပြတော်မူ၏။ ထိုကာမဂုဏ်တရားတို့ကို တင်းတင်းကြပ်ကြပ်မဖြတ်နိုင်ဖေးသော်လည်း မိမိတို့၏ အိပ်ရာတိုက်ဝန်းစသည်တို့၌ပင် နေညဉ့်မဟူ သင့်တင့်သော အချိန်အခွင့်ကိုယူ၍ အခွင့်ရသမျှ ကြပ်ကြပ်အားထုတ်ကုပါ။ဝိပဿနာကမ္မဋ္ဌာန်းသည် သွားယင်း လာယင်း လုပ်ကိုင်ယင်းမှာပင် အားထုတ်၍ဖြစ်နိုင်၏။ ထင်နိုင်၏။ မြင်နိုင်၏။ ထို့ကြောင့် ကြပ်ကြပ်အားထုတ်ကြရမည်။

ဒုက္ခသစ္စာ ကရိသတိ ဟူသောပါဠိဖြင့် ကမ္မဋ္ဌာန်းအားထုတ်၍ ဖြစ်နိုင်သောအဖြစ်၊ထင်နိုင်မြင်နိုင်သောအဖြစ်၊ မဂ်ဖိုလ်ဆိုက်နိုင်သောအဖြစ်၊ ပရိနိဗ္ဗာန်ပြုနိုင်သောအဖြစ်တို့ကို ပြတော်မူ၏။အဘယ့်ကြောင့်နည်း၊ဆင်းရဲအဆုံးကို ပြုနိုင်၏ဟု ဟော်တော်မူသဖြင့် ဆင်းရဲ၏အဆုံးသည် နိဗ္ဗာန်သာရှိသည်။ ထိုနိဗ္ဗာန်ကိုလည်း အရဟတ္တဖိုလ်မရဘဲ မဧရောက်နိုင်။ ထိုအရဟတ္တဖိုလ်ကိုလည်း အောက်အောက်မဂ်တို့ကို မရဘဲ မရနိုင်။ အောက်အောက်မဂ်တို့ကိုလည်း ဝိပဿနာကမ္မဋ္ဌာန်း မထင်မမြင်ဘဲ မရနိုင်။ထို့ကြောင့် ဝိပဿနာကမ္မဋ္ဌာန်းဖြစ်နိုင် ထင်နိုင်မြင်နိုင်သောအဖြစ်ကိုလည်း ပြတော်မူ၏ဟူ၍မှတ်။ အရင်းလဲသော် အဖျားထင်းဖြစ်ဟူသကဲ့သို့ကည်း။ ယို့ကြောင့် မဖြစ်နိုင်လော၊ ဖြစ်နိုင်လောဟု တွေးတောခြင်းသံသယမရှိကြဘဲ ယုံယုံကြည်ကြည် နှစ်နှစ်သက်သက် အားထုတ်ကြရမည်။

ယခုကာလ ငါတို့ဝမ်းတွင်းမြို့နယ်မှစ၍ အထက်နိုင်ငံ အောက်နိုင်ငံမျှားဌ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဖြစ်ကြ ထင်ကြ မြင်ကြသော ရဟန်းရှင်လူ ကိုယ်တွေ့ဗိဒ္ဒသုတတွေ့ အလွန်ပေါများကြ၏။ ဤကား ပဌမပုစ္ဆာ၏ အဖြေတည်း။

(၂) "ယခုကာလ ယခုဘဝ၌ မဂ်ဖိုလ်သို့ မဆိုက်နိုင်လော၊ဆိုက်နိုင်လော" ဟူသော ဒုတိယ ပုစ္ဆာ၏အဖြေကား--

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ။ တာသ ဒ္ဝိန္နံ ဖလာနံ အညတရံ ပါဋိကင်္ခံ၊ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။
(သုတ်မဟာဝါ။ မူလပဏ္ဏာသ၊ သတိပဋ္ဌာနသုတ် ပါဠိတော်)

ဘိက္ခဝေ၊သံသရာစက် တက္ကာလက်မှ ခွါထွက်ကြလို ငါထံခိုသည့် ရှင်မျိုး အများ အိုချစ်သားတို့။ ယောဟိ ကောစိ၊ ရဟန်းရှင်လူ အမှတ်မရှိသူသည်။ ဝါ။ ခပ်သိမ်းသူသည်။ သတ္တာဟံ၊ ခြောက်ရက်ကာကို့ ခုနစ်ရက်ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ သတိပဋ္ဌာန် လေးပါး ဤတရားတို့ကို။ ဧဝံ၊ ဤသို့ ငါဘုရားဟောတော်မူတိုင်း။ ဘာဝေယျ၊ နှေ့ရောညှဉ့်ပါ ဘယ်ခါမှနား ပွားများ အားထုတ်အံ့။ ဟာဿ၊ ထိုအားထုတ်သူအား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ကာလ ဤဘဝ၌ပင်လျှင်။ ဝါ၊ ဤဘဝ၌ပင်။ အညာ ဝါ၊ အရဟာတ္တဖိုလ် သည်လည်း။ ဝါ၊ ရဟန္တာသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတံ ။ ဥပါဒိသေသေ၊ ခန္ဓာကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ၊အနာဂါမိဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဤတိ၊ ဤသို့။ ဒ္ဝိန္နံ ဖလာနံ၊ ဖိုလ်နှစ်ပါးတို့တွင်။ အညတရံ ဖလံ၊ ဖိုလ်တပါးပါးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဝါ၊ လိုတိုင်းရအပ် မုချမှတ် လေတော့။

ဤပါဠိတော်ကိုနာကြားရကုန်သဖြင့် ဖြစ်လောက်အောင်၊ဆိုက်လောက်အောင် သတိဓိရိယထား၍ အားထုတ်ခဲ့လို့ရှိလျှင် ယခုဘဝ၌ပင် မင်္ဂဖိုလ်ဆိုက်နိုင်၏ဟု ယုံယုံကြည်ကြည် မှတ်သား၍ အားထုတ်ကြပါကုန်။

ပါဠိတော်မြတ်၏ အဓိပ္ပာယ်ကား—ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သာသနာ ထင်ရှား ရှိစဉ်အခါ၌ ရဟန်းဖြစ်စေ၊ ရှင်ဖြစ်စေ၊ လူဖြစ်စေ ငါဘုရားဟောတော်မူအပ်သော သတိပဋ္ဌာန်လေးပါးကို ငါ ဘုရား ဟောတော်မူသည့်အတိုင်း ခုနစ်ရက်ပတ်လုံး မအိပ်မနေပဲ အားဟုတ်သည်ဖြစ်အံ့၊ အရဟတ္တဖိုလ်ကို ရ၍ ရဟန္တာရင်လဲဖြစ်ရမည်။ရဟန္တာ မဖြစ်သေးလျှင် အနာဂါမိဖိုလ်ကို ရ၍ အနာဂါမ် ပုဂ္ဂိုလ်ရင်လဲ ဖြစ်ရမည်။ ဤနှစ်ပါးကို မုချ ရနိုင်သည်။ ချစ်သား ရဟန်းတို့၊ ငါဘုရားမရှိသော်လည်း ငါဘုရား ဟောတော်မူသော သတိပဋ္ဌာန်လေးပါးကို ဆရာသမားများထံ၌ နာခံမှတ်သား၍ အားထုတ်ရစ်ကြ ချစ်သားတို့။

ထိုစကားရပ်၌ ဥက္ကဋ္ဌတညူပုဂ္ဂိုလ် ၁၊ ဝိပဋ္ဌိတညူပုဂ္ဂိုလ် ၁၊ နေယျပုဂ္ဂိုလ် ၁၊ ပဒပရမပုဂ္ဂိုလ် ၁-ဟူ၍ ဇလေးမျိုးရှိ၏။သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံ တရားမမှကို ဟောတော်မူရာ အကျဉ်း သဒ္ဓါပ ဥဒ္ဒေသစကား၏ အဆုံး မင်္ဂဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်သည်

ဥဿဒိတည္ဟူပုဂ္ဂိုလ် မည်၏။ အကျဉ်းသဧခ်ပ ဥဒ္ဒေသမျှနှင့် မဂ်ဖိုလ်ကို မရနိုင်သေး၊ အကျယ် ဝိတ္ထာရအားဖြင့် ဖွင့်ပြဝေဖန်၍ ဟောတော်မူမှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်သည် ဝိပဉ္စိတည္ဟူ ပုဂ္ဂိုလ် မည်၏။

အကျဉ်း အကျယ်အားဖြင့် ဟောတော်မူသော်လည်း ဒေသနာအဆုံး၌ မဂ်ဖိုလ်ကို မရနိုင်သေး။ ထိုဒေသနာကို ကြားနာ ဆောင်ရွက် လေ့ကျက် မှတ်သား၍ ထားပြီးလျှင် ထိုဒေသနာ လာရှိတိုင်းသော တရားကို နေ့ရက်၊ လ၊ နှစ်များစွာ ကျင့်ကြံပွားများအားထုတ်မှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်သည် နေယျပုဂ္ဂိုလ်မည်၏။ ဤပါဠိတော်၌ နေယျ ပုဂ္ဂိုလ်ကိုသာ လိုအပ်၏။ ဤပုဂ္ဂိုလ်သည် ဗီရိယအာယက်အနုံ့သို့ လိုက်၍ ခုနစ်ရက်၊ တလ၊ တနှစ်မှ အနှစ်သုံးဆယ်၊ ခြောက်ဆယ် စသည်ဖြင့် များစွာရှိ၏။ ဝီရိယ အလွန်နုံ့သော်ငင်း၊ ဝိပဿနာကို အားမထုတ်သော်ငင်း ဤဘဝမှာ မဂ်ဖိုလ်ကို မရနိုင်တော့ပြီ။ နောင် သံသရာ၌ မျှော်လေ၏။ ထို့ကြောင့် ဗီရိယကို မလျှော့ကြပါနှင့်၊ ကြပ်ကြပ် အားထုတ်ကြပါ။ ထက်သော ဝီရိယနှင့် အားထုတ်သော်လည်း ယခုဘဝ၌ မဂ်ဖိုလ်ကို မရနိုင်သေး၊ မဂ်မျိုးစေ့သာ ဖြစ်နိုင်သော ပုဂ္ဂိုလ်သည် ပဒပရမပုဂ္ဂိုလ်မည်၏။

ဤပုဂ္ဂိုလိသည် ဝိပဿနာကို ဤဘဝကကြပ်ကြပ်အားထုတ်လျှင် ဒုတိယဘဝ၌သော်ငင်း၊ တတိယဘဝ၌သော်ငင်း၊ နေယျပုဂ္ဂိုလ် ဖြစ်၍ ယခု ဘုရားသာသနာတော်၌ပင် မဂ်ဖိုလ်ကို ရလတံ့၊ ထို့ကြောင့် အားမလျှော့သင့်။ ဤသို့ ပါရမီအားနည်းသည် နုသည်ဖြစ်၍ ပါရမီအားကြီး၍ ရင့်ကျက်သော နေယျပုဂ္ဂိုလ်မျိုးကို ရအောင် ပဒပရမပုဂ္ဂိုလ် ဖြစ်လေလေ၊ ဝိပဿနာအလုပ်ကို ကြပ်ကြပ် လျင်လျင် မြန်မြန် အားထုတ်သင့်လေလေဟု သတိပြုကြကုန်လော့။ ယခုကာလ၌ နေယျပုဂ္ဂိုလိနှင့် ပဒပရမပုဂ္ဂိုလ်သာ ရှိတော့သည်ဟု ဆိုရန် ဖြစ်၏။ ထို့ကြောင့် ဆိုခဲ့ပြီးသော အတိုင်း ဖြစ်နိုင် ရနိုင်ပါသေးသည်။ သာသနာတွင်းဟူက မဂ်ဖိုလ်ကိုရနိုင်သော ခေတ်ချည်းသာတည်း။ ပိဋကသုံးပုံ ရှိသမျှ မဂ်ဖိုလ် ရနိုင်သည်သာတည်း။ ထို့ကြောင့် ယခုကာလ ယခုဘဝ၌ မဂ် ဖိုလ်ကို ဆိုက်နိုင် ရနိုင်၏ဟု မှတ်။

(၃) ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။
(သုတ်မဟာဝါပါဠိတော်)

သုဘဒ္ဒ၊ ချစ်သားသုဘဒ်။ ဣမေ ဘိက္ခူ၊ ငါဘုရား၏ သုံးပါးသော သာသနာ၌ ခိုဝင်လာထမ်း ကျင့်မည်မှန်းသည့် ရှင် ရဟန်းတို့သည်။ သမ္မာ၊ ဝိနည်းအလျောက် မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ။ ဝိဟရေယျုံ၊ အလိုမသည်း

ပစ္စည်းမခင် ခုတင်လေလော သမဓ ဝိပဿနာကို အခါခါအားထုတ်၍ နေ့ကုန်ငြားအံ့။ လောဓကာ၊ လောကသည်။ ဝါ၊ လောကမှာ။ အရဟန္တေဟိ၊ ရဟန္တာတို့ဖြင့်။ ဝါ၊ ရဟန္တာတို့မှ။ အသုညော၊ မသုဉ်း မဆိတ်သည်။ ဝါ၊ ဘယ်ခါ မပြတ် ထပ်ကာထပ်ကာ ပေါ်များရှိလာသည်။ အာဿ၊ ဖြစ်ရာ၏။

ဤပါဠိတော်ကို အဖန်ဖန်စဉ်းစား၍ သတိထားတော်မူကြပါ။ လင်္ကာပေသလ သိင်္ဂါကာမ သီလဝန္တ အစရှိ ဖြစ်တော်မူကြသော သူတော်ကောင်းအပေါင်းတို့။

အဓိပ္ပာယ်ကား—ချစ်သား သုဘဒ္ဒ၊ ငါဘုရား၏ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဟု ဆိုအပ်သော သုံးပါးသော သာသနာ၌ သဒ္ဓါ ယုံကြည်သဖြင့် ရှင်ရဟန်း ပြုကြသောသူတို့လည် ရှင်ပြုမည့်ဆဲဆဲ ဆရာဘုန်းတော်ကြီးထံ၌ သက်နိုးတောင်းစဉ်ကပင် သကာလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာန သာ့စွဲ-ကရဏတ္တာယ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်ပါရခြင်း၊ အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ တပည့်တော်ကို ရှင်သာမဏေ ပြုတော်မူပါဘုရားဟု စကားပဋိညာဉ် ခံဝန်ချက် ထားသည် တချက်၊ သက်နိုးဝတ်ပြုဆောအခါ၌လည်း ဘဒ္ဒန္တ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနဖွဲ့ဘယ ပဉ္စဒဲ့ ယာစာမိ၊ အနုကမ္ပံ ဥပါဒါယ။ အရှင်ဘုရား၊ ပါပည်တော် သည် သံသရာဝဋ်ဆင်းရဲအဖေါင်းမှ ကွာကြောင်းအကျိုးငှာ ရှင်သာမဏေ ပြုတော်မူပါဘုရားဟု စကားပဋိညာဉ် ခံဝန်ချက် ထားသည်တည်း မည်၏။

ရဟန်းမံမည့်ဆဲဆဲ သိမ်၏အဘွင်းဝင် ဥပဇ္ဈာယ်ဆရာ ကမ္မဝါဆရာမှစ၍ သံဃာတော်များအား ဝတ်ကို သံသံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ဥပဇ္ဈာယ် ကမ္မဝါ သံဃာအများ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ရဟန်းအဖြစ်ကို ပေတော်မူပါဘုရား။ အရှင်ဘုရားတို့၊ သံဃာတော်သည် ဘုရားဟ ပြုစောင့်ကို သံသရာဝဋ်ဆင်းရဲ၌ တစဲလည်လည် အတည်မကျနစ်မွန်းရမည်ကို သနားထောက်ညှာသဖြင့် သံသရာဝဋ်ဆင်းရဲ ဝစက်ခလုတ်မှ ထုတ်နုတ်ကယ်တင်၍ ဆောင်ပြင်နိဗ္ဗာန်သို့ပို့ဆောင်တော်မူပါဘုရားဟု စကား ပဋိညာဉ်ခံဝန်ချက်ရှိသည်လည်း ထုံးချက်။

ဤကဲ့သို့ ဘုရားတပည့်တော်သည် သံသရာကို ကြောက်ပါ၏။ လွတ်ချင်ပါ၏။ လွှတ်အောင် ထွက်မြောက်အောင် ကျင့်ပါမည် ဘုရားဟု ရှင်ပြုမည့်ဆဲဆဲက နှစ်ကြိမ်၊ ရဟန်းပြုမည့်ဆဲဆဲက တကြိမ်၊ ပဋိညာဉ် ခံဝန်ချက်ကြီး သုံးကြိမ်ထားပြီးမှ ရှင်ရဟန်းဖြစ်သည်နှင့်အညီ ပါရာဇိကာ၊ သံဃာဒိသိသ် စသော

အာပတ်တို့ကို မကျူးမလွန် မကျုံ့ပဲပေါက်စေရပဲ ခုတင်အစရှိသော ကျင့်ဝတ်တို့ကိုဆောင်လျက် သမထ ဝိပဿနာတို့ကို အထမငြိမ်အောင်းအားထုတ်၍ နေကြသည်ဖြစ်အံ့။ ဗလာကဋ္ဌ ဂဟန္တာတို့သည် ဘယ်အာဒါမျှ မဆိတ်နိုင်ရာ၊ မပြတ်နိုင်ရာ၊ ထပ်ကာထပ်ကာ ပေါ်မျှားရှိသော လာကြကုန်လတ္တံ့၊ ဤကား အဓိပ္ပာယ်တည်း။

ဤပါဠိတော်ကို ယောက်သဖြင့်လည်း ယခု ဗလာက ယခုကာလဋ္ဌ ကမ္ဘာ့နှာန်းကို သတိဝိရိယထားရှိ အားထုတ်ကြလျှင် ဖြစ်နိုင်၏။ ထင်နိုင်၏။ မဂ်ဖိုလ်ဆိုက်နိုင်၏ဟု သန္နိဋ္ဌာန်ကျ မှတ်ကြ။

ယခုကာလဋ္ဌ သူဘုရားတို့သမျှတို့သည် ဤပါဠိတော်မြတ်ကိုလည်း သတိမထားမိကြ၊ မိမိတို့ ပဋိညာဉ်ခံဝန်ချက်ကိုလည်း ဖဒ္ဒရားတ်ခေမှမိကြ၊ သံဃရာကိုလည်း မဂ်ကြာက်၍ မိမိတို့စိတ်ထင်တိုင်းသာ ပြုလို ကုပြု၊ လုပ်ချင်တိုင်းလုပ်၊ ခြုပ်ချင်တိုင်း ခြုပ်ဆို၍ နေမိမည်ကို စိုး၍ ဒေါသကိထားရှိ သူသူငါငါမှစ၍ သံဃာနုဿတိ သံသာနုဿတိဟု ဒေဝဒတ်ဖန်စီးရန်ထင်ခြင့် နှလုံးသွင်းကြသည်အတိုင်း အရိယာဒုယ်ဝင် သံဃာတော်ဂုဏ်ဖြတ်တို့သည် ပင်ကိုယ်ကပင် အာနုဿတိဂုဏ်ဝင် ကမ္ဘာ့နှာန်းကောင်ပင်မိမိတို့ဖြစ်နေသည်ကို သိတော်မူကြသဖြင့် သမထ ဝိပဿနာ ဝိပဿနာ ကမ္ဘာ့နှာန်းတို့ကို မိမိတို့ကိုယ်တိုင် ကြိုးပမ်းအားထုတ်ကြပြီးလျှင် တပည့်ဒါယကာ ဒါယိကာမ တို့အားလည်း ကောင်းမှုနှစ်ခု အားထုတ်နိုင်လောက်သော စေတနာဖြစ်ပေါ်လာအောင် ဟောပြောသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် မိမိတို့သည် သံသရာကထွက်လို၍ ရှင်ရဟန်းပြုစဉ်ကပင် ဂန္ထဓုရကိုရှိသည့်အတိုင်း ဘာဝနာတရားမျှားကိုအားထုတ် သင့်သောကြောင့်ပေတည်း။ ထိုသက်နှံးတောင်းစသော ဥလ္လမ္ဘဝုဟ္ဓသော ပါဠိတော်ဝန်စံချက်ကြီးမျှားသည် ဂင်္ဂါဝါဠု သဲစုမက ပွဲတော်မှုကျသော ဘုရားရှင်တို့၏ သာသနာတော်တည်မြဲသော အခါကာလမျှားဦး သံသာရ ဘီရုကဖြစ်သော သာသနာဝင် ရှင်ရဟန်းတို့၏ ဝန်ခံမြဲဖွယ်ရှိယာမအစဉ် ပါဠိစကားမျှားပင်တည်း။ ထိုယို့ သံဃရတ္နထက်လို၍ သာသနာဝင်ကြပေသူ ရှင်ရဟန်းတို့သည် ပဋိညာဉ်အချက်ကို ပျက်ကွက်ခြင်းမပြစ်ဧကန္တ၍ သတိကူးကာ သမထ ဝိပဿနာတရားမျှားကို အားထုတ်ကြသင့်ပေသည်။

ဤသို့ ဆိုခဲ့ပြီးသောအတိုင်း မိမိကရွေးဦးစွာ ကောင်းမြတ်သော သီလ ခုတင် သမထဝိပဿနာ တရားမျှားကို ကျင့်သုံး နှလုံးသွင်း ပွားများအားထုတ်ပြီးလျှင် နောင်လာနောက်သား တပည့်မျှားကိုလည်း မိမိနှင့်ထပ်တူ နည်းယူကျင့်ကြံ အဖန်ဖန်ပွားများ အားထုတ်ကြပါအောင် တိုက်တွန်းနှိုးဆော် ဆုံးမစေခြင်းငှာ မြတ်စွာဘုရားက ဟောကြားမိန့်မှာတော်မူခဲ့သည်မှာ—

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ နကိလိဿယျ ပဏ္ဍိတော။

(ဓမ္မပဒ ပါဠိတော်)

ပဏ္ဍိတော၊သီလခုတင် ဖြူစင်လေ့လာ သမထဝိပဿနာ နှစ်ဖြာကမ္မဋ္ဌာန်း ကြိုးပမ်းလုံ့လ အားထုတ်လှ၍ ပဏ္ဍိတမည်ခေါ် သူတော်ပညာရှိသည်။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ သူတပါးကို သင်ဆိုဟောပြ မဆုံးမခင် အလျှင်ရှေးဦးစွာ။ ပတိရူပေ၊သင့်လျော်လျောက်ပတ် ကောင်းမြတ်ပါလှ သီလခုတင် အစဉ်ပွားရာ သမထ ဝိပဿနာ၌။နိဝေသယေ၊ ဆုံးမပဲ့ပြင် ဖြူစင်လေ့လာခါခါပွားများ ယုံကြည်စွာ သွင်းထားရာ၏။ အထ၊ ထိုသို့ မိမိကိုယ်ကို သင်ဆိုဆုံးမ လိမ်မာလှပြီးသည်နောက်မှ။ အညံ၊ လိမ်မာလိုဘိ မိမိထံ နိယံမပြတ် ဆည်းကပ်ကိုးကွယ် လူငယ်နောက်သား တပည့်ဒါယကာ ခမျာအများကို။ အနုသာသေယျ၊ မေတ္တာရှည်ဥန်း တိုက်တွန်းပဲ့ပြင် အားထုတ်ချင်အောင် သွန်သင်ဆုံးမ ထင်မြင်စေကြောင်း ကောင်းကောင်းကြီးပြရာ၏။ နကိလိဿယျ၊ မိမိသူတပါးအတွက် စိတ်ပျက်နောက်မှား ညစ်ညူးပူပန်ခြင်းသို့ မရောက်ရာ။

ထိုပါဠိတော်မြတ်နှင့် အညီ အကြီး ဥက္ကဋ္ဌ ပို့လုပ်ကြသူ သူငါမှစ၍ မကောင်းသော အမူအရာများကို ပယ်ရှားလျှင် ကောင်းမြတ်သော သီလ ခုတင် သမထ ဝိပဿနာများကိုသာ ကောင်းစွာ နှလုံးပိုက်၍ နေထိုက် လှပေသည်။ ဤသို့ ဆိုခဲ့ပြီးသော ပါဠိတော်များကို ဆင်ခြင်ထောက်ထား ဝင်စားမိသဖြင့် သတိသံဝေဂရ၍ ဘုန်းကြီးသည် အိပ်၍ နံနက်ထသောအခါ ဤကဲ့သို့သော အမူအရာတွေကို အောက်မေ့မိသဖြင့် သြော်မှားလေစ့၊ မှားလေစ့။ ဤကဲ့သို့သော အမူအရာတို့သည် အလွန်ကြောက်ဖွယ် လန့်ဖွယ်ကြီးတွေ ပါကလားဟု မျက်ရည်ယိုကျ ကြက်သီးမွေးညင်းထပြီးလျှင် ကြောက်အားကြီး လန့်အားကြီး နှင့် ရီးတီးယောင်တောင်ဖြစ်၍ ဤဆိုလတံ့သော ဥဒါန်းလင်္ကာကို ရွတ်မိပေသည်။

(၁) နင်၏ဖြစ်ထွေ၊ နင့်အနေ။ နင်လေ မသိရှာ။
(၂) နင်မသိက၊ နင်မိုက်လှ၊ မောဟ အဝိဇ္ဇာ။
(၃) နင်၏မိုက်စ၊ မဖြတ်က၊ ဘယ်မှ အဆုံးရှာ။
(၄) ဘယ်မဆုံးစွ၊ ဖြတ်သင့်လှ၊ ဘဝ ဤအခါ။
(၅) သာသနာနှင့်၊ နင်ကြုံသင့်၊ ဖြတ်ခွင့် နင်၏တာ။
(၆) တွင်တွင်ဖြတ်က၊ ချမ်းသာရ၊ လောကဥတ္တရာ။

ဥဒါန်းလင်္ကာပြီး၏။

"နင်၏ဖြစ်ထွေ နင့်အနေ နင်လေမသိရှာ" ဟူသောလက်ာ၏အဓိပ္ပာယ်ကား—မိမိမိုက်သည်၏အဖြစ်ကို မိမိမသိ မလိမ်မာသည်၏အဖြစ်၊ မိမိသီလ မလုံသည်၏အဖြစ်၊ မကျင့်ချင်သည်၏အဖြစ်၊ မိမိလောဘ ဒေါသ မောဟ ကွဿာမစ္ဆေရကြီးသည်၏အဖြစ်၊ မိမိ သံသရာမှ မလွတ်ချင်သည်၏ အဖြစ်၊ သံသရာမကြောက်သည်၏အဖြစ်ကို မိမိ မသိနိုင်လေ။ ငရုတ်သီးထဲနေသောပိုးသည် ပူမှန်း မသိသကဲ့သို့တည်း။ သတိထားကြပါ။ သံသရာကြောက်မှ သူတော်ကောင်းတရား ကမ္မဋ္ဌာန်းများကို ကျင့်နိုင်သည်။ သူတော်ကောင်းတရားကို ကျင့်နိုင်၊ အားထုတ်နိုင်မှ သံသရာမှလွတ်နိုင်သည်။ ဗုဒ္ဓဘာသာလူမျိုးမှန်က ကမ္မဋ္ဌာန်းကိုလည်း ယုံကြည်ရမည်။ သာသနာတော်ကိုလည်း ယုံကြည်ရမည်။ နှစ်သက်ရမည်။ သံသရာကိုလည်း ကြောက်ကြရမည်။ သူတော်ကောင်းတရား ကမ္မဋ္ဌာန်းများကိုတော့ မိမိတို့ခံစားနေကျ ကာမဂုဏ်လောက်မှ မယုံကြည် မနှစ်သက်ကြ၊ ခွေးကိုက်မှာလောက်မှ သံသရာကို မကြောက်ကြကုန်။ ထို့ကြောင့် ကြပ်ကြပ် သတိထားကြပါ။

ဥယျောဇဉ်ဂါထာ

ဣစ္ဆိတာရမွဏံ ဂိဒ္ဓါ၊ န သဒ္ဓမ္မံ ရုစန္တိဓ။
သံသာရံ သာဒုံသာ ဘီတာ၊ ဗုဒ္ဓဘာသာယ ဝတ္တာပိ။
တသ္မာ ဟိ မေဝ ဘီတျာဒီ၊ ဂကျောယျုံ မေတမေသနာ။
(ပထျာဝတ္တ တတိယ မကာရ ဝိပုလာ)

ဗုဒ္ဓဘာသာယ၊ ဘုရားစစ်ကြည်ညို နဂိုရိုးရာ ကြိမ်ကြိုက်လာ၍ ဘာသာဟကာတို့ထက် ထက်မြက်လွန်ကဲ မွန်မြတ်လှစွာ ဗုဒ္ဓဘာသာလူမျိုး၌။ ဝတ္တာပိ-ဝတ္တအပိ၊ အဟုတ်အစစ် တကယ်ဖြစ်ကြငြားသော်လည်း။သံသာရံ၊ ဘဝများစွာကမ္ဘာထိုထိုအဟိုမစဲ မျောမြဲမျော၊ မြုပ်မြဲမြုပ် အဟုတ်ကြောက်စဖွယ်ကြီးကျယ်လှစွာ သံသရာကြီးကို။ သာဒုံသာ၊ စိုက်စိုက်သွားရာ နောက်ကလိုက်လာခွေးကိုက်မှာလောက်။ န ဘီတာ၊တကယ့်အဟန် စိတ်ကြံဖန်၍ အမှန်ထိုလောက်မကြောက်ကုန်ဘူးလေ။ ဣဓ၊မျက်မှောက်ပျော်ရွှင် ယခုလောကကြီး၌။ ဣစ္ဆိ-တာရမွဏံ၊ သားမယားစသား ဝတ်စားတန်ဆာ တဏှာအမိုက် မိမိကြိုက်ရာကိလေသာဖြစ်မှု မီးစာစုတရား အာရုံများကို။ ဂိဒ္ဓါ၊ မက်မက်မောမော ရက်ရောနှစ်ခြိုက် အသိုက်ကောင်းကြီး ကိုယ်ကျောင်းကြီး ထင်ကြ စလောက်မှု။ သဒ္ဓမ္မံ၊ သူတော်ကောင်းခွင့် ကျင့်ဘို့စဉ်ထား နိုင်မာန်သွားရာ သေချာအဟုတ် အလုပ်ပဲပဿနာ ရှုရာသင့်ငြား သူတော်ကောင်းတရားကို။ န ရုစန္တိ၊ ဇာစ်ဇာစ်မြစ်မြစ် တစ်တစ်ခွဲခွဲ စိတ်ရှုရှုနှင့် မယုံကြည် မနှစ်သက်ကြကုန်ဘူးလေ။ ဟိ၊ နှီးဆော်လိုက်ဦးအံ့။ တသ္မာ၊ ထိုသို့ ခွေးကိုက်သလောက် မကြောက်သံသရာ

ကာမဂုဏ်သွင် မခင်သူတော်တရား မဖြစ်ငြားသောကြောင့်။ တေမေသနာ၊ ထိုသူတော်တရား ရှာလိုအားသောသူတို့သည်။ ဤခေတ၊ ဤ ဘုရားသာသနာတော်၌သာလျှင်။ ဘိတျာဒိ်၊ သံသရာကြောက်လန့်ဖွယ်ကို။ ဂဏှော်ယျှ်၊ ရဂ သမ္မ အားထုတ်ကြ၍ ယူလိုက်ကြကုန်ရာ၏။ဝါ၊ ယူလိုက်ကြပါကုန်လော့။

"နင်မသိက နင်မိုက်လှ မောဟအဝိဇ္ဇာ" ၏ အဋ္ဌိပ္ပာယ်ကား— မသိဟူသည် အမိုက်ပင်ဖြစ်၏။ အမိုက်ဟူသည် မောဟပင် ဖြစ်၏။ မောဟဟူသည် အဝိဇ္ဇာပင် ဖြစ်၏ဟူလို။

"နင်၏မိုက်စ၊ မဖြစ်က၊ ဘယ်မှမဆုံးရာ" ဤမိုက်လက်စကို ဖြတ်ရင်ဖြတ်၊ မဖြတ်လျှင် နောင်ကိုလည်း မိုက်မြဲမိုက်၍နေသဖြင့် ပစ္စည်းအဆက်ဆက်ရ၍ မိုက်လက်စ မပြတ်နိုင်၊ ဖြတ်က ပြတ်မြဲတည်း။

"ဘယ်မဆုံးစ့၊ ဖြတ်သင့်လှ၊ ဘဝ ဤအခါ။" "သားသနာနှင့်၊ နင်ကြိုသင့်၊ ဖြတ်ခွင့် နင်၏တာ" မဆုံးနိုင်သည့် အမိုက်တွေကိုသာ ဘဝတိုင်း ဘဝတိုင်း လိုက်စား၍ လာကြသည်ကား ဂဂ်ါဝါဋ္ဌ၊ သဲစုမက ဟိုဘက်နားကပင် ဝသ့် လှပြီ၊မုန်းသင့်လှပြီ၊ဖြတ်သင့်လှပြီ၊ဘုရားသာသနာထင် ရှားရှိစဉ် လူဘဝ၊ရှင်ဘဝ၊ ရဟန်းဘဝကိုရပါလျက်၊ အနိစ္စ ဒုက္ခ အနတ္တတည်းဟူသော လက်နက်ကြီးသုံးခု ရှိပါလျက်နှင့် ပဖြစ်ကြသောသူတို့မှာ သာသနာတော်၏ တာဝကူယ်၊ မိမိ၏ တွက်တာသာဟုသည်း။ ထို့ကြောင့် ကြိပ်ကြပ်ဖြတ်ကြရမည်။

ခဲ့ခဲ့လို့ကဲ့ဒုံ့။ လောကဌ် ပြည့်ထောင်မပေးတို့သည် ဝိဝိ ပြည့်စုံ၊ ပြည့်နှားဌ် ဗမြသူယို့ ဂျမ်းသူပုန်ထသော်ငင်း၊ တပါးသောမပေးတို့က ဂျူယက် ဖျက်ဆီးမည်လာသောဖေခါဋ္ဌဂင်း၊ ရဲမက်စဖ်သာ ဗိုလ်ပါမျှားကို့ကို သေနတ် ဗိုးစိန် အဓမြောက်၊ မီးကျောက်၊ ခဲယမ်း၊ ဓား လံ့ လေ့ မြားစသော ဂက်နက် ဆင်မြင်း စသည်တို့ကို စုံလင်စွာပေး၍ မည်သည့်အရပ်၊ မည်သည့်တန်း၊ မည်သည့်ရွာက စစ်တပ်တဲ့နှန်း ထိုးမြှောပေးရပည်။ မည်သည့်အရပ်၊ မည်သည့် တန်း၊ မည်သည့်ရွာက စားနပ်ရိက္ခာလုံလောက်စွာ ထောက်ရမည်ဟု အပ်နှံတော်ဖ ထားပြီးလျှင် မောင်မင်းရဲမက် စစ်သားများက အားထုတ်၍ တိုက်မှမည်ဟု စေတော်မူသောအခါ အလုံးစုံသော သူတို့သည် မဖောက်မယွင်း အာဏာကို မဆန့်ဝံ့ဘဲ ပြုလုပ်ဆောင်ရွက် တိုက်ဖျက်ကြ၏။ အာဏာကို ဖီဆန်သော ရပ်သူ ရွာသားဃသည်တို့ကို အမျိုးမျိုးသော ဒဏ်ထားခြင်း၊ အသက်ကို သော်လည်း ဆုံးရှုံးအောင် စီရင်ခြင်းကို ပြု၏၊ ရဲမက်စစ်သားများကား သည်း နိုင်ငံအောင်မတိုက်၍ ရှုံးခဲ့သော် အားလုံးကုန် မီးလောင်တိုက်သွင်း၏။

ထို့အတူ ရောင်ခြည်တော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလူ့ထွတ်ထား မြတ်စွာဘုရားကြီးက ဆွမ်း သင်္ကန်း ကျောင်း ဆေး

ဟုဆိုအပ်သော စားနပ်ရိက္ခာ အဝတ်တန်ဆာ အိပ်ရာနေရာနှင့်တကွ ကိလေသာကို တိုက်ဖျက်ရန် အာနာပါနစသော သမထကမ္မဋ္ဌာန်း၊ အနိစ္စ ဒုက္ခ အနတ္တတည်းဟူသော ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အပြည့်အစုံ ထားတော်မူခဲ့သည်။ ကိလေသာတိုက်ဖျက်ရန်မှာ ရဟန်းတို့၏တာ။ ပစ္စည်းလေးပါးမှာ ဒါယကာ ဒါယိကာမများ၏တာ။ ဥပမာ ဥပမေး ဟပ်ပုံကား မြတ်စွာဘုရားနှင့် မင်း။ ရဟန်းတော်များနှင့် ရဲမက်စစ်သား။ ဆရပ်သူဆရပ်သား ရွာသူရွာသားနှင့် ဒါယကာ ဒါယိကာမများ။ အပါယ်ကျောက်မှုန့်နှင့် ဒဏ်ထားမှု၊ မီးလောင်တိုက်သွင်းမှု။ ကိလေသာနှင့် ရန်သူ။ ကမ္မဋ္ဌာန်းနှင့် လက်နက်။ ဟပ်လေ။

ပြဆိုခဲ့ပြီးသော ဥပမာကို စဉ်းစားသတိထားကြကုန်လော့၊ မစဉ်းစားသည့်အတွက် သံသရာ ရှည်လျားသည်။မစဉ်းစားသည့်အတွက် ဖြောမှား ဆိုမှားတတ်ကြသည်။ သူ၏အကြောင်းကို ကောင်းကောင်းမသိခင်က အပြစ်ဆိုတတ်ကြသည့် မှားလေစ့။ မစဉ်းစားသည့်အတွက် ဒုစရိုက်အမှုတို့ကို ပြုမိတတ်သည်။ အပါယ်လေးပါးသို့ ကျတတ်သည်။ဆင်းရဲဒုက္ခ များတတ်သည်။ သတိထားသင့်လ၏။

မိမိနှင့်တကွ ကပည့်သား ဒါယကာ ဒါယိကာမများ လိမ္မာဘို့ သံသရာကြောက်ဘို့ ရဟန်း၏ တွက်တာ၊ ပစ္စည်းလေးပါးမှာ ဒါယကာ ဒါယိကာမများ၏ တွက်တာ။

ဆိုအပ်ခဲ့ပြီးသော စကားစုကို ကြပ်ကြပ်စဉ်းစားသတိထား၍ ကြပ်ကြပ်ဖြတ်ကြ၊ ကြပ်ကြပ်အားထုတ်ကြပါ။ သူငါမှစ၍ အအုပ်ကြီး အချုပ်ကြီး ဆရာကြီးလုပ်သူတို့က ဖြောင့်မှန်စွာ ကျင့်နိုင်မှ ကပည့်ဒါယကာ ဒါယိကာမများတို့ကလည်း အနုဂတိ၊ အနုဝတ္တက အတုလိုက်ကြသဖြင့် ကျင့်နိုင်ကြမည်။

ဥယျောဇဉ်ဂါထာ

ဥက္ကဋ္ဌာ သုဒ္ဒရာယော၀၊ သေသာပိ အနုဝတ္တကာ။
နဥက္ကဋ္ဌာ နဝတ္တကာ၊ ကသ္မာ တေတိ၀ သုဒ္ဒရာ။
ဥဇုံ နေတ္တာ ဂတော ယန္တိ၊ သဗ္ဗာ သေသာ ဂါ၀ဲ၀ါ ယထာ။

လောကော၊ လူရဟန်းရှစ် လောကတခုပ်ဠိ။ ဥက္ကဋ္ဌာ၊ ဦးစီးအချုပ်အကြီးလုပ်သူတို့က။ သုဒ္ဒရာယော၀၊ လောကီ လောကုတ် မယုတ်စေရ အလွန်ကောင်းကြမှသာလျှင်။ သေသာပါ၊ နောက်လိုက်ငယ်လူ အကြွင်းသူတို့ကလည်း။ အနုဝတ္တကာ၊ ကြိုးသူကိုရှု အတုလိုက်ကြ၍။ သုဒ္ဒရာ၊ လောကီ လောကုတ္တရာ

နှစ်ဖြာမယုတ် အဟုတ်ကောင်းကြကုန်၏။ ဥက္ကဋ္ဌ၊ ဦးစီးအချုပ်အကြီးလုပ်သူတို့ကမှ။ နာ သုဒ္ဓရာ၊ မကောင်းကြကုန်မူကား။ ဝတ္တကာ-အနုဝတ္တကာပင်၊ ကြီးသူ့မူဟာန် ငုံစံကိုရှု အတုလိုက်ကြ ငယ်သူတို့ကလည်း။ နာ သုဒ္ဓရာ၊ မကောင်းကြကုန်။ တသွဲ့ဘ၊ထိုသို့ ဆိုပြီးဥဿုံ အလုံးစုံတို့ကြောင့်။ တေ၊ ထိုဦးစီးအချုပ် အကြီးလုပ်သူတို့က။ အတိဝ၊ ငယ်သူတို့မဖက် ဆတက်ထောင်ရာ မကသာ၍သာလျှင်။ သုဒ္ဓရာ၊ လောကီလောကုတ္တရာ နှစ်ဖြာကျိုးရှိ သတိကြီးထား ဖန်စဉ်းစား၍ များများကြီး ကောင်းလိုက်ကြပါကုန်လော့။ ယထာ၊ နွိုင်းယှဉ်စရာ ပမာစံပြုတန္တုပုံစံကား။ နေတွေ့၊ နွာအပေါင်း၏ ခေါင်းစီးရွေဆောင် နွားလားကြီး တကောင်က။ ဥဇုံ၊ မကောက်မရွဲ့ တည့်တည့် ဖြောင့်ဖြောင့်။ ဂတေ၊ ခွာစဉ်သယ်၍ တကယ်သွားသော်။ သေသာ၊ ကြွင်းကုန်သော။ သမ္မာ၊ အလုံးစုံကုန်သော။ ဂါဝေါ၊ နွားမ နွားငယ် နွားသိုးရွယ်တို့က။ ယန္တိ၊ခြေလှုမ်းခွာစဉ် အတွင်နောက်က လိုက်ပါကြကုန်၏။ တထာ၊ ထိုဥပမာ ပုံစံကဲ့သို့တည်း။

"တွင်တွင်ဖြစ်က၊ ချမ်းသာရ၊ လောကဥတ္တရာ" လောကဥတ္တရာကား က- ကို နောက် ဥ- သို့ ကပ်သော် လောကုတ္တရာဖြစ်၏။ ယို့ကြောင့် လောကီလောကုတ္တရာ နှစ်ပါးလုံးယူ။ အဓိပ္ပာယ်ကား လောကမှာ ဘယ်ဝတ္ထု၊ ဘယ်ပစ္စည်းမဆို မဖြတ်နိုင်က လိုရာသို့မရောက်နိုင်။ ဖြတ်မှသာ လိုရာသို့ ရောက်နိုင်၏။ ကျောင်း အိမ်စရပ်တို့သည် သစ်ပင်မှ တိုင်စသည်ကိုမဖြတ်ခဲ့အံ့။ ယို့ထိုအရပ်သို့ မရောက်သဖြင့် ချမ်းသာစွာ မနေရကုန်။ ဒါယကာတို့က ပစ္စည်းကို မဖြတ်ခဲ့အံ့။ ဘုန်းကြီးများ ကျောင်းမထိုင်ရပြီ။ ဖြတ်သောကြောင့်သာ ကျောင်းကောင်းကြီး ဂူကောင်းကြီးတို့၌ ချမ်းသာစွာ နေရ၏။ ယို့အတူ ဆန်စပါး ဝတ်စားတန်ဆာစသော လောက၌ သုံးကြသမျှ စွဲကြသမျှတို့ကို ဖြတ်မှသာလျှင် သုံးစွဲနိုင်သည်။ လောကုတ္တရာမှာလည်း အကုသိုလ် ကို ကုသိုလ်နှင့် ဖြတ်မှ ကာမကုသိုလ်ကို ရူပကုသိုလ်နှင့်၊ ရူပကုသိုလ်ကို၊ အရူပကုသိုလ်နှင့်၊ အရူပကုသိုလ်ကို လောကုတ္တရာနှင့်၊ တနည်း အကုသိုလ်ကိုငဲ့၊ ကာမကုသိုလ်ကိုငဲ့၊ ရူပကုသိုလ်ကိုငဲ့၊ အရူပကုသိုလ်ကိုငဲ့ လောကုတ္တရာကုသိုလ်နှင့်၊ လောကုတ္တရာကုသိုလ်ကို ဖိုလ်နှင့်၊ ဖိုလ်ကို အနုပါဒိသေသနိဗ္ဗာန်နှင့် ဖြတ်ရ၏။

လူကို သာမဏေဖြင့်၊သာမဏေကိုရဟန်းဖြင့် အနုပါဒိသေသနိဗ္ဗာန်တိုင် အောင်သွားလေ။ ဖြတ်မှုကြီး၏နယ်သည် အလွန်ကျယ်လှ၏။ လောက၌ သစ်ဟသည်တို့ကို ဖြတ်သော် ချက်ကောင်းကို စေ့စေ့ကြည့်ပြီး ဖြတ်မှ ပြတ်လွယ်သကဲ့သို့ လောကုတ္တရာမှာလည်း ချက်ကောင်းကို စေ့စေ့ကြည့်ပြီး ဖြတ်မှ ပြတ်လွယ်သည်။ လောကုတ္တရာ၌ ချက်ကောင်းကား သက္ကာယဒိဋ္ဌိပေတည်း။ ဖြတ်ပုံကို ဝိပဿနာတွင်ဆိုလတံ့။ ထို့ကြောင့် ချက်ကောင်းကို ကြည့်၍ ဖြတ်ကြ။

နိဒါန်းကထာ

သုမေဓလံ ပဿိတ္ဝာ ဆေဒေ၊ လောကေဝေပ-မနုတ္တရေ။
ရကွာဒီနံ ကိုလေသဿ၊ သုခဆေဒါ ဟိ ပဏ္ဍိတော။

လောကေ၊ မှုကြီးမှုငယ် သွယ်သွယ်ရှုပ်လှု လှုလေးကဋ္ဌ။ ပဏ္ဍိတာ၊ လေ့ကိမ်ာမှု ပြုခွင့်ပြုရာ ချက်အချာကို လိမ်မာကုန်ဘို့ ပညာရှိတို့သည်။ ရကွာဒီနံ၊ သစ်ပင်အစရှိသည်တို့၏။ သုမေဓလံ၊ အရင်းကိုချောင်း အချက်ကောင်းကို။ ပဿိတ္ဝာ၊ သေချာစေ့စေ့ တွေ့အောင်ကြည့်၍။ ဆေဒေ·ဆေဒေန္တိယထာ၊ ပုဆိန် မားမ ပဲခွပ် လှည်ဖြင့် ဖြတ်ကြလေကုန်သကဲ့သို့။ ဧဝံဟထာ၊ ဤနှင့်အတူ။ အနုပ္ပန္နရေဖ၊ အနိစ္စ ဒုက္ခ အနတ္တပိပဿနာ လောကုတ္တရာအာဏ်လည်း။ ကိလေသာယ၊ သံသရာမှာပျော်နေ သတ္တဝါတွေကို တာဓရှိန်ပိစက် ကိလေသာရမ္မက်၏။ သုမေဓလံ၊ အရင်းအမ သက္ကာယဒိဋ္ဌိ ချက်ကောင်းမိအောင်။ ပဿိတ္ဝာ၊ စေ့စေ့ငုံ့ ဉာဏ်ဖြင့်ရှုရှု။ ပဏ္ဍိတာ၊ သံသရာစက်ဆုပ် လောကုတ္တရာ မြို့က်ရေရှာဘို ပညာရှိတို့သည်။ ဆေဒေ-ဆေဒေယျုံ၊ အနိစ္စ ဒုက္ခ အနတ္တအချက် မားမ ပုဆိန်လက်နက်ဖြင့် တာတက်တက် ဖြတ်လိုက်ကုန်ရာ၏။ ဟိ၊ချက်ကောင်းကို စီးရှု မိမိကြီး ဖြတ်ရခြင်း၏ အကျိုးကား။ သုမေဓော၊ မပန်းမမော ဇလာကိ် လောကုတ် ဖြုတ်ကနဲခဏ ပြတ်လွယ်ကြသည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

ဤကဲ့သို့ ပြဆိုပြီးသော ပါဠိတော် အရပ်ရပ်တို့ကို နှိုင်းညှိထောက်ထား စဉ်းစားကြသူ လူရှင်ရဟန်း ပညာရှိအပေါင်းတို့သည် ယခုကာလ ယခုဘဝ၌ မိမိတို့က ဖြစ်လောက်အောင် ထင်လောက်အောင် မြင်လောက်အောင် အားထုတ်ကြသည်ဖြစ်အံ့။ ဖြစ်နိုင်၏၊ ထင်နိုင်မြင်နိုင်၏၊ မဂ်ဖိုလ်ဆိုက်နိုင်၏ဟု ယုံကြည်စွာ မှတ်သားပြီးလျှင် ကြပ်ကြပ် အားထုတ်လိုက်ကြကုန်လော့။

(၃) စာပေ ကျမ်းဂန်မတတ်က ကမ္မဋ္ဌာန်း မဖြစ်နိုင်လော၊ ဖြစ်နိုင်လောဟူသော ဒုတိယပုစ္ဆာ၏ အဖြေကား—

အပ္ပမို့ စေ သံဟိတဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော ဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတီ။

(ဓမ္မပဒပါဠိတော်)

ယော နရော၊ ရဟန်းရှင်လူ အကြင်သူသည်။ သံဟိတံ၊ လောကီလောကုတ္တရာ နှစ်ဖြာစီးပွား ဖွံ့ကိုးမျှားသော ဘုရားဟကားဇတ္ထ ပရိယတ်စာပေကို။

အပ္ပဘာဿမာနောပိ၊ အဖန်ဖန် အခေါက်ခေါက် ကုန်ပေါက် ရောက်၍ တတ်မြောက်ကောင်း မသင်ငြားသော်လည်း။ ဝ၊ပရိသတ်အလယ်၌ တင့်တယ်စွာနေထိုင်၍ ဆိုင်ရာဿသာပါဠိကို စာအရှိမရွတ်နိုင်သော်လည်း။ ဝ၊ကျမ်းဂန်တရား မတတ်ငြား၍ နည်းပါးပြောဆို အပ္ပိအချချိသော်လည်း။ ဓမ္မဿ၊သုံးပုံပိဋကတ် ပရိယဲတ်ကျမ်းဂန် လမ်းမှန်တရားအား။ ဝ၊ လမ်းမှန်တရားနှင့်။ ဝ၊ မင်ဆိုက်ကြောင်း ဖိုလ်ဆိုက်ရာ လောကုတ္တရာနှင့်။ အနုဓမ္မစာရီ၊ လျော်ညီစွာလှ သီလရုတင် ဖြူစင်လေ့လာ သမထဝိပဿနာကို ခါခါအားထုတ် ကြိုးကုတ်မနမ့် ကျင့်လေ့ရှိသည်။ ဧစ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သော နရော၊ ရဟန်းရှင်လူ ဟိုယိုသူသည်။ ရာဂဉ္စ၊ အာရုံကဋ္ဌ ဟူသမျှကို တစမကျန် ရှုရှုထင်၍ ဖန်ဖန်တပ်လို ရာဂကိုငင်း။ ဒေါသဉ္စ၊ အာရုံအနိဋ္ဌ ဟူသမျှကို တစမကျန် မခံချင်လို ဒေါသကိုငင်း။ မောဟဉ္စ၊ ရာဂဒေါသ နှစ်ပါးကြွေအောင် နောက်ကဟီးတိုက် အမိုက်သွေးတိုး မောဟဆိုးကိုငင်း။ ပဟာယ၊ တဒင် ဝိကွံ့ သမုဒ္ဆေဒပဟာန်ဖြင့် လေးတန်ဝိရိယ သက္ကာယဒိဋ္ဌ အမြစ်မိ အောင် တိတိပယ်ဖြတ်၍။ သမ္မမ္မာနော၊ အနိစ္စ ဒုက္ခ အနတ္တကို အချက်ကျထင် လှလှကြီ မြင်သည်ဖြစ်၍။ ဝ၊သစ္စာလေးပါး ဆယ့်ခြောက်ပါးနက် အချက်ကျကျ လှလှကြီးထင် ကောင်းစွာမြင်သည်ဖြစ်၍။ သုဝိမုတ္တစိတ္တော၊ တဒင် ဝိကွံ့ သမုဒ္ဆေဒဝိမုတ္တိဖြင့် အမှန်ကောင်းစွာ လွတ်လပ်ခြင်း စိတ်ကောင်းရှိသည်ဖြစ်၍။ ဝ၊ ရဟန္တာဖြစ်သည်ဖြစ်၍။ ဣဓ ဝ၊ ဤပစ္စုပ္ပန်ဘဝ အဇ္ဈတ္တ ခန္ဓာ ဓာတ်အာယတနဉ်ငင်း။ ဟုရံဝ၊ နောင်တမလွန်ကဝ ဗဟိဒ္ဓခန္ဓာ ဓာတ် အာယတနဉ်ငင်း။ အနုပါဒိယာနော၊ ဒိဋ္ဌိတဏှာဖြင့် ပြင်းစွဲမဲ့လပ်းခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ သော နရော၊ ထိုသို့ ဆိုပြီးဥဿုံ လုံးစုံဖြစ်သူ ရဟန်း ရှင်လူသည်။ သာဓုညဿ၊ မင်္ဂိုလ်နိပ္ပာန် သုံးတန်အထူး ရဟန်းကျေးဇူး၏။ ဘာဂဝ၊ လက်ကိုင်လက်မိ အဖို့အပုံရှိသည်။ ဟောတိ၊ဖြစ်ပါပေ၏။

ဤပါဠိတော်ကို ကြားနာရသဖြင့် စာပေပရိယတ် ကောင်းစွာ မတတ်ငြားသော်လည်း ဆရာကောင်း ဥပနိဿယ နည်းပြအမှီ ကပ္ပဋ္ဌာန်းအရာ၌ ကျင်လည်သော ယောဂီပုဂ္ဂိုလ်ကို ဆည်းကပ်မှီဝဲသဖြင့် မိမိကလည်း ပဖြစ်မချင်း အားထုတ်လျှင် ဖြစ်၏ဟူ၍မှတ်။ ဤပါဠိတော်ကလည်း ဤမှာပြပွယ်ကိုပင် ပြ၏။ "အပ္ပပို စေ သံဟိတဿာသမာဓနာ" ဟူသော ဝ၊ကျဖြင့် ကျမ်းဂန် ပဟုသုတနည်းသော ပုဂ္ဂိုလ်၏ အဖြစ်ကို ပြ၏။ "ဓမ္မဿ ဟောတိ၊ အနုဓမ္မစာရီ" ဖြင့် ပဟုသုတ မရှိသော်လည်း ဆရာသမားတို့က ဆုံးမသဝ၊ နည်းနယ်ပေးသဖြင့် ထိုကျမ်းဂန်ဒွင့်လျော်စွာ သီလကို လုံခြုံစွာ စောင့်ထိန်းခြင်း၊ ဂုဏ်ဂကရာတို့ကို တတ်အားသမျှ ဆောင်ခြင်းတို့ဖြင့် သီလကို ဖွဲ့စေ့စေလျက် ဓာတုကုဋ္ဌာရ၏အလုပ်ဖြစ်သော သမထဝိပဿနာတို့ကို ပွားများ၍ နေသော

အဖြစ်ကို ပြ၏။ "ရာဂဠ္ဍ ဒေါသဠ္ဍ ပဟာယ မောဟံ" ဖြင့် ထိုသမထ ဝိပဿနာကို အားထုတ်သဖြင့် ရာဂဒေါသ မောဟ စသော ကိလေသာတို့ကို တဒင်္ဂပဟာန် ဝိက္ခမ္ဘကပဟာန် သမုစ္ဆေဒပဟာန်တို့ဖြင့် အဆင့်ဆင့် ပယ်နိုင်သော အဖြစ်ကို ပြတော်မူ၏။ "သမ္မမ္မဇာနော" ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး ကောင်းကောင်း အောင်မြင်သဖြင့် မင်္ဂလာအနက် တဆယ့်ခြောက်ချက်နှင့်တကွ သစ္စာလေးပါးကို ထင်ထင်ရှားရှား ကိုယ်တိုင်မြင်ရသော အဖြစ်ကို ပြတော်မူ၏။ ဖိုလ်ဆိုက်သည်၏ အဖြစ်ကို ပြတော်မူ၏။

"အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ" ဖြင့် မင်္ဂဖိုလ်သို့ ဆိုက်သဖြင့် ရဟန္တာဖြစ်၍ ယခုပစ္စုပ္ပန်ဖြစ်ရသဲ့ ဘဝကိုပင် တပ်မက်ခြင်းတဏှာ မရှိသဖြင့် နောက်ဘဝအသစ် ပဋိသန္ဓေမနေရပြီ။ နိဗ္ဗာန်သို့သာ ရောက်သည်၏ အဖြစ်ကို ပြတော်မူ၏။ "သဘာဂဝါ သာမညဿ ဟောတီ" ဖြင့် စာမတတ်သော်လည်း ဤကဲ့သို့ဖြစ်သော ပုဂ္ဂိုလ်သည် ဘုရားပွင့်တော်မူသောအခါ သာသနာ ထင်ရှားရှိသောအခါ လူဖြစ်ကျိုး၊ ရှင်ဖြစ်ကျိုး၊ ရဟန်းဖြစ်ကျိုး နပ်သည်၏အဖြစ်ကို ပြတော်မူ၏။ ထို့ကြောင့် ကျမ်းဂန် ပရိယတ် စာပေကို တခုသော အန္ဓရာယ်ကြောင့် မသင်နိုင်သော ပုဂ္ဂိုလ်၊ ပညာမစုမ်းနိုင်၍ မသင်နိုင်သော ပုဂ္ဂိုလ်၊ မတတ်နိုင်သော ပုဂ္ဂိုလ် ထို့ထို ရဟန်းရှင်လူတို့သည် သြဝါဒါတို့မှာ စာပေပရိယတ် ကျမ်းဂန်လဲ မတတ်၊ မှတ်စု ဗဟုသုတကလဲနည်း၊ ဉာဏ်မဲ့ ဉာဏ်တေသစ်တုံးတွေပါကလားဟု အားလျော့၍ ကမ္မဋ္ဌာန်းကို လုပ်သော်လည်း ဖြစ်နိုင်မှာ မဟုတ်ဟူ၍ နောက်ဆုတ် မနေကြသင့်ပေ။ "လူနဲ့ ကြဲကြဲဝိုင်း" ဆိုဘိသကဲ့သို့ ကျမ်းဂန်ဗဟုသုတ နည်းလေလေ ကမ္မဋ္ဌာန်းကို ကြပ်ကြပ်အားထုတ်လေလေ အားထုတ်ကြရပည်။ တပါးသူက စာမတတ်က မဖြစ်နိုင်ဟု နားလဲ့လာသော်လည်း နားမယောင်ကြနှင့်၊ ဤဂါထာ၏ ပါဠိအနက်ကို ရှုတ်ဆို၍ ထိုသူကိုပင် ဆုံးမသြဝါဒပေးလိုက်ကြ၊ ဘုရားစကားထက် အဘယ်သူ၏ စကားကို ယုံရဦးမည်နည်းဟု ဆိုလေ၊ အကယ်၍ နားယောင်သဖြင့် အားမလျော့ခဲ့သည် ဖြစ်အံ့၊ နှစ်ဦးစလုံးပင် အကျိုးနဲလတံ့။

အကယ်၍ စာမတတ်၍ ကမ္မဋ္ဌာန်း မလုပ်မလျှင် ရောဂါများသူ၊ ဉာဏ်ထိုင်းသူ၊ ဉာဏ်လေးသူတို့မှာ ယခုဘဝသာသနာတော်၏ အကျိုး၊ မင်္ဂလာ၊ ဖိုလ်မျိုး လက်မဲ့ဖြစ်၍ သံသရာ၌ မျောရလတံ့။ နောင်ဘုရားနှင့် ကြုံအောင်လည်း အလွန်ခဲယဉ်းလှ၏။ ကြပ်ကြပ်စိုက်ပျိုးလိုက်ကြ၊ ယခုဘဝ သာသနာတော်၏ အလုပ်ဖြစ်သော သမထ ဝိပဿနာကို ကြပ်ကြပ်အားထုတ် လိုက်ကြ၊ စာမတတ်သော်လည်း ဖြစ်နိုင်သည်သာ။

မြေပေးမှန်းသိမှ အဆိပ်တက်ရမည်လော၊ ပလိပ်နာမှန်းသိမှ သေရ မည်လော၊ ဝက်သတ်တတ်မှ ဝက်သား စားရမည်လော၊ ယက်ကန်းယက်တတ်မှ

ပုဆိုး အင်္ကျီဝတ်ရမည်လော၊ ခလုတ်မှန်းသိမှ လဲရမည်လော။ သူ့သဘာဝ ဖြစ်၍ တက်ရာ၊ သေရာ၊ စားရာ၊ ဝတ်ရာ၊ လဲရသည်သာ။ သေကာနီးသောကာလ ၌ ကံ ကမ္မနိမိတ်တို့ကို သဂ္ဂိဟ်ဘုံပိုင်းကိုရ၍ မရဏာသန္နဇောကျပုံကို ဝိထိချတတ်မှ ထင်ရမည်လော။ ချတတ်သည်ဖြင့်စေ၊ မချတတ်သည်ဖြစ်စေ၊ လူနတ် တိရစ္ဆာန်သတ္တဝါတို့သည် စိတ္တနိယာမဖြစ်၍ ထင်မြဲမြင်မြဲတည်း။ ဤသို့သော အဖြစ်ကို နှစ်သက်ယုံကြည် တိုင်တည်မှတ်သား ဟောကြားဆုံးမ ချရိုးသင်ရိုး ပြောဆိုရိုးရှိကြ၏။ ထို့အတူ ကမ္မဋ္ဌာန်းနိမိတ်ကိုလည်း စာမတတ်သည်ဖြစ်စေ၊ ဟတ်သည်ဖြစ်စေ ဖြစ်နိုင် ထင်နိုင် မြင်နိုင်၏ဟုနှစ်သက်ယုံကြည် ခိုင်တည်မှတ်သား၍ ဒါးယုတ်ကြ၊ ကမ္မဋ္ဌာန်း၏ သဘာဝ မမှန်ယာမဒါတိုး ထင်မြဲမြင်မြဲတည်း။

ဇနပဒကလျာဏီနှင့် နန်းသိမ်းပွဲခံရာ ဘိသိက်မင်္ဂလာတွင် မြတ်စွာဘုရား ကြွလာ၍ နောက်တော်ပါ သပိတ်ထမ်းစေပြီးလျှင် ကျောင်းတော်သို့ ခေါင်ပြီး ရဟန်းပြု၍တားသော ညီတော်မင်းနန်နှင့် မြတ်စွာဘုရား ဒေသစာရီ ကြွသွားရာ တာဝတိ သာနတ်ပြည်သို့ ရောက်တော်မူသော် အလှနတရာ လှုပစွာသော ဒေဝစ္ဆရာ နတ်သမီးငါးရာကိုမြင်သဖြင့် လိုချင်သောဆန္ဒ အားကြီးလှုသော မင်းနန္ဒညီတော်အား မြတ်စွာဘုရားက နတ်သမီးလာသော ဂါထာကို ငါဘုရားက ပေးသနားတော်မူမည်ဟု မိန့်တော်မူ၍ လက္ခဏာရေးသုံးပါးနှင့် စပ်သော ဂါထာတခုကို ပေးတော်မူသော် နတ်သမီးလာအောင်ဟု အဖန်ဖန် သုံးသပ်လေ၏။ ထိုသို့ နတ်သမီးကို အာရုံပြုသော်လည်း ကမ္မဋ္ဌာန်း၏သဘာဝ ဖြစ်၍ နတ်သမီးအာရုံပျောက်လျက် လက္ခဏာရေးသုံးပါးထင်သဖြင့် ရဟန္တာ ဖြစ်လေသေး၏။

ယခုကာလ စာမတတ်သော်လည်း ကမ္မဋ္ဌာန်းဆရာက အနိစ္စဟာ ဤလို၊ ဒုက္ခဟာ ဤလို၊ အနတ္တဟာ ဤလိုဟု သွန်သင်ပြသသဖြင့် ၎င်းပေးထားသော ကမ္မဋ္ဌာန်းကို အာရုံစိုက်၍ အာဒီးထုတ်ကြသော သူတို့မှာကား အဘယ်ဆိုဖွယ်ရာ ရှိအုံးနည်း။ ယိုထက်သာ ထင်လွယ်၊ မြင်လွယ်၊ ဖြစ်လွယ်ရာ၏။ အားထုတ်ကြလေ။

မြတ်စွာဘုရားလက်ထက် ပဒုမုတ္တရာ ကောဏာဒုဒ္ဒံ စသော လေးပါဒရှိသော ဂါထာကို လေးလပတ်လုံး သင်၍မျှ မတတ်နိုင်သော အရှင်စူဠပန်ထသည် မြတ်စွာဘုရားတည်းဟူသော ဥပနိဿယကို ရသဖြင့် တနံနက် တအာရုံ၊ တခဏတည်းနှင့်ပင် ရဟန္တာအဖြစ်သို့ ရောက်သေး၏။ ယခုကာလ ဤစူဠပန် မထေရ်ကဲ့သို့ ဉာဏ်မထိုင်းကြလေရာ။ ထိုကြောင့် စာပေမတတ်ငြားသော်လည်း ဥပနိဿယဆရာကောင်း ရအုံး။ လျှပ်မြှုန်စွာ ဖြစ်ပျက်၏ဟုမှတ်။ ကလျာဏမိတ္တ ဥပနိဿယကို ရှာ၍ဒါးထုတ်ပြ။

ဤပုဂ္ဂိုလ်စုကတော့ အသဒိသဖြစ်တော်မူသော မြတ်စွာဘုရားနှင့် တွေ့၍ ဖြစ်နိုင်သည်ဟု စောဒနာငြားအံ့။ ရှိစေဦး၊ နောင်ထင်ရှားလတံ့။

သစ္စာလေးပါး ညွှန်ပြခံတရားငါးပါးတို့ကို ပိုင်းခြားထင်ထင် ကိုယ်တိုင် သိမြင်တော်မူနိုင်သော အစိန္တေယျ သုံးလွှာဘထွတ်ထား သဗ္ဗညုဘုရားကြီး ပင်လျှင် သဗ္ဗညုဘုရားအစစ် ဘုရားမဖြစ်မီက ပဋ္ဌကသုံးပုံဟု ဆိုအပ်သော ဓမ္မက္ခန္ဓာတော်တို့ကို မသိ မမြင် မတတ်လေ။ အာနာပါန စ သော သမထ၊ အနိစ္စ စ သော ဝိပဿနာ ဘာဝနာ နှစ်ပါးကို အားထုတ်၍ သဗ္ဗညုဘအစစ် ဘုရားဖြစ်တော်မူပြီးမှ သာလျှင် အလုံးစုံသော ပဋ္ဌကသုံးပုံ ပရိယတ်တော် ဓမ္မက္ခန္ဓာတို့ကို အလိုလို သိတော်မူလေသည်၊ တတ်မြောက်ပြီးသား ဖြစ်တော်မူလေသည်။ လို့ကြောင့်—

မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု-ဧကွံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ပညာ ဉဒပါဒိ၊ ဝိဇ္ဇာ ဉဒပါဒိ၊အာလောကော ဉဒပါဒိ၊ ဟု ဓမ္မစက္ကပ္ပဝတ္တန သုတ်၌ ဟောတော်မူလေသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ မယာ၊ ငါ ဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီက ဌေး၌။ ဝါ၊ ဘုရားမဖြစ်ခင်။ အနနုဿုတေသု၊မကြား စဖူးကုန်သော သစ္စာလေးပါး မြတ်တရားတို့၌။ ဝါ၊ သုံးပုံပိဋကတ် ပရိယတ် စာပေ တရားတော်၌။ ဝါ၊ တရားတော်ကို။ ဧကွံ၊ မြင်တတ်သော ပညာမျက်စိသည်။ဉဒပါဒိ၊ ဘုရားဖြစ်လာ ယခုအခါ၌ ငါဘုရား အား ထင်ရှားဖြစ်လေပြီ။ ဉာဏံ၊ သိတတ်သော ဉာဏ်သည်။ ပညာ၊ ထိုးထွင်းတတ်သော ပညာသည်။ ဝိဇ္ဇာ၊ အထူး သိတတ်သော ဝိဇ္ဇာသည်။ အာလောကော၊ရှင်းရှင်းလင်းလင်း သိတတ်သော ဉာဏ်တည်းဟူသော အာလောကသည်။ ဥဒပါဒိ၊ ဘုရား ဖြစ်လာ ယခုအခါ၌ ငါဘုရားအား ထင်ရှားဖြစ်လေပြီ။

ဤကို ဆောက်၍ ဘုရားဖြစ်ပြီးမှ စာတတ်၏ဟု မှတ်။

စာတတ်သည် ဖြစ်စေ၊ မတတ်သည် ဖြစ်စေ ဘုရား ပစ္စေကဗုဒ္ဓါတို့မှ တပါး ကလျာဏမိတ္တ ဥပနိဿယ အမှီရမှသာလျှင် ထင်နိုင်မြင်နိုင် မင်္ဂုလ်ဆိုက်နိုင်လေသည်။မြတ်စွာဘုရားလက်ထက် ရဟန်းငါးရာတို့ကို စာပေ ပို့ချနေသော ပဋ္ဌကသုံးပုံဆောင် ပေါဋ္ဌိလ မထေရ်ကြီးပင်လျှင် ခုနစ်နှစ်သား ရဟန္တာ သာမဏေယ်၏အထံ၌ နည်းခံ၍ ရှိသေစွာလက်အုပ်မိုး ရှိခိုးဦးတင်၍ ကမ္မဋ္ဌာန်း တောင်းရသည်ကို ထောက်၍ သိလေ။ ထိုသို့ ကပည့်ငါးရာကိုစွန့်၍ ကမ္မဋ္ဌာန်း တောင်းပြီးလျှင် တောသို့ဝင်၍ အားထုတ်လေသော် ရဟန္တာ ဖြစ်လေ၏။ ဤ ဝတ္ထုဖြင့် ရှိစေဦး ဟူသော စောဒနာကိုလည်း ဖြေ၏။

ထို့ကြောင့် ယခုဘဝသာသနာတော်နှင့် ကြုံကြသောအခါ စာပေတွေ့ဘယ်လိုပင် တတ်တတ်၊ အသက်အရွယ် ဘယ်လိုပင်ကြီးကြီး နဲ့ညီးခံလောက်က အလွန်နှုငယ်လှသော သူငယ်၏ အထံမှာပင်သော်လည်း နည်းခံ၍ အားထုတ်ကြလေ။ ဂုဏ်သရေနိမ့်မှုကို အလေးမပြုရာ။ ရာဂစသော ကိလေသာ၏ ကုန်မှုကိုသာ အလေးပြုရမည်။ ဤသို့သော သဘောသည် ရှေးဘုရား အဆက်ဆက် သူတော်ကောင်းအဆက်ဆက်တို့၏ ဓမ္မကွန္ဒာပေတည်း။ ထိုပေါဒ္ဓိလမထေရ်ကြီး နည်းခိုးကြ၊ နည်းခိုးကြ။

ဤကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော် ဝတ္ထုသက်သေ စကားရပ်တို့ကို သေသေချာချာ စေ့စေ့စပ်းစား၍ စာမတတ်သော်လည်း ကမ္မဋ္ဌာန်းဖြစ်နိုင်၏၊ ထင်နိုင် မြင်နိုင် မင်္ဂိုလ်ဆိုက်နိုင်၏ဟု ယုံကြည်စွာ မှတ်သားကြပြီးလျှင် ကြပ်ကြပ် အားထုတ်ကြ။ စာပေကျမ်းဂန်လည်းတတ်၊ ဝိပဿနာကိုလည်း အားထုတ်သူတို့မှာ အတိုင်းထက်အလွန်ကောင်း၏။ စာပေကျမ်းဂန်တတ်လျက် မာန်တက်ကာ ဝိပဿနာကို အားမထုတ်ကြသောသူတို့သည် နွားကျောင်းသားသည် နွားတို့ကို နေ့တိုင်းညတိုင်း ထိန်းသိမ်း၍ နေရသော်လည်း နွားနို့၏အရသာကို မိမိကတော့ မသုံးဆောင်ရ၊ နွားရှင်ကိုသာ အပ်ရသကဲ့သို့ မိမိကတော့ နေ့တိုင်း ညတိုင်း ပို့ချသင်ကြား ဆောင်ထားရှုတ်အံ့ အဖန်ဖန် ပြန်ရသော်လည်း ၎င်း ကျန်းဂန်၏ အရသာဖြစ်သော ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက မင်္ဂိုဏ်၊ ဖိုလိဉာဏ်၊ နိဗ္ဗာန်တိုင်အောင်သော အကျိုးကို မိမိတို့ မခံစားရကုန်။ ကျွဲလိုသူတို့ကသာ အသီးသီး မေးကာ မေးကာ ကျင့်ကြပါ၍ ထိုအကျိုး တို့ကို ခံစားရကုန်၏ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်။ စာသာတတ်၍ သိက္ခာသုံးပါးကိုအားမထုတ်သောသူသည် နွားသာကျောင်းရ၍ နွားရှင်မဟုတ်သောသူနှင့် တူ၏။ စာမတတ်သော်လည်း သိက္ခာသုံးပါးကို ကျင့်သောသူသည် မိမိမကျောင်းနိုင်၍ သူရင်းငှါးငှါး၍ ကျောင်းရသော နွားရှင်တို့နှင့် တူ၏။ **ရှစ်သောင်းလေးထောင်သော ဓမ္မကွန္ဒာတော်တို့သည် နွားပေါင်း ရှစ်သောင်းလေးထောင်နှင့်တူ၏။** သူရင်းငှါး နွားကျောင်းသားက နို့ညှစ်၍ မိမိကား မသုံးဆောင်ရ၊ နွားရှင်ကို အပ်ရသည်နှင့် မိမိက မကျင့်ဘဲနှင့် ကျင့်သော်သူအား နည်းနာကို ဟောပြရသည်နှင့်တူ၏။ နွားရှင်က သုံးဆောင်ရသည်နှင့် ကျင့်သော သူသာ ချမ်းသာသုံးပါးရသည်နှင့် တူ၏။

ဤဥပမာဖြင့် အလွန်ရှက်ဖွယ် ကောင်းလှသည်။ ထို့ကြောင့် သူရင်းငှါး အဖြစ်ဖြင့် နွားမ ကျောင်းချင်ကြနှင့်၊ နွားရှင်၏ အဖြစ်ဖြင့်သာ နွားကို ကျောင်းကြ။

ဤသို့ ပြဆိုခဲ့ပြီးသော စကားစုကို ကြားနာရသဖြင့် စာမတတ်သူတို့ကလည်း စာမတတ်သည့်အတွက် ကြပ်ကြပ်အားထုတ်ကြ။ စာတတ်သူတို့က

လည်း စာတတ်သည့်အတွက် ကြပ်ကြပ်အား‌ထုတ်ကြ။ စာလည်းမတတ် အကျင့်တရား‌အား‌ကုဗ်ခြင်းလည်း မကပ်သောသူတို့မှာ လူ့ဘဝရသည့် ဟူ၍ ပြော‌စရာမရှိ။ စာလည်းဘတ်၊အကျင့်တရား အား‌ထုတ်ခြင်းလည်း ကပ်သူတို့မှာကား အတိုင်း‌ထက်အလွန် ကောင်း‌ပေစ့။ စာပပ်မတတ်ခြား‌သော်လည်း ကိုယ်ကျင့်တရား အား‌ထုတ်သောသူတို့ကို ဘုရား‌အစရှိသော သူတော်ကောင်းတို့ ချီး‌မွမ်း‌ကြကုန်၏။ စာတတ်လျက်နှင့် ကိုယ်ကျင့်တရား အား‌မထုတ်သောသူတို့ကို ဘုရား‌အစရှိသော သူတော်ကောင်းတို့သည် ကဲ့ရဲ့ကုန်၏။ ထို့ခြောင့် အကဲ့ရဲ့မခံကြနှင့်၊ အချီး‌မွမ်း‌ခံကြ။

ဥယျောဇဉ်ဂါထာ

ဓမ္မဥ္ဇရေ သုစရိဟံ၊ တေသံ ဝဏ္ဏော်နိ ပဏ္ဍိတာ။
နု ဝါ တာသမာ ဗဟုဿုတာ၊ ဝဏ္ဏဝဍ္ဎိကာ သဒါနုဘော။
တေ ဒွေဝ ရာဂမောစိတ္တာ၊ သံသရာယပိ ပေါစိဘာ။

ယော၊ စာပေကျမ်း‌ဂန် တန်တန်တတ်စွမ်း မတတ်ဉမ်းဟု ရဟန်းရှင်လူ အကြင်သူတို့သည်။ သုစရိတံ၊ဘုရား‌ဟောဘိ ကျမ်းရှိမစောင်း ကောင်း‌ကောင်း မှန်ရေ ကျင့်ဩဝါဒပေသော။ ဓမ္မံ၊ သီလ ဓုတင် ထို့ပြင်ဘာဝနာ သမထဝိပဿနာ အဖြာဖြာသော တရား‌ကို။ စရေ–စရန္တိ၊ ဘုရား‌ဟောဘိ ကျမ်းရှိမစောင်း ကောင်း‌ကောင်းမှန်ရေ ကျင့်ကြပေ၏။တေသံ၊ ဘုရား‌ဟောဘိ ကျမ်းရှိမစောင်း ကောင်း‌ကောင်းမှန်ရေ ကျင့်ကြပေသော သာမကော ရဟန်းလူ ထို့ထို့သူတို့ အား။ ဝါ၊ ထို့ထို့သူတို့ကို။ ပဏ္ဍိတာ၊ ဝိပဿနာဉာဏ် အမှန်ဆိုက်ဘိ ပညာရှိ တို့သည်။ ဝါ၊ ကိလေသာ ကုန်လျော အာသဝေါ ကင်းကွာ ရဟန္တာ ဘုရား ပညာရှိအများတို့သည်။ ဝဏ္ဏော်နိ၊ လက်ကိုင်ကြောသပ် ခေါင်း‌ကုပ်ဖတ်၍ ထပ်တလဲလဲ အံ့သြချီး‌မွမ်း‌ကြကုန်၏။ တသ္မာ၊ ထို့သို့ ပညာရှိ ဒေ‌ပေါင်း သောင်း သောင်း‌တုန်မျှ ချီး‌မွမ်း‌ကြလေသော‌ကြောင့်။ ဝဏ္ဏဝဍ္ဎိကာ၊ ပညာရှိအ‌ပေါင်း သောင်း‌သောင်း‌အုံညှန်း ချီး‌မွမ်း‌ကြသည်ကို အလိုရှိကုန်သော။ ဗဟုဿုတာ ဝါ၊ ကျမ်း‌ဂန်တရား အကြား‌အမြင်များသော သူတို့သည်ရှင်း။ နု ဗဟုဿုတာ ဝါ၊ ကျမ်း‌ဂန်တရား အကြား‌အမြင် နည်း‌ပါး‌သော သူတို့သည်ရှင်း။ သုစရိတံ၊ ဘုရား‌ဟောဘိ ကျမ်းရှိမစောင်း ကောင်း‌ကောင်းမှန်ရေ ကျင့်အပ်ပေသော။ ဝါ၊ ကျင့်ထိုက်ပေသော။ ဓမ္မံ၊ သီလဓုတင် ထို့ပြင်ဘာဝနာ သမထ ဝိပဿနာ အဖြာဖြာသော တရား‌ကို။ သဒါ၊ နေ့ရော ည‌ဉ့်ပါ အခါခပ် သိမ်း။ အာရဒ္ဓေ–အာရဒ္ဓေန၊ သွေး‌သား‌ရိုး‌ရေ ကြောကြွင်း‌စေဟု မနေမနား အား‌ထုတ်ကြသဖြင့်။ စရေ–စရေယျုံ၊ မင်းဆိုက်ဖိုလ်ရ ကျင့်ကြကုန်ရာ၏။ တေ ဒွေဝ၊ကျင့်ကြကုန်လတ် စာမဘတ်သူ စာတတ်သူဟု ဘယ်မှုမထူး ထို့နှစ်ဦး‌စလုံး

တို့ပင်။ ရာဂမောစိတ္တာ၊ ရာဂမှ လွတ်နိုင်ကုန်၏။ ဝ၊ ရာဂမှ လွတ်ကုန်သည် ဖြစ်၍။ သံသရာယပိ၊ ကြောက်ဖွယ်စကောင်း ထုထောင်းကိလေသာ သံသရာကြီးမှလည်း။ မောစိတာ၊မုချချက်ချင်း လွတ်ကင်းကြကုန်၏။ဝ၊ လွတ်ကြကုန်လတံ့။

ဤကဲ့သို့ ပြဆိုပြီးသော စကားရပ်တို့ကို အထပ်ထပ် စဉ်းစား၍ ယုံမှား သက်ဝမရှိဘဲ စာတတ်သူဖြစ်စေ၊ စာမတတ်သူဖြစ်စေ၊ စာသင်ဆဲသူဖြစ်စေ၊ စာသင်ပြီးသူဖြစ်စေ ကြပ်ကြပ်အားထုတ်ကြ၊ သမထဝိပဿနာကို လက်မလွတ်ကြစေနှင့်၊ နေ့မှန်ညမှန် နာရီပိုင်း ကာလပိုင်း မှန်မှန်နှင့် အားထုတ်ကြ၊ဤလို ဘဝ အလွန်ရခဲသည်။ ပြည်တန်ဆော ဧကျောက်မြက်၊ နဝရတ် ရတနာသည် လူပြိန်းတို့လက်မှာ ရောက်သေဉ်လည်း အပိုးတန်မှန်းမသိ အရောင်တောက်ရုံသာ သိသဖြင့် အသုံးမကျသကဲ့သို့ သာသနာနှင့် ကြုံသည့် အခါလူ့ဘဝကို သော်လည်း ဘဝထူး ဘဝမြတ်မှန်းမသိ၊ လူဖြစ်ရုံသာသိသဖြင့် အသုံး မကျသော ဘဝကြီး မဖြစ်ကြစေနှင့်၊ ဘဝကိုမဖြုန်းကြနှင့်၊ ဘဝကောင်းကြီး မဆုံးကြစေနှင့်၊ ကြပ်ကြပ်အသုံးချကြ။

ဥယျောဇဉ်ဂါထာ

မိလက္ခူနံ ဂတံ ဟတ္ထေ၊ မဏိ ပူရေန အဋ္ဌနံ။
နဂလဋ္ဌိဝ ဇာနိတ္ထာ၊ သုလဘာ သာသနေ ဘဝံ။

မိလက္ခူနံ၊ ယဉ်ကျေးမှုနည်းပါးကုန်သော သူတို့၏။ ဟတ္ထေ၊ လက်၌။ ဝ၊ လက်သို့။ ဂတံ၊ ရောက်သော။ ဝ၊ရှိသော။ ပူရေန၊ ရဟန်းရှင်လူ ဆူဆူပြည့်လျှမ်း ထိုးနှန်းမြားမြောင် တပြည်တောင်ဖြင့်။အဋ္ဌနံ၊ ပေါင်းလူမျိုးကြိုက် အဖိုးထိုက်လှစွာသော။ (တနည်း) ပူရေန၊ ဖိတ်ဖိတ်ပြောင်ပြောင် ရိပ်ရိပ်ဆောင်သော အရောင် အသရေကို ပြည့်စေသဖြင့်။ ဝ၊သတ္တဝါတိုထို တို့၏ အလိုဟူသမျှကို တခဏချင်း ပြည့်စေသဖြင့်။ ဝ၊ ပြည့်စေသောကြောင့်။ အဋ္ဌနံ၊ အဖိုးထိုက်လှစွာသော။ မဏိ၊ စိန်နဝရတ် ကျောက်မျက်ပတ္တာမြားသည်။ ဇာနိတ္ထာ၊ အဖိုးတန်မှန်းမသိကြ၍။ နဝလဋ္ဌိဝ၊ အသုံးမကျ အချည်းနှီးဖြစ်ရလေသကဲ့သို့။ သာသနေ၊ ဘုရားလည်းပင့် မဂ်ဖိုလ်ကြုံစွာ သာသနာတွင်း၌။ ပူရေန၊ ကုသိုလ်လေးမျိုး မည်းဖြိုင်ဖြိုင် ပြည့်စေနိုင်သဖြင့်။ ဝ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို တခါတည်းပြည့်စေနိုင်သဖြင့်။ ဝ၊ ပြည့်စေနိုင်သောကြောင့်။ အဋ္ဌနံ၊ ပြကတေ့သော လူပဲ့စား သိကြားနှင့် ဗြဟ္မာပင် ထင်ရေးနှင့် တန်ဖိုးမဖြတ်နိုင်သဖြင့် မြင့်မြတ်စွာ အဖိုးထိုက်လှသော။ ဘဝံ၊ ရရန်ခဲလှ လူဘဝကို။ သုလဘာ၊ ငါးပါးဒုလ္လဘ ဆုံအကျိုး လှလှကောင်း

စ္စာ ရကြွပါကုန်သော။ ပဏ္ဍိတာ၊စာတတ်မတတ် နှစ်ရပ်မည်တွင် လူရှင်ရဟန်း ပုဏ္ဏာရှိတို့သည်။ အဇာနိတ္ထာ၊ မင်္ဂိုလ်ရရန် ဘဝအဖိုးတန်ကို အမှန်မုချ မသိကြကုန်၍။ နဝလဋ္ဌိ၊ ဘဝကြီးဆုံး တွက်နှုန်းမရ အသုံးမကျ မဖြစ်စေကုန်လင့်။ ဇာနိတ္ထာ·ဇာနိတ္ထာဝဝ၊ မင်္ဂိုလ်ရရန် ဘဝအဖိုးတန်ကို အမှန်မုချ သိကြကုန်၍သာလျှင်။ ဝလဋ္ဌိ၊ ဘဝမဆုံး ထွတ်နှုန်းရရ အသုံးကျအောင် သမထ ဝိပဿနာကို အခါခါအားထုတ်လိုက်ကြပါကုန်လော့။

စာပေပရိယတ် ကျမ်းဂန်မတတ်က ကမ္မဋ္ဌာန်းမဖြစ်နိုင်လော၊ ဖြစ်နိုင်လောဟူသော တတိယပုစ္ဆာ၏ အဖြေစကား၊ရပ် ဤတွင် ပြတ်ပြီ။

(၄) "ယခုကာလ တိဟိတ်ပုဂ္ဂိုလ်မရှိ၏လော၊ ရှိ၏လော" ဟူသော စတုတ္ထပုစ္ဆာ၏အဖြေကား—

တိဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္မုဒီပကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ။ ကတမေဟိ တီဟိ၊ သုရာသတိမန္တော ဇာဓ ဖြဟ္မစရိယဝါသော။

(တိကဂုတ္တရပါဠိတော်)

ဘိက္ခဝေ၊ သံသရာမှ မြန်စွာထွက်ချင် ခူတင်သီလ သမထ ဝိပဿနာ ခါခါကျင့်လတ် ရဟန်းမြတ်တို့။ တိဟိ၊ သုံးပါး ကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဇမ္မုဒီပကာ၊ ဇမ္မုမည်သည့်နှုန်း ဤတောင်ကျွန်းဌ် ဖြစ်ကုန်သော။မနုဿာ၊ လူတို့သည်။ ဥတ္တရကုရုကေ၊ မြောက်ကျွန်းဌ် ဖြစ်ကုန်သော။ မနုဿေ စ၊ လူတို့ကိုဌင်း။ တာဝတိံသေ၊ တာဝတိံသာဌ် ဖြစ်ကုန်သော။ ဒေဝေ စ၊ နတ်တို့ကိုဌင်း။ အဓိဂ္ဂဏှန္တိ၊ လွှမ်းမိုးကဲလွန်ကြကုန်၏။ ကတမေဟိ တီဟိ၊ အဘယ်သုံးပါးတို့ဖြင့်။ အဓိဂ္ဂဏှန္တိ၊ လွှမ်းမိုးကဲလွန်ကြကုန်သနည်း။ သုရာ၊ တိဟိတ်ပဋိသန္ဓေနေခြား ပညာအားဖြင့် ရဲရင့်ခြင်းလည်း တပါး။ သတိမန္တော၊ တိဟိတ်ပဋိသန္ဓေ ပညာခံကြောင့် မြဲမြံသော သတိရှိခြင်းဌင်း။ ဇာဓ၊ ဤတောင်ကျွန်းဌ်။ ဖြဟ္မစရိယဝါသော၊ မြတ်သောအကျင့် သိတင်းသုံးရခြင်းဌင်း။ ဇာတိ၊ ဤအကြောင်းသုံးပါးတို့ဖြင့်။အဓိဂ္ဂဏှန္တိ၊ လွှမ်းမိုးကဲလွန်ကြကုန်၏။

ဤပါဠိတော်ကို ကြားရသဖြင့် ငါတို့ဇမ္မုဒီပါ လက်ျာမည်သူန်း ဤတောင်ကျွန်းဌ် ဖြစ်ကြရသော လူတို့သည် တိဟိတ်သားတို့လည်း များစွာရှိကြသောကြောင့် ယခုကာလ တိဟိတ်သားတွေ အလွန်ပေါများကြသည်ဟုမှတ်။ အဘယ့်ကြောင့်ဆိုသော် သာသနာပ အခါဌ်ပင် တိဟိတ်သား စျာန်အဘိညာဉ်ရသော ရသွေ့တို့ မပြတ်ကြသောကြောင့် ယခုသာသနာတွင်းဖြစ်၍ သာလွန်ပေါများထုသောကြောင့်တည်း။ ဤသို့တိဟိတ်များကြောင်းကို ရှေးဆရာ

တို့ မိန့်ဆိုခဲ့သော ဂါထာကို နောက်မှ ဆိုမည်။ ဤပါဠိတော်ရပ်၌ သုရာဟူသော ပါဠ်ဖြင့် တိဟိတ်မျိုးကြောင်းကို ပြတော်မူ၏။ ထို့ကြောင့် ယုံယုံကြည်ကြည်မှတ်သားကြ၍ အားထုတ်ကြ။

တိဟိတ်သည် ပဋိသန္ဓေ တိဟိတ်၊ ပဝတ္တိတိဟိတ်ဟူ၍ နှစ်မျိုးရှိ၏။ ပဋိသန္ဓေနေသောအခါ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးခုတို့ဘွင် တခုခုနှင့် နေသော ပုဂ္ဂိုလ်သည် ပဋိသန္ဓေတိဟိတ်မည်၏။ ဤပုဂ္ဂိုလ်သည် ရှေးက ဝိပဿနာကို အားထုတ်ခဲ့ဘူးအံ့။ ယခုဘဝပင် မဂ်ဖိုလ်သို့ ဆိုက်နိုင်၏။ ပဝတ္တိတိဟိတ်ဟူသည်ကား ငါတို့လူကို မဆိုဘိဦး၊ ခွေး ဝက် ကြက် ငှက် တိရစ္ဆာန်တို့ပင် ဖြစ်နိုင်သေး၏။ အဘယ့်ကြောင့်နည်းဟူမူ ၎င်းတိရစ္ဆာန် အပါယ်သတ္တဝါတို့မှာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခုကို ရနိုင်သောကြောင့်တည်း။ ၎င်း မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုဌ အလောဘ၊ အဒေါသ၊ အမောဟ၊ ဤ သုံးပါးသည် ဟိတ်သုံးပါးမည်၏။ ထိုဟိတ်သုံးပါးကို စွဲ၍ တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ရ၏။

ထိုသုံးပါးတို့တွင် အမောဟသည် ပညာန္ဒြေစေတသိက်မည်၏။ အနိစ္စဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးအစရှိသည်ကို သဘာဝမမှားသိုဆိုက်ရောက်အောင် ထိုးထွင်း၍ သိနိုင်သောကြောင့် ပညာမည်၏။ ထိုသို့ ထိုးထွင်း၍ သိခြင်းဌ မလှုပ်မရှက် ပြိမ်သက်တည်ကြည်စွာ အစိုးရခြင်းကြောင့် ဣန္ဒြေမည်၏။ ထို နှစ်ပါးစပ်၍ ပညာန္ဒြေဟု ခေါ်၏။ တို့ကြောင့် သမထအရာ ဝိပဿနာအရာ၌ ဤ ပညာန္ဒြေသည်သာလျှင် တွင်ကျယ်လှ၏။ပရိကမ္မစသော နိမိတ်သုံးပါးကို မြင်၏။ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကိုမြင်၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုသည်လည်း မဂ်စိတ် ဖိုလ်စိတ်၌ယှဉ်သော ဤပညာန္ဒြေ စေတသိက်ပင်တည်း။ ပညာန္ဒြေသည် မဂ်ဖိုလ်၏အကြောင်း၊ သတိသည် ပညာန္ဒြေ၏အကြောင်း၊ ဝီရိယသည် သတိ၏အကြောင်းဖြစ်၏။ ထို့ကြောင့် ပဋိသန္ဓေ တိဟိတ်သားဖြစ်စေ၊ ပဝတ္တိတိဟိတ်သားဖြစ်စေ ဤပညာန္ဒြေ၊ သတိ၊ ဝီရိယတရား သုံးပါးတို့ကို ကြပ်ကြပ်ပွားကြ။

ပဋိသန္ဓေတိဟိတ်ကိုလည်း ပဝတ္တိအခါတိဟိတ်ကုသိုလ်ကိုပြုမှုရနိုင်သည်။ ထို့ကြောင့် ယခုသာသနာနှင့်ကြုံသည့်အခါ၌ ပဋိသန္ဓေတိဟိတ် ဖြစ်သူမှာလည်း ယခုဘဝ၌သော်ငြား၊ ဒုတိယဘဝ၌သော်ငြား မဂ်ဖိုလ်ရအောင်၊ ပဝတ္တိတိဟိတ်ကုသိုလ်ပြုသူကလည်း ဒုတိယဘဝ၌ ပဋိသန္ဓေတိဟိတ်ဖြစ်၍ မဂ်ဖိုလ်ကို ရလေအောင် ဝိပဿနာဘာဝနာများကို မသေခင်က ရှေတင်၍ ကြပ်ကြပ် ကြိုးစား၍ အားထုတ်လိုက်ကြ။

ဤသို့ ပြဆိုခဲ့ပြီးသော ပါဠိတော်စကားရပ်တို့ကို ကြပ်ကြပ်စဉ်းစား၍ ဇမ္မုဒီပါလကျွဲမည်ညွှန်း ငါတို့နေသည့် ဤဘောင်ကျွန်း၌ ပဋိသန္ဓေ တိဟိတ်

များသောအဖြစ်ကို ယုံကြည်စွာ မွတ်သားကြပြီးလျှင် ဝိပဿနာကို အဖျင်းဆုံး ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ အာဒီနဝဉာဏ်၊ မုဉ္စိတုကမျတာဉာဏ် ဆိုက်အောင် အားထုတ်ကြ။ သို့မှ သာသနာတွင်းမှာ လူဖြစ်ကျိုးနပ်မည်။ ဤပဋိသန္ဓေ တိဟိတ် ပေါသည်၏ အဖြစ်ကို ယုံကြည်စွာ မှတ်သားစေခြင်းငှာ ရှေးဆရာမြတ်တို့ မိန့်တော်မူအပ်သော ဂါထာတို့ကို ရေးသားလိုက်ဦးအံ့။

ဇမ္မုဒီပေ မနုဿာ စ၊ ပါယေန ဟေတုသမ္ပဒါ။
တေဟိ ဗုဒ္ဓါဒိ နိဿာယ၊ ပုညံ ကရိ သု နပ္ပကံ။
သောစတ္ထော တိဟိ အာဒီဟိ၊ ဗုဒ္ဓပါဒေဟိ ဒီပိတော။

ဇမ္မုဒီပေ၊ ဇမ္မုဒီပါလကျွဲမည်ညွှန်း ဤတောင်ကျွန်းဌ်။ မနုဿာ စ၊ လူတို့သည်ကား။ပါယေန၊ များသောအားဖြင့်။ ဟေဘုသမ္ပဒါ၊ စျာန်မဂ်ဖိုလ်ရနိဗ္ဗာန်ရကြောင်း တိဟိတ်ပဋိသန္ဓေ စိတ်ကောင်းနှင့် ပြည့်စုံကုန်၏။ ဟိ၊ ထို စကားမှန်လှ၏။ တေ၊ ထိုသပြေထွန်းသည့် တောင်ကျွန်းသူတို့သည်။ ဗုဒ္ဓါဒိ၊ ဘုရားစသည်ကို။ ဝါ၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ သာဝက ကလျာဏပုထုဇဉ်သူတော်မှန်ကို။ နိဿာယ၊ မှီ၍။ အနုပ္ပကံ၊ အတိုင်းမသိ များလှစွာသော။ ပုညံ၊ ကောင်းသောအမှု ကုသိုလ်အစုကို။ ကရိ သု၊ ရှေးသံသရာ ရှေးအခါကာလ ရှေးဘဝတုန်းက ပြုခဲ့ကြကုန်ပြီ။ သောစတ္ထော၊ သပြေထင်ရှား တောင်ကျွန်းသားတို့ တိဟိတ် များ၏ဟူသော ထိုအနက်ကိုလည်း။ တိဟိ အာဒီဟိ၊ ဤပုစ္ဆာ၏ အရင်းကဆိုခဲ့ပြီးသော တိဟိ အစရှိကုန်သော။ ဗုဒ္ဓပါဒေဟိ၊ ဘုရားဟောဖော် ပါဠိတော်တို့ဖြင့်။ ဒီပိတော၊ ပြကော်မူအပ်ပြီ။

အပ္ပဿုတာ တု ကေစ္စေ၊ မနုဿေပိ တိဟေတုကာ။
သုဒုလ္လဘာ တိ မညန္တိ၊ တေသံ တံ မတိမတ္တကံ။

အပ္ပဿုတာ၊ ကျမ်းဂန်တရား အကြားအမြင် နည်းပါးကုန်သော။ ကေစ္စေ၊ စာတတ်လေဟန့် ကျမ်းဂန်စကား ဝါကြွားပြောမှု အချို့ သူတို့သည်။ မနုဿေပိ၊ ယခုကာလ လူ့လောက၌။ တိဟေတုကာ၊ တိဟိတ် ပဋိသန်တို့ကို။ သုဒုလ္လဘာ၊ အလွန်ရခဲကုန်၏။ ဣတိ၊ ဤသို့။ မညန္တိ၊ မှတ်ထင် ပြောဆိုကြကုန်၏။ တေသံ၊ ထိုသူတို့၏။ တံ၊ ထိုသို့ မှတ်ထင်ပြောဆိုခြင်းသည်။ မတိမတ္တကံ၊ ကျမ်းဂန်ယုတ္တိ မရှိအလျှင်း မှတ်ထင်ခြင်းမျှသာတည်း။

ဧဝံ ဟေတု သမ္ပဒါယ၊ ဝိစ္ဆိန္ဒိတ္ဝာန သံသယံ။
သာသနံ သဒ္ဒဟန္တော၁၀၊ ကုလပုတ္တော ဝိစက္ခဏော။

ဧဝံ၊ ဤသို့။ ဟေတု သမ္ပဒါယ၊ တိဟိတ် ပဋိသန် မဂ်ဖိုလ်စျာန်၏ အကြောင်းနှင့် ပြည့်စုံခြင်း၌။ သံသယံ၊ မပြည့်စုံအံ့ ပြည့်စုံအံ့လော တွေးတောယုံမှားသံသယမျှားကို။ ဝိစ္ဆိန္ဒိတ္ဝာန၊ အညှန့်အညွှာက် တက်မပေါက်အောင်

ဖြတ်တောက်ခုတ်လှီးချ။ ဝိစက္ခဏော၊ ပါဠိတော်လာ ရှေးဆရာဆိုအင် အဆင်အခြင် ပညာမျက်စိ ကိုယ်တွင်ရှိသော။ ကုလပုတ္တော၊ ဗုဒ္ဓဘာသာ သာသနာကို ကြည်ညိုသက်ဝင် အစဉ်အမြဲ ပဝေဏီမဆုံး ဖရိုး မိရိုး အမျိုးကောင်းသားသည်။ သာသနံ၊ဗုဒ္ဓဘာသာ သွားရာနိဗ္ဗာန် လမ်းမှန်ဘာဝနာ သမထဝိပဿနာ သာသနာတော်မြတ်ကြီးကို။ သဒ္ဒဟန္တော၀၊ ထင်လောက် မြင်လောက် ဆိုက်လောက်အောင် အားထုတ်ပါက မှန်စွာမသွေ ဖြစ်လေတော့သည်ဟု ယုံကြည်မှတ်သား ပိုင်းခြားဆုံးဖြတ်သင့်သည်သာတည်း။

ဤဆရာမြတ်တို့ မိန့်အပ်သော ဂါထာ ပါဠိရပ်တို့ကို ထောက်သဖြင့်လည်း ယခုကာလ ယခုလောကဌ် ပဋိသန္ဓေ တိဟိတ်ရှိ၏၊ ပေါမျှားလှ၏ဟု မှတ်။ ပဝတ္တိတိဟိတ်ကား လူခပ်သိမ်းတို့သည်ပင် ဖြစ်ကြသောကြောင့် ဝိပဿနာကို ကြပ်ကြပ်အားထုတ်ကြ၊ ပဝတ္တိတိဟိတ်ပင်ဖြစ်သော်လည်း ဖြစ်နိုင်၏၊ထင်နိုင်၏၊ မြင်နိုင်၏၊ ပရိကမ္မနိမိတ်ကျအောင်ပင် ထင်နိုင်၏၊ ပရိကမ္မသမာဓိ၊ဥပစာရသမာဓိကျအောင်ပင် ရနိုင်၏။ ထိုလေးပါးတို့၏ အထူးကား သမထဝိပဿနာအခန်းမှာ ထင်ရှားလတံ့။ မင်းဖြစ်ထိုက်သူ ဖြစ်၍ ဖုတ်သင်း ရထား ဆိုက်ရောက်၍ လာသည်ကို ငါဘုရားကျွန်မျိုး၊ ကျောင်းကျွန်မျိုး၊ ဆင်းရဲသားဒုန်းစင်္ကြား သူတောင်းစားမျိုးဖြစ်သည်။ မင်းအဖြစ် နှင့် မတန်ဟု ဖုတ်သင်း ရထားပေါ်သို့ တက်၍ မစီးဝံ့သကဲ့သို့ ငါတိဟိတ်မဟုတ်။ ကမ္မဋ္ဌာန်းလုပ်၍ မဖြစ်နိုင်ဟု နောက်ဆုတ်၍ မနေကြနှင့်၊အတင်မမှားကြနှင့်။ ပဋိသန္ဓေ၊ပဝတ္တိ-တိဟိတ် နှစ်ပါးရှိသည်ကို မျော်လေ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ဘိက္ခုနီမတို့က အဋ္ဌကကမ္မဋ္ဌာန်းကို ပေး၍ အဖန်ဖန် အားထုတ်ပွားများသဖြင့် အရိုးစုထင်ပြီးမြင်ပြီးသော ကြက်ဘူဇရေး ကျေးသားငယ်ကို သိန်းသုတ်သည်ရှိသော် အရိုးစုကြီးက အရိုးစုကလေးကို ချီ၍သွားသည်ဟု အဖန်ဖန်မြည်တမ်းသော ကျေးသား၏ အသံကို အလွန်ကြောက်ရုံ့ ထိတ်လန့်သည်ဖြစ်၍ မချိဝံ့သဖြင့် သိန်းက လွှတ်လိုက်လေသော် ကျေးသားသည် အသက်မသေ ချမ်းသာစွာ နေရ၏။ ဤကဲ့သို့သော တိရစ္ဆာန်ကျေးသားသည်ပင် ဖြစ်နိုင် ထင်နိုင် မြင်နိုင်သေးသည်ကို ထောက်၍ လူသားဖြစ်ကြသော ငါငါသူသူ ဟူသမျှတို့မှာ အားထုတ်ခဲ့က ဖြစ်ရတော့မည်သာ အမှန်ဖြစ်၏။ မိမိကမ္မ အားမထုတ်ဘူးသေးလျှင် ပါရမီစကား တိဟိတ်စကားကို မပြောသင့်သေး။

လောကဌ် ဘယ်ဝတ္ထုမျိုးမဆို အားထုတ်မှ ရှာကြံမှ ရနိုင် ပြည့်စုံနိုင်ဘိသကဲ့သို့ ပါရမီသည်လည်း အားထုတ်မှ ဆည်းပူးမှ ရနိုင် ပြည့်နိုင် ရင့်နိုင်သည်။ လောကဌ် သရက်သီး၊ ပိန္နဲသီး၊ သင်္ဘော်သီး စသည်တို့သည် တခါတည်း ရင့်ပြီး၊ မှည့်ပြီးမသီးနိုင်၊ အနု အကင်းက စ၍သာ သီးရသကဲ့သို့ ပါရမီသည်

လည်း တခါတည်းရင့်ပြီး ပြည့်ပြီးမဖြစ်နိုင်ရာ၊အနုကသာဝစ၍ ဖြည့်ရ၏၊ အား ထုတ်ရ၏။ ထို့ကြောင့် နောက်နောက်ဘဝက ဝိပဿနာ မပါသေးသော သူ များမှာ ယခုဘဝမှာ ပါရမီလက်စ၊ ပါရမီနှ၊ ပါရမီ အကင်းကလေးများ ရ အောင် ဝိပဿနာကို ကြပ်ကြပ်အားထုတ်လိုက်ကြ၊ ကြပ်ကြပ် ကင်းလိုက်ကြ၊ နောက်နောက်က ဝိပဿနာ ပါရမီစ၊ ပါရမီနှ၊ ပါရမီကင်း ပါးခဲ့သူများမှာ ယခုဘဝ ရင့်အောင်၊ဝင်းပြောင်အောင် ကြပ်ကြပ်အားထုတ်ကြ၊ ရင့်ကြ၊ဝင်း ပြောင်ကြ၊ နောက်နောက်က ရင့်ပြီး ဝင်းပြောင်ပြီးသူတို့မှာ ယခုဘဝ မှည့် အောင် ကြပ်ကြပ်အားထုတ်ကြ၊ ပှည့်ကြ။

ဤစကားလုံးကား သစ်သီးသို့လိုက်၍ သုံးသောစကားတည်း။သစ်သီး မှာ အကင်း အနု အရင့် ဝင်းပြောင် အမှည့်ဟူ၍ အရွယ်ငါးပါးရှိ၏။အကင်း နှင့်ကား ဝိပဿနာစ၍ ရှုစနှင့် တူ၏။ အနုနှင့်ကား သမ္မသနဉာဏ်၊ ဥဒယဗ္ဗ ဉာဏ်စသည် ဆိုက်မှနှင့်တူ၏။အရင့်နှင့်ကား အရောင် ပိတိ ပဿဒ္ဓိစသော ကမ္မ ဋ္ဌာန်း၏ သဘာဝဓမ္မ ဖြစ်ပေါ် လာသည်နှင့် တူ၏။ ဤသို့ဖြစ်သော သူသည် ငါ့မှာ ဝိပဿနာမျိုးစေ့ မအောင့် တအောင် ရပြီဟူ၍မှတ်။ ဝင်းပြောင်နှင့် ကား မင်္ဂ၏ ဥပစာအနည်း အပါးသို့ ရောက်သာည်နှင့်တူ၏။။ဟိုသူသည် ရှေ့သို့တိုး၍ အားထုတ်အံ့၊ မင်္ဂသို့ဆိုက်လတံ့။ သစ်သီးမှာလည်း မှည့်ကာနီး ဝင်းဝင်း ဝါဝါရှိသည်ကို ဝင်းပြောင်ဟု ခေါ်သည်။ မှည့်သည် နှင့်ကား မင်္ဂဖောဖိုလ်ဖောကျ၍ မင်္ဂဖိုလ် ရသည်နှင့် တူ၏။ အပ္ပင့်မှာလည်း အင့်အကင်း၊ အင့်နု၊ အင့်ရင့်၊ အင့်ပ္ပင့်ဟူ၍ အရွယ်အစားစားရှိ၏။ ဥပမာ-ဥပမေယျ ဟပ်လေ။ ပ္ပင့်သည်နှင့် မင်္ဂဖိုလ် ဆိုက်သည်နှင့် တူ၏။

ဥယျောဇဉ်(၂) ဂါထာ

ဖလံ ဇာတံ တရုဏံနု၊ ပတိပက္ကံဝ တာဒိသံ။
တထာ ဝိပဿနာဉာဏံ၊ တသ္မာ ဇာတော၀ အာရဇော။
ဟေတ္ဝာဒိ ဝါ ဝိစာရေတ္ဝာ၊ ဣဓေဝ ပါရမေသနာ။
တိဟေတုကာ ဟိ ပဝက္ကံ၊ ပဉ္ဉိသန္ဓိ တ ဇာပယေ။

လောကေ၊ လောကဒ္ဒါ။ ဝါ၊ လူတို့မျက်မြင် တောတောင်ခွင်ဌာ။ ဖလံ၊ အသီး ဟူသမျှသည်။ ဇာတံ၊ အပ္ပင့်ကြွကျ သီးစ အကင်းဌာ ၎င်း။ တရုဏံ၊ ရင့်ဘက်ကိုလု သီးအနုဌာ။ အနုပက္ကံ၊ ဝင်းပြောင်မည်ဟု ရှေးရှုရုန်းလင့် သီး အရင့်ဌာ။ ပတိပက္ကံ၊ ထိုထက်ကြိုးရင့် မှည့်မည်ခွင့်ကို ငံ့လင့်ရှေ့ဆောင် သီးဝင်း ပြောင်ဌာ။ ပက္ကံ၊ ရင့်ရန်ကုန်ဘိ အသီးမှည့်ဌာ။ ဣတိ၊ ဤသို့။ တာဒိသံ ဣဝ၊

ထိုအနုမှစ၍ မည်ကာလတိုင် တဖြိုင်ဖြိုင်နှင့် အဆင့်ဆင့် ဖြစ်ရ သကဲ့သို့။ ဝါ၊ ကင်းနုရင့်ပြောင် မည်တိုင်အောင်သာ ဆင့်ကာ ဆင့်ကာ ဖြစ်ရပါ သကဲ့သို့။ တထာ၊ ထိုသစ်သီးအတူ၊ ဝိပဿနာဉာဏ်ပိ၊ ဝိပဿနာဉာဏ်သည်လည်း။ ဇာတံ၊ စ၍ပွားလျှင် ဉာဏ်အကင်းရင်း။ တရုဏံ၊ သမ္မသနစသည်ဆိုက်မှ ဉာဏ်အနုရင်း။ အနုပက္ကံ၊ ရောင်ဝါပိတိ စရှိုဖြစ်လင့် ဉာဏ်အရင့်ရင်း။ ပတိပက္ကံ၊ မဂ်၏ဥပစာနီးစွာကပ်မြှောင် ဉာဏ်ဝင်းပြောင်ရင်း။ ပက္ကံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမှန် ဆိုက်ဘိ ဉာဏ်အမှည့်ရင်း။ ဣတိ၊ ဤသို့။ တာဒိသံ၊ ကင်းနုရင့်ပြောင် မည်တိုင် အောင်သာ ဆင့်ကာ ဆင့်ကာ ဖြည့်ရပါကုန်၏။ တသ္မာ၊ ထိုသို့ အနုကစ အရင့်ကျအောင် ရွရွဆင့်ကာ ဖြည့်ရပါသောကြောင့်။ ပါရမေသနာ--ပါရမီသနာ၊ မဂ်ပါရမီ ဉာဏ်အဆီကို ကြံစည်ရှာမှီး ကြသော သူတို့သည်။ ဝါ၊ ပါရမေသနာ ပါရံ သနာ၊ နိဗ္ဗာန်ကမ်းတဖက် လှမ်းတက်လိုလှ ရှာကြကုန်သော သူတို့သာည်။ ဟေတ္ထာဒိ၊ ဟိတ်အစရှိသည်ကို။ ဝါ၊ တိဟိတ်ဒ္ဝိဟိတ် ပဋိသန္ဓေစာပေ ပရိယတ် တတ်မတတ်ကို။ အဝိစာရေတ္ဝာ၊ မချယ်မရွေး မစစ်ဆေးမူ၍။ ဣဓေဝ၊ ယခု သာသနာကြုံခွင့်ရ ယခုဘဝ ယခုချက်ချင်း ထ၍ သာလျှင်။ ဇာတေဝ၊ ကိလေသာပွင့် အသင့်ကြွကျ ကင်းစသာလျှင်ဖြစ်သော။ ဝိပဿနာဉာဏ်၊ အနိစ္စ ဒုက္ခ လှလှမြင်သန် ဝိပဿနာဉာဏ်ကို။ ဇာတေဝ၊ အပွင့်ကိလေသာ အညှာကြွလျှင်း ကင်းနိုင်အောင်သာလျှင်။ အာရဘေ--အာရဘေယျုံ၊ ဇနဓရ ညဉ်ပါဘယ်ခါမနား အားထုတ်လိုက်ကြပါကုန်လော့။ ဟိ-ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ ပဝတ္တိပဋိသန္ဓိ၊ ပဝတ္တိပဋိသန္ဓေ ဖြစ်ကုန်သော။ တိဟေတုကာ၊ တိဟိတ် နှစ်မျိုးစလုံး ဟိုပင်။ တ-တံ ဝိပဿနံ ဉာဏ်၊ ထိုဝိပဿနာ ဉာဏ်ကို။ ဇာပယေ--ဇာပယော်၊ အမောဟစေတသိက်ကို ပဝတ္တိကာလ၌ ရကြသည် ဖြစ်ဘိ၍ မိမိတို့ဖာလိုက် ဖြစ်ထိုက်သရွေ့ အနေဖြင့် ဖြစ်စေနိုင်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အာရဘေယျုံ၊ ဟိတ်စာမရွေး မနှေးမြန်စွာ အားထုတ်လိုက်ကြပါကုန်လော့။

အကယ်၍ မိမိကိုယ်ကို အားမရသော် တိဟိတ်ဟုတ်မည် မဟုတ်မည်ကို သိရအောင် စမ်းသပ်ကြရန် အချက်ကား။ ပညတ်အာရုံ၌ အင်္ဂါအရိုး စသော ပရဒုခုကို စိုက်၍ကြည့်။ ထိုသို့ကြည့်သော အခါ မိမိစိတ်ကို မိမိ တခြားတပါးသောအာရုံသို့ မပြေးမသွားစေမူ၍ မိမိရှုသော ကမ္မဋ္ဌာန်းအာရုံ၌သာ ထားသမျှတည်နေအံ့၊ တိဟိတ်ဟူ၍မှတ်။ ပရမတ်အာရုံ၌ ဓာတ်ကြီး လေးပါး တို့တွင် တေဇောမီးဓာတ်သည် အပူအအေး ဟူ၍ နှစ်မျိုးရှိ၏။ မိမိ ကိုယ်ကို မိမိစမ်း၍ကြည့်။ ဘယ်အရပ်၊ ဘယ်အကွက်၊ ဘယ်အင်္ဂါပင်စမ်းစမ်း ပူပူနွေးနွေး တွေ့လတံ့။ ထိုအပူကို မိမိစိတ်အာရုံထဲသို့ သွင်း၍ကြည့်၊ တကိုယ်လုံး တရှိန်ရှိန်သာ နေလတံ့။ ဤကဲ့သို့ တရှိန်ရှိန် နေသော် မိမိ နိုင်သမျှ မြင်နိုင်အံ့။ **တိဟိတ်ဟူ၍ မှတ်။ တိဟိတ်စမ်းပုံအကျဉ်း**။ ဤမျှ လောက်သော ပါဠိတော်

စကားရပ်တို့၌ ယခုလောက ယခုကာလ၌ တိဟိတ်မရှိ၏လော၊ ရှိ၏လော ဟူသော စတုတ္ထပုစ္ဆာ၏ အဖြေစကားရပ် ဤတွင်ပြတ်ပြီ။

(သံယုတ္တနိကာယ်မဟာဝဂ်အာနာပါနသံယုတ်၊ ဒုတိယပဏ္ဏာသက)

(၅) "နာမ်ရုပ်နှစ်ပါးလုံးရှိမှ မင်္ဂလာဖြစ်မည်လော" ဟူသော ပဉ္စမပုစ္ဆာ၏ အဖြေကား—

ရှေးဦးစွာ နာမ်၏လက္ခဏာသဘော၊ ရုပ်၏လက္ခဏာသဘောကို အဘိဓမ္မာ မဟာဋီကာဆရာတော်လူမျိုး သိသာရုံ ခဲ့ပြုလိုက်ဦးအံ့။

(၁) နာမ်၏ လက္ခဏာသဘောကား—အနုမတဂ္ဂ အစမထင် သံသရာအစဉ်က ယခုထက်တိုင် မိမိတို့၏ ခန္ဓာအစဉ်၌ ဆက်ကာဆက်ကာ အစဉ်ပါရှိသော အာရုံဟူသမျှကို သိတတ်သောစိတ်သည် အာရမ္မဏော နမတိတိ နာမံ-ဟူသော ဝစနတ္ထမကြောင့် နာမ်မည်၏။ အာရမ္မဏော၊ အာရုံ၌။ နမတိ၊ညွတ်တတ်၏။ ဣတိ၊ ထိုကြောင့်။ နာမံ၊ နာမ်မည်၏။ ထိုနာမ်သည် ဒွါရခြောက်ပါး အာရုံခြောက်ပါးသို့လိုက်၍ ခြောက်ပါးပြား၏။ မျက်စိ ၁၊ နား၁၊ နှာခေါင်း ၁၊ လျှာ ၁၊ ကိုယ် ၁၊ နှလုံးသား ၁၊ ဤခြောက်ပါးသည် ဥပစာ အားဖြင့် ဒွါရခြောက်ပါးမည်၏။ တံခါးခြောက်ပေါက်ကို ဆိုလိုသည်။ အဆင်း အရုပ် အဝါ လှုသည်ကိုမြင်မြင်၊ ဆိုးသည်ကိုမြင်မြင်၊ မျက်စိက မြင်သမျှသည် မြင်မှုကလေးသာ နာမ်၏ လက္ခဏာသဘောတည်း။ မျက်စိနာမ်ဟုခေါ်၊မျက်စိစိတ်ဟူ၍လည်း ခေါ်ရ၏။ အသံကောင်းကောင်း သာသာယာယာကိုကြားကြား။ အသံဆိုးဆိုး ကြမ်းကြမ်းတမ်းတမ်းကို ကြားကြား။ နားက ကြားသမျှသည် ကြားမှုဓာတ်သဘောသည် နားနာမ်၊ နားစိတ်မည်၏။ ထို့အတူ နှာခေါင်းက မွေးမွေး ပုပ်ပုပ် အနံ့ကို နံသမျှ သိသမျှ နံမှုသိမှု၊ လျှာက အာဂျို အချဉ် အငန် အစပ် အဖန်အခါး ဆိုးဆိုးကောင်းကောင်း အရသာဟူသမျှကိုသိမှု၊ ကိုယ်က နုနုကြမ်းကြမ်း ကောင်းကောင်းဆိုးဆိုး ထိသမျှသိမှုတို့သည် နှာခေါင်းစိတ်နာမ်၊ လျှာစိတ်နာမ်။ ကိုယ်စိတ် ကိုယ်နာမ် ပည်၏။ နှလုံးက၊ ပမ်းထဲက၊ စိတ်ထဲက ကြံသမျှ၊ တွေးသမျှ သိသမျှ၊ ကြံမှု၊ တွေးမှု၊ သိမှုသည် နှလုံးစိတ် နှလုံးနာမ်မည်၏။ ကိုယ်အရ သွေးရှိသမျှ တကိုယ်လုံးကို ယူ။ ၎င်း နာမ်ကို ကြပ်ကြပ်ပိုင်အောင် ဉာဏ်ဖြင့် စဉ်းစားခဲ့။သို့မှ ဝိပဿနာခန်းကျတော့ လွယ်မည်။

စိတ်နာမ်နှစ်ပါး၏ ဝိဂြိုဟ်သင်္ဘာဂါထာ

အာဝရမ္မဏံ စိန္တေတီတိ၊ စိတ္တံ နာမေတိ တံဝဝါ။
ဟသ္မိံ နမတိ နမနံ၊ နာမန္တိ တံ ဆ ဒွါရတော။

ယံ ဝိညာဏံ၊ အကြင်ဝိညာဏ်သည်။ အာရမ္မဏံ၊ အာဆင်းအသံ၊ အနံ့ အရသာ ထိတွေ့တာနှင့် ကြင်းငှာအမျှား အာရုံ ခြောက်ပါးကို။ စိန္တေတိ၊ ကြံဖန်တ် သိတတ်၏။ ကွတိ၊ ထို့ကြောင့်။ တံ ဝိညာဏံ၊ထိုဝိညာဏ်သည်။ စိတ္တံ၊ စိတ်မည်၏။ယံ စိတ္တံ၊ အကြင်စိတ်သည်။ တံဝ အာရမ္မဏံ၊ ထိုအာရုံခြောက်ပါးကို သာလျှင်။ နာမေတိ၊ မိမိဆီသို့ အညီမချွတ် ညွတ်စေတတ်၏။ ဝါ၊ ဟေတု-ကတ္တုသာမိကိုလဲ၍ ကတ္တုသာမိတနဲကို ဆိုလိုက်အံ့။ ဟသ္မိံ အာရမ္မဏေ! ထို အာရုံခြောက်ပါးရှိရာဌာန်။ ဝါ၊ ထိုအာရုံခြောက်ပါးရှိရာသို့။ နမတိ၊ မိမိကသွား ကြိုက်သောအားဖြင့် ပြားပြားဖုပ်ဝပ် ကိုင်းညွတ်၏။ ဝါ၊ ကတ္တုဟေတု နှစ်ခု ပြောင်းလဲ ဘာဝသာမိတနဲကို ဆိုလိုက်အံ့။ ဟသ္မိံ၊ ထိုအာရုံ ခြောက်ပါး၌။ နမနံ၊ ညွတ်ခြင်း မာတ်သဘောတည်း။ ကွဟိတသ္မာ၊ ထိုသို့ညွတ်စေတတ်သည့် ညွတ်ခြင်းမာတ်ကြောင့်။ တံစိတ္တံ၊ ထိုစိတ်သည်။ နာမံ၊ နာမ်မည်၏။ တံနာမံ၊ ထိုနာမ်သည်။ဒွါရတော၊ မျက်စိ နား နှာလျှာ ကိုယ်နှလုံးသား ခြောက်ပါး ဒွါရ ဖြစ်ရာဌာနအားဖြင့်။ ဆ၊ တည်ရာရင်းခံ နာမ်ကိုတက်၍ မည်မှတ်ခေါ်ရာ ခြောက်ပါးဖြာ၏။

ဤကဲ့သို့ စိတ်တလုံးကိုသာ နာမ်ဟုဆိုလိုက်ခြင်းသည်ကား အသိမမှာကို မသင်္ဘားသူတို့ နားလည်လွယ်စေခြင်းငှါ မဇနာ ပုဗ္ဗင်္ဂမာ မမှာ။ မမှာ၊ နာမကွန္ဓာဝယရေးဟူသည်။ ဝါ၊ ဇေတသိက် ငါးဆယ့်နှစ်ပါးတို့သည်။ မဇနာ-ပုဗ္ဗင်္ဂမာ၊ ပဉ္စဝေါကွန္ဓာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။ ဝါ၊ စိတ်တလုံးသာလျှင် ပြဋ္ဌာန်းခြင်း ရှိကုန်၏—ဟူသော ဓမ္မပဗပါဠိတော်နှင့်အညီ ဖဿစေသော ဇေတသိက်နာမကွန္ဓာတို့သည်။ စိတ်ဝိညာဏကွန္ဓာသာလျှင် အမှူးအကြီး ပြဋ္ဌာန်းသဖြင့် မီးဝိုင်မီးဖေါက်ကိုယူသော် အရောင်အလင်းပါရှိသကဲ့သို့ မီးဖောက်ကို မှတ်ငြိမ်းသော် အရောင်အလင်း ပျောက်ရှိသကဲ့သို့ စိတ်တလုံးကိုရသော် စေတသိက်တို့ကို ရရှာလောက်သောကြောင့် စိတ်တလုံးကို ပိပဿနာထမြောက်အောင် မြင်သော် စေတသိက်တို့ကိုလည်း ထမြောက်အောင်မြင်ပြီး ဖြစ်သောကြောင့် ဆိုလိုက်သည်။ ထို့ကြောင့်—

> ဝိညာဏော ဘိက္ခဝေ အာဟာရေ ပရိညာတော နာမရူပံ ပရိ-ညာတံ ဟောတိ။ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ဟိဠိ ဥပ္ပာဒိကရဏီယန္တိ ဝဒါမိ—

ဟု နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏော အာဟာရေ၊ ဝိညာဏာဟာရကို။ ဝါ၊ အသက်မသေ တည်စေဆောင်တတ် စိတ်ခေါတ်တလုံးကို။ပရိညာဒေါ၊ ပရိညာဉ် သုံးပါးဖြင့် ပိုင်းခြားပိုင်ပိုင် သိစွမ်းနိုင်သည်ရှိသော်။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးကို။ ပရိညာတံ၊ မီးတွင်ရောင်ဝါ ပမာအလား ပိုင်းခြား ပိုင်နိုင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ နာမရူပေ၊ ရုပ်နာမ်နှစ်ပါးကို။ ပရိညာတေ၊ အလိုလို ပိုင်နိုင်အပ်သည်ရှိသော်။ အရိယသာဝကဿ၊ ငါဘုရား တပည့်သားရဟန်း ရှင်လူအများအား။ ဥတ္တရိ၊ စိတ်တခုကို ရှုသည်ထက်အလွန်။ ကိဉ္စိ၊ မစတသိက်ရုပ်ထပ်လုပ်ရှုမှု တစုံတခုမျှ။ ကရဏီယံ၊ ပြုဘွယ်လုပ်ဘွယ်သည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။။

ဤပါဠိတော်မြတ်ဖြင့် နာမ်တရားချည်းသက်သက် မဂ်ကိစ္စပြီးသည်၏ အဖြစ်ကို ပြတော်မူ၏။။ ထိုမှတပါး ဖဿ အာရုံကို တွေ့မှုသဘော နာမ်တပါး၊ ဝေဒနာ ဆင်းရဲချမ်းသာကို ခံစားမှုတပါး၊ စေတနာ ဆော်သြမှုနာမ်တပါး၊ သညာ မှတ်မှုနာမ်တပါး၊ ဤနာမ်စုလည်း တစုတပါးတလုံးတည်းနှင့် မဂ်ကိစ္စပြီးနိုင်သော နာမ်တစုတည်း။ ဤပါဠိတော်အကိုးကိုလိုလျှင် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ သုတ္တန်ပါတ်တို့မှာယူလေ။ ထို့ကြောင့် နာမ်သက်သက်ပင် ပရိညာဉ် သုံးပါးပိုင်နိုင်၍ ဝိပဿနာပေါက်ခဲ့က မဂ်ဖိုလ်ကို ရနိုင်၏ဟု သန္နိဋ္ဌာန်ကျမှတ်။

မစင်ထက်ဝက်နှင့် ရောသော ဘောဇဉ် စားဘွယ် သောက်ဘွယ် ယာဂုထမင်းကို မြိန်မြိန်ရှက်ရှက် စုံမက်မြတ်နိုးစွာ စားနိုင် သောက်နိုင် သုံးဆောင်နိုင်ဦးမည်လော။ ဤဥပမာ၌ မစင်ကို ငြီးငွေ့စက်ဆုပ်သဖြင့် ယာဂုထမင်း စသည်ကိုလည်း ငြီးငွေ့စက်ဆုပ်တော့၏။ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် နာမ်ကိုငြီးငွေ့ရိုးလွတ်ချင်ရိုး ချုပ်ငြိမ်းချင်ရိုးမှန်က ရုပ်ကိုလည်း ငြီးငွေ့တော့သည်။ လွတ်ချင်တော့သည်။ ချုပ်ငြိမ်းချင်တော့သည်။ ရုပ်အတွက် အထူးအား ထုတ်ဘွယ်မရှိပြီ။ ဤကဲ့သို့ ငြီးငွေ့ စက်ဆုပ်ချုပ်ငြိမ်းလိုက မဂ်ဖိုလ်ကို ဆိုက်နိုင်တော့သည်။ ထို့ကြောင့် ဆိုအပ်ပြီးသော ပါဠိတော်ကို ဟောတော်မူသည်။

ဘီးတခုမပါသော လှည်းကို တပါးသော အရပ်သို့ မောင်းခြင်း ဆောင်ခြင်းငှာ စွမ်းနိုင်ပါမည်လော။ အတောင်တဖက်ကျိုးသောငှက်သည် ကောင်းကင်သို့ ပျံတက်ခြင်းငှာ စွမ်းနိုင်ပါမည်လော။ ဤဥပမာ၌ တပါးသောအရပ်သို့ မောင်းခြင်း၊ ဆောင်ခြင်းငှာ မစွမ်းနိုင်မှု၊ ကောင်းကင်သို့ ပျံတက်ခြင်းငှာ မစွမ်းနိုင်မှုတို့နှင့် နှောင်ပိုင်းနွှဲအသစ် မနှမ်းတူ၏။ ဥပမာဒေတွဆိုဘွယ် အလွန်များ၏။။

ဗြဟ္မဲ့ပြည်သို့ ရောက်ကြသော သောတာပန်စသော အရိယာ ပုဂ္ဂိုလ်တို့သည် အောက်အောက်ဘုံသို့ ဆင်းရဲမရှိ။ ထို့ကြောင့် အကယ်၍ နာမ်ရုပ်နှစ်ပါးလုံး စုံအောင် ရှုနိုင်မှ မဂ်ကိစ္စပြီးသည် ဖြစ်အံ့။ အရှုပလေးဘုံသို့ ရောက်

သော သောတာပန် ပုဂ္ဂိုလ်၊ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည် အရဟာတ္တဖိုလ်ရဟန္တာမဖြစ်နိုင်ကြရာ။ အဘယ့်ကြောင့်နည်း၊ ၎င်းအရှုပဘုံ၌ ရုပ်မရှိသောကြောင့်တည်း။ ကာမဘုံ ရှုပဘုံ၌ရှိသော ရုပ်ကိုလှုမ်း၍ရှုဟု ဧစာဒနာ ငြားအံ့။ အဇ္ဈတ္တ မိမိ သန္တာန် မိမိကိုယ်၌ လက်ရှိဖြစ်သော ရုပ်နာမ်ကို ဝိပဿနာတင်မှသာ မဂ်ကိစ္စပြီးသောကြောင့် မစောဒနာသင့်။ ရုပ်ပင်မရှိသော်လည်း ထိုအရှုပဘုံသို့ရောက်သော သေက္ခပုဂ္ဂိုလ်တို့သည် နာမ်ကိုရှု၍ အရဟာတ္တဖိုလ် ရဟန္တာဖြစ်ကြကုန်၏။ ထို့ကြောင့် နာမ်ချည်း သက်သက်ပင် ရှိသော်လည်း မဂ်ကိစ္စပြီးနိုင်၏ဟု သန္နိဋ္ဌာန်ကျမှတ်။ နာမ်ရုပ်နှစ်ပါးစလုံး စုံအောင်ရှိနိုင်သော်သာ၍ပင် ကောင်း၏။ သို့သော်လည်း ဉာဏ်သေးသောသူတို့မှာ နှစ်ပါးစလုံးမရှိနိုင်ရာ၊ ထို့ကြောင့် မိမိတို့အားကိုးရာကို ကြပ်ကြပ်ဖိ၍ စေ့စေ့ကြီး အားထုတ်ကြ။

အိမ်တပိုင်းမှာပင် မီးဟုန်းဟုန်းထ၍ တောက်လောင်၍ နေပါလျက် မလောင်သေးသော အိမ်တပိုင်းမှာ နေဝံ့ဦးမည်လော။ လောင်တော့မှာ ကေန် ဖြစ်တော့သည်။ ဤဥပမာဖြင့် နာမ်ကိုပင် မှီခိုရာ အားကိုးရာ ကိုးကွယ်ရာ မဟုတ်မှန်း မုချသိ၍ ကြောက်လှုံ့လှု ထိတ်လန့်လှုသဖြင့် လုတ်ချင် ကျက်ချင် ထွက်မြောက်ချင်က ရုပ်ကိုလည်း ကြောက်ရွံ့ ထိတ်လန့်သဖြင့် လုတ်ချင်ကျတ်ချင် ထွက်မြောက်ချင်သော အဖြစ်ကိုပြ၏။ နာမ်သက်သက်ကိုရှု၍ မဂ်ဖိုလ်ရသော ဝတ္ထုသက်သေသည် နောက်မှာထင်ရှားလတံ့။ နာမ်သက်သက်ကိုရှုသဖြင့် မဂ်ကိစ္စပြီးသဖြင့် ရဟန္တာဖြစ်သည်ကို ပြဆိုချက် ပြီး၏။

ရုပ်အကျဉ်း ပြဆိုပေအံ့

ပထဝီမြေဓာတ်တပါး၊ အာပေါဓာတ်ဟူပါး၊ တေဇောမီးဓာတ်တပါး၊ ဝါယောလေဓာတ်တပါး၊ ဤလေးပါးကိုဓာတ်ကြီးလေးပါး မဟာဘုတ်လေးပါးဟု ခေါ်သည်။ ဓာတ်ကြီး လေးပါးသည် ကြွင်းရုပ်ဟူရာတို့၏ မှီရာတည်ရာ အထည်မံ၊ အမာခံ၊ မတည်ကြီးဖြစ်၏။ ဤဓာတ်ကြီး လေးပါးမရှိကကြွင်းသောရုပ်တို့သည် မဖြစ်နိုင်။ ၎င်းဓာတ်ကြီးလေးပါးသည်လည်း အချင်းချင်းမှီ၍ဖြစ်ကြ၏။ တပါးပျက်သော် အကုန်ပျက်၏။ ထိုဓာတ်ကြီး လေးပါးတို့၏ လက္ခဏာသဘောကား အသက်ရှိသော ခွေးဝက် ကြက် ငှက် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အဇ္ဈတ္တ ကိုယ်သန္တာန်၌ရှင်း၊ တော တောင် ရေ ၎မြေ သစ်ပင် အစရှိသော ဗဟိဒ္ဓ အပသန္တာန်၌ရှင်း လုက်စသည်ဖြင့် စမ်းသပ်၍တို့၍ ထို၍ ကြမ်းကြမ်း မာမာ၊ နုနုချောချော ဟူသမျှသည် ကြမ်းမာမှု၊ နုချောမှု ဟူသမျှသည် ပရမတ်မြေဓာတ် မည်၏။ အခဲအလုံး သဏ္ဌာန်ဒြပ်ကြီးသည် ပရမတ်မြေမဟုတ်၊ ပညတ်မြေသာဖြစ်သည်။ ဝိပဿနာအရာမှာ ပရမတ်မြေကို ခိုက်ခိုက်ဆိုက်ဆိုက် ကြည့်နိုင်လျှင် သာ၍ကောင်း၏။ ဤကဲ့သို့ ပရမတ်မြေ ပညတ်မြေ ကွဲအောင် မိမိကိုယ်မှစ၍ တကမ္ဘာလုံး စကြဝဠာ

အံ့နန္တကုန်မအောင် ကြည့်လေ။ သို့မှ ဝိပဿနာခန်းကျတော့ သိလွယ်မည်။ ပညတ်မြေသည် လူတို့မျက်စိဖြင့် မမြင်ကောင်းသော အမှုန်မှစ၍ မုန့်ညက်မှုန့်၊ မြေမှုန့်၊ သဲမှုန့်ကျောက်ခဲ၊ မဟာပထဝီမြေကြီးတိုင်အောင် သွားလေ။ ဘယ်လို ပင် အထည်ဝတ္ထုကြီးသော်လည်း လူတို့မျက်စိဖြင့် မမြင်ကောင်းသော အမှုန့် တွေ့ များစွာစုမိမှ မုန့်ညက်မှုန့်၊ မြေမှုန့်ဖြစ်နိုင်၏။ ကြီးလေအမှုန့်များလေဖြစ်၏။

တလောကလုံး ကပ်မှု၊ တွယ်မှု၊ ဖွဲ့မှု၊ စေးမှု၊ ယိုစီးမှုသည် ရေဓာတ် မည်၏။ ဆိုခဲ့ပြီးသော ရုပ်မှုန့်တွေ့ တလုံးတည်း၊ တခဲတည်း၊ တခုတည်းဖြစ်မှု သည် ရေဓာတ်ပင်ဖြစ်၏။ ညက်ဂွာသောမုန့်မှုန့်တွေ့ကို ရေနှင့်ရောရွှေ့ နယ်သော အခါ တလုံးတည်း တခဲတည်း ဖြစ်သကဲ့သို့တည်း။

တလောကဓာတ်လုံး လှုပ်မှု၊ ရှားမှု၊ ရွေ့မှု၊ သွားမှု၊ ထောက်ကန်မှု၊ တောင့်မှု၊ တင်းမှု ဟူသမျှသည် လေဓာတ်မည်၏။

တံလောကဓာတ်လုံး အိုက်မှု၊ ပူမှု၊ နွေးမှု၊ အေးမှုဟူသမျှသည် မီး ဓာတ်၏ မီးအေး၊ မီးပူ နှစ်မျိုးရှိသည်ဟု မှတ်။ မီးဓာတ်နှင့် လေဓာတ်သည် အချင်းချင်း အလွန်အာဒါပြု၏။ လောကဥလည်း မီးလောလျှင် ဖလပါ၏ ဟု ပြောဆိုရိုးရှိ၏။ နှစ်ပါးစုံ စပ်ဟပ်၍ကြည့်သော် သာ၍ ထင်ရှားလတ္တံ့။ ရုပ်ပေါင်း နှစ်ဆယ့်ရှစ်ပါးရှိပါလျက် ဤဓာတ်ကြီး လေးပါးကိုသာ ပြသည် မှာ ၎င်း ဓာတ်ကြီးလေးပါး ဝိပဿနာဉာဏ်ပိုင်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ မဂ်ကိစ္စ ဖိုလ်ကိစ္စပြီးနိုင်သောကြောင့် ပြလိုက်သည်။

ဤမဟာတ်ကြီး လေးပါးဖြင့်သာ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စပြီးနိုင်ကြောင်းကို ကား စတုကဋ္ဌကရပါဠိတော်မဟာရာဟုလောဝါဒသုတ်၌ ဟောတော်မူသည်။ ဟောတော်မူဟန်ကား ဤသို့သော ပါဠိတော်ပင်တည်း။

(၁) ယာစ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာစ ဗာဟိရာ ပထဝီဓာတု ပထဝီယေဝေသာ နေတံ မမ နေသောဟမသ္မိ၊ နေသော မေအတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီဓာတုယာ စိတ္တံ ဝိရာဇေတိ။

(၂) ယာစ ရာဟုလ အဇ္ဈတ္တိကာ အာပေါဓာတု၊ ယာစ ဗာဟိရာ အာပေါဓာတု၊ အာပေါယေဝေသာ နေတံ မမ နေသောဟသ္မိ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာပေါဓာတုယာ နိဗ္ဗိန္ဒတိ အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

(၃) ယာစ ရာဟုလ အဇ္ဈတ္တိကာ တေဇောခာတု၊ယာစ ဗာဟိရာ တေဇော ခာတု၊ တေဇောယေဝေသာ နေတံ မမ နေသောဟမသ္မိ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ၊ဧဝမေတံ ယထာဘူတံ သမ္မပညာ ဒိဿာ တေဇောခာတုယာ စိတ္တံ ဝိရာဇေတိ။

(၄) ယာစ ရာဟုလ အဇ္ဈတ္တိကာ ဝါယောခာတု၊ ယာစ ဗာဟိရာ ဝါယောခာတု၊ ဝါယောယေဝေသာ နေတံ မမ နေသောဟမ-သ္မိ နေသောမေ အတ္တာတိ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝ-မေတံ ယထာဘူတံ သမ္မပညာယဒိဿာ၊ ဝါယောခာတုယာ နိဗ္ဗိန္ဒ တိ၊ ဝါယောခာတုယာ စိတ္တံ ဝိရာဇေတိ။

(၅) ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသု စတူသု ဓာတူသု နေဝတ္တာနံ နာဘတ္တာနိယံ သမနုပဿတိ၊ အယံ ဝုစ္စတိ ရာဟုလ သမ္မဒသော ဘိက္ခု အစ္ဆိဒ္ဒိ တဏှံ၊ ဝိဝဋ္ဋယိ သံယောဇနံ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

အနက်ကား။ ။ရာဟုလ၊ ငါ၏ရင်နှစ် သားချစ်သည်းချာ ရာဟုလာ။ **အဇ္ဈတ္တိကာ**၊ အဇ္ဈတ္တသန္တာန် မိမိကိုယ်၌ဖြစ်သော။ ယာစ ပထဝီ ဓာတု၊ **အ**ကြင် ပထဝီမြေခာတ် ပရမတ်အစစ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ ဗဟိဒ္ဓသန္တာန် သူတပါးကိုယ် သစ်ပင်တောတောင်၌ ဖြစ်သော။ ယာစ ပထဝီဓာတု၊ အကြင်ပထဝီမြေခာတ် ပရမတ်အစစ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ဤ အဇ္ဈတ္တ ဗဟိဒ္ဓ မြေဓာတ်နှစ်ပါးသည်။ ပထဝီယေဂ၊ မြေဓာတ် သဘောသက်သက်သာတည်း။ တေံ၊ ဤမြေခာတ် နှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာ ငါဟာမဟုတ်။ သော၊ ဤမြေခာတ်နှစ်မျိုးလုံးသည်။နအဟမသ္မိ၊ ငါမဟုတ်။ ဤတိဗေံ၊ ဤသို့ နှလုံးသွင်း၍။ တေံ၊ ဤ မြေခာတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မ၊ ကောင်းစွာ။ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့ရှု၍။ တေံ၊ ဤ မြေဓာတ်နှစ်မျိုး လုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိဿာ၊ မြင်၍။ ပထဝီဓာတုယာ၊ မြေဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ပထဝီဓာတုယာ၊ မြေဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ် ခြင်းကင်း၏။

(ကြွင်းသော ဓာတ်ကြီးသုံးပါး၌လည်း ထိုနည်းအတိုင်း အနက်ပေး၊ အကြင်အာပေါဓာတ် ပရမတ် အစစ်သည်လည်း ဤကဲ့သို့စသည်ဆို။)

ရာဟုလ၊ ရာဟုခံတွင်း လသက်ဆင်းသို့ မယွင်းထိုတူ ငါတမူကို ဖမ်းယူ အံ့ငှာ ဖွဲ့မြင်လာ၍ ရာဟုလာခေါ် ငါ့သားတော်။ ယတော၊ အကြင်

အခါ၌။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ လေးပါးကုန်သော။ ဤမဉ့်သု ဓာတူသု၊ ဤဓာတ်ကြီးတို့၌။ နေဝတ္ထာနံ၊ အနှစ်သာရအတ္တမဟုတ်သည်ကို။ နှ အတ္တာနိယံ၊ ကိုယ်နှင့်မစပ်သည်ကို။ သမနုပဿတိ၊ ဝိပဿနာပညာဖြင့် ကောင်းစွာမြင်၏။ ရာဟုလ၊ ရာဟုလာ။ ယံ ဘိက္ခု၊ ဤသို့မြင်သော ရဟန်းကို။ သမ္မဒသော၊ ကောင်းစွာမြင်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဏှံ၊ တဏှာသည်။ အစ္ဆေဒိ၊ ပြတ်ပြီ။ သံယောဇနံ၊ သံယောဇဉ်သည်။ ဝိဝဋ္ဋယိ၊ ပြတ်ပြီ။ သမ္မာ၊ ကောင်းစွာ။ မာနာဘိသမယာ၊ မာနကို ပယ်နိုင်သောကြောင့်။ ဒုက္ခဿ၊ အမျိုးမျိုးသော ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုနိုင်ပြီ။

ဤပါဠိတော်၌ဆိုတိုလိုရင်းအဓိပ္ပာယ်ကား-မြေကြီးသဘင်တောတောင် စသည်တို့၌ ရှိသော ခက်မာမှုမြေဓာတ်၊ ဖွဲ့စေးမှု ရေဓာတ်၊ ပူမှု အေးမှု မီးဓာတ်၊ထောက်ကန်မှု ရွေ့လျားမှု လေဓာတ်၊ ဤဗဟိဒ္ဓဓာတ်ကြီးတို့ကို ငါပိုင်ဥစ္စာ ငါဟာမဟုတ်၊ ငါကိုယ်ငါလည်းမဟုတ်၊ ငါ့အနှစ်သာရလည်း မဟုတ်ဟု ထင်မြင်ပိုင်းခြား ဆုံးဖြတ်နိုင်သကဲ့သို့ ထို့အတူ မိမိတို့၏ကိုယ် အစ္ဈတ္တသန္တာန်၌ရှိသော ထိုဓာတ်ကြီးလေးပါးတို့ကိုလည်း ငါပိုင်ဥစ္စာ ငါဟာမဟုတ်၊ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်၊ ငါ၏အနှစ်သာရ မဟုတ်ဟု ဝိပဿနာဉာဏ်ဖြင့် ထင်မြင် ထမြောက်အောင်မြင်အောင် ရှုနိုင်ကြမှု မင်္ဂလေးပါး၊ ဖိုလ်လေးပါးသို့ ဘုံးကနဲ ဘုံးကနဲ ဆိုက်ရောက်၊ ဤဓာတ်ကြီးလေးပါးတို့၌ တဖယ်တာကပ်ငြိစွဲလမ်းတပ်နှစ်သက်တတ်သော တဏှာမာနဒိဋ္ဌိတို့ အကြွင်းအကျန်မရှိ ပြတ်ကင်းသဖြင့် ဤဓာတ်ကြီးလေးပါးတို့၌ မြဲမြံစွာ နှောင်ဖွဲ့ချည်တုပ်တတ်သော သံယောဇဉ်တရားတို့လည်း ပြတ်ကင်းသဖြင့် ထိုထိုသံသရာဘဝကြီး၌ ကျင်လည်ရသမျှ ဒုက္ခအပေါင်းတို့၏ အဆုံးဟု ဆိုအပ်သော နိဗ္ဗာန်သို့ ရောက်ရသဖြင့် ဘယ်ခါမှ တဖန် ပြန်၍ဆင်းရဲခြင်းမရှိပဲ အမြဲချမ်းသာစွာ သန္တိသဘောဖြင့်သာ ဖြစ်ရတော့မည်ဟူလို။ ဤကား အဓိပ္ပာယ်။

ဤရုပ်ချည်း သက်သက်ရှုရာ၌ ဥပမာကိုကား နာမ်အခန်းတွင် ပြဆို ခဲ့ပြီးသော မစင် ဘောဇဉ် ထက်ဝက်စီရောသော ဥပမာကို ဆောင်ယူ၍ သိလေ။ဤကား ရုပ်ချည်းသက်သက် မင်္ဂကိစ္စပြီးမှုကို အကျဉ်းမျှ ပြဆိုခန်းတည်း။

နာမ်ချည်းသက်သက်ရှု၍ ရဟန္တာဖြစ်သောဝတ္ထု၊ ရုပ်ချည်း သက်သက် ရှု၍ ရဟန္တာဖြစ်သောဝတ္ထု၊ နာမ်ရုပ်နှစ်ပါးစုံရှု၍ ရဟန္တာ ဖြစ်သော ဝတ္ထုတို့ကို တပေါင်းတည်း ထုတ်ပြလိုက်အံ့။ လောကမျက်ရှု သုံးလွှာထွတ်ထား သမ္ဘည့ုမြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် ရဟန်းတပါးသည် ဖဿစသော နာမ်တရားကို ဝိပဿနာရှုသဖြင့် ထိုနာမ်တရား၌ ဝိပဿနာ ပေါက်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤကား

နာမ်ချည်းသက်သက်ရှု၍ ရဟန္တာဖြစ်သော ဝတ္ထုတည်း၊ တပါးကား-ဓာတ်ကြီးလေးပါးကို ဝိပဿနာရှုသဖြင့် ဝိပဿနာ ဉာဏ်စခန်းကုန်ပေါက်သသဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤကား ရုပ်ချည်းသက်သက်ရှု၍ ရဟန္တာဖြစ်သော ဝတ္ထုတည်း။ တပါးကား ခန္ဓာငါးပါးကို ဝိပဿနာရှုသဖြင့် ဝိပဿနာဉာဏ် စခန်းကုန်ပေါက်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ တပါးကား အာယတနဟာဆယ့်နှစ်ပါးကို ဝိပဿနာရှုသဖြင့် ဝိပဿနာဉာဏ် စခန်းကုန်ပေါက်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤကား ရုပ်နာမ် နှစ်ပါးစုံကိုရှု၍ ရဟန္တာဖြစ်သော ဝတ္ထုတည်း။

ထိုရဟန္တာကြီးလေးပါးတို့သည် အတူတကွ ပေါင်းဆုံမိသောအခါမိမိတို့၏ အရဟတ္တဖိုလ်ကို ရကြောင်း ရဟန္တာဖြစ်ကြောင်း လမ်းကောင်းတရားအဝံးထုတ်ပုံနည်းလမ်းမျှားကို အချင်းချင်း မေးမြန်း စုံစမ်းကြသည် ရှိသော်ဆိုခဲ့ပြီးသော အတိုင်း မိမိတို့ အားကုတ်အပ်သော တရားကို အချင်းချင်းပြောကြားကြ၏။ ဖဿစသော နာမ်တရားကို ရှုရသော ရဟန္တာကြီးကလည်း နာမ်တရားသာလျှင် ရဟန္တာဖြစ်နိုင်၏။ နာမ် တရားမှတပါး ရဟန္တာဖြစ်ကြောင်း တရားမရှိဟု ဆိုလေ၏။ ဤအတူ အကြင်းသုံးပါးကလည်း မိမိတို့ အားထုတ်အပ်သော တရားမှတပါး ရဟန္တာ ဖြစ်ကြောင်း တရားမရှိဟု အချင်းချင်း အငြင်းအခုံဖြစ်ကြသဖြင့် မကျေအေးနိုင်ကြ၍ မြတ်စွာဘုရားအား လျှောက်ထားကြလေသော် မြတ်စွာဘုရား သခင်က အားထုတ်ပုံသာ ကွဲပြား၍ ရဟန္တာအဖြစ်ကား ကုကြ၏ဟု မိန့်တော်မူပြီးလျှင် ချစ်သားတို့၊ သင်ချစ်သားတို့သည် ယခုအခါ ဝိပဿနာ အငြင်းအခုံ ဖြစ်ကြသည်သာ မဟုတ်သေး၊ ရှေးအခါ၌လည်း ပေါက်ပင်၌ အငြင်းအခုံ ဖြစ်ကြဘူးပြီဟု အတိတ်ကို ဆောင်တော်မူ၏။

ချစ်သားတို့၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ရှင် ဘုရင်ဇြဟ္မဒတ်မင်းဖျား ငါဘုရားအလောင်း ဖြစ်စဉ်အခါက ချစ်သားလေးယောက်တို့သည် ဇြဟ္မဒတ်မင်းဖျား၏ သားတော်လေးပါးဖြစ်ကြ၏။ ထိုအခါ အထိန်းအသိမ်း မောင်းမ အလုပ်အကျွေးတို့က အရွက် အပွင့် အသီး နည်းနည်းမဖက် အရိုးအကိုင်းချည်း သက်သက်သော ပေါက်ပင်ကို မင်းသား တယောက်အား ပြ၏။ အပွင့် အသီး နည်းနည်းမဖက် စည်ကားသော အရွက် ရှိသည် ဖြစ်၍ ပညောင်ပင်၏ အသွင်ကဲ့သို့ စီမံးရှင်သောအခါ ၎င်း ပေါက်ပင်ကို မင်းသား တယောက်အား ပြ၏။ အရွက် အသီးရှိသောအခါ ၎င်းပေါက်ပင်ကို မင်းသား တယောက်အား ပြ၏။ ထိုမင်းသား လေးယောက်တို့ မျှတ်နှာစုံညီ ပေါင်းဆုံတွေ့မိကြသောအခါ ပေါက်ပင်ကို မြင်ဘူး၏လောဟု အချင်းချင်းမေးကြ၏။ မြင်ဘူး၏ဟု ပြောလေ၏။ အဘယ်ကဲ့သို့ အသွင် သဏ္ဌာန် ရှိသနည်းဟု မေး

ကြလေသော် မိမိကိုမြင်ဘူးသော အသွင်သဏ္ဌာန်ကို အသီးသီးပြောဆိုကြသော် သင်တို့ ဥစ္စာ ပေါက်ပင်မဟုတ်၊ ငါ့ ဥစ္စာသာလျှင် ပေါက်ပင်ဟုတ်၍ဟု အချင်းချင်း အငြင်းအခုံဖြစ်ကြ၍ ခမည်းတော် မင်းကြီးအထံသို့ ရောက်ကြလေသော် မင်းကြီးက သင် သားတော် ယေးယောက်တို့ မြင်သမျှသည် ပေါက်ပင်ချည်း ဖြစ်ကြ၏။ အမြင်သာ ကဲ့လဲ့သည်ဟု မိန့်တော်မူ၏။

ဧဝံ သဗ္ဗေဟိ ဉာဏေဟိ၊ ယေသံ ဓမ္မာ အဇာနိတာ။
တေဝေ ဓမ္မေသု ကခ်န္တိ၊ ကိံ သုကသ္မိံ ဝ ဘာတရော။
(သဋ္ဌာယတနသံယုတ် ပါဠိတော်လာ ကိံသုဂကာပမသုတ်)

ဘိက္ခဝေ၊ ကိလေသာဝဋ္ဋ ဝဲကြက်ခွပ်မှု အလွတ်ထုတ်လို ငါထံခိုသည့် ကုသိုလ်လိုလား အို ချစ်သားတို့။ ဘာတရော၊ ဗာရာဏသီ ပြည့်ရှင်မင်းဖျား ဘုရားလောင်း၏ သားကောင်းထင်ပေါ် ညီတော်နောင်ဘော် မင်းလေးဖော် တို့သည်။ ကိံ သုကသ္မိံ၊ အရိုးရွက်စည် ပေါက်ပင်ကြီး၌။ ကခ်န္တိ ဣဝ၊ သင့်ဟာမ ဟုတ်၊ ငါ့ဟာမဟုတ်ငြင်းထုတ်ဝိုးဝါးယုံမှားရှိကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုပေါက် ပင်ကြီး၌ ခိုက်ရန်ငြင်းခုံ ယုံမှားရှိပုံလို။ ယေသံ၊ အကြင် ငါဟာနာအလုပ် အား ထုတ်ပုံကဲ့ပြား သင် ရဟန်းလေးပါးတို့သည်။ သဗ္ဗေဟိ၊ ကြင်းမဲ့ညီသို့ ဒေသလုံး ကုန်သော။ ဉာဏေဟိ၊ ဝိပဿနာသုံးဟန် မဂ်ဖိုလ် ဉာဏ်တို့ဖြင့်။ ဓမ္မာ၊ ဖဿ အာယတန စသည်သွယ်သွယ် အားထုတ်ဖွယ်တို့ကို။ အဇာနိတာ၊ မိမိတို့ အား ထုတ်အပ်သော တရားမှာပါး အားထုတ်ဖွယ် ထူးပြားသည်ကို မျက်ဝါးထင် ထင် မသိမြင်ကြကုန်သည် ဖြစ်၍။ တေ၊ ထိုရဟန္တာကြီး လေးပါး ချစ်သား ရဟန်းတို့သည်။ ဓမ္မေသု၊ ဖဿ ခန္ဓာ ဓာတ် အာယတန လေးဖြာ ထုတ်နည်း အလုပ်ကြီးဟုဆိုအပ်သော အသီးသီးသော တရားတို့၌။ ကခ်န္တိ၊ မိမိတို့ အား ထုတ်အပ်သော တရားမှာပါး နိဗ္ဗာန် ရောက်ကြောင်း မရှိဘူးလားဟု ယုံမှား ရှိကုန်ကြပြန်၏။

ဤ ဝတ္ထုကို ထောက်၍ နာမ်ချည်း သက်သက် ရှုသော်၎င်း၊ ရုပ်ချည်း သက်သက် ရှုသော်၎င်း၊ နာမ်ရုပ် နှစ်ပါးစုံရှုသော်၎င်း၊ မဂ်ဖိုလ်ရနိုင်၏ဟုမှတ်။ ငြိုးငွေ့မှုသော ပခာန၊ ပြဆိုခဲ့ပြီးသော မစင်နှင့်ရောသော ဘောဇဉ် ဥပမာကို ကြပ်ကြပ်စည်းစား။ အခု ဤမေခတို့က နာမ်ချည်းသက်သက်ရှုက အသည်သတ် ဘုံရောက်ဟတ်သည်၊ ရုပ်ချည်းသက်သက် ရှုက အရုပဘုံသို့ ရောက်တတ်သည်ဟု ပြောဆိုကြ၏။ ဝိပဿနာအရာနှင့်မဆိုင် သမထအရာသာ ဖြစ်၏။


ဥယျောဇဉ် ဂါထာ

နာမံ ရူပံ ကေဝလဉ္စ၊ တဒုယမ္ပိ ဝိပဿထ။
မဂ္ဂကိစ္ဆံ တေ သာဓေန္တိ၊ နိဗ္ဗိန္ဒိတာ ပခာနတော။

ကေဝလဥနာမံ၊သက်သက်သောနာမ်ကိုဂုင်း။ကေဝလဥ ရူပံ၊သက်သက်သော ရုပ်ကိုဂုင်း။ တဒ္ဒယ်ပို၊ ထိုနာမ်ရုပ်ပါးစုံကိုဂုင်း။ ဝိပဿထ၊ မိမိ ကြိုက်ရာ ရွေးချယ်ပုါ၍ ခါခါမပြတ် လက္ခဏာရေးတင်ထပ်၍ ထပ်ထပ် ရှုလိုက်ကြပါ ကုန်လော့။ တေ၊ ရုပ်နာမ်မရှက် သက်သက် ကိုယ်စီ စုံညီရှုငြား ထိုသုံးပါး တို့သည်။ မဂ္ဂ ကိစ္စံ၊ လေးပါးမြတ်လှ မဂ်ကိစ္စကို။ သာဓေန္တိ၊ ကိလေသာကို တခါတည်းဖြတ် အသေသတ်၍ ပြီးတတ်စေနိုင်ကုန်၏။ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ နိဗ္ဗိဒါတာ ပဓာနတော၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာဖြစ်နည်း သံသရာ ကြီးကို ငြီးငွေ့ခြင်းသာ ပဓာန ဖြစ်သောကြောင့်တည်း။

နာမ်ရုပ်နှစ်ပါးစုံ ရှုမှ မဂ်ကိစ္စ ပြီးနိုင်မည်လော ဟူသော ပဉ္ဆမပုစ္ဆာ၏ အဖြေစကားရပ် ဤတွင် ပြတ်ပြီ။

ကမ္မဋ္ဌာန်း ဖြစ်နိုင်ကြောင်းကို ပြဆိုရာဖြစ်သော တတိယပိုင်း ပြီး၏။



ဘုရားစုကျေးရွာ အင်းမကြီးတောရကျောင်းတိုက် မဟာပေါဓိဘုရား

ဝမ်းတွင်းမြို၊ သိမ်တောင်အင်းမကြီး ဆရာတော်ဘုရားသည် အမြို့မြို့ အရွာရွာတို့၌ အသစ်တည်ထောင် ဖန်ဆင်းအပ်သော တောရကျောင်းတိုက်ကြီး ကျောင်းတိုက်ငယ်တို့၌ သီတင်းသုံးနေတော်မူသော သံဃာတော်မြတ်တို့ လိုက်နာကျင့်ဆောင်ရန် စည်းကမ်း နည်းလမ်း သတ်မှတ်အပ်သော ဥပဒေစာတမ်း။

ဥပဒေကို ကောင်းစွာစောင့်ရှောက်ရန် ဥယျောဇဉ်ဂါထာ

အနယာ အဝတီ သဿာ၊ ယထာ နဿန္တိ သာသနေ။
သုခကာမာတိအာစာရာ၊ ဥပဒေသံ သုရက္ခထ။

အဝတီ၊ စောင်ရန်းစည်းရိုး အကာမရှိကုန်သော။ သဿာ၊ လယ်ယာ၌ ပေါက်ကုန်သော ကောက်ပင်တို့သည်။ နဿန္တိ ယထာ၊ နွားမ နွားငယ် နွားသိုးရွယ်တို့းသည် ဖိစီးနှိပ်စက်၍ ပျက်စီးကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ အနယာ၊ ဥပဒေနည်းလမ်း စည်းကမ်းမရှိကုန်သော။ အာစာရာ၊ ရဟန်း ဿာမဏေတို့၏ မင်္ဂိုလ်နိဗ္ဗာန် လျင်မြန်ထုတ်ချောက် ချက်ချင်းပေါက်အောင်

ဆောင်တတ်ပေလှ သဘာဝကြောင့် သီလ သမာဓိ ပညာတည်းဟူသော အကျင့်တို့သည်။ သာသနာ့၊ ကုသိုလ်လေးမျိုး မည်းဖြိုင်ဖြိုင် ပြည့်စုံနိုင်သော သာသနာတော်မြတ်ကြီး၌။ နဿန္တီ၊ လောဘ ဒေါသ မောဟအာရုံ ကြုံတိုင်း သာလိုက် နှစ်ခြိုက်ကိုယ်လုံ ဖျက်ဆီးတတ်ကုန်၏။ ဣတိတသ္မာ၊ တို့ကြောင့်။ သုခကာမာ၊ လောကီလောကုတ္တရာ နှစ်ဖြာကျိုးရှိ သတိကြီးထား ဘန်စဉ်း စား၍ များများကြီးချမ်းသာကို အလိုရှိကြကုန်သော။ တုမ္မေ၊ ကိလေသာ ဝဋ် ဝဲကြက်ခွပ်မှ ကင်းလွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို အလိုရှိကြကုန်သော သင်ရဟန်းသာမဏေတို့သည်။ဥပဒေသံ၊ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ် ဥပဒေနည်းလမ်း ကျင့်ထမ်းစရာ အရှင်အနုရုဒ္ဓါအစရှိသော မဟာ ထေရမြတ်တို့သည် ကတိကဝတ်ငြမ်း ထုံးနည်းလမ်းကဲ့သို့ မပန်းမဆင်းရဲရာ တူစွာဖန်၍ ကျင့်ကြံလိုက်ကြကုန်သော ညောင်ရမ်းမြို့ အုံးပင်ချောင်တောရ၊ ဝမ်းတွင်းမြို့ သိမ်တောင်တောရ၊ ကျပ်ခကျောင်းတောရ၊ အင်းမကြီးတောရ၊ တောင်ငူမြို့ မြင်ဘုန်း၊ မြင်ထင်တောရစသောကျောင်းတိုက်ကြီးတို့၌ သိတင်း သုံး နေတော်မူသော သံဃာအများ ထားအပ်သော ဥပဒေနည်းလမ်း ကျင့်စဉ်နိုးကို။ သုရာမ္ဘထ၊ သတိကြီးထား ဘန်စဉ်းစား၍ ၊ များများကြီး စောင့်ရှောက်လိုက်ကြပါကုန်သော့။

(၁) စာကြည့်သောအခါ စာ၏ သဘောကိုသိအောင် ဉာဏ်ကိုရှေထား၍ ကြည့်ရခြင်း။

(၂) သူတပါးအကြောင်းကို ကောင်းကောင်းကြီး မသိခင်က မကဲ့ရဲ့ အပြစ်တင် မနောထင်တိုင်း စိတ်ရိုင်းကြီးရှေထား၍ ပြောများဆို များခြင်း၊ သူတပါးအပေါ်၌ မရှိရအောင် သတိထားရခြင်း။

(၃) ဗုဒ္ဓေ ပသန္နောဟု ကျမ်းဂန်ဥလာသောကြောင့် ဘုရား၌ ကြည်ညို ဘွယ်ရှိအောင် ကျောင်းအရာမ်၏ အတွင်း၌ ရှိသော စေတီတော်၊ ကျောင်းဘရာမ်၏ အနီးအပါး၌ရှိသော စေတီတော်များကို တနှစ် တခါ နှစ်နှစ်တခါ ထုံးဖွဲးဖွဲးဖြူအောင် လိမ်းကျံရခြင်း။

(၄) တနှစ်တခါ မတော်နိုင်လျှင် နှစ်နှစ်တခါ ထုံးဖွဲးဖွဲးဖြူအောင် လိမ်းကျံရခြင်း။

(၅) ကျောင်းပေါ်၌ရှိသော ဆင်းဘုတော်များကိုကြည်ညိုဘွယ်ရှိအောင် ပြင်ဆင်ရခြင်း။

(၆) ဆင်းတုတော်၏ ရှေ၌ ကန့်လန့်ကာ ကာ၍ ဖူးလိုသောအခါမှ ဖွင့်၍ဖူးရခြင်း။

ဘုရားသီတင်းသုံးသော ကျောင်းဆောင်၊ ကျောင်းခန်းအတွင်း၌ ဘုရားနှင့်သင့်လျော်သောပစ္စည်း၊ ပေစာ၊စာအုပ်မှတပါး အထူးထူးသော ပစ္စည်းမျိုးကို မထားရခြင်း။

ဘုရားနှင့် သင့်လျော်သော ပစ္စည်းမှတပါး အထူးတူးသောဝတ္ထု၊ မသင့်လျော်သော ပစ္စည်းမျိုးကို ထားခဲ့သော် အကြိမ်ကြိမ် ထုတ်ဝင်သွားလာခြင်းကြောင့် ဘုရား၌ အရိုအသေ ကင်းသဖြင့် ဗုဒ္ဓအာဂါဝရဖြစ်၍ မထားသင့် မထားထိုက် မထားအပ်ဟူ မှတ်ရခြင်း။

ဘုရား၏ ရှေတော်၌ နေသောအခါ ဘုရားဘက် ကျောပေးခြင်း ခြေဆန့်ခြင်းမျိုးသည် မသင့်လျောက်ပတ်၍ မနေအပ်ဟု မှတ်ရခြင်း။ အထူး သတိရှိပါလေ။

အနုဇာနာမိ ဘိက္ခဝေ သာကိ ံ ပက္ခဿ စာတုဒ္ဒသေ ဝါ ပန္နရသေ ဝါ ပါတိမောက္ခံ ဥဒ္ဒိသိတုံ-ဟူ၍ ပါဠိတော်၌ ဟောတော်မူသောကြောင့် သံဃာပြည့်စုံလျှင် ပါတိမောက်ပြု၍ သုတ္တုဒ္ဒေသ သံဃဥပုသ်ပြုရခြင်း။

ပါတိမောက် ပြုပြီးသောအခါ သိမ်တွင်းမှာ ပရိတ်ရွတ်၍မတ္တာပို့ရခြင်း။

ပရိတ်ရွတ်၍ မေတ္တာပို့ပြီးသောအခါ၌ ဓမ္မဥ္ဇ သောတုံ ဟူသော ပါဠိတော်မြတ်ကို ထောက်သဖြင့် သံဃာ့ထေရ်ကိုဖြစ်စေ၊ ဓမ္မကထိကဆရာကိုဖြစ်စေ၊ သိမ်တွင်းမှာ တရားဟောပြောပြသ ဆုံးမရန် တောင်းပန်ရခြင်း။

ဟောပြောပြသ ဆိုဆုံးမသောတရားကို ဓမ္မဂါရဝဟူသည်နှင့် အညီ အလေးဂရု အရိုအသေပြု၍ မှတ်သားရခြင်း။

တရား ဟောပြော ဆုံးမသော ဓမ္မကထိကဆရာက လူနတ်ဗြဟ္မာ ဘုရား ရဟန္တာတို့သည် မိမိစိတ်ကို သိခဲ့လို့ရှိလျှင် အသိခံနိုင်အောင် မိမိစိတ်ကို စင်ကြယ်အောင် ဆုံးမပြီးမှ တပါးသော ပုဂ္ဂိုလ်တို့အား သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော တရားတော်ကို သနားကရုဏာ မေတ္တာဓ္ဓါထား၍ ဟောကြားဆုံးမရခြင်း။

အတ္တာနမေဝ ပဌမံ ပတိရူပေ နိဝေသယေ-ဟု ပါဠိတော်၌ ဟောတော်မူသောကြောင့် တရားဟောတိုင်း သတိထားရခြင်း။

(၁၆) ဓမ္မကထိက ပုဂ္ဂိုလ်သတိထား၊ စိတ်မစင်ကျယ်လျှင် လောဘ၊ ဒေါသ၊ မောဟဖြစ်၍ အလိုရမ္မက် နှိပ်စက်၏ဟု မှတ်ရခြင်း။

(၁၇) သံဃာတော်တို့က ဟောပြော ဆုံးမသည့်အတိုင်း နှစ်နှစ်ခြိုက် ခြိုက် လိုက်နာရခြင်း။

(၁၈) သံဃာ့ဆေးထရံက လပြည့် လကွယ်နေ့တိုင်း အထူးဆုံးမသြဝါဒကို ပေးနိုင်အောင် သတိရှိရခြင်း။

(၁၉) မည်သည့်သံဃာတော်မဆို တရားဓမ္မနှင့် လျော်သော စကားထူး အကြံအစည်ထူးများ ရှိခဲ့လျှင် ရဲရင့်စွာ သိမ်တွင်းမှာ လျှောက် ထားရခြင်း။

(၂၀) လျှောက်ထားသော စကားများကို အကျိုးရှိလျှင် သံဃာတော် များက ကောင်း၏ဟု ဝန်ခံမှတ်သားရခြင်း။

(၂၁) ဘယ်အခါမဆို ကုလားတက်ခေါက်သောအခါအသံအတိုအရှည် ဆွဲ၍မခေါက်ပဲရိုးရိုးမှန်မှန် ကြားလျောက်ရုံမျှသာ ခေါက်ရခြင်း။

(၂၂) အသံအတိုအရှည်ဆွဲ၍ ခေါက်ခြင်းသည် ရဟန်းသာမဏေတို့အား မလျောက်ပတ်၊ မသင့်မြတ်သောကြောင့် မအပ်ဟု မှတ်ရခြင်း။

(၂၃) အဖိတ်နေ့တိုင်း ညနေ ငါးနာရီအချိန်တွင် ကုလားတက် ခေါက် သောအခါ ကျောင်း၏ အနီးအပါး၌ တံမြက်လှဲရခြင်း။

(၂၄) ညခြောက်နာရီ အချိန်တွင် ကုလားတက်ခေါက်၍ ဘုရားဝတ် တက်ရခြင်း။

(၂၅) ဘုရားဝတ်တက်သောအခါ မြတ်စွာဘုရား၌ စိတ်တည်ကြည်၍ နေအောင် အသံတိုးတိုး ဝတ်တက်ရခြင်း။

(၂၆) ဘုရားဝတ်တက်၍ ပြီးသောအခါ အချိန်နာရီကို မှတ်သား၍ စာ ချ စာအံရခြင်း။

(၂၇) စာချပုဂ္ဂိုလ်က တနေ့လျှင် အနည်းဆုံး စာသုံးဝါချနိုင်စေရခြင်း။

(၂၈) စာချမည့်ဆဲဆဲအခါ အာဂန္တုလာခဲ့သော် အကြောင်းမကြီးက စာကိုသာ ဖြောင့်ဖြောင့်ချရခြင်း။

(၂၉) ဆရာက စာချသောအခါ စိတ်မဆိုးမူ၍ အဒေါသစိတ်ကောင်း နှင့် တပည့်များကို စာချရခြင်း။

(၄၀) တပည့်များက ဆရာသမားများကို အာစရိဂုဏော အနန္တော ဟူသည်နှင့်အညီ ကျောက်ထီးကဲ့သို့ အရိုအသေပြုရခြင်း။

(၄၁) စာသင်ပုဂ္ဂိုလ်တို့မှာနံနက် စာတဝါ၊ နေ့ စာတဝါ၊ည စာတဝါ၊ အနည်းဆုံး တက်ရခြင်း။

(၄၂) စာချတုန်းအခါဖြစ်စေ၊ စာမေးသောအခါ၌ ဖြစ်စေ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းများကို မဖြစ်စေမူ၍ မြတ်စွာဘုရား သာသနာတော်မြတ်ကို ဖွဲ့ဖြိုးစည်ကား ကြီးပွားလိုသော စိတ်ကောင်းရှိရခြင်း။

(၄၃) ဓမ္မဒေသနာ တရားတော်ကို အစွဲပြု၍ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းသည် လွန်စွာ ရှက်ဖွယ် ကောင်း၏ဟု မှတ်ထင်ရခြင်း။

(၄၄) ဘယ်အခါမဆို စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းများကို မဖြစ်စေပဲ တပါးနှင့်တပါး သည်းခံ၍ ပြောဆိုနေထိုင်ရခြင်း။

(၄၅) စာအံသောအခါ လေနာမထအောင်၊ ကမ္မဋ္ဌာန်း အားထုတ်သူများ မကြွားအောင် အသံတိုးတိုးအံရခြင်း။

(၄၆) ညကိုးနာရီအချိန်တွင် ကုလားတက်ခေါက်သောအခါ စာအံတရားဟော စကားပြောတို့ကို ရပ်ရခြင်း။

(၄၇) ကုလားတက် ခေါက်သောအခါ တကျောင်းမှ တကျောင်းသို့ အကြောင်းထူးမရှိက မကူးရခြင်း။

(၄၈) ကုလားတက် ခေါက်ပြီးငြား ဆော်လည်း ခေတ္တလာ သောသူ၊ အကြောင်းထူးရှိ၍လာသောသူများကို တရားစကား ဟောပြောခွင့်ရနိုင်ခြင်း။

(၄၉) ကျောင်းပြည့်စုံလျှင် တကျောင်းတည်း၌ နှစ်ပါးမနေမူ၍ တပါးလျှင် တကျောင်းကျ နေရခြင်း။

(၅၀) စာမှအံ၊ စာမချကဲ့လို့ရှိလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သမထ ဝိပဿနာ ကမ္မဋ္ဌာန်းများကို ကောင်းစွာ အားထုတ်ရခြင်း။

တရားအားထုတ်သော ပုဂ္ဂိုလ်သည်
ကျင့်ဝတ်တဆယ် ငါးပါးနှင့် ပြည့်စုံသော
မေတ္တာသုတ် အစီအရင်ကို ကျင့်ရန် အကျယ်ပြခန်း

(၄၁) ရဟန်းတော်များ ဤမေတ္တာသုတ်၏ အကြောင်းအင်္ဂါကို ပြည့်စုံစွာ စိတ်၌ အမြဲထားရခြင်း။

(၄၂) သန္ဒိ၊ ငြိမ်သက်စွာထသော။ ယံပဒံ၊ အကြင်တရား အပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ထိုတရားအပေါင်းကို။ အဘိသမေစ္စ၊ ရှေးရှု ကပ်၍။ အတ္ထကုသလေန၊ အကျိုးစီးပွားဌ် လိမ်မာသော သူသည်။ ကရဏီယံ၊ ကျင့်အပ်၏ဟူ၍ ဟောတော်မူသည့်အတိုင်း ငြိမ်သက်သော တရားသို့ ရှေးရှုကပ်၍ကျင့်ခြင်းဟူ၏။

(၄၃) သက္ကော စ၊ တောင့်တခြင်း ကြောင့်ကြခြင်းတို့ဌ် ငဲ့ကွက်ခြင်း မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့် အတိုင်း မိမိတို့ ဘဝအဆက်ဆက် အနုမတဂ္ဂသံသရာမှ သုံမှီးစဲ့လမ်းခဲ့ကြသော ကာမဂုဏ်တို့ဌ် တောင့်တမှု၊ အလိုရှိတိုင်း မပြည့်စုံသဖြင့် ကြောင့်ကြမှုတို့ကို အစဉ်တစိုက် မလိုက်မူ၍ အတန်ငယ် ဖြတ်ပြီးလျှင် ငြိမ်သက်သော တရားကို ကျင့်ခြင်းဌ် လိမ်မာခြင်း တပါး။

(၄၄) ဥဇု စ၊ ဖြောင့်မတ်ခြင်းရှိသည်လည်း။အဿ၊ ဖြစ်ရာ၏ ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိတို့၏ကိုယ်ကို မပင်ပန်းစေမူ၍ ချမ်းသာသော ဣရိယာပုတ်ကို ဖြောင့်မတ်စွာ ဖွဲ့ချည်နိုင်ခြင်းလည်း တပါး။

(၄၅) သုဟုဇု စ၊ ကောင်းစွာဖြောင့်မတ်ခြင်းရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ ဟူ၍ ဟောတော်မူးသည့်အတိုင်း မိမိချမ်းသာသဖြင့် ဆောက်တည်အပ်ပြီးသော ဣရိယာပုထ်တပါးပါးတို့ဌ် မိမိစိတ်ကို ဖွဲ့ချည်၍ ကောင်းစွာဖြောင့်မတ်အောင် ကျင့်နိုင်ခြင်းလည်းတပါး။

(၄၆) သုဝစော စ၊ ပညာရှိတို့ဆုံးမလွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏ ဟူ၍ ဟောတော်မူသည့်အတိုင်း သမ္ဗထ ပရိကံ၊ ဝိပဿနာ ပရိကံ တို့တွင်တပါးပါး၏အခြေအမြစ်အရင်းမူလ ကျင့်ထုံးနည်းနာနယ တို့ကို ကောင်းစွာနာယူ မှတ်သားလွယ်ခြင်းလည်း တပါး။

(၄၇) မုဒု စ—နူးညံ့ခြင်းရှိသည်လည်း၊ အဿ၊ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိဌ် ကာမဂုဏ်ကို ချမ်းသာ၏ဟု မှတ်ထင်၍ အစဉ်တစိုက် တောင့်တခြင်းသည်းဟူသော ကာမသုခလ္လိကာနု-ယောဂ၊ ထိုတောင့်တတိုင်းမရသဖြင့် မိမိကိုယ်စိတ်နှစ်ပါးလုံး ပူပန်

စေခြင်းကို အစဉ်လိုက်သော အတ္တကိလမထာနုယောဂ တည်းဟူသော ယုတ်မာကြမ်းတမ်းသောဇရားကို အစဉ်တစိုက်မပြစ်စေမူ၍ အဟန်ငယ် မိမိကိုယ်စိတ်နှစ်ပါးကို နူးညံ့သိမ်မွေ့အောင် ဆောက်တည်နိုင်ခြင်းလည်း တပါး။

(၄၈) အနတိမာနီစ၊ မာန်မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိသင်အံ့လေ့ကျက် တတ်မြောက်ပြီးသော မဂဓဘာသာ၊ထိုမဂဓဘာသာ၏အခေါ်ပညတ် မြန်မာပြန်အပ်သော နိဿ ချနက်တို့ကိုသာနား‌လည်သဖြင့် သစ္စာဉာဏ်လေးချက်တို့၌ စိုးစဉ်းမျှမရိပ်မိမူ၍ ငါတတ်မြောက်ပြီဟု ထင်မှတ်သော မာန်မာနကို မရှိစေခြင်းလည်း တပါး။

(၄၉) သန္တုဿကောစ၊ ရောင့်ရဲလွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိတို့၏ မှီဝဲနေထိုင်အပ်သောကျောင်းအိမ်၊ တိုက်နန်းတော်အစရှိသော အရိယာဝါသတို့သည် ကြီးသော်ငယ်း ငယ်သော်ကြီးသော်ငင်း နေမပူရှိ မိုးမစွတ်ရုံမျှသာ အဝတ်တန်ဆာဆင်ယင်ရာမှာလည်း သစ်သော်ငင်း။ ဟောင်းနွမ်းသော်ငင်း၊ နူးညံ့သော်ငင်း၊ ကြမ်းတမ်းသော်ငင်း အရှက်အကြောက်လုံရုံမျှသာဟု မှန်သည့်အတိုင်း သိမြင်သန့်ရှင်းရသဖြင့် ရရတတ်သမျှသော အရိပ်အာဝါသ၌ မှီခိုခြင်း ရရတတ်သမျှသော အဝတ်တန်ဆာအရုံတို့ကို မှီဝဲသုံးစွဲနိုင်သဖြင့် ရောင့်ရဲလွယ်သော အကျင့်ရှိရခြင်းလည်း တပါး။

(၅၀) သုဘရောစ၊ မွေးမြူလွယ်ခြင်း ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိသီတင်းသုံးရာဌာန၊လှူရာဌာနတို့ဌင်း၊ ကျောင်းအရပ်၊ မိမိအရပ်သို့ ဖိတ်ကြား၍သော်ငင်း၊ မဖိတ်ကြားဘဲသော်ငင်း၊ လှူဆဲအခါ၌သော်ငင်း၊ ပကတိအခါ၌သော်ငင်း။ ည့်သည် အာဂန္တုလာရောက်သော်ငင်း၊ မိမိပြုနိုင်သမျှ အစားအသောက် ဝတ်ကြီးဝတ်ငယ်တို့ကို ဆောင်ရွက်သောအခါ သမဂ္ဂသာရဏီယ တရားကို ဆောက်တည်ရပေပြီဟု ဂုဏ်ပကာသနသို့ မလိုက်မူ၍ ကျေးမွေးထောက်ပံ့လွယ်ခြင်းလည်း တပါး။

(၅၁) အပ္ပကိစ္စော စ၊ နည်းသောကိစ္စရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိပကာသန လောက အာမိသ အချိုးအမှုန်းတို့ကို မခဲ့ယှဉ်မူ၍ မိမိ၌ အနပတဂ္ဂသံသရာမှ ယနေ့ထက်တိုင် လိုချင်ခြင်းတည်းဟူသောကိစ္စ၊ရအပ်ပြီးသော ပလိဗောဓဥစ္စာခမ်းနားတို့ကို သူတပါးတို့အား မပေးခြင်းတည်းဟူသောကိစ္စ၊ ထူထပ် ပွားများ ထင်ရှား ဟုတ်မှန် မဖောက်ပြန်တိုင်း ရှိနေကြသ

ဖြင့် မိမိ၌ ထင်ရှား ရှိသော လို ချင်သော ကိစ္စကို နည်းပါး အောင် ကျင့်ခြင်း၊ မပေးချင်သော ကိစ္စကို နည်းပါးစေခြင်း အကျိုးငှါ တစတစ ပေးကမ်းတတ်သော အကျင့်ကို လေ့လာ ပွားများ အားထုတ် သဖြင့် မပေးချင်သောကိစ္စ တို့မှ နည်းပါး အောင် ကျင့်ခြင်းလည်းတပါး။

(၅၂) သလ္လဟုကဝုတ္တိ စ၊ ပေါ့သော အသက်မွေးခြင်း ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ ဟူ၍ ဟောတော်မူသည့် အတိုင်း ဘောဇဉ် အာဟာရကို လွန်မင်းစွာ စားသောက်လိုသော လောလုပ်ပတ္ထာ မိစ္ဆာဉာဏ်ဖြင့် သန့်ရှင်း စေခြင်းငှါ မဖောက် မပြန် မှန်သည့် အတိုင်း အနုမတဂ္ဂ သံသရာမှ ယနေ့ထက်ထိ နံနက်ပြန် ညပြန် စားသောက်ကြရသော ထမင်း၊ ဟင်း၊ မုန့် ပဲ သားရေစာ အစ ရှိသော စားအပ် သောက်အပ်သော ဟ်စ္စကို ရွက်ဆောင်ရခြင်း သည် အဆာပြေရုံ လေနိမ့်ရုံမျှသာ။ ထိုစားအပ် သောက်အပ် သော ဝတ္ထု အမျိုးမျိုး တို့သည် အတန်ငယ် ကာလ ကြာက ထမင်းကောင်း ဟင်းကောင်းအဖြစ်မှ ဝါးဖတ်ဖြစ်ရခြင်း၊ ထို ဝါး ဖတ် အဖြစ်မှ အတန်ငယ်ကြာလျှင် မျိုရခြင်း၊ ၎င်းအာဟာရ တို့နှင့် မိမိတို့၏ ဝမ်းဗိုက်အတွင်း၌ ထင်ရှားရှိနေသော အတိတ် ကာလက ဟောင်းမြေ့ပြီးသော အစာအာဟာရ အပုပ် တို့နှင့် ရောနှောမိခြင်း၊ အစာပုပ်တို့နှင့် ရောနှော၍ အတန်ငယ်ကြာလျှင် ကျေပျက်၍ ဆာလောင်မွတ်သိပ်ခြင်း၊ ကြေပျက်ပြီးသော အစာ ဟောင်းကို စွန့်ပစ်ရသဖြင့် ကျင်ကြီးဟူ ခေါ်ဝေါ်ခြင်း၊ ထိုကျင် ကြီးသည် တခြား၊ ထမင်းဟင်းသည် တခြားဖောက်ပြန်တတ်သော တရားဟူ ထမင်းဘောဇဉ်မှာ သုဘ၊ မစင်သည် အသုဘဟူ အထင် မှား၍ ဝက် ကြက် အစရှိသည်တို့ကို စားသောက်ခြင်းသည် လူဖြစ် ကျိုးနပ်လေစ့၊ ဟင်းရွက်ဟင်းသီးနှင့် စားသောက် ရခြင်းသည် ယုတ်နိမ့်လေစ့ဟု လွန်စွာပူပန်သော မိစ္ဆာဝိတက်နှင့်တကွမှား သော ရှားမှီးခြင်းကို ပယ်ဖျောက်၍ ရတတ်သမျှဖြင့် အာဟာရသည် မသေမီ လေနိမ့်ရုံမျှသာ အကျိုးပေးနိုင်သည်ဟု မဖောက်မပြန် မှန်သည့်အတိုင်း သမ္မာဒိဋ္ဌိဉာဏ်အမြင် သန့်ရှင်းသဖြင့် မတောင့် မတ မကြောင့်မကြ မိမိအသက်ကို ဖြစ်သရွေ့နှင့် ပေါ့ပါးစွာ မွေးနိုင်ခြင်းသည်လည်း တပါး။

(၅၃) သန္တိန္ဒြိယော စ၊ ပြိမ်သက်သော ဣန္ဒြေရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့် အတိုင်း၊ မိမိ၏ စက္ခုန္ဒြေစသော

ကုန်ဆေး(၆) ပါးတို့သည် ဘဝအဆက်ဆက်ကစ၍ ယနေ့ထက်ထိ မဆုံးမ မပဲ့ပြင်သည်ဖြစ်၍ မြင်လျှင်မြင်သည့် နောက်ကို အစဉ် တစိုက်လိုက်ခြင်း၊ နံလျှင် နံသည့်နောက်ကို အစဉ်တစိုက် လိုက်ခြင်း၊ စားလျှင် စားသည့်နောက်ကို အစဉ်တစိုက် လိုက်ခြင်း၊ တွေ့ထိလျှင် ထိတွေ့သည့်နောက်ကို အစဉ်တစိုက် လိုက်ခြင်း၊ တွေးတောလျှင် တွေးတောသည့်နောက်ကို အစဉ်တစိုက် လိုက်ခြင်းတို့ကို အတန်ငယ် ဆုံးပဖန်များသဖြင့် ပိမိ၏ ကုန်ခြင်ပြင်သက် တည်ကြည်အောင် ကျင့်နိုင်ခြင်းလည်း တပါး။

နိပကော စ၊ ရပ်သောပညာရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏ ဟူ၍ ဟောတော်မူသည့်အဟိုင်း၊ မိမိ၏ ကာယိန်ခြင်ပြင်သက်ခြင်း၌ ရပ်ကျက် သဖြင့် ကာယသမာဓိ၊ စိတ္တသမာဓိ၊ ထိုသမာဓိနှစ်ပါးကို ရှေးဦးစွာရသဖြင့် တစတစ သမထပညာ၊ ဝိပဿနာ ပညာတို့၌ ကောင်းစွာ ရင့်ကျက်သော ပညာရှိခြင်းလည်း တပါး။

အပ္ပကဉ္စာ စ၊ မကြမ်းတမ်းသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း သမာဓိဉာဏ်နှင့်တကွ သမထ ဝိပဿနာ ဟု ဆိုအပ်သော သမထ ပညာရှိ ပုဂ္ဂိုလ်အား လွန်စွာတောင့်တခြင်း တည်းဟူသော ဝတ္ထုကာမ၊ တောင်းတတိုင်း မပြည့်စုံသဖြင့် လွန်စွာ ပင်ပန်းရှာမှီးရခြင်း တည်းဟူသော ကိလေသာကာမတို့၌ မဖြစ်စေမူ၍ မိမိကိုယ်စိတ်နှစ်ပါးတို့ကို နှုးညံ့အောင် ဆုံးမနိုင်သဖြင့် ကြမ်းတမ်းသော ကိုယ်စိတ်ပရိခြင်းလည်းတပါး။

ကုလေသု၊ ဒါယကာအမျိုးတို့၌။အနုဒ္ဓကိဒ္ဓါ စ၊ ပမက်မောသည်လည်း။ အဿ၊ ဖြစ်ရာ၏ဟူ၍ ဟောတော်မူသည့်အတိုင်း မိမိကိုယ်ကို တောင့်တမူ ကြောင့်ကြမူ အတန်ငယ် သက်သာရာရအောင် ကာမသကတ သမာဒိဉာဏ်နှင့်တကွ ဆုံးမဘူးသော ပုဂ္ဂိုလ်အား မိမိ အမျိုးသားချင်းဟူ၍၎င်း၊ သူစိမ်းမျိုးသားချင်း ဟူ၍၎င်း၊ ရဟန်းရှင်လူဟူ၍၎င်း ကဲလဲတူးခြား မရှိမူ၍ သတ္တဝါတို့အား ပြုမိသော ကံအတိုင်းသာလျှင် ဆင်းရဲတုံ ဖွယ်သာဝ၊ ဖြစ်ကြရကုန်၏။ ထိုဆင်းရဲခြင်းသည်လည်း အခိုက်အတန့်မျှသာ ထာဝရမြဲသော သဘောမရှိ။ ချမ်းသာခြင်း၌လည်း အခိုက် အတန့်မျှသာ ထာဝရမြဲသော သဘောမရှိ၊ ချမ်းသာခြင်း၌လည်း အခိုက် အတန့်မျှသာ ထာဝရမြဲသော သဘောမရှိဟု မှန်သည့်အတိုင်း မြင်သောပုဂ္ဂိုလ်အား ငါ၏ ဒါယကာဟူ၍၎င်း၊ ငါ၏အမျိုးသားချင်းဟူ၍၎င်း မမက်မောသောအကျင့် ရှိခြင်းလည်း တပါး။

(၅၇) ယေန၊ အကြင် တဆယ့်ငါးပါးသော အကျင့်ကို မကျင့်သည် ဖြစ်၍။ ပရော၊ တပါးကုန်သော။ ဝိညူ၊ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့သည်။ ဥပဝေဒယျုံ၊ ကဲ့ရဲ့ကုန်ရာ၏။ တံ၊ ထိုပညာရှိတို့ ကဲ့ရဲ့ အပ်သောအမှုကို။ကိုဠ်၊ တစုံတခု။ ခုဒ္ဒံ၊အနည်းငယ်မျှသော်လည်း။ နစမာစရော၊ မကျင့်ရာ—

ဟူ၍ ဟောတော်မူသည့်အတိုင်း—

(၅၈) ဆိတ်ငြိမ်ရာသို့ ကပ်ခြင်းတပါး။

(၅၉) ကာမဂုဏ်ငါးပါး၌ ငဲ့ကွက်ခြင်းမရှိသည်လည်း တပါး။

(၆၀) မိမိကိုယ်ကို ဖြောင့်မတ်အောင် ဆုံးမခြင်းလည်း တပါး။

(၆၁) မိမိစိတ်ကို ဖြောင့်မတ်အောင် ဆုံးမခြင်း တပါး။

(၆၂) ပညာရှိတို့ ဆိုဆုံးမသည်ကို နာနိုင်ခြင်း တပါး။

(၆၃) မိမိစိတ်ကို နှူးညံ့အောင် ဆုံးမခြင်းလည်း တပါး။

(၆၄) ငါသာလျှင် တတ်သည်ဟူ မာနမရှိခြင်း တပါး။

(၆၅) အဟိရောက လာဘ်လာဘ၌ ရောင့်ရဲခြင်း တပါး။

(၆၆) သူတထူးကို ကျေးမွေးလိုသော ဆန္ဒရှိခြင်း တပါး။

(၆၇) မိမိ၏ တောင့်တမှု၊ ကြောင့်ကြမှုကို စွန့်နည်းခြင်းတပါး။

(၆၈) ရရသမျှနှင့် အသက်မွေးနိုင်ခြင်း တပါး။

(၆၉) မိမိကွန်ဒြေကို ငြိမ်သက်အောင် ဆုံးမနိုင်ခြင်း တပါး။

(၇၀) သမထ ဝိပဿနာ ရင့်ကျက်အောင် အားထုတ်နိုင်ခြင်း တပါး။

(၇၁) မိမို၌ ကြမ်းတမ်းသဖြင့် တွေးတော ကြောင့်ကြတတ်သော ဗျာပါဒရှိ၊ ကြောက်လန့် တုန်လှုပ်တတ်သော ဒေါသ မရှိခြင်းလည်း တပါး။

(၇၂) မတွေးတော၊ မကြောက်လန့်တတ်သော သူအား အမျိုးသားချင်းတို့၌ မမှီခိုမငဲ့ကွက်သည်ဖြစ်၍ မက်မောခြင်း၊ မရှိသည့်လည်း တပါး။

အထူးထူးအထွေထွေ ဥပဒေဆက်၍ပြခန်း

(၇၃) မည်သည့်ပုဂ္ဂိုလ်မဆို မိမိထင်မြင်သော ကမ္မဋ္ဌာန်း နိမိတ်များကို ကမ္မဋ္ဌာန်းအရာ၌ လိမ်မာသော ဆရာ့ထံ၌ ပြောပြရခြင်း။

(၇၄) မည်သည့်ပုဂ္ဂိုလ်မဆို မိမိကမ္မဋ္ဌာန်းကို အားထုတ်စဉ် ဖြစ်စေ၊ အားထုတ်ပြီးသောအခါ၌ဖြစ်စေ သံဃာတော်မှစ၍ ခပ်သိမ်းသော ဃတ္တဝါတို့ကို အမျှပေးဝေရခြင်း။

(၇၅) သက်စွန့်ကြိုးပမ်းကမ္ဘဏ်းကို အာထုတ်လိုသော ပုဂ္ဂိုလ်သည် ကျောင်းခန်း၊ စကြံ၊ ဂူ စသည်တို့ကို ပိတ်၍ လူအတွေ့မခံပဲ နေသော သံဃာတော်ကို ကျန်ရှိသော သံဃာတော်များက ပြုမြင် ဆွမ်းခံကျွေးရခြင်း။

(၇၆) တပါးနှင့်တပါး ဆန့်ကျင်ဖက်ဖြစ်သော စကားကို မပြောမဆိုမူ၍မေတ္တာကို ရွှေထား၍ ပြောဆိုရခြင်း။

(၇၇) မိမိက မည်သည့်ပုဂ္ဂိုလ်ကိုမဆို သည်းခံ၍ ပြောဆိုပါမည်ဟု စိတ်ထဲမှာ အမြဲတားရခြင်း။

(၇၈) မည်သည့်ပုဂ္ဂိုလ်မဆို မိမိ၌ရှိသော ပစ္စည်းများကို တပ်နှစ်သက်ခြင်းကင်းအောင် အထူးသတိရှိရခြင်း။

(၇၉) ကျောင်းတိုက်၌ မည်သည့်အမှုမျိုးမဆို သံဃာတော် အများသဘောတူမှသာလျှင် ပြောဆိုလုပ်ကိုင်ရခြင်း။

(၈၀) ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ခြင်းငှာ ကြွရောက် လာကြသော ရဟန်းရှင်လူများကို တိုက်သံဃာ သဘောတူမှ လက်ခံရခြင်း။

(၈၁) ဂိုဏ်းတွင်းသား ဖြစ်ငြားသော်လည်း တတိုက်မှ တတိုက်သို့ ပြောင်းရွှေ့ကြွရောက်လာသော သံဃာကို နေရပ်းကျောင်း တိုက်အုပ်ကိုယ်တော်၏ အမိန့်လက်ခံစာမပါလျှင် လက်မခံရခြင်း။

(၈၂) ကျောင်းတိုက်၌ အပြောအဆိုအနေအထိုင်မှစ၍ အများသံဃာတို့နှင့်မတူ အမူကဲလွဲသော ပုဂ္ဂိုလ်ကို ကျောင်းတိုက်မှ နှင်ထုတ်ရခြင်း။

(၈၃) ကျောင်းတိုက်၌ မည်သည့် သံဃာကိုမဆို ဖျားနာသော အခါကျန်းမာသော သံဃာတော်များက ကောင်းစွာကြည့်ရှု စောင့်မရခြင်း။

(၈၄) မည်သည့် သံဃာတော်မဆို ပုံတော်မူခဲ့သော် ထင်းပြည့်စုံဘို့အကြောင်း ညီညွတ်လျှင် ရက်ကာရှည်မထားမူ၍ မီးသင်္ဂြိဟ်ရခြင်း။

(၈၅) အလှူခံ ဆွမ်းစဉ် ကိစ္စကြီး ကိစ္စငယ်တို့ကို မလိုက်ပဲ မိမိတို့ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကိုသာ အားထုတ်၍ ကောင်းစွာ တောဋ္ဌသာ နေရခြင်း။

(၈၆) သိမ်တောင်ဂိုဏ်းတွင် တောကျောင်းနေသော သံဃာများမှာ မတရားသဖြင့် သပိတ်မှောက် အကြဉ်ခံရသော ဒါယကာများ ရှင်ပြုအသုဘရှု စသည်အကြောင်းကိစ္စရှိ၍ ပင့်မူ ကောင်းမွန်စွာ လိုက်နိုင်ကြောင်း၊ ရှာကျောင်းနေသော သံဃာတော်များမှာ ဖာခါမရှေး လိုက်ရသေး၏။

(၈၇) ကျောင်းတိုက်၌ ရှင်ပြု ရဟန်းခံရှိခဲ့လျှင် ကိစ္စနည်းနည်းနှင့် အေးအေး လူစေရခြင်း။

(၈၈) ဆွမ်းခံကိစ္စ အသက်၏ အန္တရာယ် အကြောင်းထူးမှတပါး မြို့တွင်း ရှာတွင်းသို့ မကြွရခြင်း။

(၈၉) ရှာတွင်းမြို့တွင်းသို့ ဆွမ်းခံဝင်သောအခါ အိမ်စဉ်ကြွ၍ အိမ်တိုင်း စေ့အောင် မေတ္တာပို့ရခြင်း။

(၉၀) သတိ မေ့လျော့၍ အိမ်တိုင်း မစေ့ပဲ တအိမ် အိမ် ကျန်ခဲ့လျှင် သတိရသော အကွက်က နေ၍ မေတ္တာပို့ရခြင်း။

(၉၁) ခရီးသွားသောအခါ ရဟန်းရှင်လူမှစ၍ ဘယ်ပုဂ္ဂိုလ်မဆို ခရီးရင်ဆိုင်တွေ့လျှင် မိမိက ဦးအောင် အဝေးက လမ်းကို ရှောင်ခွာ၍ ရိုသေစွာ သွားရခြင်း။

(၉၂) ရှောင်ဖဲ့၍ သွားရခြင်းသည် ငါ့အား မေတ္တာ အဒေါသစိတ် ကောင်းကို ရ၏။သူတပါးတို့သည် ချမ်းသာ၏ဟု မှတ်ရခြင်း။

(၉၃) ဂဂံဝါဋ္ဌ သဲစုမက ပင့်တော်မူကြသော ဘုရားရှင် တို့သည် မကောင်းမှုဟူသမျှ ရှောင်ဘို့ရာ သိက္ခာပုဒ် ပညတ်တော်မူခြင်းကို စဉ်းစားဆင်ခြင်ရခြင်း။

(၉၄) ရှောင်သောတရားကို ဉာဏ်နှင့်ဖွင့်၍ ကြည့်လျှင် သိဒ္ဓတ်မင်းသား သည် ယသော်ဓရာကို ရှောင်ခွါသော ဘုရားဖြစ်၏ ဟု မှတ်ရ ခြင်း။

(၉၅) တပါးသော ပုဂ္ဂိုလ်တို့နှင့် စကားအငြင်းအခုံဖြစ်သော် ပြန်လှန်၍ အသင့်အတင့်ပြောလို့ မရခဲ့လျှင် မိမိက အရှုံးခံ၍ ရှောင်ရခြင်း။

(၉၆) မည်သည့်အခါမဆို ဆေးသောက်ခြင်း၊ ဆေးဝါးခြင်း၊ကွမ်းစား ခြင်းများကို မရှိစေရ၊ အရှင်းဖြတ်ရမည်။

(၉၇) သံဃာ၌ ငြီးငွေ့သောစိတ်ဖြင့် ကြည့်ရှု စားသောက်၍ နေထိုင် ရခြင်း။

(၉၈) ဆွမ်းစားသော်ဘခါ သလွေခဖြစ်အောင် အညှံဆုံး ဟင်းက စ၍ ဘုဉ်းပေးရခြင်း။

(၉၉) အစားအသောက်၌ ခြိုးခြံလိုသော စိတ်ဖြင့် ဘုဉ်းပေးရခြင်း။

(၁၀၀) ဆွမ်းစားတိုင်း အလှူပါလေအောင် ဘောဇဉ်ခဲဘွယ်ကို ဘုဉ်းပေးချင်တိုင်း မဘုဉ်းပေးပဲ ချန်၍ ဘုဉ်းပေးရခြင်း။

(၁၀၁) ဆွမ်းစားသောအခါ စကားမပြောမဆိုကြပဲ ဆိတ်ဆိတ်ငြိမ်ငြိမ် ပစ္စဝေက္ခဏာဆင်ခြင်၍ ဆွမ်းကို ဘုဉ်းပေးရခြင်း။

(၁၀၂) ဇွန်းပန်းကန်ကိုင်သောအခါ အသံ မမြည်အောင် ရှိရှိသေသေ ဖြည်းဖြည်းသာသာ ကိုင်ရခြင်း။

(၁၀၃) ဆွမ်းစားပြီးသောအခါ ဇွန်း ပန်းကန် ဖလားများကို ဆပ်ပြာ ကြမ်းနှင့် ပုတ်တိုက်ဆေးလျှော်၍ သန့်ရှင်းစင်ကြယ်သော ပုဝါ နှင့် ကောင်းစွာ သုတ်၍ ထားရခြင်း။

(၁၀၄) ကျောင်းတိုက်၌ မဖျားမနာပဲနှင့် လဘက်ရည် ကာဖီများကို ကျောင်းကကျိုခြင်း သောက်ခြင်းမပြုရ၊ ဒါယကာတို့ စေတနာ ထက်၍ တခါတရံ လှူသောအခါ သနားသောအားဖြင့် ဘုဉ်း ပေးရခြင်း။

(၁၀၅) စကားပြောလိုလျှင် ကြားလောက်ရုံမျှသာ ပြောဆိုရခြင်း။

(၁၀၆) စကားပြောလျှင် သံသရာ၌ ငြီးငွေ့သောစိတ် ဖြစ်လာအောင် ပြောဆိုရခြင်း၊ အထူးသတိရှိပါလေ။

(၁၀၇) စကား ကျယ်ကျယ်ပြောခြင်း၊ ကျယ်ကျယ်ရယ်ခြင်းများသည် လွန်စွာ ရွဲကဲ့ယ်ကောင်း၏ဟု မှတ်ရခြင်း။

(၁၀၈) စကားပြောလျှင် မိမိ၏အလိမ္မာကို သူတပါးရစေခြင်းငှါငင်း၊ သူတပါး အလိမ္မာကို မိမိရအောင်ငင်း အထူးသတိပြုခဲ့ သတိ ထား၍ စကားပြောဆိုရခြင်း။

(၁၀၉) ပူလောက်စိုးရိမ်လောက်သော အမှုစကားကို မိမိထံသို့ လာ၍ ပြောလျှင် ပြောတိုင်း မပူ မစိုးရိမ်ရခြင်း၊ သတ္တဝါဆိုတာ ပြော သူနောက်သို့ လိုက်၍ ပြောတတ်၏။ အထူး သတိရှိပါလေ။

(၁၁၀) ရဟန်းချင်း လူကဲ့သို့ မောင်ထည့်၍ ပြောဆိုခြင်း၊ မင်းထည့်၍ ပြောဆိုခြင်း၊ ကွယ်ထည့်၍ ပြောဆိုခြင်း၊ ဗျာထည့်၍ ပြောဆို

ခြင်းများကို အလျှင်းပင် မပြောဆို ရခြင်း၊ ဒါယကာများကို ခင်ဗျာ–ကျုပ်နှင့် ပြောဆိုခြင်းလည်း မလျောက်ပတ်ဟု မှတ်လေ။ ဘုရားအလိုတော် ရှိတော်မူသည့် အတိုင်း ရိုရိုသေသေ လေးလေးမြတ်မြတ် ရဟန်းတို့ အမူအရာအတိုင်း ပြောဆိုခြင်းများကို ပြုရမည်၊ အထူး သတိရှိပါလေ။

(၁၁၁) ကိလေသာ ရာဂနှင့် စပ်လျဉ်းသော စကားကို မပြောမဆို ရခြင်း။

(၁၁၂) ပြောဆိုမိသောအခါ သံသရာ၌ ပြီးဆွေသော စိတ်ဖြစ်အောင် အထူးသဖြင့် သတိထား၍ ပြောဆိုရခြင်း။

(၁၁၃) လျောင်းပေါ် အဆင်း အတက်များမှာ ဖြည်းဖြည်း သာသာ ဆင်း တက်ရခြင်း။

(၁၁၄) ရဟန်းဖြစ်စေ၊ ရှင်ဖြစ်စေ လူဖြစ်စေ မည်သူ့ကိုမဆို တွေ့ကြုံသောအခါ မေတ္တာကမ္မဋ္ဌာန်းကို လျင်မြန်စွာ လုပ်ရခြင်း။

(၁၁၅) မေတ္တာ ချက်ချင်း ကိုယ်တွေ့ပိဋ္ဌ မျက်မှောက်၌ ယုံကြည်ရ လောက်အောင် ပို့ရခြင်း။

(၁၁၆) ညအိပ်သောအခါ နိုးတိုင်း နိုးတိုင်း ပစ္စဝေက္ခဏာ ဖြစ်စေ၊ ကမ္မဋ္ဌာန်းဖြစ်စေ နှလုံးသွင်းရခြင်း။

(၁၁၇) များစွာသော သတ္တဝါတို့ကို သနား ကရုဏာ မေတ္တာမပျက် အောင် မိမိစိတ်၌ ချမ်းသာ စေလိုသော စိတ်ကောင်းကြီးကို အမြဲထားရခြင်း။

(၁၁၈) ရှေ့ဆုံခြင်း တည်းဟူသော ဇာတရူပ သိက္ခာပုဒ်တို့ကို တပါး ပါး ပျက်ခြင်း မရှိအောင် အထူး သတိထား၍ စောင့်ရှောက် ရခြင်း။

(၁၁၉) မိမိပေးသော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ များကို မိမိ၌ ရင်းသီလများ ပျက် မပျက်၊ ရှိ မရှိကို ဆင်ခြင်နှလုံး သွင်း၍ သီလပေးရခြင်း။

(၁၂၀) မိမိပေးသော သီလများကို မိမိ၌လုံခြုံအောင် သတိထား၍ စောင့်ရှောက်သင့်ပေသည်ဟု စဉ်းစားဆင်ခြင် မှတ်ထင်ရခြင်း။

(၁၂၁) မိမိပေးသောသီလများကို မိမိမစောင့်ဖရှောက်ခြင်းသည် လွန် စွာရှက်ဖွယ်ကောင်း၏ ဟု မှတ်ထင်ရခြင်း။

(၁၂၂) ၎င်းသီလမျှားသည် မိမိ၌ တပါးပါး ပျက်မှန်းသိလျက်နှင့် ရှေ့ငဲ့ကို မစွန့်ပဲ သာမဏေများကို ဆယ်ပါးသီလပေး၍ နေခြင်းသည် လွန်စွာရှက်ဖွယ်ကောင်း၏ဟု မှတ်ထင်ရခြင်း။ အထူးသတိရှိပါလေ။

(၁၂၃) မည်သည့်အခါမဆို ရဟန်းစိတ်နှင့် နေထိုင်သွားလာ သတိရှိရခြင်း။

(၁၂၄) သာမဏေများကို ဒဏ်ပေးသောအခါ သနား ကရုဏာ မေတ္တာစိတ်ဖြင့် ပေးရခြင်း။

(၁၂၅) ပေးသောဒဏ်မှာ ဘုရားကိုရေလူးစေခြင်း၊ ဘုရားကိုရှိခိုးစေခြင်း၊ အပြစ်အားလျော်စွာ အနည်းအများကြည့်၍ ပေးရခြင်း၊

(၁၂၆) ရဟန်းတော်များက ကျောင်းသားသာမဏေတို့နှင့် နီးနီးကပ်ကပ်မနေရခြင်း။

(၁၂၇) နီးနီးကပ်ကပ်နေသော ပဂ္ဂိုလ်ကို မြင်သောပဂ္ဂိုလ်က မနေနိုင်အောင် ဆုံးမရခြင်း။

(၁၂၈) ကျောင်းသား သာမဏေများက ရဟန်းတော်များနှင့် နီးနီးကပ်ကပ် မနေရခြင်း။

(၁၂၉) ကျောင်းသားသာမဏေများ၏ လက်ကို ရဟန်းတော်များက ကိုင်ကိုင်စမ်းစမ်း မလုပ်ရခြင်း။

(၁၃၀) ရဟန်းတော်များက ကျောင်းသားသာမဏေတို့၏ တတောင်အနှိပ် အကြိတ်များကို မခိုင်းရခြင်း။

(၁၃၁) ခွေး ကြက် ငှက် စသော တိရစ္ဆာန်များကို အထူးအားစိုက်၍ မမွေးရခြင်း။

(၁၃၂) သီတင်းနေ့မဟုတ်သော ရက်များ၌ ဆံမရိတ်မူ၍ သီတင်းနေ့၌သာ ဆံရိတ်ရခြင်း။

(၁၃၃) ဆောင်နိုင်သော မူတင်ကို ဆောင်ရခြင်း။

(၁၃၄) တိစီဝရိက် မူတင်ကို မဆောင်နိုင်ခဲ့သော် သက်နှံးကြီး ၁၊ ကိုယ်ရုံ ၂၊ သင်းပိုင် ၂၊ ၎င်းသက်နှံးငါးထည်သာ လဲလှယ်၍ ဝတ်ရခြင်း။

(၁၃၅) ဘယ်ပဂ္ဂိုလ်မဆို ၎င်းသက်နှံးငါးထည်က ပိုလွန်၍ မထားရခြင်း။

(၁၃၆) ၎င်းသက်နှင်းငါးထည်က ပိုလွန်၍ ထားခဲ့လိုရှိလျှင် သက်နှင်းမပြည့်စုံသော သံဃာတော်အား လှူမည်စိတ်ထားရခြင်း။

(၁၃၇) လဆန်း ၁၀ ရက်နေ့က ဝတ်သောသက်နှင်း ၂-ထည်ကို လပြည့်နေ့ကျလျှင် ဖွတ်လျှော်၍ ထားရခြင်း။

(၁၃၈) ကျန်သောသက်နှင်း (၂) ထည်ကို လပြည့်နေ့ဝတ်၍ လကွယ်နေ့ကျလျှင် ဖွတ်လျှော်၍ ထားရခြင်း။

(၁၃၉) တလလျှင် သက်နှင်း(၂)ကြိမ်သာလဲ၍ ဝတ်ရခြင်း။

(၁၄၀) ပါဠိတော်လာသည့်အတိုင်း သက်နှင်းကို ရှိသေစွာ ခေါက်ထားရခြင်း။

(၁၄၁) ကိစ္စကြီး ကိစ္စငယ်ဟူသမျှကို ရှေ့နှိုင်သမျှ ရှေ့မည်။ ရုပ်သိမ်းနှိုင်သမျှ ရုပ်သိမ်းမည်ဟု မိမိစိတ်၌ အမြဲထားရခြင်း။

(၁၄၂) ဟိုရှိုးကိစ္စရှိလျှင် ပလိပေဘဝကြောင့်ကြခြင်း မရှိရအောင် မြန်စွာပြုလုပ်ရခြင်း။

(၁၄၃) ဆရာဘုန်းကြီးက ဂဝံလေးပါသို့ မလိုက်မှု၌ အကြောင်းအား လျော်စွာ တပည့်ဖျားကို ပစ္စည်းထောက်ပံ့ရခြင်း။

(၁၄၄) တပည့်များအပေါ် အပြစ်ရှိခဲ့လိုရှိလျှင် ဆရာဘုန်းကြီးက မလျှို ဂျက်မှု၌ ဟုတ်မှန်ကိုင်းဘာ ပြောဆိုဆုံးမရခြင်း။

(၁၄၅) တပည့်များက ဆရာဘုန်းကြီးအပေါ်၌ မကောင်းသော အမှုအရာကို ပြုသည်ဟု သိမြင်ခဲ့သော် အလျင်အမြန်ကိုယ်တိုင်သွား၍ လျှောက်ရခြင်း။

(၁၄၆) ကိုယ်တိုင် သွား၍ ပလျှောက်ဝံလျှင် တပါးသော ပုဂ္ဂိုလ်ကို လျှောက်ထားစေရခြင်း။

(၁၄၇) တပါးသော ပုဂ္ဂိုလ်ကို ပလျှောက်စေမှု၌ မိမိကိုယ်တိုင် စာနှင့် အဓိပ္ပာယ်ချရေး၌ ဆရာဘုန်းကြီးနေသော အကွက်အရပ်၌ စာကိုချ၍ ထားရခြင်း။

(၁၄၈) ဒါယကာဒါယိကာမတို့က အကြောင်းအားလျော်စွာ လျှောက်သည်ကို အကူးပင် လျှောင့်တင်ရခြင်း။

(၁၄၉) ဆရာဘုန်းကြီးကို တပည့်များက နှုတ်နှင့်ဖြစ်စေ လျှောက်ထားသောအခါ ဟုတ်လျှင် ဟုတ်ကြောင်း၊ မဟုတ်လျှင် မဟုတ်ကြောင်းကို သံဃာတော်သောအခါ စိတ်ကောင်းကြီးနှင့် ဆရာဘုန်းကြီးက ဟုတ်မှန်တိုင်း ဝန်ခံပြောဆိုရခြင်း။

(၁၅၀) ရဟန်းသမ် ရှင်သမ်ပုဂ္ဂိုလ်များကို အထူးသဘိထား၍ သံဃာတော်များက သွန်သင်ဆုံးမရခြင်း။

(၁၅၁) ရဟန်းသမ် ရှင်သမ် ပုဂ္ဂိုလ်များကို ဆုံးမသည်ကို လွန်စွာဝမ်းမြောက်ရခြင်း။

(၁၅၂) ရဟန်းသမ်ရှင်သမ်ပုဂ္ဂိုလ်များကို သိလပေးရေစက်ချကို မြှန်စွာရစေခြင်း။

(၁၅၃) ရဟန်းငယ်ပုဂ္ဂိုလ်များကို ကမ္မဝါစာအမျိုးမျိုး ဌာန်ကရိဏ်း ကျကျနန ဖတ်တတ်အောင် သင်ရခြင်း။

(၁၅၄) ကျောင်းတိုက်၌ မည်သည့်ပုဂ္ဂိုလ်မဆို မကောင်းသော အမှုအရာရှိသည်ကို သိမြင်ခဲ့က ချက်ချင်းသနားကရုဏာ မေတ္တာစိတ်နှင့် ဆရာဘုန်းကြီးထံမှဖြစ်စေ၊ သံဃာ တပါးထံမှ ဖြစ်စေ အကြောင်းအားလျော်စွာ ပြောပြရခြင်း။

(၁၅၅) အပြောခံရသော ပုဂ္ဂိုလ်က ဟုတ်မှန်သည့်အတိုင်း ပြောဆိုသည်ကို ဒေါသမထွက် စိတ်မပျက်မူ၍ ငါ့အပြစ်ရှိသည့်အတိုင်း ပြောဆိုပေသည်ဟု အထူးပင် ဝမ်းမြောက်ရခြင်း။

(၁၅၆) ကျောင်းတိုက်၌ မည်သည့်ပုဂ္ဂိုလ်မဆို မိမိအား ဆုံးမမည်ကို မျှော်လင့်သော စိတ်ရှိရခြင်း။

(၁၅၇) မိမိအား ဆုံးမသော ပုဂ္ဂိုလ်က မိမိထက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ တရားအတိုင်း ဟောပြောဆုံးမသည်ကို နာယူမှတ်သားရခြင်း။

(၁၅၈) နေပူသောအခါ နွေလယ် (၁၂) နာရီအချိန်က (၃) နာရီအတောအတွင်း အန္တရာယ်မရှိပဲ ခရီးတတိုင်ခန့်ထက် ပို၍မသွားရ၊ အန္တရာယ်ရှိက အလိုရှိရာသို့ သွားရခြင်း။

(၁၅၉) ခရီးသွားလိုသော ရဟန်းသာမဏေသည် နံနက်၌ ခရီးသွားရခြင်း။

(၁၆၀) ခရီးသွားသောအခါ သပိတ် ရေခွက် ရေစစ် သားရေနယ်များကို ဆောင်၍ ဖြည်းဖြည်းသာသာ သွားရခြင်း။

(၁၆၁) ခရီးသွားသော် ရောက်ရာ၌ တည်းခိုသော ကျောင်း၏အတွင်း၌ရှိသော စရပ်မှာနေ၍ သီတင်းသုံးရခြင်းသည် အာဝါသိကအာဂန္တုက နှစ်ဦးစလုံး ချမ်းသာ၏ဟု မှတ်ရခြင်း။

(၁၆၂) မိမိကျောင်းတိုက်သို့ ကြွရောက်လာသော အာဂန္တုကိုယ်တော်ကို အာဂန္တုကျောင်း၌ သီတင်းသုံးစေရခြင်း။

(၁၆၃) ရောက်လာသော အာဂန္တုကို အရှင်ဘုရားသည် ဘယ်ကဲ့သို့ သံဝေဂရ၍ ရဟန်းခံသနည်း၊ ဆရာဘုန်းကြီးက တရား ဟော၍ ခံသလားဟု မေးမြန်း လျှောက်ရခြင်း။

(၁၆၄) မေးမြန်းလျှောက်ရခြင်း၏ အကျိုးကား ထိုပုဂ္ဂိုလ်၏ သံဝေဂ လက်စကို သိရလျှင် ကောင်း၏ဟု နည်းယူ မှတ်သားရခြင်း။

(၁၆၅) အာဂန္တုက ဖြစ်သော ရဟန်း သာမဏေတို့ကို ရိုရိုသေသေ ဝတ်ကြီး ဝတ်ငယ် ကောင်းမွန်စွာ ပြုရခြင်း။

(၁၆၆) ရောက်လာသော အာဂန္တုကို စိတ်မသိမ်ငယ်အောင် သဒ္ဓါ တရားနှင့် ကြည့်ရှု စောင်မရခြင်း။

(၁၆၇) ရောက်လာသော အာဂန္တုကို သီလသိက္ခာနှင့် ပြည့်စုံမည် လော၊ မပြည့်စုံမည်လောဟု ဆင်ခြင် နှလုံးသွင်း၍ သဒ္ဓါ တရားဖြစ်အောင် နှိုးဆော်သတိပေးရခြင်း။

(၁၆၈) ရောက်လာသော အာဂန္တုတို့တွင် (၇)ရက်ထက်ပို၍ ရက်တာ ရှည်နေသောပုဂ္ဂိုလ်ကို ဆောင်နိုင်သမျှသော နူတင် ဆောင် စေရခြင်း။

(၁၆၉) ရောက်လာသော အာဂန္တုကို ဘယ်သဘောရှိသည်ဟု ဉာဏ်၌ ထင်မြင်အောင် စဉ်းစားဆင်ခြင်၍ ကြည့်ရခြင်း။

(၁၇၀) သီလသိက္ခာနှင့် မညီညွတ်သော အာဂန္တုကို ပြုပြင်လို့မရလျှင် တာရှည်လက်မခံရခြင်း။


(၁၇၁) အသွားအလာ အပြောအဆို ကြမ်းတမ်းသော ရဟန်း သာမ-ဏေများကို တာရှည် လက်မခံရခြင်း။

(၁၇၂) အာဂန္တုပြန်သောအခါ အာဝါသိက ရဟန်းတို့က ချမ်းချမ်း သာသာ သွားရအောင် လုံ့လဝီရိယ အထူးအားထုတ်ရခြင်း။

(၁၇၃) အထူး သတိထားရန်အခြားသောပုဂ္ဂိုလ်တို့ကအကြောင်းဟုတ် သည်ဖြစ်စေ၊ အကြောင်းမဟုတ်ပဲ ယောင်ယမ်းရှိဖြစ်စေ မိမိ အား ကဲ့ရဲ့ပြစ်တင် ပြောဆိုသောအခါ ဒေါသမထွက်၊ စိတ်မ ပျက်မူ၍ ထိုသူကိုသာ သနားသောစိတ်ဖြင့် မြန်စွာမေတ္တာပို့ ရခြင်း။

ဤကား အကျဉ်းမျှသာ ထည့်လိုက်သော ဥပဒေ။ အကျယ်ကား များစွာ ရှိသေး၏။

ဥပဒေစာဘမ်း ပြီး၏။



ဘုရားစုကျေးရွာ အင်းမကြီးတောရကျောင်းတိုက်ကို အဝေးမှ မြင်ရပုံ

သိမ်တောင်ဂိုဏ်း၏ ဒုတိယမြောက် နာယကဖြစ်သော ဆရာတော် ဦးကောသရ၏ အတ္ထုပ္ပတ္တိ

အင်းမကြီးသိမ်တောင်ဂိုဏ်း၏ ပထမ နာယက ဦးဇောတိကဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ပထမ တပည့်ကြီးဖြစ်သော ကလော ဆရာတော်ဘုရားဟု အမည်တွင်သည့် ဦးကောသရအား သိမ်ဇတောင်ဂိုဏ်း၏ နာယက ဆရာတော်အဖြစ် တင်မြှောက်ကြလေသည်။ကလော သိမ်တောင်တွင် သီတင်းသုံးသဖြင့် ကလောဆရာတော် ဘုရားဟု တွင်လေသည်။

ကလောဆရာတော်ဘုရားလေးသည် ဘုရားစုကိုးရွာ ထိန်ပင်အင်းရွာမှ ဦးရန်နိုင်၏သားဖြစ်၍ ငယ်မည်မှာ မောင်ဖိုးလှိုင်ဖြစ်သည်။ ရဟန်းရောက်သည့် အထိ ဦးဖိုးလှိုင်တွင်သည်။ငယ်စဉ်ကပင်လျှင် အင်းမကြီးဆရာတော်ကြီး ဦးဇောတိကထံတွင် ပရိယတ္တိစာဝါလိုက်ခဲ့၍ ဝေယျာဝစ္စဟူသမျှလည်း ထမ်းဆောင်ရသည်။ အင်းမကြီးတွင် နှစ်လ အတန်ကြာထားပြီးနောက် ဆရာတော်ကြီးက မန္တလေးသို့ ပို့ပေးသည်။

ထို့ကြောင့် မန္တလေးတွင် စာဝါလိုက်ခဲ့ပြီးနောက် အင်းမကြီး ပြန်ရောက်သည်။ ထို့နောက် သိမ်တော်ကျောင်း သိမ်တွင် ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ရဟန်းဘဝတွင်လည်း ယခင်ကကဲ့သို့ပင် ဆရာတော်ကြီး၏ အပါးဦ

ဝတ်ကြီးဝတ်ငယ်အစ ကျောင်း ဝေယျာဝစ္စ ဟူသမျှ ထမ်းဆောင်ရသည်။ ဆရာတော်ကြီး ဝမ်းတွင်းသိမ်တောင်သို့ ကြွသောအခါ၌လည်း တပါးတည်း လိုက်ပါရလေသည်။

ဝမ်းတွင်းသိမ်တော်၌ ဆရာတော်ကြီးက ရွှေမှ လုပ်ငန်းများကို ရွက်ဆောင်၍ ဆရာတော် ဦးကေသရက နောက်မှ ဆောင်ရွက်လုပ်ကိုင်ရသည်။ ဝမ်းတွင်းသိမ်တောင်တွင် အုပ်ချုပ်မှု၊ စာချမှုစသည့် ဝေယျာဝစ္စ လုပ်ငန်း အရပ်ရပ်အပြင် တရားဟောရသဖြင့် ကျန်းမာရေးချို့တဲ့လာလေသည်။ လေငန်း ရောဂါ စွဲကပ်လာသည်။ အင်းမကြီး သိမ်တောင် ဆရာတော်ကြီးသည် ဦးကေသရအား များစွာအားကိုးတော်မူသဖြင့် လေငန်းရောဂါကို အထူးကုသပေးလေသည်။

လေငန်းရောဂါ ပျောက်ကင်းစေရန် ရည်၍ သိမ်တောင်ပေါ်တွင် မထားပဲ တောင်အောက်ရှိ ပေတောချောင်တွင် ကျောင်းဆောက်၍ ထားသည်။ လုပ်ငန်းအဝဝမှ အနားရစေရန်နှင့် တောင်အောက် ရာသီဥတုနှင့် သင့်တော်ပါက ရောဂါပျောက်ကင်းစေရန်အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ သို့ရာတွင် လေငန်းရောဂါ မသက်သာသဖြင့် တောမ သိမ်တောင်သို့ ပြောင်းရွှေ့ သီတင်းသုံးစေသည်။

သို့ရာတွင် အားရလောက်အောင် မသက်သာသဖြင့် တောင်ငူသို့ပြောင်း ရွှေ့သီတင်းသုံးစေသည်။ သို့ရာတွင် လေငန်းရောဂါသည် ဝမ်းတွင်း ရာသီဥတုနှင့် ညောင်ရမ်းသိမ်းတောင်ရာသီဥတုနှင့်ငင်း၊ တောမသိမ်တောင် ရာသီဥတုနှင့်ငင်း၊ တောင်သူသိမ်တောင်နှင့်ငင်း၊ မသင့်လျော်သောကြောင့် ကလော သိမ်တောင်ကိုတည်၍ သီတင်းသုံးစေသည်။

ဤသို့ ငင်ကုန်ကြေးကျခံ၍ ကုသပေးခြင်းကို ထောက်၍ အင်းမကြီး ဆရာတော်ဘုရားကြီးက ဦးကေသရအား မည်မျှ အားကိုးသည်ကို သိနိုင်ပေသည်။ ဤသို့ ဆေးကုသခြင်းနှင့် ရာသီဥတုဖြင့် ရောဂါကို ကုသခြင်းကြောင့် ကလော သိမ်တောင်ကျောင်းတိုက် ဖြစ်ပေါ်လာလေသည်။ ကလော သိမ်တောင်တွင် သီတင်းသုံးရသဖြင့် ကလော ဆရာတော်ဘုရားလေးဟု တွင်သည်။

ကလော သိမ်တောင်ကျောင်းတိုက် တည်ပြီး နှစ်နှစ်ခန့် အကြာတွင် အင်းမကြီး ဆရာတော်ဘုရားကြီး ပံ့လွန်တော်မူသဖြင့် ဆရာတော်ကြီး အား ထားသော ကလောဆရာတော်ဘုရားအား သိမ်တောင်ဂိုဏ်း၏ နာယကဆရာတော်အဖြစ် တင်မြှောက်လေသည်။ ထို့ကြောင့် ကလောဆရာတော် ဦးကေသရသည် သိမ်တောင်ဂိုဏ်း၏ ဒုတိယ နာယကအဖြစ် ရောက်တော်မူသည်။

သိမ်တောင်ဂိုဏ်း၏ တတိယ နာယက ဆရာတော်ဖြစ်သော ခင်လူး ဆရာတော် ဦးပဏ္ဍိတ ၏အတ္ထုပ္ပတ္တိ

အင်းမကြီး ဆရာတော်ကြီးနှင့် ကလောဆရာတော်ဘုရားလေး ဦးကောသရတို့ ဝမ်းတွင်းသိမ်တောင်တွင် သာသနာပြုစဉ် ဝမ်းတွင်းသိမ်တောင်၌ မိုက်လာမြို့နယ် ခင်လူးကျေးရွာ ထန်းတပင်ကျောင်းဆရာတော်က ပရိယတ္တိစာပေများ ပို့ချမှုတာဝန်ယူရသည်။ မန္တလေးမြို့ ဘုရားကြီးတိုက်မှ စစ်ကိုင်းဘက်သို့ တောထွက်သွားသော ဆရာတော် ဦးဇာဂရ၏ မြေးတပည့် အလုပ်အကျေးဖြစ်၍ ဝိနည်းသိက္ခာပုဒ်ကို များစွာရိုသေသည်။ပရိယတ်ိလည်း ကျွမ်းကျင်လိမ္မာသည်။

ဒုတိယမြောက် နာယကဖြစ်သော ကလောဆရာတော်ဘုရား လေငန်းရောဂါဖြင့် ပံ့လွန်တော်မူသောအခါ ပရိယတ်ိကျွမ်းကျင်လိမ္မာ၍ ဝိနည်းသိက္ခာပုဒ်ကို များစွာရိုသေသော ခင်လူး ထန်းတပင်ကျောင်းဆရာတော်အား တတိယမြောက် သိမ်တောင်ဂိုဏ်း၏ နာယကအဖြစ် တင်မြှောက်ကြလေသည်။ ပရိယတ်ိသာမဟုတ်၊ ပဋိပတ်ိလုပ်ငန်းကိုလည်း များစွာ အားထုတ်တော်မူသည်။

ဝိနည်းသိက္ခာပုဒ်ကို ရိုသေပုံမှာ စတုတ္ထမြောက် သိမ်တောင်နာယကဖြစ်လာမည့် ညောင်ရမ်းမြို့ မြို့တောင်ကျောင်း ဆရာတော်၏ ကျောင်းရှိ မန်ကျည်းပင်ရင်းတွင် စရပ်တခုရှိရာ ခင်လူးဆရာတော်က မြို့တောင်ကျောင်းဆရာတော်အား စရပ်ကို ဖျက်ဆီးစေသည်။ အကြောင်းမှာ ၎င်းမန်ကျည်းပင်ကို ကိုင်တွယ်ပါက၊ သို့မဟုတ် ၎င်းအပင်မှ အရွက်အသီးကို စားသုံးမိပါက မစားကောင်းပဲ ရှိမည်စိုးသောကြောင့် ဖြစ်သည်။ ဤမျှ ဝိနည်းသိက္ခာပုဒ်ကို ရိုသေတော်မူသည်။

အုန်းပင်ချောင်တောကျောင်းတွင် ပဋိပတ်ို ကြိုးစားအားထုတ်စဉ် စိတ်ပုတီးကြိုးပြတ်သွားသောအခါ တပည့် ဦးတိက္ခ၏ တကားမကြီးဖြစ်သူကို စိတ်ပုတီးကြိုး လဲရန် စေခိုင်းရာ ဦးတိက္ခက သိလရှင်များအား လဲပြောင်းလဲစေသည်။ ဆရာတော် သိသောအခါ ၎င်းစိတ်ပုတီး လုံးဝမသုံးတော့ချေ။ ဆရာတော်တွင် သစေလကအာပတ်မရှိဟု ယူဆရသည်အထိ ဝိနည်းတော်ကို ရိုသေသည်။

တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်ရှိ သိမ်ကို ခင်လူးဆရာတော် ကိုယ်တိုင် ဦးစီး၍ သမုတ်ခဲ့ရာ ရဟန်းသံဃာများက အလေးထားကြသည်။ ဝိနည်းတော်ကို ရိုသေသည်သာမဟုတ်၊ လုံလ ဝီရိယနှင့်လည်း ပြည့်စုံသည်။ အဟောအပြော ဝါသနာမရှိချေ။

သိမ်တောင်ဂိုဏ်း၏ စတုတ္ထနာယကဖြစ်တော်မူသော ညောင်ရမ်း-မြို့တောင်ကျောင်း ဆရာတော်ကြီး ဦးပဏ္ဍိစ္စ၏ အတ္ထုပ္ပတ္တိ

ညောင်ရမ်းမြို့-မြို့တောင်ကျောင်းဆရာတော်ကြီးသည် ပရိယတ္တိနှင့်ပဋိ-ပတ္တိနှစ်မျိုးစလုံး ကျွမ်းကျင်လိမ္မာတော်မူသည်။ ဝိနည်းသိက္ခာပုဒ်ကိုလည်း များစွာ ရိုသေသည်။ သူ၏ အစ်မတော်ရင်းပင်ဖြစ်လင့်ကစား အနားသို့ တဦး တည်းလာခြင်းကို ခွင့်မပြုချေ။ဘယ်သောအခါမျှ မာတုဂါမမျှားနှင့် တိုင်ပင်၍ ခရီးမသွားချေ။

ငယ်စဉ်ကပင် သမထ ဝိပဿနာ ဓုတင် အစရှိသည်တို့ကို သန္တုဋ္ဌိ သလ္လေခ နှင့် အားထုတ်တော်မူခဲ့ရာ ပျံတော်မူသည့်တိုင်အောင် ဖြစ်သည်။ လုံ့လဗီရိယ နှင့်ဌင်း၊ သိက္ခာသမာဓိနှင့်ဌင်း ပြည့်စုံလှသည်ဟု အနီးပတ်ဝန်းကျင်တွင် ကျော် စောသတင်း ပျံနှံခြင်းဖြစ်သည်။ မြို့တောင်ကျောင်း အိုမင်းဟောင်းနွမ်း သဖြင့် အသစ်ပြင်ရန် စီစဉ်ထားစဉ် ကမ္ဘာစစ်ကြီးဖြစ်လာသဖြင့် ရပ်ဆိုင်းထား ရသည်။ ထိုသို့ ကမ္ဘာစစ်ကြီးကြောင့် တောမီးလောင် တောကြောင် လက်ခ မောင်းခတ် ဟူသည့်စကားအတိုင်း ကျောင်းပြင်မည့် ပစ္စည်းများ ပျောက်ဆုံး သွားသည်။

ဆရာတော်ကြီးမှာ "ဆရာရင်း၏ကျောင်းပြင်ရန် စီစဉ်ထားမှု" ပျက်စီး သဖြင့် စိတ်မချမ်းမသာဖြစ်သည်။တို့ကြောင့် ကလောဆရာတော် ဦးအာဒိစ္စက ဆရာတော် ဦးပဏ္ဍိစ္စ၏ ဆရာရင်း သိတင်းသုံးခဲ့သော ၎င်းကျောင်းကို အသစ် ဆောက်လုပ်ပူဇော်နိုင်ရန် စီစဉ်လေသည်။ ဆရာတော်ကြီး စိတ်ချမ်းသာစေခြင်း ငှာ တိုက်ကျောင်းဆောက်လုပ်လှူရန် စီစဉ်သဖြင့် ဆရာတော်ကြီးမှာ စိတ်ချမ်း သာ၍ များစွာ ဝမ်းမြောက်တော်မူသည်။

တိုက်ကျောင်းဆောက်လုပ်၍ အုတ် (၆) ပေခန့်အရောက်တွင် ဆရာ တော်မှာ မကျန်းမမာဖြစ်တော်မူသည်။ ကလောဆရာတော် ဦးအာဒိစ္စ အား တွေ့လိုကြောင်း အမိန့်ရှိတော်မူသည်။ ကမ္ဘာစစ်ကြောင့် ခရီးလမ်းဆက်သွယ် ရေးမှာလည်း များစွာ ခက်ခဲသော အခါနှံကာလဖြစ်သဖြင့် ဆရာတော်၏ တကာ တကာမများ ကိုယ်တိုင် ကလောဆရာတော်ဘုရားထံ သွားရောက်ပင့်ရသည်။ "ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး အသည်းအသန် မကျန်းမမာဖြစ်၍ မျှော်လင့် ဘွယ်မရှိကြောင်း" လျှောက်ထားသဖြင့် ကလောဆရာတော်ဘုရားသည် အခက် အခဲများစွာကို ကျော်၍ ညောင်ရမ်းမြို့သို့ ကြွတော်မူသည်။

ဦးအာဒိစ္စ မရောက်မီအချိန်တွင် ဆရာတော်ကြီးမှာ သတိမေ့မျောလျက် ရှိချေသည်။ ကလောဆရာတော်ရောက်၍ အတန်ကြာမှ သတိလည်လာရာ အား

ရပါးရစကားပြောပြီးနောက် ဆောက်လုပ်ဆဲ တိုက်ကျောင်းကို ကြည့်ရှုလို ကြောင်း အမိန့်ရှိတော်မူသည်။ ကလောဆရာတော်ဘုရားယူဆောင်လာသော စတုမဓူကို ဘုဉ်းပေးတော်မူပြီး လန်းဆန်းစွာ ရှိနေသည်။

ကလောဆရာတော်၏ စိတ်တွင် "ဆရာတော်သည် ငယ်စဉ်ကပင် လွန်စွာ သန္တုဋ္ဌိ သလ္လေခ ဖြစ်တော်မူ၍ ဝိပဿနာတရားဖြင့် ရုပ်နာမ် သုံးသပ်ခဲ့ရာ ယခုတိုက်ကျောင်းကို သံယောဇဉ်ငြိတွယ်နေခြင်းသည် မသင့်" ဟု ယူဆ၍ သတိ ပေးတရားလျှောက်ထားရန် ကြံစည်တော်မူသည်။

ထို့ကြောင့် "ဆရာတော်ဘုရား၊ သန္တုဋ္ဌိ သလ္လေခဖြင့် ဝိပဿနာတရား လက်ကိုင်ထားခဲ့ရာ ယခုအခြေအနေမည်သို့ရှိပါသနည်း" ဟု လျှောက်ထားရာ ဆရာတော်ကြီးက ယခု အချိန်အထိ ရုပ်နာမ်သုံးသပ်လျက်ရှိကြောင်း၊ မမေ့ မလျော့ကြောင်း အမိန့်ရှိပြီးနောက် "အထွေအထူးတော့ ပြောဘွယ်မရှိပါ၊ အနုလောမခန္တီတော့ဖြင့် ပြည့်စုံပါပြီ" ဟု မိန့်တော်မူပြီးနောက် မေ့လျော့သွားတော်မူရာ တပည့်ရဟန်းများနှင့် ကလောဆရာတော်တို့က ပရိတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်ရွတ်ဖတ်ခြင်းပြုလုပ်စဉ် ပျံလွန်တော်မူလေသည်။



သိမ်တောင်ဂိုဏ်း၏ ပဉ္စမနာယကဖြစ်တော်မူသော
ကလောသိမ်တောင်ဆရာတော် ဦးအာဒိစ္စဗုံတော်
(သက်တော် ၈၄-နှစ်က ရုံက်ကူးသောပုံ)

သိမ်တောင်ဂိုဏ်း၏ ပဉ္စမ နာယကဆရာတော် ဖြစ်တော်မူသော
ကလော သိမ်တောင်ဆရာတော်
ဦးအာဒိစ္စ အတ္ထုပ္ပတ္တိ

ပဉ္စမနာယက ဆရာတော် ဦးအာဒိစ္စသည် ၁၂၅၆-ခု၊ သီတင်းကျွတ်လဆန်း ၉-ရက်နေ့တွင် ဝမ်းတွင်းမြို့နယ် ဘုရားစုကိုးရွာတွင် ဖွားမြင်ခဲ့ပါသည်။ ငယ်စဉ်က ဦးရီးတော် သိမ်တောင်ကျောင်း ဆရာတော် ဦးဥက္ကံသထံတွင် သင်္ဂြိဟ်သင်ယူခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးသိန်းနှင့် ဦးရီးတော် ဦးဥက္ကံသတို့က ရွာတွင်ထားပါက လူထွက်မည်စိုးသဖြင့် မန္တလေးမြို့သို့ စာပေ ပရိယတ္တိသင်ယူစေရန် ပို့ပေးသည်။ ထို့ကြောင့် ရွှေတွင်းတူး ဆရာတော် ဦးအရိယနှင့်အတူ မန္တလေးမြို့ အနောက်ပြင်တွင် ပရိယတ္တိ လိုက်စားသင်ယူခဲ့သည်။

သို့ရာတွင် မန္တလေးမြို့၌ ပလိပ်ရောဂါဖြစ်ပွားသဖြင့် မန္တလေးမှ ဘုရားစုရှာသို့ ပြန်ကြွရသည်။ခမည်းတော်ဖြစ်သူ ဦးသိန်းနှင့် ဦးရီးတော် ဦးဥက္ကံသတို့က ရဟန်းဘောင်သို့ တက်ရောက်နိုင်ရန်အတွက် ရှာတွေ့မထားလိုကြ။ ဤကြောင့် ညောင်ရမ်းမြို့သို့ ပို့ပေးကြသည်။ ညောင်ဖမ်းမြို့ ဦးဇာဂရထံတွင် ပရိယတ္တိစာပေသင်ယူရသည်။ စာဝါပိတ်ချိန်တွင် စာသင်သားတို့ ဇာတိမြေသို့ ပြန်လေ့ရှိရာ ဦးဇာဂရ၏တပည့် ဦးအာဒိစ္စ(ထိုစဉ်အရှင်အာဒိစ္စ)မှာ ပြန်ရန်မပြုနိုင်ချေ။ သို့ရာတွင် အခြားတပည့်များနည်းတူ ဇာတိမြေသို့ ပြန်ကြသည်။

ထိုအခါ ခမည်းတော် ဦးသိန်းနှင့် ဦးရီးတော် ဦးဥက္ကံသတို့က ဝမ်းတွင်းမြို့ သိမ်တောင်တောရရှိ ပထမအင်းမကြီး ဆရာတော် ဦးဇောတိကထံ ပို့ကြပြန်သည်။ လူထွက်မည့်စိုးသောကြောင့် ရှာတွင် မထားလိုကြချေ။ သိမ်တောင် ဆရာတော်ကြီး၏ တပည့် သိမ်တော် ဆရာတော်ထံတွင် ဝိနည်းပါဠိတော် ငါးကျမ်းနှင့် ဓမ္မပဒကို ဓပါက်အောင်သင်ယူသည်။ ဆရာတော် ဦးနာရဒထံတွင် သဒ္ဒါပေါက်အောင် သင်ယူရသည်။ ထို့ပြင် ဆရာတော် လူထွက်ကြီးဖြစ်သည့် ဦးမှင်ခဲထံတွင် သဒ္ဒါ နေတိန့်နှင့် ဆန်း သင်ယူတတ်မြောက်သည်။

ရဟန်းဝါရသောအခါ ဘုရားစုရှာ အင်းမကြီးတောရ ခဏ္ဍသိမ်တွင် ရဟန်းသိက္ခာတင်သည်။ ရဟန်းသုံးပါး သိက္ခာ တင်ခြင်းဖြစ်ရာ ဦးအာဒိစ္စ၊ ဦးအရိယနှင့် ဦးဒိပ သုံးပါးဖြစ်ပြီး ဦးအာဒိစ္စမှာ အကြီးဆုံးဖြစ်သည်။ အခြားသော ရဟန်းနှစ်ပါးမှာ အငယ်ဖြစ်သည်။ ပထမဆုံး ရဟန်းဝါတွင် မြစ်သား သိမ်တောင်ကျောင်းတိုက်၌ သံဃာတော် (၆၀)ခန့် ထိန်းသိမ်း အုပ်ချုပ်ရန် အင်းမကြီးဆရာတော်က တာဝန်ပေးသည်။

မြစ်သားသိမ်တောင်ဆရာတော်မှာ ဦးကလျာဏ ဖြစ်သည်။ မြစ်သားသိမ်တောင်တွင် လပေါင်းများစွာနေထိုင်ပြီးနောက် ဝမ်းတွင်း သိမ်တောင်သို့ ပြန်၍သီတင်းသုံးသည်။ ဝမ်းတွင်းသိမ်တောင်တွင် ပရိယတ္တိစာပေ ပို့ချခြင်း၊ မိမိကိုယ်တိုင်လည်း သင်ယူခြင်းပြု၍ တောမဲ့သို့ ပြောင်းရွှေ့သီတင်းသုံးပါသည်။ တောမရှာသည် မိတ္တိလာမြို့၏ အရှေ့ဖက်တွင်ရှိ၍ ၎င်းရှာတွင် ရှာကျောင်းနှင့် တောကျောင်း ဟူ၍ နှစ်ကျောင်းရှိရာ နေ့ခင်းတွင် ရှာကျောင်း၌ ပရိယတ္တိစာပေပို့ချပြီး ညတွင် တောကျောင်းသို့ သွား၍ အရည်ကင်ဓုတင်ကျင့်သည်။

သိမ်တောင် ကျောင်းတိုက်သို့ မန္တလေးမြို့ ဇမ္မူထိန်လင်း ဆရာတော်၊ စကုတိုက် ပဌမဝါဆိုကျောင်း ဆရာတော် ဦးဒေမိန္ဒ၏ တပည့် ဦးနန္ဒိယ လာရောက်လည်ပတ်သဖြင့် ရင်းနှီးခင်မင်ပြီး မန္တလေးမြို့သို့ လိုက်ပါခဲ့လေသည်။ မန္တလေးမြို့တွင် ဇမ္မူထိန်လင်း ဆရာတော် ဦးနန္ဒိယထံ၌ သဒ္ဒါဟ်နှင့် ညဝါများ ပေါက်မြောက်ခဲ့သည်။ သိမ်တောင်မှ မန္တလေးသို့ ရောက် ရောက်ချင်း ဇမ္မူ

ထိန်လင်း ဆရာတော်က အစိုးရ စာမေးပွဲ မေးခွန်းများကို ဖြေဆိုခိုင်းရာ ကျမ်းကျင် လိမ္မာစွာ ဖြေဆိုနိုင်သောကြောင့် စာမေးပွဲဖြေဆိုရန် လက်မှတ်ထိုးပေးသည်။ မဟာမြတ်မုနိဘုရား ဦးမှတ်ကလေးတန်ဆောင်း၌ စာမေးပွဲ ဖြေဆိုရာ သတ်မှတ်ထားသော အချိန်ထက် များစွာ စော၍ ပြီးစီးအောင် ဖြေဆိုနိုင်ခဲ့သည်။

ထိုသို့ စာမေးပွဲဖြေဆိုပြီးနောက် စကုတိုက်တွင်နေယင်း ခင်မကန့်တိုက်၊ စာချုပ်ကျော် မန်ကျည်းပင်ကျောင်း .ဆရာတော် ဦးသီလာစာရထံတွင်၎င်း၊ သူဋ္ဌေးဆရာခတော် ဦးရေဝရထံတွင်၎င်း၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့ရ ထိန်ပင်ကျောင်း ညောင်ရမ်း ဆရာတော်ဘုရားထံတွင်၎င်း၊ ဆင်တဲတိုက်မှ ဆရာတော်ထံတွင်၎င်း ပရိယတ္တိစာပေများ ဆက်လက် သင်ယူခဲ့လေသည်။

မန္တလေးမြို့တွင် နှစ်ဝါခန့် သီတင်းသုံးပြီးနောက် ဝမ်းတွင်း သိမ်တောင်သို့ ပြန်ကြွတော်မူသည်။ ဝမ်းတွင်း သိမ်တောင်တွင် ပရိယတ္တိနှင့် ပဋိပတ္တိနှစ်မျိုးလုံး ပို့ချလေသည်။

ရဟန်းသိက္ခာတင် ကိစ္စ

ဆရာတော်၏ မွေး သက္ကရာဇ်မှာ ၁၂၅၆-ခု၊ သီတင်းကျွတ် လဆန်း ၉-ရက်ဖြစ်ရာ ပဌမရဟန်းခံသည်။ ၁၂၇၅-ခု၊ တန်ဆောင်မုန်းလဆန်း ၇-ရက် နေ့တွင် ဖြစ်သဖြင့် ၁၉-နှစ် တလပင် မပြည့်မီ ရဟန်းခံဖြစ်နေသည်။ထို့ကြောင့် ပဌမအကြိမ် ရဟန်းသိက္ခာတင်မှုကို အားမရပဲ ရှိခဲ့၏။

အသက်အားရသောအခါ ဝမ်းတွင်း သိမ်တောင်၌ သိမ်တော်တွင် ဒုတိယ အကြိမ် ရဟန်းသိက္ခာတင်မှုကို ခံယူဟော်မူသည်။

ဟံဇားကျောင်းတိုက်သည် သိမ်တောင် ပဌမ ဆရာတော်ကြီး တည်ခဲ့သော ကျောင်းဖြစ်ရာ ၎င်းဟံဇား သိမ်တောင်ကျောင်း၌ သိမ်သမုတ်သော အခါ သိမ်ဦးအဖြစ် သိက္ခာထပ်သည်၊ တတိယအကြိမ် သိက္ခာတင်ပွဲ ဖြစ်ပေသည်။

သာစည် ငါးဆူ ကျောင်းတိုက်တွင် သိမ်သမုတ်သော အခါတွင်၎င်း၊ တောမသိမ်တောင် သိမ်သမုတ်သောအခါဘွင်၎င်း သိမ်ဦး ရဟန်းအဖြစ် သိက္ခာထပ်သဖြင့် ပဉ္စမမြောက် ရဟန်းသိက္ခာထပ်ခြင်းကို ခံယူခဲ့ရလေသည်။

တောင်ငူ သိမ်တောင် ကျောင်းတိုက်တွင် သိမ်သမုတ်သောအခါ သိမ်ဦးရဟန်းအဖြစ် ရဟန်းသိက္ခာထပ်ရာ ဆဋ္ဌမအကြိမ်မြောက် သိက္ခာဟင်ပွဲ ဖြစ်ပေသည်။

ကလောမြို့တွင် ဒါယိကာမကြီး ဒေါ်ဆိုးကၡင်း၊ ဆရာဝန်ကတော် ဒေါ်မြပိုး၊ ၎င်း၏အစ်မ ဒေါ်ဒေါ်သုံတို့ကၡင်း တကြိမ်စီ သိက္ခာ တင်ရာ အဋ္ဌမအကြိမ်မြောက် သိက္ခာတပ်ခြင်းဖြစ်လေသည်။ သက်တော်ရှစ်ဆယ် ပြည့်တွင် ကလောမြို့ ဦးအောင်ချို ဇနီး မနုန့့် ညီမ မကြည်တို့က နဝမအကြိမ်မြောက် သိက္ခာထပ်ပဲ့ ပြုလုပ်ခဲ့သည်။

၁၃၄၁-ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်၊ ကြာသပတေးနေ့ နံနက် (၉) နာရီအချိန်ခန့်တွင် ကလောမြို့ မဟာဓမ္မိကာရာမ သိင်္ဃာတောင်ကျောင်းတိုက် ခဏ္ဍသိမ်တော်ကြီး၌၊ ၁-ကလောမြို့ လမ်းအရေးပိုင်ကတော် ရဟန်းအမ ဒေါ်အေးရင်၊ ၂-ဆရာဝန်ကတော် ဘုရားအမ ဒေါ်မြပိုး၊ ၃-လမ်းဝန် ထောက်ကတော် ရဟန်းအမ ဒေါ်ခင်ပု၊ ၄-ရဟန်း ဒါယကာ ဦးသင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေ၊ ဂျီဒီအိုင် ကျောင်းဆရာ ဦးအောင်နိုင်၊ ဆရာဝန် ဒေါက်တာ ဒေါ်နုနုသင်၊ ၅-ဂျီဒီအိုင်ကျောင်းအုပ်ဆရာကြီး ဦးစိုးရင်- ဒေါ်အေးအေးမြင့့် မိသားစု၊ ၆-ဆရာတော်၏ ကျောင်း ဒါယကာ ကျောင်းအမတို့၏ သားသမီးမျှးဖြစ်ကြသော ရဟန်းအမ ဒေါ်နုနုမိသားစုနှင့့် ဒေါ်ကြည်၊ ၇-ဥမင်ရွာ ရဟန်းဒါယကာ ဦးတင်ထူး ရဟန်းအမ ဒေါ်တင်လှ၊ ၈-ရွှေပန်းထိမ်ဆရာ ဦးထွန်းရီ ရဟန်းအမ ဒေါ်စန်းရင် ရှစ်ဦးသော ဒါယကာ ဒါယိကာမတို့က ပစ္စည်းလေးပါး ဒါယကာခံယူကြ၍ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူကြကုန်သော ၁-ပခုက္ကူ ဆရာတော် ဦးနေမိန္ဒ၊ ၂-ပြည် ဆရာတော် ဦးကောဝလ္လ၊ ၃-ရန်ကုန်ဆရာတော် ဦးသုမင်္ဂလအရှင်မြတ်သုံးပါး တို့နှင့့် အတူတကွ ဥပသမ္ပဒကံကို (၁၀)ကြိမ်မြောက် ခံယူပါသည်။

ဆရာတော် သိမ်တောင်တောရတွင် တာဝန်ယူ စာချနေစဉ် ဇီးတောဘာဝနာ ဦးပဏ္ဍိတ က ပဋိပတ္တိ လုပ်စေချင်၍ မကြာခဏ တိုက်တွန်းသည်။ တခါတွင် သိမ်တောင်တောရမှပင့်၍ ရိုးဆုံရွာ တောကျောင်းသို့ ပို့ပေးသည်။ ၎င်းတောကျောင်းသည် ရိုးဆုံရွာ၏ အရှေ့ဖက် တမိုင်ခန့်အကွာ၌ တည်ရှိသဖြင့် လူသူ ကင်းဝေးလှသည်။ ၎င်းကျောင်းတွင် ဆရာတော်ကြီးသည် ဓူတင် ၁၃ ပါး အပြည့်ဆောင်လျက် သတိပဋ္ဌာန်တရား အားထုတ်တော်မူသည်။ ကြက်သံငှက်သံကို အဖော်ပြု၍ တဦးတည်း နေရသည်။ တောကျောင်း အရှေ့ဖက် ခပ်လှမ်းလှမ်းတွင် လှည်းလမ်းမကြီးတခုရှိရာ ၎င်းလှည်းလမ်းမမှ လှည်းသံကြားရသောအခါ ဆရာတော်ကြီးမှာ အားတက်ရှာသည်။ လူသူကင်းဝေးလှသဖြင့် သမာဓိအလွန်ရသည်။ ထို့သို့ သိတင်းသုံးတော်မူယင်း လပေါင်း အတော်ကြာသောအခါ သံဃဂတရားရသဖြင့် သံဃဂ ဥဒါန်းကို ရေးသားခဲ့သည်။ စိတ်တွင် အလိုအလျောက် ဆိုမိလာခြင်း ဖြစ်ပါသည်။

တိုသို့ ရုံးဆုံတောကျောင်းဌ သီတင်းသုံးစဉ် ဆရာတော်၏ ခမည်းတော် ဦးသိန်းသည် "ဆရာတော် သိမ်တောင်မှာမရှိဘူး၊ တောထွက်သွားပြီ" ဟု ကြားသိရသောကြောင့် လိုက်လံရှာဖွေယင်း ရုံးဆုံတော ကျောင်းသို့ ရောက်ရှိလာသည်။ ဆရာတော်မှာ ထိတ်လန့်ခြင်း ဖြစ်ရသည်။ ဆရာတော်၏ ခမည်းတော်မှာ နှစ်ရက်ခန့် နေပြီး ပြန်သွားရသည်။ သို့သော် ဆရာတော်မှာ သာမာဓိပျက်သဖြင့် ၎င်းတောကျောင်းတွင် ဆက်လက်နေလိုစိတ် မရှိတော့ချေ။

ထို့ကြောင့် သပိတ်တလုံး သင်္ကန်းသုံးထည်ဖြင့် ထွက်ခဲ့ရာ မန်ကျည်းအုပ် တောကျောင်းသို့ ရောက်သည်။ မန်ကျည်းအုပ် တောကျောင်းဌ ဆွမ်းဘုဉ်းပေးပြီး ဧရိယာဆက်ရာ ပျက်ခရွေ(ပြက္ခရွေ) တောင်ခြေရှိ မောနား ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလေသည်။ ၎င်း ပြက္ခရွေတောင်ကား ပထမအင်းမကြီး ဆရာကောဘုရား ဓူတင် ၁၃-ပါးဆောင်လျက် ပဋိပတ္တိအားထုတ်တော်မူခဲ့သော တောင်ပင်ဖြစ်သည်။

မောနားကျောင်းဆရာတော် ဦးဉာဏသည် သပိတ်လွယ်၍ ဝင်လာသော ဆရာတော် ဦးအာဒိစ္စကို မြင်သောအခါ များစွာသဘောကျ နှစ်သက်တော်မူသည်။ သရေအိတ်လွယ်သော ဘုန်းကြီးကို မမြင်လိုဟု မိန့်၏။ ဆရာတော် ဦးအာဒိစ္စက "တပည့်တော် လူသူမနီးသောနေရာတွင် တဦးတည်းနေ၍ ဓူတင် ၁၃-ပါးဆောင် ပဋိပတ္တိအားထုတ်လိုကြောင်း" လျှောက်ထားရာ ကျောင်းအရှေ့နားရှိ ကျောက်ဂူတွင် နေရာပေး သီတင်းသုံးစေသည်။ ၎င်းဂူတွင် ဓူတင်ဆောင်၍ ပဋိပတ္တိအားထုတ်တော်မူသည်။

သို့ရာတွင် ရုံးဆုံတောရတွင် သီတင်းသုံးစဉ်ကလောက် သမာဓိ မရသဖြင့် ဝိသုဒ္ဓိမဂ်စာအုပ်ကြည့်လိုကြောင်း မောနားဆရာတော်သို့ လျှောက်ထားရာ ဝိသုဒ္ဓိမဂ် စာအုပ်ပေးသဖြင့် ကြည့်၍ သီတင်းသုံး နေတော်မူသည်။ ထိုစဉ် ဘုရားစုမှ ပြက္ခရွေတောင်ဘုရားသို့ ဘုရားဖူးလာကြရာ ဆရာတော်ကို ဖူးရသဖြင့် ညှို့မံနေရသည်။ သမာဓိအလွန်ပျက်သဖြင့် မောနားတွင် မနေလိုတော့ချေ။ မောနားဆရာတော် ဦးဉာဏကို လျှောက်ထားရာ မောနား ဆရာတော်က နှမ်းခင်းကျောင်းသို့သွား၍ ကျောင်းထိုင်ရန် တိုက်တွန်းလေသည်။

သို့ရာတွင် ကျောင်းထိုင်လိုစိတ်မရှိသဖြင့် ဆရာတော် ဦးဉာဏထံ ခွင့်တောင်း၍ ၎င်းပြက္ခရွေတောင်ခြေနှင့် မဝေးလှသော ကောင်းတာရှည်တောကျောင်းသို့ ခရီးဆက်ခဲ့သည်။ ကောင်းတာရှည်တောကျောင်း၏ အရှေ့ဘက်တွင် အုန်းနဲ့ဘုတ်ရွာရှိ၍ ၎င်းရွာတွင် ဦးကလျာဏ၏ ဖခင်နေသည်။ကောင်းတာရှည်တောကျောင်းသို့ ရောက်သောအခါ အုန်းနဲ့ဘုတ်ရွာမှ ဦးကလျာဏ၏ ဖခင်က ကလောဆရာတော်ဘုရားလေး ဦးကေသရ ပျံလွန်တော်၌ မူကြောင်း လျှောက်ထားသဖြင့် ဝမ်းတွင်းသိမ်တောင်သို့ ပြန်ကြွတော်မူရသည်။

သီမ်ိတောင်သို့ ရောက်သောအခါ ကလောသို့ ကြွရန်မလို့။ စျာပနကိစ္စ ပြီးပြီဟု သိရလေသည်။ ထိုအခါ ပဋိပတ္တိအားထုတ်လိုစိတ် မကုန်သောကြောင့် မန္တလေးသို့ကြွ၍ အေးငြိမ်းသောနေရာကို ရှာရာ မန္တလေးမှတဆင့် မေမြို့သို့ ၎င်း၊ စစ်ကိုင်းသို့၎င်း ရောက်သည်။ ထို့နောက် ပြည်မြို့ အင်ကြင်းမြောင် နှင့် နီဗွီန္ဒစသော တောရများကို သွားလိုစိတ် ဖြစ်သောကြောင့် ပြန်လာခဲ့သည်။ လမ်းတွင် ဘုရားစုကိုးရွာမှ ကံသစ်ရွာကြီး ရွာလုံးကျတ် မီးလောင်သည်ဟု ကြားရသောကြောင့် ရွာသို့ကြွရသည်။ မိဘများ ခိုကိုးရာမဲ့၍ အင်းမကြီးတော ရတွင် နေကြရကြောင်း သိရ၍ အင်းမကြီးတွင် မိဘများနှင့်နေထိုင်သီတင်း သုံးရသည်။ မိဘများ ကျေနပ်လောက်သောအခါမှ သပိတ်တလုံး သင်္ကန်းသုံးထည်ယူ၍ ပဋိပတ္တိအားထုတ်ရန် ထွက်လာခဲ့သည်။ ဘုရားစုမှ နဘဲကန်(သင်္ကန်းစဲ့)၊ သင်္ကန်းစဲ့မှ ဟံဇာသို့ကြသည်။ ဟံဇာတွင် ခေတ္တသီတင်းသုံး၍ ညောင်ရမ်းသို့ ခရီးဆက်သည်။ ညောင်ရမ်းမြို့တွင် ဓုတင်ဆောင်လျက် ပဋိပတ္တိအားထုတ်တော်မူသည်။

ညောင်ရမ်းတွင် ပဋိပတ္တိအားထုတ်ရာ အားမရသောကြောင့် ရွှေမြို့ ရွှေဥဒေါင်း တောရသို့ ကြသည်။ ရွှေဥဒေါင်းတောရမှ တဆင့် ညောင်လှန်း ဆရာတော် ဦးမေဓာဝီထံ ခရီးဆက်ပြန်သည်။ ညောင်လှန်းတွင် သပိတ်ဘလုံး သင်္ကန်းသုံးထည်ဖြင့် ပဋိပတ္တိအားထုတ်တော်မူသည်။ လပေါင်း အတော်ကြာ အားထုတ်ပြီးနောက် ရွှေမြို့ ရွှေဥဒေါင်းတောရသို့ ပြန်ကြသည်။ ထိုမှတဆင့် ရွှေဥဒေါင်းတောရမှ ပျဉ်းမနားဟောင်းသို့ ပြန်၍ ဆွေမျိုး သားချင်းများနှင့် တွေ့ဆုံသည်။ ပျဉ်းမနားဟောင်းမှ ကျည်တောင်ကန်သို့ကြ၍ ကျည်တောင်ကန်မှ အရှေ့ဘက်အတန်ဝေးသော ရေဆင်းသို့ကြွန် စီစဉ်ခြင်းဖြစ်သည်။

ကျည်တောင်ကန်သို့ နေဝင်ချိန်တွင် ရောက်ရာ ကျည်တောင်ကန်မှ ရွှေဝက်တိုးတောကျောင်းသို့ ခြေလျင်ခရီး ကြွတော် မူရသည်။ ဇရာဆင်းရွာတွင် ရွှေဝက်တိုးတောကျောင်းသို့ သွားလိုကြောင်း ပြောပြရာ ဝေးလံကြောင်း၊ ရွာတွင်နား၍ မနက်မှ ခရီးဆက်သင့်ကြောင်း လျှောက်ထားသော်လည်းဆက် လက်၍ သွားတော်မူသည်။ ရေဆင်းရွာသူရွာသား ပြောသည့်အတိုင်း ခရီး လမ်းကြမ်းတမ်းလှသည်။ ချုံနွယ်ပိတ်ပေါင်းများအောက်မှ ဝင်၍သွားရသည်။

ထိုနေ့တွင် ရွှေဝက်တိုးတောကျောင်း၌ ဆွမ်းကျွေးရှိ၍ ဆွမ်းချက်နေရာ ဆွမ်းချက်မီးကို အဝေးမှမြင်ရသောကြောင့် သွားရလွယ်ကူလေသည်။ ရွှေဝက်တိုးတောကျောင်း ဆရာတော်မှာ ဆရာတော်ဦးအာဒိစ္စကို တွေ့ရသော အခါ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာသည်။ ရွှေဝက်တိုးတောကျောင်းတွင် သီတင်းသုံးရန် လျှောက်ထားသဖြင့် ရွှေဝက်တိုး တောကျောင်းတွင်

ခေတ္တသီတင်းသုံး၍ ရွှေဝက်တိုးဆရာတော် ပြုစုလျက်ရှိသော ကျမ်းကို ပြီးဆုံးသည်ထိ ပြုစုကူညီတော်မူခဲ့သည်။

ထို့နောက် ရွှေဝက်တိုးတောကျောင်းမှ ရေဆင်းရွာကျောင်းသို့ပြောင်း၍ ခေတ္တသီတင်းသုံးတော်မူသည်။ ထို့နောက် ရေဆင်းမှ တောင်ငူ မြင်ဘုန်းမြင်လိမ် သိမ်တောင် ကျောင်းတိုက်တွင် ပြောင်းရွှေ့ သီတင်းသုံး၏။ အတန်ကြာအောင် သီတင်းသုံးပြီးနောက် သပိတ်တလုံး သင်္ကန်းသုံးထည်ဖြင့် ရန်ကုန်သို့ကြွတော်မူသည်။ ရန်ကုန်အလယ်တောရတွင် ဆည်ကြီးဆရာတော် ဦးဇဝနနှင့် တွေ့သည်။ ဆရာတော် ဦးဇဝနမှာ သိမ်တောင် ဂုဏ်းလုံးဆိုင်ရာ အထူးအစည်းအဝေး ဖိတ်ကြားစာများနှင့် အစည်းအဝေးအတွက် ကြိုးစားနေသည်ကို တွေ့ရသည်။

ထို့ပြင် ပြည်မြို့သည် တရားအားထုတ်ရန် ကျိုက်ထိုလောက် မသင့်တော်ကြောင်း လျှောက်ထားသဖြင့် ဆရာတော် ဦးအာဒိစ္စသည် ကျိုက်ထိုသို့ကြွရန် ပြင်ရသည်။ ကျိုက်ထိုသို့သွားရာတွင် ဦးဇဝနက အစည်းအဝေး ပင့်ဖိတ်လွှာများ ပါးလိုက်သဖြင့် ဝေပုလ္လတော် ဦးကောသလ္လထံသို့ ဖိတ်စာပို့ပေးရသည်။ သို့သော် ဦးကောသလ္လမှာ အစည်းအဝေးသို့ မကြွနိုင်ချေ။

ယို့ကြောင့် အရက်သည်မတောင်၊ ကေလာသတောင်၊ ကေလာသဘတောင်နှင့် ကျောင်းတော်ရာတို့တွင် ပဋိပတ္တိ အားထုတ်ရန် သင့်တော်မည့်နေရာရွာရာ ကျောင်းတော်ရာတွင် အစစအရာရာ သင့်တော်သည့် တောကျောင်းကို တွေ့ရသည်။ သို့သော် ယောဂိငယ်များရှိသောကြောင့် မနေဘဲ ပြန်ကြွလာခဲ့ရသည်။ ထိုမှာ ပလမ်းကုန်းဆရာတော် ပင့်သဖြင့် ရွှေမြို့ သိမ်တောင်ဂုဏ်းလုံးဆိုင်ရာ အစည်းအဝေးသို့ ကြွတော်မူသည်။

ရွှေမြို့ အစည်းအဝေး ပြီးသောအခါ ဝမ်းတွင်းသိမ်တောင်တောရသို့ ပြန်ကြွသောအခါ ကလောဆရာတော်ဘုရားထံတွင် သီတင်းသုံးရန် ဖြစ်သည်။ ထိုစဉ် သိမ်တောင်ဆရာတော်ကြီး မကျန်းမမာဖြစ်သဖြင့် သိမ်တောင်တွင် ခေတ္တ ဇတင်းသုံးသည်။ ဆရာတော်ကြီး ပုံလွှန်တော်မူပြီးနောက် ကလောသို့ ကြွရောက်၍ သီတင်းသုံးရသဖြင့် ဝမ်းတွင်းသိမ်တောင်တွင် ဆည်ကြီးဆရာတော် ဦးဇဝန၊ ဆရာကြီး ပဏ္ဍဝဦးညေယျတို့ ကျန်ရစ်သည်။

ဂုဏ်းလေးပါး မည်ညွတ်သဖြင့် ဝမ်းတွင်းသိမ်တောင်သို့ အုပ်ချုပ်ထိန်းသိမ်းရန် ပြန်ကြွရသည်။

ဦးဇဝနနှင့် ဦးပဏ္ဍဝတို့မှာ ခရီးထွက်နေသဖြင့် ဆရာတော်ကိုယ်တိုင် စာချ၍ ဝမ်းတွင်းသိမ်တောင်ကို ထိန်းသိမ်း အုပ်ချုပ်နေခဲ့ရသည်။ ကလောသိမ်တောင်နှင့် ဝမ်းတွင်းသိမ်တောင် နှစ်မြို့လုံးကို အုပ်ချုပ်ရသည်မှာ မနိုင်

မနင်းရှိသောကြောင့် ဝမ်းတွင်းသိမ်တောင်ကို ပဌမကျော် ဦးပညာသီဟအား စာချတာဝန်ပေး၍ ကလောသိမ်တောင်တွင် ကြွရောက် သီတင်းသုံးသည်။ ဦးပညာသီဟသည် ဆရာတော်၏ တပည့်ရင်းဖြစ်၍ မြစ်သာ သိမ်တောင်ထွက် ဖြစ်သည်။

ကလောသိမ်တောင်တွင် သီတင်းသုံးစဉ် တောင်ကြီး နန်းထိလတ် ကျောင်းမှ စောင့်ရှောက်သူ သီလရှင်ထွက် ဒေါ်စာရိက နန်းထိလတ်ကျောင်းကို လှူသဖြင့် တောင်ကြီးသိမ်တောင်အဖြစ် တည်တော်မူသည်။ ကလောသို့ ရောက်လာသော ဦးပဏ္ဍာဝန္ဒင့်အတူ နန်းထိလတ်ကျောင်းသို့ ကြွချီ၍ သီတင်း သုံးပြီးနောက် ဦးပဏ္ဍာဝကို တာဝန်ပေး၍ ကလောသိမ်တောင်သို့ ပြန်ကြွတော်မူသည်။ ဆရာတော် ဦးပဏ္ဍာဝန္ဒင့် အဆင်မပြေသပြင့် တောင်ကြီး သိမ်ဘောင်အဖြစ် အနောက်ဘက်၌တည်၍ထားသည်။ သို့သော် ဆရာတော် ဦးပဏ္ဍာ မနေသောကြောင့် သံဃာအဆက်ဆက် ထားပေးပြီးနောက် ဆရာဘော်၏ တပည့် ဗေဒိကုန်းကျောင်း(ကလော) ဆရာတော် ဦးဆန္ဒာဓိကအား တာဝန်ပေးရာ ဦးဆန္ဒာဓိကသည် ယခုထိ တောင်ကြီးသိမ်တောင်ကို ထိန်းသိမ်းအုပ်ချုပ်လျက်ရှိသည်။

ဆရာတော် ကလောရောက်၍ နှစ်နှစ်သုံးနှစ်ခန့်ထိ ကလောတွင် ပထမပြန်စာဖြေဌာနမရှိချေ။ ရှမ်းပြည်နယ်တွင် စာဖြေဌာန မဖွင့်သေးချေ။ ဆရာတော် နှစ်နှစ် သုံးနှစ်ခန့် ကြိုးစားသော်လည်း မရချေ။ ကလောတွင် နွေရာသီအပန်းဖြေ လာသော ဆာဒီမောန်ဆီက ဆရာတော်အား ကြည်ညိုလှသဖြင့် စာဖြေဌာနဖွင့်ရန် ကြိုးစားပေးသောကြောင့် စာဖြေဌာန ပွင့်လာသည်။ ထိုအခါမှစ၍ ရှမ်းပြည် သံဃာများ ကလောသိမ်တောင်တွင် ပထမပြန်စာမေးပွဲဖြေဆိုခွင့်ရရှိသည်။ ယခင်က မိတ္ထိလာ၊ ကျောက်ဆည်၊ မန္တလေးမြို့များသို့ သွားရောက်ဖြေဆိုကြရသည်။

ဌင်းပဌမပြန် စာမေးပွဲဖြေဆိုသူတိုင်းကို ဆရာတော်က ခရီးစရိတ်လှူဒါန်းပေးသည်။ စာအောင်သံဃာများကို အစိုးရမှပေးသော ဆုနှင့်တူသော တန်ဖိုးဆရာတော်က အပိုချီးမြှင့်သည့်ပြင် ထီး၊ဖိနပ်၊ သင်္ကန်း လှူဒါန်းသေးသည်။ ဤသို့လှူဒန်းလာသည်မှာ ၃၇-နှစ်ခန့် ရှိပြီဖြစ်သည်။

ညောင်ရွေစာပြန်ပွဲတွင်လည်း စာအောင်သံဃာများအား စာမေးပွဲဆု အပြင် ဆရာတော်မှ စာမေးပွဲဆု၏ ထက်ဝက်ခန့် အပိုချီးမြှင့်ပေးသည်။ ဝမ်းတွင်း သိမ်တောင်စာပြန်ပွဲတွင်လည်း ထိုကဲ့သို့ ဆောင်ရွက်တော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့လက်မှတ်များ ကပ်လှူစဉ်က တောင်ကြီး အရေးပိုင်နှင့် ကလောမြို့ပိုင် အာဏာရှိသောအာဏာပိုင်တို့က အဂ္ဂဘွဲ့တောင်းရန် လျှောက်

ထားသောအခါ မိမိ၏ ဂုဏ်ကို ဖော်ထုတ်ရမည်ကို ရှက်သောကြောင့် မတောင်းခဲ့ချေ။

ကလောတွင်နေ၍ အတော်ကြာသည်အထိ ကလောတွင် ဗုဒ္ဓဘာသာစာသင်ကျောင်းမရှိချေ။ ကလောသည် များသောအားဖြင့် နိုင်ငံခြားသားများ ကြီးစိုးသော မြို့ဖြစ်သဖြင့် စက်စလီယံခေါ် ခရစ်ယံ သာသနာပြု ကျောင်းများသာလျှင်ရှိသည်။ ခရစ်ယံသာသနာပြုဆရာများက နေရာအနှံ့ ပြောဟောနေသဖြင့် ဆရာတော်၏ တပည့်များပင်လျှင် ခရစ်ယာန်ဘာသာဝင် ဖြစ်တော့မလိုဖြစ်နေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတည်ဆောက်ရန် ကြံစည်အားထုတ်တော်မူသည်။ ဆရာတော် ဦးအာဒိစ္စန္ဒာအတူ ဦးပဏ္ဍဝါဇမ္မူထိန်လင်း ဆရာတော် ဦးနန္ဒိယ သုံးပါး ဦးဆောင်၍ မြို့လယ်ကျောင်းတောင်ဘက် ရွှေလင်းလွန်းဘုရားအနီးရှိ မြေကွက်လပ်ကြီးတွင်ဗုဒ္ဓဘာသာသာသနာပြု ကျောင်းကို တည်ထောင်တော်မူသည်။

ကျောင်းတကာ အင်္ဂလိပ်တော် ဦးဖိုးခင် ကျောင်းတကာ တကာဉာဏ်တို့ ရုံပုံငဲ့ရှာသည်။ ကျောင်းတည်ထောင်ပြီးနောက် မိစ္ဆာဒိဋ္ဌိ၏ အဖြစ်များကို ဖော်ထုတ်ထားသော "မဟာသာဝဇ္ဇဒီပနီ" ဟူသော စာအုပ်ကို ထုတ်ဝေခဲ့သည်။ အတန်ကြာသော် ဇမ္ဗူထိုလင်းဆရာတော် ဦးနန္ဒိယမှာ မန္တလေးသို့ ပြန်ကြွ၍ ဦးပဏ္ဍဝမှာ တော်ကြီးသို့ ကွဲသောကြောင့် ဗုဒ္ဓဘာသာ သာသနာပြုကျောင်းကို ဆရာတော် ဦးအာဒိစ္စကိုယ်တိုင်အုပ်ချုပ်ရန် တာဝန်ယူခဲ့သည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင် မိဘများ၏ ကလေးများ ဗုဒ္ဓဘာသာကျောင်းမှာနေခွင့်ရ၍ ခရစ်ယန်အဖြစ် ရပ်တန့်သွားခဲ့ပေသည်။ ယခုလက်ရှိ ဗုဒ္ဓဘာသာဝင် ဒေသများသည် ဆရာတော်၏ ကျေးဇူးကြီးကြခေ။

အလယ်တန်းပညာထိ သင်ကြားခဲ့သောကြောင့် ဗုဒ္ဓဘာသာသာသနာပြုကျောင်းဘွဲ့ အကျိုးဖြစ်ထွန်းလှသည်။ ၁၉၆၂-ခု၊ မတ်လ ၂-ရက်နေ့တွင် ကော်လှန်ရေးကောင်စီဟောပြောနောက် စာသင်ကျောင်းများ ပြည်သူပိုင်သိမ်းရာ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းသည် ဘာသာရေးမြေဖြစ်၍ သိမ်းပိုက်ခွင့်မရှိ။ သို့သော် ကျောင်းဖွင့်ခွင့်မရှိ၍ ကျောင်းနှင့်မြေကို အစိုးရသို့ အခကြေးငွေဖြင့် ငှားရမ်းခဲ့သည်။

ထို့နောက် သာသနာပြုကျောင်း၏ အရှေ့တောင်ဘက်တွင် အစိုးရကျောင်းပြောင်းဖွင့်သဖြင့် ကျောင်းမှာ အားလပ်နေရာ ကျူရှင်ပြလိုသူတို့အား ငှါးရမ်းသည်။ ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးသို့ ငှားရမ်းသည်။ ကျူရှင်များ မရှိသောအခါတွင် မြို့လယ်ကျောင်း ဆရာတော် ဦးဇာ

နေယျနှင့် စာရေးကြီး ဦးသန့် စာရေး ဦးမြင့် ဦးစိန်ထွန်းတို့က သာသနာပြု ကျောင်းသည် မြို့လယ်ကျောင်းပိုင် ဖြစ်သင့်ကြောင်း တရားမမှုဖြင့် တရားစွဲသည်။

ဆရာတော် ဦးအာဒိစ္စက ဗုဒ္ဓဘာသာ သာသနာပြုကျောင်းကို သာသနာအဓွန့်ရှည်ပါစေဟူသော ဧဃတနာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ၎င်း၏ ကျောင်းဖြစ်ကြောင်း ကျမ်းကျိန်သစ္စာဆိုသည်။

ကလောတရားရုံးမှ ကျောင်းအဆောက်အဦသည် ဦးအာဒိစ္စပိုင်ဖြစ်၍ မြေသည် မြို့လယ်ကျောင်းပိုင်ဟု ဆုံးဖြတ်သည်။ မြေသည် မြို့လယ်ကျောင်းနှင့် နီးစပ်၍ဟု အကြောင်းပြသည်။

မြို့လယ်ကျောင်းနှင့် ဗုဒ္ဓဘာသာ သာသနာပြုကျောင်း အလယ်တွင် အများပြည်သူသုံး မော်တော်ကားလမ်းရှိသည်ကို သတိပြုကြချေ။ထို့ကြောင့် ဦးအာဒိစ္စက တောင်ကြီးအရေးပိုင်ရုံးသို့ တင်ရာ ကျောင်းရောမြေပါ ဦးအာဒိစ္စပိုင်ဖြစ်ကြောင်း အမိန့်ချသည်။

မြို့လယ်ကျောင်းဆရာတော်က မန္တလေးဗဟိုတရားရုံး (ဟိုက်ကုတ်)သို့ အယူခံတင်သော်လည်း ယခင်တရားစွဲသူ ဦးစိန်ထွန်းမှာလည်း ကွယ်လွန်ပြီ ဖြစ်သည့်ပြင် ဦးမြင့်မှာလဲ စက္ကရီတရီ (အတွင်းရေးမှူး ဂဂါပကာ) မဟုတ်တော့သဖြင့် တရားရုံးမှ တောင်ကြီးအမိန့်ကို အတည်ဖြစ်စေခဲ့သည်။

သို့ရာတွင် ၎င်းမြေကို ခြံခတ်သောအခါ မြို့လယ်ကျောင်းမှ တားမြစ်သဖြင့် တရားရုံးမှ ဆုံးဖြတ်ပြီးပါလျက် ဆရာတော် ဦးအာဒိစ္စက သည်းခံ၍ ဝင်းမခတ်ပဲ နေသည်။ ဤကိစ္စမှာ ဤတွင် ရပ်နေခဲ့သည်။

ဆရာတော်သည် ဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံသို့ သွားလိုစိတ် ပြင်းထန်လှသည်။ သွားရောက်ရန်ကိစ္စလည်း ပေါ်ပေါက်လာသည်။အကြောင်းမှာ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာ သာမဂ္ဂီအဖွဲ့ဖွဲ့ရန် သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့တွင် စည်းဝေးမည့်ကိစ္စ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ရှမ်းပြည်ဆိုင်ရာ သံဃာ ကိုယ်စားလှယ် အဖြစ်ရင်း၊ အစည်းအဝေးသို့ တက်ရောက်ရန် ကန်ဦးဆရာတော် ဦးမေမိယ အမှူးပြုသော သံဃာထုက တိုက်တွန်းသောကြောင့် သီဟိုဠ်၊ အိန္ဒိယတခွင် ရောက်ခဲ့လေသည်။

သတ္တဋ္ဌာန နေရာများ ဂယာတွင်ရင်း၊ ရာဇဂြိဟ်ဘွင်ရင်း၊ ပါဠလိပုတ်တွင်ရင်း စိတ်ကူးမရှိပါပဲလျက် ပါဠိတော်များကို ရွတ်ဆို၍ မဆုံးအောင်ရှိသည်။ ဗာရာဏသီ၊ ကုဏ်သိန္နာရုံ၊ သာဝတ္ထိ စသည်ဖြင့် လှည့်လည် ဘုရားဖူးရာ ဆွမ်းစားရသည် မရှိလှချေ။ များစွာပင်ပန်းလှချေ၏။ ထို့ကြောင့် "ငါ့တိုင်းသူ

တိုင်းသားမျာ့ဒေါကဲ့သို့ မပင်ပန်းပဲ ဘုရားဖူးနိုင်ပါစေ"ဟူသော စေတနာဖြင့် မဟာဗောဓိ စေတီများကို တည်ခဲ့သည်။

ဝမ်းတွင်းသိမ်တောင်တွင်တဆူ၊ ကလောသိမ်တောင်တွင် တဆူ၊ အင်းမကြီးတွင် တဆူစသည်ဖြင့် ဗုဒ္ဓဘာသာစေတီတော်များ တဲ့ည်ထားသည်။

ဆဋ္ဌသံဂါယနာတွင်လည်း ရှမ်းပြည်နယ် ကိုယ်စားလှယ် အဖြစ် တက်ရောက်ခဲ့သည်။ (သိင်္ဂီတိကာရက)

သိမ်တောင်ဂိုဏ်း စတုတ္ထနာယကဆရာတော် (ညောင်းရမ်း မြို့တောင်ကျောင်း ဆရာတော်) ဦးပဏ္ဍိစ္စ ပံ့လှုန်သောအခါ ကိုးနဝင်း သိမ်တောင် (သဲတော) ဆရာတော် အမှူးပြုသော သံဃာထုက ကလော ဆရာတော် ဦးအာဒိစ္စအား နာယကချုပ် တင်မြောက်ကြသည်။ ဝါကြီးသည့် ဦးဇဝန (ဆည်ကြီးဆရာတော်) တို့ရှိစုံ နာယက မလုပ်လိုကြောင်း ငြင်းပယ် သော်လည်း ၎င်းဆရာတော်ကြီး နှစ်ပါးကို သြဝါဒါစရိယ အဖြစ်တင်၍ ဦးအာဒိစ္စအား မဟာနာယကအဖြစ် တင်ကြသည်။ သို့သော် ထေရ်ကြီးနှစ်ဦး မရှိသောအခါမှ သိမ်တောင် ဂိုဏ်းလုံးဆိုင်ရာ မဟာနာယကချုပ် အဖြစ် တင်မြောက်သည်ကို လက်ခံတော်မူသည်။ အတုယူဘွယ် ဂုဏ်ယူဘွယ်ပေတကား။

ဤသို့လျှင် ဆရာတော်ဘုရားသည် ကျောင်းသားအရွယ် ငယ်စဉ်မှစ၍ ဘုရားဟော ပိဋကတ်တော်များကို တတ်မြောက်အောင် ဆရာတော် ဘုရား အသီးသီးထံ၌ နည်းခံသင်ယူခဲ့ပေသည်။ မိမိတတ်မြောက်သောအခါ သာသနာအမှန်ရှည်ကြာ တည်ပါစေဟု နှလုံးပြု၍ တပါးသော ဦးပဉ္စင်းကိုရင်တို့အား အထပ်ထပ်အခါခါ ပိဋကတော်များကို ပို့ချသင်ပြပေးတော်မူသည်။ ပါဠိတော် အဋ္ဌကထာ ဋီကာလာသည့်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ပဋိပတ်ကျင့်စဉ် ကျင့်မြတ် တရားကောင်း တို့ကိုလည်း ခုတင် ၁၃-ပါး ဆောင်လျက် တော အဆက်ဆက် တောင်အဆွေထွေရဂုံဘွဲ့ မြို့ဝင်အတွင်းမှာ တရားကျင့်ခြင်းဖြင့် ကိုယ့်ကိုယ်ကို သာသနာပြုခဲ့ပေသည်။ ကလောမြို့အတွင်းဝယ် ဗုဒ္ဓဘာသာ သာသနာပြုကျောင်း တည်ထောင်ဖွဲ့လုပ်ကာ ဗုဒ္ဓသာသနာတော် ထွန်းကားရေးကို ဆောင်ရွက်ခဲ့ပေသည်။ယနေ့တိုင် အစိုးရပထမပြန်စာမေးပွဲ ဒုတိယစာမေးပွဲ စာဖြေသံဃာများအား ထောက်ပံ့လှူဒါန်း၍ သာသနာပြုလျက်ရှိပေသည်။ ဆရာတော်ဘုရားနှင့်ပတ်သက်၍ အထူးကြည်ညိုဖွယ်ကောင်းသောအချက်ကား ဆရာတော်သည် နေ့စဉ်ဝတ်ထားပြီး အောက်ပါ ပါဠိတော်စသည့် တရားများကို ရွတ်ဆိုပွားများခြင်းဖြင့် အချိန်ကုန်စေပါသည်။

ကလောဆရာတော်ဘုရား၏ကုသိုလ် အာစိဏ္ဏကံ ဝတ်ရွတ်စဉ်

၁။ နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်၊ (လယ်တီဆရာတော်)
၂။ နမောတဿ ဒသဌာန ဘုရားရှိခိုး၊
၃။ ဘုရား ဂုဏ်တော်ဖွင့်
၄။ တရား ဂုဏ်တော်ဖွင့်
၅။ သံဃာ့ ဂုဏ်တော်ဖွင့်
} မန္တလေး ဘုံကျော်တိုက် စာချု ဆရာတော် ဆရာတော် ဦးသောဘိတ။
၆။ ဓမ္မစက္ကပဝတ္တနသုတ်၊
၇။ အနတ္တလက္ခဏသုတ်၊
၈။ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်၊
၉။ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ၊
၁၀။ အဘိဏှသုတ်၊
၁၁။ သတ္တာသူရိယသုတ်၊
၁၂။ ဆ ဆက္ကသုတ်၊
၁၃။ ပဓာနသုတ်၊
၁၄။ ဘိက္ခုပါတိမောက်၊
၁၅။ မဟာသတိပဋ္ဌာနသုတ်၊
၁၆။ ပရိတ်ကြီး ၁၁-သုတ်။

ပဌမသိမ်တောင် ဆရာတော်ကြီး တရားအားထုတ်သွားခဲ့သည့် အင်းမကြီး တောရကျောင်း၌ ယခု ပဉ္စမသိမ်ဖြစ်တော်မူရာ ဂိုဏ်းလုံးဆိုင်ရာ နာယကချုပ် ကလောဆရာတော် တည်ထားသည့် မဟာဖုဒ္ဓဓါယာ ဘုရားပွဲကို ၁၃၃၉-ခုနှစ် ပြာသိုလပြည့်နေ့က ကျင်းပခဲ့သည်။ နှစ်စဉ်လည်းကျင်းပသည်။ ထိုဘုရားပွဲသို့ မိမိရောက်ရှိ ကြည်ညိုခဲ့စဉ် ကံသမ်ဓါတုမှ ဦးရွှေများ (ဦးထွန်းဦး) က ရေးစပ်၍ လူငယ်အဖွဲ့မှ အိုးစည် ဒိုးပတ်များဖြင့် သီဆို ပူဇော်နေသည်ကို အောက်ပါအတိုင်း ကြားခဲ့ရပါသည်။

သံချပ်ကဗျာများ

အတိုင် **အဖောက်**

၁။ အနန္တငါးပါး ဦးထိပ်တင်— ကန် တော့ ပန်း ဆင်ကာ စကြပါစို့။

၂။ ရွှေသစ်မောင်တို့ သံချပ်ထွင်— မှတ်တမ်းတင်တာ မျှားလှုပါပေါ့။

၃။ တိုက်အင်းမကြီး ဗောဓိဂယာ— ဆုမ်းတော်တင်တာ (၁၁) ကြိမ်မြောက်ပေါ့။

၄။ ကုသိုလ်ရေးနဲ့ အမျှားအကျိုးဆောင်— ကလောသိမ်တောင် ဆရာတော်ဘုရား။

၅။ ကျေးဇူးကြီးတဲ့ ဒိုဆရာတော်— အသက် ရာကျော် ရှည်ပါစေသား။

၆။ အင်းမကြီးတိုက် စည်ကားရန်— ဆရာတော် အကြံ ပိုင်ပါ့ဘုရား။

၇။ သူတော်ကောင်းများ နေဘိုရာ— ကမ္မဋ္ဌာန်းရိပ်သာ ဖွင့်ခဲ့တာဘဲ။

၈။ နောင်လာ နောက်သား ကုသိုလ်ပင်— အမြဲ ထာဝစဉ် စိုက်တဲ့ရပ်ဘဲ။

၉။ ကျောင်းကန်ဘုရား လမ်းပြုပြင်— ဇုဋ္ဌ လမ်းစဉ် ဆရာတော် အလုပ်။

၁၀။ ဒါယကာ ဒါယိကာမ များအပေါ်— သနား ကရုဏာ တော် များတာအဟုတ်။

၁၁။ ဘုရားပွဲတော်ကြီး စည်ကားတာ— ဆရာတော် မေတ္တာ (၉) ရှာကောင်းဘို့။

၁၂။ အတုယူလို့ မှတ်တမ်းတင်— ဂေဇက် ဝင်အောင် ကြိုးစားပါစို့။

၁၃။ (၉) ရှာသူကြီး အားထုတ်ကာ— ဆရာဒကာညီညွတ်ပါပေ့။

၁၄။ ကုသိုလ်ရှင်တွေ တိုးလို့လာ— ဘယ်နေရာမှ မလပ် စုံစေ့။

၁၅။ ဒီနှစ်တော့ဖြင့် နာမည်မဖေဘ်— ရှင်းတမ်း ပေါ်မှာ သိကြပါလိမ့်။

၁၆။ ဂုဏ်ပကာသန မလိုချင်— ဆရာတော်လမ်းစဉ်အမျှားအသိ။

၁၇။ ကိုယ်ကျိုးအတွက် မငဲ့ညှာ— အ မျှား ချမ်း သာ ဆရာတော်ဆန္ဒ။

၁၈။ လာဘ်လာဘကို မမျော်မြင်— အာရာရာ တွင် မျက် နှာ မလိုက်။


၁၉။ အများကြိုက်လို စိတ်ချမ်းသာ— ဆရာတော် ဟာ ခွင့်ပြု အမြဲ။

၂၀။ လာလာသမျှ မိတ်သဟာဆွေ— ကုစ္ဆာသရေ ပြည့်ဘို့မလွဲ။

၂၁။ နှစ်တိုင်းမပျက် ဒီနေရာ— တော့ဆုံဘို့သာ ဆုတောင်း ပါစို့။

၂၂။ ဒီနှစ်တော့ဖြင့် အောင်ပြန်ပြီ— ရှေနှစ်ညီညီ ကြိုးစားပါစို့။

၂၃။ လှူဒါန်းကြတဲ့ ကုသိုလ်တွေ— အမျှဝေကာသာဓု သာဓု။



ကလောသိမ်တောင်ကျောင်းတိုက် မဟာဗောဓိဖေတော်တော်

၁၃၂၂-ခုနှစ်၊ ကလောမြို့ သိမ်တောင်ဆရာတော် ဦးဇာဒိစ္စ သီဟိုဠ်နှင့် အိန္ဒိယသွား မှတ်တမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒေသော အဟံ ဝိစရိဿာမိ၊ ဂါမာဂဂါမံ ပုရာပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿဿ စ သုဓမ္မတံ။

(ယက္ခသံယုတ်-၁၁၇-နှာ။)

ဒေသော အဟံ၊ ထိုငါသည်။ ဂါမာဂဂါမံ၊ ဘရွာမှ ဘရွာသို့ဂုဏ်။ ပုရာပုရံ၊ တမြို့မှတမြို့သို့ဂုဏ်း။ "သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓါ-ပတာ၊ မဖောက်မပြန်၊ ကိုယ်တော်တိုင် အလုံးစုံသော တရားကို ဘိုး သိတော်မူပေစွတကား"။ ကွတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ သမ္မုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝါ၊ ဘုရားသခင်၏ ဂုဏ်တော်အပေါင်းကို။ အဘိတ္ထဝိတွာ၊ ချီးကျူး၍။

"ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားအပ်ပါ၏ပေစွတကား"။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဓမ္မဿ၊ တရားတော်၏။ သုဓမ္မတာ၌၊ ကောင်းသော တရားတော်၏ အဖြစ်ကိုလည်း။ အဘိပ္ပဍဝိတွာ၊ ချီးကျူး၍။ "ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၀တာ၊ ကောင်းစွာကျင့်တော်မူပါပေစွတကား"။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ သံဃဿ၊ သံဃာတော်၏။ သုပ္ပဋိပတ္တိ၌၊ ကောင်းသောအကျင့်ဂုဏ်တော်ကိုလည်း။အဘိဏ္ဍဝိတွာ၊ ချီးကျူး၍။ နမဿမာနော၊ ရှိခိုးလျက်။ ဝိစရိဿာမိ၊ လှည့်လှည့်ပေအံ့။

ဥက္ကဋ္ဌ ဒီ၊အက်၊ဆေးနာ နာယကီနှင့် စက္ကရီတေရီ ဒေါက်တာ မာလာဆေကရတို့ ပင့်လျှောက်ချက်အရ သီဟိုဠ်ကျန်း ကိုလံဘိုမြို့၌ ၁၉၅၀-ခုနှစ်၊ မေလ ၂၆-ရက်မှ ဇွန်လ ၇-ရက်နေ့အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးသို့ ကလောမြို့ သိမ်တောင်ဆရာတော် ဦးအာဒိစ္စကြွတော်မူပါလိမ့်မည်။ ဤသို့ ရေဒီယိုများ၊ သတင်းစာများ၌ အနှံ့အပြား ပါလာပါသည်။

ထိုသတင်းကို ဆရာတော်သည် ၁၉၁၂-ခုနှစ်၊ ကဆုန်လဆုတ် ၁၅-ရက် လက္ခယ်နေ့မှာ တွေ့မိသိရှိရသဖြင့် အတွင်းရေးမှူး ဦးဘဆင်ကို ခေါ်၍ ပြောကြားအမိန့်ရှိပါသည်။ ဆရာတော်ဘုရား သီဟိုဠ်ကျန်းသို့ ရက်မှီရောက်နိုင်ရန် လွန်စွာရက်နီးလှလေသောကြောင့် အတွင်းရေးမှူး ဦးဘဆင်က နယုန်လဆုတ် ၁-ရက်နေ့တွင် အလျင်အမြန် အစည်းအဝေးခေါ်ကာ အောက်ပါအတိုင်း စီစဉ်ကြပါသည်။ တောင်ကြီးမြို့ ကန်ဦးကျောင်းတိုက် ဆရာတော် ဦးမေဓိယထံမှလည်း အောက်ပါလျှောက်လွှာ ရောက်လာပါသည်။

၁၉၁၂-ခုနှစ်၊ ကဆုန်လဆုတ် ၁၄-ရက် ကျေးဇူးရှင် ဆရာတော် ဘုရားထံသို့—

သိမ်တောင်ကျောင်းတိုက်
ကလောမြို့

အကြောင်းအရာ။ ။သီဟိုဠ်ကွန်ရေးကိစ္စပါဘုရား။

ကုန်ကျစရိတ်စကမှတပါး ကြွရန်အတွက် အားလုံး စီစဉ်ထားပြီးဖြစ်၍ နယုန်လဆုတ် (၂)ရက်နေ့ နံနက်စောစော စရိတ်ငွေ (၁၅၀ဝိ) တထောင့် ငါးရာထက်မနည်း အိပ်ရာလိပ်အပြည့်အစုံနှင့် ဟဲဟိုးမြို့ ဘီစီညွှန့်သို့ ကြွပါဘုရား။

ဂရုဏာရဝဖြင့်မှစိုရွှမ်မြဲဖြင့်
တပည့် မေမ်ယ။

ဖိတ်ကြားစာ

သီဟိုဠ်ကျွန်း ကိုလံဘိုမြို့၌ ၁၉၅၀ ခုနှစ်၊ မေလ ၂၆-ရက်၊ ဗွန်လ ၇-ရက်နေ့အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးသို့ နာယက ဆရာတော်ဘုရား ကြွရောက်တော်မူပါရန်အတွက် စီစဉ်ဆုံးဖြတ်ရန် ၁၃၁၂ ခုနှစ်၊ နယုန်လဆန်း (၁)ရက် ၄-နာရီ အချိန်တွင် ကလောမြို့ သိမ်တောင်ကျောင်းတိုက် သုဓမ္မာဘိုက်ကျောင်းတော်ကြီးသို့ ကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဖိတ်ကြားသူများ

ဦးသောင်းဖေ
ဥက္ကဋ္ဌ

ဦးဘဆင်
အတွင်းရေးမှူး

အစည်းအဝေးသို့ ကြွရောက်သည့် လူကြီးမင်းများ

(၁) တိုက်ပိုင်ကြီး မစ္စတာ စီဒါနိုးထရား၊
(၂) ဝန်ထောက်မင်း ဦးသောင်းဖေ၊
(၃) စာရေးကြီး ဦးဘသက်၊
(၄) ဆေးဆရာကြီး ဦးသုံ၊
(၅) ဦးပြုင်၊
(၆) ဦးသာယာ၊
(၇) ဦးပုံ၊
(၈) ပဉ္စင်းအမကြီး ဒေါဖွား၊
(၉) ပဉ္စင်းအမေ ဒေါအုပ်၊
(၁၀) ပဉ္စင်းအမေ ဒေါလှ၊
(၁၁) ကျောင်းအမကြီး ဒေါကောင်း၊
(၁၂) ပဉ္စင်းအမေ အောမ်း ဒေါရုပ်
(၁၃) ဒေါတင်နု၊
(၁၄) ဆရာဝန် ကတော် ဒေါမြပိုး၊
(၁၅) ဆရာဝန်ကတော် ဒေါမေတင်၊
(၁၆) လမ်းဝန်ထောက်ကတော် ဒေါခင်ကြည်၊
(၁၇) လမ်းဝန်ထောက် မစ္စတာ ဘာဂူဝါး၊
(၁၈) လမ်းဝန်ထောက် မစ္စတာ မာတင်၊
(၁၉) စကြာရီဗေဒရီ ဦးကျော်ဇော၊
(၂၀) စာရေးကြီး ဦးကျော်စံ၊

(၂၁) ပါလီမန်အဖတ် ဦးသန်းမောင်၊
(၂၂) ဦးမောင်ကို၊
(၂၃) တရားသူကြီး ဦးပဏ္ဍုဝ်၊
(၂၄) သူကြီး ဦးထွန်းရင်၊
(၂၅) ဝန်ကြီးဟောင်း ဦးဘရင်(ဘီ-အေ)
(၂၆) ဦးဝေ၊
(၂၇) ဦးရန်စိန်၊
(၂၈) ပဉ္စင်းအမေ ဒေါတင်၊
(၂၉) ဒေါအယ်၊
(၃၀) ဒေါဒေါသုံ (မစ္စဟာပေါ၏အစ်မ)၊
(၃၁) စာရေးကြီး ဦးမောင်မောင်၊

အစည်းအဝေးဦး ပညာရေး ဝန်ကြီးဟောင်း မိုဂျိုလာ ဦးဘရင်အား ချယ်ရာမင်တပ်မြောက်၍ နယ်ပိုင်ရုံးစာရေးကြီးချုပ် ဦးမောင်မောင်က စက္ကရီတေရီ အဖြစ် ဆောင်ရွက်ပါသည်။

အစည်းအဝေးဥက္ကဋ္ဌ ချယ်ရာမင် ဦးဘရင်က အနည်းဆုံးငွေ(၁၀၀၀) တထောင် ကျိုအစည်းအဝေးဦ့ လှုဒါန်းလိုကြောင်း၊ ၎င်းထက် ပိုလှူကြပါက သာ၍ပင် ကောင်းပါကြောင်း၊ ဆရာတော်ဘုရား နိုင်ငံခြားသို့ ရောက်ပြီး နောက်ထပ် ငွေလို၍ အကြောင်းကြားလိုက်ပါလျှင် ငွေတင်ပို့မည် ဖြစ်ပါ ကြောင်း၊ ဆရာတော်ဘုရား အလျင်အမြန် ကျိ နိုင်ငံသို့ ပြန်မကြွပဲ ဒေသန္တရ စသော ဗဟုသုတများ တိုးပွားလေအောင် နိုင်ငံအနှံအပြား ကွစေလိုကြောင်း များကို အဆိုတင်သွင်း လျှောက်ထားလေရာ အားလုံးတို့က သဘောတူကြပါ သည်။

စရိတ်အလှူတော်ငွေ ပါဝင်ကြသော ကုသိုလ်ရှင်များ စာရင်း

(၁)	တိုက်ပိုင်ကြီး မစ္စတာစီဒါန်ထရာ	၁၀၀	ကျပ်
(၂)	လမ်းဝန်ထောက် မစ္စဟာဘာဂူးဝါး	၁၀၀	″
(၃)	ပညာရေးဝန်ကြီးဟောင်း ဦးဘရင်(ဘီ-ဒေအ)	၁၀၀	″
(၄)	ပဲစား ကိုအေးကြည်+မမြင့်မြင့်	၁၀၀	″
(၅)	ကျောင်းအမကြီး ဒေါဖွား	၅၀	″
(၆)	ပဉ္စင်းအမေ အောဝမ်း ဒေါရင်	၅၀	″
(၇)	အောဝမ်းအလုပ်သမားများအဖွဲ့	၅၀	″
(၈)	တရားဝန်ကြီးဟောင်း ဆာမြဘူး	၃၀	″

(၉)	ကျောင်းအမကြီး ဒေါ်ကြောင်း	၃၀	ကျပ်
(၁၀)	ဦးဘလွန်+ဒေါ်တင်နု	၂၅	။
(၁၁)	လမ်းဝန်ထောက်ကြီး မစ္စတာမာတင်	၂၀	။
(၁၂)	ပန်းထိမ်ဆရာ ဦးသောင်း+ဒေါ်စောမြ	၂၀	။
(၁၃)	ရဟန်းဒါယိကာမကြီး ဒေါ်စောလုံ	၂၀	။
(၁၄)	နယ်ပိုင် ဝန်ထောက်မင်း ဦးသောင်းဖေ	၂၀	။
(၁၅)	ရဟန်းဒါယကာ ဦးပု (ဘီ-အော) + ဒေါ်လှ	၂၀	။
(၁၆)	ပုလိပ်မင်းကြီးကတော် ဒေါ်ခင်ခင်ကြီး	၂၀	။
(၁၇)	ပင်မိုသခင်မ ဒေါ်ခင်ခင်ကြီး	၁၀	။
(၁၈)	သူကြီး ဦးထွန်းရင်	၁၀	။
(၁၉)	ရဟန်းဒါယိကာမ ဒေါ်တင်	၁၀	။
(၂၀)	ဆရာဝန်ကတော် မစ္စပေါ	၁၀	။
(၂၁)	ဒေါ်ဒေါသုံ (မစ္စပေါ၏အစ်မ)	၁၀	။
(၂၂)	လမ်းပို့လ်ကတော် ဒေါ်ခင်ကြည်	၁၀	။
(၂၃)	စက္ကရီတေရီ ဦးကျော်စော	၁၀	။
(၂၄)	ဆရာဝန်ကတော် ဒေါ်တင်မေ	၁၀	။
(၂၅)	စာရေးကြီး ဦးမောင်မောင်	၁၀	။
(၂၆)	ရဟန်းဒါယကာ ကိုချိန်+မသေး	၁၀	။
(၂၇)	ရဟန်းဒါယိကာမ ဒေါ်အုပ်	၁၀	။
(၂၈)	စာရေးကြီး ဦးမောင်ငယ်	၁၀	။
(၂၉)	ကျောင်းအမကြီး ဒေါ်အေးလုံ	၅	။
(၃၀)	ကိုကြင်မောင်+မကျင်မြ	၅	။
(၃၁)	ပန်းထိမ်ဆရာ ဦးသက်ထွန်း	၅	။
(၃၂)	ဆရာကြီး ဦးပဏ္ဍ၀	၅	။
(၃၃)	ပထမပြန်ရုံပုံငွေမှ	၆၀၀	။
		၁၄၉၅	ကျပ်

ကလောမှ ဟဲဟိုးလေဆိပ်သို့

ဤသို့ လူဒါန်းစာရင်းပေးကြ၍ နယုန်လဆန်း ၂-ရက်၊ နံနက် ၇-နာရီ အချိန် ဘီ-အို-စီ ပထရိုလ်ရုံ၌ ဆရာတော်အား လိုက်ပို့ ကန်တော့ရန် ဆုံးဖြတ်ကြပြီးလျှင် ညနေ ၆-နာရီအချိန်တွင် အစည်းအဝေးရုပ်သိမ်းလိုက်ပါသည်။

မှတ်ချက် ။တနာရီအချိန်ခန့်တွင် ချက်ချင်းဆိုသလို သီဟိုဠ်သို့ ကြွနိုင်ရန် စီမံဆောင်ရွက်ကြခြင်းသည် များစွာ ကျေနပ်ဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။

နယုန်လဆန်း ၂-ရက်နေ့ နံနက် ၇-နာရီအချိန်တွင် ကားဆရာ ဦးဟိန်နှင့် ဝန်ထောက်မင်း ဦးသောင်းဖေသည် သိမ်တောင်ကျောင်းတိုက် ဆရာတော်ထံ မှောက်သို့ မော်တော်ကားနှင့် လာရောက်၍ ကြွရန် အချိန်ရောက်ပြီဖြစ်ကြောင်း လျှောက်ထားလေသဖြင့် အိပ်ရာလိပ်၊ သားရေသေတ္တာ၊ ဆေးဝါးစသော ခရီးသွားကိရိယာများ ကားပေါ် သို့ တင်စေကာ လွယ်အိတ်ကို လွယ်၍ ကားပေါ် သို့တက်ပြီး ထွက်တော့မည်ရှိလေသည်တွင် ဆရာတော်၏ ကျောင်းတိုက်မှာ ဝိပဿနာတရားပွဲများအား ထုတ်နေကြသည့် ယောဂီပုဂ္ဂိုလ် ထိုထို အပေါင်း သူတော်ကောင်းတို့က အလျင်အမြန် လာရောက်ကန်တော့ကြလေပြန်သောကြောင့် ယခု ဆရာတော်ကြွရမည်မှာ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးနှင့် ကမ္ဘာလုံးပြိုးချမ်းရေးများဆွေးနွေးဆောင်ရွက်ရန် ဖြစ်လေသောကြောင့် လွန်စွာအရေးကြီးကြောင်း၊ လွန်စွာအကျိုးများကြောင်း၊ ၎င်းအပြင် ဘုရားသခင်ပွင့်တော်မူရာ၊ သီတင်းသုံးတော်မူရာ၊ တရားရအောင်အပြိုက်ဆေးကို တိုက်ကျွေးတော်မူရာ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူရာ၊ မဟာမင်္ဂလဒေသများနှင့် မြတ်စွာဘုရား သာသနာတော် လွန်စွာ ထွန်းကားတော်မူခဲ့သော သီဟိုဠ်ကျွန်းသို့ ကြွရောက်ဖူးမြော်လိုသောဆန္ဒ ရှေးမဆွကပင် အစဉ်သဖြင့်ရှိနေလေရာ ယခုအခါ တချက်ခုတ် နှစ်ချက်ပြတ်ဆိုသကို အလိုဆန္ဒပြည့်ဝတော့မည် ဖြစ်လေသောကြောင့် ဆရာတော်မှာ များစွာဝမ်းမြောက်ဝမ်းသာရှိကြောင်း၊ ဆရာတော်၏ ကုသိုလ်အဖို့ကို တပည့်များအား ဝေငှ့မည် ဖြစ်ကြောင်း၊ တပည့်အပေါင်းတို့ အားထုတ် ပွားများဆဲဖြစ်သည့် ဝိပဿနာအလုပ်ကိုလည်း ဆရာတော်မရှိသောကြောင့် အားလျှော့ကာ နောက်မဆုတ်ကြပဲ စွဲစွဲမြဲမြဲ အားထုတ်ကြစေလိုကြောင်းများကို မော်တော်ကားပေါ်မှ အကျဉ်းချုပ်ဆုံးမတိုက်တွန်းခဲ့ပြီးလျှင် ကားကို မောင်းနှင်ခဲ့ပါသည်။

အစည်းအဝေးဆုံးဖြတ်ထားသည့် ဘီ-အို-စီ ပထရိုလ်ရုံအနီး စာရေးကြီး ဦးမောင်ငယ်-ဒေါ်ချစ်တို့၏ အိမ်ရှေ့တွင် အစည်းအဝေးပါ မြို့ရှာ၏ မျက်နှာဖုံးအားလုံးသော လူကြီးများနှင့် ဆရာတော်၏ တပည့် ဒုါယကာ ဒါယိကာများ အပေါင်းတို့သည် သောင်းသောင်းဖြဖြ တိုဆိုကြ၍ နှုတ်ခွန်း

များဆက်ခြင်း၊မှာကြားလျှောက်ထားကြခြင်း၊ စရိတ်စကလှူဒါန်းခြင်းစသည် များကို သူ့ထက်ငါ အသီးအသီးထက်သန်စွာနှင့် ပြုကြပြီးလျှင် ဆရာတော် အား ကားပေါ်မှ ကြွဆင်း၍ ခင်းကျင်းထားသည့် တရားပလ္လင်(၀၊)ကုလား ထိုင်သို့ ပင့်ဆောင်ကြကာ ညီညာဖြဖြ ကန်မတော့ကြပါသည်။

ဆရာတော်ဘုရားက ရတနာသုံးပါးနှင့်တကွ ဆရာသမားတို့အား ရှိခိုး ပူဇော်ဖူးမြော်မာန်လျှော့ကန်ဇတော့ကြရသည့် ဂရုဂါရဝ အပစာယန ကုသိုလ် ကံစေတနာ အဖြာဖြာ အဖုံဖုံ အလုံးစုံတို့ကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာ အရပ်ရပ်တို့နှင့် မပြတ်မလပ် အထပ်ထပ် ပြည့်စုံပါစေကြောင်း ကောင်းမြတ် သော ဆုပတ္ထနာများကို ရွတ်ဆို ပေးအပ်တော်မူကြပြီးလျှင် နှုတ်ခွန်းများဆက် ၍ ထွက်ကြွတော်မူမည့်အကြောင်း အမိန့်တော်ရှိသောအခါ ပရိသတ်တို့မှာ ဝမ်းသာရတော့မှာလို ဝမ်းနည်းရတော့မှာလို ပြုံးချိုတဲ့ မျက်နှာများမှာ ဝမ်း နည်းသည့်အမူအရာများ ပေါ်နေကြကာ(တော်တော်နဲ့ ပြန်မကြွခဲ့ပါနဲ့ဘုရား၊ ခပ်မြန်မြန်ပြန်လာပါ) သူတမျိုး ငါတဖုံ စိုင်းအုံကာ လျှောက်ထားမှာကြား ၍ နေကြလေရာ ကြက္ခံစရာ များစွာ ကောင်းနေပါတော့သည်။

ဆရာတော်မှာလည်း သေမကွဲ ရှင်မကွာ အတူတကွနေထိုင်လာကြသည့် ချစ်ခင်ရင်းနှီးလှစွာသော တပည့် ဒါယကာ ဒါယိကာမများနှင့် ခွဲခွါပြီး ဝေး လှစွာသည့် နိုင်ငံခြားခရီးသို့ တဦးတည်း သွားရမည်ဖြစ်လေသောကြောင့် ပရိသတ်များ၏ ကြက္ခံစရာ အမူအရာ အရှိန် အဝေ့တို့သည် ဆရာတော်၏ နှလုံးအိမ်ကို ငြိမ်ငြိမ် မနေနိုင်အောင် ဝင်ခွေ့လေတော့သည်။ ဝန်ထောက် မင်းများလည်း ပြက်ရယ် ကြည်ဆယ်သော အနေဖြင့် ဝမ်းသာလှသည့်အတွက် ကျွန်တော်လည်း သိဟိုဠ်သွားလိုက်ပါဦးမည်ဟု နှုတ်ခွန်းများဆက်ကာ ကား ကို မောင်းထွက်ခဲ့ပါတော့သည်။ အောင်ပန်းမြို့ရောက်သောအခါ မိုးကောင်း ကျောင်း ဆရာတော်ကို ခေါ်ဆိုနှုတ်ဆက်ခဲ့၍ ဆက်လက်ပြီးထွက်ခဲ့ကြလေရာ ဆရာတော်၏သိဟိုဠ်သွား အကျိုးတော်ဆောင် တောင်ကြီးမြို့ ကန်ဦးကျောင်း ဆရာဟော် ဦးမေဓိယနှင့် အချိန်းအချက် ပြုထားသည့် ပဲစားကြီး ဦးမော်မောင် ဒေါ်မမကြီးတို့၏ တိမ်ညွှန့်အလုပ်ရုံဌာန ဟဲဟိုးမြို့ ဒေသသို့ မကြာခဏ ဆိုက်ရောက်ကြပါတော့သည်။ ပဲစားကြီးသည် ဝမ်းမြောက် ဝမ်းသာ အိမ် ပေါ်မှ ဆင်းလာ၍ ခရီးဦးကြိုဆိုကာ ဆက်ပြီး ဆရာတော်အား အိမ်ပေါ်သို့ ပင့်လေရာ ကားဆရာ ဦးဟိန်နှင့် ဝန်ထောက်မင်းတို့သည် ကားပေါ်မှ ဆင်း ကြပြီး ထွေရာလေးပါး နှုတ်ဆက်၍ တောင်ကြီးမြို့သို့ ထွက်ခွါသွားကြပါ တော့သည်။

ပဲစားကြီးသည် ဆရာတော်အား ကော်ဖီနှင့် မုန့်များ ကပ်လှူရန် အစေခံ ကို ခေါ်ဆိုမိမံလေရာ ဆရာတော်က ယခုမှ ကလောက ဆွမ်းဘုဉ်းပေးလာသော

ကြောင့် ကော်ဖီနှင့် မုန့်များ အလိုမရှိ၊ လဘက်ရည်ကြမ်းနှင့် အကြော်များ ရလျှင်တော့ ကောင်းလှပါ၏ဟု အမိန့်ရှိလေသဖြင့် ပဲစားကြီးသည် ဗူးသီး ကြော် ပဲကြော် ကြက်သွန်ကြော် ဘယာကြော် အကြော်တွေ စုံလင်လှစွာ ယူလာသဖြင့် ပူပူနွေးနွေး လဘက်ရည်ကြမ်းနှင့် အားရပါးရ ဘုဉ်းပေးတော့မည်ရှိနေဆဲမှာ တောင်ကြီးက ဆရာတော်ဦးမေဓိယနှင့် ဝန်ကြီး ဦးဖိုးခင်တို့၏ ကားများရောက်လာပြီး ဟုန်းသံတွေ့ဆူညံအောင် တီးနေရုံမက ဆရာတော်ကြီး ဦးမေဓိယကားပေါ်မှ ဆင်းကြလာပြီး အိပ်ရာလိပ် သားရေသေတ္တာ ခရီးသွားကိရိယာများကို ကားပေါ်သို့ တင်ရန် စီမံလေတော့သည်။ဆရာတော်မှာ စားတော့မည်ဆဲဆဲ အငွေ့တထောင်းထောင်းနှင့် ငါးပေါင်းကြော် စားပွဲမှ မလွဲသာလွဲသာ အနိုင်နိုင် ထလာရင်း ခံတွင်းထဲက တံတွေးများကို လည်ချောင်းထဲသို့ အတင်းမျိုချကာ ကားပေါ်သို့ လာခဲ့ရပါတော့သည်။

တောင်ကြီးမြို့က ကြွလာသည်မှာ ဆရာတော် ဦးမေဓိယနှင့် ရဟန်းတော်(၈)ပါး၊ ဆရာတော်(၉)ပါး၊ လူဒါယကာများမှာ ဝန်ကြီး ဦးဖိုးခင်နှင့် (၄-၅-၆) ယောက် ပေါင်း တဆယ့်လေးငါးယောက် ဖြစ်ပါသည်။ ဟဲဟိုးမြို့နှင့်လေယာဉ်ပျံကွင်းမှာ တမိုင်ခန့်သာ ကွာဝေးသဖြင့် မကြာခဏ လေဆိပ်သို့ရောက်ကြ၍ သူ့ပစ္စည်း ကိုယ့်ပစ္စည်း အသီးသီးတို့ကို ကားပေါ်မှသယ်ချပြီး စီးရမည့် လေယာဉ်ပျံကို စောင့်မြော်၍ နေကြလေရာ တော်တော်နှင့် မရောက်လာသောကြောင့် ဟိုလျှောက် ဒီသွား လမ်းသလားကာ နေကြရပါတော့သည်။

အချိန်မှာ (၁၁) နာရီခန့်ဖြစ်၍ ဝမ်းထဲက ဟာကာတာ ရှိသောကြောင့် တောင်ကြီးကပါလာသည့် အမည်မသိ ဒါယကာတယောက်အား လဘက်ရည်ကြမ်း သောက်ရလျှင် ကောင်းမှာပဲဟု ပြောကြားသဖြင့် လဘက်ရည်ကြမ်း စာကလေးချီး ပွန်ဒီးများနှင့် ကော်ဖီပါကပ်ပြီးလျှင် ကားပေါ်မှ အကြော်ထုပ်ကြီး ဆဲ့ကုတ် လာလေရာ ဆရာတော်မှာ အံ့အား သင့်စွာနှင့် အင့်-အင့်-အင်းဟင် ငါဟာတွေနဲ့ တူလှပါကလား၊ ဘယ်ကများ ရလာပါလိမ့် ဟု အောက်မေ့ပြီး ဒါယကာကြီး ဘယ်ကဟာတွေလဲ၊ အဆင်သင့်လိုက်တာ ရေဆာနေဆဲ ရေတွင်းထဲကျနေသလိုဘဲ၊ ကဲကဲမြန်မြန်ကပ်ပါဟု ပြောသည်တွင် ကြည်ရှင်လှစွာနှင့် ဒါယကာကြီးက အကြော်တွေ ကပ်ပြီးလျှင် အရှင်ဘုရား ဘုဉ်းပေးချင်မှန်းသိ၍ မြန်မြန် သုတ်သုတ် ဖက်နဲ့ထုပ်ပြီး တပည့် တော်အား ပဲစားကြီးက ပေးလိုက်တာပါဟု လျှောက်ထားပါသည်။

ဆရာတော်မှာ စားတော့မည်ဆဲဆဲ မလွဲသာ လွဲသာ အနိုင်နိုင်ထလာခဲ့လေသောကြောင့် အခဲမကြေနိုင်သည့် အကြော်တွေကို အညှီးနဲ့ အတိုးချပြီး တောင်ကြီးက ကြွလာကြသည့် ဆရာတော်များနှင့် စုပေါင်းဝိုင်းအုံ ဒီအခါ

ကျတော့မှ အားရရှင်ပြုံး ဘုဉ်းပေး သုံးဆောင်တော် မူကြလေကုန်တော့သတည်း။

တောင်ကြီးမြို့ ရှမ်းပြည်နယ်ဝန်ကြီး ဦးဘိုးခင်ကား အလုပ်များနေလေပြီ။ အခါ၌မှာ ၁၂-နာရီထိုးရန် မိနစ်လောက်သာလိုတော့သဖြင့် လေယာဉ်ပျံရောက်ချိန်နီးသောကြောင့် ပစ္စည်းများ ဘိန်တွယ်ရခြင်း၊ စီးကြမည့် သူများကို ချိန်တွယ်၍ အမည်စာရင်းလုပ်ရခြင်း၊ ကုန်များတင်ရခြင်း၊ နေရာများ ပြင်ဆင်ရခြင်း၊ မှာထားရခြင်း၊ နွားတ်ခွန်းများဆက်ရခြင်း စသည်တို့ဖြင့် မလပ်မအား ဗျာများကာ နေရပါတော့သည်။

စီးရမည့် လေယာဉ်ပျံကြီးသည် ကောင်းကင်ယံခရီးမှ တဝီဝီရစ်ဝဲ၍ ဆရာတော်တို့အနီးသို့ ဆင်းသက်လာပြီး စီးတော်မူပါ ဘုရားဟု လျှောက်ထား နေသည့်အလား ရပ်နားကာ နေပါတော့သည်။

အခါ၌မှာ ၁၂-နာရီခန့်ရှိလေပြီ။ ဆရာတော်နှင့် ရဟန်းတော် ဂ-ပါး ကား လေယာဉ်ပျံထဲသို့ ရောက်နေကြလေပြီ။ ငြိမ်နေသည့် လေယာဉ်ပျံပန်ကာကြီးများ လှုပ်ရှားလာလေတော့သည်။ လိုက်ပို့သူများ ငြိမ်ငြိမ်မနေကြတော့ပဲ လက်အုပ်ချီခြင်း၊ လက်မြှောက်ခြင်း၊ လက်ကိုင်ပုဝါ ရမ်းခြင်းတို့ဖြင့် ကြေကွဲစရာ နေရစ်ကြပါတော့သည်။ ဆရာတော်များစီးသွားကြသည့် လေယာဉ်ပျံကြီးသည်ကား လူစီးမဟုတ်၊ ကုန်တင်လေယာဉ်ကြီး ဖြစ်လေသောကြောင့် ခမ်းနားသပ်ရပ်လိမ့်မည်ဟု ထင်မှတ်ရန်မရှိပါ။ သွားရသည့်ခရီးမှာလည်း မြေညီပေါ်မှ သွားရသည်မဟုတ်၊ တောင်ကုန်းတောင်တန်းပေါ်မှ ဖြတ်ကျော်ကာ သွားရသဖြင့် လေလှိုင်းတို့အရှိန်ကြောင့် နိမ့်ချိတလွဲ မြင့်ချိတခါ ငြိမ်သက်ခြင်း မရှိလှပါ။ စီးကြသူများမှာ မြင့်တက်သည့်အခါ ကောင်းလိုက်တာဟု အောင့်မေ့ကြသော်လည်း နိမ့်ဆင်းသည့်အခါ အသဲများအေးပြီး ကြောက်သွေးဖြန်းကာ မရွှင်လန်းနိုင်ကြပါ။

နယုန်လဆန်း ၂-ရက်နေ့ ၁၂-နာရီအချိန် ရန်ကုန်မင်္ဂလာဒုံ လေယာဉ်ကွင်းမှာ ဆင်းကြပါသည်။ ဟဲဟိုးမှ ရန်ကုန်သို့ လေယာဉ်ခ ၉၅-ကျပ် ပေးရပါရပါသည်။ ဤလေယာဉ်ပျံကွင်းနှင့် အဆောက်အဦကား လွန်မင်းစွာ ခမ်းနား၍ အထင်ကံတန်း ကျလှပေသည်။ အတက်အဆင်း လေယာဉ် စင်းရေမှာ ကာလကတ္တား၊ မဒရပ်၊ ကိုလံဘို ကွင်းတို့ထက် စည်ကား များပြားလှပါသည်။

ရန်ကုန်မြို့ ဝင်ဒါမီယာ ကရင်ပြည်နယ် ဝန်ကြီး စောဝဏ္ဏအိမ် ပါလီမန်အတွင်းဝန် ဦးစိန်ထံသို့ တယ်လီဖုံးနှင့် မိုတိုကားလာရန် ပြောကြားလေရာ မကြာမီ ကားရောက်လာ၍ ၎င်းအိမ်သို့သွားကာ နှိုင်ငံခြား သွားရန်အတွက်

လိုအပ်သည့် အချက်များကို ဆောင်ရွက်ကြရန် စီမံကြလေသည်။ သီဟိုဠ် သွားရန်အတွက် ရန်ကုန်မှ ဆောင်ရွက်ကော်မူသည့် အလယ်တောရ ဓမ္မာရုံ ကျောင်းဆရာတော် ပုသိမ်ဦးနာရဒ ကွလာ၍ အစစအရာရာ သွားလာနိုင်ရန် မိုတိုကားလိုကြောင်း အမိန့်ရှိလေရာ အတွင်းဝန် ဦးစိန်က လှုဒါန်းမည့် အကြောင်း လျှောက်ထားသဖြင့် ဆရာတော် ဦးနာရဒကျောင်းသို့ ကွသွား နေထိုင်ကြပါသည်။

နယုန်လဆန်း(၃-၄-၅-၆-၇)ရင်းရက်များမှာ နိုင်ငံကူး လက်မှတ်ရရန် အတွက် အာမခံမည့်သူများ ရှာရခြင်း၊ ဓာတ်ပုံရိုက်ရခြင်း၊ ပတ်စ်ပို့ ရရန် မြန်မာနိုင်ငံတော် နိုင်ငံခြားရုံးသို့ သွားရခြင်း၊ သီဟိုဠ်သံရုံး၊ အိန္ဒိယသံရုံးများသို့ သွား၍ ဗီဇာလုပ်ရခြင်း၊ ကျန်းမာရေးဌာနသို့ သွား၍ ကျောက်ရောဂါ၊ ဝမ်းရောဂါ၊ ပလိပ်ရောဂါဆေးများ ထိုးရခြင်း၊ လေယာဉ်ပျံဌာနသို့ သွား၍ လုက်မှတ်ရရန် စီမံရခြင်း၊ ဘဏ်သို့သွား၍ ငွေလဲရခြင်း၊ သံကြိုးရိုက်ရခြင်း စသည်တို့ဖြင့် လွန်စွာအလုပ်များရပါသည်။ ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူး ဝါးက အာမခံခြင်း၊ ကရင်ပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန် ဦးစိန်က မိုတိုကား လှူထားခြင်း၊ ဆရာတော် ဦးမေဓိယ ဆရာတော် ဦးနာရဒနှင့် မြန်မာ့အလင်းသတင်းစာတိုက် အယ်ဒီတာ ဦးမောင်မောင်ခင်တို့က ကိုယ်တိုင် ပင်ပန်းခံကာ နေ့စဉ် ရက်ဆက် မနေမနား သွားလာ ဆောင်ရွက်ခြင်းတို့ကြောင့် (၇)ရက်နေ့မှာ တောင်ကြီးမြို့ ပထမ တောင်ကျောင်းကြီး ဆရာတော်နှင့် ဆရာတော်ပါ နှစ်ပါးအတွက် သီဟိုဠ်သွားနိုင်ရန် ကိစ္စအားလုံး ပြည့်စုံကြရပါတော့သည်။

ထိုရက်များအတွင်းမှာ ကရင်ပြည်နယ် ဝန်ကြီး စောဝင်္ကာ၏ မဟာဒေဝီနှင့် အတွင်းဝန် ဦးစိန်တို့က ဆွမ်းတရက်၊ ရှမ်းပြည်နယ်ဝန်ကြီး ဦဘိုးခင်က ဆွမ်းတရက်၊ မင်းကြီး ဦးမောင်မောင်နှင့် ရဲမင်းကြီးကတော် ဒေါ်ခင်ကြီးတို့က ဆွမ်းတရက်၊ ဆူးလေဘုရား တန်ဆောင်းဒါယကာမကြီး ဒေါ်စုံစုံနှင့် သားသမီးတစုတို့က ဆွမ်းတရက် ဆက်ကပ်လှူဒါန်းပါသည်။ ကျန်သောရက်များနှင့် သီဟိုဠ်မှအပြန် ရက်အားလုံးတို့မှာ နံနက်ဆွမ်း နေ့ဆွမ်း ကော်ဖီ လဘက်ရည် အိပ်ရာနေရာမှစ၍ အလုံးစုံ ပြည့်ပြည့်စုံစုံ ဆရာတော် ဦးနာရဒက ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်ဖြူဖြူ ပြုစုဆောင်ရွက်တော်မူပါသည်။

နယုန်လဆန်း (၈)ရက် နံနက်(၁၀)နာရီအချိန်ခန့်မှာ အလယ်တောရ ဆရာတော် ဦးနာရဒကျောင်းမှ ထွက်လာကြလေရာ ဆရာတော်ဦးမေဓိယ ဆရာတော် ဦးနာရဒ ဦးမောင်မောင်ခင် ဝန်ကြီး ဦးဘိုးခင်တို့ မင်္ဂလာဒုံလေယာဉ်ပျံကွင်းရောက်အောင် လိုက်ပါပို့ဆောင်ပေးကြပါသည်။လေယာဉ်ပျံဆိပ်ရောက်သောအခါ စုံကားစောဘွားကြီးနှင့် ကလကတ္တားမဟာဗောဓိအသင်း

ကျောင်းမှ မြန်မာပြည်သို့ ဓာတ်တော်များနှင့် အတူကြွလာသည့် သီဟိုဠ်ရဟန်းတော်တပါး တွဲရှိသဖြင့် အတူသွားကြရန် အဖော်ရပါသည်။ လေယျာဉ် ဆိပ်အရာရှိများသည် အခြားသောသူများအား ပစ္စည်းများနှင့် ပတ်စ်ပို့ ဗီဇာ၊ ကျန်းမာရေး၊ ငွေကြေး စသည်များ ကျကျနန ရှာဖွေ စစ်ဆေးကြသော်လည်း ဆရာတော်များအား ယုံကြည်သဖြင့် ရေလာမြောင်းပေး မေးမြန်းစစ်ဆေး၍ အခွင့်အရေး ကောင်းစွာ ပေးကြပါသည်။

လေယျာဉ်စီးမည့်သူများကိုလုင်း၊ ယူဆောင်မည့် ပစ္စည်းများကိုလုင်း ချိန်တွယ်ပြီးလျှင် ပစ္စည်းများ၌ ပစ္စည်းရှင်နာမည်နှင့် ပို့ရမည့်ဌာန(လေဘယ်)များ ရေးဆွဲ၍ လေယာဉ်ထဲသို့ ပို့ကြလေပြီ။ ဆရာတော်များ လေယာဉ်ပေါ်သို့ သွားကြလေပြီ။ သတင်းထောက် ကင်မရာသမားများလည်း မျက်စိမအား လက်မအား အလုပ်များကြလေတော့သည်။

ရန်ကုန်မှ ကလကတ္တားသို့

(၂) နာရီအချိန်ခန့် ပျံတက်ကာ ထွက်ကြပါသည်။ လေယာဉ်ပျံကြီး ကား ခမ်းနားကောင်းမွန် သိုက်မြိုက်၍ နှစ်ခြိုက်စရာ ရှိလှပါသည်။ လေယာဉ်ပျံ အစေခံကုလားသည် ထုံးစံအတိုင်း ခရီးသည်များ မငြီးငွေ့စေရန် သတင်းစာ မဂ္ဂဇင်း ကက်တလောက်များ ဝေငှပေးကမ်းပါသည်။ စားဖွယ် သောက်ဖွယ် အသွယ်သွယ်တို့ကို တနာရီလျှင် တကြိမ်ခန့် ပေးပါသည်။ ယဉ်ကျေးဖွယ်ရာ ပြေပြစ်မှုများမှာ ခြီးမွမ်းပြုစရာမရှိလှပါ။ ၅-နာရီသာသာ အချိန်မှာ ကလကတ္တား ဒန်ဒန် လေယာဉ်ပျံကွင်း၌ ဆင်းကြပါသည်။ အဆောက် အဦများ ခမ်းနားတင့်တယ် ကြီးကျယ်လှပါသည်။ ပစ္စည်း၊ ပတ်စပို့ဗီဇာ၊ ပုလိပ်တိုင်ချက် ကျန်မာရေးများ ရှာဖွေစစ်ဆေးပါသည်။ ရန်ကုန်မှ ကာလကတ္တားသို့ လေယာဉ်ခရီး ၂၀၀- (နှစ်ရာ) ပေးရပါသည်။

လေဆိပ်မှ ကလကတ္တား လေယာဉ်ပျံဌာနသို့ ၇-မိုင် ဝေးကွာလေရာ ကုမ္ပဏီကားနှင့် လိုက်သွား၍ မဟာဗောဓိ ဆိုဆာတီး အသင်းတိုက်၌ ညအိပ် ကြရပါသည်။ ဤအသင်းတိုက်သည် အစစအရာရာ လွန်စွာ တင့်တယ် ကြီးကျယ် ပြည့်စုံလှပါသည်။ မြန်မာပြည်သို့ ပင့်လာသည့် ဓာတ်တော် တခု၌မှာ ၎င်းအသင်းတိုက်မှ ဖြစ်ပါသည်။ လေယာဉ်ပျံအတူစီးလာကြသည့် ၎င်းအသင်း တိုက်မှ သီဟိုဠ်ရဟန်းတော်သည် ဘာသာစကား ၇-မျိုး တတ်သည်ဟု ပြောပါသည်။ ဝတ္တရားကျေပွန်လှစွာနှင့် စိတ်ပါလက်ပါ ပျူပျူငှာငှာ ပြုစုရှာပါသည်။

ကလကတ္တားမှ မဒရပ်သို့

နံယုန်လဆန်း ၉-ရက်၊နံနက် ၅-နာရီအချိန်၊ ၎င်းအသင်းတိုက်မှ ကော်ဖီနှင့် မုန့်မျိုး စားသောက်ပြီး သီဟိုဠ်သား ဥပါသကာ တယောက်ပါ ထွက်လာခဲ့ကြလေရာ လေယာဉ်ပျံဌာနံ ရောက်သောအခါ စံကား စော်ဘွားနှင့် ရတနာပုံ ဦးဇာဂရတို့ကို တွေ့ရသဖြင့် အတူတကွ ကုမ္ပဏီကားနှင့် လေဆိပ်သို့ လာခဲ့ကြပါသည်။ လေဆိပ်သို့ ရောက်သောအခါ ပစ္စည်းနှင့်ပတ်စပို့ စသည်တို့ ရှာဖွေစစ်ဆေးပြီးလျှင် ဂ-နာရီ အချိန်ခန့်တွင် ပျံတက်လေရာ လေယာဉ်ပျံကြီးမှာ လွန်စွာခမ်းနား သိုက်မြိုက်လှသည့်အပြင် ကုလားထိုင် ဆိုဖာ များလည်း မထိုင်ရက်လောက်အောင် နူးညံ့ပျော့ပျောင်း ကောင်းမွန်လှပါသည်။

လေယာဉ်ပျံ ခရီးသည်များအား စောင့်ရှောက် ပြုစုသည့် အိန္ဒိယသူကလေးသည်ကား သူလိုဟာများ ရှိမှရှိနိုင်ပါဦးမည်လား၊ မရှိတော့ပါဘူးဟု ထင်မှတ်ရလောက်အောင် ယဉ်ကျေးသာယာ အလိုအလိုက် သိတတ်လှစွာနှင့် အစားအသောက်ပေးခြင်း၊ မဂ္ဂဇင်း သတင်းစာ ယပ်တောင်ကလေးများပါ ကမ်းလှမ်းခြင်း၊ သန့်ရှင်းလှသည့် ဂွမ်းကလေးကို နားဆို့စရာ ဝေငှရခြင်း၊ လေယာဉ်ပျံ အတက် အဆင်းမှာ ဆိုဖာနှင့်တွဲစပ်၍ ခါးပတ်များ ပတ်ထားရန် ခယ တောင်းပန်ရခြင်း စသည်တို့ဖြင့် ပြုစုခြင်း၊ အမူအရာ အသွား အလာ အထားအသိုတို့မှာ ဆိုစရာမရှိအောင် စွမ်းဆောင်လိမ်မာဖွယ်ရာ လှုလေသောကြောင့် ခရီးသည်တို့၏ နှလုံးအိမ်ကို ဆီစိမ်၍ထားသလို ဘယ်သူမဆို ပီတိဖြစ်လျက် နှစ်သက်လိုမဆုံးနိုင်အောင် ရှိကြလေတော့သည်။

၁၀-နာရီ အချိန်ခန့်တွင် ကလကတ္တားနှင့် မဒရပ်အကြား (ဗီဂျ်ကာပတနံ) လေယာဉ်ပျံကွင်း၌ ခေတ္တခဏ ၁၅-မိနစ်မျှ လေယာဉ်ပျံ ဆင်းပါသည်။ ဤဌာနမှာတော့ မှတ်သားစရာ ကြီးကျယ်ခမ်းနားသည့် အရာမရှိပါ။ ၎င်းကွင်းမှာ ဓာတ်ဆီများထည့်ကာ ပျံတက်လာခဲ့ရာ ၂-နာရီအချိန်ခန့်မှာ မဒရပ် လေယာဉ်ပျံကွင်းသို့ ဆိုက်ရောက်ပါသည်။ လေဆိပ်အဆောက်အဦများ သားနား ကောင်းမွန်လှပါသည်။ ကလကတ္တားနှင့် မဒရပ် လေယာဉ်ပျံခ ၁၉၅-ကျပ် ပေးရပါသည်။

လေဆိပ်သို့ မဒရပ်မြို့ မြန်မာကောင်စစ်ဝန် မန္တလေးမြို့သား ဦးဘရီလာရောက် ကြိုဆိုပါသည်။ ကုမ္ပဏီကားနှင့် မဒရပ်မြို့ထဲ လေယာဉ်ပျံ ဌာနသို့ လိုက်သွားကြပြီး ၎င်းမှတဆင့် တက္ကစီကားနှင့် မဟာဗောဓိ ဆိုဆာတီးအသင်းတိုက်သို့ သွားရောက်ညအိပ်ကြပါသည်။၎င်း ၉-ရက်နေ့ညနေနှင့် ၁၀-ရက်နေ့ နံနက်အချိန် မဒရပ်မြို့ထဲသို့ အသင့်အတင့် လှည့်လည် ကြည့်ရှုခဲ့ပါသည်။

မဒရပ်မှ ကိုလံဘိုသို့

နယုန်လဆန်း ၁၀-ရက် ၁၂-နာရီအချိန်ခန့်တွင် မဒရပ် လေဆိပ်မှ လေယာဉ်ပျံတက်ခဲ့ရာ လေယာဉ်ပျံကြီးနှင့် အစား အသောက် အပြု အစု တို့မှာ ကလကတ္တား လေယာဉ်ပျံနှင့် ညီမျှလောက်အောင် ကောင်းမွန်လှသည်သာ မက ပြုစုသူမှာ ဥရောပတိုက်သူ ဖြူဖြူကလေးဖြစ်၍ အမူအရာ ပြုံးရွှင်သည့် မျက်နှာနှင့် ယဉ်ကျေးဖွယ်ရာ သာယာညှင်းပျောင်း ပြုစုပုံအလွန်ကောင်းလှသည့် အပြင် အဝတ်အဆင်မှာ ယခင်အိန္ဒိယသူကလေးသည် ဆာဒီနှင့် ယခု ဥရောပ တိုက်သူကလေးသည် ဂါဝန်နှင့်ဖြစ်၍ ဘယ်သူက သာလွန်သည်ဟု အတည်ပြု ရန် အင်မတန်ခဲယဉ်းလှပါသည်။ မဒရပ်နှင့် သီဟိုဠ် ဗဟိုအကြား (ဂျဖနား) လေယာဉ်ပျံကွင်းမှာ ခေတ္တခဏ ၁၅-မိနစ်မျှ လေယာဉ်ပျံ ဆင်းပါသည်။ ဤဌာနမှာလည်း ပစ္စည်း၊ ပတ်စပို့စသည် ရှာဖွေပါသည်။ ကွင်းနှင့် အဆောက် အဦများ ကောင်းမွန် ခမ်းနားသည်ဟု ယူဆရန် မရှိပါ။

ဓာတ်ဆီထည့်ကာ ပျံတက်ခဲ့လေရာ သီဟိုဠ်ကျွန်း(ကိုလံဘို)လေယာဉ် ပျံကွင်းသို့ ၄ နာရီအချိန်ခန့် ဆိုက်ရောက်ပါသည်။ ကွင်းနှင့် အဆောက် အဦ များ လွန်စွာ မခမ်းနား သော်လည်း အောက်တန်း စားကား မဟုတ်ပါ။ လေယာဉ်ပျံခမှာ မဒရပ်နှင့် ကိုလံဘို ဂ၅ ကျပ် ပေးရပါသည်။ လေယာဉ်ပျံ မှ ဆင်းကြသည့် အားလုံးသော သူတို့၏ ပစ္စည်းများနှင့် အစစအရာရာ ရှာဖွေ စစ်ဆေးကြသော်လည်း ဆရာတော်မှာ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့် ကြီး ကိုယ်စားလှယ် ဒေလီကိတ်ဖြစ်၍ တကြောင်း၊ သီဟိုဠ်ကျွန်း မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင့်ဆွေကိုယ်တိုင် လာရောက်ကြိုဆိုကာ နှုတ်ခွန်းများ ဆက်၍ တကြောင်း၊ ၎င်းတို့ကြောင့် အထက်တန်းစား ဆရာတော်ပဲဟု သိရှိ ကြသဖြင့် ရှာဖွေစစ်ဆေးခြင်း အလျင်းမပြုတော့ပဲ အခွင့်အရေး ကောင်းစွာ ပေးကြပါသည်။

သီဟိုဠ် လေယာဉ်ပျံကွင်းဌာ လေယာဉ်ပျံပေါ်မှ ဆင်းကြသည့်အခါ၊ ညှော့ခန်းမှာ ထိုင်နေကြသည့် အခါ၊ နှုတ်ခွန်း ဆက်နေကြသည့်အခါ၊ ပေါင်း သုံးခါ ဓာတ်ပုံရိုက်၍ နောက်တနေ့ အင်္ဂလိပ်သတင်းစာ၊ သီဟိုဠ် သတင်းစာ များဌာ ဓာတ်ပုံနှင့် သတင်းများ ပါလာသည်။ ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီး ၏ မော်တော်ကားများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံ စိုက်ကာ လေယာဉ်ပျံဆိပ်မှ ထွက်ခဲ့ကြရာ ၂-မိုင်ခန့် ရှိသောအခါ သံအမတ်ကြီး အိမ် သို့ ရောက်ပါတော့သည်။ သံအမတ်ကြီးအိမ်သို့ရောက်သောအခါ ထွေရာလေး ပါး ဟိုစကား ဒီစကားပြောကြားကြပြီးလျှင် အစည်းအဝေးဌာ သာသနာ တော်အရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ကြရန်အချက်အလက် များ ဆွေးနွေးတိုင်ပင်ကြလေရာ ၆-နာရီထိုး၍ အချိန်မရှိတော့သဖြင့် ဆရာ

တော်တို့ တည်းခိုနေထိုင်ရန် စီမံထားသည့် ကိုလန်ဘိုမြို့ မမတာဂိုဒါလမ်း မကုဋ္ဌံဘုရားမ ဦးဝိနယာလင်္ကာရ ဆရာတော်ဘုရားကြီး၏ မြန်မာကျောင်းတိုက်သို့ မော်တော်ကားနှင့် လိုက်ပို့ပါသည်။ ဤကျောင်းတိုက်၌ မြန်မာရဟန်းတော်ချည်းသက်သက် ၃၀-ကျော် ၄၀-ခန့်ရှိပါသည်။ ဆရာတော်ဘုရားကြီးသည်ကား မော်လမြိုင်မြို့ဇာတိ ရန်ကုန်မြို့ကျောင်းတော်ရာ ၃မူနာ စံကျောင်းဆရာတော်၏ တပည့်တော်ဖြစ်ပါသည်။ သီဟိုဠ်ကျွန်း၌ သီတင်းသုံး နေထိုင်တော်မူသည်မှာ နှစ်ပေါင်း ၅၀- ခန့်ရှိပါပြီ။ ဆရာတော်ဘုရားကြီး တည်ဆောက်လုပ်ထားသည့် ကျောင်းတိုက်မျှားနှင့် အဆောက်အဦမျှားသည် သားနားသိုက်မြိုက် အဖိုးထိုက် အဖိုးတန် စီမံထားပုံ အလုံးစုံတို့မှာ ချီးမွမ်း၍ မကုန်နိုင်လောက်အောင် ကောင်းမွန်လှပါသည်။

ကိုလန်ဘိုမြို့တော်ကြီးသည် သီဟိုဠ်ကျွန်းကို အုပ်ချုပ်သည့် ဘုရင်ခံမင်းကြီးနေထိုင်ရာဖြစ်၍ သဘော်ဝ၊ လေယာဉ်ပျံ၊ မီးရထား၊ မော်တော်ကား၊ ဓာတ်ရထား၊ လန်ချား စသော ယာဉ်မျိုးစုံတို့ဖြင့် ကုန်းရေ လေခရီးမျှားကို လွယ်ကူစွာသွားလာနိုင်သော ဆိပ်ကမ်းမြို့ကြီး ဖြစ်ပါသည်။ ကုန်တိုက်ကြီး ကုန်ဆိုင်ကြီး စျေးတန်းကြီး စျေးရုံကြီးများ နေရာတိုင်းလိုလိုပင် တည်ခင်းပြုပြင်တန်ဆာဆင်ထားသဖြင့် လိုသောပစ္စည်းများကို လွယ်ကူစွာ ရနိုင်သောမြို့ကြီး ဖြစ်ပါသည်။

ပြတိုက်တိရစ္ဆာန်ရုံ ပန်းခြံဥယျာဉ်စသည်တို့ဖြင့် စိမ်းလန်းစိုပြေသော ပင်လယ်ကမ်းခြေမြို့ကြီးဖြစ်၍ နေချင်စရာ လှန်စ့ာကောင်းလှပါသည်။ ၂၉-နိုင်ငံမှ ကိုယ်စားလှယ် ဒေလီကိတ်ကြီးများ ဤကိုလန်ဘိုမြို့တော်ကြီး၌ သင့်တင့်ရာဌာနများမှာ အသီးသီးနေထိုင်ကြရပါသည်။ စည်းဝေးရန် အခါန်နီးမှ မော်တော်ကားများနှင့် လှည့်လည်ကာ လာရောက်ယူဆောင်ကြပါသည်။ နယုန်လဆန်း ၁၀-ရက်နေ့အခါန်မှာ ကိုလန်ဘိုမြို့မှ ၇၂-မိုင်ဝေးကွာသည့် ကန်ဒီမြို့စွယ်တော်တိုက်၌ စွယ်တော်မြတ်ကို ဦးခိုက်ကာ အစပထမ ပဏာမ အစည်းအဝေးဖွင့်ပါသည်။

နယုန်လဆန်း ၁၁-ရက်နေ့တွင် ကိုလန်ဘိုမြို့ မြင်းပြိုင်ကွင်းကြီးမှာ မိတ်ဆက်စကားပြောကြားပါသည်။ ကွင်းကြီးနှင့် အဆောက် အဦများ ကြီးကျယ်ခမ်းနားလှပါသည်။ပရိသတ်အလွန်စည်ကားများပြားလှပါသည်။နယုန်လဆန်း ၁၂-ရက်နေ့၊ ကိုလန်ဘိုမြို့ ပိုင်-အမ်-ဘီ-အေ အသင်းတိုက်ကြီး၌ စည်းဝေးပါသည်။ မိမိတို့တိုင်းပြည် ဗုဒ္ဓသာသနာတော် အခြေအနေများကို အသီးသီးပြောကြရပါသည်။ ၎င်း ၁၂-ရက်နေ့ ညနေ၄-နာရီ အခါန် ကိုလန်ဘိုမှ ထွက်ခဲ့ကြ၍(ကရဏိယမြို့)ကလျာဏီမြစ်၏ အနီး ကလျာဏီဘုရားကြီး၌ စည်းဝေးပါသည်။ ဘုရားပွဲတော်တမျှ စည်ကားလှပါသည်။ ကလျာဏီစေတီကြီးနှင့်

ဘုရားဂန္ဓကုဋီတိုက်တော်ကြီးများ ခန်းနားတင့်တယ် ကြည်ညိုဖွယ် ကောင်းလှပါသည်။

မြန်မာနိုင်ငံ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီးသည် ဤ ကလျာဏီဌာနနှင့် အဆက်အသွယ်ရသောကြောင့် ကလျာဏီဟူသော အမည်တော်ဖြင့် ထင်ပေါ်ကျော်စောခြင်း ဖြစ်ပါသည်။ စည်းဝေးပြီး ပြန်လာကြလေရာ ည ၁၁-နာရီမှ ကိုလန်ဘိုသို့ ပြန်ရောက်ကြပါသည်။ နယုန်လဆန်း ၁၃-ရက် နံနက် အာချိန် ကိုလန်ဘိုမြို့၌ ဗုဒ္ဓဘာသာ သာသနာတော် အသင်းတိုက်ကြီး တည်ဆောက်ရန်အတွက် ကမ္ဘာ့ကိုယ်စားလှယ်ကြီးများ အုတ်မြစ်ချပွဲကြီး ဆင်နွှဲပါသည်။ အုတ်မြစ်ချရာမှ ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်သို့သွားကြ၍ သာသနာတော်အရေးများကို ဆက်လက်စည်းဝေးဆွေးနွေးကြပါသည်။ ၎င်းနေ့နေ့ဆွမ်းကို ၎င်းအသင်းတိုက်ကြီးမှ ကျွေးမွေးကြ၍ ပုဂ္ဂိုလ်စေ့ သင်းပိုင် တထည်စီ လှူဒါန်းပါသည်။

နယုန်လဆန်း ၁၄-ရက် နံနက်ပိုင်းတွင် ၎င်းအသင်းတိုက်ကြီးမှာ သာသနာတော်အရေး ဆွေးနွေးကြပြီးလျှင် ၎င်းနေ့ ၂-နာရီအချိန် (ဗန်ဘာလပေဂွို့ယမြို့)သို့ သွားကြပါသည်။ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၌ အစည်းအဝေးဖွင့်ကာ ဒေါက်တာမာလာဆေကရန့်ဒ် ကိုယ်စားလှယ်ကြီးများ အသီးသီး ဟောပြောကြပါသည်။ ပရိသတ်များ စည်ကားလှပါသည်။ ကြွေးဆိုခြင်း၊ ညှဉ်ခံခြင်းများ ခန်းနားတင့်တယ် ဖွယ်ရာလှပါသည်။ ကျောင်းတကျောင်း၌ ဓာတ်တော်တွေ့ များပြားလှစွာ ပြတိုက်ပမာ ပြင်ဆင်ထားသဖြင့် ဖူးမြင်ခဲ့ရပါသည်။ ၎င်းညမှာ ဗန်ဘာလပေတွိုယမြို့ မြစ်ကမ်းနား၌ ပဲတော်ခင်းကျင်းပြီး မြစ်၏အတွင်း ရေသိမ်မှာ ရဟန်းသံဃာတင်ပဲ့ကြိုး ဆင်နွှဲပါသည်။ နေ့ပဲ့ထက် ညပဲ့က သာလွန်ကြီးကျယ်ခန်းနား စည်ကားလှပါသည်။ လျှပ်စစ်မီးများဖြင့် ရောင်ခြည်တော် ခြောက်ပါး ကွန့်မြူးနေပုံ အရောင်စုံပြောင်းလဲကာ ဆင်နွှဲပူဇော်ထားသည်မှာ ကြည်ညိုစရာကောင်းလှပါသည်။

ည ၁၀-နာရီအချိန်ခန့် ပြန်လာကြရာ ၁၁-နာရီ လောက်မှာ ကိုလန်ဘိုမြို့သို့ ပြန်ရောက်ပါသည်။

နယုန်လဆန်း ၁၅-ရက် လပြည့်နေ့ နံနက် ကိုလန်ဘိုမှ ၂၈-မိုင် ဝေးကွာသည့် အနုရာဓမြို့သို့ သွားကြပါသည်။ (၅၈)မိုင်ရှိသောအဝါ (ကုရုန်ဂလမြို့)သို့ ရောက်၍ ၎င်းမြို့ဟော်တယ်ကြီးမှာ နေ့ဆွမ်းများကပ်ပြီးလျှင် အစည်းအဝေးဖွင့်ကာ ကိုယ်စားလှယ်ကြီးများ အသီးသီး ဟောပြောကြပါသည်။ အဆောက်အဦကြီးနှင့် အပြင်အဆင် အကျွေးအမွေး ခန်းနားဖွယ်ရာကောင်းမွန်လှပါသည်။ ၎င်းမြို့မှ တနာရီအချိန်တွင် ထွက်လာကြလေရာ လေးနာရီ

အခြိန်ခန့်မှာ(အနုရာဓမ္မိုး)သို့ ရောက်ကြပါသည်။ နယူန်လပြည့်နေ့မှာ အနုရာဓမ္မိုးတော်ကြီး၌ အရှင်မဟိန္ဒကြွရောက်သာသနာပြုတော်မူသည့် (ဇေဋ္ဌနက္ခတ်မဟိန္ဒလေး) ပဲတော်ကြီး နှစ်စဉ်ကျင်းပမြဲဖြစ်ပါသည်။ ထိုပဲတော်ကြီးနှင့် ကြုံကြိုက်တိုက်ဆိုင်နေလေရကာ းပရိသတ်များ နေရာတိုင်း လမ်းတိုင်း ဘုရားတိုင်း အရပ်တိုင်းဆိုသလို တိုးဝှေ့မပေါက် သွားဝှေ့မဆုံး တအုံးအုံး ပြည့်ကျပ် ခဲသိပ် ကြိတ်ကြိတ်တိုးမျှ စည်ကားများပြားလှသောကြောင့် ဤရွှေဤမျှဟု မှန်းဆရေတွက်နိုင်ရန် အမှန်ပင် ခဲယဉ်းလှတော့သည်။ အနုရာဓမ္မိုးတော်သစ်ကြီး ဖွင့်လှစ်သည့်နေရာမှ ပဲတော်ကြီးအတွင်းသို့ ခဲယဉ်းလှစွာနှင့် ကားများကို တဖြည်းဖြည်း မောင်းကြလေရာ မည်သည့်ကားများမှ မသွားမလာရသည့် နေရာဌာနသို့ ဒေလီကိတ်ကားတွေ ရောက်နေပါတော့သည်။

မြို့တော်စောင့် ပဲတော်စောင့် ပုလိပ်အရာရှိများ အလန့်တကြား အရေးတကြီးနှင့် ကား၏ အနိုးပါးသို့ ပြေးလွှားကာ လာကြလေရာ ကမ္ဘာ့ ဒေလီကိတ်တွေဖြစ်သဖြင့် မပြောမဆို အရိုအသေ ဆလံများပေးကာ ငေးလို့သာ ကြည့်နေကြပါတော့သည်။ ထိုအခါ ဒေလီကိတ်များက အကျိုးသင့် အကြောင်းသင့် မေးမြန်း စုံစမ်းလေ့သဖြင့် ဘုရင်ခံ၏ ကားများပင် ဤအထဲသို့မဝင်ရပါ၊ ဘုရင်လည်း ယခု ရှိနေပါသည်။ မကြာမီလာရောက်တော့ဆုံပါလိမ့်မည်ဟု ပြောပြသဖြင့် အလိုက်သိစွာနှင့် ကားများကို အသာကျုံ့ပြီး နောက်ဆုတ် လာခဲ့ကြသည်တွင် အသံ့ပြင်ဆင်ထားသည့် အနုရာပမ္မိုးတော် ဟော်တယ်ကြီးသို့ ရောက်ကြပါသည်။ကားများပေါ်မှ ဆင်းသက်ကြပြီး ဟော်တယ်ကြီး၏ ရှေ့မျက်နှာစာမြက်ခင်းပေါ်တွင် ဆင်းကျင်းထားသည့် စားပွဲကုလားထိုင်များ လက်ရည်နှင့်မုန့်များ လင်မနစ် လိုင်းမကျူးဖျော်ရေများ စားသောက်ကြပြီးလျှင် တချို့ဒေလီကိတ်များ ဟော်တယ်တွင်နေကြ၍ တချို့ကား သင့်လျော်ရာ ဌာနများသို့ သွားရောက်နေထိုင်ကြပါသည်။

ဆရာတော်တို့ကား မြန်မာများဖြစ်ကြ၍ ဆရာတော် ဦးဝိနယာလင်္ကာရ၏ အနုရာဓမ္မိုး မြန်မာကျောင်းသို့သွား၍ နေထိုင်ကြပါသည်။ ၎င်းညပင် (၁) မဟာစေတီတော်။ (၂) တူပါရုံစေတီတော်။(၃) လောဟပါသာဒ။ (၄) သမ်မိတ္တာဒကို့ဏသာခါ မဟာဗောဓိပင်။ (၅) အဋ္ဌဖလဗောဓိပင်များသို့ သွားရောက်ဖူးမြော်ပူဇော်ပါသည်။

(၁) မဟာစေတီတော်ကြီးသည်ကား ဒုဋ္ဌဂါမဏိမင်းကြီး ကောင်းမှုတော်ဖြစ်သည်။ ၎င်းစေတီကြီး၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဓာတ်တော်ရွှမ်စိတ် ကြွင်းကျန်တော်မူလေရာ ရာမရွာမှ ကောလိယ မင်းများရရှိသည့် ဓာတ်တော်တစိတ် ဌာပနာထားပါသည်။

(၂) ထူပါရုံစေတီတော်မြတ်ကား ဒေဝါနှံပီယတိဿ ကောင်းမှုတော် ဖြစ်သည်။ ဤစေတီတော်မြတ်ကြီး၌ မြတ်စွာဘုရား ညှပ်ရိုးတော် ၎ဝပနာထားပါသည်။

(၃) လောဟပါသာဒ ပြာသာဒ်ကြီးသည်ကား ဒုဋ္ဌဂါမဏိ မင်းကြီး ကောင်းမှုတော်ဖြစ်ပါသည်။ ဤကျောင်းတော်ကြီး၌ ရဟန္တာ အရှင်မြတ်ကြီး တို့ မြောက်မြားစွာ သီတင်းသုံးနေထိုင်တော်မူရာ ဖြစ်ပါသည်။

(၄) သဃ်မိတ္တာ ဒက္ခိဏာသာခါ မဟာဗောဓိပင်တော်သည် ဒေဝါနံပီယတိဿမင်းကြီး ကောင်းမှုတော်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည်မှ သီရိဓမ္မာသောကမင်းကြီးက ဘုရားဖြစ်တော်မူရာ မဟာဗောဓိပင်တောင်ကိုင်းကို သမီးတော် သဃ်မိတ္တာထေရီမနှင့်အတူ ပို့လိုက်သော ဗောဓိပင်တော် ဖြစ်သည်။

(၅) အဋ္ဌဖလ ဗောဓိပင်သည်ကား သဃ်မိတ္တာ ပင့်ဆောင်လာသည့် ဗောဓိပင်ကို ကြိုဆိုနေကြစဉ် အသီးတလုံး ကြွကြွကာ ရှစ်ပင် ပေါက်လေရာ တွင် တပင်ကို ထူပါရုံစေတီတော်အနီး၌ ဒေဝါနံပီယတိဿမင်းကြီး စိုက်ပျိုးထားသည့် ဗောဓိပင်တော်မြတ် ဖြစ်ပါသည်။

နယုန်လဆုတ် ၁၁-ရက်နေ့မှာ ယခင်က ဖူးမြော်ခဲ့သည့် မဟာစေတီ၊ ထူပါရုံစေတီ၊ လောဟပါသာဒ၊ သဃ်မိတ္တာဗောဓိ၊ အဋ္ဌဖလဗောဓိတော် တို့နှင့် တကွ—

၁။ မြတ်စွာဘုရား၏ ခါးပန်းတော်- ဆံတော်ခတ်တော်များ ဌာပနာထားသည့် မဟာသေနမင်းကြီး ကောင်းမှု ဧကဝန စေတီတော်။

၂။ ပိဋကတော် သုံးပုံနှင့် မြတ်စွာဘုရား ဓာတ်တော်များ ဌာပနာထားသည့် အဘယတိဿ ဝေလဂမ္ဘမင်းကြီး ကောင်းမှုတော် အဘယဂိရိဖေတီတော်။

၃။ အနိုးအပါး၌ အဋ္ဌဖလဗောဓိတော် တပင် စိုက်ပျိုးထားသည့် ဒေဝါနံပီယ တိဿ ကောင်းမှု၊ ဣဿရမုနိစေတီတော်။

ဤဘုရားအနိုးအပါး၌ တိရဿဝါပီ ရေကန်ကြီး တည်ရှိပါသည်။ ဤဘုရားသည် ရေကန်၏အနီး တောင်ထွဋ်ကြီးပေါ်၌ တည်ရှိရကား လွန်စွာ တင့်တယ်ကြည်ညိုဖွယ်ကောင်းလှပါသည်။

၄။ လက်ာဒေဝီမိဖုရား၏ကောင်းမှု၊ လက်ာရာမစေတီတော်။

၅။ ဒုဋ္ဌဂါမဏိ မင်းကြီးကောင်းမှု၊ မရိစဝဋ္ဋိစေတီတော်။

၆။ အနုလွှာစေတီတော်။
၇။ ဒက္ခိဏပိဟာရစေတီတော်။
၈။ နိဝတ္တစေတီတော်။
၉။ ပုရာဏအသီဒ္ဓါဟာရကျောင်းတော်။
၁၀။ မယူပါသာဒကျောင်းတော်။
၁၁။ ရာဇာဝါသကျောင်းတော်။
၁၂။ လုတ်တန်ရောကန်မျှား။
၁၃။ နှာနရေချိုးကန်။
၁၄။ ဗုလန်ကုလ ရောကန်တော်။
၁၅။ နဝါရဝေဝမြို့တော် ရောကန်ကြီး။
၁၆။ တိသဝါပိုရောကန်ကြီး။
၁၇။ ဘတ်ဆဝကုလရောကန်။

ရှေးဟောင်း ဓမ္မာရုံ ကျောက်စာ ကျောက်လှေ ကျောက်ဆင်းတု မဟာဂန်ဆင်းတု ကျောက်ဂူ စသည်မျှားနှင့် အနုရာဓမြို့တော်ရှိ ရှေးဟောင်းကျောင်း ကန် ဘုရား စသည်မျှားကို မော်တော်ကားနှင့် လှည့်လည် ကြည့်ရှုဖူးမြော်ကြလေရာ နေ့ဆွမ်းအချိန်နီးသဖြင့် အချိန်မရတော့၍ သာလျှင် ပြန်လာကြရပါသည်။

ဖူးမြော်ကြည့်ရှုရန် ရှေးဟောင်း သုသနာတော် အဆောက်အဦ တော်ကားမျှားပြားလှစွာ ကြွင်းကျန်ရှိပါသေးသည်။ ဤအနုရာဓမြို့တော်ကြီးသည်ကား ရဟန်းတော်မျှား ကံဆောင်တော်မူသည့် မဟာသိမ်တော်ကြီး ဖြစ်လေရကား သာသနာတော် မည်မျှထွန်းကားကြီးပွားခဲ့သည်ကို မှန်းဆ ကြည်ညိုနိုင်လောက်ပြီဟု အောင့်မေ့ပါတော့သည်။

နေ့ဆွမ်းစားပြီး ခေတ္တခဏ နားနေကြပြီးလျှင် နေ့(၂)နာရီ အချိန်မှ ည(၉)နာရီ အချိန်တိုင်အောင် ပဲ့တော်ကြီးအတွင်း လှည့်လည် ကြည့်ရှုကာ မဟာဗောဓိစေတီ၊ ထူပါရုံစေတီ၊ လောဟပါသာဒ အင်္ဂဖလဗောဓိတို့ကို ကူးသန်းသွားလာ ရှိခိုးပူဇော်ကာ အချိန်ကုန်ပါတော့သည်။ အနုရာဓမြို့ မြန်မာကျောင်း ဘုန်းတော်ကြီးအား စရိတ်ငွေတဆယ်လှူခဲ့ပြီး နယုန်လဆုတ်(၂)ရက် နေ့ နံနက်အချိန် အနုရာဓမြို့မှ ထွက်ခဲ့ကြ၍ (စေတီယတောင်၊ မိဿကတောင်) ဟု ရှေးကခေါ်သည့် (မဟိန္ဒလေ့ဟောင်) သို့ သွားကြပါသည်။ ဤတောင်၌ အရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿမင်းကြီး ပဌမတွေ့သော နေရာ၊ အရှင်မဟိန္ဒ သီတင်းသုံးတော်မူသည့်နေရာ၊ မြတ်စွာဘုရား၏ ဥဏ္ဏာလုံမွေ့ရှင်တော်ကို ထည့်သွင်း ဌာပနာထားသည့် ဒေဝါနံပိယတိဿမင်းကြီး ကောင်းမှု သေလစေတီ

တော်၊ အရှင်မဟိန္ဒ၏ဓာတ်တော်များ ဌာပနာထားသဲ့သည့် အမွှတ္ထလစေတီတော်၊ သုမနသာမဏေ အနုရာဓ တမြို့လုံး ကြားအောင် တရား ကြွေးကြော်သည့် နေရာ စသည်ဖြင့် ရှေးဟောင်းကျောင်းကန်ဘုရား သာသနာတော် အဆောက် အဦ နေရာ မြောက်မြားစွာ ရှိပါသည်။

တောင်ပေါ်၌ ဘုရားပုထိုးများ ရှိခိုးပူဇော် ဖူးမြော်လှည့်လည်ကြပြီး လျှင် နေ့ဆွမ်းအချိန်နီးသဖြင့် မဟိန္ဒလေ့မြို့ ဗိုလ်တဲကြီးသို့ လာရောက်ကြပါသည်။ ၎င်း ဗိုလ်တဲကြီးတွင် ဆွမ်းကိစ္စများ ပြီးလျှင် ဒေလီကိတ်ကြီးတွေ့ အစည်းအဝေးဖွင့်ကာ အသီးသီး ဟောပြောကြပါသည်။ ဓာတ်ပုံများရိုက် နှုတ်ခွန်းဆက်ပြီး (၂)နာရီအချိန်ခန့် ထွက်လာကြလေရာ ညနေ (၅)နာရီအချိန် ပုလဟိုမြို့တော်ဟောင်း (ပေါ်လုနဝရုမြို့)သို့ ရောက်ကြ၍ မိနေရိယရေကန်ကြီး အနီး ဟော်တယ်ကြီးမှာ ညအိပ်ကြရပါသည်။

နယုန်လဆုတ် ၃·ရက် နံနက်အချိန် ၎င်းဟော်တယ်၌ ကော်ဖီနှင့်မုန့်များ စားသောက်ကြပြီးလျှင် အတီးအမှုတ် အကအခုန် အမျိုးမျိုးသော အကြိုအဆို များနှင့် ပရက္ကမဗာဟုမင်းကြီးကောင်းမှုတော်၊ စေတီရုပ်ပွား ဘုရားပုထိုးတော် များသို့သွားရောက် ဖူးမြော် ပူဇော်ကန်တော့ကြပြီးလျှင် မင်းကြီး၏ ဆရာ (မဟာမေဓင်္ကာရ)သို့မဟုတ် သိဟိုဠ်အရှင် ကဿပ ကျောင်းတော်များနှင့် ရှေး ဟောင်း ကျောင်းကန်ဘုရားစသော သာသနာတော် အဆောက်အဦများ၊ ပရက္ကမဗာဟုမင်းကြီး၏ နန်းတော်ရာလှတ်တော်ရုံးများကို လှည့်လည်ဖူးမြော် ပူဇော်ကြည့်ရှုကြပါသည်။ (၁၁)နာရီအချိန် ပေါလုနဝရုမြို့ လမ်း၏ အနီး အဆောက်အဦကြီး၌ နေ့ဆွမ်းများ ကပ်ပြီးလျှင် ကုယ်စားလှယ်ကြီးများ အသီးသီး ဟောပြော နှုတ်ခွန်းများ ဆက်ကာ ဟော်တယ်သို့ ပြန်လာကြပါသည်။

(ဤပုလဟိုမြို့ဟောင်း) ပေါလုနဝရုမြို့သည် သီရိပဏ္ဍိတဘွဲ့ခံ ပရက္ကမ-ဗာဟုမင်းကြီး ထီးနန်းစိုက်ရာ မြို့တော်ဟောင်းကြီးဖြစ်ပါသည်။ မင်းကြီးကိုယ် တိုင် ကျမ်းဂန်တက်သည့် ပညာရှိ ဖြစ်တော်မူသည့်အပြင် မဟေးကြီး၏ ဆရာ (မဟာမေဓင်္ကာရ)၊သို့မဟုတ် သိဟိုဠ်အရှင်ကဿပ မထေရ်သည်လည်း ကျမ်းဂန် တတ်သိ အလွန်ပညာရှိတော်မူသောကြောင့် ၎င်းတို့ လက်ထက်တော်မှာ များ စွာ ပညာရှိထွက်တော်မူသည့် နေရာဖြစ်ပါသည်။ နေမိရိယ ရေကန်ကြီးသည် ပင်လယ်ကြီးတမျှ ကြီးကျယ် ခန်းနားလေရကား မြို့တော်၏ ကျက်သရေကို များစွာ တိုးတက်စေပါသည်။ ရာသီဥတုမှာ မပူမအေးဖြစ်၍ တောတောင် သစ်ပင်များ စိမ်းလန်းစိုပြေ နေချင်စဖွယ် တင့်တယ် ကောင်းမွန်လှပါသည်။

နေ့(၁၂)နာရီအချိန် ဟော်တယ်မှ အိပ်ရာလိပ် စသော ပစ္စည်းများ ကားပေါ်သို့တင်ကာ ထွက်ခဲ့ကြလေရာ(၄)နာရီ အချိန်မှာ (ဆီးဂရီးယား မြို့)

ကျောက်တောင်ကြီးသို့ ရောက်ကြပါသည်။ ကျောက်တောင်ကြီးသည်ကား ချီးမွမ်းအံ့သြလောက်အောင် မြင့်မောတက်ရပါသည်။ သံဝဏ္ဍာရာဘုရား အတုံးတကြွယ် တွယ်ကပ်တပ်ဆင်ထားလေသောကြောင့် တောင်တိုင်ကို ပတ်ရောက်ကာ တောင်မြောက်လေးပါး ရှုစားနိုင်ပါသည်။ တောင်ကြီး၏ အလယ်ခုလတ် အလယ် တောင်ခြေ၌ ကျောက်ခရုကန် စရပ် ကျောက်ဂေဟာစေတီး ကျောက်ဂူများရှိ၍ နေထိုင်စရာတောင်းလှပါသည်။ ယောင်္ကျားတို့ ဘုရင်မဆင်းပဲ နေဘူးသည်ဟု တဆင့်စကား ကြားသိခဲ့ရပါသည်။

ဆီးဂရီးယားမြို့မှ ညဉ့်နေ (၅)နာရီအချိန် ယွက်ဟာခဲ့ကြလေရာ (၆) နာရီအချိန်မှာ ဇမ္ဗူလမြို့သို့ရောက်ကြ၍ ၎င်းမြို့ ဟောင်တယ်မှာ ညဘိပ်ကြရပါသည်။ နယုန်လဆုတ်(၄)ရက် နံနက်(၇)နာရီအချိန် အဟိုးဟမူဟယ်ဒရာဘဆိုများနှင့် ဇမ္ဗူလလိုဏ်ကြီးရှိရာ ဟောင်းပါသို့ ဘွားကြပါသည်။ ဤလိုဏ်ကြီးသည် အလျား ပေ(၃၀၀)ခန့် ဗဟုံးပေ(၃၀)ခန့်ရှိသည်ဟု ခန့်မှန်းရပါသည်။ ရှေးအခါက ရဟန္တာ(၁၀၀၀၀၀)ကသိန်း ဂုဏ်ထိုင်သိတင်းသုံးသည်ဟု ကျော်စောပါသည်။

စေတီရုပ်ပွား ဘုရားဆင်းတုတော်များ ရှိခိုးပူဇော်ကြ၍ ၎င်းလိုဏ်ကြီး အကြောင်းအခြင်းအရာများကို ဒေါက်တာပါလာဆောကရက ပြောပြပြီးလျှင် တောင်ပေါ်မှ ဆင်းလာကြလေရာ (ဇမ္ဗူလမြို့)ထဲမှ ယော်တော်ကားများ အသင့်စောင့်ဆိုင်းကာ ကြိုဆိုနေကြသဖြင့် ကားများပေါ်သို့တက်ကာ(၉)နာရီမှာ ထွက်လာကြပါသည်။

၁၀-နာရီအချိန် ရှေးအခေါ် မလယဇနပုဒ် မာတလေမြို့နယ် ဘုန်းတော်ကြီးကျောင်း ဘုရား ဂန္ဓကုဋီတိုက်ဇကာ်ကို ဝင်ရောက် ဖူးမြော်ကြပါသည်။ ဘုရားရုပ်ပွားတော်များနှင့် ဗုဒ္ဓဝင် ရုပ်လုံး ပန်းချီ ဆေးရုပ်များ လွှန်စွာ သဘာဝကျ၍ သရက်ပင်လုံးမှ သရက်သီးများ ချက်ချင်း ခူးစားချင် လောက်အောင်၊ ဖေဝဒတ်နှင့် စိဉ္စမာန မြေမျိုမိုးလာ ဇနသည်မှာ ကြည့် ရသူများ တကယ့်လူကို မီးဇလာင်မြေမျိုဇနသည်ပမာ ကြောက်စိတ် သန်းစိတ်များ ဖြစ်ပွားလာလောက်အောင် လက်ရာမြောက်လှပေသည်။ ၎င်းဘုရားမှ ကားများ ဆက်လက် ထွက်ကြလေရာ မကြာမြင့်မီပင် ကြီးကျယ်ခမ်းနားစည်ကားလှစွာ ပြင်ဆင်ကြံဆိုနေကြသည့် (မာတဇလမြို့)မြို့တော်ဝေဘားဟာရုပ်ရှင်ရုံကြီးသို့ ဆိုက်ရောက်ကြပါတော့သည်။

ဤဟောကြီး၌ နေ့ဆွမ်းဆက်ကပ်သည်မှာ ပြည့်စုံဖွယ်ရာကောင်းမွန်လှပါသည်။ ဟင်းကိစ္စပြီးစီးသောအခါ ကိုယ်စားလှယ်ကြီးများနှင့် ဒေါက်တာမာလာဆောကရတို့ အသီးသီး ဟောပြောကြပြီး ဆက်လက် ထွက်ခွာလာခဲ့လေ

ရာ ၂၂-နာရီအခါနှမှာ (ကန္ဒီမြို့ စွယ်တော် တိုက်ကြီး) သို့ ဆိုက်ရောက် ကြွပါတော့သည်။ စွယ်တော်တိုက်ကြီးကို အတီးအမှုတ်များနှင့် ခမ်းနား သိုက်မြိုက်လှစွာ မြန်မာဆရာတော်ကြီး ဦးဝိနယာလင်္ကာရနှင့် စွယ်တော် အမတ်ကြီးတို့က ဖွင့်လှစ်ကြ၍ ကမ္ဘာ့ကိုယ်စားလှယ်ကြီးများအား စပါယ်ရှယ်အထူး ရှေးဦးပထမဖူးမြော်ကြရန် အခွင့်အရေး ကောင်းစွာပေးကြပါသည်။ စွယ်တော်မြတ်ကို အထပ်ထပ်အကြိမ်ကြိမ် ဦးနှိမ်ညွတ်လျှိုး ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ကန်တော့ကြပြီးလျှင် ဆရာတော် ဦးဝိနယာလင်္ကာရ စီစဉ် ဆောက်လုပ်နေဆဲဖြစ်သည့် စွယ်ဟောင်တိုက်ကြီးကို အောက်ထပ် အထက်ထပ် အလယ်ထပ်များ နှံ့နှံ့စပ်စပ် တက်ရောက်ကြည့်ရှုကြလေရာ များစွာသပ်ရပ် ခိုင်ခံ့ ကြီးကျယ်ထယ်ဝါသိုက်မြိုက် အဖိုးထိုက် အဖိုးတန် စီမံထားပုံအားလုံးတို့မှာ အံ့သြ ချီးမွမ်း၍ မကုန်နိုင်အောင် ကောင်းမွန်လှပါပေသည်။

တချို့ကိုယ်စားလှယ်များ စာသင်ကျောင်း၌ နေရာချထား၍ တချို့ကား ဟိုတယ်မှာတည်းကြပါသည်။ ဆရာတော်တို့မှာ မြန်မာများ ဖြစ်ကြ၍ ဆရာတော် ဦးဝိနယာလင်္ကာရ၏ ကန္ဒီမြို့ မြန်မာကျောင်းတိုက်သို့ သွားရောက် နေထိုင်ကြပါသည်။ ကျောင်းတိုက် အဆောက်အဦများ သာယာနှစ်သက်ဖွယ်ကောင်းမွန်လှပါသည်။ ဤကျောင်းတိုက်၌ ဆရာတော်၏ တပည့် သမဂ္ဂ ဘုန်းတော်ကြီး ဦးဉာဏ ကြီးမှူးအုပ်ချုပ်နေပါသည်။ ညနေ ၅-၃၀ ရီ အခါ၌ ကန္ဒီမြို့ မြို့တော် ရေကန်ကြီးအနီး ဘုန်းတော်ကြီးကျောင်း ရဟန်းသီလရှင်တပ်ပဲ့သို့ သွားရောက် ကြပြီး ရေကန်ကို ပတ်မိုးအောင် မော်တော်ကားနှင့် လှည့်လည်ကြည့်ရှုကြပြီး ပြန်လာကြပါသည်။ ထိုညမှာ ကမ္ဘာ့ ကိုယ်စားလှယ်ကြီးများ အတွက် စွယ်တော်လှည့် ပွဲတော်ကြီး အထူးဆင်နွှဲပါသည်။ စွယ်တော်တိုက်ကြီးကို လျှပ်စစ်မီးများ ဆန်းပြားလှစွာ ထွန်းညှိပူဇော်ထားပါသည်။

ရောပ်ခြည်တော် ကွန်မြူးနေပုံ မီးရောင်စုံ ပြောင်းလဲ၍ အနည်းနည်း အဖုံဖုံ အစွမ်းကုန် တခမ်းတနား အဆန်းအပြား အထွေထွေ ကျက်သရေ အပေါင်းတို့နှင့် ကောင်းကောင်းကြီး ပြည့်စုံလေရကား သက်ကောင်ထင်ရှားမြတ်စွာဘုရားအား ပူဇော်ရသည့်အလား ပီတိသောမနဿ အထပ်ထပ်ဖြစ်ကြရပါတော့သည်။ ၉-နာရီအခါနှ ရောက်သောအခါ ကကြိုးတန်ဆာရတနာတို့ဖြင့် ကောင်းစွာပြုပြင်စီစဉ်ထားသည့် ဆင်တော်ကြီးတွေ၊ မြောက်မြားလှစွာ ရတနာ စိန်ကျောက်တို့ဖြင့် ထိန်ထိန်တောက် စီခြယ်ထားသည့် ရှေ့ဘောင်း၊ ရှေ့စလယ်၊ နှစ်ခြေနင်း ဆင်ယင်ဝတ်စားလာသည့် စွယ်တော်အမတ်ကြီးတွေ မြောက်မြားလှစွာ အထွေထွေအရာရာ ပြိုးပြိုးပြက်ပြက် တလက်လက် ပတ်ဆင်ထားကြသည်။ အတီးသမားများ၊ အကသမား မြောက်မြားလှစွာတို့သည် ပရသုတ်ပြီးဟသုပ် တဖွဲပြီးတဖွဲ ဖြစ်လည့်ကျ မပျက်လာကြသည်။

စွယ်တော်မြတ် လှည့်လည်ပုံ ဆင်နွှဲပုံ

ပထမ ကြိုးတန်ဆာတို့ဖြင့် ကောင်းစွာပြုပြင်စီစဉ်ထားသည့် ဆင်တော်ကြီးတစီး ဝင်လာပြီးလျှင် ဓာတ်တော်တိုက်ကြီး ဆင်ဝင်စမုခ်မှ ကြိုဆိုဆိုင်းငံ့ကာ နေရပါတော့သည်။ တိုအခါ စွယ်တော်တိုက်ကြီး အပေါ်ဆင့် နတ်လမ်းစောင်းတန်းလှေကားမှ လျှပ်စစ်မီးများ အရောင်စုံ ကွန့်မြူးလျက် ကြည်နူးဖွယ် ပင့်ဆောင်လာသည့် စွယ်တော်မြတ်အသုံးအဆောင် ရွှေညောင်ဇရပ်အိုး၊ ရွှေပန်းခိုင်များကို ဆင်တော်ကြီးပေါ်သို့ တင်ဆောင်ကာ ကြွတော်မူလာပါသည်။ ထိုအခါ စွယ်တော်တိုက်ဝင်းတံခါးမှ အသင့်ကြိုဆိုဆိုင်းငံ့ကာ နေကြသည် ဆင်တော်ကြီးလေးစီးတို့က ခြံရံကာ လိုက်ကြရပါသည်။ ဆင်တော်ကြီးများနောက်မှ ပြိုးပြိုးပြက်ပြက် တလက်လက် ဝတ်ဆင်ထားကြသည့် အတီးသမား အကသမား တဆယ့်လေးငါးယောက်တို့က တီးမှုတ်ကခုန်ကာ လိုက်ကြရပါသည်။ ၎င်းတို့နောက်မှ ရတနာစိန်ကျောက်တို့ဖြင့် ထိုးထိန်တောက် ဝတ်စား လာသည့် စွယ်တော်အမတ်ကြီးများကို ကိုယ်ရံတော်များက ခြံရံကာ လိုက်ကြရပါသည်။

ထို့နောက်မှ ပထမနည်းအတိုင်းပင် ဆင်တော်ကြီးတစီး ဝင်လာပြီးလျှင် စွယ်တော်တိုက်ကြီး ဆင်ဝင်မုခ်ဝမှ ပြိုဆိုဆိုင်းငံ့ကာ နေပြန်သောအခါ စွယ်တော်တိုက်ကြီးအပေါ်ဆင်း နတ်လမ်းစောင်းတန်း လှေကားမှ လျှပ်စစ်မီးများ ရောင်ခြည်တော် ကွန့်မြူးနေပုံ မီးရောင်စုံပြောင်းလဲပြီး အနည်းနည်း အဖုံဖုံ အစုမ်းကုန် တခမ်းတနား အဆန်းအပြား အထွေထွေတို့ဖြင့် ကျက်သရေမင်္ဂလာရှိလှစွာနှင့် စွယ်တော်မြတ် ကြွဆင်းတော်မူလာသည်။ ထိုအခါ အသင့်ကြိုဆိုကာနေကြသည့် ဆင်တော်ကြီးပေါ်သို့ ပင့်ဆောင်ကာ တွဲကြွတော် မူသည်တွင် ယခင်နည်းပင် ဆင်တော်ကြီးလေးစီးတို့က ခြံရံကာ လိုက်ကြရပါသည်။ ဆင်တော်ကြီးများနောက်မှ ပြိုးပြိုးပြက်ပြတ် တလက်လက် ဝတ်ဆင် ထားကြသည့် အတီးသမား အကသမား တဆယ့်လေးငါးယောက်တို့က တီးမှုတ်ကခုန်ကာ လိုက်ကြရပါသည်။ ၎င်းတို့နောက်မှ ရတနာ စိန်ကျောက်တို့ဖြင့် ထိုးထိန်တောက်ဝတ်စားလာသည့် စွယ်တော်အမတ်ကြီးက ကိုယ်ရံတော်များ ခြံရံကာ လိုက်ကြရပါသည်။

ဤနည်းအတိုင်းပင် ကျောင်းတော် ကြွက်တော် နေရာတော် ကလပ်တော်မှစ၍ စွယ်တော်မြတ်အသုံးအဆောင် ပူဇော်ရာအဖြာဖြာတို့ကို တသုတ်ပြီးတသုတ် တဖွဲ့ပြီးတဖွဲ့ အလှည့်ကျ ပင့်ဆောင်လှည့်လည်တော် မူကြလေရာ ကန္ဒီမြို့ကို ပတ်မိသော်လည်း ဆင်တော်စုအတီးအကစုအမတ်စုတို့သည်ကားပြတ်လပ်သွားသည်မရှိ ရှေ့နောက် စပ်ထိနေပါတော့သည်။ ဤသို့ တကြိမ်တခါမျှ မမြင်ဘူးအောင် ထူးမြတ်ဆန်းကြယ် အံ့သြဘွယ်ကောင်းလှသည့် စွယ်တော်

မြတ်လှည့်ပွဲကြီးကို ကြည့်ရှုဖူးမြော် ပူဇော်ကြပြီးလျှင် ည ၁၁-နာရီ အချိန်တွင် ကျောင်းသို့ပြန်ကာ အိပ်ကြပါသည်။ ဤကန်ဒီမြို့သည် တောင်ကုန်းပေါ်၌တည် ရှိသော ဒေတောင်စဉ်းမြို့ ဖြစ်ပါသည်။

ကမ်းပါး၊ ရှိခဲ့ရောင်၊ တောတောင် သစ်ပင်၊ ညဘက်၊ရေကန်၊ ပန်းခြံ မျှားနှင့် စိမ်းလန်းစိုခဲ့ပြ၍ နေချင်စရာကောင်းလှပါသည်။ မြို့ကည်နေပုံမှာ ဆရာတော်တို့ ဒေတိုင်ရာ ကလေးမြို့နှင့် ဆင်တူရိုးမှား မထူးခြားလှပါ။ ရာသီဥတုမှာ ကလေမြို့လောက် မဒေးလှသေဘ်လည်း မျက ကောင်းပွန်၍ လွန်စွာပူလှသည်မဟုတ်ပါ။ ကြိုးကျယ်ခမ်းနားစည်ကားခြင်းကား ကလောမြို့ထက် ထူးခြားပါသည်။

နယုန်လဆုတ်၅-ရက် နံနက်၈-နာရီအချိန် ကန်ဒီမြို့မှ ထွက်ခဲ့ကြလေရာ ကိုလန်ဘိုမြို့ ဆရာတော်တို့ဟည်းခိုနေထိုင်ရာ ဆရာတော် ဦးဝိနယာလင်္ကာရ၏ မြန်မာကျောင်းတိုက်သို့ ၁၁-နာရီအချိန် ပြန်ရောက်ကြကာ နေ့ဆွမ်း ဘုဉ်းပေးကြပါသည်။ ၎င်းနေ့ ၂-နာရီအချိန် ကိုလန်ဘိုမှ ၄၅-မိုင်ခန့်ဝေးကွာသည့် ကုလုတရမြို့သို့ သွားရောက်ကြပြီး အစည်းအဝေးဖွင့်ကာ သာသနာတော် အရေး ကမ္ဘာ့ပြဿနာများရေး ဆွေးနွေးဟောပြောကြကာ ပြန်လာကြလေရာ ၎င်းည ၈-နာရီ အချိန်မှာ ကိုလန်ဘိုမြို့သို့ ပြန်ရောက်ကြပါသည်။

နယုန်လဆုတ် ၆-ရက်နေ့မှာ ကိုလန်ဘိုမြို့ ဝိုင်-အမ်-ဘီအေ၌ ဆက်လက် ဆွေးနွေး ဆုံးဖြတ်ကြပါသည်။ နယုန်လဆုတ် ၇-ရက်နံနက် ဝိုင်-အမ်-ဘီ-အေ၌ စည်းဝေးကြပြီး သီဟိုဠ်ကျွန်း မြန်မာနိုင်ငံတော် သံအဖွဲ့ကြီး ဦးတင့်ဆွေအိမ်၌ မြန်မာနိုင်ငံ အစိုးရ ရှေ့နေချုပ်ကြီး ဦးချန်ထွန်းက မြန်မာရဟန်းတော် ၁၅-ပါးတို့အား မြန်မာဆွမ်း မြန်မာဟင်းမျှားနှင့် ကောင်းကောင်း မွန်မွန် တင့်တင့် တယ်တယ် ဖွယ်ဖွယ်ရာရာ နေ့ဆွမ်း ကပ်လှူပါသည်။ မြန်မာ ရဟန်းတော် သံဃာတော်များ မြန်မာဆွမ်းနှင့် ကင်းကွာခဲ့နေကြရသည်မှာ တော်တော်ကြာသွားကြလေပြီ ဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ အားရပါးရ ဘုဉ်းပေးတော်မူကြပါသည်။ ဆွမ်းဘုဉ်းပေးပြီးသည့် အခါ မြန်မာရဟန်းတော်များ ခေါင်းဆောင် ရဟန်းကုန်မြို့ အလယ်ဒေသရဆရာတော် ဦးရေဝတမထေရ်ကြီးက ဆွမ်းအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပါသည်။

၎င်းနေ့ ၂-နာရီအချိန် ဝိုင်-အမ်-ဘီ-အေ၌ ဆက်လက်စည်းဝေး ဆွေးနွေးကြပါသည်။ ၎င်းညနေ ၄-နာရီအချိန် သီဟိုဠ်ဘုရင်ခံ၏ ဖိတ်မန်ချက်အရ ဘုရင်ခံအိမ်သို့ သွားကြပါသည်။ ဘုရင်ခံသည် ဝမ်းမြောက်ဝမ်းသာ ဆီးကြိုနှုတ်ဆက်ကာ ဓနုရုမျှားပေးပြီး အစည်းအဝေးဖွင့်ကာ ယခုလို ပုဒ္ဓဘာသာ

ကမ္ဘာ့ဒေလီကိတ်ကြီးများနှင့် တွေ့ဆုံရသည်မှာ များစွာ ဝမ်းမြောက်လှပါ ကြောင်းနှင့် ဗုဒ္ဓဘာသာကို အကြိမ်များစွာ အားပေးဆောင်ရွက်ခဲ့သည်ကို ပြောကြားလေရာ အားလုံးသော ဒေလီကိတ်များ၏ ကိုယ်စားလှယ် မြန်မာ့ရွှေ နေချုပ်ကြီးနှင့် အခြားဒေလီကိတ်နှစ်ဦးတို့က ယခုလို ဘုရင်ခံက ဖိတ်မန်ကာ ဝတ်တရား ကျေပွန်စွာနှင့် ငည့်ခံခြင်း၊ နွှတ်ဆက်ခြင်းများအတွက် ဒေလီကိတ် ကြီးများက များစွာနှစ်သက် ဝမ်းမြောက်ကြောင်း၊ကျေးဇူးတင်ကြောင်းများ ပြန်ကြားပြောဆိုကြပါသည်။

ထိုနေ့က ရဟန်းတော်များအား လင်မနစ်၊လိုင်းမကျူးများ ကပ်လှူ ပါသည်။ လူများအား လာရောက်ရည်ပွဲဖြင့် ညှဉ်ခံပါသည်၊ ဆရာတော်တို့သည် လူများ လာရောက်ရည်ပွဲ ပြီးဆုံးအောင် မနေကြတော့ပဲ ဘုရင်ခံဒေါ်မ လှည့်လည် ကြည့်ရှုပြီး ပြန်လာကြပါသည်။ ဘုရင်ခံ၏အိမ်တော်မှာ ပြောစရာလို့တော့ပါ၊ ရှင်ဘုရင်ပုဆိုး ပိုးချည်း ဆိုးကလို ကြီးကျယ် ခမ်းနားလှပါသည်။ ကူးခြား မှတ်သားရန်တချက်မှာ သီဟိုဠ်၌ နေထိုင် အုပ်ချုပ်သူးသည့် ဘုရင်ခံ အားလုံး တို့၏ အဝေးကြောင်းအရာများနှင့် ပုံတူကားကြီးတွေ ညှဉ်ခန်း၌ ဆွဲချိတ်ထား သည်မှာ(၂၀)ခန့်ရှိမည်ဟု တင်မှတ်ခဲ့ပါသည်။

နယူးလဆုတ် ဂ-ဂုက် ကိုလန်ဘိုမြို့ (ဝဇီရာမယ)ကျောင်းတိုက်က ဖိတ် ကြားချက်အရ ထိုးကျောင်းတိုက်မှာ အားလုံးသော ကိုယ်စားလှယ်များ နေ့ ဆွမ်းစားကြပါသည်။ ကျေးမွေးခြင်းနှင့် အဆောက်အဦများ သားနားကောင်း မွန်လှပါသည်။ ဤကျောင်းတိုက်သည် အနေအထိုင် အကျင့်စာရိတ္တ ကောင်း လှသည်ဟု ယခုတိုင် သီဟိုဠ်ကျန်းမာ ကျော်စောပါသည်။ ဤ ကျောင်းတိုက်မှ ဦးနာရဒ ကိုယ်တော်သည် အင်္ဂလိပ်စာ တတ်ခြင်း၊ တရားဟော ကောင်းခြင်း များဖြင့် ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထိုနေ့(၂)နာရီအချိန် ကိုလန် ဘိုမှ မိုင် ၂၀ ကွာသည့် မောရဓ္ဓဝ မြို့သို့ သွားကြပါသည်။ မြို့ အဝင်မှ စည်းဝေးပွဲနေရာ ဓမ္မသာလာဟော ကြီးသို့အထိ တမိုင်ကျော်ရှည်လျားသည့် လမ်းမကြီးကို ဝမ်းနားလှစွာ ရာဇမတ်များ၊ ဗိတာန်များ ကာမိုး ဆင်ယင် ပြီး ဒာဝီးအပျင်များနှင့် သားသားနားနား ကြိုဆိုကြပါသည်။

စည်းဝေးရာ ဓမ္မသာလာဟော ကြီးကား ပြောစရာမရှိဒေသဝင် ကြီးကျယ် ခမ်းနားလှပါသည်။ ဓာတ်မီးချောင်း ပန်ကာ စားပွဲ ကုလားထိုင် အသံခွဲ ကိရိယာ စသည် ပြည့်စုံဖွယ်ရာလှပါသည်။ဒေါက်တာမာလာဇာတရန္ဒ အား လုံး ကိုယ်စားလှယ်ကြီး အထိုးထိုး ပေါပြောကြပါသည်။ ညနေ ၄-နာရီ အချိန် ကြုံလာကြသော ကိုလန်ဘိုမြို့ ပြတိုက်ကြီးအနီး(မဟာဗောဓိရာဂျပိုင်) အဝေးတက်အဉီမှာ ထမ္ဘာ ကိုယ်စားလှယ်ကြီးများ နောက်ဆုံးအကြိမ် စည်း ဝေးကြပါသည်။

ကျွဲမှနောက်၌ကား(ဖြစ်ပျက် ရက္ခုန်၊ သုံးပါးဘုံ၊ ပေါင်းဆုံကွဲမည်သာ။ ပဋိစ္စမောတ်၊သာမုပ္ပါဒ်၊ရဟတ် ခြားစကြာ။ဖန်ဖန်ထပ်ထပ်၊ စဉ်မပြတ်၊ ပတ်ပတ်လည်ချာချာ) ဟူသော ငါတို့၏ ကျေးဇူးတော်အရှင် အင်းမကြီးသိမ်တောင် ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် သံပေါက်လက်ဝါကဗျာသဲဘောတရားအတိုင်း ကမ္ဘာ့ ကိုယ်စားလှယ်ကြီးများ တစုတရုံး အားလုံးပေါင်းဆုံတွေ့ကြုံရခြင်းကား အလျှင်းရှိကြတော့မည်မဟုတ်ပါ။ မိမိသဘော အတွေနောမတိ အလိုရှိရာ သွားလာလှည့်လည် ကိုယ်ကျင့်ဒုစရိုက် အစီအရီသာ ပြုကြရတော့မည်သာ ဖြစ်ပါသည်။

နယုန်လဆန်း ၁၀-ရက် အစပဌမ ကန္ဒီမြို့ အစည်းအဝေးမှ နယုန်လဆုတ် ဂ-ရက် ပေါရုဏ္ဏဝမြို့ နှောက်ခံ အစည်းအဝေးထိ ၁၄-ရက်အတွင်း သွားလာခြင်းဗျာ၊ လှည့်လည်ခြင်း၊ စည်းဝေးခြင်း၊ စားသောက်ခြင်းများ အတွက် ကုန်ကျစရိတ်ကို ဒေလီကိတ်ဗျာက လုံဝ မဝံကြရပါ။ ကွန်ဖရင့်ကြီး အကျိုးတော်ဆောင် ဒေါက်တာပဒေလာဆေကရတို့ ဆောင်ရွက်ချက်အရ ၎ငှာန အသီးသီးတို့က တာဝန်ယူကြလိုပုံမရသော်ဟု ယူဆခဲ့ကြပါသည်။ ကွန်ဖရင့်ကြီး အစအလယ် အဆုံး သုံးပါးလုံး ပြောပြောကောင်းအောင် ဒနစ်ရက်သက် ဆောင်ရွက်သည်မှာ ဒေါက်တာမဟာလာဆေကရ ဖြစ်ပါသည်။ ၎င်း အား ကူညီကြသူများမှာ မြန်မာဂရုဒနေချုပ်ကြီး ဦးချန်သိန်းနှင့် မြန်မာ ရာဇဝတ်ဝန်ကြီးဟောင်း ဟာဂ်လန်ကိုယ်စားလှယ် ဒေလာကျပ်နရယ် ဦးဝန်လှအောင်တို့ ဖြစ်ပါသည်။

နယုန်လဆုတ် ၉-ရက်မှာ ကိုယ်ဝန်ကိုယ်ထမ် ကိုယ့်လမ်းကိုယ်သွား ကိုယ့်မြင်းကိုယ်စီး စစ်ဂိုဏ်းဂဏာတက်) ဆိုတာလို ဒေလီဂျာသွားခဲ့ ပြန်ခိုင်ကြလေပြီ။ သို့ရာတွင် ဘရာဝေဘတ်ဗိုမှာ ဂိုဝိဋ်ဂျန်းတွင် မရောက်ရသေးသည့် ဂျာနယ်များသို့ သွားရောက်ပြုမသောလျှင် ဂိုဝိဋ်ဂျန်းပုဂ္ဂလိကဂုဏ် ရည်ရွယ်ကြပါသည်။

နယုန်လဆုတ် ဂ ရက်နေ့မှာ ပိုးရာဇနသဖြင့် ဘင်္ဂလိုမှ မဘွာ.နိုင်၊ ကျောင်းတွင်းသာ နေကိုင်ကြပါသည်။ ၎င်းညမှာ ဦးဓလာကနာတ အင်္ဂလိပ်စကားဖြင့် ပဒ္ဓကာသာဂရား အသံဖျဲစက်ဖြင့် ဟောကြားပါသည်။ ဦးလောက နာဂသာကာကား ဒိုကလိုဂူဂျီး ဖြန်ဟေဗုဒ္ဓဘဘသာ သက်နှံးဝတ်ကားဂျ မြန်ဟေနိုင်ငံက စက်တန့်နှင့် အဝေပဂိုကန်နိုင်ငံဘို ဗုဒ္ဓသာသနာပြု သွားသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဗိဝိဋ်ဂျန်းကွန်းဖရင့်သို့ အိဘလိကိုယ်စားလှယ်အဖြစ် သွားကိုယ်သူခန့်ပြီး ဆရာတော်ဂျိုနေထိုင်ရာ ကျောင်းတိုက်၏ အစွန်ကျောင်း ကလေးမှာ ဘာရောက်နေလိုင်ခြင်း ဖြစ်ပါသည်။

ရဟန်းတော်ကား မဟုတ်ပါ။ သာဝ်မဏေဟု သိရှိခဲ့ရပါသည်။ နယုန်လဆုတ် ၁၀-ရက် ၁-နာရီအချိန် ကိုလန်ဘိုမြို အသောကာရာမ ကျောင်းနှင့် ဘုရား ဂူသိပတနာရာမ ကျောင်းနှင့် ဘုရားများသို့ မကူဋ္ဌာရာမ မြန်မာကျောင်းတိုက်မှ ပုသိမ်မြို့ဇာတိ ဦးသောဘဏ ကိုယ်တော်နှင့် သွားရောက်ကြပါသည်။ အသောကာရာမသည်ကား ယိုးဒယားဂိုဏ်း ဖြစ်ပါသည်။ ဂူသိပတနာရာမသည်ကား အမရပူရဂိုဏ်း ဖြစ်ပါသည်။ နှစ်ကျောင်းတိုက်လုံးပင် ဘုရား ဂန္ဓကုဋီတိုက်များ ခမ်းနားကောင်းမွန်လှပါသည်။အသောကာရာမ ဆရာတော်ကြီးသည် ဆရာတော်ဘုရားအား ဒေလိကိတ်များဖြစ်၍ အထူး ဖော်ရွေလှစွာဖြင့် ကြိုဆိုပါသည်။ ၎င်းကျောင်း၌ ပြတိုက်ကဲ့သို့ ထူးသန်းသော ငါးများ သစ်ပင်ပန်းပင်များ စိစဉ်ထားပါသည်။ ဂူသိပတနာရာမ၌ ကျောင်းထိုင်ဘုန်းကြီးနှင့် မဇ္ဈရပါ။ မြန်မာပြည် ရွှေကျင်မြို့ဇာတိ ဦးမွေပါလနှင့် သီဟိုဠ်သား ဓမ္မကထိက ဦးပဉ္ဇင်းဟပါး တွေ့ရသဖြင့် ရင်းနှီးစွာ ပြောဆိုနေထိုင် ဆက်ဆံခဲ့ပါသည်။ ၎င်းကျောင်းတိုက် စေတီကြီးကား သားနား ခန့်ထယ် ကြည်ညိုဘွယ် ကောင်းလှပါသည်။ ၎င်းစေတီကြီးနှင့် တူစွာ ကလော မှာ တည်ထားကိုးကွယ်လိုသော ဆန္ဒများ များစွာဖြစ်လေရကား ပေးမြန်း ခန့်မှန်းခဲ့ရာ အမြင့် ၆၃-ပေခန့် ဘိနပ်တောင်အတောင် ၄၀-ခန့်ရှိ၍ ပုံစံတော် မှာ မြန်မာခေါင်းလောင်း မျောက်ထားသကဲ့သို့ စစ်ကိုင်း ကောင်းမှုတောင်ကြီးနှင့် ဆင်တူပါသည်။

နယုန်လဆုတ် ၁၁-ရက်နေ့ ၁-နာရီ အချိန် ကိုလံဘိုမြို မြူစိယံပြတိုက်၊ တိရစ္ဆာန်ရုံ ၎င်းအနီး ဘုန်းကြီးကျောင်း သဘော်ဆိပ် ၎င်းတို့ကိုသွားရောက် ကြည့်ရှုပါသည်။ ပြတိုက် အဆောက်အဦများ ကြီးကျယ်ခမ်းနားလှပါသည်။ ပစ္စည်းများလည်း လိုသည်မရှိ ကြည့်ရှုမကုန် ပြည့်စုံလှပါသည်။ လုံးပတ် (၁၅) တောင်ခန့် ရှိသည့် ငါးခေါင်းရိုးကြီးနှင့် ၎င်း၏ ကိုယ်ထည် ငါးပိုးကြီးတို့ ကျွေခဲ့ရပါသည်။ တိရစ္ဆာန်ရုံမှာလည်း တိရစ္ဆာန်မျိုးစုံလှပါသည်။ ၎င်းအပြင် ဘုန်းကြီးကျောင်းနှင့် ဘုရား ဂန္ဓကုဋီတိုတော်တော်များများ သားနားခေတ်ပုံလှပါသည်။ သဘော်ဆိပ်ကြီးသည်ကား ကြာ့်ရှုမဝင်း အံ့မှီးဖွယ် ကုန်းအားပုံပုံဖို့ပ အချက်ကျ အကွက်ကျ စီစဉ်ထားလေရာ ခေတ်မီလှပါသည်။

တကာ စံကားစေ်ဘူးကြီး ကိုလန်ဘိုမြို့သို့ သဘော်ဒန့်ဂ် ပြန်သွားမည် ဖြစ်၍ ဧပေါမိပင်တော် (၂၀) ခန်းနှင့် အင်ကြင်းပင် (၆)ပင် ပေးအပ်ကာ အောက်ပါစာကို ရေးလိုက်ပါသည်။

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ်(၁၁)ရက်၊
ကိုလန်ဘိုမြို့ ကလောဆရာတော်ထံမှ
ဦးနာဂဒ(ပုသိမ်ဆရာတော်)ထံသို့
ဓမ္မာရုံကျောင်း၊ ဒီးလယ်တောရတိုက်၊
ဘောဒရိလမ်း၊ ရန်ကုန်မြို့။

ပေတ္တာရေးထား၍ ပို့နှိုးစာပြုပြီး ကြားသိစေပါသည်။

အရပ်ပုံးတွေ ဝိုင်းဘုံအတွက် တကားစေ်ဘူးကြီးထဲ အမှိုက်(၂၀)နှင့် အင်ကြင်း(၆)ပင် ပို့လိုက်ပါသည်။ ရပ်းတို့ကို ကိုယ်စားတော်ပုံထားကာ ရပ်ကွက်ခံတွေ ရှာဝယ်ပါရန် ပေတ္တာရပ်စံပါသည်။ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။ အိုးယားရက်ပ် ကိုယ်စေတော်လိုသည့် ပစ္စည်းများတွေးတောပါ။

ဦးအာဝိဇ္ဇ
ကိုလန်ဘို။

နယုန်လဆုတ် ၁၂ ရက် နံနက် ၈-နာရီအချိန် ကိုလန်ဘိမှ(၁၀)မိုင်ခန့် ဝေးသည့် ကယူကျေးရွာ ရွှေဘုံကြီးဆရာတော်ကြီး ဂန္ဓာရုံကျောင်းဝိုက်သို့ ဆရာတော်ကြီး ဦးဝိဇ္ဇာလင်္ကာရ (၃) ပါး သံအမတ် ဦးဝိဇ္ဇာလင်္ကာရ ကိုယ်တော်ရာပါ ဖြစ်ပေါ်ကြောင်း ကြားသိရသည့်အတိုင်း ကျွန်တော်တို့ ရောက်ရှိသွားကြပါသည်။ ဧည့်

၎င်းမှ ၁၂-နာရီအချိန် ယိုးဒယားဘုရင် တည်ထား ကိုးကွယ်သည့် ကိုလန်ဘိုမြို့ ဒဋ္ဌပဒုက္ကမကျောင်း ယိုးဒယားဘုရားနှင့် ဂန္ဓကုဋီတိုက်တော်ကို သွားရောက်ဖူးမြော်ကြပါသည်။ ဘုရား ဂန္ဓကုဋီ တိုက်တော်ကြီးက ခမ်းနားကြီးကျယ် ကြည်ညိုဖွယ် ကောင်းလှပါသည်။ သဘော်ကျင်းကိုလည်း ကြည့်ရှုခဲ့ပါသည်။ကောင့်ယင်္ကာ ခရမ်ယာန် ဘုရားမိုခိုးကျောင်းကြီးကိုလည်း လမ်းမှ လှမ်းကြည့်ခဲ့ပါသည်။ အလွန်တရာ ကြီးကျယ်ခမ်းနားလှပါသည်။

နယုန်လဆုတ် ၁၃-ရက် ညနေ ကိုလန်ဘိုမှ ၁၀-မိုင်ခန့် ဝေးကွာသည့် (ပေါကုနဗီတရွာ) ဆရာတော် ဦးဝိနယာလင်္ကာရ၏ ကျောင်းတိုက်သို့ သွားရောက် ညအိပ်ကြပါသည်။ ၎င်းကျောင်းတိုက်ကို မြန်မာပြည်မှာ တောင်တောင်ကြာ နေထိုင်ခဲ့သည့် သီဟိုဠ် ရဟန်းတော် တပါးအား လှဲအပ်ထားပါသည်။ ဤရဟန်းတော်သည် သီဟိုဠ်သားမျိုးတွင် အဘိဓမ္မာ ကျမ်းကျင်သည်ဟု ထင်ရှားပါသည်။ ၎င်းကျောင်းတိုက်တွင် ဘုရားဂန္ဓကုဋီတိုက်တော် ဆောက်လုပ်နေဆဲဖြစ်လေရာ သပ်ရပ်သေချာ ခိုင်မံလှပါသည်။ ၎င်းအတွင်း၌ မြန်မာကြေးဆင်းတုတော်ကြီးများကို ကိုးကွယ်ပူဇော်ထားသည်ကို ဖူးမြော်ခဲ့ရသဖြင့် ဝမ်းမြောက်လှစွာနှင့် အကြိမ်ကြိမ် အခါခါ ရှိခိုးခဲ့ပါသည်။ ဘုရား ဂန္ဓကုဋီတိုက်တော်မှာ ကျောက်အုတ် အင်္ဂတေများဖြင့် စီစဉ်လေရာ ကြီးခေတံခါးစသည်များအတွက် မယ်ကယ်သားတွေ ခဲစိတ်နေသည်ကို တွေ့ရှိရသဖြင့် မြန်မာပြည်မှာ မယ်ကယ်သစ်သား ပါးရှားလှသောကြောင့် တုတ်တောင်ဝှေးလုပ်ကာ အမြတ်တနိုး ကိုင်ဆောင်လေ့ရှိကြောင်း စပ်လျဉ်းပြောမိလေရာ ဆရာတော် ဘုရားကြီးက လက်သမားအား တောင်ဝှေးလေးချောင်း အလုပ်ခိုင်းပြီး ချီးမြှင့်တော်မူလိုက်သောကြောင့် ကလောသို့ ရောက်အောင် ယူဆောင်လာခဲ့ပါသည်။

နယုန်လဆုတ် ၁၄-ရက် နံနက်ဆွမ်း ၎င်းကျောင်းမှာ ဘဉ်းပေးကြလေရာ ကောင်းမှုဖွယ်ရာ ပြည့်စုံလှပါသည်။ နံနက်ဆွမ်းပြီးသည့်အခါ(၈)နာရီ အချိန်မှာ ၎င်းရွာ ရှမ်းကျောင်းနှင့် ဘုရားသို့ သွားရောက် ဖူးမြော်ကြပါသည်။ မုံရွာမြို့နယ် ဖိုဝင်တောင်ကဲ့သို့ ကျောက်သား ပြကာဇတ်ကို ထွင်းလုပ်ထားသည့် ဘုရားရုပ်ပွား လျှောင်းတော်မူ ဆင်းတုတော်ကြီး ဂန္ဓကုဋီတိုက်တော်ကြီး ရေကန်ကြီးစသည့် အသီးသီးတို့ကို ကြည့်ရှု ဖူးမြော်ရပါသည်။ ၎င်းကျောင်းမှ ထွက်ခဲ့ပြီး မော်တော်ကားစီးကာ ဆက်လက်သွားလေရာ မျှားစွာမဝေးလှသည့် ပေါရာဏမြို့ ရာဇာဒီဟာရ ပရိဝေနသို့ ရောက်ပါသည်။ တက်ရောက်ကြည့်ရှုဖူးမြော်လေရာ ကျောင်းပြတိုက် ဂန္ဓကုဋီတိုက် စာသင်ကျောင်း တုရိဏ်ကိုင်မျှားနှင့် မြို့ပြင်မြို့ငယ်ဆိုင်ဆိုင် ခမ်းခမ်းနားနား ရှိလှပါပေသည်။ ၎င်းမှ ကားကြုံနှင့် ပြန်လာကြပြီး ဆရာတော်ကြီး ဦးဝိနယာလင်္ကာရကျောင်း၌ နေ့ဆွမ်း

ဘုဉ်းပေးပါသည်။ မကုန်နိုင်အောင် ပေါများသည်သာမက အလွန်တရာ သန့်ပြန့် ကောင်းမွန်လှပါသည်။

ဂုဏ်ကျေးသည် ကြီးကျယ်ခမ်းနားလှသည်ပဟုတ်သော်လည်း ဘောဇနသပ္ပါယ ဥတုသပ္ပါယ မျက် ကောင်းမွန်လှပါသည်။ ၃-နာရီအချိန် ဂုဏ်ကျေးမှ ဆရာတော်ကြီးနှင့်အတူ ပြုံကြဖလာ ၄-နာရီအချိန် ကိုလံဘိုမြို့ (ဆုဒုဝေလ) အရပ်ရှိ ဆရာတော်ကြီး၏ မြန်မာကျောင်းတိုက်သို့ ဝင်ရောက် ကြည့်ရှုကြပါသည်။ ဤကျောင်းတိုက်လည်း မကြီးကျယ်မခမ်းနားလှပါ။ သို့ရာတွင် စည်ပင်သည့် မြို့လယ်အရပ်ဖြစ်၍ အဖိုးထိုက်သန့်ပါသည်။ ဂုဏ်ကျေးမှ ကုန်းကြောင်းလျှောက်ကာ မကုဋ္ဌာရာမသို့ ပြန်လာပါသည်။ ဤကျောင်း၌ သိဟိုဠ် ရဟန်းတော် ၃-၄ ပါး နေထိုင်ပါသည်။

ပတမဝါဆိုကာလ ၁-ရက် နံနက် ၈-နာရီအချိန် ကိုလံဘိုမှ ၁၅-မိုင် ခန့်ဝေးကွာသည့် ဂါလာပါလမြို့ ဘုရားတော်ကြီးကျောင်းမှ ပင်ဖိတ်ခေါ်ကြောင့် ဆရာတော်ကြီး ဦးပဏ္ဍိတသာလမင်္ဂလာရုပါ ကြွပါတော်မူသွား သံဃမတ်ကြီး သွားပါသည်။ ကျောင်းဝင်းအတွင်း ပုဂ္ဂိုလ်အုပ်ချုပ်ရေးနှင့် ကြီးကြပ်ကာ ကျောင်းဧည့်ခန်း တာလာကို ပျော်ဖွယ်ပါဝင်သာပါသည်။ ဒေတ္တာတော် ရုပ်ပုံတော်များ ထားရှိကြ ကြပါသည်။ စည်းဝေးကြသောအခါ ကျောင်းဝိုင်းလှည့် လှုပ်လှည့် ပြုလုပ်ရ ကြပါသည်။ ကျောင်းဝိုင်းမျာ၌ ဒနေ့ဆွမ်းကြွလှည့် ဝေတွနားဒနေ့ကာ ကိုလံဘိုသို့ ပြန်လာကြ ပါသည်။ မြန်မာဆရာတော်ဖျာ ပိုင်ဆိုင်သည့် အင်္ဂါရုံမကျောင်းတိုက်ကို ဧစာင့်ရှောက် ဂုဏ်ပြုရန်၊ ဘုန်းအပ်ပြုခြင်း စိုရွှဲသည့် ပုဂ္ဂိုလ်မှာ ကျွဲဝါလာပေါလ ကျောင်း ဘုန်းတော်ကြီး ဖြစ်ပါသည်။

ပတမ ဝါဆိုလတွင် ၂-ရက်၊ ကမ္ဘလိုဘိုကမ္ဘဇာသာ ကွန်ဖရင့် ကြီး အကျိုးတော်ငှာ ဒေါက်တာဂျီဘီမလာလဆရာတော်ဖြစ်သူကို ဘုန်းတော်ကြီး ဘုရားရှိခိုးပွဲ ပြုလုပ်ရာ ဘုန်းတော်ကြီးများ အပါအဝင် ၁၂-ပါး ဝင်ရောက်ပါသည်။ ပြီးလျှင် ဒေါက်တာဂျီဘီမလာလဆရာတော်ကြီး ကိုယ်စားလှယ် ဖြစ်သူ ဦးဘုန်းလွင်အောင်နှင့် ဗုဒ္ဓဘာသာ ကွန်ဖရင့်ကို ဖန်ထိုင်ရာ မကုဋ္ဌာရာမသို့ ပြန်မောင်းကျောင်းတိုက်၌ တိုက်ရိုက် သံဃာ

တော်အားလုံးနှင့် ပင့်သံဃာ ၄-၅ ပါး၊ ပေါင်း ၅၀-ကျော် တို့အား မြန်မာဆွမ်း မြန်မာဟင်း မြန်မာ အခင်းအကျင်း မျှားနှင့် သားနား ကောင်းမွန် နေ့ဆွမ်းကပ်လှူပါသည်။ မျက်နှာသုတ်ပုဝါကြီး ၅၀-ကျော် ပါးရေစေ့ လှူဒါန်း ပြီးလျှင် နွှတ်ခွန်းဆက်စကား ပြောကြားကြပါသည်။

ပထမဝါဆိုလဆန်း ၄-ရက်နေ့၊ ကိုလန်ဘိုမြို့ ဆင်ခြေဖုံးအရပ် မအေးညွှန့်အိမ်မှာ နေ့ဆွမ်း ကပ်လှူပါသည်။ မအေးညွှန့်သည် မြန်မာပြည်သူ သီဟိုဠ်သားနှင့် အကြောင်းပါ၍ သီဟိုဠ်မှာ အခြေစိုက်ကာ သားသမီးမျှားနှင့် ကြီးပွားတင့်တယ် တိုက်အိမ် မော်တော်ကား ကုလားထိုင် စားပွဲ စသော ပရိဘောဂမျှားနှင့် ထယ်ထယ်ဝါဝါနေထိုင်ပါသည်။သီဟိုဠ်သို့ရောက်နေသည်မှာ နှစ်ပေါင်း ၃၀-ကျော် ကြာပါပြီ။ ဆရာတော်တို့အား မြန်မာမျှားဖြစ်ကြ၍ ကြည်ညိုလေးစားစွာနှင့် ဝမ်းမြောက် ဝမ်းသာ ကျေးမွေး ဆက်ဆံပါသည်။ မအေးညွှန့်အိမ်၌ နှစ်ခြိုက်စွာနှင့် ဘုမ်းဘုဉ်းပေး သုံးဆောင်ရခြင်း သာသာကား ဆရာတော်တို့အား သီဟိုဠ်ကျန်းမာ နောက်ဆုံးပိဿ် ဘုဉ်းပေးရခြင်း ဖြစ်ပါသည်။ အကြောင်းမူကား ယနေ့ည၀င် သီဟိုဠ်မှ ထွက်ခွါ၍ အိန္ဒိယပြည် မဒ္ဒြမဒေသသို့ သွားကြရန်အတွက် မီးရထား စောင်းကလပ်တဲ့မျှား ရိတ်လုပ်ထားကာ သောမတ်စကုတ်ကုမ္ပဏီနှင့် စီစဉ်ပြီးပါ၊သောကြောင့်တည်း။ ဆရာတော်တို့မှာ တလနီးပါး သွားလာ လှည့်လည်ကာ ကစုတရုံး တအုံးအုံးနှင့် စည်းဝေးတိုင်ပင် တွေ့မြင်ဖူးမြော် ပျော်ပျော်ပါးပါး နေထိုင်ခဲ့ရသည် မျှားကိုထင်း၊ သီဟိုဠ်ကျန်းကြီးသည် မြတ်စွာဘုရား သာသနာတော် လွှန်စွာ ကြီးပွား စည်ကား ထွန်းကားတော်မူခဲ့သည်ကိုထင်း စိတ်ထဲ ဝမ်းထဲ မျက်စိထဲ၌ စွဲစွဲမြဲမြဲ ခဲ့ခဲ့ဖူးရအောင်သွေးဆောင်ထဲမြှင်၍ ဖန်ကြရလေသော၊ကြောင့် ယခုည၀င်ည၀င် ထွက်ကြရမည့်အရာသည် သက်သာလွယ်ကူ ကြည်ဖြူ ရှင်ပြုံးနိုင်ကြရန် အင်မတန်ခဲယဉ်းလှလေတော့သည်။

သီဟိုဠ်ကျန်းနှင့် သာသနာတော်

ကြာဖူးသဖွယ် တင့်တယ်လှစွာနှင့် တည်ရှိခဲ့လေသောကြောင့် သီဟိုဠ်ကျန်းကြီးသို့ သက်တော်ထင်ရှား မြတ်စွာဘုရား သုံးကြိမ်တိုင်တိုင် ကြွရောက်တော်မူပါသည်။ မဒ္ဒြမဒေသ အိန္ဒိယပဲဒ္ဓလိပုတ်ပြည်မှ အရှင် မောဂ္ဂလိပုတ္တတိဿနှင့် သီရိမဟာဿောကမင်းတြားကြီးတို့ ကိုးတိုင်း ကိုးဌာန သာသနာတော် ပြုတော်မူရန် စီမံးတော်မူချက်အရ သာသနာတော် သက္ကရာဇ် ၂၃၆-ခုနှစ် နှယုန်လပြည့်နေ့တွင် အရှင်မဟိန္ဒ၊ အရှင်ဣဋ္ဌိယ၊ အရှင်ဥတ္တိယ၊ အရှင်သမ္ဗလ၊ အရှင်ဘဒ္ဒသာလနှင့်တူတော်လုပနသာမဏေ ဘဏ္ဍုကဥပါသကာ၊ပေါင်း ၇ ဦး တို့သည် ဤသီဟိုဠ်ကျန်းကြီးသို့ ကြွတော်မူကာ သာသနာ ပြုတော်မူကြပါသည်။ ထိုအခါ ပါတလိပုတ်ပြည်မှ မြတ်စွာဘုရား ဓာတ်တော်တသိပတ်နှင့်

တာဝတိံသာနတ်ပြည်မှ မြတ်စွာဘုရား လက်ျာညှပ်ရိုးတော် သီဟိုဠ်ကျန်းသို့ ကြွဘော်မူသည်။ထိုအခါမှစ၍ သီဟိုဠ်ကျန်းကြီး အနှံ့အပြား မြတ်စွာဘုရား ဓာတ်တော် မွေတော် စေတီတော် ရုပ်ပွားတော် ဆင်းတုတော် ကျောင်းတော် ရေတွင်း ရေကန် လိုဏ်ဂူစရပ် ဘန်ဆောင်း ဥပုသ်အိမ် သိမ်တော်များမှစ၍ သာသနာတော် အဆောက်အဦများ ယနေ့တိုင်အောင် အဆက်ဆက် တည်ထားကြီးပွားခဲ့လေရာ လှည့်လည်သွားလာကြည့်ရှု ဖူးမြော်၍ မကုန်နိုင်မဆုံးနိုင်အောင် များစွာတွေတော်မူလှပါသည်။

တနည်း– ဤသီဟိုဠ်ကျန်းကြီး သည် သောတာပန် သကဒါဂါမ် အနာဂါမ်ရဟန္တာအရိယာအရှင်မြတ်တို့ဖြင့်ပင်လုံးကျတ် ပွဲသည်တာဝတိံသာနတ်ပင်လယ် ကသဲ့ပြဲကြီးကဲ့သို့ရှင်း၊ တနည်း– ဤသီဟိုဠ်ကျန်းကြီးသည် သတပတ်ပဒုမ္မာကြာငါးပါးတို့ဖြင့် ဖုံလွှမ်းသကဲ့သို့ ရောင်ကြိုးကဲ့သို့ရှင်း အရိယာသံဃာတော်ကို၏ သက်ဦးတော်ဘဒ္ဒရာတို့ဖြင့် တဖြေပြောင်ဖြေပြောင် ဝင်းပကာ သာသနာတော်မြတ် တွင်းလင်းတော်မူပါသည်။ တနည်း– ဤသီဟိုဠ်ကျန်းကြီးသည် သွားလာ ပေါက်ရောက် နိုင်သည့် လမ်းတော်၊ လမ်းပေါ် အိမ်စေ့အိမ်တံခါး၊ ရေသိပ်၊ လမ်းဆုံး၊ တံတားတော်၊ လှိုဟ်ခေါင်း၊ အိမ်ကျောင်းစရပ်ရှိသမျှတွင် တခုသော အရပ်မျှ မဂိုဏ်လွှဲရ အရိယာဖြစ်သည့် ပုဂ္ဂိုလ်ဟူ၍ လုံးဝမရှိပါ။ ဤသို့ သာသနာတော် တွင်းကားတော်မူခဲ့ပါသည်။

တနည်း– ဤသီဟိုဠ်ကျန်းကြီးသည် ခေတ္တခဏဆိုင်းငံ့၍ ဆွမ်းရပ်ဆဲပင် မဂ်ဖိုလ်ကိုရသော အရိယာဖြစ်တော် မူကြသည်ကား များပြား လှပါသည်။ ထိုသို့ဖြစ်လေရကား မဂ်ဖိုလ်ရသည့် ပုဂ္ဂိုလ်တွေသာ များပြားလှ၍ ပုထုဇဉ်ကို မြင်လို ဖြလိုပါလျှင် ဤသူသည်ပင် ပုထုဇဉ်ဟု လက်ညှိုးညွှန်ကာ ပြရပုံပါသည်။ ဤသို့ သာသနာတော် တွင်းတော်ခဲ့ပါ၏။

တနည်း– ဤသီဟိုဠ်ကျန်းကြီးသည် တရံတခါ ပုထုဇဉ် ရဟန်းများ တည်းမြဲမရှိပါ။ အရိယာတရားချည်းသာဖြစ်သည်။ ဤမျှ သာသနာတော် တွင်းတော်ခဲ့ပါသည်။

(ဓမ္မစရိုက်ပုဏ္ဏားနဝိတ္ထုနာဝမ နှစ်ပေါင်းတို့။ ပိတာ်းအင်္ဂလာတာ)

တနည်း ဤသီဟိုဠ်ကျန်းကြီးသည် ရဟန်းတော်အရှင်မြတ်တရားဟောကြားတော်မူကာ ကင်းယံမှာ ဗဒတိညာဉ် ဈာန်ကြွဖန်ဖျားလှဝေလင်းသောအခါ ဗုဒ္ဓဘုရားပျာက်ကာ စကားမဆုံးခြောက်နိုင်သေးခင်ကြွင်း စကားဆုံးမဆုံး ညည်းညူကာ ဖနကြားသည်။ ဤသို့ သာသနာတော် တွင်းတော်ခဲ့ပါသည်။

တနည်း– ဤသီဟိုဠ်ကျန်းကြီးသည် သုဝဏ္ဏမဂဓ တာဝတိံသာနတ်ပြည်မှ မြတ်စွာဘုရား ညှပ်ရိုးတော်သို့ ဤသီဟိုဠ်ကျန်းကြီးသို့ ပင့်ဆောင်တော်

မူလာရာ တန်ခိုးပြာဋိဟာပြဒေဘဝ်မူကာ ရေပေါက်တွေ့ထွက်လာပြီး ယူဇနာသုံးရာရှိသည့် ဤသိဟိုဠ်ကျန်းကြီးကို စေတီတော်ကြီးအလား ဖြစ်ပွားစေတော်မူပါသည်။ သို့ဖြစ်၍ ဇရလမ်းခရီးသွားတို့သည် သမုဒ္ဒရာရေပြင်မှ အုန်းသီးတလုံးခန့်မျှ ဤသိဟိုဠ်ကျန်းကြီးကို မြင်ကြရလျှင် ကြည်ရွှင်လှစွာ အမြတ်တနိုးနှင့် ရှိခိုးပူဇော်ကြပါသည်။ ဤသို့ သာသနာတော်တန်းကားတော်မူခဲ့ပါသည်။

တနည်း—ဤသိဟိုဠ်ကျန်းကြီးသည် မြတ်စွာဘုရား မုခ်ဝါဠ်ပိဋကတ်တော်ကို ပေထဲ စာအုပ်ထဲ၌ မရှိသေးပဲ နှုတ်ထဲ၌ အမြဲရှုတ်ဖတ် သရဇ္ဈာယ်တော်မူကြရာဖြစ်တော်မူသည်။ ဤသို့ သာသနာတော် ထွန်းတော်မူခဲ့သည်။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း မြတ်စွာဘုရားသာသနာတော် တည်တော်မူရာ ထွန်းတော်မူရာ ဖြစ်တော်မူလေသောကြောင့် ဤသိဟိုဠ်ကျန်းကြီးကို ကျန်းထူးကျန်းမြတ်ကြီးဟု ဓမ္မဒီယိုက်ပါသည်။ ဤသို့ ပရိတ္တနီဒါန်းမှာ လာရှိပါသည်။

နယုန်လကုယ်နေ့သည် ၁၂-နာရီနှင့် ၁၅-မိနစ်အချိန်မှာ ဤသိဟိုဠ်သွားမှတ်တမ်း နိဋ္ဌိတံ ပြီးပါပြီ။

အိန္ဒိယသွား မှတ်တမ်း တခန်းမျှပါ။

၁၃၁၂-ခုနှစ်၊ ကလောမြို့ သိမ်တောင်ဆရာတော်
ဦးအာဒိစ္စ အိန္ဒိယသွား မှတ်တမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

(သိဟိုဠ်သွားခန်းအစဉ် ဤဂါထာအနက်ပေးခဲ့ပြီ)

သိဟိုဠ်ကျွန်းကိုလံဘိုမှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာရန်အတွက် ကိုလံဘိုမြို့ အိန္ဒိယသံရုံး၌ အိန္ဒိယမှာ ကလာရေနိုင်ရန် ဗီဇာလုပ်ရာ ဘီလပေ ရပါသည်။ သောပတ်ကုတ် ကုမ္ပဏီမှ မီးရထားစကြိုးကလပ်လက်မှတ်ယူရာ ကိုလံဘိုမှ တလေမန်နာသို့ ၁၄-ကျပ် ဂ-ပဲ ရိုဇတ်ဒ-ပဲ၊ ကလေမန်နာမှ ဒုန္ဒစကိုဒီသို့ သဘော်ပုံကားရာ အဝိုးအခမပေ-ရဂတာ၀ပါ။ ဒုန္ဒစကိုဒီမှ မဒရပ်မြို့အဂ္ဂမိုးဘူတာကြီးသို့ ၄၀ ကျပ် ဘ-ပဲ ၅-ပြား။ ရိုဇတ် ဂ-ပဲ။ ပဒုမ်ပြို့ အထိကရာဘူတာကြီးမှ ဇဂါလဲတာ ဘူတာကြီးသို့ ၃၇-ကျပ် ဂပဲ။ ဇဂါလဲတာမှ ကလကတ္တားမြို့ ဘူတာကြီးသို့ ၄၀-ကျပ်၉-ပြား ပေးရပါသည်။ သိဟိုဠ်ကျွန်း ကိုလံဘိုမြို့ရောမြေ မီးရထားတိုက် ဆရာတော်ကြီးကို ပါးစပ်ရှိဖွင့် ဘဂဝ-ကျပ်နှုန်း ကန့်တော့ခဲ့ပါကောင်း။ ဘုရား-ဝန္ဒနာ ပြုလုပ်ကြပြီးနောက် ဧကစိုးရ ကလပ်ကြေး ပေးဖယ်ခဲ့၍ ပတမလတ်ကနဉ်း၀ှ ကပါးကြည့် ဖြတ်မြို့ သည်။ ဆရာတော်၏တပည့် ဦးပဉ္စင်း ဦးကံဂုံ ကိုယ်တော်ကြီး ၄ ပါး တို့ ကလေ-ကျပ် ဘ-ပဲ ရိုဇတ်ဒ-ပဲ၊ ဖျက်ဆီသုတ်ပုဝါ-ထည်၊ စာအုပ်ဘ-အုပ်၊ တို့ကို ပေ-ရှိ ကိုက်အုပ် ဘုံးမတာ်ကြီး ဦ သိဂ္ဂဝန်၊ ဆရာကော်ဘုရားကြီး ထံ အပ်နှံထားခဲ့ပါသည်။

၁၃၁၂-ခုနှစ်၊ ပထမဝါဆိုလဆန်း၄-ရက်ညနေဖနဝရီအချိန်တွင် ကျောင်းတိုက်မှ လိုက်ပို့ကြသည့် ရဟန်းတော် ၁၀-ပါးခန့်နှင့် ကားသုံးစီးဖြင့်၍ ကိုလံဘိုမြို့ ဘူတာကြီးသို့ ထွက်လာခဲ့ကြလေရာ ဘူတာကြီးသို့ ရောက်သောအခါ ဒေသခံတပ်သားကုတ်ကုမ္ပဏီက မီးရထား စကားပြောလမ်းတွဲများဖြင့် ဧနရာ ခုပါတ်းအ-း စီစဉ်ထားနှင့်သဖြင့် တွဲပေါ်သို့တက်ကာ ချမ်းသာစွာ နေထိုင်ကြရပါသည်။

ထိုအခါ မေကျောက်ပင်နရယ် ဦးထွန်းလှအောင်နှင့် ဇနီး၊ သံအမတ်ကြီး အိမ်သူအိမ်သား၊ များ၊ သီဟိုဠ် ဟန်းတော်များ လာရောက်လိုက်ပို့ နှုတ်ဆက်ကြ၍ ဦးထွန်းလှအောင်က စာအုပ်စာတမ်းကပ် အလံတံဆိပ်များလက်ဆောင် ပေးကမ်းပွဲဒါန်းပါသည်။ လိုက်ပို့ကြသည့် ရဟန်းတော်များအား ကျောင်း တိုက်သို့ပြန်ရန်စရိတ်နှင့် လိုင်းမကျူး၊ လင်မနစ် စသည်များ သုံးဆောင်ရန် အတွက် ငွေ ၁၅-ကျပ် လှူဒါန်းခဲ့ပါသည်။ ဒုချိန်မှာ ည ၇-နာရီခန့် ရှိလေပြီ။ မီးရထားထွက်မှန် ဂလိုင်တီးလေပြီ။ လိုက်ပို့သူများ မှာကြားနှုတ်ဆက်နေကြ ဆဲမှာပင် မီးပုထားကြီးသည် တပြိုမ်ပြိုမ်နှင့် ပွက်ပေါ့လေရာ မောတ်မီးရောင် ထဲမှာ လက်အုပ်ချီကာ လက်မြှောက်ကြကာ လက်ကိုင်ပုဝါများ ရမ်းကာ နှင့် ကြေကွဲစရာ ခဲခဲခဲကာရပါတော့သည်။

ပထမဝါဆိုလဆန်း ၅-ရက် နံနက် ဂ-နာရီအချိန် သီဟိုဠ်ကျန်းအဆုံး ဂဒ၂-မိုင်ဝေးကွာသည့် ကမန်လေနာဆိပ်ကမ်းဘူတာသို့ ဆိုက်ရောက်ပါသည်။ ၎င်းဘူတာရုံ၌ သီဟိုဠ်မင်္ဂနှင့် အိန္ဒိယငွေ လဲလှယ်ရပါသည်။ ပစ္စည်းပတ်စ်ပို့ဗီဇာ စသည်ရှာဖွေစစ်ဆေးပြီးလျှင် သဘော်ဘေ၇်သို့ တက်ကြပါသည်။သဘော်ဘေ၇် ရောက်သည့်အခါ ပတ်စ်ပို့စ်သည်ကြည့်ရှုစစ်ဆေး၍ ၁၁-နာရီအချိန် ၃၄-မိုင်ကွာ ဝေးသည့်(ဒန္ဒူစကိုဒီ)သို့ရောက်၍ သဘော်ဘေ၇်မှာ အိန္ဒိယသို့ ဝင်ခွင့်ပြုသည့် စာတန်း လက်မှတ်များ ပေးပါသည်။ သဘော်မှဆင်း၍ ၂-ဖာလုံခန့် သွား သောအခါ ဒန္ဒူစကိုဒီ ဘူတာသို့ ရောက်လေရာ ပစ္စည်းစသည် ရှာဖွေစစ်ဆေး ကြပြန်တော့သည်။ ဒန္ဒူစကိုဒီ ဘူတာမှ နေ့ ၁၂-နာရီအချိန် ထွက်ခွာခဲ့လေရာ ပထမ ဝါဆိုလဆန်း ၆-ရက်၊နံနက် ၉-နာရီ အချိန် မိုင် ၄၀၀ ဝေးကွာသည့် မဒရပ်မြို့ အဂ္ဂမို့ ဘူတာကြီးသို့ ဆိုက်ရောက်ပါသည်။ ဘူတာကြီးကား ခမ်း နား ကြီးကျယ်လှ၍ မီးရထား အဝင်အထွက် လူအဆင်းအတက် အလွန် များပြား စည်ကားလှပါသည်။ ၎င်း အဂ္ဂမို့ဘူတာကြီးမှ လန်ချားဌားရ် ဦးဝမ်ပါလ၊ ဓမ်ပါလအဆောက်အဦ၊ မဟာပေါဓိအယင်းတိုက်၊ နံပါတ် ၁၀ ကပ်နက်လမ်း အဂ္ဂမို့ရပ် မဒရပ်မြို့ အိန္ဒိယပြည်သို့ သွားရောက် နေထိုင်ပါသည်။ ၎င်းနေ့ မဒရပ်မြို့ကြီးထဲသို့ အာသံ ဦးသုဓနနှင့်အတူ လှည့်လည်ကြည့်ရှုလေရာ မြို့စီယံ ပြတိုက်ကြီး၊ ဆင်ထရိဘူတာကြီး၊ စျေးကုန်တိုက်ကြီး များ၊ ဟိန္ဒူ ဘုရားရှိခိုးကျောင်း ရုံးပျား စသည် ရောက်ခဲ့ပါသည်။ ကြီး ကျယ် ခန်းနား စည်ကား လှသည်သာဖက များ၊စွာကျယ်ပြန့် သန့်ရှင်းသာ ယာ၍ အထက်တန်းကျသော မြို့တော်ကြီးဖြစ်ပါသည်။ မဒရပ်မြို့ ပဟာဇောဓိ အသင်းတိုက်၌ အာသံအပြန် ည၁၀ နာရီခွဲ ရောက်ရှိသောအခါ ၎င်းအသင်း တိုက် ဘုန်းတော်ကြီး ဦးဝပါလအား ဓမ္မ ၂၀-ကျပ်၊ ဥပါသကာအား ၁-ကျပ် ၄-ပဲ ပူဇော်ဒါန်းခဲ့ပါသည်။

ပထမဝါဆိုလဆန်း ၇-ရက် နံနက် ၇-နာရီအချိန် မဒရပ်မြို့ ဆင်ထရယ် ဗဟိုဘူဂာကြီးမှ မီးရထားစီးကာ ထွက်လာခဲ့လေရာ ဂ-ရက်နေ့ည ၆ နာရီအချိန်ခန့်တွင် ဝေါလ်တန် ဘူတာရုံကြီးသို့ ဆိုက်ရောက်ပါသည်။ ၎င်းမြို့၌ မဆင်းခဲ့တော့ပါ။ ဆက်လက်၍ မီးရထားနှင့် လာခဲ့ဖလရာ ၉-ရက်နေ့ည ၇-နာရီအချိန် (၁၀၃၂) မိုင် ဝေးကွာသည့် ကလကတ္တားမြို့ ဟောင်ရာဘူတာကြီးသို့ ဆိုက်ရောက်ပါဘာည်။ ဤဘူဟာရုံကြီးသည် လွန်စွာ ကြီးကျယ် ခမ်းနားလှပါသည်။ ဟော်တယ်ကြီးတွေအများကြီး၊ အလုပ်ရှာနေတွေ အသီးသီး အဆင်းအတက် လူထူကြီးတွေ ပြည့်နှက်ကြပ်သိပ် ကြိတ်ကြိတ်တိုးမျ စည်ကားများပြားလှသဖြင့် လူစိမ်းများ နေရာတကျ သွားတတ် လာတတ် ထွက်တတ် ဝင်တတ် ရှိနိုင်ရန် အင်မတန် ခဲယဉ်းလှပါသည်။ ဟောင်ရာဘူတာကြီးမှ တက္ကစီကားနှင့် တွက်ခဲ့ဖလရာ ဂင်္ဂါမြစ်ကြီးကို ဖြတ်ကျော်ထားသည့် ဟောင်ရာတံတားကြီးပေါ်မှ မြို့ထဲသို့ လာခဲ့ရပါသည်။

ဤတံတားကြီးသည် အံ့ချီ၍ မကုန်နိုင်အောင် ကြီးကျယ်ခမ်းနားဆန်းပြားလှပါကည်။ ကလကတ္တာမြို့ ဟောဘဇား စာတိုက် လိလမ်းချိုး နာဂဂး နံပါတ် ၁၀၊ အိဂင်ဆေးရုံလမ်း၊ မြန်မာအဆောက်အဦ ဦးကောဏ္ဍည ထံသို့ ဆိုက်ရောက်နေထိုင်ကြပါသည်။ ဤနှစ် မြန်မာရဟန်းတော်များ အစုံ မပြတ် နေထိုင်လျက်ရှိပါသည်။ ပထမဝါဆိုလဆန်း ၁၀ ရက် ၁၁-ရက် နေ့များမှာ ကလကတ္တားမြို့ထဲ လှည့်လည် ကြည့်ရှုပါသည်။ ဘောဘဇား၊ ဘရားဘဇား၊ ချိန်းဘဇား၊ နယူးမတ်ကတ် ပြတိုက်ကြီး၊ ဂလာဘ်ပုံပြဌာန မြန်မာသံရုံးစသည် အများအပြား ရောက်ရှိပါသည်။လွန်စွာကြီးမာ ဈည်ကားခမ်းနားသော မြို့ကြီးဖြစ်ပါသည်။ မြန်မာပြည်မှာ အစည်ကားဆုံးဖြစ်ကာလည့် ရန်ကုန်မြို့ကြီး သည် ကလကတ္တားမြို့နှင့် နှိုင်းယှဉ်ကြည့်ဘောဘဇာ၊ ဖြစ်မြို့ပမာ တိုက်တာ ယာဉ်စည်ကားလှသည်များ လွန်စွာ နည်းပါးသောသိမ် ကဲ့ကဲ့မျှသာ ရှိရေပါဘော့သည်။

ပထမဝါဆိုလဆန်း ၁၂-ရက်နေ့မှာ ကလကတ္တားမြို့ မြန်မာဝေဘင် စစ်ဝန်ရုံးသို့သွား၍ ဂင်္ဂါရုံးမှ စာရေးကြီး ဦးစံထွန်းကို ဧခါပြု ဘက်ဘိုက် သွားကာ ၎င် ၁၀၀၀ဝ ထုတ်ယူ၍ မြို့ထဲရှိ လက်မှတ်ရုံမှ ကလကတ္တားမြို့ ဟောင်ရာဘူတာမှ ဂယာမြို့ကြီးသို့ မီးရထား စကပ်ကလပ် လက်မှတ်များ နှင့် ရီဇပ်လုပ်ပြီးလျှင် ပုလိပ်ရုံးသို့သွား၍ အိန္ဒိယ၌ ကလနေထိုင်ခွင့် လက်မှတ် များ သွားယူပြီး ကျောင်းသို့ပြန်လာကာ ဘုရားဖူး သွားရန် စီစဉ်ပါသည်။

ဗုဒ္ဓဂါယာမှ ဗောဓိပင်

ပထမဝါဆိုလဆန်း ၁၂-ရက် ည ၇-နာရီအချိန် ဟောင်ရာဘူတာမှ မီးရထားစီးကာ ထွက်လာခဲ့လေရာ ၂၉၂-မိုင် ဝေးကွာသည့် ဂယာမြို့ ဘူတာ

ကြီးသို့ ၁၃ ရက်နေ့ နံနက်အချိန် ဆိုက်ရောက်ပါသည်။ ဤဂယာမြို့သည် ဥရဝေလကဿပ အစရှိသော ရသေ့ညီနောင် ရှင်တထောင်ဝဲ တို့အား မြတ်စ္စာဘုရား အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူ၍ ရဟန္တာဖြစ်စေသော မြို့ဖြစ်ပါသည်။ ဂယာ မြို့ထဲ၌ ပူရိမုန့်နှင့် ကော်ဖီ သောက်ပြီးလျှင် မြင်းရထားနှင့် ဆက်လက်လာခဲ့လေရာ ၆-မိုင်ခန့်ဝေးကွာသည့် ဘုရား ပွဲ့တော်မူရာ ဖြစ်သည့် ဗုဒ္ဓဂါယာ ဆရာတော် ဦးဥတ္တမ၏ မြန်မာကျောင်းသို့ ၁၀-နာရီအချိန်ခန့်တွင် ဆိုက်ရောက်ပါသည်။ ဧဝတ္တခဏ နားနေပြီး ဆရာတော် ဦးဥတ္တမအား ဆွမ်းမျှားရန်ဝိုင်ရန် မှာထားလျှောက်ထားခဲ့ရ၍ ပဟာဇေဝမိ သတ္တဌာနသို့ သွားရောက်ဖူးမြော် ဂူဇော်ကန်တော့ရခြင်းဖြစ်ပါသည်။ ကျောင်းသို့ ပြန်၍ ဆွမ်းဘုဉ်းပေးပြီး ၁-နာရီအချိန်မှာ နောက်ထပ်ဘဖန် ထပ်မံဖူးမြော်ကန်တော့သည်မှာ ဇအောက်ပါအတိုင်း ဖြစ်ပါသည်။

ပလ္လင် သတ္တာဟ

ဘုရားဖြစ်တော်မူသည့် ဗောဓိပင်နှင့် ပလ္လင်တော်နေရာ၌ အတောင်ခြောက်ဆယ်ခန့်ရှိသည့် စေတီတော်ကြီး မုခ်ဝလှည့်၍ မုခ်ထဲ၌ တင်ပလ္လင်ခွေ ဆင်းတုန့် သိရိဓမ္မာသောကမင်းကြီးတည်ထားပါသည်။ ဤရုပ်ပွားဆင်းတုတော်မှာ မြတ်စ္စာဘုရား ဂုဏ်တော်များနှင့် ရှိခိုးပြီးလျှင် ဤနေရာ ဤဌာန၌ မြတ်စ္စာ ဘုရား ကျူးရင့်တော် မူသည့် အနေကဇာတိသံသာရံ ယဒါဟဝေ ပဋိစ္စသမုပ္ပါဒ် အနုလုံ ယဒါဟဝေ ပဋိစ္စသမုပ္ပါဒ်ပဋိလုံ ယဒါဟဝေ ဟေတုပစ္စယော ဤဒေသနာတော်များနှင့် နှစ်ကြိမ်တိုင်တိုင် ပူဇော်ပါသည်။ တကြိမ်လျှင်မိနစ် ၃၀-ပန်း ကြာပါသည်။ ရှိခိုးပူဇော်ပြီးလျှင် မိမိနှင့်အတူအမျှ ကုသိုလ်အဖို့ကို ရကြပါစေဟု အားလုံးသော ဝေနေယျတို့အား ဝေငှပါသည်။

ပူဇော်ခဲ့သည့် ဘုရားတရားတော် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နာ ကာဟသိ။
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခိတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(ဓမ္မပဒ၊ ၃၆-ပျက်နှာ)

ပဋိစ္စသမုပ္ပါဒ် အနုလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿ

ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက-ပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုံ ဓမ္မံ။

ပဋိစ္စသမုပ္ပါဒ် ပဋိလုံ

အဝိဇ္ဇာ နိရောဓာ၊ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရော ဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံ

အဝိဇ္ဇာ၊ စ္စယာ သင်္ခါရာ ။ပ။ ဒုက္ခက္ခန္ဓ ဿ သမုဒယော ဟောတိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ။
သူရိယော ဝ ဩဘာသယ မန္တလိက္ခံ။

(ဝိနည်းမဟာဝါ၊ ဒေ၊ ဥဒါန်း ၇၇-၈၀-မျက်နှာ)

ပဋ္ဌာန်း ၂၄-ပစ္စည်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဤစေတီတော်ကြီး၏ အနောက်ဖက် တိုင်းကာနီးဌာ ပလ္လင်တော် ရှိပါသည်။ ပလ္လင်၏ အနောက်ဖက်စွန်းဌာ ဗောဓိပင် ရှိပါသည်။ ဤဂုဏ်မှာလည်း အထက်ပါနည်းအတိုင်း နှစ်ကြိမ်တိုင်တိုင် ရှိခိုးပူဇော်ပါသည်။

ဤနေရာမှာ မြတ်စွာဘုရားသည် သက္ကရောဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဂနမဝင်မီ မာရိန်တိ၏ရန်ကို တွန်းလှန်အောင်မြင်တော်မူ၍ ညဉ့်ဦးယံမှာ ရွေးဘဝတို့က ဖြစ်ခဲ့သမျှသော ဘန္ဓောအစဉ်ကို သိမြင်တော် မူသည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် သန်းခေါင်ယံအခါမှာ နတ်တို့၏မျက်စိကဲ့သို့ အတာအဆီးမရှိ သိမြင်တော်မူနိုင်သည့် ဒိဗ္ဗစက္ခုဉာဏ်၊ အရဟတ္တမဂ်မိ ပစ္ဆိမယံမှာ အာသဝေါတရားတို့ ကုန်ခန်းသည့် အာသဝက္ခယဉာဏ်၊ ဤဉာဏ်တော်များကို ရတော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး အထက်ပါ ဥဒါန်းဓဿနာတော်များကို မြွက်ဆိုကျူးရင့်တော် မူပါသည်။ ဤနေရာ၌ ၇-ရက်ပတ်လုံး ဖလသမာပတ်ဝင်စားလျက် သီတင်းသုံးတော်မူခဲ့ပါသည်။

အနိမိသ သတ္တာဟ

ဗောဓိပင်အောက် ဝင်းဝင်းတောက်သည့် ရွှေလွှာထက်၌ ၇-ရက်ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် ထိုပလ္လင်မှ ထ၍တော်မူ၍ ဗောဓိပင်၏ အရှေ့မြောက်ယံ တဆယ့်လေးလံကွာသော အရပ်၌ ရပ်တော်မူကာ ဤပေါပင်ရပ်ခွင် ရွှေပလ္လင်ဝယ် လေးအင်သော စွာကိုသိ၍ သဗ္ဗညုတဉာဏ်တော်ကို ရပေသည် တကားဟု မမှိတ်သောမျက်လုံးမျှားဖြင့် ၇-ရက်ပတ်လုံး ကြည့်ရှုကာ သီတင်းသုံးနေတော်မူပါသည်။ ထိုသို့ နေတော်မူသည့်အခါ နတ်အပေါင်းမျှားစွာတို့က ဤသီဒွာရ္ဘပင်းသ ား ဘုရားကိုပဲကောင်းသည် သူတော်ပျော်သာည့် လွှတ်တော်ကို ခင်မင်တော်တခြင်း အလျှပ်းမပြတ် နောက်ထပ်တဖန် ပြုလုပ်ရန်မက်ကိစ္စမျှား ရှိနေဦးမှာလားဟု ယုံမှားသံသယဖြင့် တွေးဆကာ နေကြပါသည်။

ထိုအခါ လူနတ်တို့၏ဆရာ ဘဂဝါဘုရားပြတ်က နှယ်တို့၏ သံသယကို ပယ်ဖျောက်တော်မူခြင်းငှာ တယူဇနာမျှလောက် အထက်ကောင်းကင်သို့ လျှပ်

မြန်စွာပျံတက်၍ အလျှံတလက်လက်ဖြစ်သည့် ရေအစုံ၊ မီးအစုံထွက်စေခြင်း တန်ခိုးပြာဋိဟာကိုပြတော်မူခဲ့လျှင် သံသယမကင်းကြသည့်ခပင်းဥဿုံ အလုံးစုံသောနတ်အပေါင်းတို့သည် နှစ်ထောင်းဝမ်းမြောက် ယုံကြားခြင်း ပျောက်ကုန်ပါတော့သည်။ ဤဓနရာမှာလည်း မြတ်စွာဘုရားဂုဏ်တော်များကို အထူးအာရုံပြုကာ မိမိတဦးတည်း ကြည်နူးလှစွာနှင့် နှစ်ကြိမ်တိုင် ရှိခိုးပူဇော်ပါသည်။ တကြိမ်လျှင် နာရီဝက်ခန့် ကြာပါသည်။ ရှိခိုးပြီးတိုင်းပင် အားလုံးသောလူတို့အား ကုသိုလ်အဝှိကို ကိုယ်နှင့်အတူ ရကြပါစေဟု အထူးဝေငှပါသည်။

စက်မ သတ္တာဟ

ရှင်တော်မြတ်ဘုရားသည် မျှားစွာသော နတ်အပေါင်းတို့၏ ယုံမှားခြင်း သံသယကို ပယ်ဖျောက်ခဲတော်မူခြင်းငှာ အာကာဇဋ ကောင်းကင်ဘုံ၌ အစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်အပြင်မှ ဆင်းသက်တော်မူကာ ရွှေပလွင်နှင့် အနီမိသအကြား အကောင်ခြောက်ဆယ် ရှည်လျားသည့် ရတနာအတိပြီးသည့် စင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူပြီး ၇-ရက်ပတ်လုံး စင်္ကြံကြွကာ သီတင်းသုံးဆောင်တော်မူသည်။ ဤနေရာမှာလည်း မိမိတဦးတည်း မြတ်စွာဘုရားဂုဏ်တော်များကို အထူးအာရုံပြုကာ ကြည်နူးလှစွာနှင့် နာရီဝက်ခန့်ကြာအောင် ရှိခိုးပူဇော်ပါသည်။

ရတနာဃရ သတ္တာဟ

ရှင်ကောင်မြတ်ဘုရားသည် ကိုယ်တော်တိုင် ဖန်ဆင်းသည့် ရတနာစင်္ကြံကြီးအတွင်း စင်္ကြံကြွကောင်မူခြင်းဖြင့် သီတင်းသုံးတော်မူသည့်အခါ မဟာပေဒီပင်မှ အနောက်မြောက် အတောင် လေးဆယ်ကွာသော အရပ်တွင် နတ်များစွာတို့ စီမံဖန်ဆင်းသည့် ရတနာအတိပြီးသည့် တည်းခိုဆောင်ထိုနေပြာသော ရတနာတျောင်းတော်မှာ ၇-ရက်ပတ်လုံး သီတင်းသုံး နေထိုင်တော်မူပါသည်။

ထိုအခါ အဘိမမှာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူတော်ရာ မဟာပကရဏာဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ရောက်မှ ရွှေဘုံတော် ကွန့်မြူးလောက်သဖြင့် ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ကိုယ်တော်မြတ်မှ တထိန်းထိန် တလျပ်လျပ် အထပ်ထပ်ကွန့်မြူး၍ ကြည်နူးဘွယ် ထွက်ကြတော်မူသည်။ အညို အရွှေ အဖြူ အမေးင်း ပြိုးပြိုးပြက်ပြက် တခဲနက်ကာ ရောင်ခြည်တော်ခြောက်သွယ်တို့သည် အထက်သို့ ဘဝဂ်တိုင်အောင်၊ အောက်သို့ မြေထု၊ ရထု၊ လေထုတို့ကို ထုင်းဖောက်၍ အောက် ဂေါင်းကြီးသို့တိုင်အောင် ဖိလာအားဖြင့် အနန္တလက္ခဝဏ္ဏတို့ ဖော်ပြနိုင်တော်မူပါသည်။ ဤနေရာမှာလည်း

မိမိတဦးတည်း မြတ်စွာဘုရားဂုဏ်တော်များကို အထူးအာရုံပြုကာ ကြည်နူးလှစွာနှင့် ရှိခိုးပြီးလျှင် မြတ်စွာဘုရား ဤနေရာမှာ သုံးသပ်ဆင်ခြင်တော်မူသည့် ဟေတုပစ္စယော စသော ပဋ္ဌာန်းပစ္စယုဒ္ဒေသဖြင့် အခေါက်ခေါက် အခါခါ နာရီဝက်ခန့် ပူဇော်ပါသည်။

အဇပါလ သတ္တာဟ

မြတ်စွာဘုရားသည် ရတနာဃရမည်သော ရွှေကျောင်း၌ ကိန်းအောင်းရှင်ပြီး သီတင်းသုံးတော်မူပြီးလျှင် ဗောဓိပင်မှ အရွှေစူးစူး အနိမိသကုန်းတော်၏ တောင်ဘက် ၁၅-တောင်ခန့်ဝေးသည့် အဇပါလ ညောင်ပင်ရင်း၌ ၇-ရက် ပတ်လုံး သီတင်းသုံးတော်မူပါသည်။ ထိုအခါ အမျိုးမာန်ဝင်၍ အလွန်လျှင် တက်ကြွသဖြင့် (ဟုံဟုက်) မည်သော ပုဏ္ဏားသည် မြတ်စွာဘုရားအား ဒို့ အရှင်ဂေါတမ၊ အဘယ်မျှသောအကြောင်းကြောင့် မကောင်းမှုကို အပပြုပြီးသည့် ဖြာဟ္မဏမည်သော ရဟန္တာကြီးဟု ခေါ်ဆိုထိုက်ပါသနည်း။ မကောင်းမှုကို အပပြုပြီးသည့် ဖြာဟ္မဏမည်သော ရဟန္တာကြီး ဖြစ်အောင် ကျင့်ဆောင်စရာ တရားများကား ဘယ်ဟာပါနည်းဟု လာရောက်လျှောက်ထားပါသည်။ ထိုအခါ မြတ်စွာဘုရားက အောက်ပါ ဥဒါန်းဂါထာ ဒေသနာတော်ကို ကျူးရင့်တော်မူပါသည်။

ယော ဖြာဟ္မဏော ဗာဟိတပါပဓမ္မော၊
နိဟုံဟုကော် နိက္ကသာဝေါ ယတတ္တော။
ဝေဒန္တဂူ ဝူသိတဖြဟ္မစရိယော၊
ဓမ္မေန သော ဖြဟ္မဝါဒံ ဝဒေယျ။
ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ။

ယော ဖြာဟ္မဏော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်။ ဗာဟိတပါပဓမ္မော၊ အပပြုအပ်ပြီးသော မကောင်းမှုရှိ၏။ နိဟုံဟုကော်၊ တဟုံးဟုံး မာန်မူခြင်းအလေ့မရှိ။ နိက္ကသာဝေါ၊ ကိလေသာဟူသော ဖန်ရည်လည်းမရှိ။ ယတတ္တော၊ ဘာဝနာ စီးပြန်းခြင်းနှင့်လည်း ယှဉ်၏။ ဝေဒန္တဂူ၊ မဂ်ဉာဏ်လေးပါးတို့ဖြင့် နိဗ္ဗာန်ဟူသော အဆုံးသို့လည်း ရောက်၏။ ဝူသိတဖြဟ္မစရိယော၊ သုံးအပ်ပြီးသော မဂ်ဟူသော သီတင်းလည်း ရှိ၏။ သော ဖြာဟ္မဏော၊ ထို မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဓမ္မေန၊ ဟုက်မှုံသော သဘောဖြင့်။ ဖြဟ္မဝါဒံ၊ ငါဖြဟ္မာဟူသော စကားကို။ ဝဒေယျ၊ ဆိုရာ၏။ ယဿ ဖြာဟ္မဏာသ၊ အကြင် ရဟန္တာပုဂ္ဂိုလ်အား။ လောကေ၊ လူအပေါင်း၌။ ကုဟိဉ္စိ အာရုဂ္ဂေဏ၊ တစုံတခုသော အာရုံ၌။ ဥဿဒါ၊ ရာဂ အစရှိသော ကိလေသာပူ၏ ဖြစ်ခြင်း ပြောခြင်းတို့သည်။ နတ္ထိ-နု သန္တိ၊ မရှိကုန်။

(ပိုဒ်နည်း မဟာဝဂ် ၃-မျက်နှာ။ ဥဒါန်း ၈၀-မျက်နှာ။ နေကွဲ့ ၁၂၉-နှာ)

ထိုအခါ မာရ်နတ်ကြီးရောက်လာ၍ အရှင်ဘုရား၊ တောထွက်စက ကျွန်ုပ်တားမြစ်လေရာ သင် တားသော်လည်း ငါမနေပဲ ဘုရားဖြစ်အောင် ကျင့်ဆောင်တော်မူမည်ဟု အမိန့်ရှိပါသည်။ ယခုအခါ ဘုရားဖြစ်ပါပြီ။ ပရိနိဗ္ဗာန်ဝင်စံတော်မူပါတော့ဟု လျှောက်ထားပါသည်။ မြတ်စွာဘုရားက သတ္တဝါအပေါင်းတို့အား တရားကောင်း အမြိုက်ဆေးကို မဝိုက်ကျွေးရသေးသဖြင့် သင့် အလိုဆန္ဒ နိဗ္ဗာန်သို့ မကြွမဝင်နိုင်သေးကြောင်းကို ပြန်ပြောင်း အပိုင်ရှိသောအခါ မာရ်နတ်ကြီးခမျာ စိတ်လားမကြည် မနာသိညစ်ဆေး၍ ဘုရား၏အဖြစ်ကိုလည်း ကြည့်၍မမြင်၊ ဘဝင်နှလုံး နောက်လှသဖြင့် လမ်းခရီးဦး အမှိုင်ကြီးမှိုင်ကာ အောက်ဆုံးပါသည့် ၁၆-ကြောင်းသော အရေးတွေကို တွေးတောရေးခြစ်ကာ နေပါသည်။

ဤရဟန်းဂေါတမသည် ဖြစ်လေရာဘဝတို့၌ သူတပါးထက်ထူးကဲလှစွာ (၁) ဒါနပါရမီကို ဖြည့်ကျင့်ဖော်မူသောကြောင့် ဤဗောဓိပင်နှင့် ရွှေပလွင်ကို ရပေသည်။ ငါသည် ဤကဲ့သို့ မဖြည့်ကျင့်သောကြောင့် ဤဗောဓိပင်နှင့် ရွှေပလွင်ကို မရဖြစ်တကား၊ တုတ်ဖျားနှင့် ဂမြကို တကြောင်း ရေခြစ်လေ၏။

ထိုနည်းအတူ (၂) သီလပါရမီ၊ (၃) နေက္ခမ္မပါရမီ၊ (၄) ပညာပါရမီ၊ (၅)ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈)မေတ္တာပါရမီ၊ (၉) ဥပေက္ခာပါရမီတို့ကို သူဝတပါးထက် ကူးခွန်၍ ဒါလှန်ဆင်ကဲ့ ကြဲကျင့်တော်မူပါခဲ့ပေသည်။

ဂုဏ်အရည် (၁၁) ဂုဏ်ယာ ပရောဇရိယတ္တိဉာဏ်ကို ထိုးထွင်းသိခြင်း၏ အခြေကြောင်း ဖြစ်သော ပါရမီ ၁၀-ပါးကိုလည်း ဖြည့်ကျင့်ဆည်းပူးပေသည်။ (၁၂) အာသယာနုသယဉာဏ်၊ (၁၃) မဟာဝဇိရဉာဏ်၊ (၁၄) ယာမကပါဋိဟာရိယဉာဏ်၊ (၁၅) သမန္တဘဒ္ဒကဉာဏ်၊ (၁၆) သမ္ဘည္ဇတဉာဏ်တို့ကို ထိုးထွင်း၍ သိခြင်း၏ အခြေကြောင်းကုသိုလ်တို့မှာ ဖြည့်ကျင့်ခဲ့သော ပါရမီ ဆယ်ပါးကို ဖြည့်ကျင့်ခဲ့ပေသည်။

ငါသည်လည်း ဤပါရမီ ဓမ္မသတ်မှတ်များကို မဖြည့်ကျင့်ခဲ့ဘူးပေဟု စိတ်ဒုစရိုက်ဖြင့် မပြောသင့်ပြီးမည်သာ ပဒေသာနိုင်သည့် သောကဖြင့် ဤမျှလောက်သော ဒေသနာတော်များကို ပြန်ဖြေးဖြေး တွေးတောကာ ရေးခြစ်၍နေပါသည်။ ထိုအခါ မာရ်နတ်ကြီး၏သမီး တဏှာ အရတီ ရဂါတို့သည် ပျာယီးပျာယာ ဒေါသီးအပါးသို့လာပြီး မေးမြန်းကြလေရာ အို-ငါ၏ရင်နှစ်ချစ်သမီးတို့၊ ဤရဟန်းဂေါတမသည် ငါပိုင်ရာနယ်စခန်းမှ တကယ်ဘန်းလွတ်ရမြဲ ကံ၍ အလွန်အဆင်ပ်သို့ ရောက်သွားလေပြီ။ ငါမှုန်းထား သည့် ရွှေ

ပလ္လင်ကိုလည်း သူပင်အနိုင်ရရှိ သမ္မုဒ္ဓဘုရားဟု အထင်အရှား ဖြစ်သွားလေပြီ ဟုပြောသည်တွင် အို–ဖခင်ကြီး၊ ဤရဟန်းဂေါတမအတွက်ကြောင့်ဖြင့် သောကမဖက်ပဲ ,စိတ်သက်သာအောင် နေတော်မူပါ။ လောကကြီး တလွှားမှာ ယောကျ်ားဆိုတဲ့ အဖိုဟူသမျှကို အူကြွရှိ အသဲဖိုပြီး ဒေလိုသို့ပါအောင် စွမ်းဆောင်နိုင်သည့်အရာတွင် သာသူမရှိသည့်အကြောင်းမျှားကို ကောင်းကောင်းကြီး သိတော်မူရလိမ့်မည်ဟု ပြောပြီးလျှင် ဘုရားသခင်အထံသို့ လာရောက်ကြကာ တယောက်က ၁၃-နှစ်အရွယ်၊ တယောက်က ၁၇-နှစ်အရွယ်၊ တယောက်က ကလေးတယောက်ရပြီး သားသယ်အမေအရွယ်ဖြင့် တင့်တယ်စွာ ဖန်ဆင်းကြပြီးလျှင် အသွင်မာယာ အမျိုးမျိုး တန်ခိုးရှိသလောက် ဖန်ဆင်းကြကာ ခြေတော်ရင်းမှာ အလုပ်အကျွေးဖြစ်လိုပါကြောင်း စကားကောင်းဖြင့် ဖြားယောင်းကောင်းပန်ကြပါသည်။

ထိုအခါ မြတ်စွာဘုရားက အောက်ပါ ဂါထာ ဒေသနာတော်ကို ဟောတော်မူကာ ပယ်ရှားတော်မူပါသည်။

ယဿ ဇိဝံ နာဝဇီယတိ၊ ဇိတမဿ နောယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။
ယဿ ဇာလိနီ ဝိသတ္တိကာ၊ တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။

(ဓမ္မပဒ၊ ၄၀-မျက်နှာ)

မာရဓိတာ၊ မာရ်မင်းရင်နှစ် သမီးချစ်တို့။ ယဿ၊ အကြင်မြတ်ဘုရားအား။ ဇိတံ၊ အောင်အပ်လှစွာ ကိလေသာကို ကောင်းစွာ အောင်တော်မူသည်ဖြစ်၍။ နာဝ ဇီယတိ၊ တဖန်မဆုံးရှုံးနိုင်ပြီ။ အဿ၊ထိုမြတ်စွာဘုရားသည်။ ဇိတံ၊ အောင်အပ်ပြီးဖသော ကိလေသာရန်သူကို။ လောကေ၊ လောကသုံးပါး၌။ ကောစိ၊ တစုံပါယောက်သောသူသည်။ နောယာတိ၊ တဖန်လိပ်ကာ ရန်မူလာအောင် မနေဆောင်နိုင်ချေ။ အပဒံ၊ တဏှာဟူသောအကြောင်း ကင်းထသော။ ပဒနေန ဥပဓိစရံ၊ အဆုံးပထင် အကုန်မြင်သော သဗ္ဗညုတဉာဏ်လျှင် အာရုံရှိထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ကေန ပဒေန၊ အဘယ်အကြောင်းဖြင့်။ တုမှေ၊ သင်နှုတ်သမီးတို့သည်။ နေဿထ၊ ဆောင်နိုင်ကုန်လတံ့နည်း။

ပါရဓိတာ၊ မာရ်မင်းရင်နှစ် သမီးချစ်တို့။ ယဿ၊ အကြင်မြတ်စွာဘုရားအား။ ဇာလိနီ၊ ကွန်ရက်နှင့်လည်း တူထသော။ ဝိသတ္တိကာ၊ ငါးပါးအာရုံကာမဂုဏ်၌ ခုံမင်ကပ်ငြိတတ်သော။ တဏှာ၊ တဏှာသည်။ နတ္ထိ၊ မရှိပြီ။ တာဃ၊ ယိုမြဲမစွာဘုရားအား။ ကုဟိဉ္စိ၊ တစုံတရာ အယုတ်မာသို့။ နေတဝေ၊ ဆောင်ခြင်းငှာ။ နေ သက္ကာ၊ မတတ်နိုင်ရာ။ အပဒံ၊ တဏှာဟူသောအကြောင်း

လည်း ကင်းထသော။ အနန္တဂဂါစရံ၊ အဆုံးမမြင် သဗ္ဗညုတဉာဏ်လျှင် အာရုံ ရှိထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ကေန ပဒေန၊ အဘယ်အကြောင်း ဖြင့်။ တုမ္ဟေ၊ သင်နတ်သမီးတို့သည်။ နေဿထ၊ ဆောင်နိုင်လတံ့နည်း။

မာရ်နတ်၏ သမီးသုံးယောက်တို့သည် အစွမ်း ရှိသလောက် ဖန်ဆင်း ကြ၍ အဆင်းအသွယ်သွယ် အရွယ်အစားစား ယောကျ်ားမျးစိတ်အကြိုက် ကို ထိခိုက်အောင် ဖျောင်းဖျလျက် ကောင်းလှသည့် အမူအရာတို့ဖြင့် ပျူးပျူး ငှာငှာ လုပ်ကြပါသော်လည်း ရှင်တော်မြတ်ဘုရားက သင်တို့ကဲ့သို့ လှုပချော မွေ့၍ သဘောတွေ့လောက်သော ရုပ်အဆင်းကို တဏှာ မကင်း ကြသည့် သူဖျင်းလူညံ့အပေါင်းသာ နှစ်သက်ကောင်း နှစ်သက်ကြလိမ့်မည်။ တဏှာ ကင်းပြီးသော ငါကဲ့ရဲသည်ကား မြေသုသာန်၌မြုပ်နှံထားသည့် အကောင် ပုပ်အလားကဲ့သို့ စက်ဆုပ်ရုံမှုန်း စိတ်နှလုံးမကြည်ရွင် ခြေဖျားနှင့် သော်မှ လည်း မတို့ချင်ပေဟု မိန့်ကြားတော်မူလေရာ နတ်သမီးခမျာတို့သည် သူတို့ ဖခင် မာရ်နတ်ကြီးထံသို့ ခပ်ပြုန်မြုန် ပြန်သွားကြပါတော့သည်။ ဤနေရာမှာ လည်း မိမိတဉီးတည်း မြတ်စွာဘုရား ဂုဏ်တော်များကို အထူးအာရုံပြုကာ ကြည်နူးလှစွာနှင့် နှစ်ကြိမ်တိုင် ရွတ်ဖတ်ပူဇော်ပါသည်။ ဇ ကြိမ်လျှင် နှာရီဝက် ခန့် ကြာပါသည်။

မုစလိန္ဒ သတ္တာဟ

ဘုရားသခင်သည် သိတ်ကျောင်းသာတို့ ခိုနားရာ အဇပါလညောင်ပင် ရင်း၌ သိဟင်းသုံးတော်မူပြီးလျှင် ဗောဓိပင်၏ အရှေ့တောင် အလံငါးဆယ် ဝေးကွာသည့် ဂုစလိန္ဒပဉ္စသော ဂရုပိုင်အတွင်း ကျည်းပင်ကြီး အရင်း၌ ခုနစ် ရက်ပတ်လုံး သိတင်းသုံးတော်မူပါသည်။ ထိုအခါ စကြဝဠာဝယ်က အားလုံး ပုံနှံသည့် အဝါမိုးကြိုး သည်းထန်စွာ ရွာသွန်းလေရာ မုစလိန္ဒနဂါးမင်း သည် ပိပိငနရာ ဗိမာန်အတွင်း၌ ကွင်လာကာ မြတ်စွာဘုရားအား မချမ်းစေ ပါနှင့်၊ မပူပါစေနှင့်၊ မှုန်ခြင်းယင်း၊ ငြူပျားကင်း၊ သန်းကို မကိုက်ခဲမှုပ်စက် ပါစေနှင့်ဟု နှလုံးပြု၍ ရာဇနာအတိုင်းသည့် ဧရာကျောင်းတော်ကို ဖဉ်ဆင်း လွှဒါန်းခြင်းငှာ စွမ်းနိုင်ပါသော်လည်း မိမိကိုယ်ကို အရင်းထု၍ ကျောင်းတော် အလှကို လွှဒါန်းခြင်းငှာကြိုးလှစွာသောကိုယ်ကိုဖန်ဆင်းပြီးလျှင် တပိုင်းအခွေ ကို ပလ္လင်အနေခင်းပြီးသော် မြတ်စွာဘုရား ကိုယ်တော်ကို ၇-ပတ် ရံလျက် ဉီးခေါင်းထက်၌ ပါပျဉ် ဖြင့် အုပ်မိုးရှ မိုးမစွတ်ရအောင် ပြုလုပ်ကာ နေပါ သည်။ မြတ်စွာဘုရားသည် မုစလိန္ဒနဂါးမင်း၏ အခွေအတွင်း၌ ၇-ရက်ပတ် လုံး သိကင်းသုံးတော် မူကာ ဝိမုတ္တိသုခ အရဟတ္တဖိုလ် ချမ်းသာကို ခံစား တော်မူပါသည်။ ခုနစ်ရက်စေ့၍ မို့တိမ်ကင်းသည့်အခါ နဂါးမင်းသည် လုလင်

ပျိုအသွင် ဖန်ဆင်း၍ မြတ်စွာဘုရားရှေတော်မှာ ရှိသေလှစွာ လက်စုံမိုးပြီး ရှိခိုးကာ နေပါသည်။ ထိုအခါ မြတ်စွာဘုရားသည် အောက်ပါ ဥဒါန်း ဂါထာ ဒေသနာတော်ကို မြွက်ဆို ကျူးရင့်တော် မူပါသည်။

သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတာဓမ္မဿ ပဿတော။
အဗျာပဇ္ဈံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။
သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။
အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။
(ဝိနည်း မဟာဝ၊ ၃၊ ဥဒါန်း၊ ဂဂ၊ ကထာဝတ္ထု ၁၆၃-မျက်နှာ)

တုဋ္ဌဿ၊ လေးပါးသော မဂ်ဉာဏ်တည်းဟူသော ရောင့်ရဲခြင်းဖြင့် ရောင့်ရဲထသော။ သုတဓမ္မဿ၊ ထင်ပြီးသော သစ္စာလေးပါးတရားရှိသော။ ပဿတော၊ ပဲ့ညာမျက်စိဖြင့် ခပ်သိမ်းသော တရားတို့ကို မြင်ပြီးသော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဝိဝေကော၊ နိဗ္ဗာန်ဟုဆိုအပ်သော ဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။

လောကေ၊ လူအပေါင်း၌။ အဗျာပဇ္ဈံ၊ အမျက်ဓရှိသည်၏ အဖြစ်သည်။ သုခံ၊ ချမ်းသာ၏။ ပါဏဘူတေသု၊ သတ္တဝါအပေါင်းတို့၌။ သံယမော၊ မည္သည်းဆဲသည်အဖြစ်သည်။ သုခေါ၊ ချမ်းသာ၏။ လောကေ၊ လောက၌။ ကာမာနံ၊ ကာမဂုဏ်တို့ကို။ သမတိက္ကမော၊ လွန်ခြင်းဟုဆိုအပ်သော။ ဝိရာဂတာ၊ ရာဂကင်းသည်၏ အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အသ္မိမာနဿ၊ ငါဟူသောမာန်ကို။ ယော ဝိနယော၊ အကြင်ဆုံးမခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဝိနယံ၊ ထိုဆုံးမခြင်းသည်။ ဝေ၊ စင်စစ်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာတည်း။

ဤနေရာမှာလည်း မိမိတဦးတည်း မြတ်စွာဘုရား ဂုဏ်တော်များကို အထူးအာရုံပြုကာ ကြည်နူးလှစွာနှင့် နာရီဝက်ခန့် ရှိခိုးပူဇော်ပါသည်။

ရာဇာယတန သတ္ထာဟ

မုစလိန္ဒအိုင်အတွင်း ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးတော်မူရာ ခုနစ်ရက်ကြာ လေလျှင် ဗေဒိပင်မှ တောင်မျက်နှာ တဆယ့်တလံကွာသော (လင်းလွန်းပင်) အရင်းသို့ ရွှေပြောင်းကာ ဖလသမာပတ်ကို ပင်စားတော်မူ၍ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်။ ခုနစ်ရက် ဈေးသော နံနက်၌ မျက်နှာသစ်တော်မူလိုသော အကြံဖြစ်တော်မူလေလျှင် သီကြားမင်းသည် ကြင်္ကသိမ် ကွမ်းရိုး ဒန်ပူ အနောတတ်ရေမျိုးကို ကပ်လှူလာ၍ သုံးဆောင်တော်မူပြီးစအာတုံး

ရာမညတိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တပုဿ ဘလ္လိက ကုန်သည် ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် လာကြာညတ်၌ ဘုရား ရှင် ရှိတော်မူရာအရပ်သို့ ရောက်လေသော် မိမိတို့အဆွေဖြစ်ဘူးသည့် နတ်က လှည်းများကို ပတ်ဝန်းခိုင်ခအောင် ချုပ်ငန့်ထားသဖြင့် ဗလိနတ်စာ တင် ဧသာကာသလမ္ဗ နတ်က ကိုယ်ထင်ပြလျက် ဧလာသဆုံးပါးကွင် အတုမရှိသည့် မြတ်စွာဘုရား တင်ရှားပွင့်တော်မူ၍ ယခုအခါ လင်းလွန်းပင်ရင်းဥ သီတင်း သုံးခန့်ဝေဝေးမည်သည်။ ထင်ကိုးကျိုးစီးပွားများလိုကြောင့် တစုံတခုဖြင့် လူ ဒါန်းပူဇော်ဖျက်တုံ ခဲ့ဖူးလျှင် ကုန်သည်ညီနောင်တို့သည် အားရဝမ်းသာမိမိတို့ တွင်ပါလာသည့် ဂုန်ကြက်ကျစ်နှင့် ပျားမုန့်ဆုပ်ကို ကပ်လှူကြပါသည်။

ထိုအခါ မြတ်စွာဘုရားမှာ ဘဒ္ဒိကာရဗျဟ္မာကြီး လူပိုက်သည့်သပိတ် သုံးလုံး ဘုဇ်းတော ဆန့်ဖုံထွင်. ယူဒါ့စကားဘ ကွယ်ခဲ့ဖူးလျှင် အဘယ် ပတ္တုဖြင့် ပဓါန်းကို ပြုခဲ့သနည်း ဆိုလျှင် ပါခဲ့ပါသည်။ ဓနုဝင်ဖတော် ဝရုဏ်ဘုရား ထို့သည့် အားယမ်းတို့ဖြင့် မိမိတို့ပါးစပ်ကနှုတ်ဖြင့် ရာဇဂဟသော် သပိတ်ဖြင့် ပဓါန်းကို ပြုခဲ့ပါသည်။ ဤသို့ ဆိုလျှင် သပိတ်သည် ပဓါန်းပြုရာ ဖြစ်သည်။ သပိတ်ဝယ်ခြင်းအကြောင်း ဆိုအံ့. ဘုရားရှင်သည် ဗာရာဏသီပြည်ဝယ် ဓမ္မစက်ကို ပြုတော်မူ၍ ယသကုလသား ငါးယောက်ကို ဆုံးမတော်မူ၍ ဗာရာဏသီပြည်ဝယ် ဓနဝတီသူဌေးသား ယသကုလာသားကို ဆုံးမတော်မူ၍ ယသကုလာသား၏ အိမ်ရှေ့ဝယ် ဆွမ်းခံတော်မူသော် ယသကုလာသား၏ မိခင်သည် ဆွမ်းကို ပေးလှူ၏။ ဘုရားရှင်သည် ဆွမ်းခံကို ဆောင်တော်မူ၍ ဗာရာဏသီပြည်ပြင်ဝယ် ဆွမ်းခံတော်မူ၏။ ဗာရာဏသီပြည်သူ ဌေးတို့သည် ဆွမ်းကို ပေးလှူကြ

ဥတုဝေဠု တောရမြိုင်ခွင်

ဗောဝိပင်နှင့် သတ္တဋ္ဌာနများ၏ အရှေ့မြောက် တမိုင်ခန့်ဝေးကွာသည့်အရပ် နေရဥ္ဇရာမြစ်ကမ်းနားဦ သေနာနိသူဂဠုးကြီး၏ သမီး ဃနာန္ဒီဆွမ်း လှူသည့် သုဇာတာတို့၏ သေနိဂုံးရွာ ရှိပါသည်။ နေရဥ္ဇရာမြစ်၏ အရှေ့ဖက်ကမ်းဦ ဥရုဝေဠုတောဟန်း တောင်တန်းကြီးရှိပါသည်။ ဤနေရာဌာနများသည် မြတ်စွာဘုရားအလောင်းတော် ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်ဆောင်တော်မူသည့် နေရာ၊ "ပဥ္စဝဂ္ဂိုဂါးဦးက မြတ်စွာဘုရား အလောင်းတော်အား ရှေးဦးခစားလုပ်ကျွေးသည့်နေရာ၊ သုဇာတာ ဃနာန္ဒီဆွမ်းကပ်သည့်နေရာ၊ ဘုရားအလောင်းတော် နေရဥ္ဇရာမြစ် သုပ္ပတိဋ္ဌိတ ဆိပ်ကမ်းဦ ရွှေခွက်ကို ထား၍ ရေချိုးတော်မူသည့်နေရာ၊ ဃနာန္ဒီဆွမ်း ဘုဉ်းပေးတော်မူသည့်နေရာ၊ ရွှေခွက်ကို အဝိဒူရနှိုင့် နေရဥ္ဇရာမြစ်ထဲ မျောလိုက်သည့်နေရာ၊ ဂယာလနဂါးမင်း ရွှေခွက်ချင်းတိသာဖြင့် ဘုရားဖြစ်တော်မူသည်ကို သိသောနေရာ၊ ဘုရားအလောင်းတော် နေရဥ္ဇရာမြစ်အနီး အင်ကြင်းတောကြီး၌ နေ့သန့်စင်တော်မူသည့်နေရာ၊ ၎င်းညနေအခါ ဗောဝိပင်သို့ ကြွတော်မူသည့်အခါ သုဇိယ(သို့မဟုတ်)သောဏိယမည်သော မြက်ရိတ်ကုလား မြက်ဂျစ်ဆုပ်လှူဒါန်းသည့်နေရာ၊ ဤသို့စသည်ဖြင့် ဘုရားမဖြစ်မီ ဘုရားဖြစ်ကာနီး ဖြစ်ပြီးစကာလများ၌ သီတင်းသုံး နေထိုင်ကျင့်ကြံအားတုတ်တော်မူသည့် နေရာဌာနများ ဖြစ်ပါသည်။ ဤဌာနများကိုလည်း မဟာဗောဝိပင်နှင့် သတ္တဋ္ဌာနများ၏ အနီးနေရဥ္ဇရာ မြစ်ကြီး၏ အနောက်ဖက်ကမ်း ဆရာတော် ဦးဥတ္တမ၏ မြန်မာကျောင်းမှ လှမ်းမျှော်ကာ ပူဇော်ခဲ့ရပါသည်။ နေရဥ္ဇရာမြစ် ရေကြီးနေသောကြောင့် ၎င်းဌာနများသို့ရောက်အောင် မသွားနိုင်ခဲ့ပါ။

ဥပကနှင့် မာဃဝါ

ပထမဝါဆိုလဆန်း ၁၄-ရက်၊ နံနက် ၇-နာရီအချိန်ဟွင် ဆရာတော် ဦးဥတ္တမအား ဆွမ်းစရိတ်ငွေ ၂၀-ကျပ် လှူဒါန်းခဲ့၍ ၎င်းကျောင်းမှ မြင်းရထားနှင့် ထွက်ခွာလာလေရာ ၅-မိုင်ခန့်ဝေးသည့် ဂယာမြို့၏တောင်ဖက်အနီး ဆာဝါ၏အဖေ စန္ဒာမိ မုဆိုးကြီးနေရာ ဂင်္ဂါမှာမှာ နာရီဝက်ခန့် မြင်းရထား ရပ်နားကာ ထန်းလျက်များ ဝယ်ပြီးလျှင် ၎င်းရွာ၏အနောက်ဖက် ဥပက တောင်ကို ဓားတံပုံရိုက်ကာ ယူလာပါသည်။

ရှေးရှေးသော ဘုရားသခင်တို့သည် တရားဦးဟောတော်မူရန် ဂေါဝင်းကင်ယံဖြင့် စျာန်ဟုန်စီးကာ ကြွတော်မူမြဲဖြစ်ပါသေး၏လည်း ငါတို့ဘုရားသခင်သည်ကား သနားတော်မူခြင်း မဟာကရုဏာတော်ဖြင့် မျှော်လင့် တွေးရွံကာ ဥပက ရဟန်းကြီးကို လမ်းခရီး၌ တွေ့ဘို့ရန် အတွက် မြေပြင်စခန်းက ပင်လျှင်

ခြေလျင်လှမ်းကြွတော်မူလာပါသည်။ ထိုအခါဗေဒဓိပင်နှင့် ဂယာမြို့အကြား အဆက်ဖေဘပြပါ ဝဂ်ရွာအနီး လမ်းခရီးတွင် နောက်မကြာခင် ဆာဝါ၏လင် ဖြစ်တော်မည့် ဥပက ရဟန်းကြီးနှင့် တွေ့ဆုံတော်မူပါသည်။ ထိုအခါက ဥပက ရဟန်းကြီးက မြတ်စွာဘုရားအား အရှင်ဘုရား၊ ဘယ်က ကြွလာ၍ ဘယ်ဌာနသို့ ကြွမလို့ပါနည်း။ အရှင်၏ မျက်နှာစဖေသာ ဂူခန့်တို့သည် သိရိသရေဖြိုးတင့်၍ မိုးအမြင့်အာကာက တာရာအပေါင်း ခြံရံကာသည့် လစန္ဒာဝတရတ်သည် ကြည်လင်းကြည်လှပါသည်။ အရေအဆင်းမျာ်းလည်း ရွှေလို ဝင်းပြိုး သန့်ရှင်းလှပါပေသည်။ ဘယ်သူ့မျာ်းရည်မှန်းပြိုး ဟောရိဟန်းပြုပါသနည်း။ အရှင့်ဆရာကား အဘယ်သူ၏ ဓမ္မစက်ကို နှစ်သက်ပါသနည်း။ ဤသို့ လျှောက်ထားလေရာ မြတ်စွာဘုရားက အောက်ပါဂါထာဒေသနာတော်မျာ်းကို ဟောကြားဖြေဆိုပါသည်။

သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

(ဝိနည်းမဟာဝဂ် ၁၂။ စမ္ပေယျ ၆၄။ ကဿပသံယုတ် ၂၁၀ မျက်နှာ)

ဥပက၊ ဥပက။ အဟံ၊ ဝါသာဒိ။ သဗ္ဗာဘိဘူ၊ အလုံးစုံသော တဘူမက တရားတို့ကို လွှမ်းမိုးနိုင်နင်း၍ တည်သည်သည်။ အသ္မိ၊ ဖြစ်၏။ သဗ္ဗဝိဒူ၊ ခပ်သိမ်းသော တရားကို သိသည်။ အသ္မိ၊ ဖြစ်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မေသု၊ တဘူမက တရားတို့၌။ အနူပလိတ္တော၊ ရာဂ အစရှိသော ကိလေသာတို့ဖြင့် လိမ်းကျံခြင်းမရှိ။ သဗ္ဗဉ္ဇဟော၊ အလုံးစုံသော တဘူမက တရားတို့ကို စွန့်အပ်ပြီ။ တဏှက္ခယေ၊ တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ သော်ရိုးရှင်သာဘာဝကြောင့် လွတ်တော်မူပြီ။ သယံ၊ မိမိအလိုလို။ အဘိညာယ၊ သိ၍။ ကံ၊ အဘ ဂ်ာသူကို။ ဥဒ္ဒိသေယျံ၊ ဆရာဟူ၍ ညွှန်ပြရအံ့နည်း။

နမေ အာစရိယော ဒဿိ၊ သဒိသော မေ နတ္ထိ၊
သဓေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

ဥပက၊ ဥပက။ မေ၊ ငါ့အား။ အာစရိယော၊ ဆရာသည်။ နတ္ထိ၊ မရှိ။ သဒိသော၊ နှက်နှင့်တကွသော။ လောကသ္မိံ၊ လောက၌။ မေ၊ ငါ့၌။ သဒိသော၊ တူသောသူသည်။ နတ္ထိ၊ မရှိ။ မေ၊ ငါ၏။ ပဋိပုဂ္ဂလော၊ ပြိုင်ဘက်ဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

အဟံဟိ အရဟာ လောကေ၊ အဟံ သတ္ထာ အနုတ္တရော။
ကောမို သမ္မာသမ္ဗုဒ္ဓေါ၊ သိတိဘူတောသ္မိ နိဗ္ဗုတော။

အဟံဟိ အဟံဧဝ၊ ငါတယောက်သည်သာလျှင်။ လောကေ၊ လောကဒ္ဓါ။ အရဟာ၊ ရဟန္တာတည်း။ အဟံဧဝ၊ ငါတယောက်သည်သာလျှင်။ အနုတ္တရော၊ အတုမရှိသောသူဖြာတည်း။ သတ္ထာ၊ လူနတ်တို့၏ဆရာတည်း။ အဟံ ဧကောဝ၊ ငါတယောက်သည်သာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသော တရားတို့ကို မဖေါက်မပြန် မိမိအလိုလို သိသောဘုရားသည်။ အမှို၊ ဖြစ်၏။ သိတိဘူတော၊ ကိလေသာတို့၏ ငြိမ်းခြင်းသို့ ရောက်သည်။ အသ်ိ၊ ဖြစ်၏။

ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟညိံ အမတဒုန္ဒုဘိံ။

ဓမ္မစက္ကံ၊ ဓမ္မစက္ကြာတရာ.ကို။ ပဝတ္တေတုံ၊ ဟောခြင်းငှါ။ ကာသိနံ၊ ကာသိတိုင်းဌ ေနကုန်ဖေသော သူတို့၏။ ပုရံ၊ ဗာရာဏသီပြည်သို့။ ဂစ္ဆာမိ။ ငါသွားအံ့။ အန္ဓီဘူဟာသ္မိံ၊ သူကန်းသဖွယ် ဖြစ်၍ ဖြစ်သော၊ လောကသ္မိံ၊ လူအပေါင်း၌။ အမတဒုန္ဒုဘိံ၊ တရားတည်းဟူသော နိဗ္ဗာန်စည်ကြီးကို။ အာဟညိံ၊ တီးအံ့ဟူ၍။ ဂစ္ဆာမိ၊ ငါသွား၏။

ဤသို့ မြတ်စွာဘုရားက ဟောကြား ဖြေဆိုတော်မူသောအခါ ဥပက ကြီးက အရှင်ဘုရားသည် အကြင်သို့သော အခြင်းအရာအားဖြင့် ဘုရားဟူ၍ဝန်ခံ တော်မူပါသည်။ထိုသို့ ဝန်ခံတော်မူသည့်အတိုင်း အဆုံးမရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူသည့် မာရ်ငါးပါးတို့ကို အောင်မြင်တော် မူသော ဘုရား ဖြစ်ပါသလော။ ဤသို့ စောကြာ လျှောက်ပြန်လေရာ မြတ်စွာဘုရားက အောက်ပါ ဂါထာကို ဟောကြား၍ ဝန်ခံတော်မူပါသည်—

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာ မုပက ဇိနောတိ။

ဥပက၊ ဥပက။ မာဒိသာ၊ ငါနှင့် တူကုန်သော။ ယေ ပုဒ္ဓါ၊ အကြင် မြတ်စွာဘုရားတို့သည်။ အာသဝက္ခယံ၊ အာသဝေါတရား တို့၏ ကုန်ခြင်းသို့။ ပတ္တာ၊ ရောက်တော်မူကုန်၏။ တေ ပုဒ္ဓါ၊ ထို မြတ်စွာဘုရားတို့သည်။ ဓေ၊ စင်စစ်။ဇိနာ၊ဇိနမည်ဟောင်္ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပေါင်္ခါသည်။ ပါပ ကာ၊ ယုတ်မာကုန်သော။ ဓမ္မာ၊ အကုသိုလ်ဟူရာတို့ကို။ ယသ္မာ၊ အကြင့် ကြောင့်။ ဇိတာ၊ မောင်းအပ်ကုန်ပြီ။ ဟသ္မာ၊ ထို့ကြောင့်။ ဥပက၊ ဥပက။

အဟံ၊ ငါကား။ ဇီနော၊ ဇီနမည်တော်မူ၏။ ဣတိ၊ ဤသို့။အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ ဟောတော်မူပြီးလျှင် ဘုရားသခင်သည် ဓမ္မစကြာတရား ဟောတော်မူရာ၊ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွတော်မူပါသည်။

မှတ်ချက်။ ။ဥပကကြီးသည် ဟုတ်ပါ၏ပသည်၊ ဟုတ်ပါပေသည်ဟု ခေါင်း ညိတ်ကာ ဝင်ရှာသို့ သွားရောက်နေထိုင်လေရာ နောက်မကြာ ခင်ဆာဝါနှင့် အကြောင်းပါ၍ သုဘဒ္ဒမည်သော သားတယောက် ရသောအခါ ဆာဝါနှင့် မသင့်တင့်သဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားထံသို့ ရောက်လာကာ ရဟန်းပြုပြီး တရားအားထုတ်သဖြင့် အနာဂါမ်ဖြစ်၍ ဖြတ်သန်းသောရိပ်တွင် အရှင်မောဂ္ဂလာန်တို့၏ နာလန္ဒာမြို့သို့ ရောက်ပါသည်။ ဤနာလန္ဒာမြို့၌ အရှင်သာရိပုတ္တရာ၏ မယဘက် သာရိပုတ္တရာကြီး၏ နေရာ၊ ဂုဏ်ကျေးဇူးတော်မှ ကျွေးမွေး ထားသည့် ရွှေဟောင်းပစ္စည်းများ ထားရှိသည့် ပြတိုက်၊ ကျောင်းကောင်းဟောင်း နေရာများ၊ ရေတွင်း ရေကန်များနှင့် တည်းခိုရန် တရုတ် ဗုဒ္ဓဟာသာ ဖမ်းသာသာ စသည်များ ရှိပါသည်။ နာလန္ဒာမှ ဆက်လက်၍ ထားနှင့်တွက်သာတောရာ ဂုံ နေ့ ၂-နာရီအချိန်မှာ ရွာမ်းပြည်တောင်ပိုင်း ရွာငံမြို့သား ရာဇဂြိုဟ် မြို့မောကျောင်း ဦးဇယန္တထံသို့ ဆိုက်ရောက်နေထိုင်ပါသည်။

ရာဇဂြိုဟ်မှာ ရွေးအစဉ်အလာကျင်းပမြဲဖြစ်သည့် နက္ခတ်ပွဲ၊ သို့မဟုတ် ကောင်းပွဲကြီးနှင့် တွေ့ဆုံကြုံကြိုက် တိုက်ဆိုင်နေသဖြင့် ပရိသတ်များ အလွန်အလွန်၊ စည်ကားများပြားလှလေသောကြောင့် တိုးဝှေ့မပေါက် သွား၍

မဆုံး ကအုံးအုံးနှင့် ပြည့်ကြပ်ခဲသိပ် ကြိတ်ကြိတ်တိုးမျှ အံ့သြရအောင် ရှိနေရကား ဒေသာက်နှားဂ အဓမ္မကြောင်းအရာများကို သတိရလာပါ၏တော့သည်။

ရှေးအခါက ကာသိဘုံး ပဝရာဏဇာပြည် ဗြဟ္မဒတ်မှင်းကြီးလက်ထက် မှာ ယခုအခါလို နက္ခတ်ပွဲကြီးကို ဆင်နွှဲကျင်းပကာ လက်ထပ်ပြီးခါစ ဆင်းရဲလှ သည့် ဇနီးမောင်နှံစုံဦးတို့သည် ဝတ်စားဆင်ယင်ကာ ပွဲသဘင်ကြီးမှာ ပျော် ရွှင်ကြလိုသောကြောင့် မယားဖြစ်သူက ဝတ်ပန်းပုဆိုး ဝယ်ပေးရန် ပူဆာပါ သည်။ လင်သယ်ခမျာမှာ ဝယ်စရာကလဲ ပိုက်ဆံမရှိသဖြင့် အဇာတသတ်မင်း ကြီး၏ ဝတ်ပန်းစင်းသို့သွား၍ ခိုးသည်တွင် မင်းလုလင်များက ဖမ်းဆီးချုပ် နှောင်ကာ ပွဲတော်ကြီးအလယ်ခေါင်မှာ ကားစင်သို့တင်ပြီး ခြေနှစ်ဖက် လက် နှစ်ဘက်တို့ဦ သံပနက်ကြိုးတွေ ရိုက်နှက်၍ပသားပါသည်။ ထိုအခါ ကျီးကန်း တွေက မျက်လုံးများကိုထိုးဖောက်ပြီး ငွေငင်းတွေက အသားများကို ဆွဲဆိတ် ၍ စားကြရာ အောက်ပါဂါထာဖြင့် ညည်းညူကာ နေရှာပါသည်—

ဝိဒ္ဓန္တိ စက္ခူ။ မေ ကာကာ၊ နာနုမညာမိ တာဒိသံ၊
ကောသုမ္ဘံ အလက်္ကရိတ္ဝာန၊ သာမာယ သဟကိဉ္စနံ။

မေ၊ ငါ၏။ စက္ခူ။၊ မျက်စိတို့ကို။ ကာကာ၊ ကျီးတို့သည်။ ဝိဒ္ဓန္တိ၊ ထိုးဖောက်စားသောက်ကြလေကုန်ပြီ။ မေ၊ ငါ၏။ မံသာနိ၊ အသားတို့ကို။ ဂိဇ္ဈာ၊ ငှက်တို့သည်။ ဝိဒ္ဓန္တိ၊ ထိုးဖောက်သောက်စားကြလေကုန်ပြီ။ တာဒိသံ၊ ထိုသို့သော ဆင်းရဲဒုက္ခလေးကို။ နာနုမညာမိ၊ ဆင်းရဲသည်ဟု ငါမအောင့် မေ့မမှတ်ထင်ပါ။ ကောသုမ္ဘံ၊ ဝတ်ပန်းပုဆိုးကလေးကို။ အလက်္ကရိတ္ဝာန၊ တန် ဆာဆင်၍။ သာမာယ၊ အသားရှင် ငါ့မယား မယ်သမာနှင့်။ သဟကိဉ္စနံ၊ နက္ခတ်ပွဲသဘင်ကြီးမှာ မပျော်ရွှင် မကစားလိုက်ရခြင်းသည်ကား။ အတိဒုက္ခံ၊ ငါ့မှာ လွန်လွန်မင်းမင်းကြီး ဆင်းရဲလှပါ၏တကား။

(ဇာတ်အဋ္ဌကထာ ၁၊၅၂၆-ကြည့်)

ဤမျှ စွဲလမ်း တန်းတရစေအောင် စည်ကား ကြီးမားလှသည့် ပွဲသဘင် တော်ကြီးဖြစ်ပါသည်။

၁၃၁၂-ခုနှစ် ပထမဝါဆိုလဆန်း ၁၄-ရက် ညနေ ၄-နာရီ အချိန် တွင် နက္ခတ်ပွဲသဘင်ကြီးကို ဖြတ်သန်း၍ အဇာတသတ်မင်းကြီး နန်းတော်မြို့ရိုး ပေါ်မှ လျှောက်ဖာ ခြုံတိုက်ဘုရားသို့ သိတင်းသုံးတော်မူသည့် ပဝဋ္ဌဝန် ကျောင်းတော်နေရာ၊ ပဝဋ္ဌဝန်ရောက်ရှိများကို ဖြည့်ကျူးမြောက်ပြီး ဓမ္မာရုံ တောင်ခြေ ရေပူတွင်းများကို ကြည့်ရှုပြီ. ဓမ္မာရုံတော်ပေါ်းပန်း တည် ရှိသည့် ရှင်မဟာကဿပရှိုးကို ဖူးမြော်ခဲ့ ရာ ကျိုးဘုရားများသာ ဖတ်ရှုပါ

သည်။ တောင်ထိပ်ရောက်သောအခါ သတ္တပဏ္ဏိဂူသွားလမ်းဟု စာတန်းတွေ့ရှိသဖြင့် ၎င်းလမ်းအတိုင်း လျှောက်ကာ လိုက်သွားလေရာ တောင်ခါးပန်းဝယ် မကြီးကျယ်လှသည့် ကျောက်ဂူငယ်ကို တွေ့ရပါသည်။ထိုအခါ မိုးရွာလာသဖြင့် ဂူဝမှာ မိုးခိုကာ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာ ဤနေရာမှာ ပထမသင်္ဂါယနာတင်သည်ဟု အာရုံပြုကာ တန္ဒာရိမခန့် ကြာအောင် ရှိခိုးပူဇော်ပါသည်။

မှတ်ချက်။ ။ဤနေရာကို ပထမ သင်္ဂါယနာတင်သည်ဟု ယူဆရန် မသင့်ပါ။ ၎င်းည ၆-နာရီအချိန် တောင်ပေါ်မှ ဆင်းခဲ့ပြီး တပေါဒါမြစ်ကို ဖြတ်ခဲ့ နက္ခတ်ပွဲကြီးထဲလျှောက်ကာ ကျောင်းသို့ပြန်လာပါသည်။ ပထမဝါဆို လဆန်း ၁၅-ရက် လပြည့်နေ့ ပွဲတော်ကြီးထဲမှ ဖြတ်သန်းကာ ဓမ္မာရုတောင်ခြေ စရည်းပင်ရောက်ရာ သတ္တပဏ္ဏိဂူသို့ သွားရောက် ဖူးမြော် ရှိခိုးပူဇော်ပါသည်။ ဤဂူကို အဇာတသတ်မင်းကြီး ဘဏ္ဍာဘိုက်ဟု စာတန်းရေးထားပါသည်။ သို့ရာတွင် ဤဂူသာလျှင် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာ ပထမ သင်္ဂါယနာကင်းတော်မူသည့် ဂူဟု ယုံကြည်မှတ်ယူကာ ရှိခိုးပူဇော်ပါသည်။

ဂုဝ်းဂူမှ နောက်ဆုတ်ကာ သွားလေရာ တမိုင်နီးပါး ရှိသောအခါ အဇာတသတ်မင်းကြီးနှင့် အရှင်မဟာကဿပတို့ အပြည်ပြည်ဆရာရပ်မှ မြတ်စွာဘုရား ဓာတ်တော်မျှားကို ပင့်ဆောင်ကာ သိုဝှက်ထားသည့် ဓာတ်တော်တိုက်ကြီးသို့ ဆိုက်ရောက်ပါသည်။ ဤဓာတ်တော်တိုက်ကြီး အတွင်း ရေမြုပ်ကြီးငယ်သို့ ဆင်းပြီး မြတ်စွာဘုရားဂုဏ်တော်ကို ဘဏ်းအားမျိုပြုကာ ရှိခိုးပူဇော်ပါသည်။

ယခုအခေါ် ပတ္တနာ၊ ရွာအခေါ် ပါဠလိပုတ်ပြည်၊ ယခုအခေါ် အစိုးက၊ ရွာအခေါ် သိရိမမွာသောကမင်းကြီးသည် ၎င်း ဓာတ်တော်တိုက်ကြီးမှ မြတ်စွာဘုရား ဓာတ်တော်မျှားကို တူးဖော်ပင့်ဆောင်၍ အရပ်ရပ် အပြည်ပြည်မှာ စေတီတော်မျှား တည်ထားပူဇော်ပါသည်။

၎င်းဓာတ်တော်တိုက်ကြီးမှ ဆက်ပက်၍ သွားလေရာ ၂ မိုင်ခန့် ရှိသော အခါ ဗိမ္မိသာရမင်းကြီးအား ချုပ်နှောင်ထားသည့် ဗိမ္မိသာ ထောင်ကြီးဟို ရောက်ပါသည်။ အဇာတသတ်မင်းသားသည် မိုက်တွင်းနက်လှသည့် ဓနဝဒတ်နှင့် ပေါင်းဖက်မှားသဖြင့် အရိယာ သူတော်ကောင်းကြီး ဖြစ်ပေါ်မှုသည့် ဖခင်အရင်း ဗိမ္မိသာရမင်းကြီးအား ဤထောင်ကြီးအတွင်း ချုပ်နှောင်ထားပြီး အစာဖြတ်၍ အငတ်ထားပါသည်။ ဗိမ္မိသာရမင်းကြီးသည် ရတနာသုံးပါးကုဏ်တော်မျှားကို အာရုံပြုကာ စင်္ကြံသွားနေသဖြင့် မသေနိုင်ပဲ ရှိနေလေရာ အဇာတသတ်မင်းသားက ရက်စက်လှသည့် ရဲမက်ပါးကွက် အာဏာသားတို့အား

ထောင်ထဲသွား၍ မင်းကြီး၏ ခြေဖဂါးကို ဓားနှင့်ခွဲရန် စီမံအမိန့်ပေးသဖြင့် မင်းကြီးမှာ ထွန့်ထွန့်လူးကာ နှတ်ခွာသို့ လေးမရှာပါဘေးသည်။

သံဝဝဂ

လူမိုက်များနှင့် ပေါင်းဖက်ရခြင်းသည် ခေါင်းနားပန်းကြီး၍ ကြက်သီး ထလောက်အောင် ကြောက်မက်ဖွယ်ကြီးပါတကားဟု အမြဲသတိထားပြီး ဝေး ဝေးကြီး ရှောင်ရှားသင့်လှပါသည်။

ဗိမ္မိသာရမင်းကြီးသည် စာတုမဟာရာဇ်နတ်ပြည်မှာ ဇနဝသဘဟူသော အမည်နှင့် နတ်ကြီးဖြစ်၍ မြတ်စွာဘုရားအထံတော်သို့ အကြိမ်ကြိမ် အခါခါ လာရောက် ဖူးမြော် ပူဇော်လျှောက်ထားကာ တရားတော်ကို နာယူပါသည်။ ဤထောင်ကြီး၏နံရံအုတ်တံတိုင်းပေါ်မှ လှမ်းမျှော်ကာ မြတ်စွာဘုရားသီတင်း သုံးတော်မူသည့် ဂိဇ္ဈကူဋ်တောင်ကို ဓာတ်ပုံရိုက်ကာ ယူလာပါသည်။ ၎င်း နေရာမှ လှမ်းမျှော်ကာ ဗိမ္မိသာရနန်းတော်ရာ၊ ဆရာဇီဝက၏ ဘရက်ဉယျာဉ် ကျောင်းတော်၊ ဝေဘူလတောင်၊ ဂိဇ္ဈကူဋ်တောင်၊ ပဿဝဏတောင်၊ တ္တသိဂိလိ တောင်၊ ဝေဘာရတောင်၊ အရှင်အာနန္ဒာဂူ၊ တဒေါ်ဒါဠိကျောင်းတော်စသည့် မြတ်စွာဘုရား သီတင်းသုံးဖူးတော်မူပြီး ဟောကြားတော်ပွဲသည့် တရားဓမ္မ များကို အာရုံပြုကာ ရှိခိုးပူဇော်ပါသည်။ ဖစ္စဉ္ဇအောင် မသွားနိုင်ခဲ့ပါ။ နွေ ဆွမ်းအချိန်နီး၍ ဇကျောင်းသို့ပြန်လာရပါသည်။ ၎င်းနေ့ ရာဇဂြိုဟ်မြို့ ဥိးဇယန္တ၏ မြန်မာကျောင်းတိုက် ခန္ဓသိမ်မှာ ညဉ့်သို့ပြုပါသည်။ ကုသိုလ်အဖိုးကို အားလုံး သော ဝေဓနယျတို့အား ကိုယ်နှုံးအတူ ရကြပါစေဟု အမှုးဓဝင့ပါသည်။

မြတ်စွာဘုရား ခရီးတော်စဉ်

မြက်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် သတ္တဋ္ဌာနများ၌ ၄၉-ရက် သီတင်းသုံးတော်မူ၍ အဇပါလညောဒ်ပင်သို့ ကြွတော်မူကာ ၂-ရက် ၃-ရက် သီတင်းသုံးတော်မူပါသည်။ ထိုအခါ သဟမ္မတိဗြဟ္မာကြီးက တရား ဟောတော်မူရန် တောင်းပန်သောကြောင့် ဗာရာဏသီပြည် မိဂဒါဝုန်တော်သို့ ပဉ္စဝဂ္ဂီရဟန်းတို့အား ဓမ္မစက္ကာတရားဟောကြားရန် ကြွတော်မူခဲ့လေ၏ ဗောဓိ ပင်နှင့် ဂယာသီသမြို့အကြား၌ ဥပကာဇီဝအာဇီဝက ပဉ္စဝဂ္ဂီ ဘဒ္ဒါး သူဌေးသား ယသ ၁၊ (ယသ၏ဖခင် ဗာရာဏသီသူဌေး ယသ၏ပတ်ဝန်း သူဌေးကတော် သုဇာတာ၊ ယသ၏ခင်ပွန်းမ ဤ သုံးဦးတို့ကို သောတာပန် သရဏဂုံ တည်စေခဲ့တော်မူပါသည်) ယသ၏အဆွေ သူငယ်ချင်း ဗာရာဏသီမြို့နေ သူဌေးသားဖြစ်ကြသည့် ဝိမလ ဘုဗာဟု ပုဏ္ဏာဇီ ဂဝံပတိ ဗာရာဏသီနယ် ဇနပုဒ်နေ သူဌေးသား ၅၀၊ ပေါင်း ၆၀- ခြောက်

ကျိပ်သေး သူတို့ကို ရဟန္တာဖြစ်စေတော်မူ.ကာ မိဂဒါဝုန်တော နန်းသူးဌေး ကျောင်းမှာ ဝါဆိုးတော်မူပါသည်။

ဝါကျွတ်သောအခါ ခြောက်ကျိပ်သောရဟန္တာတို့အား ဒေသစာရီလှည့်လည်၍ တရားဟောကာ သတ္တဝါတို့အား သံသရာဝဋ်မှလွှတ်မြောက်လေအောင် ရွက်ဆောင်ကြရန် စီမံတော်မူပြီးလျှင် ဘုရားသခင်သည် ဥရုဝေလတောသို့ ကြွတော်မူလာရာ လမ်းခရီးအကြား ဇတောအုပ်ကြီးမှာ ကောဿလမင်းကြီး၏သားတော် ဘဒ္ဒဝဂ္ဂိမင်းသားသုံးကျိပ်တို့ကို တရားဟောကာ အရိယာဖြစ်စေတော်မူပါသည်။ ယိုးဒေးအုပ်မှ ဆက်လက်၍ ဥရုဝေလတောသို့ ကြွတော်မူကာ ဥရုဝေလကဿပ ဦးစီးခေါင်းဆောင်သည့် ရဟန္တာ (၅၀၀)၊ နဒီကဿပ ဦးစီးခေါင်းဆောင်သည့် ရဟန္တာ (၃၀၀) ဂယာကဿပ ဦးဆောင်သည့် ရဟန္တာ (၂၀၀)ပေါင်း (၁၀၀၀)တထောင်သော ရဟန္တာများကို တန်ခိုးအမျိုးမျိုးပြတော်မူ၍ အကျင့်တရား ရစေတော်မူပါသည်။

ထိုအခါ မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူလာရာ သေနာနိဂုံးရွာ ဘနာဆွမ်းလှူသည့် သုဇာတာ၏ ကျွန်မ ပုဏ္ဏာ သေလွန်ရှာသဖြင့် လုံးထွေးရုစ်ပတ်၍ စွန့်ပစ်အပ်သော ကုလားမတို့ ဗာဂတ်အယည် ဆာဒီကို စွတ်တော်မူလေရာ ဒေရိယာဝံသဟရားကို ထောက်ထားရှုမျှော်ကာ တပြည်သားလောက်ရှိသည့် ပိုးလောက်များကို ပယ်ရှားကာ ကောက်ယူဟော်မူပါသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသကဲ့သို့ အနေဖြင့် ယောင်လဲသလဲသို့ ဟန့်ခနဲတုန်လှုပ်ကာ မြတ်စွာဘုရားသည် ဤသတ်ဂုံးဟုံ ဗာဂဟ်မှာ ဖွပ်လျှော်ရပါအုံနည်းဟု အကြံတော်ဖြစ်လေရာ သိကြားမင်းလာ၍ လေးထောင့်ကျောက်ကို ဖုံးဆင်းပြီးလျှင် ဤရောက်မှာ ဖွပ်လျှော်ပါဟု လျှောက်ထားပါသည်။ ဖွပ်လျှော်သည့်အခါမှာလည်း ဤမြေကြီးသည် သွက်သွက်ခါမျှ တုန်လှုပ်ပါသည်။ ဖွပ်လျှော်ပြီးလျှင် ဤသတ်ဂုံးကို အဘယ်မှာ ဂုံးရပါအုံနည်းဟု အကြံတော်ဖြစ်လေရာ ဒေရိယာဝံသဟရားကို ထောက်ထားရှုမျှော်ကာ တပြည်သားလောက်ရှိသည့် ပိုးလောက်များကို ပယ်ရှားကာ ကောက်ယူဟော်မူပါသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသကဲ့သို့ အနေဖြင့် ယောင်လဲသလဲသို့ ဟန့်ခနဲတုန်လှုပ်ကာ မြတ်စွာဘုရားသည် ဤသတ်ဂုံးဟုံ ဗာဂဟ်မှာ ဖွပ်လျှော်ရပါအုံနည်းဟု အကြံတော်ဖြစ်လေရာ သိကြားမင်းလာ၍ လေးထောင့်ကျောက်ကို ဖုံးဆင်းပြီးလျှင် ဤရောက်မှာ ဖွပ်လျှော်ပါဟု လျှောက်ထားပါသည်။ ဖွပ်လျှော်သည့်အခါမှာလည်း ဤမြေကြီးသည် သွက်သွက်ခါမျှ တုန်လှုပ်ပါသည်။ ဖွပ်လျှော်ပြီးလျှင် ဤသတ်ဂုံးကို အဘယ်မှာ ဂုံးရပါအုံနည်းဟု အကြံတော်ဖြစ်လေရာ သိကြားမင်းသည် ကျောက်ဖျာကြီးမှာ လှုံးဖောက်မူပါဟု လျှောက်ထားပါသည်။ ဤသတ်ဂုံးကို အဘယ်မှာ ဂုံးရပါအုံနည်းဟု အကြံတော်ဖြစ်လေရာ ရေခဟတ်ပင်စောင့်နတ်က ရေခဟတ်ကိုင်းကို ညွတ်စေ၍ ဤကိုင်းမှာ ဆွဲတန်းပါဟု လျှောက်ထားပါသည်။ ယိုရောက် အဘယ်မှာ ဖြန့်ရပါအုံနည်း။ ဆိုးရောကို အဘယ်သို့ ကျိုရအုံနည်း။ အဘယ်သို့ ဆိုးရအုံနည်းဟု အကြံဖြစ်တိုင်း သိကြားမင်းက မကြာချက်ချင်း ဖုံးဆင်းကာ ဖေးပါသည်။

ထိုနေ့ကို လွန်မြောက်၍ မိုးယောက်သည့် ကာဂဒ္ဒ ဥရုဝေဠကဿပသည် ဘုရားထံမှောက်သို့ သွားရောက်ပြီးကာ ဆွမ်းစားပင့်လေရာ ရောက်နှ

ရေခဲကော်ပင် ကျောက်ဖျာစသည်များကို တွေ့မြင်ရခဲလျှင် အို—ရှင်ကြီး ဂေါတမ၊ ရှေးအခါက ဤနေရာဌာနမှာ ရောဂါဘေး ကျော်ရှာ မရှိပါဘူး၊ ရေခဲတောင်လည်း မကိုဝ်းညွတ်ပါ။ နွေချဲး ညချဲး အလွန်အကျူး အုံဩဘွယ်အထူးကို အကုန်ပြောပြစမ်းပါဟု ပေးမြန်းလျက် မြတ်စွာဘုရားက ပုံသက္ကသးကိန်း ကောက်ယူတော်မူသည်မှာ၍ အလုံးစုံသော အကြောင်း ခြင်းရာများကို မိန့်ကြားတော်မူပါသည်။

ထိုအခါ ဥရုဝေဠုကဿပက ဤရဟန်း ဂေါတမသည် တန်ခိုးအာနုဘော် ကြီးမားတော်မူလှပါပေသည်။ သိကြားမင်းဆောမှ ခြေရင်း အလုပ် အကျွေး သဘမထောကလေးပမာ ကိစ္စ ကြီးငယ်ကို လာရောက်ဆောင်ရွက်ရပေသည်။ အုံဩဘွယ်ရှိလှပါပေသည်။ ဘိုရာတွင် ငါကဲ့သို့ ရဟန္တာဖြစ် မဖြစ်သေးပေဟု အောက်မေ့မှတ်ထင် ဆင်ခြင်ကာ နေပါသည်။ ဤသို့သော တန်ခိုး (၃၅၀၀၀) မျိုးတို့ကို ပြတော်မူပါဆသော်လည်း ရှေးနည်းအတိုင်းပင် ရဟန်းကြီး ဂေါတမသည် တန်ခိုးကော ကြီးပါပေရဲ့ ငါကဲ့သို့ ရဟန္တာတော် မဖြစ်ဆေးဟု မြတ်စွာဘုရားကို ဖားထင်သေးပြီး မိမိကိုယ်ကို ရဟန္တာကြီးပင် မှတ်ထင်လျက် ရှိနေလေရကား ဤ ရသေ့ကို ယခုပင် ထိတ်လန့်စေ၍ လွဲမှားသည့် ထင်မြင်ချက်များကို ပယ်ရှားပြီး လမ်းပွန်သို့ ရောက်စေတော်အံ့ဟု ကြံစည်တော်မူကာ အို—ချစ်သား ကဿပ၊ သင်၏ ပာနကား ထောင်လွှားမြင့်မောက်၍ အထက်သို့ ရောက်လှပါတကား။ နေ ဂတို့၏ အရောင်သည် ငါ့ကိုယ်ရောင်ကဲ့သို့မလင်း၊ ဃနမင်းကို ဂုဟ်ပြိုင်သည့် ပုံစံကြွေးမိုက်ကဲ့သို့ မိမိ သန္ဓာန်၌ ရှိသည့်ဥာဏ် အာနုဘော်ကိုလည်းပခုံ၊ ကိုယ်၏အကျင့်ကိုလည်း မတွက်၊ ပဂ်ဖိုလ်၏ အကျင့်ကိုလည်းမမြင်၊ သို့စင်မျှ ဖြစ်ပါလျက် ငါကဲ့သို့ ရဟန္တာမဟုတ်ဟူ၍ ယုတ်ဖာသောအကြံဖြင့်ဘာလျှင် သင် နေချေတကားဟု မိန့်ကြားတော်မူလေသော် ကဿပရသေ့သည် ကျောက်ခဲခြင်းဖြစ်၍ မြဟ်စွာဘုရား ခြေတော်ရင်း၌ ဦးခေါင်းဖြင့်ဝပ်စင်းကာ မြတ်စွာဘုရား၏ အထံတော်မှာ ရဟန်းပြုလိုပါကြောင်းနှင့် ခွင့်တောင်းကာ လျှောက်ထားလေရာ မြတ်စွာဘုရားက ရသေ့ ၅၀၀-ကို စည်းဝေးကာ အောက်ပါ ဂါထာဒေသနာတော်ကို ဟောဖော်မိန့်ကြားတော်မူပါသည်—

နာ နဂ္ဂစရိယာ နာ ဇဋာ နာ ပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

(ဓမ္မပဒ ၃၄-မျက်နှာ)

အဝိတိဏ္ဏကခ်ံ၊ ရှစ်ပါးသောအရာ၌ သက်ဝမကင်း ယုံမှားခြင်းကို မလွန်နိုင်ထသော။ မစ္ဆံ၊ သတ္တဝါကို။ နဂ္ဂစရိယာ၊ အဝတ်မဆီး အချည်းနှီး ကျင့်သော အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ပက်ဝေကန်၊ လူဘို့ကမ္မ ကိစ္စပယ်ရှား သွားကိုမျခင် မသုတ်သင်ပဲ ညှန်ဘင်အောင် ကျင့်သဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ အန္ဓသကာ-အန္ဓသကေန၊ ထမင်းမစား ဖြတ်၍ထားသော အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ထဏ္ဍိလသာယိကာ ဝါ၊ ဆူးပုံထက်၌ အိပ်စက်၍ ကျင့်သော အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ရဇော-ဇလ္လံ၊ ဖွဖြင့်ဖြေမိုးလျက် ညစ်ညမ်းသောကိုယ်ရှိသော အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ဥက္ကုဋိကပ္ပဓာနံ၊ တုံးလုံးမစက် ရပ်လျက်လည်းမတည် သွားသည်မရှိ ပဂးတိဆောင့်ကြောင့်ထိုင် နေသော အကျင့်ဖြင့်လည်း။ န သောဓေန္တိ။ မစင်ကြယ်စေနိုင်ကုန်။ တု၊ စင်စင်သော်ကား။ သလ္လံ၊ ယုံမှားသင်္ကာ ဝိစိကိစ္ဆာဟူသော ငြောင့်ကို။ ဟန္တွာ၊ ပယ်နှုတ်ဖြတ်ပိုင်း၍။ ဓမ္မေသု၊ ကုသိုလ် ၁၀-ပါး၊ ဝါ၊ ဇောဓိပက္ခိယတရားတို့၌။ ပါဃမန္တောဝ၊ လုလ္လပြွဲသောသူသည်သားလျင်။ အမတာသ၊ အမြိုက်ခေါ်ဆို မင်္ဂုပ်နိုပ်ဖွာန်၏။ ဟာဂေါ၊ အဖို့ပေတည်း။ ဝါ၊ စင်စစ်ကေန် ဟမှုမဲ့၍ အဖို့မသွေ ဖြစ်လေတော့သတည်း။

ကျွန်ုပ် အဒရိမသော တရားတော်ကို ဟောကြားတော်မူ၍ ဟိဘိက္ခုခေါ်တော်မူလျှင် ရဟန္တာချည်းပင် ဖြစ်ကြကုန်ပြီးဟော် မီးမွှေးလောက်မသစ်သားသုံးခွ ခြင်းတော်း တံချ။ ဆံကျစ် ပြာစစ် ထမ်းပိုး အစရှိသော ရသေ့တို့၏ အကျင့်ဖအဆောင်များကို ဂဂ်ိမြစ်၌ မျှလိုက်ပါတော့သည်။

ထိုအခါ အောက်မြစ်ကွေ့မှာနေသည့် နဒီကဿပသည် ရဟန်းမျာလာသည့် ရသေ့တို့၏ အသုံးအဆောင်များကို တွေ့မြင်ရလေသော် ငါ့နောင်တော်မှာ အားအင်ထုတ်ယ် ဖြစ်လတံ့ဟု အောင့်မေ့၍ စေတမန်လွှတ်လာစုံစမ်းလေရာ နောင်တော်များသည် ဘုရားသခင်၏ အဆုံး၌ အဆုံးမဲ့၍ ရဟန်းဖြစ်ကြောင်းကို သိရလေသဖြင့် ညီအငယ် ဂယာကဿပအား အကြောင်းကြားကာ ရသေ့ ၅၀၀-ကို ခေါ်ဆောင်ပြီးလျှင် ဘုရားသခင်ထံ ဆွမ်းပန်း၍ ရဟန်းပြုကြပါသည်။

မြတ်စွာဘုရားသည် ဤသို့ ရသေ့ဘဝမှ ကူးပြောင်းကြသည့် ရဟန်းတော်ပေါင်း ကထောင်ကို ခေါ်ဆောင်တော်မူကာ ဥရုဝေဠအောက်မှ ယွက်ကြုတောတော်မူလာ၍ ဂယာမြို့၏အနီး ကျောက်ဖျားကြီးမှာ (အာဒိတ္တပရိယာယသုတ်နှင့်) ဆုံးမဩဝါဒကို ဟောကြားတော်မူလေရာ တပည့်တော်၏ အဆုံးမှာဖြာလုံးမဟန္တာဖြစ်တော်မူကြပါသည်။ မြတ်စွာဘုရားသည် ဂယာသီသမှာ မွေလျော်သမျှ

သီတင်းသုံးတော်မူပြီးလျှင် တောထွက်စအခါက ဘုရားဖြစ်ခဲ့တော် မူသောအခါ ကျွန်ုပ်၏ပြည်သို့ ရှေးဦးပထမ ကြွခဲတော်မူပါဟု ဗိမ္ဗိသာရမင်း လျှောက်ကြားသည့်စကားကို နှလုံးထားခဲတော်မူကာ ရဟန္တာ တစထောင်နှင့် အတူ ရာဇဂြိုဟ် ပြည်သို့ ကြွခဲတော်မူ၍ မြို့၏ဒေနီးရှိ ထန်းတောကြီး အလယ် ကြီးကျယ်သော အရိပ်ရှိသည့် လူတို့၏ပူဇော်ရာ သုပတိဋ္ဌ မည်သော ညောင်ပင်ကြီးမှာ သီတင်း သုံးနေတော်မူပါသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် တသိန်းနှစ်သောင်းသော မှူးမတ် သူဌေးပုဏ္ဏားခြံရုံကာ မြတ်စွာဘုရားထံသို့ရောက်လာကြ၍ အခ်ိုကဝမ်းမြောက် ဝမ်းသာ သာရကီယ ဂဏသာကို ပြောဆိုလျက် တခ်ိုကအမျိုးအနွယ်ကို မေးမြန်း လျှောက်ထား၍ ငစွည်းလေးပါး ဖိတ်ကြားကာ သင့်တင့်ရာမှာ နေထိုင်ကြပါသည်။ ထိုအာဂါ ပရိသတ်များစွာတို့သည် ငါတို့၏ဆရာ ဂဿပဟသည် ရဟန်း ဂဂါတမထံမှာ နည်းနာခံပါသလောဟု သို့လော သို့လော ငေးဝေတာ ကြံစည်ကာ နေကြပါသည်။

မြတ်စွာဘုရားသည် ထိုသူတို့၏ အကြံကို သိတော်မူသဖြင့် အို–ဥရုဝေဠ ကဿပ၊ သင်သည် ရဒေသ်ငါးရာတို့၏ ဆရာဖြစ်ပါလျက် ဘယ်အတွက်ကြောင့် သင်တို့အားလုံးကာကျင့်ဖြဲသည့် ပူဇော်မှုများကို ပယ်စွန့်ခဲ့ပါသနည်းဟု မေးတော် မူလေရာ ဧရှဘုန်းတော်သခင် အရှင်ဘုရား၊ လူအများတို့ ဒံစားစုံမက် နှစ်သက် ကြသည့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အလုံးစုံသော ဝတ္ထုကာမ၊ လှပတင့်တယ် ငယ်ရွယ်သော မိန်းမတို့၏ အတွေ့၊ သိမ်မွေ့သော ကိလေသာကာမ ဤနှစ်ဝသော ချမ်းသာသုခတို့သည် ယဇ်ပူဇော်ခြင်းကြောင့် သာလျှင် ပြည့်စုံ၏ဟု တပည့်စဉ်လာ ဆရာစဉ်ဆက် ဆိုမြွက်ငဟာကြားကြ ပါသည်။ ထိုဒုက္ခိုးပျားကို မြတ်နိုးမိုက်မှား၍ ဤနှစ်ပါးသော ယဇ်ကြီး ယဇ်ငယ်ကို ကိုးကွယ်ပူဇော်မိပါသည်။ ယခုအခါ အလုံးစုံ ကုန်သော ထိုကာမ ချမ်းသာသည် ခန္ဓာဟူသော ဥပမိတို့၏ ကပ်ငြိတတ်သော အညစ်အကြေးသာ ဖြစ်လည်းဟု ဖြတ်စွာဘုရားပေးတော်မူသည့် တရားကို အစဉ်မြဲကာ သိမှတ် ရပါသောကြောင့် ဤကျင့်မိခဲ့သော ယဇ်ပူဇော်ခြင်းများကို စွန့်ပစ်ပါသည် ဘုရားဟု ငလျှောက်ထားပြီးလျှင် ဘုရားသခင်၏ ငခြေတော်ကို ဦးခေါင်းဖြင့် ဝှေ့ကာ ဤရာဇဂြိုဟ်သည် တပည့်ငတော်အား သနားတော်မူပါသဖြင့် ဆုံးမ ဖော်မူသည့် ဆရာသခင် ငလျှောင်းတော်မျှင် ဖြစ်တော်မူပါသည်ဟု လျှောက်ထား ပါသည်။

ထိုအာဂါ ပျားစွာသော လူအပေါင်းတို့သည် ငါတို့ဘုရားသခမျာသည် ဘုရားသပင်ပမ်းပါပေ့ ဤသို့ဂရကြောင်း ကောင်းစွာ သိကြလေသဖြင့် ဖြတ်စွာ ဘုရား ဟောကြားတော်မူသည်ကို အလွန် အံ့သြ ချီးမွမ်းကြပါသည်။ ထို

အခါတွင် ဘုရားသခင်က ယခုမှသာလျှင် သင်တို့ ဆရာ ကဿပ အစရှိသော ရသေ့ တဆောင်တို့ကို အမိုက်မှောင် ပယ်ရှင်းပြီး အလင်းသို့ရောက်အောင် ရွက်ဆောင် ဆုံးမ၍ နည်းလမ်းကို ပြုမှသည် မဟုဝ်ဃေး၊ ရှေးရှေးသော ဘဝ (နာရဒရသေ့)ဖြစ်သည့် အခါလည်း မိစ္ဆာဝါဒ ကင်းစင်ပင်အောင် နှိမ်နင်းဆုံးမ တော်မူခဲ့ရကြောင်း ဇာတ်ဟောင်း အတိတ်ကို ဆောင်ကာ ဂါထာကိုးဆယ်ရှိ သည့် နာရဒဇာတ်တော်ကို ထုတ်ဖော်ရှိ ဟောတော်မူလေရာ တရားတော်၏ အဆုံးမှာ ပိပ္ပိသာရမင်းကြီးနှင့်တကွ တသိုက်တဝသောင်းသော ပရိသတ်တို့သည် သောတာပန်ဖြစ်ကြ၍ ပဒေသာင်းသော သူတို့မှာ သရဏဂုံတည်ကြပါသည်။

ထိုအခါ ဗိပ္ပိသာရမင်းကြီးက တပည့်တော်၏ ငါးဝသော အလိုဆန္ဒ ပြည့်ဝပါပြီ။ဟန္ဒမုဏ်၏ တပည့်တော်ကို ညပါသကာဟု မှတ်တော်မူပါ။နက်ဖန် ခါလည်း သံသဲဇတ်မျှားနှုတ်က နှုံးတော်သို့ကြ၍ ဆွမ်းအလှူခံကြွတော်မူ ပါဟု ပင့်လျှောက်လာ ပြန်သွားပါသည်။ နောက်တဖန် မိုးသောက်၍ အလင်း ရောက်ပေလျှင် သမ်းမျှားပြင်ဆင်ကြကြွင်း သံဃာအပေါင်းနှင့် မြတ်စွာ ဘုရား ကြွဇတ်မှရန် အပျိုကတိုကြွဖြစ်ကြွင်းမျှားကို ဇလျှောက်တား ပင့်ဖိတ် ရန်၊ အပတ်တလာဝတ်ကို ဇရပ်ပင်လိုတ်ပါသည်။ ထိုဘခါ ရာဇဂြိုဟ်မြို့မှာ နေ ထိုင်ကြသည့် ဘဝတရားမျှ ပြုကြလိုသည့် လူထုပရိသတ်ကြီးသည် မြတ်စွာ ဘုရားကို ဖူးမြင်လိုကြ၍ပင်၊ အပေးအယူ လာလာပြုရေရာ သုံးဂါဝုတ် ရှည် လျားသည့် လမ်းကြီးပင် လူမျှား ကြည်သိပ်တော လမ်းဗအားဇအောင် ရှိနေပါ တော့သည်။ မြတ်စွာ ဘုရား သံဃာတော်များ ဆွမ်းစားကြွရန် အချိန်တန်ကြွ ဖြစ်ပါဇေ၍လည်း လူထုကြီးကို ကိုင်းရှိုင်းကြွယ်သူ၏ ကြည်လင်ဖတော်မူရန် လမ်း မရှိကြစ်နေသောကြောင့် သိပ်ကြာပင် ကဏ္ဍကမဟာ တောမှ၍ ရာဇဂြိုဟ်မြို့သို့ သင်းလားကြီး လျှင် အလွန်တရာလှသည့် လှလှကြီးအသွင် ဖန်ဆင်းကာ ကြွတော်မူစေခြင်းငှာ ဘုရားရှင်တော်ကို ခရီးတော်ပါ ဂါဂါဘဲကို ခံယူသွားရပါသည်။

(ဒီဃနိကာယ ဂ။ ၄၁။ ထေရီအပဒါန၊ ၂၀၉)

ဒဇန္တာ ဒဇန္တပိ ဘဝတ ပုရာဏဇဋိဇရပိ ဝိပ္ပကတ္တိတိ သိဂီနံကွ-
သဝဂဏ္ဍာ ဟုတပံ ပါဒိဂီ ဘဝတ၊

တော်မူသည့် အောင်သူဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်သည်။ဒန္ဓဟိ၊ ဣန္ဒြေကို အချိုးကျအောင် ဆုံးမတော်မူပြီး၍ အယဉ်ကျေးကြီး ယဉ်ကျေးတော်မူကုန်သော။ ဝိပ္ပမုတ္တေဟိ၊ အာသဝအခိုးအကင်းတို့သည် မိုးနှင်းဒလောက်မျှ မကျန်သဖြင့် သံသရာ ဇင်္ဂမအောက်မှ လွတ်မြောက်တော်မူကြကုန်သော။ ပုရာဏဇဋိလေဟိ၊ ရေငုပ် မီးလှံ တုံးခုံ ဇယ်ခုတ် ထင်ရာလုပ်တဲ့ မဟုတ်ရာရာ ရှေးအခါက ဝနာပြိုင်ဖက်. ရသေ့အကျော် ခုခါသော်မှ ရှင်တော်ဘုဒ္ဓ သြဝါဒဥ် ကျွန်ကျင့်ဆောင် ရဟန္တာတထောင်တို့နှင့်။ သဟ၊ နောက်တော်ပါးမှ ဖဝါးမကွာ အတူသာလျှင်။ ရာဇဂဟံ၊ တောင်ငါးလုံးကာခိုသည့် ရာဇဂြိုဟ် ဒေါ် နေပြည်တော်ကြီးသို့။ ပါဝိသိ၊ တရားရှစ်ဖြာ လေ့ကျင့်ကာယှက်သန်းစက်နှစ်ပန်းတို့ဖြင့် ကြွလှမ်း ဝင်ရောက်တော်မူလေပြီတကား။

ဤသို့ အစပျိုးသော ဂါထာကို သီဆိုကာ မြတ်စွာဘုရားဇရာတော်မှ သွေးယောရာ လူအများတို့သည် သိကြားလုလင်ကလေးအား လှလိုက်တာ ချောလိုက်တာ ယဉ်လိုက်တာ လိမ္မာလိုက်တာ စသည်ဖြင့် ချီးမွမ်းကြသကဲ့သို့ မြတ်စွာဘုရားအား အုတ်အုတ်ကျက်ကျက် တခဲနက် ပဲ့တင်ထပ်မျှ ဖူးမြော်ပူဇော်ကြပါသည်။

ဗိမ္မိသာဂရမင်းကြီးသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းစသော ဝတ်မျှားကို ရိုသေစွာ ဆောင်ရွက်လျက် မှန်မြက်သောဆွမ်း ဘောဇဉ်မျှားဖြင့် လုပ်ကျွေးရှိ တရားကို ရိုသေစွာ နာယူပြီးလျှင် ဝေဠုဝန်ဥယျာဉ်အတွင်းမင်း၏နန်းတော်ကို အရာမ်နှင့်တကွ ရောစက်သွန်းချကာ လှူဒါန်းပါသည်။မြတ်စွာဘုရားလက်ထက်၌ ရောစက်ချသည်နှင့် တပြိုင်နက် ဤမဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်ပါသည်။မြတ်စွာဘုရား ရာဇဂြိုဟ်ပြည့် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူသည်ကို ကြားသိတော် မူကြကုန်သဖြင့် အရှင်အဿဇိ ဘဒ္ဒဝဂ္ဂိညိနောင် ရဟန်းတော်သုံးဂါဝ် အရှင်ယသ အစရှိသော ငါးကျိပ် ငါးပါးသော ဤရဟန္တာအနှင်ဘုရားတို့သည် မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်လာကြပါသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်

ရာဇဂြိုဟ်ပြည်ကြီးမှာ ယခုဆင်နွှဲကျင်းပကာ နေသလိုပင် ရှေးယခင်အခါက တောင်ထိပ်ပွဲတော်ကြီးကို ခမ်းနားလှုစွာဖြင့် ကျင်းပကာနေပါသည်။ ထိုပွဲတော်ဝယ် ကြွယ်ဝချမ်းသာလှသည့် ပုဏ္ဏားပျိုကဒလေးနှစ်ယောက်ကို သူတို့ပြောင်ကြားရာ မျှားစွာနှင့် ကြည့်ရှုကာနေကြပါသည်။

ထိုသို့ ကြည့်ရှုနေယင်းမှာ သူငယ်ချင်းကဦးက သူငယ်ချင်းဘဦး၏ ထူးခြားသည့် အရိပ်အကဲကို စိတ်ဖဲ့မှာ မကြည်ရှင်းစရာ တွေ့မြင်ရ နေပေရာ

အို-ဥပတိဿ၊ မိတ်ဆွေ၏ မျက်နှာကိုကြည့်ရတာ ခါတိုင်းလို ပျော်ရွှင်ဟန် မရှိ၊ ပကာသိ ညှိုးနွမ်းနေသည်ကို ကျွန်တော်မြင်ပါသည်။ အကြောင်းများရှိ နေလျှင် ပြောပါမိတ်ဆွေ၊ စိတ်ညစ်လို့ဖတဲ့ ပဇနပါနှင့်ဟု ဆိုလေရာ ထိုအခါ ဥပတိဿက တရား အကြောင်းများရှိသို့ဖတဲ့ မဟုတ်ဘူး မိတ်ဆွေ ကောလိတ၊ ကျွန်တော့်စိတ်ထဲမှာ ရုတ်တရက် စိုးစားမိတာ တခုရှိလို့ပါ၊ ဘယ်လို ကိစ္စများပါလိမ့်၊ ပြောပြစမ်းပါမိတ်ဆွေ၊ စိတ်ကျေနပ်အောင် ရွက်ဆောင် ကူညီပါမည်။

ရွေ့-ကျွန်တော်စဉ်းစားမိတာက အခြားမဟုတ်ပါ၊ အကြောင်းက တော့ ဗိလိုပါ။ မတ်လွဲဝယ် ပိုတ္တပါပြိုး ကြီးပွားလာတဲ့ ပိုးလောက်များလို လူဆိုတာကလည်း အဝဖရဲ့ ဥတ္တဇသွန်နဲ့ အဝဖရဲ့ သုက်ဇသွေးရဲ့ ဒိန္နစ်ထွေကိုမှီပြီးမှ ကြီးပွားလာရသဖြင့် စက်ဘုပ်ရှိရှာ မာဇိဓာရာကြီးပါကလား။ ဖွဲ့ဖြင့်ပြီး လာပြန်တော့လည်း ဗျားလှုပ်ရှားသော အနာဇာတာဂါတကြောင့် မကင်းနိုင်ပဲ ရှိကြ ပြန်ဖောက်တယ်။ အနာဇရာဂါတကြောင့် ကြီးပြင်းလာရတယ် ထားပါဦး တော့၊ လုပ်ရက်ပုံရှိရင် ရွှတ်ခေါင်ရတဲ့ ကိုယ့်ဇတ္တာ မာဇားရဇအောင် မြားဖမြောင် လုပ်ပါကုန်။ ဖန်ရပြန်တော့လဲ ဒုန့်ကရုဇာလို ဟုတ်ကဲသုံးပဲ။ ငလျမှာတော့ အမှုံပလဲ့ပါ။ အဲဒီလို တော်စွာလှုပ်ရှားတော့ နို့ဖတဲ့လို့ ငလျှင်ရှိန်ပြင်းစွာ မရှိပါဘူးလားဗျာ၊ ကျုပ်တို့ဘုရားတွေ ဓမ္မစကြာတရားတော်ဟောတဲ့ ပထမဆုံးအကြိမ် ဝါဆိုလပြည့်ကျော်ငါးရက်နေ့ ဗာရာဏသီပြည် ဣသိပတနမိဂဒါယ်တော၌ ပဉ္စဝဂ္ဂိယ ငါးယောကျာ်းတို့ကို ဟောကြားတော်မူသောအခါ ကောဏ္ဍညမထေရ်တော်ကြီး ဝိဇ္ဇာဓိုဝါဒ ဥဒါန်းကျူးခဲ့ပါသည်။ ဒီတော့ ကောဏ္ဍညမထေရ်တော်ကြီးကို ဥဒါန်းကျူးစေခဲ့သော ဓမ္မစကြာတရားတော်ကြီးကို ဟောကြားတော်မူခဲ့သော ဘုရားရှင်ကြီးကို ကျုပ်တို့ဘုရားတွေ ဘယ်လောက်ကြီးကြီးမားမား ကြည်ညိုလေးစားကြသလဲ ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခံစားရသူ ဖြစ်သောကြောင့် ကောင်းစွာသိမြင်ပါသည်။ ဒီတော့ ဘုရားရှင်ကြီးကို ကိုယ်စားပြုသော ဓမ္မစကြာတရားတော်ကြီးကိုလည်း ကြည်ညိုလေးစားရပါမည်။ ဒီတရားတော်ကြီးကို ဟောကြားတော်မူခဲ့သော ဘုရားရှင်ကြီးကို ကျုပ်တို့ဘုရားတွေ ဘယ်လောက်ကြီးကြီးမားမား ကြည်ညိုလေးစားကြသလဲ ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခံစားရသူ ဖြစ်သောကြောင့် ကောင်းစွာသိမြင်ပါသည်။ ဒီတော့ ဘုရားရှင်ကြီးကို ကိုယ်စားပြုသော ဓမ္မစကြာတရားတော်ကြီးကိုလည်း ကြည်ညိုလေးစားရပါမည်လဲ မိတ်ဆွေ စဉ်းစားပါ။

ဒီလိုပြောလိုက်တော့ စိတ်ပါလက်ပါနဲ့ စဉ်းစားတော နားထောင်နေ တဲ့ ဝတ်ပါတယ အင်္ဂ ပုဂ္ဂလိကဝတ်ကျေနပ်ပုံရတယ်။ ဒီလို ဖွားရပါးရ ဝတ်ပြုခံရတဲ့ ဒီဘဝ ကိုယ်ခန္ဓာမြင့်အကိုးပါပဲ။ ဝတ်ပြုခံရတာ ဒီဘဝ ပဲရှိသေးသလား၊ ဘုရားရှင်ကြီးလက်ထက်တုန်းကလည်း ဝတ်ပြုခံရသေးတယ်။ ဒီတော့ ဝတ်ပြုခံရတာ ဘယ်ဘဝကစပြီး ဘယ်ဘဝအထိ ဆက်ပြီး ဝတ်ပြုခံရသလဲ ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခံစားရသူ ဖြစ်သောကြောင့် ကောင်းစွာသိမြင်ပါသည်။ ဒီတော့ ဘုရားရှင်ကြီးကို ကိုယ်စားပြုသော ဓမ္မစကြာတရားတော်ကြီးကိုလည်း ကြည်ညိုလေးစားရပါမည်လဲ မိတ်ဆွေ စဉ်းစားပါ။

ဒီလိုပြောလိုက်တော့ စိတ်ပါလက်ပါနဲ့ စဉ်းစားတော နားထောင်နေ တဲ့ ဝတ်ပါတယ အင်္ဂ ပုဂ္ဂလိကဝတ်ကျေနပ်ပုံရတယ်။ ဒီလို ဖွားရပါးရ ဝတ်ပြုခံရတဲ့ ဒီဘဝ ကိုယ်ခန္ဓာမြင့်အကိုးပါပဲ။ ဝတ်ပြုခံရတာ ဒီဘဝ ပဲရှိသေးသလား၊ ဘုရားရှင်ကြီးလက်ထက်တုန်းကလည်း ဝတ်ပြုခံရသေးတယ်။ ဒီတော့ ဝတ်ပြုခံရတာ ဘယ်ဘဝကစပြီး ဘယ်ဘဝအထိ ဆက်ပြီး ဝတ်ပြုခံရသလဲ ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခံစားရသူ ဖြစ်သောကြောင့် ကောင်းစွာသိမြင်ပါသည်။

လိုသို့ လိုက်လျောကြကုန်သော ကိုးကွယ်ရာဝတ္ထုဖြစ်ကြပြီး ဘုရားနှင့် တရားကို ရှာမှီးကြပါ၊ လေ့ကျင့်ကြည့်ရှုကြပါ သံဃာရတနာ တွင်ဝင်ရောက်၍ နိဗ္ဗာန်တည်းဟူသော တရားတော်မြတ်ကို ပြည့်စုံစွာ ကျင့်ကြံနိုင်ကြသည့် တရားနည်းလမ်းများ မရှိမှုန်း သိကြလေသဖြင့် သိုက်ဝင်းသရော်ကြီးထဲမှ ကွက်ဖွာ၍ ဘုရားအစစ်နှင့် တရားအသစ်ကို လှည့်ပတ် ရှာဖွေကြပြန်ပါသည်။ ကြည်းက တရားထူးရပါမူ တဦးအား ပြောကြားစကမ်းကုလားတိကဝတ်ပြုကြပါသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ရာဇဂြိုဟ်သို့ ကြွတော်မူ၍ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူလေရာ သုံးရက်မျှ ကြာသော အခါ ပဉ္စဝဂ္ဂီ ရဟန်းဘော်တို့တွင် အငယ်ဆုံးဖြစ်သည့် အရှင် အဿဇိထေရ် အရှင်သည် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံအဝင် မြို့ထဲမှ ဆွမ်းစားပြီး ပြန်လာသည့် အရှင်သာရိပုတ္တရာ၏အလောင်း ဥပတိဿနှင့် ဧတ္တသုံကြွပါ၏။

ထိုအခါ အရှင်သာရိပုတ္တရာ၏အလောင်း ဥပတိဿသည် အလွန်တရာ မြင့်မြတ်၍ ငြိမ်သက်တော်မူလှသည်။ ဣန္ဒြေတို့နှင့် ကြည်ညိုဖွယ် ကောင်းလှသော အခြင်းအရာများနှင့် ပြည့်စုံတော်မူသည့် အရှင်အဿဇိကို ဖူးမြင်ရလေရာ ဤအရှင်မြတ်မှာ မသေသောဝတရားကိန်းအောင်း၍ ဟရုးကောင်းရှိတော်မူလိမ့်မည်ဟုယူဆကာ နောက်တော်ပါးက ဖဝါးမကွာ တကောက်ကောက်လိုက်သွား၍ ဆွမ်းမံတော်မူပြီးသည့်နောက် ဆွမ်းစားစရပ်သို့ ရောက်လာတော့မှ ဝေယျာဝစ္စ ကိစ္စကြီးငယ်အသွယ်သွယ်တို့ကို ဆောင်ရွက်ကာ တရားမမှေ မေးဒလျှောက်ရန် အချိန်ကာလကို မျော်ငံ့ စောင့်စားကာ နေပါသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ စကားစပ်မိအောင် ပြောဆိုပြီ၊ လျှင် ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်ကိုလည်း၊ အမှီပြုရာ အရပ်ကိုလည်း၊ အကျင့်တရားများကိုလည်း လျှောက်ထားမေးမြန်းလေရာ မြတ်စွာဘုရား၏ ဂုဏ်တော်များနှင့် တရားတော်၏ ဂုဏ်တော်များကို ပြောဆိုမိန့်ကြားတော်မူ၍ မြတ်စွာဘုရားကို အားထားမှီခိုပြီး ဟောကြားတော်မူသည့် တရားတော်ကို လိုလားနှစ်သက်ကာ လောကမှ ထွက်မြောက်အောင် ကျင့်ဆောင်ကြောင်းကို မိန့်ကြားတော်မူသည်။ ထိုအခါ တရားဟောရန် တောင်းပန်သဖြင့် ရဟန်းပြုသည်မှာ မကြာသေး၍ အကျယ်တဝင့် ဟောခြင်းငှါ မစွမ်းနိုင်ပါ။ အနည်းအကျဉ်းမျှသာ ဟောနိုင်ပါသည်ဟု အမိန့်ရှိခဲလေရာ တပည့်ဘော်သည် ဇမ္ဗူတခွင်မှာ အလွန်ပင် ထင်ရှားလှသည့် ပညာရှိကပါး ဖြစ်ပါသည်။ ပုဗ္ဗ ဗျည်း အက္ခရာ သဒ္ဒါသဘောများနှင့် တန်ဆာဆင်ကာ နည်းပေါင်း ရာထောင် ခဲ့ကွင်း၍ သိမြင်ရှိမှာ တရားတော်၏ တာဝန်သာ ထားဟော်ဦးပါ။ အဓိပ္ပာယ်လိုရင်း အကျဉ်းမျှဖြစ်သည့် တရားအခွက်ကိုသာ ဟောပြတော်မူပါဟု တောင်းပန်လေရာ အောက်ပါဂါထာကို ဟောတော်မူပါသည်—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော၀ါ။
အာဟ တေသဉ္စ နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော၀ါ။

(ဝိနည်း မဟာဝါ ၅၁။ ထေရအပဒါန် ၂၇-နှာ)

ယေ ဓမ္မာ၊ အကြင် ခန္ဓာငါးပါး တေဘူမက ဝဋ်တရား၊ တို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာ တဏှာလောဘလျှင်

အမှန်အစစ ပဘဝ ဖြစ်ကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့ပင်။ ဟေတုံ၊ အဝင်ကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ တထာဂတော၊ မှန်ကန်စွာသွား မြတ်ကြွားဝံ့လတ် ဘုရားဖြတ်သည်။ အာဟာ၊ ဟောတော်မူပြီ။ တေသဉ္စ ဓမ္မာနံ၊ ထိုအကျိုးဖြစ်သော ဒုက္ခသမ္မာ အဝင်ကြောင်း ဖြစ်သော သမုဒယသစ္စာတို့၏တည်း။ ယော ဒိုဇရာဒဝေ၊ အကြင် ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာနဓာတ်မှာ ချုပ်ငြိမ်းကြောင်းဖြစ်သော ပဂုဏသစ္စာသည်။ အာဟို၊ ရှိ၏။ တဉ္စ၊ ထို နိဗ္ဗာနဓာတ်မှာ ပဂုဏသစ္စာပင်လည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ မဂ္ဂာလပဒဏ္ဍာ၊ ရဟန်းတို့၏ ရွေးဆောင်ဦးသွား မြတ်ဘုရားသည်။ အာဟ၊ ဟုသို့ ဟောတော်မူ၏။

ဤသို့ ဟောတော်မူတော်ဟု ဒေါက်သာဝိပုတ္တရာ၏အဖေလောင်း ဥပတိဿ မောဂ္ဂလာန်မှာ ယောဓမ္မာဟု အာဟပုဒ်သာ ထားလိုက် ဂါထာတွင် ကြားရဖို့မျှသာ ရှိခဲ့သေး၏။ ဂါထာမှ ယဒုံထားခဲ့ ဒိဋ္ဌဓမ္မိကတို့ ပေးပြီးသည့်နှင့် အဖြစ်သို့ ရောက်တော်မူပါသည်။ ဤပုဂ္ဂိုလ်ကို ဘုရားတော်ပေါင်းဖျို့ဦး—

ယေဓမ္မာဟေ၊ အာဟတိုရှိ၊ နှစ်ပုံပါး၊ ကြောင်းလာကလျှင်၊ နားထောင်ပြီးတော်၊ ကျင်ပြန်ပုံအသိသော်၊ ဝတ္ထုမှတ်ဆိုခဲ့၏ ဖြစ်ပေသည်၊ ဒေသောတသုံ့၊ သိရှိတတ်ကြ၊ ဖျို့ဦးချမြဲတကုန်—

စပ်ဆိုတော်မူပါသည်။

ဥပတိဿသည် အရာရာတိုင်းအား ခေါ်ယူကာ လိုက်လာမည့် အကြောင်းကို အချင်းချင်း ပြောကြဆိုကြ၍ တံခါးခဲလေရာ အရှင် မောဂ္ဂလာန်၏အလောင်း ထိုတံခါးတွင် အဝေးကြီးပဲ လုမ်းမမျှော်ရှု ဥပတိဿတစ်ဦးတည်း ရောက်လာသဖြင့် တဆင့် ဟောရန် ထားပုံသာကဲ့သို့ ဖြစ်ပေသည်။ အရှင် ဥပတိဿနှင့် အရှင် ဒေါက်သာဝိပုတ္တရာတို့ ကြိုတင်ကြံစည်ထားကြသည်။ ဤသို့ ဥပတိဿနှင့် အရှင် ဒေါက်သာဝိပုတ္တရာတို့ ကြိုတင်ကြံစည်ထားကြသည်ဟု ဆိုရာတွင် ကြိုတင်ကြံစည်ခြင်းသည် ဘုရားသခင်၏ ဉာဏ်တော်ကြီးမားမှုကို ပြသတော်မူသည်၊ ဘုရားသခင်၏ ဉာဏ်တော်ကြီးမားမှုကို ပြသခြင်းသည် ဘုရားသခင်၏ ဂုဏ်တော်ကြီးမားမှုကို ပြသခြင်းပင်တည်း။ (သုတ်မယာဝါ အဋ္ဌကထာ ၁၀။ ဒေသနာ ၃၀-တွဲ)။

ဥပတိဿသည် ဒေါက်သာဝိပုတ္တရာ၏ ဘုရားသခင်ထံ ရောက်ရှိခြင်းသည် ဘုရားသခင်၏ ဉာဏ်တော်ကြီးမားမှုကို ပြသခြင်းပင်တည်း။ ဘုရားသခင်၏ ဉာဏ်တော်ကြီးမားမှုကို ပြသခြင်းသည် ဘုရားသခင်၏ ဂုဏ်တော်ကြီးမားမှုကို ပြသခြင်းပင်တည်း။ ဥပတိဿသည် ဒေါက်သာဝိပုတ္တရာ၏ ဘုရားသခင်ထံ ရောက်ရှိခြင်းသည် ဘုရားသခင်၏ ဉာဏ်တော်ကြီးမားမှုကို ပြသခြင်းပင်တည်း။ ဘုရားသခင်၏ ဉာဏ်တော်ကြီးမားမှုကို ပြသခြင်းသည် ဘုရားသခင်၏ ဂုဏ်တော်ကြီးမားမှုကို ပြသခြင်းပင်တည်း။

ထို့နောက် ဥပတိဿအား (မမ္မသေနာပတိ သာရိပုတ္တရာ) ဟူသော ဘွဲ့တော်နှင့် လက်ျာရံ အဂ္ဂသာဝကက တေဒဂ်ရာထူးကိုဌင်း၊ အရှင်ကောလိတအား (မဟာမောဂ္ဂလာန) ဟူသော ဘွဲ့တော်နှင့် လက်ဝဲရံ အဂ္ဂသာဝကတေဒဂ်ရာထူးကိုဌင်း ချီးကျူးမြောက်ဈားထားတော်မူပါသည်။

မှတ်ချက်။ ။ထိုအခါမှစ၍ အရှင်မြတ် နှစ်ပါးတို့သည် မြတ်စွာဘုရား၏ လက်ရုံးတော်များပမာ သာဝသနာတော်မှာ အတုမရှိအောင် ဆောင်ရွက်တော် မူကြကုန်သောကြောင့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်ဟူသော အမည်တော်များကို မကြားဘူးသူ၊ မသိဘူးသူ မရှိသလောက် ထင်ပေါ်ကျော်စောခြင်းသို့ ရောက်တော် မူကြကာ အရှင်သာရိပုတ္တရာသည် အထက်က ဖော်ပြခဲ့သည့် နာလန္ဒာရွာ ယခု အခေါ် နာလန္ဒမြို့ မယ်တော် ရူပသာရီဘုဏ္ဍားမကြီး၏အိမ်မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူပါ၍ ဓာတ်တော်များကို မြတ်စွာဘုရားကိုယ်တော်တိုင် သာဝတ္ထိပြည်မှာ စေတီတော် တည်ထားပါသည်။ အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည် ကလန္ဒကနိဝါပ်ကြီး၌ ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ ဓာတ်တော်များကို မြတ်စွာဘုရားကိုယ်တော်တိုင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော် ဘံခါး၏အနီး၌ စေတီတော်ကြီး တည်ထားတော်မူပါသည်။

သဗ္ဗေ သင်္ခါရာ အနိစ္စာ

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

(သုတ်မဟာဝါ ၁၂၆။ သံယုတ် ၁၊ ၆)

ရာဇဂြိုဟ်အခန်း ပြီးပါပြီ။

၁၃၁၂-ခုနှစ် ပထမဝါဆိုလဆုတ် ၁-ရက် ၇-နာရီအချိန် ရာဇဂြိုဟ် မြန်မာကျောင်း ဆရာတော် ဦးဇယန္တဇာဘိဝံသ ဆွမ်းစရိတ်ငွေ ၂၀-ကျပ်လှူဒါန်း ခဲ့၍ မော်တော်ကားနှင့် ထွက်လာခဲ့လေရာ ဥဒ်-မိုင်ဝေးကွာသည့် (ပတ္တယပူမြို့) ဘူဘာရုံကြီးသို့ ၁၀-နာရီ အချိန် ရောက်သဖြင့် ၎င်းဘူတာကြီးမှာ ဂူရီမုန့်များနှင့် ကော်ဖီသောက်ပြီးလျှင် ၁၂-နာရီအချိန်တွင် မီးရထားဖြင့် ထွက်လာခဲ့ပါသည်။ ၃-နာရီအချိန်ခန့်မှာ ပထနာမြို့ ဘူတာရုံကြီးသို့ ရောက်လေရာ ရေးအဖဝါ ပါဠိလိပ္ပက်ပြည့် ဖြစ်၍ သိရှိခဲ့ကြသောကဖင်းကြီး နှင့်စိုက်ရာ မြို့ဖြစ်ပါသည်။ ၎င်းမြို့ အစသောကားကျင်းတော်ရာ ပတိုးပြိုးတော်ခင်း ရေ ချိုးဆိပ်နှင့် ဗုဒ္ဓဘာသာ သာသနာဝင်တော် ဂေဇက်ဂါအပို ဇနရာဖေဘင်းတွေ များစွာရှိနေပါသည်။ ၎င်းမြို့ ထားခဲ့ပါ။ ရသေးဘုံမှာ လှမ်းမျှော်ကာ အာရုံပြုခဲ့ရပါသည်။ ၎င်းထနာမြို့ ပိုရထားနှင့် ဆက်လက်၍ ထွက်လာခဲ့လေရာ ဘုဒ-ပိုင်ဝေးသည့် အိုလပြည့် ပျံဒိုးယား ဂဟရာထာ ပိုမြို့ မြန်မာဗုဒ္ဓ ဘာသာကျောင်း သရဏတော် ဦးဇဝနိယဘိဝံသ ဖြစ်ရာရုံးအချိန် ဆိုက်ရောက်၍ ရုံးမှာ ဇနပြုပါသည်။

ကြည့်ရှု ဖူးမြော်ရန်များ

(၁) မြစ်ဆွာဘုံကူး ပတ္တဝါဒီဘုံ ဇတ္တသည့်ဇနရာ ဇကျောက်ကန်တို့ ဇဆောင်။

(၂) ပတ္တမြဂါဒတရား ဇတေဘတော်ဟူ၍ ဇဖြစ်ကြောင်းဇစေတီ၊

(၃) ဂျူးဂြိုဟ်ဘုရား (၃၀၀)ကျော်၌ နန်ဒိယ ဘုရားများ ဇရှိကြောင်း၊

(၄) ရုံးတော်ကြီးတွင် ဗုဒ္ဓဘာသာ ဇကျောင်းတော်ဇဖောင်း ဇနရာ များ။

(၉) မဟာဗောဓိအသင်းက ဆောက်လုပ်ထားသည့် မူလဂန္ဓကုဋီတိုက်ကြီး၊

(၁၀) ၎င်းအတွင်း ရုပ်ပွားဆင်းတုဟော်နှင့် ဓာတ်တော်များ၊ ၎င်းနေရာမှ တူးဖော်ထားသည့် ဆင်းတုတော်များနှင့် ရှေးဟောင်းပစ္စည်းများကိုထားရှိသည့် ပြတိုက်၊

(၁၁) ပန်းခြံ(တည်းခိုရန်ဌာနများ)

(၁၂) ဆရာတော် ဦးကိုဂ္ဂါမ၏ မြန်မာကျောင်းတိုက်၊

(၁၃) မဟာဗောဓိအသင်းတိုက်၊

(၁၄) မာရဝါရီသူဌေးကြီး ဗိရ်လာ၏ ဓမ္မစာလာတိုက်ကြီး၊

(၁၅) တရုပ်ဗုဒ္ဓဘာသာ ဓမ္မစာလာ။

အထက်အဆိုပါ အားလုံးတို့သည် မိဂဒါဝုန်မှာ တည်ရှိပါသည်။ မြတ်စွာဘုရားသည် အဇပါလ ညောင်ပင်မှ ကြွတော်မူလာခဲ့လေရာ ဂယာမြို့တောင်ဘက်နားမှာ ဥပကကြီးအား တရားဟောတော်မူခဲ့၍ ဆက်လက်ပြီး ကြွတော်မူခဲ့လေရာ သက္ကရာဇ် ၁၀၃၂-ခု၊ ဝါဆိုလပြည့် စနေနေ့ ညနေစောင်း ၄-နာရီ အချိန်ခန့်မှာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်ဟောကြီးသို့ ရောက်တော်မူပါသည်။

ထိုအခါ မိဂဒါဝုန်ကောသို့ ရှေးဦးစွာ ရောက်နေကြသည့် ပဉ္စဝဂ္ဂီငါးပါးတို့ကို မြတ်စွာဘုရား ကြွလာတော်မူသည်ကို လှမ်းမျှော်ကာ မြင်ကြလေလျှင် အရှင်ဂေါတမကို အသိအမှတ်မပြုကြစတမ်းဟု ကိုတင်ကာ ကတိကဝတ်ကို ပြုလုပ်ထားကြပါသည်။ ငါ့ရှင်တို့၊ ရဟန်း ဂေါတမသည် ကမ္မဋ္ဌာန်းအကျင့်မှထွက်ပြီး ရွာဖက်သို့ မျက်နှာမူကာ လာဘ်မိုး ရွာအောင် လုပ်ဆောင်နေပါသည်။ ဒုက္ကရစရိယာဗာကျင့်ကိုဖြတ်ပြီး မသင့်မမြတ်သည့် လှည့်လည်ခြင်းဖြင့် ရွာတွင်းရွာပြင် ထင်ရာကိုသွားနေပါသည်။ ဤသို့သော ရဟန်း ဂေါတမကို ရှိလည်း မခိုး၊ ၁ရိုးဦးလည်း မကြို၊ ယက်ဒန်းကိုလည်း မလှမ်းမယူ၊ ခြေဆေးရေကိုလည်း မပေးကြပဲ အဖေးက ခပ်ရှောင်ရှောင်ပဲ မမြင်ယောင် ဆောင်ကြပြီးလျှင် ဝတ်ကျေကမ်းကျေ ရဟန်းရာကိုသာ ခင်းထားကြပါသည်။

မြတ်စွာဘုရား ကြွလာတော်မူ၍ ၎င်းတို့အနီးသို့ရောက်မလာလျှင် ယခင်ထားရှိသည့် ကတိတို့ဖြင့် မတည်နိုင် မတတ်ပဲ တဦးက သပိတ် ယက်ဒန်းကို လှမ်းယူကာ တဦးက နေရာခင်း၊ တဦးက ခြေဆေးပေး တည်ခင်းပြီး ဝတ်ကြီး ပတ်ငယ်တို့ကို ပြုကျင့်ကြပါတော့သည်။ မြတ်စွာဘုရားသည် ခြေဆေးပေးများ ဆေးတော်မူကာ နေရာယူထိုင် သီဟာသနဟုဲ့ ထိုင်တော်မူပြီးသော် ငါ ကိုယ်တော်သည်

ဘုရားဖြစ်တော်မူပြီ။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီ။သင်ချစ်သားတို့အား တရားဦးကို ဟောတော်မူအံ့၊ ရှိသေစွာနာယူကြကုန်လော့ဟု တိုက်တွန်းတော်မူပါသည်။

ထိုအခါ ပဉ္စဝဂ္ဂိတို့က ငါ့ရှင် ဂေါတမ၊ သင်သည် ဂြိုဏ်ငြင်းလွန်စွာနှင့် ဒုက္ကရစရိယာကို ခြောက်နှစ်ပတ်လုံး ကျင့်သုံး၍မျှ သမ္မညူတဉာဏ်ကို မရပါပဲ လျက် လာဘ် လာဘ ပေါများအောင် လုလွှပြုကာ ဒါယကာ ဒါယိကာမများကို ရှာ၍ တရွာမှ တရွာ၊ တမြို့မှ တမြို့သို့ လှည့်လည်လျက် ရှိနေလေရာ အဘယ်မှာ မဂ်ဖိုလ်ကို ရနိုင်ပါအံ့နည်း။ သင်လှည့်ဖျား၍ ဝါကြွားသော်လည်း ငါတို့ မယုံနိုင်ဟု သုံးကြိမ် တိုင်တိုင် ငြင်းပယ်ကြသော်လည်း အပြစ်ထားတော်မမူပဲ ငါဘုရားသည် ရှေးအခါက ခြောက်နှစ်ကျာမျှ တကွအတူ သင်တို့နှင့် နေတော်မူလေရာ တကြိမ်တခါမျှ သစ္စာလေးပါးကို ပိုင်းခြား၍သိပြီ၊ သမ္မညူတဉာဏ်ကို ရပြီ၊ ဘုရား ဖြစ်တော်မူပြီဟု ဝန်ခံတော်မမူခဲ့သည်ကို သင်တို့ မှတ်သား သတိထားမိပါသလား။ ဟု မိန့်ကြားတော်မူတော့မှ ရှေးအခါက တကြိမ်ကခါမျှ ဘုရားဖြစ်ပြီဟု ဝန်ခံတော်မမူခဲ့သည်ကို စဉ်းစားမိကြသဖြင့် ယခုအခါ ဘုရားဖြစ်ပြီဟု ယုံကြည်လာကြပြီးလျှင် ဘုရားသခင်ကို ရိုသေစွာ ရှိခိုး၍ ကျေးတော်ကို နာယူရန် ကျိုးနှံစွာ နေကြပါသည်။

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ညအနောက်မျက်နှာမှာနေတရြမ်းဝင်ကာ အရှေ့မျက်နှာတွင် ဥတ္တရာသာဠှနက္ခတ်နှင့် စုံမြက်ယုဂ်ဟာ လကခြမ်းထွက်ပေါ်သည့်ဟာခါ (ဒဒ္ဒ မေ ဘိက္ခဝေ အန္တိမာ ပဗ္ဗတိမေဃာန နဿတိ ဟဗ္ဗာ) အစဖြာဓေးဟာ မမ္မစကြာဒေသနာတော်ကို ဟောတော်မူလျက်ရာ ယုတ်လုံး၌ ဝင်၍ လလုံးလုံး ထွက်သောအခါ တရားတော် ဟောကြား၍ ပြီးပြတ်ပါသည်။ တရားဟောတော်၏ ဗဟုဆုံးမှာ အရှင်ကောဏ္ဍည သောတာပန်ဖြစ်တော်မူ၍ နှတ်ဖြဟ္မာဓေါ်း ကဆယ်ရှစ်ကုဋေ့ မဂ်ဖိုလ်ကိုရကြကာကျတ်တန်းတက်ပါသည်။ မမ္မစကြာတရားဟောတော်ကို ဟောကြားတော်မူသည့်အခါ စကြဝဠာတဏ္ဍာငါးရြမ်းအပေါင်းသည် ဂကာဠ်းချီးပေ့သည့်အနေဖြင့် တုန်လှုပ်လေ့ရှိသည်။ ဘုံဆဲ့နှစ်ပါးသော နတ်မတ်များတို့လည်း ထ်ရှားစွာဖြစ်ပါသည်။

ဓမ္မစကြာ

ဓမ္မစကြာဒေသနာ

(က) ဘိက္ခုနော် ပဗ္ဗဇိတေန၊
ဣသိပဘနဒါယေ မဂဓေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

(ခ) သဟမ္ပတိနာမကေန၊
မဟာဗြဟ္မုနာ ယာစိတော။
စက္ခုသ္စံ ပကာသေန္တော၊
လောကနာထော အဓေသယိ။

(ဂ) နန္ဒီတံ သဗ္ဗဒေဝဟိ၊
သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတာယ၊
ဓမ္မစက္ကံ ဘဏာမ ဟော။

(၁) ဓမ္မစကြာ နိဒါန်း

ဧဝံ မေ သုတံ—

ကော် သမယော် ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ။ အာမန္တေသိ—

(၂) အယုတ်တရား နှစ်ပါး

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နော် ဆေဝိတဗ္ဗာ။
ကတမေ ဒွေ—

ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

(၃) အလယ်အလတ် အကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ ဂဉ္စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိ-ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ-သမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယ မေဝ အရိယော အင္ဂဂိကော မဂ္ဂေါ။

သေယျထိဒံ—

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ-အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ-သမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၄) ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိ-ယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

(၅) သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ-ဘိနန္ဒိနီ။

ဧသေယျထိဒံ—

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

(၆) နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

(၇) မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ဒုယာယေဝ အရိယော အင္ဂဂိကော မဂ္ဂေါ။

သေယျထိဒံ—

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ-အာဇီဝော သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

(၈) ဒုက္ခသစ္စာဌ် သစ္စဉာဏ်

"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၉) ဒုက္ခသစ္စာဌ် ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိဉ္ဉေယ္ယ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၀) ဒုက္ခသစ္စာဌ် ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၁) သမုဒယသစ္စာဌ် သစ္စဉာဏ်

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၂) သမုဒယသစ္စာဌ် ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၃) သမုဒယသစ္စာဌ် ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၄) နိရောဓသစ္စာဌ် သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၅) နိရောဓသစ္စာဌ် ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၆) နိရောဓသစ္စာဌ် ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၇) မဂ္ဂသစ္စာဌ် သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၈) မဂ္ဂသစ္စာဌ် ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၉) မဂ္ဂသစ္စာဌ် ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂၀) ရှေးကဘုရားဖြစ်ရကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နာ သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝပါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သပြဟ္မ-
ကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာ-
သမ္ဗောဓိ" အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

(၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော၁စ ခေါ မေ ဘိက္ခဝေ ဣဓမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သပြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

(၂၂) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ "အကုပ္ပါ မေ ဝိမုတ္တိ၊အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"တိ။

(၂၃)ပဉ္စဝဂ္ဂိရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ။ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

(၂၄)အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။

(၂၅)နတ်ပြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘူမ္မာ ဒေဝါ သဒ္ဒမနုဿာ ဝေသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"တိ။

ဘူမ္မာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမ-နုဿာဝေသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာဧဝသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ ယာမာဒေဝါ သဒ္ဒမနုဿာဧဝသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဧဝသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဧဝသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿာဧဝသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာဝါ ကေနစိ ဝါ လောကသ္မိ" တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဧဝသုံ "တေံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

၂၆။ တသောင်းသော လောကဓာတ် တုန်လှုပ်ပုံ

ဣတိ ဧဝံ ဣမသ္မိံ ခဏေ လယေ မုဟုတ္တေ သကိမ္ပိ သမ္ပဇာတိမ္ပိ သမ္ပဝေဓိ။

၂၇။ အရောင်အလင်းဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဋ္ဌာရော သြဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၂၈။ မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ—

"အညာသိ ဝတ ဘော ကောဏ္ဍညော အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။

ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေ့ဝ နာမံ အဟောသိ။

၂၉။ အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မာ ပတ္တ-ဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံ ကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒ-ဝေါစ—"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယ္ယံ ဥပသမ္ပဒ"န္တိ။

၃၀။ ဟိဘိက္ခု ရဟန်းအဖြစ်ရပုံ

"ဟိ ဘိက္ခု"တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ"တိ။ သာဝ တဿ အာယသ္မော တော ဥပသမ္ပဒါ အဟောသိ"တိ။

ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။

သာတာဂီရိနှင့် ဟေမဝတ

ဝါဆိုလပြည့်နေ့သည် မဇ္ဈိမယံအခါ သာတာဂီရိနှင့် ဟေမဝတနတ်စစ်သူကြီးနှစ်ဦးတို့သည် နတ်စစ်သည်တပေါင်းနှင့်အတူ တရားတော်နာရန် မြတ်စွာဘုရားထံသို့ ရောက်လာကြ၍ ဟေမပတသုတ်တန် ဒေသနာတော်ကို ဟောတော်မူလေရာ တရားတော်၏အဆုံးမှာ နတ်စစ်ပိုလ်နှစ်ဦးလုံး သောတာပန်ဖြစ်ကြ၍ တထောင်ဂဿာန်တ်တို့သည် သရဏာဂုံပဉ္စသီ တည်ကြပါသည်။

ရာဇဂြိုဟ်ပြည် မယ်ကာလီ

ရာဇဂြိုဟ်ပြည်၏အထက်ကောင်းကင်မှာ ထိုနတ်စစ်သူကြီးနှစ်ဦးတို့သည် ဘုရား၏ အခြင်းအရာလက္ခဏာဘေဘမျှားကို စင်ကြာပြောဆိုနေကြသည့် စကားကို ရာဇဂြိုဟ်ပြည်သူ ကာဠီအမည်ရှိသော အမျိုးသမီးသည် မိမိနေရာ အိမ်ဧကဟာမှာ ပြတင်းပေါက်ကိုဖွင့်၍ ရပ်နေသည့် ကိုယ်ပင်ပန်းမှုကို ပယ်ဖျောက်ခြင်းငှာ ရပ်နေသောအခိုက် နားစိုက်၍ကြားလေရာ ဘုရားတို့၏သဘော တရားမျှားကား ဤသို့ပါဂလားဟု ဘုရားဂုဏ်တော်ကို အာရုံပြုကာ နိဝရဏ ကင်းကွာ၍ ငါသာနှာကို ရှုသောအခါ သောတာပန် ဖြစ်ပါတော့သည်။ ဂုံးကြောင့် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတော်မူသည့်အခါ (တော့ဒဂုံ ဘိုက္ခဝေ မဖ သာပိကာနံ အန္ဒဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ ကုလဿရိကာ)ဟူ၍ တဆင့်စကားကြား၍ ကြည်ညိုရာမှာ အမြတ်ဆုံး ထားတော်မူပါသည်။

ဤနောက်တဖန် ဓမ္မဇာဂရိယာနုယောဂတ်နှင့်ပြင် အကျယ်တဝံဖန် ဟောတော်မူကြန်းသာဖြင့် ၎င်း ဝါဆိုလပြည့်ခကျော်တရက်နေ့မှာ အရှင်ဝပ္ပ သောတာပန် ဖြစ်တော်မူပါသည်။ နှစ်ရက်နေ့ အရှင်ဒဗ္ဗိယ၊ သုံးရက်နေ့မှာ အရှင်နာဝမ၊ လေးရက်နေ့မှာ အရှင်အာဇီကဿိသည် သောတာပတ္တိဖိုလ်၌ တည်တော်မူကြ၍ ငေါဂိတ္တ၊ ရဟန်းအဖြစ်ကို ရတော်မူကြပါသည်။ ငါးရက်နေ့မှာ အနုတ္တလတ္ထေရ၊ ဂုတ်ပိုဋ္ဌိလ ငါးပါးလုံး ရဟန္တာဖြစ်တော်မူပါသည်။

အရှင်နာလကနှင့် မေဘနေယျ

၎င်းလပြည့်ကျော် ၇ ရက်နေ့မှာ ဘုရားခမည်းတော် သုဒ္ဓါဒနမင်းကြီး၏ဆရာ ဒေဝိလရဿဝ်၏နှမတော် မန္တာနီပုတ္တားမ၏ သားတော် နာလကအမည်ရှိသောသူသည် ဘုရားအလောင်း ဖွားတော်မူစကပင် ဦးရီးတော် ဒေဝိလရဿဝ်၏ အဆုံးအမဖြင့် ဘုရားကိုရည်မှန်းပြီး ရဟန်းပြုကာ သုံးဆယ့်ငါးနှစ်ပတ်လုံး စင်ကြယ်စွာကျင့်သုံး၍ တခုသောတောအုပ်မှာ နေပါသည်။

မြတ်စွာဘုရား ဓမ္မစကြာတရားဟောကြားချီ နာရသည့် နတ်တယောက်က ဘုရားဖြစ်တော်မူကြောင်း ပြောကြားသဖြင့်မိဂဒါဝုန်တောသို့လာခဲ့လေရာ အတောင်ရှစ်ဆယ်မျှသော အရပ်၌ တထိန်ထိန်တလျပ်လျပ် ထွန်းလင်းတောက်ပသည့်ရောင်ခြည်တော်ကိုဖြင့် တင့်တယ်တော်မူလှသောမြတ်စွာဘုရားကိုဖူးမြော်ရလေလျှင် ငါဦးရီးတော်ပြောသည့်အတိုင်း ဘုရားစစ် ဘုရားမှန်ကို ကောန်တွေ့ရပေပြီဟု ဝမ်းမြောက် ဝမ်းသာနှင့် မောနေယျအကျင့်ကို လျှောက်ထားပါတော့သည်။

မြတ်စွာ ဘုရားသည် မောနေယျအကျင့်ကို ဟောကြားတော်မူလေရာ နာလကာမထေရ်က ငါသည် ဘုရားကို နောက်ထပ်တဖန် ဖူးမြင်ရပြန်မူ၊ တရားတော်ကို နာရပြန်မူ၊ မောနေယျ ကျင့်စဉ်ကို နောက်ထပ်တဖန် လျှောက်ထားနေရပြန်မူ ပေါ့တန်ရာ ရောက်တော့မည်ဟု နှလုံးပြုကာ တခုသော တောအုပ်သို့ သွားပြီးလျှင် သစ်တပင်ရင်း၌ နှစ်ရက်မနေ၊ တရွာတွင် နှစ်ရက် ဆွမ်းမခံ၊ တတောမှ တဇကာ၊ သစ်ကပင်မှ သစ်တပင်၊ တရွာမှ တရွာသို့ လှည့်လည်ကာ ခြိုးခြံလှစွာနှင့် ကျင့်တော်မူလေသဖြင့် ၇-လ တိုင်လေလျှင် အရဟတ္တဖိုလ်သို့ ရောက်ကော်မူ၍ မိမိ၏အသက် အပိုင်းအခြား အာယုသင်္ခါရ ကုန်နေသည်ကို သိရှိတော်မူသောကြောင့် ရေမိုးချိုးကာ သင်းပိုင် ကိုယ်ဝတ် ဒုကုဋ်မျှားကို ခါးပန်းဖြင့် ကောင်းမွန်ရိုသေလှစွာ ဝတ်ရုံတော်မူလျက် ဘုရားရှိတော်မူရာသို့ မျက်နှာပြုကာ တခုသော ဆေးဒန်းမြင်းသိလာတောင်ကိုမှီ၍ ဦးခေါင်းထက်၌ လက်စုံမိုးပြီး ရှိခိုးတော်မူလျက် မတ်တတ်ရပ်ကာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါသည်။ မြတ်စွာ ဘုရားသည် သံသာတော် များနှင့် အတူ ကွလာတော်မူ၍ ကိုယ်တော်တိုင် သင်္ဂိုဟ်ခတော်မူပါသည်။

ယသလုလင် ကျက်တမ်းဝင်

မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂိတို့အား တရားဟောတော်မူပြီးလျှင် မိဂဒါဝုန်တောမှာပင် နန္ဒိယသူဌေးကြီး ဆောက်လုပ် လှူဒါန်းသည့် ကျောင်းတော်ကြီးတွင် သီတင်းသုံး နေတော်မူလေရာ ဗာရာဏသီ သူဌေးနှင့် ဃနာနိုဆွမ်း ဒါယိကာမ သုဇာတာ၏သား ယသလုလင်သည် အလွန်လျင် လှပတင့်တယ် ရှုချင်ဖွယ်ရသော အဆင်းနှင့် ပြည့်စုံပါသည်။ သိပ်မွေ့နူးညံ့၍ အလွန်တရာ သနုဖြန့်ပါသည်။ စည်းစိမ်ဥစ္စာလည်း လွန်စွာပေါများလှသည့် သူဌေးသားဖြစ်ပါသည်။

ယသသူဌေးသားသည် ဥတုသုံးပါးနှင့် သင့်လျော်သည့် ပြာသာဒ်သုံးဆောင်မှာ တေဝေဿင့်ငါးရာသော အတီးအက အဖျော်အဖြေ အခြွေအရံမောင်းမမိသံတို့ကို ခြံရုံခစားစေလျက် မိမိမှတပါး ယောကျ်းမရှိဘဲ လွန်ကဲ

ကြီးမားသည့် ကာမဂုဏ် ချမ်းသာမျှားကို ခံစားကာ နေပါသည်။ တဥတုမှ တဥတုသို့ပြောင်းရွှေ့ ဆောင်းစံသည့် ပြာသာဒ်မှ နွေစံသည့် ပြာသာဒ်သို့၊ နွေစံသည့်ပြာသာဒ်မှ မိုးစံသည့် ပြာသာဒ်သို့ ပြောင်းလတ်သည့်အခါ နတ်ကညာကဲ့သို့ လှပတင့်တယ်စွာ တန်ဆာဆင်သော မောင်းမမိသံတို့သည် တချို့က စောင်းခြင်းပတ်သာ တူရိယာတို့ကို တီးမှုတ်လျက် တချို့က သီချင်းဆိုလျက် တချို့က ကခုန်လျက် ခြံရံကာ လိုက်ပြရလေသဖြင့် အလှုန်စည်ကား ကြီးကျယ်လှသည့် ပဲ့သဘင်ကြီးဖြစ်ကာ လူအများတို့သည် မြေပြင်ညှတ်မျှ တိုးဝှေ့၍ ကြည့်ကြရပါသည်။

ဤသို့ ခန်းနားကြီးကျယ်ပုံ နှိုင်းဖွယ်မရှိသော လောကီစည်းစိမ်ကိုမြှုန်မြှုန်ကြီး ခံစားကာ နေလေရာ ညဉ့်ဦးယံ အချိန်မှာ စောစောက အိပ်ပျော်သွားရှိသန်းခေါင်ကျော် အချိန်တွင် အိပ်ပျော်ရာမှ စောစောနိုးပြီး ဆီမီးရောင်အလင်း ထဲမှာ တချို့က ညှိဟောက်ရှိ အာစောက် ခံတွင်းမျှား ဟင်းလင်းပွင့်လျက် စက်ဆုပ်ဖွယ်သော အနံ့တို့ဖြင့် လိုင်ကုန်၏။ တချို့က ကိုယ်က ထမီကျတ်ကာ မသမီတရာဖြစ်နေကုန်လျက် တချို့က ဖရိုဖရဲ ပြိုကွဲနေကြသည့်အလား ဆံပင်တွေ ဖားလျားနှင့် တချို့က စောင်းကို ပွေ့ချီ မရိုးစည်ကို လွယ်ကာ ဘယ်ညာဖြောင်းဖြန်း ရောက်ရာက်ဆန် ဖြစ်နေသည်မျှားကို တွေ့မြင်ရလေလျှင် ရှုးယောင်ကာ ဆပ်ဝိုင်းယာဉ် ပြင်တိုင် ကျော ဖြောဘိုင်းချို ဆိုနိုင်သည်သာဟု ထင်နေရသည့် ဖျိုကညာကို့သည်ကား လူလောမျှားကို မြူပြိန်နှံသည့် သုသာန်လင်းချိုင်းကြီးအလား ဖြောက်ပျံ့စုတ်ဆုပ်စရာကြီး ဖြစ်နေပါပေါ့ကလားဟု စိတ်ထားလှုပ်တုံ့ ရွှေဂုဏ်ကာဉ်ခုန်ပျက် ယူကြုံးမရဖြစ်ကာ "ညပဒါကံ ဝတ ဘော၊ ညပဿဒုံ ဝတ ဘာဝ" ဟု ဝိတ်မနှာ ပရိုးမြုံးနိုပ်သဖြင့် ညဒါန်းကို ကျူးရှုပါတော့သည်။

ဘော၊ သံဃာရာကွယ်း ဖျော်ရှင်ခြင်းလက်ကိုင်နှင့် မတွက်နိုင်ကြ အို—လူအများတို့။ ကုဒါဂျိုအပ်ခင်တွင် သိုဖလာ်ကုံ ဂိုဒဒါင်ပမာ ကျိခန္ဓာသည်။ ဥပဒါကံ ဝတ၊ ဦးသင်္ဘင်ပါ မရှိပဲ ခင်ပင်ကွယ်တာဖွယ်မရှိ တပ်ရှိကာ မစဲလမ်းနိုင်အောင် အပြုံပမ်း နိုင်စက်လောက်တာကား။ ဘော၊ ကာမဂုဏ်တော မက်မောလိုခြင်း အို—လူအများတို့။ ဤဒါ ပရောဝံအောင် သွေးရှုံ၍ ထိတ်စရာအဝိဇ္ဇာဖိုး ဤကိုယ်ပြတ်သွားသည်။ ဥပဒါကံ ဝတ၊ ဘုန်စ်ဟူ၍ မြွေငွေမသာမ်း ဆိုးသွမ်းယုတ်မာ တာဏှာဂုဏ်ကတ်လျက် စုံပက်ခြင်း ပြုံးပြုံးနှင့် လှံကွင်းကို ထူထောင်၍ ပူးငလောင် လှည့်ဆဲလာစွတကား။

ဤသို့ ဥဒါန်းမာဒေးကို ညည်းပွားရွတ်သိုဟော ပိမိကိုယ်၏အဖြစ်အပျက်များတို့ စဉ်းစားထိခိုက်လန့်ကာ သံဝဂဉာဏ် ရင့်သန်လာသဖြင့် ရွှေခြေနင်းကို စီးလျက် ထွက်လာလေရာ အိမ်တံခါးသို့ရောက်သောအခါ သူငြေးသား ရဟန်း

ပြုခြင်း၏ အန္တရာယ်မဖြစ်စေနှင့်ဟု နှလုံးပြု၍ နတ်များက တံခါးကိုဖွင့်နှင့်သဖြင့် အသင့်ပင် ထုတ်ခဲ့ရပါသည်။ မြို့တံခါးသို့ ရောက်ပြန်လျှင် ယခင်လိုပင် နတ်တို့က ဖွင့်နှင့်ပြီး၍ အဆီးအတားမရှိ မိဂဒါဝုန်တောသို့ ချောမောစွာ ရောက်လာရပါသည်။ မြတ်စွာဘုရားသည် နံနက်စောစွာ ကျောင်းဟော်၏ လွင်တီးခေါင်မှာ စင်္ကြံနှင့်ကွတောင်မူနေစဉ် အဝေးမှလာသော်သည့် ယသ သူငယ်သားကို မြင်တော်မူလေလျှင် စင်္ကြံမှဆင်း၍ ခင်းထားသည့် နေရာတော်မှာ သီတင်းသုံးနေတော်မူပါသည်။ သူငယ်သား ယသသည် မြတ်စွာဘုရားအနီးသို့ ရောက်လျှင် ယခင်ဆိုသည့် "ဥပဒ္ဒုတံဝတ ဘော၊ ဥပဿဋ္ဌံဝတ ဘော" ဟူသော ဥဒါန်းစကားကို ညည်းတွားရွတ်ဆိုလေရာ ဘုရားသခင်သည် ကြည်ရှင်စွာသော မျက်နှာဘော်ဖြင့်—

ဣဒံ ခေါ အနုပဒ္ဒုတံ၊ ဣဒံ အနုပဿဋ္ဌံ ဧဟိ ယသ နိသီဒ ဓမ္မံ တေ ဒေသေဿာမိ—

ဟူ၍ နှုတ်ဆက်မိန့်ခေါ်ပါသည်။

ယသ၊ အသက်ရှူမမှန်သဖြင့် မျက်ဖြူလန်အောင် ပူပန်ကြောက်အားယသမည်သော အိုချစ်သား။ ဣဒံ၊ ဘေးမဆက်ဆံ အေးချက်သန့်သည့် ဤနိဗ္ဗာန်သည်။ ခေါ၊ ဘယ်လိုမှ မတွေးတောနှင့် သဘောဟုတ်မှန် ဧကန်စင်စစ်။ အနုပဒ္ဒုတံ၊ တင်းကျိမ်းကြိတ်ကာနှက် အဆိပ်တက်သကဲ့ကို နှိပ်စက်ပင်ပန်းခြင်းလည်း မရှိ။ ဣဒံ၊ မီးတဆယ့်တတန် ငြိမ်းရာမှန်သည့် ဤနိဗ္ဗာန်သည်။ အနုပဿဋ္ဌံ၊ ဆင်ကြမ်းသားရဲ အဘင်းဆွဲသကဲ့သို့ ဆင်းရဲ ပင်ပန်းခြင်းလည်း မရှိ။ ယသ၊ ချစ်သားယသ။ ဟေ၊ ငါဘုရားထံရင်း နီးအောင်ချဉ်း၍ ဖြည်းညင်းသာယာ လာခဲ့ပါလော့။ နိသီဒ၊ ထိုင်လှည့်ပါလော့။ အဟံ၊ သင်လိုလူပေါင်းကယ်လိုကြောင်းဖြင့် မျှော်ငြောင်းငံ့စား ငါဘုရားသည်။ တေ၊ သင်ချစ်သားအား။ ဓမ္မံ၊ နောတတ်အိုင်သာ ရေသီတာသို့ ကြည်စွာပြန့်မှေး တရားရေအေးကို။ ဒေသေဿာမိ၊ ကရုဏာတရား မေတ္တာထား၍ သနားကြင်နာ ဟောပြပါအံ့။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူလေလျှင် ယသလုလင်သည် ရှင်ပြုံးကာ အားတက်ပြီး စိုးလျက်ရှိသည့် ဘိနပ်ကို အသာချတ်၍ မြတ်စွာဘုရား ထံတော်သို့ သွားကာ ရိုသေစွာ နေပါသည်။ မြတ်စွာဘုရားသည် ဒါနကထာ အလှူ၏ အကျိုးကိုဟောသောတရား၊ သီလကထာ သီလအကျိုးကိုဟောသော တရား၊ သဂ္ဂကထာ နတ်ပြည်စကား၊ ကာမာနံ ကာမဂုဏ်တို့၏အာဒီနဝံ အပြစ်၊ သြကာရံယုတ်သောအပြစ်၊ သံကိလေသ ညစ်ညူးခြင်း၊ နေက္ခမ္မေ၊ ကာမဂုဏ်မှ လွတ်မြောက်ခြင်း၌။ အာနိသံသံ၊ အကျိုး ဤအစဉ်အတိုင်းသော တရားစကားကို ဟောတော်မူသည်တွင် ယသလုလင်မှာ ခံ့သောစိတ်၊ နိဝရဏကင်းသော

စိတ်၊ ဝမ်းမြောက်သောစိတ်၊ ကြည်လင်သောစိတ် တည်ရှိသည်တို့ကို သိတော်မူ၍ အညစ်အကြေးကင်း၍ ဖြူစင်သန့်ရှင်းသော အဝတ်ပုဆိုးသည် အသိုအရှေအစရှိသည်ဆိုး၍ စွဲထင်သလို သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်နိုင်ပြီဖြစ်သောကြောင့် သာမုဏ်ကံသိက ဒေသနာကိုယ်တော်မှ ထုတ်ပြအပ်သော ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဤ၍ လေးဖြာကို ဟောတော်မူလေရာ ဒိဋ္ဌဝိစိကိစ္ဆာ ကွယ်ပျောက်၍ သောတာပန်အဖြစ်သို့ ရောက်တော်မူပါသည်။

ယသလုလင် ထုက်သွားရှိ နံနက်အရုဏ်ကျင်း၍ အလင်းသို့ ရောက်သော အခါ ယသ၏မိခင် သူဌေးကဇော် သုဇာတာသည် သူ့သားနေရာ ပြာသာဒ်ထက်သို့တက်လေလျှင် ယသကို မမြင်ရသဖြင့် ပူပင်နွမ်းလျ သောကဖိစီး ရင်ကို တီးရှိ အဝိုက်ဝိုက်ကြွေးကာ ဘုရားတပြုံးအား ပြာကြားလေရာ သူဌေးကြီးသည် ကြားလျှင်ကြားချင်း အလျင်အမြန်မြင်းသည် တမန်များကို အရပ်လေးမျက်နှာသို့ ရှာဖွေစေရန် စေလွှတ်၍ မိမိကိုယ်တိုင် မိဂဒါဉုန် လမ်းသို့ စုံစမ်းရန် လျှောက်လာပါသည်။ ယသ၏ ထွက်ခြင်းကို တွေ့မြင်ရသဖြင့် ဖြစ်ရာမှန်း ရိပ်မိပြီး ဝရိုဝရိုင်းလိုက်သွားလေရာ မိဂဒါဉုန်တောဘို့ ရောက်ပါတော့သည်။ မြတ်စွာဘုရားသည် ယသသူဌေးသားအား တရားဟော၍ ပြီးခါစ အချိန်မှာ အဝေးမှလာနေသည့် သူဌေးပြုံကို မြင်တော်မူ၍ ဤသူဌေးကြီးသည် ယသလုလင်ကို တွေ့မြင်ရပါက သောကဖိစီး အပူကြီးပူလိမ့်မည်ဟု နှလုံးပြုကာ တန်ခိုးတော်ဖြင့် ကွယ်ဝှက်ထားပါသည်။

ဘုရားရှင်၏ အနီးသို့ သူဌေးကြီးရောက်လာလျှင် အရှင်ဘုရား၊ တပည့်တော်သည် သားပျောက်၍ လိုက်ပျက်ပါသည်။ ဤဒုနဘို့ ယသခေါ်သည့် သူငယ်တယောက်လာရောက်ပါသလားဟု လျှောက်ထားသည့်တွင် ဘုရားသခင်ကအို—သူဌေးကြီး၊ အဝေးတကြိုး မလုပ်ပါနှင့်၊ ဤနေရာမှပင် သင့်သားကို တွေ့မြင်ရပါလိမ့်မည်ဟု ဒေသိုဂ်ရှိလေရာ သူဌေးကြီးသည် ဤနေရာပွဲပင် သားကို တွေ့ရမြင်ရတော့မည်ဟု နှလုံးပြုကာ ဝမ်းသာနှင့် ဖြတ်စွာဘုရား အနီးမှာ ထိုင်နေပါသည်။

မြတ်စွာဘုရားသည် အစဉ်အတိုင်း ဖြစ်သည့် ဒါနကထာ စသည်ကို ဟောတော်မူပြီးလျှင် သစ္စာလေးပါးကို ဟောတော်မူပါသည်။ သူဌေးကြီးသည် တရားဟောကြားတော်မူသော အဆုံးမှာ အပူလုံး ဒေါသလုံးဟူ စုဝေးရာ ရုပ်နာမ်ဒုစ်ဖြာသံသရာမှ လွန်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ သောတာပန် အဖြစ်သို့ ရောက်ပါတော့သည်။ ထိုအခါ သူဌေးကြီးက ဤသို့ လျှောက်ထားပါသည်။ အရှင်ဘုရား၊ အလွန်နွမ်းပါးလှပါသည်။ အရှင်ဘုရား၊ အလွန်နွမ်းသက်ဖွယ်ရှိလှပါသည်။ ဥပမာအားဖြင့် မှောက်ထားသည့် ဝတ္ထုကို လှန်ပြ

သလို ဖုံးထားသည့် ဝတ္ထုကို ဖွင့်ပြသလို ခရီးမှား သူကို ခရီးမှန် ပြသလို မှောင်မိုက်ကြီးထဲမှာ မီးထွန်းလိုက်သည့်အခါ မျက်စိကောင်းသောသူသည် အဆင်းအမျိုးမျိုးကို မြင်ရသလို ဤဥပမာများ အတူ မြတ်စွာဘုရားသည် များလှစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ဟောကြားတော် မူပါသည်။

အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ ယနေ့မှ အစပြု၍ အသက်ရှည် သရွေ့ ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော အကျွန်ုပ်ကို ဥပါသကာဟု မှတ်တော်မူပါ။ ဤသို့ လျှောက်ထား ပါသည်။ ဤ သူဌေးသည် ရှေးဦးစွာ ဗေဝါစိက သရဏဂုံတည်သော သူ ဖြစ်ပါသည်။

ယသလုလင်သည် ဖခင်သူဌေးအား ဟောကြားသော တရားတော်ကို နာယူရသဖြင့် လူဝတ်နှင့်ပင် ကိလေသာ ကင်းကွာသည့် ရဟန္တာဖြစ်ပါသည်။ ထိုအခါ မြတ်စွာဘုရားသည် ယသလုလင် အာသဝေါကုန်၍ ရဟန္တာဖြစ်လေပြီ။ လူဝေဘာင်သို့ပြန်၍ ကာမဂုဏ်ကို ခံစားခြင်းငှာ မဖိုက်ချာပြီ။ သူ့ဖခင် သူဌေးသည်လည်း သာသနာတော်ကို မဖျက်ဆီးရာပြီ။ တနံခိုးကို ငြိမ်းရန် သင့် တန်ပြီဟု နှလုံးပြုကာ သားအဖနှစ်ဦးကို ဤနေရာမှာပင် တွေ့မြင်စေပါသည်။ သူဌေးကြီးသည် အနီးမှာပင် သားကို တွေ့မြင်လေရာ လွန်စွာ ဝမ်းသာလျက် ချစ်သား၊ သင်၏ အမိသည် စိုးရိမ်ပူဆွေး ငိုကြွေးကာ နေရပါသည်။ သင်၏ မိခင် အသက်ရှင်စေလိုပါက အိမ်သို့ ခဏလိုက်ခဲ့ပါဟု ဆိုလေလျှင် ယသလုလင် သည် ဘုရားသခင်ကို မော်ရှုကြည့်ပါသည်။ ထိုအခါ မြတ်စွာဘုရား.က ငါ ဘုရားဟောကြားသည့် တရားကို သင်သိသလိုပင် ယသလည်း သိမြင်၍ အာသဝေါ တရားတို့ကို ပယ်ရှားပြီးဖြစ်လေသောကြောင့် ရှေးယခင်ကလို ကာမဂုဏ် ခံစားခြင်းငှာ မထိုက်ရာပြီဟု မိန့်တော်မူလေရာ အားရ ဝမ်းသာနှင့် လွန်စွာ နှစ်သက်၍ နက်ဖြန် နံနက် ဆွမ်းအလို့ငှာ ယသကို နောက်တော်မှ ပါကာ တပည့်တော်အိမ်သို့ ကြွတော်မူပါဟု ပင့်ဖိတ်ကာ အိမ်သို့ ပြန်သွားပါသည်။

သူဌေးကြီးပြန်သွား၍ အရှင် ယသသည် ဘုရားသခင် လံတွင် ရဟန်း အဖြစ်ကို တောင်းပန်၍ ဧဟိဘိက္ခု ခေါ်တော်မူလေလျှင် လူ၏အသွင် ကွယ် ပျောက်ကာ ရဟန်းအသွင် ရောက်ပါတော့သည်။ ထိုအခါ သုံးရာသော လောက မှာ ရဟန္တာ ၇-ပါး ရှိလာပါသည်။ နောက်နေ့ နံနက်အခါ မြတ်စွာဘုရား သည် အရှင်ယသနှင့်အတူ မိခင်သူဌေးကတော် သုဇာတာနှင့် မယားခင်ပွန်းမအား အစဉ်အတိုင်းဖြစ်သော ဒါနကထာ စသည်ကို ဟောတော်မူ၍ သောတာပန် ဖြစ်စေတော်မူပါသည်။

ဗာရာဏသီပြည်မှာ ဒအဆက်ဆက်သော သူဌေးကြီးတို့၏ သားများဖြစ်ကြသည့် အရှင်ယာသ၏ မိတ်ဆွေသူငယ်ချင်း (ဝိမလ-သုဗာဟု-ပုဏ္ဏာဇီ-ဂဝံပတိ) အမည်ရှိကြသည့် သူဌေးသား ပုဏ္ဏားလေးယောက်တို့သည် ငါတို့သူငယ်ချင်း ယသသည် သာဓုလူစားမဟုတ်၊ အဟုတ်တကယ် ကြီးကျယ်မြင့်မြတ်သော အကျိုးရှိရှိသာလျှင် ရဟန်းဘောင်သို့ ဝင်ခြင်းဖြစ်ပေလိမ့်မည်ဟု ကြံစည်ကြကာ အရှင်ယာသထံသို့ သွားကြပြီးလျှင် ဘုရားသခင်ထံသို့ ပို့ပေးရန် တောင်းပန်ကြလေရာ အရှင်ယာသက လေးဦးလုံးအား ဘုရားသခင်ထံသို့ ခေါ်ဆောင်ကာ ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်တော်မူပါဟု လျှောက်ထားသဖြင့် အစဉ်အတိုင်းသော ကရားတော်ကို ဟောတော်မူ၍ သစ္စာလေးပါးကိုပြကာ အရဟတ္တဖိုလ်မှာ တည်စေပြီးမှ ဧဟိဘိက္ခု ခေါ်တော်မူ၍ လေးဦးလုံးပင် ရဟန်းအဆင့် ဖြစ်ကြပါသည်။

ထိုမှတပါး ဗာရာဏသီပြည်၏အနီး ဇနပုဒ်ဖျာ နေကြသည့် သူဌေးသား ငါးဆယ်တို့သည် ဂျိုကဝတ်ဒ် ယသ၏ချစ်ပိတ်ဆွေ သူငယ်ချင်းများဖြစ်ကြ၍သာပင်၊ ဧကျားဝတ်များက ဂိုးကွယ် အားသဘားရာမရှိသော သူဝို့၏အလေဉ်းတော်များကို ကျင့်ကြံပြဋ္ဌာန်းဖို့ အသွေးကမ္မဋ္ဌာန်း စီးဖြန်းသော ကာလတို့ပုံလည်း ပတ်ဝန်းကျင်ဖြစ်ကြ၍ ဖိုလ်သူတော်ယာလုလင် သာသနာ့ဘောင်သို့ဝင်ကာ ရဟန်းပြုသည့်အခြေကြောင်း သတင်းကောင်း ကြားသိကြရလေလျှင် ဘုရားသခင် ထံတော်သို့ သွားကြ၍ ရဟန်းအဖြစ်ကို တောင်းပန်ကြသောအခါ မြတ်စွာဘုရားက တရားဟောတော်မူကာ အရဟတ္တဖိုလ်၌ တည်စေ၍ ဧဟိဘိက္ခု ရဟန်းပြုခေါ်တော်မူပါသည်။

ယိုအခါ ဓနဝတီလွှာ ဘုံဆုံပါဟာ ဘုရားနှင့်တကွ(၆၁)ပါးသော ရဟန္တာအရှင်မြတ်များ ကင်ရားစွာ ကြွမွေးပါသည်။ မြတ်စွာဘုရားသည် ဂုဏ်ဝိသေသ ကစ္စာယနသာရိပုတ္တရာ ရဟန္တာ အရှင်မြတ်ပို့နှင့် အတူ ပဋိသမ္ဘိဒါဉာဏ်ဖြင့် မိဂဒါဝုန်တော နှိုးလှုံးသူငှေး ဆောက်လုပ်သည့် ကျောင်းတော်၌ ပထမ ဝါဆိုတော်ကာလ ဖြစ်ပြီးခြောက်ဆယ်နှင့် ရင်းပို့၏ သေမျိုးမိဘ စသည်တို့အား တရားတော်ဟောကြားပြီး ဝါကျွတ်သောအခါ ရဟန်းများကို ခေါ်တော်မူ၍ ချမ်းသာ ရဟန်းကျင့်ဝတ်၊ သတ္တဝါဘို့၏ စီးပွားချမ်းသာကို ပြုခြင်းအကျိုးငှာ ဝိုလ်ထိုးရှိသည်ကို နှမ်ပါးမတဲ့ တပါးစီခွဲပြီး ဒေသစာရိကိုယ်စီစိုးပိုင်ခွင့် လွှဲပေးလိုက်ကြ၍ ကရားဝတ်တော်ကုန်လေ၊ ပါရမီမှုံမာ၍ ပညာကြီးပေးသောကြောင့်လည်း ဖြစ်ပေသည်။ ကရားတော်ကို မနာကြရသဖြင့် လျှင်ခွဲ့ ဗရိုးနှုတ်သည့် ဟောသနာ့ဝန်ထမ်း ရဟန်းပြုလိုဘူများအား သရဏဂုံသုံးပါး ပေးသောအားဖြင့် ရှင်ရဟန်း ပြုကြကုန်ဟု ခွင့်ပြု

တော်မူကာ သာသနာ့ပြု စေလွှတ်တော်မူ၍ မြတ်စွာဘုရားသည် ဥရုဝေဠ တောသို့ ကြွတော်မူပါသည်။

ရှိခိုးပူဇော်ခြင်း

၁၃၁၂ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၂-ရက်နေ့ ၂-နာရီ အချိန်မှာ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူသည့်နေရာ ဓမ္မစကြာစေတီတော် ကြီးမှာ မိမိတဦးတည်း မြတ်စွာဘုရား ဂုဏ်တော်များကို ဘလူး အာရုံပြုကာ ကြည်နူးလှုံ့ဆာနှင့် ရှိခိုးပြီးလျှင် ဓမ္မစကြာဒေသနာနှင့် အခေါက်အခါ ပူဇော်ပါသည်။ မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် နန္ဒိယ ကျောင်းတော်ကြီးမှာ မြတ်စွာဘုရား ဂုဏ်တော်များနှင့် အလူးအာရုံပြုကာ ကြည်နူးလှုံ့ဆာနှင့် ရှိခိုးပူဇော်ပြီးလျှင် ၎င်းကျောင်းတော် မြတ်စွာဘုရား ဟရုံးဟာတော်မူသည့် တရားပလ္လင်တော်မှာ ဤ ကျောင်းတော်နှင့် စပ်လျဉ်း၍ ဟောတော်မူသည်—

စိရပ္ပဝါသိ ပုရိသံ၊ ဒူရတော ဿတ္ထိမာဂတံ။
ဉာတမတ္တာ သုဟဒ္ဒေါ စ၊ အဘာနန္ဒန္တ အာဂတံ။
တထေဝ ဂတပုညမ္ပိ၊ ဣဓ လောကာပရံ ဂတံ။
ပုညာနိ ပဋိဂဏှန္တိ၊ ပိယဉာတီဝ အာဂတံ။

ဤတရားဝါထာ ဒေသနာတို့ဖြင့် အခေါက်ခေါက်အခါခါ ပူဇော်ပါသည်။ထို့ပြင် (၁) အဓိသာကဂျောက်တိုင်။ (၂) မူလဂန္ဓကုဋီတိုက်။ (၃) ပြတိုက်။ (၄) ကျောက်ဂန္ထီစေတီတော်များ၌ ဘုရားရုပ်ပွားတော် ဓာတ်တော်များအား ရှိခိုးပူဇော်ပြီးလျှင် ကုသိုလ်အဖို့ကို အားလုံးသော သူတို့အား ကိုယ်နှင့် အတူ ရကြပါစေဟု အထူးဝေငှပါသည်။

ဗာရာဏသီ ပြီးပါပြီ။

ကုဿိနာရုံ အင်ကြင်းစုံ

၁၃၁၂-ခုနှစ်၊ပထမဝါဆိုလဆုတ် ၂-ရက်ည ၁၀-နာရီအချိန် ဘုရားရစ်ခေါ် ဗာရာဏသီမြို့ဘူဟာကြီးမှ မီးရထားစီးလေရာ ၃-ရက်နေ့ နံနက် ၇-နာရီ အချိန် ၁၁၂-မိုင် ဝေးကွာသည့် ဒေဝရီးယားမြို့ ဘူတာရုံကြီးသို့ ဆိုက်ရောက်ပါသည်။ ၎င်းဘူတာ၌ မိုဟိုကားနှင့် ဘက်လက်ထွက်ခဲ့လေရာ ၁၀-နာရီအချိန်ခန့်မှာ ၂၅-မိုင်ဝေးကွာသည့် ယခုအခေါ် (ကစီယ) ရွေးအခေါ် ကဿပရွာသို့ ရောက်၍ ၎င်းရွာ ဟားဆိပ်မှာ ပူရီမုန့်မျှားနှင့် ဟင်းဒူဘရားမင်း ထမင်း

ဟင်းများ ဝယ်စား ပါသည်။ ၎င်းရွာနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူရာ ကုသိန္နာရုံ မလ္လာမင်းတို့၏ အင်ကြင်းစုံညယျာဉ်သည် တမိုင်ခန့်သာ ဝေး ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ အလောင်းတော်ကို မီးရှို့သည့်အခါ အရှင်မဟာကဿပ မရောက်လာသေးသဖြင့် မီးမလောင်ပဲ ရှိလေရာ အရှင်မဟာကဿပ ကြွတော်မူလာသည်ကို ကြားသိကြသဖြင့် သွား၍ ကြိုဆိုကြသည်တွင် အရှင်မဟာကဿပနှင့် တွေ့ဆုံသည့် နေရာဖြစ်၍ (ကဿပရွာ)ဟု တွင်ပါသည်။ ၎င်းရွာမှ မွန်းစားပြီး ၁၁-နာရီအချိန် ကားနှင့် ဆက်လက်ထွက်ခွာလာလေရာ ကုသိန္နာရုံ မြင်မာကျောင်းတိုက် ဆရာတော်ကြီး ဦးစန္ဒိမကိုထံတော်သို့ရောက်ကာ လက်ဘက်ရည်များသောက်ကာ ၎င်းကျောင်းမှာ နေထိုင်ပါသည်။

ဤ ဆရာတော် ဘုရားကြီးသည် ရခိုင်ပြည်ဇာတိ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး သိတင်းသုံးကာ စောင့်ရှောက်ပြုစု ဆောင်ရွက်တော်မူသော ကြောင့် မြတ်စွာဘုရား သိတင်းသုံးတော်မူသည့် ဌာနများနှင့် ကုသိန္နာရုံမှာ မပျက်မစီး တည့်တံ့ကြီးပွားခြင်း ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးသည် ဟင်ဒီဘာသာ နာဂရီစာကို အထူးတတ်မြောက် ကျွမ်းကျင်တော် မူသဖြင့် ဟိန္ဒူပညာရှိများပင် နည်းနာခံယူကြပါသည်။

ဆရာတော်ဘုရားကျောင်းမှာ မြန်မာရဟန်းတော် ၃-၄ ပါး၊ ဟိန္ဒူဘရာမင်း ဦးပဉ္စင်း ဦးအစ္စုတာနန္ဒ၊ နေပါလီ ဦးပဉ္စင်း ဦးဗုဒ္ဓဃောသနှင့် နေပါလီသာမဏေ သိလရှင်များ ရှိပါသည်။ မူလကန်း ဟိန္ဒူ စာသင်ကျောင်းလည်း ဖွင့်ထားပါသည်။ တည်းခိုရန် နေရာတိုင်ခင်းများလည်း လုံလောက်စွာ ရှိပါသည်။ ၎င်းအပြင် မာရ်ဝါရီသူဌေးကြီး ပိရိလာ၏ ဓမ္မစာလာတိုက်ကြီး ဟရက် ဗုဒ္ဓဘာသာ ဓမ္မစာလာ၊ နေပါလီ အခမဲ့ အမရာ ဆေးရုံများ အနီးအပါး၌ ရှိပါသည်။

ဆရာတော်ကြီး၏ မြန်မာကျောင်းတိုက်နှင့် ဝင်းချင်းကပ်ကာ တောင်ဘက်မျက်နှာတွင် မလ္လာမင်းတို့၏ အင်ကြင်းစုံညယျာဉ်ရှိပါသည်။ ၎င်းညယျာဉ်ထဲ၌ မြတ်စွာဘုရား ပရိဗ္ဗာန်ပြုတော်မူသည့် နေရာမှာ ဓမြောက်သို့ ဦးဖျားပြုကာ ၁၅-တောင်ခန့်ရှိသည့် ပရိဗ္ဗာန်ဝင်စံတော်မူပုံ၊ လျောင်းတော်မူ ကိုယ်ဟန်းတော်ကြီး တည်ရှိပါသည်။ ၎င်းကိုယ်စားတော်ကြီး သိတင်းသုံးတော် မူသည့် ဂန္ဓကုဋီတိုက်တော်ကြီး အရှေ့မျက်နှာ ထိစပ်ကာနီးမှာ ဓာတ်တော် ဝေစရာ ကုသိန္နာရုံ ဇစတီတော်ကြီး ရှိပါသည်။ ဤဇစတီတော်နှင့် ဂန္ဓကုဋီတိုက်တော်၏ ပတ်ဝန်းကျင်မှာ ကျောင်းတော်ဟောင်း နေရာများ၊ ရေဘဉ်းများ ရှိပါသည်။ ဤဇစတီတော်၏ အနောက်ဘက် ပေဟရာခန့်အရပ်မှာ မြတ်စွာဘုရား

နောက်ဆုံး တရားဟောတော်မူသည့် ဒုနရာဌ် (ပစ္ဆိမ ဗုဒ္ဓဝစန) အထိမ်းအမှတ် အဆောက်အဦရှိပါသည်။

စေတီတော်၏ အရှေ့တောင် တမိုင်ခန့်ဝေးကွာသည့် အရပ်မှာ မလ္လာမင်းများ ကကုဓမြစ်၌ ရေချိုးပြီးလျှင် မကိုင်ဖဆောင်းရာဖြစ်သည့် (မကုဋ ဗန္ဓန တောင်) ရှိပါသည်။ ပေ ၃၀-ခန့် မြင့်သည့် တောင်ပူစာကလေး ဖြစ်ပါသည်။ ထိုတောင်ထိပ်မှာ မြတ်စွာဘုရားအလောင်းကို ဟောဇာခတ်လောင်းရာဖြစ်ပါသည်။ ၎င်းတောင်ထိပ် သစ်ပင်ရင်းမှာ တရုတ်ဘုန်းကြီး တပါး နှစ်ပေါင်းများစွာနေထိုင်ကာ မြတ်စွာဘုရားကို အာရုံပြုပူဇော်နေသည်ဟု မှတ်ထင်ပါသည်။ မကုဋဗန္ဓနတောင်၏ မြောက်ဖက် ပေ ၂၀၀-ခန့် အကွာ၌ ကကုဓမြစ်၊ သို့မဟုတ် ဟိရညဝတီမြစ် ရှိပါသည်။ မြတ်စွာ ဘုရားသည် ပါဝါ ပြည်မှ ကုသိနာရုံပြည်သို့ ပရိနိဗ္ဗာန် ဝင်စံတော် မူရန် ကြွလာတော် မူသည့် အခါ အားတော်ကုန်ခန်းပြီး ပင်ပန်းတော်မူလှသဖြင့် ဤမြစ်ထဲသို့ဆင်းကာ ရေချိုးတော်မူခြင်းဖြင့် အားတော် ဖြည့်တင်းတော်မူသည်။ အင်ကြင်း ဥယျာဉ်နှင့် မကုဋဗန္ဓနတောင်၏အကြား တောင်ဘက်တြိဂံအရပ်၌ အရှင်အနုရုဒ္ဓါ သီတင်းသုံးတော်မူသည့်နေရာ၌ အနုရုဒ္ဓဝရ္ဂာရှိပါသည်။

ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

မြတ်စွာဘုရားသခင်သည် အထက်အဆိုပါ မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တော်၌ သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့်ဦးယံမှာ မလ္လာမင်းတို့အား တရားဟောတော်မူ၍ သန်းခေါင်ယံကာလမှာ ဥပကာနှင့် ဆာဝါတို့၏ သား သုဟဒ္ဒ ရဟန်းအား ကျွတ်တမ်း ဝင်အောင် ရွက်ဆောင် ချီးမြှင့်တော်မူပြီး လင်းကာနီး မိုးသောက်ယံမှာ ရဟန်း သံဃာတော်များအား မြတ်စွာဘုရား၏ နောက်ပိတ်ဆုံး စကားတော်ဖြစ်သည့် ဟန္ဒ ဒါနိ စသော အောက်ပါတရားဒေသနာတော်ကို ဟောတော်မူကာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါသည်—

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ သံသရာစက် ဝဲဂယက်မှ ပေျာ်ဝင်္ဂက်လိုငြား အို-ချစ်သား တို့။ ဒါနို၊ ယခုနိဗ္ဗာန်ဝင်စံခါနီးမှာ၌၌။ ဟန္ဒ၊ ငါ့ဘုရား၌ မေလးစား ကြည်ဖြူမှုတ်ယူကြကုန်လော့။ ဝေါ၊ တပည့်အမျာ. သင်ချစ်သားတို့ မှား။ အာမန္တယာမိ၊ သင်တို့တသက်လုံး လက်ကိုင်သုံးဘို့ အဆုံးစကား မှာကြားတော်မူအံ့။ သင်္ခါရာ၊ ဘုံသုံးပါး၌ ထင်ရှားမြဲသမျှ ရုပ်နာမ်စုစဉ် ပစ်ခါရတို့သည်။ ဝယဓမ္မာ၊

ပျက်စီးခြင်း သဘောရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အပ္ပမာဒေန၊ လုံ့လ မလျှော့ မပေါ့မဆ မမေ့သော သတိတရားနှင့်။ သမ္မာဒေထ၊ ပြည့်စုံကြကုန်လော့။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသည့် အခါမဟာပထဝီ ဤမြေကြီးသည် လှုပ်ခတ်သည့် အနေဖြင့် သွက်သွက်ခါ တုန်လှုပ်ပါသည်။ မဖြစ်စဘူး အလွန်ထူးသည့် အတိတ် နိမိတ်ကြီးများ ထင်ထင်ရှားရှား ဖြစ်ပွားပါသည်။ သပမဟတ် မဟာဗြဟ္မာကြီးသည် အောက်ပါ ဂါထာကို စကြဝဠာကြားအောင် ရွတ်ဆိုပါသည်—

သမ္ပဇဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ တောဒီသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ပရိနိဗ္ဗာယတ္ထာ၊ သမ္မုခေ ပရိနိဗ္ဗုတော။

ဟတ္ထ၊ အကြင်လောကဘဲ့။ ပရိယာယနှော၊ အကျုံးဝင်သော။ တာဒိသော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သတ္ထာ၊ လူနတ်တို့၏ဆရာ ဖြစ်တော်မူသော။ လောကေ၊ လောကဘဲ့။ အပ္ပဋိပုဂ္ဂလော၊ အတူအပြိုင် မယှဉ်နိုင်သော ပုဂ္ဂိုလ်တဆူဖြစ်တော်မူထသော။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော။ ဗလပတ္တော၊ ကာယဉာဏအားနှစ်ဝနှင့် ပြည့်စုံတော်မူထသော။ သမ္မုခေ ပါပိ၊ အလုံးစုံသော တရားတို့ကို မိမိအလိုလိုသာလျှင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားသခင်သည်လည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်၊ ဝင်စံတော်မူရခဲ့သေး၏။ အညော၊ ဘုရားမှတပါး တခြားသော သူသည်ကား။ မတ္ထတော၊ သေခြင်းမှ။ ကုတော မုစ္စတိ၊ အဘယ်မှာ လွတ်ပါခဲ့အံ့နည်း။ နှ မုစ္စတိဝေ၊ မလွတ်နိုင်သည်သာလျှင်တည်း။ တတ္ထ၊ ထို့ကြောင့်။ ပရိယာယနှော၊ အကျုံးဝင်ကုန်သော။ သမ္ဗေ၊ အလုံးစုံကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ ခန္ဓာငါးပါးဟူသော အတ္တဘောကို။ နိက္ခိပိဿန္တိဝေ၊ မုချကောင်းစွာပင် စွန့်ပစ်ကြရကုန်လတ္တံ့သည်သာတည်း။

သိကြားမင်းသည် အောက်ပါဂါထာကို ရွတ်ဆိုပါသည်—

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ သင်္ခရိုက် သင်္ခမဲ့ကြွင်းမဲ့ဥဿုံအလုံးစုံကုန်သော သင်္ခါရတို့သည်။ အနိစ္စာဝတ၊ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တေသံ၊ ထိုဖြစ်ခြင်းပျက်ခြင်းသဘောတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်။ သုခေါ။ ချမ်းသာ၏။

မြတ်စွာဘုရား အဖြစ်တော်စဉ်နှင့် ဗုဒ္ဓဝင်အကျဉ်းချုပ်

(၁) မြတ်စွာဘုရားအလောင်းတော် နတ်သားသည် တုသိတာ နတ်ပြည်မှ စုတေကာ သက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့မှာ မယ်တော်မာယာဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်ခဲ့နေတော်မူပါသည်။

(၂) မယ်တော် မာယာသည် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ အသွား လမ်းခရီးအကြား နေပါလီပြည် လုမ္ဗိနီအင်ကြင်း ဥယျာဉ်၌ သက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။

(၂) မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သက်တော် ၁၆-နှစ်အရွယ်တွင် မောင်နှမ ငမ်းကဲ့ဖြစ်သည့် ယဒေသာဓရာ မင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်ဇတ်မူ၍ တဆယ့်သုံးနှစ်ပတ်လုံး ရှင်ပြုမြိန်မြိန် ထီးနန်းစည်းစိမ်ကို ခံစားတော်မူစဉ် သူအို သူနာ သူသေ ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးကို ထင်မြင်တော်မူ၍ သက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့် တနင်းလာနေ့မှာ မြို့ဝင်ခွင်တော်သို့ ထွက်တော်မူပါသည်။

(၄) ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် ဥရုဝေဋ္ဌတော အရပ်၌ ခြောက်နှစ်ပတ်လုံး ကျင့်သုံးအပ်သော ဒုက္ကရဓရိယာကို လွန်စွာသော ဝီရိယဖြင့် အဓိကကျင့်တော်မူရာ သက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ ချမ်းမြေ့ကြည်ဖြူစွာ ဘုရားဖြစ်ဇတ်မူပါသည်။

(၅) ဘုရားဖြစ်တော်မူ၍ သတ္တဋ္ဌာနများ၌ ၄၉-ရက် သိတင်းသုံးတော်မူပြီး အဇပါလညောင်ပင်မှာ ခုနစ်ရက်ပတ်လုံး သိတင်းသုံးဇတ်မူကာ ခြေလျင်ကြွတော်မူလာ၍ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးဝယ် ပဉ္စဝဂ္ဂိဝါးဦးကို အမှူးထား၍ နတ်ဗြဟ္မာအပေါင်းတို့အား သက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့မှာ ဓမ္မစက္ကာတရား ဟောကြားဇတ်မူပါသည်။

(၆) လေးဆယ့်ငါးဝါကာလကြာအောင် ဒေသနာအမြောက်ဆေးကို တိုက်ကျွေးတော်မူပြီး၍ ကုသိန္နာရုံ မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တော် အတွင်း ခင်းထားသည့် ညောင်စောင်းတော်၌ ဖမြာက်သို့ ဦးခေါင်းပြုတော်မူကာ သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့မှာ မဟာပရိနိဗ္ဗာန်ဝင်စံတော်မူပါသည်။

(၇) ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ၁၃-ရက်မြောက်တွင် မလ္လာမင်းများ မကိုင်္ဋသရဖူဆောင်းရာဖြစ်သည့် မကုဋဗန္ဓနတောင်၌ သက္ကရာဇ် ၁၄၈-ခုကဆုန်လဆုတ် ၁၂-ရက် တနင်္ဂနွေနေ့မှာ အလောင်းကို ဘယ်သူမျှ မရှိ့မမြို့က်ရပဲ အလိုအလျောက် မီးထ၍တောက်ကာ တေဇောဓာတ် လောင်တော်မူပါသည်။

ရှိခိုးပူဇော်ခြင်း

၁၃၁၂-ခုနှစ် ပထမဝါဆိုလဆုတ် ၃-ရက်နေ့ ၁-နာရီ အချိန်၌ ကုဿိန္နာရုံမြို့မာကျောင်းမှ ဟိန္ဒူဘရာမင်း ဦးပဉ္စင်း ဦးအစ္စုတနန္ဒနှင့်အတူသွား၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည့်နေရာ လျှောင်းတော်မူကိုယ်စားတော်ကြီးအား ရှိခိုးပူဇော်လေရာ မြတ်စွာဘုရား ဂုဏ်တော် ကျေးဇူးတော် အဖြစ်တော်များ စိတ်ထဲဉာဏ်ထဲ၌ ထင်ယောင်ကာ ကိုယ်နှုတ်နှလုံးသုံးပါးလုံးမှာ ရွှင်ပြုံးသွက်လက်နိုင်ခြင်း အလျှင်းမရှိတော့ပဲ ပျော့ခွေနွမ်းလျော့ကာ အားထားချစ်ခင်လှသည့် ငမ်းဖခင် သေဆုံးရာမှာ မသာပဲနှင့် တွေ့နေရသလို အလွန်တရာ ငမ်းနည်းကြကွဲလှသဖြင့် မျက်ရည်မကျ ငိုသံမပါရအောင် အင်မတန်ကြီး ထိုးစား၍ သတိထားကာ ရှိခိုးပူဇော်ပါသည်။

ဂုဏ်းနောက် ဓာတ်တော်ဝေရာ စေတီတော်မှာ ရှိခိုးပူဇော်ပါသည်။ ဂုဏ်းမှ ဆက်လက်၍ အရှေတောင် တမိုင်ခန့် ဝေးကွာသည့် မြတ်စွာဘုရား အလောင်းတော် တေဇောဓာတ် လောင်တော်မူရာ မကုဋဗန္ဓန တောင်ဘို့သွားကာ ရှိခိုးပူဇော်ပါသည်။ ဂုဏ်းမှ မြတ်စွာဘုရား ရေချိုးတော်မူရာ ရေခတက်ပင်များ ပေါက်ရောက်သည့် ကကုဓမြစ်ကို သွားရောက် ဖူးမြော်ပူဇော်ပါသည်။ဂုဏ်းမှ အရှင်အနုရုဒ္ဓါ သီတင်းသုံးဟော်မူသည့်နေရာ အနုရုဒ္ဓဝန်ရွာထဲမှ ဖြတ်သန်းပြီး ပြန်လာကာ မြတ်စွာဘုရား နောက်ဆုံး တရားဟောတော်မူသည့် (ပစ္ဆိမဗုဒ္ဓဝစန) နေရာမှာ မြတ်စွာဘုရား ဂုဏ်တော် ကျေးဇူးတော် အဖြစ်တော်များကို စိတ်ထဲ ဉာဏ်ထဲ မျက်စိထဲ၌ ရှောင်လွဲပယ်ရှား၍ မရအောင် ထင်ယောင်မြင်ဟောင်ကာ အလွန်တရာ ဝမ်းနည်း လွမ်းဆွတ်ကြကွဲလှစွာနှင့် ရှိခိုးပြီးလျှင် ဤနေရာမှာ မြတ်စွာဘုရားသခင် နောက်ဆုံးဟောတော်မူသည့် "ဟန္ဒ ဒါနိ ဘိက္ခဝေ" စသော ဒေသနာတော်နှင့် အခေါက်ခေါက် အခါခါ နာရီဝက်ခန့် ပူဇော်ပါသည်။

ဤသို့ ရှိခိုးပူဇော်ပြီးလျှင် ည ၆-နာရီအချိန်မှာ ကုဿိန္နာရုံစေတီတော်နှင့် လျှောင်းတော်မူ ကိုယ်တော်ကြီးကို မြတ်စွာဘုရား ဂုဏ်တော်များနှင့် "အနေကဂုဏော သံသာရံ၊ ယဒါဟဝေ" စသော ပထမ မြတ်စွာဘုရားတရား တော် "ဟန္ဒ ဒါနိ" စသော နောက်ဆုံး မြတ်စွာဘုရားတရားတော် "ဓမ္မစက္ကပဝတ္တနသုတ်" အစရှိသော အလယ် မြတ်စွာဘုရား တရားတော်များနှင့် ရှိခိုးပူဇော်ပါသည်။

၁၃၁၂-ခုနှစ်၊ ပထမဝါဆိုလဆုတ် ၃-ရက်နေ့ ညမှာ ကုဿိန္နာရုံဆရာတော်ကြီး ဦးစန္ဒိမဖို၏ ကျောင်းတိုက်မှာအိပ်၍ ၎င်းလဆုတ် ၄-ရက် နံနက် ၈-နာရီအချိန်မှာ မလွာမင်းတို့၏ အင်ကြင်း ဥယျာဉ်အတွင်းရှိ ကျောင်းတော်

ရာများ၊ ရေတွင်းဟောင်းများ လှည့်လည် ကြည့်ရှုပြီးလျှင် ကုဿိန္နာရုံစေတီတော်နှင့် လျောင်းတော်မူ ရုပ်ပွားတော်ကြီးမှာ ဖနောက်ဆုံး နှုတ်ဆက်သည့် အနေဖြင့် လှမ်းဆွဲတော်ကြွကဲ့ ဝမ်းနည်းလှစွာနှင့် ရှိခိုး ပူဇော်ပြီးလျှင် ဤကုသိုလ်အဖို့ကို အားလုံးသော ဝေနေယျတို့အား ကိုယ်နှင့်အတူ ရကြပါစေဟု အထူးဝေငှပါသည်။

ကုဿိန္နာရုံ ပြည့်စုံပါပြီ

ဖျားပါပြီ

ပထမဝါဆိုလဆုတ် ၄-ရက်နေ့မှာ နေမကောင်းခြင်း စ၍ ဖြစ်လာပါတော့သည်။ အင်ကြောင်းမှာ နှစ်လနီးပါး မဖန်မနား သွားလာ ရှက်ဆောင်ရခြင်းတို့ကြောင့် ပင်ပန်းခြင်း၊ ဤရိယာပုထ် မမျှတခြင်း၊ အစာအာဟာရ မမှန်ကန်ခြင်း၊ မမျှတခြင်း၊ နေပူကဲ့ကဲ့၌ ရထဲဖြတ်၍ သွားရခြင်း၊ ခေါင်းရိတ်ခြင်း၊ ရေချိုးခြင်း၊ သကြားနှင့် မာလကာသီးစားမိခြင်းစသော အကုသိုလ်ကံများကို ပြုမှားခဲ့ခြင်းတို့နှင့် ခန္ဓာငါးပါး ဖြစ်ပွား တည်ရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထိုသို့ နေထိုင်မကောင်းလှသော်ထည်း သွားရောက် ဖူးမြော်လိုသော ဌာနများကား မြတ်စွာဘုရား ဗွဲးမြင်တော်မူရာ နေပါလီပြည် လုမ်မိုနိဉယျာဉ်နှင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်များ ကျန်ရှိနေသေးလျာ လုမ်မိုနီမှာ မြစ်ရေကြီးနေသဖြင့် သွား၍ မဖြစ်သည့်အတွက် မသွားတော့ပဲ ဇေတဝန်ကျောင်းတော်သို့ သွားရန် ရည်သန်ပါတော့သည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်

၁၃၁၂-ခုနှစ် ပထမဝါဆိုလဆုတ် ၄-ရက် ညနေ ၃-နာရီ အချိန်တွင် ကုဿိန္နာရုံဆရာတော်ကြီး ဦးစန္ဒြမဏိအား ဆုမ်းစရိတ်ငွေ ၂၀-ကျပ်နှင့် ကန်တော့ပြီး ဟိန္ဒူဘရာမင်း ဦးပဉ္စင်း ဦးအစ္စုပာနန္ဒအား ငွေ ၅-ကျပ် ပူဇော်ခဲ့၍ ၎င်းကျောင်းတိုက်မှ မိုတိုကားနှင့် ထွက်လာခဲ့လျာ ၎င်းည ၇-နာရီ အချိန်တွင် ၃၅-မိုင်ဝေးကွာသည့် ဂေါရက္ခပူမြို့ ဘူတာရုံကြီးသို့ ဆိုက်ရောက်လာသည်။ ၎င်းဘူတာကြီးမှ ည ၁၀-နာရီအချိန် (၁၁၃) မိုင်ဝေးကွာသည့် ဘလန်ပူမြို့ဘူတာရုံကြီးသို့ ဆိုက်ရောက်ပါသည်။ ၎င်းဘူတာရုံကြီးမှ မြင်းရထားငှား၍ တမိုင်ခန့်သာဝေးကွာသည့် ဘလန်ပူမြို့ မြန်မာကျောင်းဆရာတော် ဦးအာစရထံသို့ သွားပါသည်။

၎င်းဆရာတော်သည် ဒုတိယကမ္ဘာစစ်မဖြစ်မီက ကလောမြို့ဆရာတော်၏ သိမ်တောင်ကျောင်းတိုက်သို့ ကြွရောက်ဖူးသဖြင့် သိကျမ်းပြီးဖြစ်၍ မျှော်လင့်

အားထားကာ သွားလေရာ ဆရာတော် ဦးအာစရသည် ကာလကတ္တားသို့ ကြွသွားခိုက်နှင့် တိုက်ဆိုင်နေသဖြင့် မတွေ့ရသောကြောင့် မြို့ထဲသို့ လှည့်လည်ကာ ဆွမ်း ပူရိန့်ဝံ့ စားစရာများကို ရှာဖွေပါသော်လည်း ဘာတခုမျှမရပါ။ နေထိုင်၍ မကောင်းသည့်အထဲ ကုန်းကြောင်းလျှောက်ရသဖြင့် အတော်နွမ်းရိပင်ပန်းကာ မရှင်လန်းဆိုင်တော့ပါ။ ဟော်တယ်တခုတွေ့ရသဖြင့် ဝင်သွားပြီး စားစရာများ ရနိုင်မည်လားဟု မေးမြန်းလေရာ အခုအရက်များရနိုင်ပါဘူးယ်၊သောက်မည်လား၊ စားစရာများတော့ ၁၁-နာရီမှ ရနိုင်ပါမည်ဟု ပြောသဖြင့် မစောင့်နိုင်တော့ပဲ စိတ်ပျက်ပျက်နှင့်ထွက်လာပြီး မြင်းရထားငှားပြီး ထွက်ခဲ့လေရာ လမ်းဘေးမှာ ဗရဲသီးတွေ့ရသဖြင့် မြင်းရထားရပ်ကာဖရဲသီးကြီးတလုံးဝယ်ခဲ့ပါသည်။

မိုးရွာတာသဖြင့် လမ်းမှာ ရွံ့ထွက်တွေများလှ၍ မြင်းမသွားနိုင်သောကြောင့် အောက်မှဆင်းကာ မြင်းကိုဆွဲသွားရသည်က များပါသည်။ ထိုသို့ခဲယဉ်းဆင်းရဲစွာနှင့် လာခဲ့ရာ ၁၀ မိုင်ခန့်ခရီးကွာသည့် ဇေတဝန်ကျောင်းတော်၏ အနီး ဒေါ်ဒွေးစရပ်ကြီးသို့ ၁၁-နာရီအချိန်မှာ ဆိုက်ရောက်ပါသည်။ ဒေါ်ဒွေး၏စရပ်ကြီးမှာလည်း မည်သူမျှမရှိ၊ တံခါးများသော့နှင့်ပိတ်ပြီး တိတ်ဆိတ်လျက်ရှိပါသည်။နံက်အခါကလည်းဘာမျှမစားခဲ့ရသည့်အလဲ ခရီးဝေးကလည်း လာခဲ့ရပြန်၊ နေမကောင်းသည့် အခံကလည်းရှိနေသဖြင့် နွမ်းပိန်းခွေ မလှုပ်ချင်အောင်ဖြစ်နေပါတော့သည်။သို့ပါသော်လည်း နေမှန်းတည့်ရုံး အချိန်ကလည်း နီးလှပြီဖြစ်၍ အနီးအပါး၌ စားစရာများ ရလိုရငြား လှည့်လည်ရှာဖွေလေရာ ဘာတခုမျှ မရသည်သာမက နေထိုင်စရာ နေရာကလည်းမရှိသာဖြင့် အခက်ကြုံပြီး သစ်ပင်ကြီးအောက်မှာ မှိုင်တွေကာ နေကြရပါပေ့သည်။

ထိုသို့နေလေရာ မျာစ္စာမကြာမီ ကုလားကလေး သုံးလေးယောက် ဆရာတော်များထံသို့လာရောက်ပြီး "ဘာဘာကြီး ဟိုတာ ဘာဘာကြီး ဟိုဟာ= ဘုန်းကြီးရှိတယ်-ဘုန်းကြီးရှိတယ်" နှင့်လာပြောသဖြင့် "ကိဒရိမေဟိုတာ =ဘယ်မှာရှိတုန်း" ဟု ပြန်မေးသောအခါလက်ညှိုးညွှန်ကာ "ဥဒရိမေဟိုတာ=ဟိုနားရှိတယ်" ဟု ပြောကြားသဖြင့် ဝမ်းသာအားရနှင့် "အာချား အာချား မုက်ချား အာဘိဂျာယဂါး=ကောင်းတယ် ကောင်းတယ် သိပ်ကောင်းတယ် အခွသွားမယ်" ဟု ပြောကာ ကုလားကလေးများနှင့် လယ်ကွင်းများကို ဖြတ်သန်းကာ သွားလေရာ တဖာလုံသာသာ ရှိသောအခါ အိန္ဒိယဖြည် ဘဟာရချ် ဒိစတြိတ် ဂူကောနစာတိုက်၊ စဟိတကုဋီ ဆရာတော် ဦးမဟိန္ဒ၏ မြန်မာကျောင်းသို့ ရောက်ပါတော့သည်။ အိန္ဒိယ ကုလားများသည် ဘုန်းတော်ကြီးများကို ဘာဘာကြီးဟု ခေါ်လေ့ရှိသည်။

ဆရာတော် ဦးမဟိန္ဒသည် ဘလန်ပူဆရာတော် ဦးအာစရနှင့်အတူ ကလောမြို့ဆရာတော်၏ သိမ်တောင်ကျောင်းတိုက်သို့ ကြွလာဖူးသောကြောင့်

သိက္ခမ်းပြီး ဖြစ်၍ စိတ်အားထက်သန်ကာ ဝမ်းမြောက် ဝမ်းသာနှင့် သွားလေရာ ဂုဏ်း၏ ကျောင်းသို့ ရောက်သည့်အခါ ဆရာတော် ဦးမဟိန္ဒ မရှိသည့် အခိုက်နှင့် ကြုံကြိုက်နေသဖြင့် "ခဲလေသမျှ သဲရေကျ" ဆိုသလို အလိုဆန္ဒ မပြည့်ဝသောကြောင့် ကိုယ်ရော စိတ်ပါ နှမ်းယိုင် ဒွဲ့ဒျော့ အားလျော့ကာ ဒေါ်ထွေး စရပ်ဝင်းအတွင်း သစ်ပင်ရင်းမှာ နေရသည့်အခြေသို့ ရောက် နေရပြန်ပါတော့သည်။

သို့သော်လည်း နေရာထိုင်ခင်းများ ကျောင်းတံခါးဖွင့်လျက် အသင့် ရှိနေသည့်အပြင် ဆရာတော် ဦးမဟိန္ဒ၏ ကပ်ယ ဟိန္ဒူကုလားမကြီးကို တွေ့ ရသဖြင့် ဝမ်းမြောက်ဝမ်းသာ အားတက်လာပြီး ဆရာတော် ဦးမဟိန္ဒ ဘယ် သွားတုန်း တကာမကြီးဟု မေးမြန်းလေရာ နကမ္မတိ=မတုန်မလှုပ် ဘာမျှလဲ ပြန်မပြော တုဏှီဘာဝေ ဆိတ်ဆိတ်သာနေလျက် ငြိမ်ချက်သားကောင်းနေ သဖြင့် ခက်များဘဲ ခက်ရချေသေးရဲ့နော်ဟု စိတ်ရော ခွဲ့ရာ တင်းရော ဆို သလို အကုန်လုံးပျက်ပြီး ဆက်လက်၍ တတ်သမျှ မှတ်သမျှ ကုလားစကား နှင့် "ခါလာ၊ ဘာဘာကြီး ဦးမဟိန္ဒ ကိဒရိကို အာဘိဂျာတာ=အဒေါ် ဘုန်း ကြီး ဦးမဟိန္ဒ အခု ဘယ်သွားတုန်း" ဟု ဒီလိုပြောတော့မှ "ဟင်—ဘာဘာကို ဂျန္ဒာဟဲ့=ဘုန်းကြီးကို သိလား" ဟု စကားကလေးပြန်ပြောဘော်ရ၍ ဝမ်း သာအားရနှင့် "ဂျန္ဒာ ဗဟုတ် ဂျန္ဒာဗရား ဂျန္ဒာ ဟံမာရိဘာဘာကြီး ဦးမ ဟိန္ဒဆေး ဗဟုတ်ဒယား လဂ္ဂတာ=သိတယ် သိပ်သိတယ် ကျုပ်ဘုန်းကြီး ဦးမ ဟိန္ဒ သိပ်ခင်ပါတယ်" ဟု ဒီလိုပြောတော့မှ မျက်နှာများရွှင်လာပြီး နေရာ ပေးပါတော့သည်။

နောက်ထပ် ဆက်လက်ပြီး တတ်သမျှ မှတ်သမျှ ကုလားစကားနှင့် လက်ရော ခြေရော ခေါင်းရော ပါးစပ်ရောဆိုသလို ထမင်းမစားရသေး၍ ထမင်း မြန်မြန်ချက်ပေးရန် ပြောလေရာ ထမင်းတော့ဖြင့် ရနိုင်ပါတယ်၊ ဟင်းချက် စရာမရှိဟု ပြောသဖြင့် ရှိတာနဲ့ဘဲ မြန်မြန်ချက်ပေးပါ ပိုက်ဆံပေးပါမည်ဟု ပြောတော့မှ ဒေါင်းညိုတ်ကာ ထမင်းချက်ပြီး နာရီဝက်မကြာခင် ကြေးလင် ပန်းနှင့် ပဲဟင်း ဆမ်းသားသည့် ထမင်းကို ပေးလေရာ ဒန်ပေါက်ထမင်း ကြုက်သားဟင်းနှင့် စားရသည်ထက် အဆရာထောပ်မကအောင် ဝမ်းမြောက် ဝမ်းသာ စားကြရပါတော့သည်။

ဘွမ်းများ ဘုဉ်းပေးပြီး ဒေတ္တာဝဏ္ဏ အနမာအပန်းဖြေကာ နားနေ ပြီးလျှင် တနာရီအချိန်တွင် အလွန်ပူလှသည့် နေပူကဲ့ကဲ့၌ ဒူးလောက်ရှိသည့် ရေထဲမှ ငြုတ်သန်း၍ သွားလေရာ တမိုင်သာသာ ဝေးကွာသည့် ဇေတဝန် ကျောင်းတော်ပှ အရှေ့မြောက် မြို့တော်ဟောင်းကြီး အနှံး ကောသလ မင်းကြီး၏ နန်းဦးပြာသာဒ်နှင့် မလ္လိကာမိဖုရားကြီးနန်းတော်ကို ဘုရားဝတ်တို

ကြီးကဲ့သို့ အုတ်ပုံကြီးများကို တွေ့ရပါသည်။ ၎င်းတို့အပေါ်မှ တက်မျော်၍ အရှေ့အရပ်သို့ ကြည့်သော် တမိုင်ခန့် ဝေးကွာသည့်အရပ်၌ အစီရဝတီ မြစ်ကြီးကို တွေ့မြင်ရပါသည်။ ၎င်းမြစ်၏ ကမ်းနား၌ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော် တည်ရှိလေရာ မြစ်ရေစားသဖြင့် ရေထဲ ပါသွား သောကြောင့် ၎င်းကျောင်းတော်နေရာပင် မရှိတော့ပါ။

၎င်းမှ ကြည့်ရှုဖူးမြော်ပြီးလျှင် ဆရာတော် ဦးမဟိန္ဒ၏ မြန်မာကျောင်းသို့ ပြန်လာကာ ဟိန္ဒူကပ္ပိယ ဒါယိကာမကြီးအား ဘာဘာကြီး ဦးမဟိန္ဒ က ဝါစတေး ဒတ်ရူးပြားခါလာကားဝစတေး ပန်ချိရူပြား ဘရာ ချတ်ကရားက ဝါစကေး တင်းရူးပြားဒိုးထိုး ချတ်ကရား ကဝစတေး ဒိုးရူပြား” ဟူ၍ ပြောကြားကာ ၎င် ၂၀-ကျပ် ပေးထားခဲ့ပြီးလျှင် ကျောင်းတွင် ထားခဲ့သည့် နှစ်ထပ် သက်ံုးကြီးစသော ပစ္စည်းပစ္စား ပူလာကာ ဇေတဝန်ကျောင်းတော်သို့ သွားလေရာ တရုတ်ဗုဒ္ဓဘာသာ ဓမ္မစာလာသို့ ဝင်၍ မြတ်စွာဘုရား ရုပ်ပွားတော်ကို ရှိခိုးပူဇော်ပါသည်။

၎င်း၏ အနောက်ဘက် နီးကပ်လျက် ဇေတဝန်ကျောင်းတော် တည်ရှိပါသည်။ ဇေတဝန်ကျောင်းတော် အရာမ်ထဲ၌ (၁) ဇေတဝန် ကျောင်းတော်၊ (၂) ဂန္ဓကုဋီ၊ (၃) သလာကာကုဋီ၊ (၄) ကောသမ္ဗကကုဋီ၊ (၅) ကရေရိကုဋီ၊ (၆) ပဒုမစာရိကျောင်း၊ (၇) အဂ်ုလိမာလ အရိုးအိုး၊ (၈) စင်္ကြန်ရေတွင်း၊ စေတီတော်စသော ရှေးဟောင်းနေရာ များစွာရှိပါသည်။

(၉) ဇေတဝန်ကျောင်း တောင်ဘက်တံခါးအနီးမှာ မြတ်စွာဘုရား ရှိတော်မူစဉ်က အရှင်အာနန္ဒာ စိုက်ပျိုး ပူဇော်ထားသည့် အာနန္ဒာ ဗောဓိပင် ရှိပါသည်။

(၁၀) ဇေတဝန်ကျောင်းတော်၏ အရှေ့တောင် တမိုင်ခန့် ကွာသည့် အရပ် ကားလမ်း၏ ဘေးမှာ တိတ္ထိတို့ကို နှိမ်နင်းတော်မူခြင်းငှာ မြတ်စွာဘုရား ရေမီးအစုံသော တန်ခိုး ပြာဋိဟာကို ပြတော်မူရာ သရက်ပင် စေတီတော် ရှိပါသည်။

(၁၁) ဇေတဝန်ကျောင်းတော်နှင့်သရက်ပင် စေတီတော်၏ အကြား ကားလမ်းအနီးမှာ ဒေဝဒတ်နှင့် စိဉ္စာမာန မြေမျိုသည့် နေရာများရှိပါသည်။

အနာထပိဏ်သူဌေးကြီးနှင့် ဇေတဝန်ကျောင်း

သာဝတ္ထိပြည့် အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား သီတင်းသုံးမူရန် ကျောင်းတော် ဆောက်လုပ်ရန် အတွက် နေရာရှာလေရာ သာဝတ္ထိမြို့တော်၏ အနောက်ဘောင် တကောသ ဝေးကွာသည့်အရပ်၌ ဇေတမင်းသား

စိုက်ပျိုးထားသည့် ဇေတဝန်ဥယျာဉ်ကို တွေ့မြင်ရလေလျှင် ဤဥယျာဉ် နေရာသည် မြတ်စွာဘုရား မွေ့လျော်ပေလိမ့်မည်ဟု ယုံကြည်သဖြင့် ဇေတမင်းသား ထံသို့သွား၍ အရှင်မင်းသား၊ဤဥယျာဉ်နေရာ၌ မြတ်စွာဘုရားသီတင်းသုံးတော်မူရန် ကျောင်းဆောက်လိုပါသည်၊ အကျွန်ုပ်အား ရောင်းပါဟု ပြောလေရာ ဇေတမင်းသားက အဖိုးမည်မျှပေးမည်နည်းဟု မေးမြန်းသဖြင့် တန်ဖိုးကို သိကျွမ်းနားလည်သည့် အမတ်တယောက်ကိုခေါ်၍ အဖိုးဖြတ်ခစသည်။အမတ်က ဤဥယျာဉ်နှင့် ပဋိအပြည့်ခင်း တန်ပါသည်ဟု ပြောသဖြင့် ထိုအမတ် ပြောသည့်အတိုင်း ငွေများကို လှည်းနှင့် တိုက်စေ၍ မြေပြင် အပြည့် ခင်းလေရာ တဆယ့်ရှစ်မင်းပယ် ကျယ်သော မြေ၌ ငွေအသပြာ တဆယ့်ရှစ်ကုဋေ ဝင်ပါသည်။ ထိုမျှပင် ပေးပါမည်ဟု အနာထပိဏ်သူဌေးကြီးက ဆိုလေလျှင် ဇေတမင်းသားသည် ငွေများကို သိမ်းယူ၍ ဤဥယျာဉ်ကို အလိုရှိကိုင်း ပြုပါတော့ဟု ခွင့်ပြုပါသည်။

ထိုအခါမှစ၍ အနာထပိဏ်သူဌေးကြီးသည် များစွာသော အမှုလုပ်လက်သမား များကို ငှား၍ သစ်၊ ကျောက်၊ အုတ်၊ အင်္ဂတေတို့ကို စုပုံပြီး ငွေအသပြာ တဆယ့်ရှစ်ကုဋေ့ အကုန်ခံကာ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပါသည်။ ဤ ဇေတဝန် ကျောင်းတော်ကြီးသည် သုံးဆင့်တိုက် ကျောင်းကြီးဖြစ်၍ တဆင့်ကဆင့်၌ သံဃာတထောင်ခန့် သီတင်းသုံးနေတော်မူနိုင်ပါသည်။ ဂန္ဓကုဋီ သလာကကုဋီ ကောသမ္ဗကကုဋီ ကရေရိကုဋီ ဟူသော အဆောင်ကြီးလေးခုတို့ဖြင့် ခြံရံပါသည်။ ပြာသာဒ်၊ စင်္ကြံ၊ မဏ္ဍပ်၊ စရပ်၊ ဂူလိုဏ်တို့ဖြင့် မြိုင်မြိုင်ကြီး ဆောက်လုပ်ထားလေရာ သိကြားမင်း စံရာ ဝေဇယန္တာ ပြာသာဒ်ကဲ့သို့ ထူးမြတ်ဆန်းကြယ် အံ့သြဖွယ် ကောင်းလှပါသည်။ လက်သမား တထောင်တို့သည် ကိုးလဆောက်မှ ပြီးမြောက်ပါသည်။

ကျောင်းတော်ကြီး ပြီးသည့်အခါ အနာထပိဏ် သူဌေးကြီးသည် သူကြွယ်တယောက်အား ယောကျ်ား အခြံအရံများနှင့် ရာဇဂြိုဟ်ပြည် ဝဋ္ဌဝန် ကျောင်းတော် မြတ်စွာဘုရားထံသို့ စေလွှတ်၍ ပင့်လေရာ မြတ်စွာဘုရားသည် ပရိသတ်ခေါ်ပါး ခြံရံကာ ကြွတော်မူလာ၍ သာဝတ္ထိမြို့အနီးသို့ ရောက်သည့် အခါ အနာထပိဏ်သူဌေးကြီးက သူ၏သား မဟာကာလအား ဝတ်စားတန်ဆာ ကောင်းစွာ ဝတ်ဆင်စေ၍ အရှယ်တူ သူငယ်သား ငါးရာနှင့် ပဉ္စရုပတံခွန် များကို ကိုင်စေလျက် ထွက်ကြိုစေပါသည်။ တို့နောက်မှ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒဟူသော သမီးနှစ်ယောက်ကို တယောက်လျှင် သူငယ်သမီး ငါးရာ ခြံရံစေလျက် ရွှေပြူတာ ငွေပြူတာများကို ရွက်စေ၍ လက်မှ ပန်းပေါက်ပေါက် တို့ကို ကြဲပြာက်စေကာ ထွက်ကြိုစေပါသည်။ ထိုနောက်မှ သီရိသုမနမည်သော သူဌေးကတော်ကို ရှယ်တူသူဌေးကတော် ငါးရာခြံရံ၍ ရေပြည့်အိုး ရေဖလားများကို ရွက်စေလျက် ထွက်ကြိုစေပါသည်။ ထိုနောက်မှ အနာထပိဏ်

သူဌေးကြီးသည် မိတ်ဆွေသူဌေးငါးရာ ခြံရံကာ အစမကြေသော ပုဆိုးများ ကို ဝတ်ကြကုန်၍ ပန်းနံသာ အဖျော်ယမကာလက်စွဲကြကုန်လျက် ထွက်ကြို ပါသည်။

မြတ်စွာဘုရားသည် များလှစွာသော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာယောကျ်ား၊ဒါယိကာမိန်းမဟူသော ပရိသတ်ကြီးခြံရံကာ ရတနာဂူမှ ထွက်သော ခြင်္သေ့မင်းကဲ့သို့ဂုဏ်း၊ ညချမ်းသောအခါတိမ်နီ တိမ်ဝါအရောင်တို့ ဖြင့် တောက်လောင်၍နေသောဇွန်နီလာတောင်မင်းကဲ့သို့ဂုဏ်း၊ တောက်ပြောင် ထွန်းလင်းသော ရောင်ခြည်တော်တို့ဖြင့် ဘုရားအာသရေကို ဆောင်းလျက် ဇေတဝန်ကျောင်းထက်သို့ တက်ကြွတော်မူပါသည်။ မြတ်စွာဘုရား ဇေတဝန် ကျောင်းတော်သို့ ရောက်တော်မူ၍ နှစ်ရက်မြောက်သောအခါ အနာထပိဏ် သူဌေးကြီးသည် သံဃာတော်ဗျားနှင့်တကွ ပါလာသမျှသော ပရိသတ်တို့အား ထူးမြတ်သော ဆွမ်းခံဘယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ ဘုရားသခင်အား ဤ ကျောင်းတော်ကြီးကို မည်သို့အို၍ လှူဒါန်းရပါ မည်နည်းဟု လျှောက်ထား သဖြင့် ဘုရားသခင်က ဤသို့သင်ကာ မြတ်စွာဘုရား လက်ထက်တော်၌ ရေစက်သွန်းချ လှူဒါန်းပါသည်။

ဤမံ ဇေတဝနံ ဝိဟာရံ အာဂတာနာဂတသဗ္ဗစတုဒ္ဒိသသံဃဿ ဒေမ။ ပမုခဿ ဘိက္ခုသံဃဿ ဒေမ။

မဟာကာရုဏိကာ၊ ကြီးမြတ်သော ကရုဏာ၏ တည်ရာ ဖြစ် တော်မူသော မြတ်စွာဘုရား။ ဤမံ ဇေတဝနံ ဝိဟာရံ၊ ဤဇေတဝန် ကျောင်းတော်ကို။ ဗုဒ္ဓပမုခဿ၊ဘုရားအမှူးရှိသော။ အာဂတာနာဂတ-တဿ၊ ရောက်ဆဲ ရောက်လတ္တံ့ ဖြစ်သော။ စတုဒ္ဒိသဿ၊ အရပ်လေးမျက် နှာ၌ တည်သော။ ဘိက္ခုသံဃဿ၊ ရဟန်းတော်အာ ။ ဒေမ၊ လှူဒါန်း ပါကုန်၏။

ဤသို့ လှူဒါန်းပြီး အနာထပိဏ်သူဌေးကြီးသည် ရဟန်း ရှင် လူ ပြည်သူ အပျော်း ကျီးငှက်ပါးဝိုက်တိုင်း အာဏာပြန့်ပြဉ် ကာယ်ရှစ်ကုဋေကို စွန့်ကြဲလှူဒါန်း ကာ အလွန်ကြီးမားစည်ကားလှုခဲသော ကျောင်းပူဇော်ပဲ့ကြီးကို ဆင်နွှဲကျင်းပ လေရာ ကိုးလတိုင်မှ ပြီးဆုံးပါသည်။

အဝိဇဟိတ ဌာန

ဤဇေတဝန်ကျောင်းတော်နေရာ၌—

(၁) ပဝေဏီမြတ်စွာဘုရား ၂ပွင့်တော်မူသောအခါ သုစိတ္တ သူဌေးကြီး ရွှေအုတ်တို့ဖြင့် အပြည့်းခင်းဝယ်၍ တယူဇနာကျယ်သည့် ကျောင်း ဟိုက်ကြီး ပြုလုပ်လှူဒါန်းပါသည်။

(၂) သီခီမြတ်စွာဘုရား ပဉ္စင်္တော်မူသောအခါ သီရိဝစ္ဆုန သူဋ္ဌေးကြီး သည် ရွှေပန်းခက်တိုဖြင့် အပြည့်ခင်းဝယ်၌ သုံးဂါဝုတ်ကျယ်သည့် ကျောင်းတိုက်ကြီး ပြုလုပ်ကာ လှူဒါန်းပါသည်။

(၃) ကကုသန်မြတ်စွာဘုရား ပဉ္စင်္တော်မူသောအခါ အစ္စုတသူဋ္ဌေးကြီး သည် ရွှေအုတ်တိုဖြင့် အပြည့်ခင်းဝယ်၌ တဂါဝုတ် ကျယ်သော ကျောင်းတိုက်ကြီး ပြုလုပ်ကာ လှူဒါန်းပါသည်။

(၄) ကောဏာဂုမ်မြတ်စွာဘုရား ပဉ္စင်္တော်မူသောအခါ ဥဂ္ဂသူဋ္ဌေးကြီး သည် ရွှေလိပ်တိုဖြင့် အပြည့်ခင်း ဝယ်၍ နှစ်ဂါဝုတ် ကျယ်သည့် ကျောင်းတိုက်ကြီးပြုလုပ်ကာ လှူဒါန်းပါသည်။

(၅) ကဿပမြတ်စွာဘုရား ပဉ္စင်္တော်မူသောအခါ မင်္ဂလ သူဋ္ဌေးကြီး သည် ရွှေထွန်တုံးတိုဖြင့် အပြည့်ခင်း ဝယ်၍ တဆယ့်ခြောက်ပယ် ကျယ်သည့် ကျောင်းတိုက်ကြီး ပြုလုပ် လှူဒါန်းပါသည်။

(၆) ငါတို့၏ ဂေါတမ မြတ်စွာဘုရား ပဉ္စင်္တော်မူတော်မူသောအခါ ကိုးကွယ်ရာမရှိ ဆင်းရဲသည့်သူမျှားအား စားရန် ထမင်းပေးတတ် ခြင်းကြောင့် အနာထပိဏ် မည်သော သူဋ္ဌေးကြီးသည် တဆယ့်ရှစ်ကုဋေသော ငွေအသပြာကို အပြည့်ခင်းဝယ်၍ တဆယ့်ရှစ်မင်းပယ်ကျယ်သည့် ဇေတဝန်ကျောင်းတိုက်ကြီး ပြုလုပ်ကာ လှူဒါန်းပါသည်။ ထို့ကြောင့် ဤ ဇေတဝန်ကျောင်းတော်ကြီး နေရာသည် ဘုရားတိုင်း သီတင်း သုံးတော်မူသည့် အဝိဇဟိတဌာနမြတ် နေရာထူးကြီး ဖြစ်ပါသည်။

မြတ်စွာဘုရား ဝါဆိုစဉ်

မြတ်စွာဘုရားသည် သက္ကရာဇ် ၁၀၃-ခုနှစ် ၈-ဆုန်လပြည့်နေ့ ပစ္ဆိမယံ လင်းခါနီးအချိန်တွင် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားဖြစ်တော်မူသည့် နေ့မှစ၍ သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်နေ့ ပစ္ဆိမယံ လင်းခါနီး အချိန်တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည့် တိုင်အောင် မျှားလှစွာသော ဝေနေယျ သတ္တဝါ အပေါင်းတို့အား ကောင်းမြတ် မှန်ကန်သော တရားတော် ဓမ္မဒန်ကို ထက်သန်သော မဟာ ကရုဏာဖြင့် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောဖော်ညွှန်ပြ ဆုံးမတော် မူပါသည်။ ထို လေးဆယ့်ငါးဝါတို့မှာ အောက်အတိုင်း ဖြစ်ပါသည်—

(၁) မိဂဒါဝုန်တော ပထမ ဝါ၊

(၂-၃-၄) ဏ္ဍကိုဟ်ပြည်၌ ဒုတိယ ဝါ၊ တတိယ ဝါ၊ စတုတ္ထ ဝါ၊

(၅) ဝေသာလီပြည် မဟာဝုန်တောဠီ ပဉ္စမ ဝါ၊
(၆) မကုဋတောင်ဠီ ဆဋ္ဌမဝါ၊
(၇) တာဝတိံသာပြည်ဠီ သတ္တမဝါ၊
(၈) သံသုမာဂိရိမြို့ ပဲစင်းငုံတောဠီ အဋ္ဌမ ဝါ၊
(၉) ကောသမ္ဗီပြည်ဠီ နဝမ ဝါ၊
(၁၀) ပါလိလေယျကတောအုပ်ဠီ ဒသမ ဝါ၊
(၁၁) နာဠမည်သော ပုဏ္ဏားရွာဠီ ကောဒသမ ဝါ၊
(၁၂) ဝေရဉ္ဇာတိုင်းပြည်ဠီ ဒွါဒသမ ဝါ၊
(၁၃) စာလိယတောင်ဠီ တေရသမ ဝါ၊
(၁၄) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဠီ စုဒ္ဒသမ ဝါ၊
(၁၅) ကပိလဝတ်ပြည်တော်ဠီ ပဉ္စဒသမ ဝါ၊
(၁၆) အာဠဝီပြည်ဠီ သောဠသမ ဝါ၊
(၁၇) ရာဇဂြိုဟ်ပြည်ဠီ သတ္တရသမ ဝါ၊
(၁၈-၁၉) စာလိယတောင်ဠီ အဋ္ဌာရသမ ဝါ၊ ကွေနဝီသတိမ ဝါ၊
(၂၀) ရာဇပြိုဟ်ပြည်ဠီ ဝီသတိမ ဝါ၊

ဤဝါတော်နှစ်ဆယ်ကား မြတ်စွာဘုရားသည် အတည်စွဲ၍ အမြဲနေတော်မူမည်သော အနိဗဒ္ဓဝါတော်များ ဖြစ်ပါသည်။ ကြွင်းသောဝါတော် ၂၅-ဝါကား သာဝတ္ထိပြည် ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံ ကျောင်းတော်ဠီသာလျှင် အမြဲသီတင်းသုံးတော်မူသောကြောင့် နိဗဒ္ဓဝါဟု ဆိုရပါသည်။ ၎င်းနှစ်ဆယ့်ငါးဝါတို့တွင် ဇေတဝန်ကျောင်းတော်ဠီ ၂၁-ဝါမှ ၃၉-ဝါတိုင်အောင် ၁၉-ဝါပတ်လုံး သီတင်းသုံးတော်မူ၍ ပုဗ္ဗာရုံ ကျောင်းတော်ဠီ ဝါတော် လေးဆယ်မှ လေးဆယ့်ငါးဝါပိုင်အောင် ငါးဝါ သီတင်းသုံးတော်မူပြီး နောက်ဆုံး ၄၅-ဝါမြောက်မှာ ပေလုဝရွာဠီ တဝါဆိုတော်မူပါသော်လည်း ၎င်းရွာသည် သာဝတ္ထိပြည်၏ နယ်နိမိတ်အတွင်းဖြစ်၍ သာဝတ္ထိပြည်ဠီပင် ၂၅-ဝါပတ်လုံး သီတင်းသုံးတော်မူသည်ဟု ဆိုရပါသည်။

မြတ်စွာဘုရား ဝါသိုတော်စဉ်တေးထပ်များ

(က) သဃမ္ဘာ့စောနတ်၏၊ နေရာတော်ရွှေ့ရှင်၊ ပြောစမှတ် စာကို တင်မည်၊ ဝါဆိုစဉ် မှတ်သား၊ မြတ်ဓမ္မ ရွှေစကြာကို၊ မီဂဒါရှေ့ပြား။ ဒု-တ-စ ရာဇဂြိုဟ်၊ ဝါဆိုတော်မူငြား၊ တောင်စာလီမြတ်အပါးမှာတော့၊ ငါးဝါ မြောက်ဘုန်းကြွယ်၊ မကုဋ တောင်ဂိရိ၊ ခြောက်ဝါရှိ ပြုလျှင်စံပယ်၊ ထောက်ညွှာသည့် မျိုးမြတ်

နွယ်ကို၊ တိုးမှတ်ဖွယ် ညွှန်ရစ်တော့၊ ခုနှစ်နှစ် တာဝတိံသာ၊ မြေနှိုးကြွကပ်ရှာ၊ ရှစ်ဝါမြောက် စံတုကွာသည်၊ သံသုမာဂိရိပလေး။

(ခ) နဝမံ ကောသမ္မ၊ စောလျှံကြွ စွဲကိုင်၊ တောဂန္ဓ ပုလဲမြိုင်မှာ၊ မလွဲနိုင်ဆယ်ထား၊ ဗြာဟ္မဏနာဠဂရှာမှာ၊ ဝါကြွကာ ကိုးဆယ့်တစ်ငြား၊ ဝေရဉ္ဇ တိုင်းဌာနီ၊ ဒွါဒသီ မှတ်သား၊ တောင်စာလီ မြတ်အပါး မှာတော့၊ ဆယ့်သုံးထားကျမ်းညွှန်၊ စုဒ္ဒသာ ဇေတဝန်၊ ကပ္ပလ ပန္နရသီ၊ သောဋ္ဌသ အာဋဝီမှာ၊ စာအညီမှတ်စမ်းတော့၊ စံမြန်းတော့ ရာဇဂြိဟ်၊ဆယ့်ခုနှစ်ဆို၊ ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလို့မှာ၊ စာလီဆို့ တောင်ထိပ်ပလေး။

(ဂ) ရာဇဂြိုဟ်ဝါဒီသ၊ စာရီမျှ သုံးခွေ၊ ဌာနီကြွ ဘုန်းရဝေမှာ၊ ထုံးအနေမမြဲ၊ နှစ်ဆယ့်လေး ဝါကျွတ်မှိတယ်၊ သာဝတ္ထိ ပြည်ဌေပဲ၊ အန္ဓိမ နောက်ဆုံးဝါမှာ၊ ဗေလုဒ္ဓါမလွဲ၊ အာယုတော် ဇီဝိန်နဲ့ပြိုမို့၊ ရည်ချိန်မြဲ ထုံးစံ၊ ဗျည်းတာလီ ဝါအဆိုက်၊ အမတာအမြိုက် မြန်းကြွအမှန်၊သတ္တဝါတသိုက် ပက်ဇံကို၊ ယာဉ်ပျံတော်မင်္ဂနန်းနှင့်၊ တဖက်ကမ်း ပြည်ခေမာ၊ လှမ်းပို့တင်ရှာ၊ ဘုရားမြတ် ဆိုစဉ်ဝါကို၊ လိုချင်ရာ မှတ်စမ်းတော့လေး။

ရှိခိုးပူဇော်ခြင်း

၁၃၁၂-ခုနှစ် ပထမဝါဆိုလဆုတ် ၅-ရက်နေ့ ၃-နာရီအချိန် မြတ်စွာဘုရား တဆယ့်ကိုးဝါပတ်လုံး သီတင်းသုံးတော်မူသည့် (၁) ဇေတဝန်ကျောင်းတော်၊ (၂) ကရေရိကဋ္ဌိ၊ (၃) အင်္ဂလိမာလ အရိုးအိုး၊ (၄) အာနန္ဒာဗောဓိပင်၊ (၅) တန်ခိုးပြာဋိဟာ ပြတော်မူသည့် သရက်ဖြူပင် စေတီ စသည် မျှားဌ္ဌ သက်တော်ထင်ရှား မြတ်စွာဘုရားအား ထင်ယောင် မြင်ယောင်ကာ ဂုဏ်တော် ကျေးဇူးတော်မျှားကို အထူးအာရုံပြု၍ လှမ်းဆွတ် အောက်မေ့ပြီး အကြိမ်ကြိမ် အခါခါ ရှိခိုးပူဇော်ပါသည်။ ရှိခိုးပြီးလျှင် အားလုံးသောသူတို့ အား ကုသိုလ်အဖို့ကို ကိုယ်နှင့်အတူ ရကြပါစေဟု အထူးဝေဠုပါသည်။

သာဝတ္ထိပြည် ပြည့်စုံပါပြီ။

ပြင်းပြင်းထန်ထန် ဖျားပါပြီ

သာဝတ္ထိစသည်ဌ ရှိခိုးပူဇော်ပြီးလျှင် ညနေ ၄-နာရီအချိန် မြင်းရဆား နှင့် ပြန်လာရာ ၅-နာရီအချိန် ဘလန်ပူမြို့ မီးရထား ဘူတာရုံကြီးသို့ ရောက်ပါသည်။ ထိုအခါ အပြင်းအထန်ဖျားပါတော့သည်။ ၎င်းဘူတာရုံကြီးမှ ည ၁၀

နီဘရီအခြိန် မီးရထားစီးကာ ထွက်ခဲ့လေရာ ၁၁၃-မိုင် ဝေးကွာသည့် ဂေါရက္ခပူမြို့ ဘူတာရုံကြီးသို့ ဖြ-ရက်နေ့ နံနက်စောစော ဖြ-နာရီ အခြိန်ခန့်တွင် ဆိုက်ရောက်ပါသည်။ ၎င်းဂေါရက္ခပူ ဘူတာရုံကြီးမှ တဆင့် မီးရထားလက်မှတ်ယူကာ ဆက်၍ မီးရထားနှင့် ထွက်လာခဲ့သောအခါ ၁၄၅-မိုင် ဝေးကွာသည့် ဗာရာဏသီမြို့ ဘူတာရုံကြီးသို့ ညနေ ၅-နာရီအချိန်မှာ ဆိုက်ရောက်ပါ၍ မီးရထားမှ ဆင်းသက်ပြီး လန်ချားစီးကာ ၎င်းမြို့ ဆရာတော် ဦးစန္ဒိမာ၏ မြန်မာကျောင်းသို့ သွားရောက်နေထိုင်ပါသည်။

အပြင်းအထန် ဖျားသောကြောင့် ပထမဝါဆိုလဆုတ် ဖ-ရက်နေ့ည ၇-ရက်နေ့ည‌မျှားမှာ ၎င်းဦ့် နားနေရပါသည်။ ဆရာတော် ဦးစန္ဒိမာအား ၎င်း ၁၀-ကျပ် မိဂဒါဝုန်သို့လို့ပို့သည့် ဦးပဉ္စင်းအား ၎င် ၅-ကျပ်လျှ၍ ဂ-ရက်နေ့ ည‌နေ ၄-နာရီခဲ့အခြိန် ဗာရာဏသီမြို့ ဘူတာရုံကြီးမှ မီးရထားစီးကာ ထွက်လာခဲ့လေရာ ၄၂၉-မိုင် ဝေးကွာသည့် ကလကတ္တားမြို့ ကောင်္ကရာဘူတာကြီးသို့ ဇ-ရက်နေ့ ၁၁-နာရီသာသာ အရှိန်တင်သိုက်ရောက်သဖြင့် ဘူတာကြီးအတွင်းရှိ ဟိန္ဒူဟိုတယ်မှာ ဆွမ်းဖျားဘုဉ်းပေးကြပါသည်။ ဆရာတော်မှာ ဒုတိယ ဖြစ်ပြီး ဒုတိယ ဖျားနေ၍ ဆွမ်းမစားနိုင်ပါ။ ကာဖိတခွက်ကို ခက်ခဲစွာနှင့် တေ-ပ်းကာ သောက်ခဲ့ရပါသည်။ ၎င်းဘူတာကြီးမှ တက္ကစီကားနှင့် ကလကတ္တား ဟောစပီကယ်လမ်း ဂြန်မာ အဆောက်အဦ ဦးကာဏ္ဍလံသို့ သွားရောက်နေထိုင်ကာ ဆရာဝန်ခေါ်၍ ဆေးကုပါသည်။

အာသန် ဦးသုမနကိုယ်တော်သည် ဆရာဝန်ခေါ်ပေးခြင်း၊ ဆေးဝါးကုပေးခြင်း၊ လိုခသာပစ္စည်းများ ဝယ်ပေးခြင်း၊ အစစအရာရာ ကိစ္စကြီးငယ်ကို ဘယ်အရာမျှ မလိုရအောင် ရှက်ဆောင်ပေးခြင်း၊ အိန္ဒိယပြည်အနှံ့အပြားသွားလာနေထိုင် စားသောက်ရခြင်း စသော အားလုံးတို့မှာ ဦးသုမန၏ ကျေးဇူးတို့သာ ဖြစ်ကြပါသည်။ ထိုပြင် ကလကတ္တားမှ ရန်ကုန်သို့အပြန် လေယာဉ်ပျံပေါ်သို့ရောက်ခဒ ၎င် ကလကတ္တား ဦးဧကာဏ္ဍနှင့် အတူ လိုက်ပို့ရက်ခဲ့အောင် ပေးပါသည်။ သို့ဖြင့်၍ လွန်စွာ ကျေးဇူးများသည် မပေါက်ဖက်ခဲသော ပဂ္ဂိုလ်ဟု အစဉ်သတိပြုပါသည်။

ပလမဝါဆိုလဆုတ်(ဖြ-၁၀-၁၁-၁၂-၁၃-၁၄-၁၅၊ လဆန်း ၁)ရက် ဤရှစ်ရက်မှာ ကလကတ္တားတွင် ဆေးကုသယင်း နားနေ၍ ဒုတိယဝါဆိုလဆန်း ၂-ရက် နံနက် ဂ-နာရီအခြိန် ကလကတ္တား လေယာဉ်ပျံကွင်းမှ ပျံတက်ခဲ့ရာ ၁၁-နာရီ အခြိန် ရန်ကုန်မြို့ မင်္ဂလာဒုံ လေယာဉ်ပျံကွင်းသို့ ဆိုက်ရောက်ပါသည်။ ဝန်ကြီး ဦးဖိုးခင်တို့ ပေါ်တော်ကားနှင့် လာကြိုပါသည်။ သို့ရာတွင် အခြန်လွဲနေသဖြင့် ဆရာတော်တို့နှင့် မတွေ့ရပါ။ သို့ဖြစ်၍ ကုမ္ပဏီကားနှင့် လိုက်လာကာ မြေနီကုန်းမှာဆင်း၍ လန်ချားငှါးကာ အလယ်တောရ ဓမ္မာရုံ

ကျောင်း ဆရာတော် ဦးနာရဒထံသို့ သွားရောက်နေထိုင်ပါသည်။ ဖျားနေသောကြောင့် ဘယ်ကိုမျှ မသွားနိုင်သဖြင့် တရားဝန်ကြီးဟောင်း ဆာမြဘူးနှင့် လေဒီတာဝမကြီး၊ စက်ရှင်တရားဝန်ကြီးဟောင်း ဦးမောင်မောင် သမီးပုလိပ်မင်းကြီးကတော် ဒေါ်ခင်ခင်ကြီးနှင့် ဦးဗိုလ်၊ ဝတ်လုံတော်ရဦးသက်ထွန်းနှင့် သားသမီးများ ကျောင်းဆရာကြီး ဦးထွန်းလှနှင့် ဆရာမကြီး ဒေါ်လှတင့်တို့ထံ စာရေးရှု စာတိုက်မှထည့်ကာ နှုတ်ဆက်ခဲ့ပါသည်။

ဒါယကာမကြီး ဒေါ်နှင်းအေးနှင့် သားချင်းများအား စာရေး နှုတ်ဆက်လိုပါသော်လည်း စာထည့်ရန် လိပ်စာ အိမ်နံပါတ်စသည် မသိသောကြောင့် နှုတ်မဆက်နိုင်ခဲ့ပါ။ ဆရာတော်ဦးနာရဒ မှာလိုက်သော ပစ္စည်း ၉-ခုကို လှူခဲ့ပါသည်။ ကလကတ္တားဆရာတော် ဦးကောဏ္ဍညက ပေးလိုက်သည့် ပစ္စည်းများနှင့် ၎င်းအလိုရှိသော ဘိန့်ယင္ဒေ ၃၅၀-ကျပ်ကို ကြည့်မြင်တိုင် စမ်းချောင်း မင်္ဂလာလမ်း အိမ်နံပါတ် ၃၇-မအုန်းကျင်အား ပေးခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမင်းတို့က တောင်ကြီး၊ ရွှေညောင်၊ ကလော ၎င်းမြို့များအဟောက် ပေးထားသည့် ဗောဓိပင် ၃-ပင်နှင့် ဆရာတော်တို့ သိဟိုဠ်မှ ပင့်လာသည့် ဗောဓိပင်များနှင့် အင်ကြင်းပင်များကို ပင့်ဆောင်၍ ဇလယာဉ်ပျံနှင့် ကွလာမည့်အကြောင်း တောင်ကြီးအရေးပိုင်ထံသို့ စိုင်ယာလက်နှင့် ပြောချ သတင်းစာများနှင့် ရေဒီယိုများမှ ကျည်ာလိုက်ပြီးလျှင် ဒုတိယ ဝါဆိုလဆန်း ၅-ရက် နံနက်တွင် ဆရာတော် ဦးနာရဒကျောင်းမှ ကာဖီများသောက်ကာ ထွက်ခဲ့ပေလရာ စံကားစော်ဘွားကြီးနှင့် ဝန်ကြီး ဦးဖိုးခင်တို့ မင်္ဂလာဒုံ လေယာဉ်ပျံဆိုပ်ရောက်အောင် မော်တော်ကားနှင့် လိုက်ပို့ ဆောင်ရွက်ပေးကြပါသည်။ ၎င်းနံနက် ၇-နာရီအချိန် လေယာဉ်ပျံတက်ကာ ထွက်ခွာသာခဲ့လရာ ၉-နာရီအချိန် ဟဲဟိုးသို့ ရောက်သဖြင့် ဝန်ထောက်မင်း ဦးသောင်းဖေ၏ကားဆရာ ဦးဟိန်နှင့် ကိုအုန်းပင့်တို့မော်တော်ကားနှင့် လာရောက်ကြိုဆို ပင့်ဆောင်ကြသောကြောင့် လေယာဉ်ပျံပေါ်မှ ဗောဓိပင်များနှင့် အင်ကြင်းပင်ကို ကားပေါ်သို့ပင့်ကာ ထွက်လာခဲ့ကြ လေရာ ၁၀-နာရီအချိန် ကလောမြို့ ဆရာတော်နေထိုင်ရာ သိမ်တောင် ကျောင်းတိုက်သို့ကောင်းမွန်စွာဆိုက်ရောက်၍ နွေဆွမ်း ဘုဉ်းပေး သုံးဆောင်ရပါတော့သတည်း။

ပြီးပါပြီ။

၁၃၁၂-ခုနှစ် ကလောမြို့ သိမ်တောင်ဆရာတော်
ဦးအာဒိစ္စ သီဟိုဠ်မှပင့်ဆောင်လာသည့် ဗောဓိပင်တော်မျိုး၏
အကြောင်းအရာ မြန်မာကဗျာများ

(ကဆုန်လပြည့် ဘုရားနေ့)

၁။ သုမေဓာလေ့ ရသေ့ဖြစ်ထွေ၊
ဒီပင့်ထံပါး တံတားအနေ၊
ဘုရားဖြစ်ကြောင်း ဆုတောင်းပန်ခဲ့၊
ကဆုန်လ ပုဏ္ဏဒိဝသေ။

၂။ မွေးကြိုင်ထုံသင်း အင်ကြင်းမြိုင်ခြေ၊
ဖွဲ့မြင်မြောက်လို့ အံ့လောက်သလေ၊
လောကဓာတ်လုံး ရိုက်ချုန်းတုန့်စေ၊
ကဆုန်လ ပုဏ္ဏဒိဝသေ။

၃။ ဆင်းရဲယိုယိုနှ မယ်သုဇာဆွေ၊
ဃဲ့ဂန္ဓိဆွမ်း လှူဒါန်းသလေ၊
သုံးဆောင်ဘုဉ်းပေး လေးဆယ့်ကိုးထွေ၊
ကဆုန်လ ပုဏ္ဏဒိဝသေ။

၄။ ရွှေညောင်ဗောဓိ သီရိအောင်ခွေ၊
သစ္စာလေးဆင့် ပွင့်လို့ဝေဝေ၊
ဘုရားဘုရား ထင်ရှားပြန်လေ၊
ကဆုန်လ ပုဏ္ဏဒိဝသေ။

၅။ ဆင်ပြောင်ဆယ်စီး အားကြီးဆောင်စေ၊
ဘုရားသော်လဲ ရှောင်လွဲမသွေ၊
နိဗ္ဗာန်ရွေနှုံး စံမြန်းရှာလေ၊
ကဆုန်လ ပုဏ္ဏဒိဝသေ။

၆။ ရာသီစက်ကွင်း ပုံပြင်းခါနွေ၊
စက္ကဝဠာလုံး ခြိမ့်အုန်းညံစေ၊
ညောင်ရေတော်ပွဲ သွန်းမြဲမသွေ
ကဆုန်လ ပုဏ္ဏဒိဝသေ။

၇။ အသမ္ဘိန္နဲ သာကျန္တယ်ရှင်၊
သိဒ္ဓတ်ထွင်ဋ္ဌမူး မီးရှူးသန်စင်၊

ဖွားဘက်တော်များ တပါးပါဝင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒဓိပင်။
(မာရဓိငါးပါး အောင်မြင်တော်မူခြင်း)

၀။ သံယောဇဉ်ကြိုး ဆယ်မျိုးကိုထုဝ်၊
ဒုက္ခရစစ် ခြောက်နှစ်တောဝင်။
မာရ်စစ်သည်ပေါင်း ထောင်သောင်းအောင်မြင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒဓိပင်။

၉။ ကိလေမြူမှေး ဖြူဖွေးပြောင်စင်၊
သစ္စာလေးချက် အနက်သိမြင်၊
လေးအာသဝေါ ဆေးကြာသုတ်သင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒဓိပင်။

၁၀။ ဘိသင်္ခါရ ခန္ဓအပြင်၊
ဖန်ဖန်သေမူ မစ္စုခေါ်တွင်၊
ပေါင်းမာရ်ငါးပါး ဘုရားအောင်မြင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒဓိပင်။
(ပရိဘောဂစေတီ)

၁၁။ ဇေတဝန်ကျောင်း ကိန်းအောင်းနေစဉ်၊
အာနန်ညီဘွား လျှောက်ထားလေလျှင်၊
ပရိဘောဂ ဟောပြရှင်ပင်၊
အမှောင်ခွင်း အောင်ခြင်း ဗေဒဓိပင်။
(ပါတလိပုတ်ပြည်မှာ)

၁၂။ ဓမ္မာသောက ရာဇဘုရင်၊
သီဟိုဠ်ကျွန်းသို့ ပို့ပေးပါလျှင်၊
သံဃာတော်များ လျှောက်ထားဦးတင်၊
အမှောင်ခွင်း အောင်ခြင်း ဗေဒဓိပင်။

၁၃။ ပေးဘိုးသင့်ဘိ မိန့်ရှိလေလျှင်၊
လူရှင်အများ ညှတ်တွားဦးတင်၊
မရပ်မဆိုင်း ဖြတ်ပိုင်းရန်ပြင်၊
အမှောင်ခွင်း အောင်ခြင်း ဗေဒဓိပင်။
(ဗုဒ္ဓဂါယာ မဟာဗေဒဓိဝယ်)

၁၄။ ဖြတ်ပိုင်းရန်မူ ကြည့်ရှုဆင်ခြင်၊
ကိုင်းခက်ကွယ်ပျောက် တယောက်မမြင်၊

ညို့ညို့မှိုင်းလို့ တောင်ကိုင်းသာထင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒိပင်။

၁၅။ ရောင်တော်ထွေပြား တက်သွားဝေဟင်၊
ခုနစ်ရက်မျှ လုံးဝမမြင်၊
ရှစ်ရက်ဌိကား ထင်ရှားပေါ်လွင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒိပင်။

၁၆။ ဖြတ်ပိုင်းပြီးငြား ဘုရားအသွင်၊
ရောင်တော်ခြောက်ခန်း တင့်ဆန်းဝေလွင်၊
ရတနာနှင်း သွယ်တန်းအစဉ်၊
အမှောင်ခွင်း အောင်ခြင်းဗေဒိပင်။

၁၇။ သီရိမမူ သောကဘုရင်၊
စည်းစိမ်နှင်းလို့ မင်းတို့အသွင်၊
သုံးကြိမ်လှူကပ် လူနတ် ဦးတင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒိပင်။
(မဟာသမုဒ္ဒရာကြီးထဲ၌)

၁၈။ သီဟိုဠ်ကြွလုမ်း မြစမ်းရေပြင်၊
ရေနတ်နဂါး အမျှားလျှောက်တင်၊
ခုနစ်ရက်တွင်း လက်ငင်းယူငင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒိပင်။
(သီဟိုဠ်ကျွန်းတွင်)

၁၉။ သီဟိုဠ်ရောက်ငြား ဘုရားအသွင်၊
ရောင်တော်ဝေဖြိုး တန်ခိုးဝိညာဉ်၊
လူရှင်အမျှား ညွှတ်တွားဦးတင်၊
အမှောင်ခွင်း အောင်ခြင်းဗေဒိပင်။
(သီဟိုဠ်ကျွန်းရောက် ဆရာတော်-ဦးဝိနယာ၏
မေတ္တာကရဏာ)

၂၀။ သုံးလူ့ထွဋ်ထား ဘုရားရှင်ပင်၊
သားရင်းဓိက ဝိနယထေရ်ရှင်၊
သီဟိုဠ်ကျွန်းခဲ့ ယာပိုထ်ပျော်ရွှင်၊
တို့ပြည်သား တပါး သာကီဝင်။

၂၁။ ဇာတိဌာန ဗမာ့ပြည်တွင်၊
အတွင်းအပ ပြင်းပြပြို့ငြင်၊
ဘေးဥပဒ်မျိုး ကပ်ဆိုးကိုမြင်၊
သနားစိတ် စား အိပ် သူ မရှင်။

၂၂။ ထိုဥပဒ်မျိုး ကပ်ဆိုးကိုလျှင်၊
လွတ်ကင်းရန်ရေး ကြံတွေးဆင်ခြင်၊
ကန်ခိုးကြီးထ ဒေဝသနင်၊
ရကွစိုး နတ်မျိုးစစ်ဘုရင်။

၂၃။ ရကွစိုးနတ် ဇောင့်ကြပ်စေချင်၊
ဗေဒမ်ပင်မျိုး စိုက်ပျိုးရန်ပင်၊
လူကြုံရိုက ဗမာ့ပြည်ခွင်၊
ပို့ပေးရေး ကြံတွေးဉာဏ်သက်ဝင်။

၂၄။ အရွှေတောင်တန်း မြောင်စမ်းရေယဉ်၊
တောတောင်ဆူဆိုင်း ညို့မှိုင်းဝေလွင်၊
ဆီးနှင်းထူပြော ကလောမြို့တွင်၊
သာသနာ့ ကရဏေရှိအရှင်။

(သိမ်တော်ဂိုဏ်းလုံးဆိုင်ရာ မဟာနာယက)

၂၅။ သိမ်တော်ဂိုဏ်းကြီး ဦးစီးထေရ်ရှင်၊
ဝန်းဆောင်အချုပ် သမုတ်ထိပ်တင်၊
နှစ်စဉ်အမြဲ စာပွဲဆင်ယင်၊
သာသနာ့ ပါလ တို့သခင်။

(ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်သို့ တက်ရောက်ခြင်း)

၂၆။ ကမ္ဘာတပုံမ်း ကြွလှုမ်းစုံလင်၊
ဗုဒ္ဓဘာသာ့ ကမ္ဘာ့သဘင်၊
သာသနာထမ်း ရဟန်းထေရ်ရှင်၊
နယ်ကိုယ်စား ကြွသွား တို့သခင်။

(ဥရောပ ဆောင်ရွက်တော် မူ၏)

၂၇။ သီဟိုဠ်ရောက်ငြား ဓသောက်စားပျော်ရွှင်၊
အချိန်ဖြုန်းထ လုံးဝရှောင်ကြဉ်၊

သာသနာရေး ဆွေးနွေးတိုင်ပင်၊
ပါကဋ္ဌ ကမ္ဘာ့အောင်ပွဲတွင်။

(ဆရာတော်နှစ်ပါး တွေ့ဆုံတိုင်ပင်ကြသည်)

၂၈။ သာသနာထမ်း ရဟန်းတော်ရှင်၊
ဝန်ဆောင်နှစ်ပါး ထင်ရှားတွေ့မြင်၊
ရှေရေးနောက်ရေး ဆွေးနွေးတိုင်ပင်၊
မြတ်ဘုရား ကိုယ်စားပေဝဓိပင်။

(ဝန်ကြီးချုပ်ဟောင်း သခင်နု)

၂၉။ လွတ်လပ်ပြီးစ ဗမာ့တိုင်းခွင်၊
သခင်နုက ထကြွစီစဉ်၊
တိုင်းသူပြည်သား သနားခင်မင်၊
အမှောင်ခွင်း အောင်ခြင်းပေဝဓိပင်။

(သုံးပင်ပင့်ဆောင်လာခြင်း)

၃၀။ မေတ္တာထူပြော ကလောအရှင်၊
ရေလမ်း လေလမ်း ခရီနှမ်းကြုံခြင်၊
ခဲခဲပာဉ်းယှဉ်း ဆောင်ကြဉ်းသုံးပင်၊
အမှောင်ခွင်း အောင်ခြင်းပေဝဓိပင်။

(အောင်ပန်းတပင်ပေး၍ ကလော၊ နှင့်ပါလန်ဘုရားအနီးမှာ
တပင်စိုက်ခြင်း)

၃၁။ သုံးပင်အနက် မိန့်မြွက်ထေရ်ရှင်၊
တပင်အောင်ပန်း ပေးကမ်းကြည်လင်၊
နှင့်ပါလန်နား စိုက်ထားတပင်၊
အမှောင်ခွင်း အောင်ခြင်းပေဝဓိပင်။

(သိမ်တောင်ကျောင်းတိုက်မှာ တပင်စိုက်ခြင်း)

၃၂။ သိမ်တောင်ကျောင်းဟိုက် ယာပိုထ်ပျော်ရွှင်၊
ဆရာဘုရား စိုက်ထားတပင်၊
နောင်လာနောက်သား မှတ်သားအစဉ်၊
အမှောင်ခွင်း အောင်ခြင်းပေဝဓိပင်။

(အနိစ္စ)

၃၃။ အောင်ပန်းပေးငြား တပါးအပင်၊
ဥတုပျက်ပြား သက်ကားမရှင်၊
သန်ဂါရဘေး လွတ်ရေးမထင်၊
အမျှောင်ခွင်း အောင်ခြင်းဗေဒိပင်။

(သီဟိုဠ်သို့စာရေး၍ ရှစ်ပင်ပင့်ပြန်ခြင်း)

၃၄။ ပင့်ကြသူများ စိတ်အားငြိုငြင်၊
ဆရာဘုရား လျှောက်ထားမလလျှင်၊
စာဖြင့်ရေးလို့ ပေးဘို့ရှစ်ပင်၊
အမျှောင်ခွင်း အောင်ခြင်းဗေဒိပင်။

(ရှင်လမ်းဝမ်းမြောက်ခြင်း)

၃၅။ ရှစ်ပင်ဗေဒိ ရောက်ရှိလေလျှင်၊
နယ်ရှင်လူများ စိတ်ထားကြည်လင်၊
ထေရ်ရှင့်ထံပါး လျှောက်ထားလေလျှင်၊
အမျှောင်ခွင်း အောင်ခြင်းဗေဒိပင်။

(ရှာဝံ၊ ပွေးလှ၊ နှစ်ပင်စီ၊ ရေဦး၊ ပင်လောင်း၊ အောင်ပန်း၊ ပင်းတယ၊
တမြို့တပင်စီ)

၃၆။ ရှာဝံပွေးလှ ပေးထနှစ်ပင်၊
ရေဦး ပင်လောင်း အောင်ပန်းကျောင်းတွင်၊
ပင်းတယသို့ တမြို့တပင်၊
အမျှောင်ခွင်း အောင်ခြင်းဗေဒိပင်။

(ဆုတောင်းနှင့် အမျှဝေ)


၃၇။ ဤကောင်းမှုကြောင့် တထောင့်ငါးရာ၊
ကံလေရစ်ထွေး ညစ်ကြေးပယ်ခွါ၊
နိဗ္ဗာန်ဆောင်နှုံး ယောင်ကမ်းဓမာ၊
ရောက်စေကြောင်း ဆုတောင်းပတ္ထနာ။

၃၈။ ရှင်တော်ဘုရား ကိုယ်စားညောင်ပင်၊
ရှိသေညှတ်လျှိုး စိုက်ပျိုးကြည်လင်၊
ဒီးကျိုးတရား အမျှားလူရှင်၊
ပေးဝေဝှ အမျှဘုံသုံးခွင်။

၃၉။ ဤကောင်းမှုအား အမျှားဝေနေ၊
ထပ်တူညီမျှ ရကြပါစေ၊
မေတ္တာမိုးပေါက် ဖြိုးမောက်ရှာစေ၊
မှန်းသာကြောင်း ဆုတောင်းအမျှဝေ။

၁၃၁၂-ခုနှစ်၊ ကဆုန်လပြည့် ဘုရားနေ့မှစ၍ ကလေ၊ အောင်ပန်း၊ ရွာငံ၊ ရေဦး၊ ပွဲလှ၊ ပင်းတယနှင့် ပင်လောင်းမြို့များ၌ ဗေဒင်ပင်တော်များ စိုက်ပျိုး၍ ဤကဗျာများဖြင့် နှစ်စဉ် ညောင်ရေတော်များ သွန်းလောင်း ပူဇော်ကြပါသည်။

အရှင်ပညာဝါရ
မိုးကောင်း သိမ်းတောင်ဆရာတော်
အောင်ပန်းမြို့။



ကလော သိမ်တောင်ကျောင်းတိုက်ကို အဝေးမှ မြင်ရပုံ

စံမ်းတော်ပြည့်သာသနာ့ရိပ်သာ အောင်ချမ်းသာ့ကျောင်း သိမ်တောင်တိုက်သစ် ကျောင်းတိုက်၏ အုတ်ဂူပွတ်တိုသာသနာဝင်သမိုင်း အကျဉ်းချုပ်

ဝင်း၊တော်ပြည့်သာသနာ့ရိပ်သာ အောင်ချမ်းသာ သိမ်တောင်တိုက်သစ် ကျောင်းတိုက်သည် ကန်တော်သာယာမြို့ ထီလာမှ ရတနာပုဇ္ဈ မန်းနဂရသို့ သွားသော မော်တော်ကားလမ်းအထွက် လက်ျာဘက်တွင် တည်ရှိ၍ မိတ္ထီလာမြို့၌ ထင်ရှားသော ပရိယတ် ပဋိပတ် ဓုရနှစ်ရပ်ကို မပြတ်ကြိုးကုတ် အားထုတ်လုံ့လ ဥဿာဟ ရှေထားသောကြောင့် ထင်ရှားသော ကျောင်းတိုက်တခု အဖြစ် ပါဝင်ပါသည်။

ဤကျောင်းတိုက်ကို ဆရာတော် ဦးသူရိယ မဟာထေရ်က သာသနာတော် ၂၅၀၀ ပြည့် ကောဇာသက္ကရာဇ် ၁၃၁၈-ခုနှစ်၌ စတင်တည်ထောင်တော်မူခဲ့ပါသည်။

မဟာသိမ်တော်ကြီး၊ ဓာတုဗိမာန်တော်ကြီး၊ ဆွမ်းစားတိုက်၊ စာချတိုက်၊ ရိပ်သာတိုက်စသော တိုက်တာပေါင်းများစွာတို့ဖြင့် တန်းဆာဆင်လျက်

အထူးအားဖြင့် ဓာတုဗိမာန်တော်ကြီးကို မိတ္ထိလာမြို့နှင့်တကွ မြန်မာပြည်အရပ်ရပ်မှ ကုသိုလ်ရှင်တို့ကောင်းမှုဖြင့် အလျား ၉၉-ပေ၊ အနံ ၇၀-ပေရှိ ဘုရားရှင်၏ ဓာတ်တော် မွေတော် ဆင်းတုတော်များ ကြည်ညိုဘွယ်ရာ ပူဇော်ထားလျက် နှစ်စဉ် ပြာသို၊ တပို့တဲ့လများ၌ ဓာတုပူဇနိယ ပွဲတော်ကြီး ကျင်းပလျက် တိပိဋကဓရဆရာတော်များ၏ တရားပွဲ ရဟန်းခံ ရှင်ပြုစသောပွဲတော်ကြီးများ ကျင်းပလျက် အားလုံးသော ကုသိုလ်ရှင်များ အကျိုးများအောင် ဆောင်ရွက် အားထုတ်ခဲ့ရာ ၂၃-နှစ်မျှ ရှိပြီဖြစ်ပါသည်။

၁၃၄၀-ပြည့် ယခုနှစ် ပြာသိုလဆန်း (၁၀-၁၁-၁၂) ရက်များ၌ ဓာတုဗိမာန်တော်ကြီး ရေစက်ချပွဲ၊ ဓာတုပူဇနိယ ပွဲတော်ကြီးကို တိပိဋကဓရဆရာတော်ကြီး ၄-ပါးတို့အား ပင့်ဆောင်လျက် ကျင်းပပူဇော်ရန် အားထုတ်ဆဲ ဖြစ်ပါသည်။

ကြီးမား လှစွာသော ဝမ်းတော်ပြည့် စေတီတော်ကြီးကို အမှီပြု၍ တည်ထောင်အပ်သော ကျောင်းတိုက်ဖြစ်၍ ထိုစေတီတော်ကြီး အားလည်းမှုန်စိခြင်း၊ တန်ဆောင်းစသည်တို့ တိုးခဲ့ဆောက်လုပ်ခြင်းစသည် ပြုလုပ်ဆဲဖြစ်ပေသည်။

ပရိယတ္တိ၊ ပဋိပတ္တိဒုန်တဲ့လျက် တည်ထောင်အပ်သောကြောင့် သံဃာတော်များ၊ ယောဂီများ သိတင်းသုံးနေထိုင်ရန် ကျောင်းများ၊ ရိပ်သာဆောင်များ၊ တိုးခဲ့ဆောက်လုပ်ဆဲဖြင့်၍ ယခုအချိန်၌ သံဃာတော် ၄၀-ကျော်၊ ယောဂီ ၃၀-ကျော်တို့ဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ မအားမလပ်ရအောင် ကြိုးစား အားထုတ်လျက် ရှိကြပေသည်။

ဆရာတော် ဦးသူရိယ မဟာဌေရ

ဤကျောင်းတိုက်ကို တည်ထောင်တော်မူသော ဦးသူရိယမဟာဌေရ်သည် မိုက်လားမြို့နယ် ပေါက်ပင်သာရွာမှ ဒေသခေါ်မူတို့၏ သာဒုတနာဖြစ်၍ ၁၂၇၄-ခု၊ တပို့တဲ့ လဆန်း ဂ-ရက်သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့၍ ၆-နှစ် ဘရဏ်၌ ပေါက်ပင်သာရွာသရက်တောကျောင်း၌ ကုသလဆရာတော်အထံ၌ ပညာသင်ယူခဲ့၍ ဂ-နှစ်အရွယ် ဝမ်းတွင်းမြို့ သိမ်ကောင်းတာရ ကျောင်းတိုက်သို့ရောက်ပြီးလျှင် ၁၂-နှစ်အရွယ် ရှင်သာမဏေပြုလျက် ၁၂၉၄-ခု ဝါဆိုလဆန်း ၁၃-ရက်နေ့ဝယ် (ပထမကျော်)ဆရာကြီး ဒေါဝက္ကာ၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် သရက်တောကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဒီးဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၂၉၆-ခု သိမ်တောင်တိုက်ခဲ့ သဲတေးမြို့ ကိုးတောင်ပြည့်တိုက်ကို တည်ထောင်ရာ သံဃာ ၂၅-ပါးတွင် အပါအဝင်ဖြစ်၍ ရဟန်း ၇-ဝါအရွယ်

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များထံဝယ် ပိဋကတ်တော်များ ဆက်လက်သင်ကြားတော်မူသည်။

သာသနာတော် ၂၅၀၀-ပြည့် ၁၉၁၈-ခုနှစ်၌ ကျီတော်ကုန်း ကံဦးရွာ ကျောင်းဒါယကာ ဦးဘိုးထွန်း-ဒေါ်စိန်ရင် မိတ္ထီလာမြို့ ကျောင်းဒါယကာ အောင်ချမ်းသာ သစ်စက်ပိုင် ဦးမြမောင်-ဒေါ်ချုပ်တို့၏ ပဉ္စလျှောက်ချက်ဖြင့် ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ အောင်ချမ်းသာ သိမ်တောင်တိုက်သစ်ကို တည်ထောင်တော်မူ၍ (ဓမ္မာစရိယ ဝိနယ ပါဠိဥပါဂဂူ) ဦးဇနိတ၊ (ဓမ္မာစရိယ) ဦးသောပါက၊စာချ ဦးသင်္ဇန၊ ဦးဝဏိသ၊ဦးသုမန၊ဦးဥတ္တရ၊ဦးဝိဇ္ဇသကစသော တပည့်အများတို့ဖြင့် ပရိယတ်၊ ပဋိပတ်၊ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာကို သာသနာ့တော် ကြီးပွားတိုးတက်မှု၊ အများချမ်းသာမှု သစ္စာဓမ္မတ္တာ၊ ဘာဝနာကို ဧရှေးရှုလျက် ယခုသက်တော် ၆၆-နှစ်သို့တိုင်အောင် စွမ်းဆောင်ကြိုးကုတ် အားထုတ် ဆောင်ရွက်လျက်ရှိပါသည်။

နိဂမဂါထာ

ဘဒ္ဒန္တ သူရိယော ထေရော၊ ဓာတုဝိဘာနမာပကော။
သော သာသနံ ပဘာသေတိ၊ သူရိယောဝိယ ခေတလေ။

သူရိယော၊ သူရံ ဇနေတိ ဗျုပ္ပတ္တိဖြင့် ထုတိမင်္ဂလာ သုတိသာသော ကမ္မာ့တန်ဆာ စကြာနေမင်းကြီးသည်။ ခေတလေ၊ အဇ္ဇာအပြင် မိုးကောင်းကင်၌။ ပဘာသေတိဝိယ၊ ရောင်ခြည်တထောင် အလင်းဆောင်၍ ထွန်းပြောင်တောက်ပလေဘိသကဲ့သို့။ ဧဝံ၊ ပမာထားယူ ထို့အတူသာလျှင်။ ဓာတုဝိဘာနမာပကော၊ ဘုရားဓာတ်တော် ကိန်းစံပျော်ဘို့ ဘော်ဇ္ဈစိန်ကျောက် ထိန်တောက်လှုံသည်း ဓာတုဗိမာန်တော်ကြီးကို ဦးစီးရွေဆောင် တည်ထောင်ဖန်ဆင်းတော်မူသော။ ဘဒ္ဒန္တ သူရိယော၊ အရှင်သူရိယဟု အမည်နာမ ရှိတော်မူသော။ သော ထေရော၊ ရှင်မဟာကဿပ အာဒိစ္စ၌ သိလ၊ သမာ၊ ဝိပညာဖြင့် ဝါလေးဆယ့်ခြောက် မဟာထေရ်ဂုဏ်မြောက်ပြီး ထိုဆရာတော် ဘုရားကြီးသည်။ သာသနံ၊ ပရိယတ္တိကို အခြေခံ၍ လမ်းမှန်စွာသိအပ် ပဋိပတ် အကျင့်စဉ်ကို ထိုမှတဆင့်လှမ်း၍ မဂ်ဖိုလ်နှန်းအမတာ ပဋိဝေဓသာသနာဟူ ဘိုးအပ်ခဲသော သုံးဖြာသော သာသနာတော် မြတ်ကြီးကို။ ပဘာသေတိ၊ တက်သာယ်စေ နေပင်းအရောင်ကဲ့သို့ ကွန်းပြောင်စေတော်မူပေသည်တကား။

မိတ္ထိလာမြို့နယ် တောမကျေးရွာ အရှေ့ဘက် သိမ်တောင်ကျောင်းဆရာတော် ဦးပညာသီရိ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

အင်းမကြီး သိမ်တောင်ဆရာတော် ဘုရားကြီး၏ ဂိုဏ်းဝင်ဖြစ်သော မိတ္ထိလာမြို့ တောမကျေးရွာ အရှေ့မြောက်ဘက် သိမ်ဘောင်ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်တော်မူသော ဆရာတော် ဦးပညာသီရိ၏ အတ္ထုပ္ပတ္တိမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မွေးဖွားရာဇာတိ

မိတ္ထိလာမြို့နယ် တောမကျေးရွာအုပ်စု လက်ပန်ခေါင်းရွာနေ အာဇာ-ဦးဘိုးသော်၊ အမိ-ဒေါ်ဖွားသဲတို့မှ ၁၂၇၇-ခုနှစ်၊ နွေဝင်းတန်ခူးလပြည့် ၁၅-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့ပါသည်။

ရှင်သာမဏေဘဝ

မိဘနှစ်ပါးတို့က ၈-နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့သည့် အားလျော်စွာ လက်ပန်ခေါင်းရွာ မြောက်ကျောင်း ဆရာတော် ဘုရားကြီး ဦးသြဘာသထံတွင် လောကီ၊ လောကုတ္တရာ စသော စာပေများကို သင်ကြားခဲ့ပါသည်။ ၁၀-နှစ်သား အရွယ် ရောက်သောအခါ မန္တလေးမြို့ နန်းတော်ရှေ့ တိုက်ဟော် (အဂ္ဂမဟာပဖ္ဖိုတ) ဘုံတိုဆီပ်တော်ရှ ငရုတ်ရား ဆရာတော် ဘုရားကြီး ဦးတိသာသနထံတော်၌ စာပေကျမ်းဂန်များကို သင်ကြားလျက် သဝါဒကို ဓံယူခဲ့ပါသည်။ ဦးတိသာသန ဆရာတော် ဘုရားကြီးကား မင်းတုန်း ဘုရင် မင်းတရားကြီး ရုတ်နှုံးမိပေးသည့် ဆရာတော် ဘုရားကြီးပင် ဖြစ်ပါသည်။

ရဟန်းဘဝ ဆက်လက်ဓံယူခြင်း

၁၂၉၇-ခုနှစ်၊ တန်ခူးလပြည့်နေ့၌ (အဂ္ဂမဟာပဏ္ဍိတ) ဦးတိသာသန ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ငရုတ်ရပ်နေ အပ်ချုပ်စက်ထောင်ဆရာ ဦးစိန်-ဒေါ်ဖွားအုံတို့က ရဟန်း ဒါယကာ၊ ဒါယိကာမအဖြစ် ဓံယူလျက် ရဟန်းဘဝသို့ရောက်ခဲ့ရာ ချီးမြှင့်ခဲ့ပါသည်။ ရဟန်းဘဝဖြင့် နှုန်းတော်ရှေ့ တိုက်တော်တွင် ၃-ဝါမျှ ဆက်လက်သီတင်းသုံး နေထိုင်ခဲ့ပါသည်။

ရဟန်းဘဝဖြင့် သင်ကြားခဲ့သော စာပေကျမ်းဂန်များ

ရဟန်းဘဝဖြင့် ၃၀ ရှိပြီး မန္တလေးမြို့ ဗန်းမော်တိုက် ဦးဇဋိလ ဆရာတော်ထံ ဆန်း၊ အလင်္ကာ ကျမ်းများကို သင်ကြား တတ်မြောက်ခဲ့ပါသည်။

မန္တလေးမြို့ ရှုမျှိုးလုံရပ် ဒီပင်္ကဇောတိကာရုံတိုက်ဝကျောင်း ဆရာတော် ဦးတေဇဝန္တထံတွင် ၇-နှစ်တိတိ သုတ်၊ ပိုနည်းကို သင်ကြားတတ်မြောက်ခဲ့ပါသည်။

ရဟန်းဘဝဖြင့် စစ်ပြေးရခြင်းဒုက္ခ

၁၃၀၃-ခု၊ တပေါင်းလတွင် အင်္ဂလိပ်-ဂျပန် စစ်မက်ဖြစ်ပွားကာ မန္တလေးမြို့လုံး ဗုံးကြဲခြင်သောကြောင့် စစ်ပြေး ဒုက္ခသည်အဖြစ် မန္တလေးမြို့ အရှေ့မြောက် နှမ်းကြီးကျေးရွာသို့ ထွက်ခွါခဲ့ပြီး ၎င်းရွာကျောင်းတွင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။

၁၃၀၄-ခုတွင် ဆီမီးထွန်းကျောင်း (ဒီပင်္ကဇောတိကာရုံကိုက်တော်) သို့ ပြန်လည်ပြောင်းရွှေ့ သီတင်းသုံးနေထိုင်စဉ် တပ်ဆောင်မှုန်းလာသဖြင့် ၁၃-ရက်နေ့တွင် အမေရိကန်မှ ထပ်မံဗုံးကြဲခြင်းပြုသဖြင့် မန္တလေးမြို့ ရေမြန်ကျေးရွာ ဝါခင်းကုန်းဘုရားကြီးသို့ ခေတ္တတည်းခို သီတင်းသုံးရပြန်ပါသည်။

ထို့နောက် ယင်းခုနှစ် နတ်တော်လဆန်း ၆-ရက်တွင် ဘိုးဘွားများ နေထိုင်ရာ မိတ္ထိလာသို့ ပြန်လာခဲ့ပါသည်။

သာသနာတိုးတက်ပြန့်ပွားရေး ဆောင်ရွက်ချက်များ

မိတ္ထိလာမြို့ ကဖြူကျေးရွာအုပ်စု ညောင်ကားယား သရေပြင်ကျေးရွာရှိ ရွှေဂူကျောင်းဆရာတော် ဦးနာဂဝံသထံ ဩဝါဒခံယူပြီး ၇-နှစ်တိတိ ကိုရင်၊ ရဟန်းသံဃာများအား ဗုဒ္ဓစာပေ ကျမ်းဂန်များကို ပို့ချခဲ့ပါသည်။ သာသနာသုံးရပ် တိုးတက်ပြန့်ပွားအောင်မြင်စိမ့်ဝှာ လူပုဂ္ဂိုလ် ထိုထိုတို့အား တရားဟောခြင်း၊ ဓမ္မာစရိယအမှုဌ် တရားပြ ဆုံးမပဲ့ပြင်ခဲ့ပါသည်။

၁၃၁၂-ခု၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့တွင် တောရမြောက် သိမ်တောင်နှင့် တောရ-မရသော တောင် သိမ်တောင်ကျောင်း နှစ်ကျောင်းကို ထိန်းသိမ်းလျက် အင်းမကြီးသိမ်တောင် ဆရာတော်ဘုရားကြီး သီတင်းသုံးနေထိုင်တော်မူခဲ့သော ဤကျောင်း နှစ်ကျောင်းကို ဆက်ခံလျက်ရှိပြီး သာသနာပြန့်ပွားရေး၊ အတွက်များကိုလည်း အထူးတလည် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

ဦးပညာသီရိဆရာတော်သည် အင်းမကြီးသိမ်တောင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သည့် တောင်/မြောက် သိမ်တောင် ကျောင်းနှစ်ကျောင်းကို ဆက်လက်ခံယူသီတင်းသုံးလျက် သာသနာတော် သုံးရပ် ကြီးပွားတိုးတက်ရေးအကျိုးငှာ သာသနာဆိုင်ရာ ပရိယတ္တိ၊ ပဋိပတ္တိ ကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

မိတ္ထိလာခရိုင် ညောင်ပင်သာရွာ
စမ္ပာရုံကျောင်းဆရာတော် ဦးပဏ္ဍဝ၏ အတ္ထုပ္ပတ္တိ

အင်းမကြီး သိမ်တောင်သာသနာ့ဝံသကထာကို ပဌမသားမိ အင်းမကြီး သိမ်တောင်တောရ အရှင်ဇောဝိက ပဌမရှင်မြတ်ကြီး၏ သာသနာ့အမွေသည် ဆွမ်း၊ သင်္ကန်း၊ ဓမ္မကျောင်း၊ ဆေးဘက်သော ပစ္စည်းလေးပါး အမွေလည်းတပါး၊ သိလ၊ သမာဓိ၊ ပညာဟူသော လောကုတ္တရာ အမွေလည်းတပါး အားဖြင့် နှစ်ပါးရှိသည်တွင် လောကုတ္တရာအမွေကို လက်လွှမ်းမှီသမျှ ပြုပေဦးအံ့။

သီလ၊ သမာဓိ၊ ပညာ သုံးပါးကွင် သိလအဓေယ္ယာ ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား အာဝဇ္ဇာကြီး၊ အာဝဇ္ဇာငယ်တို့ကို ကိုင်းသိပ်းသော နေရာမှာ ပုဂ္ဂိုလ်ထူးတပါးပင်ဖြစ်၏။ ဖြစ်ပုံမှာ သင်္ကန်း ပရိက္ခာရနှင့်ဆိုင်လျှင် မြန်မာပြည်အကွင်းမှာ သင်္ကန်းသုံးကဏ်ဖြင့်သာလျှင်နေခြင်း၊ ဤကာဒးအံ့သြဘွယ်ပေ။ ကျောင်းသေနာသနနှင့်ဆိုင်လျှင် ဘယ်ကျောင်းမှာ ဒုမြဲသီတင်းသုံးသည် ဆိုစရာမရှိသာဘဲအပြင် ဒါပ်ရာ အိပ်ရာနေရာ၊ အမြဲသီတင်းသုံးသောနေရာပြစရာမရှိ။ ကျောင်းတွင်းဦ၌ နေသည်ကို ကနေကရာမှ ခေါ်ခြင်း၍ကြည့်ရသော်လည်း အလဟဿာနာသည်ကို ရှာမရ၊ အစာအာဟာရမှာလည်း တခါတခါ လူသူမနီးတောကြီးအတွင်း နေ့ဝိအလား သပ်သပ်ကိုယ် စားသုံး၍ တပည့်ရင်း ကသရနှင့် ထောက်မျှား ရ၍ ကလေသိမ်တောင်တိုက်ကို ဖွင့်၍ သီတင်းသုံးခဲ့သည်ဟု ဥဒါန်းကျော်လျက်ရှိသည်။

နံနက်ဘင်းလာဂုသုံးဆောင်ထောင်လည်း ဆားနှင့်သာ ကြုတ်သောယာဂု ဆားဖြူး၍ ဂရုဏာနှင်းဆီသော ပဲကြား၊ ပဲနီမျှားကို သုံးဆောင်ခဲ့လေသည်။ သိမ်ကောင်တိုက်သို့ ရောက်သောအခါ ရတနာကုန်သည်အဖြစ်မှ သံဝေဂရ၍ ရဟန်းပြုသော ဦးဇဝနသည် အစာညှံ့၍ ညည်းညူသောအခါ ဆုံးမတော်မူသည်ဟု ဆို "ဇဝန၊ ပေညည်းနှင့် အင်းမကြီးကုန်းက အရှာတက်ပြီး၊ အဓေယျကြီးအချိန်မှာ ဘိဗဿယာဂု ရေနှင့်ပွသ်သတ်၍ ကျေးအပ်သော ပဲလှော်ကိုပင် ဆီထောင်းအောင်ပြု၍ ကျေးခဲ့သည်၊ ဘဝင်မမြင့်နှဲ့" ဟု ဆုံးမတော်မူသတတ်၊ ရအပ်သောပစ္စည်းလေးပါးဟိုကိုယ်တော်ဟိုသိမ်းဆည်းတတ်မဟူ။ ပစ္စည်းထားသောကျောင်း၌

ထား၍ အလိုရှိသောတပည့်သားမြေးများ ဝေခြမ်းသုံးဆောင်ကြသည်ဟု ယခု အခါနှံထိ ပြောဆိုလျက်ရှိသည်။

ကျောင်းဆောက်ပြန်လျှင်လည်း အနှစ် (၂၅-၃၀) ခံရုံလောက် ဆောက်ရန် အမိန့်ရှိတတ်သည်။ ထိုအခါ တပည့်ရဟန်း ဒါယကာများက အရှင်ဘုရား အခွင့်သာခိုက်မှာ နောင်လာနောက်သားများ နေထိုင်ရန် ခိုင်ခံ့သော ကျောင်းကန်များကို ဆောက်လုပ်၍ထားသင့်သည် ဟု လျှောက်ကြလျှင် သူများအတွက် မျှော်မှန်းချက်ဖြင့် မလုပ်သင့်၊ သူတို့အတွက်သူတို့ကိုယ်တိုင် ဆောက်လိမ့်မည်ဟု မိန့်တော်မူသတတ်။ အံ့သြဘွယ်ပါပေ။

တိစီ၀ရိက်မူတင် သာမက သုသာန်စသော မူဘင်များကိုပင် ကြိုးစား၍ ဆောက်တည်တော်မူသည်။ ဆတ်ခင်းရွာ သုသာန် သင်းချိုင်းသို့ ညကြွ၍ မူတင်ဆောက်တည်ရာ မြေပုံအနိုး တရားထိုင်နေဆဲ တစ္ဆေသရဲ ခြောက်လှန့်လာသည်ကို ဖြုန်းကန် ကြည့်နေမိသည်။ သတိရသောအခါ အသင် မြေဘုတ်ဘီလူး တစ္ဆေသရဲတို့ အလုပ်သည် ခြောက်လှန့်ရန် အလုပ်ဖြစ်သည်။ ငါက ရဟန်းပေ၊ ရဟန်းဆိုသည်မှာ ကိလေသာ ငြိမ်းအောင် အလုပ်လုပ်ရသည်။ ငါမြေဘုတ်ဘီလူး ဖြစ်စဉ်ကလည်း သင့်ထက်ပင် ခြောက်လှန့်ခဲ့ပေဘူးလိမ့်မည်ဟု ဆို၍ ရဟန်း တရားကို သာလျှင် ဖျက်စီမှတ်၍ အားထုတ်တော်မူလျှင် ရည်ရွယ်တိုင်းပင် အချိန်ကုန်အောင် အားထုတ်ခဲ့သည်။ ခြောက်လှန့်မှုသည် ဘယ်အချိန် ပျောက်ကွယ် သွားသည် မသိပေ၊ ယခုတိုင် ဥဒါန်းကျန်ခဲ့သည်။

တရား အားထုတ်သော ရဟန်းယောဂီ လူယောဂီ တို့ကိုလည်း အားထုတ်သောကျောင်းသို့ ညကာလ ၅-မိနစ် ၁၀-မိနစ်လောက်သွားမှ ရောက်လောက်အောင် ဝေးသော ကျောင်းသို့ လှည့်လည်၍ ကမ္မဋ္ဌာန်းကျောင်းကို ပုတ်၍ ငါ့ရှင်၊ တရားအားထုတ် နှလုံးသွင်းနေသလား၊ အားထုတ်နေပါသည်ဟု လျှောက်လျှင် ငါ့ရှင် အချိန်သင့်ပြီ ပြင်ဘက်သို့ထွက်ခဲ့၊ ကောင်းကင်သို့ မော့ကြည့်ပြန်၍ အိပ်အုံး၊ နေ့ရက်တွေ့ အမျှော်ကြီးရှိသည် ဟု မိန့်တော်မူ၍ တကျောင်းသို့ တဖန်ကြွသွား၍ ရှေးနည်း အတိုင်း မေး၍ အိပ်နေသည်ကို တွေ့လျှင် ပြင်ဘက်သို့ ထွက်စေ၍ ကောင်းကင်သို့ မော့ကြည့်စေပြီး မျက်နှာများ အသစ်ခိုင်း၍ ငါ့ရှင်၊ နိဗ္ဗာန် သွားချင်သော သူသည် အိပ်နေလို့ ဘယ်ဖြစ်ပါအုံးနည်း။ ဦးခေါင်းမီးလောင်သောသူအလား ကြိုးစား အားထုတ်ပါဟု ဆိုဆုံးမလေ့ရှိသည်။ ဤကား အကျဉ်းမျှ ပြဆိုအပ်သော သီလနှင့် စပ်သော အကျင့်ခန်းဖြစ်သည်။

ဤစာရေးသူသည် ဆရာတော်ကြီး၏အမွေကို အကျဉ်းမျှ ဖော်ပြရပေအုံး။ဆရာတော်ကြီး၏ အမွေကို ပံ့သကူမူတင်မှတပါး ကြွင်းကျန်သော မူတင်များကို အမွေများယူ၍ ဆောက်တည် ခဲ့သည့် အပြင် ယနေ့အထိ နိဿဂ်

သက်နုံးပရိက္ခရာနှင့် အကပ်ိယပစ္စည်းတို့ကို ကိုယ်တိုင်ကိုင်မံမှုမှ သူတပါးထက် သာအောင် ရှောင်ကြဉ်နိုင်သည်ဟု မိမိစိတ်တွင် ယုံကြည်လျက် ရှိသည်။

အစိုးရကုန်သွယ်ရေးနှင့် ဝယ်ခြမ်းကုတ္ဒိသည်း ဘယ်ပစ္စည်းမဆို လက်မှတ်ထိုး၍သော်လည်းကောင်း၊ ဝယ်ခြမ်းဘူးသည်ဟု မထင်မြင်ခေျ။ လျှောက်လွှာရေးရလျှင်လည်း လျှောက်လွှာရေးပုံမှာ "စာရေး၍ အပိန့်ရိုလိုက်သည်။ ရောင်းပိုင်ခွင့်ရှိသော လူကြီးမင်း၊ ဘဏ်ကြောင်းမှာ ရှုပ်ယ သံဝါဘာရ ကယ ဝိက္ကယ သီကွာပုဒ်ဖြင့် ရောင်းဝယ်ခွင့် မပြုနသာဒကြောင့် ဖောက်ပါစာရန်း အရ ပစ္စည်းများကို ယခု လွှတ်လိုက်ပေသော ဒါပေကာဒအား ဝယ်ခွင့်ပြုရန် မေတ္တာရပ်ခံ လိုက်ပါကြည့်(ပုံ)မမှာရုံ ဆရာတော်" ဂ္ဂါသို့သာလျှင် အာပတ်မှ လွှတ်ခအောင် ရရှောင်ကွယ်နိုင်ပေရ ရှောင်လွှင်းခဲ့ပါသည်၊ ကျယ်အုံမကြည့် ဗိုးရှိ ဆရာတော်ကြီး၏ အစဖွဲ့ပုံ အကျဉ်းချုပ်ပါသည်။

သမာဝိအခန်းမှာ ပကတ်ကြီးစားကားကုတ်ရန် ဝိုပါတ္ထန်းပုံမှာ—

နာမရှုံ ဂကာလဉ္စ၊ ကဒ္ဒဟို ဝိယဿသ။
မဂ္ဂဟိတုံ ဇတာ သာဇခဒ်၊ ဒုပ်ကာ ပဓာနတော။

ကေဂလဉ္စနာမံ၊ တဉ်သဂ်ခဒ်သာ နာမ်ဝိုင်း။ ကာဂလဉ္စရှုံ၊သက်သက် သောရှပ်ကိုဂုင်း၊တဒ္ဒယမ်ို၊ထိုရှပ်နာမ်နှစ်ပါးစုံဝိုင်း။ဝိပဿဆ၊မိမိကြိုက်ရာ ရွေးချယ်ပါ၍ ခါခါမကြုံက် လက္ခဏာဂရေးတင်လဉ်၍ အာသပ်ထပ်ရှလိုက်ကြပါကုန်လော့။ တော၊ ရှပ်နာမ်ဟုက် သက်သက်ကိုယ်စီ စုံဂုံရှင်းပြ တိုသုံးပါးတို့သည်။ မဂ္ဂကိစ္စ၊လေးပါးမြဂ်လှ ပဂ်ဂိစ္စတို့။ သာဇခဒ်၊ ဂိုဇလသာကို တခါတည်းဖြတ် ဒဇဿသတ်၍ ပြီးကဂ်ဇစ်ခုံဂုံခြင်း။ ကဿ၊ အသာယ်ဂကြာင့်နည်းဟူမှကား။ နိုပ္ပဒ်ခုံတာ ပဓာနတော၊ ရှပ်နာမ် နှစ်ပြာ သဘာဖြစ်နည်း သံသာကြီးကို ပြုဇင့် ခြင်းသာ ပဓာန ကြစ်ဇေသာဇကြာင့်တည်း။

ဤသို့စသည်ကြင့် အားထုတ်ချင်သော်လည်း လက်ဝဲအမျိုးပျိုးပြ၍ တိုတ် တွန်းခဲ့သည်ဖိုခေသဉ်လည်း ရှည်ပုဘိုးမှ တပုဒ်တိုသာပြုတိုင်သည်။ ဆရာဖေသာ် ဘုရားကြီး ဝိုက်ဘုံးလျှင် ယာပုဒ်ထလုံချင်ဖေအောင် တိုက်ဘုံးတော်မူတော် သည့် အစွမ်းဂုဏ်ပါသည်။

လိုဆနာဇတာ်ဘုရားကြီး သာဇကသား မိုးဂုဏ်း ကာသာဒ်ဘဂုံးပေး ခဲ့သည်မှာ ဆိတ်ငြိမ်ရာ ဇေတဝနာရုပ် ဂိုဂဟ်၌ ထက်ဝယ်ပုံရှခဲ့ ဘုရားအနေကဲ့သို့ လိုဂ်နေလျက် ငါဇ်ဂိုးဇခါင်းပါ၌ လူနဝ်ပါ၏ ဂုဇဘ်အကူးကို ခံတော်မူသို့တ် ဖေသာ မြတ်ရှာဘုရားသည် ဂါဝင်းသုံး ဇနထိုသူကို ဇအောက်မေ့မှတ်တ၍ ၌ ဝစီကံဖြင့်မမြွက်ပဲ စိတ်ဖြင့်သာ "အရဟံ- အရဟံ" ဟု အဖန်ဖန် နှလုံးသွင်းရ

မည်။ သူ့ဦးလျှပ် သဒ္ဒါရှင်လန်းချွန် မြတ်စွာဘုရား၏ သဏ္ဌာန်တော် ဂုဏ်တော်ကို ပိုင်းခြားထင်ထင် ကွင်းကွင်းကွက်ကွက် သဒ္ဒါတရား တိုးတက်၍ အချက်ကျ ထင်လာမြင်လာလိမ့်မည်။ ထင်လာမြင်လာသော် ဥပစာရ သမာဓိရအောင် ကြပ်ကြပ်ကြီး အားထုတ်ရမည်။အာ၊ထုတ်တိုင်းထင်ပြီးသော နိမိတ်တွင် အာရုံစူးစိုက်၍ မြဲစေရမည်၊ သမာဓိမြဲက ဩမာဓိခန်း ပြည့်စုံမည်။

သမာဓိရသော ပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိအာရုံ၌ ဝိပဿနာသို့တက်၍ ရှုကုန်၏။ ပုဒ္ဓါနုဿတိ၏အာရုံဖြစ်သော ရုပ်အစုသည် ရုပ်မည်၏။ထိုရုပ်ကို အာရုံပြု၍ ရှုပံ အနိစ္စံ၊ ဤ ပညာ၏ သဘာဝ အားဖြင့် ထင်လာ မြင်လာသော ရုပ်သည်၊ အမြဲမရှိ အမြဲမရှိဟု အဖန်ဖန် ဆင်ခြင် အောက်မေ့ကြည့်ရှုပွားများရာ၏။ ဤကား—ရုပ်ရှုပံတည်း။

နာမ်ရှုပံကား-ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အာရုံပြုသော မဟာ ကုသိုလ် စိတ်သည် နာမ်မည်၏။ ထိုနာမ်ကို နာမံ အနိစ္စံ၊ နာမံ အနိစ္စံ၊ ဤသို့ အောက်မေ့ခြင်း သဘောဟု ဆိုအပ်သော နာမ်သည် အမြဲမရှိ၊ အမြဲမရှိဟု အဖန်ဖန် အောက်မေ့ ကြည့်ရှု ပွားများရာ၏။ ဤကား နာမ်ရှုပံတည်း။

အမြွက်မျှဖြစ်သော ဗုဒ္ဓါနုဿတိ ပွားများနည်း သာသနာ့အမွေထားခဲ့လေသည်။

မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားနေသော ပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ကုန်ပြီးသော ဗုဒ္ဓါနုဿတိပွားသောအတိုင်း နေထိုင်၍(မရဏံ မေ ဘာဝိဿတိ) မေ။ ငါ့အား။ မရဏံ၊ သေခြင်းသည်။ ဘာဝိဿတိ၊ ဖြစ်လတ္တံ့ ဟူ၍သော်ငင်း၊ ငါသေလိမ့်မည်၊ ငါသေလိမ့်မည်ဟူ၍ငင်း အခါခါအထပ်ထပ် မပြတ်အောက်မေ့၍ နေရမည်။ ဤကဲ့သို့ အဖန်ဖန်ပွားများသောသူသည် ယခုချက်ချင်း သေရတော့မလိုလို၊ နံနက်သေရတော့မလိုလို၊ ညနေသေရတော့မလိုလို၊ နက်ဖန်သေရတော့မလိုလိုနှင့် စိတ်အာရုံမှာ ထင်၍လာလိမ့်မည်။ ဤကဲ့သို့ မရဏာနုဿတိကို ကျင့်၍လာသောသူသည် သားမယား၊ ကျွဲ၊ နွား၊ စပါး၊ ရွှေ၊ ငွေ၊ ဥစ္စာ အဝတ်တန်ဆာ တပည့်သား သပိတ်ပရိက္ခရာတို့မှစ၍ မိမိခန္ဓာကိုယ်ကြီးကိုပါ မခင်တော့ပြီ၊ ပတ္တယ်ထားတော့ပြီ။ မနှစ်သက် မစုံမက်တော့ပြီ။ အကုသိုလ် မပြုဝံ့၊ မလုပ်ဝံ့တော့ပြီ။ ဤမရဏာနုဿတိ၌ ဝိပဿနာရှုပုံကား—

ထိုသေခြင်းကို အောက်မေ့သောအတိုင်းသည် နာမ်မည်၏။ ထိုနာမ်၏ တည်ရာ ဝတ္ထုရုပ်ကိုလည်း ရုပ်မည်၏။ ထိုရုပ်နာမ်ကို လက္ခဏာရေး သုံးပါးတို့ဖြင့် အဖန်ဖန်အထပ်ထပ် ရှုလေ။

ဤကဲ့သို့ မရဏာနုဿတိကို ရှုခြင်းဘာသည် နိဗ္ဗာန်တိုင်အောင်ထိသော အကျိုးကို ပေးစွမ်းဟု မြတ်တော်မူခြင်းငှာ—

မရဏာသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ၊ မဟာနိသံသာ အမတောဂဓတာ အမတပရိယောသာနာ—ဟု အင်္ဂုတ္တိုရ်၊ ဒု၊ ၂၆၈-၌ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ မရဏာသတိ၊ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ခြင်းဟု ဆိုအပ်သော မရဏာသတိကို။ ဘာဝိတာ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိ၏။ မဟာနိသံသာ၊ များသောအာနိသင်ရှိ၏။ အမတောဂဓတာ၊ နိဗ္ဗာန်သို့ရောက်စေတတ်၏။ အမတပရိယောသာနာ၊ နိဗ္ဗာန်သာလျှင် အဆုံးရှိ၏။

ဤကား မရဏာသတိပွားများနည်း သာသနာ့အမွေ ထားခဲ့လေသည်။

အဋ္ဌကကမ္မဋ္ဌာန်းကို အကျဉ်းရှုနည်း

အဋ္ဌကကမ္မဋ္ဌာန်းကို ရှုလိုသောသူသည် သင်းချိုင်း သုသာန်သို့ သွားပြီးလျှင် တွေ့ရာအရိုးဟိုကို ကောက်ယူဆက်စပ်၍ ရှုကြည့်ရမည်။ ခြေရိုး၊ လက်ရိုးစသည်တို့ တကဲ့တပြားမဖြစ်ယေးသော တကောင်လုံး ဆက်စပ်လျက် တွေ့လျှင် သာ၍ပင် ကောင်းသည်။ ထိုသို့ တွေ့သောအရိုးကို သင်းချိုင်းသုသာန်၌ပင်ရင်း၊ တောချုံ၊ သစ်ပင်ရင်းကျောင်း၊ အိမ်သို့ဆောင်ယူ၍သော်ငင်း ရှုကြည့်ရပေသည်။ ရှုဟန်ကား ဂုံးအရိုးကို မိမိ၏ရှေ့တွင် မိမိသဘောကျသလို ထားပြီးလျှင် မိမိအားရသလိုနေ၍ ရှေးဦးစွာ ထိုအရိုးကို စေ့စေ့ကြည့်၍ (အဋ္ဌ-အဂ်ိ)ဟူ၍ဂု်း၊ (အာရိ-အရိုး)ဟူ၍ဂု်း နှုတ်ကမမြွက် စိတ်သက်သက်ဖြင့်သာ အောက်မေ့ရမည်။ အောက်မေ့ဖန်၊ ရှုဖန်များ၍ ထိုအရိုးစုကြီးကို ကွက်ကွက် ကွဲကွဲ ပိုင်းပိုင်း ခြားခြား မှတ်သားထင်မြင်၍ လာသောအခါ မျက်စိကိုမှိတ်၍ကြည့်လိုက်၊ ဖွင့်ပြည့်လိုက်၊ မှိတ်ကြည့်လိုက်၊ မမှိတ်တမှိတ် မှေးမှေးပြု၍ ကြည့်လိုက်နှင့် အဖန်ဖန်ရှုရမည်။ ဤကဲ့သို့ ရှုဖန်များသဖြင့် မိမိစိတ်အာရုံ ဝိတက်တို့လည်း တဖြေးဖြေးကြီးမြင့်၍တည်ကြည် ကြည်လင်၍လာလိမ့်မည်။

ထိုအခါ ပရိကမ္မနိမိတ်အောင်မြင်ပြီဟူ၍ မှတ်၊ ဤကဲ့သို့ ထင်မြင်ချက်လာလျှင် မျက်စိဖွင့်ခြင်းကိုဂုဏ်၊ မှေးမှေးပြုခြင်းကိုဂုဏ်၊ ပယ်၍ မှိတ်၍ သာလျှင် ရှုရမည်။ ထိုအခါဖွင့်ကြည့်သောအခါကဲ့သို့ မြင်ရလတ္တံ့။ ထိုသို့မြင်သောအခါ ဂုဏ်းအရိုးရှိသော အရပ်မှတပါး အခြားသော အရပ်ဘက်သို့ မျက်နှာပြု၍ ရှုရမည်။ ထိုအခါ မိမိမျက်နှာလှည့်ရာအရပ်သို့ အရိုးစုကြီးလိုက်၍နေဘိသကဲ့သို့ မိမိရှေ့၌သာ ထိုအရိုးစုကြီးကို မြင်လတ္တံ့။ ထိုအခါ ဥဂ္ဂဟနိမိတ်သည် ကောင်းစွာထင်ပြီဟု မှတ်။ ဂုဏ်းဥဂ္ဂဟနိမိတ်သည် ပရိကမ္မနိမိတ်နှင့် တပ်တူပင် မြင်ရ၏။

ဥဂ္ဂဟနိမိတ်ရပြီးသော ပုဂ္ဂိုလ်အား အရိုးစုဖြစ်သော ကမ္မဋ္ဌာန်းရုပ်ကောင်ကြီးကို မလိုဖော့ပြီ။ မိမိရပြီးသော် ဥဂ္ဂဟနိမိတ်အတိုင်းသာ ရှုရှိုရှိုတော့သည်။ အိပ်၊ ထိုင်၊ ရပ်၊ သွား၊ စားသောအခါ စသည်တို့၌ပင် ထင်မြင်ရတော့၏။ ဒီဟိတ်ပုဂ္ဂိုလ်များသည် ဤဥဂ္ဂဟနိမိတ်ရအောင် ထင်မြင်အောင် ပွားများနိုင်ကြ၏။ အားထုတ်မှ မြင်နိုင်သည်။အားမထုတ်လျှင် မမြင်။ ထို့ကြောင့် ကြပ်ကြပ်ကြိုးစား၍ အားထုတ်လေ။ ဥဂ္ဂဟနိမိတ် ဖအောင်မြင်စွာထင်လျှင် ပရိကမ္မဥပစာသမာဓိစျာန် ရပြီဟူ၍မှတ်။

ရှုပွားဖန်များသော် ထိုအရိုးစုသည် စက်ဆုပ် ဖွယ်မထင်၊ ကြည်လင်သန့်ရှင်းစွာဖြစ်သဖြင့် အလွန် ရှုကြည့်ဖွယ်ဖြစ်လာ၏။ ပျင်းရိခြင်း မရှိတော့ပြီ။ ဥပမာကား—မှန်ချပ်ကြေးမုံကို ရှုကြည့်သကဲ့သို့တည်း။ ထိုသို့ မြင်လာသော အရိုးစုကို ပဋိဘာဂနိမိတ်ဟု ခေါ်၏။ ဤသို့ထင်သော ပုဂ္ဂိုလ်ကို တိဟိတ်ဟူ၍မှတ်။ ထိုပဋိဘာဂနိမိတ် ထင်လာသည်နှင့် တပြိုင်နက် နိဝရဏ ၅-ပါးတို့သည် ဝေးဝေးကြီး ကွာသွားကြ၏။ ထိုသို့ နိဝရဏကွာ၍ စိတ် ကြည်လင်စွာဖြစ်သည်ကိုပင် ပဋိဘာဂနိမိတ် ထင်သည်မှစ၍ အပ္ပနာဇောမကျခင် အပ္ပနာဝီထိ၌ အကြိုးဝင်သော ဂေါတြဘူဇောကျသည် တိုင်အောင်သော သမာဓိစျာန်တို့သည် ဥပစာရသမာဓိနယ်မည်၏။ အဖန်ဖန် အားထုတ်ပွားများလေသော် အပ္ပနာစျာန်ကို ရလေ၏။ ထို အင်္ဂကကမ္မဋ္ဌာန်းသည် ပထမစျာန်ကိုသာလျှင် ရနိုင်၏။

အင်္ဂါနှစ်မျိုးစလုံးပင် ဝိပဿနာတင်ပုံကား— ၎င်းအရိုးစု၌ အကူမြူမှုန့်၊ ဖုံမှုန့် ပမာဏမျှသော ရုပ်ကလာပ်မှုန့်ကလေးတွေ့ စုပေါင်း၍ နေ၏။ ထိုရုပ်ကလာပ်မှုန့်ကလေးတွေ့ တထောင်းထောင်း၍ တသွင်သွင် ပျက်စီး၍နေသည်ကို အနိစ္စ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ရမည်။ ဤကဲ့သို့လျှင် အင်္ဂကကမ္မဋ္ဌာန်းပွားနည်း သာသနာ့အမွေ ထားခဲ့လေသည်။

မှတ်ချက်။ ။ကျေးငှားရှင် ဆရာတော်ဘုရားကြီးသည် အင်းမကြီး တောကျောင်း၌နေစဉ် ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၍ ထင်ရှားသော လူတယောက်သောသူ၌ သုသာန်၌ မြုပ်ထားသည်ကို သတိနှင့်ပြည့်စုံသော ဒါယကာတယောက်ကို ညအခါ၌ သုသာန်သို့သွား၍ ထိုဒါယကာ အလောင်းကို တူးဖော်၍ ယူခဲ့ရန် လွှတ်လိုက်သောအခါ ထိုဒါယကာသည် သွား၍ မြေပုံကို တူးပြီး ကုန်းပေါ်သို့ ဆွဲတင်ပြီးလျှင် ထိုဒါယကာအလောင်း ထင်မှတ်၍ ကျောဖြင့် ပိုးပြီးယူဆောင်လာခဲ့ပုံ ပမာဏသို့ ရောက်သောအခါ အလောင်းကို ကျောင်းဝိုင်းစဉ် ချ၍ ဆရာတော်ကို လျှောက်၍ ပင့်ပြီး ကြည့်ရှုစေသည်။ ထိုအခါ ခိုင်းအပ်သော ဒါယကာ၏ အလောင်းကောင်မဟုတ်၊ ဒါယိကာမ အလောင်း ဖြစ်နေသောကြောင့် “ဟဲ့—ဒါယကာကြီး၊ နင့်ဟာက မိုးမ

အလောင်းကြီးပါလား”ဟု ဆို၍ ဆရာတပည့်နှစ်ယောက် တို့သည် ရယ်မောကြလေသည်။

ရယ်မောပြီး ထို အလောင်းကို သူ့နေရာသူ ပြန်မြှုပ်နှံ၍ ထိုင်အပ်သော အလောင်းကို ရှေးနည်းအတိုင်း တူးဖော်၍ ယူဆောင်လာပြီးလျှင် ဆရာတပည့်နှစ်ယောက် အသားတို့ကို လှီးခုံခြစ်ချ၍ ပြောင်အောင်ပြုပြီးလျှင် ဒယ်ဖြုတ်ပြုတ်၍ ပြောင်စင်သောအခါ ပကတိ အရိုးအတိုင်း သူ့နေရာနှင့်သူ ဆက်၍ အရိုးစုကြိုး ပြုပြီးလျှင် ကမ္မဋ္ဌာန်း ရှုတော်မူသည်။ ဤမျှသာမက သိမ်ဟောင်တိုက်သို့ ပင့်ဆောင်၍ ထားခဲ့သည်မှာ အထင်အရှားပင် ဖြစ်သည်။ ယုံကြောင့် ဆရာတော်ဘုရားကြီးသည် အဋ္ဌကထာကို လွန်စွာ ကြိုးစားခဲ့ပုံ ရသည်။ ၎င်း အဋ္ဌကထာသည် ကြိုးစားအားထုတ်ထိုက်သော ကမ္မဋ္ဌာန်းဟု စာရေးသူ ယူဆသည်။

ယူဆရခြင်း အကြောင်းမှာ—စာရေးသူသည် အခါတပါးဌ္ဌ စိတ်အားငယ်၍ ညတွင် အိပ်မရသောရောဂါ စွဲကပ်ခဲ့ဘူးသည်။ ရင်ခုန် နှလုံးတုန် ရောဂါမျိုးလည်း ခံစားခဲ့ရသည်။ အေးချမ်းသော ပြာသိုလပင် ဖြစ်လင့်ကစား စိတ်အားငယ်၍ တပည့် ရဟန်းများကို မီးဖို ဖို၍ စကားပြော၏။ မိမိသည် ဓောင်ခြုံ၍ အိပ်သောအခါ ခဏမျှ အိပ်ပျော်၍ ခွေးမျှားယိုစီး ထွက်ပြီး နိုးလာပြန်သည်။ ထိုအခါ ငါယည် သေရအံ့လောဟု နှလုံးသွင်း ထိတ်လန့်ခြင်း ဖြစ်လာသည်။ တောထွက်ခြင်းငှါ သင်္ဂါဟု နှလုံးသွင်းမိ၏။ ညစဉ် ညစဉ် ဖြစ်ပေါ်သော်လည်း နှစ်ခြောက်လ စာသင် စာချ မပျက်ပေ။ ကိုနောက် ခေးဆရာတို့ဖြင့် ကုသလျှင် ဆေးဆရာက နံနက် ဆေးတောထ၍ ရေချိုးခိုင်း ခြင်း၊ ဆေးအမျှားကို တိုက်ခြင်း၊ အစာဆေးမျှားကို ကျွေးခြင်း ပြုသော်လည်း မသက်သာပေ။ ထို့နောက် တပည့်ရဟန်းများက ဒေါက်တာစိုးမြင့်ထံ ပို့၍ ဆရာကို စုံစမ်းသောအခါ ဆရာကို ရှာမတွေ့။ ဟို့ကြောင့် မနက်ကျည်းဖျားရသည် သောက်ပါဟု ညွှန်ကြားခဲ့လေသည်။ သို့သော်လည်း ဆရာ မသက်သာ။

သိမ်တောင်တိုက်သို့ ရောက်သောအခါ မာတိကာ ယမိုက် ညဝါကျမ်းများကို ချနေစဉ် တနေ့သောအခါ ကပ္ပိယတယောက် သေသဖြင့် ဆူးပုတ်တောင်သို့ အသုဘရှု အပို့သွားရာ မြှုပ်ရန်ကျင်းတူးသောအခါ၌ ကျင်းဟောင်းကို တူးမိသဖြင့် အရိုးများ တွေ့သောအခါ ထိုအရိုးတို့တွင် ဦးခေါင်းရိုးတခုကို ယူ၍ မသာပို့သောသူများ ပြန်သွားပြီးနောက် ချုံစပ်မှာချ၍ အကြိမ်ကြိမ် ရှုကြည့်သည်။ ရှုကြည့်ပြီး၍ နေရာကျောင်းသို့ ရောက်သောအခါ ဘုရားဝတ်တက်ပြီး၍ နောက်ယမိုက်စာချရန်သံချောင်းခေါက်ပြီး စာချကုလားထိုင်ပေါ်၌ နောက်သို့မှီ၍ ညနေကကြည့်အပ်ခဲ့သောအရိုးစုကိုပြန်၍ အာရုံပြုသည်။ ထိုအရိုးစု

ထင်လာပြီး အလွန်စိတ်ကြည်လင်၍ နေလေသည်။ ထိုအခိုက်မှာ စာသင်သော ကိုယ်တော်မျှားသည် စာဆို၍ပြီးသည်ကို စာချသူသည် မသိလိုက်။ ထိုအခါ စာဆိုသူမျှားက အိပ်ပျော်နေသည်ထင်၍ ပြင်းပြင်းထန်ထန် ချောင်းဆိုးခြင်း ပြုကြသည်။ ထိုအခါမှ သိ၍ စာဆိုခိုင်းသောအခါ ဆိုပြီးပြီဟု လျှောက်ကြသည်။ ပစ္စုပ္ပန္နအနာဂတဝါရကို အနည်းငယ်ချ၍ စာဝါကို သိမ်းပြီး အိပ်ရာတွင် နှလုံးသွင်းပယ်း အိပ်ပျော်သွားတော့သည်။ လိုနောက် ၎င်းရောဂါသည် ယနေ့တိုင်အောင် မပေါ်လာတော့ပေ။ ထို့ကြောင့် ဆရာတော်၏ သာသနာ့အမွေကို စာရေးသူကိုယ်တိုင် ခံစားခဲ့ရပေသည်။

ဥပလက္ခဏာ အနည်းငယ်မျှ ဖြစ်သော အာနာပါန ကမ္မဋ္ဌာန်း ရှုပုံပြပေအုံ။ ထိုအာနာပါနကို အားထုတ်ပွားများလျှင်ပင် သတိပဋ္ဌာန်ကိစ္စ ပေးပါးလုံးပြီး၏။ ပေါဇ္ဈင်ခုနစ်ပါးလည်း ပြည့်စုံ၏။ ပေါဇ္ဈင် ခုနစ်ပါးကို ပွားများသည် ရှိသော် မင်္ဂလေးပါး ဖိုလ်ပေးပါသို့ ဆိုက်ရောက် နိုင်၏။ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းရန်နည်းကို ဆိုအံ့။

ထွက်လေ ဝင်လေ ထိရာဌာနတွင် ထင်ရှားရာ တခုခုကို မှတ်၍ ထွက်သက် ဝင်သက်လေ ထွက်လျှင်ထွက်မှန်းသိ၊ ဝင်လျှင် ဝင်မှန်း သိစေ၍ ထွက်တိုင်း ဝင်တိုင်း တွက်ဝင် ထွက်ဝင်ဟု မနောဖြင့် မှတ်၍ နှလုံးသွင်းရမည်။ သွင်းဖန်များသော် စိတ်သမာဓိရ၍ အာနာပါန ကမ္မဋ္ဌာန်း၌ ထင်လာ မြင်လာမြဖြစ်သော တဆယ့်နှစ်ပါးသော နိမိတ်တို့တွင် လျော်ရာ ထင်လာလိမ့်မည်။ ကြပ်ကြပ်နှလုံးသွင်းကြ။ ဤထင်သော နိမိတ်တို့တွင် ဝါဂွမ်းစိုင်၊ လေအယာဉ်၊ ကြယ်ရောင်၊ ပတ္တမြားလုံး၊ ပတ္တမြားကုံး၊ ပတ္တမြားသွယ်၊ ပုလဲလုံး၊ ပုလဲကုံး၊ ပုလဲသွယ် ကဲ့သို့သော နိမိတ်တို့သည် ပဋိဘာဂနိမိတ် မည်ကုန်၏။ ကြင်းသော နိမိတ်တို့သည် ဥဂ္ဂဟနိမိတ်မည်ကုန်၏။

ဤပဋိဘာဂနိမိတ်ထင်သည့်တိုင်အောင် အနုပဗန္ဓနာ နည်းဖြင့် အားထုတ်ရာ၏။ ပဋိဘာဂနိမိတ်ထင်လျှင် ဌပနာနည်းဖြင့် အားထုတ်ရာ၏။ ပဋိဘာဂနိမိတ်မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ တဖန် ထင်မြင်ရန်လည်း ခက်ခဲ၏။ ထို့ကြောင့် ထင်မြင်သောပဋိဘာဂနိမိတ်ကို မကွယ်မပျောက်စေ၍ တနေ့တခြား ပွင့်လင်း၍ လာအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက် ဖိစီး၍ စိတ်တွင် ထားခြင်းသည် ဌပနာမည်၏။ ရှုပါဝစရ စတုဗွီစျာန်တိုင်အောင် အားထုတ်ရာ၏။

အာနာပါနကမ္မဋ္ဌာန်းမှ ဝိပဿနာဟတ်ပုံမှာ ဤထွက်သက်လေ ဝင်သက်လေ နှစ်ပါးသည် ရူပကာယဖြစ်၍ ရူပက္ခန္ဓာမည်၏။ ဝါယောလေခတ် မည်၏။ ထိုထွက်သက်ဝင်သက်ဟုဆိုအပ်သောရုပ်ကို ဗဒ္ဓထွက်တချက်အဝင်တချက်

ဝိပဿနာဖမ်းရ၏။ ဖမ်းပုံကား ထွက်သောအခါ အပျက်တချက်၊ ဝင်သော အခါ အပျက်တချက်၊ ထင်အောင်ရှုရမည်။ ဤကား အနိစ္စတည်း။ ဒုက္ခ အနတ္တတို့မှာ လွယ်လတ္တံ့။ ထိုထွက်သက် ဝင်သက် လေနှစ်ပါးကို မှတ်သော အာရုံပြုသောစိတ်သည် နာမ်မည်၏။ ထိုနာမ်ကိုလည်း အလွတ်တချက်၊ အဝင် တချက် ထင်အောင်ရှုလေ၊ ဤသို့လျှင် အာနာပါန ကမ္မဋ္ဌာန်း ပွားနည်း သာသနာ့ အမွေ ထားခဲ့လေသည်၊ အကျဉ်းချုပ် ပြသော အာနာပါန ရှုပုံ ပြီး၏။

စာရေးသူသည် အာနာပါနစသော ကမ္မဋ္ဌာန်း ပျားကို ရဟန်းတိုင်း လူတိုင်း အားထုတ်သင့်သည်ဟု ယူဆယုံကြည်လျက် ရှိ၏။ ရှိခြင်းအကြောင်းမှာ စာရေးသူသည် သိမ်တောင်တိုက်ခဲ့ ပေသမမမှာရုံ စာသင်တိုက်၌ စာချနေစဉ် သိမ်တောင်သို့လာရန် ခေါ်ပြီး စာရေးသူအား သိမ်တောင် စာချတာဝန်ကို ထမ်းဆောင်စေသည်။ ဦးသုဇနအား သာမဏေယျကျောင်းသားများကို ထိန်း သိမ်းစေသည်။ ဦးဝါယမိန္ဒအား တရားဟော တာဝန် ထမ်းဆောင်စေသည်။ အခါတပါ၌ တိုက်အုပ်ဆရာတော် ဦးနရိန္ဒသည် သံဃဂြိုဟ်ဝင်၍ တော ထွက်ချင်သည်ဟု စာရေးသူကို တိုက်တာ တာဝန်ထမ်းဆောင်ရန် "ဘုရား လောင်းကြီး ရဲ့ ခွင့်ပြုစမ်းပါ" ဟု အကြိမ်ကြိမ် ပြောဆိုသည်။

ထိုဆရာတော်သည် ပြတ်သားသည်။ပရိယတ်ကို အသေးဆောင်ကောင်း သည်။ မာတုဂါများနှင့် ပေါင်းသင်းရာ၌လည်း အမျင်မဆွဲ ရှင်းလင်းစွာ ပြောဆိုလေ့ရှိသည်။ သို့အတွက် စာရေးသူ စိတ်ပါ သဘောကျ ဂိုဏ်ဘာဂ ရေပြိုမ်းသော သိမ်တောင်တိုက်ကြီးသည် ထိုပုဂ္ဂိုလ်နှင့်သော အသင့်တော်ဆုံးဟု ယူဆခဲ့ပေသည်။ထိုပုဂ္ဂိုလ်တို့က်ကာမှတ်မသွားစေရန် ကိုယ်ပေါ်တောထွက် လျှင် တရည့်တောင်ရှာပြန်မည်ဟု လျှောက်ထားသည်။ မရသောကြောင့် သိလ ရှင်များကို ငိုယိုပြီး မျက်ရည်ဖြင့် လျှောက်ထားခိုင်းသည်။ ခိုင်းသည့်အတိုင်း လျှောက်လာသော အခါ ထိုဆရာတော်က ငါသင်တို့ကို သူတော်ကောင်း ပရိသတ်ကြော့ပါ မုဒေထားသည်။ ယခုတော့ သူတောကောင်းတွေ မဟုတ ဘဲ သာသနာဖျက်ဆီးသမားတွေ စသည်ဖြင့် မိန့်တော်မူလျှင် မလျှောက်ရဲ ကြတော့ပေ။

ထိုအခါ စာရေးသူက ဒီလို တောထွက်ချင်ရင် ကိုးတောင်ပြည့် ဆရာ တော် ဦးဃောသိကကို သိမ်တောင်သို့ ရောက်အောင် ပင့်ဆောင်ပါ။ ထိုကိုယ် တော်ကို အရှင်ဘုရားကဲ့သို့ ရှိသေလုပ်ကျွေးပါမည်။ တပည့်တော်က လူကြီး မလုပ်ချင်ပါဟု အကြိမ်ကြိမ်လျှောက်ထားသည့်အတိုင်း ပင့်ဆောင်၍ ရရှိခဲ့ပါ သည်။ ရရှိရှိ ရောက်သောအခါ စာရေးသူ ကိုယ်တိုင် ထိုအရှင်ထံ တပည့် ပြုမိရန် ဆံသုံးမက် သမားတော် နိဒ္ဒေသကို အနည်းငယ် ဟက်ခဲ့ပါသည်။ တပည့်များ

ကိုလည်း ကိုယ်တော်တိုင် တပည့်ဖြစ်ရန် စာဂ ါများတက်အောင် စီမံပြီးသော အခ ါ တောထွက်ကြွလို၀ ါက ကြွနိုင်ဖ ကြောင်း ဖလျာက်ထားရာ ထိုတိုက်အုပ် ဆရာတော်သည် ပရိက္ခရာများ ပြင်ဆင်၍ စားရန် ဆေးများကိုလည်း ထုတ် ဆောင်၍ ပေးပြီးလျှင် သိမ်တောင်တိုက်မှ တော၀ထွက်သော ပုဂ္ဂိုလ်ဖြစ်သော ကြောင့် လိုက်မပို့တော့ဘူး၊ ကိုယ်ဟာ့ ဖာသာ ကိုယ်တော် ကြွတော့ဟု လျှောက်ထားလိုက်သည်။

ဆွမ်းစားကျောင်း၌ ညနေကျသောအခ ါ ၎င်းဆရာတော် ဖျား နေသည်ကို တွေ့ရပါသည်။ ထို့အဖျားဖြင့် နှစ်လ သုံးလ လယ်ဟိစကြိုကြိုးမှာ ဆေးကု၍ နေပါသည်။ ဤသို့ဖြစ်ခြင်းကား တောကျောင်းမှာ တောထွက် သည်ကို နတ်မကြိုက်ပဲ ဖြစ်သည်ဟု စာရေးသူက ရိပ်ရာ လျှောက်ထားပါ သည်။ ၎င်းကို ရဟန်းဟကာဇကျောင်းဝင ် သံဃတာကျောင်း၌ နေစေသည်။

ထိုအခ ါ နတ်များက ကိုယ်တော် ဒီကျောင်းက ထွက်သွားဟု လျှောက် ထားလေသည်။ ထိုအခ ါ ကိုယ်တော်က ငါ ဆရာဦးပဏ္ဍိတကို လျှောက် ပြီးပြီ။ ကိုယ်တော် သွားဖတ၀ ဟု နတ်ဆိုသောအခ ါ ကိုးကွယ်ရာမရဖြစ်၍ ည နှာရီပြန် ကချက်တီးလောက် စာရေးသူတ ံ မောကြီး ပန်းကြီးဖြင့် ရောက်လာသည်။ ထိုအခ ါ ကိုကိုယ်တော်သည် ပရိသတ်နှင့်လည်း ပေါင်း မဖြစ်။ တပါးတည်းလည်း နေမဖြစ်၊ စိတ်ချောက်ချား၍ တပို့တဲလပြည့် အဖိတ် နေ့လောက် အချိန်အခါ၌ ကိုကိုယ်တော်၏စိတ် ပြုမ်သက်ရန် စိတ်ဖျော်ဖြေ ရန်တကြောင်း၊ အညောင်းပြေရန်တကြောင်း ဤ ဗဒကြောင်းများကြောင့် အင်းမကြီး တောကျောင်းသို့ ထွက်ခဲ့လေသည်။

အင်းမကြီး ရောက်သောအခ ါ ထိုကိုယ်တော်လည်း စိတ်ပျော်မွေ့သည်။ စာရေးသူလည်း ငါလည်း ပျော်မွေ့ပါသည်ဟု နှစ်ဦးသဘောတူနေ၍ ငါးရက် ခန့်ကြာသောအခ ါ စာများကို ရေး၍ သိမ်ဟောင်တိုက် ဆရာတော်နှင့်တကွ သမဂ္ဂအပေါင်း သိလရှင်အပေါင်းတို့ထံ အင်းမကြီး တောကျောင်း၌ ပျော် သရွေ့နေရန် ခွင့်ပန်ပြီး တောထွက်ဖြစ်တော့သည်။ တလခဲ့ ကြာသောအခ ါ ဦးကောလိတသည် သူ့ရွာမှ ဒါယကာ-ဒါယိကာမများက ကားကြီးဖြင့် လာပင့်၍ ပရိသတ်များနှင့်အတူ ပြန်ကြွသွားလေသည်။

စာရေးသူသည် ထိုအင်းမကြီးတိုက်၌ရှိသော ရဟန်းကြီးနှစ်ပါးနှင့် ပရိ-သတ်များကို နေသရွေ့ ကာလပတ်လုံး သိလမဖေး၊ တရုးမဟော၊ စာမချ၊ အဖူးအတွေ့မခံ။ကောသနိုက် ပတ္တပိုဖော်ရုပ်ပဲ နေထိုင်ပြီး၍ အင်းမကြီး ၀ကြီး ပေါ်မှာ နေ၍ အာနာပါနစသော အမျိုးမျိုးသော ကမ္မဋ္ဌာန်းတို့ကို စာ၀ါ ချသည့်အလား သူ့နာရီနှင့်သူ ပိုင်းခြား၍ အားထုတ်ခဲ့သည်။ နာရီပြန် တချက်ခဲ့အချိန်မှာ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့လေသဖြင့် သွား

ကေဋ္ဌဝသ မေဃည်းကောဋ္ဌသ ရောက်သောအခါ ပျို့၍ ပျို့၍ အန်သော ရုက်က များလာသည်။ ထိုအခါ စဉ်းစားသည်မှာ ငါလည်း နေကောင်းသည်။ အဘယ့်ကြောင့် အန်နေဘိသနည်းဟု စဉ်းစားပြီးနောက် ထိုအချိန်မှာ အာနာပါနကို ပြောင်း၍ အားထုတ်သောအခါ မအန်တော့ချေ။

ဤသို့ဖြင့် ကသိုဏ်း၊ အသုဘ၊ အာနာပါန စသည့် အားထုတ်ရာတွင် အာနာပါနကို အများဆုံး ဂဏနာနည်း။ အနုဗန္ဓနာနည်းတို့ကို များစွာအားထုတ်သောအခါ အားထုတ်ဖန် များသဖြင့် တွက်လေဝင်လေကို နှလုံးမသွင်းသော်လည်း နှလုံးသွင်းသကဲ့သို့ဖြစ်ပြီး အိပ်၍ မရတော့အောင်ပင် ဖြစ်လာ၏။ ကြည်လင်လျက်ပင် ဖြစ်၏။ အိပ်ချင်လာသောအခါ နှာခေါင်းကို လက်နှင့် ပိတ်၍ အိပ်မှသာ အိပ်ပျော်ခြင်းသို့ရောက်၍ လက်များလည်း ဘယ်အချိန် လွတ်သွားသည်မသိ။ ဤသို့လျှင် အားထုတ်နေစဉ် ခြောက်လပြည့်ကာနီးသော အခါ သင်္ကြန်တွင်းရောက်သဖြင့် ဥပုသ်သည် ပရိသတ်များ စုရုံးပြီး စကြံကြီး သို့လာ၍ တရားဟောတော်မူရန် တောင်းပန်ကြသည်။ တားမြစ်၍မရ။ ထိုအခါကျသောအခါ လူများများနေနိုင်သော မန်ကျည်းပင်အောက်တွင် နေစေရသည်။

ထိုအခါက စာရေးသူသည် တရားမဟောတတ်သော်လည်း သေခိယတရားများကို ဟောကြားပြီး ဥပုသ်နေ့တိုင်း ညနေ ငါးနာရီခန့် အတွေ့ခံသည်။ ပရိသတ် များခြင်းသည် အားထုတ်ခြင်း၏ အန္တရာယ်ဟု နှလုံးသွင်းကာ ထိုအင်းမကြီး တောကျောင်းမှ ရုပ်သိမ်း၍ ဒါယကာ ဒါယိကာမတို့ကို ပန်ကြားပြီး သိမ်တောင်သို့ ပြန်ကြွခဲ့လေသည်။ ဤကား ဆရာတော်ကြီး၏ သာသနာ့အမွေကို ခံယူခဲ့ရပေခြင်းတည်း။

အင်းမကြီး သိမ်တောင်ဂိုဏ်းဝင် ဓမ္မာရုံကျောင်းတိုက်တော်၏ သာသနာ့ဝံသသင်္ခေပနှင့် သိမ်တောင်တဂိုဏ်းလုံး၏ အတွင်းရေးမှူး ဟိတဓရန်ာနာဂန္ဓိကာရက ဂန္ဓဝါစက ဘာဝနာစရိယ ဝိနယဓရ ဘဒ္ဒန္တ ပဏ္ဍဝ၏ သာသနာ့ဟိတဓရ သင်္ခေပကထာ

ရှေးမင်းအဆက်ဆက်မှ ယနေ့တိုင် ပေါ်လွင်ထင်ရှားလျက်ရှိသော ဓမ္မာရုံကျောင်းတိုက်ကြီး၌ မှီတင်းနေထိုင်သည့် ဆရာတော်အဆက်ဆက်တို့က သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်ခဲ့ပုံ အကျဉ်းချုပ်။)

ပြည်ထောင်စု ဆိုရှယ်လစ် မြန်မာနိုင်ငံတော် မိတ္ထီလာမြို့နယ် တောမရွာ၊ ထမုံကန်ရွာ ညောင်ပင်သာရွာ ဓမ္မာရုံကျောင်းတိုက်တော်ကြီးဆိုသည်မှာ ရှေးအလွန်ကြာလှသော အခါကပင် ပေါ်လွင်ထင်ရှားခဲ့ပုံပေါ်သည်။ပေါ်လွင်ထင်ရှားရသည့် အကြောင်းရင်းမှာ ဆင်ဖြူရှင် မင်းတရားလက်ထက်က သူကြီးမင်းစသော ရာထူး ဌာနန္တရခန့်အပ်သော စာချုန်တော် ထန်းဖူးခွဲမျှားတွဲရှိရသောကြောင့်ဖြစ်သည်။ ၎င်းဓမ္မာရုံကျောင်းတိုက်ကြီးမှာ အာရာမ အာရာမဝတ္ထု ကျောင်း အရာမ်မြေသည် စည်မျက်နှာပြင်ကြီးကဲ့သို့ ပြေပြစ်ညီညာပြီး ပတ်ပတ်လည် ကျယ်ဝန်းမှုမှာ ရှစ်ကေထက်မနည်း ကျယ်ဝန်းလျက် ရှိပေသည်။

အရှေ့တောင်ထောင့်စမှာ လေးပင်၊ငါးပင်ရှိသောသိမ်တော်အဆောက်အဦတွင် ရှစ်ပေ၊ ကိုးပေခန့်ရှိသော ရုပ်တုတော်ကြီး သုံးဆူသည် ပလ္လင်၊ တံကဲ့တို့ဖြင့် တင့်တယ်စွာ ကြည်ညိုဘွယ်ဆောင်လျက် အရှေ့သို့ မျက်နှာတော်မူလျက် တည်ရှိသည်ကို ဦးကလျာဏလက်ထက်၌ သိမ်ဘုရားတကာ ဦးဝတည်ထား ကိုးကွယ်ခဲ့သည်။ ဦးညိုလှ+ဒေါ်သန်းတို့က သိမ်တော်ကို နောက်ထပ်ပြုပြင်ထားသည်။ထိုသိမ်မှ မြောက်ဘက် တည့်တည့် ကြည့်လိုက်လျှင် အထက်ပိုင်းမှ မှန်စီသင်္ကန်းတို့ဖြင့် ရှင်လန်းကြည်ညိုဘွယ်ရာ အထူးဆောင်သော ဉာဏ်တော် ၂၅ တောင်ခန့်ရှိ စေတီတော်ကြီး နှစ်ဆူကို ကျောင်းဦးစေတီ အဖြစ်ဖြင့် နန်းတွင်းဆရာကော်လက်ထက်က တည်ထားခဲ့ပေသည်။တောင်ဘက်စေတီတော် မဟာရံအတွင်း အနောက်အရပ်ဘို့ မျက်နှာမူလျက် ကျေးဆင်းတုတော်လိုဏ်ဂူနှင့်အထက်မှ နဂါးခုံစေတီတော်ကို ဆရာတော်ဦးဃီလာစာရလက်ထက် ဘုရားတကာ ဦးရွှေစင်က တည်ထားကိုးကွယ်ခဲ့သည်။

၎င်းစေတီတော်ကြီး နှစ်ဆူ၏ ရင်ပြင်နှင့်ညီမျှကျယ်ဝန်းလှသောအလျား (၈၅) ပေ၊ အနံ (၅၅) ပေရှိသော ရတနာတိုက်ကျောင်းတော်ကြီးအတွင်း

အုံမခန်းအဖုံဖုံ ကြည်ညိုဘွယ်မျိုးစုံလှသည့် ရှေးဟောင်းရုပ်တုတော်များ၊စာပေ ပိဋကသုံးပုံ ကျမ်းဂန်အစုံထည့်ထားသော အလျား ၁၀·ပေခွဲ၊ အနံ ၆-ပေခန့်ရှိ ဘီဒိုကြီးတလုံးတို့နှင့် အလျားအနုံညီမျှသော ဝိနည်း ပိဋကတော်စာအုပ်ဘီဒိုကြီး လေးလုံးတို့ကို အားပါးတရကြည်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်။ ပတ်ပတ်လည် ကျောင်းတိုက်ကြီး အတွင်းနံရံမှ ဆရာတော်ဘုရားကြီးသည် ကိုယ်တော်တိုင် မြင်မက်တော်မူသော အိပ်မက်တော်အရ ရရှိအပ်သော ဓာတ်တော်အစစ်များ ကိုအမျိုးမျိုးသော ရတနာကြဲတ်စေတီတော် အရပ်ရပ်တို့နှင့် ကြည်ညိုဖူးမြော်သည့် ပုဂ္ဂိုလ်တို့အား ကြည်ညိုနိုင်စေခြင်းငှာ စီမံ၍ထားသဖြင့် ရုပ်တုတော် အဖုံဖုံအပြင် ရှေးဟောင်းပစ္စည်း၊ ယာခုခေတ်ပစ္စည်း ရှင်သီဝလိရုပ်တုတော်များ၊ ယိုးဒယားနိုင်ငံမှ ငွေပန်းကန် ဂေဆင်းတု အသုံးအဆောင် ပရိက္ခရာစသည့် အစုံစုံ အဖုံဖုံ သွင်းထားသော ပြတိုက်စေတီတော် ၁၇·ဆူအပြင် တပည့် ဒါယကာများ လှူဒါန်းခဲ့ကြသော မှန်စီ၊ ကျောက်စိမ်ရေခူ ရှေးကျလှသော ကျွန်းသေတွာစသော ရှေးဟောင်း ပစ္စည်းများကိုလည်း ကြည့်ရှုဖူးတွေ့နိုင်သည်။ အထက် မျက်နှာကြက် ဆိုလျှင် ရှေးကျလှသော ဖန်ပဒိုင်း၊ ဖန်ပဒေသာ၊ ဖန်ကြိုးကြာဥ ဟိုဖြင့် တန်ဆာဆင်လျက် ရှိပါသည်။

ရတနာတိုက်ကြီး၏ အထက် အနောက်နံရံတလျှောက်မှာ ရှေးမင်းတို့ စံဟန် နေဟန်ဖြစ်သည့် ရှေးပန်းချီကားချပ်ကြီး ၆-ချပ်ကိုလည်း အုံသြစရာ တွေ့မြင်နိုင်သည့်အပြင် ယခုလက်ရှိ ဆရာတော်ဘုရား စီမံရေးဆွဲအပ်သော ယခု ကမ္ဘာ့မြေပုံနှင့် ဘုရားဟော ကျမ်းဂန်လာ တောင်စဉ် ခုနစ်ထပ်နှင့် မြင်းမိုရ် တောင်ပုံ၊ ဇမ္ဗူသဖြူပင်ပုံ၊ ဟိမဝန္တာတောင်၊ အိုင်ကြီးခုနစ်အိုင်တွင် အနော တတ္တအိုင်မှ အင်္ဂါ၊ အနောက်၊တောင်၊ မြောက် သမုဒ္ဒရာများသို့ ရေများ စီးဆင်းသွားပုံ ဇမ္ဗူဒီပါ တောင်ကျွန်းသို့ ဆင်းသက်လာပုံ စသော အုံသြစရာ သဘာဝအဖုံဖုံကို တွေ့ရှိနိုင်ပါသည်။ ခေတ်မီ ပန်းချီကားချပ်ကြီး နှစ်ချပ် အပြင် အနှစ် ၂၀၀-ခန့်က တောင်စဉ်ခုနစ်ထပ် မြင်းပိုရ်တောင်ကြီးကို ပုံတူ ရေးဆွဲထားသော ကားချပ်ကြီးတခုကိုလည်း အုံသြဖွယ်ရာ တွေ့နိုင်ပါသည်။

အနောက် မျက်နှာပြင်တကြည့်လျှင် သိဒ္ဓတ္ထတောဆွက်ခန်း၊ ရုပ်လုံး တော်များကိုလည်း ကြည့်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်။ ၎င်းရတနာတိုက်ကြီး၏ တောင်ဘက်၊ တည်တည့်မလုမ်းမကမ်းတွင် ရှေးဒုက်ရေတွင်းကြီးတတွင်းမှ သန့် ရှင်းကြည်လင် ခဲ့ရှိမြဲလှသော ရေများကို ယခုတိုင် သုံးဆောင်ရပါသည်။ ၎င်း ရေကန်ကြီးတောင်ဘက် မနီးမဝေးနေရာမှာ ရွှေဇီးကွက် မုန့်တိုက်ပိုင်ရှင် ဦးမောင်ကို-ဒေါ်ကြည် မိသားစုတို့က အဝိုးတွင်းတူးပြီး မော်တာရေမှုတ်စက် ထားရန် တိုက်ခန်း၊ ရေချိုးခန်း၊ ၎င်းအပေါ်၌ အုတ်ရေစင်ကို မြင်နိုင်ပါ သည်။ ၎င်းမှ အနောက်ဘက် ရှေးကျောင်းတော်ရာကြီး၏ တောင်ဘက်အစု

တွင် ခုနစ်ပင်၊ လေးပင် ကျယ်ဝန်းသော စကြံကျောင်းကြီးကို ဦးဘိုးသင်-ဒေါ်စောမြတို့က ဆောက်လုပ် လှူဒါန်းထားပါသည်။ ရှေးကျောင်းဟောင်းကြီး၏ အနောက်ဘက်မျက်နှာ၌ ငါးပင်ပတ်လည်ကျယ်ဝန်းသော ဆွမ်းစားကျောင်းနှင့် မီးတင်းကုပ် တဲဖက်လျက် ပဲ့စားကြီး ဦးအုံးမောင်-ဒေါ်ခင်ရီ မိသားစုတို့က ဆောက်လုပ်လှူဒါန်းပါသည်။

ရတနာ တိုက်ကြီး၏ မြောက်ဘက် မျက်နှာတွင် အမြင့် ဉာဏ်တော် အတောင် ၂၀-ခန့်ရှိသော စေတီတော် ၂-ဆူ၏ အနောက်ဘက်ပေ ၁၅၀-ခန့်ကွာဝေးသည့် ဌာနတွင် လေးပင် ငါးပင်ရှိသော ဘုံကျောင်း တကျောင်း ရှိပါသည်။ ရတနာတိုက်ကြီး၏ အနောက်မြောက်ဘက် ပေ ၃၀-ကျော်နေရာတွင် ငါးပင် ခြောက်ပင်ရှိ ဘုရားရှိခိုးကျောင်းကြီးကို ဒေါ်ဖွားအောင်က ဆောက်လုပ် လှူဒါန်းထားပါသည်။

ဘုရားရှိခိုးကျောင်းကြီး၏ အနောက်တောင်ယွန်းယွန်း၌ အရှေ့သို့ မျက်နှာမူလျက် လေးပင်ပတ်လည်ကျောင်းကို ဦးကုလား သားချင်းတစုက လှူဒါန်းထားပါသည်။ ၎င်းရတနာတိုက်ကြီး၏ အနောက်ဘက် တခေါ်လောက်တွင် ဓမ္မာရုံကမ္မဋ္ဌာန်းကျောင်း ၁၀-ကျောင်းရှိသော ရိပ်သာ နယ်မြေရှိပါသည်။

ထိုရိပ်သာထဲတွင် ရေတွင်းအုတ်ကန်တို့ဖြင့် သိုက်မြုံက်စွာ ရှိသည်တွင် သီတင်းသည် သီလရှင် တရားအားထုတ်သော ယောဂီများ နေထိုင်ကြပါသည်။ အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်မှ လှမ်းမျော် ကြည့်လိုက်လျှင် တောအုပ်ကြီး အသွင် အမှုန်ပင်မြင်၍ စိမ်းလန်းလန်း စိုပြေပြေ သစ်ပင်တွေ အမျိုးမျိုးဝိုင်းရံကာ ပေါက်ရောက်လျက် တည်ရှိနေပါသည်။ ဓမ္မာရုံကျောင်းတိုက်ကြီး၏ တောင်ဘက်ဘွင် လေးထပ်ကျောင်းနှင့် ညောင်ပင်သာရွာ ထမံကန်ရွာ တည်ရှိပါသည်။ အရှေ့ဘက်တွင် တောမရွာ၊ အရှေ့မြောက်ဘက်တွင် ပေါက်ပင်သာရွာ၊ မြောက်ဘက်တွင် လက်ပံခေါင်းရွာ၊ အနောက်မြောက်ဘက်တွင် မြပြင်အတတ်သင် အစိုးရလေတပ် စခန်းကြီးတည်ရှိပြီး အနောက်ဘက်မှာ အုတ်ကျင်းရွာနှင့်ပြည်သူ့ချည်မျင်နှင့်အထည်စက်၊ လုပ်သားရပ်ကွက်စသော ဂေဟရုံအသီးသီး အိုးအိမ်တိုက်တာမျိုးစုံတို့ကို တွေ့မြင်နိုင်ပါသည်။

မိတ္ထီလာမြို့ကြီး၏ အရှေ့တောင် ကန်ရိုးရွှေမြင်တင်ဘုရားကြီး၏မြောက်ဘက် သာစည်သို့သွားသော ကားလမ်းမှလွဲလျှင် လေးမိုင်အကွာတွင် တောမစေ့းတန်းသို့ရောက်၏။ တိုစေ့းတန်းမှ မြောက်တည့်တည့် လမ်းမကြီးအတိုင်း လှလျှင် ရွှေစေတီကျောင်း၊ တောမရွာ အနောက်ပေါက် ရောက်၏။ ၎င်းကျောင်း၏ မြောက်ဘက်ဘည်းရိုး လမ်းမကြီးအတိုင်း အနောက်သို့ လှလျှင် ဓမ္မာရုံကျောင်းတိုက်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်၏။

ဂင်းဓမ္မာရုံ ကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့သော ဆရာတော် ဘုရာကြီးမှာ ခလူကန်၊ ဖက်တောရွာဇာတိ ဦးဝိစာရ ဆရာတော် ဖြစ်သည်။ ဂင်းသည် မန္တလေးဘုရားကြီးတိုက် ပဉ္ဇမသံဂါယနာတင် တိပိဋကဓရ ဇာဂရာဘိဝံသ၏ တပည့်ရင်းဖြစ်သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်လည်း ဖြစ်သည်။မင်းတုန်းမင်းက ပထမဆုံး သံဃာတော် ၁၀၀ ပါးနှင့် သာသနာပြု ခန့်အပ်ခြင်းကို ခံရသည်။ မင်း၏ဓမ္မာရုံများဌ် တရားဟောဓမ္မာရုံ ဆရာတော် အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရပြန်လေသည်။ထိုအခိုက်တွင် ယခုကျောင်းတိုက်ကြီးကို တည်ဆောက်ကြသောကြောင့် ဓမ္မာရုံကျောင်းကိုက်ဟု ယခုတိုင်အမည်တွင်လေသည်။ ထိုဆရာတော်ဘုရားကြီးသည် (ဝိစာရလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု)တံဆိပ်တော်ကိုလည်း ရရှိတော်မူပါသည်။

မှတ်ချက်။ ။ရာဇဂုရုဆိုလျှင် မင်းအဆက်ဆက်တို့ ကိုးကွယ်သည်ဟု ယူဆကြသည်။ ယခုတိုင်ဘုရင်မင်းမြတ် ဆက်ကပ်ထားသော တံဆိပ်တော် ရှိပါသည်။ဂင်းဆရာတော် ဘုရားကြီးသည် နန်းတွင်းသူ နန်းတွင်းသား၊ မင်းမောင်းမအပေါင်းတို့ကို ယဉ်ကျေးသိမ်မွေ့အောင် အဆုံးအမ အဟောအပြောကောင်းသောကြောင့် နန်းတွင်းရှိ ဥယျာဉ်တော်မှာ သီတင်းသုံးစေ၍ တပါး သောတံဆိတော်ရ ဆရာတော်တို့နှင့်မဆက်ဆံသောပူဇော်ခြင်းကိုခံယူရပါသည်။ (မင်္ဂလာနန်းတွင်း ဆရာတော်စာ)ဟု တံဆိပ်ပုံးတွင် စာဝိုင်းများ ရိုက်နှိပ်ခါ ဂင်းတံဆိပ်ပုံး၏ အလယ်တွင် ခြင်္သေ့ရုပ်နှင့် တံဆိပ်တုံးကို လက်နှင့်ဆုပ်ပြီး ပေရွက်၊ ထန်းဖူးကို၌ ရိုက်နှိပ်အပ်သော တံဆိပ်တော်တခုကိုလည်း အထူးဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူပါသည်။

ဂင်း ဆရာတော်သည် သီပေါဘုရင် ပါတော်မူပြီးသည့်နောက် သံဝေဂဉာဏ်တွေပေါက်၍ ကျောင်းတိုက်ကြီးနှင့်တကွ ရဟန်းသံဃာအပါး ၂၀၀-ကျော်ကိုကို စွန့်ပယ်၍ တပည့်ရင်းဖြစ်သော ဦးကလျာဏကို အပ်နှံပြီး တောထွက်တော်မူလေသည်။ တောထွက်၍ အားထုတ်ခြင်း ပြင်းထန်လွန်းသဖြင့် ဆရာတော်မှာ အစာအာဟာရနည်းပြီး ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ခဲ့ရလေသည်။ တပည့် ဒါယကာများက လမ်းစဉ်ဖြင့် ထမ်း၍ ကျောင်းတော်သို့ ပြန်ပင့်ပြီး ဒါယကာပြည့်ဖို့ မျှဘစ္ဓာ သီတင်းသုံးနေထိုင်ယင်း ပံ့လှုန်တော်မူလေသည်။

ထို့နောက် တပည့်ခင်း ဆရာတော်ကြီး ဦးကလျာဏက သာသနာတော်ကြီးကို ဆက်လက်ပြီး စောင့်ရှောက်နတ်မူ၍ ဂင်း ဆရာနတ်ဘုရားကြီးလည်း အချိန်အခါသို့ ရောက်သောအခါ ရွှေးဆရာတော်ကြီးနည်းတူ ပံ့လှုန်တော်မူရပြန်လေတော့သည်။

ထို့နောက် ဆရာတော် ဦးသီလာစာရက ဆက်လက်၍ သာသနာ့အကျိုးကို သည်ပိုးထမ်းဆောင်တော်မူခဲ့ပြန်ရာ ချိန်ခါစေ့မြောက် ထို့နေ့ရောက်သော အခါ ထို ဆရာတော်ဘုရားကြီးလည်း ပျံလွန်တော်မူရှာလေသည်။ ထို့နောက် ယခုလက်ရှိ ဆရာတော်ဘုရားကြီး ဦးပဏ္ဍဝသည် ရှေးပဝေသဏီ အခါကစ၍ တည်ထောင်ပြုစုခဲ့ကြသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများအား၎င်း၊ သာသနာတော်ကြီး နေရောင် လရောင်ကဲ့သို့ ထွန်းလင်းတောက်ပြောင်စေခြင်းငှါ၎င်း စေတနာထားပြီး ဆရာတော်ကိုယ်တိုင် မိမိကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် မလျော့သော လုံ့လ ဝီရိယတို့ဖြင့် သာသနာ့ အဆောက်အဦကြီးများနှင့် စေတီပုထိုး၊ ဓာတ်တော်၊ ဆင်းတုတော်၊ ရုပ်ပွားတော် သာသနာ့ အသုံးအဆောင် ပရိဘောဂပစ္စည်း ဝတ္ထု စသည်တို့ကို ပျက်စီးယိုယွင်းမှုနည်းပါးစေခြင်းငှါ အထူး စောင့်ရှောက်ထိန်းသိမ်းလျက် ရှိတော်မူသည်။

ဆရာတော်သည် ဓမ္မာရုံပကိဏ္ဏက ရတနာကျမ်းကို ပြုစုတော်မူသည်။ အဓိပ္ပာယ်မှာ—သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ရောပြွမ်းလျက် စီရင်ရေးသားထားသော ကျမ်းဟု ဆိုလိုသည်။ ထိုကျမ်းတွင် ဓမ္မာရုံ အဘိဏှ ရတနာကျမ်း၊ ဓမ္မာရုံ ဆဆက္က ရတနာကျမ်း၊ ဓမ္မာရုံ သီမရဘနာကျမ်း၊ ဓမ္မာရုံ ခန္ဓရတနာကျမ်း၊ ဓမ္မာရုံ ကထိနရတနာကျမ်းများ ပါရှိလေသည်။

အင်းမကြီး သိမ်တောင်ဂိုဏ်းဝင် ဖြစ်တော်မူသော ထို ကျမ်းပြုဆရာတော်ဘုရားကြီးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း အမင်းမင်းတို့ လက်ထက်မှစ၍ ယခုတိုင် ဖင်ရှင်းကျောက်ကြားလျက်ရှိသော သိမ်တောင်ဂိုဏ်းကြီး၏ တာဝန် အရပ်ရပ်တို့ကို သယ်ပိုး ဝန်းဆောင်ပြီး ထမ်းဆောင်ဆဲဖြစ်သည့်အပြင် ဝမ်းတွင်းသိမ်တောင်တိုက်ကြီးတွင် စာချစဉ်က ဥပေါသထက္ခန္ဓကလာ ဥပုသ်ပြုနည်း၊ ပဝါရဏာပြုနည်း၊ ဝိဘင်္ဂလာပြယုဂ်ဇယား၊ သင်္ဂီဟ်ဆိုရိုး၊ ယမိုက်ဆိုရိုး၊ နာမပဒမလာ စသည်တို့ကို ပြုစုရေးသား၍ သာသနာပြုခဲ့ပါသည်။

မန္တလေးမြို့နေစဉ်က ဆရာတော် ဦးနာရဒ၏ ကခ်ံဝိတရဏီအဋ္ဌကထာကျမ်း၏ ပို့ချနည်း၊ အဓိပ္ပာယ်ပြောနည်း၊ ဆရာနည်းပြကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။ ဓမ္မာရုံကျောင်းတိုက်ကြီး၌ သီတင်းသုံး မွေ့လျော်စဉ် ဓမ္မာရုံ စတုမဂ္ဂရတနာကျမ်း၊ ဓမ္မာရုံပကိဏ္ဏကရတနာကျမ်း၊ ဓမ္မာရုံ အရိယရတနာကျမ်း၊ ဓမ္မာရုံဆဒ္ဒါရရုပ်ခဲ့၊ နာမ်ခဲ့၊ ခန္ဓာခဲ့၊ အာယတနခဲ့၊ ဓာတ်ခဲ့၊ ဣန္ဒြေခဲ့၍ ဝိပဿနာရှုနည်းကျမ်း၊ မိစ္ဆာဒိဋ္ဌိကင်္ခ အနုဝိဇ္ဇကရတနာကျမ်း၊ သံဝါသာဒိ ဝိနိစ္ဆယစာတမ်း ပထမ အာပတ္တာဒိ ဝိနိစ္ဆယ နှစ်ခု၊ ဓမ္မာရုံ ဓမ္မိကာ ဓမ္မိကဒါန သိမ္မတ် စဖွယ် အနုဝိဇ္ဇက ဝိနည်းဓိုရ်မေးစီစစ်ခန်း၊ မြတ်စွာဘုရားသခင်၏ သာသနာတော်ဆုယ်ကြိုးကို ယထာဘူတကျကျ ရှင်းလင်းခန်း၊ မြင်းမိုရ်နေလတို့ကို ဗုဒ္ဓဝါဒ၊

အဋ္ဌကထာဝါဒ၊ ကျမ်းစုံဝါဒ စသည်တို့ဖြင့် ရေးသား၍ သာသနာ့အကျိုး၊ အင်းမကြီး သိမ်ဟောင်ဂိုဏ်းကြီး၏ အကျိုးတို့ကို ယခုသက်တော် ၆၉-နှစ်၊ ဝါတော် ၄၉-ရှိ ဓာရာတောင်ဘုရားကြီးသည် ကြီးမားသော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးထမ်းဆောင်လျက်ရှိသည်။

ဆရာတော်ဘုရားကြီးသည် ယခုအချိန်တွင် ဓမ္မာရုံရတနာတိုက်ကျောင်းတွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးပါး ထွန်းလင်း တောက်ပကြီးပွားတိုးတက်အောင် ကြီးမားသော လုံ့လဥဿာဟဖြင့် ထမ်းဆောင်နေသည့်ပြင် တောမသံဃာအဖွဲ့ကြီး၏ ဦးစီးနာယကတပါးအပါအဝင်ဂိုဏ်း ဂဏတာဝန်များကိုလည်း အခါအားလျော်စွာ ထမ်းဆောင်ရပါသည်။

ထို့ပြင် သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ၏ ကြီးမားသော သာသနာ့ တာဝန်ကြီးများနှင့် မဟာ ဇောတိကာရာပ သိမ်ဘောင်တိုက်ကြီးကို ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သာသနာတော်သုံးရပ် စည်ပင်ထွန်းကား တိုးတက် ကြီးပွားအောင် သယ်ပိုးလျက် ရှိပါ၏ကြောင်း။

ပိတ်ထိလာမြို့ အသောကာရုံ ရေလည်စာသင်တိုက်
သိမ်တောင်ဂိုဏ်း အမှုဆောင်ဆရာတော် ဦးလာဘာဝတ၏
သာသနာဝင် စာတမ်း

ဆရာတော် ဦးလာဘာဝတသည် မိတ္ထီလာမြို့နယ် အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဂဠုန်ကုန်း ရွာ၌ အာဘ ဦးအောင်ဒင်၊ အမိ ဒေါ်လှတို့မှ ၁၂၉၁-ခုနှစ်၊ ပြာလိုလတွင်ဖွားမြင်သော အဘိဇာတသားရတနာ ဖြစ်သည်။ ငယ်စဉ်ကျောင်းသားဘဝ ဂဠုန်ကုန်းကျောင်း ဆရာတော် ဦးဝိသုဒ္ဓ အထံ၌ အခြေခံ မူလတန်း လောကုတ္တရာ ပညာများ ဆည်းပူးခဲ့၍ တဆယ့်သုံးနှစ်သား အရွယ်၌ ပဖွဇ္ဇမင်္ဂလာသာကင် ဆင်ယင်ကျင်းပလျက် ရှင်သာမဏေ ဘဝရောက်ရှိခဲ့သည်။

ရှင်သာမဏေဖြစ်သည့် ၁၃၀၄-ခုနှစ်၌ပင် မိတ္ထီလာမြို့ အသောကာရုံ ရေလည်စာသင်တိုက် တိုက်အုပ်ဆရာတော် ဦးကေသဝံရိန္ဒ(ပထမကျော်ဓမ္မာစရိယ) ဦးဇီးဘော်က သဲတောမြို့ သိမ်ဘောင်ကျောင်းတိုက်သစ် ပထမ ဆရာတော် ဦးကလျာဏ၊ ဒုတိယ ဆရာတော် ဦးဇာဂရ၊ တတိယ ဆရာတော် ဦးသုဇာန အရှင်မြတ်တို့အထံ၌ ပရိယာတ္တိပညာရပ်များကို သင်ကြားဆည်းပူးရန်အတွက် ကိုယ်တော်တိုင် သွားရောက် အပ်နှံခဲ့လေသည်။

သိမ်တောင်တိုက်သစ် ကိုးတောင်ပြည့် ကျောင်းတိုက်၌ ဆရာတော် ဘုရားကြီး၏ ခြေတော်ရင်းဝယ် ဥဋ္ဌာနစသော (သုတ်ပါထိုက၊ ၁၅၄-နှာ) လာ တပည့်ဝတ်ငါးဖြာ ကျပ္ပန်စ္စာ ဆောင်ရွက်လျက် ပရိယတ္တိ ကျမ်းစာများ သင်ကြားအားထုတ်ခဲ့ရာ သာမဏေဘဝကပင် ပထမကြီးတန်းဆိုင်ရာ ကျမ်းစာများ ပြီးဆုံးပေါက်ရောက် တတ်မြောက်ခဲ့လေသည်။

ထိုစဉ်အခါက ဆရာတော်များသည် ပခုက္ကူနယ်ပုပ္ပဒေသကိုသာ ဦးစားပေး ပို့ချတော်မူကြလေသည်။ စာမေးပွဲလုပ်ငန်းအတွက် အထက်တန်းစာဝါကြီးများ အနှောင့်အယှက်ဖြစ်သည်။ နှောင့်နှေးစေသည်ဟု အထင်ရှိတော်မူကြသဖြင့် ငယ်လတ်ကြီး ခမမာစရိယတန်းများကို ဝင်ခွင့်မပြုပဲ အထက်တန်းကျမ်းစာကြီးများကိုသာ ပို့ချတော်မူကြလေသည်။

ထို့ကြောင့် သာမဏေဘဝ၌ ရဟန်းတော်များနှင့်အတူ ပါရာဇိကဏ် စသော ကျမ်းစာများကို ဆက်လက်သင်ကြားခဲ့ပေသည်။ ကျပန်၊ အမေရိကန် စစ်အတွင်း ဆရာတော်ကြီးများနှင့်အတူ ဝမ်းတော်ပြည့် ကျောင်းဆရာတော် (ဦးသူရိယ၊ ဦးဇနိတ)တို့နှင့် ရိုးရှာကျောင်း ဆရာတော်ကုလားကာကျောင်း ဆရာတော်များအထံ၌ တိုက်တွင်းပစ္စည်းများ သိမ်းဆည်းလျက် မှီခိုအားထား နေထိုင်ခဲ့ရလေသည်။

၁၃၁၁-ခုနှစ်၌ အသက်နှစ်ဆယ်ပြည့်သည့်အခါ မန္တလေးမြို့ သံလမ်းဝန်ထောက် ဦးမောင်မောင်သန်း-ဒေါ်မြနှစ် မိသားတစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒုတိယဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထိုစဉ်က ပထမဆရာတော် ပုံလွန်တော်မူသည်မှာ ၂-နှစ်မျှရှိခဲ့လေပြီ။ ကိုးတောင်ပြည့် ကျောင်းတိုက်ကို တည်ထောင်တော်မူသော ပထမဆရာတော် ဦးကလျာဏသည် မိမိသိမ့်သမျှ သိမ်တောင်ဂိုဏ်းကြီး၏ ပထမဝန်ဆောင် ပုဂ္ဂိုလ်ကြီးတပါး ဖြစ်တော်မူသည်။ သိမ်တောင်တိုက်ဟောင်း၌ ဦးနရိန္ဒအား အပ်နှင်းလျက် ကိုးတောင်ပြည့် တိုက်သစ်ကို ဦးဇာဂရနှင့် ဦးသုမန အရှင်မြတ် နှစ်ပါးအား ပရိယတ္တိသာသနာကို စောင့်ရှောက် ထိန်းသိမ်းစေခဲ့လေသည်။ ဆရာတော်ကြီး သိတင်းသုံးတော်မူသော နေရာများမှာ ပြက်ခရွေတောင် မောနား ဆုတောင်းပြည့်ကျောင်းတိုက် လှဲပေါက်(ဥဒိန်တောရ)ကျောင်းတိုက် မိုးကုတ်၊ ကလော၊ တောင်ကြီး ကျောင်းတိုက်များနှင့် မူလကျောင်းတိုက်ကြီးများ၌ ဝါကပ်တော်မူလေ့ရှိသည်။

ဆရာတော်ဘုရားကြီး၏ အပြစ်ဆဲ သန္တုဋ္ဌိစသော ကျေးဇူးဂုဏ်ကာကြီးမားလှ၏။ မိမိပိုင်ဆိုင် တည်ထောင်ထားသည့် ကျောင်းကိုက်ဦးစီး နာယ

က ဆရာတော်များအား ပစ္စည်းလေးပါးတို့ဖြင့် အားပေးခိုးမြှောက်ခြင်း၊ သက်ဆိုင်ရာ ကျောင်းတိုက်၌ လာဘ်လာဘ ပစ္စည်းများကို ထည့်သွင်းစဉ်းစားခြင်း ရှိတော်မမူခဲ့ပေ။ ဆရာတော်ဘုရားကြီးကား သပိတ်တလုံးသုံးထည်သော သက်နိုးဖြင့်သာ မျှတ နေထိုင်တော်မူသောကြောင့် ဆရာတော်ကြွလာတော်မူလျှင် သက်ဆိုင်ရာ တိုက်အုပ် ဆရာတော်များက ဆရာတော်၏ ခြေတော်ရင်း၌ တိစီဝရိက် သပိတ်သက်နိုးများ အဆင်သင့် ထားရှိခဲ့ကြရသည်။

ဆရာတော်သည် မည်သည့်ဌာန ကျောင်းတိုက်၌ ဝါကပ်လိမ့်မည်ဟု မည်သူမျှ ကြိုတင်မသိကြရပေ။ဝါလနီးကပ်လာသည့်အခါ ခိုးမြှောက်သင့်သော ကျောင်းတိုက်သို့ ကြွရောက်ကာ ဝါကပ်တော်မူလေသည်။ အခါတပါး ဆရာတော်ဘုရားကြီးနှင့် အတူ ခရီးသွားကြလေရာ ကူမဖြစ်သူက ဘုန်းကြီးဘုရား၊ ဘယ်မှာ ဝါကပ်မှာလဲဘုရားဟု လျှောက်ထားသည့်အခါ ဖြေကြားတော်မူသည်မှာ ဟဲ့ ဘုန်းကြီးကပဲ၊ ကျောင်းမှာ ဝါကပ်မှာပေါ့ဟုပင် မိန့်ကြားတော် မူခဲ့လေသည်။ ဝါကပ်ရန် ရက်ပိုင်းမျှလောက်ပင် ဖွင့်ဟ၍ မိန့်ကြားခြင်း မရှိခဲ့ပေ။

ဆရာတော်ဘုရားကြီးသည် ခိုးမြှောက်သင့်သည့်ဌာန ကျောင်းတိုက်များ၌ တရားဓမ္မ ဟောကြားဆုံးမခြင်းလိုအပ်သည်ကို ကူညီယင်း သိတင်းဝါလ ကျတ်သည့်အခါ အခြားတနေရာသို့ ဆက်လက် ကြွတော်မူပြန်လေသည်။

ဘုရားရှင်လက်ထက် အစဉ်အဆက် အနှယ်တော်မပျက်ဆောင် နေထိုင်သီဘင်းသုံးပုံ အာရုံပြု၍ ဖြစ်ရာဘဝ နှောင်ကာလဝယ် ကျိုက်ဆို့သော ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံ နေထိုင်ရပါလို၏ဟု ဆရာတော်အား အမှတ်ရတိုင်း ဆုမွန်ကောင်း တောင်းမိပါသည်။

မိမိ တဝါမျှ ရောက်သည့်အခါ ပတ်ဝန်းကျင်ကိုကြည့်၍ စိတ်ကူးမိသည်မှာ သင်ရိုးပိဋကတ် အခြေခံ ဘယ်လောက်ပင် တတ်မြောက်စေကာမူ ခေတ်ကာလအလိုက်(ငယ်-လတ်-ကြီး - ဓမ္မာစရိယ) မအောင်လျှင် အဆင်မပြေဟု ဆုံးဖြတ်လျက် ကိုးတောင်ပြည့် တိုက်သစ် စာချဆရာတော် (ဦးဇင်တိလ)၏အကူအညီဖြင့် မန္တလေးမြို့မဂိုးရိမ်ကျောင်းတိုက်(အဘိဓဇ မဟာရဋ္ဌဂုရု) ဆရာတော် ဘုရားကြီး ထံမှောက်သို့ ၁၃၁၂-ခုနှစ်တွင် ရောက်ရှိခဲ့လေသည်။ ဆရာတော်ကြီးမှတဆင့် မဂဓနယုပဒေသကျောင်း ဆရာတော် (သ·စ·အ) အရှင်နာရဒါဘိဝံသ ဆရာတော်ဘုရားထံ၌ စာပေးပဲ့ဆိုင်ရာ ကျမ်းစာများကိုပင် လေ့ကျင့်သင်ကြား အားထုတ်ခဲ့ပေသည်။

ဆရာတော်အရှင် နာရဒါဘိဝံသကသား မေတ္တာ ကရုဏာတော် ကြီးမား လှ၏။ မိမိထံရှင်းရှိ ဟပည်များကို သက္ကသီဟစဏသာ အထက်တန်းစာမေးပွဲ ကြီးများ နှစ်ချင်းပေါက် ပြီးမြောက်စေရန် အာရုံပြုကာ သင်ကြားပို့ချခဲ့လေ သည်။ မိမိသည် ဆရာတော်ဘုရား၏ အားရ ကျေနပ်မှုကြောင့် အာသရန္ဒ တက္ခ ဝတနိပါဋ်ထပ်ဆင့်ကာ အရှင်လာဘာဝတဟု အများသံဃာ ပရိသတ် အလယ်၌ ဘွဲ့အမည်ထိုးကာ ချီးမြှောက်ခဲ့ပေသည်။ မိမိ ရည်မှန်းထားသည့် (ဓမ္မာစရိယ)တန်း ပြီးမြောက်သည့်အခါ မိမိ ငယ်စဉ်က ပညာသင်ကြားခဲ့ သည့် သိမ်တောင်တိုက်သစ် (ကိုးတောင်ပြည့် ကျောင်းတိုက်သို့ ဒုတိယ ဆရာ တော် ဦးဇာဂရ၏ အမိန့်ဖျရ ငါးနှစ်တိုင်တိုင်) ဆရာတော် ဘုရားများအား ပရိယတ်ပို့ချ၍ ကျေးဇူးဆပ်ခဲ့ရသည်။

ထိုငါးနှစ်ကာလအတွင်း ဒုတိယ ကမ္ဘာစစ်အတွင်း၌ ကိုးတောင်ပြည့် ကျောင်းတိုက် သံဃာတော်များ စစ်ဘေး စစ်ဒဏ် အရေးကြောင့် တိမ်း ရှောင်မှီခိုရာ ရိုးရွာကျောင်း ဆရာတော်ဘုရားကြီး သီတင်း သုံးတော်မူသည့် ပထမကျောင်းဟောင်းများကို စုပေါင်းလျက် ငါးပင်ခုနှစ်ပင်၊စမုခ်နှလုံးနှစ်ထပ် ကျောင်းတော်ကြီးကို ကိုးတောင်ပြည့် ကျောင်းတိုက် ဆရာတော်များကိုယ်စား ကျေးဇူးဆပ်သည့် အနေဖြင့် သာသနာနုဂ္ဂဟ ကောင်းမှု ဆောက်လုပ် ပူဇော် ခဲ့ပေသည်။ထိုမှတဆင့် ရွာဟောင်းကုန်း စေတီတော်မြဟ်ကြီးအား လျှပ်စစ်မီး ပူဇော်ရန်အတွက် ငါးကောင် ခြောက်ကောင်သုံး ကီလိုဝပ် အင်ဂျင်စက် တလုံးကိုလည်း အများစုပေါင်းလျက် ပူဇော်ခွင့် ရခဲ့ပြန်သည်။

ထိုမှတပါး အများပြည်သူတို့၏ ဖြတ်သန်းသွားလာရာ ပမ်းတွင်းမြို နယ် အရှေဘက် စမုံချောင်းကူး ရိုးတံတားကြီးကိုလည်း လမ်းဗိုလ်ကြီး ဦးမြ သောင်းစသော နယ်လူထုအကူအညီဖြင့် ဦးဆောင် တည်ဆောက်ခဲ့လေသည်။ မိမိ ပညာသင်ကြားရာ သိမ်တောင်တိုက်သစ်(ကိုးတောင်ပြည့်ကျောင်းတိုက်)၌ ကျောင်းဘုရားသံဃာတော်များအတွက် လောပိတ လျှပ်စစ်မီးကို အားလုံး ပေါင်းကာ (၇) ရက်အတွင်း၌ ပြီးစီးအောင် ဦးဆောင် ပူဇော်နိုင်ခဲ့လေ သည်။

ထိုသို့ သိမ်တောင်တိုက်သစ် (ကိုးတောင်ပြည့်ကျောင်းတိုက်)၌ ဆရာ တော်ဘုရားများနှင့် အတူ သာသနာ့ကိစ္စရပ်များ ဆောင်ရွက်ယင်း ၁၃၂၄-ခု နှစ် ရောက်သည့်အခါ မိမိ၏ ဦးရီးတော် ဦးကေသရိန္ဒ အာသောကာရုံ ရေ လည်ကျောင်းတိုက်၌ ပျံလွန်တော်မူသဖြင့် ကျေးဇူးရှင် ဦးသံဝရာဘိစံသ ဖျာပုံ မြို စကြာရန်အောင် ကျောင်းတိုက် ဗုဒ္ဓနိုင်ငံကျော်ကျမ်းပြု ဆရာတော် ဘုရား ကြီးက အဓိသာကာရုံရေလည်တိုက်၌ ဗာဟုဝင်တိုက် ဖွင့်လှစ်ရန် အတွက် ဒုတိယ

ဆရာတော် ဦးဇာဂရ အထံ၌ ကိုယ်ကော်တိုင် လာရောက်တောင်းခံသဖြင့် မိတ္ထီလာမြို့ အသောကာရုံ ရေလည်တိုက်၌ သာသနာရေး ကိစ္စကြောင့် ခွင့်ပြုပေးအပ်လိုက်လေသည်။

မိမိအနေဖြင့် မိတ္ထီလာမြို့ ဇာတိအရပ်တွင် နေထိုင်ရန် စိတ်ကူးချက် မရှိသော်လည်း အသောကာရုံ ရေလည်ကျောင်းတိုက်ကြီးမှာ စွန်းလွန်း ဆရာတော် ဘုရားကြီးကို မှင်ရဟန်းခံပေးခဲ့သည့် ဦးပဏ္ဍိတသ စသော ဂဠုန်ရွာ ဇာတိ ဘကြီးတော်များမှ အစဉ်အဆက် ဆရာတော် ဦးသံဝရာဘိဝံသတိုင် အောင် စိုးပိုင်စောင့်ရှောက်ခဲ့သည့် အမွေအနှစ် ကျောင်းတိုက်ကြီးတခု ဖြစ်ခြင်းကြောင့် ယခု တိုက်အုပ်ဆရာတော် ဦးဣန္ဒောဘာသနှင့်အတူ သိမ်တောင် ဂိုဏ်းဝင် တိုက်သစ်ခွဲတခု အနေဖြင့် စာသင်သား သံဃာ (၃၀) ကျော်ဖြင့် ပရိယတ္တိသာသနာတော်ကို အားပေးလျက်ရှိသည်။

အသောကာရုံ ရေလည် စာသင်တိုက်ကြီးမှာ မိတ္ထီလာမြို့ တောင်စွန် ဘိုးတော်ဘုရား ဟည်ထားကိုးကွယ်ခဲ့သည့် လောကနာထ စေတီတော်မြတ် ကြီးကို ဗဟိုပြုလျက် သံဃာ့အရာမ် ထန်းပင်၊ အုန်းပင်၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရုပ်ပွား ဆင်းတုတော်များ တည်ထားကိုးကွယ်လျက် သုံးမျက် နှာ ဌာနခွဲ ဇရပ်များပတ်လည်ဝိုင်းရံလျက် ရှိလေသည်။ ယို့ကြောင့် ရေလည် တိုက်ဟု ရွေးယခင်က အမည်တွင်ခဲ့ပေသည်။

ယခုအခါ ဆရာတော် ဦးလာဘာဝတသည် တိုက်အုပ် ဓာရာတော်၊ ဦးဣန္ဒောဘာသ စာချုပ်မှာစရိယ၊ ဦးဝိစိတ္တာ၊ ဦးဝိမလာတို့နှင့် အတူ စာသင် သား သံဃာ (၃၀) ကျော်တို့ဖြင့် ပရိယတ္တိ သာသနာတော်ကို အားပေး ထမ်းဆောင်လျက် သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ ဒုတိယ အမှုဆောင်ဟာပုံကို ၎င်း၊ မိတ္ထီလာမြို့ မြို့လုံးကျပ် သံဃာ့အဖွဲ့ကြီး၏ ဒုတိယ အတွင်းရေးမှူး၏ တာဝန်၊ သာသနာ့ကိစ္စများကိုလည်း အားပေးထမ်းဆောင်လျက် သိမ်တောင် ဂိုဏ်းဝင် ကျောင်းတိုက်တခု အနေဖြင့် အားပေးတည်ရှိပါပေသတည်း။

ဆရာတော် ဦးလာဘာဝတ

အာသေဝကာရုံ ရေလည် စာသင်တိုက်၊
မိတ္ထီလာမြို့။

၁၃၄၁-ခု၊ ကဆုန်လဆန်း (၁၄)ရက်။

မိတ္ထီလာမြို့ ဖ ဆပ လ ကွက်သစ်ကျောင်း အရာတော်
ဦးသောဘာဏာ၏ ထေရပ္ပတ္တိ အကျဉ်းချုပ်

ဆရာတော် ဦးသောဘာဏာသည် သာစည်မြို့နယ် ဖခုံကျေးရွာ ဇာတိဖြစ်လေသည်။အဖ ဦးချစ်ပု၊ အမိ ဒေါ်ငွေပုံတို့မှအဋ္ဌမသားရတနာဖြစ်လေသည်။ ကောဇာသက္ကရာဇ် ၁၂၅၃-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက် သောကြာနေ့တွင် ဖွားမြင်၍ ငယ်မည်မှာ မောင်ဖေသိန်းနှယ် ဟု အမည်တွင်လေသည်။

ကျောင်းသားအရွယ် ကလေးငယ် ဘဝတွင် ဖခုံရွာ ရေလည်ကျောင်း ဆရာတော် ဦးနန္ဒိယ၊ ဦးဝိသုဒ္ဓတို့ထံတွင် ပညာစတင် သင်ကြားလေသည်။ ထို့နောက် ၁၁-နှစ်အရွယ်သို့ရောက်သောအခါ ကံကြီးကုန်းကျောင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သောဘာဏာဟူသော အမည်ဖြင့် သာမဏေဘဝသို့ ရောက်ရှိခဲ့လေသည်။

ရှင်သောဘာဏာသည် နောင်တော်ဖြစ်သူ ဦးဓမ္မောဒရနှင့် ကလောမြို့သိမ်တောင်တိုက်ဆရာတော် ဦးအာဒိစ္စထံတွင် ပညာများ ဆည်းပူး သင်ကြားခဲ့လေသည်။ဆရာတော် ဦးတေဇဝန္တသည် တောင်ကြီးမြို့သို့ စာသင်တိုက်ခဲ့ရာတွင် တပည့်ရင်းအဖြစ် လိုက်ပါသွားခဲ့ရလေသည်။

ဆရာတော်၏ သင်ကြားပို့ချမှုကြောင့် ရှမ်းပြည် အမျိုးသား ဝိနည်းစာမေးပွဲများ အဆင့်ဆင့် ဖြေဆိုမြင်တော်မူခဲ့လေသည်။ ထို့နောက် မိတ္ထီလာမြို့ ကျောက်တကားတောရ စာသင်တိုက်တွင် ပညာများ ဆက်လက် ဆည်းပူးခဲ့သည်။ အသက် ၂၀-အရွယ်သို့ ရောက်သောအခါ နောင်တော်ကြီး ဖြစ်သူ ဦးစံညွန့်+ဒေါ်ရွှေနု တို့က ရဟန်းဒါဟကာ အဖြစ် တာဝန်ယူ၍ မန္တလေးမြို့ မိုးဒါးဆရာဖေဘော်ကို ဥပဇ္ဈာယ်ပြု၍ ဆီးဘုံနီတိုက် ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ကျောက်တကားတောရတိုက်တွင် ဇနတော်မူယင်း ဆရာတော်ဦးဥတ္တမသည် သဒ္ဓမ္မဝံသာရုံကန္ဒားကျောင်းတိုက်အမည်ဖြင့် စာသင်တိုက် ခဲ့ရာတွင် ပါသွားလေသည်။ ထိုသဒ္ဓမ္မဝံသာရုံကန္ဒားတိုက်မှာပင် ပထမငယ်တန်းကို အောင်မြင်တော်မူခဲ့သည်။ တိုသို့ ပညာများ သင်ကြားယင်း ဖတောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် ဦးစိန္တာဘာသာရ စာသင်တိုက်တွင် စာချဘုန်းကြီးအဖြစ် တာဝန်ယူ၍ စာသင်သားတပည့်ငယ်များကို ဗ ဒ ချပေးတော်မူသည်။

တောင်ကြီးမြို့ လယ်ကျင်းပိုင် ဘုရားတကာ ဦးအုံး + ဘုရားအမကြီး ဒေါ်ဝိုင်းတို့က ဒုတိယအကြိမ် သိမ်ထပ်မင်္ဂလာပြုတော်မူသည်။ဤဖနောက် မန္တလေးမြို့ နယူးစီပီလုံး ဖကြီးတိုင်ကုဖတောက် ဦးဖိုးဆောင်+ဒေါ်သန်းသန်း

တို့က တတိယအကြိမ် သိမ်ထပ်မင်္ဂလာ ပြုတော်မူသည်။ ပညာများ ဆက်လက် သင်ကြားလိုသဖြင့် တောင်မြို့ တူးမောင်းတိုက် ဆရာတော် ဦးနန္ဒိယထံတွင် ပညာသင်ကြားတော်မူသည်။

တောင်မြို့မှ တဆင့် ပခုက္ကူမြို့ မဟာဝိသုကာဆရာမကျော်းတိုက် ဆရာတော် ဦးပညာနှင့် ဆရာတော် ဦးသုန္ဒရတို့ထံတွင် ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့ကို သင်ကြားပြီးသော အခါ ကန်နီမြို့ တောရတိုက် ဆရာတော် ဦးသောဘဏထံတွင် တရားအား ထုတ်တော်မူသည်။

ယို့နောက် နေရင်းဇာတိဖြစ်သော ဖရုံကျေးရွာ ရေလယ်ကျောင်း၌ ဆရာတော်များ ပို့လှန်တော်မူသဖြင့် ၎င်းရပ်ရွာတွင် ကျောင်းထိုင် ဆရာတော် အဖြစ်ဖြင့် သီတင်းသုံးတော်မူရသည်။ ထိုသို့ သီတင်းသုံးတော်မူယင်း တပည့်သံဃာ ၂၀-ကျော်တို့ကို အုပ်ချုပ်လျက် စာချဆရာတော်အဖြစ် နေထိုင်ခဲ့ရပါသည်။ ထိုသို့ နေတော်မူယင်း တပည့် ရဟန်းတော်များနှင့် ဒါယကာ ဒါယိကာမများ၏ လျှောက်ထား တောင်းပန်ချက် အရ မိုးပေါလာမြို့ ကွက်သစ် ကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူ၍ သာသနာ့အကျွန်အဖူး ရဟန်းသာမဏေ ၃၀-ကျော်တို့ကို လောကုတ္တရာပညာများ ပို့ချ အုပ်ချုပ်လျက် ရှိလေသည်။



ဘုရားစုကျေးရွာ ပဋ္ဌသာသနာပြု ရွာဦးကျောင်းတိုက်

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစု(၉)ရွာ ပဋ္ဌသာသနာပြု ရွာဦးကျောင်းနှင့် ဦးစိတ္တရဉာဏိကာဌေရ်၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစု(၉)ရွာ ပဋ္ဌသာသနာပြု ရွာဦးတိုက်ကျောင်းကို ၁၂၆၅-ခုနှစ်မှာ စတည်၍ ကျောင်းဒါယကာကြီး-ဦးလယ်ရောက်၊ ကျောင်းအမကြီး - ဒေါ်နန်းသူတို့က ၎င်း ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကျောင်းနှင့် ကုသိုလ်ပြု သတိပေး ခေါင်းလောင်းကြီး၊ ဝိနယပိဋကမမ္မကွန္ဒာ အစ အဆုံး စကျင်တောင် ကျောက်ချပ်ရေ(၁၀၀) ကျော် ထွင်းထုပူဇော်ပါသည်။

သာသနာ ငါးထောင်ခေတ်ကျော်အောင် တည်ရှိစေရန် အခန်းပေါင်း ၂၀-ရှိ ကျောက်စာ ပိဋကတ်တိုက်ကျောင်းတော်ကြီးကို ဒါယကာ-ဦးရွှေက၊ ဒေါ်ရွှေ၊ ညီမ၊ သား-မောင်နက်ကျော်တို့ကဌင်း၊ ပဌမ ကျောင်းထိုင်ဘုန်းကြီး ဘ၊ ကျောင်းဒါယကာ ဦးအောင်မှတ်-ဒေါ်လမ်းတို့ကဌင်း လှူဒါန်းကြပါသည်။

ဓာတ်ပေါင်းစုံ ဌာပနာ၍ ဉာဏ်တော် ၂၀-မြင့် အုတ်ဘုရားစေတီတော်ကြီးနှင့် သာသနာ့ဝုဏ္ဍိကာရီ မဟာခဏ္ဍသိမ်တော်ကြီးကို ဒါယကာ

ဦးပုတို-ဒေါ်ဖေ့ တို့က လှူဒါန်းပူဇော်ပါသည်။ သစ်သား ယွန်းပန်းတင် တိုင် ဆယ်လုံးစိုက် ကျောင်း ဒါယကာကြီး ဦးဗိုလ်မှူး-ဒေါ်မယ်ကျော့ သား သမီးတို့ကဂုဏ်း၊ သံပြား ပန်းထုင်းထု အထွဋ်တင် တိုင် ဆယ်လုံးစိုက် ကျောင်း ကြီးကို ကျောင်း ဒါယကာကြီး ဦးဖိုးရီ-ဒေါ်ငဇော သားသမီးတို့ကဂုဏ်း၊ ဦးအုံ-ဒေါ်ရွှေလှဲ့ သားသမီးတို့ကဂုဏ်း လှူဒါန်းကြပါသည်။

သစ်သားပျဉ်ခင်း သွပ်မိုး တိုင်ရှစ်လုံးစိုက် စရပ်ကို ဒါယကာကြီး ဦးရွှေလှ-ဒေါ်ဖေ့စဉ် သားသမီးတို့ကဂုဏ်း၊ သစ်သား ပျဉ်ခင်း သွပ်မိုးကာ တိုင်ရှစ်လုံးစိုက် စရပ်ကို ဒါယကာကြီး ဦးမောင်ကြီး-ဒေါ်ငြိမ်းအေး သား သမီးတို့ကဂုဏ်း လှူဒါန်းပူဇော်ကြပါသည်။

ကလောမြို့ သိမ်တောင် ဆရာတော်ဘုရားကြီး ဘုရားစု ရွာဦးကျောင်း၌ သီတင်းသုံးတော်မူသော ကလောစံကျောင်း တထပ်တိုက်ကို ရဟန်း ဒါယကာ ကြီး ဦးရွှေပ-ဒေါ်ညိမ်ကြီး သားသမီး မြေးတို့ကဂုဏ်း၊ ခေါင်းလောင်းကြီးကို ဒါယကာ ဘုန်းကြီ ဘ၊ ဦးကြာလှ၊ဒေါ်အေးတုပ်၊ သား-ဦးဘိုးရင်၊ဒေါ်ဝှမ်း သားသမီးတို့ကဂုဏ်း လှူဒါန်းကြပါသည်။

ခေါင်းလောင်း ကျောင်းဆောင် သစ်သားပန်းတင် ဘာဘူဆောင် ကျောင်း ဒါယကာ ဦးစံခိုင်-ဒေါ်ဖွားတင် သားသမီးတို့ကဂုဏ်း၊ သစ်သား ပန်း ဆယ်ထွဋ်တင် ကျောင်းဆောင်နှင့် ပိဋကတ်သုံးပုံ ပါဠိတော်စုံ ပရိယတ် ပဋိပတ် သာသနာပြု သုစမ္မာ နှစ်ထပ် ကျောင်းတော်ကြီး ကည်ကုတ္တရာ နှစ် ထောင်ကျပ် ကုသိုလ်ရှင် ကျောင်း ဒါယကာကြီး ဦးစံပုံ-ဒေါ်ရွှေပုံ သား ဆရာ ကျော်ဝင်း၊ ကား ဆရာ မောင်ကံရင် တို့မှ စု၍ သာသနာနှုံ့ဟ ပစ္စည်း လေးပါး ဒါယကာ ကုသိုလ်ပြုကြပါသည်။

ကျိုက်ခဲသို့ ကုသိုလ်ရှင် အသီးသီး ဆောက်လုပ်လှူဒါန်းကြသဖြင့် ဘုရား စု ၉-ရွာရှိ ရွာဦးတိုက်ကျောင်း သာသနာ့ဗိမာန်ကြီး ကြည်ညိုဘွယ် ကောင်း လှပါသည်။ ဂုံးရွာဦးတိုက်ကျောင်းကို ပထမ စ ကည်ထောင်တော်မူသော ပထမ ကျောင်းထိုင်နာယက ကျေးဇူးရှင်ဆရာတော် ဦးအာစ ရမဟာထေရ်၊ "ဝိနယေ ဌိတေ သာသနံ ဌိတံနာမ ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု" (ပါရာဇိကဏ်၊ ဋ္ဌ၊ ၁၊ ၁၁။ သိလက္ခန္ဓ၊ ဋ္ဌ၊ ၁၂။ ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ဂ၂)နှင့် အညီ ဝိနယပိဋကကျောက်စာတိုက်ကြီးဖြစ်မြောက်အောင် ဒုတိယကျောင်းထိုင် ဓမ္မာစရိယ ဓမ္မဝါစက ပါဠိပဋိဝေဓက ညွှန်ပြပြုစု သာသနာပြု ကျေးဇူးရှင် ဆရာတော် ဦးပဏ္ဍိစ နာယက မဟာထေရ်၊

ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင် ပရိယတ်စာသင်တိုက်ကြီး နှုံ့ နိုင်ငံတော်အဆိုးရွား ပါဠိပထမပြန် စာမေးပွဲ ဌာနကြီးကို နှစ်စဉ် ကြီးမှူး

အုပ်ချုပ် သာသနာပြုတော်မူသော ကျေးဇူးရှင် ကလောဆရာတော် အရှင်သူမြတ်၏ အန္တေဝါသိကဝန်ဆောင်တပည့် ရှာဦးကျောင်း တတိယကျောင်းထိုင် နာယကဆရာတော် ဦးစီတွဲရဉာဏ်က မဟာထေရ် အရှင်သူမြတ်တို့သည် ဂန္ဆဓူရ ဝိပဿနာဓူရ ပဓာနအလုပ် ကျင့်အားထုတ်၍ ပစ္စည်းလေးပါး ဒါယကာ တာဝန်ရှိသည့် အားလျော်စွာ ကုသိုလ်ကောင်းမှု နေ့စဉ် ပြုကြသဖြင့်ငင်း၊

အာစရိယ ပရုံပရ ဆရာသမား အစဉ်အဆက် ကျေးဇူးစည်းကမ်း မပျက်အောင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာ စာပညာများ ရဟန်း ရှင် သာမဏေ တပည့်ကျောင်းသားသူငယ် တပည့်ဒါယကာ ဒါယိကာမများကို ဗုဒ္ဓဘာသာ ကျင့်စဉ်နှင့်အညီ သင်ကြားပို့ချဟောပြောကာ သာသနာပြုအလုပ် ကုသိုလ်ကောင်းမှု နေ့စဉ်ပြုလျက်ရှိကြသဖြင့်ငင်း ရှာဦးတိုက်ကျောင်း သာသနာ့ဗိမာန်ကြီးသည် ကြည်ညိုဘွယ် ဆောင်လျက် ထာဝရ တည်ရှိနေပါ၏ကြောင်း။

ငင်းပြင် ဘုရားစု ၉-ရွာ ပတ်ဝန်းကျင်ရှိ ရေကန်ကြီးများတွင် ဘုန်းကြီး ကန်ကြီးတွင် ၂၀၀၀၊ ပြည်တော်သာကန်တွင် ၂၀၀၀-နှင့် ငင်းကန်အောက် ကျောက်စီရေတွင်းနှစ်တွင်း ၂၀၀၀၊ ရုံးတော ကန်ကြီးတွင် ၂၀၀၀ ကံသစ်ပေါက်ကန်ကြီးတွင် ၂၀၀၀-နှင့် ငင်းကန်အောက် ကျောက်စီရေတွင်းနှစ်တွင်း ၂၅၀၀၊ ဆပ်ပျာကျင်းကျောင်းအနီး ရေတွင်းနှစ်တွင်း ၁၅၀၀-နှင့် ရန်ကုန်မန္တလေး ကားလမ်းမကြီးမှ စျေးကုန်း ဘုရားလမ်း ကျောက်စရစ်မြောင်း လမ်းမတော်ကုသိုလ် ၅၀၀၀၊ ဘုရားစုအနီးရှိ မဟာတိဏ္ဍစေတီတော်ကြီးတွင် မှန်စီကွန်ကရစ် ထီးတော်နှင့် မှန်သက်နီး ကပ်လှူပူဇော်ရာတွင် ၆၀၀၀၊ ငင်း ဘုရားကြီးအနီး ရေကန်တွင် ၂၀၀၀ စသည်တို့ကို ဒါနပါရမီနိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းသည်ကို ဘုရားစု ၉ ရွာ (၁) လ-အ-က ဥက္ကဋ္ဌ ဦးဘုန်းကျော်၊ (၂) လ-အ-က ဥက္ကဋ္ဌ ဦးဌေးမောင်၊ (၃) လ-အ-က ဥက္ကဋ္ဌ ဦးထွန်းပိုင်၊ (၄) လ-အ-က ဥက္ကဋ္ဌ ပြည်သူ့ကောင်စီ ဦးအောင်ထွေး၊ (၅) ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးရွှေသန့် စသော သက်ဆိုင်ရာ လူကြီးများနှင့် တိုင်ပင်စီစဉ်ကာ ဝေယျာဝစ္စကုသိုလ်ယူ စေတနာဖြင့် အားထုတ်ပြုလုပ်ကြသည် များကို နတ်လူ သာဓုခေါ်ရန် ရည်သန်၍ ဖော်ပြအပ်ပါသည်။

သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု။

အင်းမကြီး သိမ်ကောင်ဂိုဏ်းဝင်
ရှာဦးဆရာတော်

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစုရွာ ဆပ်ပြာကျင်းကျောင်း ဘဒ္ဒန္တ ဦးဓမ္မိက၏ ထေရုပ္ပတ္တိကထာ

ဤအရှင်သည် ဝမ်းတွင်းမြို့နယ် ဘုရားစုကံ့ယစ်ကျေးရွာ ဦးပုစိန်-ဒေါ်အေးတင်တို့မှ ၁၂၀၆-ခုနှစ် ဟပေါင်းလဆုတ် ၁၃-ရက် စနေနေ့တွင်ဖွား မြင်သည်။မွေးချင်း ၇-ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်သည်။

မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၉-နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်၍ ၁၃၀၇-ခုနှစ် တန်ခူးလဆန်း ၇-ရက်နေ့တွင် ဘုရားစုရွာဦးကျောင်း ခဏ္ဍသိမ်မှာ ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘုရားစုရွာဦးကျောင်းဆရာတော်ဦးပဏ္ဍိစ၊ဦးစိတ္တရာဂါကထိတ်ဝင်၊ကလောသိမ်တောင်ဆရာတော် ဦးအာဒိစ္စထိတ်ဝင်၊ မန္တလေးမြင်းဝန်တိုက်၊ ဘုရားကြီးတိုက်၊ ဇီးဂနိုတိုက်၊ ပညာဝင်းနန်တိုက်၊ ဓမ္မိကာရာမတိုက်၊ မိုးကောင်းတိုက် စာချုပ်ကျော် ဆရာတော်များထံတွင် ဝင်၊ ပရိယတ္တိစာပေပညာများကို ၉-နှစ်ကျော် သင်ယူခဲ့ပါသည်။

ကလောသိမ်ကောင်ကျောင်းတိုက်နှင့် ပေဂဂိကုန်း ကျောင်းတိုက်တွင် စာသင်သားအဖြစ် ၅-နှစ်ခန့်နှင့် စာချုပ်ဖြစ် ၁၅-နှစ်ခန့် သိတင်းသုံးနေထိုင်၍ နေ့စဉ် ပရိယတ္တိစာပေများကို ပို့ချပြီး အစိုးရစာမေးပွဲ၊ ညောင်ရွှေစာပြန်ပွဲ၊ စာမေးပွဲ၊ ဝမ်းဟွင်းသိမ်တောင်စာမေးပွဲတို့တွင် နှစ်စဉ် ရဟန်းသာမဏေ တပည့်များတင်သွင်း၍ အောင်မြင်ကြပါသည်။

နှစ်စဉ်ကျင်းပပြုလုပ်သော ညောင်ရွှေမြို့စာမေးပွဲ စာပြန်ပွဲတို့၌ ပုစ္ဆာကတာဝန်၊ စာထောက်စာမှတ်ကာဝန်များကို ဆောင်ရွက်ခဲ့ခြင်း၊ ကလောပထမပြန် စာရေးဂုဏ်လွှာ ကြီးကြပ်ရေးကာဝန်နှင့် အတွင်တွတတာဝန်များကို ဆောင်ရွက်ခဲ့ခြင်း၊ သုမင်္ဂလ၊ ဒုမင်္ဂလ၊ ကိုစ္စကြီးငယ်တို့၌ ဟရာဟော၊ ရေစက်ချတာဝန်များကို ဆောင်ရွက်ခဲ့ခြင်း၊ ကလောသိမ်တောင် ကျောင်းတိုက်တင်း၌ မဟာပေါဒဘုရား ဇစတီတော်ကြီးနှင့် ဓမ္မာရုံ တိုက်ကျောင်းတော် ကြီးကို နှစ်ရှည်စီမံကိုးဖြင့် တာဝန်ခံ၍ ဆောင်မြင်စွာ ဆောင်ရွက်ခဲ့ပါသည်။

ယခု ဆပ်ပြာကျင်းကျောင်းတိုက်တွင်လည်း ရဟန်းသာမဏေ ကျောင်းသား ၅၀-ကျော်တို့အား ပရိယတ္တိအခြေခံ စာဝါများကို နေ့စဉ်ပြသ၍ နှစ်စဉ် ကျင်းပ ပြုလုပ်သော ဝမ်းဟွင်းသိမ်တောင် စာမေးပွဲတွင် ရဟန်းသာမဏေများ တင်သွင်း ဖြောင့်စေရာ နှစ်စဉ်အောင်မြင်ကြပါသည်။

ဆပ်ပြာကျင်း ကျောင်းတိုက်အတွင်း၌ ဘုရားစေတီတော်ကြီး ငါးဆူ၊ မှန်ထီး၊ မှန်သက်နီးကပ်လှူခြင်း၊ ဆောင်ခံတိုက် တည်ဆောက်ခြင်း၊ ကျောင်း၊ စရပ်၊ ဓလုတ်ခင်း၊ ရေကန် စသော သာသနာ့ဝန်းဆောင်အဉီများ ပြုပြင်ဆောက်လုပ်လျက် သာသနာပြုနေပါသည်။



ဘုရားစုကျေးရွာ ဆပ်ပြာကျင်းကျောင်းတိုက်

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ဆပ်ပြာကျင်းကျောင်း သမိုင်းအကျဉ်း

အင်းမကြီး သိမ်တောင်နိကာယ သာသနာဝင်ကျမ်းစာအုပ်တွင် ပါရှိသော ရှေးဟောင်းစာမူများနှင့် ကျောင်းတိုက်များ၏ သမိုင်းအကျဉ်းချုပ်များ၊ ဆရာတော်များ၏ ထေရုပဋ္ဌိအကျဉ်းချုပ်များ၊ ဓာတ်ပုံများရရှိရေးအတွက် တာဝန်ခံအကျိုးဆောင် ဆရာတော် ဦးဓမ္မိက ယခုလက်ရှိ သီတင်းသုံး နေထိုင်တော်မူသော ဆပ်ပြာကျင်းကျောင်းတိုက် သမိုင်းအကျဉ်းချုပ်မှာ—

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်ဘုရားစုကျေးရွာကြီးတွင် ဘုန်းတော်ကြီးကျောင်း ၁၄-ကျောင်း ရှိသည့်အနက် ဆပ်ပြာကျင်းကျောင်းတိုက်သည် ရှေးဦးအစ ပဌမတည်ဆောက်သော ကျောင်းတိုက်ဖြစ်သည်ဟူ၍ ရှေးလူကြီးများ၊ ဆရာတော်ကြီးများ အဆက်ဆက်ကပင် ပြောစမှတ်ပြုကြပါသည်။

ရှေးဟောင်းကျောင်းကြီး၊ စရပ်ကြီးများမှာ ယခုတိုင် ကျန်ရှိနေသေးသော ကျန်းအသားတိုင် ထုပ်လျောက်ကြီးများကို ကြည့်ရှုခြင်းအားဖြင့်၎င်း၊ ရှေးဟောင်းဘုရား စေတီတော်ကြီးများနှင့် သာသနာ့အဆောက်အဦကြီးများကို ကြည့်ရှုခြင်းအားဖြင့်၎င်း မန်ကျည်းပင်ကြီးများနှင့် မြင့်မားလှသော ထန်းပင်ကြီးများကို ကြည့်ရှုခြင်းအားဖြင့်၎င်း ရှေးအကျဆုံး ကျောင်းတိုက်ကြီး ဖြစ်နိုင်ပါသည်။

ကျောင်းတိုက်ကြီး၏ ပတ်ဝန်းကျင်တွင် နှစ်စဉ်သိန်းနှင့်ချီ၍ ဝင်ငွေကောင်းသော ဆားချက်လုပ်ငန်း တည်ရာဌာန သုံးတိုင်တအင်း ဆားတကျင်း ခေါ်ဆိုသည့်အတိုင်း ဆားပေါက်သော ဆားကျင်းရှိသည့်အပြင် ဆပ်ပြာလုပ်ငန်းဌာနများ ဖွင့်လှစ်လုပ်ကိုင်နိုင်သော ဆပ်ပြာပေါက်သော ဆပ်ပြာကျင်းလည်း ရှိပါသည်။

ထင်းဆပ်ပြာကျင်းကို အစဲ့ပြု၍ ဆပ်ပြာကျင်းကျောင်းဟူ၍ ရှေးအစဉ်အလာကပင် ခေါ်ဝေါ်သမုတ်ကြပါသည်။ အင်းပတ်လည်ဝိုင်းလျက်ရှိသော အင်းမကြီး တောရကျောင်းတိုက်ကြီးနှင့် တောင်မြောက်တန်းတန်း တမိုင်ခန့်တွင် တည်ရှိပါသည်။ တောရကျောင်းသည် မြောက်ဖက်မှာရှိ၍ ဆပ်ပြာကျင်းကျောင်းမှာ တောင်ဘက်စွန်ဝယ်ရှိပါသည်။ ဂေါစရဂံရွာများနှင့် မနီးလွန်း မဝေးလွန်းဖြစ်သော်လည်း ယခုတိုင်အောင် ရဟန်းသာမဏေကျောင်းသား ၆၀-ခန့် သီတင်းသုံး နေထိုင်လျက် ရှိပါသည်။ ရှေးအစဉ် အလာက ပင်မစံကျောင်းတိုက်ကြီးအနေနဲ့ ရဟန်းသာမဏေ ကျောင်းသားကိုးကွယ်သည့် ကျောင်းဒါယကာ ဒါယကာမ အများဆုံးဖြစ်ပါသည်။



ဘုရားစုကျေးရွာ သိမ်တော်ကျောင်းတိုက် သိမ်နှင့်ဘုရား

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ဆရာတော် ဦးစန္ဒိမာ၏ ထေရုပ္ပတ္တိကထာ

ဆရာတော် ဦးစန္ဒိမာသည် အင်းမကြီး သိမ်တောင် ဆရာတော် ဘုရားကြီး၏ ပထမ တောထွက်တော်မူရာ အင်းမကြီး တောရ ကျောင်းတိုက်ကြီး ဂေါစရဂံ ပြုလုပ်ရာ ဘုရားစုရွာနေ အဘ-ဦးထွန်းနိုင်၊ အမိ-ဒေါ်လှမော် တို့မှ ၁၂၉၀-ခုနှစ်တွင် ဖွားမြင်သည့် သားရတနာတဦး ဖြစ်သည်။

မိဘနှစ်ပါးတို့က ၅-နှစ်သားအရွယ်တွင် ကျောင်းကြီး ဆရာတော် ဦးနန္ဒ ထံ၌ အပ်နှံ၍ အခြေခံ မူလတန်းပညာများ သင်ကြားရန် အပ်နှံထား ခဲ့လေသည်။ အသက် ၁၃-နှစ်သားအရွယ် ရှင်သာမဏေ ပြုစေ၍ ၁၃၁၀-ခုနှစ် ရောက်သည့်အခါ အသက်စေ့ရကား မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှေဘုံသာ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဘုရားစု ကျောင်း ကြီးကျောင်း ခဏ္ဍသိမ်တော်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။


ဥပဇ္ဈာယ် ဆရာတော်၏ ခြေတော်ရင်း၌ အခြေခံ သဒ္ဒါကျမ်းများကို လေ့လာသင်ကြား၍ ၂-ဝါမြောက်သည့်အခါ တောင်ငူမြို့ မရမ်းချောင်း စာသင်တိုက် တိုက်အုပ် ဆရာတော် ဦးပဏ္ဍဝ အထံ၌ ပရိယတ်တိပညာရပ်များကို ဆက်လက်သင်ကြားခဲ့ပါသည်။ ငါးဝါအရောက်တွင် ဝမ်းတွင်းမြို့ ကုံစွယ်

ကျောင်း ဆရာတော် ဦးဝဏ္ဏ အထံ၌ ပညာသင်ကြားခဲ့သည်။ ဆယ့်နှစ်ဝါ ရသည့်အခါ သဲတာမြို့ သိမ်တောင်တိုက်သစ် ဒုတိယ ဆရာတော် ဦးဇာဂရ အထံ၌ အာစရိယပုဋ္ဌိ ရရှိရန်အတွက် ၅-နှစ်တိတိ ပရိယတ္တိ ပညာရပ်များ လေ့လာသင်ကြားခဲ့ပြန်သည်။

ကိုးတောင်ပြည့် ကျောင်းကိုက်၌ တိုက်အုပ် ဆရာတော် ဦးသုဇနနှင့် ဦးစရိယ၊ ဦးလာဘာဝတ အရှင်မြတ်တို့အထံ၌ ပရိယတ္တိပညာများ သင်ကြားခဲ့ပါသည်။ ၁၇-ဝါမြောက် ရောက်သည့်အခါ ဥပဇ္ဈာယ်ဆရာတော် ပုံလွန်တော်မူသဖြင့် ဘုရားစုကျောင်းကြီးကျောင်းကို လက်ံလျက် သိမ်တောင် ဝိနယာ-နုဂ္ဂဟစာမေးပွဲကြီးအတွက် သာမဏေများကို သင်ကြားပို့ချ ဆောင်ရွက်ခဲ့ပါသည်။

ဗိမိုကိုယ်ရေးအတွက် ဘုရားစုရွာ အင်းမကြီး တောရတိုက်၌ ယောဂီ ၁၀၀-ကျော်တို့ကို စုဝေးခိုင်းကာ ဓမ္မာရုံ ဆရာတော် ဦးပဏ္ဍဝကို ပင့်ဆောင်လျက် အလုပ်စခန်းကို ကိုယ်တိုင် ဦးဆောင်ရွက် အားထုတ်ကျင့်ကြံပါသည်။ ၎င်းနောက် သာစည်မြို့ ငါးဆူရပ်သာဇကျောင်းတိုက် ဦးပဏ္ဍဝ အထံ၌ရှင်း၊ မလိုင်မြို့ ရွှေကျောင်း ဆရာတော် အထံ၌ရှင်း၊ ပန်းလေးမြို့ မဟာဃောဓိရုံတော် ကမ္မဋ္ဌာန်းတိုက်၌ရှင် ပဋိပတ္တိ အားထုတ်နည်းများကို ကိုယ်တိုင်အားထုတ် ဆည်းပူးခဲ့ပါသည်။

ဟခုအခါ ဆရာတော် ဦးစန္ဒိမာ သည် ဘုရားစုကျောင်းကြီးကျောင်း၌ ရှင်သာမဏေ ကျောင်းသား သူငယ်များအား ပုဂ္ဂလပန်း ပညာရပ်များကို သင်ကြားပို့ချခြင်း၊ ဆိတ်ငြိမ်းဆုတ်ခွာ ဂုဏ်သည် ယောဂီ အပေါင်းတို့အား တရားအားထုတ်စေခြင်း၊ ပရိယတ် ပဋိပတ် နှစ်ဌာန အားထုတ်လျက် သိမ် တောင် ဆရာတော်များ၏ အနွယ်တော်တို့ အစဉ်စောင့်ရှောက်နေထိုင်လျက် ရှိပါသည်။



ဘုရားစုကျေးရွာ ကံသာကျောင်းတိုက်

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစုကျောက်ကုန်းရွာ သိမ်တောင်ဂိုဏ်းဝင် ကံသာကျောင်း၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

ဤကျောင်းတိုက်ကို ကလောမြို့ ဗောဓိကုန်းဆရာတော် ဦးဥတ္တရ၏ဖခင် ဦးဖိုးမောင်၏ နောင်တော်အရင်း ဦးကြားခေါ် ဦးမာဃသည် စတင်၍တည် ထောင်ခဲ့ပါသည်။ ၎င်း ဦးမာဃ သက်တော်ကြီး၍ ဇရာဒုဗ္ဗလဖြစ်သောအခါ ၎င်း၏တူအရင်းဖြစ်သော ဗောဓိကုန်းဆရာတော် ဦးဥတ္တရအား အလုံးစုံလွှဲအပ် ခဲ့ပါသည်။ဦးဥတ္တရက ရွာဦးကျောင်းဆရာတော် ဦးစိတ္တရဉာဏိကအား လွှဒါန်း ပါသည်။ဦးစိတ္တရဉာဏိက က မြေဒိုင်ကန်ကျောင်းမှ ဘုရားစုသို့ ပြန်လာသော ဦးသောဘိတအား လွှဒါန်းပါသည်။ ဦးသောဘိတက ၎င်းအခါ စိတ်မတည် ငြိမ်၍ အခိုက်အတန့် လက်ခံပါသည်။ တပည့်တော်မရှိလျှင် အရှင်ဘုရား၏ ကျောင်းပင် ဖြစ်ပါသည်ဟု အခိုက်အတန့် လက်ခံပါသည်။

ဦးသောဘိတသည် မကျန်းမာ၍ ကလောဆေးရုံသို့ လာရောက်၍ ကုသ ရာ ဆေးရုံ၌ပင် ပျံလွန်တော်မူပါသည်။ ထိုသို့ မကျန်းမာရာ ပျံလွန်တော်မူရာ၌ ဦးဉာဏိကက အစစအရာရာ ပြုစုစောင့်ရှောက်ပါသည်။ သို့ဖြစ်၍ ဦးဉာဏိက ကို ၎င်းကျောင်း၌ နေထိုင်ရန် ခွင့်ပြုထားပါသည်။ ဦးဉာဏိက မရှိသောအခါ ရွာဦးဆရာတော်က ဗေးဒိကုန်းဆရာတော် ဦးဥတ္တရအား ပြန်၍လွှဲအပ်ပါ

သောကြောင့် ယခုအခါ ဦးဥတ္တရသည်ပင်လျှင် ထိုကျောင်းတိုက်ကို စောင့်ရှောက်လျက် ရှိပါသည်။

ဂင်းရွာဦးကျောင်းတိုက် တတိယဆရာတော် ဦးစိတ္တရဉာဏိကာ၏ သီလသိက္ခာ အရည်အချင်းကို ယုံကြည်စွဲလှုံ့ ပရဟိတအကျိုး၊ နိဿရဏတ္ထ အကျိုးနိဗ္ဗာနဓာတ် ပရမတ်အထိ ရရှိရန်အကျိုး မျှော်ကိုး၍ ရဟန်းရင်လူ သတ္တဝါဟူသမျှတို့၏ ချမ်းသာကြစေရန် ကလောဆရာတော်ဘုရားကြီးနှင့် ကုသိုလ်ရှင်တို့၏ ဒါနကုသိုလ်ပြုဖြစ်မြောက်ခြင်းအာဝင် ဝန်ဆောင်ခဲ့ရသည်မှာ—

အင်းမကြီးတောရကျောင်းတွင် လေးပင်ငါးပင်အုတ်တိုက်ကျောင်း ဂင်းတိုက်ကျောင်းအတွင်း ဉာဏ်တော်နှစ်ထောင်ရှိ ကျောက်ဆင်းတုဇမ္ဗုပတိခွက်ခန်း ရုပ်ပွားတော်ပြင်ဆင်ကာ အောက်ခံမှန်စီပလ္လင် နောက်ခံမှု ရွှေချတံကဲ့ ပန်းစုံတည်ဆောက် လှူဒါန်းပူဇော်ခြင်း။

အိန္ဒိယပြည် ဗုဒ္ဓဂါယာရှိ ဂေါတမဗုဒ္ဓပွင့်တော်မူရာ ဌာနတွင် တည်ရှိသော မဟာဗောဓိစေတီတော် ပုံစံတူ ဉာဏ်တော်အတောင်သုံးဆယ်ရှိ မဟာဗောဓိစေတီတော်ကို မှန်သက်နန်းကပ်ကာ အောက်လိုဏ်ဂူတွင်ဗုဒ္ဓရုပ်ပွားတော်တည်ထားပူဇော်ခြင်းနှင့်ရင်း၊ ဘုရားအာရုံခံဓမ္မာရုံ အဆောက်အဦကိုရင်း သာသနာပြု သံဃာတော်များ သီတင်းသုံး နေထိုင်ရန် ကျောင်းကြီး ကျောင်းငယ် စကြံ့စရပ်စသော ဒါနကုသိုလ်များကို ပြည့်စုံအောင် လှူဒါန်းဆောင်ရွက်ပါသည်။

မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့ သိမ်တောင်နိကာယဝင်
သိဂုံတွာရမြို့ရှေ့ ကျောင်းတိုက်ဆရာတော်
အရှင်ပညာလင်္ကာရ၏ ထေရပွတ်အကျဉ်းချုပ်

ဆရာတော်သည် ဝမ်းတွင်းမြို့ ဘုရားစု သူဌေးကုန်းရပ် ဦးလေဒေါ်ဝိုင်းစိုတို့မှ ၁၃၀၈-ခု ဝါခေါင်လဆန်း ၄-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ သားချင်း ၄-ယောက်ဘွင် အကြီးဆုံးဖြစ်ပါသည်။

၁၃၁၅-ခု နှစ်တော်လပြည့်ကျော် ၄-ရက်နေ့တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ပါသည်။ ၁၃၂၅-ခုနှစ်၊ ကဆုန်လတွင် ကလောသိမ်တောင်ဆရာတော်အထံတွင် သင်ဟ၊ သဒ္ဒါစသော အခြေပြုစာဝါများကို လေ့လာသင်ယူခဲ့ပါသည်။

ကလောမြို့၌ ၂-ဝါဆိုပြီးနောက် ၁၃၂၇-ခုနှစ်တွင် တောင်ကြီးသိမ်တောင်ဆရာတော် ဦးဆန္ဒာဓိက (သိရိပဝရမဟာစရိယ) အထံတော်၌ နေ့ဝါညဝါများ လိုက်ခဲ့ပါသည်။

ရဟန်းဘဝသို့

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၅-ရက်၊ ကြာသပေးနေ့တွင် မိဘ နှစ်ပါး၏ အထောက်အပံ့ကို ခံယူ၍ ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။


စာချဆဲရာတော်များ

ကလောသိမ်တောင်မှ ဦးဉာဏိက၊ တောင်ကြီးသိမ်တော်မှ ဦးဆန္ဒာဓိက (ဆရာတော်ကြီး)၊ ဦးတေဇောဘာသ (ဓမ္မာစရိယ)၊ တောင်ကြီး ကံဦးကျောင်းမှ ဦးစန္ဒောဘာသ (တိုက်အုပ်)၊ တောင်ကြီးဓမ္မိကာရုံကျောင်းတိုက်မှ ဦးဣန္ဒဝံသ (တိုက်အုပ်ဆရာတော်)၊ ဘုရားစုကျောင်းလေးဆရာဇတော်တို့ ဖြစ်ကြပါသည်။

ကလော တောင်ကြီး သိမ်တောင် ကျောင်းတိုက်ကြီးများတွင် သီတင်းသုံးခဲ့စဉ်ကာလ၌ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော ဝိနယာဒိနုဂ္ဂဟ စာတော်ပြန်နှင့် ရေးဖြေပဲ့များကို မူလတန်းမှစ၍ ၁၃၃၆-ခုနှစ်တွင် စာချတန်းအထိ အောင်မြင်၍ ဘဒ္ဒန္တပညာလင်္ကာရာဘိဓံသ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

နိုင်ငံတော် တော်လှန်ရေးအစိုးရ စာမေးပဲ့များကို ပထမငယ်တန်းမှ စ၍ ၁၃၃၇-ခုနှစ်တွင် စာချတန်းအထိ အောင်မြင်၍ အရှင်ပညာလင်္ကာရ သာသနာ့ဓဇဓမ္မာစရိယဘွဲ့ကို ရယူခဲ့ပါသည်။

၁၃၃၈-ခုနှစ်တွင် ရှမ်းပြည်နယ် သာသနာရေးဌာန၏ ဦးဆောင်မှုဖြင့် တောင်ကြီးမြို့ ကန်အရှေ့ရပ် ပဲ့စားကြီးဦးထွန်းမြ (ကွယ်) ဒေါ်သန်းတို့၏ စတုပစ္စယဖိတ်ကြားမှုကို လက်ခံခဲ့ပါသည်။



ဘုရားစုကျေးရွာ အင်းမကြီးတောရကျောင်း စကြံကြီးပုံ

၁၃၃၃-ခုနှစ်တွင် ကလောမြို့ သိမ်တောင်ဆရာတော်ကြီး၏ ဩဝါဒဖြင့် ဘုရားစု ထိန်ပင်အင်းကျောင်း၌ ခေတ္တ သီတင်းသုံးသည်။ ၁၃၃၅-ခုနှစ်တွင် ဝမ်းတွင်းမြို့သို့ ရွှေပြောင်း သီတင်းသုံးခဲ့ပါသည်။ ၁၃၃၉-ခုနှစ်တွင် ဝမ်းတွင်းမြို့ အမှတ် ၁-ရပ် ဦးစန်းမြ-ဒေါ်ခင်နု သမီး စန်းစန်းနု၊ သား မောင်ဇော်နိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပါသည်။

ဤ အရှင်သည် သိမ်တောင် ကျောင်းတိုက်ကြီးများမှ တပါး တခြား သော ကျောင်းတိုက်များတွင် လုံးဝမနေဘူးပါ၊ သိမ်တောင်ကျောင်းမှနေ၍ သာ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့တွင်သာမက ကျောင်းထိုင်ဆရာတော်အထိ အဆင့်ဆင့်တိုးတက်ခဲ့ပါ၍ သိမ်တောင်ဂိုဏ်း၏ သားကောင်းစစ်စစ်ဖြစ်ကြောင်း ထင်ရှားပါသည်။

ဤအရှင်သည် ဘုရားစုထိန်ပင်အင်းကျောင်းတွင် လောကသေဌစေတီ တော်ကြီးကို အသစ်တည်ထား ပူဇော်ခဲ့ပါသည်။

ဝမ်းတွင်းမြို့ သိဂုံတရကျောင်း ဆုတောင်းပြည့် စေတီတော်ကြီးကို မှန်သက်နန်းစသည်တို့ဖြင့် မွမ်းမံပြင်ဆင်လျက် ရှိပါသည်။

နောင်အနာဂတ်တွင် စာသင်တိုက်ဖြစ်ရန် ရည်ရွယ်ပါသည်။ ၁၃၄၀-ခုနှစ်တွင် ရဟန်း ၅-ပါးနှင့် ရှင်သာမဏေ ၉-ပါးတို့ ဝါဆိုပါသည်။



သဲတောမြို့ သိမ်တောင်တိုက်သစ် ကိုးတောင်ပြည့်ကျောင်းတိုက်

မိတ္ထီလာခရိုင် သဲတော်မြို့ မီးရထားသံလမ်း အရှေ့ဘက်ရှိ ကိုးတောင်ပြည့်ကျောင်းတိုက်ကို ရန်ကုန်မန္တလေး မီးရထား စီးဘူးသူတိုင်း မြင်ဘူးကြပေလိမ့်မည်။ ၎င်းကျောင်းတိုက်မှာ အလွန်သာယာ စည်ကားး၍ ကြည့်ရှုရသူတို့အဖို့ သဒ္ဓါတရားတိုးပွားစေလောက်အောင် ယိုလသမာဓိပညာနှင့် ပြည့်စုံသော ရဟန်းသာမဏေများ သိကင်းသုံး နေထိုင်တော်မူကြပေသည်။ အလွန်တရာ ကြုံကြိုက်ခဲလှသော ဗုဒ္ဓပုဂ္ဂိဒ နဝမ ဘဘအခွင့်အခါကောင်းကို ရ၍ ပစ္စည်းမနှန့်ပဲ ပြည့်စုံသော ပုဂ္ဂိုလ်များအဖို့ နတ်ရွာစောင်းတန်းနှင့် တူသော ကုသိုလ်မျိုးကို ဖိုက်ပျိုးချရာ လယ်တာမြေကောင်း သဘွယ် ဖြစ်ပေသည်။ ၎င်းကျောင်းတိုက်အမြင့်ကြီးကို အရပ်လေးလွှာကာ လက်ဝရ သရာတော်လေးက အကျယ်တဝင့် ရေးသား ပေးပို့ပါသည်။ ကျယ်လွန်းသည်ကို ချုံးထားပါသည်။ စာရှုသူတို့ ပေါက်ပါးတိုင်း ဖတ်ရှု ကြည့်ရှုနိုင်ကြပါသည်---

မိတ္ထီလာခရိုင် သဲတောမြို့ရှိ
နဝင်္ဂါရုမ ဝံသပွဒီပိုကာ
ခေါ်
ကိုးတောင်ပြည့် ကျောင်းတိုက်
သာသနာဝင်
အရှင်လက္ခဏာလင်္ကာရ
(သာသနဓဇ ဓမ္မာစရိယ)
သာသနာလင်္ကာရ
သာမဏေကျော်
၁-ဘ-ဗ-(၃-ဗ ဂုဏ်ထူးဘွဲ့ရ)
ဆရာတော်လေး အကြိမ်းစီစဉ် ရေးသားသည်။

မိတ္ထီလာခရိုင်

မိတ္ထီလာမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးတိုင်းတွင် ပါဝင်သော ခရိုင်ဝန် ရုံးစိုက်ရာ မြို့တမြို့ဖြစ်သည်။

မိတ္ထီလာခရိုင်၌ မိတ္ထီလာမြို့၊ သာစည်မြို့၊ မလှိုင်မြို့၊ ဂမ်းတွင်းမြို့၊ သဲတောမြို့များ ပါဝင်သည်။

မိတ္ထီလာမြို့သည် ရန်ကုန်မန္တလေး ပေါ်တော်ကားလမ်းနှင့် သာစည် မြင်းခြံ ရထားလမ်း ဆုံရာ ပင်းဝံ ဟောင်ရိုးပေါ်၌ ကည်ရှိသည်။ ရန်ကုန်မှ မော်တော်ကားလမ်းမိုင် ၃၃၀-မိုင် ရှိ၍ မန္တလေးမှ ၉၆-မိုင်ရှိသည်။

ၵင်းပြင် ရှမ်းပြည်နယ် တောင်ပိုင်းမှလာသော ကားလမ်း၊ ညောင်ဦး ကျောက်ပန်းတောင်းမှ လာသော ကားလမ်း၊ မြင်းခြံမှလာသော ကားလမ်း များဆုံရာ ဗဟိုမြို ဖြစ်သည်။

မိတ္ထီလာခရိုင်မှ ဝါချည်ထည်၊ ငရုတ်၊ ပဲ၊ ကြက်သွန်နှင့် ဆန်စပါး များစွာထွက်၍ အရောင်းအဝယ်စည်ကားသော မြို့ဖြစ်သည်။ မိတ္ထီလာမြို့၌ ထင်ရှားသော ဗုဒ္ဓဘာသာဝင်တို့ ဦးခိုက်ရာ စေတီပုထိုးများမှာ ရွှေမြင်တင်၊ ဖောင်တော်ဦး၊ ဆုတောင်းပြည့် စသော မြို့တွင်းဘုရားများနှင့် ရှင်ပင်ဂူ၊ ရွှေဂူလှ၊ ရွှေဂူကြီးစသော မြို့ပြင်စေတီများစွာ ရှိပါသည်။

သဒ္ဓမ္မဝံသာရုံ ကန်နား စာသင်တိုက်၊ သာသနဝေဗုလ္လ စာသင်တိုက် ရေလည်စာသင်တိုက်၊ ဝမ်းတော်ပြည့်ရိပ်သာ စာသင်တိုက်များမှ ထင်ရှား သော စာသင်တိုက်များ ဖြစ်ကြ၍ ဗုဒ္ဓပိဋကတ်စာပေများ သင်ကြားပို့ချရာ (ဝိဇ္ဇာလယ) ဌာနကြီးများပင် ဖြစ်ပေသည်။

မထိလာမှ မိတ္ထီလာ

မိတ္ထီလာမြို့၌ ရှေးမင်းအဆက်ဆက်တို့ တူးဖော်ခဲ့သော သာယာကျယ် ဝန်းသည့် ကန်တော်ကြီးရှိရာ ဤကန်တော်ကြီးကြောင့် မိတ္ထီလာမြို့ထင်ရှားရ ခြင်း ဖြစ်ပေသည်။

ဦးကုလားရောဇဝင်တော်အရ ပုဂံပြည် အနော်ရထာမင်းစောသည် မိတ္ထီ လာကန်တော် ကျိုးပေါက်သဖြင့် ပြုပြင်တော်မူပြီးနောက် ကန်တော်မရဝပ် မည်မျှရှိသည်ကို သိရှိရန်နှင့် ပဟိုးတောင်ခြေရေထိ မထိ သိရှိရန် မြင်းသည် တော်တာယောက်ကို နံနက် ကြက်ဆင်းချိန်မှစ၍ လှည့်ပတ်ကြည့်ရှုစေရာ ည ကြက်တက်ချိန်မှ ပြန်ရောက်လေသည်။ မင်းကြီးက "ပဟိုးတောင်ခြေကို ရေထိသလား" ဟု မေးရာ မြင်းသည်တော်က "မထိလာပါဘုရား" ဟုလျှောက် ၍ မြင်းရောလူပါဒသလေသည်။ ထိုလျှောက်ထားချက်ကို အစဲပြု၍ "မထိသာ ကန်" ဟု သမုတ်ခဲ့ရာ ကာလကြာမြင့်လတ်လေသော် "မိတ္ထီလာ" ကန် ဖြစ် လာကြောင်း ဟန်ပုံစံ၍ မြို့ကိုလည်း "မိတ္ထီလာ"မြို့ဟု ခေါ်တွင်ကြောင်း ဆိုလေသည်။

ကန်တော်သမိုင်း ပုရပိုက်မူတွင်လည်း ဤအတိုင်းပင် ဆိုသည်—

မထိဣတိ သဒ္ဒံ လာတီ၊ ဝဒတိ ဣတိ မထိလာ။
ဣဒါနိ ဝ မိတ္ထီလာတိ၊ သမ္မဇနေဟိ ဝုစ္စရေ။

ငါးရှဉ်းဆယ်နေမိဇာတ်၊ မဟာဇနကဇာတ်တော်များ၌ လာသော မိထိလာပြည်ကြီးကဲ့သို့ ရန်အပေါင်းကို ရှင်းလင်းသုတ်သင် နိုင်သောကြောင့်

ရင်း စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဘုန်ရေစပါး ပေါများကြွယ်ဝသောကြောင့် ရင်း သဒ္ဓိသူပစာအားဖြင့် မိထိလာဟူသော ပါဠိအမည်မှ မိတ္ထီလာဖြစ်လာသည်ဟူ၍လည်း အဓွိပ္ပါယ်ဆကြပါသည်။

ဝေရံ မထတိ ဟိ သတိ၊ တေသိ တိ မိထိလာ။
သမ္ပတိ ဟိ မိတ္ထီလာတိ၊ အပိ စ ဝေါဟရိယတေ။

မြန်မာနိုင်ငံ၌ မြို့ရွာနာမည်များကို ရှေးက ပါဠိအမည်များဖြင့် မှည့်ခေါ်လေ့ရှိရာ—

ပုဂံမြို့ကို— အရိမဒ္ဒနာပုရ၊
အင်းဝကို— ရတနာပုရ၊
စစ်ကိုင်းကို— ဇေယျာပုရ၊
တောင်ငူကို— ကေတုမတီ၊
ပဲခူးကို— ဟံသာဝတီ၊
တောင်မြို့ကို—အမရပူရ၊
မန္တလေးကို— ရတနာပုဉ္ဇ—

စသည်ဖြင့် မှည့်ခေါ်ခဲ့ကြသည်ကို ထောက်ရှုနိုင်ပါသည်။

မန္တလေးမြို့ ဒကို့ဏာရာမ ပဌမ ဘုရားကြီးဆရာတော်ကလည်း ဝိနည်းနိဿယနိဂုံး စသည်တို့၌ တောင်ဘက်ကိုးသင်းမြင်းမြေ မိထိလာမြို့နယ် စသည်ဖြင့် မိထိလာဟူ၍ရင်း၊ မိဓိလာဟူ၍ရင်း၊ ပါဠိအမည်ဖြင့် သုံးစွဲခဲ့သည်။

အဘိဓာန်ဋီကာ၊မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတို့တွင် ကြည့်ရှုပါလေ။

မိတ္ထီလာကန်ကို ရှေးက သျှီသျှားကန်ဟုရင်း၊ မေတ္တာကန်ဟုရင်း၊ မထောင်းတာကန်ဟုရင်း အမည်အမျိုးမျိုး ခေါ်ဝေါ်ခဲ့ကြသည်။

“ရေစစ်ကိုင်း၊လှိုင်း ပခန်းငယ်၊ လယ်တောင်တွင်း၊ စပါး ရမည်းသင်း၊ အင်း တောင်သမန်၊ ကန် မိတ္ထီလာ”ဟု ထင်ရှားသော ကန်တော်တွင် အုံကိုးပါးရှိရာ ကင်းဝန်မင်းကြီးက—

သုံးနှစ်ကယ်သုံးတန်၊ လုပ်စားမှန်ကန်လို့၊
ဆင်ဆဒ္ဒန်ရေမြှုန်လျှိုး၊ တိုးဝင်လောက်သာ။
ငှက်ကြိုးကြာ ရေမသောက်သည့်ပြင်၊
ရွှေ နောက် မြောက် တောင်က၊
ငဲ့တောင်ယောင် ရှုမျော်ကြည့် ထိ မထိပါ၊
သည်အရာ မှတ်ပါတော့တခန်း၊

ငါးရံ့ ငါးခူန့်၊ ငါးပူစီ ဘယ်မရှိသည့်ပြင်၊
ရေညှိမတောင်ပြန်ရ၊ စိဉ္ဇ တဆစ်သီးပါလို့၊
မန်ကျည်း ပေပင်က၊ ကမ်းညာခွင် ပါသည့်ဒိုက်ကယ်၊
အမိုက်လာမဝင်စွဲးမို့၊ မိတ္ထီလာအုံကိုးကို၊
ထိုးတောဉဒါန်း—
ဟူ၍ အုံကိုးပါးအချိုးကို ရေးစပ်ခဲ့သည်။

မိတ္ထီလာကုံပတ်လည်၌—
သိမ်-(၉) သိမ်၊
ဂူ (၉) ဂူ၊
ကုန်း(၉) ကုန်း၊
အင်း(၉)အင်း၊
အိုင်(၉) အိုင်--
တို့ရှိခြင်းမှာ မိတ္ထီလာကုန်နှင့် မိတ္ထီလာမြို့တို့၏ ထူးခြားချက်များ ဖြစ်ပေသည်။

မိတ္ထီလာကုန်နှစ်ဖက်၌ မော်ကွန်းလေးစောင်ရှိသည်-
(ခ) ရှင်ပထာသိလစံသဆို (ကျွဲလေး စင်္ကာပါ)၏ သျှီချွန်း ကန်တွဲ့ မော်ကွန်း၊
(ဂ) ကွင်းတင်းတိုက်ဂုံ ပထာစရာဆို (ကျွဲလေး ခြေထောက်)၏ ဝေါ်ကွန်း၊
(ဃ) ပထနခဏဆို (ရွှေလေး ကြွက်သား)၏ မော်ကွန်း၊
(ဌ) ဗရဏောဘာနခဏဆို (ပုံလေး ကျက်သရေ)၏ မော်ကွန်း-
တို့ဖြစ်ကြသည်။

သံတောမြို့

သံတောမြို့သည် မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် ငပဖူးမြို့နယ်၏ မြို့နယ်ခွဲကဇလေး ဖြစ်သည်။ ရန်ကုန်မန္တလေး မီးရထားလမ်းပေါ် ဟင်္သာတမြို့၌ မီးရထားလမ်းမိုင်အရ ၃၂၂-မိုင်ရှိ၍ မန္တလေးမှ ၅၇-မိုင်ရှိသည်။ မော်ဟာကားလမ်းမိုင်အရ မိတ္ထီလာမြို့မှ ၂၅ မိုင်ခန့်၌ ဂမ်းတန်းမြို့ ဘင်္ဂလာက် ၂-မိုင် [illegible] ပေသည်။

ဟဲတောမှ သဲတော

သဲတောမြို့၏ အရှေ့တောင်ယွန်းယွန်း ၃၀-မိုင်ခန့် အကွာတွင် တမာကန် ခေါ်ရွာကြီးတရွာ ယခုတိုင်ရှိပါသည်။ ရွှေးအခါက သဲတောမြို့ နေရာတွင် အိမ်များ ရွာများမရှိသေးပေ၊ လယ်ယာမျဉ်းသာရှိသည်။ ယင်းလယ်ယာများကို အထက်က ဆိုခဲ့သော တမာကန်ရွာသားတို့ ပိုင်ဆိုင်ကြသည်။ တမာကန်ရွာသား လယ်သမားများသည် သုံးမိုင်ခန့်ဝေးသော လယ်များကို လုပ်ကိုင်ကြရာတွင် ခရီးဝေးသဖြင့် ယခု သဲတော အရှေ့ရပ်ကွက်နေရာတွင် လယ်တဲများ ဆောက်လုပ်၍ နေ့အိပ် ညနေ လယ်ယာလုပ်ကိုင်လာကြရာ ကာလအတန့်ကြာသော် လယ်တဲများ တဖြေးဖြေးများလာပြီး ရွာတရွာခန့်မျှ ဖြစ်လာ၍ အတည်တကျ နေထိုင်ကြလေသည်။ လယ်တောတွင် တဲများ ဆောက်လုပ်နေထိုင်ရာမှ ရွာဖြစ်လာသဖြင့် (တဲတော) ဟု ခေါ်တွင်ရာမှ ကာလကြာမြင့်လေသော် "သဲခတော"ဟု ပြောင်းလဲ ခေါ်ဝေါ်ကြလေသည်။ ရန်ကုန် မန္တလေး မီးရထားလမ်း ဖောက်လုပ်သောအခါမှ မီးရထား ဘူတာရုံ ထားရှိသဖြင့် မီးရထားဘူတာမြို့ ဖြစ်လာသည်။

တဲတော် တဲတောတိ ပုဗ္ဗေဟိ၊
ပေါရာဏေဟိ ဘိသမ္မတံ။
သဲခတော သဲတောတိ သမ္မတိ၊
သမ္ဗဇနေဟိ ဘာသိတံ။

နွားလားအသံမြုပ်သော နေရာ

အလောင်းစည်သူမင်း ဖောင်စကြာ လှည့်လည်လာစဉ် နွားလားညသဘ အသေကောင်ကို တွေ့ရှိလေရာ ယင်း နွားလားညသဘ၏ ဝမ်းတွင်းသားများ မြုပ်သောနေရာတွင် တည်သောရွာကို (ဝမ်းတွင်း) ဟု ခေါ်၍ ၎င်းနွားလား၏ အသဲ (အသည်း) မြုပ်သောနေရာကို "သဲတော"ဟု ခေါ်ကြောင်း အချို့ပြောဆိုကြသေးသည်။

လူဦးရေနှင့် အိမ်ထောင်စု

သဲတောမြို့သည် စတုရန်း တမိုင်ပတ်လည်မျှ ကျယ်သည်။ အိမ်ထောင်စု ပေါင်း ၁၄၇၀-မျှ ရှိ၍ လူဦးရေမှာ ၁၉၇၈-ခု၊ မတ်လစာရင်းအရ ၇၀၀၀-ကျော်ရှိကြောင်း သိရသည်။

ထွက်ကုန်

သဲတောမြို့နယ်တဝိုက်၏ အဓိက ထွက်ကုန်များမှာ—အထည်နှင့် ငရုတ်သီးဖြစ်သည်။ သဲတောအထည်မှာ မြန်မာနိုင်ငံတွင် ထင်ရှား၍ ငရုတ်သီးမှာ

လည်း "သဲတော ငရုတ်ပွ"ဟု ကျော်ကြားပြီး နိုင်ငံခြားသို့ပင် တင်ပို့ရသည်။ အခြားထွက်ကုန် အခို့အမှာ ဆန်စပါး၊ ပဲပြောင်း၊ အမျိုးမျိုးနှင့် သစ်တောထွက် ပစ္စည်းအခို့တို့ ဖြစ်ကြပါသည်။

ဘုရားပုထိုးများ

သဲတောမြို့အတွင်းရှိ ထင်ရှားတော တန်ခိုးကြီးဘုရားများမှာ ကိုးတောင်ပြည့်စေတီ၊ အလောင်းစည်သူမင်း တည်ထားခဲ့သော မြဘုန်းရှင်စေတီ၊ ကန်သားဆုတောင်းပြည့်စေတီ၊ ဘုရားကြီးစေတီနှင့် မိုးကောင်းစေတီတို့ ဖြစ်ကြသည်။

ကျောင်းတိုက်များ

သဲတော မြို့သူ မြို့သားတို့ ဆည်းကပ်ကိုးကွယ်ရာ ကျောင်းတိုက်ပေါင်း ၉-ကျောင်း ရှိ၍ အခို့ကျောင်းတိုက်များတွင် စာပေပရိယတ်များ ပို့ချ လျက်ရှိပြီး အခို့ကျောင်းတိုက်တို့မှာ ပဋိပတ် ကမ္မဋ္ဌာန်းကျင့်ကြံရာ တောရတိုက်များ ဖြစ်ကြသည်။ ယင်းတို့မှာ—

(၁) **စံကျောင်းတိုက်**။ ။မန္တလေးရွှေမြို့တော် မြောက်ဘက် မဟာဇေတီကာရာမ စံကျောင်းတိုက်တွင် သာယာဝတီမင်းလက်ထက် သုဒဿနဝရမဟာဓမ္မသာမိရာဇဂုရု) ဘွဲ့တံဆိပ်တော်နှင့် မင်းတုန်းမင်း လက်ထက်(သုဒဿနဓဇအတုလဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု) ဘွဲ့တံဆိပ်တော် ၂-ထပ်ရ စံကျောင်း ဆရာတော်ဘုရားကြီး၏ တပည့် ဆရာတော် အရှင်အာဒိစ္စသည် မန္တလေးစံကျောင်း ပုံစံအတိုင်း ဆောက်လုပ် သီတင်းသုံးခဲ့သော ကျောင်းတိုက်ဖြစ်သည်။ ယခုအခါ (သက်တော်-၈၆၊ သီကျွတ်တော်-၆၆) ဝါရှိ အရှင်ကောသလ္လမဟာထေရ် သီတင်းသုံးတော်မူလျက် ရှိသည်။

(၂) ကိုးတောင်ပြည့်ကျောင်းတိုက်၊

(၃) စံကျောင်းတော်ကျောင်းတိုက်၊

(၄) ဘုရားကြီးကျောင်းတိုက်၊

(၅) ကံသာကျောင်းတိုက်၊

(၆) မင်္ဂလာဇေယျကျောင်းတိုက်၊

(၇) ရွှေဘုံသာတောရတိုက်၊

(၈) ဆရာတော် ဦးအာစရကျောင်းတိုက်၊
(ဆရာတော် ဦးအာစရကျောင်းတိုက်မှာ ညောင်လွန်ဂိုဏ်းဝင်ဖြစ်၏)

(၉) ကုန်းမြေသာသနာ့ရိပ်သာတို့ ဖြစ်ကြသည်။

ပရိယတ္တိသာသနာနှုဂ္ဂဟအသင်း

သဲတောမြို့သည် ငယ်ပင် ငယ်သော်လည်း သာသနာရေး ဘာသာရေးကို အတူးအားပေးသော မြို့ကလေး ဖြစ်ရာဘး- သာသနာ ကြီးပွားတိုးတက်စေလိုသော သာသန မာဖက ပုဂ္ဂိုလ်များ အတွက် ပဋိရူပဒေသဝါသ အရပ်ပင် ဖြစ်သည်။ သို့ဖြစ်သည့်အတိုင်း—

သုတ္တန္တေ ဂဂ္ဂီတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ—

ဟူသော အဂ်ုတ္တရအဋ္ဌကထာ (အံ။ ဋ္ဌ။ ဘ။ ၇၂) လာသည်နှင့်အညီ သာသနာစည်ပင်တိုးပွားရခြင်းမှာ ပရိယတ်ိ ဓမ္မ ဘုရားသခင်၏ မူခပါဠိတော်များ သင်အံဆေလ့ကျက်ခြင်းသည် သာလျှင် ပဓာနဖြစ်ကြောင်း ပရိယတ်ိသာသနာတိုးတက်မှသာလျှင် ပဋိပတ်ိ သာသနာနှင့် ပဋိဝေဓ သာသနာ စည်ပင်နိုင်ကြောင်း ဆင်ခြင်မိရကား ယင်း.ပရိယတ်ိ သာသနာစည်ပင် တိုးပွားလိုသော ဆန္ဒဖြင့် သဲတောမြို့တွင် ပရိယတ်ိ သာသနာနှုဂ္ဂဟ အသင်းကို ၁၃၁၄-ခု၊ ပြာသိုလဆန်း တရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အသင်းကြီး ဥက္ကဋ္ဌ ဆရာတော်မှာ ကိုးတောင်ပြည့် ကျောင်းတိုက်ဆရာတော် အရှင်ဇာဂရမဟာထေရ်ဖြစ်သည်။

လူဒါယကာ ဥက္ကဋ္ဌမှာ ကျောင်းဒါယကာ ဦးရေကြည်ဖြစ်၍ အကျိုးဆောင်မှာ ဦးလှော် ဖြစ်သည်။ ပရိယတ်ိ သာသနာနှုဂ္ဂဟ အသင်းကြီးသည် ၁၃၁၅-ခုနှစ်၊ နယုန်လမှစ၍ အမျိုးသား စာပြန်ပဲ့ သဘင်ကို ကျင်းပလျက် သာသနာကို အားပေး ချီးမြှောက်ခဲ့သည်။ အမျိုးသား စာပြန်ပဲ့တွင် ပထမ အဆင့်အောင်မြင်မှ ဒုတိယအဆင့်ကို ဝင်ခွင့်ပြုသည်။

ပထမအဆင့်အတွက် ပြဋ္ဌာန်းသော ကျမ်းများ

(၁) ကစ္စည်းသဒ္ဒါ ပါဠိအနက်အဓိပ္ပာယ်၊
(၂) အဘိဓမ္မတ္ထသင်္ဂဟ ″
(၃) ဘိက္ခုပါတိမောက် ″
(၄) ကစ္စာယနသာရ ″
(၅) ဆန်း ″
(၆) မာတိကာ အရကောက် အဓိပ္ပာယ်
(၇) ဓာတုကထာ ″
(၈) ယမိုက်အောက်ဝါးကျမ်း ″
(၉) ပုဒ်စစ်-သုတ်စစ်၊ သဒ္ဒါစစ်း နည်းလေးဆယ် သံဝဏ္ဏနာကျမ်းတို့ ဖြစ်ကြသည်။

ဒုတိယအဆင့်အတွက် ပြဋ္ဌာန်းသော ကျမ်းစာများ

(၁) ကစ္စည်းသဒ္ဒါ ပါဠိအဓိပ္ပာယ်

(၂) အဘိဓမ္မတ္ထသင်္ဂဟ ″

(၃) ဒွေမာတိကာ ″

(၄) ကစ္စာယနသာရ ″

(၅) ဆန်း ″

(၆) ဘေဒစိန္တာ ″

(၇) အဘိဓာန် ″

(၈) မာတိကာ အရကောက် အဓိပ္ပာယ်

(၉) ဓာတုကထာ ″

(၁၀) ယမိုက်အထင်ကြီးကျမ်း ″

(၁၁) ပုဒ်စစ်၊ သုတ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ် သံဃဏ္ဌနာကျမ်းတို့ ဖြစ်ကြသည်။

ယင်းသို့ အမျိုးသား စာမေးပွဲ ကျင်းပလျက် သာသနာကို အားပေး ချီးမြှောက်ခဲ့သော်လည်း အခြေအနေအရ (၅) ကြိမ်မျှသာ စာပြန်ပွဲ သဘင် ကျင်းပ နိုင်ခဲ့လျက် ပျက်ခဲ့ရသည်။ နောက်ထပ် ပြန်လည်၍ ကျင်းပနိုင်မှု ကောင်းလေစ့။

မူလကံ ပရိယတ္တိဝ၊ သာသနဿ မဟေသိနော။
ပရိယတ္တိ ရက္ခိတာ စေ၊ ပဋိပတ္တိ ပိ ရက္ခိတာ။

ဓမ္မာနုဂ္ဂဟအသင်း

ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်း ပျက်ခဲ့ရသော်လည်း သာသနာတော်ကို ချီးမြှောက်လိုသော စိတ်ဆန္ဒ မကုန်သေးရကား ဓမ္မာနုဂ္ဂဟ အသင်းကိုလည်း အသစ်ဖွဲ့စည်းခဲ့ပြန်လေသည်။

ယင်းဓမ္မာနုဂ္ဂဟအသင်း၏ ရည်ရွယ်ချက်မှာ ပရိယတ္တိ သာသနာနှင့် တကွ ပဋိပတ္တိသာသနာကိုလည်း ပွင့်လင်းစေရမည်ဟူရကား မြန်မာနိုင်ငံ အရပ်ရပ်မှ ထင်ရှားသော နိုင်ငံကျော် ဓမ္မကထိကများကို ပင့်ဖိတ်လျက် ဓမ္မာနုဂ္ဂဟ တရားသဘင် ဆင်ယင်ကျင်းပ၍ တရားတော်များ နာယူလျက်ရှိရာ ယခုတိုင်ပင် ဖြစ်လေသည်။

၀ါတွင်းဘုံလောင်း ဝတ်အသင်း

သဲတောမြို့တွင် ၅-ရက်တစ်ကြိမ်ရှိလေသည်။ ကြီးကြီးနှေးဖြစ်လျှင် သံဃာတော်များမှာ ဆွမ်းနှင့်ဆွမ်းဟင်း အခက်အခဲအနည်းငယ် ရှိတတ်သည်။ ဟင်းအခက်အခဲကို သိရသဖြင့် သာသနာကို အားပေးလိုသော သာသနမာမက ပုဂ္ဂိုလ်များသည် ၀ါတွင်းဘုံဆွမ်းလောင်း ဝတ်အသင်းကို တည်ထောင်လေသည်။

၎င်းအသင်းကို ကိုးတောင်ပြည့် စေတီရင်ပြင်တော်ရှိ ခေါင်းလောင်း စာအရ သက္ကရာဇ် ၁၂၉၄-ခုနှစ်ကပင် စတင်တည်ထောင်ခဲ့ကြောင်း သိရှိရပေသည်။ ၀ါတွင်းသုံးလအတွင်း သဲတော စျေးကြီးနေ့တွင် သဲတောမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာအရေအတွက်အရ ဆွမ်းနှင့် ဆွမ်းဟင်းများကို ပြည့်စုံစွာ လောင်းလှူလေသည်။

သမဏေန ဒေါသဒီဒီပနီကျမ်းလာ
ဆွမ်းအကျိုးပြလက်ာ

ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊လျင်လျားပညာ၊ ငါးဖြာမယုတ်၊ ဆွမ်းကျိုးထုတ်၍၊ အဂ်ုတ္တရ၊ ပဥ္စကနိပါတ်၊ မိန့်လတ်တဝ၊ မိလိန္ဒဟု၊ ဝစ္ဆပဒါန်၊ အလိုပြန်သော်၊ နှစ်တန်ပါန၊ ဆွမ်းလှူရမူ၊ ပုဗ္ဗနိသင်၊ ကျိုးငါးအင်ဝယ်၊ ဖြူစင်သန့်ရှင်း၊ ထမင်းအဖျော်၊ ပူဇော်များလှ၊ လုလွှရံခြွေ၊ ဣန္ဒြေနှင့်၊ ငါးထွေထည့်ငြား၊ ကျိုးဆယ်ပါးဟု၊ ပိုင်းခြားမိန့်ဆိုလေသတည်း။

ကိုးတောင်ပြည့်စေတီတော်
ကိုးနဝင်းသဲပုံစေတီ

မြန်မာသက္ကရာဇ် ၁၂၉၆-ခုနှစ်သည် မကာရန္တလက်ခိုးဗေဒင် တွက်ကိန်းများအရ ကောလဟာလခတ်ဆန်းသောနေ့ဖြစ်လေသည်။ မကာရန္တ တွက်ခိုးအရ သက္ကရာဇ်ကိုတည့် ၃၅-ပေါင်း၊ ၈၀-နှင့်စား၊ အကြွင်းတွင် ပါပခတ်သက် ၂၂-သူရဇ္ဇခတ်သက် ၁၂၊ အမြိတ္တခတ်သက် ၁၆၊ ကောလဟာလခတ်သက် ၃၀-နှင့် အစဉ်အတိုင်းနှုတ်သွားပါ။ မနှုတ်လောက် ၎င်းခတ်ဆန်းလေသည်။

သက္ကရာဇ် ၁၂၉၆-ခုကို ၃၅-ပေါင်း၊ ၁၃၃၁-ရ၏။ ၈၀-နှင့်စားသော် ၅၁-ကြွင်းလေရာ ယင်း ၅၁-မှ ပါပခတ်သက် ၂၂-နှုတ်၊ ၂၉-ကြွင်းသည်။ သူရဇ္ဇခတ် ၁၂-ထပ်နှုတ်၊ ၁၇-ကြွင်း၏။ အမြိတ္တခတ်သက် ၁၆-

နှုတ် ၁-ကြွင်းသည်။ ၁-ကြွင်းတွင် ကောလိဓာတ်သက် မနှုတ်လောက်၍ၜင်း၊ ၁၂၉၆-ခုနှစ်မှာ ကောလိဓာတ်ဆန်းသောနှစ် ဖြစ်လေသည်။

ထို့ပြင် ၁၂၉၆-ခုနှစ်ကို ၃-နှင့်ဖြစ်စေ၊ ၉-နှင့်ဖြစ်စေ စားသော် ပြတ်လေရာ တြင်းကျေနဝင်းကျေသောနှင့်ဖြစ်ပြန်လေသည်။ ၎င်းပြင် ၁၂၉၆-ခုနှစ်ကို ၁၂-ရာသီစက် တပတ်ဖြစ်သည့် ၁၀၀-နှင့်စားလျှင် အကြွင်းမရှိသဖြင့် ၁၂-ရာသီစက် တပတ်ပြည့်၍ ဂြည့်စုန်းနက္ခတ်ပြဿနာနှစ်လည်း ဖြစ်လေသည်။ နောက်တမျိုးမှာ ၁၂၉၆-ခုနှစ်ကို နက္ခတ် ၂၇-လုံးနှင့် စားလျှင် ပြတ်လေရာ သတ္တဗိသကျသောနှစ်လည်း ဖြစ်လေသည်။

မှတ်ချက်။ ။ဤတွက်ကိန်းဟောကိန်းများကို ပရာဇန္တလက်ရိုးတွက်ကျမ်း၊ နေမိတ္တဝိဇ္ဇာကျမ်း၊ ဆရာဖောက်၏ အလှယ်ဆုံး ဇာတာဖွဲ့နည်းကျမ်းများတွင် ကြည့်ပါ။ ဤနှိုင်း အကျယ်ပရေးသာပြီ။

ယင်းသို့ ၁၂၉၆-ခုနှစ်သည် ဧကောလိဓာတ်သုံးသော နှစ်ဖြစ်၍ ကြင်းကျေ၊ နဝင်းကျေ၊ သတ္တဗိသကျ၌ ပြည့်စုံပြီးသော နှစ်လည်း ဖြစ်လေရာ ဗေဒင်ကျမ်းဂန်ကတ်ကျမ်းသူတို့က မြန်မာပြည်သူမျိုး အားလုံးတင်ကြစေရန် ရည်ရွယ်လျက် ကိုးယတ်သမ်၊ ကိုးမုက်၊ ကိုးတွာ၊ ကိုးတောင် ရှိသော သဲပုံစေတီများ ပြုလုပ်ကိုးကွယ်ရန် တိုက်တွန်းကြလေသည်။

ယင်းသို့ တိုက်တွန်းကြလေရာ မြန်မာပြည်အရပ်ရပ်တွင် ကိုးနဝင်းကျေ သဲပုံစေတီများတည်ကြ၍ ပွဲတခြိမ့်ခြိမ့် ခံကြလေသည်။ သဲပုံစေတီ ပြုလုပ်ပုံမှာ ဝါးဖတ် ဝါးနှီးပြားကိုဖြစ်စေ၊ ထန်းလျက်ပြားကိုဖြစ်စေ ခွ၍ သဲကို စတုတ်တိုက်ထည့်ရသည်။ ပထမခွေ(ဖောင်းရစ်)တင် ဒုတိယခွေအငယ်ကိုဆင့်၍ သဲထည့်ရသည်။ ဤသို့ဖြင့် ခွေပြည့်အောင် ဆင့်ပြီး အဖေါ်မှ ထီးတင်ရလေသည်။ ကိုးနောက် အနေကဇာတင်၍ ပူဇော်ကြလေသည်။

အခွံကမူ သွဲကျောက်ခွေများကို ဖြစ်စေ၊ အုတ်ဖြင့် ဖြစ်စေ၊ ကိုးထွာ၊ ကိုးမိုက်၊ ကိုးတောင် စသည်ဖြင့် အမြဲ ထာဝရ ကိုးကွယ်နိုင်ကြရန် တည်ထားကြလေသည်။ ယင်း ကိုးနဝင်းစေတီများကိုပင် —

ဘုရားလေးငယ်ငယ်၊ ကိုးဇောင်ပြည့်ဝယ်၊
ငယ်သာငယ် ကယ်ဆယ်မည့် ဘုရား၊
ဓာတ်ကောလိ နယ်မကူးခင် ဖူးကြအမျှား—

ဟုပင် လုံ့ဆော်ကြလေသည်။

သဲတော ကိုးတောင်ပြည့်

သဲတောမြို့တွင် အထက်ပါအတိုင်း ဗေဒင် ကိန်းခန်းအရ လုံ့ဆော်ခဲ့သည့်အတိုင်း ၁၂၉၃-ခုနှစ်တွင် ကိုးတောင်ပြည့်သဲပုံစေတီတော်ကို သဲတော

မြို့သူ မြို့သား အများးကောင်းမှုဖြင့် တည်ထား ကိုးကွယ်ခဲ့ကြလေသည်။ စေတီတော်ကိုလည်း ကိုးတောင်ပြည့် ကိုးနဝင်း ဆုတောင်းပြည့်ဟု ဘဲတော် မှည့်ခေါ်ကြလေသည်။

မြင်ကွင်း

သဲတောမြို့ အရှေ့ဘက်စူးစူး နှစ်ဖာလုံအကွာတွင် ပြာသာဒ်များ၊ တန်ဆောင်းများဖြင့် တင့်တယ်သပ်ရပ်စွာ ကိုးတောင်ပြည့် စေတီတော်ကို ဖူးတွေ့နိုင်ပါသည်။ စေတီတော် ပရိဝုဏ်အတွင်း မဝင်မီ ကိုးတောင်ပြည့်စေတီတော်ဟူသော စာတန်းကို တွေ့မြင်ရမည် ဖြစ်ပြီး ပရိဝုဏ် (ဘုရားအတွင်း)သို့ ဝင်လိုက်ပါမူကား ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်တော်ကြီးအတွင်းမှ ရွှေတဝင်းဝင်းနှင့် ကိုးတောင်ပြည့် စေတီတော်မြတ်ကြီးကို ဖူးတွေ့ရမည် ဖြစ်ပေသည် တကား။

ကိုးတောင်ပြည့် စေတီတော် ဘုရားရှိခိုး

နဝင်္ဂနာမစေတိယံ၊
သဗ္ဗဘယဝိနာသကံ။
ဂစိဟိစိတဝရဒံ၊
ဝန္ဒာမိ သိရသာဒရံ။

သဗ္ဗဘယဝိနာသကံ၊ အလုံးစုံသော ဘေးရန်အပေါင်းကို ပယ်ဖျောက်တော်မူတတ်ထသော။ ဂ္ဂစ္ဆတိစ္ဆတဝရဒံ၊ အလိုရှိတိုင်းသောဆုကို ပေးတော်မူတတ်ထသော။နဝင်္ဂနာမစေတိယံ၊ ကိုးတောင်ပြည့်ဟုနာမတွင်မည်ရှေစေတီကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရှိသေလေးမြတ်စွာ။ ဝန္ဒာမိ၊ ကာယဝစီမနော်ချီလျက် သုံးလီဒွါရပဏာမဖြင့် ဦးချခါရှိခိုးပါ၏ ဘုရား။

စေတီတော်တွင်း အဆောက်အဦများ

ကိုးတောင်ပြည့်ရင်ပြင်တော်အတွင်း အဆောက်အဦးများစွာရှိပေသည်၊ စေတီတော်အထက်မှ ဘုံ ၇-ဆင့်ရှိ ပြာသာဒ်ကို ဦးမောင်ငယ်ကြီး+ဒေါ်အေးကြယ်က ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။စေတီတော်၏အနောက်ဖက်နှင့်မြောက်ဖက်တွင် သဲတောမြို့တောင်ရပ် ဦးရေကြည်-ဒေါ်ရိုင်း သမီးမသိန်းရင်တို့ကောင်းမှု ဓမ္မာရုံနှစ်လုံးနှင့် တောင်ဘက်တွင် ကိုစံထွန်း-မသိန်းရင် (ဦးရေကြည်သမီးနှင့်သမက်) ကောင်းမှု ဓမ္မာရုံဟာလုံးတို့ ရှိကြသည်။

စေတီတော်ပရိဝုဏ်(ဘုရားဝိုင်းအတွင်း)တွင် ကျောက်ဧာတိုက် ၆-တိုက်ရှိပါသည်။ ပဥ္စမသံဂါယနာတင်တော်မူ ပိဋကတ်တိုက် ၄-တိုက်နှင့် ဆဋ္ဌသံဂါ

ယနာတင်တော်မူ ပိဋကတ်တိုက် ၂-တိုက်တို့ဖြစ်ကြသည်။ ဘုရားရှင်၏ ပိဋကတ်ပါဠိတော်များကို အခွန့်ရှည်ကြာ သာသနာ ၅၀၀၀-တည်ပါစေရန် ရည်စူး၍ ဆောက်လုပ်လှူဒါန်းခဲ့ကြပါပေသည်။

ပါဠိတော်ပိဋကတ်များကို စကျင်ကျောက်ပြားများတွင် ထွင်းထု၍ ရေးသားထားခြင်းဖြစ်ပေသည်။ ပဥ္စမသံဂါယနာမှုတော် မန္တလေးတောင်ခြေ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအတွင်းရှိ ကျောက်စာတော်မှုအတိုင်းဖြစ်ပါသည်။

"ကမ္ဘာ့အကြီးဆုံး အထူဆုံး စာအုပ်ဟူ၍ ၁၉၇၂-ခုစာအုပ်နှစ်တွင် လူထု ဒေါ်အမာဖတ်ကြားခဲ့သည့် စာတမ်းအတိုင်းပင် ကိုးတောင်ပြည့်စေတော်တော်အတွင်းရှိ ကျောက်စာချပ်များမှာလည်း ကမ္ဘာ့အကြီးဆုံးစာအုပ်ပင် မဟုတ်ပါလော။

ကျောက်စာများ ထွင်းထုရေးသားနည်း၊ မင်ဖော်စပ်နည်း၊ ဤကိုးတောင်ပြည့်ကျောက်စာအပါအဝင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျောက်စာများအကြောင်း စသည်တို့ကို လူထုဒေါ်အမာ၏(ကမ္ဘာ့အကြီးဆုံးစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်၊ စာရေးသူ)

ကဲ့ခင်းမှုရှင်များ

အဘိဓမ္မာပိဋကတိုက်အမှတ် ၁-ကို ဦးရေကြည်+ဒေါ်ရိုင်းသမီး မသိန်းရင်တို့က ၁၂၉၆-ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အဘိဓမ္မာပိဋကတိုက်အမှတ် ၂-ကိုလည်း အမှတ် ၁-ကုသိုလ်ရှင်များကပင် ၁၃၀၁-ခုနှစ်တွင် လှူဒါန်းခဲ့ပါသည်။ သုတ္တန်ပိဋကတိုက်နှင့် ဝိနည်း ပိဋကတိုက်များကို သဲတောမြို့တောင်ရပ် ဦးမောင်ငယ်ကြီး+ဒေါ်အေးကြွယ်တို့က ဆောက်လုပ်လှူဒါန်း၍ အတွင်းကျောက်စာများကိုမူ ဒါယကာအများ လှူဒါန်းခဲ့ကြသည်၊ ကောင်းမှုရှင်များက ချစ်တီးရာမ+ဒေါ်သာမိတို့၏ ကောင်းမှု(၁၆-ဂ-၃၇) နှစ်ပါ ကောင်းမှုရှင်ကို ချစ်တီးကုလားစာခေါ် တမိလ်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာချပ်ကိုလည်း တွေ့ရသေးသည်။ ဆဋ္ဌသံဂါယနာတင် ပိဋကတ်တိုက် ၂-တိုက်ကို ဦးရေကြည်+ဒေါ်ရိုင်းတို့က ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဝမ်းတွင်းမြို့
မဟာဇောတိကာရာမသိမ်တောင်တောရတိုက်

ဝမ်းတွင်းမြို့၏ တောင်ဘက် တမိုင်အကွာတွင် တောင်ကုန်း တောင်ပူစာရှိ မြောင်ရောကန် ရေအိုင်တို့ဖြင့် ကြည်နူး ရှင်လန်းဘွယ်ရာ ဝိဇ္ဇာ-ဇော်

ဂျီ-တပသီတို့ ပျော်မြူးဘွယ်ရာ ကာမလူ့ဘောင် အိမ်ရာထောင်မှ စွန့်ပယ်ခွါလျက် မဂ်ဖိုလ်စခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းလိုသူတို့ တရားကမ္မဋ္ဌာန်း ရှုစီးဖြန်း၍ ခေမာသောင်ကမ်း လှမ်းချင်ဘွယ်ရာ သံဃာလှသော မင်းဝံတောင်တန်း၏ အဆက်ဖြစ်သော တောင်ကုန်းတန်းရှိသည်။

တောင်ကုန်း တော်ဝင်တန်းပေါ်၌ သက္ကရာဇ် ၁၂၆၅-ခုနှစ်က ပထမအင်းမကြီးဆရာတော် အရှင်ဇောတိက မဟာထေရ်မြတ်ကြီးသည် တောရကမ္မဋ္ဌာန်း အားထုတ်လျက် သီတင်းသုံးတော်မူခဲ့လေသည်။ ထို ဆရာတော် ဘုရားကြီးသည် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများအား တရားရေအား တိုက်ကျွေးလျက် ကမ္မဋ္ဌာန်း ပြသပေးတော်မူရာ တဖြည်းဖြည်း စည်ကားတိုးတက်လာ၍ ကျောင်းတိုက်ကြီးတခု ဖြစ်ပေါ်လာခဲ့လေသည်။ ဤကျောင်းတိုက်ကြီးကို ပထမ အင်းမကြီးဆရာတော် အရှင်ဇောတိက မဟာထေရ်စတင်တည်ထောင်ခဲ့သောကြောင့် "မဟာဇောတိကာရာမ" တိုက်ဟုခေါ်တွင်လေသည်။ တောင်ပေါ်တွင် သိမ်သမုတ်ထားသောကြောင့် "သိမ်တောင် တောရတိုက်ဟုလည်း ခေါ်တွင်ကြလေသည်။ ယခုအခါ အမည်နှစ်မျိုးလုံးကို တွဲဖက်လျက် "မဟာဇောတိကာရာမသိမ်တောင်တောရတိုက်" ဟု အမည်တွင်လျက်ရှိပေသည်။

မဟာဇောတိကာရာမ သိမ်တောင်တောရတိုက်တွင် သံဃာတော်ပေါင်း ၄၀-ခန့်ရှိ၍ တရားအားထုတ်လျက် စာပေသင်ကြားကြသော သီလရှင်ပေါင်း ၁၂၀-ရှိသည်။

ပဋိပတ်မှ ပရိယတ်သို့

သိမ်တောင်တောရ'တိုက်ကိုတည်ထောင်ခဲ့စဉ်က ပဋိပတ္တိသာသနာစည်ပင်စေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ရကား ကမ္မဋ္ဌာန်းတရား ပွားများလိုသူရဟန်းရှင်လူ ယောဂီများနှင့် သီလရှင်များသာ သီတင်းသုံး နေထိုင်ခဲ့ ကြသည်။

သက္ကရာဇ်၁၃၁၃-ခုနှစ်တွင် ပရိယတ္တိအခြေခံရှိမှသာ ပဋိပတ္တိသာသနာတည်တန့်နိုင်မည်ဟု စဉ်းစားတော်မူမိရကား သိမ်တောင် တောရတိုက်ကြီး၏ခြောက်ဆက်မြောက် တိုက်အုပ်ဆရာတော် အရှင်ကောသိယမဟာထေရ်လက်ထက်တော်မှစ၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချလျက် စာမေးပွဲဝင်ခွင့်ကိုလည်း ပြုတော်မူခဲ့လေသည်။

မဟာဇောတိကာရာမန္တိ၊ ပိဿံဝိဇ္ဇာလယမ္ပိ စ။
မဟာဇောတိကထေရေန၊ ပတိဋ္ဌာပေတိ သာသနံ။
ကောသိယောနာမ ထေရောပိ၊ ဇောတိကာရာမဣဿရော။
ပရိယတ္တိံ ဥဂ္ဂဏှော်တွာ၊ အနုဂ္ဂဟေသိ သာသနံ။



စမ်းတွင်းမြို့ သိမ်တောင်တောရကျောင်းတိုက် မဟာဗောဓိဘုရား

သိမ်တောင်ဂိုဏ်း

မဟာဇောတိကာရာမ သိမ်တောင်တောရ တိုက်တွင် တိုက်ခဲ့ပေါင်း များစွာရှိလေသည်။ ယင်းတိုက်ခဲ့များမှာ ကလော၊တောင်ကြီး၊မိတ္ထီလာ၊ နတ်မောက် စသည့်မြို့များတွင်ရှိ၍ စာပေပရိယတ္တိ အခြေအနေဖြင့်ရင်း၊ ပဋိပတ် အားထုတ်မှု၊ နည်းပေးမှုအနေဖြင့်ရင်း ထင်ရှားကြသည်။ သိမ်တောင်တောရ တိုက်ခဲ့ပေါင်း ၄၀-ရှိ၍ "မဟာဇောတိကာရာမသိမ်တောင်ဂိုဏ်း" ဟု ခေါ်ကြသည်။ သိမ်တောင်ဂိုဏ်းအား သိက္ခာဝါတော်ကြီးသည့် ဆရာတော်ကြီး တပါးအား ဦးစီးနာယကဆရာတော်အဖြစ် ခန့်အပ်ထားပါသည်။ ယခုလက်ရှိ သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ ဦးစီးနာယက ဆရာတော်မှာ ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ သိမ်တောင်ကျောင်းတိုက်မှာ ဆရာတော်အရှင် အာဒိစ္စဝံသ မဟာထေရ်ဖြစ်သည်။

သိမ်တောင်ဂိုဏ်းကြီး၏ အတွင်းရေးမှူး ဆရာတော်မှာ မိတ္ထီလာမြို့ တောမမမွာရုံ ဆရာတော်အရှင် ပဏ္ဍဝမဟာထေရ်ဖြစ်၍ ဒုတိယလက်ထောက်

ဆရာတော်မှာ မိတ္ထီလာမြို့ အသောကာရုံ ရေလည်စာသင်တိုက်မှ ဆရာတော် အရှင် လာဘာဝတာဘမတေရ်ဖြစ်သည်။ (အကျယ်ကို ပဟာဇောတိကာရုမသိမ် တောင်တောရတိုက် သာသနာဝင်တွင် ကြည့်ပါ)။

ကိုးတောင်ပြည့် ကျောင်းတိုက်

သက္ကရာဇ် ၁၂၉၆-ခုနှစ်တွင် သဲတောမြို့ မြို့မရပ်ပ ဒါယကာ ဦးဇာကြယ်- ဒါယိကာမ ဒေါ်လေးဖြူတို့က သဲတောမြို့အရှေ့ဘက် ကိုးတောင်ပြည့် စေတီအနီးတွင် တိုက်ကျောင်းဆောက်လုပ်၍ ထိုအချိန် သိမ်တောင်တိုက် ဆရာတော် ဖြစ်တော်မူသည့် အရှင်ကလျာဏ ဟာဒတရိအား ရောစက်ချ ကျွေးလေသည်။ တိုက်ဆောက်ရန် မြေကိုလည်း သဲတောမြို့ မြို့မရပ်မှ တရုတ်သူဌေး ဦးသုနန်-ဒေါ်ကြာတို့က ဆရာတော်အား ပူဇော်လေသည်။ ဆရာတော် အရှင် ကလျာဏာဘိဓာဇေရိသည် ၁၂၉၆-ခုနှစ်၊ ဝါခေါင်လဆန်း ၇-ရက်နေ့ သိမ်တောင် ဖောဝရတိုက်မှ ဆရာတော် အရှင် ကောသိယအား နောက်ပါ သံဃာတော် ၂၅-ပါးနှင့်အတူ တပလွတ်၌ တိုက်ခဲ့စတင်တည်ထောင် ခဲ့လေသည်။ ကျောင်းတိုက်ခဲ့၏ အပည်တို့လည်း သိမ်တောင်တောရတိုက်မှ ခွဲ၍တည်ထောင် သော တိုက်သစ်ဖြစ်သောကြောင့် "သိမ်တောင်တိုက်သစ်" ဟုခေါ်တွင်စေသည်။ သိမ်တောင်တိုက်ကို အနောက်ဘက်၌ရှိ၍ အနောက်တိုက်ဟု ခေါ်ဝေါ်ကြ ပြီး ယခုသိမ်တောင်တိုက်သစ်ကိုမူ "အရှေ့တိုက်" ဟူ၍လည်း အချို့က ခေါ် ဝေါ်ကြသေးသည်။

ကိုးတောင်ပြည့်အမည်သို့

ပထမတိုက်ခဲ့စဉ်က သိမ်တောင်တိုက်သစ်ဟု အပည်သမုတ်ခဲ့သော်လည်း ယခုအခါတွင်မူ **ကိုးတောင်ပြည့်** စေတီတော်အနီး၌တည်ထောင်ခဲ့သောကြောင့် "ကိုးတောင်ပြည့်ကျောင်းတိုက်" ဟု ခေါ်ကြလေသည်။

ကိုးတောင်ပြည့်စေတီယမူလ၊ ပရိဝေဏ် သုမာပိတံ။
တသ္မာ ကိုးတောင်ပြည့်ကျောင်းတိုက်ဟိ၊ ဝိသုဇေတာ ဣဓသဝံသနာ။

ဇေတဝန်အလား

ကိုးတောင်ပြည့်ကျောင်းတိုက်သည် သဲတောမြို့အရှေ့ဘက် ကိုးတောင် ပြည့် ကိုးနဝင်းစေတီတော်အနီးတွင် တည်ရှိ၍ သဲတောမြို့နှင့် ၂-ဖာလုံဝေး လေရာ—

ဇေတသဿ ကုမာရဿ ဥယျာနံ ဂါမတော နေဝ အာဘိဒူရေ နာ အစ္ဆာ
သန္နေ ဂမ္ဘီရသမုန္နံ အဒ္ဓိကာနံ မနုဿာနံ အဘိက္ကမနီယံ ဒိဝါ

အပ္ပာကိဏ္ဏံ ရတ္တိ အပ္ပသဒ္ဒံ အပ္ပနိဒ္ဓေသံ ဝိဇနံဝါတံ မနုဿရာဟသေယျကံ ပဋိသလ္လာန သာရုပ္ပံ—

ဟူ၍ စူဠဝဂ္ဂပါဠိ သေနာသနက္ခန္ဓကဋ္ဌ လာသည်နှင့်အညီ မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကြီးနှင့်မခြား မြို့နှင့်အလွန်လည်း မဝေး၊ အလွန်လည်းမနီး၊ သွားလမ်း လာလမ်းလည်းကောင်း၏။ လူတို့နှင့်ရောမြှမ်းယှက်တင်မရှိပေ။ ဆူညံသံကင်းလေရာ ပဋိပတ္တိ(ကမ္မဋ္ဌာန်း)အားထုတ်ရန် အထူးသင့်လျော် လျောက်ပတ်လေသည်။ ယင်းသို့ ကမ္မဋ္ဌာန်း အားထုတ်ရန် သင့်လျော်သောနေရာဖြစ်ရကား စတင်တည်ထောင်စဉ်လည်း ပဋိပတ္တိကမ္မဋ္ဌာန်း တောရတိုက်အဖြစ်သာ တည်ထောင်ခဲ့ခြင်းဖြစ်ပေသည်။

ကိုးတောင်ပြည့်ကျောင်းတိုက် စတင်တည်ထောင်စဉ်က အရှင်ကလျာဏမဟာထေရ်က တိုက်အုပ် ဆရာတော်အဖြစ် အုပ်ချုပ်တော်မူသည်။ ဆရာတော် အရှင်ကလျာဏမထေရ် ဘဝနတ်ထံ စံလွန်တော်မူပြီးသည့်နောက် အရှင်ဇာဂရမဟာထေရ်အား တိုက်အုပ်ဆရာတော်အဖြစ် တင်မြှောက်ခဲ့ပေသည်။ အရှင်ဇာဂရမဟာထေရ် လက်ထက်မှစ၍ တိုက်ဘာ အဆောက်အဦများ တိုးတက်ထွန်းကားလာခဲ့ပေသည်။

(အရှင်ကလျာဏ၊ အရှင်ဇာဂရ မဟာထေရ်တို့၏ ထေရုပ္ပတ္တိ သာသနာဝင်များ ရှုပါ)

ကိုးတောင်ပြည့် ကျောင်းတိုက်အတွင်းရှိ အဆောက်အဦများ

ကိုးတောင်ပြည့် ကျောင်းတိုက်သည် သဲတောမြို့နှင့် မဝေးလွန်း၊ မနီးလွန်း လူသံကင်းဆီတ်၍ တရားအားထုတ်လိုသူတို့ တရားအားထုတ်ချင်ဘွယ်ရာ စာပေ ရွတ်အံသူတို့ သမာဓိရဘွယ်ရာ အကောင်းဆုံးပဋိရူပဒေသဝါသအရပ်ပင် ဖြစ်ပေသည်။ ရန်ကုန်-မန္တလေး မီးရထား စီးလာသူများအဖို့ သဲတောဘူတာမှ အရှေ့ဖက်ကိုမျှော်ကြည့်လိုက်သော် ၁-ဖာလုံခန့်အကွာတွင် ဘုရားတန်ဆောင်းပြာသာဒ် တိုက်ဘာ အဆောက်အဦတို့ဖြင့် မားမား မတ်မတ် တည်ရှိနေသည့် ကိုးတောင်ပြည့် စေတီတော်နှင့် ကျောင်းတိုက်ကြီးကိုထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်ပေသည်။

ဤကိုးတောင်ပြည့် စေတီတော်နှင့် ကျောင်းတိုက်အတွင်း ဝင်၍ကြည့်ဘိမူ—

ဆောင်ဆောင်သာပုံတောင် ကြည့်လို့ကုန်နိုင်ပါ × သာယာ × သာယာဆန်းနု × × ပျော်ဖွယ် ပျော်မျိုးစုံပါလို့လေး × × × × × ×

(ပုဇွန်းတောင်သံအလိုက် ကြိုးချင်း)

အထက်ပါကြိုးချင်းကဲ့သို့ပင် တိုက်တာအဆောက်အဦများကို ကြည်နူးဘွယ် ရှင်လန်းဘွယ် တွေ့မြင်ရမည် ဖြစ်ပေသည်။

ယင်းအဆောက်အဦများမှာ—

(၁) ဗဟိုတိုက်ကြီး

၁၂၉၆-ခုနှစ် တိုက်စတင်တည်ထောင်စဉ်က ဆရာတော် အရှင်ကလျာဏမဟာထေရ်၏ ရဟန်းဒါယကာများ ဖြစ်ကြသော ဦးဇာကြယ်+ဒေါ်လေးဖြူတို့က ဆောက်လုပ်လှူဒါန်းခဲ့သော တိုက်ကြီးဖြစ်ပေသည်။ တိုက်ကိုဆောက်လုပ်စဉ်က အမိုးဝက် (အမိုးမြုပ်)နှင့် ဆောက်ခဲ့သော်လည်း ခိုင်ခံ့တို့ နားနေရာမှ ဆွေးမြေ့ပေါက်ပျက်ပြီး မိုးယိုခြင်း နှစ်ကြာမြင့်၍ ကဲ့အက်ခြင်းများကြောင့် ၁၃၂၀-ပြည့်နှစ်က သဲတောတောင်ရပ်မှ ဒါယိကာမကြီး ဒေါ်ရွှေမြင့်က ထပ်မံပြင်ဆင်လှူဒါန်းခဲ့သည်။

(၂) မြောက်တိုက်ခေါ် ဦးရေကြည်တိုက်

၁၃၁၉-ခုနှစ်၊ ဆရာတော် အရှင်ဇာဂရ လက်ထက်တွင် ဒါယကာ ဦးရေကြည်+ဒေါ်ရိုင် တို့က ဆောက်လုပ် လှူဒါန်းခဲ့သော နှစ်ထပ်တိုက်ကြီး ဖြစ်သည်။ နတ်ဘုံနတ်နန်းသဖွယ် ရှေးမူမပျက်စေပဲ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၃) ဘုံကျောင်းကြီး (ခေါ်) မြောက်ကျောင်းကြီး

ဒါယကာအများ စုပေါင်းကုသိုလ်ဖြင့် ဆောက်လုပ်ခဲ့သော နှစ်ထပ်ကျောင်းဖြစ်၍ ၁၃၂၂-ခုနှစ်မှစ၍ နံရံကပ် တိုက်အဖြစ် ပြုပြင်ထားသည်။

(၄)သိမ်တိုက်

၁၂၉၇-ခုနှစ်တွင် ဒါယိကာမကြီး ဒေါ်ပု၊ မောင် ကိုစံညွန့်၊ သမီး မသက်ရွှေ ခေါ်မမလေး၊ သား မောင်လှသော်၊ တူ မောင်ရွှေရန်တို့က သံဃာတော်အများ ကံကြီး ကံငယ် ဆောင်ရန် ဆောက်လုပ်လှူဒါန်းခဲ့သော တိုက်ဖြစ်သည်။

(၅) ချစ်တီးကျောင်း

ချစ်တီးကုလား ဦးရာမ+ဒေါ်သာရိတို့က ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဖြစ်၍ "ချစ်တီးကျောင်း" ဟု ခေါ်ကြသည်။ ဤချစ်တီးကျောင်းပေါ်တွင် အရှင်ဇာဂရမဟာထေရ် အမြဲသီတင်းသုံး နေထိုင်တော်မူသွားလေသည်။

(၆) ဆွမ်းစားကျောင်း

၁၃၁၂-ခုနှစ်တွင် သဲတောမြို့၊ မြို့မရပ်မှ ဒါယကာ ဦးဘိုးရီ+ဒေါ်အေးကြည်၊ သား ဖမောင်ခင်ဖမောင်မြင့်၊ သမီး မခင်မြင့်၊ မအောင်ကြည်တို့က သံဃာတော်များ ဆွမ်းဘုဉ်းပေးရန် ဆောက်လုပ် လှူဒါန်းခဲ့သော ဆွမ်းစားကျောင်းဖြစ်သည်။

အခြားကျောင်းများမှာ ဆရာတော် အရှင်သုဇနမဇ္ဈရ အမြဲသီတင်းသုံးနေထိုင်တော်မူသည့်ဆန်းကျောင်း၊ ဆရာတော် အမှုဆောင်ရဟန်းမဇ္ဈရ သီတင်းသုံးတော်မူသည့် ဖဒေါ်ရွှေမြင့်ကျောင်း၊ အများမောင်းမှ ဘုံကျောင်းလေးနှုံ့ ကမ္မဋ္ဌာန်းကျောင်း၊ လေးကျောင်းတို့ဖြစ်သည်။

ဂုံးပြင် ဥပုသ်သည်များ သီလခံယူရန်၊ ဟရာဘာဝနာများ ဆင်ခြင်သုံးသပ်ရန်၊ တရားစမ္မစာဂေပများ ရွတ်ဖတ်ရန် စမ္မာရုံစရပ်ကြီးကဖဆောင်လည်း ရှိသေးသည်။ ဂုံးစရပ်ကို ဖဒေါ်လေးဖြူက ဆောက်လုပ်လှူဒါန်းခဲ့၍ ၁၃၂၆-ခုနှစ်တွင် အများကောင်းမှုဖြင့် ထပ်မံ ပြင်ဆင်ဆောက်လုပ်ရသည်။

သဲဟောဝှန်ဂရေ ရမြေ၊ ဗဟဝေါ သာစဒံဝါ ဇနာ။
ပဒ္ဓါဒိရတနဋ္ဌာယော၊ ပသန္နော စ သဒါရတာ။

ရမြေ၊ ရွှေလျှံဘွယ်ရိုထသော။ သဲဟောဝှန်ဂရေ၊ သဲ [illegible]
မြို့အရပ်၌။ ဗဟဝေါ များစွာကုန်သော။ [illegible]
ကို်သည်။ပဒ္ဓါဒိရတနတ္ထာယော၊ ဘုရားဖူးစေ ကရားဖူးပေါ် သီလဘေးမဲ့ ရှုနှာ
သို့ပါလို့ဘို့။ သဒါ။ အခါခပ်သိမ်း။ပသန္နော ။ ကြည်ညိုလည်း၊ ကြည်ညိုကြ
ကုန်၏။ ရတာ စ၊ မွေ့လျော်လည်း၊ မွေ့လျော်ကြကုန်ပေ၏။

ကျောင်းလှူဒါန်းရကျိုးဂါထာ

အာဝါသဒါနသ္မိ ပနာနိသံသာ၊
ဇကာနာမံ ဝတ္တုံ ပုရိသေဟ ဘာမတ္ထာ။
အညတြ ပဒ္ဓါ ပန ဟေဟကနာထာ၊
ယုတ္တာ မုခါနံ နဟုဇေတနစာပိ။
(ပဒ္ဓဝံသဋ္ဌကထာ-၂၅)

ကိုးတောင်ပြည့် ကျောင်းတိုက်၏ တန်ခိုးတော်လုပ်ငန်းများ

ကိုးတောင်ပြည့်ကျောင်းတိုက် ကောင်တိုက်ခဲ့ဟူသည်ထောင်စဉ်ကာလ ပင့်ပတ်သာသနာအတွက်ဖြစ်ခဲ့သော်လည်း ယခုအခါ၌ ပရိယတ္တိသာသနာ၊ ပဋိပတ်

သာသနာ နှစ်ဖြာလုံးတိုးတက်စေရန် ရည်ဘန်လျက် ကျပ်ကြီးဆောင်ရွက်တော်မူကြလေသည်။

သို့ဖြစ်ရကား ကိုးတောင်ပြည့်ကျောင်းတိုက်၏ တန္ဒေတာလုပ်ငန်းမှာ လည်း ပရိယတ်၊ ပဋိပတ်နှစ်ပါးနှင့် သက်ဆိုင်နေပေသည်။ ရှေးဦးစွာ နံနက် ၄-နာရီတွင် ဟုံး (ကုလားတက်) ခေါက်၍ အားလုံးအိပ်ရာမှထပြီး ဘုရားဝတ်တက်ကြရသည်။ ရဟန်းသာမဏေနှင့် ကျောင်းသားများပါမကျန် အားလုံး ဘုရားဝတ်ပူဇော်ကြ၊ ဘုရားရှိခိုးကြရသည်၊ ဘုရားရှိခိုးပြီးနောက် ဝတ်ရွတ်စဉ်များကို နွေအလိုက် ရွတ်ဆိုကြရသည်။

(၁) တနင်္ဂနွေနေ့တွင် အနိစ္စာဝတသခ်ၤရာ စသော သုံးဂါထာ၊ ဒွတ္တိံသကောဋ္ဌာသကမဟာနံးလေးဆယ်၊ ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံ၊ အနေကဇာတိ သံသာရံစသော ဂါထာများနှင့် ၂၄-ပစ္စည်းတို့ကို ရွတ်ဆိုကြရသည်။

(၂) တနင်းလာနေ့တွင် စက်ပရိတ်တော်များကို မြန်မာပါဠိ နှစ်ဘာသာဖြင့် ရွတ်ဆိုကြရသည်။

(၃) အင်္ဂါနေ့တွင် ဗောဇ္ဈင်သုတ်လာ ကဿပဗောဇ္ဈင်၊ မောဂ္ဂလာန ဗောဇ္ဈင်၊ စုန္ဒဗောဇ္ဈင် ပါဠိများကို ရွတ်ဆိုကြရသည်။

(၄) ဗုဒ္ဓဟူးနေ့တွင် ငရုံမင်းပရိတ်တော် (သစ္စာခန်းနှင့်သီလခန်း) များနှင့် အဘိဏှသုတ်တော်များကို ရွတ်ဆိုကြရသည်။

(၅) ကြာသပတေးနေ့တွင် အင်္ဂုတ္တိရပါဠိတော်မှ အပရိဟာနိယသုတ်များကိုခွဲ၍ ပထမအပရိဟာနိယသုတ်၊ ဒုတိယအပရိဟာနိယသုတ်နှင့် တတိယအပရိဟာနိယသုတ်ပါဠိတော်များကို ရွတ်ဆိုကြရသည်။

(၆) သောကြာနေ့တွင် စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမအပရိဟာနိယသုတ်ပါဠိတော်များကို ရွတ်ဆိုကြရသည်။

(၇) စနေနေ့တွင် အင်္ဂုတ္တိရပါဠိတော်နှင့် ဝိနယ-၁-မှ အသဒ္ဓမ္မသုတ်ပါဠိကော်ကို ရွတ်ဆိုကြရသည်။

ယင်းသို့နေ့စဉ်ရွတ်ဆိုရသည့် ဝတ်ရွတ်စဉ်များဆုံးလျှင် ဂုဏ်တော်ကိုးပါး မေတ္တာပို့ရွတ်ဆိုခြင်းဖြစ်၍ ပစ္စဝေက္ခဏာ ပါဠိတော်ကို ရွတ်ဆိုပြီးလျှင်-

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ—

ဟု ပါဠိနှင့်အနက်ကို ရွတ်ဆိုရသည်၊ ယင်းသို့ရွတ်ဆိုပြီးနောက် အမျှဝေ သာဓုခေါ်ရလေသည်၊ ထိုးနောက် သာပဏေများက သာသနာလျှောက်ကို နေ့စဉ်တပါးစီ အလှည့်ကျ လျှောက်ရသည်။

သာသနာ လျှောက်မှာ လယ်တီဆရာတော် ဘုရားကြီး၏ သာသနာ လျှောက်မူဖြစ်၍ အလွန် မှတ်သားဘွယ်၊ ဓမ္မသံဝဂ ယူဘွယ်ရာ အလွန် ကောင်းလှပေသည်။ သာသနာလျှောက်တွင် မြတ်စွာဘုရားသခင်၏ သာသနာ သက္ကရာဇ်အတိတ်နှင့် အနာဂတ်နှစ်များ၊ ကောဇာသက္ကရာဇ်နှင့် ရောက်ဆဲ ဥတုနှစ်၊လ၊ရက်နေ့များကို လျှောက်ထားပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသခင်သော်မှ သခ်ၤဂ နယ်အတွင်း ကျသောကြောင့် အနိစ္စ လက်နက်နှင့် အခွင်းခံတော်မူရ၍ ပရိနိဗ္ဗာန် စံရသေးသည်ကို သတိသံဝေဂယူ၍ မိမိတို့လည်း မရဏာသေပင်းနိုင်ငံမှ အလျင်အမြန် လွတ်ရအောင် ကြိုးစားသင့်သည်ကို—

ဤသို့လျှင်တည်း၊ လောကအလုံး အဝံပတိ အတုမရှိသည့် မုနိထုတ်ထား သဗ္ဗညု မြတ်စွာဘုရားသော်မှ တရားသခ်ၤဂ သွန်ယဉ်တွင်း ကျသောကြောင့် အနိစ္စလက်နက်နှင့် တချက်တည်း ခွင်းလျက် ဆုံးပါးခြင်း ပရိနိဗ္ဗာန် စံလွန်တော်မူရချေသေးသည် များကို သတိရှေသူ့သံဝေဂ အရင်း ထားပြီးလျှင် မရဏနိုင်ငံမှ အမြန်လွတ်သွား ကြရအောင်—

ဟူသောအပိုဒ်ဖြင့် ဓမ္မသံဝေဂ ယူနိုင်ကြရန် တိုက်တွန်း ထားလေသည်။

ထို့ပြင် မြတ်စွာဘုရား သာသနာရောင် ထွန်းတောက်စဉ်အခါကောင်းခဏ စားခြင်း၊ အိပ်ခြင်း၊ ပစ္စည်းစုခြင်း စသည်ဖြင့်သာ အချိန်ကုန်လျက် သာသနာနှင့် မအပ်စပ်သော အလုပ်များကိုသာ လုပ်ကြ၍ တရားစကားနှင့်မစပ် အချည်းအနှီးသိမ်ဖျင်းသည့်စကားများကိုသာ ပြောဆိုနေကြသည့် ရဟန်းတု ရဟန်းယောင်မျှသာဖြစ်လျက် ဘဝ မဆုံးအောင် နေထိုင် သင့်သည်ကို မြတ်စွာဘုရား သာသနာရောင်ဂ ထွန်းလင်းသည့်အခါတွင်းများမှာ စားခြင်း၊အိပ်ခြင်း ပစ္စည်းစု၍ ဗဟုကမ္မ ပေဿဝဂ ဓာ ဗဟိဂ အလေ့အကျက်တွေ များနှင့် ဓနံရက်တွေ မျောပါးသည်ကို သဗ္ဗာဘမထား စိတ်ပျော်ပါး၍ တရားမှ လွတ်ကင်းသော ရဟန်းဖျင်း· ရဟန်းယုတ်၊ ရဟန်းစုတ်၊ ရဟန်းနုတ်၊ ရဟန်းတု၊ရဟန်းယောင်၊ ရဟန်းကြောင် အနေများဖြင့် သေအောင်ပင် လုံးလုံးတဘဝ မဆုံးကြရအောင် နှလုံးသွင်းကို စီရင်၍ စသည်ဖြင့် တိုက်တွန်း နှိုးဆော်ထားလေသည်။

ဂုဏ်နောက် ပရိယတ်ကို လက်ကိုင်ထားလျက် စတုပါရိသုဒ္ဓိသီလကို အသက်နှင့်အမျှ မြတ်နိုးစောင့်ရှောက်ပြီးလျှင် ထက်မြက်သော သဒ္ဓါဓနဖြင့် သာကီယနွယ်ဖွား ဘုရားသားတော်ပီပီ လူကြည့်ညို နတ်ကြည့်ညို ဖြစ်အောင် ကြိုးစားသင့်သည်ကို ဤသို့တိုက်တွန်းပြန်လေသည်—

ပရိယတ်လက်ကိုင်ထားပြီးလျှင် လေးပါးသော မြတ်သီလကို သက်မကခင်မပ်လျက် ကိုယ့်စွမ်းအင် ကိုယ့်လုံ့လ ကိုယ့်သဒ္ဓါဆန္ဒကို

မြမြကြီး ထက်စေ၍ သက္ကဝံသ သုံးလောကဘုရင့်သား ယောကျွဲကောင်း ပီပီ ဇောဝသီသန်သန် ဉာဏ်သာအောင် စင်းစင်း နှလုံးသွင်း ဖြုံဖြုန့် လူကြည်ညို နတ်ကြည်ညို ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်တတ် တဦးဟု ထူးလောက်အောင်ကျော်ကြား၍ ဝဋ်သုံးပါး စက်သံသရာမှ တခါတည်းထပြီးလျှင်—

ဟူ၍ဖြစ်ပြီး နောက်ဆုံးတွင် နိဗ္ဗာန်တည်းဟူသော စံဝိသုဒ္ဓိအိမ်ကြီးသို့ ယခုအားလုံးသော ရဟန်းသာမဏေများ တခါန်တည်း အတူတကွသွားကြရန် မမေ့မလျော့ခြင်း(အပ္ပမာဒ) တရား လက်ကိုင်ထားလျက် ရဟန်းတရားကို ကြိုးစားအားထုတ်တော်မူကြပါဟု နှိုးဆော်ပုံမှာ—

အမတဆိတ်ငြိမ် ဝိသုဒ္ဓိစံအိမ်သို့ တခါန်တည်း ကပ်ကြရအောင် ထူးမြတ်သည့်အခါတွင် အပ္ပမာဒ သမဏကိစ္စ အနှစ်သာရ အမှုများကို သာ တခုကောင်းကိုးစား၍ တိုးပွားအောင် အားထုတ်တော်မူကြပါ အရှင်ဘုရား—

ဟူသော အပိုဒ်ပင်ဖြစ်လျက် သာသနာလျှောက် အဆုံးသတ် စကားပုဒ်ပင် ဖြစ်ပေသည်။

သတိသံဝေဂယူဖွယ် အလွန်ကောင်းပါပေသည်။ ကြိုးစား အားထုတ် ချင်စဖွယ်လည်း ဖြစ်ပါပေသည်။ ဤသို့သာသနာလျှောက်နေစဉ် ရဟန်းသာမဏေအားလုံးတို့မှာ ဝင်လျက် ငြိမ်သက်စွာ နားထောင်၍ သံဝေဂယူရသည်။ ယင်းသို့ဝပ်၍ သံဝေဂယူနေသည်မှာ ကျောင်းတိုက်၏ ဂုဏ်ကျက်သရေဆောင် ဖြစ်ရကား တွေ့မြင်ရသူတို့အဖို့ ကြည်နူးစဘွယ် သဒ္ဓါပသန္နဖြစ် တိုးတက်စဖွယ်ဖြစ်ပေသည်။

ဘုရားဝတ်တက်ပြီးနောက် ရဟန်းတော်များက မိမိတို့ သီတင်းသုံးနေထိုင်ရာကျောင်းသို့ ပြန်ကြွကြ၍ ကမ္မဋ္ဌာန်းဘာဝနာ နှလုံးသွင်းရသည်။ သာမဏေများက လိပ်၊ ဒဏ်၊ သေခိယ၊ စုဠဒသခန္ဓကဝတ်၊ မဟာဝဂ်တရား၊ ပစ္စေကဗုဒ္ဓာပါဠိအနက်များကို အပိုင်းပိုင်းခဲ့လျက် အလှည့်ကျ တိုင်ကြရသည်။ ထို့နောက် ပစ္စေကဗုဒ္ဓာဆင်ခြင် ပုတီးစိတ် ကြရသည်။ နံနက် ၆-နာရီခန့်တွင် သံဃာတော်အားလုံး ဆွမ်းခံကြရသည်။ ဆွမ်းခံပုံမှာ တပါးသော ကျောင်းကဲ့သို့ တပါးစီ ကိုယ့်ဆွမ်း ဒါယကာအိမ်နှင့် ကိုယ်ဆွမ်းခံရသည် မဟုတ်ချေ။ ရဟန်းသာမဏေအားလုံး တိုက်အုပ်ဆရာတော်ပါမကျန် ညီညာစွာ စီတန်းလျက် ဆွမ်းခံကြရသည်။ သဲတောမြို့၌ ရပ်ကွက်ကိုးခုရှိရာ တနေ့လျှင် ရပ်ကွက်တခုကျ ကိုးရက်လျှင် တပတ်အလှည့်ကျ ရပ်ကွက်စဉ်အလိုက် ဆွမ်းခံရပေသည်။

ရပ်ကွက်တွင် ကျောင်းသား တယောက် ကြေးစည်ရိုက်၍ ရှေ့ဆုံးမှ သွားရသည် ကျန်ကျောင်းသားများက ဆွမ်းဟင်းဗျတ်ဆိုင်းထမ်း၍ လိုက်ရ

သည်။ကျောင်းသားများနောက်မှ သံဃာတော်များက သပိတ်လွယ်လျက်ထေရ်စဉ် ဝါစဉ်အလိုက် စီတန်း၍ ကြွတော်မူကြရသည်။

ယင်းသို့ ညီညာစွာ တန်းစီလျက် ဆွမ်းခံကြွပုံကို ဖူးမြင်ရသူတို့အဖို့ ကြည်ညိုစဖွယ်ဖြစ်၍ သဒ္ဓါတရား ပိုမိုတိုးပွားစဖွယ်လည်း ဖြစ်ပေရာ ဝိနယမဟာဝဂါ ပါဠိတော်၊ မဟာခန္ဓကဋ္ဌ မြတ်စွာဘုရားသခင်သည် ဥတုဝင်ကာဃပ အစရှိသည့် ရဟန်းဘထောင် ခြံရုံလျက် ရာဇဂြိုဟ်ပြည်အတွင်း ကြွတော်မူလေရာ သီကြားမင်းသည် လုလင်ယောင် ဖန်ဆင်း၍ ရှေ့မှနေပြီး—

ဒန္တော ဒန္တကိ သဟ ပုရာဏေဒ္ဓိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ၊
သိဂ်ိနိက္ခသဝဏ္ဏော၊
ရာဇဂတံ ပါဝိသိ ဘဂဝါ—

အစရှိသော ဂါထာများဖြင့် ကြွးကြော်လျက်ကြွပုံကို မြင်ယောင်မိပေသည်။

* ညီညာစွာ
စီကာသာ
ဆွမ်းခံကြွပါတဲ့
ထေရ်သံဃာများ။

* ကြည်နူးစဖွယ်
ရှိဦးကွယ်
တင်ကာဖူးသင့်ပါရဲ့
ထူးဘင့်ပါတကား။

ဤကဲ့သို့ နံနက်ပိုင်းတကြိမ် ဆွမ်းခံရုံမျှနှင့် နံနက်ဆွမ်း နေ့ဆွမ်း နှစ်ထပ်အတွက် လုံလောက်ကြပေသည်။ သဲတောမြို့မ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမများ၏ သဒ္ဓါတရား ထက်မြက်ပုံကို အထူးချီးကျူးမိပေသည်။

သာသနေ သောဏ္ဍသေလမ္ပိ၊ ဟေမဟံသာဝ မောဒရေ။
ဘိက္ခဝေါ သီလသမ္ပန္နာ၊ ဒါယကာ စ မဟပ္ဖလာ။

သောဏ္ဍသေလမ္ပိ၊ ရှေ့တောင်ကြီးနှင့်တူသော။ သာသနေ၊ သာသနာတော်မြတ်၌။ သီလသမ္ပန္နာ၊ သီလနှင့်ပြည့်စုံတော်မူကြကုန်သော။ ဘိက္ခဝေါ၊ ရဟန်းတော်များ ဘုရားသားတော်ဘို့သည်။ ဟေမဟံသာဝ၊ ရွှေဟင်္သာကဲ့သို့။ မောဒရေ—မောဒန္တိ၊ ရွှင်လန်း မွေ့လျော်တော်မူကြကုန်၏။ ဒါယကာစ၊ သာသနာတော်တည်းဟူသော ရှေ့တောင်၌ ရှေ့ရောင်အဆင်း ရွှေဟင်္သာနှင့်တူသော ရဟန်းတော် အရှင်မြတ်တို့အား ဆက်ကပ်ကြည်ဖြူ လှူဒါန်းသူ

အပေါင်း သူတော်ကောင်းတို့သည်လည်း။ မဟပ္ပလ၁၊ ကြီးမားသောအကျိုး ရှိကြလေကုန်၏။

(လယ်တီဆရာတော်)

ဆွမ်းခံမှ ပြန်ရောက်လျှင် ဆွမ်းဘုဉ်းပေးကြရသည်။ ဆွမ်း ဘုဉ်းပေး ပြီးပါက အားလုံးသော ရဟန်းသာမဏေများနှင့် ကျောင်းသားများပါ စာဒံ စာကျက်၊ စာဟက်ကြရပါတော့သည်။ နံနက် ၁၀-နာရီအထိ စာအံ စာကျက်၊ စာတက်ကြရသည်။ ၁၁-နာရီတွင် နွေဆွမ်း ထပ်မံဘုဉ်းပေးကြ၍ နေမွန်းလွဲ ၁-နာရီအထိ အနားယူကြရသည်။

မွန်းလွဲ ၁-နာရီအချိန်မှစ၍ စာဒံ စာကျက် ဝေဘာက်ဆော်လက်၍ပြုလုပ်ကြရာ ညနေ ၅-နာရီအထိပင် ဖြစ်သည်။ ညနေ ၅-နာရီထိုးလျှင် စာဝါနား၍ ထိုနေ့ညအတွက် ရွတ်ဆိုရန် ပရိတ်ကြီးနှင့် နံနက်ရွတ်ရန် ဘဒ္ဒန္တစသည်တို့ကို အဖြတ်အတောက်မှစ၍ မမှားမယွင်းရအောင် သတ်ပုံသတ်ညွှန်း စာလုံး စာသားများ လေ့ကျက်မိစေရန် ရည်ရွယ်လျက် စာအုပ်ကိုကြည့်၍ ရွတ်ဆိုကြရသည်။ ထိုနောက် သောက်ရေ သုံးရေများများ ခပ်ကြရ၍ တန္ဒေတာ အနားယူကြရပေတော့သည်။

ညပိုင်းလုပ်ငန်းများ

ည ၇-နာရီတွင် တုံး (ကုလားတက်) ခေါက်၍ ဘုရား ဝတ်တက်ကြရဖြန်သည်။ ရှေးဦးစွာ ကျောင်းသားများက ငါးပါးသီလခံယူကြ၍ ကျောင်းသားများ သီလခံယူပြီး သာမဏေများက ဆက်လက်၍ သီလခံယူကြရသည်။ သာမဏေများ သီလခံယူပြီးမှ သံဃာတော်အားလုံး ဘုရားရှိခိုးကြရသည်။

ရဟန်း သာမဏေများက မိမိတို့ နှစ်သက်ရာ ဘုရား ရှိခိုးနေကြစဉ် ကျောင်းသားများက ၃၂-ပြာလက္ခဏာဘော်ဘုရားရှိခိုးလက်ဝဲကို တဖယောက်က တိုင်၍ အများက လိုက်ဆိုကြရသည်။

ဂုဏ်းလက္ခဏာတော် ဘုရားရှိခိုး လက်ဝဲပုဒ်များကို မိတ္ထီလာမြို့ အနောက်ဖက် ၂-မိုင်အကွာ ဆင်စွယ်လည်ရွာဇာတိ မန္တလေးမြို့ ဘုံကျော်တိုက် ဒေါင်းကျောင်းဆရာတော် အရှင် ဃေသိတ မဟာထေရ် ရေးသားစီရင်တော်မူခဲ့သည်။

(အရှင်သုဇနမဟာထေရ်၏ ထေရုပ္ပတ္တိ သာသနာဝင်ရှု)

လက္ခဏာတော် ဘုရားရှိခိုးမှာ လက်ဝပုဒ်ပေါင်း ၂၁-ပုဒ်ရှိ၍ မြတ်စွာဘုရားသခင်၏ ကိုယ်တော်ဝယ်ထင်ရှားရှိတော်မူသော ၃၂-ပါးသောလက္ခဏာ

တော်တို့နှင့်တကွ ထိုလက္ခဏာ ရှိတော်မူခဲ့သော အတိတ်ဘဝက ပြုခဲ့သော ကောင်းမှုကံမျှားနှင့် ယခု ပစ္စုပ္ပန်ဘဝ၌ ရသောကံတော်တို့ကို သုတ်ပါထေ ယျပါဠိတော် လက္ခဏသုတ်တော်နှင့် အဋ္ဌကထာတို့ကို မှီငြမ်း၍ မြန်မာ ဘာသာ လေးလုံးတပိုဒ်လက်ာဖြင့် စီကုံးရေးသားထားသော ဘုရားရှိခိုးဖြစ်၍ သက်တော်ထင်ရှားမြတ်စွာဘုရားကို ကိုယ်တိုင်ဖူးမြင်နေရသကဲ့သို့ ထင်ရအောင် စီကုံးရေးသားထားပေရာ အလွန် ကြည်ညိုဖွယ် ကောင်း၍ ကျက်မှတ်သင့်ပါ ပေသည်။

(ဤလက္ခဏာတော် ဘုရားရှိခိုးကို ကျက်မှတ်လိုပါက တိပိဋကဓရမဟာ ဘဏ္ဍာဂါရိက အရှင် ဝိစိတ္တာသာရာဘိဝံသ မင်းကွန်းဆရာတော် ရေးသားတော်မူသော မဟာဗုဒ္ဓဝင်စာအုပ် ဒုတိယတွဲတွင် ကြည့်ရှုနိုင်ပါသည်။)

ဘုရားရှိခိုးပြီးပါက ပရိတ်ကြီး ၁၁-သုတ်ကို နေ့အလိုက် ခွဲ၍ ရွတ်ဆို ကြရသည်။ ပရိတ်ရွတ်ရသည်။ တနင်္ဂနွေနေ့တွင် သမန္တာမှအစ မင်္ဂလသုတ် အကုန် ရွတ်ဆိုကြရသည်။

တနင်းလာနေ့တွင် ရတနသုတ်၊
အင်္ဂါနေ့တွင် မေတ္တာသုတ်၊
ဗုဒ္ဓဟူးနေ့တွင် ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊
ကြာသပတေးနေ့တွင် ဓဇဂ္ဂသုတ်၊
သောကြာနေ့တွင် အာဋာနာဋိယသုတ်၊
စနေနေ့တွင် အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်နှင့် ပုဗ္ဗဏှသုတ်တို့ကို ရွတ်ဆိုကြရသည်။

ယင်းသို့ နေ့အလိုက် ပရိတ်ရွတ်ပြီးပါက နံနက်ကကဲ့သို့ပင် ဂုဏ်တော် ကိုးပါး မေတ္တာပို့၊ ပစ္စဝေက္ခဏာ စသည်တို့ကို ရွတ်ဆိုပြီး (ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ)စသည်ဖြင့် ရှိခိုးလျက် အမျှဝေသာဓုခေါ်ပြီး တဖန် သာသနာ လျှောက်ရပြန်သည်။ သာသနာလျှောက်စဉ် နံနက်ကကဲ့သို့ပင် ဝပ်၍ ငြိမ်သက် စွာ ဓမ္မသံဝေဂ ယူကြရပြန်သည်။

သာသနာလျှောက်ပြီးလျှင် စာအံ စာကျက် ကြရသည်မှာ ည(၁၀) နာရီအထိပင် ဖြစ်ပါသည်။ ဤသို့လျှင် ဥပုသ်နေ့နှင့် အခါကြီး ရက်ကြီးများ နားရက်များမှလွဲ၍ အမြဲလိုပင် စာအံသံ စာကျက်သံတို့ မပြတ် ကြားနေရ သောကြောင့် ဤကိုးတောင်ပြည့် ကျောင်းတိုက်ကို "စာအံသံ မစဲသော ကျောင်းတိုက်"ဟူ၍ ခေါ်စမှတ်ပြုကြ၍ အမည် ကင်ပွန်း တတ်ကြလေသည်။ စာသံ ပေသံမစဲသောကျောင်းတိုက်သည် အလွန်ကြည်ညိုဖွယ်၊မွေ့လျော်ဖွယ်ရာ ဖြစ်ပေသည်။

ဂါမေ ဝါ ယဒိဝါ ရညော၊ နိန္နော ဝါ ယဒိဝါ ထလေ။
ပဝတ္တာမမေ့မေန တပတိ၊ တံဘူမိ ရာမဏေယျကံ။

ဤသည်တို့ကား ကိုးတောင်ပြည့် ကျောင်းတိုက်၏ နေ့စဉ်လုပ်ငန်းဆောင်တာများပင် ဖြစ်ပေသည်။

ပညာရေး

ကိုးတောင်ပြည့်ကျောင်းတိုက်ကို တိုက်ခဲ့စတင်တည်ထောင်စက ပဋိပတ္တိကျင့်ရန်အတွက် တောရကျောင်းအဖြစ် တည်ထောင်ခဲ့ခြင်း ဖြစ်ပေရာ သက္ကရာဇ် ၁၃၁၃-ခုနှစ်ကစ၍ စာပေသင်ကြား၍ စာမေးပွဲဝင်လိုသူ ပုဂ္ဂိုလ်များ၏ ဆန္ဒအရ ပရိယတ္တိစာပေကို သင်ကြားလျက် စာမေးပွဲများကို ဝင်ခွင့်ပြုခဲ့ပေသည်။ စာမေးပွဲကိုမူ မဝင်မနေရပြဋ္ဌာန်းချက်မထားပေ။ စာမေးပွဲဝင်လိုတိုင်းလည်း ဝင်ခွင့်မပေးခဲ့ပေ။ ပညာအခြေခံရှိမှု၊ ပညာအရည်အချင်းရှိမှု၊ ကြိုးစားမှုစသည်တို့ကိုကြည့်၍ တိုက်အုပ်ဆရာတော်၏ စီစဉ်ပေးချက်အရ စာမေးပွဲဝင်ခွင့်ပေးလေသည်။

ပညာအခြေခံရှိ၍ ကြိုးစားမှုလည်းရှိပါက ပထမပြန်စာမေးပွဲများသာမက အခြားမည်သည့် စာမေးပွဲများကိုမဆို ဝင်ရောက်ဖြေဆိုနိုင်သည်။

သို့ဖြစ်ရကား စာမေးပွဲဝင်ခွင့်ပြု၍ အချိန်မကြာမီအတွင်း၌ပင် သာသနဓဇမဟာစရိယဘွဲ့ရသောပုဂ္ဂိုလ်၊ သာသနဓဇသိရိပဝရမဟာစရိယဘွဲ့ရပုဂ္ဂိုလ်များ၊ပါဠိပါရဂူများ ပေါ်ထွက်ခဲ့လေသည်။

ထို့ပြင် နယ်စာမေးပွဲများတွင် သာသနာလက်ဝဲရ သာမဏေကျော်ဘွဲ့ရ ပုဂ္ဂိုလ်များ၊ မော်လမြိုင် သုသမာစာရအောင် ပုဂ္ဂိုလ်များစသည်ဖြင့် အမျိုးသား စာမေးပွဲအောင် ပုဂ္ဂိုလ်များလည်း ပေါ်ထွန်းခဲ့ပေသည်။ ၎င်းပြင် ကျောင်းသားဘဝ၊ လူ့ဘဝ နှင့် ပထမပြန်အောင်ပုဂ္ဂိုလ်များ၊ သာမဏေအဖြစ်နှင့် မဟာစရိယဘွဲ့ရပုဂ္ဂိုလ်များပင် ထူးခြားစွာ ပေါ်ထွက်ခဲ့ပေသေးရာ ဤမျှ အချိန်တိုတိုနှင့် ထွန်းကားလာခဲ့သည်။ ချီးကျူးဖွယ် ကောင်းလှပေသည်။

စည်းကမ်း ဥပဒေ

ကိုးတောင်ပြည့်ကျောင်းတိုက်တွင် စည်းကမ်းဥပဒေ၊ အထူးရေးဆွဲထားခြင်းမရှိပေ။ ယင်းသို့ ဥပဒေရေးဆွဲမထားသော်လည်း အောက်ပါ စည်းကမ်းချက်များကိုမူ ကျောင်းတိုက်၏ ဂုဏ်အင်္ဂါနှင့် ညီစွာ တိကျစွာ သတ်မှတ်ထားသည်—

(၁) ရှန်မဖြစ်ရ၊
(၂) သူတပါးပစ္စည်း မခိုးရ၊

(၃) ညနံနက်တိုင်း ဘုရားဝတ်တက်ရမည်။
(၄) ဝိနည်းဘော်နှင့်အညီ ကျင့်ကြံနေထိုင်ရမည်။

နံပါတ်(၁)နှင့် (၂)ကို ကျူးလွန်မိပါက ချက်ခြင်း ကျောင်းတိုက်မှ ထုတ်ခွာသွားရသည်။(သို့မဟုတ်)နှင်ထုတ်ခံရသည်။ နံပါတ် (၃) စည်းကမ်းကို ကျူးလွန်ပါက မည်သူမဆို သဒ္ဓါဖြစ်စေ၊ ရေဒဏ်ဖြစ်စေ ဒဏ်ထမ်းရသည်။ နံပါတ်(၄)ကို ကျူးလွန်မိပါက ဝိနည်းတော်နှင့်အညီ ပြစ်ဒဏ်စီရင်ရသည်။ ထပ်တလဲလဲ ကျူးလွန်ပါက နှင်ထုတ်ခံရသည်။ ဝိနည်းတော်နှင့်အညီ နေထိုင်ရပုံမှာ ရဟန်းသာမဏေများ ရှေ့ဆက်ကိုင်ခံခြင်း လုံးဝခွင့်မပြု၊ကပ်ယနှင့်ထားရသည်။ ပဲ့လမ်းသဘင် သွားလာခြင်း၊ မြို့ရွာအတွင်း အကြောင်းမရှိပဲ သွားလာခြင်းစသည်တို့ကို ကြပ်တည်းစွာ တားမြစ်လေသည်။

ပါဠိဘာဏီအသင်း

ဤကမ္ဘာမြေပေါ်၌ မိမိဘုံကိုးကွယ်သည့် သာသနာတည်ဆောင်သော ပုဂ္ဂိုလ်သူမြတ်တို့၏ တရားခမ္မများ ဟောကြားညွှန်ပြဆုံးမချက်များကို မှတ်တမ်းတင်ရာ ဘာသာစကားများဟုခဲ့သည်။ ဟိန္ဒူဘာသာဝင် ဗြာဟ္မဏတို့နှင့် မဟာယာနဗုဒ္ဓဘာသာဝင်တို့အဖို့ သင်္ကတဘာသာ၊ ခရစ်ယာန်ဘာသာဝင်တို့အဖို့ ဟီးဗရူးဘာသာစကား၊ အစ္စလာမ်(မူစလင်)ဘာသာဝင်တို့အဖို့ အာရဗီ (အူရဒူ)ဘာသာစကားများသည် လူးမြတ်ခံသောဘာသာစကားအဖြစ် သတ်မှတ်ထားသကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာဝင်မြန်မာတို့က် မှာကား ပါဠိဘာသာခေါ် မာဂဓီဘာသာသည် ဘုရားဟောကြားခဲ့ဖူးပေဏ ဗုဒ္ဓရှင်တော်၏ တရားဒေသနာများ ဟောပြောညွှန်ပြချက်များဖြင့်သည် ဦးကတ်ပါဠိတော်များနှင့် ၎င်းပါဠိတော်တို့ကို ပုဂံခေတ်ရာအဋ္ဌကထာဆရာကြီးများကို ပါဠိဘာသာဖြင့် မှတ်တမ်းတင်ခဲ့သည်။

ပါဠိဖြစ်ပေါ်လာပုံ

ပါဠိဟူသောအမည်စကားလုံးဖြစ်ပေါ်လာပုံကို အမျိုးမျိုးကြံဆကြ၏။ အချို့ပညာရှင်တို့က ပါဠလိပုတ်ပြည်သုံး ဘာသာဖြစ်၍ ပါဠလိမှ ပါဠိ(ပါဠို) ဟု ပြောင်းလဲလာသည်ဟူ၍ဆိုင်း၊ အချို့ကလည်း ဘုရားစကားတော်အစဉ်အတန်းဟု အဓိပ္ပါယ်ရသော (ပန္တိ) မှ ပါဠိဖြစ်လာသည်ဟူ၍ဆိုင်း၊ အချို့ကမူ အသေသကကျောက်စာ(ဗဟြကျောက်ဆောင်စာ)လာ (ဓမ္မပလိယာယ)ပုဒ်ပါရှိသော ပလိယာယပုဒ်မှ ပါလိ(ပါဠို)ဖြစ်လာသည်ဟူ၍ဆိုင်း အမျိုးမျိုးကြံဆကြသည်။

ပါဠိဘာသာကို မဂဓတိုင်းသားတို့ ပြောဆိုသောဘာသာဖြစ်၍ မဂဓဘာသာဟူ၍ဆိုင်း၊ တန္တိဘာသာ၊ အရိယဘာသာ၊ မူလဘာသာဟူ၍ဆိုင်း၊ အမျိုးမျိုး ခေါ်ကြသေးသည်။

မြန်မာနိုင်ငံ ပါဠိစာပေ

မြန်မာနိုင်ငံတွင် ပါဠိစာပေကို သိရှိခွင့်ရာ ပျူခေတ်ကပင် စတင်သုံးစွဲခဲ့သည်ကို သိရှိခွင့်ရပြည် မှော်ဇာမြို့အနီး မောင်ကန်ကုန်းနှင့် ဥိးခင်မောင်ကုန်းတို့မှ တွေ့ရှိသောရွှေပြားများအရ သိရသည်။ ယင်းရွှေပြားတွင် "ယေဓမ္မာဟေတုပ္ပဘဝါ" စသောဂါထာများ၊ ဣတိပိ သောဘဂဝါစသော ဂုဏ်တော်ပါဠိတော်၊ ပဋိစ္စသမုပ္ပါဒ်၊ ဗုဒ္ဓဉာဏ်တော် ၁၄-ပါး၊ ဓမ္မပဒလာ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌောစသောဂါထာ၊ ဝိနယမဟာဝဂ်လာ ရာဇဂြိုဟ်ပြည် ဘုရားရှင် ဆွမ်းခံကြုပုံတို့ကို အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ခရစ်နှစ် အေဒီ(၅)ရာစုအတွင်း အသုံးပြုသော ကဒမ္ဗအက္ခရာများဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

ပုဂံခေတ်တွင် ပါဠိဘာသာများစွာထွန်းကားသည်။ မြစေတီကျောက်စာသည် ရှေးအကျဆုံး ပါဠိကျောက်စာဖြစ်သည်။ အရှင်အဂ္ဂဝံသ ရေးသည့် သဒ္ဒနီတိကျမ်းသည် "မြန်မာနိုင်ငံသားတို့ပါဠိဗေဒတ်" ဟု အထင်ရှားကြသော သိဟိုဠ်ရဟန်းတို့ပင် လက်ဖျားခါရသောကျမ်းဖြစ်သည်၊ ပုဂံခေတ်တွင် မိန်းမများပင် ပါဠိဘာသာသင်ယူကြသည်။

မိန်းမတယောက်က မိန်းဗဟုယောက်ကို ပြောပုံအဖြစ်အပျက်တခုမှာ—

ပထမမိန်းမ။ ။တုံ ဣဒါနိ ကိတ္တကံ ဂန္ဆံ ဝါစုဂ္ဂတံ ကရောသိ။ အခု ညီးဟာ ကျမ်းစာ ဘယ်လောက်များ အနုကျက်ထား သလဲ။

ဒုတိယမိန်းမ။ ။အဟံ ပန ဣဒါနိ ဒဟရပုတ္တေဟိ ပလိဗောဓတ္တာ ဗျာကုလံ ပတ္တာ ဇဟုံ ဂန္ဆံ ဝါစုဂ္ဂတံ ကာတုံ နာ သက္ကာ၊ သမန္တ-ပဋ္ဌာနေ ပန ကုသလတ္တိကမတ္တံဝ ဝါစုဂ္ဂတံ ကရောမိ။

ကောင်မရယ်၊ ငါ့မှာ ကလေးတွေနဲ့ အလုပ်များနေလို့ ကျမ်းစာများများတော့ အရမကျက်နိုင်ပါဘူးဟယ်။ ပဋ္ဌာန်းကျမ်းကြီးထဲက ကုသလတိတ်လောက်ပဲ ကျက်နိုင်ပါတယ် ကောင်မရယ်။

ဤသို့ အဖြေပေးဘူးလေသတဲ့။ (သာသနာ့ဝံသ ဒီပိကာ စာမျက်နှာ ၈၈-ကြည့်)

ပါဠိစာပေသည် ပုဂံခေတ်၊ ကုန်းဘောင်ခေတ်အထိ သဒ္ဒါငယ်ကျမ်းများ၊ ဋီကာများ၊ ဂဏ္ဌိ၊ ယောဇနာစသော ကျမ်းဂန်များစွာ ပေါ်ထွက်ခဲ့သည်။

(မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၀၊ စာမျက်နှာ ၂၇၄-တွင် ကြည့်ပါ)

ကိုးနှတောင်ပြည့်ခကျောင်းတိုက် ပါဠိဘာဏီအသင်း

ပါဠိဘာသာခေါ် မူလဘာသာသည် ဗုဒ္ဓဘုရားရှင်တို့ ဟောပြော ညွှန်ပြသော ဘာသာ ဖြစ်သည်။ ဗုဒ္ဓ၏ စာပေကို သင်ကြားနေရုံမျှနှင့် မပြီး၊ လက်တွေ့ ရေးတတ်ရမည်။ ပြောဘတ်ရမည်။ ဗုဒ္ဓစာပေကို မြန်မာဘာသာသို့ ပြန်ဆိုတတ်ရမည်-ဟူသော ရည်ရွယ်ချက်ဖြင့် ကိုးတောင်ပြည့် ကျောင်းတိုက်၌ ၁၃၂၄-ခု၊ တပို့တွဲလဆန်း ၈-ရက်နေ့တွင် ပါဠိဘာဏီအသင်း (ပါဠိစကားပြောအသင်း)ကို ဖွဲ့စည်းခဲ့ပေသည်။

ပါဠိဘာဏီကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပေသည်—

(၁) ဦးဝါယမ (ဓမ္မာစရိယ) ဥက္ကဋ္ဌ။
(၂) ဦးကောဝိဒ (ပါဠိပါရဂူ) ပါဠိကထိက။
(၃) ဦးဝိစိတ္တ (ဓမ္မာစရိယ) ပါဠိကထိက။
(၄) ဦးသာမိက အကျိုးဆောင်။
(၅) ဦးဥတ္တမသီရိ တွဲဖက်အကျိုးဆောင်။
(၆) အရှင်လက္ခဏ (သာမဏေကျော်) တွဲဖက်အတိုင်ပင်ခံ—

တို့ ဖြစ်ကြပါသည်။

အဖွဲ့ဆဲသို့ မည်သူမဆို ဝင်နိုင်သည်ဖြစ်ရာ စတင် ဖွဲ့စည်းသည့် အချိန်၌ အဖွဲ့ဝင်ကြသော ပုဂ္ဂိုလ်များမှာ—

(၁) ဦးဇောတိပါလ၊
(၂) ဦးကုသလ၊
(၃) ဦးပညာသီရိ၊
(၄) ရှင်နရိန္ဒ၊
(၅) ရှင်ပဏ္ဍိတ၊
(၆) ရှင်ပါကင္ဒ၊
(၇) ရှင်နန္ဒိယ၊
(၈) ရှင်တေဇောဘာသ
(၉) ရှင်သောဘိတ၊
(၁၀) ရှင်ကောဝိဒ၊
(၁၁) ရှင်ရေဝတ၊
(၁၂) ရှင်ပဏ္ဍိစ္စ၊
(၁၃) ရှင်စက္ကိန္ဒ၊
(၁၄) ရှင်ဝိစာရ၊
(၁၅) ရှင်ကုသလ၊
(၁၆) ရှင်သုစိတ္တ—

တို့ ဖြစ်ကြပေသည်။

ပါဠိဘာဇီ သမိတိယံ၊ ဝါယမော ဥက္ကဋ္ဌော ဘဝေ။
ကောဝိဒေါ စ ဝိဒိတ္တော စ၊ ဒ္ဒေ ဘိက္ခူ။ ပါဠိကထိကော။
သာမိကော ဥတ္တမသီရိ၊ ဒ္ဒေ ဘိက္ခူ။ ဟိတဓာရိကော။
လက္ခဏော သမဏုဒ္ဒေသော၊ သမိတိ သဒ္ဒိ .မန္တိကော။
ဇောတိပါလကုသလောဒီ၊ တော ပန ပါဠိ သိက္ခိကော။
ဗုဒ္ဓဘာသိတ မာဂဓ·ဘာသမေဝ ဝဒန္တိ တေ။

ကိုးတောင်ပြည့် တိုက်အုပ် ဆရာတော်များ

မြန်မာသက္ကရာဇ် ၁၂၉၆-ခုနှစ်၊ ဝါဆိုလဆန်း ၇-ရက်နေ့မှစ၍ မဟာဇောတိကာရာမ သိမ်တောင် တောရတိုက်မှ အရှင် ကောသိယ အမှူးပြုသော သံဃာတော် ၂၅-ပါးတို့ကား ဆရာတော် အရှင် ကလျာဏာမထေရ်၏ စီစဉ်ပေးချက်ဖြင့် ကိုးတောင်ပြည့် ကျောင်းတိုက်ခေါ် သိမ်တောင် တိုက်သစ် ဝါ။ သဲတောသိမ်တောင်တိုက်ကို စတင်တည်ထောင်ခဲ့သည်။

၁၂၉၆-ခုနှစ် ယခု သာသနာဝင်ရေးသည့် ၁၃၄၀-ပြည့်နှစ်အထိ ၄၄-နှစ်တာ ကာလအတွင်း ကိုးတောင်ပြည့် ကျောင်းတိုက်ကို အုပ်ချုပ်တော်မူကြသော တိုက်အုပ်ဆရာတော် ၄-ပါးတိတိ ရှိခဲ့လေပြီ။ တိုက်အုပ်ဆရာတော်လေးပါးမှာ—

(၁) အရှင်ကလျာဏ မဟာထေရ်၊
(၂) အရှင်ဇာဂရ မဟာထေရ်၊
(၃) အရှင်သုဇန မဟာဓထေရ်၊
(၄) အရှင်စရိယ မဟာထေရ်—

တို့ဖြစ်ကြသည်။

(၁) အရှင်ကလျာဏမဟာထေရ်

ကိုးတောင်ပြည့် ကျောင်းတိုက်၏ ပထမဆုံး တိုက်အုပ်ဆရာတော် ဖြစ်တော်မူသည့် အရှင်ကလျာဏ မဟာထေရ် လောင်းလျာကို သဲတောမြို့ မြို့မရပ် (ယခင်အခေါ် အနောက်ရွာနေ) ခမည်းတော် ဦးကျောက်ဖူး-မယ်တော် ဒေါ်ရှင်တို့၏ သားရတနာ ဖြစ်သည်။ ခမည်းတော် မယ်တော်တို့မှ (၁) မောင်ဖိုးချိုက်။ (၂) မချက်။ (၃) မဖွယ်။ (၄) မငယ်ဟူ၍ သားသမီးရတနာ လေးယောက် မွေးဖွား ပေါ်ထွန်းခဲ့လေရာ သားအကြီးဆုံး မောင်ဖိုးချိုက်မှာ ဆရာတော် အရှင်ကလျာဏ မဟာထေရ် လောင်းလျာဖြစ်သည်။

မွေးဖွားသည့်နှစ်

ဆရာတော်လောင်းလျာ မောင်ဘိုးချက်ကို မြန်မာသက္ကရာဇ်ဝ ၂၄၇-ခု၊ နတ်တော်လဆန်း၁၀-ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

ငယ်စဉ်အခါပညာရှာ

အသက် ၇-နှစ်သား အရွယ်တွင် မောင်ဘိုးချက်အား သဲတောမြို့ စံကျောင်းဆရာတော် အရှင်အာဒိစ္စဝံသမဟာထေရ်ထံတွင် ခမည်းတော် မယ်တော်တို့က ပို့ဆောင်အပ်နှံလေသည်။ စံကျောင်းဆရာတော်မှာ လောကီလောကုတ္တရာ နှစ်ဖြာသော ပညာကို တတ်မြောက်သော ဆရာတော် ဖြစ်၍ ကျောင်းသားလေး မောင်ဘိုးချက်အား သင်ရိုးဖြစ်သော သင်ပုန်းကြီးမင်္ဂလသုတ်၊ ပရိတ်ကြီး၊ လောကနီတိ စသည်တို့မှအစ လောကီ ပညာရပ်များ ဖြစ်သော အတွက်အချက် ဗေဒင် လက်ရိုးစသည့် ပညာရပ်တို့ကို သင်ကြား ပို့ချခဲ့သည်။

သာမဏေဘောင်သို့

အသက်၁၅-နှစ်သားတွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်ဆရာတော် အရှင်အာဒိစ္စဝံသထံတော်တွင် ရှင်သာမဏေအဖြစ်သို့သွတ်သွင်းချီးမြှင့်လေသည်။ စံကျောင်းဆရာတော်က ရှင်သာမဏေဖြစ်လာသော မောင်ဘိုးချက်အား ရုပ်ရေပဓိကောင်းခြင်း၊ စိတ်ကောင်းခြင်းတို့နှင့် ပြည့်စုံသည့်ပြင် ဘုန်းလာသားလည်းဖြစ်၍ ရှင်ကလျာဏဟု ဘွဲ့သညာသင်္ခတ် အမည်ပေးခဲ့တော်မူသည်။

ရဟန်းဘောင်သို့

ဆရာတော်လောင်းလျာ သာမဏေရှင်ကလျာဏသည် သာမဏေဘဝဖြင့် နှစ်နှစ်နေ့နေ၍ ခမည်းတော် မယ်တော်တို့၏ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းတွင် ကူညီလုပ်ကိုင်ရန် ရည်ရွယ်၍ ကျောင်းမှထွက်ခဲ့သည်။

ယင်းသို့ မိဘကူညီလုပ်ကိုင်ယင်း လူ့ဘောင်တွင် မပျော်ရွှင်ငြီးငွေ့ရကား အသက် ၂၃-နှစ်သား အရွယ်တွင် သဲတောမြို့ရပ်မှ ဦးစောကျယ်-ဒေါ်ပြောတို့၏ ပဉ္စယာနုဂ္ဂဟကို ခံယူကာ ဝမ်းတွင်းမြို့ သိမ်တောင်တောရတိုက် ပထမဒုတိယအင်းမကြီးဆရာတော်ထံတွင် မြင့်မြတ်သော သကျပုတ္တသာကီယနွယ်ဝင် သူတော်စင် ရဟန်းအဖြစ် ရောက်ရှိခဲ့လေသည်။

လူ့ဘောင်သို့

အရှင်ကလျာဏသည် ရဟန်းဖြစ်၍ သိမ်တောင်တောရတိုက် ဆရာတော်ကြီးထံတွင် ပိဋကတ်ကျင့်နည်းတို့ကို ဆည်းပူးနေစဉ် ခမည်းတော် မကျန်း

မာ၍ ရဟန်း ၂-ဝါအရွယ်တွင် လူဘောင်သို့ ဆင်းသက်ခဲ့ရသည်။ လူဘဝနှင့် မော်လမြိုင်သို့သွား၍ ဖိနပ်ချုပ်ပညာကို သင်ကြားခဲ့လျက် မိခင်ကြီးအား ကူညီစောင့်ရှောက်လုပ်ကိုင်ကျွေးမွေးခဲ့သည်။

ဒုတိယအကြိမ် ရဟန်းဘောင်သို့

လူဘဝမှတဖန် ပြန်၍ရောက်လာသော မောင်ဘိုးချက်သည် မိခင် ဖခင်တို့အား ကူညီလုပ်ကိုင်ပြုစုလာရာ တန္ခစ်ကျော်အကြာတွင် မိခင်ဖခင်တို့ရှေဆုံးနောက်ဆုံးဖြင့် ကွယ်လွန်လေရာ သူဘဝကို ငြီးငွေ့ရင်းရှိသော မောင်ဘိုးချက်သည် သဲတောမြို့ တောင်ရပ် ဦးစံခိုင်+ဒေါ်ငယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်တောင် တောရတိုက် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြန်သည်။

ရဟန်းအဖြစ် ဒုတိယကြိမ် ရောက်လာသော အချင် ကလျာဏအား ဦးဇာကျယ်+ဒေါ်လေးဖြူတို့ကလည်း ပစ္စည်းလေးပါး ဒါယကာအဖြစ်ခံယူ၍ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်လေသည်။

သိမ်တောင် တိုက်အုပ်

အချင်ကလျာဏသည် သိမ်တောင် တောရမှာပင် ကမ္မဋ္ဌာန်း ဘာဝနာများ အားထုတ်၍ရင်း၊ ဒါယကာ ဒါယိကာမများအား တရားပြ၍ရင်း နေထိုင်သီတင်းသုံးတော်မူခဲ့ရာ သိမ်တောင်ဘောရတိုက် ဆရာတော် ဘဝနာထံပံ့လွန်တော်မူသောအခါ အချင်ကလျာဏအား သိမ်တောင် တိုက်အုပ် ဆရာဘော်အဖြစ် တင်ကြလေသည်။

နယ်လှည့် ဓမ္မကထိက

ဆရာတော် အချင်ကလျာဏသည် သိမ်တောင်တောရ တိုက်တွင်သာမက အနယ်နယ် ဘရပ်ရပ်သို့ ကြွရောက်၍ ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားတော်မူသည်။ လယ်တွင်းကိုးခရိုင် ပြက်ခရေ့တောင်ကြီး ဘုရားအနီးမှာ မောနားကျောင်းတိုက်တွင် တရားရိပ်သာဖွင့်၍ တရားပြတော်မူသည်။

ကိုးတောင်ပြည့်တိုက်အုပ်

၁၂၉၆-ခုနှစ်တွင် ဆရာတော်၏ ပစ္စည်းလေးပါး ဒါယကာ ရဟန်း ဒါယကာများဖြစ်ကြသော ဦးဇာကျယ်+ဒေါ်လေးဖြူတို့က သဲတောမြို့ အရှေ့ဖက် ကိုးတောင်ပြည့် စေတီ အနီးတွင် တိုက်ကျောင်း ဆောက်၍ ဆရာတော်

အား ရေစက်ချလှူဒါန်းပြီး ဆရာတော်အား နေထိုင် သီတင်းသုံးပါရန် ပင့်လျှောက်လေသည်။ ဆရာတော်သည် အရှင်ကောသိယ အမှူးပြုသော သံဃာတော် ၂၅-ပါးတို့အား သိမ်တောင်တောရတိုက်မှ ခွဲ၍ ပို့ပေးလေသည်။ ဆရာတော်ကိုယ်တိုင်ပင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ယင်း သိမ်တောင်တိုက်အုပ်အဖြစ်ဖြင့်ရင်း တာဝန်ယူ၍ ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဖြစ်သည်။

နတ်ပြည်စံပြီ

ဤသို့လျှင် သိမ်တောင်တောရတိုက်အုပ်၊ ကိုးတောင်ပြည့် တိုက်အုပ်အဖြစ်ဖြင့် တင်မြှောက်ခြင်းခံရသော ဆရာတော် အရှင်ကလျာဏမဟာထေရ်၊ မြတ်ကြီးသည် အနယ်နယ် အရပ်ရပ်သို့ လှည့်လည်၍ ကမ္မဋ္ဌာန်းဘာဝနာနည်း ပေးတော်မူလျက်ရှိရာ လွဲပေါက်ရှာသို့ သိမ်သမုတ်ကြွတော်မူယင်း အဖျားရောဂါကပ်ရောက်ခဲ့တော်မူသဖြင့် ကိုးတောင်ပြည့်ကျောင်းတိုက်သို့ ပြန်လည်ကြွတော်မူလေသည်။

ကိုးတောင်ပြည့်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိတော်မူသော်လည်း အဖျားရောဂါမှာ ကင်းပျောက်ခြင်းမရှိ ဖြစ်တော်မူလေရာ ထင်ရှားသော ဘိသက္ကအကျော်သမားတို့ဖြင့် ပြုစုကုသကြပါသော်လည်း ဘုရားသခင်သော် မှ မရှောင်ကွင်းနိုင်သော သခ်ါရဓမ္မသဘောသို့ ကျရောက်ကော်မူသဖြင့် သက္ကရာဇ် ၁၃၀၈-ခုတွင် လူ့ပြည်ငြီး၍ နတ်ထီးခိုလှုံတော်မူလေသတည်း။

သံဝေဂယူရန်

ကလျာဏကုဏ္ဍသမ္မန္နော၊ ဝိသုတော သံဃနာယကော။
ထေရော်ပိ တိဒိဝံ ဂတော၊ မာဒိသေသု ကထာဝကော။

ကောင်းမြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံ၍ ကိုးတောင်ပြည့်ကျောင်းတိုက်၏ သံဃနာယကအဖြစ် ထင်ရှားကျော်စောတော်မူသော အရှင်ကလျာဏ မဟာထေရ်မြတ်ကြီးသော်မှလည်း နတ်ပြည်သို့ လားရောက်တော်မူရချေသေး၏။ ငါတို့လို အညတြပုဂ္ဂိုလ်တို့မှာကား အဘယ်မှာလျှင် ဆိုစရာရှိပါမည်နည်း။

ဧဝံ အနိစ္စတံ ဇမ္မိ၊ ဥတ္ဒာ ဒုရဘိသမ္ဘဝံ။
တံ ပတ္တုံ ဝါယမေ ဓီရော၊ ယံ နိစ္စံ အမတံ ပဒံ။
(ပါရာဇိကဏ် အဋ္ဌကထာ ၁၊ ၂၉)

ဤသို့လျှင် ပညာရှိသူတော်ကောင်းသည် ယုတ်မာလှပြီး မလွန်ဆန်နိုင်သော သဘောရှိသည့် မမြဲသော သဘောတရားကို ပညာဉာဏ်ဖြင့် သိ၍

မမြဲတည်နေ မသေရာမှန် အပြိုက်ဓာတ် ဆိုက်ကပ်နိုင်ကြရန် လုလွကြိုးကုတ် အားထုတ်ကြရာသတည်း။

(၂) အရှင်ဇာဂရမဟာဌေရ် ဖွားမြင်ရာဒေသ

သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက် ဒုတိယမြောက် တိုက်အုပ် ဆရာတော်ဖြစ်မည့် အလောင်းအလျာသည် မိတ္ထီလာမြို့ အနောက်ဘက် ၂-မိုင် သာစည်မြင်းခြံ မီးရထားလမ်း၏ လက်ျာဘက်ရှိ လက်ပံခါးတော့ကျေးရွာ တွင် ခမည်းတော် ဦးကောင်းကျော်+မယ်တော် ဒေါ်ကြည်လင်တို့၏ သား ရတနာဖြစ်ပါသည်။

ခမည်းတော် မယ်တော်တို့မှ–

၁။ မောင်စံလှိုင်၊
၂။ မောင်သာအောင်၊
၃။ မောင်သာအေး၊
၄။ မောင်သာဒင်၊
၅။ မောင်ဘိုးသက်၊
၆။ မောင်စံငြိမ်း၊
၇။ မအေးမြ၊
၈။ မငြိမ်းမယ်၊
၉။ မကျေးယု—

ဟူ၍ သားသမီး ၉-ယောက် ထွန်းကားခဲ့ရာ ဆရာတော် လောင်းလျာမှာ သားအကြီးဆုံး မောင်စံလှိုင် ဖြစ်ပါသည်။

ဖွားမြင်သည့်နှစ်

သားကြီး မောင်စံလှိုင်ကို သက္ကရာဇ် ၁၂၆၂-ခု နှတ်တော်လပြည့် ကျော် ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့ပါသည်။

ပညာသင်အပ်

ဆရာတော်ဖြစ်မည့် လောင်းလျာ မောင်စံလှိုင် အသက် ၁၀-နှစ်သား တွင် ခမည်းတော် မယ်တော်တို့ကိုလက်ပံခါးတော့ မင်းကျောင်းကိုဏ်းထောက် ဆရာတော် ဘုရားကြီး အရှင်ဝိမလာစာရ မဟာဌေရ်ထံ အပ်နှံခဲ့လေရာ ကိုဏ်းထောက် ဆရာတော်ဘုရားကြီးထံတော်၌ သင်ရိုးဖြစ်သော သင်ပုန်းကြီး မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရှေချိုင့်၊ နမ-

ကြာရ၊ လောကနီတိ၊ ပရိတ်ကြီးဆုံးမစာ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်တို့နှင့် တကွ သဒ္ဒါသင်္ဂြိဟ်တို့ကိုပါ ပေါက်မြောက်အောင် သင်ကြားခဲ့သည်။

အရှင်ဇာဂရ

မောင်စံလှိုင်သည် အသက် ၁၅-နှစ်သားတွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဂိုဏ်းထောက် ဆရာတော် ဘုရားကြီးထံတွင် ရှင်သာမဏေဘောင်သို့ တက်ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဇာဂရဖြစ်သည်။

ပခုက္ကူသို့

သာမဏေရှင်ဇာဂရသည် သာမဏော ၂-ဝ အရ အသက် ၁၇-နှစ်သားတွင် ဦးရိုးတော် အရှင်စမ္ဘုန္ဒ၏ ဓောဂါဆောင်ချက်အရ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက် (အလယ်တိုက်) ပထမ ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ်နှင့် အရှင်ပညာ မဟာထေရ်တို့ထံတော်တွင် နိကာယ် ၅-ဂုပ်၊ ပိဋကတ်တော်ပေါင်းကို အဌကထာ ဋီကာနှင့် တကွ အဆုက် အတက် သံဝဏ္ဏနာ၊ အနု၊ မဓု၊ ယောဇနာ ဂဏ္ဌိတို့ပါမကျန် သင်ကြားခဲ့သည်။

မဟာဝိဇယာရာမတိုက်သို့

၁၂၂၁-ခုနှစ်တွင် ဆရာတော် အရှင်ဇဝနမဟာထေရ်သည် မဟာဝိဇယာရာမတိုက်ကို တည်ထောင်တော်မူရာ သာမဏော အရှင်ဇာဂရသည်လည်း ဆရာတော်ကြီးနှင့်အတူ မဟာဝိဇယာရာမတိုက် (အခု) တိုက်သို့ လိုက်ပါသွားပေသည်။ မဟာဝိဇယာရာမဆရာတော်ထံ၌လည်း ပိဋကတ်စာပေကို ဆက်လက်သင်ယူတော်မူသည်။

ရဟန်းဘောင်သို့

သာမဏော ရဲဇာဂရသည် သက်တော် ၂၁-တွင် ပခုက္ကူမြို့ ပေါင်းလောင်းရှင်ရပ် ဒါယ်ကာမကြီး ဒေါ်သာမိ၏ ပစ္စယာနုဂ္ဂဟဖြင့် မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ သက္ကရာဇ် ၁၂၂၂-ခု ကဆုန်ကဆန်း ဂ-ရက်နေ့တွင် သကျံသာသနာတော်ယန္တယ်ဝင် ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

မန္တလေးမစိုးရိမ်တိုက်သို့

ရဟန်းတော် ရှင်ဇာဂရသည် ရဟန်း ၃-ဝ၂ အရတွင် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက် မာဂဓဆရာတော် အရှင်ဝိသုဒ္ဓနှင့် အရှင်ဂန္ဓမဟာထေရ်တို့ထံတွင် ဆက်လက်၍ ပညာသင်ယူခဲ့သည်။

ဘုံကျော်တိုက်သို့

အရှင်ဇာဂရသည် မစိုးရိမ်တိုက်တွင် ၂-နှစ်ခန့် ပညာသင်၍ တောင်ပြင်ဘုံကျော်တိုက် ဒေါင်းကျောင်း ဆရာတော် ကရှင်ဃေသိတ မဟာထေရ် (လက္ခဏာတော်ဘုရားရှိခိုး ရေးသားသည့် ဆရာတော်) ထံတွင် ဆက်လက်၍ ပညာရင်နှီးကို သောက်စိုတော်မူခဲ့လေသည်။

ကိုးတောင်ပြည့်ကျောင်းတိုက်သို့

အရှင်ဇာဂရသည် ဘုံကျော်တိုက် ဒေါင်းကျောင်း ဆရာတော်အထံ၌ ပညာရှာမှီးစဉ်မှာပင် ဒေါင်းကျောင်းဆရာဟော် ဘဝန္တတ်ထံ ပျံလွန်တော်မူလေရာ ဒေါင်းကျောင်း၌အတူတကွ ပညာသင်ဘက်ဖြစ်သည့် အရှင်ကောသိယ (နောင်—သိမ်တောင်တိုက်အုပ်ဆရာတော်)နှင့်အတူ သိမ်တောင်သို့ ရောက်လာရာ သိမ်တောင်မှတဆင့် ၁၂၉၈-ခုနှစ်တွင် ကိုးတောင်ပြည့် ကျောင်းတိုက်သို့ ရောက်ရှိလာခဲ့သည်။

တိုက်အုပ်ဆရာတော် ဖြစ်ပြီ

အရှင်ဇာဂရသည် ကိုးတောင်ပြည့်ကျောင်း၌ တိုက်အုပ်ဆရာတော် အရှင်ကလျာဏ ထံတော်၌ ပဋိပတ်တရား အားထုတ်နေစဉ် ၁၃၀၈-ခုနှစ်တွင် တိုက်အုပ် ဆရာတော် အရှင်ကလျာဏ ဘဝန္တတ်ထံ စံမြန်းတော်မူရာ အရှင်ဇာဂရအား တိုက်အုပ် ဆရာတော်အဖြစ် လွှဲအပ်တော် မူကြလေလည်။

လက်ပံခါးကော့ကျောင်း
ကျောင်းထိုင်ဆရာတော်

သက္ကရာဇ် ၁၃၂၅-ခုနှစ်တွင် လက်ပံခါးကော့ မင်းကျောင်း၏ တတိယမြောက် ကျောင်းအုပ် ဆရာတော် ပျံလွန်တော်မူလေရာ ကိုးတောင်ပြည့် ကျောင်း တိုက်အုပ် ဆရာတော် အရှင်ဇာဂရ မဟာထေရ်အား လက်ပံခါးကော့ မင်းကျောင်း ကျောင်းအုပ် ဆရာတော်အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရလေသည်။

သိမ်တောင် တိုက်အုပ် ဆရာတော်

သက္ကရာဇ် ၁၃၂၇-ခုနှစ်တွင် သိမ်တောင် တောရတိုက်၏ သတ္တမမြောက် တိုက်အုပ် ဆရာတော် အရှင်အဂ္ဂဝံသမဟာထေရ် နတ် ထီး ခိုလှုံတော်မူလေရာ အရှင်ဇာဂရမဟာထေရ်အား သိမ်တောင်တိုက်းလုံးရှိ သံဃာတော် အားလုံး

တို့က တည်ဘဏ္ဍတ်တည်း သိမ်တောင်တောရတို့က်၏ အင္ဂမမြောက် တို့က်အုပ် ဆရာတော်အဖြစ် တင်မြောက်ခြင်းကို ခံယူတော်မူရပြန်လေသည်။

သုံးတို့က်အုပ် ဆရာတော်

ဤသို့လျှင် အရှင်ဇာဂရမဟာထေရ်သည်—

(၁) ကိုးတောင်ပြည့် တို့က်အုပ် ဆရာတော်၊
(၂) လက်ပံခါးကော့ မင်းကျောင်း ကျောင်းအုပ် ဆရာတော်၊
(၃) သိမ်တောင် တောရတို့က် တို့က်အုပ် ဆရာတော်—

ဟူ၍ သုံးတို့က် အုပ်ချုပ်ရသော ဆရာတော် ဖြစ်တော်မူသည်။

သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

ဆရာတော်သည် သာသနာရေး၊ ဘာသာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ကုတို့မှာ အလွန် များသည်။ သာသနာ တိုးတက်ရာ တိုးတက်ကြောင်းကို အမြဲကြည့်ရှုတော်မူသည်။ ကိုးတောင်ပြည့် ကျောင်းတို့က်အတွင်း တို့က်တာ အရံ အဆောက်အဦများ တိုးခဲ့ဆောက်လုပ်တော်မူသည်။ ဆရာတော် လက်ထက်တွင် တို့က်တာ အဆောက်အဦ များစွာ တိုးတက်ခဲ့သည်။

တို့က် တည်ထောင်စဉ်က ပဋိပတ်အတွက် ဖြစ်သော်လည်း ဆရာတော် လက်ထက် ၁၃၁၃-ခုနှစ်မှ စ၍ ပရိယာယ်ကိုပါ အားပေးလျက် စာမေးပွဲဝင်ခွင့် ပေးတော်မူသည်။

ပရိယတ္တိသာသနာနုဂ္ဂဟအသင်း
ဥက္ကဋ္ဌဆရာတော်

၁၃၁၄-ခုနှစ် ပြာသိုလဆန်း ၁-ရက်နေ့တွင် သဲတောမြို့၌ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကို ဖွဲ့စည်းခဲ့ရာ ဆရာတော်အား အသင်း၏ ဥက္ကဋ္ဌအဖြစ် တင်မြောက်ကြသည်။

ခရိုင်ဝိနည်းဓိုရ်

၁၃၁၄-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက်နေ့တွင် နိုင်ငံတော်အစိုးရက ကိုးတောင်ပြည့် ဆရာတော်အား မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှ ခရိုင်ဝိနည်းဓိုရ်ဆရာတော်အဖြစ် တင်မြောက်ခြင်း ခံရ၍ ဝိနိစ္ဆယအမှုပေါင်းများစွာ ပြေရှင်းဆုံးဖြတ်တော်မူခဲ့သည်။

ပါဠိတက္ကသိုလ် ကြီးကြပ်ရေး

၁၃၂၀-ခုနှစ် တပို့တဲ့လဆန်း ၁၂-ရက်နေ့တွင် မိတ္ထီလာမမြစရိယစာဖြဌာနတွင် ပါဠိတက္ကသိုလ် စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် နိုင်ငံတော်အစိုးရက ခန့်အပ်ခြင်းခံခဲ့ရသည်။

ဆွမ်းဆန်တော်ထောက်ပံ့

ခရစ်သက္ကရာဇ် ၁၉၅၁-ပြည့်နှစ် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ ပုဒ်မ ၂၆-အရ နိုင်ငံတော်သမ္မတက ပါဠိတက္ကသိုလ်တွင် မပါဝင်သည့် အရည်အချင်းနှင့် ပြည့်ဝုံသော ဓမ္မာစရိယများအား စာပေပို့ချသော အခါနိုန်ကာလအတွက် ၎င်းနည်းဥပဒေများတွင် သတ်မှတ်ထားသော နှုန်းထားအတိုင်း ကိုးတောင်ပြည် ဆရာတော်အား ခရစ်နှစ် ၁၉၅၃-ခုနှင့် အောက်တိုဘာလ ၁-ရက်နေ့မှစ၍ လစဉ် ဆွမ်းဆန်တော်ငွေ ၃၀-ကျပ် ထောက်ပံ့ခြင်းကို ခံယူရရှိတော်မူခဲ့သည်။

ဝိနယာနုဂ္ဂဟအတွင်းရေးမှူး

၁၃၂၃-ခုနှစ်တွင် သိမ်ဇောင်ဂိုဏ်းဝင် စာသင်သားတို့အား ဝိနည်းအရာ လိမ္မာပွန်းတီးစေခုန် ရည်ရွယ်၍ သိမ်တောင်ဘောခုတိုက်တွင် ဝိနယာနုဂ္ဂဟအသင်းဖွဲ့၍ ဝိနည်း စာမေးပွဲများ ကျင်းပခဲ့သည်။ ဆရာတော်သည် ယင်းဝိနယာနုဂ္ဂဟစာမေးပွဲတွင် အတွင်းရေးမှူးအဖြစ် ပံ့လွှန်တော်မူသည်အထိ ၁၇-နှင်တိုင်တိုင် ထမ်းရွက်တော်မူခဲ့သည်။

(အကျယ်ကို သိမ်တောင်သာသနာဝင်တွင် ကြည့်ပါ)။

ဆရာတော်နှင့် နုယ်ခဲ့ဆန့်ကျင်ရေး

ဘရာတော်သည် ပြုတိသျှနုယ်ခဲ့ အရှင်ရှင်တို့အား မြန်မာနိုင်ငံမှ မောင်းထုတ်လိုသော ဆန္ဒရှိခဲ့သည်။ ထို့ကြောင့်—

(၁) ကျိ-ဇီ-ဘီ-အေ (ခေါ်) ဝံသာနုရက္ခိဘအသင်းတွင် အသင်းဝင်အဖြစ် ပါဝင်ခဲ့သည်။ ဦးချင်လိုင်အုပ်ချုပ်သော မိတ္ထီလာစီရင်စု ကျိ-စီ-ဘီ-အေ ကွန်ဖရင့်ကြီး ပေါ်ပေါက်လာအောင် ကြိုးပမ်းခဲ့ရာတွင် ပါဝင်ခဲ့၍ ငါးပါးသီလမြဲရေး အမျိုးဘာသာ သာသနာ မပျောက်ပျက်ရေး စသည်တို့ကို အားကြိုးမာန်တက် ထမ်းရွက်ခဲ့သည်။

(၂) ၁၂၀၄-ခုနှစ်တွင် ဖဲ့စည်းတည်ထောင်သော မိတ္ထီလာစီရင်စု အမှတ် (၁) တိုက်နယ် သံဃသာမဂ္ဂီ အသင်းကြီးတွင် အမှု

ဆောင်အဖြစ် ပါဝင်ခဲ့လျက် ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေးကို ဆောင်ရွခဲ့သည်။

(၃) လက်ပံခါးဘော့ရွာ မြန်မာ့ရက္ခိတအသင်း ဖြစ်မြောက်ရေးကို လှုံ့ဆော်ခဲ့သည်။

ဆရာတော်နှင့် ဝိနည်း

ဆရာတော်သည် ဝိနည်းကျင့်ဝတ်ကို အလွန်လေးစားတော်မူသည်။ ရဟန်းသာမဏေများ ရွေ့ခင့်ကို ကိုင်ခံခြင်းကို လုံးဝ ခွင့်မပြုခဲ့။ ပဲလမ်းသဘင် သွားလာခြင်းကို ကြပ်တည်းစွာ တားမြစ်ထားသည်။ အလှူအတန်း သာရေးနာရေးကိစ္စ ရှိလျှင်ပင် ကျောင်းတွင်း၌ အသံခဲ့စက် ဖွင့်ခွင့်မရပေ။

ဝိနည်းနှင့် မအပ်စပ်သော နေထိုင်မှု သွားလာမှုတို့ကို ခွင့်မပြုပေ။ ကိုးတောင်ပြည့်ကျောင်းတိုက်ဘွဲ့ စည်းကမ်းဥပဒေ ဆွဲဆောင်ခြင်းမရှိသော်လည်း ရုန်ဖြင်ခြင်း ခိုးခြင်း ညှဉ်နှက်ဘုရားဝတ်ဘက်မှု ပျက်ကွက်ခြင်း ဝိနည်းစည်းကမ်း ဖောက်ဖျက်ခြင်းကို တွေ့ရှိက ချက်ခြင်း အပြစ်ဒဏ်ပေးလေ့ရှိသည်။

ဘာသနရှေ

ဆရာတော်သည် ရဟန်းဖြစ်စက နိုင်ငံခြားသာသနာပြုရန် ရည်ရွယ်ခဲ့၍ အင်္ဂလိပ်ဘာသာနှင့် ဟိန္ဒူဘာသာကားတို့ကို သင်ကြားခဲ့ဘူးသော်လည်း ခမည်းတော်၏ ကန့်ကွက်မှုကြောင့် နိုင်ငံခြားသာသနာပြုရန် ရည်ရွယ်ချက် ပျက်သွားခဲ့ဘူးသည်။

ဆရာတော်၏ ဆုံးမစကား

ဆရာတော်သည် တပည့်စာသင်သားများအား မကြာမကြာ ဆုံးမသြဝါဒ ပေးလေ့ရှိသည်။ ဆုံးမသြဝါဒပေးရာတွင် ဆရာတော်ငယ်စဉ်က အဖြစ်အပျက်များကို အကောင်းရော အဆိုးပါမကျန် နှိုင်းခိုင်း၍ ဆုံးမလေ့ရှိသည်။

တရားမကျင့် ပစ္စည်းများစု၍သာနေသော ဘုန်းကြီးများနှင့်ပတ်သက်၍ "ဘုန်းကြီးလောဘ ဒုယင်ခေါင်းနှင့်အမျှ ဆိုဘာမမှန်ဘူး၊ ဒုယင်ခေါင်းအထက် ငွေးဘ တထိုးသာသေးတယ်" ဟု မိန့်တော်မူလေ့ရှိ၏။

"ဘုန်းကြီးဆိုတာ ဓားမောက်နဲ့တူတယ်၊ ဓားမောက်ဟာ ကောက်နေတဲ့နှီးတွေ၊ ဝါးတွေကို ဖြောင့်အောင် ပြုနိုင်ပေမဲ့ သူ့ဓားမောက်ရဲ့အရိုးကိုတော့ ဖြောင့်အောင်မလုပ်နိုင်ဘူး" ဟု မိန့်တော်မူဘူး၏။

ဆရာတော်ငယ်စဉ်က နိုင်ငံခြားသွား၍ သာသနာပြုလိုကြောင်း ခမည်းတော် ဦးကောင်းကျော်အား တိုင်ပင်လေရာ ခမည်းတော်က "နိုင်ငံခြားသာသနာပြုဘို့ နောက်ထား၊ ကိုယ့်ကိုယ်ကို အရင်သာသနာပြုပါအုံး" ဟုလျှောက်ထားခဲ့သဖြင့် နိုင်ငံခြားသာသနာပြုရန် အကြံပျက်ခဲ့ဘူးကြောင်း အမိန့်ရှိ၍ မိမိကိုယ်ကို အရင်သာသနာပြုကြရန် တိုက်တွန်းသြဝါဒစကားများ မကြာမကြာ မိန့်ကြားလေ့ရှိသည်။

တီ-ဘီ ရောဂါ

ဆရာတော်မှာ သက်တော် ပျိုနုစဉ်ကပင် တီ-ဘီ အဆုပ်နာ ရောဂါနှင့် မကြာမကြာ ဖျားသော ရောဂါရှိခဲ့သည်။ အင်္ဂလိပ်ဆေး၊ မြန်မာဆေး မျိုးစုံကို အမြဲမှီဝဲနေရသည်။ တီဘီ ရောဂါ ပျောက်ကင်းခဲ့ သော်လည်း မကြာမကြာ ဖျားသည့်ရောဂါမှာ မပျောက်ခဲ့ပေ။ သလိပ်သည်း အမြဲကြလျက် ထလျက်ရှိသည်။

ပုံလွန်ခါနီးအထိ စာချ

ရောဂါမည်မျှ ဆိုးဝါး နေစေကာမူ စာဝါအပျက်ခံလေ့ မရှိပေ။ ၁၃၃၉-ခု ဝါဆိုလမှစ၍ သလိပ်အထများလာပြီး မကြာမကြာလည်း ဖျားသည်။ အားအင်လည်းအတော်ပင် ဆုတ်ယုတ်နေခဲ့သည်။သို့သော် ပုံလွန်တော်မူကာနီး တရက်အထိ စာဝါမပျက်ခဲ့ပေ။

နတ်ထီးခိုလှုံပြီ

ယင်းသို့ သလိပ်ရောဂါထခြင်း၊ အားနည်းခြင်း၊ အဖျားအားကြီးလာခြင်းတို့ကြောင့် သမားအကျော် ဆရာမော်တို့ဖြင့် တပည့်များက ဝိုင်းဝန်းပြုစု ကုသပေးကြပါသော်လည်း မြတ်ဘုရားသော်မှ မရှောင်ကွင်းနိုင်သော သင်္ခါရနယ်အတွင်း သက်ဆင်းကျရောက်ခဲ့ရကား မရဏသေမင်း၏ ပင့်ဆောင်ရာသို့ လိုက်ပါ သွားရလျက် သက်တော် ၇၈၊ သီကျွာတော် ၅၈-ဝါ အရဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၃၉-ခုနှစ်၊ ပြာသိုလဆန်း ၁၄-ရက်၊ ခရစ်နှစ် ၁၉၇၈-ခု၊ ဇန်နဝါရီလ ၂၂-ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀-နာရီ ၁၁-မိနစ် အချိန်တွင် လူ့ပြည်ငြိမ်း၍ နတ်ထီး ခိုလှုံတော်မူလေသတည်း။

ဇရာ ဗျာဓိ စ မစ္စု စ၊ လောကဿာဿ မဟဗ္ဘယံ။
နတ္ထိ ဒေသော သော ယတြဿ၊ တံဘယံ နောပပဇ္ဇတေ။

အရှင် အာဿ ဃောသ သက္ကတ ဘာသာဖြင့် ရေးသော သုန္ဒရနန္ဒံခေါ် ညီတော် မင်းနန်း ချွတ်ခန်းကဗျာ ၁၅-၄၆-မှ ပါဠိပြန်။ (ဘာသာပြန်။)
အိုခြင်း၊ နာခြင်း၊ သေခြင်း တို့သည် ဤလောကဌ် ကြောက်ဖွယ် ဘေးကြီး တို့ ဖြစ်ကုန်၏။ ယင်း ဘေးကြီးတို့နှင့် ကင်းကွာသော ဒေသ ဟူ၍ မရှိချေ။

သံဝေဂကထာ

ဇာဂရော ယော မဟာထေရော၊ နဝင်္ဂါရာမက္ကဿရော။
သိဿော ဟိတ္ထာ ဒိဂင်္တော၊ ဟာ-နိစ္စာ လောကမမ္မတာ။
သုပေဿလော သိက္ခာကာမော၊ ပရိယတ္တိဝိသာရဒေါ။
ထေရော မစ္စုဝသံ ယာတော၊ မာဒိသေသု ကထာဝကာ။
နဝင်္ဂါဝိဇ္ဇာလယေ စ၊ အဓိပတိ ဓုရန္ဓရော။
သောပိ မစ္စုမုခံ ပတ္တော၊ မာဒိသေသု ကထာဝကာ။
သဗ္ဗသာသနုကိစ္စေသု၊ ဝိသုတော ဇိနသာသနေ။
နိမန္တိတော ဒေဝိန္ဒေန၊ ယာတော ဒေဝါနသန္တိကေ။

(၃) အရှင် သုဇနမဟာထေရ် ဖွားမြင်ရာဒေသ

ကိုးတောင်ပြည့် ကျောင်းတိုက်ကို စတင် တည်ထောင်စဉ်က ပါဝင် တော်မူ၍ ကိုးတောင်ပြည့် ကျောင်းတိုက်၏ တတိယမြောက် တိုက်အုပ် ဆရာတော် ဖြစ်တော်မူသော အရှင် သုဇနမဟာထေရ်သည် မိတ္ထီလာမြို့နယ် ဆင်စွယ်လည်ရွာ ခမည်းတော်-ဦးငိုးမြင်၊ မယ်တော်-ဒေါ်ပုတို့မှ မြန်မာ သက္ကရာဇ် ၁၂၆၈-ခုနှစ်၊ နယုန်လဆန်း ၅-ရက်၊ သောကြာနေ့တွင် ဖွားမြင် ခဲ့သော သားရတနာ ဖြစ်သည်။

သားချင်းမျိုး

ခမည်းတော် မယ်တော်တို့မှ—

(၁) ဦးရွှေမြို့ (ဦးဆုဇည)
(၂) ဦးညီမှု (ဒေါ်) ဦးဝိုင်း (ဦးသုဇန)
(၃) ဒေါ်လှစိန်
(၄) ဦးစံလိုင် (ဦးစက္ခုဓဇ)—

တို့ ဖြစ်ရာ ဆရာတော်၏ ငယ်နာမည်မှာ မောင်ညီ ဖြစ်ပါသည်။ ငယ်စဉ်က အသားလတ်လတ်မျက်နှာဝိုင်းဝိုင်း၊ ဥပဓိရုပ်ချောမောလှပ၍နုပျိုသော့ကြောင့် မောင်ညီပုအား မောင်ဝိုင်း။နောင်အခါ (ဦးပဉ္စင်းဝိုင်း)ဟု ခေါ်ကြသည်။

သားချင်းမောင်နှမလေးယောက်တွင် ဦးရွှေမြို့မှာ ဦးရာဇဘွဲ့ အမည်နှင့် ဘဝနတ်ထံ စံလွန်သွားလေပြီ။ ဦးစံလှိုင်မှာ ယခု ဆင်စွယ်လည်ကျောင်းဆရာတော် ဦးစက္ခုဓဇမဟာထေရ်ဖြစ်ပါသည်။

ငယ်ဆရာ

မောင်ညီပုခေါ် မောင်ဝိုင်းသည် ဆင်စွယ်လည်ကျောင်း ဆရာတော် အရှင်အာဒိစ္စထံတော်တွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်စသော သင်ရိုးစာပေများကို သင်ကြားခဲ့သည်။

ရှင်သာမဏေဘဝ

အသက် ၁၂-သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘောင်သို့ တက်လှမ်းခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုဇနဖြစ်သည်။

မန္တလေးတွင် ပညာသင်

အသက် ၁၅-နှစ်အရွယ်တွင် ခမည်းတော် မယ်တော်တို့က အပ်နှံကြသဖြင့် မန္တလေးမြို့ တောင်ပြင်ဘုံကျောင်တိုက် ဒေါင်းကျောင်းဆရာတော်အရှင်ဃောသိတထံသို့ ရောက်ရှိခဲ့သည်။ ဒေါင်းကျောင်းဆရာတော်မှာ ရှင်သုဇန်၏ အစ်ကို ဝမ်းကွဲတော်စပ်၍ (လက္ခဏာတော် ဘုရားရှိခိုး)ရေးသော ဆရာတော်ဖြစ်သည်။

သိမ်တောင်တောရတိုက်ကြွ

အသက် ၁၉-နှစ်အရွယ်တွင် ဒေါင်းကျောင်းဆရာတော်က အပ်နှံ၍ သိမ်တောင်တောရတိုက်သို့ ရောက်ရှိလာခဲ့သည်။

ပဋိပတ် ဆရာတော်များ

သိမ်တောင်တောရတိုက် ပထမအင်းမကြီးဆရာတော် အရှင်ဇောတိက အရှင်နရိန္ဒ၊ အရှင်ဥယျ ဆရာတော်တို့ထံတွင် ပဋိပတ်ကမ္မဋ္ဌာန်း ကျင့်နည်းများကို နည်းယူသင်ကြားခဲ့သည်။

ပရိယတ် ဆရာတော်များ

သိမ်တောင်တောရတိုက်မှ ဆရာတော် အရှင်ကုသလ၊ ဆရာတော် အရှင်ကောသိယ၊ အရှင်ပညာသီဟ (ယခု ဦးထွန်းစိန်-မန္တလေး) တို့ထံ၌ ပရိယတ်စာပေများကို သင်ယူတတ်မြောက်ခဲ့သည်။

ရဟန်းဖြစ်ပြီ

သက္ကရာဇ် ၁၂၇၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅-ရက်နေ့တွင် ဒါယကာ-ဦးစံဒင်၊ ဒါယိကာမ-ဒေါ်အေးအေးကောင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆင်စွယ်လည်ကျောင်း ဆရာတော် အရှင်နန္ဒိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သိမ်တောင်တောရတိုက် ခဏ္ဍသိမ်အပြင်ဝယ် မြင့်မြတ်သော သကျပုတ္တသာကီယနွယ်ဝင်စစ် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ ပထမပြန့် ငယ် လက် ကြီး အတန်းများနှင့် အမျိုးသား အကြီးတန်း စာမေးပွဲကို အောင်မြင်ခဲ့သည်။

သိမ်တောင်တိုက်သစ် ခဲ့ခြင်း

၁၂၉၆-ခု၊ ဝါဆိုလဆန်း ၇-ရက်နေ့တွင် သိမ်တောင်တောရတိုက်တိုက်အုပ် ဆရာတော် အရှင်ကလျာဏမဟာထေရ်၏ ပို့ဆောင်ချက်နှင့် ဒါယကာ ဦးဇာကျယ်-ဒေါ်လေးဖြူတို့၏ ပင့်ဆောင်ချက်အရ သံဃာ ၂၅-ပါးနှင့် အတူ သိမ်တောင်တိုက်သစ်ခဲ့၍ ထူထောင်ရာတွင် ပါဝင်ခဲ့ပါသည်။ ကိုးတောင်ပြည့် ကျောင်းတိုက်ခေါ် ဤသိမ်ဘောင်တိုက်သစ်တွင် အသက်ဆက်ဆုံး သီတင်းသုံးတော်မူသွားပါသည်။

ဆန်း ဦးသုဇန

ဆရာတော် အရှင်သုဇနသည် တပည့် စာသင်သားများအား စာပေပို့ချရာတွင် အလွန် စိတ်ရှည်သည်။ သဘောပေါက်သည်အထိ စိတ်ရှည်လက်ရှည် ပြဘောင်မူလေ့ရှိသည်။ ထို့ကြောင့် စာသင်သားတို့က ဆရာတော်အား (ဆန်း ဦးသုဇန) ဟု အမည်သညာ ပေးကြသည်။

တပည့်များကို ငဲ့ညှာ

ဆရာတော်သည် တပည့်များအပေါ် အလွန်ငဲ့ညှာသည်။ ဘယ်တပည့် နေမကောင်းဟု ကြားလျှင် ဆေးတိုက်ပြီးပြီ။ ဘယ်တပည့် ကျောင်းမှာ မပျော်ဟု ကြားခဲ့လျှင် ချော့မော့ တရားဟောပြီးပြီ။ ဘယ်တပည့် အပြစ်တစုံတခု ကျူးလွန်သည်ဟု ကြားလျှင် သိပြီးပြီ။ ဆုံးမစကား ဆိုပြီးပြီ ဆရာတော်၏ ဆုံးမချက်ကို တပည့်များက နားဆောင်ကြသည်။ လိုက်နာကြသည်။ နောက်ဘပ်တဖန် အပြစ်မကျူးလွန်ကြ၊ တပည့်များက ဆရာတော်အား ချစ် ကြောက် ရိုသေကြသည်။ လေးစားကြသည်။ ဆရာတော်သည် တပည့်

မျှားအား မည်သည့်အခါမျှ ဆူဆူပူပူမလုပ်၊ ပြောစရာ ဆိုးမစရာ အကြောင်းရှိလျှင် အေးအေးဆေးဆေး ဆုံးမလေ့ရှိသည်။ တခါတရံ ဟာသပုံပြင်လေးမျှားကိုပင် ညှပ်ကာ ပြောပြတတ်သည်။ ဤမျှ တပည့်မျှားအပေါ်တွင် ငဲ့ညှာသော ဆရာတော် တပါးပါပေ။

ဆင်စွယ်လည်ကျောင်းကြီး၏ ပဓာနနာယက

၁၃၃၇-ခုနှစ်တွင် ဆင်စွယ်လည်ကျောင်း ဆရာတော် အရှင်ဝါသုလမဟာထေရ် နတ်ပြည်စံလေရာ ဆရာတော် အရှင်သုဇနအား ဆင်စွယ်လည်ကျောင်း၏ ပဓာန မဟာနာယကအဖြစ် လွှဲအပ်ခြင်းကို ခံယူတော်မူခဲ့ရသည်။

ကိုးတောင်ပြည့်တိုက်အုပ်

၁၃၃၉-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် ကိုးတောင်ပြည့်ကျောင်းတိုက်၏ ဒုတိယမြောက် တိုက်အုပ်ဆရာတော် အရှင်ဇာဂရ မဟာထေရ် နတ်ထီးဦးလှုံတော်မူလေရာ ဆရာတော် အရှင်သုဇန မဟာထေရ်အား ကိုးတောင်ပြည့် တိုက်အုပ်ဆရာတော်အဖြစ် သံဃာတော်အားလုံးတို့က ပြာသိုလပြည့်ကျော် ၁၁-ရက်နေ့တွင် လွှဲအပ်တင်မြှောက်ခြင်းကို ခံယူတော်မူရလေသည်။

အဖျားရောဂါ ရပြီ

ယင်းသို့ တိုက်အုပ်ဆရာတော်အဖြစ် တင်မြှောက်ပြီး၍ ရက်ပိုင်းအတွင်းမှာ ဆရာတော်အား အဖျားရောဂါနှင့် သွေးအားနည်းရောဂါတို့ တပြိုင်တည်း ကပ်ရောက်နှိပ်စက်ခြင်းကို ခံယူတော်မူရရှာလေပြီ။

စတုသန္တက ပစ္စည်းလွှဲအပ်ခြင်း

ဆရာတော်သည် လူ့ပြည်တွင် ဆက်လက်၍ နေရတော့မည် မဟုတ်ဟု သိနေပေပြီ။ ထို့ကြောင့် ဆရာတော်၏ ကိုယ်ပိုင်ပစ္စည်းမျှားကို ဆရာတော်နှင့်တကွ—

ဦးတေဇနိယ (တောင်သာ)
ဦးသုမန် (ဘုရားစု)
ဦးသေဋ္ဌာလင်္ကာရ (ဒေါ်လှစိန်၏သား-ဆရာတော်၏တူ)

တို့အား သက်သေမျှားနှင့်တကွ စတုသန္တကအဖြစ် လွှဲအပ်ခဲ့လေသည်။

နတ်ပြည်စံပြီ

ယင်းသို့ ပစ္စည်းများ လှဲအပ်ပြီး နောက်တနေ့ ညနေဖြစ်သည့် ၁၃၃၉-ခုနှစ် တပို့တွဲလဆန်း ၇-ရက် (ခရစ်နှစ် ၁၉၇၈-ခု၊ ဖေဖော်ဝါရီ လ ၁၄-ရက်) အင်္ဂါနေ့ည ၉-နာရီဘွင် တုသိဘာနတ်ပြည်သို့ ပင့်ဆောင်ရာ ယာဉ်ရထားတို့ဖြင့် လိုက်ပါသွားရလေသည်။

ဆရာတော် အရှင်သုဇနသည် တိုက်အုပ်ဆရာတော်အဖြစ် အများသဘောတူ တင်မြှောက်ခဲ့၍ ၁၂-ရက်အကြာ အရှင်ဇာဂရ မဟာထေရ် နတ်ထီးခိုလှုံ၍ ၂၄-ရက်အကြာတွင် ပျံလွန်တော်မူခြင်း ဖြစ်လေသည်။

ဩဩ—ပေါရုယ်များစွာ၊ သတ္တဝါကား၊ ဥစ္စာရှိသော၊ မရှိသော နှင့်၊ ဂုဏ်ပေါဂုဏ်မဲ့၊ ဉာဏ်နဲ့ဉာဏ်ရှိ၊ ကဝိဗာလ၊ ငယ်စဉ်ကြီးစွာ၊ မဟူပါဘည်း၊ အခါတန်သော်၊ သေမင်းခေါ်လျှင်၊ ပျော်ပျော်သူ့နောက်၊ ကောက်ကောက်လိုက်ခ၊ မှန်မှချမို့၊ မရဏမင်း၊ သူ့လက်တွင်းသို့၊ မဆင်းရခင်၊ မြို့ရွေစင်ဟု၊ ရှင်ပင်ဟောပြ၊ အမတသွား၊ မြတ်တရားကို၊ ငါကား ရှုချိန်တန်ပေပြီ။

(ဓမ္မပဒဋ္ဌကထာစာစောင်မှ)

ရှစ်လုံးဘွဲ့ကဗျာ

သင်းချိုင်းကုန်းက၊ ပြုံးလှုက်မျှော်ရှာ၊
နင်သိရဲ့လား၊ နင်သွားရမှာ၊
ဘယ်ကိုပြေးလို့၊ လွှတ်ရေးကိုရှာ၊
ဇာတိမျိုး၊ လွှတ်ခြုံးမရှိပါ။
သေပြီးလို့ရှိ၊ ဇာတိပေါ်ပြန်၊
ဇရာမရဏ၊ ဖြစ်ရဖန်ဖန်၊
ဆုံလည်နွှားသို့၊ အလားဆိုဟန်၊
ရက်မဆိုင်း၊ စက်ဝိုင်းလည်တဲ့ကံ။

(လက်ပံခါးတော့ဆရာတော် အရှင်သုန္ဒရမဟာထေရ်)

သုဇနော ပဏ္ဍိတော ဗျတ္တော၊ နဝင်္ဂါရုမမာပကော။
ထေရော မစ္ဆုဝသံ ယာတော၊ ဟာ-နိစ္စာ ဇဂမမ္မတာ။

(၄) အရှင်စရိယမဟာထေရ် ဖွားမြင်ရာဇာတိ

ကိုးတောင်ပြည့်ကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် တိုက်အုပ်ဆရာတော် ဖြစ်တော်မူမည့် အရှင်စရိယမဟာထေရ်အလောင်းအလျာသည် မိတ္ထီလာ

မြို့နယ် မြင်းကန်ဒိုင်၊ မြင်းကန်ရွာနေ ခမည်းတော် ဦးကြာညွှန့်-မယ်တော် ဒေါ်အေးခင်တို့မှ ကောဇာသက္ကရာဇ် ၁၂၀၂-ခု ပထမဝါဆိုလပြည့်ကျော် ၁၅-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သည်။

ခမည်းတော် မယ်တော်တို့မှာ သားသမီးပေါင်း တကျိပ်တိတိ မွေးဖွားခဲ့ရာတွင် ဆရာတော်လောင်းလျာမှာ ဂ-ယောက်မြောက် သားရတနာလေး ဖြစ်ပါသည်။

ပညာရှာမှီး

"ထုံးတည်းနည်းနှာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရှယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်" ဟူသည်နှင့်အညီ အသက် ၄-နှစ်သားအရွယ် ၁၂၀၆-ခုနှစ်ကပင် မြင်းကန်ကျောင်းဆရာတော် အရှင်ဉာဏဇုတ္တရမဟာထေရ်ထံတော်တွင် မိဘနှစ်ပါး၏ အပ်နှံခြင်းကိုခံယူကာ ပညာစတင်သင်ကြားသည်။

သိမ်တောင်သို့

ဆရာတော် လောင်းလျာသည် မြင်းကန် ဆရာတော်ထံတွင် နှစ်နှစ်ခန့် ပညာသင်ယူ၍ ၁၂၀၀-ခုနှစ်၊ ဝမ်းတွင်းမြို့ သိမ်တောင်တောရသို့ ပို့ဆောင်၍ ပညာသင်ယူရပြန်သည်။ သိမ်တောင်တောရတို့က် ဆရာတော်များဖြစ်ကြသည့် အရှင်ပညာသီဟ၊ အရှင်ကောဿိယတို့ထံတော်တွင် ပညာရင်နှီးကို သောက်စို့တော်မူခဲ့ရသည်။

ရှင်သာမဏေအဖြစ်

ဆရာတော် လောင်းလျာသည် အသက် ၁၀-နှစ်အရွယ် ဖြစ်သည့် ၁၂၀၁-ခုနှစ်တွင် မိတ္ထီလာမြို့ မြေစာရင်း အင်စပက်တော် ဦးမောင်ကြီး-ဒေါ်သိလတို့၏ ပစ္စည်းလေးပါး ဒါယကာအဖြစ် ချီးမြှောက်ခြင်းကို ခံယူကာ သာမဏေဘောင်သို့ တက်လှမ်းတော်မူခဲ့သည်။ ဘွဲ့တော် ရှင်စရိယဖြစ်သည်။

ကိုးတောင်ပြည့် ရောက်ချိန်

ဆရာတော်လောင်းလျာ သာမဏေ ရှင်စရိယသည် ၁၂၀၆-ခု၊ တန်ဆောင်မုန်းလတွင် သိမ်တောင် တောရတို့က်မှ ကိုးတောင်ပြည့် ကျောင်းသို့ ပြောင်းရွှေ့၍ ပညာဆက်လက်သင်ယူခဲ့သည်။

ရှင်ရဟန်းဖြစ်ချိန်

သာမဏေ ရှင်စရိယသည် သက္ကရာဇ် ၁၃၀၁-ခု၊ တပေါင်းလဆန်း ၁၁-ရက်နေ့တွင် သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ ဦးစီးနာယကာ ဖြစ်တော်မူသော ညောင်ရမ်းမြို့ မြို့ထောင့်ကျောင်း ဆရာတော် အရှင်ပဏ္ဍိစ္စ မဟာထေရ်မြတ်

ကြီးကို ဥပဇ္ဈာယ်ပြု၍ သဲတောမြို့ ဘူတာရပ်ကျောင်းဆရာ မြို့သူကြီးဦးသိန်း မောင်-မြို့သူကြီးကတော် ဒေါ်သန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကိုးတောင်ပြည့် သိမ်ပြင်ခဏ္ဍာမဏ္ဍလဝယ် မြင့်မြတ်သော သကျပုတ္တသာကီယနွယ်ဘွား ဘုရားသားတော် ရဟန်းတော်အဖြစ်သို့ ရောက်ရှိခဲ့သည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ ပထမပြန့် ငယ်၊ လတ်၊ ကြီးတို့ကို အောင်မြင်တော် မူခဲ့သည်။ ပထမကြီးတန်းကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၁၈-ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူးနှင့်တကွ အောင်မြင်ခဲ့၍ သာသနဓဇ သိရိပဝရဓမ္မာစရိယဘွဲ့တော်ကို ဆက်ကပ်ရရှိခဲ့သည်။

စာဝါလိုက်ခဲ့သော ဆရာတော်များ

သိမ်တောင်တောရတိုက် အရှင်ပညာသီဟာ၊အရှင်ကောသိယမဟာထေရ်များ၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးဆရာတော် အရှင်နာရဒမဟာထေရ်နှင့် တောင်ပြင်ထီးလင်းတိုက် အရှင်သူရိယမဟာထေရ်တို့ ဖြစ်ကြသည်။

ကထိကပြုလုပ်ခဲ့

၁၃၁၉-ခုနှစ်တွင် ရန်ကုန်မြို့ အလယ်တောရု ပါဠိတကွသိုလ်၌ ပါဠိကထိက ပြုလုပ်ခဲ့သေးသည်။

ဝိနယာနုဂ္ဂဟ အပ္ပဲ့ လက်ထောက်အဘွင်းရေးမှူး

သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ စာမေးပွဲကို ၁၃၂၃-ခုနှစ်ကစ၍ ကျင်းပခဲ့သည်။ ယင်းဝိနယာနုဂ္ဂဟ စာမေးပွဲတွင် လက်ထောက်အဘွင်းရေးမှူး(အကျိုးဆောင်)အဖြစ် တက်တက်ကြွကြွ သမ်းဆောင်တော်မူခဲ့သည်မှာ ယခုဘိုးပင်ဖြစ်သည်။

သိမ်ထပ် ရဟန်းခံ

၁၃၃၉-ခု၊နှတ်တော်လဆန်း ဂ-ရက်နေ့တွင် သဲတောမြို့ သူဌေးကုန်းရပ် ဒါယကာ ဦးတင်မောင်၊ ဒါယိကာမ ဒေါ်စိန်ဇော် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထပ်မံ၍ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ တင်ခြင်းကို ခံယူတော်မူခဲ့သည်။

တိုက်အုပ်ဆရာတော်ဖြစ်ပြီ

၁၃၃၉-ခု၊ တပို့တဲ့လဆန်း ၇-ရက်နေ့တွင် ကိုးတောင်ပြည့် ကျောင်းတိုက်၏ တတိယမြောက် တိုက်အုပ်ဆရာတော် ဘဝနတ်ထံ စံလွှန်တော်မူရာ

အရှင်စရိယသည် ကိုးတောင်ပြည့် ကျောင်းတိုက်၏ စတုတ္ထမြောက် တိုက်အုပ် ဆရာတော်အဖြစ်သို့ ရောက်ရှိတော်မူလေသတည်း။

ဂုဏာဂိတိ ပတ္ထနာ

ဧဝံ ဂုဏေဟိ သမ္ပန္နံ၊ စရိယံ ဆေရပုင်္ဂံ။
နရောဂတ္တ ဘပတ္ထေမ၊ အာရာမသ္မ ဘဝုဒ္ဓိယာ။

ဧဝံ၊ ဤသို့။ ဂုဏေဟိ၊ ဂုဏ်အပေါင်းတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူထသော။ စရိယံ၊ အရှင်စရိယ မဟာထေရ်ကို။ နိုရောဂတ္တံ၊ အနာကင်းကွာကျန်းမာစေခြင်းငှာ။ အာရာမသ္မ၊ ကိုးတောင်ပြည့်ကျောင်းတိုက်၏။ အဘိဝုဒ္ဓိယာ၊ ဆက်လက်၍ တိုးပွါစေခြင်းငှာ။ အဘိပတ္ထေမ၊ ဆုတောင်းကြပါစို့။

နိဂုံး

လက္ကာရော-ဒေါ ဝေ ခကာရော၊ ဏ-နွေ့ လက်ာရသံယုတော။
တေနေဝ အာဘိဓေယျေန၊ သုပညာတေန ဘိက္ခုနာ။
နဝင်္ဂါရုမဝိသုတ-ဝိဿ ဝိဇ္ဇာလယဿ စ။
သာသနဝံသပဒီပ-နာမဂန္ထော ဘိဓီယတေ။

ယဿ ဘိက္ခုနော၊ အကြောင်ရဟန်း၏။ နာမံ၊ ဘွဲ့တော်သည်။ အာဒေါ၊ အစဦး။ လက္ကာရော၊ လာကန်ခဲ့သည်။ ဣတ္ထံ၊ ရှိ၏။ အန္တေ၊ အဆုံးဦး။ ဏော၊ ဏ အက္ခရာသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အလင်္ကာရသံယုတော၊ အလင်္ကာရသဒ္ဒါနှင့် အဆုံးသတ် ယှဉ်တွဲ၏။ တေနေဝ အဘိဓေယျေန၊ ထိုဘွဲ့အမည်ဖြင့်။ သုပညာတေန၊ ကောင်းစွာဆင်ခြားသော။ ဘိက္ခုနာ၊ ရဟန်းသည်။ နဝင်္ဂါရုမဝိသုတဝိဿဝိဇ္ဇာလယဿ စ၊ ကိုးခေါင်ပြည့် ကိုးနဝင်း စေတီအနိုးဝယ် တည်ထောင်အပ်သည်၏ အဖြစ်ကြောင့် (ကိုးဘောင်ပြည့်) ဟု နာမသမိုဂ် စာသင်တိုက်ကြီး၏။ သာသနဝံသပဒီပနာမဂန္ထော၊ သာသနဝံသပဒီပိကာနာမတ္တဉ်ဆန်း (ကိုးတောင်ပြည့် သာသနာဝင်ကျမ်း)ကို။ အဘိဓီယတေ၊ ရေးသားစရာအပ်ပေသည်။

ဆုတောင်း

ဣမိနာ ပုညကမ္မေန၊ အညေန ပသုတေန စ။
ဗုဒ္ဓါဒိဒိဟိ သုပတ္တဗ္ဗံ၊ ဂစ္ဆေယျ အမတံ သိဝံ။ ။

ဣမိနာ ပုညကမ္မေန စ၊ ဤသို့ ကိုးတောင်ပြည့် သာသနာဝင်ကို စီရင်ရေးသား ကောင်းမှုအားကြောင့်ဖြင်း။ အညေန၊ တပါးတခြားသော။ ပသုတေန စ၊ ရွေးကာ ဆည်းပူး ကုသိုလ်ထူးကြောင့်ဖြင်း။ ဗုဒ္ဓါဒိဟိ၊ ဘုရားအစ

ရှိသော အရိယာ သူတော်ကောင်းတို့သည်။သုပတ္တဗ္ဗံ၊ ကောင်းစွာ ဆိုက်ရောက်အပ်ထသော။ သိဝံ၊ အေးချမ်းလှစွာသော။ အမတံ၊ အမြိုက်ခေါ်မှတ် နိဗ္ဗာန်ရပ်သို့။ ဂစ္ဆေယျုံ၊ မုချမသွေ ရောက်ရပါစေလို။

၁၃၄၀-ပြည့်နှစ် တန်ခူးလပြည့်ကျော်(၄)ရက်၊
၁၉၇၈-ခု၊ မေလ ၄-ရက် ကြာသပတေးနေ့၊
မွန်းလွဲ ၅-နာရီ ၅၅ မိနစ် ပြီးသည်။

မိတ္ထီလာခရိုင် သဲတောမြို့
ဆရာတော်အရှင်မဟိန္ဒ၏ ထေရုပ္ပတ္တိ အကျဉ်း

ဆရာတော် အရှင်မဟိန္ဒသည် သဲတောမြို့နယ် ညောင်အုပ်ဖီးကုန်းရွာ အဘဦးထွန်းအောင် + အမိဒေါ်ကြယ်တို့မှ ၁၂၄၅-ခု၊ နတ်တော်လပြည့်ကျော် ၅-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

၁၃၁၄-ခုတပေါင်းလဆန်း ၉-ရက်နေ့တွင် ကိုးတောင်ပြည့်ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ဦးထွန်းအောင်၊ ဒေါ်ကြယ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောပဉ္စင်းအဖြစ်သို့ရောက်ပါသည်။ ၁၃၀၉-ခု ၁၄-နှစ်သားအရွယ်တွင်ကိုးတောင်ပြည့်ကျောင်းဆရာတော်အထံသို့ပညာသင်ကြားရန် အတွက် ရောက်ရှိပါသည်။ ၁၃၁၂-ခုနှစ်တွင် ကိုးတောင်ပြည့်ဆရာတော်ထံ၌ ပင်ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပါသည်။

အောင်မြင်ဘော်မူခဲ့သော စာမေးပွဲများ

၁၃၂၀-ခုနှစ်တွင် နိုင်ငံတော်အစိုးရပထမငယ်ဘန်းကိုဖြေဆိုအောင်မြင်ခဲ့ပါသည်။ ၁၃၂၁-ခုနှစ်တွင် ပထမလတ်ဘန်းကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ၁၃၂၄-ခုနှစ်တွင် ပထမကြီးတန်းကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

စာလိုက်ခဲ့သောကျောင်းနှင့် ဆရာတော်များ

သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်ဆရာတော် ဦးဇာဂရ၊ တိုက်ကြီးဆရာတော် ဦးသုဇန၊ စာချဆရာတော် ဦးစရိယတို့ထံတွင်၎င်း၊ မန္တလေးမြို့မစဉ်းရိမ်တိုက်ကြီး မာဂဓကျောင်းဆရာတော် ဦးနာရဒထံတွင်၎င်း၊ တောင်ငူမြို့မြင်းညှိုးခုံစာသင်တိုက်ဆရာတော် ဦးသုတအထံတွင်၎င်း၊ ပရိယတ်ဦးစာပေများကို သင်ယူခဲ့ပါသည်။ထိုနောက် ၁၃၂၆-ခုနှစ်တွင် သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိလာပြီး ပရိယတ်စာပေများကို ဆက်လက်သင်ယူခဲ့ပါသည်။

ယခုအခါ သဲတောမြို့နယ် ညောင်အုပ်ဖီးရွာဦးကျောင်းကြီးတွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် သာသနာ့တာဝန်များကို ဆက်လက်ဆောင်ရွက်နေပါသည်။

ပုဒ္ဓကိစ္စ အထူးဆောင်ရွက်ချက်များ

၁။ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပဲလုံးကျေးရွာ ကျောင်းအတွင်းမှ ရွှေဟောင်းစေတီတော်မြတ်အား အသစ်တဖန် မွမ်းမံပြင်ဆင်၍ မှန်သက်နန်း ကပ်လှူခြင်း။

၂။ ဝမ်းတွင်းသဲတောမြို့နယ် ပြည်သူလုပ်အားပေး နေရာချထားရေး ဗဟိုစိုက်ကွင်းအနီး စည်တီးစခန်း ရွှေလင်းပင်တောင်ပေါ်၌ ပုဒ္ဓကိုယ်စား ရုပ်ပွားစေတီတော်မြတ် တည်ထားကိုးကွယ်ခြင်း။

၃။ ညောင်အုပ်ဖီးရွာဦး မြို့လယ် စေတီတော်မြတ်ကြီးအား ပျက်စီးနေ၍ အသစ်တဖန် ပြုပြင်၍ မှန်သက်နန်း ကပ်လှူ၍ ကိုးကွယ်ခဲ့ခြင်း။

၄။ ရွာဦးကျောင်းအတွင်း ကိုးနဝင်း စေတီတော်မြတ်အား အသစ်တဖန်ပြုပြင်၍ မှန်သက်နန်း ကပ်လှူကိုးကွယ်ခဲ့ခြင်း။

၅။ ငှင်းရွာဦးကျောင်းအတွင်း ဆူတောင်းပြည့်စေတီတော် မြတ်ကြီးအား မှန်သက်နန်းကပ် ကိုးကွယ်ခဲ့ခြင်းတို့ကို ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။

သာယာလှန်ပြော မြို့သဲတောခ၏ အရှေ့ဘက် ၂-မိုင်ခန့်အကွာ ညောင်အုပ်ဖီးရွာ၊ မင်းကုန်းရွာ၊ ကုန်းရွာ၊ ဒုန်းကုန်းရွာ၊ ကံသာရွာစသော ဂေါစရဂံ တပည့် ဒါယကာ ဒါယိကာမ ကြီးငယ်တို့အား ဆရာတော် အရှင်မဟိန္ဒ၏ တရားဒေသနာအမြိုက်သေး တိုက်ကျွေးကာ သွန်သင်ပြသ နည်းလမ်းပေးမှုစွမ်းအားကြောင့် တနှေ့တခြား ဒီဇရေလားသို့ တိုးတက်လာခဲ့ရာ ပဌမအင်းကန်ဂိုဏ်းချုပ် ဆရာတော်ကြီး တည်ဆောက်ထားခဲ့သော ရွှေးနှစ်ပေါင်းတရာကျော်မှ ဖရိုဖရဲ ပြိုကွဲပျက်စီးနေသော အဆောက်အဦကို ၁၃၂၈-ခု သီတင်းကျွတ်လဆန်း ၅-ရက် ကြာသပတေးနေ့ နေ့ ၁၂-နာရီ အချိန်တွင် အောက်ပါ ဆရာတော်ကြီးများ ကြီးမှူး၍(၁၂-ပင်၊ ၆-ပင်)ကျောင်းတော်ကြီးကို အသစ်တဖန် ပြုပြင်ဆောက်လုပ်ခဲ့ရာ ယခုအခါ ပြီးစီး အောင်မြင်ခြင်းသို့ ရောက်ခဲ့ပါပြီ။

ယခုအခါ သဲတောမြို့နယ် ညောင်အုပ်ဖီးရွာဦးကျောင်းတွင် ကျောင်းထိုင် ဘုန်းကြီးအဖြစ်ဖြင့် သာသနာ့တာဝန်များကို ဆက်လက်ဆောင်ရွက် သီတင်းသုံးနေထိုင်လျက်ရှိပါသည်။

သိမ်တောင်ဂိုဏ်းနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ

သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ ဝိနယာနုဂူဟာ စာမေးပွဲတွင် နာယကအဖွဲ့ဝင်အဖြစ်ဖြင့် ထမ်းဆောင်ခြင်း၊ လိုအပ်သော ပစ္စည်းလေးပါးကို ချီးမြှင့်ထောက်ပံ့ခြင်း၊ ဝိနယာနုဂူဟာ စာမေးပွဲကြီးတွင် လေ့လာသင်ကြား ဖြေဆိုနိုင်ရန်အတွက် တပည့်ကျောင်းသား သာမဏေ၊ ရဟန်းများကို စေလွှတ် သင်ယူစေခြင်း၊ နှစ်စဉ် တပည့် ဒါယကာ ဒါယိကာမများစုပေါင်း၍ ဆန် ဆီစသော ပစ္စည်းလေးပါးဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း စသော သိမ်တောင်ဂိုဏ်းနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ဆောင်ရွက်လျက်ရှိပါသည်။

သဲတော မြို့ရိုးရွာကျောင်း
သာသနဓဇသိရိပဝရဓမ္မာစရိယ ဝိနယကောလလ္လ
အရှင်ကေသရ၏ အတ္ထုပ္ပတ္တိကထာ အကျဉ်းချုပ်

မိဘနှစ်ပါးနှင့် မွေးဖွားရာဒေသ

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အဓရွာလက်ရိုးရွာကျောင်း ရှင်ကေသရ အလောင်းလျာသည် ရိုးရွာဌ် အာဘဦးစံဘ+အမိ ဒေါ်ဖွားရန်တို့မှ ၁၂၄၃-ခု၊ တပို့တဲ့လဆန်း ၁၅-ရက်၊တနင်းလာနေ့ နံနက် ၁၀၁၀-နာရီ ၄-နာရီ အချိန်တွင်မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

ပုညဝန္တာနံ ပစ္ဆာ သဿမယေ ဂဗ္ဘဝုဋ္ဌာနံ ဟောတိ။

ပြုဝု ယုယ ဘောင့်ရှောက်ကြခြင်း

အရှင်ကေသရ အလောင်းလျာသည် သားသမီး လေးယောက် အနက် အငယ်ဆုံးဖြစ်သော သားထွေး ရတနာဖြစ်ပြီး ဖွားမြင်၍ ၇-ရက် အလွန်တွင် မိခင်မှာ သေဆုံးဘဲသဖြင့် ဘုန်းကြီးမယ်တော် (မိခင်ကြီး ဒေါ်အေးတုတ်) ဆွေမျိုးတစုံ၏ မွေးမြူယုယ ထိန်းသိမ်းကြခြင်းဖြင့် ကြီးပြင်းခဲ့ရလေသည်။

ငယ်နာမည်

ရပ်ရွာရှိ အမျိုးသား အမျိုးသမီး ဆွေမျိုးကြီးငယ် အားလုံးတို့က ချစ်ခင်ယုယ ကြင်နာကြ၍ တယောက်လက်ပေါ်မှ တယောက်သက်သို့ ပွေ့ဆောင်မွေးမြူ ထိန်းယူကြသည့်အတွက် မွေးနံကို မလိုက်ပဲ (မိခင်ကြီး ဒေါ်အေးတုတ်)က အရှင်ကေသရ အလောင်းလျာ၏ အမည်ကို "မောင်ထွန်းခင်" ဟု ခေါ်တွင်စေပါသည်။

သာမဏေဘဝ

မိခင်ကြီး ဒေါ်အေးတုတ်သည် မောင်ထွန်းခင် ၅-နှစ်သား အရွယ်တွင် ရိုးရှာကျောင်းဆရာတော် ဦးဇဋိလထံတွင် အပ်နှံ၍ သင်ပုန်းကြီး မင်္ဂလသုတ် စသော ဆယ်စောင်တွဲကျမ်းစာများ သိင်္ဂါလော ဝါဒသုတ်လာ ကျင့်ဝတ်များ နှင့် ရှင်ကျင့်ဝတ် မေတ္တာပို့ ဂုဏ်တော် ဘုရားရှိခိုး စသည်များကို သင်ကြား စေပြီး ၁၂-နှစ်သား အရွယ် ၁၃၀၅-ခု၊ နယုန်လဆန်း ၁၀-ရက်နေ့တွင် ရိုးရှာကျောင်း ဆရာတော် ဦးဇဋိလနှင့် မိခင်ကြီး ဒေါ်အေးတုတ်တို့သည် ရှင်သာမဏေဘဝသို့ ရောက်စေခဲ့ပြီး စာရေး စာဖတ်တွင် အခြားသော ကိုရင် ကျောင်းသားများထက် ရဲရင့်သည်ကို အစဲပြု၍ဥပဇ္ဈာယ် ဆရာတော်က "ရှင် ကေသရ" ဟု ဘွဲ့အမည် ပေးပါသည်။

သိမ်တောင်တိုက်သစ် ကိုးတောင်ပြည့်သို့

ရှာကျောင်းမှာ အောက်ခြေပညာများ သင်ကြားယင်း ဓဝယျာဒစ္စ ကြီးငယ်ကို ဆောင်ရွက်တော်မူလျက် သုံးနှစ်တိုင်တိုင် နေထိုင်ပြီး ၁၃၀၉-ခု၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် မဟာဇောတိကာရာမ သိမ်တောင် တိုက်သစ် သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါ သည်။

ကျေးဇူးရှင် ဆရာတော်များ

၁။ ကိုးတောင်ပြည့် ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တဇာဂရထံ ဝိနည်းဂါဠကျမ်း ပါဠိအဋ္ဌကထာ ဋီကာများကိုဂုဏ်း၊

၂။ တိုက်အုပ်ဆရာတော် ဦးသုဇနထံ အဘိဓာန်ဆန်းနှင့် သင်္ဃာကျမ်း များကိုဂုဏ်း၊

၃။ စာချဆရာတော် ဦးဝါယမိန္ဒ(ယခုမြစ်သားအုတ်ကျောင်း)ထံတွင် ဝိနည်းငယ်လေးစောင်နှင့် ကခ်ါအဋ္ဌကထာကိုဂုဏ်း၊

၄။ စာချဆရာဘော် ဦးဝရိယထံ ဋီကာကျော်၊ ယမိုက်၊ ပဋ္ဌာန်း၊ အလက်ာနှင့် ဒီဃနိကာယ်များကိုဂုဏ်း၊

၅။ စာချဆရာတော် ဦးဇဋိလထံတွင် သဒ္ဒါကြီးပုဒ်စစ် ရူပသိဒ္ဓိ မာတိ ကာ ဓာတုကထာ အင်္ဂုတ္တရနိကာယ်နှင့် မမွေပဒအဋ္ဌကထာများကိုဂုဏ်း သင်ယူ တတ်သိစေခဲ့ရပြီးလျှင် အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီး တန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ရဟန်းဖြစ်ရာ ချိန်အခါ

ပထမကြီးတန်း အောင်မြင်ပြီး အရှင်ကေသရ လောင်းလျာသည် သဲ တောမြို့ သူဌေးကုန်းရပ် ကုန်သည် ဦးဖေ·ဒေါ်အေးရီ သမီး မပုတို့၏ ပစ္စယာ

နဂ္ဂဟကိုခံယူပြီး ၁၃၁၃-ခု၊ တန်ဆောင်မုန်း လဆန်း ၁၂-ရက် ဗုဒ္ဓဟူးနေ့ နံနက် စက်နာရီ ၉-နာရီ ၁၅-မိနစ်အချိန် ကိုးဘောင်ပြည့် ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဘဒ္ဒန္တဇာဂရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအပြေဝ်သို့ ရောက်ရှိခဲ့ပါသည်။

သာမဏေ ဘဝနှင့် စာချ

ရှင်ကောသရသည် သိမ်တောင်ဂိုဏ်းဆရာတော်ကြီးများထံ မိမိအတွက် သာ ပညာသင်ယူနေသည်မဟုတ်ပဲ သူတပါးအား ပို့ချကူညွှန်လည်း ဝါသနာထုံလှ၍ သာမဏေဘဝနှင့်ပင် ဆရာတော်များ၏ လွဲအပ် တာဝန်ပေးချက် အရ မိမိအောက် အဆင့်နိမ့်သော ရဟန်း သာမဏေများအား သင်္ဃိ၊ သင်္ဂြိဟ်၊ မာတိကာ၊ ဓာတုကထာဝတ္ထသော အခြေခံစာဝါများကို ဘပည်များအား နားလည်လွယ်အောင် ပို့ချပေးခဲ့ရပါသဖြင့် သီတင်းသုံးဖော်တို့၏ ချစ်ခင်ငေးစားခြင်းကို ခံယူခဲ့ရပါသည်။

ရဟန်းတဝါမှာ မန်းနုကဲ့သို့

ရဟန်းတဝါအရ ၁၃၁၅-ခုနှစ် ဝါဆိုလဆန်း ၃-ရက်နေ့တွင် မန္တလေးခြို အနောက်ပြင် မဲးရိုမဘိုက်ကြီး၏ မာဂဓနယုဇနဒသကောင်းဦး ပြေးဖြူနေထိုင်ပြီး မဲးဝိမ် နာယကဆရာတော်များထံတွင် ဝါကျူးဒသဝဿ အထက် အတတ် စသည်ကို အာဝရယမဋ္ဌ ရဇသည်တုန်အောင် သင်ယူခဲ့ပြီး ၁၃၁၈-ခုနှစ် ပဉ္စမဂဏိကဆိုင်ရာ စာဒေးပွဲကြီးတွင် သဒ္ဒေါ ကိုးဘောင်ပြည့်ကျောင်းတိုက်ကြီးမှ ဦးဝိမလာဘိဓဇ ဓမ္မာစရိယဆရာတော်ကြီး ကျမ်းရုံးသို့ ကျမ်းရုံးထိုင်ဆွေးဆောင်ကျမ်းမှဝင်ခေါ်ခြင်းခံရသည်အတွက် သာသနာ့ဓဇဆိုပဝရမ္မာဝဇိုယ) တံဆိပ်ဆင်မင်္ဂလာ ဝါဆိုင်းဘင်များကို ခိုင်ခိုင်ခံ့ခံ့ အနိုင်ထပ် ဒေသခံရွာသူရွာသားများ ဝိုင်းဝန်းကူညီခဲ့ကြပါသည်။

မွေးရပ်ဒေသသို့ ပြန်ကြွရခြင်း

၁၃၁၈-ခုနှစ်တွင် ကိုးဘောင်ပြည့်ကျောင်းတိုက်သို့ ပြေးသည်၌ စာပေဦးတည်ချက်ဖြင့် ၁၃၁၉-ခုနှစ်တွင် မွေးရပ်ဒေသ ရှေးဟောင်းသော မိုးရွာသို့ ပြန်ကြွခဲ့ပြီး ပညာရေးမှာကိစ္စ ပြုပြင်ထားသော ကလေးသူငယ် ၂၅၀-ခန့်ဝင်ခန်းကို အခြေခံ မူလတန်းပညာများ သင်ကြားပေးယင်း ဦးဝိမလာဘိဓဇ ဓမ္မာစရိယဆရာတော်ကြီး ကလေးသူငယ်များ၏ ပညာရေး အားထုတ်မှုကို တင်ပြကာ မူလဘန်းကျောင်း ဖွင့်ပေးစေခဲ့ပါသည်။

ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရုံတိုက်တော်သို့

၁၃၂၁-ခုနှစ်တွင် မွေးရပ်ဒေသမှာ မူလတန်းကျောင်း ဖွင့်ပြီးဖြစ်၍ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရုံတိုက်တော်ကြီးသို့ ပခုက္ကူ စာသင်နည်းများဖြင့်

ပိဋကတ်ပင်လယ်ကြီးကို ကူးခပ်ရန်အတွက် ပြောင်းရွှေ့ပြီး အဘိဓမ္မဟာရဋ္ဌ ဂုရု ဆရာတော်ကြီး၏ လက်ျာရံဖြစ်သော တိုက်အုပ်ဆရာတော် ဦးနန္ဒိယ၊ လက်ဝဲရံဖြစ်သော တိုက်အုပ်ဆရာတော် ဦးမာဃိန္ဒ၊ ဓမ္မာလင်္ကာရကျောင်းဆရာတော် ဦးကုသလ၊ သုဝဏ္ဏဝတီကျောင်း ဆရာတော် ဦးဇနမိန္ဒ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)နှင့် မဟာဝိသုတာရုမ စာချဆရာတော်များထံ လေးနှစ်တိုင်တိုင် ပညာဆည်းပူးခွင့် ရရှိပြီး ထိုဒဉ်က မဟာဝိသုတာရုမ စာသင်သားများကိုနှုတ်ရာတောင်နှင့် လေသာတောင်တို့တွင် နှစ်ဖွဲ့ခဲ့၍ ဥပုသ်နေ့တိုင်း ဓမ္မကထိကသင်တန်းဆင်းတဲ့ အနေဖြင့် တရားဟောကြရာ ရှင်ကောသရသည် လေသာ ဓမ္မကထိကအဖွဲ့တွင် ပါဝင်၍ အမှုဆောင်အဖြစ် တနှစ်၊ ဆော်သြောရေးမှူးအဖြစ် တနှစ်၊အတွင်းရေးမှူးအဖြစ် တနှစ် ပါဝင်ဆောင်ရွက်၍ တရားဟောခဲ့ပါသည်။

ယခုနေထိုင်သီတင်းသုံးရာဒေသ

ယခုအခါ အရှင်ကောသရသည် ဝမ်းတွင်း မြို့နယ် ရိုးရှာ ကျောင်းတွင် နေထိုင်ပြီး "မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဘူးထပ်မံ၊ နတ်ဌာန်တင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု ခြောက်ခု လွှန်သေချာ" ဟူသော ရဟန်းတော်များ၏ ငတ္တရားနှင့်အညီ ဒါယကာဒါယိကာမများအား ဘာသာရေး သာသနာရေးနှင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်းတရား ဒေသနာတော်များကို ဟောကြားဆုံးမ သြဝါဒပေးယင်း ကိုရင် ၂၆-ပါး ခန့်နှင့် ကျောင်းသား ကျောင်းသူ ၃၀၀-ခန့်တို့ကို အခြေခံ ဘာသာရေး ယဉ်ကျေးမှုများ သင်တန်းပေးယင်း သာသနာ့ တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

သိမ်တောင်ဂိုဏ်းဝင်အဖြစ် ဆောင်ရွက်ဆဲတာဝန်များ

ယခုအခါ သဲတောမြို့ ရိုးရှာ ကျောင်း၌ သိမ်တောင်ဂိုဏ်း၏ အစဉ်အလာဥပဒေအတိုင်း နေထိုင်ပြီး သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာ သံဃာတော်များ တနှစ်တကြိမ် ဂိုဏ်းကြီးပွားရေး၊ သာသနာ စည်ပင်ပြန့်ပွားရေးများကို တွေ့ဆုံဆွေးနွေး အကြံပေးနိုင်ရန် အတွက် ဦးတည်ချက်ဖြင့် ကျင်းပသော ဂိုဏ်းလုံးဆိုင်ရာ (ဝိနယာနုဂ္ဂဟ) စာမေးပွဲကြီးကို သာသနာတော် ကုန်ဆုံးသည့် တိုင်အောင် တည်တန့်ရေး အတွက် ယခု လက်ရှိ ကိုးတောင်ပြည့် ဆရာတော် ဦးစရိယနှင့် တဲ့ဘက်ပြီး တာဝန်ခံအဖြစ်ဖြင့်ရင်း၊ ကြီးကြပ်ရေး အဖြစ်ဖြင့်ရင်း ဆောင်ရွက်နေသည့်အပြင် ဝိနယာနုဂ္ဂဟ အသင်းကြီး၏ လိုအပ်သော အသုံးအဆောင်များ၊ စာအောင်သံဃာများအတွက် ဆုပေးဘို့ သက်နုံး ထီး ဘိနပ် စသည်များနှင့် ဘဏ္ဍာရေးအတွက် ကပ်ိယဝတ္ထုများကို အပ်ငပ်သော နည်းဖြင့် ရှာဖွေပေးလျက်ရှိပါသည်။

ဝမ်းတွင်းမြို့နယ်လုံးဆိုင်ရာ ဆုံကုန်းရွာ သစ္စဝါဒီကျောင်း

ဝမ်းတွင်းမြို့နယ် ဆုံကုန်းရွာမှ အဘ ဦးကျော်ဘ၊အမိ ဒေါ်ဖြူတုတ်တို့မှ ၁၂၄၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅-ရက် တနင်းလာနေ့ နံနက် ၃-နာရီ အချိန်တွင် ဖွားမြင်ပါသည်။

၆-နှစ်သားတွင် ဆုံကုန်းကျောင်း ဆရာတော် အရှင်ပညာဝံသ မထေရ် မြတ်ထံတွင် ပညာသင်ရန်အပ်နှံ၍ ၁၀-နှစ်သားတွင် အဘ ဦးကျော်ဘ၊ အမိ ဒေါ်ဖြူတုတ်တို့က ရှင်ပြုမင်္ဂလာ ဆင်နွှဲကျင်းပကြပါသည်။ ၁၄-နှစ်သားတွင် ဝမ်းတွင်းမြို့နယ် ရှိုးခုံကျောင်း ဆရာတော် ဦးအဂ္ဂဝံသအဆံတော်သို့ ဆည်းကပ်လျက် ပညာသင်ယူကာ ဝမ်းတွင်းမြို့နယ်ကြယ်ကန်ရွာ ဒေါ်ချစ်မယ်ကိုအမှူးပြု၍ မိသားစုအပေါင်းက ၁၃၁၈-ခုနှစ် ကဆုန်လဆန်း ၁၂-ရက်နေ့တွင် ကြယ်ကန်ကျောင်း ခဏ္ဍသိမ်၌ ရှိုးခုံကျောင်း ဆရာတော် ဦးအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။


ဒုတိယအကြိမ် ရဟန်းခံချုပ်တွင် ဆုံကုန်းရွာ အဖ ဦးကျော်ဘ၊ အမိ ဒေါ်ဖြူတုတ်တို့က ၁၃၁၉-ခုနှစ်၊ ကဝိုဘွဲ့ပဆန်း ၁၂-ရက်နေ့တွင် ဆုံကုန်းကျောင်းခဏ္ဍသိမ်၌ ဝမ်းတွင်းမြို့ မဟာဒေဝဘိကဝင်းမ သိမ်တောင်တောရတိုက်တိုက်အုပ်ဆရာတော် အရှင်ကောသိယကို ဥပဇ္ဈာယ်ပြု၍ သိမ်ဆပ်တောင်မူသည်။

ဂုဏ်သိမ်တော်၌ ဆောရကျောင်းတိုက် အတွင်းရှိ ဆရာတော် အရှင်ကောသိယ၊ ဒုရှင်အဂ္ဂဝံသ၊ ဘရှိဝါသ၊ အရှင်ကောသလ္လ၊ အရှင်ကေသဝ၊ နှတ်ခမ်းက် အရှင်ဥဇ္ဇာဇုတို့ အသံတွင် ပညာရင်များ သင်ယူပြီး၊ မန္တလေးမြို့တောပြင် ဆိပ်ကန်ရိုး တိုက်ဘုပ်ဆရာတော် ဘရှင် အာစရိယဆုတိဝံသဆိုင်ရာ အဂိုရယ်၊ လက်၊ ကြီး ဝေဒပဲ့မျှား ဘောင်မြှင့်ပါသည်။

၁၃၂၉-ခုနှစ်တွင် ရန်ကုန်မြို့ သိရိဝန္နာကျောင်းတိုက် ဆရာတော် ဦးစာရိတ္တအသိုင် ဂိုဏ်းတော ဇနိုင်ဝံကျော် ခမ္မာထိက ဦးလှသိန်းတို့ဖွင့်လှစ်သော သာသနာပြုသင်တန်းနှင့် နိုင်ငံတော်အစိုးရ၏ ကျောင်း ကျန်းမာရေး ဆရာဖြစ် သင်တန်း စာမေးပွဲများ ဖြေဆိုခဲ့ပါသည်။

သိန်ဖေါင် ဗိုလ်ယာနရုဟအသင်းအဘွဲက် နှစ်စဉ် မိမိတတ်အားသမျှ စာအောင်သံဃာများအဘွဲက် သက်နှံးစသော ပစ္စည်းများ လှူဒါန်းပူဇော်ပါသည်။

ယခု သီဘင်းသုံးရာဌာနမှာ ဝမ်းတွင်းမြို့နယ် ဆုံကုန်းရွာ သစ္စာဒီ ဆုံကုန်းကျောင်း၌ သိတင်းသုံးလျက်ရှိပါသည်။



ညောင်ပင်လှတိုက်ကျောင်းပုံ ဒိုင်ကောင်းကုန်းကျေးရွာ ဝမ်းတွင်းမြို့နယ်

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း ညောင်ပင်လှရွာ ညောင်ပင်လှတိုက်ကျောင်း ဘုန်းကြီး ဦးကုဏ္ဍလ၏ အတ္ထုပ္ပတ္တိ

မိဘနှစ်ဖြာ မွေးဖွားရာ

ဘုန်းတော်ကြီး ဦးကုဏ္ဍလသည် ပဲခူးတိုင်း ဖြူးမြို့နယ် ကင်ပွန်းချုံရွာ၌ သခင်ဂါ၊ သိလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံကြွကုန်လျက် လယ်ယာကိုင်ကျွန်း လုပ်ကိုင်၍ အသက်မွေးနေကြကုန်သော အဘ ဦးဘိုးကွန်း+အမိ ဒေါ်ကလေးမတို့မှ မွေးဖွားသော သားရတနာ ဖြစ်လေသည်။ မောင်နှမ လေးယောက် ရှိသည့် အနက် အမ မခင်ကြည်၊ နှမ မခင်ရီ၊ မရီတို့ ရှိကြပြီး ဒုတိယမြောက် သားရတနာ ဖြစ်ပါသည်။

မွေးဖွားခုနှစ် သက္ကရာဇ်

ဘုန်းတော်ကြီး ဦးကုဏ္ဍလသည် ၁၂၉၄-ခုနှစ် နတ်တော်လဆန်း ၈-ရက် တနင်းလာနေ့နံနက် ရဟန်းရှင်လူ သူတော်သူမြတ်တို့ ဘုရားရှိခိုး၊ ဘုရား ဝတ်တက်ချိန်ဖြစ်သော နံနက် ၄-နာရီအချိန်တွင် ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံစွာ မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။

ဆရာများထံ ကျောင်းအပ်နှံ

ဘုန်းတော်ကြီး ဦးကုလ္လာလ အလောင်းလျာသည် ၁၃၀၀- ပြည့်နှစ်၊ ၆-နှစ်သား အရွယ်တွင် ကျွန်းကုန်းကျောင်းဆရာတော်ဘုရားကြီး (ဦးဉာဏောဘာသ)အထံတွင် အပ်နှံကြ၍ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ရတနာရှေချိုင့်၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ၊ ပရိတ်ကြီး စသည်တို့ကို သင်ယူခဲ့လေသည်။

မိဘနှစ်ဖြာရှင်ပြုရာ

ဘုန်းတော်ကြီး ဦးကုလ္လာလ အလောင်းလျာသည် ၁၃၀၆- ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့မှာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသည့် ကင်ပွန်းချုံရွာနေ ဦးဘိုးကွန်း+ဒေါ်ကလေးမတို့က ရှင်ပြုမင်္ဂလာပြုလုပ်ကြလျက် သာမဏေရ ပဗ္ဗဇ္ဇာဘုံရောက် သွတ်သွင်း ချီးမြှောက်ခဲ့လေသည်။

သာမဏေရှင် ပညာသင်

သာမဏေရှင်ကုလ္လာလသည် သာမဏေဖြစ်ပြီးသည့်နောက် ကင်ပွန်းချုံရွာ ကျွန်းကုန်းကျောင်း ဆရာတော်ဘုရားကြီးထံ၌ ပြုးမြို့ မင်းကျောင်းစာသင်တိုက် ဦးစီးနာယယ ဆရာတော် ဦးကုသလဘိဝံသို့ အပ်နှံ၍ သာမဏေအဖြစ်နှင့် သဒ္ဒါ သင်္ဂြိဟ်၊ ဘိက္ခုပါတိမောက်၊ မာဘိဏာ ခေတ္တကဆာစသော ပရိယတ္တိဓာတေ များကို သင်ယူခဲ့လေသည်။

ဥပသမ္ပဒံ ပဉ္စင်းခံ

သာမဏေရှင်ကုလ္လာလသည် ဒေသက် နှစ်ဆယ်ပြည့်သော ၁၃၂၆-ခုနှစ် တပို့တွဲလဆုတ် ၄-ရက်နေ့ နံနက် ဂ-နာရီ ၄၅-မိနစ်အချိန်မှာ အထက်ပါ ကျွန်းကုန်းကျောင်းဆရာတော်ဘုရားကြီးကို ကျောက်ထီးတန်တို့ အလေးပြုအပ်သော ဥပဇ္ဈာယ်ပြု၍ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသည့် ကင်ပွန်းချုံရွာနေ ဦးဘိုးကွန်း၊ ဒေါ်ကလေးမတို့ကပင် ရဟန်းခံမင်္ဂလာပြုလုပ်၍ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းဘောင်သို့ ပထမအကြိမ်ရောက်ရှိခဲ့ပါသည်။

ဥပသမ္ပဒံ ထပ်၍ခံ

ဘုန်းတော်ကြီး ဦးကုလ္လာလသည် ၁၃၂၃-ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့ နံနက် ၉-နာရီ ၁၅-မိနစ်အချိန်၌ ခက်ခ တော်ရကျောင်း ဆရာတော်ဘုရားကြီး ပဿမံဦးနာဂိန္ဒကို ကျောက်ထီးတန်တို့အလေးပြုအပ်သော ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်း ခက်ခအရှေ့ရွာ ရတနာသုံးပါးတို့အားအမြဲမပြတ် ဆည်းကပ်မှီဝဲလေ့ရှိသော ဦးအောင်မင်း၊ ဒေါ်အုန်းခင်သားသမီးဘစုတို့က ရဟန်းခံ

မင်္ဂလာပြုလုပ်၍ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းဘောင်သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ပါသည်။

စာပဲ့သဘင် အောင်ပန်းဆင်

ဘုန်းတော်ကြီး ဦးကုလ္လလသည် ပြည်ဆောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော ပါဠိပထမပြန် စာမေးပွဲ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာမေးပွဲတို့ကို မပင်မပန်း အဆင့်အတန်းမြင့်မြင့်ဖြင့် အောင်မြင်ခဲ့လေသည်။

စာချဆရာ အဖြာဖြာ

ဘုန်းတော်ကြီးဦးကုလ္လလသည် မန္တလေးမြို့ အရှေ့ဝဲသုဓါရုံတိုက် ရေလည်ကျောင်းဆရာတော် အရှင်ဝိမလာစာရ၊ အရှင်သောဘိတစသော စာချဆရာတော်များထံမှဌင်း၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်း ပါဠိတက္ကသိုလ် ဝါးတန်းစာချကျောင်း စာချဆရာတော် အရှင်ဉာဏာဘိဝံသ (သ-စ-အ မဟာစရိယ တိပိဋကဓရသိဒ္ဓ ဒီဃဘာဏကာ ဒီဃနိကာယ ကောဝိဒ) စသော ညောင်ရမ်းစာချဆရာတော်တို့ထံမှဌင်း ပညာသင်ယူခဲ့ပါသည်။

စာချတန်းတွင် စာလိုက်စဉ်

ဘုန်းတော်ကြီး ဦးကုလ္လလသည် ကျန်ရှိနေသော မဟာစရိယစာချတန်းအတွက် ဆက်လက် စာလိုက်နေစဉ် အထက်ပါဆရာတော် အရှင်ဉာဏာဘိဝံသ ခေါ်ဆောင်၍ ၁၃၃၀-ခု တပေါင်းလဆန်း ၁၀-ရက်နေ့၌ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း ညောင်ပင်လှကျေးရွာသို့ ရောက်ရှိလာခဲ့ပါသည်။

သာသနာပြုရန် ကျောင်းအပ်နှံ

ဘုန်းတော်ကြီး ဦးကုလ္လလသည် ၁၃၃၁-ခု ပထမဝါဆိုလဆန်း ၁၃-ရက်နေ့၌ မန္တလေးဆရာတော် အရှင်ဉာဏာဘိဝံသက ညောင်ပင်လှတိုက်ကျောင်းကို ပျော်သမျှသီတင်းသုံးပြီး သာသနာပြုရန် အပ်နှံ၍ ယနေ့အချိန်ထိ ကလေးမြို့ သိမ်တောင်ကျောင်းတိုက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ သဝါဒကို ခံယူလျက် ပရိယတ်တိသာသနာ၊ ပဋိပတ်တိသာသနာတော်များကို ထမ်းဆောင် အားပေးချီးမြှောက်လျက် ရှိပါသည်။



အရှင်ဝါယမိန္ဒာဘာရ အောင်မင်္ဂလာတိုက်သစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ် သစ်တောလမ်း အောင်မင်္ဂလာတိုက်သစ်
ဘဒ္ဒန္တဝါယမိန္ဒာဘာရ၏ ထေရုပဋ္ဌိ

ဇာတိချက်ကြေ မွေးရပ်မြေ

အရှင်ဝါယမိန္ဒာဘာရ သည် ၁၃၁၂-ခု ဥတုဝဿန္တ တော်သလင်း လဆုတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဝမ်းတွင်းမြို့နယ် ဘုရားစုရွာ ရုံးတောရပ်နေ အဘ ဦးချစ်ပြုင်-အမိ ဒေါ်ငြေးတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားသမီး သုံးယောက်တို့တွင် အထွေးဆုံး သားရတနာဖြစ်ပါသည်။ ငယ်မည်မှာ မောင်ထွန်းအေး ဖြစ်ပါသည်။

သာမဏေဘဝသို့ ရောက်ရှိခြင်း

မောင်ထွန်းအေးကို ၇-နှစ်သား အရွယ်တွင် မိဘတို့က ပညာသင်ကြား ရန် ရွာဦးကျောင်း ဆရာတော် ဦးစိတ္တထံ အပ်နှံခဲ့ပါသည်။ ဆရာတော်ထံမှ သင်ပုန်းကြီးမှစ၍ ရွှင်ကျင့်ဝတ် သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ နမက္ကာရ

စသော အရေခြံခေါင်းမျှားကို သင်ကြားခဲ့ပါသည်။ ယင်းသို့ ပညာသင်ကြား နေစဉ် ဘုရားစုရှာ ကျောက်ကုန်း ရပ်နေ ဦးမင်းဖြစ်သူ ဦးဘိုးငယ်-ဇနီး ဒေါ်လေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၎င်းတို့၏ သားရတနာနှင့် အတူ ပထမအကြိမ် သာမဏေဘဝသို့ ရောက်ရှိပါသည်။ တဖန် ၁၃၂၂-ခုနှစ် တပို့တွဲ လတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယအကြိမ် သာမဏေ ဘဝသို့ ရောက်ရှိပါသည်။

ကလောသို့ ရောက်ရှိခြင်း

ရှင်သာမဏေဘဝဖြင့် ရှာဦးကျောင်း ဆရာတော်ထံတွင် သုံးနှစ်တိုင် တိုင် အရေခြံခံ သဒ္ဒါသင်ကြိုဟ်တို့ကို သင်ယူပြီးနောက် ၁၃၂၅-ခုနှစ် တန်ဆောင် မုန်းလဆန်း ၉-ရက်နေ့ဝယ် ရှာဦးကျောင်းဆရာတော်၏ သြဝါဒဖြင့် ရှင် ဇဝနု၊ ရှင်ကောဿလ္လတို့နှင့်အတူ ကလေးမြို့ ဟောမ်မိကာရုမ သိမ်တောင် ကျောင်းတိုက်ကြီး၏ ဆရာတော် ဘဒ္ဒန္တအာဒိစ္စအရှင်သူမြတ် ခြေတော်ရင်းသို့ ပညာရှင်နွဲသေးက်စို့ရန် ရောက်ရှိခဲ့ပါသည်။ ဆရာတော်ထံမှ သင်ကြိုဟ်ကျမ်း ကို သင်ယူပါသည်။ ဦးမွှိက၊ ဦးညကိုက၊ ဦးကွန်ဝံသ၊ ဦးဇောတိက (ထား ငယ်)၊ ဦးသောဘိတ၊ ဦးဝိလောနန္ဒ၊ ဦးကုဏ္ဍလ(မန္တလေး) စသော စာချ ဆရာတော်များထံ၌ လေးနှင်တိုင်တိုင် အရေခြံစာဝါများကို သင်ယူပြီး ရှမ်း ပြည်နယ်လုံး ဆိုင်ရာ ညောင်ရွှေ့မြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပုံတော် ကြီး၌ မူလတန်းအဆင့်မှ ပဉ္စမတန်း အဆင့်အထိ အပြန်အရေတို့ကိုရင်း၊ ပထမပြန် စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကိုရင်း ကလောစာပြဌာနမှ အောင်မြင်ခဲ့ပါသည်။ ငမ်းတွင်းမြို့ မဟာဇောတိကာရုမ သိမ်တောင်တောရ တိုက်တွင် ကျင်းပပြုလုပ်သည့် သိမ်တောင် ဂိုဏ်းလုံး ဆိုင်ရာ ငိနယာနုဂ္ဂဟ စာမေးပွဲ၌ ငယ်-လတ်-ကြီး အဆင့်တို့ကိုလည်း အောင်မြင်ခဲ့ပါသည်။

ရဟန်းဘဝသို့ ရောက်ရှိခြင်း

၁၃၃၁-ခုနှစ်၊ တပေါင်းလဆုတ် ဂ-ရက်နေ့တွင် ကလောမြို့ ရုတနာ လမ်းနေ ဘုရား၊ ကျောင်း၊ စရပ် ဒါယိကာကြီး ဒေါ်အေးတင်၏ ပစ္စယာ-နုဂ္ဂဟကိုခံယူကာ ကလောမြို့ မဟာမဲ့ကာရုမ သိမ်တောင် ကျောင်းတိုက် ခေတ္တာ သိမ်တောင်ကြီးတွင် ဆရာတော် ဘဒ္ဒန္တအာဒိစ္စကို ကျောက်ထီး တန်ဆု ဥပဇ္ဈာယ်ပြု၍ သာမဏေ ရှင်ဝါယမသည် ပထမဒုတိယကြိမ် ရဟန်း အဖြစ်သို့ ရောက်ရှိလေသည်။

ဒုတိယအကြိမ် သိမ်ထပ်ခြင်း

၁၃၃၂-ခုနှစ် တပို့တွဲလဆန်း ၁၁-ရက်နေ့တွင် ဧမည်းတော်-မယ် တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဝမ်းတွင်းမြို့နယ် ဘုရားစုရှာ ကံသစ်

ရပ် ဗုဒ္ဓသာသနာပြု ရှာဦး တိုက်ကျောင်း ခဏ္ဍသိမ်ဘော်၌ ဒုတိယအကြိမ် မြောက် သိမ်ထပ်ခဲ့ပါသည်။

ရန်ကုန်သို့

၁၃၃၄-ခုနှစ် နှစ်ဆန်း ၃-ရက်နေ့တွင် ရန်ကုန်မြို့ အလုံရပ် သစ်တောလမ်း အောင်မင်္ဂလာတိုက်သစ်တွင် ဆရာတော် အမှူးပြုသော စာချဆရာတော်များထံမှ ပထမကြီးတန်းဆိုင်ရာ စာဝါများကို သင်ယူလျက် ၎င်းကျောင်းမှပင် ပထမကြီးတန်းကို အောင်မြင်ခဲ့ပါသည်။ ၎င်းကျောင်း၌နေစဉ် ၁၃၃၆-ခုနှစ် ဝါခေါင်လဆန်း ၁၅-ရက်နေ့တွင် ရန်ကုန်မြို့ အလယ်တောရတိုက် ကနောင်စရပ် သီလရှင်ဆရာကြီး ဒေါ်ရူပဝတီ (ဓမ္မာစရိယ)၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အောင်မင်္ဂလာတိုက်သစ် သီရိမင်္ဂလာခဏ္ဍသိမ်တော်ကြီး၌ တတိယအကြိမ် သိမ်ထပ်ခဲ့ပါသည်။

ကလောသို့ တဖန်

အောင်မင်္ဂလာတိုက်သစ်ဘွဲ့ စာချဘန်း စာဝါများ လိုက်နေစဉ် ၁၃၃၈-ခုနှစ် တန်ဆောင်မုန်းလဆန်း ၆-ရက်နေ့တွင် ကလောမြို့ သိမ်တောင်ကျောင်း ဆရာဘဒ္ဒန္တဘုရားကြီး၏ အမိန့်အရ ကလောသို့တဖန် ပြန်ရောက်ပါသည်။ ကနေသို့ ရောက်လျှင် ရောက်ချင်း ဆရာတော်၏ ဩဝါဒအရ ဘုရားစူရှာ အင်းမကြီး တောရကျောင်းသို့ ထိန်းသိမ်းစောင့်ရှောက်ရန် နတ်တော်လဆန်း ၁၄-ရက်နေ့၌ ကျောင်းထိုင်အဖြစ်ဖြင့် ဆရာတော်နှင့်အတူ သွားရပါသည်။

သာသနာပြုလုပ်ငန်း

အင်းမကြီး တောရကျောင်း၌ နေစဉ် ယိုယွင်း ပျက်စီးနေသော အဆောက်အဦများကို ဆရာတော်၏ ဩဝါဒကိုခံယူလျက် ရပ်ရွာရှိ ဒကာဒကာမများနှင့် တိုင်ပင်ကာ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ကျောင်းရှိ သာမဏေ ကျောင်းသားတို့အား သာသနာ ပြန့်ပွားရေးကို ရှေ့ရှုလျက် ဗုဒ္ဓယဉ်ကျေးမှု စာပေများကို သင်ကြားပေးခြင်း၊ သီလရှင်လူ ယောဂီပုဂ္ဂိုလ်များ တို့အား ဆရာတော်၏ အာမဋ္ဌအနှစ်ကို ဆက်ခံသောအားဖြင့် တရားဓမ္မ ပြသပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်သို့ တဖန်

အင်းမကြီးတောရကျောင်း၌ သာသနာပြု လုပ်ငန်းတို့ကို ဆောင်ရွက်နေစဉ် မိမိ၏ပညာရေး မပြည့်စုံသေးသဖြင့် ကျန်ရှိနေသော စာချဘန်း စာ

ဝါများကို သင်ကြား အားထုတ်ရန် ဆရာတော်ဘုရားထံ ခွင့်ပန်၍ ရန်ကုန် အလုံရပ် သစ်တောလမ်း အောင်မင်္ဂလာတိုက်သစ်သို့ တဖန် ပြန်လည်ရောက် ရှိပြီး စာချုပ်ကို ကြိုးစားအားထုတ်လျက် သီတင်းသုံးနေထိုင်လျက်ရှိပါသည်။

မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ်
စီးတန်း စာချုပ်ကျောင်း ဆရာတော်
အရှင်ဉာဏာဘိဝံသ (သ-စ-အ- ဓမ္မာစရိယ)
တိပိဋကဝိသိဋ္ဌ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ
မဟာထေရ်၏ အတ္ထုပ္ပတ္တိ

အတ္ထုပ္ပတ္တိ ကရိဿာမိ၊ ဉာဏာဘိဝံသထေရဿ၊
ပါဠိ မြန်မာဒီဘာသာဟိ၊ သန္တေဟိ နယဂါဟတ္ထံ။

မွေးဖွားခဲ့ရာ တိုင်းမြို့ရွာ

ဤ အတ္ထုပ္ပတ္တိရှင် အရှင်ဉာဏာဘိဝံသ မထေရ် လောင်းလျာသည် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် သူဘော်ကောင်း သူမြတ်လောင်းတို့၏ နေရာ ဖြစ်သော ဒိုင်ကောင်းကုန်းရွာ ဇာတိဖြစ်လေသည်။

မန္တလေးတိုင်းတိ အန္တရေ၊ ဝမ်းတွင်းမြို့နယ်တိ ပါကဋေ၊
ဒိုင်ကောင်းကုန်းနာမကော ဂါမော၊ သပ္ပုရိသာန-မာသယော။

မိဘနှစ်ဖြာ မည်နာမာ

အရှင်ဉာဏာဘိဝံသမထေရ်၏ အလောင်းအလျာ၏ အနန္တဂိုဏ်းဝင် ကျေး ဇူးရှင် မိဘတို့သည် အထက်ပါ ဒိုင်ကောင်းကုန်းရွာနေ ရတနာသုံးပါးကို အမြဲ မပြတ် မှီဝဲဆည်းကပ်နေကြပြီး တရားဓမ္မတို့ကို လိုလား နှစ်သက်ကြသော ဦးဘိုးထွန်း+ဒေါ်ဒေါ်ကောက်တို့ ဖြစ်ကြသည်။

ဥပါသကော ဦးဘိုးထွန်းတိ၊ ဒေါ်ဒေါ်ကောက်တိ ဥပါသိကာ၊
ဥဘော တေ မာတာမိတရော၊ အဟေသုံ ဓမ္မကာမိနော။

မွေးဖွားရက်နေ့ သင်္ကရာဇ်

အရှင်ဉာဏာဘိဝံသမထေရ်၏ လောင်းလျာသည် ၁၂၈၀-ပြည့်နှစ် တန် ဆောင်မုန်းလဆုတ် ဂ-ရက်၊ အင်္ဂါနေ့ ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာ အချိန်၌ မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။

အသိတိဒ္ဒေကသာကမို့၊ ကတ္တိကာ ကာဠပက္ခဿ။
အဠမေ အင်္ဂါရဒိနေ၊ ထေရကုံရော ဝိဇာယတိ။

ပဗ္ဗဇ်မင်္ဂလာ မည်နာမာ

အရှင်ဉာဏာဘိဝံသမထေရ်လောင်းလျာကို အနုန္တကိုဏ်းဝင် ကျေးဇူးရှင် မိဘတို့ကပင် ၁၂၂၈-ခုနှစ် တပို့တဲ့လပြည့်နေ့ အသက်၈-နှစ်သားအရွယ် ဦဆိုင်းရုပ်သေးပဲ့ စသော များစွာသော ပဲ့သဘင်တို့ဖြင့် ပဗ္ဗဇ္ဇာမင်္ဂလာအဖြစ် ရှင်သာမဏေပြု၍ ရှင်ဉာဏ အမည်ဘွင့်ခဲ့သည်။

ဇာတိယာ အဋ္ဌဝဿိကော၊ ကာဘံ ပဗ္ဗဇ္ဇမင်္ဂလံ။
ရှင်ဉာဏဝံယနာမေန၊ အာစရိယေဟိ သမ္မတံ။

ဥပသမ္ပဒံ ပဋ္ဌင်းခံ

ရှင်ဉာဏသာမဏေသည် ပင့်သန္ဓေ နှစ်လပြည့် အသက် ၂၀-ပြည့်လတ်သော် ဖွားမြို့မင်းကျောင်း ဆရာဘဒ္ဒန္တဝါသုရာဇာဘိဝံသကို ကျောက်ဆီးတန္တ၊ အဓိလေးပြုဘေဒ်သော ဥပဇ္ဈာယ်ဆရာအဖြစ် ပြု၍ ၁၂၃၃-ခုနှစ် တပို့တဲ့ လဆုတ် ဂ-ရက် အင်္ဂါနေ့ နံနက် ဂ-နာရီဘိတိ အချိန်၌ ဥပသမ္ပဒ ဓေါ် အရှင်ဉာဏ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိပုဏ္ဏေ စီသဝဿေ၊ ဖွားနဂရေ မင်းကျောင်းဆရာ၊
ဥပဇ္ဈာယံ ကရိတ္ဝာန၊ သမ္မတ္တော ဥပသမ္ပဒံ။

ရဟန်း ဒါယကာ အပြာဖြာ

သာမဏေရှင်ဉာဏအား ရဟန်းဝေါ် အရှင်ဉာဏ အဖြင့်သို့ ရောက်ရှိသောခါ ပစ္စည်းလေးပါး ဒါယကာအပြင် ဆိုသို့၊ သင်္ဃာ့ သက်ဆိုးစသော ပါဠိတော် အဖြာဖြာ တို့ဖြင့် ခွဲခြားခြင်း ထောက်ပံ့ ကူဒါန်း ကြသော ရဟန်း ဒါယကာ ဒါယိကာမများမှာ(ပဌမအကြိမ်) ကြိုးမိုးမောက်ရပ် အဓိ သိမ် ကျောင်းအမကြီး ဒေါ်ဗံတို့ကို အမှူးထား၍ ဗန္ဓုလဆေးဝါးရုံပိုင်ရှင် ဦးအုန်း ဒေါ်ခွေးနှင့် သားသမီးတစုတို့ ပြင်ဆင်သည်။ (ဒုတိယအကြိမ်) ဝမ်းတွင်းမြို့ နယ်ခြံခေကာင်းကုန်း ရွာနေ (အဝေးကြီး) ဒကျောင်းဒါယကာ ဦးဘိုးစာ ဒေါ်မင်းညို သားသမီးဘစုတို့ ဖြစ်ပါသည်။ (တတိယအကြိမ်) ပျဉ်းမနားမြို့ ဇေး အရှေ့ဘက် မဂ်လာနှင့် သုရာအမ ကျောင်းအမကြီး ဒေါ်အေးရှင် (သားပင်မကိုကုန်သည်ကြီး)ဖြစ်သည်။ (စတုတ္ထအကြိမ်) ရန်ကုန်မြို့ လမ်းမတော် လည်းဟန်း ဘုရားအမ ရဟန်းအမကြီး ဒေါ်ဒေါ်ကြည်နှင့် ဒေါ်ဝင်းမြများဖြင့် ဖြစ်သည်။

(ပ) ဖွားနဂရေ ဝဿန္တာဝ၊ ဦးအုန်းဇေဝ ဒေါ်ဗွားရှင် စ။
ဥဇောဝ သပုတ္တဓိတုဟိ၊ အဟောသုံ ဘိက္ခုဒါယကာ။

(ဒု) ဒုိင်ကောင်းကုန်း နာမကေ ဂါမေ၊ ဥိးဘိုးစ္စာဒေါ်ပင်ညိုတိ စ။
ဥဘော သပုတ္တဓိတူဟိ၊ အဟေသုံ ဘိက္ခုဒါယကာ။

(တ) ပျဉ်းမနားနဂရေ ဝါသာ၊ ဒေါ်အေးရင်တိ ဘိပါကဋ္ဌာ။
ဗုဒ္ဓဝိဟာရဒါယိကာ၊ အဟေသုံ ဘိက္ခုဒါယိကာ။

(စ) ရန်ကုန်နဂရေ ဝသန္တာ၊ ဒေါ်ကြည်ဘဂိနီဘာတိကာ။
လမ်းမတော်လှည်းတန်းတိဝှယာ၊ အဟေသုံ ဘိက္ခုဒါယိကာ။

ဆရာတော်များစ္စာ အဖြာဖြာ

အရှင်ဉာဏာ၏ ပဌမ ငယ်ဆရာတော်ကား ဝမ်းတွင်း မြို့နယ်၊ ဒုိင်ကောင်းကုန်းရွာ ညောင်ပင်လှ ကျောင်းတိုက်၌ သီတင်းသုံးလျက် ရွာသူ ရွာသား ဒါယကာ ဒါယိကာမ များအား အမြဲမပြတ် တရားဓမ္မတို့ဖြင့် ဆုံးမ သြဝါဒ ပေးတော်မူသော ဘဒ္ဒန္တဇောတ မဟာထေရ်မြတ်ဖြစ်သည်။

ဒုတိယပညာသင်ဆရာ၊ ဥပဇ္ဈာယ် ဆရာတော်ကား ဖြူးမြို့ မင်းကျောင်းစာသင်တိုက်ကြီး၏ ဥိးစီးမဟာ နာယက ဘဒ္ဒန္တ ကုသလ မဟာထေရ်မြတ် ဖြစ်သည်။

တတိယ ပညာသင် ဆရာတော် ဥပဇ္ဈာယ်ဆရာတော်ကား မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက် ညောင်ရမ်း ပါဠိတက္ကသိုလ် ဆဋ္ဌသံဂါယနာ ဥိးစီးနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဲ့တံဆိပ်တော်ရှင် ကျေးဇူးရှင် ညောင်ရုမ်းဆရာတော် ဘုရားကြီးဖြစ်ပေသည်။

(ပ) ဒုိင်ကောင်းကုန်းဂါမေ ညောင်ပင်လှ၊ ဝိဟာရေ ဣဋ္ဌကာမယေ။
ဘဒ္ဒန္တဇောတဇထေရော စ၊ အာစရိယော မမ ပဌမော။

(ဒု) ဖြူးနဂရေ ဝသန္တာဝဂေ၊ မင်းကျောင်းမဟာဝိနာယကော။
ဘဒ္ဒန္တ ကုသလတ္ထေရော၊ အာစရိယော ဒုတိယော မမ။

(တ) မန္တလေးနဂရေ ဝါသော၊ ညောင်ရမ်းထေရတိ ပါကဋော။
အဂ္ဂပဏ္ဍိတာဘိဓေဝော၊ အာစရိယော တတိယော မမ။

ဆရာတော်များထံတွင် ပညာသင်

အရှင်ဉာဏာပဉ္စင်းငယ်သည် အထက်ပါဆရာတော်များအသီးသီးထံတွင် ပညာအစ "နမော ဗုဒ္ဓါယ" ဆိုတဲ့အတိုင်း အောက်တန်းစာပေ ပညာ၊ အလယ်တန်း စာပေ ပညာ၊ အထက်တန်းဖြစ်သော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော စာပေပညာခေါ်သည့် ပရိယတ္တိမူအဝဝတို့ကို သင်ယူပြီး စာမေးပွဲ

အမျိုးမျိုးတို့ကို ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်ပန်းအဆင့်ဆင့် အောင်ပွဲအတန်တန်ရရှိ အောင်မြင်ခဲ့လေသည်။

သန္ဓိကေ တေသ-မညေသံ၊ ဥဂ္ဂဏှိတ္ဝာန ပါဠိဝ၊
သာဒ္ဓကထံ သဒ္ဓိကံ စ။ ဇယပတ္တော ဇယုဿဝေါ။

ဓမ္မာစရိယ အထပ်ထပ်ဘွဲ့ရ

အရှင်ဉာဏပဉ္ဇင်းယေသည် အထက်ပါဆရာတော်များနှင့် မန္တလေးရှိ အကျော်အမော် အခြားဆရာတော်များထံ ပညာဆည်းပူးရင်း မြန်မာပြည်ဝယ် အလှန်ထင်ရှား ကျော်ကြားသော စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာ (က) မန္တလေး ပရိယတ္တိ(သကျသီဟ) စာမေးပွဲဦး (၁)စာသင်တန်း၊ (၂) ဓမ္မာစရိယ စာချတန်းတို့ကိုဂုဏ်း၊ (ခ) ရန်ကုန်စေတီယင်္ကဏ ပရိယတ္တိ စာမေးပွဲဦး (၁) စာသင်တန်း၊ (၂) ဓမ္မာစရိယစာချတန်းတို့ကိုဂုဏ်း၊ (ဂ) ပြည် ထောင်စု ဆို့ရှယ်လစ် သမ္မတမြန်နိုင်ငံတော်အစိုးရ ပဌမပြန် ဓမ္မာစရိယ စာမေးပွဲဦး (၁) ပထမငယ်၊ (၂) ဒုတိယလတ်၊ (၃) ပဉ္စမကြီး (၄) ဓမ္မာစရိယ စာချတန်းတို့ကိုဂုဏ်း အသီးသီးအောင်မြင်ခဲ့လေသည်။

ဤသို့ သကျသီဟဓမ္မာစရိယစာချတန်း စေတီယင်္ကဏ ဓမ္မာစရိယ စာချတန်း အစိုးရ ဓမ္မာစရိယစာချတန်းဆိုသည့် ဓမ္မာစရိယ(၃)ထပ်ကိုမိုးအောင် မြင်ပါသဖြင့် သ-စ-အ-ဓမ္မာစရိယ ဘဒ္ဒန္တဆရာတော်ဟု နာမည်ဖြစ်ပေါ်လာလေသည်။

(က) မန္တလေး သကျသီဟာဘိ၊ ပါကဒဋ္ဌော မြန်မာ့ဘုတ္တလေ။
ဒုပ္ပညေဟိ အစိန္တွယျော၊ ဇယပတ္တောတိ ဒုလ္လဘော။
(ခ) ရန်ကုန်စေတီယင်္ကာဘိ ပါကဒဋ္ဌော မြန်မာ့ဘုတ္တဓလေ။
ဒုပ္ပညေဟိ အစိန္တွယျော၊ ဇယပတ္တောတိ ဒုလ္လဘော။
(ဂ) အစိုးရဓမ္မာစရိယာဘိ၊ ပါကဒဋ္ဌော မြန်မာ့ဘုဒေသေ။
ဝိသုံဝိသုံ ဇယ်သော် ကြီး၊ ဇယပတ္တောတိ ဒုလ္လဘော။
(ဃ) သဗ္ဗညဿဝေသု ဃောဓဿာ၊ ဇယပဒဋ္ဌော ဇယံဒယံ။
ဉာဏာဘိဝံသ သ စ အ-ဓမ္မာစရိယာဘိဓာနော။

ဒီဃနိကာယဓရအောင်ပွဲရ

အရှင်ဉာဏာဘိဝံသ သ စ အ ဓမ္မာစရိယ စာချဆရာတော်သည် ပြည် ထောင်စုဆို့ရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာဓနုဝန်ကြီးဌာန ဘုရားရှင်ပြုလုပ်သော ဒီဃနိကာယရဓဇွဲခွယ်ပွဲ ဘပြ(၂)ကြိမ်၊ စာမေးပွဲကြီး၌ ဒီဃနိကာယဓရခေါ် သုတ်သုံးကျမ်းကို အာဂုံပြုန်မှာ ဂုဏ်ထူးဖြင့် အောင်မြင်ပါ၍

အရှင်ဉာဏာဘိဝံသ ဝိသိဋ္ဌဒီဃဘာဏကကို ဘဲ့ပုံ လက်မှတ်ကိုရင်း၊ သဘော ရေးဖြေကို အောင်မြင်ပါသဖြင့် အရှင်ဉာဏာဘိဝံသ ဒီဃနိကာယဓကာဝိဒ ဘဲ့ပုံ လက်မှတ်ကိုရင်း၊ ကုန်းရေဆိုသည့် မီးရထား မီးသင်္ဘော အထက်တန်း စီးခွင့် ရရီးသွားအခမဲ့ ပတ်(စ်)လက်မှတ်နှင့်အတူ အလှူခံယူရရှိခဲ့လေသည်။

ဉာဏာဘိဝံသဝိသိဋ္ဌ-ဒီဃဘာဏကကောဝိဒေါ။
လဒ္ဓလဇ္ဇော အယံထေရော၊ တိပိဋကဓရသဓေဝ။

ဆဋ္ဌသံဂါယနာ ဆောင်ရွက်ရာ

အရှင်ဉာဏာဘိဝံသ ဓမ္မာစရိယ စာချဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပဲ့ ပြုလုပ်ရန်အတွက် ပထမဆုံး အစီအစဉ်ပြုလုပ်စဉ်ကပင် မန္တလေးတောင်တော်အနီး ကုသိုလ်တော်ဘုဉ်းအတွင်းရှိ ပဉ္စမသံဂါယနာတင်ခဲ့သော ကျောက်စာမူရှိ ပါဠိတော်မျှးနှင့် ဟံသာဝတီပုံနှိပ်စာအုပ် ပါဠိတော်မျှး အမှားအမှန် တိုက်ကြည့်စဉ်ကစပြီး သင်္ဂီတိကာရက အဖြစ်ရင်း၊ မူလသောခက အဖြစ်ရင်း၊ ပဋိဝေသောခကအဖြစ်ရင်း အကြိမ်ကြိမ် ပါဝင်ဆောင်ရွက်ခဲ့လေသည်။

ဆဋ္ဌသံဂိတိယံစေဝ၊ သံဂိတိသောခကာနံ စ။
ဗဟူနိပိ ဝဟိတ္ဘာန၊ ဇောတေသိ ဗုဒ္ဓသာသနံ။

ကလောဆရာတော်ဘုရား ချီးမြှောက်ထား

သီလဝန္တ သမာဓိမန္တ ညာဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက သာသနဒွမားမက သာသနဒုဝိုကာမ—စသော ဂုဏ် အပေါင်းနှင့် ပြည့်စုံတော်မူပေသော ရှမ်းပြည် တောင်ပိုင်း ကလောမြို့ သိမ်တောင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ သိမ်တောင်ကျောင်းတိုက်၏ ဦးစီး နာယက ဖြစ်၍ ပြည်ဆောင်စု မြန်မာနိုင်ငံတော်ပယ် အလွန်ထင်ရှား ကျော်ကြားတော်မူသော ဘဒ္ဒန္တအာဒိစ္စ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် "ပဂ္ဂဟောဘဇ္ဈံ ပဂ္ဂဟိဘံ" ဟူသော ဒေသနာတော် အရဂုဏ်း "ပုဗ္ဗာစ ပုဗ္ဗနေယျာနံ" ဟူသော မင်္ဂလာဒေသနာတော် အရဂုဏ်း ဤအတ္ထုပ္ပတ္တိ ရှင်သာမဏေဖြစ်စ ကိုရင် ရှင်ဉာဏာဘဝကပင် ကလော ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းမှာ အစိုးရ ပထမဝယ်ဘန်းကို တပည့်တပါးအဖြစ်ဖြင့် အောင်မြင်ခဲ့ပါသည်။

ထိုဒဉ်က ပထမအကြိမ် ဓမ္မပုဇ္ဈာအဖြစ် ချီးမြှောက်ခဲ့ပါသည်။ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းတော်ပေါ်ရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး အတွင်း၌ ကျင်းပပြုလုပ်သော ဆဋ္ဌသံဂါယနာတင် ပဲ့သဘင်ကြီး၌ ဤကလော ဆရာတော် ဘုရားကြီးအား လှူဒါန်းပူဇော်ကြသော ဓမ္မပုဇ္ဈာအဖြစ် ရရှိသည့် သင်္ကန်းစသော ပစ္စည်းအားလုံးတို့ကို ဤအတ္ထုပ္ပတ္တိရှင်အား ဓမ္မာနုဂ္ဂဟဓမ္မပုဇ္ဈာအဖြစ်

ဖြင့် စေတနာသဒ္ဓါဆန္ဒ ကြီးမားလှစွာဖြင့် ဒုတိယအကြိမ် လှူဒါန်းချီးမြှောက်ခဲ့ပါသည်။ မြန်မာပြည် အတွင်း၌ အထင်ရှားဆုံး အကြီး ကျယ်ဆုံး ဖြစ်သော မန္တလေး သကျသီဟ၊ ရန်ကုန်စေတီယဂ်ဏ၊ အစိုးရမူဝစရိယ စာမေးပွဲများ အောင်မြင်ခဲ့ပြီး နောက်ဆုံး တိပိဋကဓရ စာမေးပွဲ၌ အရှင်ဉာဏာဘိဝံသ တိပိဋကဝိသိဋ္ဌ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ ဘွဲ့ရရှိတော်မူသော အခါ၌လည်း ဓမ္မာနုဂ္ဂဟ ဓမ္မပူဇာအဖြစ် ကလောမြို့ သိမ်တောင်ကျောင်းတိုက်သို့ ပင့်၍ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ဦးစီးပြီး ကျောင်း ဒါယကာ ကျောင်းအမများ မြို့သူမြို့သားများပါ ဂုဏ်ပြုပဲ့ကြီး ကြီးကျယ် ခန်းနားစွာ ပြုလုပ်၍ တတိယအကြိမ် ချီးမြှောက်ခဲ့ပါသည်။

ရှမ်းပြည်တိ ဒက္ခိဏာဒေသေ၊ ကလောတိ နဂရေ ဝရေ။
သိမ်တောင် မဟာဝိဟာရေတိ၊ ဝိဿုတော မြန်မာဘူတလေ။
တတ္ထ နိစ္စဝိဟာရော၀၊ သီလသမာဓိပညဝါ။
ထေရော ဘဒ္ဒန္တအာဒိစ္စော၊ သိမ်တောင်ဂဏဝိနာယကော။
သော ဓမ္မပူဇေသေနံ၊ တိက္ခတ္တုံ မမ နဂ္ဂဟာ။
ဇာနံဝါစကာစေရော်တိ၊ သာသနဿာဘိဝုဒ္ဓိယာ။

နှစ်ပေါင်းများစွာ စာချုပ်လာ

စာချုဆရာတော် အရှင်ဉာဏာဘိဝံသ မဆေရိသည် စာမေးပွဲကိစ္စများပြီးခြောက်အောင်မြင်သည့်နောက်မှာ "သာသနဥိတိယာ ပန ပရိယတ္တိပမာနံ သတိဒယေ ဟိ တသ္မိံ ဣတရေ ဥပ္ပဇ္ဇန္တိ ဒါသတိ" ဟူသော (အံ၊ဥ၊၁။၇၂) စကားတော်ကို ဦးထိပ်ပန်ဆင်၍ ပရိယတ်ဖြင့်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ပိဋကသုံးပုံတို့ကို မာ.ဝ.ဥသော တပည့် ဒေသဝေသး တို့အား အမြဲပြတ် ဘုန်းဖြည့် ယနေ့တိုင် အဓိကိစ္စ အခါ ပို့ချနေပါသဖြင့် မန္တလေးမြို့ ထင်ရှားကျော်ကြားသော ဂေဠုဆရာတော်ဘုရားဖြစ်ပါသည်။

အနေကာနိပိ ဃသာန်၊ ဝါဒေဒါ ပိဋကတ္တယံ။
သတတံ ဗဟုသောတုန်၊ ပဂ်ဂဏှေ ဓမ္မဝါစကေ။

သာသနာပြုကာ မြန်နုရာ

ယနေ့အချိန် စာချုဆရာတော် အရှင်ဉာဏာဘိဝံသ မဆေရိသည် မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ခုံး ပါဠိတက္ကသိုလ် ပရိယတ်စာသင်ကြားရေး ဝေယျာဝစ္စ ဂန္ထဋ္ဌာန ခေါင်းဆောင် ဒိုင်ရက်တာ သာသနာရေး ဘဏ္ဍာဂါရ ဆောင်လျက် အမြဲသီတင်းသုံး နေထိုင်လျက် ရှိပါသည်။

မိုးကောင်းအာရုဓမေ ညောင်ခုမ်းဘိ၊ ပဂ်ဂါဝိဇ္ဇာသယန္တရေ။
ဝါးတန်းစာချု ငိဟာဒရေ၀၊ ဆေးရော နိ၀ါသိ သဿတံ။

မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် ရှေးဒင်္ဂါးကျောင်း သာသနဓဇ ဓမ္မာစရိယ ဘဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဂုဏာလင်္ကာရ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်

(၁) ဇာတိချက်ကြွေ မွေးရပ်မြေ

တောင်ပြုံးဂါမ ကွန်ထောင်က "ကိုးသုံးလုံး တောင်ပြုံးတည် အင်းဝနေပြည် မနီးမဝေး" ဟူသော ရှေးရှေးပညာရှိမျာ ဆိုစကားအရ အင်းဝနေပြည်တော်ကြီးနှင့် မနီး မဝေး ၁၂-မိုင်ခန့်ရှိသော အရပ်ဒေသဝယ် ရတနာသုံးပါးကို အမြဲမပြတ် ဆည်းကပ် ကိုးကွယ်လေ့ရှိပြီး အသပြာဓန ပြည့်ကြွယ်ဝလျက် ဒါနထင်ပေါ် (ဒေါ်ကွန်ထောင်) အမည်ရှိ ဥပါသိကာမကြီး တဦးရှိခဲ့သည်။ ၎င်းအမျိုးသမီးကြီး စဘင်တည်သောင့်ကြောင့် မူလအမည်မှာ ကွန်တောင်ရာဟု ခေါ်တွင်ပါသည်။

သက္ကဇ္ဇင် ၉၉၉-ခုနှစ်၌ တည်ထားခဲ့သော ပညာရှိသူတော်စင်များ ကိန်းအောင်းခဲ့ရသော ပျော်ဝင်ဆုံဖြစ်၍ သာသနာ့ဘဏ္ဍာတော်အဝို ကျောင်း ပေါင်း ၁၁-ကျောင်း လူနေအိမ်ခြေပေါင်း ၁၀၀၀-ကျော်ဘို့ဖြင့် စည်ကားသိုက်မြိုက် နှစ်ခြိုက်ဘင်ဆန်း နတ်နန်းဘမျှ သာယာလှသည့် "တောင်ပြုံး" ဟု ခေါ်ဆိုအပ်သော ရွာကြီးတရွာရှိသည်။

(၂) ဖွားမြင်သည်အစ သာသနာ့ဘဝ ဖြစ်ဇာတ်

မီးရှူးသန့်စင် သတိုးသား ပွားမြင့် နွဲ့ဝံဘော် အစိုးရက "သာသနဓဇ ဓမ္မာစရိယ" ဟူ ဘဲချမည်ဟိတ် ဘဲ့ပေါ် တောင်တံဆိပ်ကို ဧတ်နှိပ်ကော်ဇော်ရာ ဤဒါးအပူဇော်ခံရမည့် သာသနာ့အာဇာနည် သည်နှာမ ဘဒ္ဒန္တ ဂုဏာလင်္ကာရ နာမထင်ပေါ် ပုဂ္ဂိုလ်ကျော်၏ အဓိလောဒ်းအလျောဖြစ်သော သတိုးသားငယ်ကို မန္တလေးတိုင်း တံတားဦးမြို့နယ် အပါအဝင် ခေါ်တွင်သည်ရာ သာယာလှပ တောင်ပြုံးရွာဂါမ၌ သမ္မာအာဇီဝဖြင့်မျှတစီးပွားး သူတော်ကောင်းတရားဓမ္မ၌ နိစ္စပျော်မွေ့ မမေ့သောနှလုံး ရှိကြသည့် အဘဦးစံတ-အမိ ဒေါ်ပြန့်တို့မှ ၁၄၀၃-ခုနှစ်တုဟေမန္တ ဆောင်းလခါတုံ တပို့တွဲလဆန်း ၅-ရက်၊ တနင်းသာနေ့ အကြုံတွင် ဆဋ္ဌမမြောက် သားရတနာကို ကောင်းမွန်စွာ မီးရှူးသန့်စင် ဖွားမြင်ပါသည်။

ပဗ္ဗဇိလ သာမဏေဘဝ ယင်း သတိုးသားငယ်သည် အရွယ်စေ့၍ ၁၁-နှစ်ပြည့်သောအခါ ကောဇာသက္ကရာဇ် ၁၃၁၄-ခုနှစ်အကြို ကဆုန်လဆန်း ၁၈-ရက်နေ့တွင် မိခင် ဘခင် နှစ်ဖြာသော ကျေးဇူး

ရှင်တို့က ပစ္စယာနုဂ္ဂဟ ခံယူပြီးလျှင် တောင်ပြုံးဂါမ ဝိဟာရသိမ်ကို ကန့်စွယ်ကျောင်းတိုက်ဝယ် လေးသွယ်ယာပထ မျှတရွှင်ပျော် ကျောင်းတိုင် ဆရာတော်ဖြစ်တော်မူသော ဦးသုမန အရှင်မြတ်ကို ညွှတ်ခဂရု ဥပဇ္ဈာယ်ပြုပြီးလျှင် ဘွဲ့တော်သီးတွင် ကိုရင်ကုလ္လာလ မှည့်ခေါ်ကြလျက် ဂုဏသွန်းပြောင် ရှင်သာမဏေတောင်သို့ ကောင်းစွာမယွင်း သွတ်သွင်း ချီးမြှောက်နှုတ်ပါသည်။

သာမဏေ သီလ ရဟန်းဘဝ ထိုမှတဖော်က် သက်တော်နှစ်ဆယ်သို့ ရောက်သောအခါ ခေါ်ဆိုသည့်ဘောင်ပြုံးဂါမဘဋ္ဌသူတော်စမ္မ ခုနှစ်ဝန့်ငှ စုံပြည့်ဝ ဖြိုးဖြိုးဝေ ဂုဏ်အင်တွေ့ ကိန်းသည့် ဥ.ရှုန့်ဒေါ်သိန်းနဲ့ တို့က ပစ္စယာနုဂ္ဂဟ ဥပသမ္ပဒ ဒါယကာဒါယိကာမအဖြစ် ခံယူပြီး ကာရန်အသွယ်သွယ် အန္တရာယ်ကို တွန်းလှန်ပယ်ရှား ကန့်စွယ်ကျောင်း ဆရာတော် ဦးသုမနကိုပင် ဂါဝရဂရု ဥပဇ္ဈာယ်ပြုပြုန်ပြီး၍ ၁၃၂၃-ခုနှစ် ဥတုဂိမှာန ဒုတိယဝါဆိုလဆန်း ၁၀-ရက် စနေနေ့ နံနက် ၇-နာရီ မိနစ် ၃၀ စက္ကန့်၅-နှင့် မလစ်ဆိုက်ကြို ကြုံလာသည့် အခါသမယဘဉ် ဥပသမ္ပဒ ရဟန်းဖြစ်ရန် ကမ္မဗန်လာ နှုန်းဆောင်ကြွပြန်ပါသဖြင့် သဗ္ဗကုဏ်ဆောင် ၂၂၇-သွယ်သောသိက္ခာပုဒ်ကို ဆောင်ရသည့် ရဟန်းဘဝသို့ ရောက်ရှိပါသည်။

ဒုတ်ယအကြိမ် သိမ်ထပ်မဂ်လာ ၁၃၂၄-ခု ဥတုဟေမန္တ နှတ်တော်လဆန်း ၃-ရက်နေ့ အခါသမယ၌ သည်ခေါတုံမြို့တောရန်ကုန်တွင် သာယာသည် ဘုံဘခန်း ပြင်ပသော အရောက် ရွှေဂုံတိုင်လမ်းအမှတ် ၁၃၇-နေ့ စေတနာလုံ့ဖြိုးဝေမောက်၌ သဒ္ဓါဇလံ တန်ခိုးတော်ကောက်သည်နှင့်အမျှ အသပြာခန့ ကြွယ်ဝလုံဘက် ဥ.စံမြင့် ဒေါ်မြတင် ဂုဏ်အင်ပေါမျှား အမှုးထားသည့် မိသားတဝှိုက ဘုံဘခံယ ဥပသမ္ပဒ ဒါယကာဒါယိကာအဖြစ် ခံယူကြပြန်ပြီးကာ ဒုတိယအကြိမ် သိမ်ထပ်မဂ်လာ ဆင်ယင်ကျူးပြန်ပါသဖြင့် ဒုတိယ အကြိမ်မြောက် ပုနောပသမ္ဘဝ တဖန်သစ်သည့် ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

(၃) သုဘဂျာမိုးပညာရေးခရီး

စာသင်ပညာ ဂျာမိုးကုခရီး ယင်းသို့ဖော်ဖြ ဓမ္မာစရိယ လောင်းလျာ ရှင်သာမဏေကိုရင်ကုလ္လာသည် သာမဏေဘောင်ဝင်ရောက် ပဉ်မဥပဇ္ဈာယ်ရင်းဖြစ်တော်မူသော ကန့်စွယ် ကျောင်းတော်ကြီး အရှင်ဆရာတော် ဦးသုမန အာသံတော်တွင် ဗေဒင်ပညာ အင်္ဂလိပ်စာသင်ကြား အဘန်းစသော လောကီကျမ်းစာ အမျိုးမျိုးနှင့် ဘခြေခံ ကျမ်းဝေများ ဖြစ်သည့် သဒ္ဒါ သဒ္ဒိုဟ် ဘိက္ခု ပါတိမောက် ဘိက္ခုနီ ပါတိမောက် ခုဒ္ဒကသိက္ခာ မူလသိက္ခာဟူသော ဝိနည်းယေ်လေးစောင်၊ ဇာတ်သော်ကြီးဆယ်ဘွဲ့၊ ဂါးရာဂါးဆယ်ဇာတ် စသော လောကုတ္တရာ ပိဋကကျမ်းစာဇမျိုးမျိုးတို့ကို ယေ်စဉ်



ဘဒ္ဒန္တ ဂုဏာလင်္ကာရသာ ဆာယာရုပ်
ရွှေဒင်္ဂါးကျောင်း ဓမ္မိကာရာမတိုက် မန္တလေးမြို့။

တောင်ကျေး ကလေးဘဝမှစ၍ ရဟန်းဘဝ တဝါရသည့်တိုင်အောင် ဆုံးခန်း ပေါက်ရောက်သင်ကြားတတ်မြောက်ခဲ့ပြီးလျှင် ၁၃၂၄-ခု၊ ဥတုဂိမှာန ကဆုန် လဆန်း ၇-ရက်နေ့ အခါသမယ၌ အသရေမချို မန္တလေးမြို့တွင် တောင်ရပ် ဒိသာ ထီးလင်းဝိဟာ၏ နေ့ဝါ၊ ညဝါဘယ်ခါမလပ် အထင်ထပ်ပို့ချသည့် တိုက်ကြပ်ကျောင်းတော်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

စာချဆရာဟော်များဖြစ်ကြသော ဦးသောမန၊ ဦးအာစိဏ္ဏ၊ မဟာခမ်မို ကာရုမတိုက် သာသနမာမကကျောင်း ဆရာဘော် ဦးနရိန္ဒ (ပါဠိပါရဂူ) တောင်ပြင် ထီးလင်းတိုက် ဆရာတော် ဦးပုညာနန္ဒာဘိဝံသ(သ-စ-အ)ဇောတိကာချံ တိုက်ဝိုင်းဆရာတော် ဦးဝဇီရာဗုဒ္ဓိ မဟာအုတ်ကျောင်းဆရာတော် ဦးသူရိယာဘိဝံသ(သ-အ)၊ ဘုရားကြီးတိုက် ဆရာတော် ဦးပဏ္ဍိတဉာဏာဘိဝံသ (သ-စ-အ)၊ ညောင်ကန်တိုက် ဆရာတော် ဦးဉာဏဝရာဘိဝံသ၊ ဆီးဘန်နီ တိုက်ဆရာတော် ဦးအာစရန္ဒင့် ဦးနာဂဝံသ တောင်ပိုင်း ရှမ်းပြည်နယ် ကလော မြို့ သိမ်တောင်ကျောင်းတိုက်ဆရာတော်များ၊ ရန်ကုန်မြို့ အလုံရပ် အောင်မင်္ဂလာတိုက်သစ် စာချဆရာတော်များ၊ ရန်ကုန်မြို့ အလယ်တောရ ဇဝနုတိက္ခ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးအရှင် ဆရာတော် ဦးဇဝနုတိက္ခာဘိဝံသ (သ-စ-အ) အရှင်မြတ်တို့အထံတော်တွင် ယမိုက်၊ ပဒ္ဓာန်း၊ ဆန်း၊ အလင်္ကာ စသည့် ပထမပြန်စာမေးပွဲနှင့် သင်္ကေတရိယ စာချတန်း စာမေးပွဲနှင့် သင်္ကေတရာ ကျမ်းစာ ကျမ်းစာတို့ကို လေ့လာသင်ကြား မှတ်သားဆည်း ပူးခဲ့ပါသည်။

ယင်းကဲ့သို့ စာတော်ပွဲဆိုင်ရာ ကျမ်းစာအသီးသီးကို ဆည်းပူးသင်ကြား ပြီးလျှင် အလွှေထွေသော စာမေးပွဲတို့ကို ဝင်နွဲ့ဖြေဆိုကာဖြင့် ရန်ကုန်မြို့လုံး ဆိုင်ရာ ဘုရားဖြူကျောင်းတိုက် ဝိနယာနုဂဟစာမေးပွဲကြီး၌ ဝိနယကောသလ္လ တန်း နိဒါနဝံတော်အစိုးရက ဆင်ယင်ကျင်းပသည့် အဘိမ္မော စာမေးပွဲ ပထမ ဆင့်၊ ဒုတိယဆင့်၊ ပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်ဘန်း ပဝါရမကြီးတန်း၊ အောင်မြင်ပြီးဆုံးသည်အထိ သိဒ္ဓိပြီးမြောက်တံခွန်စိုက်ဆောက် လုပ်ခဲ့ပါသည်။

ပရဟိတ ပြုလုပ်ရ ၁၃၃၀-ခု၊ ဥတုဂိမှာနတပို့တဲ့လဆန်း ၁၂-ရက်နေ့ အခါသမယ၌ တောင်ကြီးခရိုင်ကလော မြို့မှ မဟာခမ်မိကာရုမ သိမ်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးနာယကက ဆရာတော် ဘုရားကြီး၏ အမိန့်တော်မြတ်ကို ဦးထိပ်ထက်၌ ဆောင်ရွက်ပန်ဆင်ပြီးလျှင် မန္တလေးမှ ကလော မြို့သို့ ပြောင်းရွှေ့ကာ ငယ်၊လတ်၊ကြီးအတွက် ဆရာတော်၏ တပည့်သံဃာ စာသင်ပုဂ္ဂိုလ်အပေါင်းအား သဒ္ဒါ၊ သဒ္ဒိုဟ်၊ ယမိုက်၊ ပဒ္ဓာန်း၊ ဆန်း၊ အလင်္ကာ

စသော နေ့ဝါ၊ ညဉာဴပိုဲ့ကတ်ကျမ်းစာ များစ့ဉာကိုကြိုးစားအားထုတ် နောက် ဆုတ်ခြင်းမရှိ ပကတိဖြူစင်ခသာ မနောစိဉ်ဘုပွါဒ်ဖြင့် ပိုဲ့ချပေးခဲ့ပါသည်။

စာချပညာ ရှာမှီးရာခရီး ယင်းသို့ ပရဟိတလုပ်ငန်း ကြိုးပမ်းဆောင်ရွက်ပြီး နောက် ၁၃၃၂-ခု ဥတုဂိမှာန ကဆုန်လဆန်း ၆-ရက်နေ့ ရောက်သည့်အခါသမယ၌ နောဒ်တော်ဘုန်းကြီး ဦးအာစိဏ္ဏ၏ ပြန်ခေါ်ချက်အရ မန္တလေးသို့ ပြန်လာပြီး နှစ်လခဲ့ခန့် ဘုန်းကြီး ဦးနရိန္ဒအဆံတော်ဝယ် သီတင်းသုံးနေထိုင်စဉ် ဓမ္မာဝရိယ စာချတန်းပညာရေး မနှုံးကုံလုံပြီးပြည့်စုံရန်အတွက် ရန်ကုန်မြို့ အလုံခုပ် အောင်မင်္ဂလာတိုက်သစ်သို့ ပြောင်းရွှေကာ စာချဆရာတော်များဖြစ်ကြသော ဦးတိလောက ဦးသိရိန္ဒ ဦးဓမ္မသာမိတို့အထံတော်၌ ပါရာဇိကဏ်အဋ္ဌကထာ သိလက္ခန်အဋ္ဌကထာ အဋ္ဌသာလိနီ အဋ္ဌကထာဟုဆိုအပ်သော သုံးဖြာသော အဋ္ဌကထာကျမ်းကြီးတို့ကို မနေမနား ကြိုးစားအားထုတ် ပြုလုပ်မှတ်သား နာကြားသင်ယူခဲ့သည်ဖြစ်ပါ၍ ဂျင်းတိုက်တွင် ဆင်ယင်ကျင်းပသော သာသနဟိတကာရီ စာမေးပဲ့ကြီး၌ ပါရာဇိကဏ်အဋ္ဌကထာ အဋ္ဌသာလိနီအဋ္ဌကထာ ကျမ်းကြီးတို့ကို ကောင်းစွာ ဖြေစွမ်းနိုင်သဖြင့် အောင်ပန်းဘွင်္ဂဖူး ဆွတ်ခူးနိုင်ခဲ့ပါသည်။

ဘွဲ့မည်များလှ ပြောင်းခဲ့ရ ဤသို့ စာသင်သားလောကတွင်နမူနာပုံစံ ပြဆား သကဲ့သို့ စာသင်သားများ သိတင်းသုံးရန် သပ်ရပ်သေချာ ထယ်ဝါခန့်ညား ကြီးမားလှသော ကျောင်းဆောင်တော်ကြီး နှစ်ဆောင်နှင့် စာသင်သံဃာ သုံးရာကျော်တောင်း ပုဂ္ဂိုလ်ပေါင်းတို့ ကိန်းအောင်းခမ္မလျှော် ပျော်စံရာအစစ် အောင်မင်္ဂလာတိုက်သစ်ကြီးသည် ထက်အောက်မြန်ပြေ နှဂရေဒွေ့ ရှင်လူရဟန်း အံ့ဓနန်းအောင် ဂုဏ်ရောင်ထင်ရှား အသိများသော ကျောင်းတိုက်ကြီးဖြစ်ပါသည်။ ယင်းကဲ့သို့-စာသင်သံဃာ သုံးရာကျော်ဘွင် ဘွဲ့လျှင်တူများ ဆယ်ပါးသံဃာ ပေါများတာကြောင့် အရှင်ကုဏ္ဍလ နာမဘင်ပေါ် ဘွဲ့မည်တော်မှ ဂုန်ရှိန်တန်ဆာ ဖူးပွင့်လာမည့် သညီနာမ အရှင်ဂုဏာလင်္ကာရ နာမဘွဲ့ကျော် အမည်တော်သို့ ရောက်ခဲ့ရပြန်ပါသည်။

ထပ်မံကြိုးစား အဋ္ဌကထာများ ထို့နောက်တဖန် ၁၃၃၄-ခု ကဆုန်လဆန်း ၁၄-ရက်နေ့သို့ ရောက်သောအခါ ရန်ကုန်မြို့ အလယ်တောရဇဝနတိက္ခပါဠိဘက္ကသိုလ် ဆရာတော်အထံဘွင် ရွှေပြောင်းကာ အဆိုပါအဋ္ဌကထာကျမ်းကြီးများကိုပင် ထပ်မံကြိုးစား သင်ကြားဆည်းပူးခွင့် ရခဲ့ပြန်ပါသည်။

မန်းမှနောင်တော် ထပ်၍ခေါ် ထို့မဘထောက် ၁၃၃၄-ခုနှတ်တော်လဆန်း ၇-ရက်နေ့ ရောက်သောအခါ မန္တလေးမြို့ မဟာခမ္မိကာရာမတိုက် ရွှေဒဂ်ိုးကျောင်းဆရာတော် ဦးအာစိဏ္ဏသည် မိမိထံ

ပါး အခြားသူမရှိ၊နေ့ဝါ ည၀ါ သာသနာ့ရေးကိစ္စ မျှားပြားလှသောကြောင့် နောက်ထပ်တဖန်ပြန်၍ခေါ်သဖြင့် မန္တလေးမြို့သို့ ပြန်လည်ရောက်ခဲ့ရပါသည်။

ဤသို့ နောင်တော်ထံပါး ဗဟုကိစ္စများကို နေ့ညမပျက် ဆောင်ရွက်ယင်းပင် ဓမ္မာစရိယ စာချုတော်အဘန်း ကျမ်းရင်းသုံးကျမ်းတို့ကို ဆွဲတ်လှမ်းနိုင်ရန် ကြိုးပမ်းအားထုတ်လာခဲ့ရာ ဆရာတော် ဦးအာစိဏ္ဏထံမှနေ၍ ၁၃၃၇ ခုနှစ် ဓမ္မာစရိယ စာချတန်းစာမေးပွဲ၌ ပါရာဇိကဏ် အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာ ၁၃၃၈-ခုနှစ် စာမေးပွဲ၌ သီလက္ခန် အဋ္ဌကထာတို့ကို ကောင်းစွာဖြစ်မြှောက် အောင်ပန်းဆွတ်ခူးနိုင်ခဲ့သဖြင့် "ဓမ္မာစရိယစာချဘန်း" ပညာရေးဒရိုး အပြီးသတ် နိဂုံးချုပ်လျက် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော "ဘဒ္ဒန္တ ဂုဏာလင်္ကာရ သာသနဓဇ ဓမ္မာစရိယ" ဟူသော သီးခြားစာချပုဂ္ဂိုလိဘွဲထူးကို ဆွတ်ခူး ခံယူရရှိပါသဘည်း။

သာသနာမှူ ပြုရန်ကတိ ယင်းသို့ ဓမ္မာစရိယ သီးခြားစာချဘွဲထူးကို ဆွတ်ခူး ခံယူရရှိပြီးနောက် ၁၃၁၃-ခု တပေါင်းလဆုတ် ၁၅-ရက်နေ့ ရောက်သော အခါသမယ၌ မန္တလေးမြို့ မဟာမြဲကာရုမတိုက် အနောက်မြောက်ထောင့် အရပ်မှနေ၍ ပင်လှတ်လိုက်သော် ထာဝရမဇ္ဈိမ ပုရိသ၏ ခဲတကျရောက်ရာ မင်းသမီး မသီတာအိမ်မှ စ၍ မီးဟုန်းဟုန်းတောက်လောင်သဖြင့် မန္တလေးအရှေ့ တောင်မြို့နယ် ချမ်းမြသာဉာဏ် မြောက်ရပ်ကွက် မီးလောင်မြေ မြေကွက်ပေါင်း ၄၇၉- အဆောက်အဦပေါင်း ၅၀၆၊ အိမ်ထောင်စုပေါင်း ၈၈၃၊ ဆယ့်နှစ်နှစ်အောက် လူဦးရေပေါင်း ၁၃၁၆၊ ဆယ့်နှစ်နှစ်အထက် လူဦးရေပေါင်း ၂၇၅၇၊ ဓမ္မာခုံ ၄၊ စာသင်ကျောင်း ၁၊ မဟာဓမ္မိကာရုမတိုက် မီးလောင်ကျောင်းပေါင်း ၄၀၊ သံဃာတော်ပေါင်း ၃၂၁၊ မီးဏိခံတွင်း သက်ဆင်းကြရပါသည်။

ဤင်းတို့အထဲတွင် မိမိတို့ ကျောင်းသည်သည်း အနိစ္စသဘာဝ မီးခပါ၍ တောင်ကြီးခရိုင် ကလောမြို့ မဟာမြဲကာရုမ သိမ်တောင်ကျောင်းတိုက်တွင် သာသနာအမှု ပြုရန်အရေး ကတိပေးမှုကို အခြေအနေအရ ဖျက်သိမ်းခဲ့ရပါသည်။

သာသနာ့တာဝန် တို့တာဝန် ထိုသို့ သာသနာမှု ပြုစုရန်အရေး ကတိပေးထားသည်ကို ဝမ်းနည်းစွာ ဖျက်သိမ်းခဲ့ရပါသော်လည်း "သာသနာ့အရေး တို့အရေး၊ သာသနာ့ကိစ္စ တို့ကိစ္စ၊ သာသနာ့တာဝန် တို့တာဝန်" ဟူ ဦးပဉ္ဇင်း၏ ဟဒယနှလုံးခတ် စိတ်တော်မြတ်၌ အမြဲမပြတ် ကိန်းဝပ်ကာ ယခုအခါ ရွှေဒဂံးကျောင်းတိုက်မှာလဲ ကျက်မှတ်သင့် ကျက်မှတ်ထိုက်သော ပရိတ္တသုတ္တန် ဓမ္မစက္ကသုတ္တန် အနတ္တလက္ခဏ

သူတို့နှစ်သော ဘုရားဟောဒေသနာ ကျမ်းများစွာတို့ကို လေ့လာကျက်မှတ်လျက် ဝတ်မပျက် ဆွမ်းခံကာ ဒါယကာ ဒါယိကာမတို့အားလည်း တရားရအောင် အမြဲပင် တိုက်ကျွေးခြင်း သာသနာ့ဘာဝနှင့်ကို ရွက်ဆောင်လျက် ရှိပါသတည်း။

မိတ္ထီလာမြို့နယ် ဂွေးတောက်ကုန်းကျောင်း
ဦးသေပါက (ဓမ္မာစရိယ) ၏ ထေရုပ္ပတ္တိအကျဉ်း

ဤအရှင်သည် ရမည်းသင်းမြို့နယ်အောင်းပေါင်းရွာ အဖဦးဘိုးသောင်း၊ အမိ ဒေါ်လှဦး တို့မှ ၁၃၀၀-ပြည့်နှစ်၊ ကဆုန်လဆန်း ၁၅-ရက် လပြည့်သောကြာနေ့တွင် ဖွားမြင်ပြီး သားလေးယောက်ဘို့တွင် အငယ်ဆုံး သားရတာနာ ဖြစ်ပါသည်။

၁၄-နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီးလျှင် ၁၃၁၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်၊ တနင်္ဂနွေနေ့တွင် အောင်းပေါင်းကျောင်း ဆရာတော်ဘုရား၏ ခြေတော်ရင်းဝယ် ၎င်းကျောင်း ခဏ္ဍသိမ်၌ တံဘားဦးရွာ ရှေပြည်သာကျောင်းဆရာဘော် ဦးဇဝနကို ကျောက်ထီးတန်၊ ဥပဇ္ဈာယ် ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ဒုတိယ အနေအားဖြင့် တောင်သာမြို့နယ် ကျောက်ကာရွာကျောင်း ခဏ္ဍသိမ်ဝယ်၊ ကျောက်ကာရွာကိုသောင်းကြယ်+မစိန်ခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သိမ်ထပ်ပြီး (ပုနော-ပသမ္ပဒ)အဖြစ်သို့ ရယူခဲ့ပါသည်။

တတိယ အနေအားဖြင့်ရင်း၊ စကုဏ္ဍ၊ ပဥ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ အနေအားဖြင့်ရင်း မိတ္ထီလာမြို့ ဆေးကုန်သည် အမ ဒေါ်စိန်တင်နှင့် မောင်-ဦးညို+ဒေါ်သန်းခင် မိသားစု၊ ဒေါ်အုံးမေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာခဏ္ဍသိမ်၌ သိမ်ထပ်ပြီး (ပုနောပသမ္ပဒ) အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

နဝမအကြိမ်အားဖြင့်ရင်း၊ ဒသမအကြိမ်အနေအားဖြင့်ရင်း၊ မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံဆရာမကြီးဒေါ်ခင်မေနှင့် သမီး ကိုသန်းဝင်း+မတင်သောင်း (အထက်တန်းသူနာပြုဆရာမ)တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ဝမ်းတော်ပြည့် ခဏ္ဍသိမ်၌ပင် (ပုနောပသမ္ပဒ)အဖြစ်ကို ခံယူခဲ့ပါသည်။

ကောဒသမ အကြိမ်အနေအားဖြင့် ပုပ္ပားဆရာတော် ဦးပရမဝဏ္ဏသိဒ္ဓိ အမှူးပြုသော ဂွေးတောက်ကုန်းရွာ ဒါယကာ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟ

ကို ခံယူ၍ ဂွေးတောက်ကုန်းကျောင်း ခဏ္ဍသိမ်၌ (ပုနောပသမ္ပဒ) အဖြစ်သို့ ရောက်ရှိခဲ့ရပြန်ပါလေသည်။

အောင်မြင်သော စာမေးပွဲများ

ပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်းကို ၁၃၁၆-ခုနှစ်၊ ပထမလတ်တန်းကို ၁၃၁၇-ခုနှစ်၊ ပထမကြီးတန်းကို ၁၃၁၈-ခုနှစ်များ၌ အောင်မြင်ခဲ့ပါသည်။ ၁၉၁၆-ခုနှစ်၌ အဘိဓမ္မာ စာမေးပွဲ ပထမဆင့်၊ တတိယဆင့်ကို အောင်မြင်ခဲ့ပါသည်။ ၁၃၂၆-ခုနှစ်၌ အစိုးရ မွောစရိယ စာမေးပွဲကျမ်းရင်း သုံးကျမ်းနှင့် မြင်းခြံမြို့ သာသနာပါလ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့ပါသည်။

ဤ အရှင်၏ ပရိယတ္တိ၊ ပဋိပတ္တိ ဩဝါဒစိုရိယများမှာ—

(၁) ရမည်းသင်းမြို့ အင်းပေါင်ကျောင်း ဆရာတော် ဦးဝိစိတ္တာဘိဝံပုလ္လ။

(၂) မိတ္ထီလားမြို့ သဒ္ဓမ္မဝံသာရုံ ကန္ဒားတိုက် တိုက်အုပ် ဆရာတော် ဦးဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ) နှင့် ကထိက စာချ ဆရာတော်များ။

(၃) တောင်သာမြို့နယ် ကျောက်ကာရွာ မဟာဗောဓိ ဘုရားကြီးကျောင်းတိုက် တိုက်အုပ် နာယက ဆရာတော် ဦးသိရိမင်္ဂလနှင့် စာချဆရာတော်များ၊ ၎င်း ဆရာတော်များမှာ ဤ အရှင်၏ ပရိယတ္တိပညာရေးကို သင်ပေးတော်မူခဲ့ကြသော ဆရာတော်များ ဖြစ်ကြပါသည်။

(၄) ညောင်ဦးမြို့ မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးကလျာဏနှင့် လက်ထောက်ဆရာတော်များ။

(၅) မိတ္ထီလားမြို့ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ ဆရာတော် ဦးသူရိယ၊ ၎င်းဆရာတော်များမှာ ဤ အရှင်၏ ပဋိပတ္တိကျင့်နည်းကို သင်ပေးတော်မူခဲ့ကြသော ဆရာတော်များ ဖြစ်ပါသည်။

(၆) ရန်ကုန်မြို့ ကမောရွတ် ဇေယျဝတီကျောင်းတိုက် နာယက ဆရာတော်နှင့် လက်ထောက်ဆရာတော် ဦးကောသလ္လ၊ ဦးသုဒဿန (ဒီဃနိကာယကထာ)။

(၇) ဝမ်းတွင်းမြို့ ဗဟာဇောတိကာရုံမ သိမ်တောင်တောရတိုက်ကြီး၏ ဂဏပါမောက္ခ၊ ဂဏာစရိယ ဆရာတော် အရှင်သူမြတ်များ။

(၈) ဂန့်ဂေါမြို့ ခင်သာကျောင်း ဆရာတော် ဦးတေဇောသာရ။

(၉) ဂန့်ဂေါ်မြို့ တောကျောင်း ဆရာတော် ဘုရားကြီး၊ သုသာန်ကျောင်း ဆရာတော်များ၊ ၎င်းဆရာတော်များမှာ ဤ အရှင်၏ သြဝါဒါစရိယ ဆရာတော်များဖြစ်ပါသည်။

(၁၀) ဤ အရှင်၏ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးမှာ ရမည်းသင်းမြို့နယ် တံတားဦးရွာ ရှေပြည်သာကျောင်း ဆရာတော် ဦးဇဝနထေရ် ဖြစ်ပါသည်။

ဤ အရှင်၏ ကမ္မဝါစာဆရာတော်များမှာ—

(၁) မန္တလေးမြို့ ညောင်ကန်တိုက် ရတနာဝဲသီရိကျောင်း ဆရာတော်။
(၂) ရမည်းသင်းမြို့နယ် မြို့လှတောင်ကျောင်း ဆရာတော်။
(၃) ၎င်း ဝါးရုံတောကျောင်း သင်ကျောင်း ဆရာတော်။
(၄) ၎င်း အင်းပေါင်ဆရာတော်။
(၅) ၎င်း သိုက်မျှောင် ဆရာတော် ဦးသုန္ဒရ။
(၆) ၎င်း မြို့လှအလယ်ကျောင်းဆရာတော်ဦးသီလာစာရ။
(၇) ၎င်း မြို့လှမြောက်ကျောင်း ဆရာတော် ဦးဇောတိက။
(၈) မိတ္ထီလာမြို့ ကန္ဒားတိုက် သိရောမဏိကျောင်း ဦးဓမ္မသာရ။
(၉) ရမည်းသင်းမြို့နယ် အင်းဓပေါင်ကျောင်း ဦးသုမန။

အနုသာသနာစရိယ ဆရာတော်မှာ မန္တလေးမြို့ ညောင်ကန် တိုက် ရတနာဝဲသီရိကျောင်း ဆရာတော် ဖြစ်ပါသည်။

နိကာယသာသနာဝင်စာတမ်းအကျယ်
ငယ်စဉ်အခါ ဝါသနာ

ငယ်စဉ်အခါကာလ၌ ဤ အရှင်သည် ပညာရေးဘက်မှာ မိမိအထက်မှ ပညာရေး ခရီး ပေါက်ရောက်နေသူ ကိုရင် ကျောင်းသားများကို အားကျပြီး လျှင် သူတို့ ခရီးပေါက်ရောက်နေကြသလို ပေါက်ရောက်လိုသောစိတ်ဆန္ဒ ဝါသနာ ရှိခဲ့ပေသည်။ ဤ အရှင်သည် ငယ်စဉ်ကာလ၌ အအိပ်ကို စုံမက်ခဲ့လေသည်။ ကျောင်းသားဘဝ၌ ဆရာသမားထံတော်မှ အသစ်အသစ် ဖြစ်သော စာများကိုတက်ပြီး မရ ရအောင် ကျက်မှတ်ပြီးလျှင် အိပ်၍သာ နေတတ်ပါသည်။ ဆရာတော်သည် အကြောင်းမဲ့သိသေးမီ "သည်ကောင် သူများတွေ စာအံချိန် စာကျက်ချိန်ကျလျှင် အိပ်၍သာနေသည်။ နင် တက်ထားသည့်စာ ပြန်စမ်း၊ ရလျှင်ရ မရလျှင် နင်တော့အသေဘဲ" ဟု ကြိမ်းမောင်းပြီး စာပြန်

ခိုင်းပါသည်။ ဖြောင့်ဖြူး သာယာစွာ ပြန်ပြနိုင်လျှင် "နင်စာပြန်တော့လဲ အဖြောင့်ဘဲ၊ တနေ့ဖြင့်လည်း ဖြောင့်ဖြူးသာယာစွာ ပြန်ပြနိုင်၊ တနေ့ဖြင့်လည်း ဖြောင့်ဖြူးသာယာစွာ ပြန်ပြနိုင်သည်"ဟု ဆရာအချင်းချင်း ပြိုင်ကြလေတော့သည်။

"တပည့်တော်မှာ တပည့်ကောင်းတယောက် ရှိပါဘယ်၊ ဒီကောင်လေးဟာ သူများ စာအံ စာကျက်နေလျှင် သူက အိပ်တော့တာဘဲ၊ အိပ်ရာမှ နှိုးပြီး စာပြန်ခိုင်းတော့လဲ ဖြောင့်နေတာဘဲ၊ ဘယ်အချိန် စာကျက်စာအံပြီး ရနေလိုက်တယ်ဆိုတာကို မသိဘူး၊ ဒီလောက်ဘဲ ဉာဏ်ကောင်းတဲ့ တပည့်တယောက် ရှိနေတယ်" စသည်ဖြင့် ဂုဏ်းဂဏ သံဃာ ကျောင်းထိုင် ဆရာတော် အချင်းချင်း တွေ့ဆုံကြုံတိုင်း တပည့်ချင်း ပြိုင်ကြလေတော့သည်။

အခြောင်နာမည်ကြီးခဲ့ရခြင်း

ဆရာအချင်းချင်း ပြိုင်ကြရာမှ ဒါယကာချင်း ပြိုင်သည့် အဆင့်သို့ ကူးဇက်ပါလေတော့သည်။ ဒကာချင်းပြိုင်ကြရာမှ ဤအရှင်၏ ရွှေကောင်းမှု ပါရမီ ဖြစ်ဟန်တူသည်။ "ဟာ အင်းပေါင်ကျောင်းက ကောင်လေးဟာ အိုင်နေယင်းတောင်မှ စာဓကျက်ဘဲ စာတတ်ရသတဲ့၊ ဒီလောက်တောင် ဉာဏ်ကောင်းသတဲ့" စသည်ဖြင့် ရွာနီးချုပ်စပ် ဟိုးလေးတဲကျော်ကျော် အခြောင်နာမည်ကြီးခဲ့ရပါလေတော့သည်။

ရှင်သာမဏေအဖြစ်ဖြင့် ဝါတွင်း တနေ့သော ကာလမှာ ဤအရှင်၏ မွေးရပ် ဇာတိရွာနှင့် ၂-မိုင်ကွာဝေးသော ကွန်းကျင်း အမည်ရှိ ရွာမှ မဟာဒုက် ဇာရေးတံ ဆွမ်းကျွေးပဲ့ကို ဤ အရှင် သွားရောက်ခဲ့ပါသည်။ ဤအရှင် မဲကျသောအိမ်၌ ဤအရှင်ထက်ကြီးသော အခြားကျောင်းမှ ရှင်သာမဏေ များနှင့်အတူ လေးငါးပါးလောက် ဆွမ်းစားဆိုခဲ့ရပါသည်။

ဆွမ်းစားပြီးလျှင် ဒါယကာ ဒါယကာမများက သီလပေး ရေစက်ချ ဘို့နှင့် ကိုရင်ကြီးမှစ၍ အငယ်ဆုံးဖြစ်သော ဤအရှင်တိုင်အောင် "သီလပေး တတ်လား ရေစက်ချတတ်လား"ဟု မေးမြန်းလျှောက်ထားလာပါတော့သည်။ ကိုရင်ကြီးများသည် သီလမပေးတတ်ကြောင်း၊ ရေစက်မချတတ်ကြောင်း ပြောဆိုကြ၍ ဤအရှင်က သီလပေးတတ်ကြောင်း၊ ရေစက်ချတတ်ကြောင်း ပြောပြီး သီလပေး ရေစက်ချသောအခါ ဖြောင့်ဖြူးသာယာစွာ သီလပေးနိုင်း၊ ရေစက်ချနိုင်သည်ကို ဒါယကာ ဒါယကာမများ ကောင်းချီးနှုမော် သာမုခေါ်ကြ၍ "ကိုရင်ကလေး၊ ဘယ်ကျောင်းက လဲ"ဟု မေးမြန်းကြပြီးလျှင် အင်းပေါင်ကျောင်းက ကိုရင်လေးဟာ အရွယ်နှင့်လိုက်အောင် သီလပေးတတ်လိုက်တာ ရေစက်ချတွေ့ ချလိုက်တာ ဟူသော ချီးမွမ်းစကားကို ရွာနီးချုပ်စပ် အဆင့်

ဆင့် ကြားပြီး ဟာ—အင်းပေါင်ကျောင်း ကိုရင်ကလေးဟာ ငယ်ငယ်ကလေးနဲ့ သီလတေ့ပေးတတ် ရေစက်တေ့ချတတ် တရားတေ့ ဟောတတ်လိုက်ဘာတဲ့ စသည်ဖြင့် ရွာနီးချုပ်စပ် ဟိုးလေးတခကျော်ကျော် အခေါ်ခြင် နာမည်ကြီးခဲ့ရပြန်လေတော့သည်။

အဘိုးဦးခန့်နှင့် ဦးဝင်းတို့၏ဆန္ဒ

ဤအရှင်အား ငယ်စဉ်အခါ ဤကဲ့သို့ နာမည်ကြီးနေသောအခါ ဤအရှင်၏ ဇာတိရပ်ရွာနှင့် ၄-မိုင် ၅-မိုင်ကွာ ဖီးတော ကုလားမြောရွာများဦး နေထိုင်ကြသော အဘိုးတော်စပ်ကြသူ ဗမာသမားဘော်ကြီးများ ဖြစ်ကြသည့် ဆရာကြီး ဦးခန့်နှင့် ဦးဝင်းတို့သည် ရွာစဉ်လှည့်၍ ဆေးဝါးကုသကြယင်း ဤအရှင်၏သတင်းကို ကြားသိကြလေလျှင် ဤအရှင်၏ မိဘများထံ တောင်းခံလာကြတော့သည်။

"မင်းတို့သားဟာ ပါဂမိအလွန်ထူးဘယ်၊ ဆရာကောင်း ကောင်းသလောက် ပညာရေး ခရီးခရက်နိုင်ဘယ်။ ငါဘို့ကို ပေးရင်ပေးစမ်း၊ ငါ့ဘို့စိတ်ကြိုက် ဆရာကောင်း သမားကောင်းများထံ အပ်နှံပေးမည်။ ပြုစုစောင့်ရှောက်ဘဝန် အသီးသီးကို ငါတို့တာဝန်ယူတယ်" စသည်ဖြင့် တောင်းခံပြောဆို နေကြသည်ကို ဤအရှင်ကိုယ်တိုင် ငယ်စဉ်ကပင် နားနှင့်ဆပ်ဆပ် ကြားသိခဲ့ရပါသည်။ သို့သော် သူတို့ဆန္ဒကား မပြည့်ဝ၊ ဤအရှင်လည်း ပညာရေးခရီး ဖင့်ခဲ့ရပါသည်။

နာမည်ကြီးခြင်း အကြောင်းရင်း

ဤအရှင် ငယ်စဉ်ကခါက နည်းကောင်းတခု ရှိခဲ့လေသည်၊ ဤအရှင်သည် ဆရာတော်သခင် သင်ပေးလိုက်သော စာကို ပဌမရအောင် ကျက်မှတ်လိုက်ပါသည်။ ၎လျှင် စိတ်ဖြင့် အိပ်လျက် ပြန်ဆိုနေဘတ်ပါသည်။ သို့အတွက် အိပ်ရာမှနိုးချိ ပြန်ဆိုလျှင် ဖြောင့်ဖြူးသာယာစွာ ပြန်ဆိုပြသနိုင်ခြင်း ဖြစ်ပါသည်။ ဤအရှင်၏လျှို့ဝှက်စာကျက်နည်းကို မသိကြလေတော့ ဒီလောင်လေး ကိုရင်လေးဟာ ဘိုင်နေခြင်းမှ နှိုးခိုင်းခိုင်း ဘယ်တော့ဖြစ်ဖြစ် ဖြောင့်ဖြူးစွာ စာကိုပြန်နိုင်တယ် စသည်ဖြင့် ပြောဆိုချီးကျူးကြခြင်း ဖြစ်ပါသည်။

နောက်ပြီး ဤအရှင်ငယ်ငယ်က ဝါသနာကောင်း၊ နည်းကောင်းတခုမှာ ယနေ့ညနေ ဆရာသမားထံမှ တက်လာခဲ့သည့်စာကို နောက်နေ့နံနက် စောစော သူများအရင် ပြန်နိုင်အောင် ညဉ့်အိပ်ရာဝင်လျှင် မီးခွက်ဖြင့် ကြည့်၍ ကျက်မှတ်ပြီး ၎င်းစာကို အာရုံဖြင့် စိတ်ထဲမှ ကျက်မှတ်ယင်း ရိုခဲ့ပါသည်။ စာအာရုံဖြင့် အိပ်ရာဝင်ခြင်းကြောင့် စာအာရုံ

ဖြင့်ပင် အိပ်ရာမှ နိုးတတ်ပါသည်။ သန်းခေါင်ကျော် တရေးနိုးပြန်လျှင် မိမိ ပြန်ပြရမည့်စာ ရမ္မရ တခါပြန်စမ်းကြည့်ပါသည်။ မရလျှင် မီးခွက်ထွန်းညို ပြီး စာအုပ်ကို ပြန်ကြည့်သည့် အလေ့အကျင့် ဝါသနာရှိခဲ့လေသည်။ စဉ်းစား၍ ရလောက်လျှင် မီးမတွန်းညိုဘဲ စာအာရုံကို တဖန်ယူ၍ စဉ်းစားယင်း အိပ်လိုက်ပြန်ပါသည်။ နံနက်အိပ်ရာထလျှင် မျက်နှာသစ်၊ ဆွမ်းအိုးလေးများ လှည့်လည်ယူယင်းဖြင့် စာကိုပြန်လည်စဉ်းစားရင်း ကျောင်းကိုသွားတတ်ပါသည်။ဆွမ်းအိုးဆေး ထမင်းစားပြီး ကျောင်းတက်လျှင် ဤအရှင်သည် သူများအလျင်ဦးအောင် စာပြန် စာတက်ခဲ့လေတော့သည်။

သရုပါမည့် ဝါသနာ

ဤအရှင် ငယ်စဉ်က ဤအရှင်၏ ဇာတိရပ်ရွာ ဆရာသမားကျောင်း၌ ဦးဝေပုလ္လအမည်ရှိသော ဦးပဉ္ဇင်းဘပါးရှိပါသည်။ (ဤအရှင်၏ဝါသနာမျိုးစေ့ကို ပေးလိုက်သော ဦးပဉ္ဇင်းကို ဆိုလိုသည်)။ ၎င်းဦးပဉ္ဇင်းသည် (၈) ခုက်လပြည့်လကွယ် ဥပုသ်နေ့များ၌ ယပ်လွဲစာအုပ်ဖြင့် ဥပုသ်သည်များကို ပဉ်ပြ၍ တရားဟောပြောလေ့ရှိသည်။ ၎င်းဦးပဉ္ဇင်းသည် အသံကောင်းကောင်းဖြင့် ယပ်လွဲသံပါပါ ဟောပြောလေ့ရှိသည်ကို ဤအရှင်သည် တစေ့တစောင်း မှုနားထောင်နေယင်း ငါလဲကြီးလို့ရှိခင် ဤပုဂ္ဂိုလ်လိုတရားဟောကတ်အောင် ကြိုးစားမည်ဟူသော စိတ်ဒေကြွဖြင့် စာအံရမှာ ပျင်းသည့်အခါ ရံခါနံခါ ယပ်လွဲစာအုပ်များကို ကောက်ကိုင်ပြီး ခမ္မကထိကမျိုးစေ့ကို ငါသနာဗီဇအဖြစ် စိုက်ပျိုးကျဲချလာခဲ့ပေရာ ယခုထက်တိုင်အောင်ပင် ရှင်သန်ကြီးတွားလျက် ရှိနေပါသည်။

ပညာရေး ခရီးစဉ်

ဤအရှင်သည် အမိဝမ်းမှ ပွားမြင်ပြီး ဘယ်နှစ် ဘယ်အရွယ်မှစ၍ ကျောင်းလိုက်သည်ဟူ၍ မမှတ်မိပေ။မှတ်မိသည်ကား ၃-နှစ်သားအရွယ်လောက် (က–ခ)ဗျည်း ၃၃-လုံးကို အလွတ်ရ၍ အလွတ်ရေးတတ်နေခြင်းပင်ဖြစ်သည်။ ဤအရှင် ၇-နှစ်အရွယ်လောက်တွင် သင်ပုန်းကြီး(ရွှေးဟောင်းသင်ရိုးအတိုင်း) ၃-ခေါက်လောက် ပေါက်ပြီး မင်္ဂလသုတ် ပါဠိအနက်ကို တက်ရောက်သင်ကြားနေရပါလေပြီ။

ဤအရှင် ၁၀-နှစ်အရွယ်တွင် အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ ပရိတ်ကြီး၊ လောကနီတိ၊ ပါဠိအနက် သင်ရိုးများကို ပေါက်ရောက်နေပြီ ဖြစ်သည်။ ဤ အရှင် ၁၃-နှစ် အရွယ်လောက်တွင် ဆရာသမား၏ သာရေး နာရေး (သုမင်္ဂလ၊ဒုမင်္ဂလ)ကိစ္စများကို တဖက်မှ

ကူညီဆောင်ရွက်ယင်း ဇာတ်ကြီး ၁၀-ဘဲ့အပါအဝင် တေမိယဇာတ်တော်ကြီးကို ရွေးမူ၊ ရွေးဟန်၊ ကစ်ဆံ၊ ကင်းဝတ်ဆံ၊ ကောင်းဝတ်ဆံဖြင့် ကျွန်းသား (၀၇) လက်ပံသားဖြင့် ပြုလုပ်ထားသော ၂-တောင့်ထွာ ပမာဏရှိ သင်ပုန်းကြီးဖြင့် လက်ရေးလှလှရေးယင်း သင်ကြားခဲ့ပါသည်။

ဤ အရှင် ၁၄-နှစ် အရွယ်မှစ၍ ၁၆-နှစ်အရွယ်ထိ ဆရာသမား၏ နိုင်ငံရေး ပယောဂသံသယတို့ ဘေးအန္တရာယ်နှင့် ပြည်တွင်းစစ် အန္တရာယ်ကို ကာကွယ် ပုန်းရှောင်နေယင်းဖြင့် သဒ္ဒါကြီး သန္ဓိကျမ်းကို ပါဠိအနက်၊ပုဒ်ဖြတ် ပုဒ်စပ်၊ သုတ်ပြီး၊ ရွတ်ပြီးအထိ တတ်မြောက်အောင် သင်ယူခဲ့ပါသည်။

မှတ်ချက်။ ။ဤ အရှင်သည် အပြင်အောင်ခြင်းမှသည် လောကနီတိ တိုင် အောင် တဲ့ဘက်နှင့် စာတက်ခဲ့ရသည်ဟူ၍ ကောင်းကောင်းမရှိခဲ့ပေ။ ရံဖန်ရံခါ မိမိရွေမှ ကိုရင် ကျောင်းသားများကို မှီ၍ နည်းနည်း ပါးပါး အတူ တဲ့တက်ရသော်လည်း မကြာခင်ပင် သူတို့ကို ကျော်လွန်ပြီး ထယောက်တည်းသာ တက်ခဲ့ သင်ယူခဲ့ရုပါသည်။

ဤမှတ်ချက်နေရာတွင် ဤအရှင်၏ အထူးမှတ်တမ်းတင်ခဲ့သည်မှာ—

၁။ သူတပါးကို အားကျမခံ ပညာမာန်ဖြင့် သူဘပါး သည်စာကို တက်လျှင် ငါလဲ တက်နိုင်အောင်ဟူသော စိတ်ခတ်ဖြင့် သင်ယူခဲ့ခြင်း။

၂။ ကျောင်းတက်မျက်အောင် အိမ်အလုပ် မည်မျှခိုင်းခိုင်း မလုပ်မကိုင်၊ ကျောင်းကိုသာ မှန်မှန်တက်ရောက် သင်ယူခြင်း။

၃။ ဆရာသမား သင်ကြားပေးသောဘာကို မပျင်းမရိ သင်ယူလေ့ကျက်မှု ရှိခဲ့ခြင်း။

၄။ ဆရာသမားက ငါကောင်မ်း ဆဲရေး ဆိုက်ပုတ်၍ ဆုံးမသည်ကို မငြိုမငြင် ခံယူခဲ့ခြင်းများ ဖြင့်ပါသည်။

ဤ ဒုနရာ၌ ဆရာသမားများ၏ အဆုံးအမ ခံယူခဲ့ရပုံကို နှုတ်းလင်း တင်ပြသင့်ပါသည်။ ဤ အရှင်သည် ပညာရေးနှင့် ပတ်သက်၍လည်း ရိုက်ပုတ် ဆုံးမမှုစသည်ကို မခံခဲ့ရပေ။ ဒုတိုင်ခရုးနှင့် ပတ်သက်၍လည်း ခိုက်ရန်ဒဏ်ခတ် ခြင်းခဲ့ခြင်းကြောင့် အဆုံးအမကို မခံယူခဲ့ရပေ။

ခံယူခဲ့ရသည်ကား ရှိပါ၏။ ခံယူခဲ့ရပုံမှာ အပြစ်တခုလည်းရှိ၏။ ဝရားခံ ကျောင်းသား ကိုရင်ရှာမရ။ ဤသို့သောအခါမျိုးဌ ဝါးလုံးသိမ်း သဘောမျိုး ဖြင့် ငါကောင်မ်းရိုက်ပုတ် ဆုံးမမှု ခံယူခဲ့ရပါ၏။ ခံယူခဲ့ရသည့်အခါမျိုးဌလည်း "လာ မင်းက စာအတော်ဆုံးမို့ အရင်ဆုံးလာ" ဟူ၍ ဒေါသူရိုက်ပုတ်ဆုံးမမှုကို ခံယူခဲ့ရပါလေသည်။

ဤအရှင်သည် ဤကဲ့သို့ ဇာတိချက်ကြွေ မွေးရပ်မြေမှ ဆရာတော်သခင် ကျေးဇူးရှင်၏ မေတ္တာတော်၊ ကရုဏာတော်များကို ခံယူယင်း ဆရာတော် သခင် ကျေးဇူးရှင်၏ ခြေတော်ရင်း၌ ကလေးအရွယ် အခြေတည်မိအောင် ရင်ခွင်ပိုက် အနေအား ဖြင့် ပညာရင်နှီ့၊ အလိမ္မာရင်နှီ့တို့ကို သောက်စို့ခဲ့ရပေသည်။

ဤနေရာ၌ လက်ဦးဆရာဖြစ်သည့်ပြင် (အာစရိယကုဏော အနန္တော) ဟူသော ဘုရားဟောနှင့်အညီ သီးသန့်အနေအား ဖြင့် ချီးကျူးကုဏ်ပြုပူဇော်လို ပေသည်။ ဤအရှင်သည် အထက်ပါ အချက် ၄-ချက်တို့တွင် သင်ယူလိုစိတ် ရှိခြင်း၊ ကျောင်းမှန်မှန်တက်ခြင်း၊ မပျင်းမရိ သင်ယူအားထုတ်ခြင်း ဟူသော အချက် ၃-ချက်နှင့် မည်မျှပင် ညီညွတ်စေကာမူ နံပါတ် (၄) ဆရာသမားများ၏ စောင့်ရှောက်မှု၊ ထိန်းသိမ်းမှု၊ ပံ့ပြင်မှု၊ သွန်သင်ဆုံးမမှု ကင်းမဲ့ပါက မျိုးစေ့မြေယာ မိုးသုံးဖြာ ပြည့်စုံသော်လည်း လုပ်ကိုင်ထွန်ယက်စိုက်ပျိုးပေးသူ ပေါင်းသင် မြက်ရှင်းပေးသူ ကင်းမဲ့ပါက အပင် အပွင့် အသီး အဖြစ်သို့ မရောက်တော့ပဲ ပိုးပေါက် ပိုးစားခြင်း၊ ပေါင်းပင် မြက်ပင်၊ သစ်ပင်ထူထပ်ပြီး ယာခင်းအဖြစ်မှ ပျောက်ကွယ်ခြင်း စသည်ဖြင့် ပျက်စီး၍ အသုံးမကျဖြစ်ရမည် မှာ မလဲပါပေ။

ဤနေရာ၌ ဆရာသမားများက ဥပမာပြု၍ ဆုံးမခဲ့သည်ကို (ဩဝါဒ စကားကို) ဖော်ထုတ်၍ ပြလိုပေသည်။ "သေဝပါက—ငါ့တပည့် ပဌမဆုံးလက် ဦးဆုံး ကန့်ကွက်လွဲဆရာဟာ ဘာနဲ့တူသလဲဆိုလျှင် ယာခင်း အဖြစ်သို့ ရောက်အောင် မျိုးစေ့ကို စိုက်ပျိုးကျဲချဖြစ်အောင် တောတောင်ကို ခုတ်ရှင်း လင်းရသော လယ်သမားကြီးနဲ့ တူတယ် ငါ့တပည့်" ဟူသော ငယ်ဆရာ လက်ဦးဆရာတော်ဘုရားသည် ဥပမာစကားဖြင့် ဆုံးမခဲ့သည်ကို သေသည့်ဘိုင် အောင် နားထဲမှာ ကြားယောင်နေမည်မှာ မလွဲပါပေ။

ဤကုဏ်ပြုလွှာဖြင့် ရမည်းသင်းမြို့နယ် အင်းပေါင်ကျောင်းငယ်စဉ်က ကန့်ကွက်လွဲဆရာတော်ဘုရားကြီးအား အတိဂါရဝ နိဝါတ နိမာန ဂုဏ ပသန္နစေတနာအပြည့်ဖြင့် ဂုဏ်တော်ကိုပွား၍ ပုံတော်အားရည်စူးပြီး ရှိခိုး ကန်တော့လိုက်ရပါ၏၊ ပူဇော်လိုက်ရပါ၏။

ပညာရေးစခန်း ဒုတိယခြေတလှမ်း

"မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ" စသော မိဘဝတ်တရားများ အရဆင်း၊ "အတတ်လည်းသင်၊ ပံ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့" ဟူသော ဆရာသမားများ၏ ဝတ္တရားများအရ ဆင်း၊ မိဘနှစ်ဖြာသော ကျေးဇူးရှင်တို့သည် တိုင်ပင်ညီညွတ်ကြကာ ဤအရှင်၏

ဆန္ဒအရ တခြားအရပ်ဒေသ သင့်လျော်မည့်ဌာနကို ရွေးချယ်စီစဉ်ကြလေသော် မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံ ကန္ဒားတိုက် ပါဠိတက္ကသိုလ်၌ အပေါင်းအသင်း ရောင်းရင်း ဖြစ်ကြကုန်သော ရဟန်းသာမဏေ များလည်း ရှိနေကြသဖြင့် ပါဠိတက္ကသိုလ် သဒ္ဓမ္မဝံသာရုံ ကန္ဒားတိုက်ကို အင်ပို့ကြပါလေတော့သည်။

ၵင်းကျောင်းတိုက်ကို ဤအရှင် (၁၆) နှစ်အရွယ် သာမဏေငယ်ဘဝ ၁၃၁၆-ခုနှစ် နယုန်လတွင် ရောက်ရှိပြီး (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်ဘော်ရ ဘဝနတ်ထံ ပို့လွှန်တော်မူသွားသော ဆရာတော်ဘုရားကြီးနှင့် ယခု ရှာသင်ကုန်း မဏိဇောတိကာရုံ ဆရာတော်ဘုရား စာချဆရာတော်ဘုရားများ ဖြစ်ကြသော ဤအရှင်၏ကျောင်းအုပ် ဘုန်းကြီး ဦးသူရိယ၊ ယခု စည်းခုံကြီး ပဌမကျော် မမ္မာစရိယကျောင်းတိုက် ဆရာတော် ဦးဝန္ဒိမာ ဦးဥတ္တရ ဦးကောဏ္ဍည ဦးမွာစာရ ကျောက်ဖူးပါဠိတက္ကသိုလ် ဆရာတော်ဘုရား ပဒုက္ကာစာချ ဆရာတော် ဦးဥဂ္ဂံသ ဆရာတော်ဘုရားများထံ၌ ပဉ္ဉာရင်နှိုက်ကို သောက်စိုခွင့် ရရှိခဲ့ရပါတော့သည်။

ကျမ်းကျင်ရာလိမ္မာ မကျမ်းကျင်ကင်ုချင်စရာ

ဤအရှင်ရောက်၍ မကြာမြင့်မီ စာဝါတော်ပိတ်ထားရာမှ သံဃာစုံလင်သောအခါ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးသည် သံဃာအားလုံးကို စုဝေးစေကာ စာဝါတော် ဖွင့်တော်မူသည့်အကြောင်း၊ မည်သည့်စာဝါမည်သည့် ဆရာတော်က မည်သည့်စာဝါ မည်သည့်ဌာန မည်သည့်အချိန်မှာ သင်ကြားပို့ချပေးမည့်အကြောင်း၊ နှစ်ဦးမှစ၍ စာမေးပွဲဖြေဆိုသည့်တိုင်အောင် စာဝါကို မှန်မှန်လိုက်၍ သင်ကြားလေ့ကျင့်း၊ သံဃာ့ပရိယတ်စုံလင်ပြီဖြစ်၍ မိမိတို့သားများ ဖြစ်ကြသည့်အတွက် ရန်ဝိုက်ဒေါသ မဖြင့်ကြလေလို့ကြောင်း စသည် ဩဝါဒရှည်ကြီးကိုပေးပြီး ပညာရေးခရီး စပါတော့သည်။

ဆရာတော်ဘုရားကြီးသည် သင်္ဂြိဟ်စာဝါကို နေ့လယ် ၁-နာရီ အချိန်တွင် ပို့ချလည်ဖြင့်ကြောင်း အမိန့်ရှိလိုက်သောအခါ ဆရာတော်ဘုရားကြီး၏ ရှေ့တော်ရှင်း၌ ပညာရင်နှိုက်သောက်စိုဘို့နှင့် သင်္ဂြိဟ်စေ့အုပ်၊ ဗလာစေ့အုပ်၊ ခဲတံ၊ ဖောင်တိန်စသည် ကိုင်ဆောင်ပွဲ့ပိုက်ကာ သံဃာတော် ၁၀၀ ခန့် ဆရာတော်ဘုရားကြီး၏ ကျောင်းပေါ်သို့ ရောက်ရှိပါလေတော့သည်။

ၵင်းသံဃာ ၁၀၀-ခန့်တွင် သင်္ဂြိဟ်စာဝါ တက်ဘူးသူများလည်း ပါမည်။ မတက်ဘူးသေးသူများလည်း ပါ၏။ ဆရာတော်ဘုရားသည် ရှေ့နားမှာ ငးဆိုကောင်းသူကို ရွေးထုတ်၍ စေးဆိုစေသည်။ ကုန်ပုဂ္ဂိုလ်များကနားထောင်ပြီး မှတ်သားရပါသည်။ သင်္ဂြိဟ်အစ ကားမဂါထားကို ပို့ချ၍ ၃-၄ ခေါက်ရှိလျှင် အားလုံးကို ဆိုစေပါသည်။ စာဝါက ပြီးဆုံးသွား

လေပြီ။ ကိုယ့်နေရာကိုယ်ပြန်၍ ချပို့ပေးလိုက်သော အနက်ကို ပြန်လည်၍ အသီးသီး လှည့်အံနေကြပါပြီ။ ပါဠိကို ကျက်နေကြပါပြီ။ ဤအရှင်ကား တခါမျှ မတက်ဘူးသေးသော စာဝါဖြစ်သည့်အတွက် မည်သည့်ပါဠိကို မည်သည့်အနက်ပေးသည်မသိ။ မသိ၍ ပြန်မဆိုတတ်တော့။ မကျမ်းကျင် မလိမ္မာဖြစ်ပြီး ဤအရှင် ငိုပွဲဆင်ရဘူးသည်။

စင်သင်သားတို့ မှတ်သားစရာ

ဤ အရှင် ငိုပွဲဆင်နေသည်ကို အတူနေ သီတင်းသုံးဖော် ဖြစ်သော ဦးတေဇိန္ဒ အမည်ရှိသော ဦးပဉ္စင်း တပါးက "သောပါက ဘာဖြစ်လို့လဲ"ဟု မေးရာ သင်္ဂြိဟ်အနက် မဆိုတတ်ကြောင်း လျှောက်ထားသောအခါ ၎င်း ဦးတေဇိန္ဒ၏ အကူအညီဖြင့် သဒ္ဒေါပေါက် နှားလည်ပါတော့သည်။ ကျမ်းကျင် လိမ္မာရပါတော့သည်။

ဤ အရှင် ယခုထက်တိုင် လက်တွေ့ကျင့်သုံးခဲ့သော စာသင်နည်းမှာ ပဌမ ရသင့်ရထိုက်သော ပါဠိကို ရအောင် ကျက်မှတ်စေပါသည်။ ပါဠိရပြီးမှ အနက်ချပေးပါသည်။ အနက်ချစဉ်အခါ ဒုတိယ အနေနှင့် အနက်ခပ်မြန်မာပြန်မည့် အစဉ်အတိုင်း ပါဠိမျှားကို သခ်ျာဂဏန်းလေးမျှား တပ်ခိုင်းပြီးမှ နံပါတ်(၁) ပါဠိကို မည်ကဲ့သို့ အနက်ပေး၊ မြန်မာပြန်သည်။ (၂) ပါဠိကို မည်ကဲ့သို့ အနက်ပေး၊ မြန်မာပြန်သည် စသည် ပြောပြပြီး အနက်ချပေးသောနည်းကို လက်တွေ့ကျင့်သုံးလျက် ရှိပါသည်။

ဤ အရှင်၏ ကိုယ်တွေ့နည်းမှာ ယခုတိုင်အောင် တပည့်သားမြေးမျှား သဒ္ဒေါပေါက် နားလည်သည်က များပါသည်။ သဘာဝအားဖြင့် ပါဠိမရပဲ အနက်ချပေးပါက လမ်းမသိသောခရီးကို သွားရသည်နှင့်တူမည်မှာမလွဲပါပေ။ အနက်မရပဲ အဓိပ္ပာယ်ပြောခြင်း၊ စဉ်းစားဝေဖန်ခြင်းသည် ထိုနည်းအတူ ဖြစ်ပေလိမ့်မည်။

ဤ အရှင်သည် စာဝါ သဒ္ဒေါပေါက် နားလည်ပြီးလျှင် ဆရာသမားမျှား ထံဘော်မှာ စာဝါစုံကို လိုက်နိုင်ခဲ့ပါတော့သည်။ တဲ့ဘက်ညီညီ သီတင်းသုံးဖော်မျှားနှင့် တိုင်ပင်နှီးနှောကာ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း စာဝါမျှားကို ကြိုးစားခဲ့သဖြင့် သာမဏေအဖြစ်နှင့်ပင် (၃) တန်းစလုံး ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈-ခုနှစ်မျှား၌ အစဉ်းအတိုင်း အောင်မြင်ခဲ့ပါသည်။

ပညာရေးစခန်း တတိယခြေလှမ်း

ဤ အရှင်သည် ငယ် လတ် ကြီး စာမေးပွဲမျှားကို အောင်မြင်ပြီး ဖြစ်သော်လည်း အခြေခံလုံလောက်ပြီဟု မယူဆရပါ။ ရဟန်းအဖြစ်သို့လည်း

ရောက်ပြီဖြစ်၍ အခြေခံကောင်းကောင်းနှင့် ပိဋကတ်တော်များကို ကြည့်ရှုသင်ကြား လေ့လာပြီး ဓမ္မာစရိယတန်းကို မြန်မြန်အောင်မြင်နိုင်ရန် တခြားသင့်လျော်မည့် နေရာကို လေ့လာစုံစမ်းပါတော့သည်။

ဤကဲ့သို့ လေ့လာစုံစမ်းနေခိုက် ဤအရှင်၏ စိတ်ဆန္ဒမှာ မိမိ၏ ကျောင်းအုပ်ဆရာတော် ဦးသူရိယသည် ညောင်လှန်းတောရုံတိုက်ဖြစ်၍ ၎င်းဆရာတော်၏ အကူအညီ ရယူပြီးညွှန်ကြားရာကို သွားမည်ဟု ဆုံးဖြတ်ပြီး ကျောင်းအုပ် ဆရာတော်အား လျှောက်ထားအကူအညီ တောင်းပါတော့သည်။ ဆရာတော်မှာ တပည့်က ဇိုင်ပင် လျှောက်ထား လာသောအခါ ကောင်းရာကို ညွှန်ကြားအပ်နှံပေးမည်ဟူသော စိတ်ဆန္ဒဖြင့် ညောင်လှန်ဂိုဏ်း ထဲက သင့်လျော်သော ကျောင်းတကျောင်းကို ငါစုံစမ်းပို့သ အပ်နှံပေးမည်ဟု အမိန့်စကား ပြန်ကြားနှစ်သိမ့်ပါသည်။

ထိုစဉ်မှာပင် မဟာဇောတိကာရာမ သိမ်တောင်တောရ ဆရာတော် ဦးကောသိယ၏တပည့် ယခု ဝမ်းဘော်ပြည့် သာသနာ့ရိပ်သာ၌ သီတင်းသုံးလုက်ရှိသော စာချဆရာတော် ဦးဇနိတ (ဓမ္မာစရိယ ပါဠိဗျာဂရဏ) သည် ကျေးဇူးတော်ရှင် မေတ္တာရှင်၊ ကရုဏာရှင် ဖြစ်တော်မူသော ဆရာတော် ဦးကောသိယ၏ တိုက်တွန်းညွှန်ကြား ပို့ဆောင်ချက်ဖြင့် ဘောဒ်သာနယ် ဝဲလောင်ကျောက်ကာ မဟာဗောဓိဘုရားကြီးကျောင်းဘိုက်၌ စာချဆရာတော် အပြင်ဖြင့် သီတင်းသုံး နေဘော်မူစဉ် ခရိုးသွားလာယာဉ်း ကားတိုက်မိပြီး မိဘဦးလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသနေစဉ် ဘွဲ့ဆို စကားဝပ်မိပြီး အနီးဘုရားအတွက် အခြေခံကောင်းကောင်းနှင့် ဓမ္မာစရိယတန်းအောင်မြင်သည်အထိ တပည့်တော်တာဝန်ယူပါသည်ဟု အာမခံရှိရန်နှင့် နှစ်သိမ့်ခေါ်ဆောင်ပါတော့သည်။

ဤသို့လျှင် ဤအရှင်သည် မဟာဇောတိကာရာမ သိမ်တောင်တောရ သီဠတောင်ကိုးလုံးဆိုင်ရာ နိကာယဝင်အပြင်သို့ ဦးဇနိတနှင့်တကွ ကခေးသိမ်တောင်ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၊ သိမ်တောင်တောခုမဟာနာယက ဆရာတော်ဦးကောသိယ၊ ဦးဒဂုံသ၊ သဲတောကိုးတောင်ပြည့်ကျောင်းတိုက် မဟာနာယကဆရာတော် ဦးဘဂရ၊ ဦးသုဇန၊ မိတ္ထိလာမြို့ ဘောဓမ္မာရုံ ဂန္ထကာရရက၊ ကမ္ဘဇာနာဝရိယ ပဉ္ဇကဘွဲ့ယခုဆက၊ ဗဟုသုတခရေဖြာ်စတင်မှုသော (တောဓမ္မာရုံဆရာတော်၊ ဂန်းတော်ပြည့် သာသနာ့ရိပ်သာ မဟာနာယက ကမ္ဘဇာနာဝရိယ ဆရာတော်စသော မဟာထေရ်ဆရာတော်ဘုရားကြီးများ၏ခေတ္တာ၊ ကရုဏာတော်တည်းဟူသော အားရိပ်မှာ မွေးမြူတ်နှားခိုခွင့်ကို ရရှိခဲ့ပါလေတော့သည်။

တောင်သာမြို့နယ် ကျောက်ကာရွာ မဟာဗောဓိဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိသောနှစ်မှာ ၁၃၂၀-ခုနှစ်ဖြစ်ပါသည်။ ၎င်း ၁၃၂၀-ခုနှစ်မှစ၍ အခြေခံစာဝါများနှင့်တကွ ဓမ္မာစရိယတန်းစာဝါများကို လေ့လာသင်ယူခဲ့ပါသည်။ ၁၃၂၁-ခုနှစ်မှစ၍ ဓမ္မာစရိယတန်း စာမေးပွဲကို ဖြေဆိုလာခဲ့ရာ သုံးနှစ်တိုင်တိုင် တကျမ်းမှမစွဲပဲ လေးနှင်မြောက် ၁၃၂၄-ခုနှစ်၌ သုတ်သီလကွန် ပါဠိတော်အဋ္ဌကထာတကျမ်းကို အောင်မြင်ခဲ့ပါသည်။ ၁၃၂၅ခု-နှစ်၌ ကျန်သောကျမ်းများ ဇာကျမ်းမှ မပါပဲ ၁၃၂၆-ခုနှစ်၌ ကျန်သောကျမ်းရင်းနှစ်ကျမ်း ပါရာဇိကဏ်ပါဠိတော် အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီပါဠိတော်၊ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းများကို အောင်မြင်ပြီး မြောစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

မရည်ရွယ်ပဲ စော်ကဲမင်းဖြစ်

ဤအရှင်သည် ပုဂံညောင်ဦးကို ဘုရားဖူးရောက်ချင် လှုသည်မှာ ကန္ဒားတိုက် နေစဉ်ကတည်းကပင်ဖြစ်ပါသည်။ သို့သော် အကြောင်းမရှိကအကျိုးမရ ဆိုတာလို သွားလိုသည်မှလွဲ၍ ဘာအကြောင်းတဆုံးမှ မရှိလေတော့မသွားဖြစ်ခဲ့ရ၊မရောက်ဖြစ်ခဲ့ရပ ။။တဖန်ကန္ဒားတိုက်မှ တောင်သာနယ်ကျောက်ကာရွာရောက်ပြန်တော့ ။အရင်နှစ်ကလျှင် ပုဂံညောင်ဦးကို အပုံနိုးလာပြီ၊ တနေ့နေ့တော့ ရောက်အောင်သွားမည်ဟု အားခဲလာသော်လည်း ခဲလေသမျှ သဲဆဲရေကျသည့်ပမာ ဖြစ်ခဲ့ရပါသည်။

ဒေကြောင်းရှိက အကျိုးရ ဆိုသည့်အတိုင်း ၁၃၂၃-ခုနှစ် ကဆုန်လဆန်းလောက်၌ မြင်းခြံမြို့ သရဝဏ် ဆိပ်ကုန်ကျောင်းဒယကာ ဦးသိန်း၊ ကျောင်းဒါယိကာမ မမကြီးတို့၏ လျှောက်ထား တောင်းပန်မှုတို့ကြောင့် ဤအရှင်တို့နေဆိုင်ရာ မဟာဗောဓိဘုရားကြီး ပရိယတ္တိ စာသင်တိုက်ကို ပဋိပတ္တိ ဓမ္မရိပ်သာနှင့်တွဲရန်အတွက် တိုက်အုပ်နာယက ဆရာတော်ဘုရားကြီးကိုယ်တိုင် ပစ္စာသမဏဇုဒ္ဓပဗ္ဗဇိတ ဇာပါးနှင့် ညောင်ဦးမြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွတော်မူပါသည်။

ကဆုန် နယုန် ဆွေ့ဆွေ့ခုန်ဟူသော စကားအတိုင်း ရာသီဥတုကားအလွန်တရာ ပူပြင်းလှပါ၏။ ဤသို့ ရာသီဥတုပူပြင်းမှုကြောင့် နောက်ပိုင်းမှာ ကျန်နေခဲ့သော စာချဆရာတော်သည် အိမ်ရှေ့ပူ အိမ်နောက် မချမ်းသာဆိုသည့်အတိုင်း ရှေ့ပိုင်းဖြစ်သော ညောင်ဦးမြို့ မဟာစည် သာသနာ့ရိပ်သာသို့ ပဋိပတ္တိအလုပ် တရားအားထုတ်ရန် ကြွတော်မူသော နာယကဆရာတော်ဘုရားကြီးမှာ သက်တော်အားဖြင့် ၆၆-နှစ်ဖြစ်၍ အရွယ်တော်အားဖြင့် ကြီးမားတော်မူသောကြောင့် တကြောင်း ရာသီဥတု ပူပြင်းမှုကတမျိုး ပစ္စာသမဏကလည်း ဝုဒ္ဓပဗ္ဗဇိတ ဂိလာနဖြစ်၍ပြုစုယုယမှု လိုအပ်သည်တို့က တဖုံ အပူမျိုး

ဒုက္ခမျိုးတို့နှင့် ကြုံနေရလေတော့မည်ဟု တွေးတော ဆင်ခြင်ခြင်း၊ တပည့်ကြီး အနေအားဖြင့် သိမြင်ခြင်းတို့ကြောင့် မချမ်းသာသော စိတ်တော်ဖြင့် ဤအရှင်နှင့် နွားထိုးကြီးမြို့နယ် သရက်ကန်မှ ဦးဇောတိက ၂-ပါးတို့ကို ခေါ်ပြီး အထက်ပါ အကြောင်းတရားတို့ကို မိန့်ကြားပြီး "ဘယ်လို စဉ်းစားကြမလဲ" ဟု တိုင်ပင်ပါသည်။

ဤ အရှင်တို့နှစ်ပါးသည် တပါးနှင့်တပါး တိုင်ပင်ပြီး မိုရသည့်မျက်နှာ မျိုးဖြင့် ဆရာသမားကိုလည်း ပြုစုရ၊ ကိုယ်တိုင်လည်း အားထုတ်ခွင့်ရ၍ (ဤ အရှင် အနေဖြင့်လည်း သွားရောက်လိုသော ဆန္ဒရှိနေသည့် နေရာလည်း ဖြစ်နေ၍) "တပည့်တော်တို့နှစ်ပါးပင် သွားရောက်ပြီး ကိုယ်တိုင်လည်း အားထုတ်၊ ဆရာတော်၏ ဝေယျာဝစ္စကိုလည်း ပြုလုပ် ဆောင်ရွက်ပါမည် ဘုရား" ဟု လျှောက်ထားကြပါသည်။

စာချဆရာတော်သည် လျှောက်ထားပြီးလျှင် ပြီးချင်း "ဟာ ဒီလိုဆို သိပ်ကောင်းတာပေါ့" ဟု မိန့်ကြားပြီး ဒါဖြင့် နံနက်သွားဘို့ရာစီစဉ်ပေတော့ ဟု မိန့်ကြား၍ ဤ အရှင်နှစ်ပါးတို့သည်မရုည်ရွယ်ဘဲ စောင်းမင်းဖြစ် ဟူသော စကားအတိုင်း အကြောင်းဘရား ရှိလာ၍ သွားလိုသော အကျိုးတရား ပြီးမြောက်ရလေတော့သည်။

ဤအရှင်နှစ်ပါး ရောက်ချိန်တွင်

နာယကဆရာတော် ဘုရားကြီးသည် ဤ အရှင်တို့ ရောက်သွားချိန်၌ တားအားထုတ်ရက် ၁၅-ရက်မျှလောက် ရှိနေလေပြီ။ ဤအရှင်တို့ ရောက်ရှိပြီး ဆရာတော်ဘုရား ဘယ်ကျောင်း၌ သီတင်းသုံး နေထိုင်သည်ကို မေး၍ ရှိပ်သာ ဆရာတော်ဘုရား ဘယ်မှာနေသည်ကို မေးလျှင် ဦးပဉ္စင်း တပါးက ရှိပ်သာဆရာတော်သည် အရှင်ဘုရားတို့ ဆရာဘော် သိဘင်းသုံးရာ ရိပ်သာရွှေထိပ်၌ ကျောင်းသို့ တရားစစ်ဆေးရန် ကြွသွားပါသည် ဘုရားဟု ဆိုလျှင် ဤ အရှင်နှစ်ပါးလည်း ဆရာဘော် နှစ်ပါးစလုံးကို ဖူးမြော်ရန် ရိပ်သာ အရှေထိပ်၌ ဆရာတော်ဘုရားကြီး သီတင်းသုံးဘော်မှာ ကျောင်းသို့ ကုန်းကမူတခုကို ကျော်ဖြတ်ကာ သွားရောက်ပါသည်။

ဆရာတော် နှစ်ပါးလုံးကို ဖူးမြော်ကန်ဘော့ပြီးကာ နောက်နေ့၌ ဤ အရှင်တို့ နှစ်ပါးလည်း တရားတောင်း၍ အားထုတ်ပါတော့သည်။ ဤအရှင်တို့ နှစ်ပါး အားထုတ်ရက်မှာ တလကျော်ရုံမျှ ဖြစ်ပါသည်။ ဤ အရှင်တို့ နှစ်ပါးသည် တလသာသာမျှသော အချိန်ကာလကိုလုံ၍ အားလည်းထုတ်၊ ကမ္မဋ္ဌာန်းရိယ သင်တန်းကိုလည်း ရအောင်ယူလိုက်ရပါသည်။

မဟာစည် ဆရာတော်ဘုရားမျှား နည်းနာနိဿယအတိုင်း နေ့တိုင်းတရား အစစ်ခံယူပြီးကာ တလသာသာရက်မျှား ကုန်လွန်လျှင် ဝါဆိုဘို့ရန် ရက်မှာလည်း နီးကပ်လာပြီမို့ ဘဏ်စဉ်တရားမျှား နာယူပြီးကာ ရိပ်သာဖွင့်လှစ်ရန်အတွက် ရိပ်သာ ဆရာတော်ဘုရား တပါးတည်း ပင့်ဆောင်လာ၍ ကျောင်းရောက် ရိပ်သာဖွင့်ပြီးလျှင် ဤအရှင် နှစ်ဖူးတို့ တလည့်စီ တရားဟော၊ တရားပြ၊ တရားစစ်ဆေးကာ ၎င်း ဝါဌ် ဆရာတော် ဘုရားကြီးသည် အဓိဋ္ဌာန်ဖြင့် (ဝစီပိတ်) စကား မပြောပဲ တရားအားထုတ်လျက် ကေစာကျင့်၍ နေပါသည်။

ဤအရှင်၏ ငယ်စဉ်က တရားဟော ဝါသနာပါသည့်အတိုင်း တရားအားထုတ်ပြီးလျှင် ရောက်လေရာဌာနတိုင်း၌ ဆရာသမားမျှားအား တဖက်တလမ်းမှ တတ်ကျွမ်းသမျှ ဟောပြောခြင်းဖြင့် သာသနာပြုလုပ်ငန်းကို ကူညီဆောင်ရွက်ခဲ့ပါသည်။

ငယ်စဉ်က သာမဏေဘဝဖြင့် မွေးရပ်ဌာနေ ဇာတိမြေမှ ဆရာတော်ဘုရားအား ကူညီဆောင်ရွက်ပြီး ဝါသနာကို ဘေးချိတ်ကာ မိမိရဟန်းခံစဉ် သိမ်ဆင်းတရား ဟောရပြန်ပါသည်။ တဖန် ရဟန်း ၄-ဝါလောက် ရသော အခါ ညောင်ဦးမှ ပြန်လာသော အချိန်မှ စ၍ ယခုတိုင်အောင် ဆရာသမားမျှား၏ မေတ္တာရိပ်အောက်မှ နေပြီး ပရိယတ္တိ၊ ပဋိပတ္တိ သာသနာနှစ်ရပ်ကို တတ်စွမ်းသမျှ မိမိကိုယ်တိုင်လည်း အားထုတ်၊ သူတပါးအားလည်း သင်ကြားလျက် ရှိပါသည်။

ဗဟုသုတ ရှာသင့်လှ

ဤအရှင်သည် ကလေးဘဝ ပညာရေးခရီးစဉ် တလျှောက် တယောက်စာည်းသာ လျှောက်ခဲ့ရသည်ကို ရေးခဲ့ပြီး ဖြစ်ပါသည်။ ယခု ပြဆိုခဲ့သော ဓမ္မာစရိယကျမ်း၌လည်း တယောက်တည်းသာ လျှောက်ခဲ့ရပါသည်။ ဤသို့ ငယ်စဉ်က ပညာရေး ခရီးနှင့် ကြီးသောအခါ ပညာရေးခရီးကို တယောက်တည်း လျှောက်ခဲ့ရသည်ဖြစ်ရာ ငယ်စဉ်က ပညာရေးခရီးမှာ တယောက်ထီးတည်း လျှောက်နိုင်ခဲ့သော်လည်း ကြီးသောအခါ ပညာရေးခရီးသည်ကား သာမန် အခြေခံ သာမန် အသိဉာဏ် သာမန် ဝိရိယမျိုးဖြင့် လျှောက်နိုင်ရန် ခဲယဉ်းလှပေသည်။

တယောက်တည်းယူ၍ မရသောတာဝန်ကို နှစ်ယောက်သုံးယောက် ယူသော် ရ၏ဟူသော ရှေးပညာရှင်တို့၏ စကားအတိုင်း မိမိကဲ့သို့သော သာမန် အခြေခံ သာမန် အသိဉာဏ် သာမန် ဝိရိယ ရှိသော နောင်လာ

နောက်သား စာသင်သား ရဟန်းသာမဏေများကို နည်းကောင်းလမ်းကောင်း ညွှန်ကြားပြသလိုပါသည်။ အခြားမဟုတ်ပါ။

၁။ ဆရာကောင်း သမားကောင်းများကို ပထမ အမှီသဟဲရအောင် ရွေးချယ်ရပါမည်။

၂။ မိမိ၏ ပင်ကိုယ်ဝိရိယထားရှိရန် ဒုတိယအနေအားဖြင့် လိုအပ်ပါသည်။

၃။ တတိယအနေအားဖြင့် မိမိ၏ အသိဉာဏ်နှင့် သူတပါး၏ အသိဉာဏ်ကို နှိုးနှောဖလှယ်ရန် တိုင်ပင်ဖော် တိုင်ပင်ဖက် သဘောတူသော ပုဂ္ဂိုလ်ကို ရှာမှီး၍ တိုင်ပင်နှိုးနှော ဖလှယ်ပြီးလျှင် တယောက်ချင်း တဦးချင်းထံမှ စု၍ အများထံမှ စု၍ အသိဉာဏ် ဗဟုသုတကို ရှာမှီးသင့်ပါသည်ဟု တင်ပြလိုပါသည်။

ဤအချင်သည် ဓမ္မာစရိယ ပါဠိပါဂုဟူသော ဘွဲ့ထူးဂုဏ်ထူးရ ဆရာသမားကို အမှီသဟဲရငြားသော်သည်း မိမိ၏ အခြေခံ အသိဉာဏ်ကနဲ့ အဖော်သဟဲက မရှိလေတော့ ဓမ္မာစရိယတန်းကို ၆-နှစ်တိုင်တိုင်ပင် ဖြေဆိုမှ အောင်မြင်ခဲ့ရပါသည်။ ဖြေဆိုခဲ့သည့် ၆-နှစ် ကာလအတွင်းမှာ ပထမတကြိမ် ကျမ်းစဉ်စဉ်က မြင်းခြံ ကိုးဆောင်တိုက်သို့ စာမေးပွဲမတိုင်မီ တလလောက် ကြိုတင်သွားရောက်ပြီး တိုက်တွင်းမှ ဓမ္မာစရိယတန်း အရှင်တို့နှင့် အဖော်သဟဲအဖြစ် တိုင်ပင်ဆွေးနွေးပြီး ဗဟုသုတကို ရယူခဲ့ရပါသည်။ နောက်နှစ်များလည်း ဤကဲ့သို့ ၂-နှစ်တိုင်တိုင် တလလောက် ကြိုတင်သွားရောက် နှိုးနှောဖလှယ်ပြီး ဗဟုသုတကိုရယူ၍ ဓမ္မာစရိယဘွဲ့ကြီးကို ဆွတ်ခူးနိုင်ပါလေတော့သည်။

နောင်လာနောက်သား စာသင်သား ရဟန်းသာမဏေများကို ဤအရှင်ကဲ့သို့ ခရီးမဖောင့်ဘဲ လွယ်လင့်တကူ မိမိရည်မှန်းထားသော အောင်ပန်းကို ဆွတ်ခူးနိုင်ရန် ရည်သန်ပြီး ညွှန်ကြားချက်ဘရပ် အနေဖြင့် နည်းပေးလိုက်ရခြင်း ဖြစ်ပါသည်။

စာသင်သားများ သတိထားရန်

၁။ စာသင်နေစဉ် ခရီးသွားလိုသော စိတ်ဆန္ဒကို အတတ်နိုင်ဆုံး ချုပ်တည်းကြရန်၊

၂။ ဓမ္မကထိကဖြစ်လိုသော စိတ်ဆန္ဒကို အတတ်နိုင်ဆုံး ချုပ်တည်းကြရန်၊

၃။ ပစ္စည်းလာဘ်လာဘကို တပ်မက်သော စိတ်ဆန္ဒကို အတတ်နိုင်ဆုံး ချုပ်တည်းကြရန် ဖြစ်ပါသည်။

ဤအချက် ၃-ချက်ကို ရှောင်ရှားနိုင်ကြလျှင် မိမိတို့လိုအင်ဆန္ဒ စာမေးပဲတည်းဟူသော ဂုဏ်ထူးဝိသေသ လာဘ်လာဘကြီးကို ကောင်းမွန်စွာ ဆုတ်ခူးနိုင်ပါလိမ့်မည်ဟု အာမခံရဲရဲနှင့် သတိပေးလိုပါသည်။

အဲဒီအချက် ၃-ချက်ထဲမှာ ပါဝင်ပြီးဖြစ်သော အထူးသတိထားရမည့် အချက်ကား ရှိပါ၏။ ပညာသင်စဉ် မောင်လုသင်စသည်ဖြင့် အများသိပြီးဖြစ်၍ ထပ်မံသတိမပေးလိုတော့ပါ။

ဤသို့လျှင် ဤအရှင်သည် တောင်သာမြို့နယ် ဝဲလောင်ကျောက်ကာရွာ မဟာဗောဓိဘုရားကြီးကျောင်းတိုက်၌ နာယကတိုက်အုပ်ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်ဦးဇနိတ (ဓမ္မာစရိယ ဝိနယပါဠိပါရဂူ) စာချဆရာတော် ဦးကုသလ(ဓမ္မာစရိယ)တို့၏ မေတ္တာတော်၊ ကရုဏာတော်ရိပ်သာကို ခိုလှုံပြီး ရည်မှန်းထားသော (ဓမ္မာစရိယ) အောင်ပန်းကို ဆုတ်ခူးနိုင်ခဲ့ပါသည်။

မှတ်ချက်။ ။ဤကျောင်းတိုက်၌နေစဉ် (ပါဠိပါရဂူ) ဘွဲ့ကြီးကို ဆုတ်ခူးရန် ရည်သန်တောင့်တသော်လည်း(ဓမ္မာစရိယပါဠိပါရဂူ) စာချဆရာတော် ဦးဇနိတသည် အကြောင်းမညီညွတ်၍ ဤအရှင်တကျမ်းစဲပြီး ၁၃၂၅-ခုနှစ်မှာပင် တပည့်ဖြစ်သော ဤအရှင်အား ဓမ္မာစရိယတန်းဆိုင်ရာ နည်းနာနယတို့ကို ပေးထားခဲ့ပြီး မဟာဗောဓိဘုရားကြီး ကျောင်းတိုက်မှ မျက်နှာလွှဲ၍ သာသနာ့တာဝန်များကိုပါပေးအပ်ပြီး တခြားအရပ်သို့ထွက်ခွာ ကြွမြန်းတော်မူသွားသဖြင့်(ပါဠိပါရဂူ)ဂုဏ်ထူးကြီးကို ဥပေက္ခာပြုလျစ်လျူရှုပြီး သိမ်တောင်နိကာယနှင့် ကင်းကွာခဲ့ရပါလေတော့သည်။

ဆရာတော် ဦးကောသိယ၏ အရိပ်

ဤအရှင်သည် သိမ်တောင်ဂိုဏ်း နိကာယ၏ ငယ်မွေးခြုံပါက် မဟုတ်ခဲ့ပါ။ သိမ်တောင်ဂိုဏ်း နိကာယဘခုလုံးကို ခြုံကြည့်ခဲ့ပါလျှင် ပထမဆရာတော်ဘုရားကြီးမှစ၍ ယခုလက်ရှိ ဆရာတော်ဘုရားကြီးတိုင်အောင် သာသနာပြုတပည့်မွေးမြူပုံမှာ အလွန်တရာမှ နည်းယူစရာကောင်းလှပါသည်။ အဘယ်သို့သာသနာပြု တပည့်မွေးမြူသနည်းဟူမူ ကျောင်းသား ကလေးသူငယ်များကို လက်ခံမွေးမြူပညာသင်ပေးယင်း ရှင်သာမဏေအဖြစ်သို့ရောက်၊ ရှင်သာမဏေအဖြစ်မှ ဂုဟန်းအဖြစ်သို့ရောက်၊ ရဟန်းအဖြစ်မှ ကျောင်းထိုင်ဘုန်းကြီးများအဖြစ်သို့ရောက်၊ စာသင်တိုက်ကြီးများ၌ တိုက်အုပ်ဆရာတော်ကြီးများ အဖြစ်သို့ရောက်၊ စာချကထိကဆရာတော်ကြီးများအဖြစ်သို့ရောက်ရှိသည်က များပါသည်။ ဤသို့သာသနာပြုတပည့်မွေးမြူပုံကို နည်းယူစရာကောင်းလှပါသည်။

ဤအရှင်ကား ထိုသို့မဟုတ်၊ ရဟန်းဖြစ်ပြီးမှ စာချဆရာတော် ဦးဇနိတ အကြောင်းပြု၍ သိမ်တောင်ဂိုဏ်း နိကာယအရိပ်ကို ခိုလှုံခဲ့ပါတော့သည်။

သို့အတွက်ကြောင့် "ငယ်မွေးခြံပေါက် မဟုတ်ခဲ့ပါ" ဟူသောစကားကို သုံးနှုန်းလိုက်ရပါတော့သည်။

ဤအချက် အထက်ဖော်ပြပါ မဟာဗောဓိဘုရားကြီး ကျောင်းတိုက်၌ သိမ်တောင်ဂဏိက နီကာယအဖြစ်ဖြင့် နေထိုင်စဉ် တနေ့သော အခါကာလ စာချဆရာတော် ဦးဇနိတနှင့်အဘူ သိမ်ဘောင်နာယကဆရာတော် ဦးကေသိယအား ပထမဆုံးအကြိမ်အဖြစ် သွားရောက်ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ဆရာတော်ဘုရားကြီးသည် မေတ္တာရိပ်လွှမ်းခြုံ ပြုံးယောင်သမ်းပြီးလျှင် စာချဆရာတော်နှင့် ပဉ္စသန္ဓာခုကထာ စကားများ ပြောကြားကြပြီးလျှင် ဤအရှင်ဘက်သို့လှည့်ကာ "ဦးဣသေပါက၊ တပည့်ဘော်ကိုနောက်ကျမှအမေတော်ရတဲ့မိဆွေးလို့ မအောက်မေ့ပါနဲ့နော်၊ ငယ်စဉ်ကတည်းက ဝမ်းနဲ့လွယ်ပြီး မွေးဖွားပေးရတဲ့မိကြီး(မိခင်)ပမာ အောက်မေ့ ရမယ်နော်" စသော တသက်တာကာလ မေ့မရနိုင်သော ကရေးချွေသြဝါဒစကားမိန့်ကြားပြီးလျှင် "ဟောဒီဦးဇနိတနှင့်အဘူ ဘယ်တော့မှမခွဲပဲ စိုက်စိုက်မြဲမြဲ ကျောက်ကာ မဟာဗောဓိဘုရားကြီးခကျောင်းတိုက်မှာ နေထိုင်ရမယ်နော်" ဟူသော အားပေးစကားများ မိန့်ကြားလိုက်သည်ကို နာယူခံရသည်မှာ ယနေ့ထက်တိုင်အောင် ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်လွှမ်းခြုံ ပြုံးယောင်သမ်းနေသော မျက်နှာတော်နှင့် တကွ သြဝါဒစကားတော်ကို မြင်ယောင်ကြားယောင်လျက်ပင် ရှိနေပါသေးသည်။ သတိရတိုင်း ချမ်းမြေ့လျက်ပင် ရှိနေပါသေးသည်။

ဆရာတော်ဘုရားကြီး၏ မေတ္တာလက်ဆောင်

ဆရာတော်ဘုရားကြီးသည် သာသနာရေးနှင့်စပ်လျဉ်းသည့် အကြံဉာဏ်ပေးစာရွှိသည်များကို ဝါချဆရာတော်အား မိန့်ကြား၍ အားပေးစကားပြောကြားစာရွှိသည်များကို ပြောကြားပြီး ဤအရှင်က ဆရာတော် တပည့်ပြန်တော့မည်ဟု ဝင်ပြီးလျှင် ဤအရှင်ကား ရေမွှေးဆပ်ပြာတခဲ၊ ကာဒေါ်လိပ် ဆပ်ပြာဘေးတော့၊ သင်္ကန်းလျှော်ဖွတ်စရာ ဆပ်ပြာကြမ်း တဘောင့်သွေးပွတ်ဘုန်းသွေးတိုက်ဆေးဖူး ငလည်များကို ယူဆောင်လာပြီးလျှင် ဤအရှင်၏ လက်ထဲသို့ ကိုယ်တော်ဘိုင် ပြုံးယောင် သမ်းနေသော မျက်နှာတော်ဖြင့် "ဦးဣသေပါက၊ ရော့-နည်းဘယ်လို မအောက်မေ့နဲ့၊ ဘုန်းကြီးရဲ့မေတ္တာလက်ဆောင်ကို ယူသွားအုံး" ဆိုပြီး မေတ္တာလက်ဆောင်ကို ပေးကမ်းချီးမြှင့်တော်မူခဲ့ပါသည်။

"ပေးကားပေး၏မရ၊ ကျေးကားကျေး၏မဝ" ဟူသော ပညာဝန်တို့ ဆိုရိုးစကားဖြင့် ဆရာတော်ဘုရား၏ ပေးကမ်းခြင်းနှင့် ဤအရှင်၏ ရယူခြင်းကို ဝေဖန်ရသော် ပေးကမ်းသောပုဂ္ဂိုလ်သည် မတော် ပေးကမ်းခြင်း

ဖြင့် ပေးကမ်းပြီး ရယူသော ပုဂ္ဂိုလ်ကလည်း ပေးကမ်းသော ပုဂ္ဂိုလ်၏ ကျေးဇူးတရားကို မသိပဲ ရယူပါမူ ပေးရာယူရာမရောက်ပဲ "ပေးကားပေး၏၊ မရ"ဟူသော စကားအတိုင်း ဖြစ်တတ်သော သဘော ရှိတတ်ပါသည်။

ယခုမူကား ဤသို့ဟုတ်၊ ပေးခဲ့သည်မှာမေတ္တာနှင့် ယှဉ်သောပြုံးယောင်သမ်းသော ချီးမြှောက်လိုသော စေတနာရှိသည့် မျက်နှာတော်ဖြင့် ပေးခြင်းဖြစ်၍ ရယူခဲ့သော ဤအရှင်သည်လည်း ဆရာတော်ဘုရားကြီး၏ မေတ္တာတော်ဂုဏ်တော် ကျေးဇူးတော်များကို သိပြီး ရယူခဲ့ရသည်မို့ "ပေးလည်း ပေး၏၊ ရလည်း ရ၏"ဟု ဆိုရပေမည်။

ဆရာတော်ဘုရားကြီး၏ မေတ္တာ စေတနာ

ဆရာတော်ဘုရားကြီးသည် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ရာ၌ ဤအရှင် တပါးတည်းကို ချီးမြှောက်တော်မူခြင်းမဟုတ်ပါ။ စာချဆရာတော် နောက်သို့ ထည့်လိုက်သော ဦးသောပါက၊ ဦးပညာဇောတ၊ ဦးဣန္ဒြိယ၊ ဦးဇောတိက၊ ရှင်စန္ဒရ၊ ရှင်ဝိလာသ စသော အရှင်များအတွက်ပါ "ဟောဒါတွေကိုလည်း ကျွန်ရစ်သော တပည့် အသီးသီးကို ပေးလိုက်အုံး၊ ပြီးတော့ တန္ဒင်တခေါက် ဘုန်းကြီးဆီကို ရောက်အောင် လာခဲ့ရမယ်၊ ကျောက်ကာမှာ မပျော်လျှင် ဘုန်းကြီးဆီကို လာနေရမယ်" စသည်စသည် ကြီးမားသော မေတ္တာ စေတနာတို့ကို စာချဆရာတော်နှင့် တကွ တပည့်အားလုံး၏ အပေါ်၌ ထားရှိတော်မူခဲ့လေသည်။

အာစရိယဂုဏော အနန္တော

မဟာဇောတိကာရာမသိမ်တောင်တောရတိုက်ကြီး၏မဟာဥစိုးနာယကဖြစ်တော်မူခဲ့သော ဤအရှင်နှင့် အမျှားဆုံးတွေ့ခဲ့ရသော ဆရာတော်ဘုရားကြီးအား ဆရာတော် ဦးကောသိယပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော် သာသနာပြုရာ၌ နည်းယူစရာအဖြာဖြာကို ရေးနေရမည်ဆိုလျှင် ကုန်နိုင်အုံမထင်။ သို့အတွက်ကြောင့် ဤမျှလောက်ဖြင့် ရပ်တန့်၍ အာစရိယဂုဏော အနန္တောဟု ဂုဏ်တော်ထုံးမှမ်း ပုံတော်မှန်း၍ ရှိခိုး ကန်တော့လိုက်ရပါတော့သည်။

အာစရိယပရံပရ ဂုဏဝိသေသ

ဤအရှင်နှင့် အထိအတွေ့များသော သံမှိသော ဆရာတော်ဦးကောသိယ၏ ဂုဏဝိသေသကိုသာ အကျယ်ခွဲ၍ နမူနာအဖြစ် ရေးသားလိုက်ပါသည်။ ပထမအင်းကြီးမှပြောင်းရွှေသီတင်းသုံးတော်မူသွားသော လက်ဦးဆရာတော်

ဘုရားကြီးများ၏ ဂုဏ်တော်များကို သာသနာ ပြုတော်မူသွားပုံများကိုလည်း၊ ပထမဆရာတော်ဘုရားကြီး၏နောက် ဒုတိယ ဆရာတော်များ၏ဂုဏ်တော်များ သာသနာပြုတော်မူသွားပုံများကို တတိယဆရာတော်၊စတုတ္ထဆရာတော် စသည် စသည်အားဖြင့် ယခု လက်ရှိ ဆရာတော်တိုင်အောင် ဆရာတော်ဘုရားများ၏ ဂုဏ်တော်၊ ကျေးဇူးတော်၊ သာသနာပြုတော်မူပုံများကို ရေးရသော် ဤအရှင်တပါးတည်း ရေးသောစာမူများသည် တအုပ်စာမျှ ဖြစ်သွားလိမ့်မည် ထင်ပါသည်။

ကင်းကွာခဲ့ရသော နှစ်ကာလနှင့် ပြန်လည်ရောက်ရှိခြင်း

ဤအရှင်သည် ၁၃၂၄-ခုနှစ်၊ သုတ်သီလကွန်ဘကြမ်း အောင်မြန်ပြီး ၁၃၂၅-ခုနှစ်လောက်မှစ၍ စာချဆရာတော် ဦးဇနိတနှင့် ခဲ့ခွာခဲ့ရ၍ သိမ်တောင်နိကာယနှင့် ကင်းကွာလာခဲ့သည်မှာ ၁၃၃၀-ခုနှစ်တိုင်အောင် ငါးနှစ်မျှလောက် ကင်းကွာခဲ့ရပါသည်။ ၁၃၃၀-ခုနှစ် နတ်တော်လဆို ဝမ်းတော်ပြည့်သာသနာ့ရိပ်သာသို့ ရောက်ရှိပြီး သိမ်တောင်နိကာယဝင်အဖြစ်သို့ ဒုတိယပတ် ပြန်လည် ရောက်ရှိခဲ့ရပါသည်။

ဝမ်းတော်ပြည့်သို့မရောက်မီ ဤအရှင်သည် တောင်သာမြို့နယ် ကျောက်ကားရွာမှာ ၂-နှစ်မျှလောက်နေထိုင် သာသနာ့ဝန်ကို ထမ်းဆောင်ပြီး ၁၃၂၈-ခုနှစ် ကဆုန်လလောက် ရန်ကုန်မြို့ ကမာရွတ် ဇေယျဝတီကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ရန်ကုန်မြို့၌ တနှစ်ဘာမျှ နေထိုင်ပြီး ၁၃၂၉-ခုနှစ်၊ ကဆုန်လသို့ရောက်သောအခါ ပခုက္ကူခရိုင် ဂန့်ဂေါမြို့ ခင်သာကျောင်းသို့ ဒါယကာများ၏ ပင့်ဆောင်ခြင်းကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

ဂန့်ဂေါမြို့၌ တနှင်ခြောက်လလောက် နေထိုင်ပြီး ဒါယကာများ ပင့်ဆောင်စဉ်အခါကလည်း တနှစ် တဝါလောက်ဟူသော တောင်းပန်ချက်ကာလလည်း ခွဲ၍ဤအရှင်အနေနှင့် ပျော်မွေ့နေပါသော်လည်း ရမည်းသင်းမြို့ ဇာတိချက်ကြွေ မွေးရပ်မြေ့ကျေးဇူးရှင် ဖခင်ကြီးကလည်း ဝေးလွန်းလှ၍ရှိန်ကုန်မနှင့်လေးကြား ပျော်မွေ့သည့်နေရာတနေရာကို ပြောင်းရွှေ့ရန် လျှောက်ထားသည်မှုလည်းဘကြောင်း၊ ဤအရှင်သည် နေရာ ပြောင်းရွှေ့ဘို့ရန် ၁၃၃၀-ခုနှစ်၊ ဝါဆိုဦး၌ ဆုံးဖြတ်ရပ တော့သည်။

ဆုံးဖြတ်ပြီးကာမှပင် ကျောင်းတကျောင်းအပ်ချင်ပါသည်ဟု ဤအရှင်အား ခင်သာကျောင်းဆရာတော်နှင့် ဆရာတော်၏ ဇာတိရပ်ရွာ ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ ဒါယကာ ဒါယိကာမများက လျှောက်ထားလာပါတော့သည်။ "အလာဘော့ ကောင်းပါရဲ့၊ အရောက်ကနှောင်း" ဆိုသည့်

စကားအတိုင်း ဖခမည်းတော် ဒါယကာကြီးအား ကတိပေးပြီးသား ဖြစ်နေသဖြင့် လက်မခံပဲ ရှောင်ရှားကာ မျက်နှာလွှဲခဲ့ရပါတော့သည်။

"ငိုချင်လျက် လက်တို့" ဆိုတာလို ကျောင်းလက်မခံပဲ မျက်နှာလွှဲပြီး မကြာမီပင် ဇမ်းတော်ပြည့် သာသနာ့ရိပ်သာ၌ သီတင်းသုံးနေသော ဤအရှင်၏ ဓမ္မာစရိယ စာချဆရာတော် ဦးဇနိတ ပို့လွန်တော်မူကြောင်း ရောင်းရင်းများထံမှ မဟုတ်သတင်းစာတစောင် ရောက်လာပါတော့သည်၊ ၎င်းစာကို ဖတ်ရှုပြီးလျှင် အာစရိယဂုဏော အနန္တောကို အတောမသတ် အောက်မေ့ကာ မျက်ရည်မဆည်နိုင်အောင် ဖွိုင်ဖွိုင်ယိုစီး ငိုညည်း ရလေတော့သည်။

ငိုယိုပြီးလျှင် ဂန္ဓဂေါမြို့ ခင်သာကျောင်း ဆရာတော် သီတင်းသုံးရာ သီးသန့် ကျောင်းဆောင် ပေါ်သို့ သွားရောက်ပြီး စာကိုပြ၍ အကြံဉာဏ်တောင်း လျှောက်ထားပါသည်။ ဤအရှင်အား နှစ်သိမ့်စကား ဟောပြောပြီးလျှင် "ဦးသောပါဓာ၊ ဘယ်လို လုပ်ချင်သလဲ" ဟု အကူအညီ ပေးရန် စကားစ၍ မိန့်ကြားပြီးလျှင် ဤအရှင်လည်း မိမိအဖြစ် အပျက်ကို ပြန်လည်စဉ်းစားပြီးလျှင် "ဆရာတော်ဘုရား၊ ယခု ထည့်လိုက်လို့ ရောက်လာသည့် စာကတာနေရာ၊ တပည့်တော်၏ ဓမ္မာစရိယစာချ ဆရာတော် သီတင်းသုံးသည်က တနေရာ၊ အဲဒါကြောင့် သေချာအောင် စုံစမ်းပြီးမှ ဆရာတော်အား ပြန်လျှောက်သားပါမည်ဘုရား" ဟု ပြန်လျှောက်ထားပြီး ဓမ္မာစရိယ စာချဆရာတော် သီတင်းသုံးရာ မိတ္ထိလာမြို့ ဝမ်းတော်ပြည့် ဆရာတော်ဘုရားထံ စုံစမ်းရပါတော့သည်။

စုံစမ်းလိုက်သည့် စာမှာ လျှောက်လွှာစာရွက် ၂-ရွက်စာလောက် ဘယ်နေရာ၊ ဘယ်ဌာန၊ ဘယ်လို ဧရာဂါနှင့် ပို့တော်မူသည်၊ စုံစမ်းပုံ့ ဘယ်လိုကျင်းပမည်၊ ပြီးလျှင် နောင်ကို ဘယ်လိုလုပ်ဖို့ အစီအစဉ်ရှိသေးသည်၊ တပည့်အနေနှင့် အညတြ သာမန် ဦးပဉ္စင်းလေး တပါး ဖြစ်သော်လည်း ဝတ်နှင်သလောက် အာစရိယဂုဏ်တော်ကို ပူဇော်လို့ပါသည်။အတတ်နိုင်ဆုံး သည်းခံပြီး မေတ္တာရှေ့ထား၍ အကြောင်းစုံကို ပြန်ကြားစေလို့ပါသည် စသည်ဖြင့် စုံစမ်းလိုက်သောအခါ ဓမ္မာစရိယ စာချဆရာတော်ကိုယ်တိုင် ရေးသည့်စာလွှာ ပြန်လာပါတော့သည်။

စာမှာ ဗလာစာရွက် ၂-ရွက်စာလောက်ဖြစ်ပါသည်။ ရေးထားသည်မှာ ဦးသေးပါက ကိုယ်တော် ကြားသည့် အတိုင်း သေတာကတော့ အမှန်ဘဲ၊ သို့သော်လည်း သမုတိ မရဏ အဓိဝိမုတ္တိမရဏမျိုးတော့ မဟုတ်ပါ။ ခဏိကမရဏမျိုးဖြင့် သေခြင်းသာ ဖြစ်ပါသည်။ ယခုအနေနှင့် စာချယင်း စာရေးနေသည်၊ သဒ္ဒါဘက်ဆိုင်ရာ ကျမ်းတစောင် တပုံထုတ်မည့် အစီအစဉ်ရှိပါသည်။ အတိတ်ကို မအောက်မေ့၊ အနာဂတ် ကိုလည်း မမျှော်၊ ပစ္စုပ္ပန် တည့်တည့်

ဖြင့် ချမ်းသာအောင်နေသည် စသည် စာပြန်လာသော အခါ ရည်မှန်းထား သော အာစရိယ ပူဇော အနာမသ ဝတ္ထုများကို စာတိုက်မှ တင်ပို့လိုက်ပြီး စျာပနအတွက် မဟုတ်ပဲ အာစရိယ အတွက် အသုံးချ ပူဇော် လိုက်ရပါ တော့သည်။

ဂန္ဓဂေါဆရာတော်အား ပံ့လှုန်တော်မူခြင်းမဟုတ်ကြောင်း လျှောက် ထားပြီး ၎င်းဝါ ၁၃၃၀-ပြည့်နှစ်မှာ ဂန္ဓဂေါမှာပင် ဝါကပ်ပြီး ဝါကျွတ် သောအခါ ကထိန် ဒါယကာ ဒါယိကာမများ လျှောက်ထားမှုကြောင့် တန် ဆောင်မုန်းလကုန်အောင် စောင့်ဆိုင်းပြီး နတ်တော်လသို့ ရောက်သောအခါ ရမည်းသင်းမြို့ မိမိဇာတိမြို့မှာပင် နေမည်ဟူသော စိစဉ်ချက်ဖြင့် ဂန္ဓဂေါမြို့မှ ပြောင်းရွှေ့ထွက်ခွာလာခဲ့ရပါသည်။

မိတ္ထီလာမြို့သို့ ရောက်သောအခါ ဓမ္မာစရိယ စာချဆရာတော်ထံသို့ တင်ပို့လိုက်သော ဝတ္ထုငွေရောက်သည် မရောက်သည်ကို မေးလျှောက်ယင်း ဂန္ဓဂေါမြို့မှ ရွှေ့ပြောင်းလာခဲ့ကြောင်း စသည်ဖြင့်လျှောက်ထားယင်း ခေတ္တ ဟူသောရည်ရွယ်ချက်ဖြင့် ဝင်ရောက် အနားယူခဲ့ပါသည်။

ဤသို့ ဝမ်းတော်ပြည့်သို့ရောက်လျှင် ဆရာတော်က "ကဲ ဦးသောပါ က၊ သည်က ဘယ်ကိုမှ သွားဘို့ရာ စိတ်မကူးနဲ့တော့၊ သည်ဝမ်းတော်ပြည့် မှာပင် သာသနာပြုရမည်"ဟု အမိန့်ရှိပါသည်။ ဤအရှင်ကလည်း ရည်ရွယ်ခဲ့သော ရမည်းသင်းမြို့မှာ နေရာတခုရှိကြောင်း အဆင်သင့်က ရမည်း သင်းမြို့မှာ နေဘို့အကြောင်း လျှောက်ထားလျှင် ဒါဖြင့် ရမည်းသင်းမြို့ကို သွားဆောက်ဝံးမ်းချေဦး။ ရမည်းသင်းမြို့မှာ အဆင်မပြေလျှင် ဝမ်းတော်ပြည့် မှာပင် နေရမည်ဟု အမိန့်ရှိ၍ ရမည်းသင်းမြို့သို့ သွားရောက် စုံစမ်းသော အခါ ရမည်းသင်းမှ ကျောင်းသည် အဆင်မပြေပါ။ ဤသို့လျှင် ဝမ်းတော် ပြည့် ဆရာတော်၏ စကားအတိုင်း ဝမ်းတော်ပြည့်မှာပင် ခေတ္တခဏမှသည် ၁၀-နှစ်တိုင် ဝမ်းတော်ပြည့် ဆရာတော်ဘုရား၏ အရိပ်မှာ ခိုလှုံပြီး သာသ သနာပြုယင်းဖြင့် သိမ်တောင် နိကာယဝင်အဖြစ်သို့ ရောက်ခဲ့ရပြန်ပါသေ တော့သည်။

ဝမ်းတော်ပြည့်မှ ခွေးတောက်ကုန်းကျောင်းတော်သို့

ဤအရှင်သည် ဝမ်းတော်ပြည့်သာသနာ့ရိပ်သာ၌ ၁၃၃၀-ပြည့်နှစ် နတ် တော်လတွင်နောက်ရှိပြီး ဆရာတော်ဘုရား၏ ဓမ္မဒေသနာလုပ်ငန်းကို တတ် စွမ်းသမျှ ကူညီပြီး သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သလို စာချဆရာတော် ဦးဇနိတ၏ ပရိယတ္တိလုပ်ငန်းကိုလည်း တဖက်ဘလမ်းမှ ကူညီဝန်ထမ်းခဲ့ပါ သည်။ သည်တွင်မက ဆရာတော်ဘုရား၏ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်

သော ဓာတ်တော်ပူဇော်ပွဲ၌လည်း ပေးအပ်သော ကျရာတာဝန်၊ သာသနာ့အဆောက်အဦများ ဆောက်လုပ်ရာ၌လည်း ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခဲ့ရပါသည်။

ဤအရှင် ဝမ်းတော်ပြည့်ရိပ်သာ၌ ဆရာသမားများ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ယင်း ပရဟိတလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သလို ပါဠိပါရဂူ ဂုဏ်ထူးဆောင်စာမေးပွဲကို စာချဆရာတော်ထံမှ နည်းခံမှတ်သားပြီး ၁၃၃၁-ခုနှစ်မှ ၁၃၃၆-ခုနှစ်တိုင်အောင် ၆-နှစ်တိုင်တိုင် ဖြေဆိုခဲ့ပြီး အတ္ထဟိတ လုပ်ငန်းကိုလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသေးသည်။ ၆-နှစ်တိုင်တိုင် ဖြေဆို၍ မအောင်မြင်ခဲ့လျှင် အားမသန်၍ မာန်ကိုလျှော့ရပါတော့သည်။

၃-နှစ်ခဲ့ ၄-နှစ်လောက် ပရဟိတလုပ်ငန်းသက်သက် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဝမ်းတော်ပြည့်နှင့် ၂-မိုင်ပျော့ပျော့လောက်ဝေးသော ခွေးတောက်ကုန်းရွာသို့ ဆရာဘော်၏ကိုယ်စား သုမင်္ဂလ—ဒုမင်္ဂလ ကိစ္စများကို သွားရောက်၍ ဓမ္မဒေသနာကုသိုလ် ပွားများခွင့်လည်း ရခဲ့ပါသည်။ မိတ္ထီလာမြို့နယ်တခုလုံး ရဟန္တာဟု သမုတ်ကြသော ခွေးတောက်ကုန်း ဆရာတော်ဘုရားကြီး အားလည်း ဖူးမြော်ခွင့်၊ ဝါဆိုသက်နှံး ဆေးပစ္စည်းများဖြင့် ပူဇော်ခွင့်လည်း ရရှိခဲ့ပါသည်။

ဆရာတော်ဘုရားကြီးအား မိမိ ကိုယ်တိုင်လည်း ဖူးမြော်ပူဇော်သူတော်ကိုလည်း တိုက်တွန်းပို့ဆောင်ယင်းဖြင့် အကြိမ်ကြိမ်အခါခါရောက်ရှိရာမှ ဆရာတော်ဘုရားကြီးနှင့်လည်း ရင်းနှီး၊ ရပ်ရွာ ဒါယကာ ဒါယိကာမများနှင့်လည်း သိရှိရင်းနှီးပြီး ၁၃၃၉-ခုနှစ်၊ နှင်းတော်လဆန်း ၉-ရက်နေ့တွင် ဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံ ပို့လွှန်တော်မူပါတော့သည်။

စျာပနပွဲ ပြီးမြောက်အောင်မြင်ရေးအတွက် ဝမ်းတော်ပြည့်ဆရာတော်အား စာချ ဆရာတော်များနှင့်အတူ သွားရောက် ကူညီ ဆောင်ရွက် နေခဲ့ရာမှ ဤအရှင်အား ပုပ္ပားဆရာတော်နှင့် ရပ်ရွာ ဒါယကာ ဒါယိကာမများသည် ဂိုဏ်းဂဏသံဃာတော်များ ရွေးမျောက်တွင် ဝမ်းတော်ပြည့် ဆရာခံတော်၊ စာချဆရာတော်များထံတော်တွင် ကျောင်းအပ်နှင်းရန် တောင်းဆိုလျောက်ထားကြပြီး ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိစျာပနပွဲကို ၁၃၃၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄-ရက်နေ့တွင် ကျင်းပပြီး ဤအရှင်အား ကျောင်းအပ်နှင်းပွဲကိုလည်း ဖိုလ်ပြည့်ကျော် ဂ-ရက်နေ့တွင် ကျင်းပကြ၍ ဤအရှင်သည် ဝမ်းတော်ပြည့်မှ တဖန် ခွေးတောက်ကုန်း ကျောင်းတော်သို့ ကျောင်းထိုင် အဖြစ်ဖြင့် ရောက်ရှိပြန်ပါလေတော့သည်။

သိမ်တောင် ဂဏ်က နိကာယအရိပ်ကြီးကို ပေးအပ်ခြင်း

ဤအရှင်သည် ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ၌ နေ့စဉ် သိမ်တောင် ဂဏ်က နိကာယအဖြစ်ဖြင့် သိမ်တောင်ဂိုဏ်းလုံးဆိုင်ရာဆရာ့ဆရာတို့၏အရိပ်ကို ခိုလှုံနေရာမှ ခွေးတောက်ကုန်း ကျောင်းတော်သို့ ရောက်ရှိသွားသောအခါ တောသဘာဝ ရှိနှင့်ပြီးသားဖြစ်သော ရွှေလှိုက်တည်းဟူသော အရိပ်ကို ခိုလှုံနေရသည့်အတွက် သိမ်တောင်ဂိုဏ်း တည်းဟူသော အရိပ်ကို ခိုလှုံခွင့်ရပါတော့မည်လားဟု တွေးတောစဉ်းစားနေခိုက် ဤအရှင် ခွေးတောက်ကုန်းကျောင်းတော်သို့ရောက်ရှိပြီး ၅-လရှိသော ၁၃၄၀-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက်နေ့တွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေ့ကျင်ရေး **လေတပ်စခန်း**မှ ဆရာဦးထွန်းတင်အား တောမဓမ္မာရုံ ဆရာတော်ဘုရားကြီးက စာဖြင့် လွှတ်လိုက်၍ ရောက်ရှိလာသောအခါ ဆရာတော်ဘုရားကြီး ပေးလိုက်သော စာကို်ကြည့်ရှု၍ အတိုင်းမသိ ပီတိသောမနဿဖြင့် တောမဓမ္မာရုံ ဆရာတော်ဘုရားကြီးနှင့်တကွ သိမ်တောင် နိကာယဝင် ဆရာတော်ဘုရားများအား ဦးတော်တင်မိရပါတော့သည်။

အထက်ပါစာမူကို တောမမ္မောရုံ ဆရာတော်ဘုရား၏ တိုက်တွန်းစေခိုင်းခွင့်အရ အရှင်သောပါက ကိုယ်တိုင် ရေးသား၍ ပေးပို့အပ်သည်ကို ကောင်းစွာလက်ခံရှုမှတ်ပါသည်။

အင်းမကြီးသိမ်တောင်ဂိုဏ်းဝင် မိတ္ထီလားမြို့နယ် ရွာသာရွာထန်းတပင်ကျောင်း ဆရာတော်၏ ထေရုပ္ပတ္တိနှင့်ထန်းတပင်ကျောင်း၏ သာသနာဝံသ သမိုင်းအကျဉ်းချုပ်

ထန်းတပင်ကျောင်း ဆရာတော်၏ ဇာတ်ခုက်ံကြွေး မွေးရပ်မြေမှာ မိတ္ထီလားမြို့နယ် ခင်လှူးဒိုင် ခင်လှူးရွာ ဓမည်းတော် ဦးအောင်ငုံ+မယ်တော် ဒေါ်ဆတ်မှ သက္ကရာဇ် ၁၂၇၉-ခု၊ ဝါခေါင်လပြည့်ကျော် ၅-ရက် ဦးဖွားခဲ့တော်မူပါသည်။

ထန်းတပင်ကျောင်းတွင် ရှင်သာမဏေဘဝနှင့် ၉-ဝါမျှနေခဲ့ပါသည်။ သက္ကရာဇ် ၁၃၁၁-ခုနှစ်၊ တပို့တဲ့လပြည့်ကျော် ၆-ရက် ဥပဇ္ဈာယ်ဖူးမွေ့နံနက် ၇-နာရီ ၃၀-မိနစ်အချိန်တွင် ပျဉ်သာဘုရားကြီးကျောင်း ဆရာတော် ဦးကဝိကို ကောက်ထီးတန်ဆောင်ပေးပြီးယပ်ပြု၍ ဒဟတ္တန်းကျောင်းကြီး အရှင်အဝဏ်ဒီပဓိဇဂ္ဂသိမ်ဆရာတော်ဘုရားကြီး ရှင်သာမဏေဘဝမှ ရှင်ဝါယမဓသည် မြင့်မြတ်သော ရဟန်း ပဉ္စင်း အဖြစ်သို့ ရောက်ရှိပါသည်။

တတိယမြောက် သိမ်တောင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဆရာတော် ဦးပဏ္ဍိတ၏ မြေးအရင်း ထန်းတပင်ကျောင်းဆရာတော် ဦးဝါယမသည် ယခုလက်ရှိ ထန်းတပင်ကျောင်းတွင် သီတင်းသုံးပါသည်။

ထန်းတပင်ကျောင်း ဆရာတော် ဦးဝါယမသည် သိမ်တောင်ဂိုဏ်း ဝိနည်းအာဂုံပြန်စာမေးပွဲကြီးဘွင် အလတ်တန်းမှ အောင်မြင်ခဲ့ပါသည်။ ထန်းတပင်ကျောင်းဝိုင်းမြေ၏ အကျယ်အဝန်းမှာ ၂-ကေခန့် ကျယ်ဝန်းပါသည်။ ယခု ရှေးကျောင်းကြီးသည် ခုနစ်ပင် ငါးပင်ကျယ်ဝန်းပြီး ဘုံနှင့် စမွယ်ထပ်တဆင့်ပါပါသည်။ ကျောင်းမြောက်ဘက်တွင် ဉာဏ်တော်အဆောင် ၃၀-ခန့် ဘုရားနှစ်ဆူနှင့် သိမ်တော်ကြီးရှိပါသည်။

ထန်းတပင်ကျောင်း ခေါ်သည်နှင့် လျော်ညီစွာ ထန်းတပင်ရှိ၍ မန်ကျည်းပင် မြောက်မြားစွာရှိပါသည်။

ယခုအခါနှင့်တွင် ထန်းတပင် ဆရာတော်သည် ရှင်သာမဏေများ၊ ကျောင်းသားများကို စာပေပရိယတ္တိများ သင်ကြားပို့ချလျက်ရှိပါသည်။

မိတ္ထိလာခရိုင် အနောက်လက် ဆင်စွယ်လည်ရွာ ဆင်စွယ်လည်ကျောင်း ဆရာတော် ဦးစက္ခုဓဇ အရှင်သူမြတ်၏ သာသနာဝံသကထာ

ဆရာတော် ဦးစက္ခုဓဇသည် မိတ္ထိလာမြို့နယ် အနောက်လက် ဆင်စွယ်လည်ရွာ အဘ ဦးဘိုးမြစ်- အမိ ဒေါ်ပုတ္တိမ့ ၁၂၇၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂-ရက်၊ အင်္ဂါနေ့တွင် မိုးရွှေသန်စင် ဖွားမြင်သော သားရတနာဖြစ်သည်။ မိဘ နှစ်ပါးတို့က ငါးနှစ်သားအရွယ် ဆင်စွယ်လည်ကျောင်း ဆရာတော် ဦးအာဒိစ္စအထံ၌ အပ်နှံလျက် အခြေခံ မူလဘန်း ပညာများကို သင်ကြားစေလျက် ၁၁-နှစ်သားအရွယ် ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပခဲ့ကြောင်းဖြစ်လေသည်။

မန္တလေး ဘုံကျော်တိုက် ဒေါင်းကျောင်း ပရိယတ္တိ သာသနာ့ဟိတ မူလစာချဆရာတော် ဦးဃောသိတ အထံ၌ ရှင်လိင်ပြန်လျက် ကျောင်းသား ဘဝနှင့် နှစ်နှစ်တာမျှ သဒ္ဒါ၊ သင်္ဂဟစသည့် ကျမ်းစာများ သင်ကြားခဲ့ပေသည်။ ဆရာတော် ဦးဃောသိတ ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် မန္တလေးမှ တဖန် ဦးရီးတော် သိမ်တောင်ဘောရ ဆရာတော် ဦးကောသိယနှင့်အတူ ပထမသိမ်တောင်တောရတိုက်သို့ ကျောင်းသားဘဝသို့ ပြောင်းရွှေ့လျက် နောင်တော်ကြီး ဦးသုဇနအထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆရာတော်

ဦးသုဇနသည် ယခင်ကပင် သိမ်တောင် တောရတိုက်ကြီး၌ ပရိယဘ္ဘိတာဝန် ထမ်းဆောင်လျက် ရှိလေသည်။

ဆရာတော် ဦးကလျာဏသည် သဲဘောမြို့ ကိုးတောင်ပြည့် တိုက်သစ် တည်ထောင်လျက် ကျောင်းဒါယကာ ဦးဇာကျယ်- ကျောင်းဒါယိကာမ ဒေါ်ဖြူလေးတို့၏ ပင့်လျှောက်ချက်အရ ဆရာတော် ဦးသုဇနဦးဆောင်လျက် နောက်ပါသံဃာ ၂၅-ပါးတို့နှင့်တကွ ကိုးတောင်ပြည့်တိုက်သို့ ဝါကပ်နေ ထိုင်ခဲ့စေသည်။ နောင်တော် ဦးသုဇနအမိန့်အရ သာမဏေ၇-သားအရှယ်၌ သိမ်တောင်တိုက်ဟောင်းမှ ကိုးတောင်ပြည့် တိုက်သစ်သို့ ရောက်ရှိခဲ့သည်။ ကိုး တောင်ပြည့် တိုက်သစ်၌ ၃-ဝါမျှ နေထိုင်၍ ရဟန်း အသက် စေ့သည့်အခါ သဲတောမြို့ တောင်မရပ် ရဟန်းဒါယကာ ဦးဘိုးဉာဏ်- ရဟန်းဒါယိကာမ ဒေါ်ချုံ၊ သမီး ဒေါ်ထွန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ၁၂၉၉-ခုနယုန် လဆုတ်၄-ရက်နေ့၌ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

တဝါမျှ ရသည့်အခါ ၁၂၉၉- ခုနှစ် တပေါင်းလ၌ ဆရာတော် ဦးကလျာဏ၊ ဦးနရိန္ဒ၊ ဦးကောသိယ၊ ဦးသုဇန၊ ဦးပဏ္ဍိတ၊ ဦးသူရိယ၊ ဦးကု မာရ၊ ဦးဝဏ္ဏ တပည့်ကြီးငယ်အပေါင်း ခြံရံကာ ပြက်ခရွေတောင် မောနား ဆုတောင်းပြည့် ကျောင်းတိုက်သို့ ကြွရောက်တော်မူ၍ အရွေ့တောင်ကြီး ဘုရား အနီးဘုဉ် ဗဒ္ဓသိမ်တော်ကြီးကို သာသနာတော်အတွက် သမုတ်တော်မူခဲ့ ကြသည်။

ဂုဏ်းသိမ်သမုတ်ပွဲကြီးကို မောနားဆရာတော်ဘုရားနှင့်တကွ လဲ့ပေါက် ရွာ လဲ့ပေါက်ကျောင်းဆရာတော် ဦးဝိမလ၊ ကျောင်းဒါယကာ ဦးညွှန့်နှင့် သမီး ဒေါ်တုပ်၊ တူမ ဒေါ်မိ မိသားစုတို့က ကြွရောက်တော်မူကြသည့် သံဃာ တော် အရှင်မြတ်တို့အတွက် ပစ္စည်းလေးပါးဖြင့် ဝမ်းပန်းတသာ ကပ်လှူပူဇော် ကြလေသည်။ ကိုးတောင်ပြည့်ကျောင်းတိုက်တွင် သုံးဝါမျှ ပရိယတ္တိကျမ်းစာ များ သင်ကြားလျက် ဒုတိယကမ္မဝစ်အတွင်း၌ မိခင်ဘတို့ တောမကျောင်း သင် ဆင်စွယ်လည်ရွာကျောင်းဆရာတော်များထံ မှီခိုနေယာင်း ၁၀-ဝါရရှိ ခဲ့သည်။ ရဟန်း ၁၀-ဝါရသည့်အခါ ပခုက္ကူ မဟာဝိသုတာရာမစာသင်တိုက် ကြီးသို့ အထက်ပါ စာဝါကြီးများ ပေါက်အောင် သင်ကြားခဲ့သည်။

ပခုက္ကူတွင် ငါး၀ါမျှ နေထိုင်ပြီးနောက် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက် မာဂဓနယ္ယပဒေသကျောင်းဆရာတော် ဦးနာရဒါဘိဝံသ အထံ၌ ဂုဏ်း၊ ဝေယံဘုံသာတိုက် ဦးကလျာဏ အထံ၌ဂုဏ်း၊ ဂုဏ်းမှ တောင်ထီးလင်း တိုက်အုပ် ဆရာတော် ဦးသောဘဏ၊ ရွှေကျင်ကျောင်းဆရာတော် ဦးအာစိဏ္ဏ အားသင့်၌ဂုဏ်း လောကုတ္တရာကျမ်းစာများကို လေ့လာအားထုတ်ခဲ့သည်။

၂၅-ဝါ ရောက်သည့်အခါ မင်းမနိုင်ဆရာတော် ဦးဉာဏဒီပ အမိန့်အရ ရုန်ကုန်သိပ္ပမဥ္ဇူကျောင်းတိုက်၌ ခြောက်ဝါမျှ အားပေးနေထိုင်ခဲ့သည်။ ဆရာတော်ဦးဉာဏာဒီပကျောင်းတိုက် ရွှေ့ပြောင်းသည့်အခါ မိတ္ထီလာ ဇောမကျောင်းသစ်ကျောင်း၌ နှစ်ဝါမျှ နေတိုင်းလျက် ဆင်စွယ်လည်ကျောင်း ဆရာတော် ဦးဝါသုဝ ပို့လွန်းတော်မူသဖြင့် ဆရာတော်ဦးသုဇန တာဝန်ပေးချက်အရ ၁၃၃၈-ခုနှစ်တွင် ဆင်စွယ်လည် ကျောင်းတိုက်ကြီးကို လက်ခံ၍ စောင့်ရှောက် နေထိုင်ခဲ့သည်။

ဆင်စွယ်လည်ရှာကျောင်းတိုက်ကြီးမှာ မိတ္ထီလာမြို့နှင့် ငါးမိုင်ခန့်အကွာ ကျောက်ပန်းတောင်း—ချောက် မော်ခတော်ကား လမ်းမကြီး၏ လက်ျာတက်တွင် တည်ရှိလေသည်။ ရှေးဆရာတော်ကြီးများ သာသနာ့အဆောက်အဦများမှ မြေပေါက်စေတီတော် နှစ်ဆာ၊ ဘုရားရေတောရင်း၌ သိမ်တိုက်တလုံး၊ ဝါးပင် ခုနစ်ပင်၊ ကျောင်းတော်ကြီးတဆောင်၊ လေးပင်ပတ်လည် ကျောင်းနှစ်ကျောင်း၊ သဘာဝမြေ၊ ရေကန်၊ မနှံကျည်းပင်၊ ဒဟတ်ပင်၊ ထန်းပင် ကိုဖြင့် ရစ်သိုင်းဝေဖြာလျက် သူတော်ကောင်းတို့ နှစ်ထောင်းအားရပုယ် သဘာဝအားဖြင့် တင့်တယ်သည့် ကျောင်းတိုက်ကြီးတခု ဖြစ်လေသည်။

ယခုအခါ ဆရာတော်ဦးစက္ခုဓဇသည် မိမိအတွက် သာသနာတော်ဝယ်ပင်မမူလ သိမ်တောင်ခတာရုဂိုဏ်းကြီး၏ ဂိုဏ်းဝင်ပုဂ္ဂိုလ်အဖြစ် သာသနာ့တာဝန်ကို အားပေး ထမ်းဆောင်လျက် ရှိလေသည်။

မိတ္ထီလာမြို့နယ်

လက်ပံခါးတော့ မင်းကျောင်းသာသနာဝင်

ကိုးတောင်ပြည့်ကျောင်းတိုက် ဦးစီးနာယကဆရာတော်၊ သိမ်တောင်ကျောင်းတိုက် ဦးစီးနာယက ဆရာတော်၊ သာသနာ့ဂုရု လောင်းလျာများ ပေါက်ဖွားခဲ့ရာ လက်ပံခါးတော့မင်းကျောင်းတိုက်သည် မိတ္ထီလာမြို့အနောက်ဘက် နှစ်မိုင်ကွာ သာစည်—မြင်းခြံ မိုးရထားလမ်းအနီးတွင် တည်ရှိသည်။

လက်ပံခါးတော့ မင်းကျောင်းတိုက်ကို သက္ကရာဇ် ၁၂၂၀-ပြည့် နှစ်တွင် လက်ပံခါးတော့ရွာ ဒါယကာအများက စုပေါင်းဆောက်လုပ်၍ ပထမဂိုဏ်းထောက် ဆရာတော်ဘုရားကြီး အရှင်ဝိမလမဟာထေရ်အား ပင့်ဆောင်၍ လှူဒါန်းကိုးကွယ်ခဲ့ကြရာ ယခု ၁၃၄၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၁၂၀-မျှ ကြာမြင့်ခဲ့လေပြီ။

ဂိုဏ်းထောက်ဆရာတော်ကြီး

လက်ပံခါးတော့ ပထမဂိုဏ်းထောက် ဆရာတော်ကြီးမှာ မန္တလေးမြို့ တောင်ခွင်သာသနာပိုင် ဆရာတော်ကြီး၏ ဂိုဏ်းထောက်အဖြစ် ခန့်အပ်ခြင်းကို ခံယူရရှိတော်မူသည်။

သက္ကရာဇ် ၁၂၇၈-ခုနှစ် ဝါဆိုလဆန်း ၆-ရက် နေ့တွင် မိတ္ထီလာမြို့ ကန်ထက်-ကန်အောက်ရှိ ကျောင်းပေါင်း ၂၈၀-ကျော်တို့မှ သံဃာတော်တို့က ကမ္မာကမ္မဝိနယအမှုတို့ကို ဆုံးမသြဝါဒပေးရန်အတွက် (မိတ္ထီလာမြို့ ဂိုဏ်းအုပ်)အဖြစ် တင်မြှောက်ခဲ့ကြသည်။

ပထမဂိုဏ်းထောက် ဆရာတော်ကြီးလက်ထက်တွင် သံဃာတော်၄၀ ကျော်မျှရှိခဲ့ပြီး ကိုးတောင်ပြည့်တိုက်အုပ် ဆရာတော် အရှင်ဇာဂရ မဟာထေရ်၊ သိမ်တောင်တိုက်အုပ်ဆရာတော် အရှင်ကောသိယမဟာထေရ် တို့သည် ဂိုဏ်းထောက်ဆရာတော်ကြီး၏ တပည့်ကြီးများ ဖြစ်တော်မူကြသည်။

ပထမ ဂိုဏ်းထောက် ဆရာတော်ကြီးမှ ယခုအထိ ကျောင်းတိုက်ကို အုပ်ချုပ်တော် မူခဲ့ကြသော ဆရာတော်များမှာ—

(၁) ပထမဂိုဏ်းထောက် ဆရာတော် အရှင် ဝိမလမဟာထေရ်၊
(၂) အရှင်ဣန္ဒဝံသ မဟာထေရ်၊
(၃) အရှင်သုန္ဒရ မဟာထေရ်၊
(၄) အရှင်ဇာဂရ မဟာထေရ်၊
(၅) အရှင်အဓိကပါလ မဟာထေရ်တို့ ဖြစ်တော်မူကြသည်။

အရှင်အဓိကပါလ မဟာထေရ်

ယခု လက်ပံခါးတော့ မင်းကျောင်းတိုက်၏ ဦးစီးနာယကဖြစ်တော်မူသည့် အရှင်အဓိကပါလမဟာထေရ်သည် လတ်ပံခါးတော့ရွာ ခမည်းတော် ဦးသန်းမွေး-ဒေါ်တင်တို့မှ သက္ကရာဇ် ၁၂၇၈-ခုနှစ်တွင် ပဉ္စင်းမြင့်တော် မွေခဲ့သည်။

အသက် ၇-နှစ်အရွယ်တွင် လက်ပံခါးဘော့မင်းကျောင်း ပဌမဂိုဏ်းထောက်ဆရာတော်ဘုရားကြီးထံ အပ်နှံ၍ ပညာသင်ယူခဲ့သည်။ အသက် ၁၂-နှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ အသက် ၁၇-နှစ်တွင် နောင်တော် ဦးကုသလ၏ ဒေါ်ဆောင်ချက်အရ ပခုက္ကူမြို့ မဟာဒိသုဘာရာမတိုက်သို့ ကြွရောက်၍ ပညာသင်ယူခဲ့သည်။

၁၂၉၈-ခုနှစ်တွင် ပခုက္ကူမြို့ မုံညှင်းစုရပ်- ဦးညီပု+ဒေါ်ရင့် ဦးမောင်ကြီး+ဒေါ်အေးကြင် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် နောင်တော် ဦးကုသလမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ခဲ့သည်။ ရဟန်း ၁၈-ဝါအရွတ်၌ နေရပ်ဇာတိ လက်ပံခါးတော့ရွာ မင်းကျောင်းသို့ ပြန်လည်ကြွရောက်ခဲ့သည်။ သက္ကရာဇ် ၁၃၃၅-ခုနှစ်တွင် လက်ပံခါးတော့ မင်းကျောင်း၏ ပဉ္စမမြောက် ဦးစီးနာယက မဟာထေရ်ဖြစ်တော်မူသည်။

စာဝါလိုက်ခဲ့သော ဆရာတော်များ

လက်ပံခါးတော့ မင်းကျောင်း အရှင်သုန္ဒရမဟာထေရ်၊ သဲတောမြို့ကိုးတောင်ပြည့်ကျောင်းတိုက် ဦးစီးနာယက တိုက်အုပ်ဆရာတော် အရှင်ဇာဂရမဟာထေရ်၊ ငွေသိမ်တောင်တိုက်အုပ်ဆရာတော် အရှင်ကောသိယ မဟာထေရ်တို့ထံတွင် ပညာသင်ယူခဲ့၍ ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက် အာဒရမိဿရ နိကာယာဓိပတိ အရှင် ပညာမဟာဒထေရ်၊ အရှင်နန္ဒဝံသမဟာထေရ်၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်၊ အရှင်နန္ဒိယမဟာထေရ်၊ အရှင်မာဃိန္ဒမဟာထေရ်တို့ထံတွင် နိကာယ်စာဝါများကို ဆိုဝါလိုက်ဝါများဖြင့် လိုက်ဆိုတော်မူခဲ့သည်။

သာသနာရေးဆောင်ရွက်ချက်

ယခုအခါ အရှင်အဓိကပါလမဟာထေရ်သည် လက်ပံခါးတော့ကျေးရွာ၏ သာသနာရေး၊ ဘာသာရေး တိုးတက်စေရန်ရည်ရွယ်၍ လောကီ-လောကုတ္တရာ နှစ်ဖြာသော ပညာရပ်များကို ပြသပေးတော်မူလျက် သိမ်တောင်ကိုဏ်း ဆရာတော်ကြီးများ၏ နည်းနာနှိမ်ဆယ်ဩဝါဒအတိုင်း သိမ်တောင်နိကာယ၏ တိုးတက်ကြီးပွားရေးကို ရှေးရှုလျက် (ဝိနယာနုဂ္ဂဟ) စာမေးပွဲသို့ ရှင်သာမဏေများအား ဝင်ခွင့်ပြု၍ သာသနာတော်ကို အားပေးခါးမြောက်လျက်ရှိသည်။

ဘဒန္တအဓိကပါလော၊ ဌာနာဌာနေ ဝိသာရဒေါ။
ရာဇဝိဟာရံ သောဘေတိ၊ စန္ဒိမာဂ္ဂဝ အမ္ဗရေ။

အင်းမကြီးသိမ်တောင်ဂိုဏ်းဝင်
ညောင်ရမ်းမြို့ မြို့ထောင့်ကျောင်းဆရာတော်၏ ထေရုပ္ပတ္တိနှင့်
မြို့ထောင့်ကျောင်း၏ သာသနာဝံသသမိုင်း

ညောင်ရမ်းမြို့ထောင့်ကျောင်းဆရာတော်ကို ညောင်ရမ်းမြို့မှ အဘ—ဦးညိုရောင်၊ အမိ ဒေါ်ရွှေမှန်တို့မှ ကောဇာသက္ကရာဇ် ၁၂၆၃-ခု ပြာသိုလဆန်း ၁-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

ရှင်သာမဏေဘဝတွင် ရွှေဆံတော်ကျောင်းမှာ စာပေသင်ကြားခဲ့သည်။ သက္ကရာဇ် ၁၃၁၃-ခုနှစ် ကဆုန်လပြည့်ကျော် ၁-ရက်နေ့တွင် ရဟန်းဘောင်သို့ရောက်သည်။

ညောင်ရမ်းမြို့ထောင့် ကျောင်းဆရာတော်သည် ယခုဝါတော် ၂၀-ဝါ ရပေပြီ။

ကျောင်းတိုက်ကြီးသည် ငါးပင်၊ လေးပင်ကျယ်ပြန့်လေသည်။ လေးပင်သုံးပင်ကျယ်သော ကျောင်းတကျောင်းသည် တိုက်ကျောင်း၏ တောင်ဘက်မှာ ပတ်လျက်တည်ရှိပေသည်။

အင်းမကြီး သိမ်တောင်ဂိုဏ်းဝင် ညောင်ရမ်းမြို့
အုန်းပင်တောကျောင်း ဆရာတော်၏ ထေရုပ္ပတ္တိနှင့်
အုန်းပင်တောကျောင်း၏ သာသနာ့ဝံသ သမိုင်းအကျဉ်း

ညောင်ရမ်းမြို့ အုန်းပင်တောကျောင်း ဆရာတော်ကို ဝမ်းတွင်းမြို့နယ် နဘဲကန့်ရွာတွင် အဘ-ဦးဘရှင်၊ အမိ ဒေါ်ဖြူ တို့မှ သက္ကရာဇ် ၁၂၉၉-ခု ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ ရှင်သာမဏေဘဝတွင် နဘဲကန့်ရွာ ဘုန်းကြီးကျောင်းတွင် ပညာသင်ခဲ့ပေသည်။

သက္ကရာဇ် ၁၃၂၉-ခုနှစ်တွင် သာစည်မြို့ ငါးဆူကျောင်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ခဲ့ပေသည်။ ဘွဲ့အမည်မှာ ဥဒိုးဝဏ္ဏာဖြစ်ပေသည်။

ကျောင်းတိုက်မြေသည် ငါးကေခန့် ကျယ်ဝန်းပေသည်။ သိမ်တိုက်တတိုက်ရှိပေသည်။ သိမ်ဘုရားတဆူနှင့် ကိုးတောင်ပြည့် ဘုရားဘဆူရှိပေသည်။ အာရုံခံတခုလည်း ရှိပါသည်။

ယခုတိုက်ကြီးသည် ခြောက်ပင် ငါးပင် ကျယ်ဝန်းလေသည်။ တိုက်ကြီး၏ တောင်ဘက်တွင် လေးပင် သုံးပင် ကျယ်သော တိုက်တတိုက် ရှိလေသည်။

အင်းမကြီးသိမ်တောင်ဂိုဏ်းဝင်(ရှောက်ပင်)ခြောက်ပင် တိုက်ကျောင်း၏ တည်ရာဌာနမှာ ခြောက်ပင်ရွာ၏ အရှေ့အရပ်၌ တည်ရှိသည်။ ကျောင်း၏ အကျယ်အဝန်းမှာ ခန့်မှန်းခြေ နှစ်ဧကခန့် ကျယ်ဝန်းသည်။

သစ်ပင်အမျိုးမျိုးတို့ဖြင့် စိမ်းလန်းစိုပြေလျက်ရှိသည်။ စေတီသုံးဆူတို့သည်ကြည့်ညို့ဘွယ်ကိုဆောင်၍ အရှေဘက်မျက်နှာတွင် ကံကြီးကံငယ်ပြုရသော သိမ်တော်ရှိသည်။ အာရုံခံး ကျောင်း၊ စရုပ်၊ ရေတွင်း၊အုတ်ကန် စသည်အဖုံဖုံမွေ့လျော်ဘွယ်စုံ၍ တည်ရှိလေသည်။

ယခု ရှင်ပြုံးသီတင်းသုံးသော ခြောက်ပင်တိုက်ကျောင်း အတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ—

မိတ္ထီလာမြို့အရှေဘက်တွင်၅-မိုင်မျှသာကွာဝေးပါသည်၊ခြောက်ပင်ဂါမဌာဝရတွင် တောင်သူလုပ်ငန်း အားအစုမ်းဖြင့် သက်မွေးခန္ဓာ ပြုစုပါသော အဘ ဦးရုံ၊ အမိ ဒေါ်ရင်တို့၏ ဖွားမြင်ကိုးယောက် မွေးပေါ်ပေါက်သော သမီးသားတို့တွင် သတ္တမမြောက် မွေးဖွားသားချစ်ရတနာ ကောဇာသက္ကရာဇ် ၁၂၇၉-ခု တပို့တဲ့လဆန်း ၄-ရက်ညဥ့်စက်နာရီ ၁၁-နာရီ ၁၅-မိနစ်၊ တနင်းလာနေ့တွင် ဖွားမြင်သော သားမြတ်ဖြစ်ပါသည်။

သို့စင်အလျောက် မိဘနှစ်ပါး စောင့်ရှောက်ပြုစု၍ သာမဏေပြုသော ကောဇာမှာ ၁၂၈၃-ခု၊ သာမဏေရ ပဌဝေပြုပြီးလျှင် ခြောက်ပင် မြောက်ကျောင်းရှိ ဆရာတော်ထံအပ်နှံ၍ ပညာသင်ကြားခဲ့ရာ ၁၂၈၉-ခုနှစ်တွင် မိတ္ထီလာမြို့ရှေတိုက် မာန်အောင်ကျောင်း ဆရာတော်ထံတွင် တဖန်ရှေပြောင်း ပညာများယူဆဲ ၁၂၉၅-ခု၊ တပေါင်းလဆန်း ဂ-ရက်နေ့တွင် ဥပသမ္ပဒ ပဉ္စင်းတက်ပြီး ၆-ဝါမြောက်အောင် နေ့ဝါညဥ့်ဝါဒသည့် ပရိယတ်များကို သင်ယူခဲ့လေသည်။ ၁၃၀၄-ခု ဂျပန်တို့၏ စစ်ဘေးဒဏ်ခြောင့် တောရောမြို့ပါ ရွှေလျောပျက်စီးရာတွင် ၁၄၀၆-ခုနှစ်တွင် ကျောင်းနှင့်တကွ ရပ်ရွာပါမကျန် ပုံးကဲ့သည့်လက်နက်ဒဏ်ကြောင့် ပြာပုံအတိ ဖြစ်ခဲ့သည်။

ထိုသို့ဖြစ်လျက် မြို့ပြက်ရွာပျက်စသည်တို့ကို ကြားသိကြသော သိမ်တောင် တောရတိုက်နေ အရိုးတောင်သူ ဒေါ်သောင်ဟူး၊ သမီးတပြာ ဒေါ်ဂုဏ်ငတိုက လည်းမြင့်မြတ်သောသိမ်တောင်တွင် ဝါကပ်ပါရန် လျှောက်ထားသည်ကို လက်ခံ၍ ၁၃၂၇-ခုဝါဆိုလဆန်း ၁၄ ရက်နေ့တွင် သိမ်တောင်တိုက်သို့သွားရောက်၍ (၁) ဆရာတော် ဦးနရိန္ဒ၊ (၂) ဆရာတော် ဦးကောသိယ၊ (၃) ဆရာတော် ဦးပဏ္ဍဝတို့၏ ခြေတော်သို့ အဖူးမြော် ရောက်ရာ ရှေးဖြာ အတိတ်နည်းခဲ့ဟန်တူ ပမာယူသို့ အဆိုပါ ဆရာတော်များက အန္တေဝါသိက အသင့်တပည့်ရင်းကဲ့သို့ ခင်၍ ဆုံးမသြဝါဒပေးခဲ့သည့် အဆုံးအမကိုလည်း ရွေးငယ်

မန္တလေးသို့ ပြောင်းသည့်နှစ်

၁၃၂၈-ခုနှစ်၊ သီတင်းကျွတ်လတွင် မန္တလေးမြို့ မြတောင်ပိုင်ကတ် ကျောင်းဆရာတော်ထံတွင် ပညာသင်ကြား ခဲ့ပါသည်။ ၁၃၃၀-ခုနှစ်တွင် ရန်ကုန်မြို့ ကန်တဲ့မိုးကောင်းကျောင်းတိုက် ဆရာတော် ဦးရေဝတ ထံတွင် ဘုန်စ်သိတင်းသုံးခဲ့ပါသည်။ ၎င်းဆရာတော် ဦးရေဝတသည်ကား ယခုအခါ၌ တောင်ညကွလာပ ငွေကြာရုံစာသင်တိုက် ဆရာတော်အဖြစ်ဖြင့် သာသနာ ပြုလျက်ရှိပါသည်။

၁၃၃၁-ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အာဂမနုယ္ယပ ဒေသကျောင်းဆရာတော် ဦးဝိစိတ္တာထံတွင် ၇-နှစ် ပညာသင်ကြားပြီး ၁၃၃၇ ခုနှစ်တွင် ငါန်းဇွန်မြို့ ရတနာပုံကျောင်းမှာနေ၍ ၁၃၃၉-ခုနှစ်၊ဒုတိယ ဝါဆို လဆန်း ၂-ရက်နေ့တွင် ညောင်ရမ်းမြို့မ ရွှေဆံဘော်ကျောင်းဟိုက်၌ ကျောင်း ထိုင်ဘုန်းကြီးအဖြစ် သာသနာ့ဘာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ရွှေဆံတော်ကျောင်း၏ သာသနာ့ဓမ္မ အကျယ်အဝန်းမှာ တကောကျော်ကျော် ရှိပါသည်။ ရှစ်ပင် ခြောက်ပင် ကျယ်ဝန်းသော ရွေးကျောင်းကြီး ဖြစ်ပါသည်။ သိမ်တော်သည် ကျောင်း၏အရှေ့ဘက်တွင် ရှိပါသည်။

ဆရာတော် ဦးအဂ္ဂဝံသသည် ရွှေဆံတော်ကျောင်းတွင် သာသနာတော် သုံးရပ်ကို ကြီးပွားတိုးတက်အောင် ထမ်းဆောင်သယ်ပိုးလျက် ရှိပါကြောင်း။

ပျော်ဘွယ်မြို့နယ် မြောက်ညောင်ကုန်းတိုက်ကျောင်း ဆရာတော် ဦးပဏ္ဍဝ၏ ဆရပ္ပတ္တိအကျဉ်းနှင့် မြောက်ညောင်ကုန်းတိုက်ကျောင်း၏ သာသနာဝံသ သမိုင်းအကျဉ်း

တိုက်ကျောင်းဘွဲ့ သီတင်းသုံးနေတော်မူသော ဆရာတော် ဦးပဏ္ဍဝသည် မိတ္ထီလာမြို့နယ် အနောက်လက် ၄-မိုင်ခန့်အကွာတွင် တည်ရှိသော ခြင်းကုန်းရွာ အာဒ ဦးယားမြို့+အမိ ဒေါ်ငြိမ်းတို့မှ ၁၂၃၀-ခု သီတင်းကျွတ် လဆန်း ၈-ရက် ကြာသပတေးနေ့တွင် မိုးရွှေးသန့်စင် ဖွားမြင်တော်မူသည်။

မဟာဓောတိကာရာမ သိမ်တောင်တောရတိုက်တွင် ၄-နှစ်သားအရွယ်မှစ၍ ကျောင်းသားဘဝနှင့်ပရိယတ္တိစာပေများကို သင်ယူခဲ့ပါသည်။ထို့နောက် သဲတောမြို့တွင် သိမ်တောင်တိုက်သစ် ကိုးတောင်ပြည့်ခဲ့သောအခါ သိမ်တောင် ဆရာတော် ဦးကောသိယနှင့်အတူ ပြောင်းရွှေ့ သီတင်းသုံး နေထိုင်ခဲ့ပါသည်။

အသက် ၁၂-နှစ် ပြည့်သောအခါတွင် ဘကြီး၊ အမေကြီးများက သာမဏေရုပဒ္ဓမင်္ဂလာပြု၍ ရှင်သာမဏေဘဝသို့ ရောက်ခဲ့ပါသည်။ ရှင်သာမဏေဘဝတွင် ဆရာတော် ဦးဇာဂရ၊ ဆရာတော် ဦးသုဇန၊ ဆရာတော် ဦးကောသိယ . အစရှိသော သိမ်တော်ဆင် ဆရာတော်ဘုရားကြီးများထံတွင် သဒ္ဒါ၊ သင်္ဂြိဟ်၊ ဝိနည်း စာဝါများ သင်ကြားခဲ့ပါသည်။

သက္ကရာဇ် ၁၃၁၂-ခု တပို့တဲ့လဆန်း ၈-ရက်နေ့တွင် တယ်ပင်ကုန်း တောင်ကျောင်း ခဏ္ဍသိမ်တော်ဝယ် သီဒတ်ကန် ညောင်ကုန်းကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သောရဟန်းဘောင်သို့ ရောက်ရှိခဲ့ပါသည်။

တယ်ပင်ကုန်းကျောင်းတွင် ၃-ဝါမျှ နေထိုင်သီတင်းသုံးခဲ့ပါသည်။ ထို့နောက် မိတ္ထီလာမြို့ရှေ့ ကျောင်းသစ်ကျောင်းတွင် ၄-ဝါခန့်မျှ ပရိယတ္တိစာပေများကို သင်ယူခဲ့ပါသည်။ ထိုကျောင်းသစ်ကျောင်းတွင် အစိုးရ ပထမယ်တန်းနှင့် အစိုးရ ပထမလတ်တန်း အောင်တော်မူပြီး ပထမကြီးတန်း စာများကို လေ့လာခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့ အနောက်ပြင်တောင်ခွင်တို့က်တွင် ပထမကြီးတန်း စာဝါများကို သင်ကြားခဲ့ပါသည်။ ထိုကျောင်းတွင် တဝါဆို ခဲ့ပါသည်။

ထို့နောက် တောင်သာမြို့နယ် ဝဲလောင်ချာအနီး မဟာဗောဓိတိုက် ကျောင်းတွင် စာချဘုန်းကြီး ဦးဇနိတ(ယခု ဝမ်းဘော်ပြည့် သာသနာ့ရိပ်သာ စာချဘုန်းကြီး ဝိနယပါဠိပါရဂူ) ထံတွင် အဆက်တန်းစာဝါကြီးများကို သင်ကြားခဲ့ပါသည်။ ထိုကျောင်းတွင် တဝါမျှ နေထိုင်ခဲ့ပါသည်။ ထို့နောက် မိတ္ထီလာမြို့ရှေ့ ကျောင်းသစ်ကျောင်းတွင် တဝါ သီတင်းသုံးခဲ့ပါသည်။ ထို့နောက် မိတ္ထီလာမြို့တောင်ဘက် ၂-မိုင်ခန့်အကွာ ခင်တဲတောင်ကျောင်းတွင် ၃-ဝါခန့် သီတင်းသုံးခဲ့ဘူးပါသည်။

ထို့နောက် မိတ္ထီလာမြို့ မစိုးရိမ်ကျောင်း ဆရာတော်ဘုရား ဦးကောဏ္ဍညနှင့် ညောင်ကုန်းရွာ ဒါယကာ ဒါယိကာမများက လျှောက်ထားချက်အရ ပျော်ဘွယ်မြို့ အနောက်မြောက်ဘက် ၄-မိုင်ခန့်အကွာ ညောင်ကုန်းရွာမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ် ယခုအချိန်အထိ သီတင်းသုံးနေရပါသည်။ ယခု ဝါတော် ၂၈-ဝါ ရရှိပေပြီ၊ ယခု ကျောင်းတွင် ဦးပဉ္စင်း နှစ်ပါးနှင့် ကျောင်းသားများကို စာပေပရိယတ္တိများ သင်ကြားပို့ချပေးလျက်ရှိပါသည်။

ယခုကျောင်းကြီးသည် ရှစ်ပင်၊ ကိုးပင်ကျယ်ဝန်းသော ရှေးကျောင်းကြီးဖြစ်ပါသည်။ ဘုံအဆင့်ပေါင်း မြောက်မြားစွာနှင့် အုတ်လှေကားကြီး နှစ်ခုရှိပါသည်။ ကျောင်းအရှေဘက်တွင် ကပ်လျက် ခဏ္ဍသိမ်တော်ရှိပါသည်။

ဉာဏ်တော်အတောင် ၂၀-ခန့်ရှိသော ရှေးဘုရားရှစ်ဆူရှိပါသည်။ ကျောင်းဝင်းထဲတွင် သောက်ရေတွင်း တတွင်းရှိပါသည်။ ထို့နောက် ၂၅-ပေခန့် ကျယ်ဝန်းသော ရေကန်ငယ်နှစ်ကန်ရှိပါသည်။ ကျောင်း၏ မြောက်ဘက်တွင် ညောင်ကုန်းကန်ကြီးရှိပါသည်။ ယခုအချိန် အင်းမကြီး သိမ်တောင်ဂိုဏ်းဝင် ကျောင်းတကျောင်းအနေဖြင့် မြတ်စွာဘုရားသခင်၏ သာသနာတော်ကို ပြုစုနေပါသည်။

မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်းတိုက်
သက်တော် ၈၃-နှစ် ဝါတော် ၆၂-ဝါရှိ ဆရာတော်
ဦးပဏ္ဍိဝ၏ ထေရုပ္ပတ္တိအကျဉ်း
ဖွားမြင်ရာဇာတိနှင့် သက္ကရာဇ်

ဆရာတော်သည် မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီး မြို့နယ် ဇီးတောကျေးရွာ အဘဦးအောင်ဘ-အမိဒေါ်ရွှမ်းတို့မှ ၁၂၀၅-ခုနှစ် သီဘင်း ကျွတ်လပြည့်ကျော် ၈-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ပါသည်။ မောင်နှမ သားချင်း ၈-ယောက်အနက် သတ္တမမြောက် သားရတနာဖြစ်ပါသည်။ လူအမည် မောင်ဘိုးဆောင်ဟူ၍ ခေါ်တွင်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

ဆရာတော်သည် ၁၂-နှစ်သား အရွယ် ရောက်သော အခါ အာဘဦးအောင်ဘ-အမိဒေါ်ရွှမ်းတို့က ဇီးခတောရပ်စုံကျောင်း ဆရာတော် ဦးဝိစိတ္တ (ဆရာတော်၏ ဦးလေး)ထံမှောက်တွင် ရှင်ဒါယကာခံ၍ သာမဏေအဖြင့်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြပါသည်။ ဘဲအမည်မှာ ရှင်ပဏ္ဍိဝဖြစ်ပါသည်။ ဆရာတော်သည် ၆-နှစ်ဘိုင်တိုင် ဆရာတော် ဦးဝိစိတ္တထံမှောက်တွင် အခြေခံဝေပေများကို သင်ယူခဲ့ပါသည်။

ထိုနောက် မိဘများကို ကူညီစောင့်ရှောက်ရန် သာမဏေဘဝမှ သည် လူဝတ်ကြောင်သို့ဆင်းကာ ၂-နှစ်တိုင်တိုင် မိဘတို့အား လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။ ၁၈-နှစ်အရွယ်သို့ရောက်သောအခါ ဇီးတတောရပ်စုံကျောင်းဆရာတော် ဦးဝိစိတ္တ ကွယ်လွန်ရပြန်သဖြင့် သံဃဂဏာဏ်များ ဖြစ်ပေါ်လာကာ တဖန် ဇီးတောရပ်စုံကျောင်း ဆရာတော်ထံ သက်နှံးဝတ်၍ ပညာများဆက်လက်သင်ယူပြန်ပါသည်။ ဆရာတော်ဦးဝိစိတ္တထံမှောက်တွင် သာမဏေဘဝနှင့် နှစ်နှစ်ကြာပါသည်။ အားလုံးပေါင်း သာမဏေဘဝနှင့် ၈-ဝါ၊ ၈-နှစ်ကြာပါသည်။ ၁၂၇၉-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက်နေ့နံနက် ၉-နာရီအချိန် ဇီးတော

ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးမေဓာဝီကို ဥပဇ္ဈာယ်ပြု၍ ဇီးတော ကျေးရွာမှ ဦးမောင်ကြီး-ဒေါ်ထွန်း (ဆရာတော်၏ အစ်မကြီး)တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ရဟန်းအဖြစ်သို့ ရောက်သည့်နှစ်တွင် ဆရာတော် ဦးဇင်စိဉ္စာတံမှောက်ဘုင် တဝါဆို ပါသည်။

ပရိယတ္တိကျေးဇူးရှင်ဆရာတော်များ

၁။ ဇီးတောရုပ်စုံကျောင်း ဆရာတော်ဦးဝိစိတ္တာ။

၂။ မန္တလေးမြို့ အနောက်ပြင် တိုက်တော် စေတဝန်းကျောင်း ဆရာတော်။

၃။ မန္တလေးမြို့မြင်းဝန်တိုက် အလယ်တိုက်ကြီး ဆရာတော်ဦးအာစရ။

၄။ ပိန်းဇလုပ်မြို့ တိုက်သစ်ကျောင်း ဆရာတော် ဦးဇာဂရတို့ထံဘုင် ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။

ပဋိပတ္တိကျေးဇူးရှင် ဆရာတော်များ

ဆရာတော်သည် ၄-ဝါ အရတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မဟာဇောတ်ကာရုမ သိမ်တောင်တိုက်မကြီး၏ ဦးစီးနာယက ဆရာတော်ကြီးထံမှောက်တွင် ၎င်း ဆရာတော်ကြီး ပံ့လွန်တော်မူပြီးနောက် ဒုတိယ သိမ်တော ဦးစီးနာယက ဆရာတော်များ ဖြစ်ကြသော—

(၁) ဆရာတော် ဦးဇဝန၊
(၂) ဆရာတော် ဦးဥယျ၊
(၃) ဆရာတော် ဦးကလျာဏ၊
(၄) ဆရာတော် ဦးပဏ္ဍာဝ ထံမှောက်တွင်၎င်း။
(၅) ဟံဇား သိမ်တောင် တောရ ဆရာတော် ဦးဒီပ၊
(၆) မိတ္ထီလာ တောမသိမ်တောင်တောရ ဆရာတော် ဦးမာလာဘ၊
(၇) သဲတော တောရ ဆရာတော် ဦးရေဒေး၊
(၈) ပရက္ကမ။ ဒေးဒူတိုက် ဆရာတော် ဦးဇနိန၊
(၉) ကန်မြို့ ဥဋ္ဌေကျောင်းတောရ ဆရာတော် ဦးသောဘိတ၊
(၁၀) ကန်မြို့ မင်းဒို့တောရ ဆရာတော်ဝဇိရဉာဏ်။
(၁၁) ကလေး သိမ်တောင် ဆရာတော် ဦးဘဒ္ဒန္တ (ဂုဏ်ဒေါသရှင်တော် ထံတွင် ပရားဖော်ခြင်း၊ တရားတော်ဒုတိယခြံများ လွှဲပြောင်းခဲ့ပါသည်)၊

(၁၂) လယ်ဝေးတောရ ဆရာတော် ဦးမဓာ (၎င်း ဆရာတော်သည် တယ်လေးပင်ကျေးရွာဇာတိ ဖြစ်ပါသည်)။

(၁၃) သထုံ မင်းကွန်း ဇေတဝန် ဆရာတော်ကြီး။

အထက်ပါ ဆရာတော်ကြီးများထံတွင် ပဋိပတ္တိ ကျင့်စဉ်များကို အား ထုတ်ခဲ့ပါသည်။

အမြိုမြို အနယ်နယ်၌ သာသနာပြုခြင်း

ဆရာတော်သည် ပဋိပတ္တိ သာသနာတော် စည်ပင်ပြန့်ပွားရေးကို ဦးစားပေး ဆောင်ရွက်လိုသော ဆန္ဒရှိသည့်အလျောက် အောက်ပါ မြို့နယ်များသို့ တရားဟောခြင်း၊ တရားပြတော်မူခြင်းများ ပြုခဲ့ပါသည်။

(၁) မော်လမြိုင် ဘီလူးကျွန်း ပိုင်းဒါးကျောင်း ကျောင်းတိုက်၌ ကျောင်းထိုင်ဘုန်းကြီး အဖြင်ဖြဲ့ရင်း၊

(၂) မြိတ်မြို့ ပျဉ်းငယ်ကျောင်းတိုက်၌ရင်း၊

(၃) တောင်ကြီး သိမ်ဘောင်ကျောင်းတိုက်၌ရင်း၊

(၄) ကျောက်မဲမြို့၌ရင်း၊

(၅) မိုးကုတ်မြို့ အရှေ့ပိုင်း ကျောင်းကြီး၌ရင်း ဝိပဿနာတရားတော် များကို ဒါယကာ-ဒါယိကာမတို့အား ဟောကြား ပြသတော် မူခဲ့သည်။

၎င်းနောက် ဆရာတော်သည် အိန္ဒိယနိုင်ငံသို့ တပါးတည်း သဘော်ဖြင့် ကြွသွားတော်မူ၍ အိန္ဒိယပြည် ကုသိနာရုံ ကျောင်းတိုက်၌ တရားအားထုတ်တော်မူခဲ့ပါသည်။ အိန္ဒိယမှအပြန် မိမိမွေးရာဇာတိဖြစ်သည့် နွားတိုးကြီးမြို့နယ် ဇီးတောကျေးရွာ ရွာပစ်စုံကျောင်း၌ ကျောင်းထိုင်ဘုန်းတော် ကြီးအဖြစ်နှင့် တရားများ ဟောကြား ပြသတော်မူခဲ့ပါသည်။

၎င်းနောက် မိုးကုတ်မြို့မှ ဒါယကာ-ဒါယိကာမများ ပင့်လျှောက် ချက်အရ မိုးကုတ်မြို့အရှေ့ပိုင်း ကျောင်းကြီးသို့ ပြန်ကြွခဲ့ပြီး တရားများ ပြသ ဟောကြားတော်မူခဲ့ပါသည်။ တရားဟောကြားနေစဉ် မိုးကုတ်မြို့ရှမ်းစုရပ်နေ ကျောင်းအမကြီး ဒေါနှန်းစောက လိမ္မော်ခြံမြေနေရာကို လှူဒါန်းပါသည်။ ထိုသို့ လှူဒါန်းသည်ကို ဆရာတော်သည် လက်ခံလိုသော ဆန္ဒ မရှိသော်လည်း အရှေ့ပိုင်း ကျောင်းကြီး ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ လိမ္မော်ခြံ ကျောင်းကို လက်ခံတော်မူခြင်း ဖြစ်ပါသည်။ ၎င်းနောက် ၁၃၀၈-ခုနှစ်

ဝါခေါင်လဆန်း ၁၀-ရက်နေ့မှစ၍ ယနေ့တိုင် သီတင်းသုံး နေထိုင်တော်မူသည်။

ဆရာတော်သည် လိမ္မော်ခြံ အမည်ကို သဘောမကျသဖြင့် သတိပဋ္ဌာန်ကျောင်းတိုက်ဟု အမည်ပေးတော်မူပါသည်။ ယနေ့အချိန်အထိ သတိပဋ္ဌာန်ကျောင်းတိုက်ဟု အမည်တွင်ပါသည်။

ဆရာတော်သည် သတိပဋ္ဌာန်ကျောင်းတိုက်ကြီးကို တည်ထောင်ကာ တရားဟောခြင်း၊ တရားပြခြင်းတို့ဖြင့်သာ အချိန်ကုန်စေခဲ့ပါသည်။ ၎င်းပြင် ဆရာတော်သည် ဒုလ္လဘရဟန်းခံပွဲများနှစ်စဉ်ပြုလုပ်ခဲ့ရာ ယခုနှစ်အထိ ၂၄-နှစ်တိုင်တိုင် ရှိပါသည်။ တနှစ်လျှင် ဒုလ္လဘလောင်းလျာများ ၅၀-မှသည် ၈၀-ထိ သာသနာ့ဘောင်သို့ ချီးမြှင့်ထောက်ပံ့ခဲ့ပါသည်။ ဆရာတော်သည် ဒုလ္လဘရဟန်းခံပွဲများ နှစ်စဉ် ဖြစ်မြောက်နိုင်ရေးကို ရည်ရွယ်၍ သတိပဋ္ဌာန်သာသနာနုဂ္ဂဟအသင်းတည်ထောင်တော်မူထားပါသည်။ ယခု ၎င်းအသင်းက ဦးဆောင်၍ ဒုဟန်းခံပွဲ နှစ်စဉ် ဖြစ်မြောက်ရန် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

ဆရာတော်သည် ၈၃-နှစ်၊ ဝါတော် ၆၂-ဝါရှိနေပြီဖြစ်၍ အားအင်ချည့်နဲ့သည်က တကြောင်း၊ ဇရာတရားကလည်း ဖိစီးနှိပ်စက်သည်က တကြောင်းထိုအကြောင်းများကြောင့် ဆရာတော်တို့မ၏ သားဖြစ်သူ အရှင်သုနန္ဒအား ဆရာတော်ပိုင်ဆိုင်သည့် မိုးကုတ်မြို့ သတိပဋ္ဌာန် ကျောင်းတိုက်နှင့် မိုးကုတ်ကြပ်ပြင် ကံဦးကျောင်းတိုက်၊ ဇီးဘောရွာပ်စုံကျောင်းတိုက်များကို ဆက်သက်ထိန်းသိမ်းစောင့်ရှောက်ရန် ဘပြီးအပိုင် လွှဲအပ်တော်မူခဲ့ပြီး ဖြစ်ပါသည်။

အရှင်သုနန္ဒသည် ဆရာတော် ဟောပြော ပြသထားသော နည်းနာနိဿယအတိုင်း ဒါယကာ-ဒါယိကာမများကို ဆက်လက်၍ တရားတော်များ ပြသ ဟောကြားလျက် ရှိပါသည်။ ယခု ဆရာတော်သည် တရားဟောခြင်း တရားပြသခြင်းကို မပြုလုပ်တော့ဘဲ မိုးကုတ်မြို့ သတိပဋ္ဌာန် ကျောင်းတိုက်၌ ချမ်းမြေ့စွာ သီတင်းသုံးလျက် တရားဓမ္မများကို ဆင်ခြင် ရှုပွားလျက် ရှိပါသည်။

အတ္ထုပ္ပတ္တိ စုဆောင်းရေးသားသူ
ဦးကောင်း
မြို့မရပ်၊ မိုးကုတ်မြို့၊
၁၃၇၀-ခု နတ်တော်လဆန်း ၆-ရက်နေ့။

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် နွားကူးလေးကျေးရွာ နွားကူးလေးအရှေ့ကျောင်း ဆရာတော် ဦးကုသလ၏ ဘေရပ္ပဉ္ဇိကထာ

ဆရာတော် ဦးကုသလသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် နွားကူးလေးကျေးရွာတွင် ၁၂၉၇-ခုနှစ်၌ အဘ ဦးဘရိ+အမိ ဒေါ်အေးကြည်တို့မှ ဖွားမြင်သော ဒုတိယမြောက် သားရတနာဖြစ်သည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို နှစ်ပေါင်း ၅၀၀၀-ရှည်ကြာနိုင်အောင် တည်တံ့ခိုင်ခံ့ ပါစေခြင်း အကျိုးငှာ ရည်သန်သမှု အာရုံပြု၍ သူတော်ကောင်းတို့၏တရား လက်ကိုင်ဆောင်ကြကုန်လျက် ရုတနာသုံးပါးတို့ကို အမြဲမပြတ် ဆည်းကပ်ကိုးကွယ် ပူဇော်လျက်ရှိကြကုန်သော မိဘနှစ်ပြာတို့သည် ၁၁၁၈-ခုနှစ်၌ ပဉ္စဓမဂ်လာသဘင် ဆင်ယင်လျက် သာသနာ့တောင်သို့ ဝင်ရောက်ခဲ့ရာ ၁၃၁၉-ခုနှစ်ဘဒြကြီးလှဲ မွေးမိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြစ်သားမြို့နယ် နွားကူးလေး အနောက်ဘွဲ့ သိတင်းသုံးတော်မူလျက်ရှိသော ရွာဦးကျောင်း ဆရာတော် ဦးကေသရက် ကျောက်ထီးတန်း အလေးအမြတ်ပြုအပ်သော ဉာဏ်ချွန်ယဉ်ဆရာပြုလျက် နွားကူးလေးအရှေ့ကျောင်း ခရီးသိမ်တော်၌ မြဲမြံခိုင်သော ဟန်းအဖြင့်သို့ ရောက်ခဲ့ပါသည်။

၁၃၂၁-ခုနှစ်တွင် သံတားမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်သို့ ရောက်ရှိ၍ ဒုတိယတိုက် ဆရာတော် ဦးဇာဂရ၊ တိုက်ကြပ်ဆရာတော် ဦးသုဇန ဦးစရိယ၊ ဦးဝံယမ၊ ဦးဇကာဝိဒ ဒေသနိဿော ဆရာတော်များ၏ ခြေတော်ရင်း၌ တပည့်တော်အသုယ်သုယ် ပြည်ကျိုယင်း ပဒီယင်္ဂီစာပေကျမ်းဂန်များကို ဆက်လက်သင်ကြားခဲ့ရာ ဝန်းတွင်း၌ သိန်းတောင်ကုန်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်းကြီးမှ ကြီးမှူးကဲပမသေး ပါရဂူဒေးဓမ္မဝံသမဟာသိရိဝံသ ကြီးတော်နန်းမှူးဆောင်ခြင်းခံပြု၍ ပြည်စေးဒေါင်ကြီးပဉ္စင်းမြို့ ဝေးမြင့်ဝေးခန့်ရှိသော ညောင်ခေါင်းကြီးပဉ်းခန့ ကြီးမှ ကျဉ်းပမသော ပေးမြင့်ဝေးခန့်ရှိသည်၊ အဝေးမှ ခရီးသည်တို့ အလတ်စားခန့် အလတ်စားတက် ဆောင်ခြင်ခဲ့ပါသည်။

ထိုသို့ ပရိယတ်ဝေးဂုဏ်ကြီး [illegible] ၁၃၃၀-ခု

ယခုအခါ ဆရာတော် ဦးကုသလသည် နွားကူးလေး ဘုရားရှေ့ခွာတွင် အရှေ့ကျောင်း၌ မျက်ခွင်ပြုံး သီတင်းသုံးလျက် သာမဏေ ကျောင်းသား သူငယ်များကို သိမ်တောင်စာမေးပွဲကြီးအတွက် ပစ္စေက္ခကာ၊ လိင်၊ ဒဏ်၊ သေခိယ စသော မူလတန်းအခြေခံ ပညာရပ်များကိုသင်ကြားပို့ချယင်း သိမ်တောင် တိုက်ခဲ့များဖြစ်ကြသော ကိုးတောင်ပြည့်ကျောင်းတိုက်၊ ရေလည်ကျောင်းတိုက် စသော ကျောင်းတိုက်များသို့ မိမိ၏ တပည့်ငယ်များကို ပို့ပေးပြီး နွားကူး လေး အရှေ့ကျောင်း၌ နေ့စဉ်နေ့တိုင်း ဥပုသ်သည် ဒါယကာ ဒါယိကာ မများကို ဒါန သီလ ဘာဝနာ စသည့် အဖြာဖြာသော ပရမတ္ထ အနုစ်သာရ များကို ဟောပြောဆုံးမလျက် သိမ်တောင်ဂိုဏ်းဆရာတော်ကြီးများ၏ အဆုံး အမ ဩဝါဒကိုခံယူကာ ဆရာတော်ကြီးများ၏ဘဝသည့် ဂိုဏ်းဝင် ပဂ္ဂိုလ်ဘဝဦး အနေဖြင့် သိမ်တောင်ဝိနယာနုဂ္ဂဟ ဘာမေးပွဲစသည့် မိမိတတ်စွမ်းသမျှသော သာသနာ ကိစ္စများကို ဦးလည်မသုန်း အားပေး ထမ်းဆောင်လျက် ရှိနေပါသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်
အရှေ့ဘက် ၇-မိုင်ကွာ ပလ္လင်ဂူတောင် ပလ္လင်ဂူဆရာတော်
ဦးဉာဏ၏ ထေရုပ္ပတ္တိကထာ

သိမ်တောင်ဂိုဏ်းအဖွဲဝင်ဆရာတော် ဦးဉာဏသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အရှေ့လက် ၇-မိုင်ခန့် အကွာ လွန်ကျော်ရွာ၊ နတ်မှော်ရွာ၊ ဘုံဝင်းရွာ၊ ဆင်တုံးရွာများကို ဂေါစရဂုံပြုလျက် သာသနာပြု အနှော်နုထာ မင်းကြီး တည်ထားကိုးကွယ်ခဲ့သော ပလ္လင်ဂူတောင် ဓာတုစေတီအနီး တောင် ခြေရင်း ပလ္လင်ဂူကျောင်းတိုက်၌ ပဋိပတ္တိသာသနာ့တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

ဆရာတော် ဦးဉာဏသည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် (သက်ပေးရွာ) အာဘ ဦးတိုက်ဖြိုး အမိ ဒေါ်ဆင်တို့မှ ၁၂၆၄-ခု တပေါင်းလတွင် ဖွားမြင် သည့် အတိဇာတ သားရတနာဖြစ်သည်။ ကျောင်းသားဘဝတွင် ရွာဦး ကျောင်းဆရာတော် ဦးဝိမလထံ၌ သာမဏေပြုလုပ်၍ မူလတန်းအခြေခံပညာ ရပ်များကို သင်ကြား ဆည်းပူးခဲ့သည်။

ထိုမှ တဆင့် စစ်ကိုင်းတောင်ရိုး ရေကန်ချောင်ဆရာတော် ဦးဉာဏိန္ဒ အထံရောက်ရှိ၍ အသက် ၂၀-ပြည့်သောအခါ ရဟန်း ဒါယကာ ဦးမင်းဖိုး ရဟန်းဒါယိကာမ ဒေါ်ရွှေခိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော်

ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ် ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော် ဦးဉာဏိန္ဒအထံမှ ၅-ဝါအရတွင် ရွှေဘိုမြို့ တိုက်သစ်ဆရာတော် ဦးစန္ဒိမာအထံ၌ ပရိယတ္တိကျမ်းစာများ သင်ကြားဆည်းပူးပြီးနောက် ၁၂-ဝါ အရောက်တွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သပြေတောင်းအရှေ့ဘက် ပြက်ခရွေတောင် (မော်နား ဆုတောင်းပြည့်ကျောင်းတိုက်)သိမ်တောင်ဆရာတော် ဦးကလျာဏာအထံ၌ တောရ အရည်ကင်ဓုတင်ဆောက်တည်လျက် ပဋိပတ္တိ နည်းနာနယ်များကို လေ့လာကြိုးစား အားထုတ်နေထိုင်ခဲ့သည်။

ဆရာတော် ဦးကလျာဏသည် လဲ့ပေါက်ရွာ ဥဒိန်တောရကျောင်းတိုက်ကို ၁၃၀၆-ခုနှစ်တွင် လဲ့ပေါက်ရွာ ကျောင်းအမ ဒေါ်မြင့် သမီး ဒေါ်တုတ် ကျောင်းအမ ဒေါ်မိ မိသားစုတို့က ပင့်ဆောင်ကိုးကွယ်ကြလေသည်။ ဆရာတော် ဦးကလျာဏသည် ၁၃၀၇-ခုနှစ်တွင် သိမ်ဘောင်ဂိုဏ်းအတွင်း ပရိယတ္တိတွင် ထင်ရှားကျော်စောသည့် ဆရာတော် ဦးဇာဂရ၊ ဦးကောသိယ၊ ဓမ္မာရုံဆရာတော် ဦးပဏ္ဍော၊ ဦးအဂ္ဂဝံသ၊ ဦးသုဇနဇသော သိမ်တောင်ဂိုဏ်း အဖွဲ့ဝင်တို့ ဥဒိန်တောရ ကျောင်းတိုက်အတွင်း၌ သာသနာတော်အတွက် (၈ဆယ်သိမ်) တလုံးကို သမုတ်၍ ထားစေတော်မူခဲ့သည်။

ဆရာတော် ဦးကလျာဏသည် အနွှေဝါသိကတပည့်များအပေါ် မေတ္တာတော် ကြီးမားလှခြင်းကြောင့် ဆရာတော်၏ မေတ္တာကိုတုန့်ပြန်ချင်သည့် အနေဖြင့် မိမိသည် မော်နား ဆုတောင်းပြည့် ကျောင်းတိုက်မှလဲ့ပေါက်ရွာ(ဥဒိန်တောရ) ကျောင်းတိုက်သို့ တပါးတည်းတောရကျောင်းတိုက် တည်ထောင်ခြင်း၊ သိမ်သမုတ်ခြင်းစသော သာသနာ့ကိစ္စအားလုံးကို တာဝန်ယူ ဆောင်ရွက်ပူဇော်ခဲ့သည်။ ၁၃၀၉-နှစ်အတွင်း ဥဒိန်တောရကျောင်းတိုက်၌ ပဋိပတ္တိအားထုတ်ယင်း ဆရာတော်သည် ကျန်းမာရေး မလုံလောက်သဖြင့် မိမိကို ဥဒိန်တောရကျောင်းတိုက်ကို အပ်နှံ၍ ပဌမသိမ်တောင်တောရတိုက်ကြီးသို့ ကြွရောက်တော်မူခဲ့လေသည်။

ဇင်းမှတဆင့် မကျန်းမာခြင်း ဒုတိယသိမ်တောင်တိုက်သစ် ကိုးတောင်ပြည့်ကျောင်းတိုက်သို့ ရွှေပြောင်းသိတင်းသုံး ခဲ့သဖြင့် ဦးဇာဂရ၊ ဦးသုဇန၊ ဦးဇာလေး စသော တပည့်ကြီးငယ်အပေါင်းတို့က ဟူးရားအခေါ် သမား တော်များဖြင့် ၂-လတိုင်တိုင် ယူယူယယ ကုသကြလေသည်။ ထိုသို့ပင် ကုသကြပါသော်လည်း ဆရာတော်၏ ခန္ဓာတော်ကား တဖန် တိုးတက်ခြင်းမရှိပဲ ခန္ဓာယုဉ်းယိုလျက် မရဏန္တိက ဒုက္ခကပ်ဆောက်ကာ ဘဝနတ်ထံ ပျံလွှန်တော်မူခဲ့လေသည်။ ဆရာတော်ပျံလွှန်တော်မူပြီးနောက် ဥဒိန်တောရ၌ ၂-ဝါမျှနေထိုင်ခဲ့၍ ဇင်းမှတဖန် မြို့ကုန်းရွာ ရွာဦးကျောင်းသို့ ၁၃၀၄-ခုနှစ်တွင် မြို့ကုန်း

ရွာ ဒါယကာ ဒါယိကာများ ပင့်လျှောက်ချက်အရ ၁၃-နှစ် တိုင်တိုင် သာသနာ့တာဝန်ကို အားပေးဆောင်ရွက်ခဲ့သည်။

ရင်းမြို့ကုန်းကျောင်းတိုက်အတွင်း၌ သိရိဓမ္မာသောကမင်းကြီးတည်ထား ကိုးကွယ်တော်မူခဲ့သော (ရွှေသိမ်တော်) ဘုရားကြီး၌ ပျက်စီးနေသည့် ဂန္ဓကုဋီတိုက်တော်ကြီးကို အသစ်တဖန်ထပ်မံ၍ ခမ်းနားတင့်တယ်စွာ သိမ်တော်တိုက်တော်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ သီးခြားရုပ်ပွားတော် ၂-ဆူ၊ လျှောင်းတော်မူတဆူကိုလည်း မြောရုံတိုက်သစ်တလုံး ဆောက်လုပ်၍ အများသတ္တဝါ ကုသိုလ်ပွားများကြစေရန်အတွက် ဆောက်လုပ်ပူဇော်ခဲ့သည်။

မြို့ကုန်းကျောင်းတိုက်၌ သာသနာ့ကိစ္စဆောင်ရွက်ယင်း ၁၃၂၇-ခုနှစ် ရောက်သည့်အခါ ပလွဂူဆရာတော် (ဦးသြဘာသ) အထံ၌ ဆရာဘဒ်၏ တောင့်တချက်အရ ဝါဆိုနေသိုင်ခဲ့သည်။ ထိုးနှစ်မှာပင် ဂိုဏ်းဝင်သံဃာတော် အားလုံးတို့က ပလွဂူတောင်ဘုရားနှင့် ကျောင်းတိုက်ကြီးကို ဆရာတော်ဦးဉာဏ အား အပ်နှံခဲ့လေသည်။ ဆရာတော်သည် ပျက်စီးယိုယွင်းနေသည်ဖစတိုတော်၊ တန်ဆောင်းတော်၊ ဘောင်းတန်းများကို အသစ်ဘဖန် ပြုပြင်ပူဇော်ခြင်း၊ စေတီတော်ကြီးအား ညစဉ်လျှပ်စစ်အင်ဂျင်မီးတိုဖြင့် ကပ်လှူပူဇော်နိုင်ခဲ့သည်။

ယခု ၁၃၄၀-ခုနှစ်၌လည်း ပလွဂူတောင်ပေါ်ရှိ ဖစတိတော်ကြီး၏ ထီးတော်ကို ရွှေသင်္ကန်းတိုဖြင့် အသစ်ပြုပြင်ပူဇော်နိုင်ခဲ့သည်။ ပလွဂူဘောင်ခြေရင်းရှိ ကျောင်းတိုက်အတွင်း၌ သံဃာတော်များ သီတင်းသုံးသည့် ငါးပင်ပတ်လည် တိုက်ကျောင်းတကျောင်း၊ ၁၁-ပင် ၄-ပင်တဆပ် ဥပုသ်သည်များ အတွက် ဝဲ-ယာ နှစ်ကျောင်း၊ ဆွမ်းစားကျောင်း၊ စရပ်ဘန်ဆောင်းသိမ်ဘိုက်၊ ဂန္ဓကုဋီတိုက်တလုံး၊ ရေတွင်း၊ ဥယျာဉ်ခြံ၊ သရက်ပင်၊ အုန်းပင်၊ ထန်းပင်၊ ရှောက်ပင်၊ သံပုရာပင်၊ ငှက်ပျောပင်စသော သစ်ပင်အမျိုးမျိုးတို့ဖြင့် တင့်တယ်စွာ ပလွင်ဂူဘောင်ခြေရင်း၌ တည်ရှိခဲ့လေသည်။

ကျောင်းတိုက်ကြီးအတွင်း၌ ရေမြောင်းဆက်သွယ်လျက် တသွင်သွင်စီး ဆင်းနေသည့် ကင်းတားဆည်ရေအလျဉ်တို့ဖြင့် တင့်တယ်လှပပေ၏။ ကျောင်းအတွင်း၌ ကျောင်းဘုရားစေတီအတွက် မီးစက် ၁၂-ကောင်အား၊ ၃-ကီလိုဝပ် လျှပ်စစ်မီးကိုလည်း တည်ထောင်ပူဇော်ခဲ့သည်။ ယခုအခါ ဆရာတော်ဦးဉာဏသည် ပဌမသိမ်တောင်ဆရာတော်ကြီးများ၏ဘပည့် ဂိုဏ်းဝင်ပုဂ္ဂိုလ်တဦးအနေဖြင့် သိမ်တောင် ဝိနယာနုဂ္ဂဟစာမေးပွဲ စသော သာသနာ့ကိစ္စအားလုံးကို ပလွင်ဂူကျောင်းတိုက်၌ နေထိုင်လျက် အားပေးကူညီ၍ ပဋိပတ္တိသာသနာတော်ကို အားပေးထမ်းဆောင်ရင်းရှိလေသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့ ညောင်ကြစ်ရွာ မေတ္တာရေစင်ကျောင်း ဆရာတော် ဦးဝါယမ ၏ ဆေရုပ္ပတ္တိကထာ

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မဟာဇောတိကာရာမ သိမ်တောင်တောရ ကျောင်းတိုက်ကြီး၏ကိုဏ်းဝင် သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက်ကြီး၏ တိုက်ခဲ့ဖြစ်သော ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ညောင်ကြစ်ရွာ မေတ္တာရေစင်ကျောင်း ဆရာတော် ဦးဝါယမ (သာသနဓဇမဟာစရိယ)သည် သာသနာဝင် ပုဂ္ဂိုလ်မှန် ဆရာတပါးအဖြစ် ထင်ရှား ကျော်ကြားပါသည်။

မေတ္တာရေစင်ကျောင်း ဆရာတော် ဦးဝါယမသည် သာစည်၊ မြင်းခြံသွား မီးရထားလမ်း၏ လက်ျာဘက်ရှိ မိတ္ထီလာမြို့နယ် လက်ပံတောရွာ ခမည်း တော်-ဦးချစ်ဆိုင်၊ မယ်တော်-ဒေါ်တုတ်တို့မှ ၁၂၄၂-ခုနှစ်၊ တန်ခူးလပြည့် ကျော် ၄-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သံဃရတနာ ဖြစ်ပါသည်။

အသက် ၇-နှစ်သား အရွယ်တွင် လက်ပံတောရွာ မင်းကျောင်းဆရာတော်ထံတွင် အပ်နှံ၍ သင်ပုန်းကြီး၊ နမက္ကာရ၊ ပရိတ်ကြီး၊ ရှင်ကျင့်ဝတ်စသော သူငယ်တို့ဘာဝ တတ်သင့်သော ပညာများကို သင်ကြားစေပြီးလျှင် ၁၃၁၅-ခုနှစ်၊ နယုန်လဆန်း ၅-ရက်နေ့တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟတို့ ခံယူကာ လက်ပံတောရွာ မင်းကျောင်းဆရာတော် ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ပါသည်။ ဘွဲ့တော်ကို ဥပဇ္ဈာယ် ဆရာတော်မြတ်က ရှင်ဝါယမဟု မှည့်ခေါ်ပေးသနားတော် မူပါသည်။

၁၃၀၇-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်နေ့တွင် လက်ပံတောရွာ မင်းကျောင်း ဆရာတော်မှတဆင့် ဘကြီးတော် သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက် တိုက်အုပ် ဆရာတော် (ဘဒ္ဒန္တဇာဂရ) နှင့် တိုက်ကြပ်၊ စာချဆရာတော် (ဦးသုဇန)တို့ အထံတွင် ပညာသင်ကြားရန် အပ်နှံတော်မူပါသည်။ သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက် ဆရာတော် ဘုရားကြီးသည် ပညာသင်ကြားရာတွင် တပည့်များကို စိတ်ဆားဖြူစင်စွာဖြင့် မိမိတတ်သိသကဲ့သို့ တပည့်တို့ကိုလည်း တတ်သိအောင် ပညာသင်ကြားပေးတော်မူလေ့ ရှိပါသည်။ ကိုးတောင်ပြည့်ကျောင်းတိုက် ဆရာတော်ဘုရားကြီးထံမှာ စာဝါကြီးများ သင်ယူခဲ့ပါသည်။

ရဟန်းပြုရန် ချိန်ခါတန်

၁၃၁၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃-ရက်နေ့တွင် သဲတောမြို့ ကုန်းမြင့်ရပ် ကုန်သည် ဦးဘအေး-ဒေါ်ဖွားဥ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ

သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက် တိုက်အုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ကိုးတောင်ပြည့် ကျောင်းတိုက် ခဏ္ဍသိမ်တော်မြတ်၌ မြင့်မြတ်သော အထက်ဘန်း ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

စာပဲ့သဘင် အောင်ပန်းဆင်

၁။ ၁၃၁၃-ခုနှစ် (အစိုးရ ပထမငယ်တန်း)
၂။ ၁၃၁၄-ခုနှစ် (အစိုးရ ပထမလတ်တန်း)
၃။ ၁၃၁၆-ခုနှစ် (အစိုးရ ပထမကြီးဘန်း)
၄။ ၁၃၁၆-ခုနှစ် (သဲတော ပရိယတ္တိ နုဂ္ဂဟအသင်း ပထမဆုံး)
၅။ ၁၃၂၁-ခုနှစ် (စာချဘန်း)

အထက်ပါ စာမေးပွဲများကို သန့်ရှင်းစွာဖြင့် ဖြေစွမ်းအောင်မြင်ခဲ့ကြောင်း မူခဲ့ပါသည်။

ဗဟုသုတ ပြည့်ဝဘို့ရန် မန်း နဂရံ

၁၃၁၇-ခုနှစ်၊ ပထမဝါတိုလဆန်း ၁၀-ရက်နေ့၌ မြန်မာပြည်ဘင် ပညာရှိသုခမိန်တို့ ခိုအောင်းစံပျော်ကုန် မန္တလေးမြို့တော်ဒက္ခိဏာရုံမ ဘုရားကြီးတိုက် ဆရာတော်ကြီးယ် (ဦးဥက္ကံသ) ကျောင်းသို့ ပညာဗဟုသုတ ဇဉ်လုံ့လဖြင့် ဆည်းပူးရန် နှစ်နှစ်တိုင်တိုင် မန္တလေး ရွှေမြို့တော်ဘင် ကြွရောက်ပညာ သင်ကြားခဲ့ပါသည်။

ကျေးဇူးကြီးမား ဆရာတော်များ

သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက် တိုက်အုပ် ဆရာတော် (ဘဒ္ဒန္တဇာဂရ) တိုက်ကြီးပ် ဆရာတော် ဦးသုဇန၊ စာချ ဆရာတော် ဦးဝံဃိယ (သာသဒီ-ခ-ခမ္မာစရိယ) ဦးဇင်္ဂလ၊ ဦးဇနိတ (ဝိနယ ပါရဂူ)၊ မိတ္ထီလာမြို့ လက်ပံခါးတော့မင်းကျောင်း ဆရာတော်၊ ရင်းကျောင်းဦးဇာဂရ၊ ဦးဝါယမိန္ဒ ဦးပညာဝံသ၊ ဦးအဓိကပါလ၊ မန္တလေးမြို့ ဒက္ခိဏာရုံမ ဘုရားကြီးတိုက်၊ ဆရာတော် ဦးကြွယ်၊ ဆရာတော် ဦးနာရဒနှင့် ဘုရားကြီးတိုက် ကထိက ဆရာတော်များ—

အထက်ပါ ဆရာတော်များသည် စာဒေပတတ်မြောက် သိနှံးလည်ရန် ကိုယ်ဘိုရင်ကြပ် ဇစတနာမေတ္တာ အထူးထား၍ သင်ကြားပို့ချပေးတော်မူခဲ့ပါသည်။

သဲတောဌာန ပြန်ကာကြွ

၁၃၁၉-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက်နေ့တွင် မန္တလေး နေပြည်တော် ဒဂ္ဂိဏာရုံ ဘုရားကြီးတိုက်မှ သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက်သို့ တဖန် ကြွရောက်နေထိုင်ခဲ့ပါသည်။

ကိုးတောင်တိုက်တော် စာချမော်

ညောင်ကြစ် မေတ္တာရေစင်ကျောင်း ဆရာဘော် လောင်းလျာသည် သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်ဘွင် လက်ဆောက် ဆွမ်းစားကျောင်း ဘုန်းကြီးအဖြစ်ဖြင့်ရင်း၊ စာချ ဆရာတော် အဖြစ်ဖြင့်ရင်း၊ သိမ်တောင်ဂိုဏ်း လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲတွင် ကြီးကြပ်ရေးမှူးအဖြစ်ဖြင့်ရင်း၊ သာသနာတိုးတက်ကြီးပွားမှုကို ရှေးရှုမေတ္တာထားလျက် သာသနာ့တာဝန်ကို ဗုဒ္ဓအလိုတော်ကျနှင့် ဆရာတော်ဘုရားများ၏ မိန့်ဟမြွက်ကြားမှုကို မြဲရာမှာသံနှက်ဆိုသလို နာခံမှတ်သား(သုဝစောစ)ပုဂ္ဂိုလ်မှန်တပါးဖြစ်လျက် ၂၈-နှစ်တိုင်တိုင် သဲတောမြို့ ကိုးတောင်ပြည့်တိုက်တော်ကြီး၌ သာသနာရေး၊ ဘာသာရေး၊ လူမှုရေး အစစအရာရာ စွမ်းဆောင်ကြိုးကုတ် အားထုတ်ရွက်ဆောင်တော်မူခဲ့ပါသည်။

မြစ်သားနဂရေ ညောင်ကြစ်မြေ

၁၃၃၅-ခုနှစ် ပဌမဝါဆိုလဆန်း ၁၂-ရက်နေ့တွင် မိမိ၏ဘဝတသက်တာတွင် အားထားမှီခိုပညာဉာဏ်ပွင့်လင်းခဲ့ရာဖြစ်သော သဲတောမြို့ ကိုးတောင်ပြည့် ကျောင်းတိုက်ကြီးမှ ကျေးဇူးရှင် ဆရာသမားများ၏ ခွင့်ပြုချက်အရ ဇောက်ဆည်ရိုင် မြစ်သားမြို့နယ် ဆားတောင်ကုန်းရွာ ရွာဦးကျောင်း ဆရာတော်နှင့် ညောင်ကြစ်ရွာ ဒါယကာ-ဒါယိကာမတို့၏ပင့်ဆောင်လျှောက်ထားချက်အရ သာသနာရေးမှေးမှိန်နေသော ညောင်ကြစ်ရွာ မေတ္တာရေစင်ကျောင်းသို့ ရွှေပြောင်းသီတင်းသုံး နေထိုင်လှုက်ရှိပါသည်။

ရေစင်ဝိဟာ တိုးတက်လာ

ဆရာတော် ဦးဝါယမသည် (သာသနာ့ခေတမ္ဘာဝစရိယ)အမှုန်ထေရ်အရှင်၏ တရားဒေသနာအမြောက်ဆေး တိုက်ကျွေးကာ သူ့ဒေသင်ပြသနည်းလမ်းပေးမှုစွမ်းအားကြောင့် တနေ့တခြား ဒီဓရုလားသို့ တိုးတက်လာခဲ့ရာ ၁၃၃၅-ခုနှစ် ပြောသိုလထဲမှာပင် လေးပင်ပါးပင် တိုက်ကျောင်းအတွက် ပန်းရှမှုထရောက်အောင်မြင်ခဲ့ပါသည်။

သိမ်သမုတ်ပွဲ ခြိမ့်ခြိမ့်သဲ

ဆရာတော်သည် အနာဂတ်သာသနာ ထူးကား တည်တံ့ရေးအတွက် မိမိရောက်စဉ်က မရှိသေးသော သိမ်အတွက် အခက်ကြုံနေရာမှ ဆရာတော်၏

တန်ခိုးတော် ကမ္မဇဒ္ဓိကြောင့် ၁၃၃၇-ခု နှတ်တော်လပြည့်ကျော် ၁၂-ရက်နေ့တွင် မိတ္ထီလာမြို့ တောမဓမ္မာရုံဆရာတော်ကိုမဟာနာယကပြုလျက် သိမ်တောင် (ဝမ်းတွင်း)ကိုးတောင်ပြည့်၊ (သဲတော) ဝမ်းတော်ပြည့်၊ (ထီလာ)အသော ကာရုံရေလည်(ထီလာ)စသော သိမ်တောင်ဂိုဏ်းဝင် ထေရ်အရှင်သမဂ္ဂတို့ဖြင့် အချက်ကျကျ ဥတ်ကမ္မဝါစာဖြင့် ဗုဒ္ဓသာသနာထွန်းကားရေးအတွက် ခလွှာသိမ်တော်မြတ်ကို သမုတ်တော်မူနိုင်ခဲ့ပါသည်။

မေတ္တာရေစင် ထေရ်ခေါ်တွင်း

ဆရာတော် ဦးဝါယမ(မြောစရိယ)သည် ၁၃၃၅-ခုနှစ်က ပန္နက်ချခဲ့သော လေးပင်ငါးပင်တိုက်တော်ကြီးကို(စိရဋ္ဌိယဝေဘာကိုံနာမကမ္မံနသမိဒ္ဓ-တိ)ဟူသော မူလဋ္ဌီကာ၊ ၃၊၁၆၉။ ဒေသနာပါဠိအရ ဗီရိယဒျိသော ပုဂ္ဂိုလ်အား မပြီးစီး မအောင်မြင်သော အမှုကိစ္စမည်သည် မရှိဟု ဆိုသောဋ္ဌီကာစကားတော်ကို လက်ကိုင်ပြု၍ အလိုတော်ကျ စီမံဆောင်ရွက်လာခဲ့ရာ ယခု ၁၃၃၉-ခုနှစ်တွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသည်။

ထိုတိုက်ကျောင်း၏ အမည်ကို အစဲ့ပြု၍ မေတ္တာရေစင်ကျောင်း ဆရာတော်ဟု ခေါ်တွင်ခဲ့ပါသည်။ ထို မေတ္တာရေစင်ကျောင်းဆရာတော်သည် မိမိဘက်မှ ဗုဒ္ဓအလိုတော်ကျ သာသနာရေးကိစ္စ အဆုံဆွေနှင့် သာသနာတော်ထွန်းကားတည်တံ့ရေးကို အလေးဂရပြုလျက် သာသနာအကျိုး သံဃာ့ အကျိုး ရပ်ရွာအကျိုးကို သယ်ပိုးဆောင်ရွက်ကာ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။ ဤစာမူကို အရှင်တေဇနိယထေရ်က ရေးသားပေးပို့ပါသည်။

သိမ်တောင်ဂိုဏ်းအမှုဆောင်ဆရာတော် ဦးတေဇမှ၏
ခိုကိုးရာမဲ့ကလေးများစောင့်ရှောက်ရေးဂေဟာ
ပေတော မြစ်သားမြို့

ဆရာတော် ဦးတေဇမမှသည် မိတ္ထီလာမြို့ တောင်လက် ၅-မိုင်အကွာ (ထန်းတောကြီး)ရွာ၌ အဘ ဦးပန်းပေါင်း+အမိဒေါ်စိတ်ဦးမှ ၁၂၈၁-ခု၊ ဝါဆိုလပြည့် စနေနေ့ နေတက်ချိန်တွင် ဒွါဒသမမြောက် ပစ္ဆိမ နောက်ဆုံးသားရတနာဖြစ်သည်။

ငယ်စဉ် ကျောင်းသား ဘဝက ထန်းတောကြီးကျောင်း ဆရာတော် ဦးဇောတိကထံ၌ အခြေခံမူလတန်း လောကီ ပညာရပ်များကို ဆည်းပူးခဲ့၍ ၁၀-နှစ်သားအချိန်တွင် ပဗ္ဗဇ္ဇာမဏ်လာ ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပါသည်။ ရှင်သာမဏေဖြစ်ပြီး ရွာဦးကျောင်း ဆရာတော်ထံ တဝါနေပါသည်။ သိမ်

တောင်မှ သီလရှင် ဒေါ်ခေမာရောက်အသာ ၎င်းသီလရှင်၏ ထောက်ပံ့မှုဖြင့် သိမ်တောင်စာသင်တိုက်သို့ ၁၂-နှစ်သားအရွယ်တွင် လောကုတ္တရာပညာများကို ဆည်းပူးခဲ့ပါသည်။ ၎င်းသိမ်တောင်ကျောင်းတိုက် ဆရာတော် ဦးစိုးနာယက ဆရာတော် ဦးညေယျ၊ ဆရာတော် ဦးကလျာဏ၊ ဆရာတော် ဦးနရိန္ဒ၊ ဆရာတော် ဦးကောသိယတို့ထံတွင် ပညာကြိုးစားလျက်ရှိစဉ် ၁၆-နှစ်သားအချိန်မှာ သဲတောမြို့ သိမ်တောင်တိုက်သစ် ကိုးတောင်ပြည့် ကျောင်းတိုက်တည်ဆောက်ရန် ဆရာတော်ကြီးများနှင့်တကွ တိုက်သစ်မြေ အနွှာရယ်ကင်းရန် ၁၆-နှစ်သားအရွယ် ကမ္မဝါထုပ်ထမ်းပြီး ဆရာတော်ကြီးများနှင့် လိုက်ပါသွားခဲ့ပါသည်။ ထိုအခါ ကျောင်းဒါယကာ ဦးဇာကျယ်+ဒေါ်လေးဖြူတို့က ဆရာတော်ဘုရားများထံတွင် ရဟန်းလောင်းတပါး လျှောက်ထားရာ ရှင်တေဇမမွအား ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂-ရက်နေ့တွင် ဥပသမ္ပဒကံ ဆောင်ကျင်းပခဲ့ပါသည်။ ဂိုဏ်းချုပ်ဆရာတော်၊ ညောင်းရမ်း ဆရာတော်၊ တို့ကို ဥပဇ္ဈာယ်ပြု၍ ပထမကမ္မဝါစာဆရာ ကလောသိမ်တောင် ကျောင်းတိုက် ဆရာတော် ဦးအာဒိစ္စ၊ ဆရာတော်ဦးကလျာဏ၊ ဦးနရိန္ဒ၊ ဂိုဏ်းချုပ် ဆရာတော်ကြီးကို အမှုးပြု၍ ဥပသမ္ပဒရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

ဂုဏ်းကိုးတောင်ပြည့်ကျောင်းတိုက်သစ်အဖြစ် သိမ်တောင်မှ ပြောင်းရွှေ့လာကြရာ ဦးစိုးနာယက ဆရာတော် ဦးကလျာဏ၊ ဦးနရိန္ဒ၊ ဦးကောသိယတို့နှင့် နောက်ပါသံဃာ ၃၀-ကျော်တို့ ပြောင်းရွှေ့လာကြပါသည်။ ဆရာတော်ဘုရားကြီးများနှင့် ခြေတော်ရင်းဝယ် တပည့်ဝတ်ငါးပါး ကျပ္ပန်စွာ ဆောင်ရွက်လျက် ပရိယတ္တိကျမ်းစာများသင်ကြားအားထုတ်ခဲ့ရာ သာမဏေဘဝကပင် ပထမကြီးတန်းဆိုင်ရာ ကျမ်းစာများ ပြီးဆုံးပေါက်ခဲ့လေသည်။ ထိုစဉ်အခါက ဆရာတော်များသည် ပခုက္ကူ။ နယူပဒေသကိုသာ ဦးစားပေး ပို့ချတော်မူကြလေသည်။ စာမေးပွဲလုပ်ငန်းအတွက် အဆက်တန်း စာဝါကြီးများ အနှောင့်အယှက်ဖြစ်ပြီး နှောင့်နှေးစေသည်ဟု အထင်ရှိတော်မူသဖြင့် ငယ်၊ လတ်၊ ကြီး၊ ခမ္မာစဉ်ဃတန်းများကို ဝင်ခွင့်မပြုပဲအဆက်တန်း ကျမ်းစာကြီးများကိုသာ ပို့ချတော်မူကြလေသည်။

ဂုဏ်းနောက် ဂုဟဋ္ဌာနဝန်ဆောင်မှုကျပန်ခေတ်ဘွင် မယ်တော်ကြီး မကျန်းမမာသည့်အတွက် မိဘရုပ်ရှာသို့ ပြန်လည် စောင့်ရှောက်နေချိန် မယ်တော်ကြီးကျန်းမာလာသည့်အခါ ဒေသန္တရအဖြစ် အရပ်ရပ်မှကြီးများသို့ ပညာများဆည်းပူးလျက် ရှိရာ ပဲခူး ခရိုင် ပိန်းဇလုပ်မှူ ဆရာတော် ဦးနန္ဒမာလာ၏ ကျောင်းတိုက်တွင် လိုအပ်သည့်စာဝါများကို သင်ကြားခဲ့ပါသည်။ ဂုဏ်းနောက်တော်ဝင်မှူ ဘုရားကြီးကျောင်းတိုက်တွင် လိုအပ်သည့် စာဝါကြီးများ ဆက်လက် ပညာသင်ကြား ဂဟပြီး ဂုဏ်းမှဂဆင့် ဆရာတော် ဦးကလျာဏသည်

တောင်ကြီး ပြက်ခရွေ၊မောနားဆုတောင်းပြည့် ကျောင်းတိုက်တွင် သီတင်းသုံးကြောင်းသိရ၍ လွမ်းဆွတ်သည့် အနေဖြင့် ဆရာတော်ရှိရာသို့လာရာ မြစ်သားတွင် တည်တာမျှ အိပ်မည်ဟု ကြံစည်စုံစမ်းရာ ဆရာတော်ဦးကလျာဏသည် လွဲပေါက်(ဦးဒိန်တောရ) ကျောင်းတိုက်တွင် သီတင်းသုံးကြောင်းသိရှိရသည်။ မြစ်သားမြို့သို့ တည်တာမျှရောက်စဉ် ကြည်တော်ကုန်း ကျောင်းတိုက်၌ ၃-၄ ညမျှ နေထိုင်ခဲ့ရာ ၎င်းကြည်တော်ကုန်းကျောင်း ဆရာတော် ဦးနာယကက သာသနာစည်ပင်ပြန့်ပွားရေးအတွက် သူနေထိုင်သောကျောင်းကို အပ်နှင်းပါသည်။ လက်မခံခဲ့ပါ။ ၎င်းနောက် ယခုလက်ရှိပေတောကျောင်းကို အပ်နှင်းကြသဖြင့် လက်ခံခဲ့ပါသည်။

၎င်းအချိန်မှာ ဂျပန်အပြေး အမေရိကန်အတက် ဖြစ်၍ မြို့ရွာပျက်စီးသမျှ ပြန်လည်ထူထောင်နေချိန်တွင် မသိနားမလည် ကလေးသူငယ်များကို ပညာပါရမီဖြည့်ရတော့မည်ဆိုသော အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်လာရာ မကြာမီ မရှိဆင်းရဲ ကျောင်းသား-ကျောင်းသူ ၁၅၀-ခန့်ကို မလျှော့သော လုံ့လဖြင့် သာသနာရေး၊ ဘာသာရေး အဖက်ဖက်မှ လိုလေသေးမရှိအောင် ဆရာတော် ကိုယ်တော်တိုင် သင်ကြား ပေးပါသည်။ ထိုအချိန်တွင် ဝမ်းတွင်းမြို့နယ် ခင်ကြီးကျေးရွာ ကျောင်းဆရာ ဦးထွန်းဝင်း ၁၀-တန်း၊ ဟိုင်းယား၀ရိတ် ကျောင်းဆရာသည် ဆရာတော်၏ ပညာရေးလုပ်ငန်းများကို သဘောကျလှပါသဖြင့် ကူညီအားပေးခဲ့ပါသည်။

၎င်းနောက် လုပ်အားပေး သဘောဖြင့် ဆန့်ခြောက်ယောက်အထိ မလျှော့သောလုံ့လဖြင့် ပါရမီဖြည့်ဘက် အကူအညီတော့ ရောက်လာကြရာ ကျောင်းသား ၃၀၀-ကျော်အထိ တိုးတက် လာပါသည်။ ၎င်းအချိန်တွင် နေရေးထိုင်ရေးအတွက် ကျယ်ပြန့်ခေါင် ထန်းခွက်တဲနှင့် လည်းတပ်ခင်းပြီး ဆရာတော်ကိုယ်တိုင် ဖြစ်မြောက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ မြို့ပေါ်တွင် အစိုးရကျောင်းဟူ၍ တကျောင်းမျှမရှိသေးပါ။ တန်ဖိုးခဲ့ နှစ်နှစ်လောက်ကြာမှ ဆရာမျှားနှင့် နေ့စဉ်မပြတ်တမ်းရေး၊ လချူပ်စာရင်းမျှားကို မန္တလေးတိုင်း ပညာရေးဌာနို့ အစဉ်မပြတ် လုပ်ငန်းစဉ် အရပ်နှုပ်ပေးပို့ပါသည်။

ဆရာမျှားလည်း လခမရသေး၊ လုပ်အားပေးအနေဖြင့် ဆောင်ရွက်နေကြရာ အလှန်ဆင်းရဲလှသည့်အတွက် ဆရာတော်ကိုယ်တိုင် ကျောင်းဆင်းမျှားလခရရှိရေးအတွက် ကြိုးစားပါသည်။ ရထားမိုသဖြင့် မန္တလေးကို ခြေလျင်သွားကြစို့ဟု ဆိုပြီး မြစ်သားဘူတာမှ အထွက် မြောက်ဘလံတိုင်လည်း ရောက်ကရော အင်္ဂလိပ် လေးယောက် ထရော်ဂိ ကားကို စီးပြီး တောင်မှ မြောက်သို့ အလာ ပရဟိတမျှားအတွက် ရှက်ဆောင်နေစဉ် အခိဋ္ဌာန်ဖြင့် မောင်းနှင်၍လာ

သော အင်္ဂလိပ် ကားကြီးများကို လက်ဝါးဖြင့် တားလိုက်ရာ အမြန်ဆုံး ရုပ်တန့်၍ ပေးကြပါသည်။

ၚင်းအချိန်တွင် ဆရာတော် အနေဖြင့် မန္တလေးကို ရထားမမှီလို ခြေလျင် ထွက်လာကြောင်း ပြောပြတော့ ၚင်းပုဂ္ဂိုလ်က ပြုံးပြုံးကြီး လုပ်ပြီး တက်ပါ-တက်ပါဆိုလိုက်ကြပါသည်။ "မဏိမေခလာဝိသကြုံတို့များ ဖန်ဆင်း၍ ရောက်လာလေသလား" ဟု ဝမ်းမြောက်မဆုံး တပြုံးပြုံး ဖြစ်ခဲ့မိပါသည်။

ၚင်းညတွင် ဘုံကျော်ကျောင်းတိုက် ဆရာတော်၏ ကျောင်း၌ အိပ်ပြီး နံနက်လင်းသည့်အခါ ပညာဝန် ဦးဟုတ်ဆန်ရုံးသို့ သွားပြီး ရှင်းလင်း ပြပါသည်။ ပညာဝန်မင်းသည် အလွန် သဘောကျလှသည့် အတွက် ဆရာတော် ဆောင်ရွက်နေတဲ့ လုင်ငန်းစဉ် မှန်ကန်ကြောင်း၊ တိကျကြောင်းကို တွေ့ရပြီး အရှင်ဘုရား မပူပါနဲ့၊ တပည့်တော် လုပ်ပေးပါမည်။ စိုင်ရှင်သစ်တော့မရှိဘူး။ နယ်မြေ အခြေအနေအရ ကျောင်းမဖွင့် ရသည့်နေရာမှ စိုင်ရှင်ဟောင်းကို လောလောဆယ် အသိအမှတ်ပြုကြောင်း တပည့်တော် ပေးပါမည်ဟု ပြောပါသည်။ ထိုအခါ အလွန်ဝမ်းမြောက်ခဲ့ပါသည်။ ရှေဘဆင့်တက်ပြီး ယခု လက်ရှိ လုပ်နေသောဆရာ ၉-ယောက်သည် တန့်စ်ခဲ့ နှစ်နှစ် သုံးနှစ် လုပ်ကိုင်လာရာ တကာကြီးအနေဖြင့် တတ်နိုင်မည်ဆိုပါက တန့်စ် လုပ်တဲ့ ဆရာ ၆-လ၊ နှစ်နှစ် လုပ်တဲ့ဆရာ တန့်စ်ဆိုသလို လုပ်ရက်များကို အတိအကျ ရနိုင်မည်ဆိုရင်လည်း အတိုင်းထက် အလွန်ပေါ့။ မရနိုင်ဘူး ဆိုရင်လည်း တဝက် တပြက် ထောက်ခံပေးပါလို့ ပြောကြားတော့ အတတ်နိုင်ဆုံးရရှိရေးကို ကူညီပါမည် ဆိုသော ကတိပေးလိုက်ပါသည်။ သို့အတွက် ဝမ်းသာ မဆုံး တပြုံးပြုံးဖြင့် မြစ်သားမြို့သို့ ပြန်လာပါတော့သည်။ နောင် တလှန့်လလောက်အကြာတွင် ဆရာများလည်း လူခများ စုဗူးထဲက ထုတ်ပြီးသွန်ချရကြသလို ဝမ်းသာနေကြပါတော့သည်။

ယခုအချိန်မှာဆိုလျှင် ပေတော ပရဟိတ ဆရာတော် ဦးတေဇခမ္မသည် ကိုးခရိုင်တွင် ၉-ဝါရ အချိန်အခါကစ၍ သာသနာရေး၊ ဘာသာရေး၊ ကယ်တင်ရေး အလုပ်များကို လုပ်ဆောင်လာရာ မိမဲ့ ဖမဲ့ မိဘမဲ့ ဆင်းရဲသားကလေးများကို အဖက်ဖက်မှ အထက်ဘန်းကြပြီး လောကတွင် စရိယာ ဟူသော ပုဒ္ဓလမ်းစဉ်အရ ဆောင်ရွက်လာရာ ဝါတော် ၄၀-အတွင်း ရှမ်း၊ကချင်၊ကရင်၊ ပလောင် မြန်မာ လူမျိုးပေါင်းစုံကို အထက်တန်းကျကျ ယခု ခေတ်စားနေတဲ့ မျက်နှာပန်းလှတို့ လူရည်ချွန်တွေ မွေးထုတ်သည့် ပရဟိတ ကယ်တင်ရေး အသိစိတ်ကို မဆုတ်ဘန်း လုပ်ဆောင်လာရာ နိုင်ငံတော်အစိုးရအဆက်ဆက်မှလည်း စာဝတ် နေရေးအတွက် ထောက်ပံ့ကူညီမှု ဆရာတော်၏ လုပ်ငန်းစဉ် လွယ်လင့်တကူ မီးရဆား၊သင်္ဘော အခမဲ့ ရေလမ်း ကုန်းလမ်း ပထမတန်း တဲ့များ

ဖြင့်ရင်း၊ အရေးပေါ်ကိစ္စရှိပါကလည်း လိုအပ်သည့်အခါလေယာဉ်ပျံပတ်(စ်) လက်မှတ်များကို အကြောင်းထူးလျှင် ထူးသလို သုံးပိုင်ခွင့် ရှိပါသည်။ နေ့ကျောင်းသား ၃၀၀-ကျော်၊ ဘော်ဒါကျောင်းသား ၉၀-အထိ လက်ခံခဲ့ဘူးပါသည်။

ယခုအခါမှာ စာဝတ်နေရေးအခက်အခဲကြောင့် အရပ်ရပ်အနယ်နယ်မှ လာရောက်အပ်နှံလိုသောကလေးများရှိပါသော်လည်း "ဝန်နှင့်အား မြားနှင့်လေး" ဆိုသကဲ့သို့ အတိုင်းအတာပြု၍ စောင့်ရှောက်နေရသည်။ နောင်တွင်လည်း ထာဝစဉ် စောင့်ရှောက်သွားမည်ဟု အခိုင်ဆန့်ပြုပြီး ဖြစ်သည်။

၀၅-၄၀ အတွင်း ပရဟိတကလေးများသည် တိုးတက်ပြီး စစ်ဘက်နယ်ဘက်ဌာနတိုင်းတွင် သူတို့၏ဘဝရပ်တည်ရေးကို အဆင့်အတန်းမြင့်မြင့်နှင့် လှုမှုရေးကဏ္ဍအဝဝကို ထမ်းဆောင်နေပြီဖြစ်သည်။

နိုင်ငံတော်တွင် လိုအပ်နေသော ပရဟိတလုပ်ငန်းဖြစ်သဖြင့် "ခိုကိုးရာမဲ့ကလေးများဂေဟာ"ကို တိုးတက်စေရန် အခက်အခဲများကြားမှ ဆောင်ရွက်နေခြင်း ဖြစ်သည်။

မြစ်သားမြို့ အုတ်ကျောင်းဆရာတော် ဦးဝါယမိန္ဒ၏ အတ္ထုပ္ပတ္တိ

မွေးဖွားရာဇာတိမှာ မိတ္ထီလာမြို့ စျေးအရှေ့ရပ်ဖြစ်ပါသည်။ခမည်းတော် ဦးပုည မယ်တော် ဒေါ်နှစ်တို့မှ ၁၂၆၈-ခုနှစ်တွင် မွေးဖွားသည်။ မိတ္ထီလာခရိုင် လက်ပံတောင့်ရွာ မင်းကျောင်း၌ ရှင်ရဟန်းဖြစ်ပါသည်။

ပညာဆည်းပူးရာကား သိမ်တောင်နှင်တိုက်အုပ်ဆရာတော် ဦးဇာဂရထံတော်၌ သုတ် ဝိနည်း အဘိဓမ္မာ စသော စာဝါများကို ဆို၀ါသင်ယူခဲ့ရပါသည်။ သိမ်ဘောင်ဆရာတော် ဦးကောသိယအထံ၌ သဒ္ဒါကြီး သုတ်စဉ်မှအစ အထက် စာဝါများကို သင်ယူခဲ့ရပါသည်။

ရှိဘူးသော စည်းစိမ်၊ပိုင်ဆိုင်သော ဥစ္စာတို့ကို အမျှး ဒကျိုးငှာ စွန့်လွှတ်ခြင်း ဖြစ်သဖြင့် များစွာချီးကျူးရပေမည်။ တိုင်းသူပြည်သားတို့ အတုယူရန် ထောက်ပံ့ရန် တာဝန်ရှိပေသည်။

ဤကား သိမ်တောင်ဂိုဏ်းဆရာတော် ဦးတေဇမြေ၏ သာသနာရေး ဘာသာရေး ဆောင်ရွက်ချက်ဖြစ်ပါသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့ အုတ်ကျောင်းတိုက်၌ ယခု နေထိုင်ပါသည်။ ရဟန်း သာမဏေ ကျောင်းသားများအား စာပေပို့ချ သင်ပြခြင်းဖြင့်

ရင်း၊ ဒါယကာ ဒါယိကာမများအား ဟောပြော ဆုံးမခြင်းတို့ကို အမြဲဆောင်ရွက်လျက်ရှိပါသည်။

သိမ်တောင်ဂိုဏ်းနှင့် ဆိုင်ရာ ဟူသမျှ၌ ပစ္စည်းရော လူပါ စွမ်းအားရှိသမျှ အားပေးဆောင်ရွက်ပါသည်။ ဝမ်းတွင်း သိမ်တောင်တို့၏ သုံးနှစ်မျှ စာပေပို့ချခဲ့ပါသည်။ သဲတောတိုက်ခဲ့၌ ၆-နှစ်တာမျှ စာချ၊ စာဆို သင်ခဲ့ရပါသည်။

မြစ်သားမြို့ အုတ်ကျောင်း ဦးဇောတရ၏ အတ္ထုပ္ပတ္တိ

ဦးဇောတရသည် ဝမ်းတွင်းမြို့နယ် အင်းကန်းကုန်းရွာ အဘဦးဖိုးကြွတ် အမိ ဒေါ်သုခတို့မှ ၁၂၀၉-ခုနှစ်တွင် မွေးဖွားပါသည်။

ဝမ်းတွင်းမြို့ သိမ်တောင်ကျောင်းတိုက်၌ ရှင်ရဟန်း ဖြစ်ပါသည်။

ဆရာတော် ဦးကောသိယ၊ ဆရာတော် ဦးသုဇန၊ တိုက်အုပ်ဆရာတော် ဦးနရိန္ဒ၊ အုတ်ကျောင်း ဆရာတော် ဦးအဂ္ဂဝံသ၊ ဓမ္မာရုံဆရာတော်၊ ဝမ်းတော် ပြည့်ဆရာတော်၊ ဦးကောသလ္လ၊ ဆရာတော် ဦးကေဝလတို့ထံ၌ စာဝါအမျိုးမျိုးကို သင်ယူ မှတ်သားခဲ့ရပါသည်။ မြစ်သားမြို့ အုတ်ကျောင်း၌ နေထိုင်၍ ကိုရင် ကျောင်းသား သူငယ်များအား စာပေပို့ချလျက်ရှိပါသည်။



ဦးဥတ္တရ နာယကဆရာတော် ဗောဓိကုန်းကျောင်းတိုက် ကလောမြို့

ဗောဓိကုန်းကျောင်း ဆရာတော်ဦးဥတ္တရ၏ ထေရုပတ္တိအကျဉ်းနှင့် ကျောင်းတိုက်၏ ရာဇဝင်အကျဉ်းချုပ်

ကလောမြို့ ဗောဓိကုန်းကျောင်း ဆရာတော်ဦးဥတ္တရသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားစု (၉) ရွာ အလယ်ချောင်ရွာတွင် ခမည်းတော် ဦးဘိုးမောင်၊ မယ်တော် ဒေါ်ပြားတုပ်တို့မှ ၁၂၇၆-ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃-ရက် တနင်္လေနေ့နံနက်ကိုးနာရီအချိန်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူလေသည်။

မိဘနှစ်ဦးလုံးမှာ လယ်ယာလုပ်ကိုင်စားသောက်ကြသော မျိုးရိုးများဖြစ်ကြ၍ ရိုးသားဖြောင့်မတ်သည့်ပြင် သီလဂုဏ်၊ သမာဓိဂုဏ်နှင့်ပြည့်စုံသော အမျိုးအနွယ်ဟု ယခုထက်တိုင် အရပ်ဝန်းကျင်မှာ ထင်ရှားလျက်ရှိပါသည်။

မွေးချင်းများမှာ လေးယောက်ရှိသည့်အနက် အစ်မအကြီးဆုံးမှာ ဒေါ်စောတင်ဖြစ်၍ အစ်ကိုဦးဘခင်၊ ဆရာတော်ဦးဥတ္တရမှာ တတိယမြောက် သားတော်ဖြစ်ပါသည်။ အထွေးဆုံးမှာ မောင်ဘအေးဖြစ်ပါသည်၊ မိဘနှစ်ပါးလုံးမှာ ငယ်စဉ်ကပင် ကွယ်လွန်အနိစ္စရောက်သွားကြပါသဖြင့် အဖွားနှင့်ပင် ကြီးပြင်း

အောင် နေရပါသည်။ ၇-နှစ် ဂ-နှစ်အရွယ်ရောက်သောအခါ မိခင်ဘက်မှ ဒေးလေးဦးပုလေးကြီး၊ ဒေါ်နှင်းကြည်တို့က ရှင်ပြုပဗ္ဗဇ္ဇာမင်္ဂလာပွဲများကို ခြိမ့်ခြိမ့်သဲအောင် ကျင်းပပြီးလျှင် ရှာဦးကျောင်းဆရာတော် ဦးပဏ္ဍိတထံတွင် အပ်နှံ၍ အာဠယ်ရောက်သည့်တိုင်အောင် ပညာရပ်များကို ဆည်းပူးလျက်နေသည်။

၁၃၀၀-ပြည့်နှစ် ပြာသိုလတွင် တောင်ပိုင်းရှမ်းပြည် ကလောမြို့ သိမ်တောင်ကျောင်းတိုက် ဦးစိန္ဒာယက ဆရာတော် ဘုရားကြီး ဦးအာဒိစ္စနောက်သို့ သာမဏေဝတ်လျက်လိုက်လာပါသည်။ ၁၃၀၁-ခုနှစ် ဝါခေါင်လပြည့်နေ့တွင် အောင်ပန်းမြို့ ဦးဝင်း၊ ဒေါ်ပြန့်တို့က စတုပစ္စယခံယူ၍ ကလောမြို့ သိမ်တောင်ကျောင်းတိုက် ခဏ္ဍသိမ်အတွင်း၌ ဆရာတော်ဘုရားကြီး ဦးအာဒိစ္စကို ကျောက်ထီးတန်တု ဥပဇ္ဈာယ်ပြု၍ သိက္ခာတင်လေသည်။

ဆရာတော်ဘုရားကြီးထံတွင် ပုညာရပ်များကို ဆည်းပူး၍ ဝတ်ကြီးဝတ်ငယ်ပြုလုပ်ယင်း ဆရာတော်ကြီးက ညွှန်ကြားသည့်အတိုင်း တိုက်တာဝယ် ထိုက်သင့်သည်အားလျော်စွာ ဆောင်ရွက်၍ ရှစ်ဝါအထိနေပါသည်။ ၁၃၀၉-ခုနှစ် နတ်တော်လဆန်းနှစ်ရက် တနင်းလာနေ့တွင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ကလောမြို့ ဗောဓိကုန်းကျောင်းတိုက်ဘွင် ကျောင်းထိုင်၍ သာသနာ ပြုလုပ်ငန်းများကို ၁၃၄၀-ခုနှင့် ဤစာရေးသည့်အချိန်အထိ ဇလုံလ ဝိရိယတို့ဖြင့် ကျောင်းတိုက် ကြီးပွားရာ ကြီးပွားကြောင်းများကို လုပ်ကိုင်လျက်ရှိပါသည်။

၁၃၁၃-ခုနှစ်ဦးတန်ခူးလပြည့်ကျော် ၁၁-ရက်နေ့တွင် သိမ်ဒါယကာမကြီး ဒေါ်သိန်းညွှန့်ကို အမှူးပြု၍ ဒေါက်ဘာ ဦးဝမ်းဖေ၊ ဒေါ်သန်းစိန်တို့က ပစ္စည်းလေးပါးခံယူ၍ ကလောမြို့ သိမ်တောင်တိုက် ခဏ္ဍသိမ်အတွင်း၌ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဗောဓိကုန်း ဆရာတော်အား သိက္ခာထပ်ပါသည်။

ဆရာတော်ဘုရားကြီးထံတွင် ပုညာရပ်များကို ဆည်းပူး၍ ဝတ်ကြီးဝတ်ငယ်ပြုလုပ်ယင်း ဆရာတော်ကြီးက ညွှန်ကြားသည့်အတိုင်း တိုက်တာဝယ် ထိုက်သင့်သည်အားလျော်စွာ ဆောင်ရွက်၍ ရှစ်ဝါအထိနေပါသည်။ ၁၃၀၉-ခုနှစ် နတ်တော်လဆန်းနှစ်ရက် တနင်းလာနေ့တွင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ကလောမြို့ ဗောဓိကုန်းကျောင်းတိုက်ဘွင် ကျောင်းထိုင်၍ သာသနာ ပြုလုပ်ငန်းများကို ၁၃၄၀-ခုနှင့် ဤစာရေးသည့်အချိန်အထိ ဇလုံလ ဝိရိယတို့ဖြင့် ကျောင်းတိုက် ကြီးပွားရာ ကြီးပွားကြောင်းများကို လုပ်ကိုင်လျက်ရှိပါသည်။

၁၃၁၃-ခုနှစ်ဦးတန်ခူးလပြည့်ကျော် ၁၁-ရက်နေ့တွင် သိမ်ဒါယကာမကြီး ဒေါ်သိန်းညွှန့်ကို အမှူးပြု၍ ဒေါက်ဘာ ဦးဝမ်းဖေ၊ ဒေါ်သန်းစိန်တို့က ပစ္စည်းလေးပါးခံယူ၍ ကလောမြို့ သိမ်တောင်တိုက် ခဏ္ဍသိမ်အတွင်း၌ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဗောဓိကုန်း ဆရာတော်အား သိက္ခာထပ်ပါသည်။

၁၃၁၈-ခုနှစ် တပို့တွဲလပြည့်ကျော် ၁-ရက် ကြာသပတေးနေ့တွင် အောင်ပန်းမြို့နေ ဦးဘဆယ်+ဒေါ်ခင်မြင့်တို့က စတုပစ္စယခံယူ၍ ကလောမြို့ ဇောတိကာရုံကျောင်း ခဏ္ဍသိမ်တော်အတွင်း၌ အောင်ပန်းမြို့ မိုးကောင်းကျောင်း ကျောင်း ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍ ဗောဓိကုန်းဆရာတော် ဦးဥတ္တရအား သိက္ခာထပ်ပါသည်။ ထင်းနေ့မှာပင် ဦးဘဆယ်×ဒေါ်ခင်မြင့် သားမောင်စိုးဝင်းတို့က အောင်ပန်းမြို့ မိုးကောင်းကျောင်းတိုက် ခဏ္ဍသိမ်အတွင်း၌ မိုးကောင်းဆရာဘော် ဦးပညာဝရကို ဥပဇ္ဈာယ်ပြု၍ ဗောဓိကုန်း ဆရာတော်အား သိက္ခာထပ်ပါသည်။

ဗောဓိကုန်းကျောင်း ရာဇဝင်အကျဉ်း

ဗောဓိကုန်းကျောင်း သာသနာမြေကို မြန်မာသက္ကရာဇ် ၁၂၉၂-ခုနှစ် အင်္ဂလိပ် ၁၉၃၁-ခုနှစ်တွင် ကလောမြို့ ဗိုလ်ကုန်းရပ်နေ အရေးပိုင် ကာနယ်

ဂရင်းနှင့်+ဒေါ်ရွှေမြိုင်တို့က အင်္ဂလိပ်အစိုးရထံမှ ဂရုံယူ၍ ဗောဓိကုန်းကျောင်းတိုက်ကို ဆောက်လုပ်ပြီး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းပရိယတ္တိစာသင်တိုက်အဖြစ် သွဒါန်းပါသည်။ ထိုအချိန်မှစ၍ ပရိယတ္တိစာသင်တိုက်ကြီး ထူထောင်ပြီး တပည့်အဆက်ဆက်များကို ဆရာတော်အဆက်ဆက်များ ယခုအချိန်အထိ သွန်သင်ဆုံးမသင်ပြပို့ချလျက် ရှိပါသည်။

ကျောင်းထိုင်အဆက်ဆက်

ပထမကျောင်းထိုင်ပုဂ္ဂိုလ်မှာ ဦးအာစရ ဆရာတော်ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်မှာ လူဝတ်ကြောင် လဲသွားပါသည်။

ဒုတိယပုဂ္ဂိုလ်မှာ ဦးကေလာဆရာတော်ထိုင်ပါသည်။ ၎င်းဆရာတော် ပျံလွန်တော်မူပါသည်။

တတိယ ဦးမာလာဆရာတော် ထိုင်ပါသည်။ ၎င်းဆရာတော်လည်း ပျံလွန်တော်မူပါသည်။

စတုတ္ထ ဦးပညာဝရဆရာတော် ထိုင်ပါသည်။ ၎င်းဆရာတော်သည် အောင်ပန်းမြို့ မိုးကောင်းကျောင်းသို့ ရွှေပြောင်း၍ ထိုင်ပါသည်။

ပဉ္စမ ဦးဆန္ဒာဓိကဆရာတော် ထိုင်ပါသည်။ ၎င်းဆရာတော်သည် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်သို့ ပြောင်း၍ နေထိုင်ပါသည်။

ဆဋ္ဌမ ဦးကေလာသ ထိုင်ပါသည်။ ၎င်းဆရာတော် သည် ပေးလှမြို့ မီးလောင်ကျောင်းသို့ ပြောင်း၍ထိုင်ပါသည်။

သတ္တမ ဦးဥတ္တရဆရာတော် ထိုင်ပါသည်။ ၎င်းဆရာတော်သည် ၁၃၀၉-ခုနှစ်မှစ၍ ၁၃၄၀-ခုနှစ် ဤစာရေးသည့် အချိန်အထိ ချမ်းသာစွာဖြင့် သီတင်းသုံးလျက်ပင် ရှိပါသည်။ အထူးမှာ ဗောဓိကုန်းကျောင်းတိုက်သည် သိမ်တောင်ဂဏသံဃိကကျောင်း ဖြစ်သောကြောင့် ဆရာတော်ကြီးများက နေရာချထား၍ နေထိုင်ရပါသည်။

ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့တွင်ရှိ ရွှေတောင်ကြားကျောင်း အရှင်ယုဇန၏ အတ္ထုပ္ပတ္တိ

ဦးယုဇနသည် သက္ကရာဇ် ၁၂၇၇-ခုနှစ် ဝါခေါင်လဆုတ် ၇-ရက်ည ၇-နာရီတိတိအချိန်တွင် အဘ ဦးဆိုး အမိဒေါ်တူတို့မှ ကုန်းပေါ်မြောက်ပိုင်း ပရဟိတလမ်း ကလောမြို့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။

၄-နှစ်သား အရွယ်၌ မိခင်ဖြစ်သူကွယ်လွန်ခဲ့ပြီး မိခင်၏ ကြင်းကျန်ရစ်သော ရုပ်ကလာပ် အလောင်း ခေါင်းရင်း၌ထိုင်၍ သတိသုံးဝဂ သမ္ဗဇ္ဈင်ဖြင့်

ခေတ္တ ခရီးမျှ ဝင်စားမီခဲ့ပါ၏။ ထိုမှ တဖန် ဖခင်ဖြစ်သူနှင့် နေထိုင်ခဲ့ရာမှ ၁၁-နှစ်သားအရွယ်တွင် ကလောမြို့ မဟာဓမ္မိကာရုံမ သိမ်တောင် ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်လျက်ရှိသော ကျောင်းထိုင်ဆရာတော် ထံသို့ ရောက်ရှိခဲ့ပြီး တပည့်သားရင်းကဲ့သို့ နေထိုင်ခဲ့ပါသည်။ ၎င်းနေထိုင်စဉ် ကာလအတွင်း (ရှင်သူငယ်) ကိုရင်ဝတ်ဖြင့် မွေးစားသားတပည့်ရင်းကဲ့သို့ ဆရာတော် ဘုရားထံမှ ဆုံးမသြဝါဒနှင့် ဆရာတော်ဘုရား၏ သင်ကြားပြသခဲ့သော ပညာနှိုရည် များကို လွှဲလာသင်ယူ သောက်သုံးခွင့် ရရှိခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရား၏ ခြေရင်းဦး ဝပ်စင်းကာ နေထိုင်လာစဉ် ကာလအတွင်း ကိုရင်ဝတ်နှင့် ဝါတော် ၇-ဝါ၊ ဇုဟန်း ဘောင်ဦး ၃-ဝါ၊ ၁၀-နှစ် ၁၀-ဝါတိုင်တိုင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် မဟာဓမ္မိ ကာရုံမကျောင်းတိုက် အရိပ်အာဝါသ အောက်မှာပင် လေးကိလေသကုတ္တရာ အကျိုးနှစ်ဖြာ မည်းရအောင် သီတင်းသုံး နေထိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ အစိုးရ၏ ပါဠိပတမပြန် အင်းယင်တန်းဝေးမေးပွဲကိုလည်း ဖြေဆိုအောင် မြင်ခဲ့ပါသည်။

ကျေးဇူးအရှင် ဆရာသခင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ပို့ချ သင်ကြားပေးခဲ့သော ဟာဝပါဠိတော်များနှင့် ပါစိတ်ပါဠိတော်များကိုလည်း သင်အံ့တတ်မြောက်ခဲ့ပါသည်။ ကိုရင်ဝတ်နှင့် နေထိုင်စဉ်တွင်ကျောင်းဆရာကြီး ဦးတိုက်အုပ်က ကိုရင်လူထုကဲ့ပါ။ ၁၀-တန်းအောင်အောင် တားရှိ သင်ကြားပေးပါမည်ဟု ဆိုပါ၏။ သို့သော်ငြားလည်း လောကီလူ့ဘောင်၌ ပျော်ခွေမှု မနေလိုရှိ အသက် ၁၉-နှစ် ၂-လ အရွယ်တွင် ဇာတိသိကျောတင်ခဲ့ပါသည်။

ရဟန်း ဝါတော် ၁၀-ဝါ ရှိခဲ့ပြီးချိန် ဂလောဒို့ပယ်မကုန်းကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံး နေထိုင်ခဲ့ပါသည်။ ယင်း ပင်းကုန်းကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံး နေထိုင်ရာတွင် သက္ကရာဇ် ၁၃၀၀-ပြည့်နှစ် အသက် ၂၀-အရွယ် ဇုဟန်းဝင်ဖြစ် ပြောင်းရွှေ့ သီတင်းသုံး နေထိုင်ခဲ့ရခြင်း ဖြစ်ပါသည်။

ထို ပင်းမကုန်း ကျောင်းတွင် ရဟန်းဘဝ ခန်းနေ ဦးပဉ္စင်းအဖြစ် နေထိုင်ရာ ဝါ ၆ပါင်း ၂၀-နှစ်ခွဲပါင်း ၂၀-ခန့် ရှိနေပြီးနောက် ဒေါက်လိပ်ခုနှစ် အဝင်ဖြစ် ၁၉၅၈-ခုနှစ်ခန့်တွင် ပင်မကုန်းကျောင်း ပင်လံကွဲဖြစ်ပေါ်လာပါသည်။ ထိုအချိန်တွင် ထိုဧည်က အစိုးရဒေသရှိဝန်ထောက် ဦးတွန်းလွှန်၏ ရုံးစာရေးကြီး ဦးကျော်ဇံ အရပ်လူကြီး ဦးစိန်မောင်တို့ သုံးဦးက ဒေခွင့် အရေးလိုလားခဲ့ကြ ၃-ခုံးတဲ့ ပေးပဲ ဟု တောင်းဆိုခဲ့ကြသည်။

ၵင်းဒါယကာသုံးဦး တောင်းဆိုသော အချက် ၂-မှာ "အရှင်ဘုရား၊ လူရှာလဲထွက်ပါ။ မထွက်ရင်လဲ ထိုပင်မကုန်းကျောင်းကို ရပ်ရွာကို ပြန်အပ်

ပါ"ဟု လျှောက်ပါသည်။ ဘုံပြင် ကျွန်ပုဂ္ဂိုလ် ဒါယကာတဦးက "အရှင်ဘုရား၊ တရပ်တခြား တမြို့တရွာအဝေးသို့ သွားရောက်၍ သီတင်းသုံး သာသနာပြုပါ၊ သို့တည်းမဟုတ် လူထွက်ပါ"ဟု တောင်းဆိုလျှောက်ထားပါသည်။

သို့ဖြစ်၍ ဆရာတော်က ထို ဒါယကာသုံးဦးအား ပြန်လည်ဖြေကြားအမိန့်ရှိခဲ့ပါသည်။ "ဘုန်းကြီးအနေဖြင့် အစိုးရ၏ မင်းဒဏ်လဲမရှိပါ။ သာသနာအပြစ်လဲမရှိပါ။ သို့အတွက်ကြောင့် အဝေးရပ်ရွာ တမြို့သို့လဲ ပြောင်းရွှေ့ရမည်ဆိုရာတွင်လဲ မလွယ်ကူ၊ လူထွက်ရမည်ဆိုလဲ ရဟန်းဘဝ ဝါတော် ၂၀-နေခဲ့ပြီး လောကီလူ့ဘောင်သို့ ဝင်ရောက်ဖို့မလွယ်ကူ။ ဘုန်းကြီး အနေဖြင့်လည်း သာသနာ့ဘောင်၌သာ နေလိုပါသည်"ဟု ထို ဒါယကာ သုံးဦးအား တောင်းပန်ခြင်းဖြင့် အရှိန်ရှိဖြေကြားခဲ့ဘူးပါသည်။

ဆရာတော်ဘုရား၏ အရိပ်အာဝါသအောက်ခိုလှုံ၍ ကိုရင်ဝတ်ဘဝ၌ နေစဉ်က ဆရာတော်ဘုရား ပေးအပ်သော ဘွဲ့နာမည်သည် ရှင်ဒီစိဘွဲ့ဖြစ်ပါသည်။ ဦးယုဇနဟု ဘွဲ့အမည်တွဲ ပြောင်းလဲရခြင်းမှာလဲ သိမ်တောင်ကျောင်းတိုက်တွင် ငယ်ရွယ်စဉ်ကာလ စာချဆရာတော် ဦးဥတ္တမမည်သော ပုဂ္ဂိုလ်ရှိပါသည်။

ထိုဦးဥတ္တမထံတွင် ဆန်း၊အလင်္ကာ၊ အဘိဓာန် စာဝါဘက်နေစဉ် ဂုဏ်ဂိုဏ်း အနိဋ္ဌဂိုဏ်းများတွက်ပြီး ဦးဥတ္တမ ပုဂ္ဂိုလ်ကိုယ်တိုင်ပင်လျှင် ဦးယုဇနဟူသောဘွဲ့အမည်သစ် ပြောင်းပေးလိုက်ခြင်း ဖြစ်ပါသည်။

ဦးယုဇန ရဟန်းသိက္ခာတင်သောနှစ်ကား ၁၃၀၀-ပြည့်နှစ်ဘန်ဆောင်မုန်းလပြည့် သိမ်တောင်ကျောင်း မဟာဘုံကထိန်ပွဲ ကျင်းပ လှူဒါန်းပူဇော်ကြသောနေ့မှာပင် ဖြစ်သည်။ ထိုရဟန်းသိက္ခာတင်သည့် တချိန်တည်း ပင်လောင်းမှ ဦးနန္ဒ ပဌမ နာဂဇော်တိကာရုံကျောင်းမှ ပို့လွန်တော်မူသွားပြီ ဖြစ်သော ကျောင်းထိုင်ဆရာတော် ဦးဇောတိပါလ ဒုတိယနာဂ၊ နောက် ဦးယုဇန တတိယနာဂဖြစ်ကြပါသည်။ ထိုသိက္ခာတင်စဉ်ကာလအတွင်း၌ မြို့မကျောင်း ဘုန်းကြီးမှာသက်တော် ဝါတော် အကြီးဆုံးဖြစ်သည့်အလျောက် ဥပဇ္ဈာယ်ဆရာအဖြစ် သိက္ခာတင်ခဲ့ရခြင်း ဖြစ်ပါသည်။

ဦးယုဇနသည် ကလောမဟာမိုက္ခရာမ သိမ်တောင်ကျောင်းတိုက်ကို စတင်တည်ထောင်သာသနာပြုသော ဘုန်းကြီးလေး ဦးကေသရထံတွင် ကကြီးခကွေးမှစ၍ စာသင်ခဲ့ရပါသည်။ ဦးယုဇန၏ ဖခင် ဦးဆိုးသည် ကလောမြို့သို့ ပရိယတ်တိုသာသနာ၊ ပဋိပတ်တိသာသနာပြုရန် ဝမ်းတွင်းသဲတောအောက် သိမ်တောင်မှ သာသနာပြု ပုဂ္ဂိုလ်လေးပါး ကွတက်လာရာတွင် ဒေသနာဘေရီကျမ်းထုတ်ဝေခဲ့သော ဦးကုသလကိုယ်တော်ကို ပစ္စည်းလေးပါး ဒါယကာခံယူကြောင်း သိရပါသည်။



ဦးဆန္ဒာဓိက တောင်ကြီးသိမ်တောင်ကျောင်းဆရာတော်ပုံ
တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဦးစီးနာယက
ဆရာတော် ပရမတ္ထမဟာဝိဇ္ဇာ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
အရှင်ဆန္ဒာဓိက၏ သိမ်တောင်သာသနာဝင်စာတမ်း

မေးမြန်းရာဇာတိ

၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆန်း ၁၁-ရက် အင်္ဂါနေ့တွင် ညောင်ရမ်းမြို့ စျေးရပ် အဖ ဦးလှိုင်-အမိ ဒေါ်ငွေသွဲတို့၏ သတ္တမမြောက် သားရတနာ အငယ်ဆုံးဖြစ်ပါသည်။

အသက် ၁၂-နှစ် အရွယ်တွင် ရှင်သာမဏေ ဖြစ်ပြီး၍ ဥပဇ္ဈာယ်ဖြစ်သော ညောင်ရမ်း လေသာကျောင်း ဆရာတော်ထံမှာ သုတ်နက် သဒ္ဒါစသော ကျမ်းများသင်ယူပြီးနောက် အသက် ၁၈-နှစ်အရွယ်တွင် မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံ ကန္ဒားတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးဥတ္တမထံသို့ ၁၂၉၄-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့ ပရိယတ္တိပညာသင်ရောက်ပြီး ၁၂၉၆-ခုနှစ် အစိုးရ ပထမငယ်တန်းအောင်မြင်၍ အသက် ၂၀- အရတွင် ညောင်ရမ်းမြို့ မိုးညှင်းကုန်းရွာ ဘုရားဒါယကာ ဦးတင့်-ဘုရားအမ ဒေါ်အေးခင်တို့က ပစ္စယာနုဂ္ဂဟဒါယကာခံယူ၍ ညောင်ရမ်း လေးဂိုဏ်းချုပ် ဆဲဝင် ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်ပြု၍ ကာရက သံဃာတော် အစုံတို့ဖြင့် မိုးညှင်းကုန်း ခဏ္ဍသိမ်၌ ၁၂၉၆-ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၀-ရက်နေ့ နံနက် ၉-နာရီ ၃၀-မိနစ် အချိန်၌ ရဟန်းအဖြစ်သို့ ရောက်ပါသည်။

၁၂၉၇-ခုနှစ်တွင် အစိုးရ ပထမလတ်တန်းကို အောင်မြင်ပြီး သဒ္ဓမ္မဝံသာရုံ ကန္ဒားတိုက် ဆရာတော်ထံမှာ ပညာဆက်လက်သင်ကြားယင်း ရဟန်းတဝါရမှစ၍ လေးနှစ်တိုင်တိုင် နွေဝါ ညဝါများ ပို့ချလျက် ၁၃၀၀-ခုနှစ် ဝါဆိုလပြည့်နေ့တိုင်အောင် နေထိုင်ခဲ့ပါသည်။

ဇာတိညောင်ရမ်းသို့ ပြန်ရခြင်း

၁၃၀၀-ပြည့်နှစ် (ဝါ)ညောင်ရမ်း ငယ်ဆရာရင်းဖြစ်သော ဆရာတော် ဦးညေယျက ပြန်ခေါ်သဖြင့် ညောင်ရမ်းရွှေဂူတိုက်ကျောင်း၌ ငါးဝါမြောက် တဝါပြန်ဆို နေထိုင်ရပါသည်။

ရွှေဂူတိုက်ကျောင်း၌ နေစဉ် ညောင်ရမ်းမြို့၏ တနယ်လုံး ကိုးကွယ်ရာဖြစ်သော ကျက်သရေဆောင် အဇ္ဈတ္တအထိပ် ဖြစ်သော ရွှေကူ ဘုရားကြီး၏ အဆောက်အဦများကို ပြင်ဆင်ခြင်း၊ ဝါတွင်း သီတင်းနေ့များတွင် ဘုရားဖူး ဥပုသ်သည်များကို တရားဟောခြင်းဖြင့် နေထိုင်လာခဲ့ရာမှ အစိုးရ ပထမကြီး တန်း ဖြေဆိုအောင်လိုသောစိတ် ဖြစ်ပေါ်လာသဖြင့် မိတ္ထီလာ သဒ္ဓမ္မဝံသာရုံ ကန္ဒားတိုက်သို့ ပြန်သွားရန် စိတ်ကူးကြည့်တော့ ပထမပြန်စာမေးပဲ့၊ ဆုတော် ဝဋ်များ လျော့ပစ်တဲ့အတွက် မန္တလေးနှင့် တခြို့မြို့များမှာ ပထမပြန်စာမေးပဲ့ကို သပိတ်မှောက်မည့် အစီအစဉ်များ ပြုလုပ်နေကြကြောင်း ကြားသိရသည့် အတွက် ငါးတော့ဒီနှစ် ပထမကြီးတန်းကို အောင်မှ ဖြစ်မှာ၊ အဲဒီတော့ သပိတ်မမှောက်တဲ့ဌာန ဘယ်များရှိနိုင်ပါမလဲဟု စဉ်းစားဆင်ခြင်ကြည့်တော့ ကလော ပထမပြန် ဌာနတော့ဖြင့် မန္တလေးနှင့်ဝေးတယ်။ သပိတ်မှောက်ဖြစ်မှာ မဟုတ်ဘူးဟု ဆုံးဖြတ်ပြီး ကလော ပထမပြန်ဌာန စာဖြဘို့ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ကလောဌာနမှာ စာဖြေရန် ဆိုးဖြတ်ပြီး ညောင်ရမ်း ရွှေကူတိုက်-ကျောင်း ဆရာတော်အား ခွင့်ပန်၍ ၁၃၀၀-ပြည့်နှစ် တပို့တဲ့လကုယ်နှေ့ ကလောသိမ်တောင် ကျောင်းတိုက်သို့ ရောက်ပါတော့သည်။ ၁၃၀၁-ခုနှစ် နယုန်လ အစိုးရ ပထမပြန် စာမေးပွဲကျင်းပရာ ၎င်းနှစ်မှာဘဲ ပထမကြီးတန်းကို အောင်မြင်ခဲ့ပါသည်။

၎င်း ၁၃၀၁-ခုနှစ် အစိုးရ ပထမပြန် စာမေးပွဲကို မန္တလေးစသော မြို့ကြီးများ သပိတ်မှောက်ခဲ့ကြသည့်အတွက် စာမေးပွဲ ပျက်သော်လည်း ကလောဌာနမှာတော့ အနှောင့်အယှက်မရှိ အေးချမ်းစွာနှင့် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသည်။

နယုန်လ စာမေးပွဲပြီးတော့ အခွံုိစာဖြေသံဃာများ ကိုယ့်ဌာနကို ပြန်သွားကြသော်လည်း ရှိမ်းပြည်ရောက်တဲ့အခါ တဝါဘချိတော့ နေဘူး တယ်ရှိအောင် နေလိုက်ဦးမည်ဟု ဆိုးဖြတ်ပြီး ကလောသိမ်တောင် ကျောင်းတိုက် ဦးစီးနာယက ဆရာတော်ထံ၌ ၁၃၀၁-ခုနှစ် ဖေ-ဝါမြောက် စာချယင်း တရားဟောယင်းနှင့် ဝါဆိုလိုက်ပါတော့သည်။

ထိုသို့ စာချ တရားဟောအဖြစ်နှင့် နေလာတော့ ဆရာတော်ကလဲ ကလေးသိမ်တောင်ကျောင်းမှ ခွါမသွားစေလိုသည့်အပြင် ကျောင်းတိုက် တွင်းရှိ သံဃာတော်များကလဲ ခင်မင်ကြ ကလောမြို့ ကျောင်းဒါယကာ ကြီး ဦးရ+ဒေါ်အေးလုံတို့ကလဲ ပစ္စယာနုဂ္ဂဟဖြင့် ပင့်ဖိတ်ပြီး လုံတာထက်ပိုပြီး ဘုဒါန်းကြ၊ ကလောသိမ်တောင်ဆိုင်ရာ ဒါယကာ ဒါယိကာမတို့ကလဲ လေးစားသည့်အတွက် ကလောမြို့ကိုဘဲ့ မိမိ၏စာတိမ်မြို့ရွာကဲ့သို့ပင် ထင်မြင် ယူဆမိနေပါတော့သည်။

ကလောမှ မန္တလေး ဝါဆိုခြင်း

၁၃၀၂-ခုနှစ်မှစ၍ အစိုးရ ပထမပြန် စာမေးပွဲမှတဆင့်တက်၍ ဓမ္မာစရိယ၊ စာချတန်းကို စတင်ကျင်းပပြုလုပ်ပေးသဖြင့် စာချဘန်း စာမေးပွဲကို ဖြေဆိုရန် ရွေးချယ်ခြင်း၊ အထက်တန်း ပရိယတ္တိဘာသာပေများဆည်းပူး သင်ကြား ရန်၎င်း ရည်ရွယ်၍ ကလောသိမ်တောင်ကျောင်းတိုက်မှ မန္တလေးတောင်ပြင် ထိုးလင်းတိုက်သို့ ၁၃၀၂-ခုနှစ် ဝါဆိုလတွင် နောက်ရှိပါသည်။ ၁၃၀၃-ခုနှစ်ပါ နှစ်ဝါဆိုပြီး ဘုရားကြီးတိုက် စာချအကျော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ ဆရာတော်ထံမှာ ပါဠိတော်အဋ္ဌကထာ၊ ဋီကာဆိုစာဝါများ သင်ကြားလိုက်နာနေစဉ် ၁၃၀၃-ခုနှစ် တပို့တဲ့လဆန်း ၆-ရက်နေ့ မန္တလေးနန်းတော်တွင်းဂျပန်လေယာဉ်ပျံများဗုံးလာကြဲသဖြင့် မန္တလေးမြို့သူမြို့သားများမိမိတို့နှင့် နီးစပ်ရာတောရွာများသို့ ပြောင်းကြရွှေ့ကြနှင့်ယောက်ယက်ခတ်ဖြစ်နေသော်လဲ

ဆရာတော် ဦးနာရဒက သုတ်သီလကွန် စာဝါကို မပျက် မကွက် ချပေးတော်မူသဖြင့် မပျက်မကွက်ပင် စာဝါကို လိုက်လျက်နေရပါသည်။

ထိုသို့စာဝါများလိုက်နေစဉ် တပေါင်းလပြည့်လောက်ရောက်လာတော့ မန္တလေးမြို့သူမြို့သားများလဲ မြို့တွင်းမှာ အတော်နည်းသွားပြီး အောက်မြန်မာပြည်မှ အိန္ဒိယာပြည်သို့ ခြေလျင်ခရီးဖြင့် ပြန်ရန် ကျောက်ရထား၊ ကုန်ရထားရာရထားနှင့် စီးလာကြတဲ့ အိန္ဒိယကုလား လူမျိုးတို့သည် မန္တလေးမြို့ အနှံ့အပြားကွင်းပြင် သစ်ပင်အောက်စသည် ပြည့်နှက်နေလော အချိန်ပိုင်းသို့ ရောက်နေခြင်း၊ ဂျပန်ခြေလျင်တပ်များလဲ မြန်မာပြည် အောက်ပိုင်းသို့ ဝင်ရောက် ဗုံးများလဲ မပြတ်မလပ် ကျဲချလာခြင်း၊ ကလေးမြို့မှ ကျောင်းဒါယကာကြီး ဦးရ၊ ဒေါ်အေးလုံတို့ကလဲ ကားကြိုများဖြင့် ခဏခဏ အပင့်ဆောက်ခြင်းတို့ကြောင့် မိမိဇာတိဖြစ်နေသည့် ညောင်ရမ်းပြန်လျှင် ကလောမကလား၊ ကလေး သွားရဟော်မလားဟု စိတ်ဒွိဟဖြစ်နေရာမှ ပင့်တဲ့ အရပ် သွားတာဘဲ ကောင်းပါတယ်ဟု ဆုံးဖြတ်ပြီး ၁၃၀၃-ခုနှစ်တပေါင်းလပြည့်ကျော် ဂ-ရက်နေ့ ကလောသိမ်တောင် ကျောင်းတိုက်သို့ ပြန်လည်ရောက်ရပါတော့သည်။

တောင်ကြီးမြို့သို့ ရောက်ရခြင်းအကြောင်း

၁၃၀၄-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့နံနက် ကလောမြို့သို့ မြန်မာပြည်မဘက်မှ ဂျပန်စစ်တပ်များ ဝင်ရောက် သိမ်းပိုက်ပြီးနောက် မြန်မာပြည် အရပ်ရပ် ဂျပန် စစ်တပ်များ သိမ်းပြီးသောအခါ တောင်ကြီးမြို့ သိမ်တောင် ကျောင်းတိုက်၌ သံဃာများ လုံးဝပြတ်သွားသဖြင့် ကလောသိမ်တောင် ဆရာတော်က ဦးဆန္ဒာဓိကအား တောင်ကြီး သိမ်တောင်သွားပြီး တောင်ရွာက် ပေးပါဦးဟု အမိန့် ရှိသဖြင့် မြို့ရှာ အခြေအနေ မကောင်း သေးသော်လဲ ကျရောက်လာသော ကာဝန်ကို မရှောင်ရှားလိုသဖြင့် ယခင်ဦးကလာသ ယခု ပွဲးလှတောင်ကျောင်းဆရာတော် ရှင်ဣန္ဒဝံသ၊ ယခုတောင်ကြီး မဟာဓမ္မိကာရုံဆရာတော်၊ ရှင်ကေသဝ၊ ယခု ပေါင်တွန်းပေတို့နှင့် အတူ ကလော သိမ်တောင် ဆရာတော်ဘုရားကြီးအမှူးပြုသော ကလောဒါယကာ ဒါယိကာမများလိုက်ပို့ကြသဖြင့် ၁၃၀၄-ခုနှစ် ဝါဆိုလဆန်း ၁၀-ရက်နေ့ တောင်ကြီး သိမ်တောင် ကျောင်းတိုက်သို့ရောက်ရပါတော့သည်။

အဲဒီအချိန်မှာ တောင်ကြီးသိမ်တောင်ကျောင်းတိုက်၏ ဆရာတော်ဖြစ်သော ဦးစိန္ဓာသာရသည် စစ်မဖြစ်ခင် လပိုင်းအလို အမိအဖများ အနီစွရောက်ကြသဖြင့် သင်္ဂြိဟ်ရန် သာစည်မြို့နယ် ဘူးရုံရွာသို့သွားပြီး သင်္ဂြိဟ်ခြင်းကိစ္စ ဆောင်ရွက်နေစဉ် စစ်အလွန်နီးကပ်လာသဖြင့် တောင်ကြီးသို့ ပြန်နိုင်ဘဲရှိနေရာ ရာဇဝတ်ဝန်ကြီး ဦးထွန်းလှအောင်ပင့်ဆောင်တားသဖြင့် ရှေဘိုဘက်သို့ ရောက်

သွားရာမှ ၁၃၀၄-ခုနှစ် ဝါခေါင်လ ဒုတိယဝါဆိုမှီ တောင်ကြီးသိမ်တောင် ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိပါကြောင်း။

သိမ်တောင်ကျောင်းတိုက်၌ ဆရာတော် ဦးစိန္ဓာသာဝရနှင့် အတူ ဂျပန် ခေတ်နေလာရာမှ ၁၃၀၆-ခုနှစ် တပို့တဲ့လဆန်း ၁၄-ရက်နေ့ည ဂျပန်ခေတ် တောင်ကြီး မြို့လယ်ခေါင် အင်္ဂလိပ်ဗုံး ၂-လုံး ချပြီးချိန်မှစ၍ တောင်ကြီး မြို့သူမြို့သားများ မိမိတို့နှင့် ဆက်စပ်ရာ အင်းလေး ရပ်စောက်စသော အရပ် ဌာနများသို့ ပြောင်းကြ ရွှေ့ကြရာမှ မိမိတို့လည်း အင်းလေး ငါးဘက်ချောင်း၊ ရွာမ သိန္ဓောကျောင်းတို့တွင် ခိုအောင်းနေထိုင်ခဲ့ကြ ရပါသည်။ ၁၃၀၇-ခုနှစ် ဝါဆိုလ အင်္ဂလိပ် စစ်တပ်များ ကလော တောင်ကြီးသို့ ရောက်ပြီး တောင်ကြီး သိမ်တောင်ဘုန်းကြီး ဦးစိန္ဓာသာဝရလည်း တောင်ကြီးပြန်၊ မိမိလဲ ကလော သိမ်တောင် ကျောင်းတိုက်သို့ ဒုတိယ ဝါဆိုလ ဝါဆိုမှီ ပြန်လည် ရောက်ရှိနေထိုင်ပါသည်။

တောင်ကြီးသို့ဇာဖန် ပြန်လည်ရောက်ရခြင်း

၁၃၀၈-ခုနှစ် ကလောဗေဒမိကုန်းကျောင်းမှာ နာယက အဖြစ်ဖြင့် ဝါဆို ဝါကပ်၍ သိဇင်းကျွတ်လျှင် တောင်ကြီးသိမ်တောင်မှာ အကြီးအမှူး အုပ်ချုပ်သူမရှိဖြစ်သွားပါသဖြင့် ၁၃၀၈-ခုနှစ်တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့ တောင်ကြီး သိမ်တောင် ကျောင်းတိုက်သို့ ဒုတိယအကြိမ် ရောက်ပြီး ပုရိယတ္တိစာသင်သား သံဃာ ၃၀-ကျော်မျှ လက်ခံ၍ ပရိယတ္တိ စာပေ ကျမ်း ဂန်များ နေ့ညမပြတ် ပို့ချကာ အစိုးရ ပထမပြန် စာမေးပွဲနှင့် ညောင်ရှေ ပိန်ယာဒိဋ္ဌဂုဟစာပေ.ပွဲ၊ စာပြန်ပွဲများကို နှစ်စဉ်နှစ်တိုင်း မပြတ်ဟန်း ပြန်ဖြေ စေခဲ့ပါသည်။

ဓမ္မာစရိယ စာချတန်း ဖြဆိုခြင်း

၁၃၁၁-ခုနှစ် ဝါခေါင်လ ကရင် သူပုန်များ လွယ်ကော်မှ လာ၍ တောင်ကြီးမြို့ကို ရက်ပေါင်း ၁၀၃-ရက်နေပြီး ထွက်သွား ပုသော်လဲ ဟော တောင်အရပ်ဒေသများမှာ ကရင်သူပုန်နှင့် ပဒေါ်ဝ်သူပုန်များ ကျန်ရှိနေသဖြင့် တောင်ကြီးမြို့ကို အုပ်ချုပ်သော အရေးပိုင် သာမဓမ်း ဗေဒင်ဘွဲ့ကြီး ဟော ထွန်းအေးက အရေးပိုင်ရုံး ပင့်ပြီးလျှင် သံဃအဖွဲ့ဖွဲ့၍ ပဒေါ်ဝ်သူပုန်များကို ငြိမ်းချမ်းရေးတရား ဟောပြောပေးရန်—

(၁) ပထမ တောင်ကျောင်းကြီးတိုက် ဆရာတော်။
(၂) ကံဦးကျောင်း ဆရာတော်၊
(၃) သိမ်တောင်ကျောင်း ဆရာဟော်၊

ရင်းသုံးပါးတို့အား လျှောက်ထားရာ သုံးကြိမ်တိုင်တိုင် ပယ်သော်လည်း စတုတ္ထ အကြိမ်မှာ ခွင့်ပြုတာဝန်ယူ၍ သံသာအဖွဲ့ ဖွဲ့ရာပဋ္ဌာန် အဟင်းရေးမှူး တာဝန်ကို ရယူပါတော့သည်။

တောင်ကြီးမြို့တွင်သာမက တောနယ်တွေပါ သံသာဖွဲ့ဖွဲ့၍ ငြိမ်းချမ်းရေးဆောင်ရွက်လုပ်ကိုင်သော်လဲ ဓမ္မာအခြေအနေအရ ငြိမ်းချမ်းရေး မရနိုင်တဲ့အတွက် ငါဆက်လုပ်နေလဲ ငြိမ်းချမ်းရေးရဘို့ဝေး လမ်းပင်ဖွဘူးဟု စိတ်ဆုံးဖြတ်ပြီး စာချုပ်တန်း စာမေးပွဲကိုလဲဝင်လို့ အောင်လိုသဖြင့် စာချုပ်တန်း စာဝါမျှားကို အချိန်မျှားမျှား ဘည်းဘူးသင်ပျဉ်ခိုင်ရန်နှင့် ဆရာနည်းကျကျရှိနိုင်ရန်အတွက် တောင်ကြီး သိမ်ဟောင်ကျောင်းတိုက်ကို ယာယီဦးသုန္ဒရ ယခုသိရှိ မင်္ဂလာရပ်တော်မူကျောင်း ဆရာတော်ဒေါ်း အစောင့်ဟရွာက် လွှဲထားပြီး မန္တလေးမြို့ တောင်ပြင်ထိုးလင်းတိုက်၌ ပရိယတ်ဝန်ထမ်းပြုပါဆိုပြီး ဘုရားကြီးတိုက် စာချုပ်ကျော် ဦးနာရဒ ဆရာတော်ကြီးထံ၌ ပါဠိ၊ အဋ္ဌကထာ စာချုတန်း စာဝါမျှားသင်ယူရပါတော့သည်။

စာချုတန်း အပြန်ဟောင်နည်း

ယခုဓမ္မာစရိယ စာချုပန်းဝင်ရန် မန္တလေးရောက်နေပြီ။ ရဟန်းဝါလဲ ၁၅-ဝါဟော့ ရှိနေပြီ။ ကျောင်းထိုင်ဘုန်းကြီးလဲ ဖြစ်နေတော့ ဒီစာချုတန်းကို အမြန်ဆုံးအောင်မှဖြစ်မည်။စာချုတန်းမှာလဲ ကျမ်းမင်းသုံးကျမ်းကို တကျမ်းလျှင် အနက်မြန်မာသက်သက် တရက်၊ အဓိပ္ပာယ်တရက်မေးရာ နှစ်ရက်လုံး အောင်မှ တကျမ်းအအောင်ရပါဟယ်။ ဒီတော့ တကျမ်းမှာ ဟန်က်နေ့တော့ အောင်ပါတယ်။ အဓိပ္ပာယ်နေ့ကျပြန်လဲ အောင်မရနိုင်ဘူး။ အဓိပ္ပာယ်နေ့က အောင်ပါ၍၊ အနက်နေ့ကျဟယ်ဘိုလဲ အစအောင်မရဖြစ်နေလျှင် အမြန်အောင်ဘို့မလွယ်ဘူး၊ အနက်နေ့အကျ ပရိယတ်ဝန်ထမ်းပုဂ္ဂိုလ်မှ ဖြစ်မည်ဟု စိတ်ပိုင်းဖြတ်ပြီး ပါဠိတော်သုံးကျမ်းမှ မတူရာပုဒ်မျှားကို သားစာအုပ်၌ ပါဠိတဖက် အနက် မြန်မာတဖက်ရေးပြီး ခဏခဏဖတ်နေတော့ ပါဠိတော်သုံးကျမ်းမှာရှိတဲ့ အနက်မထင် မရတဲ့ ပါဠိရယ်လို့ ပရိယတ်ဝါ။ ဘယ်အချိန် ကောက် မေးမေး တခဏချင်းရပါသည်။ အဓိပ္ပာယ်နေ့အတွက် ပထမကြိုးထဲက လေ့ကျက်ခဲ့တဲ့ ဆန်း၊ အလင်္ကာ၊ အဘိဓာန်တို့မှ တိုက်ရိုက်ခြွေဆိုရတဲ့ပုစ္ဆာမျိုး၊ နေတို့ ဟာရကောက်၊ ဥတ်ကောက်နည်း ဥပစာ စသည်တို့ကို ပိုင်နိုင်စွာ လေ့လာထားသဖြင့်ဝင်း၊ ၁၃၁၃-ခုနှစ်၊ စာချုတန်း စာဇမားပွဲမှာ ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင်သုံးကျမ်းပါတဲ့ပြီး ၆-ကျမ်း အောင်မြင်ခဲ့ပါသည်။

၁၃၁၃-ခုနှစ်၊ နယုန်လ ဓမ္မာစရိယ စာချုတန်းဖြအပြီး တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိပြီးနောက် သံသာ၆၀-ကျော်

လုက်ခံ၍ စာပေသင်ကြားခြင်း၊ ပရိယတ္တိအလုပ်ကို နေ့ညမပြတ် ဂရုတစိုက် အားပေးမျိုးမြှင့်ထောက်ပံ့လာသဖြင့် အစိုးရ ပဌမပြိုန် စာမေးပွဲ၊ စာချတန်း စာမေးပွဲ၊ ရှိုးကုန် ဧစတိယင်္ဂ၊ မန္တဓလး သက္ကသိဟ၊ နိကာယ် စာမေးပွဲ များအပြင် တိပိဋကဓ စာမေးပွဲများအထိ သိမ်တောင်ကျောင်းတိုက်မှ ဖြေဆို အောင်မြင်လျက် ရှိပါသည်။

ထိုးပြင် မြတ်စွာဘုရား၏ သာသနာတော်အဆောက်အဦများဖြစ်သော တောင်ကြီးမြို၏ ဂျက်သရေ၊ သာသနာတော်၏ ကျက်သရေဆောင် ဖြစ်သော မဟာမြတ်မုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးစသော အဆောက် အဦများ ပြုပြင်ခြင်း၊ ညောင်ရမ်းမြို၏ ဒေက္ခိဏအထိပ် ရွှေဂူကြီး မြတ်စွာဘုရား၏ အဆောက်အဦတို့ကို ပြုပြင်ခြင်းကိစ္စများကို ဆောင်ရွက်လျက် ရှိပါသည်။

တောင်ကြီးမြို သိမ်တောင်ကျောင်းတိုက်ကို ၁၂၂၈-ခုနှစ်၌ ယခုလက် ရှိ သိမ်တောင်ဂိုဏ်းလုံးဆိုရာ ကလော သိမ်ဟောင်ဆရာတော် ဦးအာဒိစ္စန္ဒင့် ဆရာတော် ဦးပဏ္ဍဝ အမှူးပြုသော သံဃာတော်များ စတင် တည်ထောင်၍ ပထမဆရာတော်အဖြစ် ဦးပဏ္ဍဝက၊ တာဝန်ယူစောင့်မျှောက်ခဲ့ပါသည်။ဒုတိယ ဦးတေဇဝန္တ၊ တတိယ ဦးစိန္တာသာရတို့ ဖြစ်ကြပါသည်။

ပဉ္စမဆရာတော် ဦးဆန္ဒာဝံကာသည် ၁၃၀၀-နှစ်မှစ၍ ထာဝစဉ် စောင့်ရှောက်ထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။တောင်ကြီးမြို သိမ်ဗဟောင်းကျောင်း တိုက်သည် တောင်ကြီးမြို၏ အဓိနာက်တောင်ထောင့် မဟာမြဿမုနိဘုရားကြီး၏ တောင်ဖက် ပေ၇၀၀-ခန့် အကွာတွင်ရှိ၏၊ ပဟာမြတ်မုနိ ဘုရားကြီး၏ အဓိနာက်ခြေထောင့် ပေ၇၀၀-ခန့် အကွာတွင်း နှစ်ဌာန ကဲ့လျက်ရှိပါသည်။ ယခု က တပို့က်တည်း ဘုရားရှိခိုး အဝှ ဆွမ်းစားကျောင်း အတူ ထားပြီး နေထိုင်ခဲ့ရာမှ အဓိုပဒြချုပ်လွယ်ကူမှုနှင့် နေ့ညမပြတ်စောင့်ရှောက် နိုင်ရေးတို့ကို ရှေးရှုလျက် မဟာမြတ်မုနိ ဘုရားကြီး၏ အနောက်မြောက်ထောင့် အရပ်မှာ တည်ရှိသော သိမ်တောင်ကျောင်းတိုက်ကို ပဟာမမြို့ပြာရုံကျောင်း တိုက် အမည်သစ်နှင့် ထားပြီး ဦးဂုဏ်ဝံသကို ၁၃၂၃-ခုနှစ် ပါဆိုလပြည့်၍ အုပ် ချုပ် နေထိုင်စေခဲ့ပါသည်။

မဟာမြတ်မုနိဘုရားကြီး၏ တောင်ဖက်တွင်ရှိသော သိမ်တောင်ကျောင်း တိုက်၌ ကျောင်းပေါင်း ၁၃-ကျောင်း အပြင် ရေကန်၊ ရေစက်၊ လျှပ်စစ်မီး အပြည့်အစုံရှိပြီး အမြဲတမ်းသံဃာ ၆၀-ကျော်တို့တွင် စာသင်စာချုပဋိုလ်တို့ဖြင့် ပရိယတ္တိသာသနာ ထွန်းကားရေး အကျင့်ပဋိပတ်လမ်းမှန် ဖြည့်စွမ်းရေး တို့ကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိပါသည်။

တောင်ကြီးမြို သိမ်တောင်ကျောင်းတိုက်အပါ ဆိုကြသောသံဃာ များကိုသိတော်ကျပါလေဆုံး၊ ရက်ခန့်မှစ၍ မိမိတို့မြေသောစာများကို အာဂုံပြန်

ဆိုခိုင်းပြီး စာအရဆုံးပုဂ္ဂိုလ်မှစ၍ သက်နှံးစသော ဝတ္ထုပစ္စည်းများကို ဆုအဖြစ် ၎င်း၊ သိတင်းကျတ်လဆန်း ၁၁-ရက်နေ့ မွေးနေ့ အထိမ်းအမှတ် အဖြစ်၎င်း၊ ကျောင်းတိုက် အတွင်း ပရိယတ္တိကို ကြိုးကြိုး စားစား သင်ယူဓသော ပုဂ္ဂိုလ်များအတွက် သက်နှံးစသည် ပလုံရအေးဝင်၎င်း၊ ကျောင်းကွင်းရှိ သံလာများကို ထောက်ပံ့ချီးမြှင့်ဂုတွင် လမ်းမှန်ရောင်အောင်၎င်း ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါသည်။

မွေးနေ့ အထိမ်းအမှတ်ပဲ့ အထူးမလုပ်ခြင်း

ကျောင်းဒါယကာ ဒါယိကာမတို့က ဆရာတော်မွေးနေ့ အလှူပဲ့ကို စုဝေပါင်းပြုလုပ်မည်ဟု ခွင့်ကောင်းသော်သည်း ခွင့်မပြုခဲ့ပါ။ ခွင့်မပြုခြင်း အကြောင်းကတော့ ကဝါတွင်း ဆိုသော်လည်း စာသင်ရက်က ၇၅-ရက် လောက်ရှိတော့ စာသင်စာချ ရက်မပျက်လိုခြင်း၊ သိတင်းကျတ်၊ တန်ဆောင်မုန်း ကထိန်ပဲ့မျှားနှင့် နီးကပ်ခြင်းကြောင့် မွေးနေ့ပဲ့အထူး မလုပ်ဓခြင်းဖြစ်ပါသည်။

ကျန်းမာရေးနှင့် ပြည့်စုံနေသမျှ ကာလပတ်လုံး မြတ်ဗုဒ္ဓဘုရား၏ သာသနာအကျိုးစီပွားကို ဆက်လက်ဆောင်ရွက် သွားမည်သာဖြစ်ပါသည်။

ပရမတ္ထမဟာဝိဇ္ဇာဘွဲ့ကို ၁၂၄၇-ခုနှစ်က ရရှိပါသည်။ ပရမတ္ထ မဟာဝိဇ္ဇာဘွဲ့ကို မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သာမြို့ လယ်တီပိဋကတိုက် အသင်းကြီးက မြန်မာပြည်အနှံအပြား စာငြဖြဉာနများထားပြီး သင်္ဂဟအောက် သုံးပိုင်းတတန်း၊ အလယ်သုံးပိုင်းတတန်း၊ အထက်သုံးပိုင်းတတန်း၊ ပရမတ္ထသံခိပ် ဋီကာဆရာဖြစ် တတန်းတားပြီး ကျင်းပရာ ပရမတ္ထသံခိပ်ဋီကာဆရာဖြစ် အောင်သူများကို ပရမတ္ထမဟာဝိဇ္ဇာဘွဲ့ပေးပါသည်။

၎င်းစာမေးပွဲကို လေးတန်းလုံးဟရက်တည်းသာ ကျင်းရာ စွမ်းဆောင်နိုင်က နှစ်တန်းဖြစ်ဓ၊ သုံးတန်းဖြစ်ဓ ဝင်ရောက် ဖြေဆိုနိုင်ပါသည်။ ၎င်း စာမေးပွဲကို လက်မှတ်ထိုးစဉ်က အလယ်သုံးပိုင်းနှင့် အထက်သုံးပိုင်း လက် မှတ်ကိုးထားသဖြင့် အလယ်သုံးပိုင်းစဖြရာ ၁-နာရီခွဲလောက် ကြာသွားပါ သည်။ လိုနောက် အထက်သုံးပိုင်းကို ဆက်ဖြဓတဲ့ နှစ်နာရီခွဲလောက်တွင် ပြီးပါသဖြင့် ဂဏာက်သုံးပိုင်း ဆက်ဓဖြပြန်ရာ မိနစ်သုံးဆယ်ခန့်တွင် ပြီး၍ ၁-နာရီလောက်အချိန်ရှိသေးကြောင်းသိရသဖြင့် ဋီကာဆရာဖြစ်သင်တန်းတဖန် ဆက်လက်ဖြေဆိုရာ ၄-နာရီမထိုးမီ လေးတန်းလုံး ပြီးဆုံးပြီးနောက် ဂဇက် ထွက်သည့်အဝါ လေးတန်းလုံးပင် အောင်မြင်သဖြင့် ပရမတ္ထ မဟာဝိဇ္ဇာဘွဲ့ကို ရရှိပါဓတဲ့သည်။ ၎င်းစာမေးပွဲသက်တန်းတလျောက် လေးဘန်းလုံး တခန္ဓ တည်း အောင်မြင်သူ မရှိခဲ့ဘူးပါ။

ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ မဟာဝဲပြတ်မုနီ ဘုံရားကြီး အတွင်းဂကျောင်းဆရာတော် ဦးသဒ္ဓမ္မ၏ အတ္ထုပ္ပတ္တိ

ဆရာတော်သည် ၁၂၂၇-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁-ရက်နေ့နံနက် စက်နာရီ ၉-နာရီ ၃၀-မိနစ်ခန့်တွင် မင်းကွဲဝရိုင် ပြိုသစ်မြို့နယ် အင်တောတောင်ရွာ အဖ ဦးမင်းညွှံ-အမိ ဒေါ်ကြူးမှုံတို့မှ မွေးဖွားသော ဆဋ္ဌမမြောက် သားရတနာဖြစ်ပါသည်။

ရဟန်းအဖြစ်ရောက်ခြင်း

၁၃၀၅-ခုနှစ် ဝါခေါင်လပြည့်နေ့နံနက် ၉-နာရီအချိန်တွင် အင်တောတောင်ကျောင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ အင်တောတောင်ပေါ်ကျောင်း ဘဏ္ဍသိမ်၌ အင်တောကျောင်းရွာ ဦးကောက်-ဒေါ်လှပိုတို့၏ ပစ္စည်းလေးပါးကို ခံယူလျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။ သာမဏေအဖြစ် နှစ်ဝါရခဲ့ပါသည်။ ၎င်းတောင်ပေါ်ကျောင်း ပထမဆရာတော် ဦးကုသလ၊ ဒုတိယဆရာတော် ဦးနုယကတို့ အကံတော်၌ သဒ္ဒါကြီး၊ ရူပသိဒ္ဓိ၊ သင်္ဂဟ၊ ဘိက္ခုပါတိမောက္ခ စသော အဖြဲ့ပြုစာဝါမျှားကို (၁၃၀၅-၆-၇-ဂ) ခုနှစ်အထိ လေးနှစ်သင်ကြား အားထုတ်ခဲ့ပါသည်။

မန္တလေးမြို့သို့ စာသင်သွားခြင်း

၁၃၀၈-ခုနှစ် တန်ဆောင်မုန်းလကွင် မန္တလေးမြို့သို့ စာသင်ရန် သွားရောက်ပြီး မန္တလေးမြို့ ရှမ်းစု တောင်ကိုးလင်းတိုက် အရိယ ဝံသကျောင်း၌ နေထိုင်ပြီး ၎င်းဝါညဝါ စာမျှားကို ဒကွဲဈာဘုရား ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ၎င်းဆရာတော်တွယ်၊ ရွှေရေးဆောင်တိုက် ဆရာတော်စသော ဆရာတော်များဆီ၌ပင် စာဝါမျှားကို သင်ကြားခဲ့ပါသည်။

ကမ္ဘောဇသို့ ရောက်ခဲ့ပုံ

မန္တလေးမြို့ ၁၃၀၉-ခုနှစ် ဝါဆိုပြီး မန္တလေးမှ ရှမ်းပြည် ကလောမြို့ စာဖြေဂျာနယ်သို့ ပထမငယ်စာမေးပွဲဝင်ရန် ကလောမြို့သို့ စာဖြေသွားရောက်ပါသည်။ ကလောစာဖြေဂျာနယ်၌ စာဖြေပြီး ဦးဝါယမ၊ ဦးသောမ၊ ဦးသူရိယ တို့နှင့်အတူ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် ဦးဆန္ဒာဓိက အကံတော်၌ ဝါကပ် ဝါဆိုကြပါသည်။ ၎င်းကျောင်း၌ ပရိယတ္တိများကို ဆက်လက်၍ အားထုတ်ပါသည်။ ပထမငယ်တန်း အောင်မြင်၍ ပထမလတ်တန်းအတွက် ဆက်လက်အားထုတ်ပါသည်။ ၁၃၁၁-ခုနှစ်၌ တောင်ကြီးမြို့

ပရိယတ္တိသာသနာ့ဟိတ စာပြန်ပဲ့၌ မူလတန်းနှင့်ပထမကြီးတန်း နှစ်တန်းဖြေဆို အောင်မြင်ပါသည်။ ၎င်းနှစ်မှာ အစိုးရအလတ်တန်း တိုင်းပြည်ရေးမသာယာ၍ မဖြေဆိုရပါ။ ၁၃၁၂-ခုနှစ်၌ အစိုးရပထမလတ်တန်း ဖြေဆို အောင်မြင်ပါသည်။

မန္တလေးမြို့သို့ တဖန်

၁၃၁၂-ခုနှစ်၌၊ မူလနေထိုင်ခဲ့သော တောင်ပြင်ထီးလင်း အရိယဝံသ ကျောင်းသို့ အထက်ယမိုက်၊ ပဋ္ဌာန်းစသောစာဝါများသင်ကြားရန် ပြန်ရောက်နေထိုင်ပါသည်။ အထက်ယမိုက်၊ ပဋ္ဌာန်းတို့ကို ထီးလင်းတိုက် ရတနာပုံ ရံသီကျောင်းဆရာတော် ဦးအာလောကထံတော်၌ သင်ကြားပါသည်။ နှဝါများကို တောင်ပြင်ရှိ ဆရာတော်ကြီးများ၊ အနောက်ပြင်ဆရာတော်ကြီးများထံတော်၌ သင်ကြားလိုက်ခဲ့ပါသည်။ ၁၃၁၃-၁၄-၁၅-ခုတို့တိုင် စာလိုက်ခဲ့ပါသည်။

၁၃၁၆-ခုနှစ်၌ ရန်ကုန်မြို့ ၆-ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် ဦးကောဏ္ဍညထံ၌ နှဝါကျမ်းစာများကို သင်ကြားခဲ့ပါသည်။ ၁၂၁၇ ခုနှစ်၌လည်း ၎င်းတိုက်မှာပင် ဝါဆိုပြီး ၎င်းမှ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်၏ ခြေတော်ရင်း၌ တလ သတိပဋ္ဌာန် တရားများကို အားထုတ်ခဲ့ပါသည်။

တောင်ကြီးမြို့မှ ပြန်ရောက်ခြင်း

၁၃၁၇-ခုနှစ်၊ မူလနေထိုင်ခဲ့သော တောင်ကြီးမြို့ သိမ်တောင်တိုက် ဆရာတော် ဦးဆန္ဒာဓိကအထံတော်သို့ တဖန်ပြန်လည်၍ ၎င်းနှစ်၌ အစိုးရပထမကြီးတန်းကိုလည်း သိမ်တောင် ကောင်ကြီး ဝိနယာစာရ အထက်တန်းကိုလည်း ဖြေဆိုအောင်မြင်ပါသည်။ ၁၃၁၉-ခုနှစ်၌ အစိုးရသာသနဓဇ မဓုဝစရိယကို အောင်မြင်ပြီး ဆက်လက်၍ တောင်ကြီးသိမ်တောင်ကျောင်းတိုက်၌ သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

တောင်ကြီးမြို့ မဟာမြတ်မုနိဘုရားကြီး အဝဲင်းကျောင်းကို စောင့်ရှောက်ခြင်း

၁၃၂၃-ခုနှစ်၊ တောင်ကြီးမြို့ မဟာမြတ်မုနိဘုရားကြီး အတွင်းကျောင်းယခင် စောင့်ရှောက်တော်မူသော ဘုန်းတော်ကြီး ဦးဝါသဝ ပျံလွန်တော်မူသဖြင့် ၎င်းမဟာမြတ်မုနိ ဘုရားကြီးအတွင်းကျောင်း၌ တောင်ကြီးသိမ်တောင်ကျောင်းတိုက်ဆရာတော် ဦးဆန္ဒာဓိက ဆရာတော်က တိုက်တွန်းစေခိုင်းသဖြင့် တောင်ကြီးမြို့ မဟာမြတ်မုနိဘုရားကြီး အတွင်းကျောင်း ၁၃၂၃-ခုနှစ်၊ဝါဆိုလမှစ၍ စောင့်ရှောက်နေထိုင်ပြီး သာသနာ့တာဝန်များကိုထမ်းဆောင်လျက် ပရိယတ္တိ၊ ပဋိပတ္တိများကို အားထုတ်ပြီး နေထိုင်လျက်ရှိပါသည်။

တောင်ကြီးမြို့ မဟာဓမ္မိကာရုံကျောင်းတိုက်
ဆရာတော် အရှင်ဣန္ဒာဘိဝံသ၏ ထေရပွတ္တိအကျဉ်း

ဆရာတော် အရှင်ဣန္ဒာဘိဝံသသည် ကလောမြို့ သီရိမင်္ဂလာရပ် ပဲစားကြီး ဦးအေး+ပဲကတော် ဒေါ်ရွှေဖိတ်မှ ၁၂၀၇-ခု ဝါဆိုလဆုတ် ၁၃-ရက် တနင်္ဂနွေနေ့၌ မွေးဖွားသော အငယ်ဆုံး သားရတနာဖြစ်သည်။

ရှင်သာမဏေကို ၁၂၃၃-ခုနှစ် ပြာသိုလ်လဆန်း ၁၅-ရက်နေ့တွင် ကလောမြို့ သိမ်တောင်ကျောင်းတိုက်ဆရာတော် အရှင်အာဒိစ္စကို ဥပဇ္ဈာယ် ပြုလျက် စစ်ကိုင်းမြို့ ဇမ္ဗူထိန်လင်းချောင် ဆရာတော် ဘရှင်နန္ဒိယအား အမှူးထားပြီးလျှင် ရှင်သာမဏေကြွပါသည်။

ကလောမြို့ သိမ်တောင်ကျောင်းတိုက် အရှင် အာဒိစ္စ ဆရာတော် ဘုရားကြီးအား ဥပဇ္ဈာယ် ဆရာတော်အဖြစ်ပြုလျက် ၁၃၀၇-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့တွင် ကလောမြို့ ခဏ္ဍသိမ်တော်၌ မြဲမြံတည်သော အထက်တန်း ရဟန်း ဦးပဉ္စင်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ပရိယတ်ကို စာပေကျမ်းဂန်များကို ကလောမြို့ သိမ်တောင်ကျောင်းတိုက် ဆရာကြီး အရှင်အာဒိစ္စ၊ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် အရှင်ဆန္ဒာဘိဝံသ၊ သာသနဓဇ သိရိပဝရမဟာစရိယနှင့် နာယကဆရာတော်ဘုရား၊ မန္တလေးမြို့ ပစိုးရိမ်ကျောင်းတိုက် နာယက စာချဆရာတော်ဘုရားများ၊ ပခုက္ကူမြို့ မဟာပိဿုတာရာမကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ ဘဲတံဆိပ်ဒေါ်မျိုးရ မဟာနာယက ဆရာတော်ဘုရားကြီး ဦးသုန္ဒရအား အမှူးထားလျက် တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်ဘုရားများထံတော်၌ ပြီးစား ဒသားထုတ် သင်ယူခဲ့ပါသည်။

ဝေဒင်မြင်ခဲ့သော ပရိယတ်တို့ စာပြန် စာပေးပဲ့များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတကိုးရ ပါဠိပေကပြန် ပဏမငယ်၊ ပဏမလတ်တန်း ညောင်ရှေ့မြို့ ဝိနယာဒိဋ္ဌဟ ပုဋ္ဌသဓမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ အပြန် စာဆုံဖြတန်း၊ တောင်ကြီးမြို့ ပရိယတ်တို့ သာသနဒ္ဓဇိတ ပဏမငယ်တန်း ပဏမလတ်တန်း၊ အပြန်စာဖြေတန်း အောင်မြင်ခဲ့ပါသည်။

ယခုအခါ သိမ်တောင် ဂိုဟ်းလုံးဆိုင်ရာ သိမ်တောင် ဂဏ နိကာယဝင် တောင်ကြီးမြို့ မဟာဓမ္မိကာရုံ ပရိယတ်တိကျောင်းတိုက်၌ ကျောင်းထိုင်နာယကဆရာတော် အဖြစ်ဖြင့် ပရိယတ်တိ စာပေကျမ်းဂန်များကို ပို့ချသင်ကြား အားထုတ်ကြိုးပမ်းလျှက် မြတ်စွာဘုရား၏ ပရိယတ်တိ၊ ပဋိပတ်တိ၊ ပဋိဝေဓ သာသနာတော်ကြီး သုံးရပ်တို့ကို ဖြည့်ကျင့်ဆည်းပူး ပွားများ အားထုတ်ကြိုးစားလျက်ရှိပါသည်။

ရွှေညောင်မြို့ အောင်သဖြူစွယ်တော်ကျောင်း အမြင့်အရာ အတ္ထုပ္ပတ္တိ အကျဉ်းစာ

ဤ ကျောင်းတိုက်သည် ရွှေညောင်နှင့် တောင်ကြီးသွား ကားလမ်း အောင်သဖြူစစ်တပ်၏ တောင်ဖက် ၃-ဖာလုံခန့် အကွာတွင် တည်ရှိပါသည်။ ဤကျောင်းတိုက်ကို စတင်တည်ထောင်သည်မှာ ၁၃၃၅-ခုနှစ်က ဖြစ်၍ ၅-နှစ်ခန့်မျှ ရှိပါသည်။ ကျောင်းအဆောက်အဦများနှင့် လှုနှံစာဆန်းကြယ် ကြည်ညိုဘွယ် ကောင်းလှသော စေတီတော်ကြီးကို တည်နေဆဲဖြစ်ပါသည်။

ရဟန်းသာမဏေများနှင့် တရားအားထုတ်ကြသူ လူဒယာဂိဒါယကာ ဒါယိကာမများ၊ တရားနာသူ လူဒါန်းသူ ဖူးမျှော်ကြသည်လိုသူများ၌ နေ့စဉ် စည်ကားလျက်ရှိပါသည်။ အထူးသဖြင့် ဒေသခံကြစ်တပ်ဟ ဆောင်ရွက်ကြသည်က များပါသည်။ တောင်ကြီး၊ ကျောင်ဝရှေ့ ဂရုဏာ ရပ်ဇရာက်၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး စသည်များမှလည်း လာရောက်ကြပါသည်။

လာရောက်ကြသူများအားလည်း တရားတော် ဟောပြောခြင်းတို့ကဲ့သို့ ပစ္စုပ္ပန်သံသရာ အကျိုးတရားများကို တိုးပွားလာအောင် စီစဉ်ပေးထားသည်။ ဝိရိယတို့ဖြင့် ဇာတ်သန်စွာ ဗုဒ္ဓတရားတော်များကို တောင်ကြာကြုံကြ ဆိုးဖဲ့ပါသည်။ သို့ဖြစ်၍ သာသနာတော်၏ အကျိုး၊ များစွာသော ဝေနေယျတို့၏ အကျိုးများ တိုးပွားဆဲ တိုးပွားပြီး တိုးပွားလတံ့ ဖြစ်၍ များစွာဝမ်းမြောက်သာမှု အနုမောဒနာ အကြိမ်ကြိမ် ခေါ်ကာ နှယ်လူထုအားပေး ချီးမြှောက်ထောက်ပံ့ နေကြပါသည်။

ဆရာတော်၏ အတ္ထုပ္ပတ္တိ

ဤဆရာတော်သည် မိတ္ထီလာကနေဘောက် ပင်းရွာ၌ ဖွေးဖွားရာ ဇာတိဖြစ်ပါသည်။ ၎င်းရွာတွင်းကြီးကျောင်း၌ ဓမ္မာစရိယတန်းစာမေးပွဲများကို ဖြေကျောင်းသား သာမဏေအဖြစ်နှင့် သင်ကြားပြီးလျှင် မန္တလေးတိုင် တောင်ဖြင့် ကိုးယင်း တိုက်ဆင်ကျောင်း၌ ၎င်းမင်းရွာမှ ဆရာတော် ဦးစန္ဒိမာနှင့် ဟက္ကူ သာမဏေအဖြစ် စာပေပရိယတ်များကို သင်ကြားပါသည်။

ထိုအချိန်ဝယ် ကလော သိမ်တောင်ဆရာတော်ကုရားကြီး မန္တလေးပြိုသို့ ကြွသောအခါ ဆရာတော်ဦးစန္ဒိမာနှင့် ရင်းနှီးချင်းကျောင်း၌ နေထိုင်ခဲ့သည်က များပါသည်။ ထိုအခါယခု အောင်သဖြူ ဆရာတော်လောင်း ကိုရင်နှင့် ရင်းနှီးသောကြောင့်ရင်း၊ ကိုရင်သည် ဆရာတော်၏အမှုကိစ္စများကို မန္တလေးပြ ဆောင်ရွက်ပေးသည့်အပြင် ကလောသိမ်တောင်သို့လည်း ပကြာပကြာ လာ ရောက်၍ ဆရာတော်၏ ဩဝါဒများကို ခံယူကာ အရာရာဒသာ ပြုဘွယ်ကိစ္စများကိုလည်း ဆောင်ရွက်ပြုလုပ်အားထုတ်ခဲ့ပါသည်။

ရဟန်းဖြစ်ပြီး၍ အစိုးရပါဠိပထမပြန် ငယ်၊ လတ်၊ ကြီးမျှားကိုလည်း ကလောမြို့ ပထမပြန်ဌာန ဆရာတော်၏ ကျောင်းတိုက်၌ ဖြေဆိုခဲ့ပါသည်။ ၎င်းနောက် ဒေးဒရဲမြို့ တောင်ကမယ်ကျောင်း၌ ကျောင်းထိုင်အဖြစ် နေထိုင်၍ လောကီ လောကုတ္တရာ ပစ္စုပ္ပန် သံသရာ အကျိုးတရားမျှား တိုးပွားလေအောင် စေကနာ သဒ္ဓါ ဆန္ဒ ဝီရိယတို့ဖြင့် ထက်သန်စွာ ဆောင်ရွက်ခဲ့ပါသည်။

၎င်းနောက် မိမိ၏ဇာတိ မင်းရွာ၏ အနီးတွင် မိမိတပါးတည်း ဓူတင်မျှားကိုဆောက်တည်ကာ နေထိုင်၍ လာရောက်ကြသူမျှားအား လည်းလေ လောကီ လောကုတ္တရာ ကောင်းကျိုးတရားမျှား တိုးပွားလေအောင် ဆောင်ရွက်ခဲ့ပါသည်။

၎င်းနောက် အထက်ဖော်ပြပါ ဒေသင်သပြေ စွယ်တော်ကျောင်း၌ နေထိုင်၍ သာသနာတော်၏အကျိုး ဝေနေယျတို့၏အကျိုး တိုးပွားလေအောင် ဆောင်ရွက်နေပါသည်။

(ပုံ) ဦးပဏ္ဍိစ္စ
စွယ်တော်ကျောင်း
ဒေသင်သပြေ။



အောင်ပန်းမြို့ မိုးကောင်းကျောင်း ဆရာတော် ဦးပညာဝရ

ရှမ်းပြည်နယ် အောင်ပန်းမြို့ မိုးကောင်းကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တပညာဝရ၏
ထေရပွတ်တီ

မိတ္ထီလာခရိုင် ကန့်ထက်ဂေ့ အိုင်ရွာနေ အဘ ဦးဘိုးသိန်း-အမိ ဒေါ်မယ် မတို့မှ ၁၂၇၉-ခု သီတင်းကျွတ်လဆန်း ၅-ရက် ကြာသပတေးနေ့ နံနက် ၁၀-နာရီ ၃၀-မိနစ် အချိန်တွင် အရှင်ပညာဝရ အလောင်းအလျာ သားရတနာကို မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်ပေါက်ဆိန်ဖြစ်၍ ကြီးသော အခါ မောင်သန်းမောင်ဟု ခေါ်တွင်ကြလေသည်။

ငယ်ရွယ်စဉ်ဘဝနှင့် ကျောင်းသားဘဝ

ငယ်ရွယ်စဉ်၌ မိဘများ ဆင်းရဲနွမ်းပါးသည်အလျောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခပေါင်းစုံ ခံခဲ့ရသည်။ ကျောင်းမှာလည်း မိဘများ တရွာပြောင်းလျှင် တကျောင်းပြောင်းရသဖြင့် ပညာသင်ကြားမှု အလွန်တရာ နှောင့်နှေးခဲ့ရသည်။ အသက် ၁၃-နှစ် အရွယ်၌ ယင်းတောကျောင်း ဆရာတော် ဦးပဏ္ဍိစ္စထံမှာ သင်ပုန်းကြီးမှစ၍ သင်ရသည်။ တနှစ်အတွင်း သင်ပုန်းကြီး

နှင့်တကွ သတ္တဋ္ဌာန ဘုရားရှိခိုး ဓာတ်ဖတော် ဘုရားရှိခိုး၊ မင်္ဂလသုတ်၊ နမက္ကာရ လေးကနိဝံ၊ ပရိတ်ကြီးစာမျှးကို အာဂုံ ရရှိတော်မူခဲ့လေသည်။

လက်မှုပညာ၌ ဇပါသနာပါသဖြင့် နွဲ့းရက် ဇောင်း အုပ်ဆောင်းရက် အာဇာတ်တို့ကို မြင်ကာမျှဖြင့် တတ်မြောက်သည်။ တံမြက်စည်းထိုး ဝါးထရုံရက် လည်း ကျွမ်းကျင်စွာ တတ်နိုင်လှသည်။ ကဲလားအက္ခရာ ဖော်ရက်ရာ၌ ကဲလားဆရာကြီး ဦးကျောက်ခဲကိုယ်တိုင် ဖေဖေနသည့် ဒလက်ကွက်ဖော်ရက်နည်းကို ပြပေးနိုင်ခဲ့လေသည်။ ဆရာကြီးနှင့် အိမ်ရှင် ဦးသက်ရည်တို့က မောင်သန်း မောင်အား ချီးမွမ်းကြလေသည်။

ဇကျောင်းဂို ကိုရင် ကြီးပျားနှင့် ဦးပဉ္စင်းအဂ္ဂါ ပဏာဂရှု လက်ရိုးဗေဒင် တွက်နည်း သင်ပြားကြလေသည်။ ဇာဝင်ဘုန်းမောင်ကား ငယ်းသား၌ မသင် ကြားရဖေ။ ထိုသူသည် အနုဝါး တိုက်ကြည့်ရသောအခါ သင်ကြားနေသော ကိုရင်ကြီးမျှားထဲတွင် တတ်နိုင်လှသည်။ အဂ္ဂါကိုရင်ကြီးမျှား မတွက်တတ်သေးသည်ကို ကျွန်ုပ်၌ ကြားဖူးသည်။ ဤသို့ ဆရာတော်ကြီးဂုဏ်ကို ရေးမည်ဆိုလျှင် ဤစာအုပ်ထက် ပိုလာမည်ဖြစ်သည်။ ထို့ကြောင့် ဤမျှသာ ရေးသားပြီးလျှင် နောက်ဆုံးသတင်းကို ဆက်ရေးပါမည်။

ဆရာတော်ကြီးသည် ဆုတ်ယုတ်ခြင်းမရှိ ဘုရားတရားကို ဟောပြောနိုင်ခဲ့ရကား ဘုရားရှိခိုးပွဲများ၌ ဆွမ်းဝင်စားပြီးလျှင် ဟောပြောတတ်ခဲ့သည်။ ဆွမ်းဝင်စားပြီးလျှင် ဟောပြောရန် ဆရာတော်ကြီးကို ကားဖြင့် လာကြိုကြသည်။ ဆရာတော်ကြီးသည် ကားပေါ်သို့ တက်ပြီးလျှင် ကားသည် ထွက်ခွာသွားလေသည်။

ကျွန်ုပ်သည် ဆရာတော်ကြီးနှင့် ကားပေါ်၌ ဘာမျှ စကားမပြောမိသော်လည်း ဆရာတော်ကြီးကို ကြည့်ရသည်နှင့် ကျွန်ုပ်၏ စိတ်ထဲ၌ ဆရာတော်ကြီးသည်

နေးကြာပို့ မမြန်ပါသည်၊ ဓဒ္ဓမာသံ တိဏ္ဏာသို့ဆိုက်ရောက်ကြာပြီ၊ မလိမ္မာသည့်အမိုက်ကို၊ ထောက်ညှာပို့ သနားရှာတို့၊ ဖယ်ကြဉ်ထား ပစ်စင်း။

အားမလပ်ပြီ ဘုရား၊ ခြေးရဟတ်အသွင် ချာချာလည်၍၊ သမထာ ဇေထရိမှာ ဗ . ဟိကများယသာငြာ့၊ ဗာစီဂျန် တန်းဝိမ္မ ပအားပြီဘု့။ (ကျေးဇူးမျှ်ဘုရား) များလှပ္ပခင်း။

ဤကမျာဂလေးဖြင့် ဇာတင်းပန်ထားခဲ့ပါသည်။

တို့နောက် ရပ်နှံခံလာနိုးမှာ ဆရာတော်၏ ဘုရားကြီးမြတ်မောင်းမှုကို ဖန်ပြမြင်ကာ လူထဘဲ၍ ဖြယောနှံ ကစ်ချုပ်ပညာတို့ သင်ပြာ ကယ်ဖြာက် ယောအခါ မိခင်ကြီးနှင့်အတူ ဆင်းရဲစွာလုပ်ကိုင်ဖော်ယောလာ ရုပ်ထိုးခဲ့ရသည်။

ရဟန်းဘဝသို့ ရောက်ရှိခြင်း

မိခင်ကြီးနှင့်အဟူ ဆင်းရဲစွာနေထိုင်ခဲ့ရာမှ မြို့ထောင့်ကျောင်း ဆရာတော်ကြီး၏ မေတ္တာကရုဏာဓာတ်ကြောင့် သက်နှံးသပိတ် ပရိက္ခရာတို့ကို ချီးမြှောက်ဟော်မူသဖြင့် ရှင်သာမဏေဘဝသို့ ပြန်လည် ရောက်ရှိပါသည်။ မကြာမီ ဟာသက်စေသဖြင့် ၁၂ ဖွဂ ခု နေ့ပေးဟန်ခွဲလဆန်း ဂ ရက်နေ့တွင် မိခင်ကြီး၏ ပစ္စယာနုဟာကို ခံယူပျက် မိတ္တီလာမြို့ ကျောက်တံခါးတောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

စာသင်ကြခြင်း

ရဟန်းဘဝရောက်ပြီးနောက် မိတ္တီလာမြို့ ကန္ဒားကျောင်းတိုက်သို့ ရွှေ့ပြောင်းပြီး အရွေ့ခံဖြစ်သော သင်္ဂြိဟ်ဝိနည်းစသော ၈၁၀ များကို သင်ယူပါသည်။ ၁၃၀၀-ပြည့် ဝါလထပ်လွတ် သံဃာကျတ်ဝယ် မိတ္တီလာမြို့၌ ပလိပ်ရောဂါဖြစ်ပြီး ယကြိုးအလျဉ် ဇေယကြပ်စိုးကြယ်ပြု ၈၁၀ သင်သားများဖော်လိုလို အရပ်ပြုခြံနှတ် ဦးပညာဝရမှုကား ယင်းတော်အနီး တောကျောင်းသို့သွား၍ ကျက်စာများကို ကျက်မှတ်ဖန်ရာ ရည်ရွယ်ချက်ဖြင့် ရွှေပြောင်းသိတင်းသုံးခဲ့ပါသည်။ သို့ဖေသော် ဒုက်ဖျားဇရာ၊ စွဲကပ်သဖြင့် ယင်းတော်မြို့သို့ ရွှေပြောင်း သိတင်းသုံးပါသည်။

ဒုက်ဖျားပျောက်ဖေသော်လည်း ဝမ်းကိုက်ဇရာ၊ စွဲလမ်းပြီး ဖေဖော်ဆောင်တင် အောက်ပါ ဦးဇဋိလ၏ မြန်မာ့ဖေးစွမ်းဖေလက်ကြောင့် အသက်ရှင်ခဲ့ပါသည်။

ဝမ်းကိုက်ပျောက်ဆေး

ထုံးကြက်တက်ရောဂါကို သကြားယောက်ကောင်းရုံထည့်၍ဖျော်၊ ရှောက်မည်နှင့်ယောက် မျက်ချင်းပျောက်၏။

ထုံးကြက်တက်တွင်၊ သကြားရှင်၊ ရှောက်ချဉ်ဖျော်စပ်ပေ။
ဝမ်းကိုက်တာဖလောက်၊ တခွက်သောက်၊ အပျောက်မြန်လှပေ။

ကလော သိမ်တောင်သို့

ဌက်ဖျား-ဝမ်းကိုက်ရောဂါများ ပျောက်ကင်းပြီးနောက် ၁၃၀၂-ခု နှစ်ပွဲဝ ဝည်ဘင်ရမ်းမှာ ဖခုားပူ ဖာားဖွေးယင်း ဝါဆိုပါသည်။ တပေါင်းလ ဖလောက်မှာ ယခုလက်ရှိ သိမ်တောင်ဂိုဟ်းလုံးဆိုင်ရာ မဟာနာယက ဆရာ ပေါ်ကြီး ပမုန္တဇာဝဒီဖွဲ့၏ ဟုန်းရိပ် ကံရိပ်ကို ခိုလှုံရန် ကလောမြို့ သိမ်တောင် ကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပါသည်။ အခြေခံ စာဝါများ အတော်ပြည့်စုံပြီဖြစ်၍ ကလော သိမ်ဟောင်ဝင် ပထမငယ်တန်း၊ ပထမလတ် တန်းတို့ကို ပါဠိဟာဌသာဖြင့် ဖရားဖြေ ဖအောင်မြင်ပါသည်။

ဒုတိယအကြိမ် ရဟန်းခံခြင်း

ဂျပန်ပေတ်ဝယ် ဖအောင်ပန်းမြို့ ပဲ့စားကြီး-ဦးမုန်း၊ ပဲ့စားကတော်ကြီး ဖးါမြရီ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဒုတိယဖခကြိမ် ရဟန်းခံပါသည်။ ရဟန်းခံပြီး ညောင်ဂရွှမ်မြို့ ဝိနယာဒိ နုဂ္ဂဟာစာပြန်ပဲ့ပယ် ဖခပြန် နှစ်တန်း၊ ဖခဂြိုလ် နှစ်ပတ်ပို့ပို့ ဝေျာမမာစ္ဆာ ဖအောင်မြင်ခဲ့ပါသည်။ နောက်တနှစ်တွင် လည်း ပါပြန် နှစ်ပတ်၊ ဖခဂြိုလ် နှစ်တန်းတို့ကိုပင် ပေးတင်မြင်ခဲ့ပါသည်။

ညောင်ရွှေ့သို့

ဂျပန်ဝေတ် ဒုတိယနှစ်မှာ ညောင်ရွှေ့ ဗေဒင်ဘွဲ့းကြီး၏ ပင်လျှောက် ချက်ဖခမှ ညောင်ရွှေ့မြို့၌ ပါဆိုရပါသည်။ ထိုစဉ်က ညောင်ရွှေ့၌ သံဃာ (၃၀၀) ကျော် ပါဆိုကြပါသည်။ ရှမ်းပြည်လုံးဆိုင်ရာ ရှမ်းရိုးမဂေဏာသမ္မဟာ အဖဲ့ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြပါသည်။ ဝိနည်းပါဠိတော်များကို ချပို့ သင်ကြားရှ် သာသနဝိဇ္ဇောဒယ မဂ္ဂဇ်ဆော သိမ်ဂတော်ကြီးကိုလည်း သဖုတ်ခဲ့ ကြပါသည်။ ဂျပန်ဝေတ် တတိယနှစ်ပုာ ဖအလွှား ဖကပာ အန္တရာယ်မကင်းရှ် စာဂေးပဲ့ မဝင်နိုင်ခဲ့ပါ။

ကလောသို့ တဖန်

ဂျပန် ပြေးကာနီး တခါန်၌ ကလောမြို့ ဗေဒဓိကုန်း ဆရာတော် ပုံလွှန် ဂေျာ် ဟူသဖြင့် ဗေဒဓိကုန်း ဂကျောင်းတိုက်ကြီး မပျက်မစီးစေရန် ဆက်လက်

ထိန်းသိမ်းစောင့်ရှောက်ပေး တဝါဆိုခဲ့ပါသည်။ ယင်းသို့ ဝါဆိုနေယင်း စစ်ဘေး စစ်ဒဏ်ငြင့် ကလေမြို့ တမြို့လုံး ဗာဂျို ပေါင်ကြားသို့ ပြေးလွှား ရှောင်ပုန်း နေကြရပါသည်။ ထိုသို့ စစ်ဘေး စစ်ဒဏ် ပံ့နေရစဉ် ဦးပညာဝရ အရှင်မြတ်သည် ဗာသဘာဝနှင့် သားရဲတိရစ္ဆာန်တို့၏ စရိုက်ကို ဖော်ကျူးခဲ့ပါသည်—

ရှမ်းပြည်နယ် မောဒေသ၊ ပေါလေစွ သောင်းထောင်၊
သဘာဝဂူလိုဏ်ချောင်တွင်၊ တောရှိမြောင်းခန္ဓာ၊
နိမ့်အဝှမ်း စိမ့်စမ်းသန့်တယ်၊ ရေတခွန်စီးကွက်သွယ်ဖြန့်၊
ပန်းသစ်ခွ ဆုံးမမြင်သည်၊
ဂမုန်းဖာင် သဇင်နံ့ငယ်တို့၊ ဇာပုံပုံ့သင်းကြိုင်၊
ကျေးငှက်စုံ သံကုန်ကျူးပါလို့၊ ပုံခုန်ကူး မြူးတဲ့ဂနိုင်၊
သားကောင်ချင်း၊ စစ်ခင်းပြိုင်တယ်၊
ကျီးဖာနိုင် အံတုလို့၊ ရန်ပြုကြအတန်တန် ဒေါသပြင်းထန်၊
အဟိတ်ဇာတ် စိတ်ဓာတ်မှန်သည်၊ တိရစ္ဆာန်ဇယ်ဘွားပေမို့လေး။

ရွှေမန်းခ္ဍ စာသင်သွား

ဗျပန်ခေတ်အပြီးတွင် ပန္တလေးသို့သွား၍ ဖာဇနာဂက်ပြင် ထီးလင်းတိုက် ကုံထံကျောင်းမှာ နေပြီး ပိဋကစာပေများကို နှစ်နှစ်တိုင်တိုင် ကြိုးစားသင် ကြားခဲ့ပါသည်။ မန္တလေးမှာနေယင်း ညောင်ရွှေစာမေးပွဲကိုလည်း သွား ရောက်ဖြေဆိုခဲ့ပါသည်။ ဟန္ဒစ်လျှင် ဆုကြေး ၄၀၀-ကျော်မျှ ရသဖြင့် မန္တလေးနေစဉ် သုံးရန် စရိတ် ရပါသည်။ ၂-နှစ်နေ၍ စာသင်ကောင်းစဉ်တွင် မကျန်းမာသဖြင့် ကလေးသို့ တဖန် ပြန်ခဲ့ရပါသည်။

ဖောင်ပန်းသို့ ကျောင်းထိုင်

မန္တလေးမှ အပြန်တွင် ဖောင်ပန်းမြို့ မိုးကောင်း ကျောင်းဆရာတော် ကဉင်း၏ ကျောင်းကို ကလောသိမ်တောင်ဆရာတော်အမှူးပြုသည့် သိမ်တောင် ဂိုဏ်း သံဃာများအား ဂဏိကလှူဒါန်းလေသည်။ ယင်းကျောင်းကို စောင့် ရှောက် ထိန်းသိမ်းရန် တာဝန်ပေးသဖြင့် ထို အချိန်မှစ၍ ဖောင်ပန်းမြို့ မိုး ကောင်း ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အဖြစ်သို့ ရောက်ရှိခဲ့ရပါ သည်။ ထိုသို့ ကျောင်းထိုင်ယင်း တောင်ကြီးမြို့ အမျိုးသား ပဌမကျော်တန်း ကို ဝင်ရောက်ဖြေဆိုရာ အလွယ်တကူပင် ဖအောင်မြင်ခဲ့ပါသည်။

ရန်ကုန်မြို့သို့

ဦးပညာဝရသည် ရန်ကုန်၌နေ၍ ပညာဗဟုသုတ ရှာမှီး လိုသဖြင့် မိတ်ဆွေ ဦးကလာသအား အောင်ပန်းကျောင်းကို လွှဲအပ်ခဲ့ပြီး ရန်ကုန်သို့ စုန်ဆင်းခဲ့ပါသည်။ သရက်တောကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ကြီး ထံ၌ နေ၍ ပညာဆည်းပူး သင်ယူပါသည်။ ပြည်လမ်း ပဋ္ဌာန်းဆရာတော်ထံ၌ လည်း ပဋ္ဌာန်းစာဝါများ သင်ယူခဲ့ပါသည်။

အိန္ဒိယသို့ ဘုရားဖူး ၆-လ

၁၉၅၆-ခုဝန်နှစ်ဂါရိက ဂဝရက်နေ့တွင် ကျောင်းအမကြီး ဒေါ်အေး တပ် လား ဦးဆယ်ယဝင်သူးကိုနှင့် အိန္ဒိယသို့ ဘုရားဖူးထွက်ခဲ့ပါသည်။

နေရဉ္ဇရာမြစ် ဘုရားလောင်း ရွှေခွက်မျှသည့် နေရာတွင်
ရေးစပ်သည့်လေးချိုး

* ရွှေပုံစာ ကဗျာတွေက ကောင်းသော်လဲ၊
နေရဉ္ဇရာမှာ အခါဓတွက ပြောင်းခဲ့တာမို့၊
(ငါ့သြဝ်) အညာဖေသချောင်း ပိုကောခဲ့ပြီ။

* ပိုးပဆင်၊ ဖောပန်ရောက်ရုံနဲ့၊
ဂျီးတပြင်၊ ရေမကျန်ဖျာက်လို့ရယ်၊
(ကွယ်) ခြောက်ခဲ့ ခြမြဲဆိ။

* ဟိုတုန်းခါ ရေသက်မဖျော့ခင်က၊
ဒီဘုံးပျော ရွှေခွက်ဖျာခဲ့တဲ့၊
နောက်နေ့သည့် မြစ်နဒီ၊
ပါရုံပြီဟု ပဆိုတော်။

* ပေတ်ဟောင်းကိုမျှော်၊
နှစ်ပေါင်း နှစ်ထောင်ကျော်မို့၊
ခေါင်မဟော် နေရဉ် မြစ်သော်မှ၊
သောင်ပေါ်ကာ မြေပြင် ဖြစ်ရပေါ့။
(ဩသြဝ်) နှစ်ကာလကလဲ ကြာပြီမို့ ညောင်းတာမကြာဉ်၊
(.....ခရ) ကြစ်ရမယ်ကွဲ့ ရာသီမဟာပထဝီအပြောင်း။

ဘုရားရှင် သီတင်းသုံးသွားသည့် နေရာများနှင့်
ပထမသံဃာယနာတင်ဌာနများတွင် ရေးစပ်ခဲ့သည့် တေးထပ်

ပဏ္ဍဝါဝေဘာရ၊ ဝေပုလ္လဂိဇ္ဈာ၊ တောင်ဂူသိဂိလိတဖြာငယ်၊
ရှိလကျိုာခွေကျို့၊ ရာဇဂြိုဟ် မြို့နဂရာမှာ၊ ဒို့သာသနာထွန်းခဲ့တာမို့။
အစဉိး သံဂါယနာကို၊ ထွင်ကာသာ ကြည့်မျို့၊ တင်တာဟာ အန့်
မြို့တွင်ပေါ့၊ တည်ဘို့တဲ့ သာသနာ၊ နေဒင်အခါ ရောင်ဝါထွန်း
အောင်ပ၊ စာမော်ကွန်းစိုက်တဲ့ နေရာ။ ခုတော့ဖြင့် မြင်ရတာငယ်၊
ရင်မကာ မြိုင်ငေးလို့၊ ဆွေးမိချက် ဆုံးမမြဲ၊ သုံးလူ့ရှင်ပင်၊ ဆုံးအမ
လုံးဝမမြင်ပြီ၊ ချုံးချပင် ငိုလိုက်ချင့်လေး။

ကုဿိန္နာရုံ မဟာပရိနိဗ္ဗာန ရုပ်ပွားတော်တွင်
ရေးစပ်ခဲ့သည့် ဒွဲးချိုး

ကုဿိန္နာရုံ၊ ကြိုင်သင်း တထုံထုံနှင့်၊ မြိုင်ရကုံ မလွှာမင်းတို့၏၊
အင်ကြင်းစုံတော။

ထွတ်ဘုန်းလျှံ၊ ဝတ်ဆုံးရာ နေရဗန်သို့၊ ကဝလံ ကေန် ချဉ်း
မည်ဟု၊ ခြေနှစ်တန် မြေရန်ခင်းလို့ရယ်၊ နင်းကြွရှင်စော။

၁၃၁၈-ခု ကဆုန်လဆန်း ၃-ရက်နေ့ အိန္ဒိယပြည်မှ မြန်မာပြည်သို့
ပြန်ရောက်ပြီး အောင်ပန်းမြို့၌ သီတင်းသုံးခဲ့ပါသည်။

ယခု နေထိုင်ရာ ဌာန

ယခုအခါ အောင်ပန်းမြို့ မိုးကောင်းကျောင်းတိုက်မှာပင် သိမ်တောင်
ဂိုဏ်းလုံးဆိုင်ရာ ဆရာတော်ကြီးများ၏ တာဝန်ပေးချက်ကို ကျေပွန်စွာ ထမ်း
ဆောင်ယင်း ကလောမြို့ သိမ်တောင် ဂိုဏ်းချုပ် မဟာနာယက ဆရာတော်
ကြီး၏ လွှဲအပ်စေခိုင်းချက်အရ ကလောမြို့တွင် ကျင်းပသော အစိုးရပါဠိ
ပထမပြန်ဌာနခွဲ ကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် သာသ
နာ့ တာဝန်ကို ထမ်းဆောင်ကာ သီတင်းသုံး နေထိုင်ပါသည်။

ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့ မခိုတောင်
အရှင်နိမ္မလ၏ ထေရပွတ္တိအကျဉ်း

အရှင်နိမ္မလသည် ၁၂၄၆-ခုနှစ် နတ်တော်လဆန်း ၁၀-ရက် စနေ
နေ့ နေ့ ၃-ချက်တီးအချိန်တွင် ပင်လောင်းမြို့ အရှေ့ရပ်နေ မစ္စတာ ဂျမာန်း
(ဟိန္နုဘာသာဝင် အမျိုးသား) နှင့် ဒေါ်ရှေ (ဗုဒ္ဓဘာသာဝင် ရှမ်းအမျိုး
သမီး) တို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။

ၜင်းအရှင် ၉-နှစ်သားအရွယ်သို့ တိုင်သောအခါ မိခင် ဒေါ်ရှေနှင့်
အဘိုးဖြစ်သူ ရှမ်းအဘိုးကြီး ဦးထွန်းအောင်တို့က ပင်လောင်းမြို့ နန်းဟူး

ကျောင်း ဆရာတော် ဦးဇဝနထံတော်ဘွဲ့ အပ်နှံပြီး ၁၁-နှစ် အသက်ပြည့် မြောက်လေသော် ဆရာတော် ဦးဇဝနကိုပင် ဥပဇ္ဈာယ်ဆရာအဖြစ် ခံယူတော်မူစေလျက် သာမဏေရပဗ္ဗဇ္ဇာဘောင်သို့ သွတ်သွင်းချိုးမြှင့်ခြင်း ခံရပါသည်။ ၁၃-နှစ်အရွယ်သို့ တိုင်လေလျှင် ထိုရှင်နိမ္မလ၏ ဦးလေးဖြစ်သူ ဦးအဂ္ဂါလင်္ကာရသည် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိ စာသင်တိုက် နာယကဆရာတော်သို့ ဆက်လက်ပို့ဆောင် အပ်နှံခဲ့လေသည်။ ထိုနှစ်သည်ကား ၁၃၀၉-ခုနှစ်၊ တပို့တဲ့လဆုတ် ၁၀-ရက်နေ့တည်း။

ထိုကျောင်းတိုက်မှ ပရိယတ္တိအခြေခံအချို့ကို ၄-နှစ်နှင့် ၃-လတိုင်တိုင် မိမိရရ သင်ယူခဲ့ပြီးနောက် ၁၃၁၄-ခုနှစ် တပို့တဲ့လဆုတ် ၉-ရက်နေ့တွင် ဦးလေးဖြစ်သူ ဦးအဂ္ဂါလင်္ကာရကိုယ်စား ဦးလေးကြီးဖြစ်သူ ဦးသာဇံက မန္တလေးမြို့ တောင်ပြင်ဆီးလင်းတိုက် ဇောတိကာရုံ ပါဠိတက္ကသိုလ် ကထိကစာချ ဖြစ်တော်မူသော ဆရာတော် ဦးကုသလဗုဒ္ဓိ (သဲကုန်း) အထံတော်တွင် အပ်နှံခဲ့ပြန်ခဲ့လေသည်။

ထိုနှစ် ၁၃၁၄-ခုနှစ်၌ပင် ထိုဇောဘိကာရုံ ပါဠိတက္ကသိုလ်မှ အစိုးရပါဠိပထမပြန် ပဿမဒယ်ဘန်းကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာအောင်မြင်ခဲ့ပြီး ၁၃၁၅-ခုနှစ်သို့ တိုင်လေလျှင်ထိုဘောဘဲပြင်ဆီးလင်းတိုက် ဇောဘိကာရုံမှ ဆက်လက်၍ ပထမလတ်ကို ဝင်ရောက်ဖြေဆိုပြန်ရာ အောင်မြင်ခဲ့လေသည်။

၁၃၁၆-ခုနှစ်သို့ ရောက်သောအခါတွင် ပါဠိပထမပြန် ပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုနိုင်ရန် ယမိုက်အရကောက် အဆက် ၅-ကျမ်းနှင့် ပဋ္ဌာန်းအရကောက်ကျမ်းများကို မှတ်စုပေါင်းစုံနှင့်အတူ ဆည်းပူးနိုင်ခဲ့သော်လည်း ထိုပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုခြင်း မပြုဘဲခဲ့ ရပ်ဆိုင်းခဲ့ပြီးလျှင် ၁၃၁၇-ခုနှစ် တခေါင်းလဆန်း ၁၂-ရက်နေ့သို့ တိုင်ရောက်သော် ရှမ်းပြည် တောင်ပိုင်း တောင်ကြီးမြို့ စွန်းလွန်းဂူကျောင်း ဆရာတော် ဦးဓမ္မသာမိ အဆံတော်သို့ အင်းလေးကန် ငါးဖယ်ချောင်းကျောင်းမှ အရှင်ဂန္ဓမာနှင့် အတူ ပဋိပတ်နိဿယည်း ခံယူနိုင်ရန် ဝင်ရောက်ခိုလှုံ ဆည်းကပ်ခဲ့လေသည်။

ထိုနောက် မန္တလေးမြို့ ဘောင်ပြင်ဆီးလင်းတိုက် ဇောတိကာရုံ ပါဠိတက္ကသိုလ်မှ ကထိကဆရာဘော် ဦးကုသလဗုဒ္ဓိ(သဲကုန်း)အထံတော်မှ ကစ္စည်းကျမ်းပဒရူပသိဒ္ဓိကျမ်း ဤနှစ်ကျမ်းတို့ကို နှစ်ခေါက်စီ ပေါက်ရောက်စွာ သင်ယူခဲ့လေသည်။ အရှင်သည် စကားဝါကျ ခင်းရာ၌ သဒ္ဒါစည်းမျဉ်း ကျအောင် သင်နိုင်သည်ကို ထောက်သဖြင့် သဒ္ဒါကျမ်းများ ကိုလည်း အတော်အတန် ဂရုစိုက်ဟန်ရှိသည်။

အရှင်၏ အဘိဓမ္မာဆိုင်ရာ ဆရာတော်ကား မန္တလေး တောင်ပြင် မမိုကာရာမတိုက် မြသိန်းတန်ကျောင်း ဆရာတော် ဦးဓမ္မပိယဖြစ်သည်။ တခါ

တရုံ ဆရာတော် ဦးဓမ္မပိယ၏ အသံတော် အောင်မြင်ပုံ၊ စာချအချိန်မှန်ပုံ၊ စိတ်ရှည်ပုံ၊ ညဝါအရကောက် ရှင်းလင်းပုံမျှားကို အရှင်ထုတ်ဖော်မြွက်ဟလေ့ ရှိသည်။

၁၃၁၇-ခုနှစ် တပေါင်းလဆန်း ၁-ရက် တနင်းလာနေ့မှစ၍ ၁၃၁၈ ခုနှစ် ဝါဆိုလဆန်း ၁၅-ရက် တနင်္ဂနွေနေ့အထိ တောင်ကြီးစွန်းလွန်းဂူကျောင်း ဆရာတော် ဦဓမ္မသာမိထံတော်တွင် ပဋ္ဌာန်းသဃူသည်းကို ဟတ္ထမုဋ္ဌ လက်ဆုပ်မိ အောင် သင်ယူမှတ်သားခဲ့ပြီးနောက် ၎င်းနေ့မှာပင် ကလောမြို့ သိမ်တောင် ဦးအာဒိစ္စထံတော်တွင် ဆည်းကပ်ခိုလှုံရန် သွားရောက်ခဲ့လေသည်။ ထို့နောက် တွင် ၁၃၁၉-ခု နှတ်တော်လဆုတ် ၁၀-ရက် တနင်းလာနေ့နံနက် ၉-နာရီ ၃၂-မိနစ်အချိန်တွင် (ထိုအချိန် ဆီးနှင်းများ ဖုံးအုပ် နေသဖြင့် နေရောင်မရခဲ့။ ထို့ကြောင့် ဘဝါးဖီလာတိုင်းခြင်း မပြုနိုင်ခဲ့) ကလောမြို့ မဟာဓမ္မိကာရာမ ကျောင်း-တိုက်ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ သိမ်တော်၌ပင် ဥပသမ္ပဒာဘော်သို့ ရောက်ရှိပြီးနောက် သိမ်တောင်ဆရာတော်ထံတွင် သုံးလမျှ သီတင်းသုံးပြီး တောင်ကြီး စွန်းလွန်းဆရာတော် ဦးဓမ္မသာမိ ထံတော်တွင် တဖန်ခိုလှုံဆည်းကပ်လျက် ၂-လတာမျှသာ သီတင်းသုံးပြီး တဖန်ထို့နောက် စွန်းလွန်းဂူကျောင်း ဆရာတော်ထံမှ ဋ္ဌာရှောင်ခဲ့ပြန်ပါသည်။

ယင်းနောက် တတောဝင် တတောင်ထွက်ဖြင့် ခြေသလုံးအိမ်တိုင်အားပြုလျက် ဝိနည်းဘာသာပြန်စာတမ်း (လက်ရေးမူဖြင့်) နှင့် စတုဂိရိရှဘွယ် ပ-တဲ့ကို အဖော်ပြုလျက် သီတင်းသုံးခဲ့ရာမှ ယခု မခိုတောင်သို့ ရောက်ရှိသောအခါ ထိုးထမ်းလမ်းလျှောက်ဘဝမှ လွတ်မြောက်ခဲ့လေသည်။

အရှင်သည် အတွင်းစိတ်ဓာတ်ကို အလားအသို နက်ရှိုင်းလှသည်ဟု အများက ထင်ကြသော်လည်း ထိုအရှင်၌ နိကွမဓောတ်ရှိကြောင်းကိုမူ သိရှိခွင့် ရခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်၏ စာကြည့်ရာဌာနနှင့် ဘုရား ခန်းတွင် မူလသထုံမင်းကွန်း ဇေတဝန်ဆရာတော်၏ ဉာဏ်စဉ်ကျမ်း၊ စတုဂိရိ ရှဘွယ် ၁၆-စောင်ကိုင်း၊ သြဒါတကသိဏ်းဝန်းကို ရှုနိုင်ရန် အပြုရှေ့လိမ်း သုတ်ထားသော သစ်သားဝိုင်း တခုကိုင်း၊ ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင်ဆရာတော်ဦးအာဒိစ္စ၏ ၁၂၈၄-ခုနှစ် ရိုးစုံတောရဆောက်တည်စဉ် က ရေးသားတော်မူခဲ့သော (လက်ရေးမူဖြင့်) အဟုတ်အမှန်ရှဘွယ်ကမ္မဋ္ဌာန်း အသွယ်သွယ်ဟူသော ကျမ်းကိုင်း၊ အင်းမကြီး တောရသိမ်တောင် ဆရာတော်၏ (၁၂၈၅-ခုနှစ် ပြာသိုလရေး) ကမ္မဋ္ဌာန်း သံပေါက်ကိုင်း၊ မူလ မြင်းခြံ စွန်းလွန်း ဆရာတော်ကိုယ်တိုင် ဟောကြားခဲ့သော တရားတော် နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုင်း၊ လယ်တီဆရာတော်၏ ဒီပနီ ကျမ်းများကိုင်း၊ မိုးကုတ် ဆရာတော်၏ သစ္စာလေးပါး အမှတ်စဉ်ပေါင်းစုံ

ကျမ်းများကိုဂုဏ်း၊ ကန်နီဧရွှေသိမ်တော် ဆရာတော်၏ ယောဂီပါရဂူကျမ်းကို ဂုဏ်း၊ နံဟော ဆရာတော်၏ သာသနာ့ ဝိသောဓနီ (ဝိနည်း) ကျမ်းကိုဂုဏ်း၊ မဟာစည်ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း (ပ-ဒု-တွဲ များ) ကိုဂုဏ်း၊ စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ဆရာတော်၏ နမော်တဿဂီတိကျမ်းကို ဂုဏ်း တွေ့ရှိလေ့လာရသောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်တွေ့ရှိ အထူး စိတ်ဝင်စားစရာကောင်းသော သင်္ကေတ တခုမှာ အရှင်ဥ္ဒ ဆရာတော်ကြီးများ၏ ထိရောက်သော သြဝါဒ အတိုကောက်များကို မှတ်တမ်းတင်ထားသော သင်္ကေတ မှတ်စုစာအုပ်ပင် ဖြစ်ပေသည်။ ထိုစာအုပ်တွင် သိမ်တောင် ဆရာတော်၏ (ဦးအာဒိစ္စ ၏) သြဝါဒ အတိုအထွာလေးများကို အများဆုံး တွေ့ရလေသည်။ ဤရှိုကို ဖော်ပြရမည်ဆိုသော် "ယနေ့ စိတ်ကောင်းကောင်းထားပါ။ ကောစာရီ နေ့ဆိုင်ပြီး ဒီကေက ခရာတ်ကိန်း အောင် လေ့ကျင့်ပါ။ ဤန္ဒြေသီလလုံလျှင် ကျန်သီလလုံတို့ မခဲယဉ်းဘူး။ လောဘရမ္မက် တရားဆိုးများ မပုံးလွှမ်းစေနှင့်၊ ဘုရားဝတ်ဘက်ချိန် မှန်ပါစေ၊ မိမိကိုယ်ကို သူတပါးအတွက် ဝန်ထမ်းဖြစ်ပါစေ၊ အာဟာရမျိုဝဲလျှင် ညက်ညက်ဝါး၊ ဖြေးဖြေးဝါးပြီး ပဋိကူလသညာပွားလျက် ဝါးပါ။ မျိုပါ ဘုရားသာသနာမှာ လူပျိုးများအဖို့ နေစာမရှိ" ဝင်သော သြဝါဒအတို့ကောက်များပင် ဖြစ်လေသည်။

ယင်း မှတ်စုသင်္ကေတာဒေအုပ်ဆိုပင် သပ်မံ၍ ဤတွေ့ရှိရပြန်သည်မှာ တောင်ကြီး စွန်းလွှန်း ဆရာတော် ဦးဓမ္မသာမိန့်ဟု တောင်ကြီးမြို့ မြေဖြူကမ္ဘာနှံး တိုက်အုပ်အား ဆရာတော် ဦးသာသနာ့တို့၏ သြဝါဒအတိုများ ဖြင့်လေသည်။ ထို ဆရာတော် နှစ်ပါး၏ သြဝါဒအတိုများမှ အရှိုတို့မှာ ပညတ်-ပရမတ် အာရုံဆင်ပုံနှင့် ဉာဏ်ပြောင်းပုံကို ဆုံးမသော သြဝါဒများ ဖြစ်လေသည်။

အရှင်သည် ရသေ့ ဟန်းတော်၏ ဝိဓေကအများ ရှိနိုင်ပုံကို လက်ရှိ ခေတ်နှင့် တိုက်ဆိုင်ပြီး ဟောလေ့ပြောလေ့ ရှိသည်ကိုဂုဏ်း၊ ငါးရှဉ့်ငါးဆယ် ဇာတ်နိပါတ်ဘဝင်ခံ ဘုရားအလောင်းတော် ရသေ့၏ အကြောင်းများကိုဂုဏ်း၊ အတော်များများ ပြောလေ့ပြောထ ရှိသဖြင့် ယင်း အချက်ကို ထောက်သော် အရှင်သည် ရသေ့ ရဟန်း ဘဝကို အထူး နှစ်သက်မှု ရှိခြင်း၊ တဖန် ထို ငါးရှဉ့် ငါးဆယ် နိပါတ်တော်က ရသေ့ ရဟန်း ဇာတ်ခေါင်းများများကို အထူး လေ့လာ သဘောပေါက်လျက်ရှိကြောင်းကို သိရှိရပေသည်။

အရှင်သည် မိမိ၏ ရဟန်းခံ ခုနှစ်သင်္ကဆုဇ်ကို သတိမေ့ပြီး ရရှိသော ဝါတော်ကို အပြည့်အစုံ မိန့်ကြားခြင်းမရှိပဲ ပေါ့လျော့စွာ ပြောလေ့ရှိသည်။ အရှင်၏ ရဟန်းခံ ခုနှစ်အလိုတော်အရဆိုလျှင် ဝါတော်မှာ (၂၀)ပင် ရှိချေပြီ ဖြစ်သော်လည်း ကျွန်ုပ်ကိုယ်တိုင် (ဤ ထေရုပ္ပတ္တိ အကျဉ်းကို ရေးနေစဉ်)

ဝါထောင်အား မေးလျှောက်ရာ (၁၇) ဝါ ရုံရှိကြောင်း လျှောက်ထားချက်ကို မိန့်ဆိုဘူးသည်။ ကျန်ပ်မှာ အရှင်၏မိန့်ဆိုချက်ကို ပြင်၍ (၂၀) ရုံပြီဟူ၍ လျှောက်ထားခဲ့လေသည်။

ဘိက္ခုပါတိမောက်ပါဠိတော်နှင့် ၎င်းနီဿယတို့ကို သုံးပိုင်းပိုင်းပြီး ညစဉ် ဘုရားဝတ်ပြုတိုင်း ရွတ်ဖတ်သရဇ္ဈာယ်လျက် မိမိ၏ နေ့စဉ်အမှားနှင့် အမှန် အဖြစ်အပျက်တို့ကို စစ်ဆေးဝဝဖန် နိဒါန်းခဲ့သော်လည်း မည်သို့သော အကြောင်းကြောင့် ဝါတော်ကို အမှန်အတိုင်း အမိန့်မရှိခြင်းကို စဉ်းစားမိတိုင်း မကျေနပ်မှုများ ပေါ်ပေါက်လာသဖြင့် ထပ်ခါလဲလဲ လျှောက်ထားပြန်သော်လည်း အကြိမ်ကြိမ်ပင် "ငါမမှတ်မိလို့ပေါ့ကွာ" ဟူ၍ အမိန့်ရှိပြန်ရာ ပို၍ပင် မကျေမနပ် ဖြစ်ရပြန်လေသည်။ မကျေနပ်ခြင်းကို အကြောင်းပြု၍ ထပ်မံလျှောက်ထားပြန်ရာ "ဒီလိုပါ မင်းကိုငါပြောမယ်၊ ရောဂါဝေဒနာ အတွက်နှင့် သုံးနှစ်ဝါကျိုးခဲ့ရ၍ မှုပြစ်မကင်းသော အာပတ်နှင့် ရခဲ့သော ဝါဖြစ်၍ ငါမရေတွက်ဘူး" ဟူ၍ အမိန့်ရှိတော့မှ အတောအသင့် ကျေနပ်နှစ်သိမ့်ခဲ့ရပါသည်။

ဤမခိုဘောဝ်သည် ရှမ်းပြည်နယ်းဘောဝ်ပိုင်း အောင်ပန်းမြို့၏ အနောက်အရှေ့တည်ရှိပါသည်။ ၎င်းဘောဝ်ပေါ်၌ စေတီတော်နှင့် ဘုရားအာရုံခံတန်ဆောင်း ဘုန်းကြီးကျောင်းများသည်။ ရှိပါသည်။ ၎င်းပတ်သည်မှ အစိုးရသစ်တော အုပ်ချုပ်ရေးဝိုင်းဖြစ်၍ စိမ်းလန်းစိုပြေခြင်းနှင့် ဆိတ်ငြိမ်ခြင်း ဝိဝေကသုခကို ရရှိသောကြောင့် သူတော်ကောင်းများ နှစ်လုံးမွေ့လျော်တွယ်ရာကောင်းသော ကျောင်းတိုက်ဖြစ်ပါသည်။

ဤအတ္ထုပ္ပတ္တိကို မောင်ခစာလွန်းမောင်က လျှောက်ထားမေးမြန်းပြီး ရေးသားပေးပို့လိုက်ပါသည်။

ရှမ်းပြည်ဘောဝ်ပိုင်း ပေးလှို့ မိုးလောင်ကျောင်း
ဆရာတော် ဦးဇကလာသ၏ထေရုပ္ပတ္တိ အကျဉ်းချုပ်

၁၂၇၈-ခုနှစ်၌ ကလောမြို့ဘခင် ဦးဘင်ဒတ်တား မိခင် ဒေါ်ရွှေမိတို့မှ မွေးဖွားလာသော သားရတနာဖြစ်ပါသည်။ အသက် ၁၄-နှစ် အရွယ်သို့ ရောက်သောအခါ ကလောမြို့ သိမ်တောင်ကျောင်း ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ မိခင် ဒေါ်ရွှေမိ၏ ပစ္စယာနုဂ္ဂဟဖြင့် ရောက်ရှိခဲ့ပါသည်။

သာမဏေအဖြစ်ဖြင့် ၆-နှစ်တိုင်အောင် ဆရာတော်ဘုရားကြီး၏သြဝါဒကို နာခံမှတ်သား လိုက်နာကျင့်သုံးလျက် ပရိယတ္တိတို့ကို သင်ယူပြီးလျှင်

၁၂၄၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅-ရက်တွင် အသက် ၂၀-ပြည့်ပြီး ဖြစ်သည့်နေ့လျှောက် ကလေးမြို့သိမ်တောင် ဆရာတော်ဘုရားကြီးကိုပင်လျှင် ဥပဇ္ဈာယ်ပြု၍ မိခင်ဒေါ်ရွှေမိကပင်လျှင် ပဒေသာနဂ္ဂဟဖြင့် ထောက်ပံ့လှူကာ ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ထိုကဲ့သို့ ရဟန်းအဖြစ်သို့ ရောက်သောနှစ်မှာပင် ဥပဇ္ဈာယ်ဆရာတော် ဘုရားကြီး၏ တိုက်ဘုန်းသတ်ပေးသဖြင့် မိတ္ထီလာမြို့ ကန္နားတိုက် ဆရာတော် ဦးဥတ္တမထံ၌ဌင်း၊ မန္တလေးမြို့ဘောင်ပြင် ထီးလင်းတိုက်၌ သိတင်းသုံးနေထိုင်လျက် ဘုရားကြီးတိုက် စာချဆရာတော် ဦးနာရဒထံ၌ဌင်း၊ ပခုက္ကူမြို့အလယ်တိုက် စာချဆရာတော် ဦးနန္ဒဝံသ၊ ဦးမာဃိန္ဒ၊ ဦးနန္ဒိယတို့ထံ၌ဌင်း၊ အဓမရုပ္ပရတောင်မြို့ မင်္ဂလာတိုက်သစ်ဆရာတော် ဦးဥက္ကံသတို့ထံ၌ဌင်း၊ ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထိုကဲ့သို့ သင်ယူပြီးသောအခါ ဥပဇ္ဈာယ် ဆရာတော် ဖြစ်တော်မူသော ကလေးမြို့ သိမ်တောင်ကျောင်းဆရာတော်ထံ၌ ဝါပေပို့ချမည် တပည့်နည်းပါးနေ၍ မိမိ၏တာဝန်ကို သိသောအားဖြင့် နှစ်ပရိစ္ဆေဒကြာမြင့်စွာ စာပေပရိယတ္တိတို့ကို ပို့ချပေးခြင်း၊ အခြား ပြုလုပ်သင့်သော တာဝန်တို့ကို ဆောင်ရွက်ပေးခြင်းတို့ဖြင့် သိမ်တောင် ကျောင်းတိုက်ကြီး၏ သာသနာတော်မြတ်ကို တွန်းတင်း ဖေခဲ့ပါသည်။

ထိုကဲ့သို့ ပညာအရေးတို့ကို သင်ယူပို့ချ၍ ၁၃၂၂-ခုနှစ်သို့ ရောက်သောအခါ ပေးလှူမြို့ သက်ဘော် ၁၅-နှစ် ရှိတော်မူသော မိုးလောင်းကျောင်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဦးနေခာဝရ အရင်မြတ်သည့် ၁၃၂၅-မှန်၌ ဇာ ပိုလွန်တော်မူ၍ ၃-နှစ်တိတိခန့် ဆက်လက်၍ ဝေဠုရောက်နေတိုင်မည့် တပည့်ရဟန်းတော်များ မရိုးခြိုးကြောင့် ကျောင်းဒါယကာများ စုံဝမ်း ရှာကြသည့်အခါတွင် မိခင်ဖြစ်သူ ဒေါ်ရွှေမိသည် ပေးလှူမြို့ဒာကံ ဖြစ်သည့် ကြုံ သားရဟန်းတော် ဦးကောလာသသည်လည်း ဒါယကာ ဒါယိကာမများ တို့၏ ပူဇော် ကိုးကွယ်မှုကို ခံယူလျက် သာသနာတော်မြတ်ကြီး၏ ကြီပွားရာ ကြီးပွားကြောင်းတို့ကို ဆောင်ရွက်နိုင်သော သီလသမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံလျက်ရှိကြောင်းကို ကြားသိကြသဖြင့် ပေးလှူမြို့ မိုးလောင်းကျောင်းနှင့် ဂန္ထကျောင်းဆိုဆရာတော်အပြင် ရိုးရှင်းကြောက်ဘော်မှုန့် ပဋိညဉ်း လေးပါးကို တာဝန်ယူကြလျက် ပုံဆောင်ကြသဖြင့် သာသနာတော်မြတ်၏ ကြီးပွါးရာ ကြီးပွားကြောင်းတို့ကို ယခုအချိန်တိုင်အောင် ဥမ်းအား မှီသလေးက် ကြီးစား ဖားသုတ်လျက် ရှိပါသည်။



ပင်းတယမြို့ ရှေဘုံသာကျောင်းတော်ပုံ

ပင်းတယမြို့ ရှေဘုံရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သုမန၏ ထေရုပ္ပတ္တိအကျဉ်း

ရှင်သုမနသည် မုံရွာခရိုင် ဗန္ဓကျိတိုက်အဝင်အပါ လိန်ကုန်းရွာကြီး၌ ၁၂၉၀-ပြည့် ပြာသိုလပြည့်ကျော် ၁၀-ရက် သောကြာနေ့နံနက် ၄-နာရီ ၃၅-မိနစ်အချိန် အဘ ဦးဘိုးကျန်း-အမိဒေါ်မဲရောင်တို့မှ ဖွားမြင်သော သားရတနာဖြစ်သည်။

မိဘနှစ်ပါးတို့သည် သမီး ၄-ယောက် ဆက်တိုက်မွေးဖွားပြီး ပဉ္စမမြောက်တွင် အရှင်သုမနလောင်းလျာ သတို့သားအား ဖွားမြင်ခြင်းဖြစ်၍ တဦးတည်းသောသားလည်းဖြစ် အငယ်ဆုံးလည်းဖြစ်သဖြင့် မျက်စိအောက်မှ အပျောက်မခံနိုင်လောက်အောင် လွန်စွာချစ်မြတ်နိုးလှ၏။ "မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနိုးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဘခင်မယ်တို့တာ" ဟူသည်နှင့်အညီ သားငယ်၏ပညာရေးအတွက် ၄-နှစ်သား အရွယ်မှစ၍ ရွာရွှေကျောင်းဆရာတော်ထံ မိဘနှစ်ပါးတို့ကိုယ်တိုင် လိုက်အပ်၍ ပညာသင်စေရာ သူငယ်တို့သင်ရိုးဖြစ်သော သင်ပုန်းကြီး၊ မင်္ဂလ

သုတ်မှစ၍ ဂဏန်းသင်္ချာပါမကျွန်း ၁၀-နှစ်သားအရွယ်တွင် ဆယ်စောင်တဲ့ကုန်သည်အထိ တတ်မြောက်ခဲ့ပါသည်။

ရွာရွှေကျောင်း ဆရာတော်ဦးဝိစာရသည် မကြာမကြာ နှုတ်မြွက်တော်မူသည်မှာ "မင်းဘုန်းကြီးဖြစ်မည့်လူပဲ၊ သို့အတွက် ဆွမ်းခံဆွတ်ခြင်းစသော ဝေယျာဝစ္စတို့ကို မလုပ်နှင့်၊ စာကိုသာ ကြိုးစားကျက်ရမည်" ဟု အမိန့်ရှိပြီး တနေ့သောအခါ အနီးသို့ခေါ်၍ မင်းသင်္ဂြိဟ် (၉)ပိုင်းရလျှင် သက်နှံးတစုံပေးမည်ဟု အမိန့်ရှိပြီး သင်္ဂြိဟ်ကိုစ၍ကျက်စေရာ ၂၂-ရက်နှင့် သင်္ဂြိဟ် ၉-ပိုင်းရသဖြင့် ရွှေတော်သွားပြီး သိန္နောမြင်းစိုင်းသကဲ့သို့ ပြန်ပြရာ သက်နှံးအစုံချီးမြှင့်ခံရပေ၏။ ထိုစဉ်အခါ အသက် ၁၅-နှစ်အရွယ် သာမဏေငယ်အဖြစ်နှင့် ရှိသေး၏။

(ကိလေသသတ္တုံ အဇ္ဈောသိတ္ဘာ မစ္ဆုရာဇာ အာဂစ္ဆတိ)ကိလေသာရန်သူကို မအောင်သေးသမျှ သေမင်းဆဲငင်ရာ လိုက်ပါရစမြဲ ဖြစ်သည့်အတိုင်း အရှင်သုမနလောင်းလျာ ၁၆-နှစ်အရွယ်၌ ငယ်ဆရာ ဦးဝိစာရသည် သက်တော် ၄၆-နှစ်အရွယ်တွင် ဘဝနှုတ်ထံ ပျံလွန်တော်မူရာ၏။ ငယ်ဆရာ ပျံလွန်တော်မူ၍ အမိမဲ့သား ဇရနဲငါးကဲ့သို့ အားငယ်လျက်ရှိစဉ် ရန်ကုန်မြို့ သရက်တောတိုက်ကြီး၌ ပရိယတ္တိများပို့ချ၍ ခာတုပစ္စယဒီပနီ၊ ဝဇီရာဝုဓဝိပဿနာရှုဘွယ်ကျမ်း၊ ကုန်းဘောင်ရာဇဝင်အကျဉ်းချုပ်တို့ကို ပြုစု၍ စီရင်တော်မူသော ဘကြီးတော် ဦးဝရုသမ္မောဓိအရှင်မြတ်ကြီးသည် ကျပန်ခေတ်၌ ဇာတိလိင်္ဂကုန်းရွာသို့ ပြန်ကြွ၍ နောင်တော်အရင်း ဦးမာလာ သိတင်းသုံးတော်မူသော လိုင်ကုန်းရွာ ရွှေဘုံသာကျောင်းတိုက်၌ နောင်တော်နှင့်တွဲ၍ သာသနာပြုတော်မူ၏။ ထို့အချိန်တွင် အရှင်သုမနလောင်းလျာ သာမဏေသည်း ရွှေဘုံသာကျောင်းသို့ ပြောင်း၍ ဘကြီးတော်များအထံ အခြေခံစာများ သင်ယူရတော့၏။

သက်တော် ၂၀-ပြည့်သောအခါ လိုင်ကုန်းရွာ ကုန်သည်ကြီး ဦးဘိုးခွန် (ဘခမည်းတော်၏ ညီအရင်း) ဒေါ်စိန်ဘင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဖိုးကုန်းကျောင်း ဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ဘကြီးတော် ဦးမာလာ၊ ဦးဝရုသမ္မောဓိတို့ကိုယ်တိုင် ကမ္မဝါစာဆရာပြု၍ ကာရကသံဃာများစွာနှင့် လိုင်ကုန်းရွာ ရွှေဘုံရှာသာကျောင်း ခဏ္ဍသီမာ၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပေ၏။

ရဟန်းဖြစ်ပြီး မကြာမီ ဘကြီးတော်များ၏ ညွှန်ကြားချက်အရ မုံရွာမြို့ ရေမိန်တိုက် ပထမကျော် ဆရာဘော် ဦးအဂ္ဂဝံသထံ ရောက်ရှိ၍ ငယ်၊ လတ်၊ ကြီးဘန်းများကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်တော်မူပြီးနောက် ပခုက္ကူ ရန်ကုန် မန္တလေးမြို့ကြီးတို့၌ ပရိယတ္တိအကျော် စာချဆရာတော်ကြီးများ၏ နယုပဒေသအဝဝတို့ကို ရယူပြီး မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ်မှ ဓမ္မာစရိယစာချတန်းကြီးကို ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်း

သုံးကျမ်းဖြစ်သော (၁) ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) သီလက္ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာ (၃) ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာများနှင့် ဂုဏ်ထူးကျမ်းများ ဖြစ်သော (၁) မဟာဝဂ္ဂါဒိပါဠိအဋ္ဌကထာ (၂) မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ (၃) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ ကျမ်းများကို အောင်မြင်တော်မူ၍ ဘဒ္ဒန္တသုမနသာသနဇဋသိရိပဝရမဟာဓမ္မာစရိယ ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် အလှူခံတော်မူရသည်။

ဓမ္မာစရိယ အောင်မြင်တော်မူပြီးသောအခါ မုံရွာမြို့ ရေမိန်တိုက်သို့ ပြန်ကြွ၍ ရဟန်းသာမဏေတို့အား ပရိယတ္တိများပို့ချပြီး သက်တော် ၄၀၊ ဝါတော် ၂၀ ရရှိသောအခါ စာပေပရိယတ္တိပို့ချမှု ခေတ္တရပ်နား၍ ပဋိပတ္တိသာသနာပြုရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ မဟာစည် သာသနရိပ်သာ ပဲခူးမြို့ အောင်ဓမ္မရိပ်သာ၊ အမရပူရမြို့ (မိုးကုတ်) ရိပ်သာ၊ တောင်ကြီးမြို့ ဓမ္မသုခရိပ်သာ၊ ပင်းတယမြို့ ဇရာဘုံသာရိပ်သာတို့၌ အားထုတ်ပြီး ကျန်းမာရေး အခြေအနေမကောင်း၍ ကလောမြို့ သိမ်တောင်ဆရာတော် မဏိကာရာမဗေဒါဓိကုန်း ကျောင်းတိုက်ကြီး၌ အနားယူ၍ သိမ်တော် ဆရာတော်ဘုရားကြီး၊ ဗေဒါဂုန်း ဆရာတော်ဘုရားကြီးတို့၏ သဝါဒကိုခံယူလျက်နေစဉ် ပင်းတယမြို့ ရွှေဘုံသာရိပ်သာတရားပြ ဆရာတော်ဘုရားကြီးသည် မမျှော်လင့်ဘဲ ဖြုံးကနဲ သေလွန်သွေးသည်ဟု အရိယာသူတော်ကောင်းကြီးတို့ ဟောပြောကြသည့်အတိုင်း သက်တော် ၆၃၊ သိက္ခာတော် ၄၃-ဝါ အရတွင် အကြောင်းသမုဒယ သစ္စာဒကြောင့် ရှိသော အကျိုးဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးကို စွန့်ပယ်၍သွားသဖြင့် ၁၃၁၄-ခုနှစ် နယုန်လဆန်း ၇-ရက်နေ့မှစ၍ ပင်းတယမြို့ ရွှေဘုံသာမူလ မင်းကွန်း ဇေတဝန် သာသနမဟာရိအောင် ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၌ သိတင်းသုံး၍ ရဟန်းသာမဏေတို့အား ပရိယတ္တိများ ပို့ချပြီး အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာမှ ရောက်ရှိလာကြကုန်သော ရဟန်းရှင်လူတို့အား သတိပဋ္ဌာန်တရားတော်မြတ်ကြီးကို ဟောပြောပြသလျက် ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင်တိုက်ကြီး၏ ဦးစီးနာယယ ပြည်တောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ သိမ်တောင်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏ တိုက်ကြီးအတွင်း သုဓမ္မာကျောင်းတော်ကြီး၌ နှစ်စဉ် ကျင်းပပြုလုပ်သော ပါဠိပဌမပြန် စာဓမ်းပဲ့ကြီး၏ ကြီးကြပ်ရေးဆရာတော်အဖြစ်ဖြင့် သာသနာရေးကိစ္စ အဝဝကို ရွက်ဆောင်လျက် သိမ်တောင် ဆရာတော်ဘုရားကြီး၊ တောင်ပုလု ဆရာတော်ဘုရားကြီး၊ ဗေဒါဂုန်း ဆရာတော်ဘုရားကြီး၊ ပင်းတယမြို့ ဂိုဏ်းချုပ်အုပ် ဂိုဏ်းထောက် ဆရာများတော်ကြီး၏ သဝါဒကိုခံယူပြီး သိတင်းသုံးလျက် ရှိပါသည်။

နေလင်းပိဋကတ်ပုံနှိပ်တိုက်နှင့်
နည်းသစ်စာအုပ်လုပ်ငန်း

အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

ပါဠိ-မြန်မာ ကျမ်းစာအုပ် အမျိုးမျိုးကို စမ္မာစရိယ ဘီ-အေ ဘွဲ့ရ စာရေး၊စာပြင်၊စာတည်း ဝါရင့်ပညာရှင်ကြီးများပါဝင်သော **နည်းသစ်စာတည်းအဖွဲ့က** ပြင်ဆင် တည်းဖြတ် ပရူဖတ် ပုံနှိပ်ကာ လှုပသော ပန်းချီဒီဇိုင်း ဆေးရောင်စုံ ဓာတ်ပြားဖုံး၊ကတ်ထူဖုံး၊ သားရေဖုံးများဖြင့် ချုပ်ပြီးအထိ အစအဆုံး တာဝန်ယူဆောင်ရွက်ပေးနေပြီ။ စာအုပ်ရှင်က စာအုပ်အတွက် လုံဝ ကြောင့်ကြစိုက်စရာမလို။ အမြန်ဆုံးနှင့် အကောင်းဆုံး ဆောင်ရွက်ပေးပါမည်။

ဦးသောင်းလွင် ဘီ-အေ

စမ္မာစရိယနှင့် ဝသကာ စာတည်းချုပ်

စတိုင်ကျကျ ပုံနှိပ်လိုလျှင်

အနောက်နိုင်ငံစာအုပ်များ ပုံနှိပ်ထားသည်မှာ စတိုင်ကျသည်။ အနေအထား ရှင်းလင်းလှပသည်။အဘယ့်ကြောင့်နည်း။ ပုံနှိပ်တိုက်ကြီးတိုင်းမှာ ကျမ်းပြု၊ စာပြင်၊ စာတည်းများ အမြဲတစေလိုက်နာရန် လမ်းညွှန်စာအုပ် House Style ရှိသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တကျောင်း တဂါထာ တရွာတပုဒ်ဆန်းနေဆဲဖြစ်ရာ နေလင်းပိဋကတ်ပုံနှိပ်တိုက် နည်းသစ်စာတည်းအဖွဲ့၏ စာတည်းချုပ် ဦးသောင်းလွင် ဘီ-အေ စမ္မာစရိယ ဝဋ်သကာ နည်းသစ်အင်္ဂလိပ်ဘဒ္ဒါနှင့် နည်းသစ်မြန်မာသဒ္ဒါကျမ်းပြုက အနောက်နိုင်ငံပုံနှိပ်စတိုင်လက်စဲ့စာအုပ်များကိုမှီငြမ်းပြုကာ မြန်မာပုံနှိပ်စတိုင်ထက်ဝဲ့ Burmese Style Manual စာအုပ်ကို တီထွင်ရေးသားလိုက်ပြီ။ စတိုင်ကျကျ ပုံနှိပ်လိုလျှင် စတိုင်ရှိရှိသော နေလင်းပိဋကတ်ပုံနှိပ်တိုက်သို့ ကြွပါ။

[illegible]

ဤစာအုပ်တွင်—

အင်းမကြီး သိမ်ထောင် နိကာယကြီးကို စတင် တည်ကောင်
တော်မူခဲ့သော မဟာဇောတိကာရာမ သိမ်ဘောင်တော၌ ပထမ
နာယက ဆရာတော် အရှင်ဇေ့တိက၏ ထေရုပ္ပတ္တိ။

အင်းမကြီး သိမ်တောင် နိကာယကြီးကို စည်ပင် တိုးပွားအောင်
ထိန်းသိမ်းတော်မူခဲ့ကြသော ဒုတိယမြောက် နာယကဆရာတော် အရှင်
ကောသရ၊ တတိယမြောက် နာယက ခင်လှူးဆရာတော်၊ စတုတ္ထမြောက်
နာယက ညောင်ရမ်းမြို့ထောင့် ဆရာတော်တို့ ထေရုပ္ပတ္တိနှင့်-

ယခုလက်ရှိ သိမ်ဧတော် နိကာယကြီး၏ ဦးစီးနာယ ကဖြစ်ဘော်
မူသော ကလော သိမ်တောင်ဆရာတော် အရှင် အာဒိစ္စ၏ အတ္ထုပ္ပတ္တိ
နှင့် သာသနာပြု ခရီးစဉ်။

သိမ်တောင် နိကာယအနွယ်ဝင် ဆရာတော် အရှင်၏ ပုံတော်
များ၊ သမိုင်းမှတ်တမ်းများ ပါရှိသည်။

ထို့ပြင်—သီဟိုဠ်၊ အိန္ဒိယသွား မှတ်တမ်းများနှင့် သိမ်ထောင်
ဂိုဏ်းကြီး၏ စည်း ဥပဒေများ၊ ဆရာတော် ဘုရားကြီးများ၏ ဆုံးမစာ
သံပေါက်ကဗျာများ မြောက်မြားစွာ ပါရှိပါသည်။